www.burmeseclassic.com

လာဘ်မိုးရွေ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း




ဥမကွဲ သိုက်မပျက် စီးပွားတက် (စာ - ၄၂)



BURMESE CLASSIC


■ ပြေလည်စေလိုလျှင် ပြည်မြို့ကိုသွား (စာ - ၅၂)

■ ရွှေမျက်မှန် ဘုရားနှင့် မျက်စိဝေဒနာ (စာ - ၅၄)

■ အလုပ်အကိုင် အောင်မြင်ရန် (စာ - ၆၃)

■ ပရိယတ္တိ သာသနာပြုနေသူများ (စာ - ၉၅)

■ အနော်ရထာ ကျွဲခတ်ကိန်း (စာ - ၁၈၄)

■ ရုံးခန်း၊ အလုပ်ခန်းနှင့် တရုတ်ဂမ္ဘီရ (စာ - ၂၃၇)

■ ဝိဇ္ဇာမိုရ်နှင့် စနေသား မောင်ထွန်းရင် (စာ - ၂၄၇)

■ ခါးလှည့် ကိုယ်ဖွဲ့ အဆောင်ထူး (စာ - ၂၅၇)

■ နေအထွက်မှာ ရွှေခွက်နဲ့ ငွေ··· (စာ - ၂၈၄)

■ ချမ်းမြေ့စေတတ် လောကနတ် (စာ - ၂၇)

■ လောကနတ်ရုပ်တု ထုလုပ်နည်း (စာ - ၃၄)

■ လောကနတ်ဆောင် အိုတောင်ဘေးမရှိ (စာ - ၃၇)


Graphic; Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

30 MAY 2014

## လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မင်္ဂလပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၄-ခုနှစ်၊ ဇူလိုင်လ၊ အမှတ်(၂၄၆)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

| | | | |
|---|---|---|---|
| ထုတ်လုပ်မှုအယ်ဒီတာ | - ဦးသန့်(လာဘ်မိုးစွေ) | အုပ်ချုပ်မှုအယ်ဒီတာ - | ဒေါက်တာစောယုနွယ် |
| အမှုဆောင်အယ်ဒီတာ | - နန္ဒာမိုးကြယ်၊ သန္တြာဝင် | အယ်ဒီတာရုံးအဖွဲ့ - | ကေလတ်၊ စိုးစိုး |

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၁၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၁၉)၊ အမှတ်-၁၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
စာအုပ်ချုပ် - ရှုကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ဖိုးအောင်၊ စံလွင်မောင်၊ အောင်နိုင်လတ် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်း၊ပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ အမှတ် (၂၄၆)

BURMESE CLASSIC

## မာတိကာ

### ရောင်ပြန် ကဗျာ

မောင်လွမ်းနွယ်(အောင်လံ)၊ နန္ဒာမိုးကြယ်၊ မောင်ခေတ်ထွန်း။
ကိုနတ်၊ နိုင်ခင်ရွှေ၊ မှူးအိမ်စိုး၊ ကိုရဲကိုကို(ဆကာကြီး)၊ မောင်ရတနာ။

### ရောင်ပြန် အခန်းဆက်ရသ

နတ်ကတော်စိန်မျက်ခုံး(၆)
ကျော်မြသန်း ---------- ၁၀၂
မေတ္တာရှင်···(၇)
ဘုန်းပွင့်တေဇာ ---------- ၁၂၀
ဒဏ္ဍာရီ ကောရီသခင်မလေးဟေမမာလာ(၂)
မောင်ယဉ်မွန်(မောင်နေခြည်) ---------- ၁၃၆

စာ-၂၈၀

## နန္ဒာမိုးကြယ်

နောင်တဝေစည်
သော်ဂျာ



## မိန်ဘော ဝါယွံ့ ကောနေ့ ဘုရား မယ်နု ကောင်းမှု

အောင်ကျည်ထွက်

စာ-၄၄



## ချမ်းမြေ့စေတတ် လောကနတ်

■ မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)

စာ-၂၇



## အမွေအစစ် အမွေအနှစ်

စာ-၉၂

ညွှန့်ဟံ(ကြူတော)



www.burmeseclassic.com

www.burmeseclassic.com

ဈ - ၁၇



သိကြားမင်း ဆက်ကပ်သော အကွရာ စမ
ဘွဲ့တံဆိပ်တော်ရစေတီ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး



ဈ - ၈၈

အယ်ဒီတာအဖွဲ့ / ကျော်ဌေးနှင့် ဖြန့်ချိရေး

**လောဘ်မိုးဇွေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅

## မြန်မာ့ရေးရာ


သိကြားမင်း ဆက်ကပ်သော အကွရာစမ
ဘွဲ့တံဆိပ်တော်ရစေတီ ---------- ၁၇
စိန်သောင်းယုံတောနေဘုရား မယ်နုကောင်းမှု
အောင်ကျည်ထွဏ်း ---------- ၄၄
ပြေလည်စေလိုလျှင် ပြည်မြို့ကိုသွား
အယ်ဒီတာအဖွဲ့ ---------- ၅၂
ထူးဆန်းအံ့ဖွယ်သော ရွှေမျက်မှန်ဘုရားကြီးနှင့်...
ဆူးရျာန်(ပန်သစ္စာ) ---------- ၅၄
ဝိဇ္ဇာဓိုရ်နှင့် စနေသားမောင်ထွန်းရင်
ဓာတ်စီးပုံအကြောင်းခြင်းရာ
ကိုမောင်သန်းဝင်း ---------- ၂၄၇
နေအထွက်မှာ ရွှေခွက်နဲ့ ငွေအပြည့်ခပ်ပေးပါ
ကျော်မင်းနိုင် ---------- ၂၈၄
စံပြပုဂ္ဂိုလ်ဦးနာအောက်
ကိုမောင်သန်းဝင်း ---------- ၂၉၀




■ သိရိဇေယျ

**လောကနတ်ရုပ်**

ထုလုပ်နည်း

ဈ - ၃၄

www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ

ရောင်ပြန်မင်္ဂဇင်းပြကွဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------------- ၅၇
သည့်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------------- ၅၈
သည့်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------------- ၆၀
စိုက်ပျိုးရေးရာ သည့်လမှာ
တောကကိုရင် ---------------- ၆၁
သည့်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ---------------- ၆၂
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ---------------- ၆၃
ထိုင်းနိုင်ငံရောက် မြန်မာများသို့လက်ဆောင်
မောင်ပုတ်စည် ---------------- ၆၄
ထိုင်းနိုင်ငံ ဆရာကြီး မိုဒူးပိုက်ဆံ၏ လအလိုက်အဟော(ငွန်)
ဦးတိုး(တက္ကသိုလ) ---------------- ၆၅
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၄-ဇူလိုင်လ
ကေတီ-အောင်သိန်း ---------------- ၆၈

တရုတ်ဂမ္ဘီရဆရာကြီး ကြူကုံး၏ အိပ်မက်အဖွင့်ကျမ်း
တက္ကသိုလ်မောင်တံခွန် ---------------- ၇၁
ကံကောင်းအောင် ပြုလုပ်နည်း
ကိုကိုမောင်ကြီး ---------------- ၇၄
အမွေအစစ် အမွေအနှစ်
ညွန့်ဟံ(ကြူတော) ---------------- ၉၂
ပရိယတ္တိသာသနာပြုနေသူများ
ပြည်ရွှေဘိုဆရာတော် ---------------- ၉၅
မေတ္တာဘာဝနာ၏ မမြင်ရသောစွမ်းအား
ဆောင်ကလေး(တရားရေး) ---------------- ၉၈
ဓာတ်ရိုက်ယတြာ ရွှေပညာ(၂၄)
ဘုန်းပွင့်ထွန်း ---------------- ၁၁၀
မသုံးလိုက်ရသော ဂါထာနှင့် အဆောင်ရုပ်တု
မောင်အောင်မြင်(မိတ္ထီလာ) ---------------- ၁၁၄
မြင်အောင်ကြည့် သိအောင်လုပ်
ကျော်စွာမြင့် ---------------- ၁၁၈
အံ့ဖွယ်ထူးဆန်း မြန်မာ့ဆေးစွမ်းကောင်းများ(၉)
မျိုးသန်းထွန်းကို(ရေစကြို) ---------------- ၁၃၀

## စံပြပုဂ္ဂိုလ် ဦးနာအောက်

■ ကိုမောင်သန်းဝင်း

စာ - ၂၉၀




www.burmeseclassic.com

www.burmeseclassic.com






## လောကီရေးရာ


...အဘိုးဘိုးအောင် စောင်မညွှန်ပြမှု ရရှိပုံ(၁၃)
...သန်းကျော်(ရေကြည်သား) -------------------- ၁၄၈
...ဘာသနာ့သမိုင်းဝင် သီလရှင်ကျင့်ဝတ်များ
...လေးသူစံ -------------------- ၁၅၄
...ကိုယ်တွေ့အမေရိကား
...မောင်ကောင်းမြင့် -------------------- ၁၅၉
...သုနှင့်ရတနာတန်ခိုး
...အောင်ဘုန်းမြင့်(ကချင်မြေ) -------------------- ၁၆၃
...ညွှန်တော် သတင်းစာ ကာတွန်းဆရာ(ဇာတ်သိမ်း)
...မောင်တော်ထိန် -------------------- ၁၆၇
...ယုံလျှင် ပုံပြင်သာ မှတ်လိုက်ပါ(၇)
...ဒေါက်တာသက်ဆွေ(M.D) -------------------- ၁၇၈
...င်ခဲ့ကျော်စွာ စစ်ရှုံးကိန်းနှင့် အနော်ရထာ ကျွဲခတ်ကိန်း
...ညွှန့်နိုင်မာ(ကျောက်ဆည်) -------------------- ၁၈၄
...မြင်ကိုကျော် ပင်လယ်ကိုဖြတ်၍
...ညွှသိုလ်သခ် -------------------- ၁၉၀
...အမောစင်မယ့် လှတောတစ်ခွင်ဟာသများ
...ကောင်းထူး -------------------- ၂၀၉

ဗုဒ္ဓဘာသာဝင်တို့လောကတွင်းက ဆန်းပြားထွေလာများ
နိုင်ခင်အင်ကြင်း -------------------- ၂၁၃
ကျူရာတာဝန် ကျေချင်ပါသည်
ဗိုလ်ချုပ်မြေတင်တင်ဝင်း -------------------- ၂၁၅
ရေလမ်းခရီးနှင့် သီးခြားတံဆိပ်ခတ်နိုင်သော အကွာရာ
မေတ္တာရှင်မောင်မဲခေါင် -------------------- ၂၃၂
အတုခန္ဓာ
ကံအောင်(ဖားအောက်တောရ) -------------------- ၂၃၅
ရုံးခန်း၊ အလုပ်ခန်း...တရုတ်ဂမ္ဘီရ ဖုန်းရွှေပညာနှင့်အညီထားရှိပုံ
ကေတီ-အောင်သိန်း -------------------- ၂၃၇
တရုတ်ဂမ္ဘီရပညာအရ ယတြာချေနည်း
ကေတီ-အောင်သိန်း -------------------- ၂၄၀
အမေ
အေးအေးသန်း -------------------- ၂၄၁
ရွှေမေတ္တာပို့ကြ ထာဝစဉ်
မောင်ချိုမင်း(ကန္တာရဝတီ) -------------------- ၂၄၃
ဓာတ်ပုံရိုက်ပြီး မြင်ရသော အလင်းဝိုင်းများနှင့် လူရိပ်ရောင်များ
နတ်ထီးလှိုင် -------------------- ၂၅၅
အသက်ရှည်၊ အနာကင်း၊ ခါးလှည့်ကိုယ်ဖွဲ့အဆောင်ထူး
မော်တင်သိန်းဇော်ဇ -------------------- ၂၅၇



အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

**လာဘ်မိုးရွှေ စာပေ**

အမှတ်-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၊ ၀၉-၄၂၀၀၅၆၂၅



**ပြည်တွင်းပြည်ပ**

**ဗိဇ္ဇာဥ်လောက ယုံကြည်ချက်များ**



လှတိုး(စိတ်ပညာ) စာ - ၈၁

www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

အတိတ်တဘောင်နှင့် ကိုလိုနီခေတ် ဗြိတိသျှအစိုးရ
လှမိုး(ပညာရေး) ---------- ၇၃
မင်းအဆက်ဆက်တို့၏ဘုန်းသမ္ဘာတောက်စေရန် အစီအမံများ
မြန်မာဟိန်းကျော် ---------- ၇၇
ပြည်တွင်းပြည်ပ ဝိညာဉ်လောကယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---------- ၈၁

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ---------- ၃၂၄

## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၃၁၃

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------- ၃၂၂




## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

ချမ်းမြေ့စေတတ် လောကနတ်
မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်) ---------- ၂၇
လောကနတ်ရုပ်တုလုပ်နည်း
သီရိဇေယျ ---------- ၃၄
လောနတ်ဆောင် ဒိုတောင်ဘေးမရှိ
ဆရာဟိန်းမြ ---------- ၃၇
လောကနတ် လက်ခုပ်တီး လာဘ်ခေါ်နည်း
ဂမ္ဘီရဆရာကြီးဇာဂရ ---------- ၃၉
ဥမင်ကွဲ သိုက်မပျက် စီးပွားတက်
သတိုးသခံ ---------- ၄၂







www.burmeseclassic.com

၈ - ၁၃၆




၈ - ၂၂၀




## လောကီရေးရာ

ဆေးဖက်ဝင်အပင်များနှင့် ဟင်းခတ်အမွှေးအကြိုင်တို့၏သဘော
အောင်ကြည်ညွှန့် ———————— ၂၆၄
သာသနာ ကိုးကွယ်နည်း
ဝေလင်း(ရောဝတီ) ———————— ၂၆၇
ငြိမ်းအေးချမ်းသာ မြတ်နိဗ္ဗာန်သို့
ရှယ်လီသိန်းမောင် ———————— ၂၇၀
စံပယ်ကြူမွှေး မြတ်လေးသင်းထုံ လနယုန်
တက္ကသိုလ်သျှင်ဥက္ကာ ———————— ၂၇၃
အမေ့သီလ၊ အမေ့သမာဓိ
နန္ဒာမောင်(သံဖြူဇရပ်) ———————— ၂၇၅
အသက်ရှည်ဆေးဂါထာ
နှင်းအဥ္စလီ ———————— ၂၇၉
မန်လည်ဆရာတော်ဘုရားကြီးနှင့် "အဓိပတေယျ"စက်
သူတော်စိန် ———————— ၂၈၇
အပြင်လောကမှ မြွေမင်းသားပုံပြင်
တင်နိုင်တိုး ———————— ၂၈၉
မီးဘေးကင်းအောင် ငုံးရုပ်ဆောင်
ချစ်မမသက် ———————— ၃၀၁
စိတ်ဆင်းရဲမှု ဒါတွေလား
အဂ်ဝိဇ္ဇာဆရာအောင် ———————— ၃၀၃

## ရောင်ပြန် ရသ

ယတြာပြောင်းပြန် လုပ်လိုက်မယ်
မနုသသကျော်ဝင်း ———————— ၈၈
နန်းမြို့တော်အနံ့ ခြောက်လှန့်သူပုန်တစ္ဆေ
နန်းကြေးသျှင် ———————— ၁၇၄
လွမ်းလိုက်တာ မလေးရယ်
မာလာရုံ ———————— ၁၉၄
အောက်လမ်းဆရာတစ်ယောက်၏ ဝန်ခံချက်
ဘာသိတာ ———————— ၂၀၂
လှိုင်ရယ်၊ ကိုကိုရယ်...ပိတောက်ရယ်
ခင်မောင်အေး(မန္တလေး) ———————— ၂၂၉
မေတ္တာပို့ကာ ဆုတောင်းပါ
ရေကျော်စိုးအောင် ———————— ၂၆၀
နောင်တဝေစည် သေရိဏီ
နန္ဒာမိုးကြယ် ———————— ၂၈၀

www.burmeseclassic.com

www.burmeseclassic.com

**ရောင်ပြန်** စာဖတ်ပရိသတ်များအတွက် ၂၀၁၄-ခုနှစ်၊ မေလတွင် ပါဝင်ခဲ့သော ရောင်ပြန် ကျင့်စဉ်အား ပြုလုပ်နိုင်ရန် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။

အဆင့်(၁) ရတနာသုံးပါးကို ဦးထိပ်ပန် ရှိခိုးရမည်။

အဆင့်(၂) ငါးပါးသီလ ခံယူပါ။

အဆင့်(၃) ၄၉ ရက် အဓိဋ္ဌာန်ဝင်ရမည်။ ဤကျင့်စဉ် ပေးခဲ့သော ပုဂ္ဂိုလ်နှင့် အဆင့်ဆင့်သော လက်ဆင့်ကမ်းပေးသော ပုဂ္ဂိုလ်အားလုံးတို့ကို မပြစ်မှားပါ။ ပြစ်မှားမိသည်ရှိသော် မဟာအဝီစိငရဲ၌ ကျခံရပါစေဟု ကျိန်ဆို။

BURMESE CLASSIC

အဆင့်(၄) မိမိအလိုရှိသောဆန္ဒကို ဆုတောင်း။

အဆင့်(၅) နံနက်နိုးနိုးချင်း ဘုရားခန်း (သို့မဟုတ်) ခရီးထွက်နေလျှင်လည်း စကားမပြောဘဲ မေတ္တာသုတ်ကို ခုနစ်ခေါက် ရအောင်ရွတ်ပြီးမှ စကားပြော။

အဆင့်(၆) ညအိပ်ရာဝင်လျှင် မေတ္တာသုတ် ခုနစ်ခေါက် ရွတ်ပြီးမှ အိပ်ပါ။

အဆင့်(၇) ထမင်းမစားခင် မေတ္တာသုတ် ခုနစ်ခေါက် ရွတ်ပြီးမှ စားပါ။ အသက်သတ်လွတ်ဟင်း ဖြစ်ရမည်။

အဆင့်(၈) ထမင်းတစ်ခါခူးသာ ဖြစ်ရမည်။ ထမင်းနှင့် ဟင်း ရောပြီး ပန်းကန်ထဲ ထည့်ထားရမည်။ ထပ်မထည့်ရပါ။ ထမင်းစားနေစဉ် လုံးဝ စကားမပြောရ။ ရေမှတစ်ပါး လက်ဖက်ရည်ချို အဖန် မသောက်ရ။ နံနက်စာ၊ ညစာ စားနိုင်သည်။ စားလျှင် မေတ္တာသုတ် ခုနစ်ခေါက်ရွတ်ပြီးမှ စားပါ။ ဆာတတ်သော ပုဂ္ဂိုလ်များအတွက် ဆာလျှင် ထမင်းထပ်စားနိုင်သည်။ စားတိုင်း အထက်ဖော်ပြပါ မေတ္တာသုတ် ခုနစ်ခေါက်ရွတ်ပြီးမှ စားပါ။

အဆင့်(၉) ၄၉ ရက်တိတိ မပျက်မကွက် ကျင့်ရမည်။

## "လိုတရ မေတ္တာရောင်ပြန်ကျင့်စဉ်၏ ထူးခြားချက်များ"

(၁) ခရီးသွားရန်ကိစ္စများ ပေါ်ပေါက်တတ်သည်။ ခရီးထွက်နေစဉ်၌လည်း မပျက်စေရပါ။

(၂) ငွေကြေးပစ္စည်းများ လာပေးသူ တွေ့ရတတ်သည်။

(၃) ကျင့်စဉ်ရက် ရလာသည်နှင့်အမျှ စိတ်ချမ်းသာ ကြည်လင်မှု ရလာမည်။

(၄) သာသနာစောင့်ပုဂ္ဂိုလ်များ၏ အဆောင်ပေးခြင်း၊ ကူညီခြင်းကို ရတတ်သည်။ (၁၅ နှစ်ကြာ လျှင်)။ တစ်ခါအောင်မြင်ထားလျှင် နောင် ၁၅ နှစ်ကြာလာလျှင် ရတတ်ပါသည်။ (မှတ်ချက်။ ကျွန်ုပ်ကိုယ်တိုင် ရခဲ့ပါသည်။)

(၅) မိမိ၏ လိုအင်ဆန္ဒဆုတောင်းခြင်းများ ပြည့်စုံလာမည်။

(၆) အမှောင့်ပယောဂ စွဲကပ်နေသူများကို မေတ္တာသုတ် ခုနစ်ခေါက်ရွတ်ပြီးသော ရေမန်းဖြင့် ပက်ဖျန်းခြင်း၊ တိုက်ခြင်း ပြုလုပ်ပါက ပျောက်၏။ (ကျင့်စဉ်အကြိမ်ကြိမ် အောင်မြင်ထားသော ပုဂ္ဂိုလ်များသာ လုပ်နိုင်သည်)

www.burmeseclassic.com

www.burmeseclassic.com

# မြေကြည့်ကြပါဦး

**မောင်လွှမ်းနွယ်**
**(အောင်လံ)**

- လေအဝှေ့မှာ
  ကြွေရွေ့ပါသွားတဲ့
  ရွက်ဝါလေးတွေရယ်· · ·။
- မိုးအဝိုက်မှာ
  ကတိုက်ကရိုက်
  ဝေ့ဝိုက်ပါသွားတဲ့
  ပွင့်ဖတ်လေးတွေရယ်· · ·။
- နှင်းအတိုက်မှာ
  ကြွေရရှာတဲ့
  စံပယ်ပွင့်လေးတွေရယ်· · ·။
- ဘယ်မှာလဲကွယ်
  နိုင်မြဲတယ်ဆိုတာ· · ·။
- ဘယ်မှာလဲကွယ်
  တည်တံ့တယ်ဆိုတာ· · ·။
- ဘယ်ဟာမှ မမြဲ
  ထာဝရဆိုတာ မရှိ
  အမြဲပြောင်းလဲနေတတ်တဲ့
  လောကရဲ့သစ္စာတရား
  မမှားဘူးဆိုတာ
  "သိသင့်ပါပြီနော်· · ·ဟုတ်လား"· · ·။

T.Z.T
2014



www.burmeseclassic.com

www.burmeseclassic.com

# သံတို့၏သမိုင်း

**နန္ဒာမိုးကြယ်**

- တူဖြစ်လျှင် "နံ"
  ပေဖြစ်လျှင် "ခံ"တဲ့
  ထုနံ့တဲ့ တူဟာလည်း
  သံပါပဲလေ။
- ထုသမျှဒဏ်ကိုဖြင့်
  အံကြိတ်ကာ တင်းခံနေမယ့်
  ပေဆိုတာမျိုးကလည်း
  သံပဲဖြစ်နေ။
- တူနဲ့ပေ နှစ်လွှာကြားကိုဖြင့်
  ရောက်သွားတဲ့ သံအခြေ
  နောက်ဆုံးအဖြေ ကြည့်ပါတော့။
- အထုခံသူ···
  (ပြီးတော့)
  ထုနံ့သူ အလယ်ကြားမှာ
  မီးအစားခံ သံဟာပြားလို့
  "ဓား"ဖြစ်ပြီပေါ့···။




www.burmeseclassic.com

www.burmeseclassic.com


# သမိုင်းကြောင်း

## မောင်ခေတ်ထွန်း

- မီးပြင်းပြင်းတိုက်
  နာနာရိုက်နှက်၊ ပေတုံးထက်
  ဓားလက်နက်ပေါင်း များစွာထွက်။

- မီးများများနှာ၊ အံခဲပါ၍ . . .
  များစွာကြိမ်ဖန်၊ ထုနှက်ခံ၍ . . .
  စံပြဓားကောင်း ဖြစ်လေသတည်း။ ။

T.Z.T
2014



www.burmeseclassic.com

www.burmeseclassic.com

● ရာဇဝင်ကို လက်သည်းနဲ့ခြစ်ပြီး ရေးခဲ့တဲ့ လမင်း
ကြယ်ကြွေရာ သံစဉ်သစ်တွေသီဖွဲ့ ပြီး ကန်လန့်ကာနောက်မှာ
သောကတွေထားခဲ့ အနာဂတ်ရဲ့ပုံရိပ်
ပြုံးကျတော့မယ့် ခန္ဓာကိုယ်ကို ကရမက်နံ့သင်းနေအောင် ကျားကန်ပြီး
ရွှေရောင်လင်းနေတဲ့ မျက်လုံးမွဲမွဲတွေနဲ့ မှန်းကြည့်
သောကြာကြယ်ထက် လင်းခဲ့တယ်···။
ကာကွယ်ပေးဖို့စိတ်ရယ် ပြုပြင်ချင်တဲ့ စကားရယ်
စိုးရိမ်နေတဲ့အပြုံးရယ် အကောင်းမြင်တဲ့ဝါဒီရယ် ပုတီးလေးလိုစီပြီး လက်မှာကိုင်
ဒီအချိန်ခဏမှာတော့ ကမ္ဘာကိုမော့သောက်ဖို့ ကြံစည်နေတဲ့
လူတစ်ယောက် မေမေ့ရှေ့မှာ ဒူးထောက်နေတယ်။

● အနုပညာဆိုတာဘာမှန်းမသိ ဂလိုဘယ်မသိ ဗင်ဂိုးမသိ ကိုရီးယားတွေမသိ
နိုင်ဖို့မသိ ရှုံးဖို့မသိ ဘာဆိုဘာမှမသိတဲ့ အဖြူရောင့်ရောင့်နှလုံးသားကိုတော့
အမွေဆက်ခံချင်ခဲ့။
အစကတည်းက လှပြီးသားအိမ်တစ်လုံး အခါမဲ့ရွာသွန်းသွားတဲ့မိုး
ကောက်ပင်ရိုင်းရိုင်းတွေကြား ရှန်းစိုနေတဲ့ အဆိပ်သီးတွေ ကျွန်တော့်အိပ်ရာအထိ ချီဆဲ
အရောင်မဲ့သွားတဲ့ ပတ်ဝန်းကျင်တစ်ခုလုံး ထစ်ချုန်းသံတဖွဲဖွဲနဲ့ ကလူသလို မြူသလို
ပွင့်ထွက်ကျလာတဲ့ အခြေမဲ့ ရီဝေဝေစကားလုံးတွေ လိုက်ဖမ်းဖို့ကြိုးစားရင်း
မိုးလင်းဖွင့်ထားတဲ့ တံခါးရွက်တွေတောင် သံချေးအထပ်ထပ်
ကျွန်တော်လေ အမှားတွေ (ဒါမှမဟုတ်) နောင်တတွေကြားမှာညှပ်လို့
အိမ်ပြန်မရောက်ခဲ့ဘူး မေမေ။

## အဖြူရောင့်ရောင် မေမေ

**ကိုနတ်**




www.burmeseclassic.com


www.burmeseclassic.com

# သယံဇာတ စစ်တမ်း

## နိုင်ခင်ရွှေ

- တောတွေလည်း ပြောင်
  တောင်တွေလည်း ပျောက်။

- လက်သည်ကို ဖွေရှာစမ်းလေတော့
  နန်းဘုံမှာ ယစ်ဝေရီလို့
  ခရိုနီ ကိုလူထူး
  "ဘလူးလေဘယ်"သောက်...။




www.burmeseclassic.com

www.burmeseclassic.com

# အားသစ်ဝန်

**မှူးအိမ်စိုး**

- လက်လွတ်စပယ် အတ္တအချို့က
လက်လွတ်ရေကူး ဘဝတွေဖြစ်စေခဲ့
ကံရဲ့အကျိုးပေး အခွင့်အရေးကို
ကြက်မခွပ်စိတ်ဓာတ်တွေနဲ့ သိမ်းပိုက်
စရိုက်သေပေတံကို လက်စွဲပြု
လူမှုဗေဒမသိ
မျက်တောင်မွေးတစ်ဆုံးလောက်သာ ကြည့်တတ်သူတွေ
ငတေမာတုန်းပဲလား။
- ဆရာဇော်ဂျီက
လူမသေခင်၊ ဆင်ခြင်စရာ
ကိုယ်ဖွားတဲ့မြေ၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်ကြောင်း။
ကိုယ့်ရဲ့မျိုးသား၊ စာစကားလည်း။
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်ကြောင်း။
ကိုယ်ကိုးကွယ်ရာ
ဘာသာအရောင်၊ ဉာဏ်တန်ဆောင်လည်း
ပြောင်ဝင်းလျက် ကျန်ခဲ့သင့်ကြောင်း
မီးမောင်းထိုးလျက် လမ်းညွှန်ခဲ့။
- ဖွားတဲ့မြေကို ကိုယ်ကျိုးအတွက် မဖျက်သင့်။
ကိုယ့်စာစကား
လွဲလွဲမှားမှား၊ ရယ်ဖွယ်များအောင်
သတိမထား မပြုသင့်။
- ကိုယ့်သာသနာ
သစ္စာဉာဏ်ရောင်လည်း၊ အမှောင်ပိတ်ဖုံး
မဆိတ်သုဉ်းသင့်ကြောင်း
လာမည့်ခေါင်းဆောင်
အမောင်…အမိ သတိရှိကြ
လူမှုဗေဒ သိမြင်ကြ။
- အများကိုမြင်၊ အမှန်ပြင်ကြ
အများညီ၍ "ဤ"က "ကျွဲ"ဖြစ်
စနစ်ဟောင်းကို
အကောင်းဆုံးစံယူ
နမူနာထား
အများအမှန်စိစစ်
အနာဂတ်သစ်အတွက်
တက်ညီလက်ညီ အားသစ်ညီလော့။ ။

T.Z.T
2014



www.burmeseclassic.com


www.burmeseclassic.com

နှင်း

## ကိုရဲကိုကို(ဆကာကြီး)

- ဘယ်သူက ဘယ်သူ့ကို
ခုလိုကြာကြာဖက်တွယ်ထားနိုင်မှာတဲ့လဲ
မစွမ်းသာတဲ့အဖြစ်
အနမ်းတွေက အသည်းယားစရာ…။
- တအိအိ
မထိတထိ အနမ်းလေးနဲ့တင်
ဒီရင်မှာ မူးမေ့မျောပါသွားမတတ်
မတ်မတ်ရပ်နိုင်ဖို့တောင်အနိုင်နိုင်
မဟန်နိုင်တော့တဲ့ပုံ
ခြေဖျားလေးတွေတောင် မလုံတော့ဘူး…။
- ပန်းကလေးတွေလိုပါပဲ
ခပ်ကြမ်းကြမ်းလေး ပွေ့ဖက်နမ်းလိုက်ရုံနဲ့
အဲဒီရင်ခွင်ကျယ်ကြီးထဲ
တစ်ကိုယ်လုံး ပြိုလဲကျသွားမယ့်အဖြစ်
မြစ်ကမ်းနံဘေးက သစ်ပင်များ…။

T.Z.T
2014



www.burmeseclassic.com

www.burmeseclassic.com


# ပန်းကိုမြင်ခိုက်

**မောင်ရတနာ**

- ပန်းကိုမြင်လျှင်
  ပန်ချင်တဲ့စိတ်။
  လောဘညှဉ့် စရိုက်ဆိုး
  ပိုးထိုးယိုဖိတ်။

- ပန်းကိုမြင်လျှင်
  စိန္တေရှင်ထံပါး၊
  ကပ်လှူချင်သဒ္ဓါစိတ်
  တိုးကြိတ်ဆပွား။

- ပန်းကိုမြင်လျှင်
  ညှာဏ်နှင့်ယှဉ်အသိ၊
  ဖြစ်,ပျက်ရုပ်သူ့သဘော
  လောက အရှိ။ ။




www.burmeseclassic.com

www.burmeseclassic.com



# သိကြားမင်း ဆက်ကပ်သော အတ္တရာ စမ ဘွဲ့တံဆိပ်တော်ရစေတီ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး

၁။ အာ၊ သော၊ မာ၊ ဝ ဘွဲ့တံဆိပ်တော်ရ
ပုဂံ ရွှေစည်းခုံ ဘုရားရှိခိုး ဂါထာ

... အဝဂ္ဂါ အဝီစိတော၊
... ဂ္ဂ ဂုဏ ပတ္ထဋ္ဌံ။
... ရဓဇယဂုဏံ ဝန္ဒေ၊
... အဒ္ဓိ ဒါယကံ။

... နေန သဗ္ဗမ္ပိ၊
... ယထိစ္ဆိတံ။

အဝီစိတော-အောက်အဝီစိမှ၊ အာဘဝဂ္ဂါ-အထက် ဘဝဂ်တိုင်အောင်၊ သောဘဂ္ဂဂုဏပတ္ထဋ္ဌံ-မွန်မြတ်သော ဂုဏ် ကျေးဇူးဖြင့် ပျံ့နှံ့ထသော၊ သဗ္ဗမ္ပိ-အလုံးစုံလည်းဖြစ်သော၊ ဝရံ-တောင်းသောဆုကို၊ ဒါယကံ-ပေးတတ်သော၊ မာရဇေယဂုဏံ မာရ်ငါးပါးကို အောင်မြင်ခြင်း ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ဝန္ဒေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐



www.burmeseclassic.com

www.burmeseclassic.com

## ၂။ တာ၊ ဝ၊ ဂု၊ ဏာ ဘွဲ့တံဆိပ်တော်ရ ပုဂံ စူဠာမဏိ ဘုရားရှိခိုး ဂါထာ

**တာဏံ လောကဿ ပါဏီနံ၊**
**ဝရဒံ ကောသဓာတုယာ။**
**ဂုဏမ္ဘဏိ ဇောတိရသံ၊**
**ဏာမိတံ တံ နမေ သဒါ။**

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ပါဏိနံ-သတ္တဝါတို့၏၊ တာဏံ-ကိုးကွယ်ရာဖြစ်ထသော၊ လောကဿ-ပုန်းအောင်းရာလည်းဖြစ်ထသော၊ ကောသဓာတုယာ-ဆံတော်ဓာတ်ဖြင့်၊ ဝရဒံ-မြတ်သောဆုကို ပေးတတ်ထသော၊ ဂုဏမ္ဘဏိဇောတိရသံ-အလိုဆန္ဒရှိတိုင်း ပြီးစေတတ်သော ဇောတိရသအမျက် ရတနာနှင့်တူသော ဂုဏ်ကျေးဇူးရှိထသော၊ ဏာမိတံ-ရှိခိုးပူဇော်အပ်ထသော၊ တံ-ထိုမြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

□

## ၃။ သ၊ သ၊ သံ၊ သေ ဘွဲ့တံဆိပ်တော်ရ ပင်းယ ရွှေစည်းခုံ ဘုရားရှိခိုး ဂါထာ

**သ ကလ*ပ္ပါပ ပဟာနံ၊**
**သကလ ဥဇ္ဈ ယျဇာနကံ။**
**သံ ဒဒံ ဓာတုယာ ဝန္ဒေ၊**
**သေယျံ ဇေယဂုဏံ သဒါ။**

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

သကလပ္ပါပ ပဟာနံ-အလုံးစုံသော မကောင်းမှုကို ပယ်ပြီးထသော၊ သကလဥဇ္ဈ ယျဇာနကံ-အလုံးစုံသော ဥဇ္ဈ ယျမံတရားတို့ကိုလည်း သိပြီးထသော၊ ဓာတုယာ-ဓာတ်တော်ဖြင့် သံဒဒံ-ကုသိုလ်ဥစ္စာနှစ်ကို ပေးတတ်ထသော၊ သေယျံ-ချီးမွမ်းအပ်သောသူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်ထသော၊ ဇေယဂုဏံ အောင်မြင်ခြင်း ကျေးဇူးနှင့်ပြည့်စုံသော၊ မြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ ဝန္ဒေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

□

## ၄။ သု၊ ခါ၊ ဝ၊ ဟံ ဘွဲ့တံဆိပ်တော်ရ အဝ ရွှေစည်းခုံ ဘုရားရှိခိုး ဂါထာ

**သုခဒံ သာဓူနံ လောကေ၊**
**ခါဒိတ ဒုက္ခ ဟာကယံ။**
**ဝရံ ဇေယဂုဏံ ဝန္ဒေ၊**
**ဟာန္တမာရံ တထာဂတံ။**

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

လောကေ-လောက၌၊ သာဓူနံ-သူတော်ကောင်းတို့အား၊ သုခဒံ-ချမ်းသာကို ပေးတတ်သော၊ ခါဒိတ ဒုက္ခ ဟာယကံ-ကိုက်ခဲသော သံသရာဆင်းရဲကို ပယ်ပေတတ်ထသော၊ ဝရံ-တောင့်တအပ်ထသော၊ ဇေယဂုဏံ-အောင်မြင်ခြင်း ဂုဏ်ကျေးဇူးရှိထသော၊ ဟာန္တမာရံ-မာရ်ငါးပါး ဖျက်ဆီးနိုင်ထသော၊ တထာဂတံ-ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းသော မြတ်စွာဘုရားကို၊ ဝန္ဒေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

□



www.burmeseclassic.com

www.burmeseclassic.com

## ၅။ သ၊ မွ၊ ဒွေ၊ ယ ဘွဲ့တံဆိပ်တော်ရ အညာသီဟတော ဘုရားရှိခိုး ဂါထာ

သမ္ဗာ သာမဥ္စ ဒေ ယျံယော၊
ဗုဇ္ဈိတ္ဝာန ဝိသာရဒံ။
ဒေတိလောကေ သီဟနာဒံ၊
ယသဿီ တံ သဒါ နမေ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ယောဗုဒ္ဓေါ-အကြင်မြတ်စွာဘုရားသည်၊ သမ္ဗာ-မဖောက်မပြန်၊ သာမဥ္စ-ကိုယ်တိုင်တော်သာလျှင်၊ ဒေ ယျံမ-ဒေ ယျခံတရားငါးပါးကို၊ ဗုဇ္ဈိတ္ဝာန-သိတော်မူပြီး၍၊ လောကေ-လောက၌၊ ဝိသာရဒံ-ရွံ့ရှာခြင်းကင်းသော ရဲရင့်စွာသော၊ သီဟနာဒံ-ခြင်္သေ့မင်း၏ ဟောက်ခြင်းနှင့်တူသော ကြုံးဝါးသောအသံကို၊ ဒေတိ-ပေးတော်မူတတ်၏။ ယသဿီ-ကျော်စောခြင်းရှိထသော၊ တံဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၆။ ဗော၊ ဓိ၊ စိ၊ န္တာ ဘွဲ့တံဆိပ်တော်ရ ရွှေစာရံ ဘုရားရှိခိုး ဂါထာ

ဗောဓေတဗ္ဗေ ဝိစက္ခန္တော၊
ဓိရေ နာနာဥပါယတော။
စိန္တေတွာဝိနေတိ ယော၊
တာဏံ လောကံ နမေ သဒါ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ယောဗုဒ္ဓေါ-အကြင်မြတ်စွာဘုရားသည်၊ ဗောဓေတဗ္ဗေ-ကျွတ်ထိုက်ကုန်သော၊ ဓိရေ-ပညာ,သမာဓိ ရှိသူတို့ကို၊ ဝိစက္ခန္တော-ဆင်ခြင်တော်မူလျက်၊ နာနာဥပယတော-အထူးထူးသော အကြောင်းဥပါယ်ဖြင့်၊ စိန္တေတွာ-ကြံစည်၍၊ ဝိနေတိ-ချွတ်တော်မူတတ်၏။ တာဏံ-ကိုးကွယ်ရာဖြစ်ထသော၊ တံဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၇။ ဥ၊ မွာ၊ ဝ၊ ပဲ ဘွဲ့တံဆိပ်တော်ရ ရွှေမင်းဝံ ဘုရားရှိခိုး ဂါထာ

ဥန္နတံ သဗ္ဗလောကေဟိ၊
မာနိတံ သဗ္ဗဓမ္မတော။
ဝန္ဒာမိ နရာမရာနံ၊
ပယျကံ လောကနာယကံ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

သဗ္ဗလောကေဟိ-ခပ်သိမ်းသောသူတို့ထက်၊ ဥန္နတံ-မြင့်မြတ်ထသော၊ သဗ္ဗဓမ္မတော-ခပ်သိမ်းသောတရားအားဖြင့်၊ မာနိတံ-မြတ်နိုးအပ်ထသော၊ နရာမရာနံ-လူနတ်တို့၏၊ ပယျကံ-ဘိုးဘေးအရာ၌ တည်ထသော၊ လောကနာယကံ-လူသုံးပါးတို့ကို နတ်ရွာနိဗ္ဗာန်သို့ ဆောင်တော်မူတတ်သော မြတ်စွာဘုရားကို၊ ဝန္ဒာမိ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ၇။ ဝိ၊ ရူ၊ ပော၊ န္တု ဘွဲ့တံဆိပ်တော်ရ ရွှေသာလျောင်း ဘုရားရှိခိုး ဂါထာ

ဝိသေသန သီဟသေယျ၊
ရူပကံ သယနံ ကရံ။
ပောန္တ မဂ္ဂိဝ ဓောတေန္တံ၊
တုရိတံ ဝရဒံ နမေ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ဝိသေသန-အထူးအားဖြင့်၊ သီဟသေယျ ရူပကံ-ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့ လက်ျာနံတောင်းဖြင့် လျောင်း၍ အိပ်ခြင်းသဏ္ဍာန်ရှိသော၊ သယနံ-ကျိန်းခြင်းကို၊ ကရံ-ပြုတတ်ထသော၊ ပောန္တ မဂ္ဂိဝ-မီးရှူးကဲ့သို့၊ ဓောတေန္တံ-တောက်ထွန်းထသော၊ တုရိတံ-ရှောင်တခင်၊ ဝရဒံ-တောင်းသောဆုကို ပေးတော်မူတတ်သော မြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၉။ ဉ၊ ဝ၊ ဟ၊ နိ ဘွဲ့တံဆိပ်တော်ရ ရွှေယင်မြော် ဘုရားရှိခိုး ဂါထာ

ဉပဂန္တွာနိမ္မိတေန၊
ဝရဝေသေန နေကဓာ။
ဟရန္တံ သာဓုပ္ပသာဒံ၊
နိရင်္ဂဏံ နမေ သဒါ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

အနေကဓာ-များသောအပြားအားဖြင့်၊ နိမ္မိတေန-ဖန်ဆင်းအပ်သော၊ ဝရဝေသေန-မြတ်သောအသွင်ဖြင့်၊ ဉပဂန္တွာ-ရှေးရှုကပ်၍၊ သာဓုပ္ပသာဒံ-သူတော်ကောင်းတို့၏ ကြည်ညိုခြင်းကို၊ ဟရန္တံ-ဆောင်တတ်ထသော၊ နိရင်္ဂဏံ-ကိလေသာ ကင်းတော်မူသော မြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၁၀။ ဝ၊ ဝ၊ ဇာ၊ ဂံ ဘွဲ့တံဆိပ်တော်ရ ပုခန်းစည်သူရှင် ဘုရားရှိခိုး ဂါထာ

ဝရံ ဝရညု ဝရဒံ၊
ဝရရာဇပတိံ ဇိနံ။
ဇာဂရိယံ သဒါ ဝန္ဒေ၊
ဂန္ထ ဓမ္မ ပဟာယကံ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ဝရံ-မြတ်ထသော၊ ဝရညု-မြတ်သောတရားကို သိတတ်ထသော၊ ဝရဒံ-မြတ်သောနိဗ္ဗာန်ကို ပေးတတ်ထသော၊ ဂန္ထဓမ္မ ပဟာယကံ-နှောင်ဖွဲ့တတ်သော ဂန္ထတရားလေးပါးကို ပယ်တတ်ထသော၊ ဇာဂရိယံ-နိုးကြားလေ့ရှိသော၊ ဝရရာဇပတိံ-မြတ်သောမင်းတို့၏ အရှင်ဖြစ်ထသော၊ ဇိနံ-မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ ဝန္ဒေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐



www.burmeseclassic.com

www.burmeseclassic.com

### ၁၁။ ထိ၊ ထ၊ မ၊ စဲ ဘွဲ့တံဆိပ်တော်ရ ကွမ်းရှာ ရွှေတန့်တစ် ဘုရားရှိခိုး ဂါထာ

**ထိတံ သံသာရသောတမှိ၊**
**ထပေန္တံ ခေမ မဂ္ဂတော။**
**မဟိတဗ္ဗံ သိင်္ဂီနိက္ခ၊**
**စယေန တံ သဒါ နမေ။**

ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

သံသာရသောတမှိ-သံသရာရေအယဉ်၌၊ ထိတံ-ရပ်တည်နိုင်ထသော၊ ခေမ မဂ္ဂတော-ဘေးမဲ့ရာနိဗ္ဗာန်ခရီး၌၊ ထပေန္တံ-တင်ထားတတ်ထသော၊ သိင်္ဂီနိက္ခစယေန-သိင်္ဂီနိက်ရွှေစင်အစုဖြင့်၊ မဟိတဗ္ဗံ-ပူဇော်သက္ကာရ ပြုအပ်ထသော၊ တံ ဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမှိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

□

### ၁၂။ ပု၊ ဥ၊ ခေ၊ တံ ဘွဲ့တံဆိပ်တော်ရ လယ်ကိုင်းကျောင်းတော်ရာ ဘုရားရှိခိုး ဂါထာ

**ပုဏ္ဏထေရ နိမန္တိတော၊**
**ဥတ္တာ လောကဟိတံ စိရံ။**
**ခေမဝါသ မကာသိ ယော၊**
**တံ ဝန္ဒေ လောကနာထံပိ။**

ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ယောဗုဒ္ဓေါ-အကြင်မြတ်စွာဘုရားသည်၊ ပုဏ္ဏေထေရ-နိမန္တိတော၊ မဟာပုဏ္ဏ မထေရ် ပင့်ဖိတ်အပ်သည်ဖြစ်၍၊ စိရံ-မြင့်ရှည်စွာသော၊ လောကဟိတံ-လူတို့စီးပွားကို၊ ဥတ္တာ-သိတော်မူ၍၊ ခေမဝါသံ-ဘေးမဲ့ရာ စန္ဒကူးနံ့သာ တန်ဆောင်းကျောင်း၌ နေခြင်းကို၊ အကာသိ-ပြုတော်မူလေပြီ၊ လောကနာထံ-လူတို့၏ ကိုးကွယ်ရာဖြစ်သော၊ တံ ဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ ဝန္ဒေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမှိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

□

### ၁၃။ ကေ၊ လာ၊ ဝ၊ ဟ ဘွဲ့တံဆိပ်တော်ရ အထက်စက်တော်ရာ ဘုရားရှိခိုး ဂါထာ

**ကေလာသနိဘ သေလမှိ၊**
**လာခါယ ပိယလဥ္ဆိတံ။**
**ဝရံ ဝန္ဒာမိ ဌပေန္တံ၊**
**ဟာရိပါဒ ဝလဥ္ဆနံ။**

ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ကေလာသနိဘသေလမှိ-ကေလာသတောင်နှင့် တူသော သစ္စဗန္ဓနတောင်ထိပ်၌၊ လာခါယ-ချိတ်ဖြင့်၊ လဥ္ဆိတံ ပိယ-တံဆိပ်ခတ်ဘိသကဲ့သို့ ဝရံ-မြတ်သော၊ ဟာရိပါဒဝလဥ္ဆနံ-ရွှေစက်တော်ရာကို၊ ဌပေန္တံ-ချထားတော်မူခဲ့သော မြတ်စွာဘုရားကို၊ ဝန္ဒာမိ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမှိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

□



www.burmeseclassic.com

www.burmeseclassic.com

## ၁၄။ နှ၊ ဋ္ဌ၊ ဂု၊ ဏာ ဘွဲ့တံဆိပ်တော်ရ အောက်စက်တော်ရာ ဘုရားရှိခိုး ဂါထာ

နန္ဒိတံ နာဂရာဇူဘိ၊
တရင်္ဂဘယ ဝဇ္ဇိတံ။
ဂုဟာနုဋ္ဌာ သဏ္ဌာပေန္တံ၊
ဏာမေ ပါဒ ဝလဉ္ဇနံ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

နာဂရာဇူဘိ-နမ္မဒါ နဂါးမင်းတို့သည်၊ နန္ဒိတံ-နှစ်သက်အပ်သော၊ ဂုဟာနုဋ္ဌာ-ခက်ခဲလုံခြုံစွာသော နမ္မဒါမြစ်နား၌၊ တရင်္ဂဘယဝဇ္ဇိတံ-လှိုင်းတံပိုးဘေးကင်းသော၊ ပါဒဝလဉ္ဇနံ-ခြေစက်တော်ရာကို၊ သဏ္ဌာပေန္တံ-ကောင်းစွာထားတော်မူခဲ့သော မြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၁၅။ သု၊ သု၊ ဇာ၊ ဂံ ဘွဲ့တံဆိပ်တော်ရ ပြည်ဆံတော် ဘုရားရှိခိုး ဂါထာ

သုဇနာနံ ဟိတံ ဒိသွာ၊
သုန္ဒရံ ကေသဓာတုယာ။
ဇာတိဇရာ မုတ္တိကာရံ၊
ဂန္ထဝိမောစနံ နမေ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

သုဇနာနံ-သူတော်ကောင်းတို့၏၊ သုန္ဒရံ-ကောင်းမြတ်သော၊ ဟိတံ-အကျိုးစီးပွားကို၊ ဒိသွာ-ရှုတော်မူ၍၊ ကေသဓာတုယာ-ဆံတော်ဓာတ်ဖြင့်၊ ဇာတိဇရာ မုတ္တိကာရံ-ပဋိသန္ဓေနေခြင်း အိုခြင်းမှလွတ်သောအကြောင်းကို ပြုတတ်ထသော၊ ဂန္ထဝိမောစနံ-သံသရာ၌ အနှောင်အဖွဲ့ကို ဖြေပေတတ်သော မြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၁၆။ ဗော၊ မိ၊ သေ၊ ဋ္ဌံ ဘွဲ့တံဆိပ်တော်ရ မြတ်စောညီနောင် ဘုရားရှိခိုး ဂါထာ

ဗောဓေတဗ္ဗေ ဝိစက္ခန္တော၊
မိရေ ဓမ္မရသံ ဝရံ။
သေဝနေန နိဗ္ဗာနမ္ပိ၊
ဋ္ဌန္တံ နမေ နိရင်္ဂဏံ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ဗောဓေတဗ္ဗေ-သိစေထိုက်ကုန်သော၊ မိရေ-ပညာရှိတို့ကို၊ ဝိစက္ခန္တော-ဆင်ခြင်တော်မူလျက်၊ ဝရံ-မြတ်သော၊ ဓမ္မရသံ-တရားရသာကို၊ သေဝနေန-မှီဝဲစေသဖြင့်၊ နိဗ္ဗာနမ္ပိ-နိဗ္ဗာန်၌၊ ဋ္ဌန္တံ-ဌပေန္တံ-တင်ထားတော်မူတတ်ထသော၊ နိရင်္ဂဏံ-ကိလေသာကင်းတော်မူပြီးသော မြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐



www.burmeseclassic.com

www.burmeseclassic.com

## ၁၇။ ဗု၊ ဒ္ဓ၊ စိ၊ န္တာ ဘွဲ့တံဆိပ်တော်ရ ရွှေတိဂုံ ဘုရားရှိခိုး ဂါထာ

**ဗုဒ္ဓညာဏံ သုဒုလ္လဘံ၊**
**ရေမာနေ ပဇာသုခံ။**
**စိန္တေန္တော ယော သိရောရုဟံ၊**
**တာဏာယာ ဒါသိ တံ နမေ။**

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ယောဗုဒ္ဓေါ-အကြင်မြတ်စွာဘုရားသည်၊ သုဒုလ္လဘံ-အလွန်ရခဲစွာသော၊ ဗုဒ္ဓညာဏံ-သဗ္ဗညုတညာဏ်ကို၊ ရေမာနေ-ဆောင်ရွက်တော်မူစ လေးဆယ့်ကိုးရက်အလွန် အဋ္ဌမသတ္တာဟ၌၊ ပဇာသုခံ-သတ္တဝါတို့ ချမ်းသာခြင်းကို၊ စိန္တေန္တော-ကြံစည်တော်မူ၍၊ သိရောရုဟံ-ဦးခေါင်းတော်၌ရောက်သော ဆံတော်ရှစ်ချောင်းကို၊ တာဏာယ-သတ္တဝါအပေါင်းကို ကယ်ဆယ်တော်မူခြင်းငှာ၊ အဒါသိ-ပေးတော်မူလေပြီ၊ တံဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❒

## ၁၈။ ဝါ၊ ရ၊ ဂု၊ ထာ ဘွဲ့တံဆိပ်တော်ရ ရွှေမော်ဓော ဘုရားရှိခိုး ဂါထာ

**ဝရံ မာဝေါဒီဟိပိ၊**
**ရတနေဟိပိ မာနိတံ။**
**ဂုဏေန အတုလံ နာထံ၊**
**ဏမာမိ သိရသာ သဒါ။**

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

မာဝေါဒီဟိပိ-ပိဿနိုး အစရှိသော နတ်မင်းတို့ထက်လည်း၊ ဝရံ-မြတ်ထသော၊ ရတနေဟိပိ-ရတနာခုနစ်ပါးတို့ထက်လည်း၊ မာနိတံ-မြတ်နိုးအပ်ထသော၊ ဂုဏေန-ဂုဏ်ကျေးဇူးဖြင့်၊ အတုလံ-အတုမရှိထသော၊ နာထံ-ကိုးကွယ်ရာဖြစ်တော်မူသော၊ မြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ သိရသာ-ဦးဖြင့်၊ ဏမာမိ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❒

## ၁၉။ အ၊ ဟံ၊ ဘ၊ န္တေ ဘွဲ့တံဆိပ်တော်ရ ကျိုက်ပွန် ဘုရားရှိခိုး ဂါထာ

**အရဟာတံ စတုန္နမ္ပိ၊**
**ဟန္တာနံ ကိလေသာရယော။**
**ဘဂဝတံ သဒါ ဝန္ဒေ၊**
**တေဇသီနံ ယသသီနံ။**

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

အရဟာတံ-ပူဇော်သက္ကာအထူးကို ခံထိုက်ကုန်ထိုက်သော၊ ကိလေသာရယော-ကိလေသာဟူသော ရန်သူတို့ကို၊ ဟန္တာနံ-ဖျက်ဆီးတတ်ကုန်ထသော၊ ဘဂဝတံ-ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံကုန်ထသော၊ တေဇသီနံ-တန်ခိုးအရှိန်အဟုန် ကြီးကုန်ထသော၊ ယသသီနံ-အခြံအရံများကုန်ထသော၊ စတုန္နမ္ပိ-ဘုရားလေးဆူတို့အားလည်း၊ သဒါ-အခါခပ်သိမ်း၊ ဝန္ဒေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❒



www.burmeseclassic.com

www.burmeseclassic.com

## ၂၀။ စ၊ ဘ၊ က၊ သ ဘွဲ့တံဆိပ်တော်ရ ကျိုက္ခမီ ဘုရားရှိခိုး ဂါထာ

စယံ ပါရမီသဥ္စယံ၊
ဘဝါဘဝေ သုခန္တိကံ။
ကရောန္တံ လောကအတ္ထမ္ပိ၊
သရဏံ တံ နမေ သဒါ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ပါရမိသဥ္စယံ-ပါရမီဆယ်ပါးအစုကို၊ စယံ-ဆည်းပူးပြီးထသော၊ ဘဝါဘဝေ-ဘဝငယ်,ဘဝကြီး၌၊ သုခန္တိကံ-ကောင်းစွာသည်းခံခြင်း ရှိထသော၊ လောကအတ္ထမ္ပိ-လောက၏ အစီးအပွားကိုလည်း၊ ကရောန္တံ-ပြုပေတတ်ထသော၊ သရဏံ-ဘေးအန္တရာယ်အပေါင်းကို ဖျက်ဆီးတတ်ထသော၊ တံဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၂၁။ ဣ၊ အ၊ မ၊ ချ ဘွဲ့တံဆိပ်တော်ရ ကျိုက်ထီးရိုး ဘုရားရှိခိုး ဂါထာ

ဣသိနံ့ အတုလံ လောကေ၊
အဂ္ဂိသိနမ္ပိ သတ္တမံ။
မဟာဒယံ မဟာဉာဏံ၊
ချာတံ လောကတ္တယေ နမေ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

လောကေ-လောက၌၊ ဣသိနံ့-ရသေ့တကာတို့တွင်၊ အတုလံ-အတုမရှိထသော၊ အဂ္ဂိသိနမ္ပိ-ရသေ့တကာတို့ထက်မြတ်သော ဘုရားတို့တွင်လည်း၊ သတ္တမံ-ခုနစ်ဆူမြောက်ဖြစ်ထသော၊ မဟာဒယံ-ကြီးမြတ်သောသနားခြင်း ကရုဏာရှိထသော၊ မဟာဉာဏံ-ကြီးမြတ်သောအသိဉာဏ်လည်းရှိထသော၊ လောကတ္တယေ-လောကသုံးပါး၌၊ ချာတံ-ထင်ရှားတော်မူသော မြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၂၂။ ဝေ၊ ဒါ၊ ဒ၊ ယ ဘွဲ့တံဆိပ်တော်ရ မုတ္တမ မြသိန်းတန် ဘုရားရှိခိုး ဂါထာ

ဝေရောစနေဟိ နေကေဟိ၊
ဒါတုံ ကလမ္ပိ နဂ္ဃတိ။
ဒယာဒိကံ ဂုဏာရဿ၊
ယတံ ယသသ တံ နမေ။

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ယသသဗုဒ္ဓဿ-အကြင်မြတ်စွာဘုရား၏၊ ဒယာဒိကံ-မဟာကရုဏာ အစရှိသော၊ ယတံ-စောင့်စည်းသော၊ ဂုဏံ-ဂုဏ်ကျေးဇူးတော်ကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ ဒါတုံ-အဖိုးသားနားပိုင်းခြင်းငှာ၊ အနေကေဟိ-အသိန်းမက များလှကုန်သော၊ ဝေရောစနေဟိ-အလိုဆန္ဒရှိသမျှကို ပေးစွမ်းနိုင်သော ဝေရောစန ပတ္တမြားရတနာတို့ဖြင့်၊ ကလမ္ပိ-တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှလည်း၊ နဂ္ဃတိ-မထိုက်တန်ပေ၊ တံ ဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ၂၃။ စေ၊ အာ၊ မာ၊ သော ဘွဲ့တံဆိပ်တော်ရ ဇင်းကျိုက် ဘုရားရှိခိုး ဂါထာ

စေတနာမတ္တမှိ ဖလံ၊
အာ ကိလေသက္ခယာ ဗဟု။
မာရဒ္ဓယ ဂုဏာဒိမှိ၊
သောဘဂ္ဂေ ယဿ တံ နမေ။

ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ယဿဗုဒ္ဓဿ-အကြင်မြတ်စွာဘုရား၏၊ သောဘဂ္ဂေ-ကောင်းမြတ်စွာသော၊ မာရဒ္ဓယ ဂုဏာဒိမှိ-မာရ်ငါးပါးကို အောင်မြင်ခြင်း ဂုဏ်ကျေးဇူး အစရှိသည်၌၊ စေတနာမတ္တမှိ-စေတနာဖြစ်ခြင်းမျှသည်လည်း၊ အာ ကိလေသက္ခယာ-ကိလေသာ ကုန်သည့်တိုင်အောင်၊ ဗဟု-များစွာ၊ ဖလံ-အကျိုး ရှိပေ၏၊ တံဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမှိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၂၄။ အာ၊ စိ၊ န္တေ၊ ယ ဘွဲ့တံဆိပ်တော်ရ ဇင်းမယ် လပုန်း ဘုရားရှိခိုး ဂါထာ

အစိန္တေယျဂုဏံ ယဿ၊
စိန္တာမတ္တမှိ သပ္ပလံ။
တေဇာယု ယသ သိရီဟိ၊
ယတိဝရံ နမေ ဇိနံ။

ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ယဿဗုဒ္ဓဿ-အကြင်မြတ်စွာဘုရား၏၊ အစိန္တေယျ ဂုဏံ-မကြံစည်နိုင်သော ဂုဏ်ကျေးဇူးတော်ကို၊ စိန္တာမတ္တမှိ-ကြံစည်ကာမျှသည်လည်း၊ တေဇာယု ယသသိရီဟိ-ဘုန်း တန်ခိုးကြီးခြင်း၊ အသက်ရှည်ခြင်း၊ အခြံအရံများခြင်း၊ ကျက်သရေရှိခြင်းတို့ဖြင့် သပ္ပလံ-များစွာအကျိုးရှိပေ၏၊ ယတိဝရံ-ရဟန်းမြတ်ဖြစ်ထသော၊ ဇိနံ-မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမှိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၂၅။ မာ၊ မံ၊ ဟု၊ ဟာ ဘွဲ့တံဆိပ်တော်ရ တရုတ်ပြည် စွယ်တော် ဘုရားရှိခိုး ဂါထာ

မာနိတဗ္ဗာ ဒါဌာ ယဿ၊
မန္ဒာ ဂန္ဓာရမဏ္ဍလေ။
ဟုယိတာ အဓိဋ္ဌာနေန၊
ဟာယကံ တံ ဘယေ နမေ။

ပုညေနာနေန သဗ္ဗမှိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

ယဿဗုဒ္ဓဿ-အကြင်မြတ်စွာဘုရား၏၊ မာနိတဗ္ဗာ-မြတ်နိုးအပ်သော၊ မန္ဒာ-သိမ်မွေ့ဖြူစင်စွာသော၊ ဒါဌာ-အထက်လက်ဝဲစွယ်တော်ကို၊ ဂန္ဓာရမဏ္ဍလေ-ဂန္ဓာရတိုင်း၌၊ အဓိဋ္ဌာနေန-အဓိဋ္ဌာန်တော်အားဖြင့်၊ ဟုယိတာ-ပူဇော်သက္ကာ ပြုအပ်ပြီ၊ ဘယေ-ဘေးရန်တို့ကို၊ ဟာယကံ-ဖျောက်ပယ် တတ်ထသော၊ တံ-ဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမှိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐



www.burmeseclassic.com

www.burmeseclassic.com

## ၂၆။ ဓ၊ ဝံ၊ မာ၊ ဟ ဘွဲ့တံဆိပ်တော်ရ ယိုးဒယား ပြည်ဆံတော် ဘုရားရှိခိုး ဂါထာ

**ဓေကံ လောကဟိတဿ၊**
**ဝဏ္ဏကံ ပါပရာသယော။**
**မာနုနာယ သကံ ဒေန္တံ၊**
**ဟရိကေသမ္ပိ တံ နမေ။**

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

လောကဟိတဿ-လူသုံးပါးတို့၏ အစီးအပွားကို၊ ဓေကံ-ရှာမှီးတတ်ထသော၊ ပါပရာသယော-မကောင်းမှုအစုတို့ကိုလည်း၊ ဝဏ္ဏကံ-စွန့်အန်ပြီးထသော၊ သကံဟရိကေသမ္ပိ-ကိုယ်တော်၌ရောက်သော စိမ်းညိုသော ဆံတော်ကိုလည်း၊ မာနုနာယ-ပူဇော်မြတ်နိုးစေခြင်းငှာ၊ ဒေန္တံ-ပေးပေတတ်ထသော၊ တံ. ဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၂၇။ မံ၊ သွဏ်၊ သု၊ သံ ဘွဲ့တံဆိပ်တော်ရ ထားဝယ် ပြည်ဆံတော် ဘုရားရှိခိုး ဂါထာ

**မဏ္ဍိတ ကေသဝရမ္ပိ၊**
**သွဏ္ဍံ 'ကာရုညတော ဒဒံ။**
**သုဇနဟိတ မာကင်္ခီ၊**
**သမ္ဗုဒ္ဓံ တံ နမေ သဒါ။**

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

သွဏ္ဍံ-ကောင်းသောအဆင်းသဏ္ဌာန်ရှိသော၊ မဏ္ဍိတကေသဝရမ္ပိ-တန်ဆာဆင်ဘိသကဲ့သို့ တင့်တယ်သော ဆံတော်မြတ်ကိုလည်း၊ ကာရုညတော-သနားကြင်နာတော်မူသဖြင့်၊ သုဇနဟိတံ-သူတော်ကောင်းတို့ အစီးအပွားကို၊ မာကင်္ခီ-တောင့်တမူသည်ဖြစ်၍၊ ဒဒံ-ပေးတော်မူထသော၊ တံသမ္ဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ နမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐

## ၂၈။ ဗု၊ ဒ္ဓ၊ ဂု၊ ဏာ ဘွဲ့တံဆိပ်တော်ရ ရခိုင် ဘုရားကြီး ဘုရားရှိခိုး ဂါထာ

**ဗုဒ္ဓဉာဏံ သုဒုလ္လဘံ၊**
**ဓရမာနေ သရူပကံ။**
**ဂုဏေန သကာသဒိသံ၊**
**ဏာမေ ကာရာပိတံ ဇိနံ။**

ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။

သုဒုလ္လဘံ-အလွန်ရခဲလှစွာသော၊ ဗုဒ္ဓဉာဏံ-သဗ္ဗညုတဘုရားဉာဏ်ကို၊ ဓရမာနေ-ဆောင်ရွက်တော်မူသော ကိုယ်တော်ထင်ရှား ရှိတော်မူစဉ်၊ ဂုဏေန-ဂုဏ်ကျေးဇူးအားဖြင့်၊ သကာသဒိသံ-ကိုယ်တော်နှင့် ထပ်တူထပ်မျှဖြစ်သော၊ သရူပကံ-ကိုယ်တော်စားဆင်းတုကို၊ ကာရာပိတံ-ပြုစေတော်မူခဲ့သော၊ ဇိနံ-အောင်မြင်ခြင်းကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ ဏာမေ-ရှိခိုးပါ၏။

အနေနပုညေန-ဤသို့ ရှိခိုးသော ကောင်းမှုကြောင့် သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထိစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

❐



www.burmeseclassic.com

www.burmeseclassic.com

# ချမ်းမြေ့စေတတ်
# လောကနတ်

■ မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)



နောင်ပြန် ၂၃

www.burmeseclassic.com

www.burmeseclassic.com

**"ခြသေ့ံခံမှ၊ ခုနစ်ပုံမြတ်မှာ၊ ဝဲယာရှေ့နေ၊ ခြေတွင်မငြီး။ စည်းစုပ်ကီး၍၊ ရန်မီးငြိမ်းရွေ့၊ ဆင်ခြသေ့ကို။ ချမ်းမြေ့စေတတ်၊ လောကနတ်"**

ဤသို့ မုံရွေးဆရာတော်၏ ကုသပျို့ ပိုဒ်ရေ ၁၁ နန်းပြာသာဒ်ပလ္လင်ခန်းတွင် လောကနတ်၏ ခြင်းရာထုပွတ်ကို ဖွဲ့နွဲ့သီကုံး စပ်ဆိုထားကြောင်း တွေ့ရှိရသည်။

လောကနတ်ကို မြန်မာတိုင်းသိကြသကဲ့သို့ လောကနတ်၏ ခြင်းရာထုပွတ်ကိုမူ လူတိုင်းသိပြီးကြမည်ဟု မထင်ပါ။ အများအားဖြင့် လောကနတ်ရုပ်တုကို သဘင်၊ ဂီတ၊ အနုပညာနယ်နှင့် ပန်းချီ၊ ပန်းပု ရိုးရာပန်းအနုပညာနယ်၊ ထိုနယ် နှစ်နယ်၌ ကောင်းစွာ လူသိထင်ရှားပြီးဖြစ်သည်။ သို့ဖြစ်၍ လောကနတ်ရုပ်များ မြန်မာ့အနုပညာလောက၏ အမှတ်သင်္ကေတတံဆိပ်၊ မြန်မာ့ညှို့ခန်း။ ဆောင်ခန်း၏ ကျက်သရေဆောင် မင်္ဂလာရုပ်တုတစ်ရုပ်လည်း ဖြစ်သည်။

စင်စစ်အားဖြင့် လောကနတ်ရုပ်တုသည် မြန်မာ့ရိုးရာ အနုပညာမျှသာ မကဘဲ ယုံကြည်သက်ဝင်မှုဖြင့်ပါ သက်ဆိုင်လျက်ရှိသည်။ ယခုတလော စာရေးသူကိုယ်တိုင် လောကနတ်ရုပ်တုကို ဆောင်လျှင် မည်သို့အကျိုးရှိသည်၊ မည်သို့ ထုလုပ်ထားရသည်ဆိုသော စကားများကို ကြားသိလာရသည်။

သို့ဖြစ်၍ ရောင်ပြန်စာဖတ်ပရိသတ်အား လောကနတ်အကြောင်းကို တင်ပြရခြင်း ဖြစ်ပါသည်။

လောကနတ်၏ ခြင်းရာထုပွတ်ကို ခြေခြေမြစ်မြစ် ဂယနဏ သိစေရန်

**၁။ လောကနတ်၏ ဇာစ်မြစ်၊**

**၂။ လောကနတ်နှင့် မြန်မာ့ရာဇပလ္လင်၊**

**၃။ လောကနတ်နှင့် မြန်မာ့ဂီတအနုပညာ၊**

**၄။ လောကနတ်အား ယုံကြည်သက်ဝင်ပုံ၊**

**၅။ လောကနတ်အား ထုလုပ်ဆောင်ထားပုံ** စသည်များကို တင်ပြလိုပါသည်။

### ❖ လောကနတ်၏ ဇာစ်မြစ် ❖

"လောကနတ်"ဟူသော ဝေါဟာရမှာ မြန်မာဘာသာ စစ်စစ်မဟုတ်ပေ။ "လောက"နှင့် "နာထ"ဟူသော ပါဠိနှင့် သက္ကတဘာသာစကားမှ ဆင်းသက်လာကာ ဖြစ်ပေါ်ခဲ့ခြင်းပင်။ လောကနာထ[၁]မှ ပါဠိသက်၍ လောကနတ်ဟူသည့် ဝေါဟာရဖြစ်ခဲ့ပြီး လောကကို စောင့်ရှောက်သောနတ် ဟူ၍ အဓိပ္ပာယ်ဖွင့်ကြသည်

လောက-လူအများ။ နာထ-ကိုးကွယ်အားထားရာပင် ဖြစ်၏။ ယင်း လောကနတ် ဝေါဟာရကိုပင် ရှေးအခါက ရှင်ဘုရင်ကို ချီးမွမ်းခေါ်ဝေါ်ခဲ့သော အမည်နာမလည်း ဖြစ်သည်။

စင်စစ်အားဖြင့် လောကနတ်သည် ထေရဝါဒ ဗုဒ္ဓဘာသာမှ နတ်မဟုတ်ပေ။ ဟိန္ဒူ ဗြဟ္မဏဘာသာနှင့် မဟာယာန ဗုဒ္ဓဘာသာ+မှ နတ်သာဖြစ်သည်။ ဟိန္ဒူနှင့် မဟာယာန ဘာသာ နှစ်ရပ်သည် ရောယှက်နေသည်ကို ဤ လောကနတ်ယုံကြည်မှုက သက်သေထူနေသည်။ တစ်ဖန် ထေရဝါဒဗုဒ္ဓဘာသာကလည်း နောင်ပွင့်တော်မူမည့် အရိမေတ္တယျ[၂] ဘုရားလောင်းသည် တုသိတာ နတ်ပြည်၌ စံတော်မူနေကြောင်း



**မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရသော ပျူခေတ် လောကနာထ(လောကနတ်)**

---

၁။ Lokanatha

၂။ Arimaitreya

\+ Mahayana Buddhism

www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ် လောကနာထ(လောကနတ်) နံရံဆေးရေးပန်းချီပုံ

ကို လက်ခံ[၃]ထား၏။

မဟာယာနဗုဒ္ဓဝင်များအရ ဘုရားလောင်းဆိုသည်မှာ ဂေါတမဘုရားနှင့် နောင်ပွင့်တော်မူမည့် ဘုရားနှစ်ဆူအကြား သတ္တဝါတို့ကို တာဝန်ယူစောင့်ရှောက်ရသည်ဟု ယုံကြည်ကြသည်။ ယင်းဘုရားလောင်း (ဗောဓိသတ္တ[၄])၏ အမည်နာမများမှာ . . .

**သတက္ခရိ ဘုရားလောင်း။**
**လောကေသရ ဘုရားလောင်း။**
**သီဟနာဒ ဘုရားလောင်း။**
**လောကနာထ ဘုရားလောင်း။**
**ခသပ္ပဏ ဘုရားလောင်း။**
**ဟလာဟလ ဘုရားလောင်း**

စသည်ဖြင့် အမည်အမျိုးမျိုးနှင့် ရုပ်သွင် ၁၀၈ မျိုး[၅]ပေါင်း ရှိနေသည်ကို သတိပြုမိသည်။

ထို့အပြင် မဟာယာန ဗုဒ္ဓဝင်ဖြစ်သော လလိတ ဝိတ္ထာရကျမ်းမှာလည်း အဝလောကိတေသွာရ[၆](သတ္တဝါတို့ကို စောင့်ရှောက်သူ) ဘုရားလောင်းကို ဟိန္ဒူဘာသာရှိ သိဝနတ်မင်းပုံစံပြောင်း၍ မဟာယာနာတို့က အမည်ပေးထားကြောင်း သိရသည်။

သို့ဖြစ်၍ လောကနာထ(လောကနတ်) အယူအဆ၌ ဟိန္ဒူနှင့် မဟာယာန ဗုဒ္ဓဘာသာ၊ ယင်းနှစ်ရပ် ရောပြွမ်းရှုပ်ထွေးနေလေ၏။ လောကနတ်ဟူသည်မှာ ဘုရားလောင်းဟုပင် ဆိုလိုနေခြင်းဖြစ်သည်။

### ❖ မြန်မာ့သမိုင်းနှင့် လောကနတ် ❖

မြန်မာ့သမိုင်းတွင် လောကနတ်ကို ဗွေဆော်ဦး တွေ့ရသည်မှာ ပျူခေတ်ကပင် ဖြစ်သည်။ ယင်းလောကနတ်ရုပ်ကို သရေခေတ္တရာ[၉] မှော်ဇာရပ်၊ ခင်မောင်ရင်ရွာအနီး၊ မြို့ဝင်တံခါးပေါက်အနီးမှ တူးဖော်တွေ့ရှိခဲ့ရသည်။ ယင်းနတ်ရုပ်တုမှာ မဟာယာနဂိုဏ်းဝင်နတ်များမှ ဂျမဗလ[၁၀]နတ်ရုပ်ဖြစ်ပြီး၊ ယင်းရုပ်တုသည် ကျောက်သားဖြင့် ထုဆစ်ထား၏။ ဂျမဗလရုပ်တု အမျိုးအစားဖြစ်ကြောင်း ပညာရှင် အမ်၊ ဒူရွိုင်ဇယ်က[၁၁] ကောက်ချက်ချခဲ့၏။ အလားတူ ဘုရားလောင်း ကျောက်ဆစ်ရုပ်တုတစ်ဆူကို မှော်ဇာမြို့ဟောင်းမှ တွေ့ရသော်ငြားလည်း ဘုရားလောင်းဟုသာ ယူဆနိုင်ခဲ့သည်။ ယင်းရုပ်တုမှာ ကျောက်ဆစ်အုတ်ခွက် တစ်ဆူဖြစ်ပြီး အဆင်တန်ဆာများ ပါရှိနေသည်။ ခြေတစ်ဖက်ကိုတင်ထားဟန်ဖြစ်သည်။ ယင်းကို ပဋိမာသိပ္ပံပညာရှင်များက ရာဇလီလာ[၁၂] ဟူ၍ အမည်ပေးသည်။

အလားတူ လက်လေးဖက်ပါသော နတ်ဘုရား (ဗောဓိသတ္တ)ပုံကိုလည်း သရေခေတ္တရာမှော်ဇာမှပင် တွေ့ရှိခဲ့ရသည်။ ယင်းရုပ်တုကို လာလိတာသန[၁၃]ဟု အမည်တပ်ကြသည်။ ယင်းရုပ်တု၏ လက်နှစ်ဖက်အနက် ဘယ်


---

၃။ အနာဂတဝင် ကျမ်း၊ ဒီပဲယင်းဆရာတော်တွင် အကျယ်ရှုနိုင်ပါသည်။
၄။ Bodhisattvas
၅။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး၊ မောင်အုံ့(မဟာဝိဇ္ဇာ-ဘုံဘော) စာ ၁၆၄။
၆။ Avalokitesvara
၇။ Shiva
၈။ ယင်းကျမ်း၊ စာ-၁၆၃။
၉။ Srikistra
၁၀။ Jambhala
၁၁။ M.Duroiselle
၁၂။ Rajalila
၁၃။ Lalitasana



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်မှာ ကျိုးပဲ့နေ၏[၁၄]။ ယင်းတွေ့ရှိခဲ့သော ပျူခေတ်ရုပ်တုများမှာ မဟာယာနမှ ဗောဓိသတ္တရုပ်တုများသာ ဖြစ်၍ လောကနတ်ရုပ်တုသမိုင်းကြောင်း အစပင်ဖြစ်တော့သည်။

ထိုထိုသော မဟာယာနနတ်များ အနက် လောကနာထ(လောကနတ်) ဘုရားလှောင်းမှာ ပို၍ ထင်ရှားနေ၏။ ပုဂံမြို့ အာနန္ဒာပြတိုက်တွင်လည်း ဗောဓိသတ္တ(လောကနတ်) ကြေးဆင်းတု နှစ်ဆူကို တွေ့ရှိရပေလိမ့်မည်။ ယင်းရုပ်တု နှစ်ဆူမှာ ကြာပလ္လင်[▪]ထက် ထိုင်နေဟန် ဖြစ်သည်။ ပဋိမာ သိပ္ပံပညာ[▸]အရဆိုလျှင် ယင်းရုပ်တုများမှာ အဝလောကကိတေသွာရ အမျိုးမျိုးအနက် လောကနာထ(လောကနတ်) အတိအကျပင် ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ပဋိမာသိပ္ပံ ပညာရှင် နီဟာရန်ရှာရေးက ဆို၏။

## ❖ လောကနတ်နှင့်ပါမောက္ခလုစ်[V] ❖

ပုဂံဂူဘုရား နံရံများပေါ်၌ မင်စာ(မွန်)နှစ်ခုတွင်လည်း လောကနာထ (လောကနတ်)ပုံကို တွေ့ရှိခဲ့ရသည်။

ပုဂံဂူဘုရားနံရံများပေါ်၌ မင်စာ(မွန်)နှစ်ခုတွင်လည်း လောကနာထ (လောကနတ်)ပုံကို တွေ့ရှိခဲ့ရသည်။ ညောင်ဦးမြို့ ကျောက်ဖျာလှနှင့် ပုဂံမြို့ စိမ်းညက်ဘုရားတို့တွင်လည်း လောကနတ်ပုံကို တွေ့ရှိရ၏။ ယင်းပုံများမှာ နံရံဆေး[၂]များ ဖြစ်ကြသည်။

"ဘုရားလှောင်းလောကနတ်[၃]" စာတမ်းတစ်စောင်ကို ပညာရှင် ပါမောက္ခလုစ်ကလည်း ရေးခဲ့ဖူး၏။ ပါမောက္ခလုစ်က "ပုဂံ၌ အတော်အသင့်ကြီးမားသည့် မှန်ကူကွက်[+]တစ်ခု၌ ရင်ဘတ်ပေါ်တွင် ကြာဖူးကို ကိုင်ဆောင်ထားပုံပေါ်သည့် လောကနတ်(လောကနာထ) ရုပ်တုကို တွေ့ရှိရပြီး ကံမကောင်းအကြောင်းမလှ၍ ဖျက်ဆီးခြင်းခံရသည်" ဟု ဆိုခဲ့သည်။

ဤနေရာ၌ "ပညာရှင်ရေး"က ယူဆသည်မှာ ကြာဖူးကိုကိုင်ထားသည် ဟု မဆို။ အကယ်၍ ကြာဖူးကို ကိုင်ထားပါက ဘယ်ဘက်လက်သာ ဖြစ်မည်။ ညာဘက်လက်တစ်ဖက်မှာ ဝရဒမုဒြာ[a]ပုံ ဖြစ်မည်ဟု ဆို၏။

လောကနတ်ရုပ်၏ အောက်ခြေ၌ မင်စာဖြင့်ရေးသားထားသော ဆုတောင်းစာမှာ...

"ဤကား လောကနတ်တည်း။ ဤကိုပြုသူသည်ကား သားမြေး၊ ကျွန်အလုံးစုံ ပြည့်ပါစေသတည်း။ ငါ့အားလည်း အထောက်အပံ့ ဖြစ်ပါစေသတည်း။"[၁]

## ❖ လောကနတ်နှင့် အနော်ရထာမင်း ❖

၁။ သော လောကနာထော မဟာရာဇ၊ ၂။ သိရီ အနိရုဒ္ဓဒေဝေန

၁၄။ Sanskrit Buddhism In Burma Nihar-Ranjan Ray, Kern Institute, Leiden, 1936, p 47-48

▪ lotus-throne

▸ Iconography - ပဋိမာသိပ္ပံ (ပဋိမာ ဆင်းတု၊ ရုပ်တုများ+သိပ္ပံအတတ်ပညာ)

V Prof G.H luce

၁။ ˇCauk-phaya-hla

၂။ Fiesco ဟု အင်္ဂလိပ်ဘာသာဖြင့် ခေါ်သည်။

၃။ Purhalon Lahanat

\+ Panel ဟု အင်္ဂလိပ်ဘာသာဖြင့် တွေ့ရသည်။

a Varada Mudra

၁။ Sanskrit Buddhism In Burma, P.50



www.burmeseclassic.com

www.burmeseclassic.com

ကတော၊ ၃။ ဝိနမ္ဗတ္တတ္တံ သပာတ္တေ နေဝါတိ^၂

**မြန်မာပြန်**

**ဤလောကနတ် (လောကနာထ)၏ ဆင်းတုတော်ကို သီရီအနုရုဒ္ဓဒေဝ အမည်ရှိသော မင်းကြီးသည် သံသရာဝင့်ဆင်းရဲအပေါင်းမှ လွတ်မြောက်ပါရခြင်းအကျိုးငှာ မိမိ၏ လက်တော်ဖြင့် သွန်းလုပ်တော်မူ၏။**

အဆိုပါအုတ်ခွက်စာကို ထောက်ရှု၍ အနော်ရထာ(အနုရုဒ္ဓဒေဝ)မင်းသည် မဟာယာနဗုဒ္ဓဘာသာကိုထားဝင်တစ်ဦးဖြစ်ခဲ့ကြောင်းထင်ရှား၏။ ရှင်အရဟံနှင့် တွေ့ပြီးသည့်နောက်မှသာ ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းသက်ဝင်လာခဲ့ခြင်းဖြစ်သည်။ အနော်ရထာမင်း၏ လောကနာထ အုတ်ခွက်ဘုရားမှာ ဘုရားပုံမဟုတ်ဘဲ ဘုရားလောင်းလောကနတ်ရုပ်တုပုံဖြစ်သည်။ ထုံးစံအတိုင်း ကြာပလ္လင်ပေါ်တွင် ခြေတစ်ဖက်တင် တစ်ဖက်ချ၍ မင်းထိုင်ထိုင်၊ လက်ယာလက်ကို ချပြီးလျှင် ပေါင်ပေါ်တွင် အနည်းငယ်ကွေး၍တင်လျက် ဒူးပေါ်ထက် တက်လျက်နေသော ကြာဖူးကို ကြာရိုးမှကိုင်လျက်ရှိသည်။ လက်ဝဲလက်မှ ကွေးပြီးလျှင် ရင်ကိုအပ်လျက် ကြာဖူး၏ ကြာရိုးတံကို ကိုင်လျက်ရှိသည်။

လက်ကောက်၊ လက်ကြပ်၊ ပုတီး စသည့် တန်ဆာများဆင်၍ မကိုဋ်သရဖူဆောင်းထားတွင် မောက်မားသော ဆံကျစ်ထုံးရှိသည်။ အထူးခြားဆုံး တစ်ရုပ်မှာ ထိုဆံကျစ်၏ အလယ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဘုရားဆင်းတုတော်တစ်ဆူ ပါရှိနေသည်။ ဤရုပ်တုတော်မှာ မဟာယာနဗုဒ္ဓဘာသာမှ လောကနတ်ပင် ဖြစ်တော့သည်။

သို့ဖြစ်၍ ချုံ၍ကြည့်လျှင် လောကနတ်ဟူသည်မှာ မဟာယာနဗုဒ္ဓဘာသာနှင့် ဟိန္ဒူ ယုံကြည်မှုမှ ပေါက်ဖွားလာခဲ့ကြောင်း ထင်ရှားနေ၏။ သမိုင်းတစ်ခေတ်ကို မြန်မာတို့ စတင်ကတည်းက လောကနတ်ယုံကြည်မှုမှာ ရှိနေပြီးသား တွေ့ရသည်။

**✦ လောကနတ်နှင့် မြန်မာ့ဂီတ ✦**

လောကနတ်နှင့် မြန်မာ့ဂီတ အနုသုခမဝိဖြင့် **နီးနွယ်ဆက်သွယ်နေသည်ကိုလည်း တွေ့ရသည်။**

ရှေးရိုးမြန်မာ့သီချင်းများကို လေ့လာပါသည်။

"သီချင်းကြီး၊ သီချင်းခံ၊ အဲ၊ အန်၊ သာ၊ ကြိုး၊ ပတ်ပျိုး။

ယိုးဒယားကြေးသွား၊ မွန်သံ၊ ဒိန်းသံ၊ သိင်္ဂါသံ၊ လောကနတ်သံ"

အစရှိသည်ဖြင့် **သီချင်းမျိုးစုံကို** တွေ့ရသည်။ ယင်းမြန်မာ့ဂီတသီချင်းများအနက် "ဆင်ဖြူရှင်မင်းတရားလောကနတ်ကြီး"ဟူ၍လည်းကောင်း၊ "လောကနတ်သံ"ဟူ၍လည်းကောင်း၊ "လောကနတ်ချင်း"ဟူ၍လည်းကောင်း တွေ့ရှိရပေသည်။ "ကြိုး"ဟူသည်မှာ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် ဟူသည့် မြန်မာ့တူရိယာများအနက် ကြိုးတပ်တူရိယာဖြင့် တွဲဖက်သီဆိုရသော တေးသီချင်းကို ခေါ်ဆိုပါသည်။

ကြိုးသီချင်းပေါင်းများစွာမှာ . . .

**ဖောင်လားကြိုး၊ ဖောင်ငင်ကြိုး၊ ဖောင်ဆိုက်ကြိုး၊ ဆရာပန် အလိုက်ကြိုး၊ ငါးကြင်းမြီးခတ်ကြိုး၊ ဂဠုန်မင်းတောင်သံကြိုး၊ လောကနတ်ကြိုး** စသည်ဖြင့် ကြိုးသီချင်းပေါင်း များစွာရှိ၏။

ရတနာပုံခေတ် သီပေါမင်းလက်ထက်၊ သီပေါ၊ ကုန်းဘောင်၊ သုံးဆယ်၊ မိုင်းလုံ၊ မိုင်းတုံမြို့ လေးမြို့ စော်ဘွားကြီး သခင်စောခြယ် စုဆောင်းပြုစုထားသော သဗ္ဗဂီတက္ကမပကာသနီကျမ်းမှ လောကနတ်ကြိုးသီချင်းကို တင်ပြလိုက်ပါသည်။

"သယ်လာ ငယ်လာ၊ စိုင်းညီစေကာ၊ ငါးများတိုးသွား။ ဆွဲလာဆဲရေးဆို၊ ဝန်ညီငယ် ကြော်ငြာ၊ ငတုံးတာသည်။ တံငါလောလေ၊ တံငါလော။ အိမ်သူငယ်မလာ၊ ညတည့်တည့်ချိန်ခါ။ ငါးဖယ်လေကျွန်းသား၊ ငါးလူငါးစင်းပြားငယ်နှင့်လေ။ သူစားပါသည် မောင်မျှော်သည်၊ ညချမ်းမှိုင်းရီ၊ တိုင်ပင်တိုင်ခဲ့ပြီ၊ ပိုက်ချီလေတိုးသွား။ ငါးကြင်းများ၊ သူစားပါမည် မောင်စောတို့လေ။ မယ်စောတို့၊ ပိုက်သာငယ် ငင်ညီညီ၊ ပိုက်ချီလေတင်းတင်း။ ငါးတည့်ငါးကိုသွင်း။ နေမင်းထွက်ချိန်တန်ခဲ့ပြီလေ၊ မယ်စောတို့လေ၊ မယ်စောတို့။ ဖောက်သည်ငယ်မလာ တိုချည်းသာ၊ လည်မှာ လည်ကြောငတုံးကာ ငယ်လေမျှော်လို့မောလေ မျှော်

---

^၂ လောကနတ်၊ ဒေါက်တာနိုင်ပန်းလှ၊ လုပ်သားပြည်သူ့နေ့စဉ် (၄-၁၀-၇၅) နှင့် အရှေ့တိုင်းယဉ်ကျေးမှု ပို့ချချက် အမှတ်(၁)



www.burmeseclassic.com

www.burmeseclassic.com

လို့မော။ စောစောငယ်မလာ[၅]။

သို့ဖြစ် လောကနတ်ကြိုးသီချင်းမှာ မြန်မာ့ဂီတသီချင်းဟန်တစ်မျိုးဖြစ်သည်။ ထိုဟန်၊ ထိုအသံကို မူသေထား၍ မိမိရေးဖွဲ့လိုသော အကြောင်းအရာကို သီကုံးစပ်ဆိုကြသည်။ တံငါသည်တို့၏ ဘဝကို ဖွဲ့ထားသည်မှာ ပြောင်မြောက်လှ၏။ ထိုအတူ အလွမ်းဘွဲ့၊ အဆွေးဘွဲ့၊ မြို့ဘွဲ့၊ စသည့်ဘွဲ့အမျိုးမျိုးကိုလည်း• လောကနတ်ကြိုးသံဖြင့် ဖွဲ့ထားသည်ကို တွေ့ရှိရသည်။

### ✦ သိဝနတ်နှင့် လောကနတ် ✦

ဟိန္ဒူဘာသာတရား၌ သိဝနတ်ဘုရား[၆]သည် လောကရှိ မကောင်းသောသူများကို ဖယ်ရှားသုတ်သင်ပေးပြီး လောကကို စောင့်ရှောက်သောနတ်ဖြစ်သည်။ သိဝနတ်ဘုရားကိုပင် လောကနတ်ဟု ခေါ်ဆိုကြောင်း သိရသည်။ သိဝနတ်တွင် အမည်နာမပေါင်းများစွာ ရှိသည့်အနက် တစ်ခုတည်းသော အမည်မှာ နဋရာဇာ[၁]ဟု ခေါ်ဆိုကြောင်း သိရသည်။ နဋ၏ အဓိပ္ပာယ်မှာ ကခြင်းဖြစ်သည့်အတွက် နဋရာဇာ အဓိပ္ပာယ်မှာ အကဘုရင်ဟု ရပါသည်။ သိဝနတ်ဘုရားသည် စိတ်ပျော်ရွှင်မြူးကြွသော အခါ၌ ကေလာသတောင်ပေါ်တွင်လည်းကောင်း၊ စီဒမ္ဗဗိမာန်တွင်လည်းကောင်း ကခုန်တတ်၏။ ဤသို့ သိဝနတ်ဘုရား ကကွက်၊ ကဟန်မှာ လူသားတို့လိုက်မမီနိုင်ပေ။ သိဝနတ်၏ ကကြိုးကကွက်များမှသည် မြန်မာ့ယဉ်ကျေးမှုအနုသုခုမသဘင်၏ ကကြိုးကကွက်များ ထွက်ပေါ်လာသည်ဟုလည်း ဆိုကြသည်။

သိဝ (သို့မဟုတ်) နဋရာဇာ၏ ရုပ်တုပုံကို အရှေ့တိုင်းတစ်ခွင်၌ ထုလုပ်ခဲ့ကြသည်။ ပုံသဏ္ဌာန်မှာ က၍နေသော ပုံဖြစ်သည်။ ယင်းပန်းပု၊ မုန်ကူကွက် လက်ရာများကို ပဋိမာပညာရှင်များက နဋ္ဋာသန[၂](နဋ္ဌာသန)ဟူ၍ သတ်မှတ်ထားကြသည်[၃]။

သို့သော် သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာနိုင်ပန်းလှကမူ လောကနတ်သည် "ဟိန္ဒူဘာသာဝင် သိဝမဟေသရဂိုဏ်းသားတို့အတွက် သူသည်ပင် မဟေသရနတ် ဖြစ်သည်ဟူ၍လည်းကောင်း၊ ဗိဿနိုးနတ် ဖြစ်သည်ဟူ၍ လည်းကောင်း၊ အနောက်နိုင်ငံသားများအတွက် သူသည် ခရစ်တော်နှင့် တူမျှသည်ဟူ၍လည်းကောင်း၊ အရှေ့တိုင်းရှိ တရုတ်၊ ဂျပန် မဟာယာနဂိုဏ်းဝင်များအတွက် ကရုဏာရှင်ဖြစ်သည်ဟူ၍လည်းကောင်း၊ လောကနတ်အား အမျိုးမျိုးယုံကြည်ကြကြောင်း ဆိုကြသည်[၄]။

### ✦ ရာဇပလ္လင်နှင့် လောကနတ် ✦

ရှေးမြန်မာမင်းတို့သည် လောကနတ်ရုပ်ပုံကို ပန်းပုလက်ရာအလှဆင်၊ မည်ကာမတ္တသဘောမထား၊ တော်ဝင်နန်းသုံးအဆောင်အယောင်အဖြစ် အခန့်အငြား ထားခဲ့ကြသည်။

နန်းသုံးတော်ဝင် ရာဇပလ္လင် ရှစ်မျိုးရှိသည်။ ပလ္လင်တော် ရှစ်ခန်းဟူ၍လည်း စာပေ၌ ခေါ်ဝေါ်လေ့ရှိ၏။ ပလ္လင်များ၏ ထူးခြားသော ဝိသေသလက္ခဏာများမှာ ခြင်္သေ့၊ ပျားပိတုန်း၊ ပဒုမကြာ၊ ဟင်္သာ၊ ဆင်၊ ခရုသင်း၊ သမင်၊ ဥဒေါင်းတို့၏ ပါဠိဝေါဟာရအမည်ကို လိုက်၍ သီဟာသန•(ခြင်္သေ့ခံပလ္လင်) အစရှိသည်ဖြင့် ခေါ်ဝေါ်အမည်တပ်သည်။ ရာဇပလ္လင်မှန်ပါလျှင် ယေဘုယျအားဖြင့် အင်္ဂါ ၁၂ ရပ် ရှိရသည်။

ဤနေရာ ထိုအင်္ဂါ ၁၂ ရပ်အနက် လောကနတ်နှင့် သက်ဆိုင်သည့် အင်္ဂါသုံးနေရာရှိသည်။ ယင်းသုံးနေရာမှာ…

၁။ ခြင်္သေ့ရုပ်၊ ၂။ ဆင်ပျံရုပ်၊ ၃။ လောကနတ်ရုပ်တို့ပင် ဖြစ်သည်။ အင်္ဂါရုပ် ၁၂ ခုလုံးသည် သူ့နေရာနှင့်

---

၅။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားစာကြည့်တိုက် ပေမူ။ ဦးမြင့်ကြည် (မြန်မာစာအဖွဲ့) တည်းဖြတ်သည်။ ၁၉၉၉။ ပထမအကြိမ်။ စာ-၇၀။ ဂီတဝိသောဓနီကျမ်း။ ဒီးဒုတ်ဦးဘချို၊ စာ-၂၀၂ တွင်လည်း တွေ့ရှိရသည်။

၆။ Shiva

၁။ Nata Raja

၂။ Natyasana

၃။ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာများ၊ စစ်တွင်းမှတ်ဝင်း၊ သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၈၀၊ စာ-၈၀။

၄။ လောကနတ်၊ ဒေါက်တာနိုင်ပန်းလှ၊ လုပ်သားပြည်သူ့နေ့စဉ် (၄-၁၀-၁၉၇၅)

• Simhasana လေးထောင့်ပုံ။ ခြင်္သေ့ခံပလ္လင်၌ အာကာသဂင်္ဂနတ်စောင့်သည်ဟု ဆိုသည်။ ယောက်ျားပရိသတ် ဖူးမြော်ခံရာတွင် သုံးသည်။ တည်နေရာအရပ်မှ မြေနန်းပြာသာဒ် ထားရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

သူ အဓိပ္ပာယ်အပြည့်အဝရှိကြပြီး ခြသေ့်ရုပ်မှာမူ သီဟာသနပလ္လင်၏ သင်္ကေတ လက္ခဏာပင် ဖြစ်သည်။

လောကနတ်ရုပ်ကိုမူ ဥကင်၏ လက်ဝဲလက်ယာ နှစ်ဖက်၌ ထုလုပ်ထားသည်။ လောကနတ်၏ခြေတွင် စည်းစုပ်တီးလျက် သီချင်းဆို၊ ကနေဟန် ထုလုပ်ထားသည်။ ခြသေ့်မင်းနှင့် ဆင်ပျံတို့ ကောင်းကင်ရှိ တိမ်ညွန့်တက်၍ စားကြရာမှ ခိုက်ရန်ဒေါသ မာန်ဟုန်ကြွ၍ အချင်းများကြသည်ကို လောကနတ်က ငြိမ်းချမ်းသောအသံ၊ ငြိမ်းချမ်းသော အက ဂီတ၏ သာယာသောနရည်စည်းချက်တို့ဖြင့် ဆွဲဆောင်နိုင်ခဲ့၍ ခြသေ့်ပျံနှင့် ဆင်ပျံတို့၏ ပဋိပက္ခ ပြေလည်ပျောက်ပျက်နိုင်ခဲ့သည်။ ထိုငြိမ်းချမ်းရေးအဓိပ္ပာယ်ကို ဆောင်ကြဉ်းလိုသဖြင့် ခြသေ့်နှင့် ဆင်ပျံကို ပလ္လင်၏အောက်ပိုင်း ဝဲတက်နှင့် လက်ယာဘက်တို့တွင် ထားရှိစေသည်။

ရှေးခေတ် မြန်မာမင်းများ၏ မင်းခမ်းမင်းနား အခင်းအကျင်းကို အကျယ်တဝင့် ပြုစုထားသည့် ရွှေဘုံနိဒါန်း[၁]တွင်လည်း လောကနတ်ကို ညွှန်းဆိုထားရှိပါကြောင်း။

"ရာဇပလ္လင်။ ဥကင် လက်ဝဲလက်ျာ၊ လောကနတ်၊ ဆင်ပျံ၊ ခြသေ့် ထုလုပ်သည့်အကြောင်းမှာ အကြောင်းလေးပါးတွင် တစ်ပါးပါးကြောင့် ရတနာရွှေဂူမှာ ကေသရာဇာ ခြသေ့်မင်းထွက်သော်လျှင် ကောင်းကင်ပျံဆင်နှင့်တွေ့၍ အစာဖြစ်သော တိမ်ညွန့်ကြောင့် ခိုက်ရန်ဖြစ်သဖြင့် ဆင်ပျံဦးကင်းကို ခြသေ့်နင်းလျက် နှာမောင်းကို စုတ်သည်တွင် လောကနတ်သည် ရန်နှစ်ဦးကိုမြင်၍ ခြေတွင်စည်းစုပ်တီးလျက် သီချင်းသီ၍ ကခုန်မြူးသောအသံသည် သာယာလှသည်ကို နာခံကြ၍ ဆင်ပျံ၊ ခြသေ့်ပျံနှစ်ဦး ရန်ငြိမ်းကြသည်ကို ထောက်၍ လောကနတ်ခြေတွင် စည်းဆုပ်နှင့် ကဟန်၊ ဆင်ပျံဦးကင်းကို ခြသေ့်နင်းလျက် နှာမောင်းကိုထုတ်ဟန် ပြုလုပ်လေ့၏"

ဟူ၍ တွေ့ရှိရသည်။ အလားတူ လောကနတ်၏ ခြင်းရာထုပ္ပတ်ကို ရွှေဘုံနန်းအပြင် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယပိုင်း၊ ပဉ္စမတိုင်းများ၌ လည်းကောင်း၊ မုံရွေးဆရာတော်၏ ကုသပျို့၌လည်းကောင်း စာပေကျမ်းဂန်များ၌ ပလ္လင်အကြောင်းနှင့်တကွ တွေ့ရှိရပါလိမ့်မည်။

ဤရွေ့ ဤမျှဆိုလျှင် လောကနတ်ရုပ်အကြောင်း သိကောင်းစရာ စုံလင်လောက်ပြီဟု ထင်မိပါသည်။

**မောင်နန်းလှိုင်(ရန်ကုန်တက္ကသိုလ်)**

**ရည်ညွှန်းကျမ်းစာရင်း**

၁။ စိဝ်ထွန်းမှတ်ဝင်း
B.A,A.M,S.R.F (Harverd)
ရုပ်ပွားဆင်းတု ပန်းပုရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ဆေးသွင်းပန်းချီ စသည့် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာဆိုင်ရာ အာသန ထိုင်ပုံပန်းပုများ၊ ထိုင်ခုံပလ္လင်များ၊ ဝါဟန ယာန စီးတော်ယာဉ်များ၊ မြန်မာ့ရိုးရာ ဗုဒ္ဓယဉ်ကျေးမှုသမိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ သာသနာရေးဦးစီး ဌာန ပုံနှိပ်တိုက် ၁၉၇၀ ခုနှစ်။

၂။ စောခြယ်၊ သခင်၊ မြို့လေးမြို့စော်ဘွားကြီး ဦးမြင့်ကြည်၊ မြန်မာစာအဖွဲ့တည်းဖြတ်သည်။
သဗ္ဗဂီတက္ကမပကာသနီကျမ်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ၊ ၁၉၉၉ ခုနှစ် ပထမအကြိမ်။

၃။ ဗေယျသခ်ယာ၊ အိမ်ရှေ့အတွင်းဝန် လုသမိန်တည်းဖြတ်သည်။ ၁၉၆၀ ခုနှစ်၊ ဒုတိယအကြိမ်၊ ဟံသာဝတီပုံနှိပ်တိုက်။
ရွှေဘုံနိဒါန်း အိမ်ရှေ့အတွင်းဝန် လုသမိန် တည်းဖြတ်သည်။ ၁၉၆၀ ခုနှစ်၊ ဒုတိယအကြိမ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။

၄။ နိုင်ပန်းလှ၊ ဒေါက်တာ၊ ပါမောက္ခ၊ အရှေ့တောင်အာရှ ယဉ်ကျေးမှုနှင့် သမိုင်းဌာန၊ ဂျပန်၊ B.Sc(Hons), P. hD, L.L.D (USA)

လောကနတ်၊ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ (၄-၁၀-၁၉၇၅)




၁။ ရွှေဘုံနိဒါန်း၊ ဗေယျသခ်ယာ၊ အိမ်ရှေ့အတွင်းဝန်၊ လုသမိန် တည်းဖြတ်သည်။ ၁၉၆၀ ခုနှစ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ဒုတိယအကြိမ်၊ စာ-ဂ၊ ဂ၅။



www.burmeseclassic.com

www.burmeseclassic.com



■ သိဒ္ဓိရိဇေယျ

# လောကနတ်ရုပ် ထုလုပ်နည်း

**လောကနတ်ယုံကြည်မှု**

ယခုအခါ လောကနတ်ယုံကြည်မှုကို တစ်စတစ်စ တွေ့ရှိနေရပြီ ဖြစ်သည်။ လောကနတ်ရုပ်ကို ထုလုပ်ကြရာ၌ သရက္ခန်၊ နံ့သာဖြူ စသော တန်ဖိုးကြီး သစ်မွှေးများဖြင့် ထုလုပ်ကြကြောင်း တွေ့ရှိရသည်။ အချို့ကမူ ကျွန်းကဲ့သို့ သစ်မာမျိုးဖြင့်လည်း ထုလုပ်ကြ၏။ လောကနတ်အချောသတ် လက်ရာကို အရောင်တင်၍ အသား၏ အကြော၊ အသွေး တို့ဖြင့် နဂိုအလှအတိုင်း ထားကြ၏။ သရက္ခန်ကဲ့သို့ နံ့သာမျိုးကိုမူ ပေါလစ်ဆီကဲ့သို့ အရောင်တင်ဆေးများဖြင့် မသုံးကြချေ။ အချို့ကမူ သစ်မာဖြင့် လောကနတ်ရုပ်ကို ထုလုပ်ပြီးနောက် ရွှေချအလှဆင်ကြ၏။

ဤသို့ဖြင့် လောကနတ်ကို အမျိုးမျိုးအဖုံဖုံ ထုလုပ်၍ အိမ်ခန်း၊ ဧည့်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း စသည့်နေရာများတွင် အလှဆင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆင်ရုပ်၊ မြင်းရုပ်၊ ကိန္နရာရုပ်၊ ဆွမ်းအုပ်၊ စောင်းကောက် စသော မြန်မာမှုအနုပညာ အလှအပပစ္စည်းများကို အလှဆင်ကြခြင်းနှင့် လောကနတ်ကို အလှဆင်ကြခြင်းမှာ ခံယူချက်ချင်း မတူညီကြပါ။ လောကနတ်ရုပ်တုကပင် အသာလွန်ဆုံး၊ နက်ရှိုင်းမှု အရှိဆုံး ဖြစ်ပါလိမ့်မည်။

နဂိုမူလကပင် လောကနတ်ရုပ်သည် လုပ၏၊ ကြော့ရှင်း၏၊ ခေါင်းကိုမော့၍ ရင်ကိုကော့ထားဟန်ရှိ၏။ မျက်လုံးနှင့် နှုတ်ခမ်းတို့အား ပြုံးရွှင်ကြည်နူးနေ၏။ ခြေထောက်၌လည်း စည်းစုပ်ကို တီးဟန်ရှိ၏။

ဆရာကြီး စဝ်ထွန်းမှတ်ဝင်း၏ ပဋိမာသိပ္ပံပညာ (အာသန၊ ဝါဒနယာန) ကျမ်းတွင်· · ·

"လောကနာထ(လောကနတ်) ပုံတော်ကို ကိုးကွယ်ပါက ဘေးရန်ခပ်သိမ်းကင်းငြိမ်း၍ စိတ်အေးချမ်းသာစွာ လောကီစည်းစိမ်ကို ခံစားရခြင်းအကျိုးရှိသည်ဟု ယုံကြည်ခဲ့ကြပါသည်"

ဟူ၍လည်းကောင်း။ ပုဂံခေတ် လောကနာထ(လောကနတ်)ရုပ်ပုံ နံရံဆေးရေးပန်းချီ၏ အောက်ခြေမင်စာတွင် သားမြေး ကျွန်တို့နှင့်တကွ အလုံးစုံပြည့်စုံပါစေ"ဟုလည်းကောင်း တွေ့ရှိရသည်။

ထို့ကြောင့် လောကနာထ(လောကနတ်)ရုပ်တုဖြစ်စေ၊ ပုံတော်ဖြစ်စေ ကိုးကွယ်ပါက· · ·

**ဘေးရန်အတိုက်အခိုက်ခပ်သိမ်း ကင်းငြိမ်းခြင်း။ စိတ်အေးချမ်းသာစွာ နေထိုင်ရခြင်း။ လောကစည်းစိမ်များ ဖြစ်ကြသော လာဘ်လာဘ ပေါ်များခြင်း။ အခြွေအရံ သင်းပင်း ပေါ်များခြင်း။**

စသော ကောင်းကျိုးချမ်းသာ မင်္ဂလာနှင့် ပြည့်စုံနိုင်ပါ၏။ ထို့ထက်မက လောကနတ်ရုပ်ကို သရက္ခန်၊ နံ့သာဖြူ စသော မင်္ဂလာရှိသော ဣဋ္ဌာရုံတို့ဖြင့် ထုလုပ်ခြင်းသည်လည်း အလွန်ကောင်းမြတ်၏။ အဘယ်ကြောင့်ဆိုသော် နံ့သာဖြူ၊ သရက္ခန် စသော ရန့်သားတို့သည် ပီယသိဒ္ဓိ စသော သိဒ္ဓိအရှိန်မျိုးတို့ကို ပြီးမြောက်စေကြောင်း၊ အမှောင့်ပယောဂ အတိုက်အခိုက်တို့အား ကင်းစင်ပပျောက်စေကြောင်း လောကီကျမ်းများ အဆိုရှိကြ၏။

မြန်မာတို့အနေဖြင့် ယနေ့ခေတ်တွင် လောကနတ်ကို ကိုးကွယ်ပူဇော်ခြင်းမျိုး မရှိတော့ချေ။ ထေရဝါဒ ဗုဒ္ဓသာသနာ အဆုံးအမအောက် ရောက်ရှိလာသည်နှင့်အမျှ လောကနာထ(လောကနတ်)ကို ပူဇော်ပသခြင်းသည်လည်း အလိုအလျောက် ပပျောက်သွားခဲ့၏။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတည်းဟူသော ရတနာသုံးပါးကိုသာ ပဓာနကျကျ ကိုးကွယ်အားထားခဲ့၏။ သို့သော် မဟာယာန ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာ နှစ်ရပ်တို့မှ ဆင်းသက်လာသော လောကနာထ(လောကနတ်)အယူအဆကို မကိုးကွယ် မပူဇော်သည့်တိုင်အောင် လာဘ်ပွင့်၊ ဓာတ်ပွင့် အဆောင် အနေဖြင့် ယုံကြည်လာကြသည်။ အဆောင်အနံ့ ပြုလာကြသည်။

## လောကနတ်ရုပ် ထုလုပ်ကြပုံများ

"အဆောင်"ရုပ်တုတစ်ရုပ်ကို ထုလုပ်ကြပြီဟုဆိုလျှင် ဗေဒင်သဘော၊ အင်္ဂဝိဇ္ဇာသဘောများ အလိုအလျောက် သက်ဝင်လာပါတော့သည်။ ထို့ကြောင့် လောကနတ်ရုပ်ကို ထုလုပ်ကြရာမှာလည်း ဗေဒင်သဘော၊ အင်္ဂဝိဇ္ဇာသဘောများသည်လည်း သက်ဝင်နေပြီးသားပင်။ သရက္ခန် စသော နံ့သာမျိုးကို ထုလုပ်ရာ၌ နေ့သင့်နံသင့် ယူကြသည်ကို မတွေ့ရှိရချေ။

အိမ်၏ ဧည့်ခန်း၌ အဆောင်ထားမည်ဆိုပါက အဆိုပါ အိမ်၏ ဦးစီးဦးဆောင်သူ၏ နေ့နံကို ပဓာနထား၍ လောကနတ်ရုပ်ကို ထုလုပ်လေ့ရှိကြသည်။

အင်္ဂဝိဇ္ဇာဗေဒင်အလိုအားဖြင့် မိမိ၏ မိတ်ဖက်၊ အမြစ်၊ အညွန့်နံ၊ နံဖက်၊ ဓာတ်ဖက်များကို ယူလေ့၊ ဆောင်လေ့ရှိကြ၏။ ရန်ဖက်ကိုသာ ရှောင်ရသည်မို့ ရွေးစရာ လွယ်ပါလိမ့်မည်။

**အသက်ရှည်၊ အနာကင်း၊ ဘေးအန္တရာယ်ရှင်းလိုသော်**

| | |
|---|---|
| <u>တနင်္ဂနွေသားသမီး</u> | - အင်၊ အုန်း၊ မအူ၊ သစ်အယ်၊ ခအောင်း။ |
| <u>တနင်္လာသားသမီး</u> | - ကံ့ကော်၊ ကျွန်း၊ ကြို့၊ အင်ကြင်း။ |
| <u>အင်္ဂါသားသမီး</u> | - ညောင်၊ သစ်ဆိမ့်၊ ကညင်၊ ဆီး။ |
| <u>ဗုဒ္ဓဟူးသားသမီး</u> | - ရှား၊ လင်းလွန်း၊ ဝါး၊ မလွန်း။ |



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီး** - ပေါက်၊ ပေါက်ပန်း၊ ဘန့်ကွေး၊ သပြေ၊ သဖန်း။
**သောကြာသားသမီး** - သီး၊ ကသစ်၊ နံ့သာ။
**စနေသားသမီး** - ထနောင်း၊ ခံတက်၊ ထိန်၊ ရေနန်။
**ဗုဒ္ဓဟူး(ညနေပိုင်း)** - ရာဟုနေ့သားသမီး သရက်၊ ထင်းရှူး၊ ရုံး၊ စရည်း။

## ကြီးပွားချမ်းသာလိုသော်

မိမိမွေးနံမှ စတင်ရေတွက်သော် သုံးခုမြောက်ဖြစ်သည့် တြိရန်းသစ်သားကို ဘုရားထု၍ ကိုးကွယ်ကြပါသည်။
**တနင်္ဂနွေသားသမီး** - ညောင်၊ ကညင်၊ သစ်ဆိမ့်။
**တနင်္လာသားသမီး** - သင်းဝင်၊ လင်းလွန်း၊ ဝါး။
**အင်္ဂါသားသမီး** - ပေါက်၊ သပြေ၊ သဖန်း။
**ဗုဒ္ဓဟူးသားသမီး** - သီး၊ ကသစ်၊ နံ့သာ။
**ကြာသပတေးသားသမီး** - ထိန်၊ ထန်း၊ ထနောင်း။
**သောကြာသားသမီး** - အင်၊ သစ်အယ်၊ အုန်း၊ မအူ။
**စနေသားသမီး** - ကျွန်း၊ သခွပ်၊ အင်ကြင်း။

## ကြံစည်–မှုအောင် ဆောင်ရွက်သမျှ အထမြောက်စေလိုသော်

မိမိမွေးနေ့၏ အမြစ်နှင့် အညွန့်ကိုယူ၍ ပေါင်းစပ်ကာ ရအပ်သောသစ်သားကို ဘုရားထု ကိုးကွယ်ကြပါသည်။
**တနင်္ဂနွေသားသမီး** - နုပ်ချို၊ ထောက်ကြံ့ (၇+၂)
**တနင်္လာသားသမီး** - ဩဇာ၊ အုန်းညို (၁+၃)
**အင်္ဂါသားသမီး** - ကလိန်၊ ခရေ (၂+၄)
**ဗုဒ္ဓဟူးသားသမီး** - စိန်ပန်း၊ စံပယ် (၃+၅)
**ကြာသပတေးသားသမီး** - လောက်သေ (၄+၆)
**သောကြာသားသမီး** - ပိတောက်၊ ပိန္နဲ (၅+၇)
**စနေသားသမီး** - သင်းအုံ၊ သစ်အယ် (၆+၁)

အလျဉ်းသင့်၍ ရောင်ပြန်ပရိသတ်ကို တင်ပြချင်သည်မှာ…

"တြိရန်းနှင့် စတုရန်းကိန်းတို့မှာ ဆောင်သင့်သော မင်္ဂလာကိန်းခန်းဖြစ်ပါသည်"

ဟူ၍ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး(M.A) ပြုစုသော တပင်ရွှေထီး ဝတ္ထုတော်ကြီး စာမျက်နှာ(၁၆)တွင် ဆိုခဲ့ဖူးကြောင်း အမှတ်ရမိသည်။

## ဆရာဝေမင်းအိမ်ကလည်း ဤသို့ပြောခဲ့ဖူး၏

"လောကနတ်ကို ကျူရှင်ဆရာတွေ၊ ကျူရှင်နဲ့ စီးပွားရေးလုပ်သူတွေ ဆောင်ဖို့ကောင်းတယ်။ 'လောက'က ဗုဒ္ဓဟူးနဲ့ တနင်္လာနံ၊ ပြီးတော့ 'ကျူရှင်'ဆိုတာကလည်း တနင်္လာနဲ့ ဗုဒ္ဓဟူး ကက်ကင်းဓာတ်မိတယ်။ ဒါကြောင့် ဆောင်သင့်တယ်ပေါ့ကွာ။ ဇော်ဂျီနဲ့ ဇီးကွက်လိုပေါ့။ အကျယ်ချဲ့လိုက်တော့ စစ်ကိုင်းက ဇောင်ချမ်းသားနဲ့ ဇော်ဂျီဆေးကြိတ်၊ ဇီးကွက်ရုပ်ပုံထုပြီး ဆောင်ရင် ဈေးခေါ်ကောင်းတာပေါ့။

ဒါနဲ့ တလောက ငါ့မိတ်ဆွေ စာအုပ်ဆိုင်တစ်ဆိုင်မှာ စောင်းကောက်ပုံလေး ချိတ်ဆွဲထားတာတွေ့တယ်။ ဒါနဲ့ ငါက "ဒီဆောင်းကောက်ကလေးက ဘာလုပ်တာလဲ။ ရောင်းဖို့လား"လို့မေးတော့ "ဟာ…ဘယ်ကဟုတ်ရမှာလဲ ဆရာရဲ့။ အဲဒါ ဈေးခေါ်စောင်းကောက် ကက်ကင်းဓာတ်လေ"လို့ ငါ့ကို ပြောတယ်။ အဲဒီလိုပေါ့ကွာ။ အခုလည်း စေ့စေ့တွေးရင်း နောက်ထပ်ဆောင်စရာနည်းတွေ ပေါ်ဦးမှာပဲ"

ထို့ကြောင့် လောကနတ်ကို အိမ်၏ ဧည့်ခန်းမှာပဲ ထားထား၊ ရုံးခန်းမှာပဲထားထား၊ ကုမ္ပဏီမှာပဲဖြစ်ဖြစ်၊ ဟိုတယ် မိုတယ်တွေမှာပဲဖြစ်ဖြစ် ထားမယ်။ ဆောင်မယ်ဆိုရင် မဆောင်ခင်၊ မထားခင်ကနှင့် မတူဘဲ ထူးခြားတိုးတက်ပြီး အစစအရာရာ အဆင်ပြေလာပါလိမ့်မည်။ အဆုံးသတ် နိဂုံးအဖြစ် တင်ပြချင်သည်မှာ…

*ခြသေ့်ဆင်ပျံ၊ ဝတီးယံဝယ်၊ တိမ်နွယ်ကြောင်းပြု၊ စိတ်ခုရန်ဆောင်၊ ဖြစ်ယောင်ပျက်ကိန်း၊ ကောင်းစေငြိမ်းအောင်၊ လောကနတ်၏ ခြင်းရာထုပွတ်၊ ရေးအပ်လှရှင့်။*

*သောင်းထိုက်ပြည်သူ၊ လိုရာယူပါ၏၊ ကောင်းနိုးစာကို၊ မဟာသုခ၊ တ,သမျှတွေ၊ ရစေပိုင်စေ၊ မြဲမြံစေသော်ဝ်။*

◆ သီရိဇေယျ



www.burmeseclassic.com

www.burmeseclassic.com



■ ဆရာဟိန်္ဒြာ

# လောကနတ်ဆောင်

# အိုတောင်ဘေးမရှိ

ကျွန်ုပ်သည် အိမ်ရှေ့ဧည့်ခန်းရှိ စားပွဲပေါ်မှ ကိုးလက်မအရွယ် ထိန်သားဖြင့်ထုလုပ်ထားသော လောကနတ်ရုပ်တုလေးအား ကြည့်နေရင်းမှ ထိုလောကနတ်နှင့် ပတ်သက်သော အဖြစ်အပျက်တစ်ခုကို ပြန်၍မြင်ယောင်နေမိတော့လေ၏။

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ကာလ ဖြစ်သည်။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ ဆရာသခင်ဖြစ်သည့် ဆရာကြီးဦးဓမ္မတို့သည် တိုက်ကြီးမြို့၏ အထက်ပိုင်းရှိ အလယ်ရိုးမ တောင်ကြောပေါ်သို့ ဂမုန်းပင်များ ဆေးပင်များ ရှာဖွေရန် တက်ရောက်ခဲ့ကြလေ၏။

ထိုသို့ တက်ရောက်လာရင်းမှ အင်တိုင်းတောကိုလွန်လျက် စမ်းချောင်းငယ်တစ်ခုကို ဖြတ်၍ ကူးနေခိုက် တောတွင်း၌ ကျင်လည်နေသော တောပုန်းလူဆိုးတစ်စုနှင့် ရင်ဆိုင်တိုးလေတော့၏။ စုစုပေါင်း ငါးယောက်ခန့်ရှိလျက် နှစ်ယောက်က ငှက်ကြီးတောင်ဓားကိုင်ထားကာ ကျန်သုံးယောက်က ဂျပန်ရိုင်ဖယ်သုံးလက် ကိုင်၍ထားလေ၏။ ကျွန်ုပ်နှင့် ဆရာကြီးမှာ စမ်းချောင်းငယ်၏ တစ်ဖက်ကမ်းသို့ အရောက်တွင် ထိုသူ သုံးဦးအနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသော အရပ်မြင့်မြင့်၊ အသားနက်နက်၊ နှုတ်ခမ်းမွေးကားကားနှင့် ပုဂ္ဂိုလ်ကြီးက ကျွန်ုပ်တို့နှစ်ဦးအား ရိုင်ဖယ်သေနတ်ဖြင့် ထိုးချိန်ကာ

"ခင်ဗျားတို့ ဘယ်သွားမှာလဲ။ ပါတဲ့ပစ္စည်းတွေ ပေးခဲ့။ ခုခံမယ်ကြံရင်တော့ သေဖို့သာပြင်ပေတော့"

ဟု ကြိမ်းမောင်းပြောဆိုလေရာ ဆရာကြီးဦးဓမ္မက -

"ကျုပ်တို့ဟာ မြန်မာသမားတော်တွေပါ။ သူတစ်ပါးအသက် ကယ်ဆယ်နိုင်ဖို့ ဆေးပင်တွေလာရှာတာပါ။ ဘာအဖိုးတန်ပစ္စည်းမှလည်း ပါမလာပါဘူး။ မယုံရင်ရှာကြည့်ပါ"ဟု ပြောလိုက်လေ၏။ ထိုအခါ ခေါင်းဆောင်ပုဂ္ဂိုလ်က ငှက်ကြီးတောင်ကိုင်ထားသော ခပ်ပုပုဝဝ လူအား လှမ်းကြည့်လျက်

"ဟေ့ကောင် အောင်ဘ၊ သူတို့ အကျီအိတ်တွေထဲမှာ စေ့စေ့စပ်စပ်ရှာကြည့်စမ်း"

ဟု အမိန့်ပေးလေရာ ဆရာကြီးဦးဓမ္မ၏အိတ်များကို ဦးစွာရှာလေ၏။ တိုက်ပုံအတွင်းအိတ်ထဲမှ ရုပ်တုကလေးတစ်ခု ထွက်လာလေ၏။

"ဆရာကြီးခင်ဗျာ၊ ရွှေငွေဆိုလို့ မတွေ့ပါဘူး။ ဒီအရုပ်ကလေးတော့ တွေ့ပါတယ်"

ဟု တပည့်ဖြစ်သူ အောင်ဘက ခေါင်းဆောင်အား အရုပ်လေးကိုပြလေရာ ခေတ္တမျှ စူးစိုက်ကြည့်နေရင်းမှ မျက်နှာပေါ်တွင် လောဘ၊ ဒေါသ၊ မောဟ အရိပ်အယောင်များ ပျောက်ကွယ်ကာ ခပ်ပြုံးပြုံးအမူအရာဖြင့် -

"ကဲ…တပည့်တို့၊ သူတို့လမ်းသူတို့သွားပါစေ။ အနှောင့်အယှက်မပြုကြပါနဲ့"

www.burmeseclassic.com

ဟု ပြောဆိုကာ သူ့လူများနှင့် အတူ စမ်းချောင်းတစ်ဖက်ကမ်းသို့ ဖြတ်ကူးသွားလေတော့၏။ ကျွန်ုပ်တို့လည်း စမ်းချောင်းဘေး သစ်ရိပ်မှာ ခဏနားကြလေ၏။

ကျွန်ုပ်မှာ အရုပ်ကလေးကိုကြည့်ရင်းမှ စိတ်ပြောင်းသွားသော လူဆိုးခေါင်းဆောင်၏ အဖြစ်ကို အမှတ်ထင်ထင် တွေ့ရသဖြင့် ဆရာကြီးဦးဓမ္မအား

"ဆရာကြီးခင်ဗျာ၊ အခုန ဒီအရုပ်ကလေးဟာ ဘာရုပ်လေးပါလဲ။ အတော်ထူးဆန်းပါကလား။ ဒီအရုပ်လေးကြည့်တာနဲ့ လူဆိုးခေါင်းဆောင်ကြီး စိတ်ကောင်းဝင်သွားလိုက်တာ မျက်နှာကလည်း ပြုံးလို့"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဆရာကြီးဦးဓမ္မက -

"အဲဒါ လောကနတ်ရုပ်လို့ ခေါ်သကွဲ့။ ဘေးကင်းရန်ကင်းစေတယ်။ ကိုယ်စိတ်နှစ်ပါးကို ငြိမ်းချမ်းအေးမြစေတယ်ကွယ့်။ ဆရာကြီးက စနေသားဆိုတော့ စနေရဲ့ အညွန့်နံ့ဖြစ်တဲ့ တနင်္ဂနွေနံ့အင်္ဂသားနဲ့ ထုလုပ်ပြီး ဆောင်ထားတာပဲကွဲ့။ အမှန်တော့ လောကနတ်ဆိုတာ ငြိမ်းချမ်းရေးအထိမ်းအမှတ်ပဲကွဲ့ မောင်ဟိန်ရွှေရဲ့"

ဟု ရှင်းပြလေမှ ဆရာကြီးဦးဓမ္မထံမှ ရုပ်တုလေးကို ခဏမျှ တောင်းယူကြည့်မိလေတော့၏။

ရုပ်တုလေးမှာ ကြာပလ္လင်ထက်တွင် ထိုင်လျက်ရှိ၏။ ဒူးနှစ်ဖက်ကို ထောင်လျက် တင်ပျဉ်ခွေဟန် ဖြစ်နေပြီး ခြေနှစ်ဖက်၏ ခြေဖျားတွင် စည်းစုပ်တစ်ခုစီကိုညှပ်၍ တီးနေဟန်ရှိ၏။ ဘယ်လက်က ကြေးညှတ်ကာ ဒူးပေါ်တင်လျက် လက်ဖျားအပေါ်ထောင်နေ၏။ ဦးခေါင်းကို အပေါ်သို့ မော့နေဟန်ရှိ၏။ လက်မောင်းအလယ်တွင် လက်စည်းရှိ၏။ ရင်ဘတ်နှင့် လက်နှစ်ဖက်သို့ ပဝါစရှည်ရှည်တစ်ခု နွယ်ပတ်၍ ချထား၏။ အင်္ကျီပုံစံမှာ ရင်စည်းအင်္ကျီပုံစံဖြစ်၍ ပန်းကနုတ်များပါ၏။ ခါးပုံစမှာ ခါးဆီမှ ပေါင်ကြားသို့ ဆင်းကာ ခြေဖျားနှစ်ဖက်နောက်မှ ကြာပလ္လင်ပေါ် ကျနေ၏။ ဦးခေါင်းတွင်မူ စေတီပုံပါသော မကိုဋ်ကို ဆောင်းထားဟန်ရှိ၏။

"ဒီလောကနတ်ရုပ်ကို ဆောင်ထားရင် တကယ်ပဲ အန္တရာယ်ကင်းသလား ဆရာကြီး"

"ဘယ့်နှယ်ပြောပါလိမ့်ကွာ···။ ခုတင်ပဲ အသက်ဘေးက လွတ်လာတာ မင်းအမြင်ပဲ မဟုတ်လား။ ကိုယ်မှာဆောင်ရင် ကိုယ်တိုင်အန္တရာယ်ကင်းရုံတင်မကဘူး၊ ကိုယ်နဲ့ပါတဲ့လူလည်း အန္တရာယ်ကင်း။ ဘေးကင်းတယ်။ အိမ်မှာဆောင်ရင် သူခိုး၊ ဓားပြ၊ လူဆိုး၊ လူလိမ်တွေရဲ့ အန္တရာယ်က ကင်းရှင်းစေတယ်။ အဲ···အိမ်မှာဆောင်တဲ့အခါမှာတော့ ကိုးလက်မအရွယ်လောက်ထုပြီး အိမ်ရှေ့စားပွဲကနေ အိမ်ရှေ့လမ်းမဆီ ရုပ်တုကိုလှည့်ထားရမယ်။ ဒါမှမဟုတ် အိမ်ရဲ့ ညှော်ခန်းအထက် စင်မြင့်လေးရိုက်ပြီး လမ်းမဘက် လှည့်ထားလည်းရတယ်။ အဲသလို ထားရုံနဲ့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေတယ်။ လူချစ်လူခင် ပေါများစေတယ်။ ကူညီပေးကမ်း စောင့်ရှောက်သူ ပေါများစေတယ် မောင်ဟိန်ရွှေရဲ့"

ဟု ဆရာကြီးက ရှင်းပြလေ၏။

"ဒါဆို ကျွန်တော်က သောကြာသားဆိုတော့ စနေနံ့အသားကို ဆောင်ရမှာပေါ့နော် ဆရာကြီး"

"သိပ်ဟုတ်တာပေါ့ကွာ။ ထိန်သားကို တောင်ဘက်ကိုင်းကို ယူရတယ်။ အဲဒါကို လောကနတ်ရုပ်ထုပြီး ဆောင်ရတယ်။ ပိုပြီးအကျိုးထူးရစေအောင် အမွှေးနံ့သာရည်ဖျန်းပေးပြီး အဲဒီအရုပ်ကို သိဒ္ဓိဝင်လာအောင် ဥမ် ဗုဒ္ဓသစ္စံ ကရိယံ ထကြွ၊ ဓမ္မသစ္စံ ကရိယံ ထကြွ၊ သံဃာ့သစ္စံ ကရိယံ ထကြွ ဆိုပြီး ၉၉ ကြိမ် ဂါထာရွတ်ပေးရတယ်။ မကြာခဏ အမွှေးနံ့သာတိုင် ထွန်းပေးရတယ်။ ဒါဆိုရင် လောကနတ်ဟာ မကွာအမြဲ စောင့်ရှောက်ပါလိမ့်မယ်"

ဟု ရှင်းပြလေရာ ကျွန်ုပ်လည်း ထိုအချိန်မှစ၍ ဆရာကြီးပြောပြသည့်အတိုင်း ထိန်သားဖြင့် လောကနတ်ရုပ်တုလုပ်၍ ညှော်ခန်းတွင် အဆောင်ကောင်း။ အဆောင်မြတ်အဖြစ် ယနေ့တိုင် ထားလာခဲ့ရာ ကျွန်ုပ်ကိုယ်တွေ့အရ "လောကနတ်ဆောင် အိုတောင်ဘေးမရှိ"ဟု ဆိုရမည်ဖြစ်ချေသည်။

ငြိမ်းချမ်းရေးဓာတ်၊ လောကနတ်တည့်၊ မြတ်သောစီးပွား။ ဆယ်ဆများ၍၊ ရန်ရှားဘေးရှောင်၊ ကြံတိုင်းအောင်လျက်၊ ဆောင်တိုင်းလည်းမြောက်၊ သိဒ္ဓိပေါက်၍၊ ရောက်လေရာတွင်၊ လူနတ်ခင်ပြီး။ လိုအင်ပြည့်ဖြိုး၊ ရွှေငွေတိုးသည်၊ လာဘ်မိုးရွာလိမ့် အမြဲတည်း။ ။

**ဆရာဟိန်ရွှေ**



www.burmeseclassic.com


www.burmeseclassic.com

# လောကနတ် လက်ခုပ်တီး

## လာဘ်ခေါ်နည်း

■ ဂမ္ဘီရဆရာကြီးဇာဂရု





"ဆရာကြီးခင်ဗျား . . .ကံပေါ်၊ ဘတ်ပေါ်၊ လာဘ်ခေါ် သိဒ္ဓိအစီအရင် ၊လေးများရှိရင် ကျွန်တော်တို့ကို ချီးမြှင့် ပေးပါဦးခင်ဗျား"

တပည့်ကြီး ဆရာကိုဇေယျာမိုး နှင့် ဆရာကိုအောင်ကြည်ထူးတို့ ကျွန်ုပ်၏ တရားစခန်းနားချိန်၊ အချိ ရည်ဘူးများ လာကန်တော့ရင်း မေးမြန်းလာကြသည်။

"အေး. . .မင်းတို့ကြားဖူးသား ပဲ။ ခတ်တူ၊ နံ့တူ ဆေးဖက်ယူ နံ့တူ သတ်က အသေရတဲ့ကွဲ့။ ပြီးတော့ ကက်ကင်းသေ၊ ရှင်လို့မှ ထက်အောက် ာ။ နံ့တူသတ်က အသေရတဲ့။ ရှေး ဆရာမြတ်တို့ရဲ့ အဆိုစကားရှိတယ် ဟုတ်လားကွဲ့"

ကျွန်ုပ်၏ တပည့်များက ကျွန်ုပ်၏ ျက်နှာကို မော့ကြည့်ကာ ဆက်လက် န့်မှာမည့်စကားကို စိတ်ဝင်တစား သင့်နေပုံရပါသည်။

"ဟုတ်ကဲ့၊ ဆက်လက်အမိန့်ရှိပါ ဆရာကြီးခင်ဗျာ"

"ဆရာ ကိုအောင်ကြည်ထူးတို့ တွေလည်း တွေ့ဖူးကြမှာပါ။ ညှော့ခန်းမ တွေ၊ ဆိုင်ခန်းတွေထဲမှာ ရွှေရောင်ဝင်း တက်နေတဲ့ ဆောင်းကောက်ကြီးတွေ ထားကြတာလေ။ မြန်မာ့ရိုးရာအလုပ်ပြ တာမဟုတ်ဘူးကွဲ့။ စောင်းကောက်ဆို တာ (အင်္ဂါ+တနင်္လာ)နံ့ ချေးခေါ်တာ ပဲကွဲ့။ ချေးခေါ်ဟာလည်း (အင်္ဂါ+ တနင်္လာ)နံ့ပဲ။ စုံတူပြုပြီး လာဘ်ခေါ်တာ ပေါ့။ နံ့တူသတ်တော့ သေတယ်လေ ကွယ်။ အောင်သိဒ္ဓိဖြည့်တာဖျို့။ စောင်း ကောက်ချေးခေါ်ကွဲ့"

ကျွန်ုပ်က ရေနွေးကြမ်းတစ်ခွက် ကို ငုံ့သောက်ပြီး အာခြောက်မှုကို ဖြေ လိုက်သည်။

"ခတ်ယတြာသဘောကို ပြောရ ရင် ဓားပြမတိုက်စေချင်ရင် ပြဒါးကို ဆောင်၊ သူခိုး ခိုးမခံချင်ရင် ကြက်သွန် နဲ့ ပြင်တာဟာ (ကက်ကင်း)ခတ်နဲ့ သိဒ္ဓိနံ့တူသွင်းပြီး အသေသတ်တာပဲ တပည့်တို့ရ"

"ဒါတဲ့ ဆရာကိုဇေယျာမိုးနဲ့ ဆရာ ကိုအောင်ကြည်ထူးတို့ကို ဆရာကြီး မေးရဦးမယ်။ လောကနတ်အကြောင်း များ ဆရာတို့ သိကြသလားဗျ"ဟု ကျွန်ုပ်က မေးလိုက်ရာ -

"အနည်းအကျဉ်းလောက်တော့ ခြုံငုံကြားဖူးမိပါတယ် ဆရာကြီး"

"ခြုံငုံမိတယ်ဆိုရင်လည်း သိ သလောက်ပြောပြစမ်းပါဦးဆရာတို့ရယ်"

"ဆရာကြီးခင်ဗျာ၊ လောကနတ် ဆိုတဲ့ နတ်မင်းဟာ ရန်ကို မြေမြဲမီးပြီး

www.burmeseclassic.com

ဒေါသမီးကို အေးစေတယ်လို့ စာပေတွေမှာ ဖတ်ရပါတယ် ဆရာကြီး။ ငြိမ်းချမ်းရေးနဲ့ အေးမြချမ်းသာမှုကို ပေးတဲ့နတ်၊ ပုဂံရိုးရာယဉ်ကျေးသိမ်မွေ့မှု ရုပ်လုံးလက္ခဏာကိုပေါ်စေတဲ့ နတ်မင်း။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်တွင်းရေးတွေ ပြေပြီး လာဘ်မိုးရွာ တိုးတက်စေတဲ့ နတ်မင်းလို့လည်း ခြုံငုံသိမိရပါတယ် ဆရာကြီးခင်ဗျာ"

"အေး...မှန်တယ်ကွဲ့. တပည့်တို့ရေ။ လောကနတ်ဆိုတာက ပညတ်တစ်မျိုး။ လောကနတ် ကံပေါ် လက်ခုပ်တီး၊ လာဘ်ခေါ်နည်းပေါ့ကွယ်။ အားလုံးဟာ ဓာတ်တူနံတူ (၄+၂+၇)တွေချည်းပဲ။ ဒီတော့ လက်ခုပ်တီးတဲ့အချိန်မှာ အကျိုးထူးများစွာရှိတဲ့ လောကနတ်၊ လက်ခုပ်တီး လာဘ်ခေါ်နည်းကို ဆရာတို့ကို သင်ပေးပါ့မယ်ဗျာ"

"ဟုတ်ကဲ့ပါ၊ ချီးမြှင့်ပေးပါဦး ဆရာကြီး။ တပည့်တို့ ရေးမှတ်ထားပါ့မယ်ခင်ဗျာ"

"လောကနတ် ရုပ်တုကို ဆရာကိုအောင်ကြည်ထူးတို့ မြင်ဖူးကြမှာပါ။ ကြာပလ္လင်ထက်မှာ ထိုင်နေပုံလေ။ ဒူးနစ်ဖက်ကို ထောင်၊ တင်ပျဉ်ခွေဟန်ဖြစ်ပြီး ခြေနစ်ဖက် တစ်ဖက်စီ ခြေဖျားမှာ စည်းစုပ် တစ်ခုစီညှပ်ပြီး တီးနေတဲ့ပုံပေါ့။ ညာလက်ဖျားကို အပေါ်ထောင်၊ ဘယ်လက်က ကွေးညွှတ်၊ ဒူးပေါ်တင်လို့ လက်ဖျားအပေါ်ထောင်ကာ ဦးခေါင်းအပေါ်မော့ပြီး ကနေဟန်ရှိတယ်။ ရင်ဘတ်နဲ့ လက်နစ်ဖက်၊ ပဝါစရှည်ရှည်တစ်ခု နွယ်ပတ်ပြီး ချထားတယ်။ အင်္ကျီပုံစံကလည်း ပုဂံခေတ်ရင်စည်းအင်္ကျီ၊ ပန်းကနုတ်များပါပြီး ခါးပုံစက ခါးစည်းမှ ပေါင်ကြားကိုဆင်း။ ခြေဖျားနစ်ဖက် ကြာပလ္လင်ပေါ်ကျပြီး ဦးခေါင်းမှာ စေတီပုံပါတဲ့ မကိုဋ်ကို ဆောင်းထားဟန် ရှိတယ်ကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး...ဒီတော့ ဓာတ်နံသဘောအရဖွင့်ကြည့်ရရင် လာဘ်ခေါ်ချင်လို့ လောကနတ်နဲ့ လက်ခုပ်တီးပြီး လာဘ်ခေါ်နည်းကို အင်္ဂဝိဇ္ဇာသဘောအရ စီရင်ဆောင်ရွက်ကြရမှာ။ ကဲ...ဒီလင်္ကာလေးကို ရေးယူမှတ်သားထားလိုက်ကြ"

"ဟုတ်ကဲ့ပါ ဆရာကြီးခင်ဗျာ"

### "ကံပေါ် ဓာတ်ပေါ် လောကနတ်၊ လာဘ်ခေါ်နည်း လင်္ကာ"

လူတို့ရွာတွင်၊ လာဘ်ပန်းဆင်၊ စီရင်နည်းတစ်ဖြာ။

လောကနတ်မင်း၊ ကိုးနဝင်း၊ ဓာတ်သွင်းယတြာ။

လက်ဖက်ကိုးပုံ၊ ယိုပန်းစုံ၊ သင်းထုံ ရေချမ်းသာ။

သစ်သီးမယွင်း၊ ကိုးမျိုးသွင်း၊ ရွှေဝင်းလင်ပန်းမှာ။

နံ့သာဖယောင်း၊ မွှေး(ကိုး)ချောင်း၊ ဆွမ်းပေါင်းဖြူစင်စွာ။

ဘုရား သံဃာ ရတနာ၊ လှူပါ ဒါနသာ။

နံနက်ချိန်ခါ၊ လက်ခုပ်သာ တီးကာ ပူဇော်ရာ။

နံချင်းဓာတ်တူ၊ နဝင်းထူ၊ ဇမ္ဗူ အေးငြိမ်းမှာ...တဲ့ကွဲ့။

**(ရှေးလင်္ကာ)**

### မြတ်ရတနာသုံးပါးနဲ့ လောကနတ်ဆွမ်းပွဲ ပြင်ဆင်နည်း

၁။ ရွှေလင်ပန်း။ (၂) သစ်သီး ၉ မျိုး။ (၃) ယို ၉ မျိုး။ (၄) ပန်း ၉ မျိုး။ (၅) လက်ဖက် ၉ ပုံ၊ (၆) ရေချမ်း ၉ ခွက်၊ (၇) ဆွမ်း ၉ ပွဲ၊ (၈) ဆီမီး ၉ တိုင်၊ (၉) အမွှေးတိုင် ၉ ချောင်း ပါရပါမယ်။

လောကနတ်မင်းရုပ်တု (ဝါ) ရုပ်ပုံရှေ့တွင် အထက်ပါ လှူဖွယ်ပစ္စည်းစုံ ပြင်ဆင်ထားရပါမယ်။ ရွှေလင်ပန်း (ဝါ) ရွှေရည်သုတ်လင်ပန်း(ရွှေပြားကပ်)ပေါ်တွင် လက်ဖက် ၉ ပုံ၊ ယို ၉ ပုံ၊ သစ်သီးစုံ ၉ မျိုး၊ ဆွမ်း ၉ ပွဲ၊ ပန်း ၉ မျိုး၊ ရေချမ်း ၉ ခွက်၊ ဆီမီး ၉ တိုင်၊ အမွှေးတိုင် ၉ ချောင်း စိုက်ထူလှူဒါန်းကာ ဒါနပြုရပါမယ်။ ပြီးလျှင် အောက်ပါ မွေးနံသားသမီးများ အစီရင်ပြုရပါမယ်။

ဥပမာ - တနင်္ဂနွေသားသမီး (ဆပွတ်) သောကြာနေ့ (မြောက်)အရပ်ထောင့်ကို မျက်နှာမူကာ အောက်ဖော်ပြပါ ဇယားတိုင်း လက်ခုပ်ကိုးချက်တီး၍ လာဘ်ခေါ် စီရင်ဆောင်ရွက်ရပါမယ်။ ကျန်နေ့သားသမီးများလည်း ဇယားကို လေ့လာဆောင်ရွက်နိုင်ကြပါတယ်။

"ပြီတော့ ရောင်းဝယ်ဖောက်ကားကုန်ပစ္စည်းများ ထွက်စေဖို့၊ လာဘ်လာဘတိုးပွားစေဖို့ ရှေးဆရာမြတ်များရဲ့ အဆိုအမိန့် စကားရှိတယ်ကွဲ့။ ဆရာကြီး ထပ်ပြီးရွတ်ဆိုပြမယ်"

"ထွက်စွဲလိုလျှင်၊ ရန်နှင့်ဆင်၊ ဆပင် ညွှန်းပွင့်ရိုက်"

"သူ့ကိုနိုင်လို၊ ဆကိုခို၊ ထောင်ကြိုဟ်ဓာတ်ဆင်လိုက်"လို့ ဆိုထားပါမယ်။



www.burmeseclassic.com

www.burmeseclassic.com

ကဲ • • •ယေားကို ဆက်ကြည့်ကြရအောင်ကွယ်။ ဦး-ညို၊ ခေ-မာ၊ သု-တာ၊ ဝေ-ရီ ရန်စီစီ (ရန်ဂြိုဟ်)။

၁-၃၊ ၂-၅၊ ၆-၇၊ ၄-၈

အောက်ပါယေားအတိုင်း ဓာတ်ပန်း၊ ဓာတ်ညွန့်၊ ဓာတ်ယို အစားအစာများ ပူဇော်ဖွယ်ရာများကို သဒ္ဓါကြည်လင် ဖြူစင်စွာ ပြင်ဆင်ပါ။ ကိုးပါးသီလခံယူပြီး နံနက် (၉း၁၀)နာရီမှ (၁၀း၁၀) နာရီအတွင်း ရတနာသုံးပါးနှင့် လောကနတ်မင်းအား ပူဇော်ပါ။ ယေားအတိုင်း သက်ဆိုင်ရာ နေ့နံသားသမီးများ ဆိုင်ရာထောင့်ကို မျက်နှာမူကာ (လက်ခုပ်တီး)ပြီး (လောကနတ်မင်းကြီးခင်ဗျာ/ရှင့် ကျွန်တော်/ကျွန်မတို့၏ နေအိမ်၊ တိုက်တာ၊ စက်ရုံ၊ ဆိုင်၊ ဗိမာန်သို့ ကြွရောက်၍ လောကနတ်အရှင် ပျော်ပွဲဆင်လျက် (လက်ခုပ်တီး)ပြီး -

၁။ ရွှေရတနာ ဝင်လာမစဲ တသဲသဲ၊ ၂။ ငွေရတနာ ဝင်လာမစဲ တသဲသဲ၊ ၃။ ပတ္တမြားရတနာများ ဝင်လာမစဲ တသဲသဲ၊ ၄။ ကျောက်စိမ်းရတနာများ ဝင်လာမစဲ တသဲသဲ၊ ၅။ စိန်ရတနာများ ဝင်လာမစဲ တသဲသဲ၊ ၆။ ပုလဲရတနာများ ဝင်လာမစဲ တသဲသဲ၊ ၇။ နီလာရတနာများ ဝင်လာမစဲ တသဲသဲ၊ ၈။ မြရတနာများ ဝင်လာမစဲ တသဲသဲ၊ ၉။ မဟူရာရတနာများ ဝင်လာမစဲ တသဲသဲ လက်ခုပ်တီးပြီး (ဝင်ကြပါစေ၊ ဝင်ကြပါစေ) သုံးကြိမ်ရွတ်ဆိုပါ။ လာဘ်ရတနာများ ဝင်လာမစဲ တသဲသဲ ဝင်လာစေရန် လက်ခုပ်တီးပြီး တောင်းဆိုပေးပါ။

သို့ဖြင့် ကျွန်ုပ်က တပည့်များအား စိတ်ရှည်စွာ သင်ကြားချီးမြှင့်ပေးလိုက်ရပါတော့သည်။

**မှတ်ချက်** ။ ။ (လောကနတ်လာဘ်ခေါ် ပုံတော်ကို ချိတ်ဆွဲပူဇော်ဆောင်ထားခြင်းဖြင့် ဓာတ်သိဒ္ဓိယတြာတည်ပါသည်။)

**နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ • • •။**

ဂမ္ဘီရဆရာကြီးဇာဂရ

| နေ့နံ သားသမီး | ရန်ဂြိုဟ် | ရန်ဂြိုဟ်လှူရန် ဓာတ်ပန်း | ဆပွတ် ဂြိုဟ် | ဆပွတ်ဂြိုဟ် လှူပစ္စည်း | လက်ခုပ်တီးရာတွင် မျက်နှာမူရာထောင့် |
|---|---|---|---|---|---|
| နွေ | အင်္ဂါ | ဥ္စန်ပန်း၊ ဇော်စိမ်းပန်း | သော | သစ်သီးယို၊ သရက်ယို | မြောက်အရပ်ထောင့် လက်ခုပ် ၉ ချက်တီး |
| လာ | တေး | မေမြို့ ပေါက်ပေါက် | နေ | နာနတ်ယို၊ နမ်းပစ် | အနောက်တောင်ထောင့် လက်ခုပ် ၉ ချက်တီး |
| ဂါ | နွေ | အုန်းပန်း၊ အင်ညွန့် | နွေ | အုန်းယို | အရှေ့မြောက်ထောင့် လက်ခုပ် ၉ ချက်တီး |
| ဟူး | ရာဟု | ရှောက်ညွန့်၊ ရွှေပန်း | လာ | ကတွတ်ယို | အရှေ့ရပ်ထောင့် လက်ခုပ် ၉ ချက်တီး |
| တေး | လာ | ကံ့ကော်ပန်း၊ ငွေပန်း | ဂါ | ဆီးယို | အရှေ့တောင်ထောင့် လက်ခုပ် ၉ ချက်တီး |
| ကြာ | နေ | ဒေါ်နာ၊ ဒန်းပန်း၊ ဒန်းညွန့် | ဟူး | ရှောက်ယို | တောင်အရပ်ထောင့် လက်ခုပ် ၉ ချက်တီး |
| နေ | သောကြာ | သီဟိုဠ်၊ သပြေ | တေး | မြေပဲယို | အနောက်အရပ်ထောင့် လက် ခုပ် ၉ ချက်တီး |
| ဟု | ဟူး | လင်းလွန်း၊ ဝါးရွက် | လာ ညနေကိတ် | ကျောက်ဖရုံယို ခရမ်းချဉ်ယို | အနောက်မြောက်အရပ် ထောင့် လက်ခုပ် ၉ ချက်တီး |



www.burmeseclassic.com

www.burmeseclassic.com



# ဥမကွဲ သိုက်မပျက် စီးပွားတက်

## သတိုးသိန်

လောကကြီးက တစ်ခါတစ်ရံ ဆန်းကြယ်တတ်ပါသည်။ မမျှော်လင့်တာတွေ ဖြစ်နေတတ်သလို၊ မျှော်လင့်တာတွေလည်း ဖြစ်မလာတတ်တာ အများကြီးရှိပါသည်။ ကမ္ဘာကြီးပူနွေးလာသလို သဘာဝဘေးအန္တရာယ်တွေက သိသိသာသာ ကမ္ဘာပေါ်မှာ ခပ်စိပ်စိပ်လေးဖြစ်လာတာ တွေ့ရပါတယ်။

တရုတ်နိုင်ငံက ငလျင်ဘေး၊ မြန်မာနိုင်ငံက နာဂစ်ဘေးတို့ပင် ဖြစ်သည်။ ထိုသို့ မမြင်ရသော၊ မမျှော်လင့်ထားသောအရာများ ဖြစ်လာသောအခါ လူ့ပတ်ဝန်းကျင်တင်မက သဘာဝမှာ မှီတင်းနေထိုင်ကြသော တိရစ္ဆာန်များပါမကျန် သေကျေပျက်စီးနေခဲ့ကြပါသည်။ မိသားစုဘဝလေးထဲဝယ် နွေးနွေးထွေးထွေး လုံခြုံမှုရှိနေခဲ့ရာမှ ကစဉ့်ကလျား ကွဲပြားပြီး သေသူ၊ ရှင်သူနှင့် အတိဒုက္ခရောက်ခဲ့ရသူများ များပြားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မမျှော်လင့်သော ဖြစ်ရပ်ဆိုးကြီးများ ကြုံတွေ့ရမည့် အရေးမှ ကင်းဝေးအောင် "ဥမကွဲ သိုက်မပျက် စီးပွားတက်" စေမည့် ဂါထာအစွမ်းလေးကို ပေးချင်သည်။

ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါမည်။ မေတ္တာပေမ၊ တဏှာပေမ နှစ်ပါးတို့တွင် ဘုန်းကျက်သရေကောင်းခြင်း၊ လာဘ်လာဘရရှိခြင်း။ မင်းစိုးရာဇာမှစ၍ သားကဲ့သို့ ချစ်ခြင်းတို့အား ဖော်ကြူးနိုင်သည့် ရဟန္တာအရှင်မြတ်ကြီး ရှင်သီဝလိ ကိုးကွယ်ပူဇော်မှုပင် ဖြစ်ပါသည်။

ရှင်သီဝလိ ကိုးကွယ်ရာ၌ နေ့ နံအလိုက် ကိုးကွယ်ပူဇော်ရပါမည်။ ဖြစ်နိုင်လျှင် အိမ်ဦးနတ်ဖြစ်သော အိမ်ထောင်ဦးစီး၏ နေ့အလိုက် ထုလုပ်ကိုးကွယ်ရပါမည်။

| | | |
|---|---|---|
| တနင်္ဂနွေ | - | ကုက္ကို |
| တနင်္လာ | - | ပညောင် |
| အင်္ဂါ | - | ချယား |
| ဗုဒ္ဓဟူး | - | သပြေ |
| ကြာသပတေး | - | သဖန်း |
| သောကြာ | - | ဥနဲ |
| စနေ | - | မအူ |

တို့ ဖြစ်ပါသည်။ နံ့သင့်သစ်သားကို အလိုရှိသောအခါ ပြည့်စုံစွာဖြင့် သပိတ်၊ သင်္ကန်း၊ ခါးပန်း၊ တောင်ဝှေး စသော ပရိက္ခရာရှစ်ပါးနှင့်တကွ ရုပ်တော်မှုဟန် ပီသစွာ ထုတ်လုပ်ပြီး နံ့သာငါးပါးရည်ဖြင့် ပက်ဖျန်းပူဇော်ရပါမည်။

ထိုသို့ ထုလုပ်ပူဇော်ပြီးသောအခါ အိမ်၏ အကြီးအကဲဖြစ်သော အိမ်ထောင်ဦးစီးမှပင် ၁၁ ရက်တိတိ (လစဉ်) ရွတ်ဖတ်ပူဇော် အဓိဋ္ဌာန်ဝင်ရပါမည်။ အဓိကအားဖြင့် ကံငါးပါး ကျေပေါက်အောင် ဆောင်ရွက်ရပါမည်။

ရှင်သီဝလိဆယ်ဂါထာကို အာရုံရွတ်ဖတ်ပူဇော်ရာ၌ ချမ်းပန်းပေါက်ပေါက် စသော သက္ကာယတို့ဖြင့်လည်း အတ်အားရှိသမျှ ပူဇော်ရပါမည်။ ရှင်သီဝလိမန္တန်တော်မှာ

၁။ သီဝလိစ၊ မဟာလာဘံ၊ သဗ္ဗလာဘံ ဘဝဿတိ၊ တေရဿအာနုဘာဝေန၊ သောဗ္ဗေဟောန္တု ဝိယံမမ။

၂။ သီဝလိစ မဟာဝိရော၊ ယေစပဿန္တု မပိယံ၊ တေစပဿန္တု ပရမံ၊ ဇနပဒံ ပူဇယန္တု။

၃။ သီဝလိစ မဟာနာမံ၊ ဣန္ဒာဒေဝါ သမြဟ္မကာ၊ မနုဿပုရိသာဏ္ဍတ္တိ မဟာလာဘံ ဘဝဿတိ။

၄။ သီလဝိစ မဟာထေရော၊ မမ သီသေဌပေတွာန၊ ဇမ္ဗူဒီပပဏ္ဏလေ၊ ဇယောမန္တာသုခါဝတာ။

၅။ သီလဝိစ မဟာလာဘံ၊ နာနာဒေတိ ဝရံဝရံ၊ ဣန္ဒံပိ ပူဇိတံဒေသိ၊ မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏဒန္တ နရာတိဋ္ဌိ၊ အနာမယ ဘဝေစေဝ၊ တဝရက္ခေရာဇမိတာ၊ သဗ္ဗေကောမံ ဓိနဿန္တု။

၇။ သီဝလိစ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ၊ ထေရဿ အာနုဘာဝေန သဒ္ဒဟောန္တု ဝိယံမမ။

၈။ သီဝလိစ မဟာထေရော၊ ယေယေပဿန္တု မပိယံ၊ တေစ ပဿန္တု ပရမံ၊ ဇနပဒံ ပူဇယန္တု။

၉။ သီဝလိစ မဟာလာဘော၊ မမသီသေ ဌပေတွာန၊ မန္တတေဇယော မန္တံ အဟံဝန္ဒာမိ သဗ္ဗဒါ။

၁၀။ သီဝလိစ မဟာထေရော ဒေဝမနုဿပူဇိတော၊ သောဝမဟော ပစ္စယာဒိနံ၊ မဟာလာဘံ ကရောတုမေ။

အထက်ဖော်ပြပါ ဂါထာအား ၁၁ ခေါက်တိတိ ရွတ်ဖတ်ပူဇော်ပါက စီးပွားတိုးတက်ကာ ဒီရေအလား ချမ်းသာကြွယ်ဝနိုင်သလို အေးချမ်းသာယာသော လုံခြုံနွေးထွေးသည့် မိသားစုဘဝလေးအဖြစ် တည်တံ့ကာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းအပြင် စီးပွားဥစ္စာများ ပေါကြွယ်ဝပြီး မမျှော်လင့်သော ကပ်ဆိုးကြီးများမှလည်း ကျော်လွှားနိုင်မည် ဖြစ်ပါသည်။

သတိုးသိင်္ခ




www.burmeseclassic.com

www.burmeseclassic.com

# စိန်ဒေါ ဝါယုံ တောနေ ဘုရား မယ်နု ကျောင်းမှူး

အောင်ကျည်ထွက်း





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး၏ ဝေနေယျ တစ်ဦး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သာမန် သားတပည့်တစ်ဦးဖြစ်သည်။ သာမန်တပည့်တစ်ဦးဟု သုံးစွဲရေးသား ခြင်းမှာ ကျွန်တော်သည် ဝန်ထမ်း တစ်ဦးဖြစ်ခဲ့သည်။ ရွှေပေါ်ကျွန်းဆရာ တော်ဘုရားကြီးအား အခါအခွင့်သင့်မှ ဖူးမြော်ခွင့်ရခဲ့သည်။ ဆရာတော်ဘုရား ကြီး၏ ကျင့်စဉ်များကို ရရှိသည့်အခါ တိုင်း ကျင့်ခဲ့သည်။ လှူစရာအခွင့်ကြုံ က လှူခဲ့သည်။ ဆရာတော်ဘုရားအား ကျွန်တော် စတင်ဖူးတွေ့ခဲ့ရသည့်အခါမှ ၍ ကျင့်စဉ်များကို မှန်မှန်ကျင့်ခဲ့ရာ ထူးခြားမှုက ပို၍ ပို၍ ရှိခဲ့သည်။ သို့ရာ တွင် ရွှေပေါ်ကျွန်းစေတီတော်ဝင် ကျောင်းတွင် သွားရောက်၍ တစ်လ ဘိုးသီတင်းနေထိုင်ပြီး ရွှေပေါ်ကျွန်း ဆရာတော်ကြီးထံ အနီးကပ်ဝတ်ဖြည့် ရမီ မကြုံခဲ့ရပေ။ ထို့ကြောင့် သာမန် တပည့်တစ်ဦးဖြစ်သည်ဟုသာ မှတ်ယူ ခြင်းဖြစ်ပါသည်။

အခါအခွင့်ကြုံ၍ ကျွန်တော်သည် ရန်ကုန်တွင် ပြန်ရောက်အခြေပြု၍ နိုင်ငံ့ဝန်ထမ်းတာဝန်ကို ထမ်းဆောင်ခဲ့ ရပါသည်။ ရွှေပေါ်ကျွန်းဆရာတော် ဘုရားကြီးသည် ဆင္ဂသင်္ဂါယနာ တင်ပြီး သည့်အချိန်မှစတင်၍ ရန်ကုန်မြို့သို့ ကြွရောက်ခဲ့ခြင်းမရှိဟု သိရသည်။ တချို့ သော တပည့်သာဝကများက ရန်ကုန် သို့ပင့်ဆောင်ခဲ့ကြသော်လည်း ဆိတ် ဆိတ်သာနေခဲ့သည်။ သို့သော် ကျွန် တော်ကိုယ်တိုင်ကိုယ်ကျ ဆရာတော် ဘုရားကြီးထံ သွားရောက်ပင့်လျှောက် ထားမှုကြောင့် ၁၃၅၆ ခု၊ တပေါင်း လပြည့် (၁၅·၃·၉၅)နေ့တွင် ပထမ အကြိမ်အဖြစ် ရန်ကုန်မြို့သို့ ဆရာတော် ဘုရားကြီး ကြွရောက်ချီးမြှင့်ခဲ့သည်။ ဒုတိယအကြိမ်ကား ၁၉၇၇ ခုနှစ်တွင်း မှာပင် နိုင်ငံတော်မှ ပူဇော်ဆက်ကပ် သည့် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် လက်ခံရန်အတွက် ရန်ကုန်မြို့သို့ ဆရာတော်ဘုရားကြီး ကြွ ရောက်ခဲ့ရပြန်ပါသည်။

နှစ်ကြိမ်တိုင်တိုင် ရန်ကုန်မြို့ ကျွန်တော်၏နေအိမ်၌ပင်လျှင် ဆရာ တော်ကြီး ခေတ္တသီတင်းသုံးနေတော် မူခဲ့ပြီး ရန်ကုန်တိုင်း ဝေနေယျအများ အပါအဝင် အနယ်နယ်အရပ်ရပ်မှ ဝေနေယျများကို တရားချီးမြှင့်ခဲ့ပါသည်။ ရန်ကုန်မြို့သို့ ဆရာတော်ဘုရားကြီး ဤသို့နှစ်ကြိမ်တိုင်တိုင် ကြွရောက်ခဲ့နိုင် အောင် ကျွန်တော်ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ အတော်ပင့်ယူရပါသည်။ ဤသို့ ဆရာတော်ဘုရားကြီး ရန်ကုန် သို့ ကြွရောက်ချီးမြှင့်ခြင်းကြောင့် လူ ပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များနှင့် ရန်ကုန် တိုင်း ဝေနေယျများက ထိုစဉ်က ကျွန် တော့်ကို အထူးကျေးဇူးတင်ကြောင်း ပြောကြပါသည်။ ကျွန်တော်လည်း ခဲရာ ခဲဆစ် ပင့်ဆောင်ရကျိုးနပ်၍ ဝမ်းပီတိ ဖြစ်ခဲ့ရပါ၏။ အမှန်ဆိုသော် ဆရာတော် ဘုရားကြီးသည် အကြောင်းတရားရှိ၍ အကျိုးတရားအတွက် ကြွရောက်ချီးမြှင့် ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။

ဆရာတော်ဘုရားကြီးသည်· · · ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ရွှေဘုန်းပွင့် စေတီတော်၊ သန်လျင်မြို့ ကျိုက်ခေါက် စေတီတော်နှင့် မြောက်ဥက္ကလာပ မယ်လမုဘုရားများသို့ ကြွရောက်ဖူးမြော် ကြည်ညိုတော်မူသည်။ ရွှေတိဂုံဘိုးဘိုး ကြီး၊ ဆူးလေဘိုးဘိုးကြီး၊ ဗိုလ်တထောင် ဘိုးဘိုးကြီး၊ သန်လျင်ဘိုးဘိုးကြီးတို့အား ဆရာတော်ဘုရားကြီးက မေတ္တာပို့သခဲ့ သည်ကို ကျွန်တော်မှတ်မိနေပါသည်။ ဆရာတော်ဘုရားကြီးသည် ဒုတိယ အကြိမ် ရန်ကုန်သို့ကြွခဲ့စဉ်က သွမျှ

www.burmeseclassic.com

www.burmeseclassic.com

အချိန်လေးတွင် သန်လျင်ကျိုက်ခေါက်စေတီတော်သို့ ဒုတိယအကြိမ် ကြွရောက်ဖူးမြော်ပါသည်။ ထိုစဉ်က သန်လျင်ကျောက်ခေါက်စေတီတော်ရှိ အရှေ့မုခ်စောင်းတန်းတွင် ဆရာတော်ဘုရားကြီးက ကျွန်တော့်အားခေါ်၍ မိန့်မှာပါသည်။ "ဒကာကြီးတို့ ရန်ကုန်ဝေနေယျတွေ ကျုပ် ရွှေပေါ်ကျွန်းအပြန် သင့်တဲ့အချိန်လောက်မှာ မြောက်ဥက္ကလာပမှာရှိတဲ့ မယ်လမုဘုရားအနီးမှာ ဒေဝါနပြုလုပ်ကြပါ။ ဥက္ကလာပမင်းကြီးဆိုတာ သာသာနပြုခဲ့တဲ့ မင်းကြီးပဲ။ ပြီးတော့ . . . ကျုပ်တို့ ဗုဒ္ဓသာသနာ ပိုပွင့်လင်းစည်ကားအောင်၊ တည်တံ့အောင်ပေါ့ ဒကာကြီး"

ဤသို့ ဆရာတော်ဘုရားကြီး မိန့်မှာခဲ့သည့်အတိုင်းပင် ကျွန်တော်တို့ ရန်ကုန်ဝေနေယျများသည် မယ်လမုဘုရားအနီးတွင် ဒေဝါနပွဲကြီးသဘင် ဆင်ယင်ခဲ့ကြပါသည်။ ထိုနည်းတူ ဆရာတော်ဘုရားကြီး ဒုတိယအကြိမ် ရန်ကုန်ကြွခဲ့စဉ်က အခါအခွင့်သင့်၍ ဆရာတော်ဘုရားကြီး၏ မူလဝေနေယျများဖြစ်သော ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)နှင့် ဇနီး ဒေါ်မြိုင်မြိုင်ထွန်းတို့က ဆရာတော်ဘုရားကြီးအား မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ လေးဒေါင့်ကန်ရွာဦးထိပ်ရှိ ရန်ပြေမာန်ပြေ ရေးဟောင်းစေတီအနီးတွင် လယ်မြေငါးကေကို လှူဒါန်းမှုပြုပါသည်။ ဆရာတော်ဘုရားကြီးသည် ထိုလှူဒါန်းမှုကို အားရတော်မူ၍ ပရိယတ္တိ စာသင်တိုက်ကြီး ဖြစ်မြောက်ရေးအတွက် အာသီသ ရှိတော်မူခဲ့သည်။

အချိန်အခါသင့်၍ ကျွန်တော်လည်း ဒေါ်မြိုင်မြိုင်ထွန်းလှူဒါန်းသော လယ်မြေငါးကေနှင့် တစ်ဆက်တည်းဖြစ်သော မြေနှစ်ကကျော်ကို ဆရာတော်ဘုရားကြီးအား လှူဒါန်းမှုပြုပါသည်။ ပို၍ထူးခြားသည်မှာ ကျွန်တော်တို့ လှူဒါန်းခဲ့ကြသော လယ်မြေများနှင့် ဆက်စပ်နေသော နောက်ထပ် လယ်မြေ ၁၀ ကေတိတိကို ဒေါ်နွဲ့ ဆိုသူ ပါရမီရှင် အမျိုးသမီးကြီးက ထပ်မံလှူဒါန်းပြန်ပါတော့သည်။ စုစုပေါင်း ယယ်မြေ ၁၈ ကေခန့်ကို ရွှေပေါ်ကျွန်းသာသနာ့နယ်မြေ ဖြစ်မြောက်ရေးနှင့် ပရိယတ္တိစာသင်တိုက်ကြီး ပေါ်ပေါက်ရေးကို ဆရာတော်ဘုရားကြီးက ကျွန်တော့်အား လုံးဝဥသုံ တာဝန်ယူရန် မိန့်မှာခဲ့ပါသည်။ ကျွန်တော်ကလည်း ကတိပြု လျှောက်ထားပါသည်။



ယခုအခါ ဆရာတော်ဘုရားကြီး မှာကြားလမ်းညွှန်ခဲ့သည့်အတိုင်း ယင်းမြေများတွင် ရွှေပေါ်ကျွန်းကမ္မဋ္ဌာန်းစခန်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်း ဝေနေယျတို့၏ သဒ္ဓါကြည်ဖြူ အားထုတ်မှုကြောင့် ဤဓမ္မစခန်းတွင် ဂံပွင့်ကျောင်း၊ ဓာတ်တော်ကျောင်း၊ ရွှေပေါ်ကျွန်းကျောင်းဟူ၍ ကျောင်းဆောင်ငယ်သုံးဆောင် စတင်တည်ဆောက်ထားနိုင်ပြီ ဖြစ်ပါသည်။ ထို့ပြင် ကိုက်တစ်ထောင်ကျော် ရှည်လျားသော ရွှေနံ့သာရွာမှအဝင် တောင်မြောက်လမ်းမကြီးကို ဖောက်လုပ်နိုင်ပြီ ဖြစ်ပါသည် အလှူရှင်များ ပေါ်ပေါက်လာပါက တိုးချဲ့ဆောက်လုပ်၊ ပြုပြင်ရန်များကို ရန်ကုန်တိုင်း ဝေနေယျများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။

ဤသို့ ရန်ကုန်တိုင်း ဝေနေယျများ ရွှေပေါ်ကျွန်းဓမ္မစခန်းသစ်ကြီးအတွက် ကြိုးပမ်းဆဲ ကာလများတွင် မမျှော်လင့်ဘဲ ကြေကွဲဖွယ်ရာ၊ ...မြော



www.burmeseclassic.com

www.burmeseclassic.com

လွှမ်းဆွတ်ဖွယ်ရာ ဖြစ်ရပ်ကြီးနှင့် ကြုံတွေ့ခဲ့ရပါသည်။ ယင်းဖြစ်ရပ်ကား···

၁၃၅၈ ခု၊ ပြာသိုလပြည့်ကျော် ၁၃ ရက် (၅·၂·၉၇) ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီကျော်က ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ရွှေပေါ်ကျွန်းစေတီဝင်ကျောင်း၌ပင် ခန္ဓာဝန်ချသွားပြီဖြစ်ကြောင်း ကြားသိရတော့ခြင်းဖြစ်ပါသည်။

ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချသည့်သတင်းကို ကြားလျှင်ကြားချင်း ကျွန်တော်သည် ပုထုဇဉ်သားပီပီ တုန်လှုပ်ကြေကွဲ ဝမ်းနည်းခဲ့ရပါသည်။ ကျွန်တော့်အဖို့တွင်မူ ရွှေတောင်ကြီး ပျောက်ကွယ်ခဲ့ရသည့်နှယ်၊ ဖခင်ကြီးတစ်ဦး ဆုံးရှုံးခဲ့ရသည့်နှယ် ခံစားခဲ့ရပါ၏။ မလှိုင် ရွှေပေါ်ကျွန်းစေတီတော်ဝင်ကျောင်းသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ ဆရာတော်ဘုရားကြီးအား နောက်ဆုံးဖူးမြော်ခွင့်ပင် မရခဲ့ချေ။ အဝေးကနေ၍ လှမ်း၍ကန်တော့ခြင်း။ မေတ္တာပို့သခြင်း၊ အမျှပေးဝေခြင်းဖြင့်သာ ကျေနပ်ခဲ့ရပါ၏။ သို့သော် ဆရာတော်ဘုရားကြီး လမ်းညွှန်ခဲ့သည့် လမ်းစဉ်၊ ကျင့်စဉ်ကိုမူကား မပျက်ခဲ့ပါ။ ဆရာတော်ဘုရားကြီး မိန့်မှာခဲ့သည့်၊ တာဝန်ပေးခဲ့သည့် "ရန်ကုန်တိုင်း ရွှေပေါ်ကျွန်းမွေ့စခန်းသစ်"ကို ဇွဲလုံ့လမလျှော့ဘဲ ရန်ကုန်တိုင်း ဝေနေယျများနှင့်အတူ အားကြိုးမာန်တက် မပိတ်မသုန် ဆောင်ရွက်နေကြရပါတော့သည်။

၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ညတစ်ည၊ ကျွန်တော်သည် ထူးဆန်းသော အိပ်မက်တစ်ခုကို မက်ခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

အိပ်မက်ဆိုသည်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်လည်းကောင်း၊ သွေးလေကြောင့်လည်းကောင်း၊ အမှတ်မထင် အစွဲအလမ်းတစ်ခုခုကြောင့်လည်းကောင်း ယေဘုယျအားဖြင့် လူတိုင်းမက်လေ့မက်ထ ရှိခဲ့ကြပါသည်။ ထိုနည်းတူ ကျွန်တော်သည် ယင်းသို့ အိပ်မက်မက်ခြင်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ယင်းည မိုးလင်းခါနီးတွင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးသည် ရွှေဆင်းတုနှစ်ဆူကို လက်ဝဲလက်ျာ ပွေ့ပိုက်ထားလျက်···

"ဗားကရာတိုက်က ရွှေဆင်းတုနှစ်ဆူ သွားပင့်ပါတော့လား"

ဟု ကျွန်တော့်အား မိန့်မှာခြင်းဖြစ်သည်။ ကျွန်တော်လည်း ရုတ်တရက်လန့်နိုး၍ ပြက်ပြက်ထင်ထင် မြင်မက်သဖြင့် တုန်လှုပ်ချောက်ချား လန့်နိုးမိပါသည်။ သို့သော် အိပ်မက်ထဲတွင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးကို ဖူးမြင်လိုက်ရ၍ ပီတိဖြစ်မိသည်ကတော့ အမှန်ပင်။ အိပ်မက်ဆိုတာ မိုးလင်းခါနီး အရုဏ်ဦးတွင်လည်းကောင်း၊ အိပ်တစ်ဝက်၊ နိုးတစ်ဝက် အိပ်မက်သည်လည်းကောင်း မက်လေ့မက်ထ ရှိကြပါသည်။ အိပ်ရာမှ နိုးသောအခါ ထိုမက်ခဲ့သော အိပ်မက်များကို ပြန်၍ စဉ်းစားမရနိုင်အောင် ဝိုးတဝါးဖြင့် မေ့တတ်ကြပါသည်။ သို့သော် ယခုအိပ်မက်မူကား မှတ်မှတ်ထင်ထင် ကျွန်တော် မေ့မရနိုင်တော့ပါ။ ကျွန်တော် စိတ်စွဲလမ်းမှုကြောင့်လည်း ဖြစ်နိုင်သည်။

ပြန်၍စဉ်းစားသော်···

၁၉၉၇ ခု၊ မေလ လလယ်လောက်က ကျွန်တော်တို့ ရန်ကုန်တိုင်း ရွှေပေါ်ကျွန်း မွေ့စခန်းသစ်သို့ မန္တလေးမြို့မှ ရွှေပေါ်ကျွန်းဝေနေယျဟောင်းကြီး ဦးကျော်သိန်းနှင့် ဇနီးဒေါ်နွယ်နွယ်ဝင်းတို့ အလည်ခရီးရောက်လာကြပါသည်။ ယင်းမွေ့စခန်းသစ်တွင်ပင် ဦးကျော်သိန်းတို့ ဇနီးမောင်နှံ တစ်ညတာ တည်းခိုကြပါသည်။

နေ့ကာလ ညလသာသာ မွေ့စခန်းသစ်ကျောင်း မြက်ခင်းပြင်တွင် ဦးကျော်သိန်းနှင့် ကျွန်တော်အပါအဝင် ရန်ကုန်ဝေနေယျများသည် မေ့ရက်နိုင်စရာမရှိသော ဆရာတော်ဘုရားကြီး၏ အကြောင်းများကို ပြောကြဆိုကြမိပါသည်။

ဦးကျော်သိန်းက ဆရာတော်ဘုရားကြီး ခန္ဓာဝန်မချမီ နောက်ဆုံး မန္တလေးခရီးစဉ်တွင် အမရပူရမြို့၊ ဗားကရာ ပိဋကတ်တိုက်ကျောင်းတွင် ညအိပ်သီတင်းသုံးခဲ့ကြောင်း။ ဆရာတော်ဘုရားကြီးသည် မန္တလေး၊ မုံရွာ၊ ရွှေဘိုစသည့် မြို့များသို့ သာသနာပြု ခရီးစဉ်များရှိပါက ဗားကရာပိဋကတ်တိုက်ကျောင်းတွင် ဝင်ရောက်သီတင်းသုံးလေ့ရှိကြောင်း။ ဗားကရာပိဋကတ်တိုက်ကျောင်းဆရာတော် ဦးကောဝိဒကလည်း ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးအား မိမိသီတင်းသုံးနေသော ဤဗားကရာတိုက်ကျောင်းကြီးအား အခါမလပ် ကြွရောက်သီတင်းသုံးနိုင်ရန် လှူဒါန်းထားကြောင်း ပြောပြပါသည်။

ဗားကရာ ပိဋကတ်တိုက်ကျောင်းကြီးသည် ပိဋကတ်စာပေများ၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com

များအပြင် ခေတ်အဆက်ဆက် ရှေးဟောင်းရုပ်ပွား ဆင်းတုတော်များစွာကို ရှေးအဆက်ဆက် ဆရာတော်ကြီးများဖြစ်ကြသော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မြသိန်းတန်ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဦးပဏ္ဍိတ ဆရာတော်ကြီးတို့က အချိန်ယူ ရှာဖွေစုဆောင်း ပြုပြင်ထိန်းသိမ်းထားခဲ့ကြောင်း၊ ရွှေပေါက်ကျွန်းဆရာတော်ကြီးသည် ပဋိပတ္တိ အကျင့်စခန်းသာမက ပိဋကတ်တော်များဆိုင်ရာ ပရိယတ္တိစာပေကို စာဖတ်ဝါသနာကြီးခဲ့ကြောင်း။ သို့ဖြစ်၍ ဗားကရာတိုက်ကျောင်းကို ရွှေပေါက်ကျွန်းဆရာတော်ကြီးအား လှူထားသဖြင့် ဤပိဋကတ်စာပေ၊ ပေထုပ်များကို ရွှေပေါက်ကျွန်းစေတီတော်ဝင်ကျောင်းသို့ မှန်ဗီရိုများနှင့်တကွ ယူဆောင်ပြီး ပိဋကတ်တော်စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ရန်အထိ ရည်ရွယ်ချက်ရှိကြောင်း စသည်တို့ကို ပြောပြသည်။

ဤသို့ ဦးကျော်သိန်း၏ ပြောပြချက်များကို ကျွန်တော်၏ စိတ်အစဉ်တွင် စွဲထင်ခဲ့မိပါသည်။ ကျွန်တော်သည်ပင်လျှင် တစ်နေ့သောအခါ ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီး မလှိုင်ရွှေပေါက်ကျွန်းစေတီတော်ဝင်ကျောင်းတွင် ဆရာတော်ဘုရားကြီးအနီး ဝတ်ကြီးဝတ်ငယ်ပြုစုရင်း ဗုဒ္ဓပိဋကတ် စာကြည့်တိုက် တည်ထောင်ပြီး ဗုဒ္ဓစာပေများကို ဖတ်ရှုပြုစုလျက် ပညာပါရမီ တည်ဆောက်မည်ဟု စိတ်ကူးယဉ်မိခဲ့ပါသည်။ သို့သော် ဆန္ဒက မပြည့်ဝခဲ့ပါ။ မိုးတိမ်သို့နှယ် လွင့်ပြယ်ခဲ့ရပါ၏။

ဤစိတ်အစွဲအလမ်းကြောင့် ကျွန်တော် ဤအိပ်မက် မက်ခဲ့ရသည်ဆိုစေဦး အခွင့်အခါကြုံက တစ်နေ့ ဗားကရာတိုက်ကိုသွား၍ "ဆင်းတုတော်နှစ်ဆူ" အား ပင့်ဖြစ်အောင် ပင့်ဆောင်မည်ဟု ဆုံးဖြတ်ထားခဲ့သည်။

၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားဘဝသို့ ကျွန်တော်ရောက်ခဲ့သည်။ ဘဝတစ်ကွေ့ဝယ် လွတ်လွတ်လပ်လပ်ရှိလာခဲ့ပါသည်။

သို့ဖြစ်ရကား ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်တွင် ကျွန်တော်သည် အထက်မြန်မာပြည် ဘုရားဖူးထွက်ခဲ့သည်။ မူလရည်ရွယ်ရင်းမှာ ဆရာတော်ဘုရားကြီး ချီးမြှင့်သော အိပ်မက်အရ ဗားကရာကျောင်းတိုက်သို့ သွားခြင်းဖြစ်သည်။ ကျွန်တော့်ခရီးစဉ်တွင် အမိဋ္ဌာန်ထား၍ သွားခဲ့သည်။ ပဲခူးရွှေမော်ဓောဘုရား၊ မိတ္ထီလာဖောင်တော်ဦးဘုရား၊ သာစည် ရွှေယင်မျှော်ဘုရား၊ ပုလိပ်မြွေဘုရား၊ မန္တလေး မဟာမြတ်မုနိဘုရား၊ အိမ်တော်ရာဘုရား၊ ရွှေကျီးမြင့်ဘုရား၊ မန္တလေးနန်းတွင်း ဆုတောင်းပြည့်ဘုရား၊ မန္တလေးတောင် ဆုတောင်းပြည့်ဘုရားများအား တစ်ဆက်တည်း ဖူးမြော်ကြည်ညိုခဲ့ပါသည်။ နောက်တစ်နေ့ အမရပူရ ဗားကရာ ပိဋကတ်တိုက်သို့ သွားသည်။ ဗားကရာကျောင်းတိုက်တွင်း ဆရာတော်ဦးကောဝိဒအား တွေ့ဆုံဖူးမြော်သည်။ မိမိသည် ရွှေပေါက်ကျွန်းဆရာတော်ဘုရားကြီးချီးမြှင့်သော အိပ်မက်အရ ဤကျောင်းတိုက်ရှိ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်နှစ်ဆူအား ရန်ကုန်

တိုင်း၊ ရွှေပေါက်ကျွန်းဓမ္မစခန်းသစ်သို့ ပင့်ဆောင်ကိုးကွယ်လိုကြောင်း၊ မိမိသည် ရွှေပေါက်ကျွန်းဆရာတော်ဘုရားကြီး၏ သားတပည့်တစ်ဦးဖြစ်ကြောင်း၊ မန္တလေး ဦးကျော်သိန်းနှင့်လည်း ခင်မင်ကြောင်း ရှင်းလင်းပြောဆို လျှောက်ထားပါသည်။

ဆရာတော်ဦးကောဝိဒကလည်း မိမိအား မသိ၊ မိမိကလည်း ဆရာတော်ဦးကောဝိဒအား ယခင်ကပင် မဖူးမြင်မသိဖူးခဲ့ကြပါ။ ဤသို့ မသိမမြင်ကြဖူးသူနှစ်ဦး ယခုလိုဆုံကြ၍ ရုတ်တရက် ဘုရားပင့်ရန်မှာ မဖြစ်နိုင်တော့ပေ။ ဆရာတော်ဦးကောဝိဒက . . .

"ယခုလာတဲ့ ဒကာကြီး ပြောပြလို့သာ သိရတယ်၊ ဒကာကိုကျော်သိန်းကိုလည်း ကျုပ်အခေါ်လွှတ်ထားမယ်။ ကျုပ်တို့ကျောင်းမှာရှိတဲ့ ဘုရားရုပ်ပွားတော် ပိဋကတ်ဆိုင်ရာ စာပေတွေကိုတော့ အခု ဒကာကြီးမြင်တဲ့အတိုင်းပဲ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဗိမာန်ဦးစီးဌာနကို အားလုံးလှူပြီးပြီ။ ဘာမျှလက်ကျန်မရှိတော့ဘူး"ဟု မိန့်သည်။ ကျွန်တော်အကြီးအကျယ် စိတ်ပျက်အားငယ်သွားမိသည်။ ဆရာတော်ဦးကောဝိဒ အခေါ်လွှတ်လိုက်သော မူလဝေနေယျကြီး ဦးကျော်သိန်းသည် ရောက်မလာပါ။ ခရီးလွန်နေဟန်တူ၏။ ဦးကျော်သိန်းအား စောင့်နေစဉ် အချိန်ရတုန်း ဆရာတော်ဦးကောဝိဒအား ခွင့်ပန်၍ ညနေအပြန်တစ်ခေါက်တွင် လှည့်ဝင်ပါမည်ဟု လျှောက်ထားပြီး စစ်ကိုင်းကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုပါသည်။ စစ်ကိုင်းမှ



www.burmeseclassic.com

www.burmeseclassic.com

အပြန် ဖားကရာကျောင်းတိုက်သို့ ပြန်ဝင်သည်။ ဦးကျော်သိန်းနှင့် တွေ့ပြီး ညှိနှိုင်းတိုင်ပင်မှ မျှော်လင့်စရာ ရှိလာမည်။

ဆရာတော်ဦးကောဝိဒက “ဒကာကြီး ပြန်လာပေမယ့် ခုချိန်ထိ ဦးကျော်သိန်းက ရောက်မလာသေးဘူး။ ဒါပေမယ့် ဒကာကြီးဆန္ဒရှိရင်တော့ ကျုပ်တို့ကျောင်းမှာ ဆင်းတုတော်နှစ်ဆူတော့ ကျန်သေးတယ်။ တစ်ဆူက အပေါ်ကျောင်းမှာ ထားတယ်။ ဒါပေမယ့် အဂ္ဂိမစုံဘူး။ တစ်ဆူကတော့ ဒီကျောင်းအပေါ်ထပ်မှာ ရွှေပြန်ချထားပြီးသား။ သပ္ပာယ်လှတယ်။ ဖူးချင်ရင် ကျုပ်ပြပေးမယ်”ဟု မိန့်သည်။ ကျွန်တော် စိတ်လှုပ်ရှားကာ ဝမ်းသာအားရ ဖြစ်မိသည်။ အံ့လည်း အံ့ဩမိသည်။ “အိပ်မက်အရ ကျန်နေတာ ဒီနှစ်ဆူပဲ၊ အမှန်ဖြစ်ရမည်” ဟု ဝမ်းသာနေမိသည်။ ဆရာတော်ဦးကောဝိဒ လိုက်ပြ၍ ကျောင်းပေါ်ထပ်သို့ ဘုရားဖူးရန် ကျွန်တော် ရောက်သွားသည်။

“ဒီဘုရားပဲ ဒကာကြီး”ဟု ဆရာတော်ဦးကောဝိဒက မိန့်သည်။ ကျွန်တော်သည် ဆရာတော်ညွှန်ပြသည့် ဘုရားအား ဖူးတွေ့ရပါတော့သည်။ “အိပ်မက်ထဲက ဘုရားတစ်ဆူဖြစ်ရမည်”ဟု တစ်ထစ်ချ ယုံသည်။ တွေ့လျှင်တွေ့ချင်း ဦးအကြိမ်ကြိမ်ချကာ ကန်တော့နေမိသည်။ ဉာဏ်တော် နှစ်ပေခွဲခန့်ရှိ အင်းဝခေတ်လက်ရာ ရုပ်ပွားတော်ဖြစ်ပေသည်။ ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်လှပသည်။ ရုပ်ပွားတော်၏ မျက်နှာတော်ကို ကြည်ညိုရင်း ဖူးမဝ ပီတိဖြစ်ကာ ကျွန်တော် မျက်ရည်များပင် ကျလာမိပါသည်။ အဘယ်အကြောင်းကြောင့် ဟူ၍မသိ။ ဘုရားကို ကြည်ညိုရင်း ကျွန်တော်သည် ရှိုက်ကြီးတငင် ငိုကြွေးမိပါတော့သည်။ စိတ်ကို အတန်တန်ထိန်းကာ မျက်ရည်သုတ်ရင်း ဘုရားကို အနီးကပ်ကြည့်ရှုဖူးမြော်မိဖြစ်သည်။ ကြည်ညိုဖွယ်ရာ သပ္ပာယ်လှပါတကား။ ဆက်၍ အနီးကပ်ဖူးမြော်ရာတွင် ထူးဆန်းသည်မှာ ဘုရား၏ ပလ္လင်တော်တွင်···

“**စိန်သော ငါယုံ တောနေ ဘုရား···မယ်နုကောင်းမှု**”ဟူသော ကမ္ပည်းစာတန်းကို တွေ့မြင်ရပါ၏။ အင်းဝခေတ်၊ အမရပူရခေတ် မိဖုရားခေါင်ကြီး မယ်နု၏ ကောင်းမှုတော်ဖြစ်ကြောင်းကို ကျွန်တော် ပြက်ပြက်ထင်ထင်သိသည်။

ဤသို့ မယ်နုကောင်းမှုဆိုရာတွင်လည်း ဘုရားကာသိလ်ရှင်၊ အလှူရှင်၊ ကောင်းမှုရှင်တစ်ဦးဦးဖြစ်သော မယ်နုသည် တောသူမယ်နု၊ ကုန်သည်ပွဲစားမယ်နု ဖြစ်ကောင်းဖြစ်မည်။ အင်းဝ၊ အမရပူရခေတ်တွင် ဘုရားကျောင်းကန်စေတီ ပေါ်များသည်။ ခေတ်ရေစီးကြောင်း ပြောင်းလဲမှု၊ မြို့ပြအနေအထားပြောင်းလဲမှု၊ ဒုတိယကမ္ဘာစစ်ဒဏ်၊ ပြည်တွင်းစစ်ဒဏ်နှင့် မသမာသူများ နိုးယူဖျက်ဆီးမှုဒဏ်များကြောင့် လေလွင့်ဆုံးရှုံးမှုများ တိမ်မြုပ်ပျောက်ကွယ်မှုများ ရှိခဲ့ပေသည်။ ဖားကရာတိုက် မူလဆရာတော်ဘုရားကြီး၏ စိတ်ရင်းစေတနာ၊ သဒ္ဓါထက်သန်မှုနှင့် ကြိုးပမ်းစုစည်း ထိန်းသိမ်းမှုများကြောင့် ဤကဲ့သို့သော ဗုဒ္ဓရှေးဟောင်း ရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုခွင့်ရသည်မှာ ကုသိုလ်ထူးလှပေသည်ဟု ဆိုရပါမည်။

ကျွန်တော်သည် အိပ်မက်အရ ပင့်ဆောင်လိုသည့် ဘုရားကို ဖူးမြော်ခွင့်သာရခဲ့ပါ၏။ ပင့်ဆောင်ခွင့်ကား မရခဲ့ပေ။ ဘာဆက်လုပ်ရမည်မသိ။ စိတ်မကောင်းကြီးစွာ အမှန်ဖြစ်မိပါသည်။ သို့ဖြင့် ကျွန်တော်သည် ပြင်ဦးလွင်မြို့ရှိ “မဟာအံ့ထူးကံသာ” ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရန် ခရီးဆက်လက် ထွက်ခွာခဲ့သည်။ သို့သော် ပြင်ဦးလွင် ၂၀ မိုင်အရောက်တွင် ကားစက်ချွတ်ယွင်း၍ နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ပြင်ဦးလွင်သို့သွားနေသော ဦးကျော်သိန်းက ကျွန်တော့်အား ၂၀ မိုင်တွင် အပြန်ခရီး၏ ကားပေါ်မှ တွေ့ခဲ့ရကြောင်း နောင်တွင် ပြောပြခဲ့ပါသည်။

နောက်တစ်နေ့၌ ကျွန်တော်သည် မန္တလေးမှ ရန်ကုန်သို့ တိုက်ရိုက်ပြန်မည်ဟု ဆုံးဖြတ်မိသည်။ သို့သော် ကျွန်တော့်စိတ်ကို တည်ငြိမ်စွာထားကာ အပြန်ခရီးစဉ်တွင် ပုဂံသို့ဝင်မည်။ ပုဂံတွင် ရွှေစည်းခုံစေတီ၊ သဗ္ဗညုစေတီ၊ ဗူးဘုရားနှင့် အလိုတော်ပြည့်ဘုရားတို့ကို သွားရောက်ဖူးမြော်ကန်တော့၍ အဓိဋ္ဌာန်ပြုသည်။ ထိုမှ ဆက်လက်၍ မကွေးမြို့သလွန်၊ မင်းဘူး စက္ကိန်းတဲ၊ နဂါးပွက်တောင်နှင့် ကျောင်းတော်ရာဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။ ထိုမှတစ်ဆင့် ပြည်မြို့ ရွှေဆံတော်စေတီ၊ ရွှေဘုံသာမုနိ ဆရာ

www.burmeseclassic.com

www.burmeseclassic.com

တော်ဘုရားကြီး ဦးဝိဇ္ဇာဗလ၏ တည်လက်စ စူဠာမဏိစေတီ၊ ရွှေတောင် ရွှေမျက်မှန်ဘုရားနှင့် ပေါင်းတည်စွယ်တော်မြတ်တို့ကို ဖူးမြော်ခဲ့ရပါသည်။ ဘုရားစုံ ဖူးမြော်ကြည်ညိုခဲ့ရသော ကုသိုလ်ကောင်းမှုအစုစုအတွက် ဓမ္မပီတိပွားခဲ့ရသော်လည်း နန်းမတော်မယ်နုဘုရားအား ပင့်ဆောင်ခွင့်မရခဲ့သည့်အတွက် စိတ်မကောင်းဖြစ်၍နေမိပြန်သည်။

သို့ဖြစ်၍ ရန်ကုန်သို့ပြန်အရောက်တွင် ကျွန်တော်သည် ရန်ကုန်တိုင်း အကျိုးတော်ဆောင် ဝေနေယျများ ဖြစ်ကြသော ဦးသန်းအောင်၊ ဦးမြတ်သူ၊ ဦးအေးမောင်၊ ဦးသန်းငွေ၊ ဦးတင်ဝင်း။ ဦးမျိုးဝင်း စသူတို့နှင့် တိုင်ပင်ညှိနှိုင်းခဲ့ကြသည်။ ကျွန်တော်က ဤရွှေပေါ်ကျွန်း ဓမ္မစခန်းသစ်အတွက် ဤဘုရားနှစ်ဆူကို မပင့်၍မဖြစ်ကြောင်း။ ပင့်မှ ရမည်ဟု ပြောပြသည်။ သို့ဖြင့် ကျွန်တော်တို့သည် မန္တလေးဦးကျော်သိန်း။ ဗားကရာဆရာတော်ဦးကောဝိဒတို့နှင့်လည်း တယ်လီဖုန်းဖြင့် ဆက်သွယ်မိကြသည်။

နောက်ဆုံး ဗားကရာဆရာတော် ဦးကောဝိဒ၏ သတ်မှတ်ချက်နှင့် ခွင့်ပြုလိုက်သဖြင့် ကျွန်တော်အပါအဝင် ရန်ကုန်တိုင်း ဝေနေယျများ ဝမ်းသာကြတော့သည်။

အစီအစဉ်အရ ရန်ကုန်ဝေနေယျကြီး ဦးအေးမောင်ကပင် ကမ္မကထဦးဆောင်မှုပြု၍ ဒေါ်မြသိန်းပါဝင်ကာ ဝေနေယျများဖြစ်ကြသော ဦးသန်းအောင်၊ ဦးမြတ်သူ၊ ဦးသန်းငွေ၊ ဦးမျိုးဝင်း။ ကိုဇော်ဝင်းနှင့် ကိုသော်ဆွေတို့ အဖွဲ့သည် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ ကြာသပတေးနေ့တွင် ဟိုင်းလတ်ကားဖြင့် ရန်ကုန်မှ အမရပူရမြို့ ဗားကရာတိုက်သို့ ဘုရားပင့်ဆောင်ရန် သွားရောက်ခဲ့ကြသည်။

အမရပူရမြို့ ဗားကရာတိုက် ပိဋကတ်ကျောင်း နာယကဆရာတော် ဦးကောဝိဒ၊ မန္တလေးမှ အကျိုးတော်ဆောင် ဦးကျော်သိန်း။ သဲတောမြို့မှ အကျိုးတော်ဆောင်ကြီး ဦးသာဒင်၊ တောင်ကြီးမြို့မှ ဦးသောကြာ၊ မန္တလေးမြို့မှ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ တပည့်သားသမီးများ ဖြစ်ကြသော ဒေါ်ထွေးရီ၊ ကိုသက်ထွန်း။ မအေးအေးမြင့်နှင့် မနီနီဆင့်၊ တရုတ်တန်းဈေးမှ မချယ်ရီတို့၏ သဒ္ဓါစုံညီ ဝိုင်းဝန်းကူညီပံ့ပိုးမှုအလီလီတို့ကြောင့် "လာဘမုနိဆုတောင်းပြည့်"ဘွဲ့တော်ရှိသည့် နန်းမတော်မယ်နု၏ ကောင်းမှုတော် ရုပ်ပွားဆင်းတုတော်အား ကျွန်တော်တို့ ရန်ကုန်တိုင်းဝေနေယျအဖွဲ့သည် အောင်မြင်ချောမောစွာ ပင့်ဆောင်နိုင်ခဲ့ကြပါသည်။ မိဖုရားကြီး နန်းမတော်မယ်နု၏ ကောင်းမှုကုသိုလ်တော်များထဲမှ မထင်မရှားကျန်ရှိခဲ့သည့် ဤကဲ့သို့သော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို သဒ္ဓါပညာပြည့်စုံစွာဖြင့် ဖူးမြော်ကြည်ညိုခွင့်ရကြသည်သာမက ယင်းရုပ်ပွားတော်၊ ဆင်းတုတော်နှင့်အတူ လက်ျာဘက် လက်တော်အင်္ဂါချွတ်ယွင်းသော အင်းဝခေတ် ရှေးဟောင်း(ကျွန်းသား) ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် ရှေးဟောင်းပန်းပုဆရာကြီး ဦးဘဖေထံ အပ်နှံခဲ့ရာ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလတွင် ရွှေစင်ရွှေဝိန်းချလျက် သပ္ပာယ်စွာ ပြန်လည်ပြုပြင်ပြီး ဖြစ်ခဲ့ပါသည်။ ၁၉၉၈ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာအုပ်စု၊ လေးဒေါင့်ကန်ဦးထိပ်ရှိ ရွှေပေါ်ကျွန်း ဓမ္မစခန်းသစ်သို့ ကိန်းဝပ်စံပယ်တော်မူရန် ယင်းဆင်းတုတော်နှစ်ဆူ ပင့်ဆောင်ခဲ့ရာ အပြန်ခရီးတွင် ရွှေနံ့သာစံကျေးရွာနှင့် လေးဒေါင့်ကန်ရွာရှိ လူကြီးများနှင့် အကျိုးတော်ဆောင်များ။ ဥပုသ်သည်များ သပြေပန်း၊ ဆီမီး၊ နံ့သာ အဖြာဖြာတို့ဖြင့် စည်ကားစွာ ကြိုဆိုပူဇော်ကြပေသည်။ ဤနန်းမတော်မယ်နုကောင်းမှုတော်ဖြစ်သော "လာဘမုနိဆုတောင်းပြည့်" ရုပ်ပွားတော်မြတ်သည် အကျိုးစီးပွားလာဘ်လာဘနှင့် ပတ်သက်၍ လိုရာဆုတောင်းပါက ဆုတောင်းပြည့်ကြောင်း သိရှိရပါသည်။

မိဖုရားကြီးမယ်နု၏ ကောင်းမှုတော်ဖြစ်ကြောင်းမှာ ထိုရုပ်ပွားတော်မြတ်၏ ဓမ္မကျွန်တွင် ကမ္ပည်းအက္ခရာစာပါအရ သိရှိကြရသည်။ ထိုကမ္ပည်းစာမှာ...

**စိန်သော ငါယ့် တောနေဘုရား**
**မယ်နု့ကောင်းမှု**

ဟု ပါရှိလေသည်။ အနက်အဓိပ္ပာယ်ကို ဆက်လက်၍ လေ့လာရမည် ဖြစ်ပါသည်။

"စိန်သည် အနက်အဓိပ္ပာယ် တစ်မျိုး၊ သောသည် အနက်အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com

တစ်မျိုး၊ ငါသည် အနက်အဓိပ္ပာယ် တစ်မျိုး၊ ယုံသည် အနက်အဓိပ္ပာယ် တစ်မျိုးစီအားဖြင့် ပေါင်းစပ်၍လည်း အဓိပ္ပာယ်ဟူလျှင် တစ်မျိုးတည်း အဖြေ အဓိပ္ပာယ်ထွက်ရှိနိုင်မည့် အတိုကောက် ကမ္ပည်းစာ ဖြစ်နိုင်သည်ဟု ယူဆမိပါသည်။

"စိန်သော ငါယုံ တောနေဘုရား မယ်နုကောင်းမှု" ဤရုပ်ပွားတော်သည်လည်း ခေတ်အဆက်ဆက် လောကဓံ အနုအကြမ်းတို့ဖြင့် ဆုံတွေ့ရာမှ ရွှေရောင်မေးမှိန်ခြင်း၊ အင်္ဂါလက္ခဏာအချို့ ချွတ်ယွင်းနေခြင်းကြောင့် ဗားကရာ ပိဋကတ်တိုက်ကျောင်းတွင်း လက်ရှိ တိုက်အုပ် နာယကဆရာတော် ဦးကောဝိဒ၊ ပြုပြင်နိုင်သော ဒါယကာကြီးတစ်ဦးနှင့် ပါရမီကုသိုလ်ဖြင့် ပြုပြင်စေခဲ့ပါသည်။ ဤသို့ ပြုပြင်ရာမှာ ကမ္ပည်းစာများကို တွေ့ရှိမှတ်သားခဲ့ကြရသော်လည်း အဓိပ္ပာယ်အား ပြည့်စုံစွာသိခွင့် မရကြ။ အင်းဝခေတ် ရုပ်ပွားတော်များထဲမှ တစ်ဆူအပါအဝင်ဖြစ်၍ မယ်နုကောင်းမှုဟူသော အထောက်အထား အတိအကျပါသဖြင့် မိဖုရားခေါင်ကြီး မယ်နုကောင်းမှုဟူ၍သာ မှတ်သားရပါသည်။ ထိုရုပ်ပွားတော်သည် မည်သည့် သစ်သားနှင့်မှ ထုလုပ်ထားသည်မဟုတ်။ မံဘုရားဟု အစဉ်အလာခေါ်သော ရုပ်ပွားတော်မြတ် ဖြစ်၏။ မံဘုရား စီစဉ်ထုလုပ်ရာတွင် ဝါးမျိုးကောင်းရွေး၍ ခုတ်ရ၊ နီးဖြာရ၊ နေ့ရက်၊ အချိန်နာရီ လူမှအစ အမည်ရွေးချယ်ရကြောင်း၊ ဥပုသ်သီတင်းစောင့်ပြီးသူများသာ စီစဉ်ရကြောင်း၊ သရီးများနယ်ရာ ဗုဒ္ဓဂုဏ်တော်၊ ဉာဏ်တော်များ ရွတ်ဖတ်ပူဇော်ရကြောင်းနှင့် ရှမ်းစက္ကူများမှာ ရာသီနက္ခတ်အရ အစီအရင်၊ အင်း၊ စမများပါ ချ၍ နေရာအလိုက် လိုအပ်သလို စီစဉ်ရကြောင်း၊ ပွဲကြီးပွဲငယ် အစီအမံ ပြုရကြောင်း၊ လောကီ လောကုတ္တရာ ပညာထက်မြက်သူများက သဒ္ဓါ ပညာ ဦးထိပ်ထား စီမံမှုရကြောင်း၊ ခက်ခက်ခဲခဲ စိစစ်စီမံရပုံများ လေ့လာကြားသိရ၏။ (နှောင်းလူများ မံဘုရားထုသူ မရှိသလောက် နည်းပါး၏။)

ဤလာဘမုနိဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆရာတော် ဦးကောဝိဒ၏ ခွင့်ပြုချက်ဖြင့် ဒါယကာ တစ်ဦးနှင့် မွမ်းမံရွှေချပြီးသည့်အခါ ထိုဒါယကာ၏ နေအိမ်သို့ပင့်၍ အနေကဇာတင်ပြီး ယာယီပူဇော်ရာ ညတွင်း ချင်းပင်လျှင် ပျားများ အမှတ်မထင်စွဲရောက်သဖြင့် မူလပိဋကတ်တိုက်ကျောင်းသို့ ချက်ချင်းပြန်လည်ပင့်ဆောင် ပူဇော်ခဲ့ရလေသည်။ နောက်တစ်အိမ်၌ ယင်ကောင်(ယင်မမဲရိုင်း)များ ဝိုင်းအုံလာ၍ မည်သူမျှ နေအိမ်များသို့ မပင့်ဆောင်ရဲကြကြောင်း သိရ၏။

ထိုအချိန်မှစ၍ ပြင်ပဒါယကာ အလှူရှင်များကို ပေး၍ပူဇော်ခွင့်မပြုခဲ့ပေ။ ပုဂ္ဂိုလ်များကလည်း အပြီးအပိုင် မပြုရဲတော့ပေ။ ကျောင်းတိုက်တွင်သာ ကိန်းဝပ်စံပယ်ခဲ့ပေသည်။

အချုပ်ဆိုရသော် မိဖုရားခေါင်ကြီး မယ်နု၏ ကောင်းမှုဖြစ်သော "လာဘမုနိ ဆုတောင်းပြည့်" ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကို ကျွန်တော်တို့ ပင့်ဆောင်ကိုးကွယ်ခွင့်ရသဖြင့် မူလကောင်းမှုကုသိုလ်ရှင် မိဖုရားခေါင်ကြီး မယ်နုအား သံသရာခရီးတစ်လျှောက်မှ လွတ်မြောက်ရာ နိဗ္ဗာန်အမြိုက်တရား ရပါစေဟု ဆုမွန်ပြု အမျှပေးဝေမိပါကြောင်း။

## အောင်ကျည်ထွဏ်း

### မှတ်ချက်

*ဤဆောင်းပါးပါ "စိန်သော ငါယုံ တောနေဘုရား မယ်နုကောင်းမှု"ဟု ပါရှိသော မွေကွန်တွင် ကမ္ပည်းစာတန်း၏ အနက်အဓိပ္ပာယ်ကို စာရှုသူ ရဟန်းပညာရှိ၊ လူပညာရှိနှင့် သုတေသီပုဂ္ဂိုလ်များမှ ရှင်းလင်းဖော်ဆောင်ပေးခြင်းဖြင့်လည်းကောင်း၊ ကျေးဇူးရှင် ရွှေပေါက်ကျွန်း ဆရာတော်ဘုရားကြီးနှင့် ဩဝါဒထူးများ၊ ဖြစ်စဉ်ထူးများကို အနယ်နယ် အရပ်ရပ်ရှိ ဝေနေယျများမှ ရေးသားပေးပို့ခြင်းဖြင့်လည်းကောင်း ရောင်ပြန်မဂ္ဂဇင်းတိုက်သို့ ဆက်သွယ်နိုင်ပါသည်။*

### မှတ်ချက်

*၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရောင်ပြန်မဂ္ဂဇင်း အမှတ်(၇၁)မှ ဆောင်းပါးအား ပြန်လည်ဖော်ပြပါသည်။*





www.burmeseclassic.com

www.burmeseclassic.com

# ပြေလည်စေလိုလျှင် ပြည်မြို့ကိုသွား

အယ်ဒီတာအဖွဲ့

ရှေးအခါက သရေခေတ္တရာပြည်မြို့ကြီး ဖြစ်ခဲ့သော သရေခေတ္တရာသည် ယခုအခါတွင် ပြည်မြို့ဟူသောအမည်ဖြင့် သာသနာရောင်ဝါ လင်းစေခဲ့သည်။ ထို့ကြောင့် ပြေလည်စေလိုလျှင် ပြည်ကို လာလည်ပါလား။ ပြည်ကို လာလည်လျှင် အစစအရာရာ ပြေလည်လိမ့်မည်ဟု ပြည်မြို့ရှိ ဝေပုလ္လာရာမကျောင်းတိုက်ရှိ ဘဒ္ဒန္တဝေပုလ္လာဆရာတော်မှ အမိန့်ရှိခဲ့ဖူးသည်။ ပြည်မြို့တွင် တန်ခိုးကြီးစေတီကြီး သုံးဆူ ရှိသည်။ ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၊ ရွှေနတ်တောင်စေတီတော်မြတ်ကြီးတို့ဖြစ်သည်။ ပြေလည်စေလိုလျှင် ပြည်မြို့ကိုရောက်လျှင် ပြည်ဝင်၊ ပြည်ထွက် အစီဥ္စာန်မှန်မှန်ကန်ကန်ဖြင့် ပြုလုပ်၍ ပြည်ဝင် ပြည်ထွက် ယတြာပြုလုပ်ပေးပါ။

(က)(၁) ရန်ကုန်မြို့မှ ပြည်မြို့သို့အဝင်(ပြည်ဝင်ပုံ)။

ပထမ - ရွှေနတ်တောင်။ ဒုတိယ - ရွှေဘုံသာမုနိ။ တတိယ - ရွှေဆံတော်စေတီတော်ကြီး။

(က)(၂) ပြည်မြို့မှ ရန်ကုန်မြို့သို့အထွက်(ပြည်ထွက်ပုံ)။ ပထမ - ရွှေဆံတော် စေတီတော်မြတ်ကြီး။ ဒုတိယ - ရွှေဘုံသာမုနိစေတီတော်။ တတိယ - ရွှေနတ်တောင်။

(ခ)(၁) မန္တလေးမြို့မှ ပြည်မြို့သို့အဝင်(ပြည်ဝင်ပုံ)။ ပထမ - ရွှေဆံတော် စေတီတော်မြတ်ကြီး။ ဒုတိယ- ရွှေဘုံသာမုနိစေတီတော်။ တတိယ - ရွှေနတ်တောင်

(ခ)(၂) ပြည်မြို့မှ မန္တလေးဘက်သို့အထွက်(ပြည်ထွက်ပုံ)။ ပထမ - ရွှေနတ်တောင်။ ဒုတိယ-ရွှေဘုံသာမုနိစေတီတော်။ တတိယ-ရွှေဆံတော်စေတီတော်မြတ်ကြီး။

ပြည်ဝင်ယတြာ ပြုလုပ်ပုံ
(ရန်ကုန်နှင့် မန္တလေးမြို့မှအဝင်)

**ရွှေနတ်တောင်စေတီတော်တွင် ပြုလုပ်ရန်**

တနင်္လာထောင့်တွင် ရေ ၁၅ ခွက်၊ သပြေ ၁၅ ခက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၅ ခေါက် ရွတ်ပါ။

ကြာသပတေးထောင့်တွင် သပြေ ၁၉ ခက်၊ ရေ ၁၉ ခွက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၉ ခေါက် ရွတ်ပါ။

သောကြာထောင့်တွင် သပြေ ၂၁ ခက်၊ ရေ ၂၁ ခွက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၂၁ ခေါက် ရွတ်ပါ။

**ရွှေဘုံသာမုနိစေတီတော်တွင် ပြုလုပ်ရန်**

တနင်္လာထောင့်တွင် ရေ ၁၅ ခွက်၊ သပြေ ၁၅ ခက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၅ ခေါက် ရွတ်ပါ။

ဗုဒ္ဓဟူးထောင့်တွင် သပြေ ၁၇ ခက်၊ ရေ ၁၇ ခွက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၇ ခေါက် ရွတ်ပါ။

ကြာသပတေးထောင့်တွင် သပြေ ၁၉ ခက်၊ ရေ ၁၉ ခွက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၉ ခေါက် ရွတ်ပါ။

သောကြာထောင့်တွင် သပြေ ၂၁ ခက်၊ ရေ ၂၁ ခွက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၂၁ ခေါက် ရွတ်ပါ။

**ရွှေဆံတော်စေတီတော်တွင် ပြုလုပ်ရန်**

တနင်္လာထောင့်တွင် ရေ ၁၅ ခွက်၊ သပြေ ၁၅ ခက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၅ ခေါက် ရွတ်ပါ။

ဗုဒ္ဓဟူးထောင့်တွင် သပြေ ၁၇ ခက်၊ ရေ ၁၇ ခွက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၇ ခေါက် ရွတ်ပါ။

ကြာသပတေးထောင့်တွင် သပြေ ၁၉ ခက်၊ ရေ ၁၉ ခွက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၉ ခေါက် ရွတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

သောကြာထောင့်တွင် သပြေ ၂၁ ခက်၊ ရေ ၂၁ ခွက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၂၁ ခေါက် ရွတ်ပါ။

## ပြည်ထွက်ယတြာ ပြုလုပ်ပုံ
## (ရန်ကုန်နှင့် မန္တလေးမြို့မှအတွက်)

**ရွှေဆံတော်စေတီတော်တွင် ပြုလုပ်ရန်**

တနင်္ဂနွေထောင့်တွင် ဖယောင်းတိုင် ၆ တိုင် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၆ ခေါက် ရွတ်ပါ။

အင်္ဂါထောင့်တွင် တံခွန် ၈ လက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၈ ခေါက် ရွတ်ပါ။

ရာဟုထောင့်တွင် တံခွန် ၁၂ လုံး၊ ယပ် ၁၂ ချောင်း ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၂ ခေါက် ရွတ်ပါ။

**ရွှေဘုံသာမုနိစေတီတော်တွင် ပြုလုပ်ရန်**

တနင်္ဂနွေထောင့်တွင် ဖယောင်းတိုင် ၆ တိုင် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၆ ခေါက် ရွတ်ပါ။

အင်္ဂါထောင့်တွင် တံခွန် ၈ လက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၈ ခေါက် ရွတ်ပါ။

စနေထောင့်တွင် ဖယောင်းတိုင် ၁၀ တိုင် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၀ ခေါက် ရွတ်ပါ။

ရာဟုထောင့်တွင် တံခွန် ၁၂လုံး၊ ယပ် ၁၂ ချောင်း ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၂ ခေါက် ရွတ်ပါ။

**ရွှေနတ်တောင်စေတီတော်တွင် ပြုလုပ်ရန်**

တနင်္ဂနွေထောင့်တွင် ဖယောင်းတိုင် ၆ တိုင် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၆ ခေါက် ရွတ်ပါ။

အင်္ဂါထောင့်တွင် တံခွန် ၈ လက်၊ ယပ် ၈ လက် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၈ ခေါက် ရွတ်ပါ။

စနေထောင့်တွင် ဖယောင်းတိုင် ၁၀ တိုင် ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၀ ခေါက် ရွတ်ပါ။

ရာဟုထောင့်တွင် တံခွန် ၁၂ လုံး၊ ယပ် ၁၂ ချောင်း ကပ်လှူ၍ သိဒ္ဓိဝင်ဂါထာ ၁၂ ခေါက် ရွတ်ပါ။

ဤပြည်ဝင်၊ ပြည်ထွက်နည်းကို ခတ်(၄)ပါးနှင့် အညီ ဆောင်ရွက်ရန် နည်းလမ်းများကို ဖော်ပြလိုက်ပါသည်။

**သိဒ္ဓိဝင် ဂါထာ**

**သိရသ္မိံမေ ပဉ္စဗုဒ္ဓါ နလာဋေ ဗြဟ္မာ ဒေဝတာ**
**စက္ခု-ကဏ္ဏေ-ဃာဏေသ္မာရောစာ မုခေဒေဝီ**
**သူရဿတီ၊ ဟဒယေ နရာ ယန္တ္မ ဟာဒဿစ**
**ပရမေသွာရော ဥဒရေ ဗဿဏော ဒေဝါစ**
**ဒေတဒေဝါ မဟိန္ဒိကာ မဟာဒေဝါ ရုဘာဒေဝန**
**သမ္ဗပမ္မာနိ သိဒ္ဓိမေ မေဏ္ဍာစိဋ္ဌေန မံသဓမ္မ**
**ဩလော ကေတု ဒိဓေန**

*ဤပြည်ဝင်၊ ပြည်ထွက် ယတြာကို အထူးသတိပြုပါ။*

*ပြည်ဝင် အစီအမံကို ဆောင်ရွက်ပြီးက ပြည်ထွက် ယတြာကို မဖြစ်မနေ ပြုလုပ်ရမည် ဖြစ်သည်။ ထို့ကြောင့် ပြည်ဝင်၊ ပြည်ထွက်ကို ဟန်ချက်ညီညီ အဝင်အထွက် ကိုက်ညီရန် လိုပေသည်။*

ပြည်ဝင်၊ ပြည်ထွက် အစီအမံကို ဆောင်ရွက်ပြီးစီးပါက ပြည်မြို့ သီရိခေတ္တရာကို စတင်တည်ထောင်ခဲ့သော မင်းများနှင့်တကွ ပြည်မြို့တစ်ခွင် စောင့်ရှောက်သော နတ်မင်းများအား(အမျှ ၃ ခါ ပေးဝေပါ) မေတ္တာလည်း ပို့ပါ။

ပြည်ဝင်၊ ပြည်ထွက် အစီအမံကို ဆောင်ရွက်ကြသည့် အမျိုးသားကောင်း၊ အမျိုးသမီးကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုကို ခံစားရပါလိမ့်မည်။ သွားလေရာ၊ လာလေရာ မျက်နှာပွင့်၍ လူချစ်လူခင် များပြီး ပြောဆိုသမျှ အောင်မြင်ခြင်း၊ တောင့်တတိုင်း လျှင်မြန်စွာ ရရှိလာတတ်ခြင်း၊ စီးပွားဥစ္စာ ရတနာများ တစ်နေ့တခြား တိုးပွားအောင်မြင်လာပေလိမ့်မည်။ မိတ်ဆွေများကလည်း ကူညီမစလာလိမ့်မည်။ ပြဿနာများ ပြေလည်၍ အလုပ်အကိုင်များ အဆင်ပြေပြီး အခက်အခဲများ ပြေပျောက်၍ အစစအရာရာ အဆင်ပြေလာမည်။

**အယ်ဒီတာအဖွဲ့**



www.burmeseclassic.com

www.burmeseclassic.com



### ထူးဆန်းအံ့ဖွယ်သော

# ရွှေမျက်မှန်ဘုရားကြီး

### နှင့်

# မျက်စိဝေဒနာအန္တရာယ် ကာကွယ် ဂါထာတော်

ပဲခူးတိုင်း၊ ပြည်မြို့ကို မကြာခဏရောက်ရှိခဲ့ပေမယ့် ပြည်ရွှေဆံတော်မြတ်ကြီးကိုသာ ဦးစွာပထမ သွားရောက်ဖူးမြော် ကြည်ညိုလေ့ရှိပါတယ်။

ဒါပေမယ့် ဒီပြည်မြို့ ရွှေနတ်တောင်မှာ ရှိနေတဲ့ ရွှေမျက်မှန်ဘုရားကြီးကိုတော့ သတိမထားမိခဲ့ကြပါဘူး။ တစ်နေ့မှာ ပြည်မြို့ကလာတဲ့ သူငယ်ချင်းတစ်ယောက် ဒီ ရွှေမျက်မှန်ဘုရားကြီးအကြောင်းကို ထူးဆန်းအံ့ဖွယ်သော သမိုင်းကြောင်းနဲ့ ဖြစ်ရပ်ဆန်းကြယ်တဲ့ ကိစ္စကို ပြောပြမှ သိခဲ့ရပါတယ်။ ပထမဦးဆုံးအချက်က -

ပြည်မြို့မှာရှိတဲ့ သူငယ်ချင်းတစ်ဦးက မျက်စိရောဂါကြောင့် မျက်မှန်ပါရဂူဆရာဝန်နဲ့ ပြရန် ရန်ကုန်ကိုရောက်လာခဲ့ပါတယ်။ ဒါပေမယ့် သူကုသချင်တဲ့ ဆရာဝန်ကြီးက မမျှော်လင့်ဘဲ နိုင်ငံခြားကို ခေတ္တမျှ သွားရောက်နေတဲ့အတွက် အခြားဆရာဝန်များနဲ့လည်း မပြသချင်တာကြောင့် ပြည်မြို့ကို ပြန်လာခဲ့ပါတယ်။

ဒီလို ပြည်မြို့ကို ပြန်လာဖို့အတွက် ရန်ကုန်မြို့ အဝေးပြေးကားဂိတ်ကနေ ပြည်ကားစီးခဲ့ရတယ်။ ဒီကားပေါ်မှာပါတဲ့ ဘေးက ခရီးသွားဖော်နဲ့ တစ်ဦးနဲ့တစ်ဦး မိတ်ဆွေတွေလိုဖြစ်သွားပြီး ဟိုအကြောင်း၊ ဒီအကြောင်း တွေရာလေးပါးကိစ္စတွေ ပြောကြရင်းဖြင့် စကားမစပ် မျက်စိရောဂါအကြောင်းရောက်သွားကြတယ်။

ရန်ကုန်မိတ်ဆွေက ပြည်မြို့ ရွှေနတ်တောင် သွားတဲ့လမ်းမှာ ရွှေမျက်မှန်ဘုရားကြီးကို သွားရောက်ပြီး မျက်စိရောဂါအန္တရာယ်ကို ပျောက်ကင်းအောင် ဆုတောင်းမလို့တဲ့။ ဒီကျတော့မှ သူနဲ့ပါလာတဲ့ မိတ်ဆွေပြောတဲ့စကားကြောင့် ဒီရွှေမျက်မှန်ဘုရားကြီးကို ပြေးသတိရလိုက်မိတယ်။

— ဆွေးချာခိုင် [ပုံသစ္စာ]

www.burmeseclassic.com

ပြည်မှာ အနေကြာပြီး ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ပါလျက်နဲ့ ဒီဘုရားကြီးကို မေ့မေ့ပျောက်ပျောက်နေခဲ့တဲ့အတွက် စိတ်ထဲတွေးပြီး ရှက်နေမိတယ်။ ဒါနဲ့ပဲ ရှက်စိတ်ကို ဣန္ဒြေသိက္ခာနဲ့ ပြန်ထိန်းပြီး ရန်ကုန်က မိတ်ဆွေပြောတဲ့ ဒီဘုရားကြီးအကြောင်းကို မေးကြည့်မိတယ်တဲ့။

ရန်ကုန်မိတ်ဆွေက သူ့ဒီမျက်စိရောဂါ စဖြစ်ပြီးကတည်းက ဒီမျက်မှန်တပ်ဆင်ထားတဲ့ ဘုရားကြီးကို မကြာခဏ အိပ်မက်မက်သလို မျက်စိထဲမှာရော၊ စိတ်ထဲမှာပါ စွဲလမ်းနေတယ်။ ဒါပေမယ့် သူက သိပ်မယုံကြည်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာဝင်တစ်ဦးမဟုတ်တဲ့ အခြားဘာသာဝင်တစ်ဦးဖြစ်နေတာကြောင့်လို့ သူက ဆိုတယ်။ နောက် ဒီမျက်စိရောဂါ စဖြစ်ချိန်က စပြီး ပါမောက္ခတွေ၊ ပါရဂူတွေ၊ ဆရာဝန်အတော်များများ ကုသတယ်။ မပျောက်ကင်းဘူး။ ဒါနဲ့ နိုင်ငံခြားသွားပြီး ကုသဖို့တောင် ရည်ရွယ်တယ်။ ဒါလည်း အခက်အခဲအမျိုးမျိုးကြောင့် မအောင်မြင်ပြန်ပါဘူး။ ဒီလိုအခက်အခဲမျိုးစုံတွေ့တိုင်း မျက်စိရောဂါဝေဒနာက ပိုမိုဆိုးဝါးလာတယ်လေ။ ဒီလိုအခက်အခဲတွေ မျက်စိဝေဒနာ ဆိုးဝါးလာလေ ဒီမျက်မှန်တပ်ထားတဲ့ ဘုရားကြီးကို အိပ်မက်ရော၊ စိတ်ထဲမှာရော ပိုပြီးစွဲလမ်းလေပဲ။ ဒီကိစ္စတွေကို အိမ်က ဇနီးသည်ကိုပြောတော့ အားလုံးက သဘောမတူဘူး။ ကန့်ကွက်ခဲ့ကြတယ်။

ဒါနဲ့ သူကလည်း စိတ်ပျက်ပျက်နဲ့ အိမ်ရှေ့မှာ ထွက်ထိုင်နေတုန်း လမ်းပေါ်ကို ဆွမ်းခံတဲ့ မြန်မာဘုန်းကြီးတစ်ပါး ကြွလာတယ်။ ပြီးတော့ သူ့ကိုကြည့်ပြီး -

"ဒကာကြီးက မြန်မာဘုရားကို သိပ်အထင်သေးတာကိုး။ ဒါကြောင့် ဒကာလေး မျက်စိရောဂါအန္တရာယ် မပျောက်တာ"

လို့ ပြောတယ်။ ဒီစကားကိုပြောတော့ သူအတော်လေး အံ့သြသွားတယ်။ ငါ ဒီဘုန်းကြီး တစ်ခါမှလည်း မတွေ့ဖူးဘူး။ သိလည်းမသိဘဲနဲ့ ငါဒီဘုရားကို အိပ်မက်မက်ပြီး မျက်စိရောဂါဖြစ်နေတာ ဘယ်လို ဒီဘုန်းကြီးသိလဲပေါ့။ စိတ်ထဲမှာတွေးပြီး အံ့သြနေမိတယ်။ ဒါနဲ့ပဲ သူ့ကို ဘုန်းကြီးက

"ဒကာလေး မယုံလည်း နောက်မှထား။ လောလောဆယ် သက်သာဖို့ ဒီဂါထာလေး ရွတ်နေ"

လို့ ဆိုပြီး ဘုန်းကြီးက ရှေ့ကရွတ်ပြ သူက နောက်ကနေ မှန်းပြီး စာနဲ့လိုက်ရေးတယ်။ ဒါတောင် မျက်စိရောဂါကြောင့် ပါဠိစာလုံးတွေ ပီပီသသ မရေးနိုင်ဘူး။ စိတ်ထဲက မှတ်သားတာတွေ များတယ်။ ပြီးတော့ ဘုန်းကြီးကို သူက အိတ်ထဲက ငွေငါးရာကျပ် လှူဒါန်းတယ်။ ဘုန်းကြီးက လက်မခံဘဲ ပြန်ပေးသွားတယ်။ စိတ်ထဲက ဒီဘုန်းကြီး ဘယ်လိုဘုန်းကြီးလဲ မသိဘူးလို့ ပြောမိသေးတယ်။ ဒါနဲ့ပဲ သူလည်း ဟုတ်လိုဟုတ်ငြား စမ်းကြည့်တဲ့သဘောမျိုးနဲ့ပေါ့။ ဒီဂါထာလေးကို ရွတ်ကြည့်တယ်။

**ဒက္ခိဏက္ခိစ - သူရိယော၊**
**ဝါမ အက္ခိစ စန္ဒိမာ၊**
**ဗုဒ္ဓစက္ခုနိ - ဓာတုယော၊**
**အဟံ ဝန္ဒာမိသဗ္ဗဒါ။**
**တေန ပုညာ ကမ္မေမ၊**
**စက္ခုရောဂေါ ဝိနဿတု။**

ဆိုပြီး အမြဲရွတ်နေတယ်။ ဒီလိုရွတ်တာ ၂၇ ရက်မြောက်တဲ့နေ့မှာ သိသိသာသာကြီး အလင်းရောင်အား ပိုမိုကောင်းလာတယ်။ အမြင်ကြည်လင်လာတယ်။ ဒါနဲ့ပဲ ဇနီးနဲ့ မိသားစုအားလုံးက မယုံကြည်နိုင်လောက်အောင် အတော်အံ့သြသွားတယ်။ ဒါနဲ့ပဲ သူ့အခွင့်အရေးပဲဆိုပြီး သူ့ဒီအကြောင်းစုံဖွင့်ပြောတော့ အားလုံး ဝမ်းသာအားရနဲ့ ဒီအိပ်မက်ထဲက မျက်မှန်တပ်ဆင်ထားတဲ့ ဘုရားကို သွားကြည့်လျှင် ဒီထက်မျက်စိရောဂါ ပိုမိုထူးခြားမယ်လို့ ယုံကြည်ခဲ့တယ်။

နောက် ဒီမျက်မှန်တပ်ထားတဲ့ဘုရားကလည်း ဘယ်မှာရှိမှန်းမသိဘူး။ တချို့ မြန်မာတွေမေးတော့ မျက်မှန်တပ်ထားတဲ့ဘုရား ဘယ်မြို့မှာရှိလဲပေါ့။ သူ့ဒီလိုမေးတော့ လူမျိုးခြားတစ်ယောက်က သူတို့ မြန်မာဘုရားကို နောက်ပြောင်တယ်၊ စော်ကားတယ်ထင်လို့ ရန်တွေ့ခြင်းခံရတယ်။ တချို့ မြန်မာတွေဆို ဘုရားက မျက်မှန်တပ်မလားပေါ့။ ဒါသက်သက်စော်ကားတယ်လို့ ထင်ကြတယ်။ သူက အမျိုးမျိုးတောင်းပန်ခဲ့ရပြန်တယ်။

ဒါနဲ့ပဲ သူက ငွဲမလျှော့သေးဘဲ ဒီမျက်မှန်တပ်ထားတဲ့ဘုရားကို ဆက်လက်စုံစမ်းဖို့ ကြိုးစားတယ်။ သူနဲ့ရင်းနှီးတဲ့ သူငယ်ချင်း မြန်မာအရာရှိတစ်ဦးကို အကူအညီလှမ်းတောင်းတယ်။ မေးကြည့်တယ်ပေါ့။ မိတ်ဆွေအရာရှိက ရှိတယ်၊ ပဲခူးတိုင်း ပြည်မြို့ ရွှေတောင်မြို့နယ်မှာ ဒီရွှေမျက်မှန်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်လို့ လမ်းညွှန်လိုက်တယ်။ ဒါကြောင့် ဒီရွှေမျက်မှန်ဘုရားကြီးကို သွားမလို့ဆိုပြီး ပြောတယ်တဲ့။ သူ့ကိုကြည့်တော့ မျက်မှန်ထဲမှ မျက်ရည်ဥလေးတွေတောင် တွဲလွဲခိုပြီး ကျမလိုဖြစ်နေတယ်။

ဒီခရီးသွားမိတ်ဆွေ စကားကို စိတ်ရော၊ ကိုယ်ပါ ဝင်စားပြီး နစ်မြောနေမိတယ်။ သတိပြန်ရချိန်မှာ ငါလည်း မျက်စိဝေဒနာ ခံစားနေရသူအချင်းချင်း ဆုံစည်းဖို့ ဘုရားက တိုက်တွန်းနှိုးဆော်တဲ့သဘောလား မသိဘူး။ ဒါနဲ့ ဒီခရီးသွား ရန်ကုန်ကမိတ်ဆွေရယ်၊ ငါရယ် နှစ်ဦးသား ဒီရွှေမျက်မှန် ဘုရားကြီးဆီ သွားရောက်ပြီး ဆုတောင်းကြတယ်။ ခုဆိုရင် မျက်စိဝေဒနာ အန္တရာယ် ပျောက်ကင်းသွားပြီလို့ ဆိုပါတယ်။

ဟုတ်တယ်။ ဒီဘုရားကြီးသမိုင်းကြောင်းကလည်း မြန်မာနိုင်ငံမှာ အံ့ဖွယ်ထူးခြားဆန်းကြယ်စွာ တန်ခိုးကြီးဘုရား တစ်ဆူမှာ ပါဝင်ပါတယ်။

သမိုင်းအရ ပြောရရင် သရေခေတ္တရာ ပြည်မြို့ကို တည်ထောင်ခဲ့တဲ့ ဒွတ္တဘောင်မင်းကြီးဟာ ဗုဒ္ဓသာသနာ ၁၀၁ ခုနှစ်လောက်မှာ ဘိုးတော်ဝေတဘူမ ရသေ့ကြီးနဲ့ စန္ဒိပရမိတ္တာ သိကြား၊ ဂဝံပတေ့၊ သူတော်စင် ခုနစ်ပါးနဲ့အတူ သရေခေတ္တရာမြို့ကို အုပ်စိုးခဲ့တယ်။

တစ်နေ့မှာ ဒွတ္တဘောင်မင်းကြီးဟာ မိဖုရား၊ နောက်လိုက်ခြွေရံသင်းပင်းတွေနဲ့ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တဲ့ ရွှေနတ်တောင်သွားတဲ့လမ်း၊ ရွှေမျက်မှန်ဘုရားရှိရာ တစ်မိုင်ခန့်အကွာမှာ ညအိပ်ရပ်နားဖို့ ဆုံးဖြတ်တော်မူခဲ့ပါတယ်။ ထိုညမှာ မိဖုရားဟာ အိပ်မက်ထဲ၌ သူမတည်းခိုညအိပ်တဲ့ နေရာမှ အရှေ့မြောက်အရပ်တွင် ဘုရားတစ်ဆူကို ထူးဆန်းစွာ ဖူးမြော်ကြည်ညိုရတယ်လို့ မြင်မက်ခဲ့ပါတယ်။ နံနက်မိုးသောက် အချိန်မှာ ဒွတ္တဘောင်မင်းကြီးကို လျှောက်တင်ရာ မိဖုရားကြီးအိပ်မက်အတိုင်း ထိုနေရာကို မှန်းဆပြီး သွားရောက်ရှာဖွေတဲ့အခါမှာ နေရာတစ်နေရာတွင် အလင်းရောင်တန်းကြီး မြေကြီးထဲမှ ကောင်းကင်ယံသို့ ဖြာထွက်ပြီး တက်သွားသည်ကို ထူးဆန်းစွာ မြင်တွေ့ရပါတယ်။ သိကြားမင်းက အားလုံး ဒီနေရာခေါ်လာကြတယ်လို့ ယုံကြည်သက်ဝင်ပြီး ထိုနေရာတွင် ဘုရားတစ်ဆူတည်ခဲ့တယ်။

ထိုဘုရားကြီးတည်ပြီး မကြာမီမှာ ဒွတ္တဘောင်မင်းကြီး မျက်စိနှစ်ကွင်း အလင်းရောင်ကွယ်သွားခဲ့တယ်။ ဒွတ္တဘောင်မင်းကြီးဟာ ပညာရှိပုဏ္ဏားတော်များနဲ့ ဗေဒင်နက္ခတ်တာရာတွေမေးပြီး တွက်ချက်စေခိုင်းကြည့်သောအခါ ဗုဒ္ဓရုပ်ပွားတော်မှာ မျက်မှန်ကဲ့သို့ သဏ္ဍာန်ဝတ္ထုပစ္စည်းတစ်ခု တပ်ဆင်လှူဒါန်းလျှင် မျက်လုံးတော် ပြန်လည်အလင်းရောင်ရမယ်လို့ တွက်ကိန်းထွက်ခဲ့ပါတယ်။ ဒွတ္တဘောင်မင်းကြီးဟာ ဘုရားကြီး၏ မျက်လုံးတော်ကို တပ်ဆင်ပြီးတဲ့အခါမှာတော့ မျက်စိအလင်းရောင် ပြန်လည်ကောင်းမွန်လာတာ တွေ့ရပါတယ်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း ရွှေတောင်မြို့ဝန် ဧယျနန္ဒမိတ်က ရွှေမျက်မှန်လှူဒါန်းခဲ့သည်။ ထိုမျက်မှန်ကြီးကို ၁၈၈၆ ခုနှစ်လောက်တွင် သီပေါမင်း ပါတော်မူပြီးနောက် မသမာသူတွေက ခိုးယူတာကို ခံခဲ့ရတယ်။ ထိုနောက်ပိုင်း ရွှေတောင်မြို့ အစိုးရအရာရှိ ဦးမဲက မျက်မှန်အသစ် တပ်လုပ်လှူဒါန်းခဲ့ပြန်တယ်။ အခိုးခံရပြန်တယ်။

ဗြိတိသျှလက်ထက်ရောက်သောအခါ မြန်မာပြည်မှာ အုပ်ချုပ်တဲ့ အရာရှိတစ်ဦးရဲ့ဇနီး မျက်စိဝေဒနာ ပြင်းထန်စွာ ခံစားနေခဲ့ရာမှ ဂမ္ဘီရပညာရှင်ဖြစ်တဲ့ ဦးထောင်ဘိုအား ခေါ်ယူတွက်ချက်စေခဲ့ရာ ထိုဘုရားကြီးကို မျက်မှန်တစ်လက် လှူဒါန်းရန် အကြံပေးခဲ့တယ်။ ဗြိတိသျှအရာရှိ၏ ဇနီးမှာလည်း မျက်စိအလင်း ပြန်လည်ကောင်းမွန်ခဲ့ပါတယ်။

မြန်မာပြည် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းများစွာ ကြာမြင့်သောအခါ လက်ရှိမျက်မှန်သည် ဟောင်းနွမ်းနေတာကြောင့် မျက်မှန်အလှူရှင် ဒေါ်ခြယ် ဆိုသူက အသစ်တစ်ဖန် တပ်ဆင်လှူဒါန်းခဲ့ပြန်တယ်။

ထို့ကြောင့် ပဲခူးတိုင်း၊ ပြည်မြို့ ရွှေနတ်တောင် သွားရာလမ်းရှိ ရွှေမျက်မှန်ဘုရားကြီးတွင် မျက်စိဝေဒနာအန္တရာယ် ခံစားနေရသူများသည် မျက်စိဂါထာနှင့်အတူ သွားရောက်ဆုတောင်းပါက ရောဂါပျောက်ကင်းနိုင်သည်ဟု ယုံကြည်ကြပါတယ်။

*မျက်စိရောဂါ၊ မျက်စိနာအန္တရာယ်ကို ကာကွယ်ပေးသည့် ဂါထာအား ချီးမြှင့်ပေးသည့် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော်ဘုရားကြီးအား ဦးညွှတ်လျက်။*

**ဆူးစျာန်(ပန်းသစ္စာ)**



www.burmeseclassic.com


www.burmeseclassic.com

# ရှောင်ပြုန်မဂ္ဂဇင်း ပြက္ခဒိန်

၁၃၇၆ ခုနှစ်၊ ဝါဆိုလ - ဝါခေါင်လ

## 2014 JULY

| | | |
|---|---|---|
| အင်္ဂါ<br>Tuesday | 1 ၅ | |
| ဗုဒ္ဓဟူး<br>Wednesday | 2 ၆ · ရက်ရာဇာ<br>ရက်ယုတ်မာ | |
| ကြာသပတေး<br>Thursday | 3 ၇ | |
| သောကြာ<br>Friday | 4 ၈ | 18 ၇ |
| စနေ<br>Saturday | 5 ၉ | 19 ၈<br>အာဟနည်နေ့ |
| တနင်္ဂနွေ<br>Sunday | 6 ၁၀<br>ရက်ရာဇာ | 20 ၉<br>ရက်ရာဇာ |
| တနင်္လာ<br>Monday | 7 ၁၁ | 21 ၁၀ |
| အင်္ဂါ<br>Tuesday | 8 ၁၂ | 22 ၁၁ |
| ဗုဒ္ဓဟူး<br>Wednesday | 9 ၁၃<br>ရက်ရာဇာ | 23 ၁၂<br>ရက်ရာဇာ |
| ကြာသပတေး<br>Thursday | 10 ၁၄ | 24 ၁၃ |
| သောကြာ<br>Friday | 11 (၁၅) ဝါဆိုလပြည့်<br>ဓမ္မစကြာနေ့ | 25 ၁၄ |
| စနေ<br>Saturday | 12 ၁<br>မဟာရက်ကြမ်း | 26 ၁၅<br>ဝါဆိုလကွယ် |
| တနင်္ဂနွေ<br>Sunday | 13 ၂<br>ရက်ရာဇာ | 27 ၁<br>မဟာရက်ကြမ်း |
| တနင်္လာ<br>Monday | 14 ၃<br>အမြိတ္တာစုတ်ရက် | 28 ၂ |
| အင်္ဂါ<br>Tuesday | 15 ၄ | 29 ၃ |
| ဗုဒ္ဓဟူး<br>Wednesday | 16 ၅<br>ရက်ရာဇာ | 30 ၄<br>ရက်ရာဇာ |
| ကြာသပတေး<br>Thursday | 17 ၆<br>ရက်ယုတ်မာ | 31 ၅ |



၁၁. ၇. ၂၀၁၄ စန်းပြောင်းရက်စွဲ ၂၆. ၇. ၂၀၁၄

### ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၆. ၇. ၂၀၁၄ ဗုဒ္ဓဟူးနေ့ ည ၁၀ နာရီ ၃၁ မိနစ် ၅၅ စက္ကန့်တွင် ကြဋ်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၁၄. ၇. ၂၀၁၄ တနင်္လာနေ့ နံနက် ၉ နာရီ ၁ မိနစ် ၄ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၉. ၇. ၂၀၁၄ အင်္ဂါနေ့ နံနက် ၆ နာရီ ၂၆ မိနစ် ၂၀ စက္ကန့်တွင် ကြဋ်ရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - ကြဋ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁၃. ၇. ၂၀၁၄ တနင်္ဂနွေနေ့ ည ၉ နာရီ ၅၅ မိနစ် ၄၉ စက္ကန့်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

စနေသည် - ၂၀. ၇. ၂၀၁၄ တနင်္ဂနွေနေ့မှစ၍ တူရာသီ၌ သမသွားသည်။

ရာဟုသည် - ၁၃. ၇. ၂၀၁၄ တနင်္ဂနွေနေ့ နံနက် ၆ နာရီ ၃ မိနစ် ၄၇ စက္ကန့်တွင် ကန်ရာသီသို့ ပြောင်းသည်။

(၁၄. ၇. ၂၀၁၄)ရက်သည် အမြိတ္တာစုတ်ကျ၍ ၁၅ ရက်နေ့ နံနက် ၂ နာရီမှ ၂း၄၅ နာရီအတွင်းသည် *နေသိဒ္ဓိနက္ခတ်အားအကောင်းဆုံးအချိန်ဖြစ်သည်။*

### အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်စရာ

***တနင်္ဂနွေသားသမီး***သည် အနောက်မြောက်အရပ်တွင် ထောက်ကြံ့ပင် စိုက်ပါ။

***တနင်္လာသားသမီး***သည် အရှေ့အရပ်တွင် ဩဇာပင် စိုက်ပါ။

***အင်္ဂါသားသမီး***သည် အနောက်တောင်အရပ်တွင် ခရေပင် စိုက်ပါ။

***ဗုဒ္ဓဟူးသားသမီး***သည် မြောက်အရပ်တွင် စိန်ပန်းပင် စိုက်ပါ။

***ကြာသပတေးသားသမီး***သည် အနောက်အရပ်တွင် လောက်သေပင် စိုက်ပါ။

***သောကြာသားသမီး***သည် တောင်အရပ်တွင် ပိတောက်ပင် စိုက်ပါ။

***စနေသားသမီး***သည် အရှေ့တောင်အရပ်တွင် သစ်အုံး၊ သစ်အယ်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက်

## နွယ်သာကီအောင်

တစ်ရှက်သောအိုးထက် တစ်စက်သောမိုးက ကောက်ပင်ပျိုးပင်များကို အာဟာရပြည့်ဝစွာ ပေးစွမ်းလေသည်မို့ တောတစ်ခွင် တောင်အနှံ့ ဘယ်နေရာခြေဆန့်ဆန့် မြရောင်တွေက စိမ်းကာ မြရည်တွေ လိမ်းကျံနေတော့သည်။ စိုက်ပျိုးရေးကို အခြေခံသော မိမိတို့ မြန်မာပြည်တစ်ဝှမ်းရှိ လယ်ယာမြေပြင်၌ ပျိုးပင်၊ ကောက်ပင်တို့မှာလည်း ပြည့်ရိက္ခာပြည့်ဝစေဖို့အတွက် ကိုက်ညွန့်ရှင်သန် နေကြလေပြီကော။

မုတ်သုံမိုးက နီးထရှင်သန်စွာဖြင့် ကမ္ဘာမြေပြင်အဝှမ်းအား မိုးစက်များ ပက်ဖျန်းရင်း အပူပွင့်တွေက ခြွေချနေပေပြီ။ သည်လိုကာလ၌ သဘာဝရှုခင်းတွေက ပသာဒကို ငြိမ်းချမ်းအေးမြ စေပါသည်။ သည့်အတွက် မိုးနှင့်အပြိုင် မိမိတို့ လောကီလူသားများမှာလည်း လောကီအမှုကိစ္စ မှန်သမျှကို အားသစ်တွေပြိုင်ဆိုင်စွာ ဝါယမထုတ်ကြရင်းဖြင့် ...

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

ဇူလိုင်လ (၂)၊ (၁၁)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

ဇူလိုင်လ (၇)၊ (၁၃)၊ (၁၄)၊ (၁၅) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးကို ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

ဇူလိုင်လ (၇)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ရန်

ဇူလိုင်လ (၉)၊ (၁၃)၊ (၁၇)၊ (၂၆)၊ (၂၈) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**၅။ ငါးသတ္တဝါ ဖမ်းဖို့ရာ**

ဇူလိုင်လ (၉)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၆) စသောရက်များသည် ရေသတ္တဝါ ငါးများကို ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၆။ ခရီးဝေးနီး ထွက်ဖို့ရာ**

ဇူလိုင်လ (၇)၊ (၉)၊ (၁၄)၊ (၁၆)၊ (၂၉)၊ (၃၁) စသောရက်များသည် ရပ်ဝေးရပ်နီးခရီးများ ထွက်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ လယ်ထွန်မင်္ဂလာ ပြုဖို့ရာ**

ဇူလိုင်လ (၇)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် လယ်ထွန်မင်္ဂလာ ပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ဖို့ရာ**

ဇူလိုင်လ (၇)၊ (၁၁)၊ (၁၉)၊ (၂၅)၊ (၂၆) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ ကျောင်း/အိမ် ဆောက်ဖို့ရာ**

ဇူလိုင်လ (၃)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၈)၊ (၃၀) စသောရက်များသည် ကျောင်းများ၊ လူနေအိမ်အဆောက်အအုံများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ ရှင်ပြုနားသ ကျင်းပဖို့ရာ**

ဇူလိုင်လ (၂)၊ (၁၁)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၃၁) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

ဇူလိုင်လ (၃)၊ (၇)၊ (၁၇)၊ (၂၃)၊ (၃၀) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်တက်ခြင်း စသောကိစ္စများ ပြုလုပ်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၂။ အရောင်းအဝယ်လုပ်ဖို့ရာ**

ဇူလိုင်လ (၇)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် ကုန်ရောင်းကုန်ဝယ် ပြုလိုသည့်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ သီးနှံမျိုးစေ့ ကြဲဖို့ရာ**

ဇူလိုင်လ (၇)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် သီးနှံမျိုးစေ့များ ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ ရေတွင်းရေကန် တူးဖို့ရာ**

ဇူလိုင်လ (၂)၊ (၃)၊ (၇)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ အတတ်ပညာ သင်ဖို့ရာ**

ဇူလိုင်လ (၂)၊ (၇)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အတတ်ပညာများ သင်ယူဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ အောင်ဘာလေထီဖို့ရာ**

ဇူလိုင်လ (၂)၊ (၄)၊ (၉)၊ (၂၇) စသောရက်များသည် အောင်ဘာလေထီထိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

● နွယ်ထာတီအောင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ရှုလိုင်လအတွင်းဖွားမြင်သူများ

■ ဆရာမိုးဟန်ကြွယ်

အိမ်ထောင်ဘက်စီးပွားရေးလုပ်ငန်းများ၌ ဝင်ရောက်ကူညီ လုပ်ကိုင်ရတတ်သည်။ ငွေကြေးကိစ္စများ အဆင်ပြေပါလိမ့်မည်။ အလုပ်နှင့်ပတ်သက်၍ မိတ်ဆွေသစ်များ တိုးပွားလာတတ်သည်။ လက်ဝတ်ရတနာ၊ အိမ်အသုံးအဆောင်ပစ္စည်းများ ဝင်လာမည်။ ပညာရေးကိစ္စများ အောင်မြင်မည်။ အထက်လူကြီးများ၏ သူကောင်းပြုခြင်းကို ခံရတတ်သည်။ အိမ်သို့ ဘုရားပုံတော်များ၊ ရဟန္တာရုပ်တုများ ကြွရောက်လာတတ်သည်။ ရင်ဘတ်နှင့် ဝမ်းတို့တွင် အနာများပေါက်တတ်သည်။

အစပိုင်းတွင် စီးပွားရေးအဆင်မပြေ ဖြစ်တတ်သည်။ မိတ်ဆွေများ၏ ပံ့ပိုးကူညီမှုကြောင့် စီးပွားရေးအဆင်ပြေလာပါလိမ့်မည်။ ဝင်ငွေကောင်းမည်။ အိမ်ထောင်ရေးအဆင်ပြေ သာယာမည်။ ရုပ်ဝေးမှစည့်သည်များ ရောက်လာတတ်သည်။ မျက်စိအောင့်ခြင်း၊ ဆီးအောင့်ခြင်းများ ဖြစ်တတ်သည်။ အချစ်ရေးအဆင်ပြေမည်။ ချစ်သောသူနှင့် ဖူးစာဆုံရတတ်သည်။ ငွေများ အစုလိုက် အပြုံလိုက် ရရှိတတ်သည်။ ပစ္စည်းများ အပျောက်အရှနှင့် ကြုံရလိမ့်မည်။ သားသမီးများနှင့် ပတ်သက်၍ ဝမ်းမြောက်ဂုဏ်ယူစရာများနှင့် ကြုံရတတ်သည်။ မိသားစု ဘုရားဖူးသွားရတတ်သည်။ အလှူဒါနများ ပြုရလိမ့်မည်။

အိမ်ခြံမြေအပြောင်းအလဲကိစ္စများ မမျှော်လင့်ဘဲ ကြုံတွေ့တတ်သည်။ လူမျိုးခြား (သို့) ဘာသာခြားနှင့် လုပ်ငန်း တွဲဖက်လုပ်ကိုင်ရတတ်သည်။ နှလုံးနှင့် ပတ်သက်သော၊ အဆုတ်နှင့်ပတ်သက်သော ရောဂါဝေဒနာတို့ ခံစားရတတ်သည်။ အိမ်ထောင်ဘက်နှင့် ပတ်သက်၍ ဝမ်းသာဂုဏ်ယူစရာ သတင်းကြားရတတ်သည်။ မိဘဘိုးဘွားများ၏ လုပ်ငန်းများကို ဆက်လက်တာဝန်ယူလုပ်ကိုင်ရတတ်သည်။ အများ၏ ခေါင်းဆောင်တင်မြှောက်ခြင်းကို ခံရတတ်သည်။ ဘာသာရေးကျင့်စဉ်များ၌ အောင်မြင်ထွန်းပေါက်တတ်သည်။ ကြွေးဟောင်း၊ ပစ္စည်းဟောင်းများ ပြန်လည်ရရှိတတ်သည်။ စက်ပစ္စည်း ထွက်ကိန်းရှိ၏။ ဝန်ထမ်းဖြစ်က ရာထူးတိုးမည်။ ငွေကြေးများ ချေးငှားရတတ်သည်။ စားသောက်ကုန်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းတို့အတွက် နိုင်ငံခြားသွားရတတ်သည်။

စိန်ကျောက်၊ ပုလဲ၊ ပတ္တမြားတို့ကိုဝယ်လျှင် နှစ်လကြာမှသာ ရောင်းဝယ်ပါ။ ဓာတုပစ္စည်းများ၊ ဆေးဝါး၊ ဖျော်ရည်၊ အရက်၊ ကော်ဖီ၊ ဆေးရွက်ကြီး၊ ဆေးလိပ်၊ ကြေးနီ၊ ဆန်၊ ထန်းလျက်၊ သတ္တုရိုင်း၊ အက်စစ်၊ ဓာတ်ဆီ၊ အရက်ပျံ၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ဆန်စပါး ဝယ်ယူသိုလှောင်ရောင်းချသူများ အကျိုးရှိမည်။ ရေထွက်ဆိုင်ရာပစ္စည်းများ၊ ဝါး၊ ကြိမ်၊ သွားပွတ်တံ၊ လွန်ပူ၊ ပရဆေး၊ သစ်ဥသစ်ဖုများ ထင်သလောက် အကျိုးပေးပါမည်။

ယတြာပြုလုပ်လိုပါက ဘုန်းကြီးစီး ဖိနပ်တစ်ရန် လှူပေးပါ။ အုန်းသီးစိပ်လှူပါ။ ရဟန်းအိုတစ်ပါးကို စတုမဓု လှူပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ

# သည်လမှာ

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက်

❐ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဇူလိုင်လ (၄)၊ (၅)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၇) ကျရောက်သောရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ ဇူလိုင်လ (၆)၊ (၇)၊ (၁၄)၊ (၁၆)၊ (၂၅)၊ (၂၆) ကျရောက်သောရက်များ၌ ဥ၊ အမြစ်၊ အပင်များစိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ ဇူလိုင်လ (၄)၊ (၆)၊ (၁၅)၊ (၁၇)၊ (၂၃)၊ (၂၄)၊ (၂၇) ကျရောက်သောရက်များ၌ လယ်မြေ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်၊ အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥအမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ ဇူလိုင်လ (၇)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၆)၊ (၂၈)၊ (၂၉)၊ (၃၁) ကျရောက်သောရက်များ၌ သီးနှံမျိုးစေ့တို့ကို ကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

● တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက်

**နေမျိုးထွင့်ခေါင်**

၁။ ဇူလိုင်လ (၄)၊ (၁၃)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၈) စသောရက်များသည် '**နန္ဒာတိထိ**'တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ, ကျောင်း, ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်းလုပ်ငန်းများကို ပြုလုပ်နိုင်ကြပါသည်။

၂။ ဇူလိုင်လ (၅)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၉) စသောရက်များသည် '**ဘဒြာတိထိ**'တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ ဇူလိုင်လ (၆)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် '**ဇယာတိထိ**'တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဇူလိုင်လ (၁)၊ (၇)၊ (၁၁)၊ (၁၆)၊ (၂၆)၊ (၃၁) စသောရက်များသည် '**ရိတ္တာတိထိ**'တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

၅။ ဇူလိုင်လ (၂)၊ (၃)၊ (၈)၊ (၁၂)၊ (၁၇)၊ (၂၁)၊ (၂၇) စသောရက်များသည် '**ပုဏ္ဏာတိထိ**'တွင် ကျရောက်လေရာ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဇူလိုင်လ (၁၄)ရက်သည် '**အမြိတ္တစုတ်**'တွင် ကျရောက်လေရာ မည်သည့်အနှောင့်အယှက်၊ အခက်အခဲတို့နှင့် ကြုံတွေ့စေရကာမူ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ကြပါသည်။

၇။ ဇူလိုင်လ (၂)၊ (၆)၊ (၉)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၃)၊ (၃၀) စသောရက်များသည် '**ရက်ရာဇာ**'တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာမြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း အမှုများကို ဆောင်ရွက်နိုင်ပါကြောင်း။

■ နေမျိုးထွင့်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက်

မဟာဒိဗ္ဗကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

ဇူလိုင်လ (၁)၊ (၄)၊ (၅)၊ (၈)၊ (၁၁)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဇူလိုင်လ (၃)၊ (၄)၊ (၇)၊ (၁၀)၊ (၁၁)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဇူလိုင်လ (၃)၊ (၅)၊ (၆)၊ (၉)၊ (၁၀)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ် ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဇူလိုင်လ (၁)၊ (၅)၊ (၆)၊ (၉)၊ (၁၅)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ် ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဇူလိုင်လ (၁)၊ (၆)၊ (၇)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၂၁)၊ (၂၅)၊ (၂၆)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ် ကြ၏။

**သောကြာသားသမီးများအဖို့**

ဇူလိုင်လ (၃)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဇူလိုင်လ (၅)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၅) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဇူလိုင်လ (၁)၊ (၅)၊ (၆)၊ (၉)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

သို့ဖြစ်၍ ဇွန်လအတွင်း၌ မိမိတို့ မွေးနံနှင့် ကံအားလျော်ညီစွာ ရက်ကောင်းများကို ရွေးချယ်လျက် တိုးတက်ကြီးပွားအောင် ကြိုးစည်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့သည်။

မဟာဒိဗ္ဗကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းရောက် မြန်မာများသို့ လက်ဆောင်

ထိုင်းရောက်နေသော တူတော်မောင်တစ်ယောက်က တစ်နေ့တွင် ဖုန်းဆက်၍ အကျိုးအကြောင်းအခြေအနေ ပြောပြရင်း နောက်ဆုံးတွင် အားလုံးအဆင်ပြေကြောင်း၊ ရတနာသုံးပါး၊ အနန္တငါးပါးကို အမြဲပူဇော်ပါကြောင်း၊ မမေ့ကြောင်းနှင့် သင့်နိုးရာရာ ဂါထာဘုရားစာပို့ပေးပါရန် တောင်းခံလာပါတယ်။

သည်ကလေးက ဒီမှာရှိကတည်းက ရတနာသုံးပါး ဆည်းကပ်တယ်၊ ဥပုသ်သီလ တတ်နိုင်သမျှ ဆောက်တည်တယ်၊ ရက်အားများမှာ ဘုရားပုထိုးသွားတယ်၊ ကောင်းမှုကုသိုလ်ပြုတယ်၊ သင်္ကြန်ရက်အခါတွင်း ရဟန်းဝတ်တယ်၊ ဘာသာရေးကိုင်းရှိုင်းတဲ့ လူငယ်ပါ။

ဒါကြောင့် သူရောက်ရှိနေတဲ့ အရပ်ဒေသနဲ့လည်း လိုက်ဖက်ဆီလျော်မယ်ထင်တဲ့ ဘုရားရှိခိုးတစ်ခု ရှာတွေ့တာနဲ့ ပို့ပေးလိုက်တယ်။ သူလည်း ယုံကြည်စွာနဲ့ နိစ္စပတ် မပြတ်ရှိခိုးပွားများပါတယ်တဲ့။

နှစ်လလောက်ကြာတဲ့အခါ အားရဝမ်းသာ ဖုန်းဆက်အကြောင်းကြားတယ်။ အစစအရာရာ သိသိသာသာ ယခင်ထက် ပြောင်းလွဲထူးခြားကြောင်း၊ လုပ်ရကိုင်ရတာ အဆင်ပြေကြောင်း၊ ယခု ထီဆုကြီးပေါက်တဲ့အတွက် ငွေငါးသိန်းပို့လိုက်ကြောင်း၊ ဦးလေးအတွက် စေတနာသန့်သန့်နဲ့ကန်တော့လိုက်တာဖြစ်ဖို့ မငြင်းဖို့အကြောင်းပြောပြီး ပို့လိုက်ပါတယ်။ နောက်ထပ်လည်း ပို့ပေးဦးမယ်ဆိုတဲ့အကြောင်းနဲ့ ကျေးဇူးအရမ်းတင်ကြောင်း၊ နောက်ထပ်လည်း အမြဲမပြတ်ပွားများပါတယ်ဆိုတဲ့အကြောင်း စုံနေအောင် ဖုန်းထဲက ပြောသွားပါတယ်။

စဉ်းစားကြည့်တယ်။ တူတော်မောင်အတွက်ကတော့ ဟုတ်ပါပြီ။ အလားတူ သူ့လို ဘဝတူများအတွက် ကူညီရရင်ကော ပိုမကောင်းဘူးလား။ ဟုတ်ပြီ၊ ဒီအတွေး၊ ဒီစေတနာနဲ့ ဒီဘုရားရှိခိုးဂါထာလေးကို ထိုင်းရောက် မြန်မာများအတွက် စေတနာနဲ့ လက်ဆောင်ပေးပါတယ်။ ယုံကြည်ရင် ပွားများကြပါကုန်။

**ဒေ၊ ဝံ၊ မာ၊ ဟ ဘွဲ့တံဆိပ်တော်မြတ်ရ**
**ယိုးဒယား(ထိုင်း) ဆံတော်စေတီ ဘုရားရှိခိုး**

'ဒေ'သကံ လောကဟိတာဿ၊
'ဝ'န္တကံ ပါပရောသယော၊
'မာ'နနာယ သကံ ဒေန္တံ၊
'ဟာ'ရိ ကေသမ္ပိ တံနမေ၊
ပုညေနာနေန သဗ္ဗမ္ပိ၊
သမိဇ္ဈတု ယထိစ္ဆိတံ။
(သကာရ မိဿက ဂါထာ)

လောကဟိတာဿ-လူသုံးပါးတို့ အစီးအပွားကို၊ သေကံ-ရှာမှီးတတ်သသော၊ ပါပရောသယော-မကောင်းမှုအစုတို့ကိုလည်း၊ ဝန္တကံ-စွန့်အန်ပြီးထသော၊ သကံဟာရိကေသမ္ပိ-ကိုယ်တော်၌ရောက်သော စိမ်းညိုသော ဆံတော်ကိုလည်း၊ မာနနာယ-ပူဇော်မြတ်နိုးခြင်းငှာ၊ ဒေန္တံ ပေးပေတတ်ထသော၊ တံဗုဒ္ဓံ-ထိုမြတ်စွာဘုရားကို၊ နမေ-ရှိခိုးပါ၏၊ အနေနပုညေန-ဤသို့ရှိခိုးသော ကောင်းမှုကြောင့်၊ သဗ္ဗမ္ပိ-အလုံးစုံသော ဆုသည်လည်း၊ ယထစ္ဆိတံ-အလိုရှိတိုင်း၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

ဤဘုရားရှိခိုးကို ဋ္ဌာန်ကရိုဏ်းကျကျ ပီသအောင် ရွတ်ဆို၊ အလွတ်ရအောင်ကျက်၊ နေ့စဉ်ဘုရားရှိခိုးတိုင်း၊ မပျက်မကွက် ရွတ်ဆိုရှိခိုး ပူဇော်ပါ။

အဓိဋ္ဌာန်နှင့်ထား၍ ကိုးရက် (သို့) မိမိနှစ်သက်သလို ရွတ်ဆိုပါ။ သတိရတိုင်း အခါမလပ် ရွတ်ဆိုပူဇော်နေလျှင် ပိုအကျိုးထူးပါလိမ့်မည်။ တတ်နိုင်သမျှ ရွတ်ဆိုနိုင်ကြစေခြင်းငှာ ကိုယ်တွေ့လေးတစ်ခုကို သာကေပြု၍ လက်ဆောင်ပေးလိုက်ပါတယ်။

**မောင်ပုတ်စည်**



www.burmeseclassic.com

www.burmeseclassic.com



# ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ ၏ လအလိုက်အဟော

## ဇွန်လ

■ ဦးတိုး(တက္ကသိုလ)

(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)

<u>မကာရ ရာသီဖွား (ဆိတ်ရုပ်)</u>

<u>ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂</u>

ယခုလတွင် ကံကြမ္မာစက်ဝန်း တစ်ပတ်လည်နေပြီဖြစ်၍ သင်ကံကောင်းလာပြီဖြစ်သည်။ အရွေးခံမလား၊ လေလံဆွဲမလား၊ သို့တည်းမဟုတ် မည်သည့်ယှဉ်ပြိုင်ရမှုမျိုးကိုမဆို ရလဒ်ကောင်းများ ရရှိမည်။ ကန်ထရိုက်စာချုပ်တစ်ခုကို ချုပ်ဆိုရမည်။ သင်ကြိုးပမ်းအားထုတ်သမျှအားလုံး အောင်မြင်ပြီးမြောက်မှုရှိမည်။



www.burmeseclassic.com

www.burmeseclassic.com

## ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
## ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄

အတိုးအပွား လုပ်ကိုင်ထားမှုများအပါအဝင် စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုတို့မှ သင့်တင့်သော အကျိုးအမြတ်များ ရရှိမည်။ မြေတစ်ကွက်ဝယ်ရန် စာချုပ်ချုပ်ဆိုရခြင်း၊ သို့မဟုတ် အမွေဆက်ခံရယူရန် အောင်မြင်မှုရရှိမည်။ လေလံအပြိုင်ဆွဲခြင်း၊ ယှဉ်ပြိုင်ရခြင်း၊ သို့မဟုတ် အရွေးခံခြင်းတို့တွင် သင်ပါဝင်ဆောင်ရွက်လျှင် ကောင်းကျိုးရလဒ်ရှိသည်။ အကယ်၍ တရားရုံး၌အမှု ရင်ဆိုင်နေရသော် သင်အနိုင်ရမည်။ သင်လေ့လာသင်ယူနေသည့်ကိစ္စ အောင်မြင်ဖြစ်ထွန်းမည်။

သို့သော်လည်း အလုပ်လျှောက်ထားမှုတွင် ရနိုင်ခြေမမြင်ပေ။ သင်၏ ချစ်မေတ္တာရေးမှာ ပြီးပြည့်စုံသွားပါလိမ့်မည်။ ကလေးလိုချင်နေကြသူများ ဆန္ဒပြည့်ဝမည်။ တောင့်တထားသည့်အတိုင်း ကိုယ်ဝန်ရရှိလိမ့်မည်။

## မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
## မတ်လ ၁၅ မှ မတ်လ ၁၂

သင့်လုပ်ငန်းအတွက် ဝမ်းမြောက်ဂုဏ်ယူနေရမည်။ အလားအလာကောင်းသော တုံ့ပြန်မှုများကို ရရှိမည်။ ဇွန်လ ၁၀ ရက်မှ ၃၀ ရက်အကြားတွင် အလုပ်တစ်ခုကို စတင်ရပြီး ကန်ထရိုက်စာချုပ်တစ်ခုကို စာချုပ်ချုပ်ဆိုရမည်။ ချစ်မေတ္တာရေး ပွင့်လန်းနေမည်။

## မိဿရာသီဖွား (သိုးထီးရုပ်)
## ဧပြီလ ၁၃ မှ မေလ ၁၃

ဇွန်လ ၁ ရက်မှ ၁၁ ရက်နှင့် ဇွန်လ ၂၂ မှ ၃၀ ရက်နေ့အကြား ကာလများ၌ တစ်စုံတစ်ရာကို နောက်ဆုံးဆုံးဖြတ်ချက်ချရတော့မည့် အချိန်ဖြစ်သည်။ သင်၏ကံကြမ္မာ ကောင်းမွန်နေပါသည်။ သင်လေ့လာသင်ယူမည့် ကိစ္စသည် အခွင့်အရေးကောင်း မြင့်မားသည်။ စကောလားရှစ်ပညာသင်ဆု ရရှိနိုင်သည်။ အိမ်တစ်လုံးဝယ်ရေး သို့မဟုတ် ကားတစ်စီးဝယ်ရေးတွင် အောင်မြင်ပြီးမြောက်သွားမည်။ ချိုမြိန်သော ချစ်မေတ္တာရေးရှိသည်။



## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)
## မေလ ၁၄ မှ ဇွန်လ ၁၄

ဇွန်လ ၁ ရက်မှ ၂၅ ရက်အကြားတွင် အောင်မြင်မှုကို ရရှိမည်။ လုပ်ငန်းအတွက် ဈေးပြိုင်တင်သွင်းခြင်း၊ အိမ်တစ်လုံးဝယ်ရေးကိစ္စ၊ ရုံးတည်နေရာ ပြောင်းရွှေ့ရခြင်းတို့တွင် အောင်မြင်မည်။ သို့သော်လည်း ဇွန်လ ၂၆ ရက်မှ ၃၀ ရက်အကြားတွင် နေထိုင်မကောင်း ဖြစ်တတ်သည်။ ယခုကာလတွင် မိသားစုကိစ္စများကြောင့် ငွေအကုန်အကျများနေပေလိမ့်မည်။

## မေထုန်ရာသီဖွား (အမြွာရုပ်)
## ဇွန်လ ၁၅ မှ ဇူလိုင်လ ၁၅

သင့်ကံကြမ္မာ ဆက်လက်ကောင်းမွန်နေသေးသည်။ အကယ်၍ သင်သည် တရားစွဲဆိုမှုတစ်ရပ်နှင့် ရင်ဆိုင်နေရလျှင် သင်အနိုင်ရပါလိမ့်မည်။ သင်စီစဉ်ထားသည့် ကိစ္စကို စတင်ရန် မင်္ဂလာရှိသော အချိန်အခါသမယဖြစ်သည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆

လုပ်ငန်းတစ်ရပ်အတွက် ဈေးပြိုင်တင်သွင်းခြင်း၊ သို့မဟုတ် ယှဉ်ပြိုင်မှုတစ်ခုကို လုပ်ဆောင်ရခြင်းတို့တွင် အောင်မြင်မှုရမည့် အခွင့်အရေး အလွန်မြင့်မားနေပေသည်။ ကန်ထရိုက်စာချုပ်တစ်ရပ် ချုပ်ဆိုရမည်။ အရောင်းဦးတည်ချက်တစ်ရပ်သည်လည်း အောင်မြင်ပြီးမြောက်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆


ခရီးများသွားရန်၊ စီမံချက်များရေးဆွဲရန်၊ သို့မဟုတ် အလုပ်အကိုင်အတွက် တင်ပြချက်များနှင့် ထုတ်ကုန်သစ်တစ်ခု၊ စာအုပ်၊ သို့မဟုတ်၊ စီမံချက်တစ်ခုတို့တွင် အောင်မြင်စွာ ရလဒ်ကောင်းပေးပါလိမ့်မည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆

သင့်အလုပ်အကိုင်တွင် ပျော်ရွှင်ချမ်းမြေ့မှုရရှိမည်။ သင်၏ ကုမ္ပဏီမှ အမြောက်အမြားဝယ်ယူရန် အမှာစာများ ရရှိလိမ့်မည်။ စီးပွားရေးလုပ်ငန်းတစ်ရပ် တိုးချဲ့ရေးတွင် ချောမွေ့နေပါမည်။ ကားတစ်စီးတိုက်ခိုက်မှု၊ သို့မဟုတ် အောက်သို့ လိမ့်ကျသွားတတ်၍ ဇွန်လ ၂၁ ရက်မှ ၃၀ ရက်အကြားတွင် သတိပြုဆင်ခြင် ကားမောင်းနှင်သင့်သည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆

တစ်စုံတစ်ရာကို ဆောင်ရွက်ရန် တာဝန်ပေးအပ်လာခြင်း၊ သို့မဟုတ် ၎င်းကိုရရှိရန် ချဉ်းကပ်လုနီးပါး ဖြစ်နေပါပြီ။ အလုပ်ရရှိရန်၊ သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ရမည့် အခွင့်အရေးတစ်ရပ် ရှိသည်။



## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅

ဇွန်လ ၁ ရက်မှ ၂၂ ရက်အတွင်း သင်သည် ကံမကောင်း အကြောင်းမလှသည့် ဖြစ်ရပ်နှင့် ကြုံရတတ်သည်။ စီးပွားရေးတွဲဖက်လုပ်ကိုင်မှုများနှင့် မိသားစုပြဿနာများဖြင့် သင့်အား ဖိအားပေးခြင်း ခံရမည်။ ဇွန်လ ၂၃ ရက်နောက်ပိုင်းရောက်မှ အခင်မင်မပျက်၊ အတားအဆီးအနှောင့်အယှက်အားလုံးကို ဖြေရှင်းပြီးစီးသွားမည်။ သင့်လက်ဝယ်ရှိ အစုရှယ်ယာများ၏ တန်ဖိုးမြင့်တက်လာပြီး ညတွင်းချင်း ချမ်းသာသွားပါလိမ့်မည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
## ဒီဇင်ဘာလ ၁၆ မှ ဇန်နဝါရီလ ၁၃

သင့်အလုပ်တွင် ပင်ပင်ပန်းပန်း လုပ်ကိုင်နေခြင်းကြောင့် ဇွန်လ ၁ ရက်မှ ၁၆ ရက်အကြား၌ ဆေးဝါးကုသမှု ခံယူရပေလိမ့်မည်။ ကားတိုက်မှုတစ်ရပ်ဖြစ်တတ်၍ သတိရှိနေပါ။ ဇွန်လ ၁၇ ရက် ကျော်သွားမှ သင်ကံကောင်းလာပါလိမ့်မည်။ မြေကွက်တစ်ခု ရောင်းဝယ်ရေးစာချုပ်၊ စီးပွားရေးလုပ်ငန်းကို ရယူခြင်း၊ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် ငွေဒလဟော ဝင်လာပါလိမ့်မည်။ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှု၊ အတိုးအပွားလုပ်ကိုင်ထားမှု စသည်တို့မှ သင့်တင့်လျောက်ပတ်သော အကျိုးအမြတ်ရရှိပါလိမ့်မည်။

ဦးတိုး(တက္ကသိုလ်)

***Reference:***

The Bangkok Post's LIFE
Year of the HORSE
Your month-by-month
horoscope for 2014
By MOHDU PAISARN

□□□



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ ကူညီမစ,မည့်သူများပေါ်မည်။ ရင်းနှီးမြှုပ်နှံနိုင်၏။ ငွေချေးလုပ်ငန်းလုပ်ပါ။ အကျိုးပေးပါမည်။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းပြုနိုင်၏။ ခရီးသွားနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးသွားနိုင်ပါသော်လည်း လေကြောင်းခရီးကို ရှောင်ပါလေ။ အသစ်စေ့စပ်ခြင်းမပြုရပါ။ ရေတွင်းရေကန် တူးဖော်ခြင်းမပြုရ။ မီးဖိုဆောင်၊ မီးဖိုခန်း၊ မီးဖိုပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်း မပြုကြရ။ ခိုက်တတ်လေသည်။ သတိနှင့်ဆင်ခြင်ပါ။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများ သည်းခံ၊ စိတ်ရှည်ကြိုးစားလုပ်ကိုင်ပါ။ ရာထူးတက်၊ လစာတိုးမှုရှိမည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။ စီးပွားရေးလုပ်ငန်း မူလအဟောင်းမပျက်ရလေအောင် ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

ရေကြောင်းခရီး မသွားကောင်း။ ဘေးအန္တရာယ်များလှ၏။ စီးပွားရေးလုပ်ငန်းအသစ်၊ ကုမ္ပဏီအသစ် မထူထောင်သင့်သေး။ လလယ်လောက်တွင် ကံကြမ္မာအလှည့်အပြောင်းရှိ၏။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်၏ကံကြမ္မာ ထွန်းလင်းတောက်ပနေ၏။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်၏။ အထည်ချုပ်၊ စက်မှုလုပ်ငန်းနှင့် အကျိုးပေးမည်။ လုပ်ပါ။ စေ့စပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်ငင်း လက်



www.burmeseclassic.com

www.burmeseclassic.com

ထပ်ခြင်း မပြုပါနှင့်။ ခဏခေတ္တ ရှေ့ဆိုင်းပါဦး။ မရှေ့ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်၏။ ရေမြောင်းမဖောက်သင့်သေး။ ခိုက်တတ်၊ လာဘ်တိတ်တတ်၏။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ နိမ့်နေရာ၏။ ရှိရင်းစွဲ စီးပွားရေးလုပ်ငန်းကိုသာ ထိန်းထိန်းသိမ်းသိမ်း ကောင်းအောင်လုပ်ပေးရပါမည်။ ငွေကြေးရသမျှ စုဆောင်းထားပါ။ ချွေတာပါ။ ငွေကြေးနောင်အခါ ပြတ်လပ်မှုဖြစ်မည်ကို ကြိုတင်ကာကွယ်ထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

လုပ်ငန်းတိုးချဲ့မှု၊ ရင်းနှီးမြှုပ်နှံမှု မပြုပါနှင့်ဦး။ ခဏခေတ္တစောင့်ဆိုင်းပါ။ မဆိုင်းနိုင်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ ရေကြောင်းခရီးကိုရှောင်ပါ။ လေ့၊ သင်္ဘောမစီးရ။ လက်ထပ်ခြင်းမပြုရပါ။ ထိမထိုးရ၊ ပေါက်ကိန်းမကြံသေးပါ။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိရှိရင်းစွဲ စီးပွားရေးကိုသာ စွဲစွဲမြဲမြဲ၊ မပျောက်မပျက်အောင် လုပ်ကိုင်ရမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အကျိုးပေးမည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ဖက်စပ်၊ စပ်တူလုပ်ငန်း အကျိုးမပေးပါ။ အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်း မလုပ်ကိုင်ရ။ လေကြောင်းနှင့်ရေကြောင်းခရီးကို ရှောင်ပါ။ လက်မထပ်ရ။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံနိမ့်နေ၏။ စီးပွားရေးလုပ်ငန်း ခဏခေတ္တ ရပ်နားထားပြီး ဘာသာရေးလုပ်ငန်း ဇောက်ချလုပ်ကိုင်ပါ။ ကုသိုလ်ကောင်းမှု၊ အလှူအတန်းများများ လုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ (ဘုန်းကြီးဆွမ်းကျွေးပါ)။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း မလုပ်ရ၊ အကျိုးပေးမည်မဟုတ်။ ခရီးဝေးမသွားရ။ စေ့စပ်နိုင်ပါသော်လည်း လက်ထပ်ခြင်းကို ခဏရှေ့ဆိုင်းထားပါဦး။ အကျိုးယုတ်တတ်၏။ သတိနှင့် ဆင်ခြင်ပါလေ။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကောင်းနေ၏။ တောအမဲလိုက်နိုင်၏။ သားကောင်များ ရှုပ်ရှိ၏။ ခရီးထွက်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ကံစမ်းပေးပါ။ ပေါက်ကိန်းရှိပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ငွေချေးလုပ်ငန်း မလုပ်ရ။ အကျိုးရှိမည်မဟုတ်ပါ။ ရေတွင်း၊ ရေကန် မတူးဖော်ရ။ ရေမြောင်းမဖောက်ရ။ ခိုက်တတ်၏။ လာဘ်တိတ်တတ်၏။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လဆန်းပိုင်းတွင် ကံမကောင်းဖြစ်နေတတ်သော်လည်း လလယ်ပိုင်းနှင့် လကုန်ပိုင်းတွင် ကံကောင်းလာဖွယ်ရှိပါသဖြင့် စိတ်လျှော့ခြင်း၊ အားငယ်ခြင်းမရှိစေရ။ လုပ်မြဲအလုပ်ကိုသာ လုပ်ပါ။ အလုပ်ကြိုးစားပါ။ အခက်အခဲ၊ အတားအဆီးဟူသမျှကို ကျော်လွှားနိုင်ပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

မိတ်ဟောင်းဆွေမျိုးတို့အား ပစ်မထားအပ်။ မိမိတစ်ကိုယ်တည်း ဆုံးဖြတ်လုပ်ကိုင်ခြင်းကို ရှောင်ကြဉ်ပါ။ မိတ်ဆွေ၏ အကြံဉာဏ်ကောင်း၊ အကြံဉာဏ်သစ်များ တောင်းခံခြင်းမပြုဘဲ အလုပ်ကို တစ်ယူသန်၊ တစ်ဇွတ်ထိုးမလုပ်ရ။ ပျက်စီးဆုံးရှုံးတတ်၏။ သတိနှင့် ဆင်ခြင်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စပ်တူလုပ်ငန်း၊ စပ်တူလုပ်ငန်း လုပ်ကိုင်ပါ။ တိုးတက်အောင်မြင်ဖွယ်ရှိ၏။ အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း စပ်တူလုပ်လျှင် အကျိုးပေးပါလိမ့်မည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ခရီးဝေးသွားလျှင် အကျိုးထူးမည်။ သွားပါ။ ကုန်းကြောင်းလမ်း၊ မော်တော်ကား၊ မီးရထားဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်နိုင်၏။ အကျိုးရှိမည်။

### ရှောင်ကြဉ်ရန်အချက်များ

ရေကြောင်းဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း မပြုရ။ လေပြင်းမုန်တိုင်းကြုံရတတ်၏။ ဘေးအန္တရာယ်များပြား၏။ နိုင်ငံခြားကုန်သွယ်မှု မပြုလုပ်ရ။ အရှုံးပေါ်မည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းလုပ်ငန်း၊ ငါးဒိုင်လုပ်ငန်းရပ်များနှင့် အကျိုးမပေးပါ။ ရှောင်ပါ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လူငယ်လူရွယ်၊ သက်လတ်ပိုင်းများအဖို့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လျှင် အတွေ့အကြုံဝါရင့်သူ၊ သက်ကြီးပိုင်း၏ လမ်းညွှန်မှုကို ခံယူပါ။ တိုးတက်အောင်မြင်ရပါလိမ့်မည်။ ငွေချေးလုပ်ငန်း လုပ်ကိုင်ပါ။ အကျိုးပေးမည်။စေ့စပ်နိုင်၏။ ခရီးသွားနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

တောအမဲ၊ သားကောင်မလိုက်ရ၊ ကံညံ့နေတတ်၏။ ဘေးအန္တရာယ်များ စောင့်ကြိုနေ၏။ စေ့စပ်နိုင်ပါသော်လည်း လက်မထပ်ပါနှင့်ဦး။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ အကျိုးယုတ်တတ်၏။ ရေကြောင်းခရီးကိုသာ ရှောင်ပါ။ ခရီးသွားနိုင်၏။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ မှေးမှိန်နေတတ်၏။ ဘာသာရေးလုပ်ငန်း၊ ကုသိုလ်ကောင်းမှု၊ အလှူအတန်းများ ကောင်းစွာလုပ်ပေးပါ။ ကံကြမ္မာအလှည့်အပြောင်းရှိ၏။ ခံစစ်ကိုသာ ကောင်းကောင်းပြင်ဆင်ထားနှင့်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

လုပ်ငန်းတိုးချဲ့ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ထိုးစစ်ဆင်ခြင်း လုံးဝ(လုံးဝ) မပြုရပါ။ အကျုနာလိမ့်မည်။ ပျက်စီးဆုံးရှုံးတတ်ပါသည်။ ထို့ကြောင့် ခံစစ်ကိုသာ ကောင်းကောင်းလုပ်ထားရပါမည်။ အရက်ချက်လုပ်ငန်း မလုပ်ရ။ လိုင်စင်ခံလုပ်သည့်တိုင်အောင် အကျိုးပေးမှုမရှိပါ။ ချစ်ရေးချစ်ရာ သတိနှင့်ဆင်ခြင်ပါ။ သုံးပွင့်ဆိုင်၊ ဖိုခံလောက်အချစ်မျိုး ကြုံတွေ့တတ်၏။ လက်ထပ်ရန် မသင့်သေးပါ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကုန်သည်များအဖို့ ဖောက်သည်ဟောင်း အားပေးမှုဆက်တိုက်ခံရမည်။ ဝင်ငွေရွှင်မည်။ မိတ်ဟောင်းဆွေဟောင်းမပျက်စေနှင့်။ ချစ်သူဝိုင်းဝိုင်းလည်လိမ့်မည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

မိတ်ဟောင်းဆွေဟောင်းကို မပစ်ထားပါနှင့်။ ချစ်သူအပေါ်၌ အေးတိအေးစက် မပြုရ၊ အခွင့်ထူး၊ အခွင့်ကောင်း လက်လွှတ်မခံစေနှင့်။ နစ်နာမှုကြုံတွေ့ရတတ်၏။ ငွေချေးလုပ်ငန်းမလုပ်ရ၊ အလိမ်ခံရတတ်သည်။ ချေးပေးငွေ ပြန်ရမည် မဟုတ်ပါ။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း မလုပ်ရ၊ အကျိုးမရှိပါ။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

Ref:-

တရုတ်နက္ခတ္တဗေဒင်ပညာ၊
၂၀၁၄ ခုနှစ်၊ စက်ဘုမ္မိနိုင်ငံ။



www.burmeseclassic.com

www.burmeseclassic.com



# တရုတ်ဂမ္ဘီရကျမ်းကြီးကြူကုံး

**၏**

# အိပ်မက်အဖွင့်ကျမ်း

● တက္ကသိုလ်မောင်တံခွန်

### (၁) ငှက်သတ္တဝါကို မြင်မက်ခြင်း

(က) ငှက်ငယ်ကလေးများ ခုန်ဆွခုန်ဆွပြုနေသည်ကို မြင်မက်လျှင် ဩဇာအာဏာရှိသူနှင့် မိတ်ဆွေဖြစ်ကာ ပေါင်းဖော်ရပါလိမ့်မည်။

(ခ) လူပျိုက ငှက်ကလေးများ ခုန်ဆွခုန်ဆွပြုနေသည်ကို မြင်မက်လျှင် မကြာမီ သူဌေးသမီးနှင့် အိမ်ထောင်ကျပါလိမ့်မည်။

(ဂ) ငှက်အုပ်ကလေး ပျံသန်းနေသည်ကို မြင်မက်ရပါက မိမိ၏ ဂုဏ်သတင်း နာမည်ထင်ရှား ကျော်ကြားရပါလိမ့်မည်။

(ဃ) သဘော်သားက ငှက်အုပ်ကလေး ပျံသန်းနေသည်ကို မြင်မက်လျှင် ပင်လယ်ရေကြောင်းခရီး ချောမောပေလိမ့်မည်။

(င) ငှက်ကလေးအား သေနတ်ဖြင့် ပစ်ခတ်နေသည်ကို မြင်မက်လျှင် မကြာမီ ကံဆိုးမိုးမှောင်ကျပါလိမ့်မည်။

### (၂) ခြေချော်လိမ့်ကျသည်ကို မြင်မက်ခြင်း

(က) ခြေချော်လိမ့်ကျ(လဲကျ)သည်ကို မြင်မက်လျှင် မိမိနေထိုင်မှုဘဝ ဒုက္ခကျရောက်ရပါလိမ့်မည်။

(ခ) အလုပ်သမားက လိမ့်ကျ(ချော်ကျ)သည်ကို မြင်



www.burmeseclassic.com

www.burmeseclassic.com

မက်လျှင် ဘုမသိ ဘမသိဘဲနှင့် အိမ်ထောင်ကျရ ပါလိမ့်မည်။

(ဂ) လူနာက လိမ့်ကျ(ချော်ကျ)ခဲ့သည်ကို မြင်မက်ပါလျှင် မိမိ၏ ကျန်းမာရေးအခြေအနေ ပိုမိုဆိုးဆိုးဝါးဝါး ဖြစ်ရပါလိမ့်မည်။

(ဃ) တရားခံ၊ အကျဉ်းသားက ချော်ကျနေသည်ကို မြင်မက်လျှင် အကျဉ်းထောင်ထဲတွင် ပိုမိုပင်ပင်ပန်းပန်း လုပ်ကိုင်ရပါလိမ့်မည်။

(င) ကုန်သည်က လိမ့်ကျသည်ကို မြင်မက်လျှင် ဈေးရောင်းရာတွင် အရှုံးပေါ်ပေါက်ရပါလိမ့်မည်။

(စ) ခွန်အားဗလကြီးသူနှင့် စကားပြောရင်း လဲကျသွားသည်ကို မြင်မက်လျှင် ရန်သူနှင့် ပက်ပင်းတွေ့ဆုံကာ အချင်းများ၊ ပြဿနာတက်တတ်ပါသည်။

(ဆ) လူသန်ကြီးနှင့် စကားများ၊ ရန်ဖြစ်လဲကျသည်ကို မြင်မက်လျှင် နာမည်ဂုဏ်သတင်း ကြီးပါလိမ့်မည်။

## (၃) အသားအရေ တွန့်လိမ်တွဲကျနေသည်ကို မြင်မက်ခြင်း

(က) မိမိ၏မျက်နှာ တွန့်လိမ်တွဲကျနေသည်ကို မြင်မက်လျှင် မိမိ၏ကျန်းမာရေးကောင်းမွန်သန်စွမ်းမှု ရှိပါလိမ့်မည်။ ခွန်အားဗလကြီးလာဖွယ် ရှိပေ၏။

(ခ) အိမ်ရှင်မက မိမိ၏ခင်ပွန်းသည် လင်ယောက်ျား မျက်နှာအရေပြား တွန့်လိမ်အရွယ်ကျနေသည်ကို မြင်မက်လျှင် မေတ္တာမျှကာ အချစ်ပိုလိမ့်မည်။ အိမ်ထောင်ရေး ယခုထက် သာယာပျော်ရွှင်ရပါလိမ့်မည်။

(ဂ) အပျိုဖြစ်သူက မိမိ၏မျက်နှာအသားအရေ တွန့်လိမ်ဖြစ်ကာ အရွယ်ကျလာသည်ကို မြင်မက်လျှင် မိမိကိုယ်တိုင် ပိုချောပိုလှလာကာ လူချစ်လူချင်ပေါ်များရပါလိမ့်မည်။ ချစ်သူပေါ်မည်ဖြစ်၏။

(ဃ) ကိုလူပျိုက မိမိ၏မျက်နှာအသားအရေ တွန့်လိမ်ကာ ရုပ်အိုအရွယ်ကျလာနေသည်ကို မြင်မက်ပါလျှင် ချစ်သူပိုင်းပိုင်းလည်ရပါလိမ့်မည်။

(င) လူနာက မိမိမျက်နှာနှင့် ကိုယ်ခန္ဓာအရေပြား (အသားအရေ) တွန့်လိမ်အရွယ်ကျလာနေသည်ကို မြင်မက်လျှင် မိမိ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာပါလိမ့်မည်။

(စ) သူစိမ်း၊ သူများ၊ သူတစ်ပါး၏ မျက်နှာအသားအရေ (အရေပြား) တွန့်လိမ်အရွယ်ကျနေသည်ကို မြင်မက်လျှင် မိမိ စိတ်ပူပင်သောကရောက်ရပါလိမ့်မည်။

(ဆ) မိမိ မိသားစု မျက်နှာအရေပြား(အသားအရေ)တွန့်လိမ် အရွယ်ကျလာနေသည်ကို မြင်မက်လျှင် မိမိ၏ မိသားစုဝင်ငွေ အခက်အခဲဖြစ်ကာ ငွေကျပ်တည်းမှု တွေ့ကြုံရမည်။

## (၄) စာရေးသားသည်ကို မြင်မက်ခြင်း

(က) ပေးစာ၊ ပို့စာ ရေးသားနေသည်ကို မြင်မက်လျှင် မိမိ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ရပါလိမ့်မည်။

(ခ) အိမ်ရှင်မက ပေးစာ၊ ပို့စာ ရေးသားနေသည်ကို မြင်မက်လျှင် နာမည်ဂုဏ်သတင်း ကျော်ကြားလာပါ ပါလိမ့်မည်။

(ဂ) ကုန်သည်က ပေးစာ၊ ပို့စာ ရေးသားနေသည်ကို မြင်မက်လျှင် နိုင်ငံခြားကုန်သွယ်မှု၊ ဖောက်ကားရောင်းဝယ်မှု ပြုရပါလိမ့်မည်။

(ဃ) ရုံးဝန်ထမ်းက ပေးစာ၊ ပို့စာ ရေးသားနေသည်ကို မြင်မက်လျှင် ရာထူးတိုး၊ လစာတိုးမြှင့် ခံစားကြရပါလိမ့်မည်။

(င) တရားသူကြီးက စီရင်ချက်၊ အမိန့်စာ ရေးသားနေသည်ကို မြင်မက်လျှင် အတိတ်နိမိတ်ကောင်း၏။ အမှုပြေလည်မှုရရှိမည်၊ အောင်မြင်မည်။ လူချစ်လူခင်၊ လူရိုသေမှု ခံကြရပါလိမ့်မည်။

(စ) သူစိမ်း၊ သူများ၊ သူတစ်ပါးက ဆောင်းပါးရေးသားနေသည်ကို မြင်မက်လျှင် စိတ်ညစ်သောက ရောက်ရပါလိမ့်မည်။

(ဆ) ဇနီး(မယား)က ဆောင်းပါးရေးသားပြုစုနေသည်ကို မြင်မက်လျှင် လင်မယား သေကွဲ၊ သို့မဟုတ် ရှင်ကွဲ ကွဲကြရပါလိမ့်မည်။

တက္ကသိုလ်မောင်တံခွန်

**Ref:-** တရုတ်ဂမ္ဘီရပညာရှင်ကြီးကုံး၏ အိပ်မက်အဖွင့်ကျမ်း၊ ဟိုင်နန်မြို့၊ တရုတ်ပြည်။ (၁၉၉၃ ခုနှစ်၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်တဘောင်နှင့် ကိုလိုနီခေတ် ဖြတ်သန်းသူ့အစိုးရ


■ လှမိုး[ပညာရေး]

ဥရောပတိုက်၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ပြီး စစ်ရိပ်စစ်ငွေ့များသည် မြန်မာနိုင်ငံသို့ ယှက်သန်းလာခဲ့ပြီဖြစ်၏။ ထိုကာလက ကျွန်တော့်ဖခင်ဖြစ်သူမှာ မင်းဘူးခရိုင်၊ စကုမြို့တွင် အထက်တန်းကျောင်းအုပ်ကြီးဖြစ် အမှုထမ်းဆောင်နေသည်။ ဖခင်ဖြစ်သူမှာ တပည့်များ ပေါများသူဖြစ်ရာ နံနက်လင်းသည်နှင့် ကျောင်းသားဟောင်းများ၊ ဆရာများ၊ မြို့ပေါ်မှ ဖခင်၏မိတ်ဆွေများ ကျွန်တော်တို့အိမ်သို့ ရောက်လာလေ့ရှိ၏။ ဖခင်ဖြစ်သူကလည်း တပည့်တပန်း၊ မိတ်ဆွေများကို လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံသည်။


ကျွန်တော်တို့အိမ်ရှေ့ အုတ်ခုံခြေရင်းတွင် ၁၀ ပေ ပတ်လည်ခန့် ဝါးကွပ်ပျစ်ကြီးတစ်ခုရှိ၍ သင်ဖြူးဖျာများ ခင်းထား၍ လက်ဖက်ရည်ကြမ်းဝိုင်းကို အသင့်ဖြစ်အောင် ကျွန်တော်တို့က ပြုလုပ်ထားရသည်။ ထိုအကြမ်းဝိုင်းသို့ ဧည့်သည်များသည် နံနက်လင်းသည်နှင့် တဖြည်းဖြည်းရောက်လာတော့၏။

ပထမတွင် ဒုတိယကမ္ဘာစစ်ကြီးသတင်း၊ မြန်မာနိုင်ငံမှ နိုင်ငံရေးသတင်း၊ စီးပွားရေးသတင်း ပြောကြရာမှ ရယ်မောစရာ ပုံတိုပတ်စများ၊ ၎င်းတို့၏ အတွေ့အကြုံများ၊ မြို့ပေါ်တွင် ဖြစ်ပျက်နေသည့် သတင်းများ၊ သတင်းစာများတွင် ပါဝင်သည့် နယ်သတင်းများကို အမျိုးမျိုးဝေဖန်ပြောဆိုကြ၏။ ကျွန်တော်တို့အိမ်သားများကမူ ရေနွေးအိုးကို မီးမပြတ်အောင် ထိုးပေးကြရလေသည်။

ထိုစဉ်က ကျွန်တော်မှာ ပဉ္စမတန်း ကျောင်းသားတစ်ဦးဖြစ်သဖြင့် လူကြီးများ ဝိုင်းဖွဲ့ပြောသည်ကို နားထောင်လေ့ရှိ၏။ နေ့ လ၊ရက်ကို မမှတ်မိသော်လည်း ၁၉၄၀ ခုနှစ်ကုန်ဟု ထင်မိသည်။ လူကြီးများ စကားဝိုင်းမှ ဦးဆောင်စကားပြောနေသူမှာ ကျွန်တော့်ဖခင်၏ ကျောင်းနေဖက်ဖြစ်သူ ဦးအိ ဖြစ်သည်။ ဦးအိမှ စကားပြောကောင်းသူတစ်ဦးဖြစ်သည်သာမက ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းများကိုလည်း နှိုက်နှိုက်ချွတ်ချွတ် လေ့လာထားသူဖြစ်ရာ မြန်မာလူမျိုးတို့ ယုံကြည်ကြသော အတိတ်တဘောင်များအကြောင်း ပြောဆိုနေရာမှ ကျွန်တော်တို့မြို့ အရှေ့ကျောင်းရွာ၊ သက်တော်ရှည်ကျောင်းမှ အလွန်တန်ခိုးကြီးသည်ဟု ကျော်ကြားနေသော ဘုရားရုပ်ပွားတော်၌ အမွေးများပေါက်နေကြောင်း၊ သို့ဖြစ်၍ ရပ်ကွက်နေတွင်း



www.burmeseclassic.com



"ဘုရားအမွေးပေါက် ကုလားဖြူ့ဘေးရောက်"ဟု တဘောင်ပေါ်နေသည်ဟု ဆိုသည်။ ထိုတဘောင်သည် ကျွန်တော်တို့မြို့အနီးအနား ကျေးရွာများသို့ တောမီးပမာ ပျံ့နှံ့နေကြောင်း၊ ကုလားဖြူဆိုသည်မှာ ဗြိတိသျှလူမျိုးများကို ဆိုလိုကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးတွင် ဗြိတိသျှတို့ မလွဲမသွေ ရှုံးနိမ့်ရမည်ဖြစ်ကြောင်း ရှင်းပြသည်။ ထိုစဉ်က ထိုကောလာဟလသတင်းများ အုတ်အော်သောင်းတင်း ဖြစ်လာရာ ကျောင်းရွာရှိ သက်တော်ရှည်ကျောင်းတိုက်မှာ ဘုရားဖူးလာရောက်သူများ၊ စူးစမ်းလေ့လာရန် လာရောက်သူများနှင့် ပွဲလမ်းသဘင်ကျင်းပသကဲ့သို့ စည်ကားနေတော့၏။

ထိုသတင်းနှင့်အတူ ကျွန်တော်တို့ခရိုင်တွင် နာမည်ကျော်ကြား လူသိများနေသော ခရိုင်ရာဇဝတ်ဝန် (ခရိုင်ရဲမှူးကြီး)ဖြစ်သူ ဗြိတိသျှအမျိုးသား မစ္စတာပဒီး(လ်)ကိုယ်တိုင် လာရောက်ကြည့်ရှုလေ့လာပြီး ကျွန်တော်တို့မြို့ဂတ်(ရဲစခန်း)မှ ဌာနချုပ်ဖြစ်သူ(စခန်းမှူး)၏ အကူအညီနှင့် အထက်ဖော်ပြပါ "ကုလားဖြူ့ဘေးရောက်" ဆိုသော တဘောင်ကို ကျိန်းချေသည်ဟူသော သတင်းများလည်း ထွက်လာခဲ့သည်။ မည်သို့ ကျိန်းချေသည်ကို မသိရှိရပေ။ ဤသို့အတွင်း "လတောင်စောင်း၊ မင်းလောင်းပေါ်လိမ့်မည်" ဟူသော တဘောင်ပေါ်လာရာ လဆန်းရက်များတွင် လတောင်ဘက်စောင်း၊ မစောင်း လူအများသည် ထွက်ကြည့်ကြသဖြင့် ကျွန်တော်တို့ မြို့တစ်မြို့လုံး အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရသည်။

ထိုသတင်းနှင့်အတူ "လတောင်စောင်း၊ မင်းလောင်းပေါ်လိမ့်မည်"ဟူသော တဘောင်၊ ကောလာဟလကို ပြန်၍ ကျိန်းချေရန် မင်းဘူးအရေးပိုင်၊ (ခရိုင်အုပ်ချုပ်ရေးမှူး) မစ္စတာညြချုပ်သည် မြန်မာပညာရှိများနှင့် တိတ်တဆိတ် စီစဉ်နေသည်ဟူသော ကောလာဟလ သတင်းများလည်း လိုင်လာခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ဥရောပစစ်မျက်နှာတွင် ဗြိတိသျှနှင့် မဟာမိတ်တို့မှာ အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရသည်။ နာဇီဂျာမန်တို့၏ လျှပ်တပြက်စစ်ဆင်ရေးကြောင့် ဥရောပတိုက်နိုင်ငံ အသီးသီးမှာ ရက်အနည်းငယ်အတွင်း လက်နက်ချခဲ့ကြရသည်။ ကြီးမားသော ပြင်သစ်နိုင်ငံအတွင်း နာဇီဂျာမန်တပ်များသည် ထိုးဖောက်ဝင်ရောက်ခဲ့ကြသဖြင့် ဗြိတိသျှနှင့် မဟာမိတ်တို့မှ ဥရောပတိုက်မှ အင်္ဂလန်နိုင်ငံသို့ ဆုတ်ခွာရန် စီစဉ်ခဲ့ရသည်။ သတင်းများ ထွက်ပေါ်လာရာ ယခင် ကျွန်တော်တို့ကြားခဲ့ရသော "ဘုရားအမွေးပေါက် ကုလားဖြူ့ဘေးရောက်" ဆိုသော တဘောင်သည် မှန်ကန်လာခဲ့ပြီသော ဟူသော သတင်းနှင့်အတူ "လိပ်ကြီး လိပ်ကြီး . . . ဂျာပိုင်းဂျာပိုင်း"ဟူသော တဘောင်ပေါ်လာခဲ့သည်။ ယင်းတဘောင်အရ ဗြိတိသျှတို့မှာ နာဇီဂျာမန်တို့ ဝိုင်းဝန်းပိတ်ဆို့ခံရသဖြင့် မကြာမီကာလအတွင်း လက်နက်ချအရှုံးပေးရမည်ဟု ကျွန်တော်တို့က မှတ်ယူထားကြ၏။

မှန်ပါသည်။ ကျွန်တော်တို့သည် အစဉ်အဆက် အတိတ်တဘောင်များကို ယုံကြည်ကြသည်။ အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်၍ သီပေါအရှင်အား ဖမ်းဆီးသွားသည့်အချိန်မှစ၍ ဗြိတိသျှနယ်ချဲ့သမားကို မုန်းတီးကြသည်။ မိမိတို့ဘုရင် မိမိတို့မျှော်ကြသည်။ ဗြိတိသျှနယ်ချဲ့သမားကို နည်းလမ်းအမျိုးမျိုးနှင့် ဆန့်ကျင်ကြသည်။ ဗြိတိသျှတို့စိတ်ဓာတ်ကျစေရန် အတိတ်တဘောင် စနည်းများဖြင့် စိတ်ဓာတ်စစ်ဆင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ဗြိတိသျှအာဏာပိုင်များကလည်း အလိုတော်ရိများ အကူအညီနှင့်ပြန်၍



www.burmeseclassic.com

www.burmeseclassic.com

ကျိန်းချေခဲ့ကြသည်။

ကျွန်တော် မှတ်မိသလောက် သီပေါမင်းပါတော်မူသည်ကို မှီလိုက်ကြသော ကျွန်တော့်ဘကြီးနှင့် အရီးကြီး (ဖခင်၏အစ်မ)တို့သည် သီပေါမင်းပါတော်မူသည်ကို မယုံကြ၊ မည်သည့်အထောက်အထားနှင့်ပြောပြော မယုံ။ သီပေါမင်းသည် မြန်မာမျိုးချစ်များ အကူအညီနှင့် ရှမ်းပြည်နှင့် တရုတ်နိုင်ငံ နယ်ခြားတွင် ခေတ္တတိမ်းရှောင်နေသည်။ အချိန်အခါသင့်လျှင် ဗြိတိသျှတို့အား မောင်းထုတ်၍ ပြန်လာမည်ဖြစ်သည်။ ဗြိတိသျှတို့ ဖမ်းဆီးသွားသူမှာ သီပေါအရှင်မဟုတ်။ သီပေါမင်းနှင့်တူသော မင်းသားတစ်ဦးကို သီပေါဘုရင်ဟုဆိုကာ ဖမ်းဆီးသွားခြင်းဖြစ်သည်ဟုဆိုကာ သီပေါမင်းကို မျှော်ကြသည်။ အတိတ်တဘောင်စနည်းများ ထုတ်၍ စိတ်ဓာတ်စစ်ဆင်ရေး ပြုကြသည်။ ထိုဂယက်သည် ကျွန်တော်တို့ လူလူသူသူဖြစ်သည်အထိ ရိုက်ခတ်ခဲ့၏။ သီပေါမင်း မကြာမီပြန်လာမည်ဟု မျှော်တလင့်လင့်ဖြစ်ကြသည်။ ကျွန်တော့်ဘကြီးနှင့် အရီးကြီးတို့သည် မိမိတို့ မြေးများ၊ တူများကို ကုလားဖြူ(ဗြိတိသျှအစိုးရ)လက်အောက် အမှုထမ်းခြင်း မပြုစေလို။ ကုလားဖြူလက်အောက် အမှုထမ်းသူများသည် သီပေါမင်း ပြန်လာသည့်အခါ အရေးယူခံရမည်၊ အတိတ်တဘောင် စနည်းအရ ကုလားဖြူတွေ ပြေးကြရမည်ဟု ယုံကြည်သည်။ ဘကြီးနှင့် အရီးကြီးတို့သည် ကွယ်လွန်သည်အထိ သီပေါမင်းပြန်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

ဗြိတိသျှအာဏာပိုင်များသည် မြန်မာတို့ တဘောင်စနည်း၊ အတိတ်နိမိတ်တို့ ယုံကြည်သည်ကို သိထားကြသည်။ ဤတဘောင်၊ စနည်းအတိတ်၊ နိမိတ် စသော ကောလာဟလ ပျောက်စေရန်လည်း နည်းလမ်းအမျိုးမျိုးကို ရှာကြသည်။ အလိုတော်ရိများ အကူအညီနှင့်လည်း ကောလဟလများ ပြေပျောက်အောင် ဆောင်ရွက်ခဲ့သည်။ ကျွန်တော်တို့ငယ်စဉ်ကမူ အထက်ဖော်ပြပါ အတိတ်တဘောင် စနည်းများသည် ကျွန်တော်တို့ ခရိုင်တွင်သာ အုတ်အော်သောင်းတင်းဖြစ်ခဲ့သည်ဟု ယူဆမိခဲ့၏။

သို့သော် နောင်အခါတွင် ထိုကာလက ကျွန်တော်တို့ တွေ့ကြုံခဲ့ရသည့်အတိုင်း ဖြစ်ရပ်များ မြန်မာနိုင်ငံ တစ်နံတစ်လျား ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ယခု ရေးသားဖော်ပြမည့် တဘောင်၊ အတိတ်နိမိတ်၊ ကောလာဟလများကို ဗြိတိသျှအာဏာပိုင်များ မည်ကဲ့သို့ ပြန်၍ ကျိန်းချေကြသည်အား ယနေ့ဖတ်ရှုကြရသော မျိုးဆက်သစ်လူငယ်များအဖို့ စိတ်ရှင်လန်းဖွယ်ဖြစ်ရပ်ဖြစ်သည်။ ထိုဗြိတိသျှအာဏာပိုင်များ ကျိန်းချေပုံကို ကွယ်လွန်သူ စာရေးဆရာကြီး လူထုဦးလှက သူ၏အရေးရအသွက်ဆုံး "ကျွန်တော်လေ့သူကြီး"စာအုပ်တွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ပါသည်။ ကျိန်းချေပုံကို မျက်ဝါးထင်ထင် တွေ့ရသူမှာ ထိုကာလက လေ့သူကြီး ဘကြီးရှိန်းဖြစ်ပါသည်။ ဘကြီးရှိန်းမှာ ဟင်္သာတခရိုင် လေးမျက်နှာဇာတိ ဖြစ်သည်။ မိဘမျိုးရိုးမှာ လေ့သူကြီးကုန်သည်များဖြစ်ကြသည်။

ထိုစဉ်ကာလက စကြာမင်းပေါ်လိမ့်မည်ဟူသော တဘောင်မှာ မြစ်ဝကျွန်းပေါ်တစ်ဝန်း တောမီးလောင်သလို ပြန့်လျက်ရှိသည်။ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ပေါ်မည်ကိုမူ မည်သူမျှ တိတိကျကျမသိကြ။ သူပြော၊ ကိုယ်ပြော ပါးစပ်ပြောဂေဇက်များအရ စကြာမင်းအား ရေချခဲ့ရာတွင် ကွယ်လွန်ခြင်းမရှိ။ ဘိုးဘိုးအောင်က တန်ခိုးဖြင့် ကယ်ယူခဲ့ကြောင်း၊ စကြာမင်းသည် သာသနာတော်အား တည်တံ့ပွားများအောင် ဆောင်ရွက်မည့် ဗုဒ္ဓရာဇာဖြစ်ကြောင်း၊ သာသနာ၏ အနှောင့်အယှက်များဖြစ်သော မိစ္ဆာ၊ မျက်နှာဖြူလူမျိုးများအား မြန်မာနိုင်ငံမှ မောင်းနှင်ထုတ်မည်ဖြစ်ကြောင်း၊ ဗုဒ္ဓရာဇာ စကြာမင်း လာရောက်သည့်အခါတွင် သံခမောက်ဆောင်းလေးယောက် နောက်တော်မှ အတူလိုက်ပါလာမည်ဖြစ်ကြောင်း၊ ထိုလေးယောက် အားလုံးသည် ရှိမ်းဆေးယာ ပိုမောက်၍ ကိုယ်ပျောက်နိုင်သော အစွမ်းရှိကြောင်း၊ ကုလားဖြူစစ်သားများ မည်မျှ အင်အားများ၍ စက်သေနတ်များ၊ လက်နက်အသစ်အဆန်းများ ကိုင်စွဲထားစေကာမူ စကြာမင်းနောက်တော်မှ ပါလာသော သံခမောက်ဆောင်း လူလေးယောက်ကို အန်တုနိုင်မည်မဟုတ်ဟု ယုံကြည်ထား၏။

စကြာမင်း နောက်တော်ပါးမှ ပါလာသော သံခမောက်ဆောင်း လူလေးယောက်နောက်တွင် ဆင်ဖြူသုံးစီးပါလာမည် ဖြစ်သည်။ ဆင်ဖြူတော်များပေါ်



www.burmeseclassic.com

www.burmeseclassic.com

တွင် ပိဋကတ်သုံးပုံကိုပါ ပင့်ဆောင်လာ၍ သာသနာပြုမည်ဟုလည်း ဆိုကြသည်။ သာသနာပြုမင်း ကြွလာသည်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ကုလားဖြူများကို တိုင်းတစ်ပါးသို့ မောင်းနှင်ထုတ်ပြီး ဗုဒ္ဓရာဇာစကြာမင်းသည် မြန်မာနိုင်ငံအား စိုးမိုးအုပ်ချုပ် မင်းလုပ်တော်မူမည်ဖြစ်၏။ စကြာမင်း နန်းတက်မှပင် မြန်မာနိုင်ငံတွင် ဘေးဘယာ ဝေးကွာ၍ မြန်မာပြည်သားများအဖို့ ဆီကိုရေချိုး၊ စပါးတောင်လိုပုံသည့်ကိန်း ဆိုက်ရောက်ပေလိမ့်မည်ဟုလည်း ဆိုကြသည်။

ထိုတဘောင် ကောလာဟလမှာ ပုသိမ်၊ ဟင်္သာတ မြစ်ရိုးတစ်လျှောက်သာမက ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ချောင်းငယ်၊ မြောင်းငယ်များအနီး နေထိုင်ကြသော ကျေးရွာသူ၊ ကျေးရွာသားများပါမကျန် ယုံကြည်နေကြသည်။ ယင်းကောလာဟလ တဘောင်သည် ဧရာဝတီ မြစ်ဝကျွန်းပေါ်နေထိုင်ကြသော လူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ခဲ့ရကာ ဗြိတိသျှအစိုးရအဖို့ လူထုအုံကြွ၍ ဗြိတိသျှတို့၏ ကိုလိုနီအုပ်ချုပ်ရေး ယန္တရားကြီးကို ထိခိုက်လာပေလိမ့်ဟု ယုံကြည်ထားကြသည်။ ဗြိတိသျှကော်မရှင်နာ(တိုင်းမင်းကြီး)အား ဗြိတိသျှအလိုတော်ရိ အရာရှိများကလည်း ထိုကောလာဟလ တဘောင်အား ကျိန်းခြေသင့်သည်ဟု အကြံပေးကြသည်။ ကောလာဟလသည် တစ်နေ့တခြား ကြီးထွားလာပါက အတိတ်တဘောင်၊ စနစ်းကို့ကို မျိုးရိုးအစဉ်အဆက် အစွဲအလမ်းကြီးမားခဲ့သော မြန်မာတိုင်းရင်းသားအများသည် ရရာလက်နက် စွဲကိုင်ပေလိမ့်မည်ဟူ၍လည်း ဗြိတိသျှတိုင်းမင်းကြီးနှင့် အာဏာပိုင်များကို အကြံပေးကြသည်။ ဗြိတိသျှအာဏာပိုင်များအဖို့ ဥပဒါန်အစွဲအလမ်းကြောင့် ဘေးအန္တရာယ်ဖြစ်ရမည်ကို စိုးရိမ်လာကြသဖြင့် ထိုကောလာဟလတဘောင်ကို ကျိန်းချေရန် စီမံကြတော့၏။

ဤသို့ ကျိန်းချေရန်ကို အလိုတော်ရိ ပညာရှင်များက ဓာတ်ဆင်ပေးကြသည်ဟူသော ပါးစပ်သတင်းများ ထွက်လာသည်။ ဤသို့ ကျိန်းချေရန် မြစ်ဝကျွန်းပေါ်သွား ဧရာဝတီရေကြောင်းသွားလာရေးကုမ္ပဏီက အကူအညီပေးခဲ့ကြသည်။ ထိုစဉ်ကာလက ဧရာဝတီမြစ်အတွင်း စုန်ဆန်သွားလာသည့် ဧရာဝတီသင်္ဘောအများမှာ အနက်ရောင်ဆေးများ သုတ်ထားလေ့ရှိသည်။ သမ္ဗန်များကိုလည်း အနက်ရောင်ဆေးများ သုတ်ထားသည်ဟု ဆိုသည်။ သို့သော် ထူးထူးခြားခြား ရန်ကုန်မြို့မှ မန္တလေးသို့ ဆန်တက်မည့် သင်္ဘောကြီးကိုမူ ဆေးဖြူများ သုတ်ထားသည်သာမက တွဲထားသော သမ္ဗန်နှစ်စင်းကိုလည်း ဆေးဖြူများ သုတ်ထား၏။ သို့ဖြစ်၍ မြင်ရသူအများအဖို့ အံ့ဖွယ်သူရဲ ဖြစ်ကြရသည်။

ထိုမန္တလေး အဆန်သင်္ဘောကြီး၏ ဦးပိုင်းတွင် အတော်အသင့်ကြီးမားသော အရုပ်တစ်ရုပ်ကို မင်းမြောက်တန်ဆာ ဆင်ယင်ထားပြီး ထိုစဉ်က ပုလိပ်(ရဲသား)နှင့် ဂစ်တာများ ဝတ်ဆင်ထားသော အရုပ်လေးရုပ်ကို သံခမောက်ဆောင်းထား၏။ ရှင်ဘုရင်ရုပ်၏ အနီးတွင် ပေစာထုပ်များ ထား၏။ အမှန်အားဖြင့် ဆေးဖြူသုတ်ထားသော သင်္ဘောနှင့် သမ္ဗန်နှစ်စင်းမှာ ဆင်ဖြူတော်သုံးစီးကို ရည်ရွယ်ထားပြီး သင်္ဘောဦးမှ ရှင်ဘုရင်ရုပ်နှင့် သံခမောက်ဆောင်း စစ်သားရုပ်များမှာ ဗုဒ္ဓရာဇာ စကြာမင်းနှင့် သံခမောက်ဆောင်း စစ်သားလေးဦးအား ရည်မှန်း၍ ကျိန်းချေခြင်းဖြစ်သည်ဟု အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် လေ့သူကြီး ဘကြီးရှိန်းက ဆိုသည်။

ထိုစဉ်ကာလက "ဗေဒါပင် ကမ်းကပ်ရင် နန်းအပ်မှအေး"ဟု တဘောင် ပေါ်လာခဲ့ပြန်သည်။ ဤတွင် ဗြိတိသျှအမျိုးသားတိုင်းမင်းကြီးဖြစ်သူသည် ထိုကောလာဟလတဘောင်ကို ကျိန်းချေရန် စီမံပြန်သည်။ တိုင်းမင်းကြီးသည် မြန်မာပုလိပ်(ရဲ)အရာရှိများ အကူအညီနှင့် ဘိလပ်မြေများကို စည်တွင်းထဲ၍ ကျုံပျော်မြို့နယ် လယ်ကွက်တစ်ကွက်တွင် မြှုပ်ထားသည်။ လယ်သမားများ လယ်ထွန်သောအခါ ထိုဘိလပ်မြေခဲနေသော စည်ကြီးကို တွေ့ကြတော့၏။ ဤတွင် "ကျုံပျော်မှာ စည်ပေါ်၊ ပြည်တော်ရဲ့အရေး ဗေဒါပင်ကမ်းကပ်တော့ နန်းရပါမှအေး" တဘောင်ပေါ်သည်ဟု ကောလာဟလ ထုတ်လွှင့်ဖျေးခဲ့သည်ဟု ဆိုကြပါကြောင်း···။

လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

ကျွန်တော်လေ့သူကြီး
(လူထုဦးလှ)



www.burmeseclassic.com

www.burmeseclassic.com

ယခုအခါတွင် လောကီရေးရာပညာရပ်ကို ဗဟုသုတအလို့ငှာ လိုက်စားသူတို့ ပေါ်များလာခဲ့ပေ၏။ အချို့မှာ ဗဟုသုတအလို့ငှာ လည်းကောင်း၊ အချို့မှာ စပ်စုလိုသော သဘောကြောင့် လည်းကောင်း လေ့လာပြောဆိုနေကြပေ၏။

# မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတောက်စေရန် အစီအမံများ

## မြန်မာဟိန်းကျော်

ယခုအခါတွင် လောကီရေးရာပညာရပ်ကို ဗဟုသုတအလို့ငှာ လိုက်စားသူတို့ ပေါ်များလာခဲ့ပေ၏။ အချို့မှာ ဗဟုသုတအလို့ငှာ လည်းကောင်း၊ အချို့မှာ စပ်စုလိုသော သဘောကြောင့်လည်းကောင်း လေ့လာပြောဆိုနေကြပေ၏။

မှက်မှောက်ခေတ် အစိုးရအဖွဲ့ အဆက်ဆက်တွင်လည်း လောကီရေးရာယတြာများဖြင့် ထောက်ကူပြုကာ စီမံအုပ်ချုပ်နေသည်ကို တွေ့မြင်နေရပေရာ၊ ထိုကဲ့သို့ လောကီရေးရာ အကြံဖြာဖြင့် နိုင်ငံတော်ကို အုပ်ချုပ်ခြင်း၊ မိမိဘုန်းသမ္ဘာ တောက်ရန် စီမံအုပ်ချုပ်ခြင်း အမျိုးမျိုးတို့မှာ ယခုမှပင် ပြုလုပ်နေသည်မဟုတ်ဘဲ ရှေးမင်းအဆက်ဆက်ကပင် ဆောင်ရွက်ခဲ့ကြောင်းတွေ့ရ၏။

မြန်မာ့ရာဇဝင်တွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့သည် လောကီရေးရာ ပညာရပ်များကို မိမိကိုယ်တိုင် မလုပ်သော်လည်း မိဖုရား ကြင်ရာများ၊ စစ်သည်ဗိုလ်ပါများ၊ ဝန်ကြီး၊ ဝန်ကလေးများနှင့် ၎င်းတို့ ကိုးကွယ်သော ဆရာတော်များ လူပုဂ္ဂိုလ်များက စီရင်ပေးလေ့ရှိရာ မိမိသြဇာအာဏာ ရရှိရေးအတွက် ထိုပုဂ္ဂိုလ်တို့မှာ ငြင်းဆန်ခြင်းမရှိဘဲ မကောင်းတာလုပ်တာ မဟုတ်ပါဘူးလေ၊ ကောင်းတာလုပ်တာပဲဟု ရှေ့ရှုတ်ကာ လက်ခံကျင့်သုံးကြတော့၏။

ထိုကဲ့သို့ ဆောင်ရွက်သော ယတြာများမှာလည်း ယတြာ ဆောင်ရွက်နေသည်နှင့်မတူဘဲ ဘုရားတည်ကျောင်းဆောက်ဟုသာ အများမြင်သာအောင် ဆောင်ရွက်ထားရှိကြ၏



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ အများမြင်သာအောင်ပြဆိုပြီး ၎င်းတို့အတွက် အစီအရင် အမျိုးမျိုးကို ထားကြသည်ကိုတွေ့ရပေ၏။

ထိုကဲ့သို့ လက်ခံကျင့်သုံးပြီး စီမံဆောင်ရွက်ရာတွင်… ထိုအစီအရင်များကပဲ စွမ်းသလား၊ တိုက်ဆိုင်မှုကြောင့်ကလားဟု သံသယမဖြစ်ကြဘဲ ထိုအစီအရင်များကို လက်ခံလာကြသည်မှာ ယခုထက်တိုင်အောင်ပင် ဖြစ်နေတော့၏။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ပင်လျှင် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို တွေ့ဆုံရာတွင် သမ္မတအိမ်တော်၏ညှိခန်း၊ အစည်းအဝေးခန်းများတွင် တွေ့ဆုံလေ့မရှိဘဲ၊ "လယ်တောအိမ်" ဟု သမုတ်ထားသော စိုက်ပျိုးရေးသုတေသန အဆောက်အအုံတွင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်သည်ကို တွေ့လာရပေ၏။

နိုင်ငံတော်အစိုးရပိုင် စံပြလယ်ယာတွင် စိုက်ပျိုးရေးဝန်ကြီးကိုယ်တိုင် လေ့လာစိုက်ပျိုးထားသော လယ်ကွက်ထဲမှ အိမ်တော်တွင် သမ္မတကြီးသည် ရှေးဦးစွာ ပါတီစုံဒီမိုကရေစီပါတီမှ ခေါင်းဆောင်များကို တွေ့ဆုံခဲ့၏။

ထို့နောက် ငြိမ်းချမ်းရေးဖော်ဆောင်နေသော အဖွဲ့အစည်းများကို တွေ့ဆုံခဲ့၏။ ထို့နောက် စာနယ်ဇင်းကောင်စီတို့ကို တွေ့ဆုံခဲ့၏။ ထို့နောက် ၈၈ မျိုးဆက်သစ်အဖွဲ့ကို တွေ့ဆုံခဲ့၏။

ထိုအဖွဲ့ လေးဖွဲ့စုလုံးသည် နိုင်ငံတော်အစိုးရအပေါ်တွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ထောက်ပြဝေဖန်နေသော အဖွဲ့အစည်းများဖြစ်၏။

ထိုအဖွဲ့အစည်းများသည် သမ္မတကြီးနှင့် တွေ့ဆုံပြီးနောက် ထောက်ပြဝေဖန်မှုများသည် ယခင်ကထက် လျော့နည်းပျော့ပြောင်းသွားသည်မှာ လက်တွေ့ပင်ဖြစ်လေ၏။

ဤသည်ပင်လျှင် လောကီရေးရာ အစီအမံများကြောင့်ပေလောဟု ထင်မြင်ယူဆစရာဖြစ်ပေါ်လာတော့၏။

ယခုဖော်ပြမည့် အစီအရင်မှာ သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ညောင်ရမ်းမင်းတရားကြီး အင်းဝကို သိမ်းတက်ရန်အတွက် ဗားမဲ့ဆရာတော်က စီရင်ပေးသော အစီအရင်များကို ဗားမဲ့ဆရာတော်ဘုရားကြီး၏ မဟာသိဒ္ဓိကျမ်းရင်းကြီးမှ ထုတ်နှုတ်ဖော်ပြခြင်းပင်ဖြစ်၏။


လောကပညာသည် လေ့လာလိုက်စားပါက စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ ထိုကဲ့သို့ စိတ်ဝင်စားဖွယ်အကြောင်းအရာတို့ကို ကျွန်ုပ်ကိုယ်တိုင် လေ့လာတွေ့ရှိထားသော အချက်အလက်များမှ လည်းကောင်း၊ မူရင်းကျမ်းများမှ ကူးယူဖော်ပြခြင်းဖြင့်လည်းကောင်း ဤမဂ္ဂဇင်းမှ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်းတင်ပြလိုက်ရပေ၏။

*** ➤ ***

## ညောင်ရမ်းမင်းတရားကြီး အင်းဝမြို့သို့ ချီတက်တော်မူခြင်း


သက္ကရာဇ် ၉၅၅ ခုနှစ်တွင် ညောင်ရမ်းမြို့မှ ရတနာပုရ အင်းဝနေပြည်တော်သို့ ချီတက်တော်မူမည်ရှိရာ ဗားမဲ့ဆရာတော်သည် အောက်ပါလေးကျွန်းအဓိပတိ အင်းတော်ကြီးကို ရွှေပြားတွင် လက်ဖွဲ့နှစ်လုံးထိုး၍ ဘဝရှင်မင်းတရားကြီးအား တစ်လုံး အမြဲဆောင်စေတော်မူသည်။ တစ်လုံးကို သန်လျက်တော်အရိုးတွင် သွင်းထားတော်မူစေ၏။

ဤ လက်ဖွဲ့တန်ခိုးဖြင့် အမျိုးမျိုးသော ရန်အပေါင်းတို့ကို နှိမ်နင်းတော်မူ၍ အလိုတော်ရှိသမျှ ပြည့်ဝစုံလင်တော်မူ၏။



လေးကျွန်း အဓိပတိ အင်းတော်


www.burmeseclassic.com



တိပိဋက အတုလ သရဏဂုံ အင်းတော်

ညောင်ရမ်းမင်းတရားကြီးသည် ဤအတုလ သရဏဂုံ အင်းတော်ကြီးကို ရွှေပြားတွင်ချ၍ ခေါင်းအုံးအောက်တွင် ထားပြီးလျှင် စက်တော်ခေါ်လေ၏။ အကျိုးများစွာ ညွှန်း၏။ ယုံကြည်ဖွယ်ရာ လွန်စွာကောင်း လှပေ၏။

အထူးအားဖြင့် နတ် လူတို့ ချစ်မြတ် နိုးခြင်း၊ ဘေးဘယာ ကင်း လွတ်ခြင်း၊ မကောင်းသော အိပ်မက် မမြင်မက်ခြင်း စသော အကျိုးတို့နှင့် ပြည့်စုံစေ၏။



ကျေးဇူးတော်အင်း


**ကျေးဇူးတော်အင်း စီရင်ခြင်း**


ထို့နောက် ဤကျေးဇူးတော်အင်းကို ရွှေပြား (၂)ချပ်တွင် ညီညီချ၍ မျက်နှာ ချင်းဆိုင်ပြီးလျှင် လက်ဖွဲ့ထိုး၊ ဆိတ်ငြိမ် ရာတွင် ဂုဏ်တော်တစ်ထောင် စိပ်၍ ဘောင်းတော်တွင် အမြဲထားလျက် ဆောင်တော်မူလေ၏။



www.burmeseclassic.com

www.burmeseclassic.com





ဣစ္ဆိတာံ အနန္တဂုဏာံ ရွှေယပ်စီရင်ခြင်း

ပြီးနောက် စိတ်နှလုံးတော်အေးမြ၍ ကိုယ်တော်၏ ချမ်းသာခြင်း, စိတ်တော်၏ ချမ်းသာခြင်းမှစ၍ အလိုရှိသမျှသော ကောင်းကျိုး ချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံတော်မူရန် "ဣစ္ဆိတာံအနန္တဂုဏာံ" မည်သော ရွှေယပ်ကို စီရင်၍ ဆက်သွင်းတော်မူ၏။

ဥဒ္ဓံ အရော ဓောအဒ္ဓံ ဥ၊
တိရိယဥ-အသမ္ဘဝံ၊
အဝေရမ-သုပဏ္ဏံ။

ဣတိပိသော၊ ပိသေသေဣ၊ ဣသေသေ ပဋ္ဌနာဓိဣ၊
ဣမိနာ ဘုမ္မိသောတာံဣ၊ ဣသောတိ ပုဒ္ဓံပိတိဣ၊
က စ သ အ ၊ မ အ ဥ၊ န မ ပ ခ ၊
ဂ ဋ္ဌ အမှုမိ ဩကာသေ တိဋ္ဌာဟိ၊
စိစေရ၊ သောသအနိ။

ပြီးမှ ကိုင်ဆောင်လေ၏။

ငှင်းဂါထာကို တစ်ဘက်စီ အတက်အဆင်းသုံးခါရေး။ သုံးခါ သစ်စေးသုတ်ပြီးမှ ရွှေချပြီးလျှင် ဆွမ်း,ပန်း, ရေချမ်း, ဆီမီး, ဖယောင်း , တံခွန် စသော လှူဖွယ်ဝတ္ထုတို့နှင့် တတ်အားသမျှ လေးမျက်နှာရှိသော ဘုရားမှာတင်လှူ၍ တစ်မျက်နှာလျှင် အောက်ပါဂါထာကို (၁၀၈)ခေါက်စီ စုပ်လေ၏။

မှတ်ချက်။ ။ သက္ကရာဇ် ၁၁၉၉ ခုနှစ်တွင် အမရပူရရွှေနန်းကို သိမ်းမြန်းစိုးချုပ် မင်းလုပ်တော်မူသောရွှေဘိုဘုရင်မင်းမြတ်လက်ထက်တော်မှာလည်း သာသနာပိုင် မောင်းတောင်းဆရာတော်ဘုရား၏အမိန့်အရ သမားတော်ဦးဖိုးကတစ်ဆင့် ၁၂၀၃ ခုနှစ် ဥက္ကလာပသို့ ချီတက်တော်မူမည်ရှိရာတွင် ဤရွှေယပ်စီရင်နည်းအတိုင်း စီရင်ဆက်သရာ ယုံကြည်တော်မူလှသဖြင့် မပြတ်ကိုင်ဆောင်တော်မူရာ ဘုန်းသမ္ဘာတိုး၍ ရန်အမျိုးမျိုးတို့ကို အောင်မြင်တော်မူလေသည် ဟု ဆိုလေ၏။

*** ➤ ***

ဆက်လက်ဖော်ပြပါမည် . . .

မြန်မာ့ဟိန်းမိကျော်



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ

# ဝိညာဉ်လောက ယုံကြည်ချက်များ



## ဇာတ်ညွှန်းရေးဆရာ ရွှေပိန်သောင်း၏ ကိုယ်တွေ့ ဥစ္စာစောင့်

ရန်ကုန်နှင့်ပြည် ကားလမ်းတွင် ခရီးသည်အများ ဖူးမြင်နိုင်သော မှော်ဘီမြို့အနီးမှ ဘုရားသုံးဆူနှင့် ညောင်ပင်တစ်ပင်တို့ရှိကြောင်း။ ၎င်းနေရာတွင် သိုက်နန်းရှင် မနန်းငွေ၊ ညီမတော် မနန်းမြနှင့် ၎င်း၏ခင်ပွန်းသည် မောင်နန္ဒတို့ စောင့်ထိန်းရသော အမိကဘုရားသိုက်တစ်ခုရှိကြောင်း။ ၎င်းဘုရားသိုက်မှာ မှော်ဘီမနှင်းစိန်သိုက်နှင့် နီးကပ်လျက်ရှိကြောင်း။ သိုက်နန်းရှင် မနန်းငွေ၏ ညီမတော် မောင်နန္ဒ၏ဇနီး မနန်းမြမှာ ဥစ္စာစောင့်ဘဝမှ လူ့ပြည်လူ့ရွာသို့ သွားရောက်နေထိုင်ပါရစေဟု ခင်ပွန်းသည် မောင်နန္ဒနှင့် အစ်မတော် သိုက်နန်းရှင် မနန်းငွေတို့အား ခွင့်ပန်ပြီး လူ့ပြည်လူ့ရွာသို့သွားခဲ့ရာ ယခုအခါ အဆိုပါ မနန်းမြမှာ အသက် ၂၁ နှစ်ကျော် ၂၂ နှစ်ခန့်သို့ ချဉ်းနင်းဝင်ရောက်၍ ရန်ကုန်မြို့ ၁၁၂ လမ်း၊ အိမ်အမှတ် (----)တွင် နေထိုင်လျက်ရှိသည်။ ယခုအခါဆိုသည်မှာ ၁၃၁၇ ခုနှစ် လွန်ခဲ့သောနှစ်ပေါင်း ၅၈ နှစ်ခန့်က ကာလကို ဆိုပါသည်။

## ဝေဒနာရှင်တို့က လူ့ခါန်းခြင်း

အစ်မတော် သိုက်နန်းရှင် မနန်းငွေမှာလည်း ညီမတော် မနန်းမြ လူ့ပြည်လူ့ရွာတွင် နေထိုင်လျက်ရှိသည်ကို အလွန်အောက်မေ့တမ်းတ လှေး

လှတိုး(စိတ်ပညာ)

www.burmeseclassic.com

ဆွတ်လှသဖြင့် မခွဲခွာရက်နိုင်သောကြောင့် ၁၃၁၆ ခု လွန်ခဲ့သော တပေါင်းလလောက်မှ အစပြု၍ ညီမတော် မနန်းမြနေသော အထက်ဖော်ပြပါနေရာသို့ လိုက်လာပြီး ညီမတော်အား ပူးဝင်စွဲကပ်လျက်ရှိကြောင်း။ ဤကဲ့သို့ ပူးဝင်စွဲကပ်နေစဉ် ၁၃၁၇ ခုနှစ်၊ ကဆုန်လလောက်မှ စတင်ပြီး ၉၆ ပါးသော ဝေဒနာတို့ကို ကုစားခြင်းပြုရာ တစ်စတစ်စ ကျော်ကြားလာသဖြင့် ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များ လာရောက်ကုသခြင်းခံကြရာတွင် ပျောက်ကင်းချမ်းသာသွားကြသော ဝေဒနာရှင်တို့က သဒ္ဓါကြည်ဖြူစွာ ဆေးဖိုးဝါးခများကို လှူဒါန်းပေးကမ်းကြလေသည်။

## ဒုလ္လဘရဟန်း ၉ ပါး

အဆိုပါ ပေးကမ်းလှူဒါန်းသော ဆေးဖိုးဝါးခငွေမှ သိုက်နန်းရှင် မနန်းငွေသည် ပထမအကြိမ် ရဟန်းတော် ၂၅ ပါးတို့အား မုန့်ဟင်းခါးဆွမ်းကပ်ခြင်း။ ဒုတိယအကြိမ် ရဟန်းတော် ၁၅ ပါးတို့အား ဆွမ်းလုပ်ကျွေး၍ တတိယအကြိမ် ၁၃၁၇ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့က ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်၊ ကန်ဘဲ့ ကျောက်ကုန်းနေ လယ်ယာလုပ်စားသူများ၊ ကုမ္ပဏီပိုင်ရှင်၊ ကုမ္ပဏီစာရေး စသည်တို့ကို ဒုလ္လဘရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ရာ ရဟန်းဒါယိကာမ သိုက်နန်းရှင် မနန်းငွေကိုယ်တိုင် ရေစက်သွန်းချ အမျှပေးဝေခြင်းပြုကြောင်း။ ကိုးပါးသော ဒုလ္လဘရဟန်းတို့ကိုလည်း ပုဇွန်တောင်၊ တောင်လုံးပြန်ကျောင်းတိုက်၊ မယ်ဇလီကျောင်းတွင် သီတင်းသုံးနေတော်မူစေ၍ အဆိုပါ ရဟန်းများ ကိုးရက် ဒုလ္လဘရဟန်းအဖြစ်နှင့် ရှိနေစဉ် နေ့စဉ်နေ့တိုင်း ဆွမ်းကွမ်းမှစ၍ ပစ္စည်းလေးပါး ဒါယိကာမပြုသည့်အပြင် ၎င်းကိုယ်တိုင် ရဟန်းများသီတင်းသုံးရာကျောင်းသို့ လာရောက်၍ နေထိုင်မကောင်းသော ရဟန်းများအား ဆေးဝါးကုသပေးကြောင်း။

## ရှင်ပြုမင်္ဂလာအလှူ

၁၃၁၇ ခု၊ ဒုတိယဝါဆိုလဆုတ် ၄ ရက်၊ ၇-၈-၅၅ နေ့က ရဟန်းတော်များ သီတင်းသုံးသော မယ်ဇလီကျောင်းသို့ ၎င်းကုသ၍ ပျောက်ကင်းချမ်းသာသော ဝေဒနာရှင်တို့ကို စုဝေးပြီး ရဟန်းတော်များကို ဖူးမြော်စေခြင်း။ ရဟန်းဒါယိကာမ သိုက်နန်းရှင် မနန်းငွေကိုယ်တိုင် ကျောင်းသို့ရောက်လာပြီး ပျောက်ကင်းသွားကြသော ဝေဒနာရှင်တို့ကို ဓာတ်ပုံရိုက်ယူစေခြင်းများ ပြုလုပ်ကြောင်း။ ၎င်းရဟန်းဒါယိကာမ သိုက်နန်းရှင် မနန်းငွေသည် အထက်ပါနေအိမ်တွင်ပင် ဆက်လက်၍ ရောဂါဝေဒနာများ ကုသပြီး လာမည့်တန်ဆောင်မုန်းလတွင် ထပ်မံ၍ ကိုးဦးသော ကိတ္တိမသားတို့ကို ပဗ္ဗဇ္ဇရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ဦးမည်ဟု သိရှိရကြောင်း ၁၀-၈-၅၅ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့လေသည်။

## ရွှေပိန်သောင်းနှင့် ဥစ္စာစောင့်

ဤတွင် အထက်ဖော်ပြပါ သိုက်နန်းရှင် မနန်းငွေ၏ ဖြစ်စဉ်ကို ရုပ်ရှင်ရိုက်ကူးရန် မင်္ဂလာညွန့်ဖလင်း ဒါရိုက်တာ ဦးညွန့်မောင်အား မနန်းငွေက ခွင့်ပြုရာ ဦးညွန့်မောင်က ဇာတ်ညွှန်းရေးပေးရန် ဆရာရွှေပိန်သောင်းထံ အပ်လေသည်။ ရွှေပိန်သောင်းကလည်း မိမိ၏ဆန္ဒနှင့် ကိုက်ညီ၍ အေးဝမ်းဦးညွန့်မောင်၏ တာဝန်ပေးချက်ကို လိုလိုလားလား လက်ခံလိုက်ပါသည်။

ရွှေပိန်သောင်းသည် ဗုဒ္ဓဘာသာဝင်တစ်ဦး၊ သိုက်သမိုင်းများကိုလည်း ယုံကြည်လေးစားသူ၊ ဥစ္စာစောင့်ရှိသည်ဟူသော အချက်ကိုလည်း လက်ခံသူဖြစ်သည်။ သို့ကြောင့်လည်း အင်္ဂလိပ်အစိုးရလက်ထက်က မြန်မာ့အလင်းသတင်းစာတွင် အခန်းဆက်ဝတ္ထုရှည်ကြီးအဖြစ်နှင့် ချစ်သမျှကို ဝတ္ထုရှည်ကြီးကို ရေးသားခဲ့ရာတွင် ဥစ္စာစောင့်လှူဝင်စား မိန်းမပျိုကလေးကို ဇာတ်ကောင်အဖြစ် အမွှမ်းတင်ခြယ်သကာ သရုပ်ဖော်ခဲ့ပါသည်။ ထိုချစ်သမျှကို ဝတ္ထုရှည်ကြီးမှာ လူကြိုက်များ၍ စာဖတ်ပရိသတ်တောင်းဆိုချက်အရ လုံးချင်းစာအုပ် ထပ်မံ၍ ရိုက်နှိပ်ကာ တွင်ကျယ်စွာ ရောင်းချခဲ့ရလေသည်။

## ကိုယ်တိုင်တွေ့မြင်ခဲ့ပုံ

ရွှေပိန်သောင်းက ဥစ္စာစောင့်ကို သူကိုယ်တိုင် တွေ့မြင်ခဲ့ရပုံအကြောင်းကို ဤသို့ စာစောင်တစ်ခုတွင် တင်ပြခဲ့လေသည်။

ကျွန်တော့်အား ဤကမ္ဘာလောကတွင် ဥစ္စာစောင့်ရှိကြောင်းနှင့် ထပ်လောင်း၍ ပိုမိုယုံကြည်မှုရှိစေရန် ဖန်တီးလိုက်သော အဖြစ်အပျက် သက်သေသာဓကကို တင်ပြလိုပါသည်။

ကျွန်တော်သည် ချစ်သမျှကို ဝတ္ထုရှည်ကြီးကို ရေးသားပြီးနောက် မော်လ



www.burmeseclassic.com

www.burmeseclassic.com

မြိုင်မြို့ သင်္ကြန်ရေသဘင်ပွဲသို့ သွားရောက်၍ ဆင်နွှဲခဲ့ရာ ဂျော်ကမန်ရေကန်ကြီးတွင် ရေနစ်၍ သေငယ်ဇောနှင့် မေ့မြောသွားခဲ့ပါသည်။ ထိုသို့ သေငယ်ဇောနှင့် မြောမေ့နေချိန်အတွင်းတွင် လုပချောမောသူ ဥစ္စာစောင့်မကလေးတစ်ဦးကို ထူးဆန်းစွာ တွေ့မြင်ခဲ့ရပါသည်။ ကျွန်တော်ကိုယ်တိုင် သေငယ်ဇောနှင့် မေ့မြောနေစဉ် တွေ့မြင်ရသော ဥစ္စာစောင့်မကလေးမှာ သစ်ပင်ကြီးကို ကျောမှီ၍ မတ်တတ်ရပ်လျက် စိတ်မရွှင်လန်းသော အမူအရာနှင့် ဂျော်ကမန်ရေကန်ကြီးဘက်သို့ စူးစိုက်၍ ကြည့်ရှုနေပါသည်။ ကျွန်တော့်ကို အရေးယူဂရုစိုက်ခြင်းလည်းမပြု၊ စကားလည်းမပြောပါ။ ဤတွင် ကျွန်တော်သည် ထိုဥစ္စာစောင့်မကလေး၏ အခြေအနေကို ခပ်လှမ်းလှမ်းမှ ရပ်ကြည့်၍ အကဲခတ်နေစဉ် ကျွန်တော့်ကို ရေကန်ကြီးအတွင်းမှ ဆယ်ယူကယ်တင်လိုက်ကြသော မိတ်ဆွေများ၏ ပြုစုယုယမှုကြောင့် သေငယ်ဇောနှင့် မြောမေ့နေရာမှ ပြန်လည်၍ သတိရကာ အသက်ရှင်လာပါတော့သည်။ ထိုဥစ္စာစောင့်မကလေးနှင့် တွေ့ခဲ့ရပုံ အဖြစ်အပျက်ကို ကျွန်တော်သည် သေငယ်ဇောဟူသော အမည်နှင့် ဝတ္ထုရေး၍ ကိုယ်တွေ့ဝတ္ထုစာအုပ်တစ်အုပ် ထုတ်ခဲ့ပါသေးသည်။ သို့ကြောင့်လည်း ကျွန်တော်သည် ဤကမ္ဘာလောကတွင် ဥစ္စာစောင့်ရှိကြောင်းယုံကြည်လျက်ရှိပါသည်။

## မော်ဘီမနင်းစိန်

ဤသို့ ဥစ္စာစောင့်ရှိကြောင်းကို ယုံကြည်လျက်ရှိနေစဉ် ပဲရော့ရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာကိုဖေကြိုင်က ကျွန်တော့်အား အကြောင်းကြားတွေ့ဆုံ၍ နာမည်ကျော် ဥစ္စာစောင့် မော်ဘီမနင်းစိန်အကြောင်းကို ရုပ်ရှင်ဇာတ်ညွှန်းရေးပေးရန် တိုက်တွန်းခဲ့သည်။ ဤတွင် ကျွန်တော်ကိုယ်တိုင်ကလည်း ဥစ္စာစောင့်ရှိကြောင်းကို ယုံကြည်သူဖြစ်ရကား ပဲရော့ကိုဖေကြိုင်၏ အကြံပေးချက်ကို လိုလားစွာ လက်ခံ၍ မော်ဘီမနင်းစိန် အဖြစ်အပျက် ရုပ်ရှင်ဇာတ်ညွှန်းကို လေ့လာစုဆောင်းလျက် ရေးသားသရုပ်ဖော်လိုက်ပါသည်။ ထိုရုပ်ရှင်ဇာတ်ညွှန်းကို ပဲရော့မှ ဒါရိုက်တာ မောင်မောင်စိန်က စီစဉ်ရိုက်ကူးခဲ့ရာ ရုံတင်ပြသသောအခါတွင် လူကြိုက်များ၍ ဝင်ငွေကောင်းခဲ့ပါသည်။ ဤကား ကျွန်တော်၏ ပထမအကြိမ် ရုပ်ရှင်အားဖြင့် ဥစ္စာစောင့်အကြောင်းအရာကို ရုပ်ရှင်ပရိသတ်များက မိတ်ဆက်တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။

## နန်းကေရီအသံထွက်

မော်ဘီမနင်းစိန် ရုပ်ရှင်ဇာတ်ကားမှာ အသံတိတ်ဇာတ်ကား ဖြစ်ပါသည်။ ယခုတစ်ဖန် သမားတော်မကလေး မနန်းငွေ၊ မနန်းမြ ဥစ္စာစောင့်အမြွာညီအစ်မတို့၏ အဖြစ်အပျက်အကြောင်းအရာကို ရုပ်ရှင်အသံထွက်ဇာတ်ကားသို့ တစ်ဆင့်တက်၍ နန်းကေရီအသံထွက်အဖြစ်နှင့် ရုပ်ရှင်ဇာတ်ညွှန်းရေးသားတင်ပြနိုင်ရန် အခွင့်အရေးရရှိပြန်ပါသည်။ ထိုသမားတော်မကလေး မနန်းငွေ၊ မနန်းမြတို့၏ ဥစ္စာစောင့်ညီအစ်မ အကြောင်းအရာကို ရေးသားတင်ပြနိုင်ခွင့် ရရှိခြင်းမှာ မင်္ဂလာညွှန့်ဖလင်းပိုင်ရှင်များဖြစ်သော ဒါရိုက်တာ၊ မင်းသား အောဝမ်းကိုညွှန့်မောင်နှင့် ရုပ်ရှင်အကယ်ဒမီဆုရ မင်းသမီးမေမြင့်တို့ ဇနီးမောင်နှံ၏ အားပေးချီးမြှင့်မှုကြောင့်ပင် ဖြစ်ပါသည်။

ကိုညွှန့်မောင်က ကျွန်တော့်အား သူ၏သမီးကလေးတွင် စွဲကပ်နေသော ဝေဒနာကို အစ်မတော်က ကုသပေး၍ ရောဂါဝေဒနာပျောက်ကင်းသွားပုံ၊ အခြားဝေဒနာရှင်များကိုလည်း အစ်မတော်က အလှူဒါနအတွက် စေတနာရှိသမျှ လှူဒါန်းလိုက လှူဒါန်းစေလျက် အခမဲ့ဆေးကုသပေး၍ ရောဂါသည်များ ပျောက်ကင်းသွားကြပုံကို အကျယ်တဝင့် ပြောပြပါသည်။ သမားတော်မကလေး ဥစ္စာစောင့်မနန်းငွေကို အောဝမ်း ကိုညွှန့်မောင်က အစ်မတော်ဟု ယုံကြည်လေးစားစွာ ခေါ်လေ့ရှိသဖြင့် အစ်မတော်ဟူသော စကားလုံးမှာ ဥစ္စာစောင့် မနန်းငွေကို ရည်ရွယ်ပြောကြားကြောင်းနှင့် ကျွန်တော်က နားလည်ထားပါသည်။

လူ့ပြည်တွင် သမားတော်မကလေး ဖြစ်နေသည့် ဥစ္စာစောင့် မနန်းငွေ၏ တကယ့်အဖြစ်အပျက် နန်းကေရီအသံထွက်ဇာတ်ကားတွင် ထူးခြားဆန်းကြယ်၍ ခေတ်ပေါင်း၊ ခေတ်သစ် ဖြစ်ပျက်ပုံအသွယ်သွယ် ပါရှိသော ဇာတ်လမ်းဇာတ်ကွက်တို့ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဇာတ်ညွှန်းရေးဖွဲ့ထားပါကြောင်း ဇာတ်ညွှန်းရေးဆရာ ရွှေပိန်သောင်းက ဆိုပါသည်။

**လှတိုး(စိတ်ပညာ)**

**စာညွှန်း**

မင်္ဂလာညွှန့်ရုပ်စုံ၊ နန်းကေရီစာစောင်(နေ့စွဲမပါ)။

www.burmeseclassic.com

www.burmeseclassic.com

# ကံကောင်းအောင် ပြုလုပ်နည်း

ကိုကိုမောင်ကြီး

လောကတွင် လူတိုင်းလူတိုင်း ကံကောင်းလိုကြသည်။ ကံမကောင်းချင်သူဟူ၍ မရှိ။ ကံကောင်းဖို့ မျှော်လင့်ထားကြသူများချည်း ဖြစ်သည်။ ကံဆိုသည်မှာ အဘယ်နည်း။ ကံဆိုသည်မှာ အခြားမဟုတ်၊ အလုပ်ဖြစ်သည်။ ကမ္မဆိုသော စကားမှ လာသော မြန်မာစကား ဖြစ်သည်။ ထို့ကြောင့် ကံအလုပ်ကို ကောင်းအောင်လုပ်နေကြဖို့လိုသည်။

ဗုဒ္ဓဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များသည် ကံတရားကို ယုံကြည်သူများ ဖြစ်ကြသည်။ ကံတရားကို မယုံလျှင် ဗုဒ္ဓဘာသာဝင်လည်း မဖြစ်နိုင်။ ဟိန္ဒူဘာသာဝင်လည်း မဖြစ်နိုင်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်သော ကျွန်ုပ်တို့သည် ကံတရားကို ယုံကြည်ရမည်။ ကံတရားကို ယုံကြည်မှသာ ကံအလုပ်ကို ကောင်းအောင်လုပ်နိုင်ကြမည်။ ကျွန်ုပ်တို့သည် ဘဝသံသရာ ခရီးသည်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ ရောက်ရှိလာကြပြီး အနာဂတ်ဘဝသို့ ရှေ့ရှုပြီး သွားနေကြသော ခရီးသည်များ ဖြစ်ကြသည်။ သံသရာမှ မထွက်မြောက်နိုင်သရွေ့ ကာလပတ်လုံး (ဝါ) နိဗ္ဗာန်သို့ မရောက်မချင်း သံသရာဝဲ ဩဃမှ မလွတ်မြောက်နိုင်ဘဲ တစ်သွားတည်းသွားနေကြရမည့်သူများ ဖြစ်သည်။

နိဗ္ဗာန်သို့ မရောက်မချင်း သံသရာခရီးကို သွားနေကြရမည့်အတူတူ အောက်တန်း သံသရာခရီးလမ်းက မသွားဘဲ အထက်တန်း သံသရာခရီးလမ်းအတိုင်း သွားနိုင်ကြမည်ဆိုလျှင် ပိုကောင်းမည်။ အောက်တန်း သံသရာသည် အပါယ်လေးဘုံလမ်း ဖြစ်သည်။ ဒုဂ္ဂတိလမ်းဟု ခေါ်သည်။ အထက်တန်း သံသရာသည် လူ့ဘုံ၊ နတ်ဒေဝါဘုံ၊ ဗြဟ္မာဘုံတို့ သွားသောလမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် သုဂတိလမ်းခရီးသည်များ ဖြစ်ကြဖို့လိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကံတရားကို သံသယမရှိဘဲ လုံးဝယုံကြည်ဖို့လိုသည်။ ကံတရားကို ယုံကြည်မှသာလျှင် ကံအလုပ်ကို ကောင်းအောင် ပြုလုပ်နိုင်ကြမည်။ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားအားလုံးက ဟောကြားခဲ့သော တရားတော်အပေါင်းကို ချုပ်ယူလိုက်လျှင် အကြောင်းအချက်ကြီး သုံးချက်ကို ရရှိပေမည်။ (၁) မကောင်းမှုမှန်သမျှကို ရှောင်ကျဉ်ရမည်။ (၂) ကောင်းမှုမှန်သမျှကို လုပ်ဆောင်ရမည်။ (၃) စိတ်ကို စင်ကြယ်အောင် ပြုလုပ်နေထိုင်ရမည်ဟူ၍ ဖြစ်သည်။ မကောင်းမှုကို ရှောင်ကြဉ်ရမည်ဟူသော ဩဝါဒသည် ဝိနည်းတရားတော်၏ လိုရင်းအချုပ်ဖြစ်သည်။ ကောင်းမှုမှန်သမျှ ပြုနေရမည်ဟူသော ဩဝါဒသည် သုတ္တန်တရားတော်၏ လိုရင်းအချုပ်ဖြစ်သည်။ စိတ်ကို စင်ကြယ်အောင် ပြုလုပ်ရမည်ဟူသော ဩဝါဒသည် အဘိဓမ္မာတရားတော်၏ လိုရင်းအချုပ်ဖြစ်သည်။

ဤဩဝါဒကြီး သုံးရပ်တွင် စိတ်ကို စင်ကြယ်အောင် ပြုလုပ်နေရမည်ဟူသော ဩဝါဒသည် ပဓာနအကျဆုံး ဩဝါဒကြီးဖြစ်သည်။ စိတ်ကို စင်ကြယ်အောင် ပြုလုပ်နေလျှင် မကောင်းမှုကို ရှောင်ကြဉ်နေပြီး ဖြစ်သည်။ ကောင်းမှုကို ဆောင်ယူနေပြီး ဖြစ်သည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကျွန်ုပ်တို့သည် ဒါန၊ သီလ အစရှိသော ကောင်းမှုတုသိုလ်များကို ပြုလုပ်နေကြသည်နှင့်အတူ တစ်ချိန်တည်းမှာပင် နေ့ညမပြတ်စေဘဲ စိတ်ကို စင်ကြယ်အောင်ပြုလုပ်နေရမည်ဖြစ်သည်။ မည်သို့ပြုလုပ်မည်နည်း။

စိတ်ကို စင်ကြယ်အောင်ပြုလုပ်နည်း အမျိုးမျိုးရှိသည့်အနက် အာနာပါန သတိကမ္မဋ္ဌာန်းဟူသော ဝင်လေထွက်လေ ရှုမှတ်ရာတွင် နှာသီးဖျား၌ ဝင်လေထွက်လေ၏ ထိခိုက်မှုကို အာရုံပြု၍ မှတ်ရမည်။ ယင်းသို့မှတ်ရာတွင် ဝင်လေရော ထွက်လေပါ နှစ်ခုစလုံး၏ ထိခိုက်မှုက ထင်ရှားလျှင် ဝင်လေရော ထွက်လေကိုပါ မှတ်ရမည်။ အကယ်၍ ထွက်လေ၏ ထိခိုက်မှုက မထင်ရှားလျှင် ဝင်လေ၏ထိခိုက်မှုကို အထူးအာရုံ၍ မှတ်ရမည်၊ ထိခိုက်မှု ပို၍ထင်ရှားရာကို အထူးအာရုံပြု၍ မှတ်ရမည်၊ နှာသီးဖျား၌ ထိ၍ ထိ၍နေသော ထိခိုက်မှုကို အထူးသတိပြု၍ မှတ်ရမည်။ တစ်ထိတည်း ထိနေသည်ဟု မှတ်ရမည်။ စိတ်က တခြားသို့ မရောက်စေရ။ ထိနေသည်ကိုသာ သိနေရမည်။ ထိုသို့ သိနေပုံသည် ရင့်သန်လာသောအခါ သမာဓိဟူသော စိတ်စွမ်းအင်သည် အားကောင်းသည်ထက် အားကောင်းလာလိမ့်မည်၊ ဤကား ပထမအဆင့် ဖြစ်သည်။

နှာသီးဖျားကို ဝင်လေက ထိနေသောအခါ ထိနေသောလေက ရုပ်ဖြစ်သည်။ ထိနေသည်ကိုသိ၍ သိ၍နေသည်က နာမ်ဖြစ်သည်၊ ထိသောလေ ရုပ်နှင့် သိသောစိတ်နာမ်ကို မရောယှက်စေရ။ ပိုင်းခြားပြီး သိနေရမည်။ ပိုင်းခြားပြီး သိနေခြင်းကို ရင့်သန်လာအောင် အဆက်မပြတ် လေ့ကျင့်နေရမည်။ ယင်းသို့ ရုပ်တရားနှင့် နာမ်တရားကို ပိုင်ပိုင်နိုင်နိုင်ကြီး ပိုင်းခြားနိုင်လာသောအခါ ယင်းသို့ ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်သည် နာမရူပ ပရိစ္ဆေဒ ဉာဏ် ရရှိနေလိမ့်မည်၊ ထိုအခါတွင် ထိနေသော လေရုပ်သည်လည်း ငါမဟုတ်၊ ထိမှန်းသိနေသော နာမ်သည်လည်း ငါမဟုတ်ဟူသော အမြင်မှန်ကို ရနေလိမ့်မည်။ ယင်းအမြင်မှန်ကို သံသယမရှိဘဲ ပိုင်ပိုင်နိုင်နိုင်ကြီး ရနေသောအခါ ထိုယောဂီသည် စူဠသောတာပန်ဓာတ်ကို ရလေပြီဟူ၍ မှတ်ယူပေတော့။ ထိုအခါတွင် အပါယ်လေးဘုံသွား အောက်တန်းသံသရာလမ်းသည် ပိတ်သွားလိမ့်မည်။ သုဂတိဘုံသွား လမ်းကြောင်းပေါ်သို့ ရောက်သွားလိမ့်မည်။ ဆက်လက်၍ ပွါးများရမည်မှာ ဝင်လေထွက်လေတို့၏ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားဟူသော လက္ခဏာရေးသုံးပါးကို သိမြင်ဆင်ခြင်ရမည်၊ အသက်ကို မရှူဘဲမနေနိုင်သောကြောင့် ဝင်လေကို ရှူသွင်းရ၏။ သို့သော်လည်း ထိုဝင်လေသည် အမြဲမတည်ရှိဘဲ ပြန်လည်ရှိုက်ထုတ်ရမည့် ထွက်လေအဖြစ်သို့ ပြောင်းသွားပြန်သည်။ ထွက်လေသည်လည်း အမြဲမတည်ရှိဘဲ ကိုယ်ခန္ဓာအတွင်းသို့ပြန် လည်ရှူသွင်းရမည့် ဝင်လေကို နေရာဖယ်ပေးရ၏။ ဤသို့အားဖြင့် ဝင်လေရော ထွက်လေရော မမြဲမတည်ရှိဘဲ ဝင်တစ်လှည့်၊ ထွက်တစ်လှည့်ဖြင့် အနိစ္စတရားကို ဖော်ဆောင်နေရပေတော့သည်။ အသက်မရှူဘဲလည်း မနေနိုင်။ ရှိုက်ထုတ်ခြင်းမပြုဘဲလည်း မနေနိုင်ဟူသော ဖြစ်စဉ်သည် ဆင်းရဲဒုက္ခတရား ဖြစ်သည်။ အသက်မရှူချင်ပါဘူး ဟူ၍လည်း နေ၍မရ။ ထွက်လေကို မထုတ်ချင်ပါဘူးဟူ၍လည်း နေ၍မရ။ မိမိတို့အလိုသို့ မလိုက်၊ မိမိက အစိုးမရဘဲ သူ့သဘော သူဆောင်နေခြင်းသည် အနတ္တတရား ဖြစ်သည်။ ဤသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးတရားသုံးပါးကို သိမှတ်နေမည်ဟုဆိုလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်တရားသို့ ရရာရကြောင်းကို ဧကန်မုချ ကျေးဇူးပြုလိမ့်မည်။ ဤကား ဒုတိယအဆင့် ဖြစ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သော ပထမအဆင့်နှင့် ဒုတိယအဆင့် လုပ်ငန်းနှစ်ရပ်ကို အဆက်မပြတ် လုပ်နေသည်ဟုဆိုလျှင် ယောဂီပုဂ္ဂိုလ်၏ စိတ်နှလုံးသည် စင်ကြယ်နေလိမ့်မည်။

စိတ်ကို စင်ကြယ်အောင် ပြုလုပ်မှုနှင့် ပတ်သက်၍ မိမိစိတ်ကို အစဉ်မပြတ် စစ်ဆေးနေဖို့ လိုသည်။ သင်တို့ ကျွန်ုပ်တို့သည် နှလုံးသား၌လည်းကောင်း၊ ဦးနှောက်တွင်လည်းကောင်း လောဘ၊ ဒေါသ၊ မောဟဟူ

www.burmeseclassic.com

သော အကုသိုလ်ဟိတ် သုံးပါး(ဝါ) အကုသိုလ် ဟေတု သုံးပါးက တစ်ဖက်၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော အကုသိုလ်ဟိတ် သုံးပါးတို့က ဘစ်ဖက် သူ့ အတွဲနှင့်သူ အားပြိုင်လျက် ရှိနေကြသည်။ လောဘ ဟေတုနှင့် အလောဘဟေတုတို့က တစ်တွဲအားပြိုင် တိုက်ခိုက်နေကြသည်။ မောဟဟေတုနှင့် အမောဟ ဟေတုတို့က တစ်တွဲ အားပြိုင်တိုက်ခိုက်နေကြသည်။ ကုသိုလ်နှင့် အကုသိုလ်ဟူသော ဆန့်ကျင်ဘက်တရား အစုံအစုံတို့သည် ဒွန်တွဲရင်း လွန်ဆွဲအားပြိုင်နေကြ သည်။ ယင်းသို့ အားပြိုင်နေသော တိုက်ပွဲအသီးသီးတွင် ကျွန်ုပ်တို့သည် သတိတရားကို လက်ကိုင်ထားကာ အကုသိုလ်ဆန့်ကျင်ရေးအတွက် ကုသိုလ်နှင့်ပေါင်းရ မည်။ ကုသိုလ်၏ ဘက်တော်သားအဖြစ် ပါဝင်ရမည်။ အကုသိုလ်ကို အမြဲတမ်းတွေ့အောင် ရှာဖွေပြီး တိုက်ခိုက် နေရမည်။

ဤသို့ တိုက်ခိုက်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ မနောကံအလုပ်၊ ဝစီကံအလုပ်၊ ကာယကံအလုပ် ဟူသော ကံအလုပ်သုံးပါးကို အမြဲတမ်း စစ်ဆေးနေရမည်။ တစ်စုံတစ်ရာကို ကြံစည်မိလျှင်ဖြစ်စေ၊ လိုချင်စိတ်ဖြစ် လာလျှင်ဖြစ်စေ ထိုစိတ်သည် အကုသိုလ်ကိုဖြစ်သော စိတ်လော၊ မကောင်းမှုကို ဖြစ်စေသောစိတ်လော၊ သူတစ်ပါးကို ထိခိုက်နစ်နာစေသောစိတ်လော ဟူ၍ စစ် ဆေးရမည်။ အကုသိုလ်စိတ် ဖြစ်နေမှန်းသိလျှင် ထိုစိတ် ၏ ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ်စိတ်ကို ပွားများ လိုက်ရမည်။ ကိုယ်ကျင့်တရားဖြင့် အကုသိုလ်ဟု ယူဆရ သော စိတ်အလုပ်၊ ဝစီကံအလုပ်၊ ကာယကံအလုပ်တို့ကို ရှောင်ကြဉ်လိုက်ရမည်။ ဤနည်းအားဖြင့် မကောင်း သောစိတ်၊ မစင်ကြယ်သောစိတ်၊ အပြစ်ရှိသောစိတ် နောက်ဆုတ်သွားလိမ့်မည်။ လျော့ပါးသွားလိမ့်မည်။ မှေး မှိန်သွားလိမ့်မည်။ ကောင်းသောစိတ်၊ အပြစ်ကင်းသော စိတ်၊ စင်ကြယ်သောစိတ်တို့သည် တစ်ဆင့်ပြီးတစ်ဆင့် အားကောင်းလာလိမ့်မည်။ ထိုအခါ မိမိ၏ အတိတ်ဘဝ များက ပါရှိလာသော အကုသိုလ်အကျိုးဆိုးများသည် အားနည်းသွားပြီး မိမိတို့ပြုလုပ်ခဲ့သော ကောင်းမှု ကုသိုလ်များ၏ ကောင်းကျိုး စွမ်းအင်များသည် မိမိတို့၏ နှလုံးအိမ်၌လည်းကောင်း၊ ဦးနှောက်အတွင်း၌လည်း ကောင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်း အသီးသီး၌လည်း ကောင်း အင်အားကြီးမားလာပြီး ကောင်းကျိုးချမ်းသာ အသီးသီးကို ဧကန်မုချ ပေးဆောင်လာလိမ့်မည်။

စိတ်၏ စင်ကြယ်မှုကို ပြုလုပ်ရာတွင် ဗုဒ္ဓမြတ်စွာ ဘုရား၏ ဂုဏ်တော်ကိုးပါးကို အနက်အဓိပ္ပာယ်နှင့်တကွ တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး မိမိ၏စိတ်ဖြင့် ပွားများ နေရမည်။ ပဋ္ဌာန်း ၂၄ ပစ္စည်းတရားကိုလည်း (အကျဉ်း အားဖြင့်ပင် ဖြစ်လင့်ကစား) အနက်အဓိပ္ပာယ်နှင့်တကွ မိမိ၏စိတ်၌ အပြန်ပြန်အလှန်လှန် ပွားများနေရမည်။ ရတနာသုံးပါးနှင့် စပ်လျဉ်းသော ဂါထာမန္တန် အသီးသီး ကိုလည်း အနက်အဓိပ္ပာယ်နှင့်တကွ စိတ်၌ ပွားများခြင်း နှင့် ရွတ်ဆိုခြင်းများ ပြုလုပ်နေရမည်။ ဤနည်းအားဖြင့် ကုသိုလ်စိတ်များ အဆက်မပြတ် ဖြစ်ပေါ်တိုးပွားနေ လိမ့်မည်။ ထိုအခါ စိတ်၏စင်ကြယ်မှုကို အဆက်မပြတ် ရရှိနေလိမ့်မည်။ ဤသို့ရရှိသော ကောင်းမှုကုသိုလ်ကို လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့အားထက်သန်စွာ အမျှပေး ဝေပြီးနောက် မိမိရလိုယူလိုသော ဆန္ဒဆုတောင်းကို မိမိ၏စိတ်အစဉ်သို့ ဝင်ရောက်သွားစေရမည်။ ထိုအခါ နေရာဌာနနှင့် အချိန်အခါကိုလိုက်၍ သင်၏ဆုတောင်း အသီးသီးတို့သည် ထိုက်သင့်အားလျော်စွာ ပြည့်စုံလာ လိမ့်မည်။

အချုပ်အားဖြင့်ဆိုသော် သင်၏ စိတ်စေတနာ သည် ကုသိုလ်နှင့် အကုသိုလ်တို့၏ တိုက်ပွဲအစဉ်တွင် ကုသိုလ်၏ ဘက်တော်သားအနေဖြင့် အကုသိုလ်စိတ်ကို သတိမလစ်ဘဲ အဆက်မပြတ် တိုက်ခိုက်နေရမည်။

ဤသည်တို့ကား ကံကောင်းအောင် ပြုလုပ်နည်း ပင်ဖြစ်ကြောင်း ဆောင်းပါးရှင်အနေဖြင့် မိမိဉာဏ်မီသမျှ တင်ပြရခြင်း ဖြစ်ပါသည်။

**ကိုကိုမောင်ကြီး**



www.burmeseclassic.com

www.burmeseclassic.com

# “ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ” အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆.၂.၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရှေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရစတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅.၈.၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃.၃.၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄.၁၀.၁၉၉၉) တနင်္ဂနွေနေ့တွင် မူလသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ဟောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁.၉.၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇.၃.၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် ဓာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈.၃.၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဟာကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း။ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄.၁.၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ပိန်းတောလေးကျေးရွာ ကျောင်းတော်မှုရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉.၂.၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း။ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆.၁၀.၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာကျောင်းတော်မှု ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀.၁.၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒာနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေ တွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး


| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ

| | |
|---|---|
| လာဘ်မိုးစွေစာပေ | ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅ |
| နာယကဆရာတော် | ဖုန်း - ၀၉-၇၃၁၃၉၃၃၆၊ ၀၉-၄၂၀၂၃၅၄၅၈ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉-၅၁၁၉၄၀၇ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ယတြာ

# ပြောင်းပြန်လုပ်လိုက်မယ်

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်ကာလ သင်္ကြန်ရုံးပိတ်ရက်အတွင်း ကျွန်တော်သည် ဆရာမင်းသိင်္ခနှင့်အတူ မော်ဘီမြို့ရှိ သူပိုင်ဆိုင်သော ခြံတစ်ခြံအတွင်း အပန်းဖြေ အနားယူလျက်ရှိကြစဉ် ကျွန်တော်က…

"ဆရာရေးခဲ့တဲ့ လုံးချင်းဝတ္ထုတွေထဲမှာ 'ပုဏ္ဏားဘကွန်း'ကို ကျွန်တော် အကြိုက်ဆုံးဆိုတာကိုတော့ ပြောပြခဲ့ပြီးပြီနော်။ အဲဒီ ဝတ္ထုထဲက ဇာတ်ဝင်ခန်းတစ်ခန်းကို အခုထိုင်နေရင်း သတိရမိတာကို ပြောပြချင်ပါတယ်။ ရွှေတိဂုံဘုရားစောင်းတန်းတစ်နေရာမှာ ပုဏ္ဏားဘကွန်း ဗေဒင်စပေါတဲ့နေ့မှာ ဗေဒင်ကြည့်မယ့်လူတစ်ယောက် သူ့ဆီကိုရောက်လာပြီး ဗေဒင်မေးတယ်။ ဘကွန်းက သူ့မွေးနေ့သက္ကရာဇ် သိရတာနဲ့ မဟာဘုတ်တိုင်ထူပြီး တွက်ချက်တယ်။ မယားနဲ့ ကွဲကိန်းမြင်တယ်လို့ ဟောတော့ ဗေဒင်မေးသူက မကွဲအောင်လုပ်ပေးလို့ မရဘူးလားဆိုပြီး ပြန်မေးတယ်။ ဒီတော့ ဘကွန်းက မရဘူးလို့ ဖြေတယ်။ အဲဒါ ဟိုလူက မကွဲအောင် ယတြာလေးဘာလေး လုပ်ပေးလို့မရဘူးလားဆိုပြီး အားကိုးတကြီးနဲ့ မေးပြန်တယ်။ ဗေဒင်စပေါခါစဆိုတော့ ဘကွန်းဟာ ယတြာပေးတာတို့ ယတြာချေတာတို့ဆိုတဲ့ ပညာတွေအကြောင်း ကြားတောင် မကြားဖူးသေးဘူး။ နောက်ပြီး ဗေဒင်တွက်ချက်နည်း၊ ဟောနည်းကျမ်းစာအုပ်ကို အသေဆုပ်ကိုင်ထားသူ ဖြစ်လေတော့ ဘာယတြာမှ လုပ်လို့မရဘူး။ ကွဲကိန်းရှိရင် ကွဲကိုကွဲမှာပဲလို့ အပြတ်ပြောချလိုက်တယ်။ ဒီတော့ ဗေဒင်မေးသူက စိတ်ပျက်ဒေါသထွက်ပြီး ဗေဒင်ဟောခ ငွေငါးမတ်ကို ဆောင့်ဆောင့်အောင့်အောင့်နဲ့ ချထားခဲ့တယ်။ ဘကွန်းဆီ အလည်လာတဲ့ သူ့ဆရာ ကိုရင်ကြီးဟာ အဲဒီဖြစ်စဉ်ဖြစ်ရပ်ကို အစအဆုံး မြင်ရ၊ ကြားလိုက်ရတော့ ဗေဒင်မေးသူ ခပ်ဆောင့်ဆောင့်နဲ့ ထွက်ခွာသွားတာကိုကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မောတယ်။ ပြီးမှ ဘကွန်းကို ဆုံးမတယ်။ လက်တွေ့ပညာပေးတယ်"

"ကိုရင်ကြီးဟာ ဘကွန်းနဲ့ တစ်ညလိုက်အိပ်ပြီး ပြောစရာရှိတာတွေကို ပြောပြတယ်။ ဗေဒင်ဟောတဲ့အခါ ယတြာပေးတတ်ရင် ဗေဒင်ဆရာလာဘ်ရွှင်နိုင်ပုံကို ရှင်းပြတယ်။ နောက်တစ်နေ့မှာ ကိုရင်ကြီးဟာ ပုဏ္ဏားဘကွန်းရဲ့ အင်္ကျီအဝတ်အစားတွေ ခဏငှားဝတ်ပြီး ဗေဒင်ဆရာယောင်ဆောင်တယ်။ စောင်းတန်းက ဘကွန်းရဲ့ အလုပ်စားပွဲမှာထိုင်ပြီး ဗေဒင်လာမေးမယ့်လူကို မျှော်တယ်။ ဘကွန်းကတော့ သူနဲ့ မလှမ်းမကမ်းမှာထိုင်ပြီး အခြေအနေကို အကဲခတ်စောင့်ကြည့်နေတယ်။ အဲဒီအချိန်မှာ ဗေဒင်မေးမယ့်လူတစ်ယောက် ဝင်လာတယ်။ ကိုရင်ကြီးက သူ့မွေးသက္ကရာဇ်ကို မေးမြန်းပြီး မဟာဘုတ်တိုင်ထူ တွက်ချက်တယ်။ ကိုရင်ကြီးက အဲဒီလူရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အချစ်ရေးပြဿနာ၊ လက်ရှိငွေရေးကြေးရေးပြဿနာ၊ ကြုံတွေ့ရတော့မယ့် ဘေးအန္တရာယ်တွေကို ဒိုးဒိုးဒေါက်ဒေါက်နဲ့ ပြောချလိုက်တယ်။ ဟိုလူက သိပ်အံ့ဩသွားပြီး သူ့အတွက် ဟောချက်တွေဟာ သေွးထွက်အောင်မှန်နေကြောင်း၊ သိကြားမင်းဆင်းပြီး ဟောရင်တောင် ဒီလောက်မှန်နိုင်မယ် မဟုတ်တဲ့အကြောင်း ချီးကျူးတယ်။ ပြီးတော့ သူတွေ့ကြုံရမယ့် ဘေးအန္တရာယ်တွေက လွတ်အောင်၊ အချစ်ရေးပြဿနာ ပြေလည်အောင်နဲ့ စီးပွားရေးအခြေ



www.burmeseclassic.com

www.burmeseclassic.com

အနေ ပြန်ကောင်းလာအောင် ယတြာ ချေပေးဖို့ ကိုရင်ကြီးကို မေတ္တာရပ်ခံ တယ်"

"ကိုရင်ကြီးဟာ လွန်ခဲ့တဲ့နေ့တုန်း က ဝါးဆိုဖယောင်းတိုင်တစ်တိုင်နဲ့ ရွှေ မင်ပုလင်းကလေးတစ်လုံးဝယ်ပြီး အဲဒီ ဖယောင်းတိုင်ကို မီးနဲ့ နည်းနည်းအပူ ပေးတယ်။ အပေါ်ယံကို ရွှေမင်သုတ် တယ်။ ရွှေမင်သုတ်ထားတဲ့ ဖယောင်း သားပေါ်မှာ နမောတဿတို့၊ စခဇဝ ဗျည်းစာလုံးတို့ကို အပ်နဲ့ခြစ်ထွင်းပြီး ရေးထားတယ်။ ဒါဟာ ယတြာဖယောင်း တိုင် လုပ်နည်းပဲလို့ ဘကွန်းကိုပြော တယ်၊ ပြတယ်။ အဲဒီဖယောင်းတိုင်ကို အသင့်ဆောင်ယူလာတဲ့ ကိုရင်ကြီးက အခု ဗေဒင်မေးနေသူကို ပြပြီးတော့ ဒီယတြာ ဆေးဖယောင်းတိုင်ကို အိမ်က ဘုရားစင်မှာ ထွန်းလိုက်ပါ။ ပြဿနာ အားလုံး ပြေလည်သွားလိမ့်မယ်လို့ ပြောပြ၊ ရှင်းပြတယ်။ ဟိုလူက ယတြာ ဖယောင်းတိုင်အတွက် ဘယ်လောက် ကျသလဲဆိုပြီး မေးတော့ ကိုရင်ကြီးက တြင်းကြေး၊ နဝင်းကြေး ၃၆ ကျပ် ကျ တယ်လို့ ဖြေတယ်။ ဟိုလူက ဗေဒင် မေးခ ငါးမတ်နဲ့ ယတြာဆေးဖယောင်း တိုင်ဖိုး ၃၆ ကျပ်ကို ကျေကျေနပ်နပ် ကြီး ထုတ်ပေးပြီး ကိုရင်ကြီး စီရင်ထား တဲ့ ယတြာဆေးဖယောင်းတိုင်ကို ယူ သွားတယ်"

ဆရာမင်းသိခ်သည် ကျွန်တော် ဇာတ်ကြောင်းပြန်ပြောပြနေသော သူရေး သားခဲ့သည့် ပုဏ္ဏားဘကွန်း လုံးချင်း ဝတ္ထု ပထမတွဲစာအုပ်ပါ ဇာတ်ဝင်ခန်း တစ်ခန်းကို စိတ်ရှည်စွာ နားထောင်နေ ရာမှ…

"အင်း…ဆရာကိုကျော်ဝင်းက တော်တော့်ကို မှတ်မိနေတာပဲ။ ခင်ဗျားရဲ့ မှတ်ဉာဏ်ကိုတော့ ကျွန်တော်အံ့ဩမိ တယ်ဗျာ။ ကိုင်း…ဆက်ပြောပါဦး"

ဟု ဆိုလေရာ ကျွန်တော်က လည်း မဆိုင်းမတွပင်…

"တကယ်တော့ ကို  ြကီးဟာ ဗေဒင်လာမေးသူ ဝင်လာကတည်းက သူ့ဝတ်စားထားပုံနဲ့ ဂိုက်ဆိုက်ကိုကြည့် ပြီး ဒီလူဟာ စပါးပွဲစားတစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာ ချက်ချင်းအကဲခတ် မိတယ်။ ဒါပေမယ့် တဲ့ကြီးမဟောသေး ဘဲ သွယ်ကာဝိုက်ကာနဲ့ ပညာသားပါပါ ဟောတယ်။ စပါးပွဲစားတွေရဲ့ ဝတ်စား ဆင်ယင်ပုံ၊ ဖောင်တိန်အပေါ်စားကိုင် တတ်ကြပုံ၊ စပါးသွားဝယ်တဲ့အခါ ရွာ သူကြီးရဲ့အိမ်မှာ တည်းခိုလေ့ရှိကြပုံ၊ မြာပွေတတ်တဲ့ စပါးပွဲစားဟာ သူကြီး သမီး၊ ဒါမှမဟုတ် သူကြီးရဲ့ခယ်မနဲ့ ရှုပ် တတ်ကြပုံတွေကို သူက ကောင်း ကောင်းကြီးသိထားတယ်။ ဒါ့အပြင် သတင်းစာ နေ့စဉ်ဖတ်လေ့ရှိတဲ့ ကိုရင် ကြီးဟာ လတ်တလောဖြစ်ပေါ်နေတဲ့ ဆန်စပါးဈေးကွက်အခြေအနေနဲ့ နောင် မကြာခင်မှာ ပြောင်းလဲသွားနိုင်တဲ့ အခြေအနေတွေကိုလည်း သိရှိနေတယ် လေ။ ဒါ့ကြောင့်လည်း အဲဒီ စပါးပွဲစား ကို သူ့ရဲ့ လက်ရှိအခြေအနေနဲ့ ဖြစ်လာ နိုင်မယ့် အနာဂတ်အခြေအနေတွေကို ရဲရဲဝံ့ဝံ့ဟောပြီး ယတြာဖယောင်းတိုင် ပေးလိုက်နိုင်တာကိုးခင်ဗျ။ ကိုရင်ကြီးက ဒီလိုနည်းနဲ့ ပုဏ္ဏားဘကွန်းကို ဗေဒင် ဟောနည်းရော၊ ယတြာပေးနည်းပါ လက်တွေ့သရုပ်ပြ ပညာပေးလိုက်တာ ကိုးခင်ဗျ"

"ဆရာရဲ့ ပုဏ္ဏားဘကွန်း လုံးချင်း ဝတ္ထုက ဇာတ်လမ်းဖွဲ့ပုံ၊ ဇာတ်ကွက်ချပုံ တွေဟာ သိပ်ပြီး ပညာသားပါလွန်းတဲ့ အပြင် မက်လုံးရော၊ ငြိလုံးပါ အပြည့် အဝ ပါနေတော့ ကျွန်တော်ပြန်ပြီး အကြိမ်ကြိမ်ဖတ်မိနေတာ။ ဖတ်လို့မဝ နိုင်အောင် စွဲမိနေရတာပေါ့ ခင်ဗျာ"

ဟု အားပါးတရ ချီးကျူးလိုက် မိလေ၏။ ထိုအခါ ဆရာ မင်းသိခ်က-

"အဲဒီ ပုဏ္ဏားဘကွန်းလုံးချင်းဝတ္ထု ထဲမှာ ကျွန်တော့်ရဲ့ ဇာတ်ပို့ ကိုရင်ကြီး က အဓိကဇာတ်ဆောင် ပုဏ္ဏားဘကွန်း ကို ဗေဒင်ဟောနည်းနဲ့ ယတြာပေးနည်း အတွက် လက်တွေ့သရုပ်ပြ ပညာပေးခဲ့ သလို ကျွန်တော်ကလည်း ဗေဒင် လောကမှာ ဗေဒင်ဆရာလေးတစ် ယောက်ကို ပညာပေးပြီး ကူညီခဲ့ရဖူး တယ်ခင်ဗျ။ ကြုံခဲ့ရပုံက ဒီလို..ဒီလို"

"တောင်ကြီးမှာ စပြီး ဗေဒင် လက္ခဏာဟောခဲ့တဲ့ ကျွန်တော်ဟာ ရန်ကုန်ရောက်လာတော့ ရွှေတိဂုံဘုရား ရင်ပြင်ထောင့်တစ်နေရာမှာ စပြီး လုပ် ငန်းအခြေတည်ခဲ့ရတယ်။ တစ်နေ့မှာ တော့ ကျွန်တော့်ရဲ့ ဘေးဘက်မလှမ်း မကမ်း ကစ်နေရာမှာ ဗေဒင်ဆရာ လူငယ်လေးတစ်ယောက် ပြဿနာ တက်နေတာကို တွေ့ရတယ်။ သူ့ဆီမှာ အဲသည်နေ့မနက်ပိုင်း ဗေဒင်လာကြည့် တဲ့သူ လူမျိုးခြား အသားမည်းကပြား တစ်ယောက်က သူ့ရဲ့မိန်းမ အိမ်ပေါ်က ဆင်းသွားကြောင်း၊ အိမ်ပေါ်ပြန်တက် လာအောင် လုပ်ပေးစေလိုကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အကူအညီတောင်းတော့ အဲဒီဗေဒင် ဆရာလေးက သူ့ကို ယတြာဆေး ဖယောင်းတိုင်တစ်တိုင် လုပ်ပေးတယ်။ ယတြာဖိုး ကျသင့်ငွေ ၄၀ိ တောင်းတယ်။ အဲဒီ ယတြာဆေးဖယောင်းတိုင်ကို ဒီည ၉ နာရီတိတိမှာ ထွန်းပါ။ ကိုးရက်အတွင်း ခင်ဗျားရဲ့မိန်းမ အိမ်ပေါ် ပြန်တက်လာလိမ့်မယ်လို့ ပြောတယ်။ အဲဒီလူကလည်း ကျေကျေနပ်နပ်နဲ့ ငွေ ၄၀ိ ထုတ်ပေးပြီး ဖယောင်းတိုင်ကို ယူသွားတယ်"

"ဒါပေမယ့် နေ့ခင်းလောက်မှာပဲ အဲဒီလူ ပြန်ရောက်လာတယ်။ ဖယောင်းတိုင် ပြန်ပါလာသလို သူ့အပေါင်းအသင်းတွေလို့ ယူဆရတဲ့ လူလေးယောက်လည်း ပါလာတယ်။ သူတို့က အဲဒီယတြာဆေးဖယောင်းတိုင်ကို ပြန်ယူပါ၊ ငွေ ၄၀ိ ပြန်ပေးပါဆိုပြီး တောင်းတယ်။ ဖြစ်ပုံက ဒီလိုခင်ဗျ။ ဗေဒင်လာမေးပြီး ယတြာဆေးဖယောင်းတိုင်ကို ယူသွားခဲ့တဲ့လူဟာ သူ့အိမ်ကို အပြန်လမ်းမှာ အပေါင်းအသင်းတွေနဲ့ ဆုံမိကြတော့ သူဗေဒင်ကြည့်ခဲ့တဲ့အကြောင်းနဲ့ ယတြာဆေးဖယောင်းတိုင် ယူလာခဲ့တဲ့အကြောင်း သူတို့ကို ပြောပြတယ်။ သူ့အပေါင်းအသင်းတွေက ဒါဟာ မင်းသက်သက် အလိမ်ခံရတာပဲ။ ဒီဖယောင်းတိုင်ထွန်းရင် မင့်မိန်းမ ပြန်လာလိမ့်မယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ လာ‥လာ‥ငါတို့ ဘုရားရင်ပြင်ကို သွားပြီး ငွေပြန်တောင်းကြမယ်။ တကယ်လို့ အဲဒီဗေဒင်ဆရာက ငွေပြန်မပေးဘဲ ယီးတီးယားတားလုပ်နေရင် ငါတို့ ဝိုင်းဆော်ကြမယ်ဆိုပြီး လာခဲ့ကြတာဗျ။ ဗေဒင်ဆရာလေးကလည်း သဘောတူလို့ ယူသွားပြီးတဲ့ ယတြာဆေးဖယောင်းတိုင်ကို သူပြန်လက်မခံနိုင်ကြောင်း၊ ဒါ့ကြောင့် ငွေကိုလည်း ပြန်ပေးမှာ မဟုတ်ကြောင်း ပြောတယ်။ အခြေအနေ ဆိုးရွားတော့မယ်ဆိုတာကို အကဲခတ်မိတော့ ကျွန်တော်ဟာ သူတို့အနားကို လျှောက်သွားတယ်။ အကျိုးအကြောင်း အစအဆုံး မေးမြန်းတယ်။ ပြီးတာနဲ့ ကျွန်တော်က ဗေဒင်ဆရာလေးကို သူတို့ဆီက ဖယောင်းတိုင်ပြန်ယူပြီး ငွေ ၄၀ိ ပြန်ပေးလိုက်ဖို့ ပြောတယ်။ ဗေဒင်ဆရာလေးက ကျွန်တော့်ကို ကြောင်ပြီးကြည့်နေတယ်။ ကျွန်တော်က ဟေ့လူတွေ၊ အဲဒီဖယောင်းတိုင် ကျုပ်ကိုပြန်ပေး။ ရော့ဟောဒီမှာ ခင်ဗျားတို့တောင်းနေတဲ့ ငွေ ၄၀ိ။ ကျုပ်က အဲဒီဖယောင်းတိုင် ပြန်ရချင်း ဓာက်ထိုးထွန်းပစ်လိုက်မယ်လို့ ပြောတော့ သူတို့တစ်တွေ ရုတ်တရက် မျက်နှာပျက်သွားကြတယ်။ ဖယောင်းတိုင်ကို ပြန်မပေးသေးဘဲ သူတို့အချင်းချင်း တီးတိုးတီးတိုးနဲ့ တိုင်ပင်နေကြတယ်"

"ကျွန်တော်ကလည်း စိတ်မရှည်တော့ဘဲ ဟေ့လူတွေ၊ ဖယောင်းတိုင် ပြန်ပေးကြ။ ပိုက်ဆံပြန်ယူပြီး ဒီနေရာက မြန်မြန်ထွက်သွားကြလို့ ခပ်မာမာ ပြောတော့ သူတို့အထဲက ခေါင်းဆောင်ဖြစ်ဟန်တူသူဟာ ရိုကျိုးလှတဲ့ မျက်နှာပေးမျိုးနဲ့ ကျွန်တော်တို့ ငွေပြန်မတောင်းတော့ပါဘူး။ ဒီဖယောင်းတိုင်ကိုလည်း ပြန်ယူသွားပါ့မယ်ဆိုပြီး ထွက်သွားကြတယ်"

"ဗေဒင်ဆရာလေးဟာ ဝမ်းသာကျေးဇူးတင်လွန်းလို့ ကျွန်တော့်ရှေ့မှာ ဒူးတုပ်ထိုင်ချပြီး ဦးသုံးကြိမ်ချရှာတယ်။ ပါးစပ်ကလည်း‥‥

ဆရာကြီးရဲ့ ကျေးဇူးကို ကျွန်တော် တစ်သက်လုံးမေ့မှာ မဟုတ်တော့ပါဘူးခင်ဗျာ။ နောက်ကိုလည်း ကျွန်တော့်ကို ညီငယ်တစ်ယောက်လို စောင့်ရှောက်ပေးသွားပါ။ တပည့်အရင်းတစ်ယောက်လို သဘောထားပြီး ဆုံးမပါ။ ပညာပေးပါ။ ခိုင်းစရာရှိရင် ခိုင်းပါ‥‥လို့ ပြောရှာတယ်။ သူဟာ ကျွန်တော့်ကို အင်မတန်မှ အထင်ကြီးတဲ့ မျက်နှာပေးနဲ့ မေးလိုက်တာက‥‥

ဆရာကြီးရယ်‥‥ယတြာ ဖယောင်းတိုင်ကို ဓာက်ထိုးထွန်းရင် ဘာဖြစ်သွားနိုင်ပါသလဲ ဆရာ‥ဆိုပြီး စိတ်ဝင်စားစွာနဲ့ မေးတယ်။ ကျွန်တော်က ဖယောင်းတိုင်ဆိုတာမျိုးဟာ ရိုးရိုးထွန်းရင် ပုံမှန်လောင်တယ်၊ ဓာက်ထိုးထွန်းရင်တော့ မြန်မြန်လောင်ပြီး မြန်မြန်ကုန်သွားတာပေါ့ကွာလို့ ပြန်ဖြေလိုက်တယ်လေ"

ကျွန်တော်သည် ဆရာမင်းသိခ်၏ အထက်ပါ စကားများကို ကြားလိုက်ရသည့်အခါ အူလှိုက်သည်းလှိုက် ရယ်မောမိရလေ၏။ ဆရာမင်းသိခ်သည် သူတစ်ပါးကို အလွန်ပင် ရိုင်းပင်းကူညီတတ်သူဖြစ်ပြီး စိတ်ရင်းစိတ်ဓာတ်ကောင်းသူ ဖြစ်၏။ မာန်မာနထောင်လွှားခြင်း၊ ကြွားဝါပြောဆိုခြင်း ကင်းသူဖြစ်ကြောင်း အထက်ပါဖြစ်ရပ်က ဖော်ပြလျက် ရှိပေ၏။

**မနသမကျော်ဝင်း**(အမျိုးသားစာပေဆု)



www.burmeseclassic.com

www.burmeseclassic.com

# အမွေအစစ် အမွေအနှစ်

ညွှန့်ဟံ(ကြူတော)

အမွေစား အမွေခံဆိုသည့် ဝေါဟာရက အတော်ပင်ကျယ်ပြန့်သည်ဟု ဆိုချင်၏။ အမွေခံ ပတ်ဝန်းကျင်ကောင်းကို အလိုရှိကြသည်။ တစ်ဆက်တည်းမှာပင် ထိန်းသိမ်းခြင်း မြှင့်တင်ခြင်းရှိဖို့ လိုအပ်သည်ဟု မှတ်ယူကြပြီးဖြစ်သည်။ မိမွေ၊ ဖမွေ အမွေအနှစ် အမွေခံသားကောင်း စသည်ဖြင့် သုံးနှုန်းပေ၏။ အမွေခံ ထိုက်မှုအရာ၌ ယဉ်ကျေးသိမ်မွေ့ မွန်မြတ်မှုကို ရှေ့တန်းတင်ရန်လည်းဖြစ်၏။ အထူးသဖြင့် တရားအမွေ၊ ဓမ္မအမွေ၊ ယဉ်ကျေးမှု အမွေအနှစ်များက ပဓာနကျစွာ ပါဝင်လေသည်။ နိုင်ငံတကာ အတွေးစုများလည်းဖြစ်၏။ မြင်နိုင်လုပ်နိုင်သည့် ရုပ်ဝတ္ထုပစ္စည်း၊ သာသနိက အဆောက်အအုံ၊ တစ်ခေတ်တစ်ခါက အမှတ်အသား ယဉ်ကျေးမှု မော်ကွန်းကမ္ပည်းတင်၊ မှတ်ကျောက်တင်နိုင်သည့် ဂုဏ်ယူဖွယ်အမှတ်အသားများကား ထင်ရှားသင့်၏။ ရုပ်ဝတ္ထုဆိုင်ရာ ပစ္စည်းများကို အကြောင်းပြု၍ စိတ်ပိုင်းဘဝ ယဉ်ကျေးမှုနှင့် ကြည်ညိုသဒ္ဓါစိတ်လည်း





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရသည်များလည်း ရှိ၏။ လက်ဆင့်အမွေအနှစ်ကောင်းများသည် မပျောက်ပျက်သင့်သည်မှာ အထင်အရှား ပါဝင်၏။ သမိုင်းကြောင်းနှင့်လည်း ဆိုင်၏။ ထင်ဟပ်တင်ပြချင်သော အကြောင်းရပ်တစ်ခု ရှိပေသည်။ ပုဂံခေတ်သမိုင်းနှင့် ယဉ်ကျေးမှုတွင် History နှင့် Legend ဒဏ္ဍာရီတို့ ရောပြွမ်းပေရာ တုတ်ထမ်းဓားထမ်း ငြင်းခုံကြရသည်များ ရှိ၏။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်မှ ဆရာကြီး ဦးဖေမောင်တင်က ပြောဖူးပေသည်။ ရာဇဝင်ကို တုတ်ထမ်းဓားထမ်း မပြောပါနှင့်။ တူရွင်းကိုင်ပြီး ပြောကြပါဟု ဆိုလေသည်။ တူရွင်းဖြင့်မြေကို တူးဆွသကဲ့သို့ တူးတူးဆွဆွ နှိုက်နှိုက်နှဲ့နှဲ့ဖြင့် ခြေခြေမြစ်မြစ် ဖော်ထုတ်ခြင်း၊ အထောက်အထား ခိုင်ခိုင်မာမာပြုခြင်းဖြင့် ယဉ်ကျေးမှုကို ဖော်ထုတ်သင့်သည်ဟု ဆို၏။ သမိုင်းနှင့်ယဉ်ကျေးမှုကား ဆက်စပ်၏။ သစ်ပင်တစ်ပင်နှင့် တူ၏။ သမိုင်းမပါသော ယဉ်ကျေးမှုသည် အမြစ်မပါသော သစ်ပင်နှင့် တူသကဲ့သို့ ယဉ်ကျေးမှုမပါသော သမိုင်းသည် အကိုင်းအခက်အလက် ဝေဝေဆာဆာ မရှိသော သစ်ပင်နှင့်တူကြောင်း ပညာရှင်တို့ ဆိုမိန့်ကြဖူးပေသည်။ သို့ဖြစ်၍ တူးဆွဖော်ထုတ်ခြင်းကား လက်တွေ့ကျကြောင်း တွေ့ရလေသည်။

ဖြစ်စဉ်များစွာက ဤသဘောကို ညွှန်ပြ၏။ Light of the world ဟု ဆိုရသည့် လောကကို အလင်းရောင်ပေးခဲ့သော ဗုဒ္ဓမြတ်စွာ၏ အမှတ်အသားများသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်မှ ယနေ့တိုင် တည်တံ့၏။ ဓမ္မအမွေလည်းဖြစ်၏။ ဗုဒ္ဓမြတ်စွာလက်ထက်က အရိပ်အဆင် အမှတ်အသားများကား တည်တံ့ဆဲဖြစ်ကြောင်း ယခုတိုင် ဖူးမြော်ကြည်ညိုရဆဲဖြစ်၏။ ကြည်ညိုသဒ္ဓါစိတ်နှင့်အတူ ဘုရားကျောင်းကန်၊ စေတီပုထိုး၊ သာသနိက အဆောက်အအုံများသည် ဗုဒ္ဓဖူးပွင့်တော်မူပြီး ကာလတွင် ဒေသအနှံ့တွေ့ရသည်။ အိန္ဒိယနိုင်ငံတွင် ဘုရားပွင့်ခဲ့ပြီး နိုင်ငံအနှံ့ ဒေသအဖြာဖြာ ထွန်းလင်းစေရာတွင် သာသနိကလက်ရာများစွာ ခေတ်တစ်လျှောက် ယဉ်ကျေးမှုအရ တည်တံ့ခိုင်မြဲခဲ့၏။

နိုင်ငံနယ်နိမိတ်ကို ကျော်လွန်ခဲ့၏။ အာရှတစ်လွှားကူးစက်ခဲ့၏။ တရုတ်နိုင်ငံတွင် ကျောက်တောင်များအကြား ဆေးရေးနံရံပန်းချီ၊ ကျောက်ထွင်းလက်ရာများစွာနှင့်အတူ ရုပ်တုဆင်းတုများ တရုတ်မင်းဆက်များ၏ ယဉ်ကျေးမှုနှင့်အတူ တွေ့ရ၏။ အာဖဂန်နစ္စတန်နိုင်ငံ၌လည်း ခံ့ညားသော လက်ရာရှိကြောင်း တွေ့ရ၏။ ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံများတွင် အထင်အရှား သမိုင်းဝင်ယဉ်ကျေးမှု အစုဝင်အဖြစ် တွေ့ရဆဲဖြစ်၏။ ထို့အတူ အခြားနိုင်ငံများ၌ တူးဖော်လျှင် ရှိနိုင်၏။ မြန်မာနိုင်ငံကား အထူးပြောဖွယ် မရှိ။ အိန္ဒိယနိုင်ငံမှ ရင်းဒေသ ဗုဒ္ဓဂယာကား လူသိများပြီး ဖြစ်၏။ ဗုဒ္ဓ၏ ဓမ္မအလင်းရောင်နှင့် သဒ္ဓါတရားဖြစ်ဖွယ် သာသန ာ လက်ရာ မြတ်နိုးစရာ ဖြစ်၏။ ရှာဖွေလေ တွေ့ရှိ ဆိုသကဲ့သို့ မှတ်ယူရပါမည်။

မကြာမီက နိုင်ငံရပ်ခြား သတင်းတစ်ပုဒ်ကို တွေ့လိုက်ရသည်။ မလေးရှားနိုင်ငံထုတ် The Star သတင်းတစ်ပုဒ်ဖြစ်၏။ "New discovery at Lumbini" ဟူ၍ဖြစ်၏။ လုမ္ဗိနီ၌ အသစ်ရှာဖွေ တူးဖော်ရရှိခြင်းဟု အဓိပ္ပာယ်ရ၏။ လုမ္ဗိနီသည် နီပေါနိုင်ငံတွင် တည်ရှိ၏။ လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော်က စာရေးသူသည် မြန်မာနိုင်ငံ သတင်းစာအဖွဲ့ဝင်အဖြစ် ရောက်ခဲ့ဖူး၏။ မြို့တော် စတ္တာမန္ဒူနှင့် အတန်ကွာဝေး၏။ ထိုစဉ်က ယခုကဲ့သို့ မစည်ကားသေး။ မယ်တော်မာယာကန်၊ အာသောကမင်းကြီး ကမ္ပည်းကျောက်တိုင်စာ၊ ဗုဒ္ဓဖွားမြင်ရာနေရာတို့ကို လေ့လာခဲ့ဖူး၏။ သဒ္ဓါကြည်ညိုစိတ် ပြင်းပြစရာဖြစ်၏။ ထိုစဉ်ကပင် ကမ္ဘာ့ကုလသမဂ္ဂပညာ သိပ္ပံ ယဉ်ကျေးမှု ထိန်းသိမ်းရေးအဖွဲ့၏ အသိအမှတ်ပြုခြင်း ခံရခဲ့ပေပြီ။ သက်တမ်းနှင့် ယဉ်ကျေးမှု လက်ရာကြောင့် ဖြစ်၏။

ဗုဒ္ဓသာသနာသမိုင်းတွင် မြန်မာတို့က သီရိဓမ္မာသောကမင်းကြီးဟု လူသိများသော အိန္ဒိယနိုင်ငံက အင်ပါယာဘုရင် အာသောကမင်း၏ သာသနာရေးကြိုးပမ်းချက်က ထင်ရှား၏။ ရေတွင်းပေါင်း ရှစ်သောင်း



www.burmeseclassic.com

www.burmeseclassic.com

လေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် လှူခဲ့၏။ ဘုရားပုထိုးစေတီများနှင့် သာသနိက လက်ရာများစွာ တည်တုံ့စေ၏။ နိုင်ငံတကာသို့ သာသနာပြုစေလွှတ်၏။ ပြုလုပ်ခဲ့လေသမျှလုပ်ငန်းအတွက် ကမ္ပည်းကျောက်စာ ရေးထိုးရာတွင် ကျောက်စာပေါင်း နှစ်ထောင်ကျော်ရှိသည်ဟု ဆိုပါသည်။ အာသောက ကျောက်စာကား လူသိထင်ရှား အမှတ်အသားဖြစ်၏။ ထိုခေတ်သည် ဘီစီငါးရာစုဖြစ်လေသည်။

ယခု သတင်းက တစ်မူထူး၏။ လုမ္ဗနီတွင် သာသနိကကျောင်းတော် ရှိခြင်းဖြစ်၏။ နိုင်ငံတကာ ရှေးဟောင်းသုတေသနပညာရှင်များက ဖော်ထုတ်လျက်ရှိ၏။ ဘီစီသုံးရာစုက လက်ရာဟု ခန့်မှန်းကြပေရာ အာသောက ဘုရင်ထက် နှစ်နှစ်ရာစောသည်ဟု ယူဆကြရသည်။ မြေအောက်နစ်မြုပ်လျက်ရှိသော အဆောက်အအုံနှင့်အတူ သစ်ပင်ကို တွေ့ရ၏။ ဗုဒ္ဓမြတ်စွာ သိဒ္ဓတ္ထမင်းသား မီးရှူးသန့်စင်ဖွားမြင်ရာ နေရာမြတ်ဖြစ်၏။ အဟောင်းဆုံးလက်ရာကို နောက်ဆုံးမှ တွေ့ရှိခြင်းဟု ဆိုရပါ၏။ အိန္ဒိယနိုင်ငံ နယ်နိမိတ်နှင့် ၃၁ ကီလိုမီတာအကွာတွင်ဖြစ်လေသည်။ ဗုဒ္ဓဘာသာဝင်များ အလွန်အမင်း စိတ်ဝင်စားကြသည်။ တူးဖော်ဆဲနေရာကို ရဟန်းသံဃာတော်များ ကြည်ညိုရှိခိုး ပူဇော်သည့်ပုံကို တွေ့နိုင်ပေသည်။ နေရာတော်မြတ် အမွေကောင်း၊ အမွေအနှစ်ဖြစ်လေသည်။

အရောင်အဝါထွန်းပြောင်သော မမွှအနှစ်နှင့်အတူ ရုပ်ပိုင်းဆိုင်ရာ လက်ရာများစွာ နေရာအနှံ့ ရှိဦးမည်ဟု ထင်၏။ မြန်မာနိုင်ငံတွင် ပေါ်တော်မူဘုရားဟု မကြာခဏ တင်စားကြ၏။ မြေအောက်မှရရှိသော ဆင်းတုတော်၊ ရုပ်တုတော်များက ဒုနှင့်ဒေး။ တည်ရှိခဲ့သည့် ခေတ်ကို အမျိုးမျိုး ခန့်မှန်းကြရသည်။ ဝေးကွာသော ခေတ်က လက်ရာက ပို၍တန်ဖိုးရှိကြောင်း နားလည်ကြရပေသည်။ မြန်မာနိုင်ငံတွင် မမျှော်လင့်သော တွေ့ရှိမှုများပေသည်။ မြေပေါ်တွင် သိသာသော်လည်း မြေအောက်အမွေအနှစ်ကောင်းက ခန့်မှန်းရ ခက်ခဲလှပေသည်။

ဆင်းတုတော်၊ ရုပ်တုတော်များကို အကြောင်းတိုက်ဆိုင်စွာ ကံထူးစွာ ရှာဖွေတူးဖော် ဖော်ထုတ်ရမှုများကြုံရတတ်သည်။ စာရေးသူမြင်တွေ့ရသော ထူးခြားသော အသစ်တွေ့ရှိမှု တစ်ခုအကြောင်း ဖြစ်၏။ နှစ်အတန်ကြာက ပဲခူးမြို့သို့ စာရေးဆရာများနှင့် လေ့လာခရီးထွက်ရင်း မြို့ပြင်ရှိ ကျောင်းဝင်းတွင် မြေအောက်စေတီတစ်ဆူ တူးဖော်ခဲ့ခြင်းဖြစ်၏။ မြေအောက် အတော်နက်သော နေရာဖြစ်၏။ ဉာဏ်တော်လည်း မြင့်၏။ ထုထည်လည်း ကြီးမား၏။ အုတ်ကြီးများနှင့် စီရင်ထားသည်။ အုတ်များ၏ အရည်အသွေးကောင်းပြီး ကြီးမားခိုင်ခံ့၏။ အရည်အသွေးကောင်းပေရာ ပုဂံခေတ်လောက်ကဟု ခန့်မှန်းရသည်။ ခေတ်မီနည်းပညာဖြင့် စမ်းသပ်နိုင်ရန် ကျွမ်းကျင်သည့်နိုင်ငံသို့ ပေးပို့ထားသည် ဆို၏။ များသောအားဖြင့် ပေါ်တော်မူဘုရားသည် ဆင်းတုတော်၊ ရုပ်တုတော်များဖြစ်၏။ ယခုသော် စေတီပုထိုး မြေအောက်တွင် ဖုံးမြှော်ခွင့်ရနေခြင်း ဖြစ်လေသည်။ ကံထူးသည်ဟု ဆိုချင်၏။

အမျိုးဘာသာ သာသနာ ထွန်းကားစေမှုတွင် တရားအဆီအနှစ် ပြန့်ပွားခြင်းနှင့်အတူ သဒ္ဓါစိတ်ကို ဖြစ်ပေါ်စေသည့် လက်ရာမွန် ရှေးဟောင်းလက်ရာများကလည်း ကြီးမားစွာ အထောက်အကူပြု၏။ သမိုင်းဝင်ဘုရားဟု ကမ္ပည်းတင်တတ်ကြ၏။ စေတီပုထိုး ကျောင်းကန်မြင်လျှင် နိဝါတနှင့် ဂါရဝတရား ထားတတ်သော မြန်မာဗုဒ္ဓဘာသာဝင်များသည် ရှေးဟောင်းလက်ရာများကို တွေ့ရှိလေတိုင်း မြတ်နိုးနှစ်သက် ဝင်းလက်သော အသိဉာဏ် ဝေဆာကြသည်။ နောင်တွင် ဗုဒ္ဓအမွေအနှစ်များ မည်မျှတွေ့ရှိပါဦးမည်နည်း။ ခန့်မှန်းရခက်လှ၏။ ရှာဖွေ၍ တွေ့ရှိမှု၊ မရှာဖွေဘဲ တွေ့ရှိမှုတိုင်းက သာသနာတော်၏ အကျိုးစီးပွားချည်းဖြစ်၏။ အမွေအစစ် အမွေအနှစ်ကောင်းများချည်း ဖြစ်ပါ၏။

ညွန့်ဟံ (ကြူဒေး)



www.burmeseclassic.com

www.burmeseclassic.com

# ပရိယတ္တိ သာသနာပြုနေသူများ

● ပြည်ရွှေဘိုဆရာတော်(ရန်ကုန်)

ထူးဆန်းသော စကားတစ်လုံးရှိသည်။ ဘယ်လောက်ထူးဆန်းသလဲလို့ ဆိုရပါမူ ကမ္ဘာတွေ အသင်္ချေရှိပါသော်လည်း ထိုစကားလုံးသည် ကမ္ဘာတိုင်း ကမ္ဘာတိုင်း ဖြစ်လေ့မရှိပါ။ ယနေ့ကမ္ဘာ၌ လူဦးရေများစွာရှိသော်လည်း ထိုစကားလုံးသည် လူတိုင်းလူတိုင်း ပြောနိုင်သော စကား၊ လူတိုင်းလူတိုင်း ကြားနိုင်သော စကား မဟုတ်ပါ။

စင်စစ် ပါရမီထူးခြား ရှေးဘုန်းရှေးကံရှိသူများသာ ကြားနိုင်သော၊ ကြားရသော အဆင့်မြင့်စကားလုံး ဖြစ်လေသည်။ ထိုစကားလုံးကား အဘယ်ပါနည်း။ 'သာသနာ'ဟူသော စကားလုံး ဖြစ်ပါသည်။ သာသနာဟူသော စကားမှာ ကမ္ဘာတိုင်း၌ မရှိသော စကား။ လူဖြစ်သည်ချင်းတူသော်လည်း လူတိုင်းမကြားနိုင်သော စကားထူး၊ စကားဆန်း ဖြစ်ပါသည်။

မှန်ပါ၏။ ထိုသာသနာဟူသော စကားမှာ ဘုရားတစ်ဆူတစ်ဆူ ပွင့်လာမှ တစ်ခါတစ်ခါသာ ကြားရသော စကားမျိုးဖြစ်၏။ ဘုရားသခင်တို့မည်သည် ကမ္ဘာတိုင်း ကမ္ဘာတိုင်း၌ ပွင့်တော်မူလေ့မရှိပါ။ ဤသည်ကို ထောက်ခြင်းအားဖြင့် သာသနာဟူသော စကားမှာလည်း ကမ္ဘာတိုင်း ကမ္ဘာတိုင်းတွင် မရှိဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်နေပါသည်။ သာသနာဆိုသည်မှာ ဗုဒ္ဓဘုရားသခင်၏ ဩဝါဒ၊ ဗုဒ္ဓဘုရားသခင်၏ **အဆုံးအမစကားတော်များ** ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မာန်ငါးပါးကို အောင်မြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ ပရိနိဗ္ဗာန်ပြုတော်မူသည်အထိ ၄၅ တို့ ကာလပတ်လုံး ဟောကြားသွားတော်မူသည့် ရှစ်သောင်းလေးထောင်သော ဒေသနာတော်များသည် ဘုရားရှင်၏ ဩဝါဒအဆုံးအမချည်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ဘုရားရှင်၏ အဆုံးအမ ဩဝါဒဖြစ်သော သာသနာတော်မှာလည်း ရှစ်သောင်းလေးထောင်ပင် ဖြစ်ပါသည်။

ထိုသာသနာတော်၏အကျိုး တန်ခိုးအာနိသင်ကား အချုပ်အားဖြင့် အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်သော တရားတော်ဖြစ်သောကြောင့် လောကလူ့ဘောင်၌ သာသနာရောင်ထွန်းလင်းလေလေ အကျိုးတရားကို ခံစားရလေလေပင် ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ ဩဝါဒအဆုံးအမဖြစ်သော သာသနာတော်ကို အပိုင်းကြီးသုံးပိုင်း ခွဲခြားထား၏။ (၁) ပရိယတ္တိ-သင်ကြားသောအပိုင်း၊ (၂) ပဋိပတ္တိ-ကျင့်သောအပိုင်း၊ (၃) ပဋိဝေဓ ထိုးထွင်း၍သိသော အပိုင်း။ ထိုသုံးပိုင်းကား ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ဟူ၍ သာသနာသုံးရပ်အားဖြင့် ထင်ရှားလာပါသည်။

ယင်းသာသနာသုံးရပ်အနက် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကုန်အောင်သော ဗုဒ္ဓစကားတော်အားလုံးသည် ပရိယတ္တိသဒ္ဓမ္မဟု ခေါ်၏။ သိက္ခာသုံးပါးသည် ပဋိပတ္တိသဒ္ဓမ္မ ခေါ်၏။ လောကုတ္တရာတရား

www.burmeseclassic.com

www.burmeseclassic.com

ကိုးပါးသည် ပဋိဝေဒသဒ္ဓမ္မဟု ခေါ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ထိုသုံးပါးသော သာသနာတွင် အဘယ်သာသနာသည် မူလဘူတ ပဓာနဖြစ်သနည်းဆိုရာ၌ အဋ္ဌကထာကြီးများ၏ အဆိုအမိန့်ကို မှတ်သားထိုက်ပါသည်။

ဥပရိပဏ္ဏာ အဋ္ဌကထာ ဗဟုဓာတုကသုတ်၏ အဖွင့်၌ သာသနာတော်တည်ခြင်း၊ ပရိယတ္တိသည် ပမာဏဖြစ်၏။ ပရိယတ္တိဖြင့် တိုင်းတာရာ၏ဟုဆိုကာ သာသနဋ္ဌိတိယာပန ပရိယတ္တိပမာဏံ စသည်ဖြင့် ဖွင့်ဆိုထားပါသည်။ သုတ်ပါထေယျ အဋ္ဌကထာနှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာတို့၌ ပရိယတ္တိတည်ပါက သာသနာတည်၏ဟူ၍ ပရိယတ္တိယာ ဋ္ဌိတာယ သာသနံ ဋ္ဌိကံ ဟောတိ စသည်ဖြင့် ဖွင့်ဆိုပြထားပါသည်။

အင်္ဂုတ္တရအဋ္ဌကထာ၌ကား ပရိယတ္တိမရှိခဲ့သော် ပဋိဝေဓသာသနာ မရှိနိုင်ဟူ၍ နစပရိယတ္တိယာ အသတိ ပဋိဝေဓော အတ္ထိ ဟူ၍လည်းကောင်း၊ သံယုတ်အဋ္ဌကထာ နိဒါန ဝဂ္ဂသံသုတ်အဖွင့်၌ ပိဋကတ်သုံးပုံဟု ဆိုအပ်သော ဗုဒ္ဓစကားတော်သည် အကြွင်းမျှလောက်ဖြစ်တည်နေ၏။ ထိုမျှလောက်သော ကာလပတ်လုံး သာသနာကွယ်ပြီဟူ၍ မဆိုနိုင်။ ပရိယတ္တိကွယ်သော် ပဋိပတ္တိကွယ်လေ၏။ ပဋိပတ္တိကွယ်သော် ပဋိဝေဓလည်း ကွယ်လေတော့၏။

ဥပအားဖြင့် ဆိုလေသည်ကား . . . ရေကန်ကြီး၌ ကန်ပေါင်ရိုးခိုင်ခဲ့သော် ရေမတည်ဟု မဆိုထိုက်။ ရေတည်ခဲ့သော် ကြာပန်းများမပွင့်ဟု မဆိုထိုက်သကဲ့သို့ ထို့အတူ ဗုဒ္ဓစကားတော် ပိဋကတ်တော်တည်းဟူသော ကန်ပေါင်ရိုးကြီး တည်တံ့ကြံ့ခိုင်လေသည်ရှိသော် ရေနှင့်တူသော ပဋိပတ်သာသနာတော်ကိုဖြင့် ကျင့်ကြမည့်သူတော်ကောင်းပုဂ္ဂိုလ်များ မရှိဟု မဆိုရာ။ ရေကန်၌ ကြာမျိုးငါးပါးတို့ပွင့်၍ တင့်တယ်လေသကဲ့သို့ သောတာပန် စသော အရိယာပုဂ္ဂိုလ်များ မထွန်းကားဟု မဆိုလေရာ။ စင်စစ် သာသနာတော်သုံးရပ်တွင် ပရိယတ္တိသည်သာ မူလပဓာနဖြစ်ကြောင်းကို ပညာရှိတို့က တစ်ပြိုင်နက် မိန့်ဆိုခဲ့ကြသည်။

ဒီနေရာတွင် နန်းတော်ရှေ့ ဦးထွန်းကြွယ်ဖွဲ့ဆိုသော သာသနာသုံးရပ် ကဗျာလေးကို ဖော်ပြလိုပေသည်။

၁။ ပရိယတ္တိ ကန်၏ဘောင်လို၊ ပဋိပတ်က အေးမြရေညို၊ ပဋိဝေဓ ပန်းလှကြာညို၊ ပမာပြ သာသနာ့ကန်ပေါင်ကို။

၂။ ကန်ပေါင်ခိုင်ခဲ့ ရေသန့်တည်မည်၊ ရေတည်တံ့မှ ပန်းလှဝေစည်၊ ဖူးငုံတင့်ဆန်း ပွင့်လန်းနိုင်သည်၊ ကန်တော်ကြီး ခိုင်မြဲ အရှေ့(ရှည်)တည်။

၃။ ကန်ပေါင်ကျိုးပေါက် ခန်းခြောက်ရေကြည်၊ ရေကြည်ခန်းက ပန်းလှမစည်၊ ဖူးငုံမပွင့် မတင့်နိုင်ပြီ၊ ကန်တော်ကြီး ပျက်စီးရှေ့(ရှည်)မတည်။

၄။ ကန်ပေါင်ခိုင်ဖို့ ငါတို့တာဝန်၊ ရှင်လူရဟန်း လုပ်ငန်းကျေပွန်၊ လက်တွဲမဖြုတ် အဟုတ်အားသွန်၊ ကန်တော်မြတ် ဆုံးကပ်အောင်တံ့ခွန်။

၅။ ပရိယတ္တိ မည်ရှိသည်မှာ၊ သင်အံပို့ချ နှုတ်ရဆောင်ကာ၊ စိတ်ဝယ်သိမ်း ကျင့်နည်းဖြာဖြာ၊ လမ်းညွှန်ပြ မူလသာသနာ။

**ရဟန်းတော်များမှာ သူတစ်ပါးကိုမှီ၍**
**အသက်မွေးကြသူများဖြစ်သောကြောင့်**
**လူဒါယကာတို့က**
**ပစ္စည်းလေးပါးဖြင့်ထောက်ပံ့ကြမှသာ**
**ရဟန်းတော်တို့အနေဖြင့်**
**ဝိနည်းကို**
**ချမ်းသာစွာထိန်းသိမ်းစောင့်ရှောက်**
**နိုင်ကြမည်ဖြစ်သည်။**



www.burmeseclassic.com

www.burmeseclassic.com

၆။ ပဋိပတ္တိ မည်ရှိသည်မှာ၊ မြင်ကြားတွေ့ထိ သတိမကွာ၊ သိ,ရှု,မှတ်,ပွား မနားခါခါ၊ မြဲနိစ္စ ကျင့်ရသာသနာ။

၇။ ပဋိဝေဓ ခေါ်ရသာသနာ၊ လက်တွေ့ခံစားတရားရသာ၊ ဝါဂွမ်းဆီထိ ပီတိလျှံဖြာ၊ ချမ်းယာဥ်စီး ပြည်ကြီးအမတာ။

မြတ်စွာဘုရား၏ သာသနာ့နေဝန်းကြီး ထွန်းလင်းစေရန် (တစ်နည်း) သာသနာ့အရောင်ဖြင့် အမှောင်ခွင်း၍ အလင်းသို့ ဆောင်ရန်အတွက် အရှင်မဟာကဿပ အစရှိသော ရဟန္တာအရှင်သူမြတ်ကြီးတို့သည် သာသနာတည်ခြင်း၏ ရင်းမြစ်အခြေခံ ပင်မဖြစ်သော ပရိယတ္တိမဏ္ဍိုင်ကြီး ခိုင်ခံ့ရန်အတွက် သင်္ဂါယနာတင်ခြင်း၊ အက္ခရာပုဒ်ပါဠိ မှားယွင်းတိမ်းစောင်းခြင်း မဖြစ်ရအောင် အာစရိယပရံပရ ဆရာအဆက်ဆက်၊ သိဿာနုသိဿ တပည့်အဆက်ဆက်တို့ ဆောင်ရွက်ခဲ့သောကြောင့် ယခုအခါတွင် သာသနာတော်နှင့် ကြုံကြိုက်ရခြင်း ဖြစ်ပေသည်။

ဝိနယော သာသနဿ အာယု ဝိနည်းသည် ပရိယတ္တိသာသနာ၏ အသက်ဆိုသောကြောင့် ပရိယတ်သာသနာ တည်တံ့ခိုင်မြဲစေလိုသော် ဝိနည်းကို တည်အောင် အားထုတ်ရမည်။ ဝိနည်းသာသနာ ထွန်းကားအောင် ကြိုးစားရမည်ဖြစ်လေရာ ဝိနည်းသိက္ခာပုဒ်တော်များကို မကျိုးမပေါက် မပြောက်မကျားအောင် စောင့်ထိန်းနေကြသူများမှာ ရဟန်းတော်များ ဖြစ်ပါသည်။

ဝိနည်းသည် ရဟန်းတော်များ၏ ကျင့်ဝတ်သိက္ခာပုဒ်ဖြစ်သောကြောင့် ရဟန်းတော်များ မရှိခဲ့သော် ထိုဝိနည်းကို အဘယ်သူစောင့်ထိန်းကြမည်နည်း။ စောင့်ထိန်းသူ ရဟန်းတော်များမရှိဆို၍ ဝိနည်းသာသနာကွယ်ခဲ့သော် ပရိယတ္တိသာသနာအတွက် အသက်ထွက်သွားသည်နှင့် တူ၏။ ပရိယတ်အသက်ထွက်သွားခဲ့သော် ပရိယတ်ကို အမှီပြု၍တည်နေရသော ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာတို့လည်း အရင်းလဲ၍ မဖျားထင်းဖြစ်သည့် ထုံးအတိုင်း ဖုန်းဖုန်းကြီးလဲ၍ ကျဆုံးကာ ပျောက်ကွယ်ကုန်မည် ဖြစ်ပေသည်။

ထို့ကြောင့် သာသနာတော်သုံးရပ် မားမားမတ်မတ် တည်တံ့ရေးအတွက် ဝိနည်းသာသနာထွန်းကားအောင် ပြုစုလာ၊ စောင့်ရှောက်လာခဲ့ကြပေသည်။ ဝိနည်းသာသနာ ထွန်းကားအောင် ပြုခြင်းဆိုသည်ကား ဝိနည်းသိက္ခာပုဒ်တော်များကို စောင့်ထိန်းနေကြကုန်သော ရဟန်းတော်များအား ကြိုးစားအားထုတ် ကျင့်နိုင်အောင် ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းခြင်းပင်တည်း။

ရဟန်းတော်များမှာ သူတစ်ပါးကိုမှီ၍ အသက်မွေးကြသူများဖြစ်သောကြောင့် လှူဒါယကာတို့က ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကြမှသာ ရဟန်းတော်တို့အနေဖြင့် ဝိနည်းကို ချမ်းသာစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြမည် ဖြစ်သည်။ ဝိနည်းဒေသနာတော်ကို ရဟန်းတော်တို့က ထိန်းသိမ်းထားသမျှ ကာလပတ်လုံး သာသနာတော် ကျဆုံးခြင်း၊ ကွယ်ပခြင်း မဖြစ်နိုင်ပါ။

ဒါယကာ ကြည်ရွှင်မှ သာသနာစည်ပင်မည် ဆိုသော စကားအတိုင်း ဆရာနှင့်ဒကာတို့၏ ပြုစုစောင့်ရှောက်မှုအောက်တွင် ဗုဒ္ဓအဆုံးအမ ဩဝါဒတည်းဟူသော သာသနာတော်နေဝန်းကြီးသည် အစဉ်သဖြင့် အခွန့်ရှည်ကြာစွာ ထွန်းလင်းတောက်ပလျက်ရှိနေမည်သာ ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဝိနည်းသည် ပရိယတ္တိသာသနာ၏ အသက်မည်ပါသည်။ ဝိနည်းတည်ရှိနေသော် ပရိယတ္တိသာသနာလည်း တည်ရှိနေမည်ဖြစ်ပါသည်။ ပရိယတ္တိသာသနာတည်သော် ပရိယတ်ကို အမှီပြုရသော ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာတို့လည်း တည်ရှိနေမည်ဖြစ်ပါသည်။

သာသနာတော်သုံးရပ် ပတ်လည်ကွန့်ရွန်း လောကဓာတ်ထက်ဝန်း၌ တည်ထွန်းနေမည်ဆိုပါက လူသားအားလုံး ဘဝငြိမ်းချမ်းရေးနှင့် ချမ်းသာသုခများ အစဉ်ထာဝရ ခံစားကြရမည် ဖြစ်ပါတော့သည်။

ပြည်ရွှေဘိုဆရာတော်(ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာဘာဝနာ၏

## မမြင်ရသောစွမ်းအား

■ ဆောင်းကလေး(တရားရေး)ဇေယျာအပတ်စဉ်(မြ

ကံသုံးပါးတို့တွင် မနောကံသည် တန်ခိုးအကြီးဆုံး။ စွမ်းအားအကြီးဆုံးဖြစ်သည်။ ကာယကံ၊ ဝစီကံတို့သည် မနောကံကြောင့် ဖြစ်ပေါ်လာရသည်။ မေတ္တာပွားခြင်း၊ မေတ္တာပို့ခြင်းတို့ကို မနောကံဖြင့်သာ ပြုရသဖြင့် မနောကံမေတ္တာသည် အဓိကကျသည်။ မေတ္တာကို လူတိုင်း၊ သတ္တဝါတိုင်း အလိုရှိကြသည်။ မိမိက မေတ္တာထားလျှင် မိမိကိုပြန်၍ မေတ္တာထားသည်မှာ ဤသဘောပင် ဖြစ်ပါသည်။ မေတ္တာသည် မနောစွမ်းအားဖြစ်သဖြင့် ပကတိမျက်စိဖြင့် မမြင်နိုင်သော နာမ်ဓမ္မဖြစ်သည်။ အင်အားသတ္တိတွင် မြင်ရသောအရာထက် မမြင်ရသောအရာက ပို၍အင်အားကြီးသည်။ ထင်ရှားအောင် ဥဒါဟရဏ်ဆောင်ရလျှင် နိဗ္ဗာန်သည် ဘာမျှမရှိဟု ထင်ရသော်လည်း အင်အားအကြီးမားဆုံး။ မည်သည့်အခါမှ ပျက်စီးခြင်းမရှိသော အတုမဲ့အငြိမ်းဓာတ်၊ အအေးဓာတ်ချမ်းသာကြီး ဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်ကို နိစ္စနိဗ္ဗာန်၊ ဓုဝနိဗ္ဗာန်ဟု ခေါ်သည်။ အင်အားသတ္တိတွင် ဘာမျှမရှိလေ ပို၍အင်အားကြီးလေ ဖြစ်သည်။ ဒါနစွမ်းအား၊ သီ စွမ်းအားသည် နတ်ပြည်အထိသာ ပို့ဆောင်နိုင်သော်လည် မေတ္တာဘာဝနာ၏ စွမ်းအားသည် ဗြဟ္မာပြည်အထိ ပို့ဆော နိုင်သည်မှာ အင်အားသတ္တိစွမ်းအားချင်း မတူသောကြော ဖြစ်သည်။ ရုပ်ဝတ္ထုတွင် လူမပါဘဲ အဝေးမှ ထိန်းချုပ်၍ လိုသလိုပြုနိုင်သော ပစ္စည်းများ အလိုအလျောက် လည်ပ လှုပ်ရှားနေသော အော်တိုစစ်စတန်ဖြင့် ပြုလုပ်ထားသေ ပစ္စည်းများထက် စိတ်စွမ်းအား၊ မနောစွမ်းအားဖြင့် လူ ကြံစည်ပြုလုပ်ထားသော ရုပ်ဝတ္ထုပစ္စည်းများထက် အ ရာထောင်မက အင်အားသတ္တိကြီးမားသည်။ အင်အား လူတိုင်းနားမလည်နိုင်ပါ။ ကြံစည်၍လည်း မရနိုင်ပါ။ ထို အားကို ယုံယုံကြည်ကြည်နှင့် အသုံးချတတ်ဖို့သာ ရှိသည် အသုံးချတတ်ပါလျှင် ထိုမမြင်ရသောအင်အားက ကွန်ပျူတ

www.burmeseclassic.com

တို့ထက် တိကျစွာ စနစ်တကျ အကွက်ကျကျ တိုင်ပင်ကိုက် လုပ်ဆောင်သွားပေလိမ့်မည်။ မိမိ၏ ကိုယ်ပိုင်ဉာဏ်စွမ်း ဉာဏ်စ အသိဉာဏ်ဖြင့် လုပ်ဆောင်ရသည်က အများအယွင်း များ၊ အတိမ်းအစောင်းများ ရှိကောင်းရှိနိုင်ပါသည်။ ထိုမမြင် ရသော စွမ်းအားဖြင့် လုပ်ဆောင်သွားလျှင် ကွန်ပျူတာတို့ ထက် တိကျစွာ တစ်ခုပြီးတစ်ခု ရှေ့နောက်ညီညွတ်စွာ ပရိ ဂရမ်ဆွဲထားသလို လုပ်ဆောင်သွားပေလိမ့်မည်။ မိမိက လုပ် နေစရာမလိုပါ။ အလိုလို အကွက်ကျကျ တစ်ပြေးညီစွာ ဖြစ်လာပေလိမ့်မည်။ တိုင်ပင်ကိုက်၊ စကေးကိုက်၊ အချိန်ကိုက် ဖြစ်လာလိမ့်မည်။ စာဖတ်သူများ မယုံမရှိပါနှင့်၊ ကိုယ်တွေ့ ဖြစ်ပါသည်။ လောကတွင် အခက်ဆုံးသောအရာသည် အလွယ်ဆုံးဖြစ်နေတတ်သည်။ သို့သော် ကိုယ်တိုင်လုပ် ကြည့်ဖို့တော့လိုသည်။ လုပ်ကြည့်လျှင် သိလာပေလိမ့်မည်။ ယခုကဲ့သို့ စာရေးသူ နိဒါန်းသွယ်နေခြင်းမှာ အလုပ်သဘော သို့ ရောက်စေချင်၍ မေတ္တာဘာဝနာ၏ မနောစွမ်းအားသတ္တိ ကို ထင်သာမြင်သာအောင် တင်ပြနေခြင်းဖြစ်သည်။ လောကီ ဖြစ်စေ၊ လောကုတ္တရာဖြစ်စေ မေတ္တာကျင့်စဉ်ဖြင့် ယှဉ်တွဲ ၍ လုပ်ဆောင်သွားပါလျှင် ပိုမို အကျိုးထိရောက်အောင်မြင် မှုရမည်မှာ အမှန်ဖြစ်ပါသည်။ မေတ္တာဘာဝနာ မစီးဖြန်းဘဲ တောထဲသို့သွား၍ တရားအားထုတ်သဖြင့် ဘုရားထံသို့ ပြန်လာရသည့် ရဟန်းငါးရာဝတ္ထုမှာ အထင်အရှားဖြစ်ပါသည်။

စာရေးသူ၏ ကိုယ်တွေ့ အတွေ့အကြုံကို အနည်းငယ်တင်ပြ ပါမည်။ ဇာတိဖြစ်သော အင်ပူမြို့နယ်၊ မဲဇလီကုန်းဒေသရှိ နှစ်ပေါင်းများစွာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်နေသည့် စေတီလေးနှစ်ဆူကို ပြုပြင်ခဲ့ပါသည်။ မပြုပြင်မီကပင် ဘုရား ပတ်ဝန်းကျင်၌ ရှိကြကုန်သော မြင်အပ်၊ မမြင်အပ် သတ္တဝါ အပေါင်းတို့အား မေတ္တာပို့လွှတ်ထားပါသည်။ ဘုရားရှိ အစောင့်အရှောက်ပုဂ္ဂိုလ်များ၊ ဆိုင်ရာပိုင်ရာ ကွင်းပိုင်၊ နယ် ပိုင်များ စသည့် အပိုင်စားပုဂ္ဂိုလ်များ၊ ထိုဒေသရှိ အကြီးအကဲ ပုဂ္ဂိုလ်များကို ကြိုတင်၍ မေတ္တာပို့လွှတ်ခြင်း၊ ပရိတ်ပဋ္ဌာန်း တရားတော်များ ရွတ်ဖတ်ခြင်း၊ အမျှအတန်းပေးဝေခြင်းတို့ကို ပြုလုပ်ပြီးမှ ပြုပြင်ခဲ့ပါသည်။ မည်သည့်အနှောင့်အယှက်မှ မတွေ့ရပါ။ အဆိုပါစေတီနှစ်ဆူရှိရာ ဒေသသည် ကွင်းကြမ်း သော၊ အများအယွင်းမခံသော နေရာဖြစ်ကြောင်း နောက်မှ သိရပါသည်။ မေတ္တာကို ပုဂ္ဂိုလ်၊ သတ္တဝါတိုင်း အလိုရှိကြ သည်။ မေတ္တာပို့သောသူကို နှောင့်ယှက်ကြမည်မဟုတ်ပါ။ အကူအညီပေးမည်သာ ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည် အလွန်ခက်ထန်ကြမ်းတမ်းသော အာဠာဝကနတ်ဘီလူးကြီး ကို မေတ္တာဖြင့်သာ အနိုင်ယူခဲ့သည်။ မေတ္တာဘာဝနာအလုပ် ကို စူးစူးစိုက်စိုက်လုပ်ကြည့်ပါ။ သိသာလာပါလိမ့်မည်။ စာဖြင့် ရေးဖွဲ့တင်ပြ၍ မရနိုင်လောက်အောင် မေတ္တာ၏ ထူးခြားမှု စွမ်းပကားများကို ကိုယ်တိုင်သိမြင်လာပါလိမ့်မည်။ မေတ္တာကို နေ့စဉ်ရက်ဆက် စူးစူးစိုက်စိုက် ပွားများလေ မေတ္တာ၏ သဘောစွမ်းပကားကို သိလာလေလေ။ လူအများက မိမိကို အလိုလို ခေါ်ချင်၊ ပြောချင်၊ နှုတ်ဆက်ချင် ဖြစ်လာလိမ့်မည်။ မေတ္တာပွားသူကို လူတွေသာမက နတ်တွေကပါ ချစ်ခင်လာ လိမ့်မည်။ ကူညီမစ စောင့်ရှောက်လာလိမ့်မည်။ ပီယ[illegible] ဆောင်နေစရာမလိုပါ။ လူချစ်လူခင်ပေါ်များလိုလျှင် မေ[illegible] ဘာဝနာအလုပ်ကို စွဲစွဲမြဲမြဲ လုပ်ကြည့်ပါ။ မေတ္တာကို ကြိမ်ဖန် များစွာအားထုတ်၍ မေတ္တာ၌ ပျော်မွေ့လာသည့်အခါ၊ မေတ္တာ ဈာန်သမာဓိ ရလာသည့်အခါတွင် ဘဝများစွာ သံသရာက ဆည်းပူးအားထုတ်ခဲ့သည့် အတိတ်ပါရမီကံအကြောင်း အားလျော်စွာ ပဋ္ဌာန်းဆက်ကောင်းကျိုးများ ရှိုခံစားပေါ်ပေါက် လာတတ်ပေသည်။ လောကီနယ်ပယ်၌ မေတ္တာလောက် အစွမ်းသတ္တိကြီးမားသော အင်အားမရှိ။ မေတ္တာကံသည် သတ္တဝါကို အာရုံပြုရာ၌ အတိုင်းအရှည်ပမာဏ ကန့်သတ် ချက်မရှိသောကြောင့် အပ္ပမာဏာကံ ဖြစ်သည်။ ကာမာဝစရ ကုသိုလ်ကံသည် ကန့်သတ်ချက် အတိုင်းအတာရှိ၏။ ဥပမာ- ဆွမ်းလှူလျှင် ဆွမ်းအကျိုးငါးပါး၊ ရေလှူလျှင် ရေအကျိုး ၁၀ ပါးကို ရ၏။ မေတ္တာကံကား ထိုသို့မဟုတ်ပါ။ မေတ္တာပွား ရာ၌ ကန့်သတ်ချက်မရှိသောကြောင့် အကျိုးပေးရာ၌လည်း အကန့်အသတ်မရှိ။ မေတ္တာ၏သဘောသည် သတ္တဝါကို ပျက်စီးစေလိုသော စိတ်မရှိမှု၍ ကြင်နာသနား ကောင်းကျိုး တရားများကို ရရှိစေလိုသော စေတနာဇောအဟုန်ရှိသော ကုသိုလ်စိတ်ဖြစ်သည်။ သတ္တဝါတို့ကို ရင်ဝယ်သားကဲ့သို့ ထပ်တူထားကာ အကျိုးစီးပွား ဖြစ်ထွန်းစေလိုသော၊ ကြီးပွား ချမ်းသာစေလိုသော စေတနာကံ အရင်းခံထားသည်ဖြစ် သောကြောင့် ကုသိုလ်တို့၏ အစုအပုံကြီးလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြီးကျယ်မြင့်မြတ်သော ကုသိုလ်ကြီးကို ပြုလုပ်သည်လည်း မည်ပါ၏။ နှလုံးသားမြင့်မြတ်သောသူတို့သာ ပြုနိုင်ကြ၏။ မဟာကုသိုလ်ကြီးကို ပြုသည်မည်ပါ၏။ ကာမာဝစရကုသိုလ်တို့ထက် ကြီးကျယ်မြင့်မြတ်သော၊ အင်အားကြီးမားသော ထိုမဟာကုသိုလ်မေတ္တာကံကို လေ့ကျင့်ထူထောင်ရ၏။ ထို့ထက် အင်အားကြီးသော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကုသိုလ်ကံတို့သည်ကား ဆိုဖွယ်ရာမရှိတော့ပါ။ သံသရာတစ်လျှောက်လုံးကပါလာသော အကုသိုလ်တို့ကို ချေဖျက်နိုင်စွမ်းရှိ၏။ ကံတို့သည် တစ်ခုနှင့်တစ်ခု အင်အားသတ္တိချင်းမတူသောကြောင့် အကျိုးပေးခြင်းလည်း မတူကြပါ။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်မှလွဲ၍ အင်အားအကြီးဆုံးသောကံသည် မေတ္တာဘာဝနာကံဖြစ်သည်။ အသင်္ချေတနိဗ္ဗာန်သို့ ရရှိ၊ ရောက်ရှိပြီးသော ပုဂ္ဂိုလ်တို့၏ အဒေါ်သစေတသိက်ခေါ် မေတ္တာဓာတ်၊ မေတ္တာလှိုင်းများသည် အင်အားသတ္တိကို ခံယူတတ်ဖို့လိုသည်။ သူတော်ကောင်းတို့၏ မေတ္တာကိုလည်း ခံယူပါ၊ မေတ္တာလည်းပို့ပါ။ စာပေကျမ်းဂန်များအရ မေတ္တာသည် ပစ္စုပ္ပန်သံသရာတို့တွင် ချမ်းသာမြင့်မြတ်စေခြင်း၊ ပါရမီမြောက်စေသော အလုပ်မှန်သမျှ အလွယ်တကူပြီးမြောက်စေခြင်း၊ ဝိပဿနာ လောကုတ္တရာအတွက် လွယ်ကူသော အထောက်အပံ့ဖြစ်စေခြင်း စသော အကျိုးတရားများကို ရရှိစေပါသည်။ မေတ္တာပွားခြင်းသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အကျိုးကို ဆောင်နေခြင်း၊ ၎င်းတို့အနှစ်သက်ဆုံးသော အရာကို ပြုလုပ်နေခြင်း၊ သတ္တဝါတို့အတွက် ကိုယ်စိတ်နှစ်ပါးချမ်းသာစေခြင်း၊ စိုးရိမ်ထိတ်လန့် ကြောင့်ကြစွာနေရခြင်းမှ ကင်းဝေးခြင်းတို့ကြောင့် သတ္တလောကကြီးအတွက် အကောင်းဆုံးသော အကျိုးစီးပွားကို ဆောင်ကြဉ်းနေသူဟုလည်း ခေါ်ဆိုထိုက်ပါသည်။ စာဖတ်သူများအနေနှင့် မြင်လျှင်လည်း မေတ္တာ၊ သွားလျှင်လည်း မေတ္တာ၊ စားလျှင်လည်း မေတ္တာ၊ ကြားလျှင်လည်း မေတ္တာ၊ အိပ်လျှင်လည်း မေတ္တာ၊ ပြောလျှင်လည်း မေတ္တာ အရာရာကို မေတ္တာဖြင့်လုပ်ကြည့်ပါ။ မေတ္တာသည် အကောင်းဘက်သို့သာ ဦးတည်ကြည့်ခြင်း ဖြစ်သည်။ မိမိ၏ စိတ်နှလုံးကို အကောင်းဘက်သို့ ဦးလှည့်ပေးခြင်းဖြစ်သည်။ သူတော်ကောင်းတို့သည် အရာရာကို အကောင်းဘက်ကသာ ကြည့်မြင်ကြသည်။ တစ်ခါက ဝေဘူဆရာတော်ကြီးသည် ဘုရားရင်ပြင်တော်၌ နွားချေးပုံများကို မကြုံးဘဲထားခဲ့သော နွားလှည်းပိုင်ရှင် လှည်းသမားကြီးအား "ဒကာကြီးက တို့ကို ကုသိုလ်တွေပေးသွားသဗျား" ဟု ပြော၍ ဆရာတော်ကြီးကိုယ်တိုင် နွားချေးပုံများကို ကျုံးပစ်ခဲ့ပါသည်။ စာဖတ်သူများ မေတ္တာကို ပွားကြည့်ပါက မေတ္တာ၏အကျိုးကို ကိုယ်တိုင်သိလာပါလိမ့်မည်။ ကိုယ်တိုင်သိမှလည်း ကိုယ်တိုင်ယုံလာပါလိမ့်မည်။ တရားဆိုသည်မှာ လုပ်ကြည့်မှ သိနိုင်ပါသည်။ သကြားသည် ချိုသည်ဟုဆိုရာ၌ ချိုသည်ကို စာဖြင့်ရေးဖွဲ့၍ ပြောလို့ရမည် မဟုတ်ပါ။ ချိုသည်မှာ ပရမတ်သာဖြစ်သည်။ ချိုသည့်သဘောကိုသိချင်လျှင် ကိုယ်တိုင်စားကြည့်မှသာ သိနိုင်သကဲ့သို့ မမြင်ရသော မေတ္တာ၏စွမ်းအားများကိုလည်း ကိုယ်တိုင်လုပ်ကြည့်လျှင် သိလာပါလိမ့်မည်။

"လောကတစ်ခွင်၊ မဆန့်ကျင်ဘဲ၊ ချစ်ခင်မြတ်လေး၊ ကျွမ်းဝင်ဆေးကား။ ကြည်အေးမေတ္တာ၊ လက်တွေ့သာတည်း။ ကိုယ်မှာအမြဲ ဆောင်သုံးစွဲက၊ ဘေးလွဲရန်ကာ၊ စိတ်ချမ်းသာလျက်၊ စိန္တာမထိတန်ခိုးရှိသို့၊ သိဒ္ဓိအသီးသီး ကြံတိုင်းပြီးသည်၊ ရှိန်းပြီးမေတ္တာတန်ခိုးတည်း"

## ဦးဝင်းအောင်၏ မေတ္တာပို့ ဆုတောင်းပတ္ထနာ

မေတ္တာပန်းခိုင် တလှိုင်လှိုင်၊ ကြိုင်ကြိုင်သင်းပါစေ။

မေတ္တာထားလျှင် စိတ်ကြည်လင်၊ ပူပင်သောက ငြိမ်းပါစေ။

မေတ္တာအကျိုး ဆယ့်တစ်မျိုး ကေန်မုချအမှန်ရ ကြည်သာအေးမြ ရှိပါစေ။

လူ့,နတ်,ဗြဟ္မာ သတ္တဝါ၊ လိုရာဆန္ဒပြည့်ပါစေ။

သာသနာနှင့်ကြုံ ဉာဏ်လူ့ဘုံ၊ ပဋိပတ်လမ်းကျင့်စခန်း တက်လှမ်းနိုင်ပါစေ။

အကျင့်ပြီးမြောက် ခရီးပေါက်၊ ဝိမောက္ခညာဏ် ရပါစေ။

အကြောင်းမသေးတဲ့

ဆောင်းကာလေး(တရားရေး)

ဇေယျအပင်းညို(၆၄)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# နှတ်ကဇော် ဗိန်မျက်ခုံး

(အခန်းဆက်ဝတ္ထုရှည်)

**ကျော်မြသန်း**

**(ယခင်လမှအဆက်)**

အေး ညတွင်းချင်း ကမန်းကတန်းချုပ်ထားသော အင်္ကျီလေးများကို ယူဆောင်လာသည့် ကိုသန့်ဇင်၏ ထောင်အဝင် လှုပ်ရှားဟန်မှာ ခါတိုင်းထက်ပို၍ သွက်လက်ပေါ့ပါးနေသည်ဟု ထင်ရ၏။ မိန်းမအချုပ်ဆောင်သို့ အရင်သွားပြီး အင်္ကျီနှင့် ဦးထုပ်ကလေးကို ပေးလိုက်စဉ်က အလွန်အမင်း ဝမ်းသာရိပ်ထင်သွားသော မမြခင်၏မျက်နှာကလေးကို အေးသာ မြင်လိုက်ရင် ဘယ်လောက်များ ပီတိရိပ်ဖြစ်သွားမလဲဟု ချက်တစ်ဖြုတ် သတိရလိုက်သလို ကိုသန့်ဇင်၏ မျက်နှာပေါ်တွင်လည်း ကြည်နူးမှု ပီတိရိပ်များ ဝေဖြာသွားခဲ့၏။

မြခင်က အင်္ကျီလေးများကို ကိုင်ရင်း ကိုသန့်ဇင်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်၏။

"မြခင်လေ ... ဆရာကြီးတို့ လင်မယားကျေးဇူးကို တစ်သက်မမေ့ပါဘူး။ မြခင် ကျေးဇူးဆပ်ခွင့်ရတဲ့ တစ်နေ့မှာ ကိုယ်နဲ့ရင်းပြီးပဲ ကျေးဇူးဆပ်ပါရစေတော့။ မြခင်ကျေးဇူးဆပ်ပါ့မယ် ဆရာကြီးရယ်"

ဟု ပြောပြောဆိုဆို လက်အုပ်ချီ၍ ကန်တော့ခဲ့၏။

မွေးကတည်းက ရင်သွေးအပေါ် ထားရှိခဲ့သည့် မိဘမေတ္တာကို သားသမီးတိုင်းသာ နားလည်ကြမည်ဆိုလျှင် လောကကြီးသည် သာယာဖွယ်အတိ ပြည့်လျှမ်းမည်တည်း။

"ဒီမှာ မမြခင်"

"ဟုတ်ကဲ့ ဆရာကြီး"

"နင် ငါ့ကို ကျေးဇူးဆပ်ချင်တယ်ဆိုရင်လေ ဟောဒီကလေးကို လူတော်ကလေးတစ်ယောက် ဖြစ်လာအောင် သွန်သင်ဆုံးမပြီး လူလားမြောက်အောင် မွေးစမ်းပါ။ နင်လိုတဲ့ အကူအညီကိုပြော"

"စိတ်ချပါ ဆရာကြီး။ ကျွန်မသားကို ကိုကျော်လို မဖြစ်စေရပါဘူး"

"ဒါထက် ... မြခင် နို့ကော ထွက်ရဲ့လား"

"ထွက်ပါတယ် ဆရာကြီး။ နည်းနည်းတော့ နည်းပါသေးတယ်"

"နင့်အတွက် အစားအသောက် သီးခြားစီစဉ်ပေးမယ်။ ဒါက ထောင်မှူးကြီးရဲ့ စေတနာနော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကလေးကိုကော ဂရုစိုက်ဗျနော"

"စိတ်ချပါ ဆရာကြီး"

ကလေးကို ဂရုစိုက်ဖို့ ပြောမယ့်သာ ပြောရသည်။ တကယ်တော့ ဂရုမစိုက်မှာ မပူရ။ ထောင်ထဲမှာမွေးသော ကလေးများမှာ ကံမကောင်းအကြောင်းမလှသူများဟု ဆိုနိုင်ရာသလို၊ တစ်ဖက်က ကြည့်ပြန်တော့လည်း ကံအကြောင်း လှသယောင်ယောင် ဆိုနိုင်ရာများ ရှိနေပြန်သည်။

အမျိုးသမီးအချုပ်သမ၊ အကျဉ်းသမများမှာ အားလပ်နေသူများ ဖြစ်သည့်ပြင် မွေးရာပါ ဇီဇအရ မိခင်စိတ်ရှိကြသူများဖြစ်ရာ ထောင်ထဲမှာမွေးသောကလေးကို အလုအယက် ဝိုင်းဝန်းပြုစုကြသလို တစ်ယောက်တစ်လက်ဖြင့် ကလေးငယ်ကို လက်ပေါ်က ဆင်းရသည်မရှိအောင် ဝိုင်းထိန်းပေးကြ၏။ အိမ်မှာမွေးသောကလေးကို အိမ်ခလောက်ဟု ဆိုကြသည်။ ထောင်ထဲမှာမွေးတော့ ထောင်ခလောက်လေးဟု ဆိုရသည်သာပ။

www.burmeseclassic.com

တချို့ သားသည်အမေများမှာ ကိုယ့်ကလေးများကို ထောင်ထဲသို့ခေါ် လာတတ်ကြရာ ကလေးရှိသောမိန်းမ ဆောင်မှာ ကလေးချော့သီချင်းသံ များဖြင့် ဝေစည်နေတတ်ပေသည်။

မြခင်၏ ကလေးအတွက် အကျီ များပေးပြီး ဗူးကြီးသို့ ပြန်လာသော ကိုသန့်ဇင်၏ရင်ထဲမှာ ကြည်နူးမှု ပီတိ သကို မြုံ့မြုံ့မြက်မြက် ခံစားခဲ့ရသော် လည်း ဗူးကြီးသို့ရောက်သည်နှင့် ကြား လိုက်ရသော သတင်းကြောင့် ရင်ထဲ မှာ သိမ့်သိမ့်တုန်သွားရသည်။ စော စောက ငြိမ့်ငြိမ့်ညက်ညက် ခံစားခဲ့ရ သည်များ လွင့်စဉ်ပျက်ပြယ်သွားလေ ၏။ တစ်နေ့နေ့တော့ ကြားရလိမ့်မည် ဟု မျှော်လင့်ထားသော်လည်း သည် လောက် မြန်လိမ့်မည်မထင်ခဲ့။ တိုက် တိုက်ဆိုင်ဆိုင် ဖြစ်လာသည်မှာ စိတ် ကူးယဉ်ဆန်လွန်းသည်ဟု ပြောရမည် သို့ ရှိချေ၏။ ပထမကြားလိုက်သည် က ကျားကြီးကျော်ညွန့်ကို မနေ့ညက မိသွားပြီဆိုသော သတင်း။ ပို၍ဆိုး သော သတင်းအပြည့်အစုံမှာ မယား ငယ်အိမ်တွင် ပုန်းနေသော ကျားကြီး ကျော်ညွန့်ကို ပိုင်းဖမ်းဆီးရာ၌ ပြန် လည်ခုခံပြီး ထွက်ပြေးသဖြင့် ပစ်ခတ် ဖမ်းဆီးရာမှ ကျားကြီးသေဆုံးသွား ပြီဟူသော သတင်းပင် ဖြစ်ပေသည်။

သတင်းမမှန်ဘဲ ဖြစ်ပါစေဟု သံသယထင်စရာမလို။ ရုံးထုတ်လာ သည့် ရဲအရာရှိကိုယ်တိုင် ပြောသွား သော သတင်းဖြစ်၏။

''ကျားကြီးတို့ နောက်တစ် ခေါက် ထောင်ထဲရောက်တယ်လို့ ဘယ်တော့မှ မကြားစေရ''ဟု ပြော ခဲ့သည့်အတိုင်း တူးတူးခါးခါး မိုက် လုံးထွားသည့် ကျားကြီးတစ်ယောက် ထောင်ထဲသို့ မရောက်သော်လည်း မြေကြီးထဲသို့ ရောက်သွားခဲ့ပေပြီ။

မနက်ပိုင်းက သူ၏ရင်သွေးငယ် လူ့လောကရောက်လာသည်။ ညဉ့် ပိုင်း သူက လူ့လောကမှ ထွက်ခွာ သွားသည်။

တစ်နေ့တည်း မနက်နှင့် ညဉ့်ပဲ ကွာသည်။

သည်သတင်းကို မြခင်မသိ အောင် ဘယ်လိုဖုံးရပ။ ဘူးတစ်ရာ အပေါက်ပိတ်ဖို့လွယ်ပေမယ့် ပါးစပ် တစ်ပေါက်ပိတ်ဖို့မှာ အခက်ကြီး။ လင်ယောကျ်ားက ကိုယ့်အပေါ် ဘယ် လိုပဲ ဆိုးခဲ့ပါစေ၊ မကောင်းခဲ့ပါစေ၊ လင်သားသည်လို ဖြစ်သွားပြီဆိုသော သတင်းကို ကြားလိုက်ရသည့် မယား ဖြစ်သူ ဘယ်သို့ခံစားရမည်ကို စာဖွဲ့ စရာ မလိုပြီ။ မြခင်က သွေးနုသားနု ရက်ပင်မလဲတတ်သေး။ တတ်နိုင်သမျှ တော့ ဖုံးဖိရမည်။ သိသွားရင်လည်း မတတ်နိုင်။ မိန်းမထောင်မှာ တာဝန် အမြဲကျသည့် ထောင်ကြပ်မကြီးကို သာ မှာရတော့မည်။

လူ့ပတ်ဝန်းကျင်မှာ တစ်ခါတစ် လေ ကိုယ့်ကိစ္စမဟုတ်ဘဲ ကိုယ့်ကိစ္စ ကဲ့သို့ ပူရပင်ရ၊ စိုးရိမ်သောက ပွားရ သည်သာများ ရှိတတ်ပေရာ ထောင် မှူးလေး ကိုသန့်ဇင်မှာလည်း ကိုယ့် ကိစ္စမဟုတ်ဘဲ စိုးရိမ်သောက ပွားနေ ရချေပြီ။

ရင်ထဲမှာ ထုပ်ပိုးသိမ်းဆည်း ထားမိသည့် စိတ်မကောင်းစရာ ဖြစ် ရပ်အကြောင်းကို ဇနီးဖြစ်သူ အေး ကိုပါ ခွဲဝေမျှဝေပေးလိုက်ရသည်။

အေး၏ တန်ပြန်မှတ်ချက် ကြောင့် စိတ်ထဲမှာ နည်းနည်းတော့ သက်သာသလိုလို ရှိသွားသည်။

''မောင်ရေ . . . ဒီအတိုင်းဆိုရင် မမြခင် ထောင်ထဲရောက်နေတာပဲ ခပ် ကောင်းကောင်းလို့ ပြောရမလိုပေါ့ နော်။

အပြင်မှာရှိနေရင် သူ့မျက်စိရှေ့ မှာတင် ဖြစ်ချင်ဖြစ်မှာ။ ဒါမှမဟုတ် လည်း ဒီသတင်းကို ချက်ချင်းကြား မှာ။ ထောင်ထဲမှာမို့ ချက်ချင်းကြီးတော့ မကြားနိုင်ဘူး ထင်တာပဲလေ''

''ဟုတ်တယ် အေးရေ။ အေး ပြောသလို ထောင်ထဲရောက်နေတာပဲ ကောင်းပါတယ်လို့ ပြောရတော့မှာပဲ''

''ဪ . . . ဒါထက် မောင်ရေ နေ့ခင်းက ကောင်လေးတစ်ယောက် လာ သွားတယ်''

''ဘယ်ကတဲ့လဲ အေး''

''ကိုကို့ထောင်မှူးအဆက် ဂိုဒုံး တွေဆီက လွှတ်လိုက်တာတဲ့''

''ဘာတဲ့တုံး ဆိုပါဦး''

''အားရင် သူတို့ဆီ အလည် လာပါဦးတဲ့။ အေးကိုလည်း ခေါ်ခဲ့ပါ တဲ့၊ မြင်ဖူးချင်လို့ပါတဲ့''

''ဟုတ်သား။ မောင်လည်း ပြန် ရောက်ကတည်းက မသွားဖြစ်သေး ဘူး။ တစ်ခေါက်လောက်တော့ သွား လိုက်တာပေါ့ အေးရယ်''

''လာနိုင်မယ့်နေ့ ပြောပါတဲ့။ သူ တို့ကားနဲ့ လာခေါ်မယ်လို့ ပြောသွား တယ်။ အေးက မောင်မရှိတာနဲ့ ဘာမှ မပြောလိုက်ဘူး။ မောင်ထွက်လာရင် ပြောလိုက်ပါ့မယ်လို့ ပြောလိုက်တယ်။ နက်ဖြန်တစ်ခေါက် ဝင်ခဲ့ပါဦးမယ်လို့ ပြောသွားတာပဲ''

''ဒီတစ်ပတ်အားရက်မှာ တခြား



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စမရှိရင် သွားကြတာပေါ့အေးရယ်"

ထမင်းစားသောက်ပြီး စောစောပဲ အိပ်ရာဝင်ခဲ့ကြသည်။ သည်ကနေ့ကိုတော့ မင်္ဂလာနေ့ဟု မဆိုသာ။ နောက်နေ့မနက်သည် မင်္ဂလာနေ့ဖြစ်ပါစေဟုရည်စူးပြီး အိပ်ရာဝင်လိုက်ရ၏။

××× ×××

ကိုသန့်ဇင် ယူနီဖောင်းလဲပြီး လက်ဖက်ရည်စားပွဲတွင် ထိုင်လိုက်သေ အချိန်တွင် အေးပါးပေါ်မှာ ခါတိုင်းလို သနပ်ခါး မတင်ရသေးဘဲ ရှိနေသည်။ စားပွဲပေါ်သို့ တင်လာသည့် သုံးဆင့်ချိုင့်ကလေးဆီသို့ မျက်စိရောက်သွားရသည်။

"မောင် ထောင်ထဲဝင်ရင် ဒီချိုင့်ကလေး ဆွဲသွားပါဦး"

"ဘာလုပ်ဖို့လဲ အေးရဲ့"

"မြခင်ဖို့ပါ။ ငါးကျည်းခြောက်ကျော်၊ ဒန့်သလွန်ဟင်းခါး ချက်ထားတယ်။ မောင် ယူသွားရမှာ ဝန်လေးနေရင် ဝါဒါလေးတစ်ယောက်နဲ့ ပေးလိုက်မယ်"

"ရပါတယ် အေးရဲ့။ ဟိုကျ ဒေါ်တုတ်ကြီးခေါ်ပြီးပေးလိုက်တာပေါ့"

"ဒါမျိုး ပေးရ ကျွေးရတာ ကုသိုလ်သိပ်ရတယ် မောင်ရဲ့။ ကိုယ့်အိမ်မှာ ကိုယ့်ဟာကိုယ် နေ့တိုင်းထမင်းစားနိုင်တဲ့လူတွေ ခေါ်ကျွေးတာထက် ဒါမျိုးက ပိုပြီးကုသိုလ်ရတယ်"

"ညောင်စေ့လေးလောက် လှူဆို ဒါမျိုးပေါ့"

"စေတနာဟာ အဓိကပါ မောင်။ စေတနာရဲ့ အတုံ့အလှည့်အကျိုးကို ခံစားဖို့၊ မခံစားဖို့က သူ့အကြောင်းနဲ့ သူပါ"

ကိုသန့်ဇင် ထောင်ထဲရောက်ရောက်ချင်း ဒေါ်တုတ်ကိုခေါ်ပြီး ချစ်ဇနီး၏စေတနာကို လက်ဆင့်ကမ်းလိုက်ရသည်။ ကိုသန့်ဇင်က မိန်းမထောင်ဘက်ကို မလှည့်အားသေး။ မနေ့ကရောက်လာသော အချုပ်လူသစ်များကို စစ်ရဆေးရဦးမည့် တာဝန်ရှိသေးသည်။

သူ့စားပွဲထိုင်ပြီး မကြာမီ မနေ့ကရောက်လာသော လူသစ်များ သူ၏စားပွဲရှေ့မှာ ပုံစံထိုင်လျက် အသင့်ရှိနေကြပြီ။ လူသစ်များစစ်ဆေးခြင်း ပြီးသွားသောအခါ တန်းစီးဖြစ်သူက ညဘက် သူလေ့လာထားသော လူသစ်များ၏ ဖြစ်မှုကြောင်းမှာ စိတ်ဝင်စားစရာအကြောင်းရပ်ကလေး ပါလာသည်။ လူသစ်များရောက်လာတိုင်း သူတို့၏ဖြစ်မှုအကြောင်း အကြမ်းဖျင်းကို လေ့လာတတ်သည်မှာ ကိုသန့်ဇင်၏ ဝါသနာဖြစ်၏။

တစ်နေ့သောအခါတွင် ရှေ့နေလုပ်ရပ်ရည်မှန်းချက်သာ ရှိသည့်အတိုင်း ရာဇဝတ်မှုကျူးလွန်တတ်သည့် လူဆိုးများ၏စရိုက်နှင့် လုပ်နည်းလုပ်ဟန်များကို လေ့လာထားခြင်းဖြင့် သူ၏လုပ်ငန်းတွင် အထောက်အပံ့ဖြစ်စေမည်ဟု သဘောမှုထားသည်ကတစ်ကြောင်း၊ လက်ရှိအုပ်ချုပ်ရေးအလွှာတွင် ရပ်တည်နေရစဉ် အချုပ်ဆောင်ရောက်လာသူများထဲတွင် ဘယ်လိုလူမျိုးများ ပါလာသည်ကို သိထားခြင်းအားဖြင့် ပြဿနာမပေါ်အောင်ကိုင်တွယ်ရာ၌ အထောက်အပံ့ဖြစ်လိမ့်မည်ဟု ခံယူချက်ထားသည်က တစ်ကြောင်းတို့ကြောင့် လူသစ်ရောက်လာတိုင်း သူတို့၏အမှုအကြောင်းကို လေ့လာခဲ့ခြင်း ဖြစ်ပေသည်။

မနေ့ကရောက်လာသော လူသစ်များအနက် မောင်လှသောင်၏ ဖြစ်မှုကြောင်းမှာ စိတ်ဝင်စားဖွယ်ကောင်းသလို ကြားရကြုံရခဲဘိသော အမှုမျိုးလည်းဖြစ်၏။ မောင်လှသောင်မှာ အသက်နှစ်ဆယ်ပင်မပြည့်တတ်သေး။ ဆယ့်ကိုးနှစ်ကျော်ရုံမျှကလေးသာ ရှိသေးသည်။ အရပ်ပုပု၊ အသားညိုညို၊ ကိုယ်လုံးတုတ်တုတ်၊ မျက်လုံးမျက်ဖန် ကောင်းသော်လည်း နှာတံက ပြားသည်။ လူချောတစ်ယောက်ဟုမပြောသာသလို အကျည်းတန် အရုပ်ဆိုးသူတစ်ယောက်ဟုလည်း မဆိုသာပေ။ ကြည့်ပျော်ရှုပျော်ရုပ်ရည်ကလေး ရှိသည်။ မိဘများက ချောင်ချောင်လည်လည်ရှိသည့် တောင်သူမျိုးရိုး။ မတ္တရာမြို့နယ်၊ ---ရွာတွင် မောင်လှသောင်၏ မိဘများမှာ ကြေးရတတ်စာရင်းမဝင်သော်လည်း ချောင်ချောင်လည်လည် နေနိုင်ကြသည်။ ကိုယ်ပိုင်စိုက်ခင်း၊ ကိုယ်ပိုင်နွားနှင့် ကြွေးမြီကင်းကင်း နေနိုင်ကြသဖြင့် မောင်လှသောင်ကို လုပ်ငန်းခွင် မဝင်စေဘဲ ကျောင်းထားပေးခဲ့၏။ ရှစ်တန်းအောင်သောနှစ်တွင် မောင်လှသောင် အလူးအလဲဖျားလိုက်သည်မှာ လေးငါးခြောက်လ အိပ်ရာထဲလဲသည်အထိ ခံလိုက်ရ၏။ နာလန်ထပြီးနောက် ကျောင်းပြန်တက်ဖို့ ခြောက်လလောက် နောက်ကျသွားသဖြင့် ကျောင်းမတက်ရတော့ဘဲ အိမ်မှာအနားယူရင်း ဝါသနာထုံမွေ့ရာ စိုက်ပျိုးမွေးမြူရေးကို စမ်းသပ်လုပ်ကိုင်ခဲ့ရာမှ အောင်မြင်လာသည်။ အောင်မြင်လာသော လုပ်ငန်းမှာ ပျော်မွေ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်လာသော လုပ်ငန်းကိုတိုးချဲ့ပြီး ဖိဖိစီးစီးလုပ်ကိုင်နိုင်ရန် စီစဉ်ခဲ့သည့်အတိုင်း ပညာရေးကို ကျောခိုင်းလိုက်ရသော်လည်း နှစ်နှစ်အတွင်း သူ၏လုပ်ငန်းမှာ ရွာနီးချုပ်စပ်ကပါ ပြောစမှတ်ပြုရလောက်အောင် တိုးတက်လာ၏။ သူ၏လုပ်ငန်း အောင်မြင်လာသည်နှင့်အမျှ တောရွာဓလေ့အတိုင်း သူ့သတင်းမှာလည်း ရွာထဲမှာ မွှေးပျံ့လာသည်။ အပျို့အမေ၊ အဖေတို့က မျက်လုံးဖြင့်ပြီး ကြည့်လာကြသလို အပျိုလေးတွေကလည်း ကွက်ကြည့် ကွက်ကြည့် ဖြစ်လာသည်။ ထိုအထဲမှ သူ၏မျက်စိနှင့်တည့်သူမှာ အရှေ့ပိုင်းက ဦးမှင်၊ ဒေါ်တင်ထွေးတို့၏သမီး ကွမ်းတောင်ကိုင် အလှပိုင်ရှင် နွဲ့ရီကလေး ဖြစ်၏။

ညိုညိုတုတ်တုတ်၊ တစ်တစ်ရစ်ရစ်ကလေး။ အလှသွေး ဖွံ့စပြုနေသော နွဲ့ရီကလေးမှာ ကာလသားတို့၏ မျက်လုံးအမှတ်ပေးခံရသူများတွင် ထိပ်ဆုံးကပါနေသူလေး ဖြစ်သည့်ပြင် သူတို့ရွာ၏ ရက်ကန်းအကျော်လေး တစ်ဦးလည်း ဖြစ်၏။ မောင်လှသောင်၏ မျက်စိထဲမှာတော့ နွဲ့ရီကလေး၏ အလှမှာ မြေကြီးပေါ်က လဝန်းလေးသို့နှယ်။ ရက်ကန်းစင်မှ ပျံ့လွင့်လာလေ့ရှိသော ကြည်လင်အေးမြ သည့် နွဲ့ရီလေး၏အသံမှာ လှသောင်၏ နားထဲတွင် စွဲငြိနေခဲ့၏။ ချစ်တတ်သူများ၏ မျက်လုံးမှာ ကြည့်မြင်နိုင်သော စွမ်းအားအပြင် စကားပြောတတ်သော စွမ်းအားလည်း ရှိကြပေရာ သူတို့နှစ်ယောက် မျက်လုံးချင်း စကားပြောရာမှ ကောင်းကင်မှ လဝန်းကို သက်သေပြ၍ သစ္စာတိုင် ပတ်ပျိုးဆိုသည့် အဆင့်သို့ ရောက်ခဲ့ကြ၏။ လူငယ်ချင်း အချစ်ညီကြသည်။ လူကြီးချင်း သဘောတူကြသည်။ အလွမ်းမပါ သောကရိပ်မထင်သော ချောမွေ့ ဖြောင့်ဖြူးသည့် ချစ်ခရီးကို တူတူညီညီ ရီရီပြုံးပြုံး လက်တွဲလျှောက်ကြလေသတည်းဟု အဆုံးသတ်ရမည့် ဇာတ်လမ်းဖြစ်သော်လည်း ကြမ္မာလေပွေ၏ မွှေ့ယမ်းခြင်းကို ခံလိုက်ရသောအခါ သာယာပျော်ရွှင်မှုအားလုံးမှာ လေပွေနှင့်အတူ လွင့်မြောပါသွားခဲ့တော့၏။

စည်လိုက်တဲ့ မင်္ဂလာဆောင်။ ကောင်းလိုက်တဲ့ ဝက်သားနီချက်ဟု ပြောစမှတ်တွင်ခဲ့သည့် သူတို့၏မင်္ဂလာနေ့မှာ ပျော်ရွှင်ဖွယ်ရာအတိ လွှမ်းထင်ခဲ့သော်လည်း မင်္ဂလာဦးညမှာမူ ဆွတ်ပျံ့ကြည်နူး ပျော်ရွှင်ရိပ် မထင်ခဲ့ပါလေ။

ဖြစ်ပုံက ထူးဆန်းသည်ဟု ဆိုရမည်။ စိတ်ရောဂါ စာပုလွေဆရာ ဒေါက်တာအုန်းမောင်တို့ကတော့ ဘယ်သို့သော ရောဂါအမည်ပေးကြလိမ့်မည် မသိ။ စိတ်ရောဂါတော့ စိတ်ရောဂါတစ်ခုခု ဖြစ်ဖွယ်ရှိ၏။

နားနှင့်မနာ ဖဝါးနှင့်နာ ဆိုဘိသို့ ရေးရပါတော့မည်။

ညည့်သည်ကင်းရှင်း အိပ်ရာတွင်းရောက်သည်နှင့် နွဲ့ရီကလေးက စကားမပြောပါလေတော့။ တုဏှိဘာဝေ ဆိတ်ဆိတ်နေ၍ ချစ်သူ၏ ဆန့်ကျင်ဘက်သို့ မျက်နှာမူနေသည်။ စိတ်များ ကောက်နေသည်လား။ ဇနီးမောင်နှံစုံများ စိတ်ကောက်ပြီးမှ ချစ်ရသည့်အချစ်သည် ပို၍ အရသာရှိလေ၏ဟု သိုးဆောင်းစကားပုံ တစ်ခုက ဆိုသည်။ မောင်လှသောင်က အသစ်စက်စက် ဇနီးအလှလေးကို အပြစ်မတင် မမြင်ဘဲ အချစ်တော်ဝင်ပြီး ကရားရေလွှတ်သည်သို့ တင်စားပမာ စကား အရာအထောင်၊ အသောင်းများစွာနှင့် ချော့ခဲ့ပါသော်လည်း နွဲ့ရီလေးက လုံးဝမလှည့်။ နွဲ့ရီလေး အသားဆိုင်တွေက တဆတ်ဆတ် တုန်နေသည်။ ပွေ့ဖက်လိုက်တော့ ပိုဆိုးသည်။ နတ်ဝင်သည်များ တုန်နေသည်၊ လှုပ်နေသည်သို့နှယ်။

ဩ . . . သူ ကြောက်နေရှာလို့ပဲလို့ သန်းခေါင်ကျော်လို့ ပွေ့ဖက်ပြန်တော့လည်း ထိုအတိုင်း။ လင်းအားကြီးကျတော့လည်း ထိုအတိုင်း။ သူကလေး၏အသားကို ထိလိုက်သည်နှင့် တဆတ်ဆတ်တုန်လာပါရော။

ခက်ချေပြီ။

မင်္ဂလာဦးည သည့်အတိုင်း မိုးလင်းလိုက်ရသည်။

မနက်ကျတော့ ရယ်ရယ်ပြုံးပြုံး ရွှင်ရွှင်ပျပျ။ ပြောလို့ဆိုလို့၊ ရယ်လို့မောလို့။ ဆရာကိုသာရ ရေးဟန်နှင့် ရေးရသော် ''ပသို့လုပ်ရပါ့''ဟူ၍။

ဒုတိယနေ့ည ထိုနည်းလည်းကောင်း။

အိပ်ရာထဲ ရောက်သည်နှင့် စကား လုံးဝမပြောတော့။ တုန်ပြီ။ ခါပြီ။ တကျိုကျိုမြည်အောင် လှုပ်လေပြီ။

တတိယည၊ စတုတ္ထည။ ထိုမှ လသို့ကူးလာသည့်တိုင် မင်္ဂလာဦးညမှာ အရာမယွင်းသေး။ သူငယ်ချင်းတွေ မေးကြ၊ နောက်ကြသည့်အခါ လှသောင်ခမျာ ချော်လဲရောထိုင် လုပ်နေရသော်လည်း သူ၏ရင်ထဲမှာ မချိ။ တရိရိ၊ တနွံ့နွံ့ ခံစားနေရသည်။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုမှလည်း မပြောရဲ။ ဘာလုပ်ရမှန်းလည်း မသိ။

နောက်ပိုင်းကျတော့ ပိုတောင်ဆိုးလာသေး။ သည်အကြောင်း စကားစပ်မိလို့ ပြောလိုက်တာနဲ့ တုန်ပါလေရော။

လုသောင်မှာ မယားနှင့်ပါဆိုကိုလူ ဖြစ်နေရပြီ။

. ကိုယ့်ဘက်က မိဘ၊ သူ့ဘက်က မိဘများကို သည်အကြောင်းဖွင့်ပြောဖို့ကလည်း ဘယ်သို့မှ မဖြစ်။ ခံစားချက်ကို မမျိုသိပ်နိုင်သည့်အဆုံးကာလသားခေါင်း ကိုဖိုးရွှေကို ဖွင့်ပြောတိုင်ပင်ရသည်။ ကိုဖိုးရွှေကလည်း ဘာမှ အကူအညီမပေးနိုင်။ ဘာလုပ်ရမှန်းကိုလည်း မညွှန်ပြတတ်။ အခက်ထဲမှာ အခက်ဆုံးဟု ဆိုရန်မှတစ်ပါး ဆိုစရာ မရှိချေပြီ။ ကိုဖိုးရွှေက ''ပယောဂပဲ ဖြစ်လိမ့်မယ်ကွ''ဆိုပြီး ဟိုဘက်ရွာက ဆရာထွားဆီ ခေါ်သွားသည်။ ဆရာထွားဆိုတာက ပယောဂမှာ အကျော်။ စကားအရာမှာ အမော်။

ဆရာထွားကို အကျိုးအကြောင်း အစုံအလင် ပြောပြလိုက်ရသည်။

''ဟား ... ဟား ... ဟား ... ဟား ... မင်းတို့က ခုမှ ရောက်လာတာကိုးကွ။ နို့မဟုတ်ရင် မင်းလူအိုဖြစ်တာ ကြာလှပေါ့ ငါ့တူရာ။ နာသကွာ။ နာတယ်။ အေး ... ရက်တွေ နှမြောစရာကောင်းလိုက်တာ။ ကဲ ... မင်းမိန်းမကို ခေါ်လာလို့ရမလား''

''သူ့ကိုခေါ်လာရင် အုတ်အော်သောင်းတင်း ဖြစ်ကုန်မှာစိုးလို့ သူ့မခေါ်ဘဲ ဖြစ်နိုင်ရင် ...''

''တော်ပြီ။ သိပြီ။ ဖြစ်ရမှာပေါ့ကွာ ဆရာထွားတဲ့ကွ။ လေကြွားတယ်လို့တော့ မထင်နဲ့။ ဆရာထွားနဲ့ တွေ့မှတော့ မဖြစ်ဆိုတာ မရှိရဘူး။ သူ့ရွေးခံအကျီယူခဲ့။ ဒါပေမယ့်နော် အကုန်အကျတော့ ပိုများမယ်။ ရုပ်ကိုခွဲပြီး ခေါ်ရမှာဆိုတော့ ပွဲပိုပေးရလိမ့်မယ်''

''များပါစေ ဆရာကြီး။ အောင်မြင်ဖို့သာ''

''ဒါတော့ မပြောနဲ့လေကွာ။ ဆရာထွားလုပ်လို့ မအောင်မြင်တာသာရှိမယ်ဆိုရင် မင်းတို့ ငါ့ကို ဒီရွာမှာ ဘယ်မြင်ရတော့မလဲကွ။ မောက်ညို၊ မောက်နီ၊ မောက်ဝါ၊ မောက်စိမ်း ဘယ်လောက်ပဲကြီးကြီး ဆယ့်နှစ်ကျိုး၊ နှစ်ဆယ့်လေးကျိုး၊ လေးဆယ့်ရှစ်ကျိုးရှိပါစေ။ ဇော်ဂနီ၊ ဇော်ကနက်၊ ဇော်ကလုံး၊ ဇော်ကပြား ဘာကောင်ဖြစ်ပါစေ။ ဆရာထွားရှေ့ရောက်ရင် ဒူးတုပ်ပြီးသား ဖြစ်ရမယ်''

''ဟုတ်ကဲ့ ဆရာကြီးကို သိပ်အားကိုးပါတယ်''

''တစ်ပတ်အတွင်း လူပျိုရည်ပျက်စေရမပေါ့ကွာ''

ဆရာထွားအစွမ်း ဘယ်လောက်ထက်မှန်း မသိစေကာမူ ငွေတစ်ရာတော့ လက်ငင်းပူဇော်ခဲ့ရသည်။ ကိုဖိုးရွှေအတွက် ထန်းရည်ဖိုးလေးလည်း သိတတ်ရသေးသည်။

နောက်တစ်နေ့တွင် ဆရာထွားက အိမ်မှာပွဲတစ်ပွဲပြင်ပြီး အသင့်စောင့်နေသည်။ နွဲ့ရီလေး၏ ချွေးခံအကျီကို ဆရာထွားလက်ထဲအပ်လိုက်ရာ ဆရာထွားက သူတို့နားမလည်သော ဘာသာစကားနှင့် ဂါထာစုတ်ပြီး အကျီကို ဖနောင့်နှင့် ခုနစ်ချက်ပေါက်လိုက်သည်။

''ကျုပ်ညက ဝေလသိဋ္ဌိတ်ယောဆေးနဲ့ မျက်စိကွင်းပြီး ကြည့်လိုက်ပြီးပြီ။ ကောင်မလေးက လူဝင်စား။ ဘဝဟောင်းက လင်ယောကျ်ားက အနှောင့်အယှက်ပေးနေတာ။ ဒီကောင်က ကပ်တုံခွာတုံ လုပ်နေတယ်။ ဒါကိုရှင်းလိုက်ရင် မင်းတို့ကိစ္စအားလုံး ပြေလည်သွားလိမ့်မယ်။ နေဦးကွ။ ခု မင်းတို့က မိသားစုနဲ့ပေါင်းနေတာလား၊ သီးခြားနေကြတာလား''

''အိမ်ကတော့ သီးခြားပေါ့ ဆရာကြီး။ ဝိုင်းကတော့ တစ်ဝိုင်းတည်းမှာပါ။ သီးခြားအိမ်ကလေးကို ပြောင်းတာလဲ တစ်ပတ်လောက်ပဲ ရှိပါသေးတယ်''

''အေး ...အေး ...အခု ဆရာကြီး ဆေးပေးလိုက်မယ်။ ဒီဆေးကို ကောင်မလေးမသိအောင် ရေထဲမှာ ထည့်တိုက်လိုက်။ အဲ ... ညဘက် တုန်တုန်ရီရီဖြစ်လာတဲ့ အချိန်မှာတိုက်။ ဆေးကိုတိုက်ပြီးတာနဲ့ ဒီကောင်ကို ဆော်ပေတော့''

''ဘယ်လိုဆော်ရမှာလဲ ဆရာကြီးရဲ့''

ဟု ကိုဖိုးရွှေက ဝင်မေးလိုက်၏။

''အခုပေးလိုက်တဲ့ဆေးက ချုပ်ဆေးပဲကွ။ ကောင်မလေး တုန်တုန်ရီရီဖြစ်လာရင် ဟိုခွေးသား ကပ်လာပြီသာမှတ်။ ချုပ်ဆေးတိုက်လိုက်ရင် ဒီကောင် ပြန်မခွာနိုင်တော့ဘူး။ ထားဝယ်ကြိမ်နဲ့ လိမ့်ဆော်ပေတော့။ စိတ်ရှိလက်ရှိ မှတ်လောက်သားလောက်အောင် တွယ်ပစ်''

ဆရာထွားက အားရပါးရ ဟန်နှင့် ပန်နှင့် ရိုက်ပုံရိုက်နည်းပါ ပြခဲ့ရာ နားထောင်နေရသူ မောင်လှသောင်၏ မျက်လုံးမှာ ပို၍သာ၍ ပြူးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးက မာန်ပါလာလေ သူ၏ မျက်လုံးက ပို၍ ပြူးကျယ်လာလေ။

နောက်ပြီးမှ တိုးလျှိုးတောင်းပန်သော လေသံနှင့် ပြောလိုက်သည်မှာ

"ဆရာကြီးရယ် ... ဒီပြင်နည်းလေးများ မရှိတော့ဘူးလား ခင်ဗျာ"

"ဒီနည်းက ဘာဖြစ်လို့လဲ။ ငါ အချေအချာ စီရင်ထားတာပဲဟာ"

"ကျွန်တော် စိတ်ရှိလက်ရှိ ရိုက်လိုက်ရင် နွဲ့ရီလေး ဒုက္ခရောက်သွားမှာ စိုးလို့ပါ ဆရာကြီး"

"မင်းတို့ အဲဒါကြောင့် ခက်တာပေါ့ကွ။ မင်းမိန်းမကို ရိုက်တာမှ မဟုတ်ဘဲ။ ဟိုခွေးမသားကို ရိုက်တာ။ ချုပ်ပြီးမှ အပိုင်ဆော်တာ။ မင်းမိန်းမမှာ မွဲတစ်ပေါက်တောင် မစွန်းစေရဘူးမှတ်။ မင်းရိုက်နိုင်သလောက် ဟိုကောင်ပဲခံရမှာ။ တစ်ခုတော့ရှိတယ်။ မင်းရိုက်နေတုန်း မင်းမိန်းမအော်ရင် ပိုသာရိုက်။ အဲဒါ ဟိုခွေးမသားတိလို့ အော်တာပဲ။ အော်လို့များ အရိုက်လျှော့လိုက်ရင် မင်းရှုံးပြီသာမှတ်။ နောက်ထပ် ဘာမှလုပ်လို့ မရတော့ဘူး။ အဲဒါကို မင်းခေါင်းထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားပေတော့"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ဒါဆိုရင် ခွေးမသား လိမ့်သွားအောင် ဆော်ပစ်လိုက်ပါ့မယ်"

"လိပ်ကျောက်မြီးများရှိရင် ပိုတောင်ကောင်းသေး။ ခွေးမသား တစ်ချီးတည်းနဲ့သွားရောပဲ"

"ရပါလိမ့်မယ် ဆရာကြီး။ ရှာရတာပေါ့"

ကိုဖိုးရွှေက ဝင်ထောက်လိုက်သည်။

ဆရာထွားဆီက အပြန်တွင် ထန်းရည်တော ဝင်ကြသည်။ ဘယ်လိုဆော်၊ ဘယ်လိုနက်ရမည်ကို ကိုဖိုးရွှေက ထပ်ဆင့်မိန့်ခွန်း ခြွေသပြန်သည်။

သည်နေ့အထိ မင်္ဂလာဦးညစည်းကို မကျော်ဖြတ်ရသေးသူ မောင်လှသောင်၏ ရင်ထဲမှာ ကြိတ်မနိုင်ခဲမရဖြစ်နေသည့် ခံစားချက် အပြည့်အသိပ်နဲ့မို့ ဒီလောက်တောင် နှောင့်ယှက်တဲ့အကောင် တွေ့ရင် ဘယ်သက်သာတော့မှာပ။ ကိုဖိုးရွှေက ညနေကတည်းက လိပ်ကျောက်မြီး လာပို့သွားသည်။

ညအိပ်ရာ ဝင်ကြပြီ။

ဖက်လှဲတကင်း ပြုလိုက်သည်နှင့် တုန်လာပြီ၊ လှုပ်လာပြီ၊ ခါလာပြီ။ ခပ်ကြမ်းကြမ်းဖက်လေ ပို၍ တုန်လာလေ၊ ပို၍ရုန်းကန်လေ။

သောက်ရေထဲ ဆရာထွားဆေး ထည့်ပြီး တိုက်လိုက်သည်။

ထပ်၍ဖက်ကြည့်သည်။

ပို၍ တုန်လာသည်။

ငနဲသားတော့ မိနေပြီပေါ့။ ဆရာထွားမျက်နှာကို ကွက်ခနဲသွားပြီး မြင်လိုက်ရာ ဘာမှပြောမနေတော့ဘဲ လိပ်ကျောက်မြီးနှင့် စိတ်ရှိလက်ရှိ တွယ်ထည့်လိုက်တာ နွဲ့ရီကလေးမှာ ငါးဖယ်ပျံသလို လူးလိမ့်နေသည်။ အော်လိုက်တာမှ ငယ်သံပါရော။ အော်လေ ရိုက်လေ၊ ရိုက်လေ အော်လေ။ အချိန်က ညဉ့်သန်းခေါင်ယံ ကျော်ပြီ။ အိပ်နေသူတွေ ချက်ချင်း မနိုးကြ။ နိုးသူများ ပြေးလာပြီး ဆွဲကြ၊ လွဲကြသောအခါ နွဲ့ရီကလေးမှာ မလှုပ်နိုင်တော့။ ဒါတောင် လှသောင်ဒေါသက မပြေချင်သေး။ ဆွဲထားသူများထံမှ အတင်းရုန်းထွက်နေသေးသည်။

နွဲ့ရီကလေးကို ချက်ချင်း ဆေးရုံပို့လိုက်ရသည်။

လှသောင်လည်း အချုပ်ထဲ ရောက်သွားသည်။

လှသောင် ပြောသမျှ သူ၏ဖြစ်ကြောင်း စိတ်ဝင်စားဖွယ် ဇာတ်လမ်းကို တအံ့တသြ နားထောင်ခဲ့ရသူ ကိုသန့်ဇင်မှာ ဇာတ်လမ်းဆုံးသွားသည်နှင့် "ဖြစ်မှဖြစ်ရလေ လှသောင်ရယ်" ဟူ၍သာ မှတ်ချက်ချလိုက်နိုင်တော့၏။

ကဲ ... သူတို့ဖြစ်ကြောင်းက မဆန်းလား။

အသက်တစ်ရာ မနေရသော်လည်း အမူတစ်ရာ တွေ့ရမည်ဆိုသည်မှာ အပြင်လောကထက် ထောင်လောကကို ရည်ညွှန်းရသော် ပို၍မှန်လိမ့်မည်ဟု ဆိုရန်သာ။

အိမ်ပြန်ရောက်တော့ အေးကို ဖောက်သည်ပြန်ချရသည်။

မောင်ပြောသမျှ ဇာတ်လမ်းထဲမှာ သည်ဇာတ်လမ်းက အဆန်းဆုံးဟု အေးက မှတ်ချက်ချလိုက်၏။

ဆန်းကြယ်လေစွ ထောင်ဗဟုသုတများကို မှတ်တမ်းပြုရလျှင် အံ့ဖွယ်ကုန်နိုင်ဖွယ်ဟု ဆိုရလိမ့်မည်သာတည်း။

××× ×××

သည်နေ့ အားရက်။

ဈေးချိုမှာ မုန့်တီအဝစားပြီး စိန်မျက်ခုံးတို့ဆီ လှည့်ဝင်မည့် အစီအစဉ်ဖြစ်၍ မနက်အစောကြီးကပင် အိမ်မှ ထွက်ဖြစ်ခဲ့ကြသည်။ သူတို့ပေးထားတဲ့ လိပ်စာအတိုင်း ရောက်သွားရသော လိပ်စာပါ တိုက်ကလေးမှာ ခေတ်ဆန်သည်၊ လှပသည်။ တိုက်ရှေ့က ကျယ်



www.burmeseclassic.com

www.burmeseclassic.com

ဝန်းသောနေရာကလေးကို ဥယျာဉ်ငယ် အသွင်ဖန်တီးပြီး ပန်းပေါင်းစုံဖူးပွင့်စေခဲ့သည်မှာ မျက်စိထဲတွင် ရိုးရိုးရှင်းရှင်း ကလေးပင် အလှရိပ်ထင်နေသည်။

တိုက်ကလေးမှာ အသစ်စက်စက် မဟုတ်သော်လည်း ပြုပြင်မွမ်းမံမှု စနစ်ကျလွန်းသမို့ ထင်ပ။ တိုက်သစ်က[illegible]ားနှင့်မခြား ရှိနေသည်။ ဧည့်ခန်းမှာ ပြင်ဆင်ထားသည့် အနေအထားကိုကြည့်ရုံနှင့် တိုက်ပိုင်ရှင်တို့၏ အဆင့်အတန်းကို ခန့်မှန်းနိုင်ရာ၏။

ရန်ကုန်သူဌေးတိုက် ဧည့်ခန်း အပြင်အဆင်မျိုးတော့ မဟုတ်။ မီးဖိုချောင်သုံး ရေခဲသေတ္တာတို့၊ ကြွေထည်ပစ္စည်းတို့ကို ဧည့်ခန်းမှာ ပြမထား။ အဖိုးတန်ပစ္စည်းများ ပြွတ်သိပ်ပြထားသော အပြင်အဆင်မျိုးနှင့် မျက်စိကို မရှုပ်ထွေးစေဘဲ မန္တလေးဟန်အတိုင်း ရှင်းရှင်းလင်းလင်း ရိုးရိုးယဉ်ယဉ်လေး ပြင်ဆင်ထားသည်မှာ ရှုမငြီးစရာသာပ။

သူတို့ ရောက်သွားသောအခါ အိမ်သားတစ်ဦး ဖြစ်ဟန်ရှိသော အသားညိုညို၊ မျက်ခုံးကောင်းကောင်း ကျွန်တော်မလေးတစ်ယောက် ထွက်လာပြီး ဧည့်ခံစကားပြောလာသည်။ စိန်မျက်ခုံးတင်တင်တို့နှင့် တွေ့ဖို့လာကြောင်း ပြောလိုက်သည်နှင့် ပျာပျာသလဲဖြစ်သွားသည်။ အိမ်ထဲတွင် ရှိနေသူတစ်ယောက်အား လှမ်းခေါ်လိုက်သည်။ ထွက်လာသော ကျွန်တော်မလေးမှာ ပထမဧည့်ခံနေသော အမျိုးသမီးနှင့် ရုပ်ချင်းဆင်သော်လည်း သူလေးက ပို၍လှသယောင်ရှိ၏ သူကလေး၏မျက်နှာပေါ်တွင် ကြည်မောဖွယ်အပြုံး ပြည့်ထင်နေသည်။ ကျွန်တော်မအကြီးက ကျွန်တော်မအငယ်ကို ဧည့်သည်ရောက်နေကြောင်း မမတင်တို့ဆီ သွားပြောဖို့ ခိုင်းလိုက်ရာ ကျွန်တော်မလေးက သူတို့ကို အပြုံးတစ်ချက်ဝင့်၍ စက်ဘီးဆွဲပြီး ထွက်သွား၏။ မန္တလေးသူ မန္တလေးသားများနှင့် စက်ဘီးမှာ ပြွန်းပြွန်းတီးတီး ရှိလှ၏။

စိန်မျက်ခုံးကို သူတို့ခေါ်ပုံက မမတင်တဲ့။ စိန်မျက်ခုံးက အခု သူတို့ရောက်နေသော တိုက်မှာပင် တည်းခိုနေထိုင်ကြောင်း၊ တစ်နေရာကအခေါ် ရောက်လာ၍ လိုက်သွားသည်မှာ တစ်နာရီခန့်သာ ရှိသေးကြောင်း၊ ဧည့်သည်များလာလျှင် အကြောင်းကြားဖို့ မှာသွားကြောင်းများကို ကျွန်တော်မလေးပြောပြသဖြင့် သိရှိခဲ့ရ၏။ အိမ်ရှင်များက ဧည့်ခံသည့် အဖျော်ယမကာ သောက်ရင်း စကားပြောနေကြစဉ် လင့်ရှိဗာကားတစ်စီး ရောက်လာသည်။ ကားမောင်းလာသူက စိန်မျက်ခုံးတင်တင် အခေါ်လွှတ်လိုက်ကြောင်း ကျွန်တော်မလေးမှတစ်ဆင့် ပြောလာသဖြင့် ကျွန်တော်မလေးနှစ်ယောက်ကို နှုတ်ဆက်ပြီး လင့်ရှိဗာကားနှင့် လိုက်ခဲ့ရ၏။ ကျွန်တော်မလေးများ၏ မိဘများမှာ အရောင်းအဝယ်ကိစ္စဖြင့် အပြင်သွားနေရသဖြင့် မတွေ့ခဲ့ရပေ။

မြင်းလှည်းနှင့် စက်ဘီးများကို မရှောင်တတ်ရင် မန္တလေးမှာ ကားမောင်းဖို့မလွယ်။ အကွေ့အကောက် အထပ်ထပ်၊ အချိုးအလှည့် အသွယ်သွယ် ပြွန်းတီးသော မန္တလေး-မေမြို့ ကားလမ်းကို မျက်စိမှိတ်မောင်းနိုင်အောင် ကားမောင်းကျင်လည်သူများမှာ မန္တလေးမြေပြန့်သို့ ရောက်ပြီဆိုလျှင် မျက်စိကို အလစ်မပေးရဲ။ ဟိုစောင်း သည်ငဲ့ မငေးမောရဲ။ ရိပ်ခနဲ ဖြတ်ထွက်လာတတ်သည့် စက်ဘီးနှင့် ကားကို မထိမိမြင် ပွတ်ကာတိမ်းကာ မောင်းတတ်သည့် မြင်းလှည်းများ ကို သူတို့အလန့်ဆုံး။ အကွေ့အချိုး ခက်ခဲလှသော တောင်တက်လမ်းထက် မန္တလေးမြေပြန့် လမ်းကျယ်ကြီးများကို ပို၍ကြောက်ကြသည်။ သူတို့ကို ခေါ်ဆောင်လာသည့် ကားဆရာ၏ သီကာရီကာ ပွတ်ကပ်ရှောင်တိမ်းပုံ ကျင်လည်လှသည်ကိုကြည့်ပြီး မန္တလေးလမ်းနှင့် အထာကျွမ်းဝင်နေသော ယာဉ်မောင်းတစ်ယောက် ဖြစ်လိမ့်မည်ဟု အမှတ်သညာပြုလိုက်ရ၏။ သူကားမောင်းပုံမှာ ခပ်ကြမ်းကြမ်း၊ အရှောင်အတိမ်းလုပ်သွားပုံမှာ အသည်းတယားယား။ သို့သော် မန္တလေး တစ်ပြခရီးကို ကျော်ဖြတ်လာသည်မှာ မျက်စိတစ်မှိတ်အတွင်းသာ။ အလွန်ကြီးမားသော တိုက်ကြီးတစ်လုံးရှေ့တွင် ကားကိုထိုးရပ်ပြီး သူကရှေ့ဆောင်၍ တိုက်ထဲသို့ ခေါ်သွားခဲ့၏။ ပြောင်လက်နေသော သစ်သားပွတ်လုံးတပ် လှေကားကြီးကို တက်ခဲ့ကြပြီးနောက် လှေကားထိပ်အဆုံးသို့ ရောက်သည်နှင့် ဘွားခနဲ တွေ့လိုက်ရသည်မှာ တိုက်ကြီးနှင့်အပြိုင် ကြီးလွန်းလှသော လူ့တစ်ရပ်စာရှိသော နတ်ရုပ်ကြီးများပါတည်း။

*(ဆက်လက်ဖော်ပြပါမည်။)*

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ ရှေးပညာ

## ၂၄

ဘုန်းပွင့်ထွန်း

"မောင်သန်းဇော်ရေ…၊ တြိရန်းနဲ့ စတုရန်းဆိုင်ရာ အင်္ဂဝိဇ္ဇာ ဓာတ်ရိုက်ယတြာ အစီအရင်အကြောင်းတွေကို ဆွေးနွေးခဲ့ကြတာလည်း အတော်စုံနေပြီ။ ဒါတောင် မဆွေးနွေးမိဘဲ ကျန်တာတွေ ရှိချင်ရှိနေဦးမှာ။ ဒါကိုတော့ မောင်သန်းဇော်အနေနဲ့ ပညာကို အဆုံးမသတ်ဘဲ ဆက်လက်ရှာဖွေလေ့လာနေရမှာပဲ"

"ဟုတ်ကဲ့ပါ အစ်ကို။ အခု ဘာကိုဆက်ပြီး ဆွေးနွေးကြမှာလဲ"

"ဆက်ပြီးဆွေးနွေးကြမှာတော့ အစ်ကိုတို့ အရင်နေ့ကစပြီး တည်ခဲ့တဲ့ ကက်ကင်းဓာတ်ရိုက်ယတြာအကြောင်းပဲပေါ့။ ဒါကိုလည်း အစ်ကိုလေ့လာသိရှိထားသလောက် ဆွေးနွေးပေးသွားမှာပါ။ ဒီလို အစ်ကိုတို့ ဆွေးနွေးခဲ့ကြတာတွေကို ရောင်ပြန်မဂ္ဂဇင်းကြီးမှာ ဆက်တိုက်ရေးသားတင်ပြပေးခဲ့ပါတယ်။ အခု ရောင်ပြန်မှာ ရေးသားတင်ပြခဲ့တာ အမှတ်(၁၈)လောက်မှာ ရပ်သွားပြီး ဆက်လက်မရေးသားဖြစ်ခဲ့ဘူး။ အစ်ကို စာရေးပျင်းတာလည်း ပါတာပေါ့လေ။ ကိုယ့်ဘက်က အားနည်းချက်ပါပဲ။ စောင့်မျှော်ဖတ်ရှုနေတဲ့ ဝါသနာရှင်တွေကိုတော့ တောင်းပန်ရမှာပဲ"

"ကျွန်တော်လည်း ဝါသနာရှင်ပဲမို့ ကိုယ်ချင်းစာပါတယ်"

"ကဲ…ကက်ကင်းအကြောင်း ဆက်ကြရအောင်။ ကက်ကင်းမှာ ဓာတ်ပြန်နဲ့ ဓာတ်မှန်ဆိုပြီး နှစ်မျိုးရှိတယ်။ ထို့အတူပဲ၊ ကက်ကင်းမှာ ကက်ကင်းအသေနဲ့ ကက်ကင်းအရှင်ဆိုတာကလည်း ရှိသေးတယ်။ သူတို့ရဲ့သဘောသဘာဝကို အခြေကျကျ သိထားဖို့လိုတယ်။

ကက်ကင်းလို့ဆိုတာ မူလ တနင်္လာနံကို အခြေခံထားပြီး သဘောသဘာဝ ယူဆပြထားတာပါ။ ကက်ဆိုတာက ကြက်ကို ညွှန်းတယ်။ ကြက်ကို ရရစ်ဖြုတ်ပြီး ပြောတော့ 'ကက်' ဖြစ်သွားတာပေါ့။ 'ကင်း'ဆိုတာကတော့ ကင်းပါပဲ။ ကြက်ဆိုတဲ့ 'ကက်'နဲ့ 'ကင်း'တို့ဟာ သတ္တဝါနှစ်မျိုးပါ။ နံလည်း တူတယ်။ တစ်ကောင်နဲ့တစ်ကောင်ဟာ သူ့သဘာဝနဲ့သူ ရှိနေကြတယ်။ ဒါပေမယ့် အခါအားလျော်စွာ မသင့်မတင့်နဲ့ ဆန့်ကျင်ဘက်ဖြစ်ကြတဲ့အခါ ကြက်ကဦးရင်လည်း ကင်းက သေတယ်၊ ကင်းကဦးရင်လည်း ကြက်ကသေတယ်ပေါ့ကွာ။

ဒီတော့ ကြက်ကဦးရင် ကြက်ရှင်မယ်၊ ကင်းသေမယ်။ ကင်းကဦးရင်လည်း ကင်းကရှင်မယ်၊ ကြက်ကသေမယ်လေ။ ဒါကိုပဲ အင်္ဂဝိဇ္ဇာကျမ်းတွေမှာ -

ကက်ကင်း သေရှင်သူ

ထက်အောက် ပြန်လှန်ကူ

နံတူသတ်က အသေရ…လို့ ဆိုထားကြတယ်။

ကက်ကင်းဆိုတာ နံအားဖြင့် တူပင်တူငြားသော်လည်းပဲ ဓာတ်သဘာဝချင်း မသင့်မတင့်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့အခါ ဦးရာဓာတ်က အနိုင်ယူသွားတာမို့လည်း ကြက်နဲ့ကင်းကို ဥပမာအဖြစ်ထားပြီး 'ကြက်ကင်း' တစ်နည်းအား



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ကက်ကင်းဓာတ်လို့ အင်္ဂလိပ်ပညာရှင်တွေက ပြဆိုထားကြတာ ဖြစ်တယ်"

"ယခင်က တြိရန်းနဲ့ စတုရန်းဆိုင်ရာ ဓာတ်ရိုက်ယတြာပညာအကြောင်းတွေကို အစ်ကိုရှင်းပြခဲ့တုန်းက စိတ်တော့ဝင်စားပါရဲ့ တစ်ခါလာလည်း တြိရန်း။ နှစ်ခါလာလည်း စတုရန်းဆိုတော့ နည်းနည်း အီနေသလိုပဲ။ အခု ကက်ကင်းအကြောင်း ဆွေးနွေးတော့ ယခင်က တြိရန်းနဲ့ စတုရန်းဓာတ်ယတြာတွေအကြောင်း ဆွေးနွေးခဲ့တာထက် ပိုပြီးစိတ်ဝင်စားစရာကောင်းတယ် အစ်ကို"

"ပညာရပ်တိုင်းက သူ့နေရာနဲ့သူ အသုံးဝင်ပြီး စိတ်ဝင်စားဖို့ ကောင်းတာတွေချည်းပါပဲ။ တြိရန်းနဲ့ စတုရန်းဆိုင်ရာ ဓာတ်ယတြာချည်းသက်သက် ဆက်တိုက်ဆွေးနွေးခဲ့ရတာက တြိရန်းနဲ့ စတုရန်းဆိုင်ရာ ဓာတ်ယတြာအစီအရင်တွေကိုသာ ဦးဆုံးအကုန်အစင် သိသွားရအောင်လို့ပါ။ ဆွေးနွေးရတဲ့အပိုင်းမှာလည်း ပိုမိုလွယ်ကူ အဆင်ပြေပြီး တြိရန်းနဲ့ စတုရန်းဆိုင်ရာ ဓာတ်ယတြာနည်းပညာ အသွယ်သွယ် အနည်းနည်းတို့ စုံစုံလင်လင်နဲ့ သိသွားပြီး မကျန်ရစ်တော့ဘူးပေါ့။ အမြစ်၊ အညွန့်တို့၊ ပင်္ဂပွတ်၊ ဆပွတ်တို့ကိုပါ ကြားဖြတ်ဆွေးနွေးနေရင် တြိရန်းနဲ့ စတုရန်း ဓာတ်ယတြာပညာတွေမှ ဘယ်ဟာဆွေးနွေးခဲ့ပြီးပြီ ဘယ်ဟာ မဆွေးနွေးရသေးဘူးဆိုတာ မမှတ်မိဘဲ ကျန်တဲ့ဟာ ကျန်သွားမှာ စိုးလို့ပါ။ အခုလည်းပဲ ကက်ကင်းအကြောင်း ဓာတ်ယတြာတွေကိုသာ ဆက်တိုက်ဆွေးနွေးသွားဦးမှာပါ"

"အစ်ကိုပြောတာလည်း မှန်ပါတယ်"

ပညာရပ်တစ်ခုကို လေ့လာဆည်းပူးတဲ့နေရာမှာ ဆန္ဒမစောရဘူး။ ဟိုကျော်၊ သည်ခုန်လည်း မလုပ်ရဘူး။ အခြေခံကျကျ တစ်ဆင့်ချင်းလေ့လာဆည်းပူးတာက သိလွယ်၊ မြင်လွယ်၊ တတ်လွယ်ပြီးတော့ စနစ်ခိုင်မာတယ်။ မှတ်မိလွယ်တယ်။ စနစ်ခိုင်မာ ကျွမ်းကျင်ပြီဆိုရင် ကိုယ်သိထား၊ တတ်ထားတဲ့ နည်းစနစ်ကို ပိုမိုကောင်းမွန်အောင်၊ ထိရောက်အောင် မြန်အောင် မူလနည်းစနစ်ထဲမှာ ထပ်ပိုးပြီး ထပ်တိုးဖြည့်စွက်ချက်ပါ ပေါင်းစပ်ပေးနိုင်လာတယ်။ အဲဒီအခါမှာ ကိုယ့်ရဲ့ဓာတ်ရိုက်ယတြာ နည်းစနစ်တွေဟာ သူများတွေထက် အသုံးပြုတဲ့နေရာမှာ အောင်မြင်မှုရာခိုင်နှုန်း ပိုများလာတာကို တွေ့ရလိမ့်မယ်။

ဒီနေရာမှာ ပညာရှင်အသီးသီးရဲ့ မူလနည်းစနစ်ကိုတော့ ပျက်စီးအောင် ဖျက်ဆီးလို့ မရဘူးနော်။ မူလမပျက်စီးရင်အသုံးချရမယ်။ အဲဒီလို မူလမပျက် စီရင်အသုံးချတဲ့အပြင် မူလနည်းကို ပံ့ပိုးကူညီအားဖြည့်စေတဲ့ နည်းစနစ်ကိုပါ တွေးခေါ်မြော်မြင် ပေါင်းစပ်လုပ်ကိုင်ရမှာ ဖြစ်တယ်။ ဓာတ်ရိုက်ယတြာပညာတွေရဲ့ မူလနည်းစနစ်တွေအကြောင်း ဆွေးနွေးပြီးတဲ့အခါ ထိုမူလနည်းစနစ်မှာ ပိုမိုအစွမ်းထက်အောင်မြင်မှုရစေရန်အတွက် ဘယ်လိုပံ့ပိုးကူညီတဲ့ နည်းစနစ်တွေ ထပ်မံပေါင်းစပ်လုပ်ကိုင်ရမယ်ဆိုတာကို ဆွေးနွေးပေးသွားပါ့မယ်။

ဗေဒင်အကြံ စာအအံ ဆိုတာ စကားရှိတယ် မဟုတ်လား။ စာဆိုတာကတော့ ကျက်မှတ် ရွတ်အံရမယ်။ ဗေဒင်ကတော့ ကြံစည်ရမယ်။ ကြံစည်တဲ့နေရာမှာလည်း မူလကိုခြေခြေမြစ်မြစ် သိရှိထားမှ ကြံစည်နိုင်လိမ့်မယ်။ မူလအတိုင်းပဲ သွားနေတဲ့သူထက် ထပ်မံကြံစည်ကြိုးကုတ် အားထုတ်တဲ့သူက သာစမြဲပဲတဲ့"

"အစ်ကိုပြောတာကို မှတ်သားထားပါ့မယ်။ ကြံစည်နိုင်တဲ့တစ်နေ့ အစ်ကိုနဲ့ လာပြီးတော့ ဆွေးနွေးတိုင်ပင်ပါ့မယ်။ ဆက်ပြီးပြောပါဦး အစ်ကို"

"ဆက်ပြီးဆွေးနွေးရမယ်ဆိုတော့ ကက်ကင်းဟာ ချက်ချင်းပြီးတယ်လို့ ဆိုပါတယ်။ ဆရာအရှင်တွေ၊ ပညာရှင်တွေကတော့ ဓာတ်ရိုက်ပညာမှာ ကက်ကင်းပညာကို အသုံးမပြုကြစေချင်ဘူး။ အခြားဓာတ်ယတြာနည်းတွေကိုသာ သုံးစေလိုကြတယ်။ မဖြစ်မနေ ကက်ကင်းကို အသုံးပြုမှ ဖြစ်မယ်၊ ရမယ် ဆိုတဲ့အခါမျိုးမှ သုံးကြစေချင်တာမို့ ကက်ကင်းပညာအသုံးနဲ့ ပတ်သက်လာရင် သေသေချာချာ ရှင်းပြလေ့မရှိဘူး။ ဖော်တန်သလောက် ဖော်ပြီး၊ ဝှက်တန်သလောက် ဝှက်သွားကြသေးတယ်။ မကောင်းတဲ့နေရာ၊ သူတစ်ပါးရဲ့ အကျိုးစီးပွားနဲ့ ဘဝကို ပျက်စေတဲ့နေရာမှာ သုံးစွဲမိမှာ စိုးလို့ပဲ။ ဒီလိုသုံးစွဲမိသွားရင် သံသရာမှာ ဘေးဖြစ်စေမှာ စိုးရိမ်ကြလို့ပဲ။

ရှေးပိုင်းက ဆွေးနွေးကြတဲ့နေရာမှာ ရခိုင်ပြည်က သာမဏေတစ်ပါးဟာ ပုဂံမှာရှိတဲ့ သူ့ဆရာကို သတိရတယ်။ ရခိုင်ကို ပြန်လာစေချင်တယ်။ ပုဂံပြည်ကြီး ပျက်ရင် ငါ့ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ကို ပြန်လာလိမ့်မယ်အတွေးနဲ့ ပုဂံပြည်ကြီး ပျက်စီးအောင်၊ တုန်လှုပ်ချောက်ချားအောင် ဓာတ်ယတြာ စီရင်ခဲ့ပုံကို မုဝ[illegible]ီးမှာပေါ့"

"[illegible]က်မိပါတယ် အစ်ကို"

"ဒါဟာ မလုပ်သင့်တဲ့ ကိစ္စပဲ။ သာမညဇောကယ်တော့ ဆရာကို သတိရစိတ်နဲ့ လုပ်သင့်၊ မလုပ်သင့်မစဉ်းစား မချိန်ဆဘဲ လုပ်လိုက်မိတာပါ။ အဲဒါမျိုးမလုပ်မိအောင် အထူးဆင်ခြင်နိုင်ရမယ်။ ပညာက မတတ်တတတ်ဆိုရင် ပိုပြီး လက်တည့်စမ်းချင်တာကိုး။ ပညာပြည့်ဝတဲ့အပြင် နှလုံးလှအောင်ပါ ကြိုးစားရတယ်။ အခု ပြောခဲ့တာတွေဟာ ကက်ကင်းပညာရဲ့ အချိုးနိဒါန်းတွေပဲ ရှိသေးတယ်။ ကက်ကင်းပညာခန်းတွေက အများကြီး"

"ဆက်ပြောပါ အစ်ကို"

"ကက်ကင်းက နှစ်မျိုးရှိတယ်။ အမှန်ကက်ကင်းနဲ့ အပြန်ကက်ကင်းလို့ ခေါ်တယ်။ တစ်နည်းအားဖြင့်တော့ ဓာတ်မှန်ကက်ကင်းနဲ့ ဓာတ်ပြန်ကက်ကင်းလို့လည်း ခေါ်တယ်။

ဓာတ်မှန်ကက်ကင်းက အတည့်ကက်ကင်း။ ဓာတ်ပြန်ကက်ကင်းက ပြောင်းပြန်ကက်ကင်းပေါ့။ ဓာတ်မှန်အတည့်ကက်ကင်းဆိုတာက မူလပညတ်နံဓာတ်နဲ့ တူတဲ့ နံဓာတ်ဖြစ်တယ်။ လွယ်လွယ်ဉပမာပေးရမယ်ဆိုရင် . . .

ပုဂံ နဲ့ မြင်းခြံ

ကလော နဲ့ ကလေး

တောင်ငူ နဲ့ တောင်ကြီးတို့လိုမျိုး ရှေ့နံအချင်းချင်းတူပြီး နောက်နံအချင်းချင်းလည်း တူနေတဲ့ မြို့အမည်နှစ်ခုဟာ ဓာတ်မှန်အတည့် ကက်ကင်းမိနေတယ်လို့ ဆိုတယ်။

ဓာတ်မှန်အတည့် ကက်ကင်းကိုတော့ အများအားဖြင့် ကောင်းတဲ့ကိစ္စ ဓာတ်ယတြာအစီအရင်တွေမှာ သုံးလေ့ရှိကြတယ်။ ဒါကို ဆရာတော် ခင်ကြီးဖျော်က 'တောင်သူအမှတ်၊ လုပ်ရပ်ကိန်းချူ၊ ဓာတ်တူနံတူ၊ ဆေးကိုယူ၊ နံတူသက်က အသေရ'လို့ဆိုပြီး လင်္ကာနဲ့ ပြဆိုခဲ့တယ်။

ဓာတ်တူနံတူကို ကက်ကင်းအရှင်ဓာတ်လို့လည်း ခေါ်တယ်။ ဒီနေရာမှာ အင်္ဂလိဋ်ဓာတ်ယတြာ သဘောအယူအဆပေါ် မူတည်ပြီးတော့ ဂမ္ဘီရလိုင်းဘက်က အစီအရင်အဆောင်လက်ဖွဲ့တွေ အသုံးပြုစီရင်ကြတာတွေ ရှိတယ်"

ပေဒင်ဟာ အကြံလို့ အစ်ကို မကြာခဏပြောခဲ့တယ်မဟုတ်လား။

လိုလျှင်ကြံဆ နည်းလမ်းရဆိုတဲ့ စကားလည်းရှိတယ်လေ။ အဲဒီမှာ ပွဲခေါ်ဆိုတဲ့ မူလဓာတ်မပျက် ပြန်လည်ကြံဆကြည့်နိုင်ဖို့ အချက်တွေကို အစ်ကိုပြောပြမယ်။ ပြီးရင် မောင်သန်းဇော်က ပွဲခေါ်အစီအရင်ကို တစ်နည်းတစ်ဖုံ စီရင်ဖို့ စဉ်းစားကြည့်။

"ဟုတ်လား အစ်ကို"

"စီရင်ကြတာတော့ အနည်းနည်းအဖုံဖုံ စီရင်ကြတယ်လို့ ဆိုရမှာပဲ။ ဂမ္ဘီရလိုင်းမှာတော့ နဝင်းနဲ့ ကက်ကင်းကို တွင်တွင်ကျယ်ကျယ်ကြီး သုံးကြတာကလား။ ဘယ်လိုအသုံးပြုကြတယ်ဆိုတာတွေကိုတော့ သက်ဆိုင်ရာအကြောင်းတွေ ဆွေးနွေးကြတဲ့အခါမှာ ထည့်သွင်းပြီး ဆွေးနွေးပေးသွားပါ့မယ်။ အခု ဂမ္ဘီရလိုင်းက အသုံးပြုတဲ့ ကက်ကင်းအရှင်ဓာတ် အသုံးပြုပုံ နည်းတစ်နည်းကို ပြောပြမယ်။ သေချာနားထောင်ပြီး မှတ်သားထားစရာရှိတာကိုလည်း မှတ်သားထား"

"ဟုတ်ကဲ့ အစ်ကို"

"ရှေးက ဆရာအရှင်တွေက ပွဲခေါ်တဲ့ အစီအရင်နည်းလေးတစ်ခုကို ပညာပေးခဲ့တဲ့ မူရင်းနည်းလေးကို ပြောပြမယ်။ မူရင်းနည်းလို့ ဆိုတာက ရှေးက ဆရာအရှင်တွေ အသုံးပြုခဲ့တဲ့နည်းပေါ့။ ဒီခေတ်မှာတော့ အဲဒီမူရင်းနည်းကိုပဲ မှီပြီး တီထွင်ကြံဆ အသုံးပြုကြတဲ့အခါ နည်းမူတွေ ကွဲပြားခြားနားလာတယ်။ နည်းမူတွေ ကွဲပြားခြားနားလာတယ်ဆိုတာက မူလဓာတ်သဘော စီရင်နည်းကို မပြောင်းလဲဘဲ အသုံးပြုတဲ့ ဓာတ်နံပစ္စည်းတွေသာ ကွဲပြားသွားပါတယ်။

ပွဲခေါ်အစီအရင် မူရင်းရှေးဆရာတွေ နည်းကတော့

မကွေးမြို့က မန်ကျည်းသားကို ဘုန်းကြီးမေးကိုင်အရုပ်ထုပြီး ဆောင်ပါတဲ့။ ဒါကို ပညတ်ဓာတ်နံအရ ကြည့်ရင်



www.burmeseclassic.com

www.burmeseclassic.com

ပွဲခေါ် = ၅+၂ = ကြာသပတေး+တနင်္လာ
မကွေး = ၅+၂ = ကြာသပတေး+တနင်္လာ
မန်ကျည်း = ၅+၂ = ကြာသပတေး+တနင်္လာ
ဘုန်းကြီး = ၅+၂ = ကြာသပတေး+တနင်္လာ
မေးကိုင် = ၅+၂ = ကြာသပတေး+တနင်္လာ

ဆိုပြီးတော့ တွေ့ရလိမ့်မယ်"

ဤနေရာတွင် ကျွန်ုပ်ပြောဆိုဆွေးနွေးနေသည်ကို မောင်သန်းဇော်သည် အာရုံစိုက်၍ နားထောင်နေသကဲ့သို့ မှတ်သားစရာရှိသည်များကိုလည်း မှတ်သားနေသည်ကို တွေ့ရှိရလေ၏။

"ဟုတ်တယ်နော် အစ်ကို။ ပွဲခေါ်ဆိုတဲ့ စကားလုံးနဲ့ မကွေး၊ မန်ကျည်း၊ ဘုန်းကြီး၊ မေးကိုင် ဆိုတဲ့ စကားလုံးတွေဟာ ပညတ်ဓာတ်နံ တူနေကြတယ်။ ဒါနဲ့ အစ်ကိုရယ်၊ ပွဲခေါ်တဲ့ အဆောင်ရုပ်ကလေးအတွက် မကွေးမြို့က မန်ကျည်းသားကိုယူပြီး စီရင်ရမယ်ဆိုတော့ မကွေးမြို့သားတွေအတွက်တော့ ဟုတ်ပါရဲ့။ ကျွန်တော်တို့လို မကွေးမြို့နဲ့ ဝေးလံတဲ့ အရပ်ကလူတွေက တစ်ခုတ်တစ်ရ မကွေးမြို့ကိုသွားပြီး မန်ကျည်းသားကို ဘယ်လိုလုပ်သွားယူနိုင်ပါ့မလဲ။ ကျွန်တော်ပြောတာ ဟုတ်တယ်နော် အစ်ကို"

"ဒီမေးခွန်းကို မေးမှမေးပါ့မလားလို့၊ ဒါက မေးသင့်တဲ့ မေးခွန်းတစ်ခုပဲ။ ရှေးဆရာအရင်တွေဆိုတာက ထုံးနည်းဥပဒေသကို လွယ်လွယ်နဲ့တော့ မပေးကြဘူး။ အခက်အခဲလေးဖြစ်အောင် ပေးခဲ့ကြတာ များတယ်။ အဲဒီ ပေးခဲ့ကြတဲ့ မူလနည်းဥပဒေသကို အရင် သဘောပေါက်သိနားလည်အောင် ကြိုးစားကြံဆကြရတယ်။ မူလနည်းဥပဒေသကို သိနားလည်ပြီဆိုရင် မူလနည်းဥပဒေသပေါ်မှုတည်ပြီး လွယ်ကူထိရောက်အောင် မူလဓာတ်သဘောမပျက် ကြံဆောင်ကြရတယ်။ ဗေဒင်ဟာ အကြံလို့ အစ်ကို မကြာခဏပြောခဲ့တယ်မဟုတ်လား။ လိုလျှင်ကြံဆ နည်းလမ်းရဆိုတဲ့ စကားလည်းရှိတယ်လေ။ အဲဒီမှာ ပွဲခေါ်ဆိုတဲ့ မူလဓာတ်မပျက် ပြန်လည်ကြံဆကြည့်နိုင်ဖို့ အချက်တွေကို အစ်ကိုပြောပြမယ်။ ပြီးရင် မောင်သန်းဇော်က ပွဲခေါ်အစီအရင်ကို တစ်နည်းတစ်ဖုံ စီရင်ဖို့ စဉ်းစားကြည့်။

၁။ ပွဲခေါ်ဆိုတဲ့ ပညတ်နံဟာ အရင်းကြာသပတေး၊ အဖျား တနင်္လာနံ ဖြစ်တယ်။

၂။ အသုံးပြုရမယ့်နည်းက ကက်ကင်းဓာတ်မှန်ကို သုံးရမယ်။ ဓာတ်ပြန်ကို မသုံးရဘူး။ ကက်ကင်းဓာတ်မှန်ဖြစ်တဲ့ အတည့်ဓာတ်တူနံတူကို သုံးရမယ်။ မိမိအသုံးပြုတဲ့ ပညတ်ဓာတ်နံတွေအားလုံးဟာ အရင်းကြာသပတေးနံဖြစ်ပြီးတော့ အဖျားတနင်္လာနံတွေချည်း ဖြစ်ရမယ်။

၃။ ဒါကို ပွဲခေါ်အစီအရင်မှာ မကွေး၊ မန်ကျည်း၊ ဘုန်းကြီး၊ မေးကိုင် ဆိုတဲ့သဘောအရ ဓာတ်မှန်လေးဆင့် ဆင်ရမယ်။ နှစ်ဆင့်၊ သုံးဆင့်ထားလို့မရဘူးလား၊ ငါးဆင့်၊ ခြောက်ဆင့် ထားလို့မရဘူးလားလို့ မေးမယ်ဆိုရင်တော့ ရှေးက ဆရာအရင်တွေက လေးဆင့်သာသုံးခဲ့တာမို့ လေးဆင့်သာသုံးပါ။ ထပ်မကွန့်နဲ့၊ ထပ်မတွန့်နဲ့လို့ ပြောချင်တယ်။ ပိုလည်းမကောင်းဘူး၊ လျော့လည်းမကောင်းဘူး။ လေးဆင့်ဘာကြောင့်တင်ရသလဲဆိုရင် အောက်ခြေခိုင်တဲ့ အစီအရင်ဖြစ်အောင်လို့ စတုရန်းဂြိုဟ်ကို မသုံးပေမယ့် စတုရန်းသဘောကို သုံးထားတာဖြစ်တယ်။ အီဂျစ်ပရိမစ်တွေရဲ့ အောက်ခြေဟာ လေးထောင့်စတုရန်းဖြစ်တာကို သဘောပေါက်ပါ။ လေးထောင့်စတုရန်းကို အသုံးပြုတာက ခိုင်မာတဲ့ အစီအရင်တစ်ခုကို ဖြစ်စေတယ်။

၄။ တူတဲ့ဓာတ်နံကို အဆင့်ဆင့်တင်ပြီး အသုံးပြုရင် မူလဓာတ်နံရဲ့ စွမ်းအားကို ပိုပြီး မြင့်တက်စေတယ်။ ဓာတ်စွမ်းအားကို တိုးတက်စေရန် ပံ့ပိုးကူညီတယ်"

"ဟုတ်ကဲ့ အစ်ကို။ ကျွန်တော်စဉ်းစားကြည့်ပါ့မယ်။ ချက်ချင်းတော့ စဉ်းစားလို့မရဘူး"

ပညာရှင်တစ်ယောက် ဖြစ်လာဖို့ဆိုတာ ဒီပညာအပေါ်မှာ အပတ်တကုတ် ကြိုးစားကြံစည်နေရတယ်။ သူများသိတာထက် ကိုယ်ပိုသိအောင် လုပ်ရတယ်။ ပညာဆိုတာ အစသာရှိပြီး အဆုံးဆိုတာ ဘယ်တော့မှ မရှိဘူး။ လိုက်လေ မဆုံးလေပဲ။ ဒီနေ့တော့ ဆွေးနွေးတာကို ဒီလောက်နဲ့ပဲ နားလည်လိုက်ကြရအောင်"

(ဘုန်းပွင့်ထွန်း)



www.burmeseclassic.com

www.burmeseclassic.com

# မသုံးလိုက်ရသော ဂါထာ နှင့် အဆောင်ရုပ်တု

မောင်အောင်မြင့်(မိတ္ထီလာ)

ယခုရေးသား တင်ပြသော မသုံးလိုက်ရသော ဂါထာနှင့် အဆောင်တစ်ခု အဖြစ်အပျက်မှာ ယခုတိုင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာအချို့တွင် အလေ့အထတစ်ခု (ဂမ္ဘီရပညာ)အဖြစ် ယုံကြည်စွာ လက်ခံကျင့်သုံးလျက် ရှိကြောင်းနှင့် သူမ၏ဦးလေးတော်သူ ကျောင်းဆရာ(ကွယ်လွန်)မှ အမွေအဖြစ်ပေးခဲ့သော ဂါထာနှင့် အဆောင်ရုပ်တုအကြောင်းကို အသက် ၆၃ နှစ်အရွယ်ရှိ အမျိုးသမီးကြီး တစ်ဦး၏ ပြောပြချက်အတိုင်း ပြန်လည်ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

*(စာရေးသူ)*

ကျွန်မ၏ဇာတိမြို့မှာ ကျောက်ဆည်မြို့ဖြစ်ပါသည်။ ခင်ပွန်းဖြစ်သူ မရှိတော့သည့်နောက် မုဆိုးမဘဝဖြင့် ကျောက်ဆည်မြို့ ဘူးကုန်းရပ်ရှိ မိခင်ကြီး၏အိမ်တွင် လာနေစဉ် ဖခင်၏ညီ(ဦးလေး) ကျောင်းဆရာကြီးထံမှ အမွေအဖြစ် သိရှိရသော "ဂါထာတစ်ပုဒ်နှင့် အဆောင်" (သစ်ကနက်သားဖြင့်ပြုလုပ်ထားသည့်) ကျားရုပ်အကြောင်း ဖြစ်ပါသည်။

ကျွန်မတွင် သားတစ်ယောက်နှင့် သမီးနှစ်ယောက်ရှိရာ သားကြီးနှင့် သမီးကြီးတို့မှာ အိမ်ထောင်သည်များဖြစ်၍ အငယ်ဆုံးသမီးမှာ တက္ကသိုလ်တွင် ပညာသင်ဆဲ ကျောင်းသူဖြစ်၍ လူလွတ်ဖြစ်သော မိမိအဖို့ မိခင်ကြီးနှင့်အတူ ယခုလိုလာရောက်နေထိုင်ခြင်း ဖြစ်ပါသည်။

ဦးလေး(ဦး---)မှာ အလယ်တန်းပြ ကျောင်းဆရာတစ်ဦးဖြစ်ပြီး မိမိထက် အသက် ခုနစ်နှစ်ခန့်သာကြီးပါသည်။ ထိုအချိန် ၁၉၉၅ က ကျွန်မ၏ အသက်မှာ ၅၁ နှစ်သာ ရှိပါသည်။ ဦးလေးဖြစ်သူ ကျောင်းဆရာဘဝဖြင့် အငြိမ်းစားမယူမီ ဇာတိမြို့(ကျောက်ဆည်)သို့ အလည်လာရင်း မမျှော်လင့်ဘဲ တွေ့ရသည့် ကျွန်မအား လက်ဆောင်အဖြစ် ပေးခဲ့သော (အမွေ) ဂါထာတိုတစ်ပုဒ်နှင့် အဆောင်ရုပ်တု တစ်ခုအကြောင်း အသိပေး တင်ပြရခြင်း ဖြစ်ပါသည်။

ဦးလေးက ကျောင်းဆရာဘဝဖြင့် အသက်မွေးခြင်း ဖြစ်သော်လည်း မယ်ဒလင်နှင့် စောင်းကို ကျွမ်းကျင်စွာ တီးခတ်တတ်သော ဂီတ(အနု)ပညာရှင်တစ်ဦးဖြစ်သလို အရက်ကြိုက်သူလည်း ဖြစ်ပါသည်။ ရုပ်ချော၊ ခေတ်ပညာတတ်တစ်ဦးဖြစ်၍ ပျိုတိုင်းကြိုက်သော နှင်းဆီခိုင် တစ်ရွာတစ်ကျီဆောက်၊ ရောက်လေရာ အိမ်ထောင်ကျသည့် ဇာတာရှင်လည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း ဇာတိမြို့တွင် ဇနီးကြီးနှင့် သားသမီးများရှိသော်လည်း တာဝန်အရ ပြောင်းရွှေ့ရသော ရှမ်းပြည်အရှေ့ပိုင်း (ကျောက်မျက်ရတနာမြေ) မိုင်းရှူးဒေသတွင် အိမ်ထောင်နှစ်ဆက် ပိုင်ဆိုင်ထားသူလည်း ဖြစ်ပါသည်။

ဝါစဉ်အရ ဦးလေး(အဖေ့ညီ) ဖြစ်နေသော်လည်း မိမိထက် အသက်ခုနစ်နှစ်သာကြီး၍ ငယ်စဉ်ကလေးဘဝကပင် မိမိတို့အိမ်တွင် အတူနေကြရသဖြင့် ကျွန်မအား ချီပိုးထိန်းနေကြ၊ ကျွန်မ၏ ကလေးဘဝ နွဲ့ဆိုးမှန်သမျှ သည်းခံခွင့်လွှတ် လိုက်လျောသည်မှာ အစ်ကိုကြီးအရင်းနှင့်မခြားဖြစ်သည်။ ကျွန် မစကားပြောတတ်၍ သိတတ်အရွယ်မှစပြီး အစ်ကိုနှင့်မောင် မရှိသော ကျွန်မအဖို့ အစ်ကိုကြီးတစ်ယောက်အဖြစ် ထင်မှတ် (အသိအမှတ်ပြု)ပြီး ခင်မင်ရင်းနှီး အစ်ကိုဟုပင် တင်စားခေါ်ဆိုခဲ့သည်မှာ ယခုတိုင် ဖြစ်သည်။

အစ်ကို ကျောင်းဆရာဘဝဖြင့် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းရှူးရတနာမြေရှိ ရွာကြီးတစ်ရွာတွင် တာဝန်ကျနေစဉ် ကျောက်ရာဖြတ်ကျောက်တွင်းပိုင်ရှင် သဌေးသားတစ်ဦး၏ သမီးတစ်ယောက်နှင့် အိမ်ထောင်ကျခဲ့သည်။ ထိုအိမ်ထောင်စုမျိုးရိုးမှာ စီးပွားဥစ္စာ ကြွယ်ဝချမ်းသာပြီး စည်းကမ်းတင်းကျပ်သော မိသားစုဖြစ်၍ အနေအထိုင်လွှတ်လပ်မှုမရှိ အနေအထိုင် အစားအသောက်အချိန်ကန့်သတ်မှုရှိသည်။ ပစ္စည်းဥစ္စာ ကြွယ်ဝသူတို့စရိုက်အရ နေဝင်လျှင် အိမ်၊ ခြံတံခါးတို့ကို ပိတ်လေ့ရှိသည်။ ဤသို့သော ချုပ်ချယ်မှု၊ စည်းကမ်းရှိမှုတို့ကြောင့် စီးပွားဥစ္စာ မည်မျှပင် ကြွယ်ဝချမ်းသာ ရှိစေကာမူ လွတ်လပ်မှုကို ခုံမင်မြတ်နိုး တန်ဖိုးထားသော ကျောင်းဆရာ အစ်ကိုအဖို့ မပျော်ပိုက်၊ မိမိဝါသနာပါသော ဂီတတို့ဖြင့် စိတ်၏ကျဉ်းကျပ်မှုကို ကုစားလိုမှုနှင့်အတူ မိမိအလွန်ကြိုက်သော ယမကာ(အရက်)ကိုလည်း လွတ်လွတ်လပ်လပ် မမှီဝဲရသည့်အတွက် ထိုမိသားစုနှင့် အဆင်မပြေ။ သားသမီးသံယောဇဉ်ကလည်း မရရှိသေးသဖြင့် ထိုအိမ်ထောင်နှင့် ကွဲခဲ့ရသည်။

ဒုတိယအိမ်ထောင်မှာ ဆရာနှင့် ရင်းနှီးသော၊ ဝါသနာတူသော မိသားစုဆရာ၏ စားအိမ်၊ သောက်အိမ်။ ကြွယ်ဝချမ်းသာသူတို့၏ ဘင်းကျပ်သော စည်းကမ်းဘောင်ကြောင့် လွတ်လပ်မှုကို ရှာဖွေရာမှ တွေ့ခဲ့ရသော (တောင်ယာလုပ်ငန်းဖြင့် အသက်မွေးသော) သမီးတစ်ယောက်တည်းသာရှိသော မိသားစု။ ထိုမိသားစုနှင့် ဂီတဝါသနာတူရုံမျှမက ထိုအိမ်ထောင်၏ ဦးစီးဖခင်အနေဖြင့်လည်း ဆရာ့လို အရက်ကိုကြိုက်သော ဗီဇမှာလည်း တူနေပြန်သဖြင့် ပုလင်းတူဘူးဆို့ဖြစ်ကာ ၎င်း၏ သမီးနှင့် ဒုတိယအိမ်ထောင်ဖက် (ရှမ်းပြည်နယ်တွင်)အဖြစ် လက်ဆက်ခဲ့ပြန်သည်။ လွတ်လပ်လိုသည့်ဘဝနှင့် အကြိုက်ချင်းတူညီသည့် မိသားစုဖြစ်၍ စိတ်ချမ်းသာမှုရှိပြီး ထိုအိမ်ထောင်နှင့် မြဲနေခြင်းဖြစ်သည်။

ကျွန်မ အားပေးခဲ့သည့်အမွေဂါထာမှာလည်း မိုင်းရှူးရတနာမြေမှ ဒုတိယအိမ်ထောင်သည်၏ ဖခင်ဘက်မှ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းအမွေ ဖြစ်သည်။ ထိုအိမ်ကို လက်ဆင့်ကမ်း ရထိုက်(သုံးခွင့်ရှိ)သူမှာ အမွေဆက်ခံခွင့်ရှိသူ(သား) (သို့) (သမီး) အကြီးဆုံး (သြရသ) ဖြစ်သူ သားမျိုးရိုးအမွေကို ဆက်ခံခွင့် ရှိသည်။

ဤသို့အားဖြင့် ဝါသနာချင်းတူသော ဖခင်(ယောက္ခမ)မှ သမီးကြီး (သမီးဦး)နှင့် လက်ဆက်ခဲ့သော သား(သမက်) (သြရသ)အား အမွေ (လက်ဆင့်ကမ်းမျိုးဆက်)ရရှိခြင်း ဖြစ်သည်။

ထိုမျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းရရှိသော အမွေမှာ ဖော်ပြပါ ဂါထာကိုတစ်ပုဒ်နှင့် အဆောင်အရုပ် (ကျား)တစ်ခုဖြစ်သည်။ ထိုဂါထာကို ၁၁ ကြိမ်ရွတ်ဆိုပြီး မိမိမလိုမုန်းတီး ရန်ငြိုးရှိသူ (သို့) မိမိအား အခငွေပေး၍ စေခိုင်းလာသူအား အဆောင်ရုပ်ကို ၎င်း၏သဘောဆန္ဒအတိုင်း လုပ်ဆောင်ပေးရခြင်း ဖြစ်သည်။

ကျွန်မ၏အစ်ကိုကြီး (ဦးလေး) ကျောင်းဆရာဘဝမှ အငြိမ်းစားယူမိ နှစ်နှစ်ခန့် (၁၉၉၅) က ရှမ်းပြည်



www.burmeseclassic.com

www.burmeseclassic.com

နယ်အရှေ့ပိုင်း မိုင်းရှူးဒေသမှ ဇာတိ ကျောက်ဆည်မြို့သို့ ခေတ္တ အလည်ပြန်လာချိန်တွင် ကျွန်မ လည်း မုဆိုးမဘဝဖြင့် အမေရှိရာ ဇာတိမြို့သို့ ရောက်နေခိုက် ကြုံ ကြိုက်သဖြင့် မိမိအား အဆိုပါ အမွေဂါထာတို တစ်ပုဒ်ကိုပေး၍ သိရှိခဲ့ခြင်း ဖြစ်ပါသည်။

အစ်ကိုထံမှ သိရှိခဲ့ရသော စာ ပိုဒ်ဂါထာတိုကို ရရှိစဉ်က စဉ်းစား မိသည်မှာ ဒီဂါထာတစ်ခုတည်းနှင့် အလုပ်မဖြစ်နိုင်သေး။ တစ်ခုခု လို နေလိမ့်မည်ဟု မိမိစိတ်တွင် ဖြစ် ပေါ်ခံစားမိသော(ဟာကွက်) မေး ခွန်းကို မေးရန်ဖြစ်သည်။ ဒုတိယ အကြိမ် အစ်ကိုနှင့်တွေ့သောအခါ မိမိ၏စိတ်တွင် လိပ်ခဲတည်းလည်း ဖြစ်နေသော ခံစားချက်(ဟာကွက်) ဂါထာနှင့် ဆက်စပ်နေသည့် ပစ္စည်း တစ်ခုခု ကျန်ရှိခြင်း ရှိ/မရှိ မေးမိ သည်။ ကျွန်မအမေးကြောင့် အစ်ကို က ကျွန်မအား ပြုံးစိစိဖြင့်ကြည့်ပြီး ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ ကျွန်မအား မေးခွန်းတစ်ခုကို မေး ပါသည်။

"ညီမလေး ဒီဂါထာရဲ့အစွမ်း ကို ယုံကြည်မှုရှိရဲ့လား။ လက်တွေ့လုပ် နိုင်မလား။ စိတ်ဝင်စားမှု ရှိရဲ့လား"

ဒီမေးခွန်းသုံးခုရဲ့ အဖြေပေါ် မှာ အခြေခံပြီးမှ ဂါထာနှင့် ဆက်စပ် နေသော ပစ္စည်းတစ်ခုဖြစ်ကြောင်း ဖြည့်စွက်ပြောပြမည်ဟု အသိပေး ပြောကြားပါသည်။ ကျွန်မအနေဖြင့် ဒီဂါထာတော်နှင့် ဆက်စပ်နေသော ပစ္စည်းအပေါ် စူးစမ်းလို၊ သိလိုသော စိတ်၊ စမ်းသပ်ကြည့်လိုသော ဆန္ဒ အသစ်အဆန်း (ဂမ္ဘီရ)ပညာကို လေ့ လာလိုသော ဝသီတို့ကြောင့် အစ်ကို မေးသော မေးခွန်းများအပေါ် ဆန္ဒရှိ ကြောင်း အဖြေပေးလိုက်ပါသည်။ ကျွန်မ၏အဖြေ သိရသည့်အတွက် အစ်ကိုက ကျွန်မစိတ်အာရုံထဲတွင် လိုနေသည့်ဟာကွက် ရုပ်ဝတ္ထုတစ်ခု အကြောင်းနှင့် ဆောင်ရွက်ရမည့် နည်းလမ်းများကိုပါ ပြည့်ပြည့်စုံစုံ ပြောပြပါသည်။

**ဆောင်ရွက်ရမည့် နည်းလမ်းများ**

အဆောင်ရုပ်တုအဖြစ် သစ် ကနက်သား လေးလက်မခန့်ကို ကျား ရုပ်ထုရပါမည်။ ပေးထားသည့် ဂါထာကို အလွတ်ကျက်မှတ်ထားရ မည်။ မိမိအား မေတ္တာဖြင့်လည်း ကောင်း၊ အခကြေးငွေ ပေး၍လည်း ကောင်း၊ တစ်ဖက်သားအပေါ် မလို မုန်းထား၍လည်းကောင်း၊ လက်စား ချေ(ကလဲ့စား)လိုစိတ်၊ ရန်ငြိုး ရန်စ ရှိ၍သော်လည်းကောင်း၊ တစ်ဖက် သား ဒုက္ခရရှိစေရန် ခိုင်းစေသည့် အခါတွင်လည်းကောင်း၊ မိမိကိုယ် တိုင် ခွင့်မလွှတ်နိုင်သော ကိုယ်၊ နှုတ် တို့ဖြင့် စော်ကားကျူးလွန်သူတို့အား လက်စားချေလိုခြင်း စသည့် ကိစ္စ များရှိလျှင် . . .

သစ်ကနက်သားဖြင့် ထုလုပ် ထားသော အဆောင်(ကျား)ရုပ်၏ ဦးခေါင်း၊ နား၊ နှာခေါင်း၊ မျက်စိ၊ လည်ပင်း၊ ခြေ၊ လက်၊ ဝမ်းဗိုက်၊ ကျော စသည့် အင်္ဂါအစိတ်အပိုင်းတို့ အနက် မိမိဆန္ဒရှိသော (သို့) မိမိ

ထိုမျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းရရှိသော အမွေမှာ ဖော်ပြပါ ဂါထာကိုတစ်ပုဒ်နှင့် အဆောင်အရုပ်(ကျား) တစ်ခုဖြစ်သည်။ ထိုဂါထာကို ၁၁ ကြိမ်ရွတ်ဆိုပြီး မိမိမလိုမုန်းတီး ရန်ငြိုးရှိသူ (သို့) မိမိအား အခငွေပေး၍ စေခိုင်းလာသူအား အဆောင်ရုပ်ကို ၎င်း၏သဘောဆန္ဒအတိုင်း လုပ်ဆောင်ပေးရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အား ခိုင်းစေသူ၏ဆန္ဒ (ဒုက္ခပေးလိုသော) အင်္ဂါအစိတ်အပိုင်းတို့အား အဆောင်ဂါထာကို ၁၁ ခေါက်ရွတ်၊ စိတ်အာရုံညွှတ်လျက် တာဝန်ပေးခိုင်းစေသူဆန္ဒ(ဝေဒနာခံစား)အတိုင်း ဒဏ်ရာ၊ အနာတရ ရရှိစေရန် ရည်မှန်း၍ မိမိ၏ ယာလက်ညှိုးဖြင့် သုံးကြိမ် ဖိနှိပ်ပေးရမည်။

ဥပမာ-ဦးခေါင်းကိုက်ဝေဒနာ (ဒဏ်ရာ)ဖြစ်စေလာပါက ဂါထာကို ၁၁ ခေါက်ရွတ်၊ သစ်ကနက်သားဖြင့် ထုလုပ်ထားသော ကျားရုပ်ဦးခေါင်းကို သုံးကြိမ် ယာလက်ညှိုးဖြင့် ဖိနှိပ်ပေး၍ အာရုံပြုခြင်း။

အဆိုပါ လူ့ပယောဂကြောင့် ခံစားနေရသော ဝေဒနာရှင်အား ပျောက်ကင်းအောင် ခိုင်းစေလိုပါက အထက်ပါအတိုင်း ဂါထာကို ၁၁ ခေါက်ရွတ် အာရုံပြုပြီး ခံစားနေရသည့်ဝေဒနာ အစိတ်အပိုင်းအလိုက် ယာလက်ဖြင့် သုံးကြိမ်ဖိနှိပ်ပေးပါက ယူပစ်သလို ခံစားနေမှုများ ပျောက်ကင်းနိုင်ခြင်း ဖြစ်သည်။

အမွေပေးသူ အစ်ကို၏ စေတနာမှာ ကျွန်မ မုဆိုးမဘဝ တစ်သက်တာတွင် မပူမပင် လူ့လောကအလယ်တွင် နေနိုင်အောင် အထောက်အကူဖြစ်စေမည့် စီးပွားရှာနည်း တစ်ခုအဖြစ် သုံးစွဲရန် ရည်ရွယ်ခြင်းဖြစ်သည်။

ကျွန်မပေါ်ထားရှိသော အစ်ကိုဖြစ်သူ၏ စေတနာနှင့် သံယောဇဉ်မှာ လွန်စွာကြီးမား တန်ဖိုးရှိလှပါသည်။ သို့ရာတွင် ကျွန်မအနေဖြင့် ငယ်စဉ်လူမှန်းသိတတ်စ ကလေးဘဝကပင် ကံငါးပါးကို လုံခြုံအောင် အသိ၊ သတိနှင့်ယှဉ်ပြီး စောင့်ထိန်းသူဖြစ်၍ သူတစ်ပါး၏အခက်အခဲ ကျောင်းကျိုးကိစ္စများကို ကူညီဖြေရှင်းဆောင်ရွက်ပေးရန် ဆန္ဒရှိလာပါသော်လည်း သူတစ်ပါးအပေါ် ဆိုးကျိုးအတွက် ဆောင်ရွက်ပေးရန် ပြောဆိုခိုင်းစေလိုပါက မိမိ၏ ဖြူစင်သန့်ရှင်းသော စိတ်တွင် ညစ်နွမ်းလိပ်ပြာမသန့် စိုးရိမ်မိသည်။ သို့အတွက် အစ်ကိုဖြစ်သူရှိစဉ်က မိမိကတိစကားကြောင့် အမွေဂါထာနှင့် အဆောင်ရုပ်တုနှင့် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဦးနှောက်မှတ်ဉာဏ်တွင် မှတ်သားသိမ်းဆည်းထားလင့်ကစား အဆောင်ရုပ်တုကျားရုပ်ကို မထုလုပ်ဖြစ်ခဲ့ပါ။ အဆိုပါဂါထာစာရွက်ကိုပင် မိမိအိမ်ရှိ ဘုရားကျောင်းဆောင်တွင် လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့ပါသည်။

ထို့ကြောင့်လည်း အမွေရရှိပြီး မသုံးစွဲရသေးသော ဂါထာနှင့်(ဆောင်ရွက်ရန်နည်းလမ်း) အဆောင်ကျားရုပ်တို့ကိုလည်း အစ်ကိုကွယ်လွန်သွားပြီဖြစ်၍ မိမိမှတ်ဉာဏ်မှာပင် မေ့ပျောက်နေပြီဖြစ်သည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ပြင်ပပယောဂဖြင့် တရားမဲ့ လုပ်ကြံခံနေကြရသော အပြစ်မဲ့သူတို့အား စေတနာဖြင့် ကယ်တင်လိုသူ ဝါသနာ(ကုသိုလ်ရှင်) ဆရာများအတွက် မိမိမသုံးစွဲဘဲ မှတ်ဉာဏ်မှာပင် ပယ်ဖျက်ထားခဲ့သည်။ အစ်ကို၏ အမွေဂါထာဆန်းစာရွက်ကို သိမ်းဆည်းထားရာမှ လာဘ်မိုးဗွေစာပေတိုက်၏ စာပေချစ်သူ (စေတနာရှင်)များ အကျိုးပြု သုံးစွဲနိုင်ရန်ဖော်ပြလိုက်သည့်အပြင် မူရင်းကို မိတ္တူကူးပေးလိုက်ပါသည်။

## မူရင်းဂါထာ

တီလူနာမ စီကွိုင်း (စိုင်းလုလု)၄

## မှတ်ချက်

အကျိုးရှိစွာ ကယ်တင်လိုစိတ်မရှိဘဲ လောဘစိတ်ဖြင့်လည်းကောင်း၊ အကြောင်းတစ်စုံတစ်ရာမရှိ (အကြောင်းမဲ့) ဤဂါထာကို ရွတ်ဆိုခြင်း မပြုလုပ်ရ။ စောင့်ထိန်းရန်နှင့် အသုံးပြုသူမှာလည်း မိသားစုအတွင်းမှ (သွေးရသေ)များသာ လက်ဆင့်ကမ်း ဆောင်ရွက်ရမည်ဟု ဂါထာရှင်၏ လက်ရေးမူဖြင့် စည်းကမ်းအမှာစာကို မိတ္တူကူး သတိပေးလိုက်ပါသည်။

## မိတ္တူစာမူ

တီလူနာမ စီကွိုင်း (စိုင်းလုလု)၄

မည်သည့်အခါမျှ အကြောင်းမဲ့ မရွတ်ဆိုရ။ ကျပ်တည်းစွာ စောင့်ဆည်းရမည်ဖြစ်သည်။ (မည်သည့်ဘာသာနှင့်မျှ ဘာသာပြန်၍ ရမည်မဟုတ်ပါ။)

မောင်အောင်မြင့်(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com

# မြင်အောင်ကြည့် သိအောင်လုပ်

## (စစ်သည်တစ်ဦး၏ ဒဿန)

အရွယ်က စကားပြောသည်ဟု ဆိုချင်ပါသည်။ ယခုလို စစ်မှုထမ်းဘဝမှ အရပ်ဘက်ဌာန(အစိုးရ) အကူး တွင် အားလပ်နေသည့် ကြားကာလ၌ ဗဟုသုတ ရှာမှီး နေချိန် အသက်အရွယ်အရ ၄၀ နှစ် ရောက်ရှိခဲ့ပြီဖြစ်ရာ စစ်မှုထမ်းဘဝမှ ဖြတ်သန်းခဲ့ရသည့် နှစ် ၂၀ ခန့်အား ပြန်ပြောင်း သတိရမိပါသည်။

လူအမျိုးမျိုးနှင့် ဆက်ဆံဖူး၊ အတူတွဲလုပ်ဖူး၍ လည်း ဘဝအတွေ့အကြုံများ ရင့်ကျက်လာပြီဟု မိမိ ကိုယ်ကိုမိမိ သုံးသပ်မိသည်။ သို့သော် အချို့သော လူများသည် မြင်အောင် မကြည့်တတ်ကြပါ။ မိမိအသာ စီးရချိန် မိမိဘေးပတ်ဝန်းကျင်ရှိ သူများအား အထင် သေးစွာ ဆက်ဆံတတ်ကြသည်။ လူတိုင်း မှန်မှန်ကန် ကန် ဆက်ဆံတတ်သူ မရှိနိုင်ပါ။ တစ်ခုမဟုတ်တစ်ခု မှားယွင်းစွာ ပြောတတ်၊ ပြုမူတတ်ကြပါသည်။ မိမိလည်း ရှိနိုင်ကြောင်း ဝန်ခံပါ၏။ သို့သော် မိမိ၏စကားတစ်ခွန်း ကြောင့် တစ်ဖက်လူအနေရခက်မည်ကို မိမိအမြဲ ဆင်ခြင်ပြောနေလေ့ရှိပါသော်လည်း သွေးသားနှင့်တည် ဆောက်ထားသော လူသာမန်သာဖြစ်၍ မီးသုံးမီးဖြစ် သည့် လောဘ၊ ဒေါသ၊ မောဟတော့ မကင်းသေးပေ။ ထိုမီးများကြောင့် ကိလေသာထူပြောခြင်း၊ မှားယွင်းစွာ ဆက်ဆံပြောဆိုပြုမူတတ်ခြင်းများဖြစ်ကြောင်း၊ လူမှန် လျှင် ၎င်းအသိရှိဖို့လိုပေသည်။ သိဖို့အတွက် မြင်အောင် ကြည့်တတ်ရပါမည်။

ကျွန်ုပ်သည် လူသားချင်း စာနာတတ်၍ အထူး သဖြင့် ဆင်းရဲနွမ်းပါးသူ၊ မိမိထက်ဘဝနိမ့်သူ၊ အသိပညာ အတတ်ပညာ နည်းပါးသူများတွေ့က ကူညီမြဲဖြစ်သည်။ သို့သော် သူ့ထံမှ ဘာပြန်ရဖို့ကိုမျှ မျှော်လင့်ချက် မထား တတ်ပေ။ ကူညီတတ်မှုဆိုရာ၌လည်း ကူညီသင့်သူကို သာ ကူညီသဖြင့် အထူးရှောင်၍ အထူးပေါင်းသင်း ဆက်ဆံသင့်သူကို ပေါင်းသင်း(သို့) ဆက်ဆံနေဖို့ လို သည် မဟုတ်ပါလော။ ဤသည်ကား မင်္ဂလာတရား တော်အရလည်း ဖြစ်ပါသည်။


အချို့သည် ဘဝကို ရေစုန်မျှောတတ်ကြသည်၊ ယင်းအထဲတွင် မိမိမပါဖို့ လူတိုင်း ကြိုးစားသင့်သည်၊ “ဩော် . . . ငါ့ကုသိုလ်ကံက ဒီလောက်ပဲ ပါတာပါ လား”ဟူ၍ ရပ်တန့်နေ၍ မရပေ။ ရှန်းကန်သင့်တာ ရုန်းကန်လှုပ်ရှားမှ အောင်မြင်သော လူ့ဘဝကို ရနိုင် မည်ဖြစ်သည်။ ဘဝကို ပုံသေတွက်၍ မရပေ။ အလုပ် ဆိုသည်မှာလည်း ပုံသေသဘောမထားဘဲ ကြုံသလို ဖြစ်သင့်ဖြစ်ထိုက်/ဖြစ်သင့်သလို ကြည့်ကောင်းအောင် လုပ်တတ်ရမည် ဖြစ်သည်။ တစ်ချို့က စွမ်းဆောင်မှု၊ အောင်မြင်မှု တစ်ခုရလျှင် ၎င်းနောက် သာယာမှိန်းမော နေတတ်သည်။ အရေးပေးသင့်သူကို အရေးပေး ဆက် ဆံကြရမည်သာဖြစ်သည်။ ဆည်းပူးသင့်သူ ဆရာသမား၊ မိတ်ဆွေတို့အား ဆည်းပူးတတ်ဖို့နှင့် ဆည်းပူးနေဖို့ လိုပေသည်။ ခြောက်တိုင်းလည်း ကြောက်ရန်မလိုသလို၊ မြှောက်တိုင်းလည်း မြှောက်နေရန် မလိုပေ။ အရာရာ၌ သတိတရား လက်ကိုင်ထားဖို့ လိုပေသည်။

“အထူး”ဆိုသော စကားရပ်အား အချို့ အသုံး များကြသည်။ ထူးသောပုဂ္ဂိုလ်မှ အချို့က ဆည်းကပ် ပေါင်းသင်းချင်ကြသည်။ အောင်မြင်သောသူကိုသာ အချို့က ရွေးချယ် ပေါင်းသင်းတတ်ကြသည်။ သို့သော် ထိုသူပေးသော ဒုက္ခကိုတော့ မခံစားချင်တတ်ကြပေ။ ဒါလည်း လူ့သဘောသဘာဝပင် ဖြစ်သည်။ လမ်းပေါ် ရောက်ရင်း လမ်းပျောက်နေသူများ အများအပြား ရှိ သည်။ ကျွန်ုပ်လည်း ယခု ထိုနည်းလည်းကောင်း ဖြစ်နေ ၏။ ဘယ်တော့မှ ထူးမည်မသိ။ ထူးလျှင်လည်း မရှုံးရ အောင် ထိန်းဖို့ကြိုးစားရမည်သာ ဖြစ်ပေသည်။

*(သဗ္ဗေသတ္တာ ကမ္မသကာ)*

ကျော်မွှာမြင့်

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

“ဟာ . . . လွဲကုန်တော့မှာပဲ၊ ကိုဗညားကို တွေ့အောင်အမြန်လိုက်ရှာခေါ်မှ။ ဒီအိမ်နဲ့ ဒီခြံ ကျော်ကျော်ကို ပေါင်ထားတာလည်း မိုးတို့ပဲပြန်ရမယ်။ကိုယ့်ကို ငွေပြန်ဆပ်စရာ မလိုတော့ဘူး။ အဲ့ဒါ ဘယ်သူ့ကြောင့်လည်း သိလား။ ကိုဗညားကြောင့် ကိုဗညားကို ကျေးဇူးတင်ရမယ်။ အကြောင်းစုံကို နောက်မှ ရှင်းပြမယ်။ ရှင်းပြလို့ အချိန်ကုန်သွားရင် ကိုဗညားနဲ့ လွဲနေဦးမယ်။ ကိုယ့်ကားနဲ့ ကိုဗညားရဲ့နောက်ကို အမြန်လိုက်ကြရအောင်”

ကျော်ကျော်က ပြူးပြူးပျာပျာနှင့် ပြောလေ၏။

“ဟုတ်ပါတယ်။ အခုကိစ္စက မောင်ဗညားမရှိလို့ မဖြစ်တဲ့ကိစ္စ။ မောင်ဗညားကိုတွေ့အောင် ရှာပြီးခေါ်ခဲ့ရမယ်။ ခုနက မောင်ကျော်ဇင်လတ်ပြောသလိုပဲ မောင်ဗညားကိုတွေ့ပြီးမှ အကြောင်းစုံပြောလို့ရမယ်”

ရှေ့နေ ဦးကျော်မောင်ကပါ ထပ်ဆင့် ပြောလိုက်၏။

ဗညားက ဇင်းကျိုက်ကို ပြန်မှာဆိုတော့ ဟိုဘက်ကမ်းကူးဖို့ သင်္ဘောဆိပ်ကို သွားမှာပဲ။ သင်္ဘောဆိပ်ကို လိုက်ရင်မိနိုင်တယ်။

ဒေါ်သူဇာမိုးက ဝင်ပြောလိုက်၏။

သို့ဖြင့် အားလုံးကားပေါ်တက်ကာ သင်္ဘောဆိပ်သို့ မောင်းနှင်လာခဲ့လေ၏။

(၇)

ကျွန်ုပ် သင်္ဘောဆိပ်သို့အရောက် နည်းနည်းနောက်ကျသွား၏။သင်္ဘောက မုတ္တမဆိပ်ကမ်းသို့ ထွက်သွားပြီ။ ရေလယ်သို့ပင်ရောက်နေပြီ။ နောက်ထပ် မုတ္တမဘက်ကမ်းသို့ ထွက်မည့်သင်္ဘောအား တစ်နာရီခန့် စောင့်ရပေဦးမည်။

ကျွန်ုပ်အဖို့ ဗောတံတားမှာ ထိုင်ကာ မြစ်ပြင်သို့ ထိုင်ငေးရင်း ကျွန်ုပ်၏ ဘဝအကြောင်းကို ကျွန်ုပ် ပြန်စဉ်းစားနေမိလေ၏။ ကျွန်ုပ်သည် လောကထဲသို့ အလွန်ကံဆိုးစွာ ရောက်ရှိခဲ့ရသူဖြစ်လေ၏။ ကျွန်ုပ်၏ မိဘနှစ်ပါး မည်သူမည်ဝါ ဖြစ်သည်ကိုပင် ကျွန်ုပ်မသိပေ။ ဆရာသခင်သည် ဂန္ဓာရီလှည့်၍




www.burmeseclassic.com

www.burmeseclassic.com

ကျင့်စဉ်စခန်းဝင်ရင်း သုသာန်တစ်ခုမှာ စွန့်ပစ်ထားခြင်းခံရသော ကျွန်ုပ်အား တွေ့ရှိပြီး မေတ္တာစိတ်ဖြင့် ဒုက္ခခံ မွေးမြူ စောင့်ရှောက်ခဲ့လေ၏။

လူမှန်းသိတတ်သောအခါ ဆရာသခင်သည်ပင် ကျွန်ုပ်၏ မိဘအဖြစ် မှတ်ယူသဘောထားရလေ၏။ ဤသည်မှာလည်း ဆရာသခင်က ပြောပြထား၍ ကျွန်ုပ်သိရှိရသော ငယ်ဘဝအကြောင်း ဖြစ်၏။ ယခုလည်း ကျွန်ုပ်ကံဆိုးပြန်လေပြီ။

"ဗညား"

ကျွန်ုပ် မည်မျှအတွေးလွန်နေသည် မသိ ကျွန်ုပ်အား ခေါ်သံနှင့်အတူ နူးညံ့သော လက်တစ်ခုက ကျွန်ုပ်၏ ပခုံးပေါ် လာတင်မှ သတိပြန်ဝင်လာ၏။ ကျွန်ုပ် ကြည့်လိုက်သောအခါ မိန်းကလေးကို တွေ့လိုက်ရလေ၏။

"ဗညား မိုးနဲ့ပြန်လိုက်ခဲ့ပါ"

မိန်းကလေးက ကျွန်ုပ်ကို ခေါ်လေ၏။ ကျွန်ုပ်မှာ နေ့ခင်းကြောင်တောင် အိပ်မက်နေသလား အောက်မေ့မိ၏။ ကျွန်ုပ် အတွေးလွန်ပြီး စိတ်က ထင်ယောင်ထင်မှား ဖြစ်သည်ဟုလည်း ထင်၏။

"မိန်းကလေး ဟုတ်ပါတယ်နော်"

ကျွန်ုပ်က မယုံမရဲနှင့်မေးလိုက်၏။

"ဟုတ်ပါတယ်။ မိုးပါ"

"မင်း ကျုပ်ကို ဘာတွေဆက်ပြီး ဒုက္ခပေးဦးမလို့လဲ၊ မင်း ကျော်ကျော် ဆိုတဲ့ကောင်နဲ့ လက်ထပ်ရမယ် မဟုတ်လား။ သွားသွား။ ကျုပ်ကို မခေါ်နဲ့ ကျုပ် ပြန်မလိုက်ဘူး၊ ကျုပ် ဂဠုဂီရိကိုပဲ ပြန်မယ်"

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ မိန်းကလေး မျက်ရည်ဝဲသွား၏။ မတတ်နိုင်ပါ။ ကျွန်ုပ်မှာ တစ်ခါသေဖူး၍မှ ပျဉ်ဖိုးနားမလည်၍ မဖြစ်တော့။ ကျွန်ုပ်သည် ခဲမှန်ခဲ့ဖူးသော စာသူငယ် ဖြစ်၏။

"မိုးနဲ့ လက်ထပ်ရမှာ ကျွန်တော် မဟုတ်ဘူး။ မိုးနဲ့လက်ထပ်ရမှာက ကိုဗညားပဲ။ ဒီတော့ ကိုဗညားပြန်လိုက်ခဲ့ပါ"

"မလိုက်ဖူးဗျာ၊ မလိုက်ဖူး။ ဂဠုဂီရိမှာက ကျုပ်ရဲ့ဘဝ အေးချမ်းတယ်။ ဒီမှာ မအေးချမ်းဘူး။ ပူလောင်တယ်။ ကျုပ် ဘယ်လောက် ပူလောင်နေတယ် ဆိုတာ သိရဲ့လား။ ခင်ဗျားတို့အားလုံး ကျုပ်ကို အရူးလုပ်ကြဦးမလို့လား"

မသူတော် ကျော်ကျော်က မိန်းကလေးနှင့် လက်ထပ်ရမည့်သူမှာ သူမဟုတ်ဘဲ ကျွန်ုပ်ဟုဆို၏။ ကျွန်ုပ် လုံးဝ အယုံအကြည်မရှိပေ။ နောက်ထပ်လည်း မည်သည့် သောကဝေဒနာမျှလည်း မခံစားလိုတော့သောကြောင့် ကျွန်ုပ်က ခါးခါးသည်းသည်း ငြင်းလိုက်လေ၏။

"မိုးကိုချစ်ရင် လိုက်ခဲ့ပါ ဗညားရယ်၊ မိုး တောင်းပန်ပါတယ်"

မိန်းကလေးက ကျွန်ုပ်ကို ပြောလာပြန်၏။

"ဘာ မင်းပြောခဲ့တဲ့ စကားတွေကို မင်းမမှတ်မိတော့ဘူးလား။ မနေ့ကပဲ ပြောခဲ့တာလေ။ ဟောဒီနားထဲမှာ သံရည်ပူတွေ လောင်းချလိုက်သလို ကျုပ် ကြားခဲ့တယ်။ ကျုပ် မှတ်မိတယ်။ ကျုပ်ကိုမုန်းတယ်ဆို၊ သီရိစောစန္ဒာ ခံစားရသလို ကျုပ်လည်း ခံစားစေရမယ်ဆို၊ မင်းပြောတဲ့အတိုင်း ကျုပ် ခံစားနေရပါတယ်ဆိုရင် မင်းကျေနပ်လိုက်တော့၊ ကျုပ် ဘဝထဲမှာ မိုးဆိုတာ မရှိဘူး။ မင်းနဲ့ နောက်ထပ်ပြန်လိုက်သွားရတာ ထက်စာရင် ဟောဒီ သံလွင်မြစ်ထဲမှာ ကျုပ် သေလိုက်တာကမှ ကောင်းမယ်။ ဒီတော့မှ ကျုပ်ခံစားနေရတာတွေက ငြိမ်းမှာ။ ကျုပ် ပူလောင်နေရတာတွေ အဆုံးသတ်မှာပါ"

"ပြောတော့ ဗညားရယ်။ မိုးက ပြောခဲ့မိတာကိုး။ သံလွင်မြစ်ထဲတော့ မဆင်းလိုက်ပါနဲ့"

"ဒါဆိုရင် မင်းပြန်တော့"

မိန်းကလေးမှာ လူအများကြား မရှက်နိုင်ဘဲ ထိုင်ချကာ မျက်နှာကို အုပ်၍ ငိုလိုက်လေ၏။

"ကလေးစိတ်တွေ သိပ်လျှပ်ရှားနေတယ်။ စိတ်ကို တည်ငြိမ်အောင်ထားပါ။ ပြီးရင် ဦးရဲ့စကားကို နည်းနည်းနားထောင်ပေးစမ်းပါ။ နားမထောင်ချင်တာ တောင်မှ သည်းခံပြီး နားထောင်ပေးပါ"

နောက်ထပ် ကျွန်ုပ်မသိသော လူတစ်ယောက်က ကျွန်ုပ်ကို ပြောလာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဦးရဲ့နာမည်က ဦးကျော်မောင်လို့ ခေါ်တယ်။ ရေနေတစ်ဦးပါ။ ကလေး ဘဝ အစစအရာရာ အဆင်ပြေအောင် ကလေးအတွက် မာလီကြီးက အကုန်လုံး စီစဉ်သွားပေးခဲ့တယ်"

မာလီကြီးဆို၍ ကျွန်ုပ်စိတ်ဝင်စား သွားခဲ့၏။ မာလီကြီးက မာန်တွေ ထန် လာအောင် မန္တန်ကို ရွတ်ခိုင်းခဲ့၏။ ယခု ထွက်လာခဲ့သော အချိန်မှာ မာလီကြီးကို ပင် ကိုယ့်အပူနှင့်ကိုယ်မို့ နှုတ်မဆက် လာရချေ။

"မာလီကြီးက ကျုပ်ကို ဘာတွေ စီစဉ်ပေးခဲ့လဲ"

"အဲ့ဒါကို အိမ်ပြန်ရောက်တဲ့အခါ ဦးပြောပြမယ်။ ဦးတို့နဲ့ ပြန်ပြီး ခဏဖြစ် ဖြစ် လိုက်ခဲ့ပါ။ နောက်မှ ဂဏ္ဍီရိကို ပြန်ချင်တယ်ဆိုရင်လည်း ကလေးကို မတားပါဘူး"

ဦးကျော်မောင်ဆိုသူက ပြောလိုက် ၏။

"ဟုတ်ပါတယ် မောင်ဗညားရယ်၊ အကျိုးအကြောင်း သိရအောင် ခဏ လေးပြန်လိုက်ခဲ့ဖို့ ဒေါ်ဒေါ် မေတ္တာရပ်ခံ ပါတယ်"

ကျွန်ုပ် အနည်းငယ်တွေဝေစဉ်းစား လိုက်၏။ မာလီကြီးက ကျွန်ုပ်အတွက် ဘာတွေ လုပ်ပေးထားသလဲဆိုတာ ကိုတော့ သိချင်၏။ မာလီကြီးကို နှုတ်မ ဆက်ခဲ့ရသောကြောင့်လည်း မာလီကြီး နှင့် တွေ့လိုစိတ်က ဖြစ်ပေါ်လာပြန်၏။

"ကျုပ် လိုက်ခဲ့ပါ့မယ်"

ကျွန်ုပ်၏ စကားကိုကြားသောအခါ မိန်းကလေး၏ မျက်နှာ ပြန်လည်ရွှင် လန်းသွား၏။ ကျွန်ုပ်လည်း မိန်းကလေး တို့စီးလာသောကားဖြင့် ပြန်လိုက်ခဲ့လေ တော့၏။

(ဂ)

"မနေ့ ညနေလောက်မှာ ဒီမှာ အလုပ်လုပ်နေတဲ့ မာလီကြီး ကျွန်တော့် ဆီရောက်ရှိလာခဲ့တယ်။ သူ ကျွန်တော့် ကို စကားတွေ တော်တော်များများ ပြောသွားခဲ့တယ်။ ဟောဒီသေတ္တာ ကလေး မောင်ဗညားဦးကို ပေးလိုက်ပါ လို့လည်း မှာလိုက်တယ်။ ဒီသေတ္တာ လေးဟာ မောင်ဗညားဦးနဲ့ သက်ဆိုင် တဲ့ ပစ္စည်းဖြစ်လို့ အထဲမှာ ဘာတွေရှိ သလဲဆိုတာ မောင်ဗညားဦးဖွင့်ကြည့် လိုက်ပါ"

ဦးကျော်မောင်က ကျွန်ုပ်အား သော့တစ်ချောင်း ကမ်းပေး၏။

ဦးကျော်မောင် ကမ်းပေးသော သော့ကိုယူကာ မာလီကြီးက ကျွန်ုပ် အတွက်ပေးခဲ့သည်ဆိုသော သေတ္တာကို ဖွင့်လိုက်၏။ ပထမဦးစွာ စာရွက်ခေါက် ကလေးကို တွေ့ရှိရ၍ ထိုစာရွက်ခေါက် ကိုယူကာ ဖြန့်ဖတ်ကြည့်လိုက်၏။

လူလေး . . . လူလေးအတွက် အစစအရာရာ အဆင်ပြေအောင်အဘ စီစဉ်ပေးခဲ့တယ်။

အဘလည်း ဝဋ်ကြွေးရှိလို့ ဒီမှာ ငါးနှစ်တိတိ ဝဋ်ကြွေးကို လာဆပ်နေရ တယ်။ လူလေးအလာကိုလည်း စောင့် ရင်းနဲ့ပေါ့။ လူလေး ရောက်လာခဲ့ပြီ မဟုတ်လား။

အခုတော့ အဘရဲ့ ဝဋ်ကြွေးက ကုန်ပြီ။ ဂန္ဓာရီလုညဖို့ ကျင့်စဉ်စခန်း တွေက ရှိသေးတယ်။ အဘတို့လမ်းစဉ် မှာက ဝဋ်ကြွေးရှိရင် ကုန်အောင်ဆပ် ရတယ်။

လူလေးလည်း ဝဋ်ကြွေးရှိတော့ ဆပ်ရဦးမှာပဲ၊ ဝဋ်ကြွေးကျေတဲ့ တစ်နေ့ အဘတို့လိုပဲ ဂန္ဓာရီခရီး ပြန်ထွက်ရ မယ်။ လမ်းစဉ်တော်ကို ပြန်လျှောက်ရ မယ်။ ဒါက အခိုက်အတန့်ပါကွယ်။

လူလေးရောက်နေတဲ့ အိမ်က မိသားစုတွေဟာ အဘ တစ်ခါက ပြောသလိုပေါ့၊ ဒုက္ခသည်တွေပါကွယ်။ ကယ်တဲ့ ကယ်လှည့်ကြဲ့လို့ ကယ်ရတာ။ အဲ့ဒီလို ကယ်ဖို့အတွက်လည်း လူလေးရဲ့ ဆရာသခင်က လူလေးကို ဒီလွှတ်လိုက် တာ။ အကြောင်းမဲ့ လွှတ်ပေးလိုက်တာ မဟုတ်ဘူး။

တစ်နေ့တော့ လူလေးနဲ့ အဘ ပြန်ဆုံကြဦးမှာပါ။

အားငယ်မနေနဲ့။

လူလေးရဲ့ မာလီကြီး ဦးပညာဗလ။

ကျွန်ုပ်သည် မာလီကြီး၏ စာကို ဖတ်ပြီးနောက် သေတ္တာထဲမှ ကတ္တီပါ အိတ်ရုံလေးကို ယူလိုက်၏။ ကတ္တီပါ



www.burmeseclassic.com

www.burmeseclassic.com

အိတ်ရုံကို ဖွင့်၍ နှိုက်ထုတ်လိုက်သောအခါ လွန်စွာ အရည်အသွေးကောင်းလှသော ပတ္တမြားကြီးတစ်လုံး ပါလာ၏။

ပတ္တမြားကို စက္ကူတစ်ခုပေါ်သို့ ချလိုက်သောအခါ ပတ္တမြား၏ အရောင်မှာ စက္ကူပေါ်၌ လွင့်၍နေလေ၏။

"ဒီပတ္တမြားဟာ ဘယ်လောက်တန်ဖိုးရှိမလဲဆိုတာ ခန့်မှန်းကြည့်ကြပါ"

ဦးကျော်မောင်က ပြောလိုက်လေ၏။ အားလုံး၏ အကြည့်က ပတ္တမြားကြီးထံသို့ ရောက်ရှိနေကြ၏။ ကျော်ဇင်လတ်သည်လည်း ပတ္တမြားကြီးအား တပ်မက်သောစိတ်ဖြင့် မခွာတမ်းကြည့်ရှုနေလေ၏။

"တန်ဖိုးက တော်တော်ကြီးမယ်။ ခန့်မှန်းလို့မရဘူး"

ဦးထွန်းလှိုင်က ပြောလိုက်၏။

"မောင်ကျော်ကျော်ရော ခန့်မှန်းနိုင်ပါသလား"

"မခန့်မှန်းနိုင်ပါဘူး"

"ကောင်းပြီ ဒါဆိုရင် မာလီကြီးပြောသလိုပဲ ကျုပ် ဒီပတ္တမြားကြီးကို သိန်း (၅၀)နဲ့ပဲ ဖြတ်ပေးလိုက်မယ်"

(ထိုအချိန်က ငွေကြေးတန်ဖိုးရှိသော အချိန်ဖြစ်ရာ သိန်း ၅၀ ဆိုသော ငွေမှာ နည်းလှသော ငွေမဟုတ်ပေ။ ကားတစ်စီးမှ သောင်းဂဏန်းမျှသာရှိသော ခေတ်ဖြစ်ပြီး စက်ဘီးမှာ သုံးရာ၊ လေးရာမျှနှင့် ဝယ်စီးနိုင်သော အချိန်အခါဖြစ်လေ၏။)

"ဦးထွန်းလှိုင်တို့က ကျော်ကျော်ကို ငွေနှစ်သိန်းနဲ့ အိမ်ခြံကိုပေါင်ထားတာဖြစ်တော့ ကျော်ကျော်က အဲ့ဒီအိမ်နဲ့ခြံအတွက် အတိုးရော အရင်းရော သုံးသိန်းလို့ သတ်မှတ်လိုက်။ နောက်ထပ်ငွေနှစ်သိန်းကိုပါ ရင်းနှီးစားသောက်ဖို့ထုတ်ပေးလိုက်၏။ အားလုံးစုစုပေါင်း ငွေငါးသိန်းဖြစ်သွားမယ်။ နောက်ထပ် အခက်အခဲကြုံရင်လည်း ကျော်ကျော်ထံမှာ ငွေတွေ သိန်းငါးဆယ်ပြည့်တဲ့အထိ ထပ်ယူလို့ရတယ်။

ဒါပေမယ့် ဒီပတ္တမြားကို ပြန်ယူမယ်ဆိုရင်တော့ ကျော်ကျော်ကို ဦးထွန်းလှိုင်တို့ယူထားတဲ့ငွေရဲ့ နှစ်ဆကို ပေးဆပ်ပြီးမှ ပြန်ယူလို့ရမယ်။ အခု စုစုပေါင်း ငါးသိန်းဆိုတော့ ပတ္တမြားကို ပြန်ရွေးတဲ့အခါ ၁၀ သိန်းနဲ့ ရွေးရလိမ့်မယ်။

ပတ္တမြားကိုတော့ ကျွန်တော်ပဲ သိမ်းထားလိုက်ပါ့မယ်။ နောက်ငါးနှစ်ကြာတဲ့အထိ ပတ္တမြားကို ပြန်မရွေးနိုင်ရင်ဖြစ်ဖြစ်၊ ဦးထွန်းလှိုင်တို့က နောက်ထပ် ကျော်ကျော်ဆီက ငွေတွေယူလို့ သိန်းအစိတ် ဖြစ်သွားရင်ဖြစ်ဖြစ် ဒီပတ္တမြားကို ကျော်ကျော်က ပိုင်သွားပြီ။ ကျော်ကျော့်ဆီက ငွေဘယ်လောက်ပဲယူယူ၊ ယူတဲ့ငွေရဲ့ နှစ်ဆကို ပြန်ဆပ်ရမှာနော်။ သိန်းငါးဆယ်နဲ့ ဈေးဖြတ်ထားတာမို့ သိန်းအစိတ်ပြည့်ရင် ပတ္တမြားကို ကျော်ကျော်က ပိုင်သွားပြီ။ ကဲ ကျော်ကျော်က ငွေနှစ်သိန်းထပ်ထုတ်ပေးလိုက်။

ကျော်ဇင်လတ်က ငွေနှစ်သိန်းကို စားပွဲပေါ်၌ ချပေးလိုက်၏။

"ဟော့ဒီစာချုပ်မှာ မောင်ဗညားရော၊ ကျော်ကျော်ပါ လက်မှတ်ထိုးပါ။ ဦးထွန်းလှိုင်လည်း လက်မှတ်ထိုးပါ"

ကျွန်ုပ်လက်မှတ် ထိုးပေးလိုက်၏။

"ကျွန်တော် စာချုပ်သုံးစောင်လုပ်ထားတယ်။ ကျော်ကျော်က တစ်စောင်၊ မောင်ဗညားကတစ်စောင်ယူ။ ကျွန်တော်ကတစ်စောင်သိမ်းထားမယ်။ ကိစ္စတွေအားလုံးပြီးပြီမို့ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

ဦးကျော်မောင်က ပြောဆိုနှုတ်ဆက်ပြီးနောက် ပတ္တမြားသေတ္တာနှင့် စာချုပ်ကိုယူကာ ကျော်ကျော်နှင့်အတူ ပြန်သွားလေ၏။

ကိစ္စဝိစ္စများ ပြီးစီးသွားသောအခါ ဦးစွာ မာလီကြီးကို သတိရ၏။

မာလီကြီး၏ ကျေးဇူးကား ကြီးမားလှ၏။

ထို့ကြောင့် မာလီကြီးနေထိုင်ရာ ဘန်ဂလိုဆီသို့ အပြေးတစ်ပိုင်းနှင့် သွား၏။ ဘန်ဂလိုတံခါးကိုဖွင့်ပြီး ဝင်ကာ မာလီကြီးကိုရှာကြည့်၏။ မာလီကြီး၏ အရိပ်အယောင် အစအနကိုပင် မမြင်တွေ့ရပေ။

မာလီကြီးအိပ်ခဲ့သော နေရာသို့ သွား၏။

မာလီကြီးအိပ်ခဲ့သော နေရာ၏ အထက်ဘောနံရံ၌ မီးသွေးခဲဖြင့်ရေးသား



www.burmeseclassic.com

www.burmeseclassic.com

ထားသော စာသားကို တွေ့ရှိရသောကြောင့် ဖတ်ကြည့်လိုက်၏။

"နှုတ်ဆက်ခဲ့ပါတယ် လူလေး၊ တွေ့ဆုံခြင်းဟာ ခွဲခွာခြင်းကို ဦးတည်နေတယ်။ ရှင်ရက်မခွဲရရင်တောင် သေရင်တော့ခွဲရမှာပဲ။ ခွဲခွာချိန်တန်လို့ ခွဲခွာရတဲ့အခါ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ထားပါလူလေး။ လူလေးအနေနဲ့ ပတ္တမြားကို ရအောင်ပြန်ယူဖို့ကြိုးစားပါ"

ထိုစာတန်းကို ဖတ်ပြီးနောက် မာလီကြီးသည် ဤနေရာမှ အပြီးတိုင်ထွက်ခွာသွားပြီကို သိရသောကြောင့် စိတ်မကောင်းဖြစ်ရလေ၏။

"လူလေးကို ဘာမှမပြောဆိုဘဲ ထွက်သွားပြီလား မာလီကြီးရယ်။ လူလေးအခက်အခဲတွေနဲ့ ကြုံတဲ့အခါ အားမပေးတော့ဘူးလား"

ကျွန်ုပ်သည် မာလီကြီးကို သတိရတမ်းတပြောဆိုနေမိ၏။

"ဗညားရယ်"

"မာလီကြီးမှ မရှိတော့ဘဲ စိတ်ကိုဆိုနေမှပေါ့"

မိန်းကလေးက ကျွန်ုပ်အား လာခေါ်၏။ ကျွန်ုပ်သည် မိန်းကလေးခေါ်ရာနောက်လိုက်ပါရင်း အိမ်ကြီးဆီသို့ ပြန်ရောက်ခဲ့လေ၏။

မာလီကြီးကား မနှင်ဘဲနှင့်ထွက်ခွာသွားခဲ့လေပြီ။

ကျွန်ုပ်မှာမူ နှင်ပြီးမှပြန်ရောက်လာချိန်လေ၏။

# စာစု (၉)

## ဘရေးချဘာ

(၁)

မြန်မာဗျည်းအက္ခရာစုစုပေါင်း ၃၃ လုံးရှိပါသည်။

၂၄ လုံးမြောက်၌ (ဘ)ကုန်းနေထိုင်လေ၏။

(ဘ)တစ်လုံးတည်းဖြင့် ဆိုလျှင်မူ ဘ-ဘဘဟု ဆိုရပါမည်။

ဘ-ဘဘဟူသည် ဗိတ ဖခင်ကျေးဇူးရှင်အား ညွှန်းဆိုဖွဲ့သော စကားလုံးဖြစ်သည်။

(၂၉)လုံးမြောက်မှာ (ဝ)လုံးနေထိုင်လေ၏။

(ဝ)တစ်လုံးတည်းဖြင့် ဆိုပါမူ ဝလင်ခြင်း၊ ပြည့်စုံခြင်းဟု ဆိုရပါမည်။

(ဘ)ကုန်းနှင့် (ဝ)လုံးကို ပေါင်းစပ်လိုက်သောအခါ

(ဘ)ကုန်း၏ ဗိတ ဘခင်ကျေးဇူးရှင်ဟူသော ညွှန်းဖွဲ့မှုသည်လည်းကောင်း၊

(ဝ)လုံး၏ ဝလင်ခြင်း၊ ပြည့်ဝခြင်းဟူသော ညွှန်းဖွဲ့မှုသည်လည်းကောင်း ပျက်သုဉ်းသွားရလေ၏။

(ဘ)ကုန်းနှင့် (ဝ)လုံးတို့ ပေါင်းစပ်ဖွဲ့တည်၍ဖြစ်လာသော (ဘဝ)ဟူသည့် ဝေါဟာရမှာမူ လျှို့ဝှက်မှု များစွာရှိ၏။ အဓိပ္ပါယ် ကျယ်ဝန်းနက်ရှိုင်းလှလေ၏။

ကျွန်ုပ်သည် ယခုအခါ ဘဝသစ်တစ်ခုကို စတင်နေပြီဖြစ်၏။

ဘဝသည် ပင်လယ်ကြီးဖြစ်နိုင်၏။

ဘဝပင်လယ်ပြင်မှာ ကျွန်ုပ်သည် ကူးခတ်ရတော့မည်ဖြစ်၏။

ဘဝသည် တောင်တန်းကြီးလည်းဖြစ်နိုင်၏။

ကျွန်ုပ်သည် ဘဝတောင်တန်းကြီးကို လျှောက်လှမ်းရတော့မည်ဖြစ်၏။

ဘဝမှာ မုန့်တိုင်း ကြမ်းချင်ကြမ်းနိုင်၏။ လေရှမ်းလည်း ရှမ်းချင်ရှမ်းနိုင်၏။

ကျွန်ုပ်သည် သုမနဘဝမှ ဗညားဦးဘဝအဖြစ် လောကထဲသို့ တိုးဝင်လာခဲ့လေပြီ။

(၂)

မိဘက ကျွန်ုပ်ကို သင်္ချိုင်းမှာ ပယ်စွန့်ခဲ့သည်။ ဆရာသခင်က သစ်ခေါက်ဆိုးအဝတ်ကို ဆင်မြန်းပေးသည်။

ထို့နောက် ဆရာသခင်က ကျွန်ုပ်ကိုစွန့်ပယ်သည်။ လူ့လောကသို့ပို့သည်။

ယခု မာလီကြီးကလည်း ကျွန်ုပ်ကို စွန့်ပယ်သွားပြန်ပြီ။

နောက်ထပ် ကျွန်ုပ်အား ဘယ်သူတွေထပ်ပြီး စွန့်သွားကြဦးမည်နည်း။

ဆရာသခင်သည်လည်းကောင်း၊ မာလီကြီးသည်လည်းကောင်း ကျွန်ုပ်အား စွန့်ခွာသင့်သောအချိန်၌ မဆုတ်မဆိုင်း စွန့်ခွာသွားကြလေ၏။

ကျွန်ုပ်သည် မိန်းကလေးအပေါ် စွဲလမ်းမှု ချစ်ခြင်းမေတ္တာထုဖြင့်ဖြင့် စတည်ခဲ့ပြီဖြစ်၏။ ကျွန်ုပ်၏ ရင်တွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးသည် စူးနစ်စွာ တွယ်ငြိနေလေပြီ။

အချိန်တန်လျှင် ဤမိန်းကလေးကို ကျွန်ုပ် ခွဲခွာသွားနိုင်ပါ့မလား။

ကျွန်ုပ်သည် ဤနေရာ၌ ဇာတ်ကွက်တစ်ကွက်ကို လာရောက်သရုပ်ဆောင်ခြင်းမျှသာ ဖြစ်လေသည်။

ဆရာသခင်နှင့် မာလီကြီးတို့သည် ကျွန်ုပ်အား ခွဲခွာခြင်းလမ်းစဉ်ကို ပြခဲ့၏။ သူတို့အဖို့ မည်မျှရင်နာကျက်နေကြသည် မသိ၊ ခွဲခွာသင့်သောအချိန်မှာ တည်တည်ငြိမ်ငြိမ်နှင့် ခွဲသွားနိုင်ကြလေ၏။

သံယောဇဉ်ဟူသည် ပြတ်နိုင်ခဲသည်ဟုတော့ ကြားဖူး၏။

"ဗညား"

ကျွန်ုပ်အား မိန်းကလေးက ခေါ်လိုက်သောကြောင့် ကျွန်ုပ်၏အတွေးများ ပြတ်တောက်သွားရလေ၏။

"ဒီမှာ ဘာလာလုပ်နေတာလဲ"

ကျွန်ုပ်၏အနားမှာ ထိုင်ချပြီး မေးလေ၏။

"ဗညားတစ်ခုခုကို တွေးနေသလိုပဲ၊ မိုး အနားရောက်နေတာကြာပြီ။ ဗညားကို မိုးကြည့်နေတာ တမေ့တမောပဲ။

မိန်းကလေးက ထပ်ဆင့်စကားဆိုလေ၏။

"ဟုတ်တယ်။ ကျုပ်တွေးနေတယ်"

ကျွန်ုပ်ကလည်း ကျွန်ုပ်တွေးနေသည့်အကြောင်း အမှန်ပင် ဝန်ခံလိုက်၏။

"ဘာတွေ. . ."

မိန်းကလေးက သူ၏လက်ညှိုးဖြင့် ကျွန်ုပ်၏နဖူးကို တို့ထိကာမေးလေ၏။

"ကျုပ်ရဲ့ ဘဝတချို့ပါ"

"ပြီးတော့ ဘာတွေးသေးလဲ"

"မိန်းကလေးနဲ့ ကျုပ်ရဲ့အကြောင်း"

"မိုးရဲ့အကြောင်း ဟုတ်လား၊ ပြောစမ်း ပြောစမ်း။ မိုးကြားချင်တယ်။ မိုးရဲ့အကြောင်း ဘာတွေ တွေးနေတာလဲ"

မိန်းကလေးက ချစ်စဖွယ်မေးခွန်းများမေး၍ ကျွန်ုပ်အား စကားတွတ်ထိုးလေ၏။

"မိန်းကလေးနဲ့ ကျုပ်ခွဲခွာရရင်ဆိုတဲ့အကြောင်း"

"ကြည့်စမ်းပါဦး မဟုတ်တာတွေ တွေးနေတာကိုး။ ကဲ. . .ဗညားကရော မိုးနဲ့ ခွဲခွာသွားချင်လို့လား"

ဒီတစ်ခါတော့ ပါးစပ်နှင့်မဖြေတော့ဘဲ ခေါင်းကိုယမ်းပြလိုက်လေ၏။

"ဟုတ်တာပေါ့. . .ဗညားကလည်း မိုးကိုမခွဲချင်ဘူး။ မိုးကလည်း ဗညားကို မခွဲချင်ဘူး။ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြတာပဲ၊ ဘာခွဲခွာစရာ လိုလို့လဲ။ ဒါပဲမဟုတ်လား။ ပြီးပြီပေါ့၊ စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့။ အခုတစ်ယောက်နဲ့တစ်ယောက် အတူနေကြတာပဲမဟုတ်လား။ အိမ်ကို ပြန်ဝင်ကြရအောင်"

မိန်းကလေး မင်းဘာမှ မသိသေးပါဘူးဟု ကျွန်ုပ် ပြောထုတ်လိုက်ချင်၏။

မိန်းကလေးမှာ တစ်ဦးတည်းသောသမီးဖြစ်ပြီး မိဘများက လိုလေသေးမရှိထားလေ၏။ ယနေ့အချိန်အထိ မိန်းကလေးမှာ အခက်အခဲမရှိ။ ဘဝအကြောင်းကိုလည်းဘာမှမသိဘဲ ကျွန်ုပ်ကို ချစ်ဖို့တစ်ခုတည်းသာ သိလေ၏။

ကျွန်ုပ်သည် မာလီကြီးပေးခဲ့သော ပတ္တမြားကြီးဆီ အမြဲတမ်းစိတ်ရောက်နေ၏။ ထိုပတ္တမြားကြီး မသူတော်ကျော်ကျော်၏လက်ထဲ မရောက်သွားရန်နှင့် မာလီကြီးထံသို့ ပြန်ပေးရန်အတွက် အမြဲတမ်းတွေးနေမိ၏။

သို့သော်လည်း မိန်းကလေး၏ မိသားစု တစ်စုလုံးက ကျွန်ုပ်အား မည်သည့်အလုပ်မျှ ပေးမလုပ်ကြပေ။

ဦးထွန်းလှိုင်ကဆိုလျှင်

"သစ်စက်လုပ်ငန်းကို အဖေပဲဆက်လုပ်ပါ့မယ်။ ဗညားဘာမှလုပ်စရာမလိုဘူး၊ လုပ်တတ်မှာလည်း မဟုတ်ဘူး" ဟု ပြောလေ၏။

ကျွန်ုပ်မှာ အလုပ်လုပ်ခွင့်မရသောကြောင့် ပတ္တမြားကိစ္စမှာ ရင်မအေးဖြစ်ရ၏။

ကျွန်ုပ်လည်း မိန်းကလေးနှင့် တီတီတာတာ စကားများ ပြောဆိုပြီး အိမ်ထဲဝင်ခဲ့၏။

(၃)

မိန်းကလေးသည် ဆရာမလုပ်ကာ ကျွန်ုပ်ကို နေ့စဉ်သင်တန်းပို့ချပေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အဖို့ စကားပြောလျှင် ဝသီပါနေသော "ကျုပ်"ဆိုသည့် အသုံးအနှုန်းအစား ကျွန်တော်ဟူသောအသုံးအနှုန်းဖြင့် ပြောကြားရန် ဦးစွာသင်ကြားပေး၏။

ကျွန်ုပ်၏ ဆံပင်ရှည်တို့ကိုလည်း ညှပ်ပစ်လိုက်ပြီး ခေတ်ဆံပင်ပုံအတိုင်း ပြုပြင်ပေး၏။ အဝတ်အစားများကိုလည်း ခေတ်နှင့်အညီ ဝတ်ဆင်တတ်ရန် ရွေးချယ်ဝယ်ယူကာ ဝတ်ဆင်ပေး၏။

မိန်းကလေးက ကျွန်ုပ်ကို လူရေးလူရာနှင့် အပြောအဆို၊ အနေအထိုင်ဆက်ဆံရေးများကအစ သင်ပေးနေသော အချိန်မှာ ကျွန်ုပ်အဖို့ အပျော်ဆုံးနှင့် အကြည်နူးဆုံးအချိန် ဖြစ်လေ၏။

ကျွန်ုပ်အား ထမင်းဟင်းခူးခပ်ပြင်ဆင်ကျွေးမွေး၏။ ထမင်းဦး ဟင်းဦးကိုလည်း ကျွေးသည်။ ညအိပ်ရာဝင်ခါနီးခြေထုပ်လက်နယ်ပြုကာ ကျွန်ုပ်ကို ဦးချတတ်၏။

ကျွန်ုပ်အား အမျက်သိုရန်လိုခြင်းမပြောဘဲ ကျွန်ုပ်၏အလိုကျ လုပ်ကိုင်ဆောင်ရွက်ပေးကာ ချစ်ဖွယ်စကားများကိုပြောကြားတတ်သော မိန်းကလေး။

ထိုမိန်းကလေးသည် လှပလွန်းသူကလေးလည်း ဖြစ်နေပြန်သောကြောင့် [illegible]အမူ မြတ်နိုးမိရလေ၏။ ကျွန်ုပ်ဇနီးဟောင်းကိုပင် မေ့ချင်၏။ ဤသို့ဖြင့် နေ့ရက်တို့တဖြည်းဖြည်း ကုန်လွန်ရလေ၏။ ကျွန်ုပ်မှာပင်ပန်းခြင်းမရှိ၊ ပြဿနာမရှိ။ စိတ်ချမ်းသာစွာ နေရလေ၏။ ကျွန်ုပ်သည် ယခုမှ ကုသိုလ်ကံအလွန်ကောင်းသောသူ တစ်ယောက်ဖြစ်လာ၏။

ထိုသို့နေလာရာမှ တစ်နေ့တွင်ဖြစ်လေ၏။

ထိုနေ့ရောက်ရှိလာမည်ကို ကျွန်ုပ်မျှော်လင့်ထားပြီးဖြစ်၏။

ကျွန်ုပ်သည် အချိန်တန်လျှင် ဘုရားဝတ်တက်မြဲဖြစ်၏။ ဘုရားဝတ်တက်၍မပြီးမချင်း မိန်းကလေးသည် ကျွန်ုပ်၏အနားမှာ ထိုင်စောင့်နေတတ်၏။

ဘုရားပန်းလဲထားတတ်၏။ ရေချမ်းကပ်လှူထားတတ်၏။ ဆီမီးပူဇော်ထားတတ်၏။ ဘုရားခန်းထဲရောက်လျှင် ဝတ်တက် ပုတီးစိပ်ရုံသာဖြစ်လေ၏။

ဤနေ့တွင် ကျွန်ုပ် ဘုရားဝတ်တက်ပြီး ကြည့်လိုက်သောအခါ ကျွန်ုပ်၏အနား၌ မိန်းကလေးရှိမနေပေ။

ကျွန်ုပ် ဘုရားခန်းမှထွက်လာသောအခါ မိန်းကလေးနှင့် ဒေါ်သူဇာမိုးတို့တိုးတိုးကြိတ်ကြိတ် စကားပြောနေကြသည်ကိုတွေ့ရ၏။ ကျွန်ုပ် အသာနားထောင်ကြည့်၏။

"မေမေတို့သစ်စက်က ရှုံးနေတယ်သမီး။ အလုပ်သမားခက သက်သက်ပေးနေရတယ်။ ငွေနှစ်သိန်းကလည်းကုန်လုပြီ။ ဒါကုန်ရင် ကျော်ကျော်ဆီမှာငွေထပ်ယူရတော့မှာပဲ"

ဒေါ်သူဇာမိုး၏ စကားကို ကြားရသောအခါ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ကြိုတွေးထားသည့်အတိုင်းဖြစ်လာခဲ့ခြင်းဖြစ်၏။ ဤသို့ သစ်စက်အရှုံးပေါ်နေရခြင်းအကြောင်းမှာ မသူတော်ကျော်ကျော်နှင့် ပတ်သက်နေလိမ့်မည်ဟု တွေးမိလိုက်၏။ မည်သို့ပတ်သက်နိုင်သည်ဆိုခြင်းကိုမူ ကျွန်ုပ်မတွေးတတ်ပေ။

"မေမေတို့ကလည်းလေ၊ ကိုဗညားကိုသနားပါတယ်။ သူ့ခမျာ စိတ်ချမ်းချမ်းသာသာနေပါစေ၊ ဒီအကြောင်းချက်ချင်းမပေးသိလိုက်နဲ့ဦး။ သမီးဖြည်းဖြည်းမှပဲ ပေးသိမယ်။ ဖြစ်လာမှတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ။ မေမေလည်း စိတ်ချမ်းသာသလိုနေပါ။ ငွေလိုတော့လည်း ဗညားကိုယူခိုင်းရမှာပေါ့။ ကျော်ကျော်ဆီက ငွေမယူရအောင်ကြိုးစားကြံစည်ကြည့်ပါဦး"

မိန်းကလေးက ဒေါ်သူဇာမိုးကို ပြောလိုက်လေ၏။

ကျွန်ုပ်သည် မသူတော် ကျော်ကျော်နှင့် မျက်နှာချင်းမဆိုင်လိုပေ။ ကျော်ကျော်ထံ အောက်ကျို့လိုသောစိတ်လည်းမရှိပေ။ ထို့ကြောင့် တစ်စုံတစ်ခုကိုဆုံးဖြတ်ကာ မိန်းကလေးတို့မသိအောင် နားထောင်နေရာမှ မိန်းကလေးတို့ သားအမိထံသို့ လျှောက်လာခဲ့၏။

"ဗညားတောင် ဘုရားဝတ်တက်လို့ပြီးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ ဘုရားဝတ်တက်ပြီး မိုးကိုမတွေ့တာနဲ့ ဆင်းလာခဲ့တာ။ မိုးတို့ပြောတဲ့စကားကို အကုန်လုံးကြားပါတယ်။ မေမေ ကျွန်တော်လည်း ဒီကမိသားစု တစ်ယောက်ပဲ၊ ဒီအိမ်က အရေးကိစ္စတွေ ကျွန်တော့်ကိုလည်း ပြောပြအသိပေးသင့်ပါတယ်၊ တိုင်ပင်သင့်ပါတယ်။"

ကျွန်ုပ်က ထိုသို့ပြောလိုက်သော အခါ မျက်နှာပျက်သွားလေ၏။

"သစ်စက်လုပ်ငန်းကို ကျွန်တော် ဦးစီးလုပ်ကိုင်မယ်"

ကျွန်တော်က ထိုစကားကို ပြောချလိုက်၏။

"မောင်ဗညားက ဘာလုပ်တတ်လို့လဲကွယ်၊ အေးအေးဆေးဆေးနေပါ။ ဦးပဲ ဆက်လုပ်ပါ့မယ်"

ဦးထွန်းလှိုင်က ဝင်ပြောလာခဲ့၏။

ကျွန်တော် ယောကျ်ားတစ်ယောက်ပါဖေဖေ၊ အိမ်ရှေ့ အိမ်နောက်လည်း ဘယ်ချမ်းသာပါ့မလဲ။ ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ။ ဖေဖေမရှိတော့ရင်လည်း ကျွန်တော်ပဲ ဆက်လုပ်ရမယ့်တူတူ အခုကတည်းကပဲ လုပ်တာကောင်းပါတယ်"

ထိုသို့ပြောဆိုကာ ကျွန်တော်ထွက်လာပြီး အိပ်ခန်းသို့ဝင်ခဲ့၏။ မိန်းကလေးလည်း ကျွန်ုပ်နောက်က လိုက်ပါလာခဲ့၏။ အိပ်ခန်းထဲသို့ ရောက်သောအခါ မိန်းကလေးက ကျွန်ုပ်ကို လေပြေလေးနှင့်ချော့ကာ စကားတွတ်ထိုးလေ၏။

"ဖေဖေနဲ့မေမေပြောတာ စိတ်မဆိုးနဲ့နော်ဗညား"

"ကိုယ့်မှာ အဖေ၊ အမေဆိုတာ ဒီကနေ့အထိ ဘာမှန်းညာမှန်း မသိရပါဘူး။ မိုးရဲ့အဖေ၊ အမေဟာ ကိုယ့်ရဲ့ အဖေ၊ အမေပါပဲ။ ကိုယ်စိတ်မဆိုးပါဘူး။ မိုးရဲ့အဖေကလည်း အသက်ကြီးနေပြီမဟုတ်လား။ မိုးအဖေရဲ့ လုပ်စာကို ဒီအတိုင်း ကိုယ်ထိုင်မစားသင့်ဘူးလေ။ ကိုယ်အလုပ်လုပ်မှ ဖြစ်မှာပေါ့"

ကျွန်ုပ်က ထိုသို့ ပြန်ပြောလိုက်သောအခါ

"ကဲ . . .စိတ်ညစ်စရာ၊ စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့ ဗညားရယ်။ ဗညားအလုပ်လုပ်ချင်တယ်ဆိုရင်လည်းလုပ်ပါ။ မိုးကတော့ မပေးလုပ်စေချင်တာအမှန်ဘဲ။ ဗညား အိပ်ပျော်အောင် အိပ်လိုက်တော့နော်"

လောကကြီးကို ဘာမှမသိ နားမလည်ရှာသော မိန်းကလေးအပေါ် ကျွန်ုပ် သနားသွားမိလေ၏။

(၄)

မနက်ဖြန်ဆိုလျှင် ကျွန်တော်၏ ဘဝကို တကယ်စရတော့မည်ဖြစ်၏။

ဘဝသည် ပင်လယ်၊ ဘဝသည် တောင်တန်း။ ဘဝသည် မုန်တိုင်းဖြစ်စေဦးတော့ ကျွန်ုပ်သည် ဘဝကို ထဲထဲဝင်ဝင်ပြုရချေတော့မည်။

သို့သော်လည်း ဘယ်ကစ၍ ဘာလုပ်ရမည်မှန်းမသိပေ။

ကျွန်ုပ်မှာ အားကိုးအားထားပြုစရာ ဆရာသခင်က ပေးထားသော စာအုပ်တစ်အုပ်ရှိသေးသည်။ ထိုစာအုပ်ကို ပထမအကြိမ်ဖတ်ခဲ့ပြီးပြီ။ ယခု ဒုတိယအကြိမ် ဖတ်ရန် စိတ်ကူးလိုက်သည်။ ကျွန်ုပ်အတွက် လမ်းညွှန်ချက်တစ်ခုခု တော့ရလိမ့်မည်ဟု ထင်သည်။ မိန်းကလေးထံမှ ကျွန်ုပ်၏ လွယ်အိတ်ကို တောင်းယူလိုက်သည်။ အပေါ်မှစ၍စည်းထားသော လွယ်အိတ်ဖုထုံးကို ဖြေသည်။ လွယ်အိတ်ထဲမှ စာအုပ်ကို နှိုက်ထုတ်ယူလိုက်သည်။

ပထမအကြိမ် ဖတ်ပြီးသားစာရွက်ကို စတွေ့သည်။ ယင်းစာမျက်နှာကို ကျော်လှန်လိုက်၏။ ရေးလက်ရေးဖြင့် ညီညာသပ်ရပ်စွာ ရေးထားသောစာလုံးများကိုတွေ့ရှိရသည်။ ယင်းစာကို ကျွန်ုပ်ဖတ်ကြည့်လိုက်သောအခါ အောက်ပါအတိုင်း တွေ့ရှိရသည်။

(၁) "ဘာပဲပြောနေနေ မတွေဝေနဲ့" ဟူသောစာကြောင်းကို ဦးစွာတွေ့ရှိလိုက်ရသည်။ ယခုအခါ ကျွန်ုပ်သည် တွေဝေနေသူဖြစ်၏။ မနက်ဖြန် ကျွန်ုပ် စတင်လျှောက်လှမ်းရတော့မည့် ဘဝအတွက် မဝံ့မရဲသလိုမျိုး တွေဝေနေ၏။

ယင်းစာကြောင်းကို ကျွန်ုပ် ဆယ်ခေါက်ခန့်ဖတ်လိုက်၏။ ကျွန်ုပ်၏တွေဝေစိတ်တို့ကို ကျွန်ုပ်မောင်းနှင်လိုက်၏။

ဒုတိယစာကြောင်းကို ကျွန်ုပ်ဆက်ဖတ်လိုက်ပြန်၏။ ဒုတိယစာကြောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

အောက်ပါအတိုင်းဆက်ဖတ်လိုက်ပြန်၏။

(၂) "ဘာပဲဖြစ်ဖြစ် စိတ်မညစ်နဲ့" ဟူသော စာကြောင်းကို တွေ့ရှိရပြန်၏။ ဤစာတန်းကလေးကို ကျွန်ုပ်ကြိုက်နှစ်သက်သွား၏။ လောကမှာ အခြေအနေအကြောင်းတရား အမျိုးမျိုးအရ ကြုံခဲ့တွေ့ကြုံကြရမည်ဖြစ်၏။ ယင်းအပေါ် စိတ်ညစ်နေ၍မရ၊ ကျွန်ုပ်အဖို့ တွေဝေခြင်း၊ စိတ်ညစ်ခြင်းမရှိအောင် နေထိုင်တတ်အောင် လုပ်ရမည်ဖြစ်၏။ ယင်းကိုလည်း ကျွန်ုပ် ဆယ်ခေါက်လောက် ရွတ်ဖတ်လိုက်၏။

မိန်းကလေးကမူ ကျွန်ုပ်၏ အနားမှာ မေးထောက်၍ ကြည့်နေလေ၏။

တတိယစာကြောင်းကို ဆက်ဖတ်[illegible]ပြန်၏။

([illegible]) "ဘာပဲလုပ်လုပ် နောက်မဆုတ်နဲ့" ဟူသော [illegible]ကြောင်းကို တွေ့ရှိရလေ၏။ ကျွန်ုပ် [illegible] တွန်းအားတစ်ခုကို ရရှိလိုက်၏။ [illegible]ယ်ကြောင့်ဆိုသော် ကျွန်ုပ်ရေ့ [illegible]ည့်အလုပ်၌ လုပ်ရဲကိုင်ရဲအောင် [illegible]အားပေးလိုက်သောကြောင့်ဖြစ်၏။

[illegible]အလုပ်တစ်ခု လုပ်လျှင် အခက် [illegible]ည်၊ ပြဿနာရှိမည်။ ယင်းကို [illegible]တွေးတောပြီး ကြောက်ရွံ့တုန် [illegible]၍မဖြစ်ပေ။ အောင်မြင်အောင် [illegible]ဆုတ်ဘဲ ရဲရဲလုပ်ရမည်ဖြစ်၏။

[illegible]စာကြောင်း၌

([illegible]) "[illegible] အမှားသိလျှင် ပြင်ဆင်ဖို့[illegible]" [illegible] တွေ့ရှိရ၏။ မမှားဖူးသောသူမရှိပါ။ ကျွန်ုပ်လည်း မှားမည်သာဖြစ်၏။ ထိုအမှားကို သိအောင်လုပ်ရပါမည်။ အမှားကို သိသည်နှင့် အမှန်ကိုရောက်အောင် ပြင်ဆင်ကြိုးစားဖို့လိုသည်။

ယခု ဦးထွန်းလှိုင်၏ သစ်စက်မှာ အရှုံးများပြနေသည်။ မည်သည့်အမှားများကြောင့် ဤသို့ရှုံးရသည်ကို ကျွန်ုပ်သိအောင် လုပ်ရမည်။ အမှားကိုသိပြီးလျှင် အမှန်ကို ပြင်ဆင်လုပ်ကိုင် ကြိုးစားလိုက်မည်ဆိုပါက သစ်စက်လုပ်ငန်းသည် ပြန်လည် တိုးတက်အောင်မြင်လာရမည်ဟု ယုံကြည်စိတ်များ ဖြစ်ပေါ်လာ၏။ ယင်းစာကိုလည်း ကျွန်ုပ်ဆယ်ခေါက်မျှ ရွတ်လိုက်ပြန်၏။

ပဉ္စမစာကြောင်းကို ကျွန်ုပ် ဆက်ဖတ်ကြည့်လိုက်ပြန်၏။

(၅) "ဘာပဲကြုံကြုံ သူတစ်ပါးထက်သာအောင်ကြံ" ဟူသော စာကြောင်းကို ကျွန်ုပ်တွေ့လိုက်ရ၏။ ကျွန်ုပ်မှာ အကြံအစည်ရှိထား၏။ မာလီကြီး၏ ပတ္တမြားကို ပြန်လည်ရယူရေးပင်ဖြစ်၏။ ယင်းအတွက် ငွေကြေးလိုအပ်၏။ ထိုငွေကြေးကို ကျွန်ုပ် ကြိုးစားရှာဖွေရမည်ဖြစ်၏။ လောလောဆယ်ရှိနေသော သစ်စက်သည် ကျွန်ုပ်၏ အကြံအစည်စတင်ရန် အခြေအနေတစ်ခုဖြစ်လေ၏။ ကျွန်ုပ်သည် မလျှော့သောလုံ့လဖြင့် ကြိုးစားကြံစည်အားထုတ်ရမည်ဖြစ်၏။

ထိုစာကြောင်းလေးကိုလည်း ကျွန်ုပ် ဆယ်ခေါက်မျှ ရွတ်လိုက်ပြန်လေ၏။

ထို့နောက် ဆဋ္ဌမစာကြောင်းကို ဆက်ဖတ်လိုက်ပြန်၏။

(၆) "ဘာပဲတွေးတွေး အကောင်းဘက်ကတွေး" ဟူသော စာကြောင်းကို ဖတ်လိုက်ရပြန်၏။ အလုပ်တစ်ခုကို မလုပ်ခင်ကတည်းက အပျက်ဖက်ကချည်းပဲ တွေးနေလျှင် ထိုအလုပ်သည် ဖြစ်တော့မည်မဟုတ်ပေ။ အပျက်ဘက်ကတော့ တွေးရမည်သာဖြစ်၏။ ထိုအပျက်ကို တွေးပြီးလျှင် ထိုအပျက်ကို ဘယ်လိုကောင်းအောင်လုပ်ရမလဲဆိုသော အကောင်းဘက်မှ အတွေးကို ပြန်လည်တွေးရန်လိုလေ၏။

ထို့နောက် သတ္တမစာကြောင်းကို ဆက်ဖတ်လိုက်ပြန်၏။

(၇) "ဘာပဲကြုံကြုံ စိတ်မတုန်လှုပ်နဲ့" ဟူသော စာကြောင်းကို တွေ့ရလေ၏။ ကျွန်ုပ်သည် စိတ်တုန်လှုပ်မှုများစွာ ကြုံခဲ့ပြီးဖြစ်၏။ ဆရာသခင် ကျွန်ုပ်ကို စွန့်ခွာသွားခြင်းအတွက် စိတ်တုန်လှုပ်ခဲ့ဖူးပြီ။ မိန်းကလေး ကျွန်ုပ်ထံသို့ မိုးတစ်ညမှာ ရောက်ရှိလာသည့်အတွက် စိတ်တုန်လှုပ်ခဲ့ဖူးပြီ။ ဆရာသခင်က မိန်းကလေးနှင့် လူ့လောကသို့ ထည့်ပေးလိုက်စဉ်ကလည်း စိတ်တုန်လှုပ်ခဲ့ဖူးပြီ။

ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇာ



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ထူးဆန်း မြန်မာ့ဆေးစွမ်းကောင်းများ (၉)

မျိုးသန်းထွန်းကို(ရေစကြို)

ပခုက္ကူစီရင်စုအား လွတ်လပ်ရေးရပြီးကာလတွင် ခရိုင်ဟု ပြောင်းလဲခဲ့ပါ၏။ ရေစကြိုမြို့နယ်၊ ဆားလင်းကုန်းတိုက်နယ်၊ သံပြာချောင်းရွာတွင် ဖြစ်ပါ၏။ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများအကြောင်း ရှင်းလင်းပြသပွဲ ကျင်းပရန် သူကြီးများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ရန် ဖိတ်ကြားထားပါ၏။ နေရာကတော့ သမားတော်ကြီး ဦးစံမတူ၏ နေအိမ်တွင် ဖြစ်ပါ၏။ သမားတော်ကြီးဘွဲ့ထူးကိုတော့ နိုင်ငံတော်မှ ပေးထားခြင်းမဟုတ်ပါ။ ရပ်ရွာနေ ပြည်သူများနှင့် လူနာရှင်များက တင်စားခေါ်ဝေါ်ထားသည့် ဂုဏ်ပုဒ်တစ်ခု ဖြစ်ပါ၏။ ဆေးစွမ်းလည်းထက်၊ ကုသိုလ်ဖြစ်ကုသမှုကလည်း များလေတော့ တစ်မုဟုတ်ချင်း နာမည်ကြီးသွားပေရာ နီးစပ်ရာ ကျေးရွာများအပြင် အခြားမြို့နယ်များမှလည်း လာရောက်ကုသကြသဖြင့် သမားတော်ကြီးနေအိမ်တွင် လူနာများ မပြတ်သလောက် စည်ကားနေပါ၏။ ညအိပ်ရက်ရှည် ကုသသူများကို ထမင်းပါကျွေးမွေးပါ၏။ စေတနာကောင်းတော့ ကံကောင်းပါ၏။ ငွေကြေးတတ်နိုင်သူများက အလှူငွေများ ထည့်ဝင်ထားသဖြင့် စံမတူဖောင်ဒေးရှင်းစာအုပ်ဖွင့်လှစ်၍ ပိုလျှံငွေများကို ရေစကြို Bank တွင် ငွေစာရင်းဖွင့်လှစ် အပ်နှံထားပါ၏။

သူကြီးများ၊ ဧည့်ပရိသတ်များလည်း အတော်စုံလင်နေပါပြီ။ သမားတော်ကြီးက စားပွဲထိပ်ဆုံးမှထိုင်၍ အောင်မြင်ကျော်ကြားသော လေသံဖြင့် . . .

"ဒီနေ့ကျင်းပပြုလုပ်ရတဲ့ ပွဲကတော့ မြန်မာ့ရိုးရာတိုင်းရင်းဆေးစမ်းကောင်းများအကြောင်း ရှင်းလင်းပြသပွဲ ဖြစ်ပါတယ်။ ရှေးခေတ် နန်းတွင်းသုံးဆေးကျမ်းများဟာ စစ်အတွင်းက ကွယ်ပျောက်သွားခဲ့ပါတယ်။ ကျွန်တော်လည်း အင်္ဂလိပ်အရေးပိုင်များနဲ့ ရင်းနှီးအောင် ပေါင်းသင်းရင်း သူတို့သိမ်းဆည်းထားတဲ့ နန်းတွင်းဆေးကျမ်းများကို ခဲရာခဲဆစ် ရအောင်ယူခဲ့ပါတယ်။ အချို့သော စာအုပ်များကတော့ သူတို့နိုင်ငံကို ပါသွားခဲ့ကြပါတယ်။ ဒီနေ့ ကျွန်တော်ပြုစုနေတဲ့ ဆေးကျမ်းနဲ့ ကုသနေတဲ့ ဆေးနည်းတွေဟာ ဇာလီတောင်ဆရာတော် သင်ကြားပေးတဲ့ နည်းတွေအပြင် နန်းတွင်းသုံးဆေးကျမ်းစာအုပ်ပါ ဆေးနည်းတွေပဲ ဖြစ်ပါတယ်"

"ယခု ကျွန်တော့်အိမ်မှာ လာရောက်ကုသတဲ့ လူနာရဲ့ ကျန်းမာရေးအခြေအနေကို ပြသရင်း လူကြီးမင်းများရဲ့ ရှေ့မှာ တည်ခင်းထားတဲ့ ရေနွေးကရားအိုးထဲက အရည်ဟာ ရေနွေးကြမ်းမဟုတ်ပါဘူး။ လက်ပံခါးရည် ဖြစ်ပါတယ်။ ခန္ဓာကိုယ်တွင်းက ၉၆ ပါးရောဂါအားလုံး ပျောက်ပါတယ်။ လက်ပံခါးပင်မှာ သံချောင်းစိုက်ထားရင်တောင် သံချောင်းဟာ ကြေမွသွားပါတယ်။ သံကိုနိုင်တဲ့ ဒီဆေးရည်ဟာ ရောဂါပိုးအားလုံးကို သေစေပါတယ်။ စိတ်ချယုံကြည်စွာ သောက်သုံးပါ။ ဒီဆေးရည်နဲ့ ပျောက်ကင်းတဲ့ ဟောဒီလူနာရှင်က ရှင်းလင်းပြောပါလိမ့်မယ်"

ဦးစံမတူဘေးတွင် မည်သည့်အချိန်က ရောက်ရှိနေသည်မသိသော မျက်နှာစိမ်းအမျိုးသားတစ်ဦးမှ . . .

"ကျွန်တော်က ပခုက္ကူမြို့နယ်ကပါ။ သမားတော်ကြီးသတင်းကြားတာနဲ့ လာရောက်ကုသပါတယ်။

ကျွန်တော့်ကို ဆရာဝန်တွေက ခြောက်လသာ နေရမယ်လို့ပြော[...]း ဆေးရုံမှ လက်လျှော့ဆင်းခဲ့ရတဲ့လူ

www.burmeseclassic.com

တစ်ဦးပါ။ ရောဂါကတော့ ဆေးစာထဲမှာ အင်္ဂလိပ်လိုရေး ထားတယ်။ ကမ္ဘာမှာ ဆေးမရှိသေးဘူးလို့ ပြောပါတယ်။

သမားတော်ကြီးထံရောက်တော့ လက်ပံခါးဆေး ရည်ကို ရေသောက်သလို သောက်ခိုင်းတယ်။ အာဟာရ ရှိအောင်လည်း ကြက်စွပ်ပြုတ်၊ ကြက်ဥ၊ ပျားရည်တို့ကို စားသုံးရပါတယ်။ ခုနစ်ရက်ပြည့်တော့ အသားအရေ တွေ စိုပြည်လာပါတယ်။ လူလည်း ပြန်ပြည့်ဝလာပါ တယ်။ ရောဂါပျောက်သလောက်ဖြစ်သွားတယ်။ ဒါနဲ့ ပခုက္ကူဆေးရုံပြန်ပြီးပြတော့ ဆရာဝန်က တော်တော် အံ့သြသွားမယ်။ ခင်ဗျားရောဂါ ပျောက်သွားပြီတဲ့။ သမားတော်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ သမား တော်ကြီးပေးတဲ့ အသက်ပဲရှိပါတော့တယ်"

တက်ရောက်လာသူများလည်း အားရပါးရ သောက်ကြပါ၏။ အရသာကတော့ ခါးသက်သက်ရှိပါ ၏။ ဦးထွန်းလှမှ . . .

"စံမတူရေ . . . နေ့တိုင်းသောက်လို့မရဘူးလား"

"ရပါတယ်။ လက်ပံခါးခေါက်က ခုနစ်ကြိမ် လောက်ထိ ကျိုချက်လို့ရတယ်။ ကျွန်တော့်အိမ်မှာ ခုနစ် ရက် ခုနစ်လီ ကျိုချက်ထားမယ်။ လာရောက်သောက်ကြ ပါ။ ခါးတဲ့အရသာတော့ ရှိမယ်။ ရေထည့်ပြီး ကျိုချက်တဲ့ အခါ အငွေ့ပျံအောင် ထားရပါတယ်။ ဘေးထွက်ဆိုးကျိုး တွေ ထွက်အောင်ပါ။ သုံးခွက်တစ်ခွက် ကျန်တဲ့အချိန်မှာ မီးပေါ်ကချပြီး ဆေးအဖြစ် သုံးလို့ရပါပြီ"

"အခြားဗဟုသုတတွေလည်း ပြောပြပါဦး သမား တော်ကြီးရဲ့"

"ဓာတ်တူနံ့တူ ဆေးဘက်ကူဆိုတဲ့ စကားပုံ အတိုင်း လူနာကို ဓာတ်နဲ့လည်း တစ်ဖက်တစ်လမ်းမှ ကူသရပါတယ်။ တနင်္ဂနွေသား လူနာဆိုရင် ခေါင်းရင်း မှာ ဆီးရွက်၊ ဇွန်ပန်း၊ ညံ့ရွက် ထားပြီးအိပ်။ ခြေရင်းမှာ ရွက်လှ၊ ရဲယို၊ ရှောက်၊ ဝါးညွန့် . . . ဗုဒ္ဓဟူးနံအရွက် ထားပါ။

တနင်္လာသားဆိုရင် ခေါင်းရင်းမှာ ဗုဒ္ဓဟူးနံ ရွှေဖရုံ၊ ရှောက်၊ ရွက်လှ၊ ရဲယိုရွက်။ ခြေရင်းမှာ ကြာသ ပတေးနံ ပေါက်ပန်းဖြူ၊ ပျဉ်းမ၊ ပိန်း၊ ပေါက်သား ထားပါ။

အင်္ဂါသား လူနာဆိုရင် ခေါင်းရင်းမှာ ကြာသပ တေးနံ အရွက်၊ အသား ထားပါ။ ခြေရင်းမှာ သောကြာနံ သျှိသျှားညွန့်၊ သီဟိုဠ်၊ သီးညွန့် ထားပါ။

ဗုဒ္ဓဟူးသား လူနာဆိုရင် ခေါင်းရင်းမှာ သောကြာ နံ အရွက်ထားပါ။ ခြေရင်းမှာ စနေနံ နံနံ၊ ဒေါန၊ နာနတ်၊ ဓနိ၊ ထန်းရွက်များ ထားပါ။ ခြေရင်းဆိုတာ ခြေထောက် ရဲ့အောက်မှာ ထားရမယ်၊ ခေါင်းရင်းဆိုတာ ခေါင်းအုံး အောက်မှာ ထားပါ။

ကြာသပတေးသား လူနာဆိုရင် ခေါင်းရင်းမှာ စနေနံ အရွက်ထားပါ၊ ခြေရင်းမှာ တနင်္ဂနွေနံ အင်၊ အုန်း ညွန့် ထားပါ။

သောကြာသား လူနာဆိုရင် ခေါင်းရင်းမှာ တနင်္ဂနွေနံ အရွက်၊ ခြေရင်းမှာ တနင်္လာနံ ကြံ၊ ကုက္ကိုကဲ့ကော်ရွက် ထားပါ။

စနေသား လူနာဆိုရင် ခေါင်းရင်းမှာ တနင်္လာနံ အရွက်ထားပါ၊ ခြေရင်းမှာ အင်္ဂါနံ ဆီးညွန့်၊ ဇွန်၊ ညံ့ရွက် ထားပါ။

လူနာကို ဓာတ်ရိုက်တဲ့အနေနဲ့ ဓာတ်စာကျွေး နည်း ပြောပြပါမယ်။ ကျွေးရမယ့်အချိန်ကတော့ . . . နေ့လယ် ၁ နာရီခွဲမှ ညနေ ၃ နာရီအတွင်းမှာ ဖြစ်တယ်။

တနင်္ဂနွေသားသမီး လူနာဆိုရင် မြောက်အရပ်မှ သောကြာနံ သီးသီး၊ သစ်တော်သီး၊ သျှစ်သျှားသီး ကျွေးပါ။

တနင်္လာသားသမီး လူနာဆိုရင် အနောက် တောင်အရပ်မှ စနေနံ နာနတ်သီး၊ ထန်းသီး ကျွေးပါ။

အင်္ဂါသားသမီး လူနာဆိုရင် အရှေ့မြောက်အရပ် မှ တနင်္ဂနွေနံ အုန်းသီးကျွေးပါ။

ဗုဒ္ဓဟူးသားသမီး လူနာဆိုရင် အရှေ့အရပ်မှ တနင်္လာနံ ကြံကျွေးပါ။

ကြာသပတေးသားသမီး လူနာဆိုရင် အရှေ့ တောင်အရပ်မှ အင်္ဂါနံ ဆီးသီး ကျွေးပါ။

သောကြာသားသမီး လူနာဆိုရင် တောင်အရပ်မှ ဗုဒ္ဓဟူးနံ ရဲယိုသီး၊ ရှောက်သီး ကျွေးပါ။

စနေသားသမီး လူနာဆိုရင် အနောက်အရပ်မှ



www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးနံ ဝိန်း၃၊ ပေါက်ပေါက် ကျွေးပါ။ လူနာဆို ပေမယ့် ဖျားနာတဲ့သူလည်း အဆိုပါနည်းအတိုင်း ကျွေး ပါ။ ရောဂါပျောက်ကင်းပါလိမ့်မယ်။

နောက်ထပ် တွက်ချက်ပြီးကျွေးရတဲ့ တစ်နည်းက အသက်ကိုတည်၊ ၇ ဖြင့်စားပါ။ စားကြွင်းကိုကြည့်ပြီး ကျွေးရမယ်။

(၁) ကြွင်းရင် တနင်္ဂနွေနံ အုန်း၊ အုန်းရည်၊ အုန်း ထမင်း၊ ကြက်ဥ၊ ဘဲဥ တစ်မျိုးမျိုးကျွေးပါ။

(၂) ကြွင်းရင် တနင်္လာနံ ကြံရည်၊ ချင်းသုပ်၊ ကြက်သား၊ ကျွဲကောသီး၊ ကြောင်လျှာသီး တစ်မျိုးမျိုး ကျွေးပါ။

(၃) ကြွင်းရင် အင်္ဂါနံ ဆိတ်ထမင်း၊ ဆိတ်သား၊ ဆီးသီး၊ ဆိတ်နို့ တစ်မျိုးမျိုးကျွေးပါ။

(၄) ကြွင်းရင် ဗုဒ္ဓဟူးနံ ရဲယိုရွက်၊ ရှောက်သီး တစ်မျိုးမျိုးကျွေးပါ။

(၅) ကြွင်းရင် ကြာသပတေးနံ ဘဲသား၊ ဖားသား၊ ပျဉ်းတော်သိမ်ရွက် တစ်မျိုးမျိုးကျွေးပါ။

(၆) ကြွင်းရင် သောကြာနံ သပျစ်သီး၊ သံပရာသီး၊ သီးသီး တစ်မျိုးမျိုးကျွေးပါ။

သုညကြွင်းရင် စနေနံ ထန်းရည်၊ နွားနို့၊ နာနတ် သီး၊ နံနံပင် တစ်မျိုးမျိုး ကျွေးပါ။

လက်တွေ့စမ်းသပ်ကြည့်ပါ။ အားနည်းတဲ့လူနာ ဆိုရင် ရောဂါပျောက်ကင်းမယ်၊ ဖျားနာတဲ့ လူနာဆိုရင် အဖျားပျောက်သွားပါလိမ့်မယ်"

ဦးထွန်းလှမှ . . .

"စံမတူရ . . . လူတွေမှာ နေ့နံမသင့်တဲ့ အရပ်၊ ရွာတွေမှာနေရင် ရောဂါဘယ ရတတ်တယ်လို့ ကြားဖူး တယ်။ သိရင်လည်း ပြောပြပါဦး"

"ခုနစ်ရက်သားသမီးတွေ မနေသင့်တဲ့ အရပ် ဒေသများကတော့ ရှောင်ကြဉ်ရမယ့် မြို့များမှာ . . .

တနင်္ဂနွေသား (၃၆၊ ၅၄) ဆိပ်သာ၊ လင်းပင်၊

တနင်္လာသား (၄၀၊ ၅၆) ရွှေတောင်၊ ပုသိမ်၊

အင်္ဂါသား (၅၀၊ ၆၀) မြန်အောင်၊ သထုံ၊

ဗုဒ္ဓဟူးသား (၆၂၊ ၀၀) သပြေကန်၊ တောင်ငူ၊

ကြာသပတေးသား (၀၃၊ ၁၂) တောင်ငူ၊ ...

ကြာသပတေးသား (၀၃၊ ၁၂) တောင်စွန်း၊ အကျော်၊

သောကြာသား (၁၄၊ ၂၃) အင်းဝ၊ ကံဆိပ်၊

စနေသား (၂၅၊ ၃၄) ကျုံပျော်၊ ဇလွန်၊

နေသင့်တဲ့ဒေသများကတော့ . . .

တနင်္ဂနွေသား (၅၄) ပင်းယ၊ မန္တလေး၊ ဘိုက လေး၊

တနင်္လာသား (၆၅) ဟိုပုန်း၊ ဟိုပန်၊

အင်္ဂါသား (၀၆) တောင်သာ၊

ဗုဒ္ဓဟူးသား (၁၀) အုတ်တွင်း၊ အင်းတော်၊

ကြာသပတေးသား (၂၁) ချောင်းဦး၊ ခင်ဦး၊

သောကြာသား (၃၂) ဇင်းကျိုက်၊ ဖီးကုန်း၊

စနေသား (၄၃) ဝါခယ်၊ ရွှေညောင်၊ ရပ်စောက်၊

ပိုမိုတိကျတဲ့ နေသင့်တဲ့ မြို့ရွာများကို သိရှိအောင် တွက်ချက်နည်းရှိတယ်။ မြို့နာမည်အက္ခရာတွေရဲ့ ဂြိုဟ် သက်ကိုပေါင်း၊ ၇ နဲ့စားပါ၊ အကြွင်းနံအတိုင်း နေ့သား များ နေသင့်တယ်။

ဥပမာ . . . ရေစကြိုမြို့

| | | |
|---|---|---|
| ရေ | ဗုဒ္ဓဟူးဂြိုဟ်သက် | ၁၇ |
| စ | အင်္ဂါဂြိုဟ်သက် | ၈ |
| ကြို | တနင်္လာဂြိုဟ်သက် | ၁၅ |

စုစုပေါင်း ၄၀ + ၇ = အကြွင်း (၅)

(၅)ကြွင်း၍ ကြာသပတေးသားများ နေသင့်တဲ့ အရပ်ဖြစ်ပါတယ်။

(စာရေးသူ မျိုးသန်းထွန်း ကြာသပတေးသား နေ ထိုင်ပါ၏။ ကျန်းမာရေး ကောင်းမွန်ပြီး နှာစေး၊ ချောင်း ဆိုးတောင် မဖြစ်ပါ။)

| | | |
|---|---|---|
| မန္တလေး | မ | ၁၉ |
| | တ | ၁၀ |
| | လ | ၁၇ |

ပေါင်း ၄၆ + ၇ = အကြွင်း (၄)

မန္တလေးတွင် ဗုဒ္ဓဟူးသားသမီးများ နေသင့်ပါ တယ်။

ကျန်းမာရေးကောင်းလိုပါက နေ့နံအလိုက်



www.burmeseclassic.com

www.burmeseclassic.com

အာယုအရပ်မျက်နှာကို လှည့်၍ နေ့စဉ် ပုတီးစိပ်ခြင်း၊ ထရားထိုင်ခြင်းများ ပြုလုပ်ပေးပါ။

| | |
|---|---|
| တနင်္ဂနွေသား | အရှေ့အရပ် |
| တနင်္လာသား | အရှေ့တောင်အရပ် |
| အင်္ဂါသား | တောင်အရပ် |
| ဗုဒ္ဓဟူးသား | အနောက်တောင်အရပ် |
| ကြာသပတေးသား | အနောက်မြောက်အရပ် |
| သောကြာသား | အရှေ့မြောက်အရပ် |
| စနေသား | အနောက်အရပ် |

လူနာရှင်ဟာ အပူများပြီး နေထိုင်မကောင်းဘူး ဆိုရင် ဘုရားကို သောက်တော်ရေကပ်ပေးပါ။ ယခု ပြောခဲ့တဲ့နည်းတွေကတော့ သိပ္ပံနည်းတော့ မဟုတ်ဘူး။ ဘာသာတရားနည်း၊ ဓာတ်ရိုက်ကုသနည်းတွေ ဖြစ်တယ်။ ရှေးသမားတော်ကြီးတွေက လက်ခံခဲ့တော့ ပျောက်ကင်းခဲ့တယ်ဆိုတာက သေချာပါတယ်။ တစ်ခါတစ်ရံ ကျွန်တော်မမြင်နိုင်တဲ့၊ မသိနိုင်တဲ့ ထူးဆန်းတဲ့ ကုသနည်းတွေပေါ့ဗျာ။ ကျွန်တော်တို့နိုင်ငံမှာ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာတွေဆိုတာ ရှိတယ်။ ဒါတွေက လက်ခံယုံကြည်နေကြတာ လူတိုင်းအသိပါပဲ”

“သမားတော်ကြီး လက်တွေ့စမ်းသပ်ပြီးပြီလား”

“ကျွန်တော့်အနေနဲ့က လူနာတစ်ဦးကိုကုရင် ဝိဇ္ဇာနည်းရော၊ သိပ္ပံနည်းရော နှစ်မျိုးလုံးကုသတော့ အောင်မြင်တယ်လို့ ပြောရမှာပေါ့။ နည်းပေါင်းစုံကုသတော့ ဘယ်နည်းက ပိုစွမ်းတယ်ဆိုတာတော့ မပြောတတ်ဘူး။ တက်ရောက်လာတဲ့ ပုဂ္ဂိုလ်များလည်း အရေးကြုံရင် စမ်းသပ်ကြည့်ပါ။ အောင်မြင်ရင်လည်း ကျွန်တော့်ကို ပြောပြပေးပါ”

“သမားတော်ကြီး . . . အိမ်ထောင်ဘက်မှာ နေ့နံမသင့်တာ ယူကြရင်လည်း ဓာတ်မတည့်လို့ ဖျားနာခြင်းဖြစ်တတ်တယ်ဆိုတာ ဟုတ်ပါသလား”

“မှန်ပါတယ်။ ဓမ္မာ၊ သောကာ၊ အင်းဝ၊ ရာဇာ ဆိုတဲ့ စကားပုံအတိုင်း နေ့နံမသင့်တာ လက်ထပ်မိကြရင် ဓာတ်မတည့်ကြတဲ့အတွက် ရောဂါရကြတယ်။ နောက်ဆုံး အသက်အန္တရာယ်ဆုံးရှုံးတာတွေထိ ဖြစ်တတ်ကြတယ်။ ဒါဟာ မှန်ကန်တဲ့ ဓာတ်သဘောပါပဲ။

စီးပွားရေးအရလည်း ဓာတ်မတည့်သလို၊ ကျန်းမာရေးအရလည်း ဓာတ်မတည့်ကြဘူး။ အထူးရှောင်ကြဉ်သင့်တဲ့ အချက်ပါ။

တစ်ဆက်တည်း ခေါင်းဆေးမင်္ဂလာပြုရမယ့်ရက်၊ လူနာတွေ ရေချိုးရမယ့်နေ့တွေ ပြောပြပေးပါ့မယ်။ ဒါကလည်း ကျန်းမာရေးနဲ့ သက်ဆိုင်နေပါတယ်။

‘ကရင်သားမွေး ခေါင်းမဆေးနှင့်’ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့များ။

‘အိုးစည်တီး ပြီးအောင်လျှော်’ လျှော်ရမယ့်နေ့များက တနင်္ဂနွေ၊ အင်္ဂါ၊ စနေနေ့များ၊

လူနာများ ရေချိုးရမည့်နေ့များ - ‘အောင်စံဖြိုး ရေချိုးရက်’ တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေးနေ့။

လူနာများ ရေမချိုးရနေ့များ - ‘ငါ့သားရွှေတောင် ရေကိုရှောင်’ တနင်္လာ၊ ကြာသပတေး၊ ဗုဒ္ဓဟူး၊ စနေ၊

ဆံပင်ညှပ်ခြင်းရှောင်ရမယ့် ရက်များပါ ပြောပြပါ့မယ်။ ကျန်းမာရေးနဲ့ သက်ဆိုင်ပါတယ်။ မွေးနေ့၊ အညွန့်နေ့၊ ဆပွတ်နေ့ နေ့သုံးနေ့ ရှောင်ရပါမယ်။

| နေ့သား | မွေးနေ့ | အညွန့်နေ့ | ဆပွတ်နေ့ |
|---|---|---|---|
| တနင်္ဂနွေ | နွေ | တနင်္လာ | သောကြာ |
| တနင်္လာ | လာ | အင်္ဂါ | စနေ |
| အင်္ဂါ | ဂါ | ဗုဒ္ဓဟူး | တနင်္ဂနွေ |
| ဗုဒ္ဓဟူး | ဟူး | ကြာတေး | တနင်္လာ |
| ကြာသပတေး | တေး | သောကြာ | အင်္ဂါ |
| သောကြာ | ကြာ | စနေ | ဗုဒ္ဓဟူး |
| စနေ | နေ | တနင်္ဂနွေ | ကြာတေး |

ဗဟုသုတအတွက်ရော၊ ကျန်းမာရေး၊ စီးပွားရေး အတွက်ပါ ဒွန်တွဲနေတဲ့ ရှေးရိုးမြန်မာနည်းပညာ ခေါင်းဆေးမင်္ဂလာပြုရက်များကိုလည်း ပြောပြပေးသွားပါ့မယ်။

တန်ခူးလဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက ဖျားနာပျောက်အံ့။

ကဆုန်လဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက ဘေးအန္တရာယ်လွတ်အံ့။

နယုန်လဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်



www.burmeseclassic.com

www.burmeseclassic.com

ပါက ချမ်းသာအံ့။

ဝါဆိုလဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက ချမ်းသာအံ့။

ဝါခေါင်လဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက နတ်တို့ မစအံ့။

တော်သလင်းလဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက သက်ရှည်ချမ်းသာအံ့။

သီတင်းကျွတ်လဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက ဘေးခပ်သိမ်းပျောက်ကင်းအံ့။

တန်ဆောင်မုန်းလဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက အသက်ရှည်အံ့။

နတ်တော်လဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက အသက်ရှည်၊ ဥစ္စာပွားများအံ့။

ပြာသိုလဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက ဘုန်းတန်ခိုးကြီးအံ့။

တပို့တွဲလဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက ချမ်းသာအံ့။

တပေါင်းလဆန်း ၁ ရက် ခေါင်းဆေး၊ ခေါင်းလျှော်ပါက အသက်ရှည်အံ့။

ရှေးခေတ် သမားတော်ကြီးတွေဆိုရင် လူနာကို ဆေးဝါးကုသတဲ့အပြင် ဗေဒင်လက္ခဏာပါ ကြည့်ရှုတွက်ချက်တယ်။ ယတြာချေခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း အစရှိတဲ့ အင်ဂဝိဇ္ဇာနည်းနဲ့ပါ တွဲဖက်ကုသကြတယ်။ ဒါတွေကလည်း အောင်မြင်ခဲ့ကြတယ်။ လူနာကို ဆေးဝါးအပြင် ကံပါမြှင့်ပေးစေတဲ့သဘောပဲ။ ရောဂါပျောက်ကင်းမှုလည်း မြန်ဆန်တာပေါ့"

"လူတွေမှာ ခုနစ်ရက်သားသမီး နေ့နံအလိုက် ဘုမ္မိကြီးကျရောက်တဲ့နှစ်တွေ ရှိတယ်။ အဲဒီနှစ်တွေမှာ အသက်အန္တရာယ်ဆုံးရှုံးတတ်တယ်။ အဲဒီနှစ်တွေမှာ မွေးနေ့၊ မွေးနာရီမှာ ဓာတ်ကြီးလေးပါးအတွက် ဆွမ်းလေးပွဲစီဖြင့် စုစုပေါင်း ၁၆ ပွဲကို ရေ ၁၆ ခွက်နဲ့ ဘုရားကို ကပ်လှူရတယ်။ ဘုမ္မိကျတဲ့နှစ်တွေကတော့ . . .

တနင်္ဂနွေသားသမီး ၃၀ နှစ်မှ ၄၆ နှစ်အတွင်း၊ တနင်္လာသားသမီး ၄၁ နှစ်မှ ၅၀ နှစ်အတွင်း၊ အင်္ဂါသားသမီး ၃၆ နှစ်မှ ၅၄ နှစ်အတွင်း၊ ဗုဒ္ဓဟူးသားသမီး ၄၇ နှစ်မှ ၅၈ နှစ်အတွင်း၊ ကြာသပတေးသားသမီး ၅၄ နှစ်မှ ၅၈ နှစ်အတွင်း၊ သောကြာသားသမီး ၄၁ နှစ်မှ ၅၀ နှစ်အတွင်း၊ စနေသားသမီး ၄၀ နှစ်မှ ၅၄ နှစ်အတွင်း။

ကျွန်တော်တို့ မြန်မာ့ရိုးရာမှာ ဂဏန်းအပူးနှစ်တွေမှာ အသက်အန္တရာယ်စိုးရိမ်ရတယ်။ ဥပမာ ၃၃ နှစ်၊ ၄၄ နှစ်၊ ၅၅ နှစ်၊ ၆၆ နှစ်၊ ၇၇ နှစ်တို့ ဖြစ်ပါတယ်။ အဲဒီနှစ်တွေမှာ ဗေဒင်တွက်ချက်၍ ယတြာချေခြင်း၊ ဒါန, သီလ,ဘာဝနာများ ပွားများစေခြင်းတို့ များများဆောင်ရွက်ပေးရတယ်။

အစားအသောက်နဲ့ပတ်သက်ပြီး မြန်မာစာဆိုတစ်ခုရှိတယ်။ ဗဟုသုတအဖြစ် မှတ်သားပါဦး။ နွေမှာ အချို၊ မိုးမှာ အခါး၊ ဆောင်းမှာ အချဉ် . . . တဲ့။ သဘောကတော့ နွေရာသီမှာ ချိုသောအစား၊ မိုးရာသီမှာ ခါးသော အစားအစာ၊ ဆောင်းရာသီမှာ ချဉ်သောအစားအစာများကို စားပါ။ ကျန်းမာရေးကောင်းမွန်ပါလိမ့်မယ်"

ဦးထွန်းလှမှ . . .

"စံမတူ . . ဗေဒင်၊ အင်းအိုင်၊ ယတြာ၊ မန္တန်ပညာတွေရော မလေ့လာဘူးလား"

"ကျွန်တော် လေ့လာနေပါတယ်။ နောက်ထပ်အလျဉ်းသင့်တဲ့အခါ၊ အခွင့်အခါသင့်တဲ့အခါ ဆွေးနွေးပြောကြားပေးပါ့မယ်"

ဦးထွန်းလှမှ . . .

"ဗဟုသုတလည်း အတော်စုံလင်ပြီ။ အချိန်လည်းလင့်ပြီဆိုတော့ တို့ပြန်ဦးမယ်ကွာ။ နောက်ရက်တွေမှာ လက်ပံခါးဆေး ခုနစ်ရက်ပြည့်အောင် လာသောက်မယ်ဟေ့"

ပရိသတ်ကြီးလည်း ထပြန်ကြပါ၏။ သူကြီးများလည်း မြင်းကိုယ်စီဖြင့် ဆိုင်ရာသို့ ချီတက်ကြပါကုန်၏။ အံ့ဖွယ်ထူးဆန်း ယတြာ၊ မန္တန်များ အစွမ်းများကို ဆက်လက်ဖော်ပြပေးပါမည်။

မျိုးသန်းထွန်းကို(ရေကြည်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒန္တပူရ ကေရီသခင်မလေး

# ပေါမမာလ

( အ ခ န်း ဆ က် ၀ ၅ ၅ ၈ ည် )

**"သူတော်စင် ဘိုးသက္က"**

တောင်ကြီး၏အောက်ဘက် စမ်းချောင်းကလေး နံဘေးတွင် ကျောင်းသခ်မ်းလေးတစ်ခု ရှိသည်။ ထိုကျောင်း၏ တောင်ဘက်သို့ ကိုက်တစ်ရာလောက် သွားလိုက်မည်ဆိုပါက ဂူကြီးတစ်ခုကို တွေ့နိုင်သည်။ ထိုဂူကြီးနှင့် ကျောင်းသခ်မ်းလေးသို့ တစ်လှည့်စီ သတင်းသုံးနေသူမှာ ရသေ့လည်း မဟုတ်၊ ရဟန်းလည်း မဟုတ် လူသူတော်ကြီး ဘိုးသက္ကဖြစ်သည်။

ဘိုးသက္ကသည် ယမန်နေ့ညက လေပြင်းမုန်တိုင်းများ ကျရောက်ချိန်တွင် ကျောက်ဂူကြီးအတွင်းမှာ တစ်ညလုံး တရားထိုင်နေခဲ့သည်။ နံနက်ပိုင်းသို့ရောက်မှ ခေတ္တအိပ်စက်နေစဉ် အိပ်မက်တစ်ခု မြင်မက်သည်။ ထိုအိပ်မက်တွင် သူ့ထံသို့ ဆင်ဖြူကြီးတစ်စီးရောက်လာသည်ဟု မြင်မက်ခြင်း ဖြစ်ပါသည်။

ဘိုးသက္က အိပ်ရာမှထ၍ မျက်နှာသစ်ပြီးသည်နှင့် ဘုရားရှိခိုး၊ သီလခံယူ၊ ပုတီးစိပ်၊ တရားထိုင်၊ အမျှဝေ၊ မေတ္တာပို့ အားလုံးပြီးမှ မီးမွှေး၊ ဆန်ပြုတ်အိုး မီးဖိုပေါ်တင်ထားခဲ့ပြီး သူ၏ တဲ့ကျောင်းလေးရှိရာသို့ ထွက်လာခဲ့သည်။ သူ၏ ကျောင်းလေးသည် အမိုးမရှိတော့ပေ။ တဲကျောင်းလေးမှာ အမိုးဟာလာဟင်းလင်း ဖြစ်နေတော့သည်။

ဘိုးသက္ကသည် တောင်ခြေအတိုင်း ထွက်လာခဲ့သည်။ ခါတိုင်း တသွင်သွင်စီးဆင်းနေသော ရေချောင်းလေးသည် ယမန်နေ့ညက မိုးသည်းထန်မှုကြောင့် ရေတွေ တဝေါဝေါ စီးဆင်းနေသည်။ ထိုချောင်းရေသည် ဂေါဒဝတီမြစ်အတွင်းသို့ စုစည်းဝင်ရောက်သွားကြပေသည်။ ဘိုးသက္ကသည် တောင်ခြေအတိုင်း ဆက်၍လာခဲ့လေရာ လဲကျသေဆုံးနေသော မြင်းကြီးတစ်ကောင်ကို တွေ့ရသည်။

"ဘုရား . . . ဘုရား . . . မနေ့ညက မိုးထဲရေထဲ ပြေးရင်းလွှားရင်း သေဆုံးသွားရှာတာ ဖြစ်ရမယ်။ သတ္တဝါတစ်ခု ကံတစ်ခုပါလား။ ဘုရား . . . ဘုရား"

ဘိုးသက္ကသည် မြင်းကြီးကိုကြည့်၍ သံဝေဂပွားရင်း တောင်ပေါ်ဆီသို့ လှမ်းမျှော်ကြည့်လိုက်ပြန်သည်။

"နည်းနည်းနောနော အမြင့်မဟုတ်ပါလား။ လူများပါလာခဲ့လို့က တော့ အရိုး၊ အသား တခြားစီ ဖြစ်ကုန်မှာ သေချာပါတယ် ဘုရား ဘုရား"

ထိုသို့ ညည်းညူရင်း အထုပ်လေးတစ်ခုကို မြင်လိုက်ရသဖြင့် ဝါးပင်များ၊ နွယ်ပင်များကို အားပြုဆွဲကိုင်၍ တလှုပ်လှုပ် အပေါ်သို့ တက်လာခဲ့သည်။ အပေါ်သို့ရောက်လျှင် ပိုက်ကွန်သဖွယ် ပင်ချင်းဆက်၍ ယှက်လိမ်နေသော နွယ်ပင်များပေါ်တွင် လူတစ်ယောက်ကို တွေ့ရသည်။

ဘိုးသက္ကသည် အထုပ်ကိုမကြည့်နိုင်တော့ပေ။ ချုံနွယ်ပေါ်မှလူကို အသက်ရှင်လျက် ရှိမရှိ သိလိုလှသဖြင့် ချုံနွယ်များအတွင်းသို့ တိုးဝှေ့ဝင်ရောက်ပြီး အောက်မှနေ၍ နွယ်

● မောင်ယဉ်မွန်(မောဝ်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com

ပင်များကို တစ်ပင်ပြီးတစ်ပင် ဆွဲချသည်။

တစ်နာရီကျော်ကျော် ကြာသော် ချုံနွယ်ပေါ်မှလူသည်လည်း တဖြည်းဖြည်း နိမ့်နိမ့်လာရာမှ မြေပြင်သို့ ကျလာတော့သည်။

ဘိုးသက္ကသည် လူငယ်အား ဒဏ်ရာဒဏ်ချက်များ ရှိမရှိ ကြည့်လိုက်လေရာ ပခုံးနှင့် နောက်ကျောတွင် အစင်းကြီးများတွေ့ရပြီး ဦးခေါင်းနောက်စေ့မှာလည်း လိမ္မော်သီးခန့် ဘုကြီးတစ်ခု တွေ့ရသည်။

သွေးခုန်မှုရှိမရှိ စမ်းကြည့်သည်။ သွေးခုန်လျက် ရှိနေသည်ကို တွေ့ရ၏။ ထို့ကြောင့် မသေသေးသူ မောင်သက်ပြင်းလေးကို ကျောက်ဂူသို့ သယ်ယူရတော့မည်ဟု တွေးကာ ၎င်း၏ အထုပ်ကလေးအား ချိုင်းမှာလွယ်၍ လူငယ်ကို ပခုံးနှင့်ထမ်းကာ ခက်ခက်ခဲခဲ တောင်အောက်သို့ဆင်း၍ ချောင်းကလေးနံဘေး လမ်းအတိုင်း ဂူရှိရာသို့ ပြန်လာခဲ့သည်။

ထိုသူသည် မည်သည့်အရပ်က လာ၍ မည်သည့်အရပ် သွားမည် မသိ၊ မည်သည့်အမျိုးအနွယ်မှ ဆင်းသက်လာ၍ မည်သို့သော အန္တရာယ်နှင့် ရင်ဆိုင်လာရသည် မသိရသော်လည်း အသက်တစ်ချောင်းသည် ကယ်ဆယ်ကောင်းပါသည်။ လူဆိုးဖြစ်ဖြစ်၊ လူကောင်းဖြစ်ဖြစ် ကယ်တင်ရပေတော့မည်ဟု တွေးတောလျက် ဂူတွင်းသို့ထမ်း၍ သွင်းလိုက်ပါတော့သည်။

ဘိုးသက္ကသည် ကုမာရမင်းသားလေးအား ဝါးကွပ်ပျစ်ပေါ်သို့ ချပေးလိုက်ပြီး ရေစိုနေသော အဝတ်များကို ဆွဲခွာ၍ သူ၏အဝတ်များ ဝတ်ဆင်ပေးလိုက်ပါသည်။

ဘိုးသက္က မီးဖိုရှိရာသို့ လှမ်း၍ ကြည့်လိုက်ရာတွင် မီးမရှိတော့ပေ။ ဆန်ပြုတ်အိုးဖုံး ဖွင့်ကြည့်သည်။ ဆန်ပြုတ်မှာ စား၍ရနေပြီမို့ ပန်းကန်တစ်ချပ်နှင့် ထည့်ယူ၍လာကာ ပူနွေးနေသော ဆန်ပြုတ်များကို နည်းနည်းချင်း ကုမာရမင်းသားလေး၏ ပါးစပ်အတွင်းသို့ ဇွန်းလေးဖြင့် ထည့်ပေးသည်။ သို့သော် ကုမာရမင်းသားလေးကတော့ လုံးဝ သတိမရသေးပေ။

ဘိုးသက္ကသည် ဆန်ပြုတ်တိုက်ပြီးသည်နှင့် ဆေးမြစ်ရှာထွက်ခဲ့ရပြန်သည်။ နေ့လယ် သူပြန်ရောက်သည်နှင့် ဆေးအိုးတည်၍ ဆေးတိုက်သည်။ ဆေးတိုက်ပေးရင်း သူဘယ်ကလာပါလိမ့်၊ သူဘယ်သူလဲ စသော အတွေးများ ဝင်လျက်ရှိသည်။ သို့သော် အဖြေက မရနိုင်သေးပေ။ လူနာ အမြန်သတိရမှ သူအဖြေသိရပေမည်။ လူနာကတော့ တုတ်တုတ်မျှ မလှုပ်သေးပေ။

ဘိုးသက္ကသည် ရေစိုနေသော ပုဏ္ဏားအဝတ်အထည်များကို နေပူတွင် ထုတ်၍လှန်းသည်။ ထိုသို့ နေလှန်းနေရင်း အိတ်အတွင်းတစ်နေရာမှ ရွှေပုရပိုက်ပြားလေးတစ်ချပ် အောက်သို့ကျလာသဖြင့် ကောက်ကြည့်လိုက်လျှင် ရွှေပြားအပေါ်တွင် စာကြောင်းကလေးများ ရေးသားထားသော ပုရပိုက်ဖြစ်နေ၍ ဖတ် ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရသည်။

*အဆွေတော် မဟာသေန . .*

*ကျွန်ုပ်၏ တူသမက်တော်နှင့် သမီးတော်တို့ကို သင့်ထံလွှတ်လိုက်သည်။*

*သူတို့နှင့်အတူ မြတ်ဗုဒ္ဓ၏ စွယ်တော်ပါသည်။*

*စွယ်တော်မြတ်ကို အဆွေတော် ကိုးကွယ်၍ တူတော်နှင့် သမီးတော်အား ကောင်းမွန်စွာ စောင့်ရှောက်ပေးပါ။*

*မြတ်ဗုဒ္ဓသာသနာ သင့်တိုင်းပြည်မှာ ရောင်ဝါနေသို့ ထွန်းပေတောက်ပါစေ။*

*ဂုဟသိဝ*
*ကာလိင်္ဂတိုင်း*
*ဒန္တပုရမြို့*

ဘိုးသက္က မျက်လုံးပြူးသွားသည်။

သူ့လူနာသည် သာမန်လူ မဟုတ်၊ ဂုဟသိဝမင်း၏ တူတော်ဖြစ်နေသည်။ ဒါဆို သူနဲ့ပါလာသည့် မင်းသမီးဆိုတာ ဘယ်ရောက်သွားပြီနည်းဟု စဉ်းစားရင်း ကုမာရမင်းသားကို တွေ့ရှိသော နေရာအနီးသို့ သွားရောက်ရှာဖွေသည်။

ဘိုးသက္ကသည် မည်သို့ရှာဖွေသော်လည်း မတွေ့ရသဖြင့် ဂူသို့ပြန်လာခဲ့သည်။ မီးဖိုမီးလင်းရန် ထင်းများထည့်၍ထားပြီး လူနာဆေးတိုက်

www.burmeseclassic.com

သည်။ သမီးတော် မင်းသမီးလေး သေလေပြီလားဟုလည်း တွေးနေမိသည်။ စွယ်တော် . . . စွယ်တော် ဘယ်မှာနည်းဟု သတိဝင်လာကာ အပြင်မှာ လှန်းထားသော မင်းသားလေး၏ ပုဆိုးအဝတ်အထည်များကို သတိရလာသဖြင့် အမြန်ပြေး၍ ယူခဲ့သည်။

ထိုအဝတ်အထည်များကို တစ်ခုပြီးတစ်ခု ရှာဖွေသော်လည်း စွယ်တော်က မတွေ့ရပေ။ ဒါဆိုလျှင် စွယ်တော်သည် မင်းသမီးကလေးနှင့် အတူ ပါသွားရပေမည်။

ဘိုးသက္ကသည် သမီးတော် မင်းသမီးလေးကို နေ့စဉ် လိုက်၍ရှာသော်လည်း မတွေ့ရပေ။ သမီးတော်ကို မတွေ့ရသလို တူတော်မင်းသားလေးမှာလည်း သတိပြန်မရသေးပါ။ မင်းသားလေးသတိပြန်ရလာပါက အကျိုးအကြောင်းတော့ သိရပေတော့မည်။

ကာလိင်္ဂတိုင်းပြည်ကြီးကို ဘိုးသက္က စိတ်ဝင်စားခဲ့သည်မှာ ကြာပါပြီ။ ကာလိင်္ဂတိုင်း ဒန္တပူရနေပြည်တော်ကြီးမှ ဘုရင်မင်းမြတ်ကြီးသည် ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သူ မင်းကောင်းမင်းမြတ်ကြီးတစ်ပါးဟု နာမည်ကြီးလှသဖြင့် ပို၍ ကြည်ညိုလေးစားချင်း ဖြစ်ပါသည်။ ခုတော့ ထိုမင်း၏ တူတော်အား ဘိုးသက္ကတစ်ယောက် အေးဝါးကုသ စောင့်ရှောက်ခွင့် ရနေပေပြီ။

xxx xxx xxx

မိုးသီးမိုးပေါက်များကြောင့် ခိုက်ခိုက်တုန်သော မာလာကို သူ၏ဘယ်လက်ဖြင့် ပွေ့ဖက်ထားရင်း ညာလက်ဖြင့် မြင်းဇက်ကြိုးကို တင်းတင်းဆွဲထားသည်။ သွေးပျက်နေသော မြင်းကြီးက ပရမ်းပတာ စည်းမဲ့ကမ်းမဲ့ ပြေးနေသည်။ ထိုအချိန်တွင် တဂျိမ်းဂျိမ်း အသံများပေးလိုက်၊ လျှပ်စီးကြီး လင်းလိုက်နှင့် တဝင်းဝင်း တလက်လက် အသည်းထိတ်ဖွယ် ဝုန်းဝုန်း ဂျိမ်းဂျိမ်း အသံများ ထွက်ပေါ်လာပြီး ထင်းရှူးပင်ကြီး မီးထတောက်သည်။ မြင်းကြီး လန့်သည်ထက်လန့်၍ ပတတ်ရပ်ကာ ကိုယ်ကို ခါချလိုက်သည်နှင့် "မောင်တော်"ဟုအော်၍ ပေမမာလာ ချောက်ကမ်းပါးအောက် ကျသွားပါတော့သည်။

"မာလာ . . မာလာ . . မာလာ"

"လူလေး သတိရပြီလား။ ရော့ ရော့ . . ရေသောက်လိုက်ပါကွယ်"

ကုမာရ မင်းသားလေး မျက်လုံးဖွင့်၍ ကြည့်လိုက်ရာ ဆံပင်မုတ်ဆိတ် ဖြူဖွေးနေသော အဘိုးအိုတစ်ယောက်ကို တွေ့လိုက်သဖြင့် . . .

"ကျွန်တော် ဘယ်ရောက်နေတာလဲ ဘိုးဘိုး"

"ဂေါဒတောင်ခြေကို ရောက်နေတယ် လူကလေးရဲ့"

ကုမာရ မင်းသားလေးသည် ဟိုဟိုဒီဒီ မျက်လုံးကစား၍ ကြည့်ရင်း

"ဘိုးဘိုး မာလာရောဟင်"

"ဘယ်က မာလာလဲ။ ဒန္တပူရပြည့်ရှင် ဘုရင်ဂုလသီဝမင်းရဲ့ သမီးတော်လေးက မာလာတဲ့လား"

"ဟုတ်ပါတယ် ဘိုးဘိုး။ သူ ခု ဘယ်မှာလဲဟင်"

"ဘိုးဘိုး တစ်နေ့မလပ် လိုက်ရှာပါတယ်ကွယ်။ လုံးဝ မတွေ့ရဘူး။ သူ မသေရင်ဖြင့် တစ်နေ့ ပြန်တွေ့ရမှာပေါ့"

"ဘိုးဘိုးက ကျွန်တော်တို့ အကြောင်းတွေကို သိနေသလား"

"မသိရပါလားကွယ်။ ဒါပေမယ့် တစ်ခုတော့ သိရပါတယ်။ အမောင်ဟာ ကာလိင်္ဂတိုင်း ဒန္တပူရပြည့်ရှင် ဘုရင်ဂုလသီဝမင်းရဲ့ တူတော်ဖြစ်ရမယ် ဆိုတာရယ်၊ အမောင်တို့ဟာ သီဟိုဠ်ဘုရင် မဟာသေနမင်းထံ မြတ်ဗုဒ္ဓရဲ့ စွယ်တော်မြတ်နဲ့အတူ သွားရောက်ကြမယ် ဆိုတာလောက်တော့ သိနေတယ် ဆိုပါတော့ကွယ်"

"အဘိုးရယ် ဒီကိစ္စဟာ သိပ်လျှို့ဝှက်ရမယ့် ကိစ္စပါ။ ဒါကို ဘိုးဘိုး ဘယ်လို သိနေတာလဲ"

ဘိုးသက္ကသည် ရွှေပုရပိုက်ပြားလေးကို ကုမာရမင်းသားလေးလက်သို့ ပေးအပ်လိုက်ပြီး . . .

"ဒီစာအရ သိရတာပါ မင်းသားလေးရယ်။ အထင်တော် မလွဲလိုက်ပါနဲ့"

"အထင်မလွဲပါဘူး ဘိုးဘိုးရယ်။ စိုးရိမ်မှုလွန်ကဲသွားလို့ပါ။ ဒီမှာ ဘိုးဘိုးအပြင် ဘယ်သူတွေရှိသေးသလဲ"

"ဘိုးဘိုးတစ်ယောက်တည်း တရားထိုင်နေတာပါ။ တရားမှတ်လို့ ကောင်းမယ့်နေရာ လိုက်ရှာတော့ ဒီဂူကြီးတွေ့တာနဲ့ တစ်ကိုယ်တော် တရား



www.burmeseclassic.com

www.burmeseclassic.com

ကျင့်မယ်ဆိုပြီး လာနေခဲ့တာ သုံးနှစ်သုံးမိုး ရှိသွားပါပြီကွယ်"

"ဘိုးဘိုး ဒီအနီးနားမှာ ရွာတွေရှိသလား။ ဟေမမာလာ မင်းသမီးလေး ရွာတွေမှာများရောက်နေမလား"

"ဒီအနီးနားမှာ ဘာရွာမှ မရှိဘူးကွယ့်။ ဒီနေရာဟာ နယ်စပ်ဒေသဖြစ်နေတယ်။ အုပ်ချုပ်မှုလည်း မရှိဘူးပြောရမှာ"

"ဘယ်နယ်နဲ့ ဘယ်နယ်စပ်ကြားလဲ ဘိုးဘိုး"

"ကာလိင်္ဂတိုင်းနဲ့ အန္ဓရာတိုင်းနယ်စပ်ပေါ့ကွယ်"

ကုမာရ မင်းသားလေးသည် ကာလိင်္ဂတိုင်းဟု ဆိုလိုက်သဖြင့် ဒန္တပူရနေပြည်တော်ကြီးကို လွမ်းမိပါတော့သည်။ ငယ်ရွယ်စဉ်အခါက ရွှေနန်းတော်ကြီးမှာ မာလာတို့နှင့်အတူ ဆော့ကစားခဲ့ရသည်။ အသက်ကလေးရလာတော့ တက္ကသိုလ်ပြည်မှာ သွားရောက်ပညာသင်ကြားခဲ့ရသည်။ သူ တက္ကသိုလ်ပြည်က ပြန်ရောက်လာသောအခါ ဟေမမာလာမင်းသမီးလေးသည် အပျိုဖော်ဝင်စရှက်တတ်စမို့ ရှက်တတ်၊ ကြောက်တတ် ဖြစ်နေသည်များကို ပြန်လည်မြင်ယောင်မိပါသည်။

ခုတော့ ဟေမမာလာနှင့် သူ့ကို ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင်လက်ထပ်ထိမ်းမြားချ၍ ပေးခဲ့ပါပြီ။ ကံဆိုးချင်တော့ သူတို့ရဲ့ လက်ထပ်မင်္ဂလာပွဲ ခြိမ့်ခြိမ့်သည်း မကျင်းပနိုင်ခဲ့ပါ။ ရွှေနန်းဆောင်တွင် တိတ်တဆိတ် အကျဉ်းချုံးလိုက်ရသည်။ ခုချိန်ခါမှာ မာလာတစ်ယောက် ဘယ်များရောက်နေပြီနည်း။

xxx xxx xxx

"မုဆိုးကြီး ဦးစိတ္တ"

မိုးသည်းထန်စွာရွာ၊ လေပြင်းထန်စွာ တိုက်ခတ်မှုကြောင့် မုဆိုးကြီးဦးစိတ္တ၏ တဲကြီးမှာ ခေါင်မိုးတွေ လန်ကျနေပါသည်။ သားဖြစ်သူ မောင်ဝဏ္ဏတစ်ယောက် တဲခေါင်မိုး ပြန်လည်ပြုပြင်နေချိန်တွင် သမီးဖြစ်သူ မူယာနှင့် သူဇာတို့မှာ မိုးရေစိုသွားသောအဝတ်များနှင့် သားရေချပ်များကို နေထုတ်၍ လှန်းနေကြသည်။

ဦးစိတ္တသည် သီဟိုဠ်လက်ဖက်ခြောက် မွှေးမွှေးလေး ခတ်ထားသောရေနွေးပူပူလေးနှင့် ဆိတ်သားခြောက်မီးဖုတ်စားနေရင်း . . .

"ဝဏ္ဏ . . တဲခေါင်မိုးပြီးရင် တောလည်သွားကြမယ်နော်။ မနေ့က လေမုန်တိုင်းနဲ့ မိုးသီးတွေ ကျထားတာဆိုတော့ ပံ့သကူသား ရတတ်တယ်ကွ"

"ဟုတ်ကဲ့ အဖေရေ။ ဒီမှာ ပြီးလုပါပြီ"

"သမီးလေး မူယာ . . . ထမင်းချက်ပြီးပြီလား"

"အသင့်ဖြစ်နေပါပြီ အဖေရယ်"

"အေးအေး . . . အသင့်ဖြစ်ရင် ထမင်းပြင်ကြတော့ကွယ်။ ဒီနေ့ စောစောလေး တောထဲဝင်ကြမယ်"

မူယာနှင့် သူဇာတို့နှစ်ဦး နေလှန်းစရာများ လှန်းပြီးသည်နှင့် ထမင်းပွဲ ပြင်ကြပါသည်။ ဝဏ္ဏကလည်း တဲခေါင်မိုးပြီးသည်နှင့် ချောင်းအတွင်း ဆင်း၍ ရေချိုးလိုက်တော့သည်။

မိုးသည်းထန်စွာ ရွာသွန်းထား

*"ခက်တယ် သူဇာ။ နင်ဘယ်လောက်နားလည်လို့လဲ။ တို့ဘုရားက သူများအသက် မသတ်နဲ့လို့ ဟောတာ။ လူတွေ အသားမစားရလို့ မဟောဘူး။ ရဟန်းတော်များမှာတော့ အသားကြီးဆယ်မျိုး မစားရလို့ ပါတယ်။ ဘုရားရှင်ကို ဒေဝဒတ်က ရဟန်းတော်များ သက်သတ်လွတ်စားပါစေ။ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်ရင်းမှာ နေပါစေ။ ပံ့သကူသင်္ကန်း ဝတ်ပါစေဆိုပြီး ဆရာကြီးလုပ်ပြီး လျှောက်ထားတော့ ဘုရားရှင် လက်ခံတော်မမူဘူး။"*



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ချောင်းရေသည် ကြည်လင်ခြင်း မရှိလှပေ။ တစ်ညလုံး ရေတွေ တဝေါဝေါ စီးဆင်းရာမှ ခုတော့ ရေကျစ ပြုနေပါပြီ။ ချောင်းဘေးဝဲယာမှာလည်း အမှိုက်သရိုက်များ၊ ထင်းချောင်းများ၊ ဝါးလုံးများ၊ သစ်ကိုင်းများ ဟိုတစ်စု ဒီတစ်စု တင်ကျန်နေသည်။

ဝဏ္ဏနှင့် ဦးစိတ္တတို့ ထမင်းစားနေခိုက် မူယာနှင့် သူဇာတို့လည်း ရေချိုးဆင်းခဲ့ကြသည်။ သူတို့ညီအစ်မနှစ်ဦးသည် ထဘီရင်လျားနှင့် ရေချိုးဆင်းရင်း ထင်းကိုင်းခြောက်များ တွေ့သဖြင့် ထင်းများကို ကမ်းပေါ်သို့ ပစ်တင်နေကြသည်။

သူဇာသည် ထင်းများသယ်ရင်း ချောင်းကမ်းဘေးအတိုင်း အထက်သို့ဆန်တက်ခဲ့သည်။ တဲနှင့် တစ်ခေါ်လောက်ရောက်သွားလျှင် ချောင်းကွေ့ သောင်ခုံပေါ်တွင် လူတစ်ယောက်လဲနေသည်ကို မြင်တွေ့ရသဖြင့် . . .

"မမမူယာ ဒီကိုလာခဲ့ပါဦး"

သူဇာ၏ အသံကိုကြားရသဖြင့် မူယာစိတ်ပူသွားကာ . . .

"သူဇာ ဘာဖြစ်လို့လဲ"

ဟု ပြန်၍ အော်လိုက်သည်။

"မမရေ . . . ဒီမှာ လူတစ်ယောက်လဲနေတယ်။ လုပ်ပါဦး"

မူယာသည် သူဇာရှိရာသို့ ပြေးလာခဲ့သည်။ သူဇာအနီး ရောက်သည်နှင့် . . .

"ဘယ်မှာလဲ သူဇာ"

"ဟိုမှာလေ၊ ညီမလေးကြောက်လို့ မကြည့်ရဲဘူး"

"မမလည်းမကြည့်ရဲဘူး။ ဖေဖေနဲ့ ကိုဝဏ္ဏကို သွားခေါ်လိုက်"

သူဇာသည် တဲသို့ အပြေးပြန်လာပြီး ဦးစိတ္တနှင့် ဝဏ္ဏတို့ကို ခေါ်လာခဲ့သည်။

"ဖေဖေ . . ဒါ နေပြည်တော်က မင်းသားလား မသိဘူးဗျ။ လူပုံကန့်တဲ့ပုံစံ ရှိတယ်"

ဦးစိတ္တသည် အသက်ရှင်လျက်ရှိ မရှိ သွေးစမ်းကြည့်နေရာမှ

"ဝဏ္ဏရေ သူမသေသေးဘူးကွ။ တဲကို သယ်သွားရအောင်"

"ဟုတ်ကဲ့ အဖေ၊ ကျုပ်သယ်သွားပါ့မယ်။ ဟင် . . . ဟိုမှာ အဝတ်ထုပ်လေး မဟုတ်လား"

ဝဏ္ဏသည် ဝါးကိုင်းဖျားတွင် တွဲလောင်းကျနေသော အဝတ်ထုပ်လေးကို လက်ညှိုးထိုးပြလိုက်သည်။

"ကိုကိုဝဏ္ဏ . . သူ့ကို သယ်ယူသွားနှင့်ပါ။ ဟိုအထုပ်ကို သူဇာ ဝါးနဲ့ထိုးချပြီး ယူလာခဲ့မယ်"

ထိုသို့ဖြင့် တဲတွင်းသို့ ရောက်ကြသော် . . .

"သမီးလေးတို့ရေ၊ ဒီသူငယ်မှာ ဒဏ်ရာတွေ သိပ်များနေတယ်။ သူသတိရလာရင် ရေတိုက်ထားနှင့်ကြပေတော့။ ဖေဖေတို့ တောဝင်တော့မယ်"

"ဟုတ်ကဲ့ဖေဖေ၊ စိတ်ချပါ"

ဒီနေ့ ဦးစိတ္တတို့သားအဖ တောဝင်လာခြင်းမှာ သားကောင်ရှာဖို့ထက် ဆေးမြစ်၊ ဆေးဥများ ရှာရန်ဖြစ်၏။ မူယာနှင့် သူဇာမှာ မင်းသားလေးနှင့်တူသော သူတစ်ဦး သူတို့တဲသို့ ရောက်လာသဖြင့် ပျော်ရွှင်နေကြသည်။

ဝဏ္ဏ၏စိတ်ထဲမှာတော့ မင်းသားလေးနှင့်တူသောသူသည် မိန်းကလေးတစ်ဦးများ ဖြစ်နေမည်လားဟု တွေးနေမိသည်။ ဦးစိတ္တကတော့ ဘာမှမထူးခြားသလို အေးတိအေးစက် နိုင်လွန်းလှသည်။ ဆိုးသည်ကောင်းသည် ဘာမှမပြောဆိုပေ။

မူယာနှင့် သူဇာသည် ချောင်းသောင်ပြင်မှ တွေ့လာသူအား ပြုစုရန် တစ်ယောက်နှင့်တစ်ယောက် ငြင်းဆန်နေကြသည်။ ပထမ လူနာ၏ အဝတ်အစားများကို လဲပေးရမည်။ တစ်ညလုံး မိုးရေများ၊ ချောင်းရေများ စိုရွှဲထားသ လူနာမှာ နှုတ်ခမ်းများ ပြာနေသည်။

"သူဇာ . . သူ့ခေါင်းက အစွပ်ကြီးကို ဆွဲချွတ်လိုက်"

သူဇာသည် လူနာ၏ခေါင်းမှ အစွပ်ကြီးကို ဆွဲယူလိုက်သည်နှင့် ရှည်လျားသော ဆံပင်များသည် အထွေးလိုက် လိမ့်ဆင်းလာပြီး ရွှေကြုတ်လေးတစ်ခု ထွက်ကျလာသည်။

"ဟဲ့ . . . သူဇာ၊ ဟိုမှာဘာလေးလဲ . . လိမ့်သွားပြီ"

သူဇာကောက်ယူ၍ ကြည့်ပြီး

"ရွှေကြုတ်ကလေးတစ်ခုပါ မမမူယာ"

"ရွှေကြုတ်ကလေး ဟုတ်လား။ ဒါဆို ဒီလူဟာ တစ်ခုခု လျှို့ဝှက်မှုရှိရမယ်"

www.burmeseclassic.com

ဟု မူယာက ပြောသော်လည်း သူဇာ စိတ်မဝင်စားပါ။ သူမ စိတ်ဝင်စားနေသည်ကတော့ လူနာကိုပင် ဖြစ်ပေသည်။

"မမမူယာ သူ့အင်္ကျီချွတ်လိုက်လေ။ ကိုဝဏ္ဏရဲ့အင်္ကျီနဲ့ လဲပေးရအောင်"

မူယာသည် မရဲတရဲဖြင့် အင်္ကျီတွင် စည်းထားသော ကြိုးများ တစ်ခုပြီးတစ်ခု ဖြုတ်လိုက်သော် . . .

"သူဇာ . . . သူဇာ . . . သူ မိန်းကလေးပါလား"

"ဟုတ်တယ်နော် မမမူယာ။ မိန်းကလေးတစ်ယောက် ဖြစ်မယ်လို့ မထင်မိဘူး။ ကိုင်း . . လုံချည်ပါ လဲလိုက်ရအောင်။ ပြီးတာနဲ့ ဖေဖေပေးခဲ့တဲ့ ဆေးတိုက်လိုက်ကြတာပေါ့"

သူဇာနှင့် မူယာသည် ဟေမမာလာ မင်းသမီးလေးမှန်း မသိကြပါ။ ဒုက္ခရောက်၍ မိမိတို့ထံသို့ ရောက်လာသော ဒုက္ခသည်တစ်ဦးအနေနှင့် လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပေးခြင်းသာ ဖြစ်သည်။

ညနေ ဦးစိတ္တ ပြန်ရောက်သည်နှင့် ဆေးမြစ်၊ ဆေးဥ၊ ဆေးရွက်များ ပါလာသည်။ ဟေမမာလာကို စစ်ဆေး၍ ကြည့်ကြရာ ကျောတွင် ဒဏ်ရာများရှိသလို လက်တစ်ဖက် အရိုးကျိုး၍သွားကြောင်း သိရသည်။ ဒဏ်ရာများ ဆေးလိမ်းပေးပြီး ရစရာမရှိအောင် ပိုင်းပိုင်းကျိုးသွားသောလက်ကိုလည်း ကျပ်စည်းပေးလိုက်သည်။ ကိုဝဏ္ဏတစ်ယောက်ကတော့ လူနာဟာ မိန်းကလေးဟုဆိုတာနှင့် အနားသို့ မကပ်တော့ပေ။

"ဖေဖေ . . . ဒါဟာ လူနာရဲ့ ဆံပင်ထွေးကြိုးထဲက ရတာပါ"

ဦးစိတ္တသည် သူဇာပေးလာသော ကြုတ်ကလေးကိုကြည့်ပြီး . .

"သမီးမူယာ . . ရော့၊ ဒီကြုတ်ကို ဘုရားကျောင်းဆောင်မှာ တင်ထားလိုက်ပါကွယ်။ လူနာ သတိရလို့တောင်းရင် ပြန်ပေးလိုက်နော်"

"ဟုတ်ကဲ့ ဖေဖေ"

ဟုဆိုကာ မူယာသည် ကြုတ်ကလေးအား ဘုရားကျောင်းဆောင်တွင် တင်ထားလိုက်သည်။

"ဖေဖေ၊ သူ ဘယ်သူဖြစ်လဲ မသိဘူးနော်"

"ဟဲ့ . . ညီမလေး၊ ဘယ်သူဆိုတာ ဘယ်လိုလုပ် သိဦးမှာလဲ။ လာ လူနာဆေးတိုက်ရအောင်"

ဆေးတိုက်၍ ရသည်ဟု ဆိုရသော်လည်း လူနာမှာ အင်းအဲမလုပ်။ လုံးဝ သတိမရသေးပေ။

"ဖေဖေ . . သူ ဘယ်နှရက် သတိလစ်နေမှာလဲ"

"ဟဲ့ . . ညီမလေး၊ နင်ဟာလေ တော်တော်လျှာရှည်တယ်။ ဘယ်နှရက်ကြာမှ သတိရမယ်ဆိုတာ ပြောနိုင်ရင် တို့ဖေဖေ မုဆိုးလုပ်မနေဘူး။ ဆေးဆရာလုပ်စားမှာပေါ့"

"မကြာခင်တော့ သတိပြန်ရမယ်လို့ ထင်တာပါပဲကွယ်။ လူနာက တောင်ပေါ်က ပြုတ်ကျလာတာ ဖြစ်ရမယ်။ ဒါကြောင့် လက်ကျိုးသွားတာပေါ့"

"ဖေဖေ . . . ဟိုကြုတ်က ဘာကြုတ် ဖြစ်နိုင်လဲဟင်"

"ကြုတ်က ကြီးနေတဲ့အတွက် လည်ဆွဲကြုတ်တော့ မဖြစ်နိုင်ဘူး။ ဖေဖေထင်တာကတော့ ကြုတ်ထဲမှာ လျှို့ဝှက်ပစ္စည်း တစ်ခုခုပါရမယ်"

သူဇာသည် ဘုရားကျောင်းဆောင်မှ ပန်းများ ညှိုးနွမ်းနေသဖြင့် ပန်းသစ်များလဲနေသည်။ မူယာက ထမင်းချက်ရင်း ဟင်းရွက်များ သင်နေသည်။ ဝဏ္ဏကတော့ ထင်းများကို အနေတော်ဖြစ်ရန် အပိုင်းများ ပြုလုပ်နေချိန် ဦးစိတ္တမှာ ဘုရားကျောင်းဆောင်အနီးမှာ ဆေးမြစ်များကို ကျောက်ပျဉ်တစ်ခုနှင့် သွေးနေသည်။ ထိုအချိန်တွင် အခန်းတွင်းမှ . . .

"မောင်တော် ကုမာရ၊ ရှေ့မှာ ချောက်ကမ်းပါးကြီး။ မာလာကြောက်တယ်။ မြင်းကိုရပ်ပါတော့ မောင်တော် . . . မောင်တော် . . အား"

"သူဇာ . . ဟဲ့ . . . သူဇာ၊ လူနာသတိရနေပြီ။ သွား . . . ဒီဆေးတိုက်လိုက်"

သူဇာသည် ဖခင်လက်တွင်းမှ ဆေးခွက်ကိုယူ၍ အခန်းတွင်းသို့ ဝင်ကြည့်ရာ ဟေမမာလာ မင်းသမီးလေးသည် နှစ်ခြိုက်စွာ အိပ်မောကျနေသည်ကို တွေ့ရသဖြင့် . . .

"ဖေဖေ လူနာကဖြင့် အိပ်ပျော်လို့တောင်နေပြီ"

"ဒါဆို အခြေအနေ ကောင်းတာပေါ့။ စောစောက သူ သတိမေ့နေတယ်။ ခု သူသတိပြန်လည်လာပြီး

www.burmeseclassic.com

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာဆိုတော့ သူ လုံးဝ သတိပြန်ရပြီကွဲ့"

"စောစောက သူဇာကြားလိုက်ပါတယ်။ မာလာကြောက်တယ်တဲ့။ မာလာဆိုတာ သူ့နာမည် ဖြစ်ရမယ်"

"အေး . . . ဟုတ်တယ်။ ဖေဖေလည်း ကြားလိုက်တယ်"

ထိုအချိန်တွင် ဝဏ္ဏာနှင့် မူယာတို့လည်း ပြေးလာကြပြီး . .

"စောစောက မာလာ မာလာနဲ့ ကြားလိုက်သလိုရှိပါတယ်"

"ဟုတ်တယ် ဝဏ္ဏာ။ ဒီကလေးမရဲ့ နာမည်ဟာ မာလာဖြစ်ရမယ်။ စောစောက သူယောင်ယမ်းပြီး အော်နေတယ်။ မကြာခင် သတိရတော့မှာပါ"

ဟု ပြောလိုက်လို့ပင် မဆုံးသေး။ အခန်းတွင်းမှ ဟေမမာလာ မင်းသမီးလေးက . . .

"ရေ . . . ရေပေးပါ"

"သူဇာ ရေပေးလိုက်ပါကွယ်။ ပြီးရင် ဆေးလဲတိုက်။ မူယာ ညီမလေးကို ကူညီလိုက်ပါကွယ်"

အခန်းတွင်းသို့ မူယာနှင့် သူဇာတို့ ရောက်ရှိသွားသည်နှင့် ဟေမမာလာ မင်းသမီးလေးသည် မျက်စိသူငယ်ဖြင့် စိုးရိမ်တကြီး အမူအရာနှင့် ကြည့်နေသည်။

"မမ ရေသောက်လိုက်ပါဦး"

ဟေမမာလာသည် ရေသောက်ရန် လက်ကို မြှောက်လိုက်ရာတွင် နာကျင်လှသဖြင့် . . .

"အား . . . ကျွတ်ကျွတ်"

"မမရယ် . . . မမရဲ့ ညာဘက်လက် လက်ဖျံရိုးကျိုးသွားလို့ ဖေဖေ ကျပ်စည်းပေးထားပါတယ်။ မစိုးရိမ်ပါနဲ့။ မကြာခင် ပြန်ကောင်းသွားမှာပါ"

မူယာသည် ဟေမမာလာအား နောက်ကျောမှနေ၍ ထိန်းပေးလိုက်သည်နှင့် ကျောမှာရှိသော ဒဏ်ရာကို ထိမိပြန်သောကြောင့် . . .

"အား . . နာတယ် နာတယ်"

"မမမူယာ . . . လူနာမမရဲ့ ကျောမှာ ဒဏ်ရာကြီးနဲ့လေ။ ဒဏ်ရာမထိအောင် ထိန်းပေးမှပေါ့"

"မမမူယာ ဒဏ်ရာကို သတိမထားမိလို့ပါကွယ်"

ထိုသို့ ပြောဆိုနေကြစဉ် ဦးစိတ္တဝင်ရောက်လာပြီး

"နင်တို့ ညီအစ်မနှစ်ယောက် လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းပါလား။ သူဇာ . . . လူနာကို ရေတိုက်တဲ့အခါ ခေါင်းထူပေးနေစရာမလိုဘူး။ ဇွန်းလေးနဲ့ အသာလေး တိုက်ရတယ်"

ဟု ပြောပြီး မာလာအနီးဝင်၍ ထိုင်လျက် . . .

"သမီးလေး . . . သမီးလေး သက်သာပါတယ်နော်"

"ဟုတ်ကဲ့ ဘဘ။ သက်သာပါတယ်။ ဒါနဲ့ သမီးခု ဘယ်ရောက်နေတာလဲ"

"ဂေါဒဝရီမြစ်လက်တက် ချောင်းငယ်လေးဘေးက မုဆိုးတဲလေးမှာ ရောက်နေပါတယ်။ သမီးလေး ဘာမှ မစိုးရိမ်နဲ့နော်။ ဘဘတို့က လူကောင်းတွေပါ"

ဟေမမာလာသည် ဘယ်လက်ဖြင့် သူ၏ဦးခေါင်းကို စမ်းကြည့်နေသဖြင့် . . .

"သူဇာ ဘုရားကျောင်းဆောင်ပေါ်က ကြုတ်ကလေးယူပြီး ပေးလိုက်ပါကွယ်"

သူဇာ ကြုတ်ကလေးယူလာပြီး ဟေမမာလာလက်သို့ ထည့်၍ပေးလိုက်လျှင် ဟေမမာလာ မင်းသမီးလေးက . . .

"ဘုရားကျောင်းဆောင်မှာ ထားတာလား။ ဒါဆို ဘဘတို့က ဗုဒ္ဓဘာသာတွေပေါ့"

"ဟုတ်ပါတယ်။ ဗုဒ္ဓရှင်တော်ဘုရားကို သက်ဝင်ယုံကြည်သူတွေပါ"

"ဒါဆို . . . ဒီကြုတ်ကို ဘုရားကျောင်းဆောင်မှာ ပြန်ထားလိုက်ပါ"

"သမီးလေး ဒီရွှေကြုတ်ကလေးထဲမှာ ဘာတွေပါလို့လဲဟင်"

ဟေမမာလာသည် ဦးစိတ္တအား အတန်ကြာ စိုက်ကြည့်နေပြီးမှ . . .

"မြတ်ဗုဒ္ဓရဲ့ စွယ်တော်မြတ်တစ်ဆူ ရွှေကြုတ်ထဲမှာ ရှိပါတယ်"

"မြတ်ဗုဒ္ဓရဲ့ စွယ်တော်"

ဟု သားအဖ ပြိုင်တူ အသံထွက်သွားသည်။ ထိုအသံကြောင့် ဝဏ္ဏာဝင်ရောက်လာပြီး . . .

"ဖေဖေ မြတ်ဗုဒ္ဓရဲ့ စွယ်တော်လို့ ကြားလိုက်သလိုပဲ"

"ဟုတ်တယ် ဝဏ္ဏာ။ ဒီရွှေကြုတ်ထဲမှာ မြတ်ဗုဒ္ဓရဲ့ စွယ်တော်တစ်ဆူ ကိန်းဝပ်တော်မူနေတယ်။ ရော့ . . . ရော့၊ မင်းကိုယ်တိုင် ဘုရားကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆောင်မှာ တင်ထားလိုက်ပါကွယ်"

ဝဏ္ဏသည် မြတ်ဗုဒ္ဓရဲ့စွယ်တော် ထည့်ထားသော ရွှေကြုတ်အား လက်နှစ်ဖက်ဖြင့် ခံယူ၍ ဘုရားကျောင်းဆောင်ပေါ်သို့ ရိုသေစွာ သွားရောက်တင်ထားလိုက်သည်။

"သမီးလေး . . . သမီးလေး ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာရတာလဲ၊ ဘယ်လိုဒုက္ခတွေနဲ့ ကြုံတွေ့ခဲ့ရတာလဲ၊ ဘယ်တိုင်းဘယ်ပြည်ကလဲဆိုတာ ပြောပြပါလားကွယ်"

"ဟုတ်ကဲ့ . . ဘဘ။ သမီးဟာ ကာလိင်္ဂတိုင်း၊ ဒန္တပူရပြည့်ရှင် ဂုလသီဝ ဘုရင်မင်းမြတ်ကြီးရဲ့ သမီးတော် ဟေမမာလာ မင်းသမီးပါ"

"ဟင် . . ."

"ဘုရင့်သမီးတော်လေး ဟေမမာလာ"

သားအဖတစ်စု အံ့သြသွားကြသည်။ ဘုရင့်သမီးတော်တစ်ပါး ဆိုသည်နှင့် ဘယ်လိုခေါ်၍ ဘယ်လိုထူးကြရမည်မသိ။ ပြောမှားဆိုမှား ရှိမည်ကိုလည်း စိုးရိမ်နေကြသည်။

ထိုသို့ဖြစ်နေကြသည်ကို ရိပ်မိနေသော ဟေမမာလာ မင်းသမီးလေးက . . .

"ဘုရင့်သမီးတော် ဆိုတာနဲ့ အသွင်ပြောင်းမသွားကြပါနဲ့။ အရပ်သူတစ်ဦးကို ဆက်ဆံသလို ပုံမှန်ပြောဆို ဆက်ဆံကြပါ။ ဘဘတို့ မိသားစုဟာ သမီးရဲ့ ကျေးဇူးရှင်တွေပါ။ နောက်ပြီး ဘဘတို့ မိသားစုဟာ ဗုဒ္ဓဘာသာဝင်တွေမို့ မခြွင်းမချန် ပြောပြပါ့မယ်။ သမီးရဲ့ ဖခမည်းတော်ဟာ ခီရစာရရဲ့ ရက်စက်ယုတ်မာမှုကြောင့် တိုက်ပွဲမှာ ကျဆုံးသွားပါပြီ။ သမီးတို့ရဲ့ အဖြစ်က ဒီလိုပါ ဘဘရယ်"

xxx xxx xxx

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး ၁၂ ရက်ကြာသော် အလောင်းတော်ကို တေဇောဓာတ် လောင်ကျွမ်းတော်မူရာမှ မြတ်ဘုရားရှင်၏ လက်ဝဲအောက် စွယ်တော်ကို မဟာကဲထူးရှင် ခေမာအမည်ရှိသော ရဟန္တာမထေရ်သည် ကာလိင်္ဂတိုင်း၊ ဒန္တပူရမြို့ကို ပင့်ဆောင်လာခဲ့ပါသည်။ ထိုအချိန်မှစ၍ ကာလိင်္ဂမင်း အဆက်ဆက်တို့ကလည်း မြတ်ဘုရားရှင်ရဲ့ စွယ်တော်မြတ်ကို အမြတ်တနိုး ကိုးကွယ်လာခဲ့ကြသည်။ နှစ်ပေါင်း ၈၀၀ ကျော်လာသောအခါမှ ဒန္တပူရနေပြည်တော်ကြီးကို ကာလိင်္ဂမင်းဆက် ဂုလသီဝမင်းကြီး စိုးစံတော်မူစဉ် ပါဋလိပုတ် နေပြည်တော်ကြီးတွင် သီဝဗိသနိုး ကိုးကွယ်သော ပဏ္ဍုမင်း စိုးမိုးအုပ်ချုပ်တော်မူသည်။

သီဝဂိုဏ်းသား ပုဏ္ဏားတို့သည် ပဏ္ဍုဘုရင်ထံသွားရောက်၍ ကာလိင်္ဂဘုရင်မင်းမြတ်ရဲ့ မှားတဲ့အယူကို ပြုပြင်ပေးရန် တောင်းခံကြသည်။ ထိုအခါ ပဏ္ဍုဘုရင်ကလည်း ဂုလသီဝမင်းထံ တမန်စေ၍ စွယ်တော်နှင့် အတူ ပါဋလိပုတ်မင်း နေပြည်တော်ကို လာခဲ့ရန် စေခိုင်းသည်။ ထို့ကြောင့် ကာလိင်္ဂတိုင်း၊ ဒန္တပူရဘုရင် ဂုလသီဝ

ပဏ္ဍုဘုရင်သည်
ဂုလသီဝမင်းတရားထံမှ
စွယ်တော်မြတ်ကိုယူ၍
အလျှံဖြာလျက်
ရဲရဲနီနေသော မီးပုံအတွင်း
ပစ်ချလိုက်ရာတွင်
မီးပုံအတွင်းမှ
ပဒုမ္မာကြာပန်းကြီး
ပေါ်လာ၍
ကြာပန်းကြီးထက်တွင်
မြတ်စွယ်တော်သည်
ခြောက်သွယ်ရောင်
ခြည်ကွန့်မြူးလျက်
ငွားငွားစွင့်စွင့်
ပေါ်လာတော့၏။
ပဏ္ဍုမင်းသည်
မြတ်စွယ်တော်ကို
သံပေထက်တင်၍
တူဖြင့်ထုသည်။
စွယ်တော်မြတ်သည်
သံပေတွင်းသို့
မြုပ်ဝင်သွားသော်လည်း
ကွဲအက်ခြင်းမရှိ
တည်နေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com

မင်းသည် စွယ်တော်မြတ်၏ တန်ခိုးတော်အနန္တကို ယုံကြည်ထားသဖြင့် ပါဋလိပုတ်ပြည် ပဏ္ဍုမင်းထံ ရဲဝံ့စွာ ဝင်ရောက်လာခဲ့ပါသည်။ ဂုလသိဝမင်း ရောက်ရှိလာလျှင် ပါဋလိပုတ်ပြည့်ရှင် ပဏ္ဍုဘုရင်သည် ဂုလသိဝမင်းတရားထံမှ စွယ်တော်မြတ်ကိုယူ၍ အလျှံဖြာလျက် ရဲရဲနီနေသော မီးပုံအတွင်း ပစ်ချလိုက်ရာတွင် မီးပုံအတွင်းမှ ပဒုမ္မာကြာပန်းကြီး ပေါ်လာ၍ ကြာပန်းကြီးထက်တွင် မြတ်စွယ်တော်သည် ခြောက်သွယ်ရောင်ခြည်ကွန့်မြူးလျက် ငွားငွားစွင့်စွင့် ပေါ်လာတော့၏။ ပဏ္ဍုမင်းသည် မြတ်စွယ်တော်ကို သံပေထက်တင်၍ တူဖြင့်ထုသည်။ စွယ်တော်မြတ်သည် သံပေတွင်းသို့ မြုပ်ဝင်သွားသော်လည်း ကွဲအက်ခြင်းမရှိ၊ တည်နေတော်မူ၏။ ထိုအခါတွင် ပေတွင်စိုက်ဝင်နေသော စွယ်တော်မြတ်ကို ထုတ်ယူကြသော်လည်း လုံးဝမရကြပေ။

စွယ်တော်မြတ် ထုတ်ပေးနိုင်သူအား ဆုတော်ငွေ တစ်ထောင်ပေးမည်ဟု တိုင်းပြည်တွင်း စည်လည်၍ ကြေညာစေခဲ့သည်။ ထိုအခါ ပါဋလိပုတ်မြို့တွင်းမှ သူဌေးသားဖြစ်သူ သုဘဒ္ဒသည် စွယ်တော်မြတ်ကို ထုတ်ပေးမည်ဟုဝန်ခံကာ နံ့သာရေခွက်ကို ဦးခေါင်းမှာတင်၍ ဗုဒ္ဓဂုဏ်တော် ရွတ်ဆိုလျက် သစ္စာမိဋ္ဌာန် ပြုလိုက်သည်နှင့် မြတ်စွယ်တော်သည် သူဌေးသားသုဘဒ္ဒ၏ နံ့သာရွှေခွက်အတွင်းသို့ ရွှေ့ပြောင်းစံလေ၏။

ထိုသို့ အံ့ဖွယ်သရဲ မြင်တွေ့ရသောကြောင့် ပဏ္ဍုဘုရင်သည် ကြည်ညိုစိတ်များ တဖွားဖွားပေါ်လာသည်။ သို့ရာတွင် ဗြဟ္မဏ ပုဏ္ဏားဆရာကြီးများက စွယ်တော်တွင် တန်ခိုးမရှိ၊ သုဘဒ္ဒသူဌေးသား ရွတ်ဆိုသော ဂါထာ၏တန်ခိုးဟုဆိုကြပြီး မယုံကြည်ပါက လမ်းလေးခွတွင် တွင်းနက်ကြီးတူး၍ မြှုပ်ကြည့်ပါဟု ဆိုလာသဖြင့် ပဏ္ဍုဘုရင်လည်း ပုဏ္ဏားများ ပြောသည့်အတိုင်း ပြုလုပ်လေ၏။

မြတ်စွယ်တော်၏ တန်ခိုးတော်ကြောင့် တွင်းနက်ကြီးအတွင်းမှ ပဒုမ္မာကြာပန်းကြီးနှင့်အတူ မြတ်စွယ်တော်သည် ခြောက်ပါးရောင်ခြည်တော်နှင့်အတူ ပေါ်လာပြန်သည်။

ပုဏ္ဏားများသည် နောက်ဆုံးအနေနှင့် ကျုံးရေထဲသို့ ပစ်ချခိုင်းပြန်သည်။ ကျုံးရေအတွင်းမှ ကြာပန်းများ ပွင့်လန်းဝေဆာကာ ကြိုးကြာ၊ ဟသ်ာငှက်များ မြူးပျော်လျက် လှပသာယာလာပြီး ကျုံးရေပြင်အလယ်မှာ ပဒုမ္မာကြာပန်းကြီးနှင့်အတူ မြတ်စွယ်တော် စံမြန်းနေသည်ကို တွေ့ရလျှင် ပဏ္ဍုမင်းမြတ်သည် ရွှေလှေနှင့် ကျုံးရေအလယ်သို့သွားရောက်ကာ စွယ်တော်မြတ်ကို ပင့်ဆောင်လာပြီး ဂုလသိဝမင်းထံ ပြန်လည်အပ်နှံ၍ ပဏ္ဍုမင်းကြီးကိုယ်တိုင် ဗုဒ္ဓသာသနာတော်သို့ သက်ဝင်ယုံကြည်သူ ဖြစ်လာတော့သည်။

ပုဏ္ဏားများသည် ပါဋလိပုတ်ဘုရင် ပဏ္ဍုမင်းအား စည်းရုံးမရနိုင်တော့သဖြင့် ခိရစာရမင်း၏ နိုင်ငံတော်သို့သွား၍ စည်းရုံးစကားများ ပြောဆိုကြပြန်သည်။

ခိရစာရမင်းသည် ပုဏ္ဏားတို့၏ စကားကို ယုံကြည်သဖြင့် ကာလိင်္ဂတိုင်း၊ ဒန္တပူရမြို့သို့ ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ဂုလသိဝမင်းသည် မိမိတိုင်းပြည် ပျက်စီးဆုံးရှုံးရမည့်အရေးထက် မြတ်ဗုဒ္ဓ၏ စွယ်တော်မြတ် မသမာသူမိစ္ဆာဒိဋ္ဌိများလက်သို့ ရောက်သွားမည်စိုးသဖြင့် သမီးတော် ဟေမမာလာနှင့် တူတော် ဒန္တကုမာရမင်းသားလေးလက်ဆက်စေ၍ သူမသေလျှင် ဒန္တပူရသို့ ပြန်ခဲ့၊ သူသေပြီဟု ကြားသည်နှင့် စွယ်တော်မြတ်ကို သီဟိုဠ်ကျွန်းအနုရာဓမြို့ မဟာသေနမင်းထံ အပ်နှံလိုက်ကြဟုမှာ၍ ဟေမမာလာ သမီးတော်လေးနှင့် ဒန္တကုမာရတို့ကို နေပြည်တော်မှ ထွက်စေခဲ့သည်။

ဂုလသိဝမင်း ခိရစာရလက်ချက်ဖြင့် ကံတော်ကုန်ပြီဟု ကြားသည်နှင့် ဟေမမာလာ မင်းသမီးလေးနှင့် ဒန္တကုမာရ မင်းသားလေးတို့ဟာ ကာလိင်္ဂတိုင်းကြီးက ထွက်ခဲ့တော့၏။

ဟေမမာလာ မင်းသမီးလေးက သူ့ဘဝဇာတ်ကြောင်း ပြောပြပြီးသွားသည်နှင့် . . .

"ဒါဆို မမရဲ့မောင်တော် ကုမာရမင်းသားလေးကို တွေ့အောင်ရှာရတော့မှာပေါ့နော်"

ဟု မူယာကပြောလိုက်တော့ သူဇာကဝင်၍ . . .

"မမမူယာ . . . သခင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com

မမလို့ မခေါ်ပါနဲ့။ ဒီနေ့ကစပြီး မမ မာလာကို သခင်မလေးလို့ ခေါ်ပါ။ မူယာ ဇာတ်တော်ကြီးတွေ သင်ဖူးပါတယ်။ အဲဒီဇာတ်တော်ကြီးတွေထဲက ဘုရင့်သမီးတော်တွေကို ရံရွေတော်တွေက သခင်မဖုရားလို့ ခေါ်ရထူးရတယ်လေ"

ဟုတ်ပါ၏။ သာသနာတော် ၂၅၀ ကျော် ကာလမှစ၍ သူဇာတို့နယ်သည် ဘုရင်သီရိဓမ္မာသောကမင်းကြီး ကျေးဇူးတော်ကြောင့် သာသနာတော်ကြီးလည်း နေရောင်လရောင်ကဲ့သို့ ထွန်းခဲ့ပါ၏။ ထိုစဉ်ကစ၍ ရွာတိုင်းတွင် ဘုန်းတော်ကြီး စာသင်ကျောင်းများ ပေါ်ပေါက်ခဲ့သည်။ သူဇာ၊ မူယာတို့လည်း ကိုဝဏ္ဏနှင့်အတူ စာသင်ခဲ့ရသည်။

"ကောင်းပါပြီ . . . အပျိုတော်မ သူဇာရယ်။ ဒီက အပျိုတော်မ မူယာ အမူမဲ့ အမှတ်မဲ့ ယောင်ယမ်းခေါ်မိ၊ ပြောမိတာ ဗွေယူတော်မူပါနဲ့။ ရွှေစိတ်တော်လည်း ကောက်တော်မူပါနဲ့ ဘုရား"

ဟု ပြောလိုက်သဖြင့် အားလုံးပွဲကျသွားတော့သည်။

"သူဇာရယ် . . . မင့်မမ ခေါ်တတ်သလို ခေါ်ပါစေကွယ်"

ဟု မာလာက ပြောသည်။

"မှန်လှပါ သခင်မလေးဘုရား။ အစကောင်းမှ အနှောင်းသေချာဆိုတဲ့ စကားရှိတယ်မို့လား ဘုရား။ အဲဒီ အပျိုတော် မိမူယာကို အစကောင်းကောင်းနဲ့ အနှောင်းသေချာအောင် ဆုံးမရကြောင်းပါ ဘုရား"

ဇာတ်တော်ကြီးများ သင်ကြားစဉ်ကပင် နန်းတွင်းအပျိုတော် ဖြစ်ချင်နေသော သူဇာအား ပြောမရသည့်အဆုံး အားလုံး အရှုံးပေးလိုက်ရပါတော့သည်။ သူဇာသည် သူမ၏ ဖခင်ဘက်သို့လှည့်၍ . . .

"ဖဘုရား . . ဖဘုရားကလည်း မင်းမှုထမ်းတော်တစ်ဦး ဖြစ်သွားပြီမို့ သခင်မလေးအတွက် တစ်ပင်တိုင် မြနန်းဆောင် ဆောက်လုပ်ပေးတော်မူပါ။ ထိုသို့ဆောက်လုပ်ရာမှာ သစ်ဝါးကိစ္စ မောင်ကြီးဘုရား ကိုဝဏ္ဏ အစေ့တာဝန်ယူပါစေ"

"ဟဲ့ . . . သူဇာ။ နင်က အပျိုတော်လား၊ ဘုရင့်သမီးတော်လား။ အမိန့်ပေးတယ်ဆိုတာ ဘုရင့်သမီးတော်က ပေးရမှာဟဲ့"

"သခင်မလေး နာမကျန်းဖြစ်နေလို့ သခင်မလေးကိုယ်စားတော် မိသူဇာက အမိန့်ပေးရခြင်းမျှသာ ဖြစ်သည်။ အမိန့်တော်မနာခံပါက အာဏာဖီဆန်မှုနဲ့ အရေးယူမည်"

"တော်ပါတော့ သူဇာရယ်။ နင့်လုပ်ပုံကြည့်ပြီး သခင်မလေးတောင် ခေါင်းကိုက်နေလောက်ပြီ"

"ကိုင်း . . . မူယာ၊ ညနေ သခင်မလေး ပွဲတော်တည်ရအောင် တောကြက်သားဆန်ပြုတ် လုပ်ထားလိုက်"

"မလိုဘူး ဘဘ။ သမီး ဥပုသ်ရက်ရှည်စောင့်ပြီး သက်သတ်လွတ်စားနေလို့ ဆန်ပြုတ်ရိုးရိုး လုပ်ပေးပါ"

ထိုအခါ စကားနည်းလှသော ဝဏ္ဏကဝင်၍ . . .

"ဟာ . . ဘယ်သက်သတ်လွတ်စားလို့ ဖြစ်မှာလဲဗျာ။ သခင်မလေး အားနည်းနေတယ်။ သတိလစ်နေတာဆို ငါးရက်တောင်ရှိပြီ။ အားရှိသွားအောင် ကြက်သားဆန်ပြုတ် လုပ်ပေးရမှာပေါ့"

ထိုအခါ သူဇာကဝင်၍ . . .

"အစ်ကိုတော် ဘုရားရယ်။ သခင်မက သက်သတ်လွတ် အဓိဋ္ဌာန်ဝင်နေလို့ပါဆိုမှ"

"ခက်တယ် သူဇာ။ နင် ဘယ်လောက်နားလည်လို့လဲ။ တို့ဘုရားက သူများအသက် မသတ်နဲ့လို့ ဟောတာ။ လူတွေ အသားမစားရလို့ မဟောဘူး။ ရဟန်းတော်များမှာတော့ အသားကြီးဆယ်မျိုး မစားရလို့ ပါတယ်။ ဘုရားရှင်ကို ဒေဝဒတ်က ရဟန်းတော်များ သက်သတ်လွတ်စားပါစေ။ သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်ရင်းမှာ နေပါစေ။ ပံ့သကူသင်္ကန်းဝတ်ပါစေဆိုပြီး ဆရာကြီးလုပ်ပြီး လျှောက်ထားတော့ ဘုရားရှင် လက်ခံတော် မမူဘူး။ ဒါကြောင့် ငါ့အထင်ပြောရရင် သက်သတ်လွတ် ဝါဒဆိုတာ ဘုရားဝါဒမဟုတ်ဘူး။ ဒေဝဒတ်ဝါဒ။ နင်တို့ စဉ်းစားကြည့်လေ။ တို့ဘုရားကို နောက်ဆုံးဆွမ်းဒါယကာ စုန္ဒဆွမ်းကပ်တော့ ဝက်သားနဲ့ ကပ်တယ်။ ဘုရားရှင် ဘုဉ်းပေးတော်မူတယ် မဟုတ်လား"

ဝဏ္ဏ ရှည်လျားစွာ ပြောသဖြင့်

www.burmeseclassic.com

မာလာသည် သူ့အတွက်နှင့် မောင်နှမ သားအဖတွေ စိတ်ဝမ်းမကွဲလိုသောကြောင့် . . .

"မှူယာရယ် . . . မမမာလာ ကြက်သားဆန်ပြုတ် သောက်ချင်တယ်ကွယ်"

"ကောင်းပါပြီ သခင်မလေး။ မကြာမီ ဆန်ပြုတ်တော် ဆက်ပါ့မယ်။ စောင့်စားရင်း အိပ်စက်နားနေတော်မူပါဘုရား"

ဟု ဝင်ပြောလိုက်သူကတော့ အပျိုတော်ရှူးမလေး သူဇာပင်ဖြစ်တော့သည်။

ဦးစိတ္တနှင့် ဝဏ္ဏတို့သည် ဟေမမာလာကို ဘုရင့်သမီးတော်လေးဆိုတာသိပြီးနောက် ဘုန်းကြီးသူ သမီးတော်လေးသည် မိမိတို့လို ဘာဘုန်းကံမှ မရှိသူများနှင့် တစ်ပြေးတည်း မနေကောင်းဟုဆိုကာ သီးသန့်အိပ်ဆောင်လေးတစ်ဆောင် ဆောက်လုပ်၍ ထားကြပါသည်။

ထိုအိမ်တော်တွင် ရံရွေတော်အဖြစ် မိသူဇာက မည်သူမျှတာဝန်ပေးရန်မလို ကိုယ်တိုင်တာဝန်ပေး၍ ကိုယ်တိုင် အမှုတော်မြတ် ထမ်းရွက်တော်မူသည်။

သခင်မလေး၏ စေခိုင်းချက်အရ ကိုဝဏ္ဏတစ်ယောက် ဒန္တကုမာရမင်းသားလေးအား တွေ့လိုတွေ့ငြား သားကောင်အရှာထွက်တိုင်း စုံစမ်းရပါသည်။

တစ်လခန့်ကြာလျှင် ဟေမမာလာမင်းသမီးလေး၏ လက်မှ ပတ်တီးဖြေသည်။ လက်မှာ အကောင်းပကတိ ပြန်လည်ရောက်ရှိလို့နေသည်။ ကျောမှဒဏ်ရာများလည်း ဆယ်ရက်ပင်မကြာပါ၊ အားလုံး ပြန်လည်ကောင်းမွန်ခဲ့သည်။ ထို့ကြောင့် ဟေမမာလာမင်းသမီးလေးမှာ ဦးစိတ္တတို့မိသားစုအား ကျေးဇူးတင်၍ မဆုံးအောင်ဖြစ်ရသည်။ ကျေးဇူးတင်ပါသော်လည်း မိမိမှာ ဘာမျှ ကျေးဇူးဆပ်ရန် မရှိပေ။ ထို့ကြောင့် မိမိလည်း တတ်နိုင်သမျှ လုပ်အားနှင့် မိသားစုလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ပေးပြန်ရင်လည်း မိသူဇာက . . .

"သခင်မဘုရား။ ဒီတာဝန်များဟာ မိမှူယာ၏တာဝန်မျှသာ ဖြစ်ပါသည်။ သခင်မ ဝင်ရောက်၍ မလုပ်သင့်ကြောင်း ပါဘုရား"

ထို့ကြောင့် ဟေမမာလာတစ်ယောက် ထိုအိမ်တွင် အလုပ်လက်မဲ့နေခဲ့ရသည်။

"သခင်မလေး အိတ်ကိုယူပြီး သူဇာဖြေကြည့်တော့ အဝတ်တွေက ပုဏ္ဏားမတွေဝတ်တဲ့ အဝတ်တွေ တွေ့ရတယ်။ သခင်မလေးတို့က ပုဏ္ဏားမျိုးလား"

စပ်စုတတ်သော သူဇာက သူ၏ သခင်မလေး ဟေမမာလာကို မေးနေခြင်း ဖြစ်သည်။

"မဟုတ်ရပါဘူး သူဇာရယ်။ သခင်မလေးတို့က ခတ္တိယမျိုးတွေပါ"

"ဒါဖြင့် ဘာကြောင့် သခင်မလေးက ပုဏ္ဏားအဝတ်တွေ ယူခဲ့ရတာလဲ"

"ဒီလို သူဇာရဲ့။ ခိရစာရရဲ့လူတွေက သခင်မလေးတို့ကို လိုက်ရှာနေကြတော့ ပုဏ္ဏားလင်မယားဟန်ဆောင်ပြီး ဒန္တပူရကနေ ထွက်ခဲ့ရတာပေါ့"

"မဖြစ်သေးပါဘူး။ ဒီတစ်ခါ အစ်ကိုဝဏ္ဏဈေးသွားရင် သခင်မလေးအတွက် ဝတ်စုံလေးငါးစုံလောက် မှာမှဖြစ်မယ်"

"နေပါစေ သူဇာရယ်။ ရှိတာဝတ်လို့ ရပါတယ်"

"ဟာ . . မဟုတ်တာ သခင်မလေးက ဘုရင့်သမီးပဲဟာ။ မင်းသမီးအဝတ်အစားနဲ့မှ ဖြစ်မှာပေါ့။ ခုတော့ နန်းတွင်းက လူတကာရဲ့ အမုန်းတော်ခံ လူယုတ်မာပုဏ္ဏားကြီးရဲ့ သမီးတော်လိုလို၊ ဘာလိုလိုနဲ့ဆိုတော့ သူဇာ မကြိုက်ဘူး"

ထိုအချိန်တွင် မှူယာက အဝေးမီးဖိုအနီးမှနေ၍ . . .

"သူဇာရေ . . . သခင်မလေးအတွက် ပွဲတော်ရပြီ။ လာယူတော့"

"အောင်မယ် . . . အစ်မတော် ဒေါ်မှူယာ။ တော်တော်လိမ်မာနေပြီ။ သခင်မလေးအတွက် ပွဲတော်ရပြီတဲ့"

ဟုဆိုကာ သူဇာတစ်ယောက် မီးဖိုဘက်သို့ ထွက်ခွာသွားတော့သည်။ ဟေမမာလာ မင်းသမီးလေးသည် သူတို့ညီအစ်မနှစ်ဦးအား ကြည့်၍ ပြုံးနေမိတော့၏။

(ဆက်လက်ဖော်ပြပါမည်။)

မောင်ယဉ်မွန်(မော်ဝနေခြည်)



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ စောင်မညွှန်ပြမှုရရှိပုံ

## ကျွန်ုပ်၏အတွေ့အကြုံများ(၁၃)

❒ ဗိုးသန်းကျော်(ရေကြည်သား)

၁၉၇၆ ခုနှစ်ခန့်တွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ဖတ်ရှုရသည်မှ လက်ရှိသာသနာတွင်းကာလဖြစ်၍ ရဟန္တာသံဃာထေရ်အရှင်များ ရှိမည်ဟူ၍ ယုံကြည်ပါသည်။ ဝိပဿနာအကျင့်မြတ်ဖြင့် နိဗ္ဗာန်ကို ရလို၊ ရောက်လိုခဲ့ပါသည်။

ဒုလ္လဘရဟန်းအဖြစ်နှင့် ဝိပဿနာစတင်အားထုတ်လို၍ အဘတို့ကို တိုင်တည်၍ ကျောင်းရွေးခဲ့သည်။ ရွှေဟသာ်တောရမှာ ရဟန်းပြု၍ အားထုတ်ရန် အကြံပေး၏။ စုံစမ်းကြည့်သောအခါ မိမိအိမ်နှင့်ဝေးသော ညောင်တုန်းမြို့နှင့် စစ်ကိုင်းမြို့တို့တွင်ရှိနေရာ အလှမ်းဝေး၍ တခြားသင့်တော်မည့် ကျောင်းတိုက်ကို ကျိုက္ကစံဘုရားဝင်း(ယခင်ကာလ)ရှိ ရွှေမြင်းမိုရ်ဆရာတော် အရှင်ဝါသဝိန္ဒနှင့် တိုင်ပင်ကြည့်ခဲ့၏။ ထိုစဉ်တစ်ညတွင် ကျွန်ုပ်အိပ်မက်ထဲမှာ ဆရာတော်ကြီးတစ်ပါး အရပ်မနိမ့်မမြင့်၊ အသားလတ်လတ်၊ ခပ်ဝဝ ဆရာတော်ကြီးတစ်ပါး ကြွလာ၍ ကျိုက္ကစံဘုရားဘက်သို့ လက်ညှိုးညွှန်ပြီးပြပုံ မက်ခဲ့၏။ ၁၉၈၃ ခုနှစ်တွင် တပေါင်းလပြည့်ခါနီး ရဟန်းဝတ်ရန် ကျိုက္ကစံဘုရားအနီး ဝိပဿနာအားထုတ်နိုင်သော ကျောင်းများကို ဆရာတော်က လိုက်လံပြသောအခါ သဘောကျမဖြစ်ဘဲ ရှိနေစဉ်တွင် "ဒကာကျော်၊ လယ်တီကျောင်းဆရာတော်ကြီးရှိတယ်။ ရင်းနှီးတယ်"ဆို၍ လိုက်သွား၍ ဆရာတော်ကြီးဓာတ်ပုံနှင့် စာရွက်တစ်ရွက်ကို ဦးဇင်းဦးအာသဘက ပေး၍ ဆရာတော်ကြီးကို စောင့်စေ၏။ ဆရာတော်ကြီးပုံ မြင်ရသောအခါ ကျွန်ုပ်အိပ်မက်ထဲက ဆရာတော်ကြီးဖြစ်နေ၏။ သုမင်္ဂလာယာမ လယ်တီဝိပဿနာကျောင်းတိုက်ဆရာတော်ကြီး အရှင်သုမင်္ဂလ ဖြစ်ပါသည်။ ဥပဇ္ဈာယ်ဆရာတော်အဖြစ် ချီးမြှင့်ပေး၍ ရဟန်းခံကာ ဆရာတော်ထံတရားအားထုတ်ခွင့်ရသဖြင့် မှတ်သားထားသော ဆရာတော်ကြီး ကျွန်ုပ်ကို သွန်သင်ပြမှုကို ဖော်ပြလိုပါသည်။ ထို့နောက်မှ အဘဘိုးမင်းခေါင် ညွှန်ပြချက်ကို ထပ်ဆင့်တစ်ပါတည်း ဖော်ပြပါမည်။

(က) သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော မူလမုံရွာလယ်တီဆရာတော်ဘုရားကြီး ရေးသားသည့် ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းတွင် ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊ အရိယာဝိဇ္ဇာ ဟူ၍ ငါးမျိုးရေးပြထားပါသည်။

၁။ ဝေဒဝိဇ္ဇာမှာ သာမ၊ ယဇု၊ ဣရု၊ အထဗ္ဗန ဗေဒင်လေးမျိုးအတတ်ကို ဆို၏။

၂။ မန္တဝိဇ္ဇာမှာ အမျိုးမျိုးသော လက္ခဏာကျမ်း၊ နိမိတ်ကျမ်း၊ နက္ခတ်ကျမ်း၊ ဂါထာမန္တရားကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း စသော လောကီပညာတစ်မျိုးကို ဆို၏။

၃။ ဂန္ဓာရီဝိဇ္ဇာများမှာ-ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ စသော ဝိဇ္ဇာရေကျမ်း၌လာသော စေသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာ

www.burmeseclassic.com

www.burmeseclassic.com

မယသိဒ္ဓိမျိုးသို့ပေါက်ရောက်သော ဝိဇ္ဇာမျိုးကို ဆို၏။

၄။ လောကီယဝိဇ္ဇာမှာ သာသနာပအခါ၌ သရာဂံ၊ သုနေတ္တ၊ အရက အစရှိသော ကသိုဏ်းချာန်ကို နိုင်နင်းရရှိပြီး သုမေဓာဘုရားမပွင့်မီတွင် ဣဒ္ဓိဝိဓ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ယထာကမ္မုပ၊ အနာဂတံသ၊ အဘိညာဉ်ရသော ဝိဇ္ဇာများ သာသနာပတွင် ရှိကြ၏။ ထိုပုဂ္ဂိုလ်ကြီးများသည် ဘုရား။ ပစ္စေကဗုဒ္ဓ အရိယာသာဝက နှင့်လည်း ဆက်ဆံကုန်၏။ အရိယာသာဝကတို့ ရအပ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၌ အတွင်းဝင်ကုန်၏ဟု ဖော်ပြထားတာတွေ့ရ၏။

၅။ အရိယာဝိဇ္ဇာများမှာ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာတို့ကို ဆိုသတည်း။ စတုသစ္စဉာဏ်လေးပါး ဆိုက်ရောက်ပြီးသူကို ဆို၏။

ထွက်ရပ်ပေါက်ကျင့်စဉ်တွင် သမထပိုင်းထူထောင်ပြီး ကျင့်ရသောအကျင့်ဖြစ်၏။ ကျင့်စဉ်အမျိုးမျိုး၊ အဆင့်အတန်းအမျိုးမျိုး မတူညီကြ။ ထိပ်တန်းသိဒ္ဓိတန်ခိုးရှိသူများ၊ အသိဉာဏ်ရရှိမှုလည်း မတူချေ။ အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသတို့သည် ဆုကြီးပန်ပုဂ္ဂိုလ်ထူးများဖြစ်ပါသည်။ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာများ ဖြစ်မည်ထင်၏။ အရိယာနတ်ဝိဇ္ဇာဟုလည်း သိဒ္ဓိဆယ်ပါးနှင့် မဟိဒ္ဓိဆယ့်နှစ်ပါး အကုန်ပြည့်စုံသော ပုဂ္ဂိုလ်ထူးကြီးများဟု သိရ၏။ အရိယာသစ္စာကိုလည်း သဘောပေါက်ကြ၏။

(ခ) အရှင်မဟာပစ္စည်းထေရ်၊ အရှင်ပုပ္ပိယထေရ်၊ အရှင်ဥတ္တရထေရ် စသော ထေရ်အရှင်တို့သည် ရှေးရှေးဘုရားရှင်လက်ထက်တော်မှာ ဂန္ဓာရီ၊ လောကီယ ဝိဇ္ဇာများဖြစ်ကြပြီး ဈာန်ပျံနိုင်၍ ကောင်းကင်ခရီးဖြင့် သွားစဉ်ဘုရားရှင်ကို ဖူးတွေ့ရ၍ နတ်ပန်းလှူခဲ့ကြ၏။ ထိုကုသိုလ်ကြောင့် သုဂတိဘဝမှာချည်း ဖြစ်ကြရပြီး ဂေါတမဘုရားရှင်လက်ထက်မှာ သူဌေးဘဝအဖြစ် ရောက်ရှိမွေးဖွားသောအခါမှာ ရဟန္တာအဖြစ်ရောက်ခဲ့၏။ ဗုဒ္ဓဂေါတမဘုရားအလောင်းတော်သည် ဈာန်ပျံနိုင်သော သုမေဓာရသေ့ဘဝဖြင့် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားလောင်းဗျာဒိတ်ရခဲ့၏။ အရှင်အာနန္ဒာလောင်းသည် တစ်ခုသောဘဝမှာ ဘုရင်ဖြစ်သောအခါ ဂေါတမဘုရားလောင်းသည် ဈာန်ပျံရသေ့အဖြစ်နှင့် နန်းတော်သို့ ကောင်းကင်ခရီးဖြင့် ဆွမ်းကြွရ၏ဟု နာရဖူး၏၊ မှတ်ရဖူး၏။

(ဂ) ဘုရားအလောင်းတော်များ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ အသီတိရှစ်ကျိပ်ဝင် စသည့် အရှင်အလောင်းအလျာများ ပါရမီဖြည့်ကျင့်စဉ် ဈာန်ပျံဝိဇ္ဇာမိုရ်များအဖြစ် ရှိခဲ့ဖူးသည်ကို ထောက်ရှု၍ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်၊ ရက္ကန်းစင်တောင်ဆရာတော်ကြီးများ စသော ဆုကြီးပန် ပုဂ္ဂိုလ်ထူးကြီးများရှိ၍လည်း သဗ္ဗညုဘုရားရှင်နှင့် အဂ္ဂသာဝကထေရ်အရှင်များ ပေါ်ထွန်းနိုင်ကြရပေသည် အလေးအမြတ်ထားပါသည်။ လေးစားအားထားပါသည်။

ကျွန်ုပ်ကိုယ်တိုင်မှာမူ သာသနာတွင်းကြုံတုန်း ဝိပဿနာအကျင့်ဖြင့် ဝဋ်သုံးပါး ကိလေသာ၊ ကမ္မ၊ ဝိပါက ဝဋ်ကျွတ်နိုင်သော ဝိမုတ္တိအဖြစ် ဘဝကို ချုပ်ငြိမ်းလိုပါ၍ ကျင့်ကြံအားထုတ်လျက်ရှိပါသည်။

(ဃ) ၁၉၇၀ ခုနှစ်မှစ၍ ဆရာဦးအေးသောကိုယ်တိုင် ဘုရားပွဲ ငှက်ပျောငါးဖီးပွဲထိုးနည်း၊ လှူနည်း ပြပေးခဲ့၍ ပွဲထိုးလှူဒါန်းတတ်ပါသည်။ အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက္ကန်းစင်တောင် ပွဲများလည်း လှူခဲ့၏။ ၁၉၇၃ ခုနှစ် တောင်ဥက္ကလာပ လက်ရှိနေအိမ်ကို ဝယ်၍ ပြင်ဆင်နေထိုင်သည်မှစ၍ အဘတို့အတွက် ပွဲထိုးခြင်း၊ ဆေးဝိဇ္ဇာပွဲနှင့် မယ်တော်သူရဿတီပွဲလည်း လှူဖူး၏။

BURMESE CLASSIC ၁၉၇၀ ခုနှစ် အဘဘိုးမင်းခေါင်က အိပ်မက်ထဲမှ အရဟံဂုဏ်တော် တစ်ထောင်စိပ်ပါ။ တစ်လအတွင်း မင်းကိစ္စ အောင်မြင်မည်ဟု ညွှန်ခဲ့၍ ပုတီးစိပ်ရန်ကိစ္စ ဆရာဦးအေးသောင်းကိုမေးရာ သူကိုယ်တိုင် ပွဲထိုးပြင်ဆင်ပေးခဲ့သည်မှ စတင်လှူဖြစ်ခဲ့ပါ၏။ သမထနှင့် ဝိပဿနာကို ကွဲကွဲပြားပြား သဘောမပေါက်သေးပါ။ Radiotherapist ကင်ဆာအထူးကု ဆရာဝန်ကြီး ဌာနမှူး ဒေါက်တာဦးတင်အောင်နှင့် လိုက်ပါ၍ မဟာစည်သာသနာ့ရိပ်သာမှာ ဖောင်းပိန်ရှုမှတ်ခြင်းကို အားထုတ်ခဲ့၏။

သဲအင်းဂူဆရာတော်ကြီး မိုးကောင်းဘုရားဓမ္မာရုံမှာ တရားဟောစဉ်ကလည်း တရားနာဖူး၊ အားထုတ်ဖူး၏။ နိဗ္ဗာန်ကို အားထုတ်စဉ် မြင်ရလေမလား ထင်ခဲ့၏။

၁၉၇၆ ခုနှစ်ခန့် ထင်၏။ ရေကြည်မြို့ ဇောတိကာရုံကျောင်းတိုက် ပဓာန နာယကဆရာတော်ကြီး၊ ကျေးဇူးတော်



www.burmeseclassic.com

www.burmeseclassic.com

ရှင် ဘဖုန်းအရှင်ဇယန္တ ပုံလွန်တော်မူ၍ နွေဦးကာလ စျာပနကျင်းပသောကိစ္စကို ညီငယ်နှင့်အတူ ရေကြည်သို့ပြန်၍ ပါဝင်လုပ်ကြပါသည်။ အပြန်တွင် ရထားပေါ်ရောက်မှ ညီမောင်က ဆွမ်းစားကျောင်းဦးပဉ္စင်းထံမှ ရလာသော မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိကို ဖတ်ရ၏။ သမထနှင့် ဝိပဿနာကို ကွဲပြားနားလည်ပြီး နိဗ္ဗာန်၏အဓိပ္ပာယ်ကို သိလာရင်း နိဗ္ဗာန်သို့ ရောက်လို၊ ရလိုခဲ့ပါတော့သည်။ ဝိပဿနာအားထုတ်လိုစိတ်ဖြင့် အားထုတ်ခဲ့ပါသည်။

(င) ၁၉၇၃ ခုနှစ်၊ မတ်လကုန် ဧပြီလဆန်းကာလ တပေါင်းလဆန်း ၁၄ ရက်နေ့တွင် မနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် အိပ်မက်ဖြင့် ဖူးတွေ့ရသော လယ်တီအရှင်သုမင်္ဂလထေရ်ကို ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှင့်ခံယူ၍ ရွှေမြင်းမိုရ်ဆရာတော် စီမံပေးသည့်အတိုင်း ပထမအကြိမ်ဒုလ္လဘရဟန်းခံဖြစ်ခဲ့၏။ အဓိဋ္ဌာန်ဖြင့်အားထုတ်မှုကို ဆရာတော်ဘုရားကြီးအား တရားချိန်ပြီးတိုင်း မှတ်သားစရာများညွှန်ပြပေး၍ ရေးမှတ်ထားခဲ့ပါသည်။

(စ) လယ်တီဆရာတော်ဘုရားကြီးနှင့် ရင်းနှီးသဖြင့် ဝတ်ကြီးဝတ်ငယ်ပြုရင်း မိမိတစ်ဦးတည်းဖြစ်စေ၊ မိသားစုနှင့်ဖြစ်စေ လှူဖွယ်ပစ္စည်း၊ ငွေကြေး စသည်များကို မကြာခဏသွားရောက်လှူဖြစ်ခဲ့ပါသည်။ သုမင်္ဂလာယာမ ဝိပဿနာလယ်တီကျောင်းဝိုင်းမှာ ကျယ်လှပါ၏။ ကျောင်းဆောင်များလည်း ရှိ၏။ ဆရာတော်ကြီးသည် ကျောင်းငယ်လေးမှာ သီတင်းသုံး၏။ သတ္တဌာနဘုရားများ တည်ဆောက်ခြင်း၊ သိမ်တော်ကြီးဆောက်ခြင်းများမှာလည်း မိမိလည်း စွမ်းအားရှိသလောက် လှူ၏။ မိတ်ဆွေများထံမှလည်း ကောက်ခံရယူ၍ သွားရောက်လှူခဲ့ပါသည်။

(ဆ) ၁၉၇၃ ခုနှစ်တွင် တရားအားထုတ်ချိန် မနက်ပိုင်း၊ ညနေပိုင်း ပြီးတိုင်းမှာ သူ့ထံ တစ်ပါးတည်း သီးသန့်ညွှန်ပြပေး၍ မှတ်ထားသည်များကို ဖော်ပြပါမည်။ ၃၁-၃-၇၃ နေ့မှ စတင်ပါသည်။

၁။ ဖြစ်ပျက်အစဉ် ဉာဏ်သက်ဝင်၊ မဂ်လျှင်ရလိမ့်မည်။ အဖိုးမတန်သော ရုပ်နာမ်ကိုအရင်းတည်၍ အဖိုးတန်သော မဂ်ဉာဏ်ကို အရယူရမည်။

၂။ လယ်တီမူဆိုသည်မှာ (i) သိမှုပယ်မှု ထိုနှစ်ခု၊ သတိမပြတ်ရ။ (ii) သိရမှာက ဒုက္ခသစ္စာ၊ ပယ်ရမှာက သမုဒယသစ္စာ (လိုချင်၊ ဖြစ်ချင်တာပယ်)။ (iii) ပယ်ဟုဆိုရာ၌ မကောင်းမှုပယ်၊ အစွဲပယ်။

၃။ ဆရာတော်ကြီးချီးမြှင့်သော ဝိပဿနာဆောင်ပုဒ်အကျဉ်းချုပ် -

(i) မိမိတို့၏ ရုပ်နာမ်အပေါ်တွင် မတွေ့တွေ့အောင်ရှာ၊
(ii) အခါခါအပြစ်ကိုရှု၊ တစ်ခုမကျန်အောင်ပယ်။
(ii) အလွန်လွယ်တဲ့နည်း၊ နိဗ္ဗာန်ရောက်တဲ့ နိဿယျည်းတဲ့။ (ပစ္စုပ္ပန်ဖြစ်ပျက်ရှု၍ နောက်က ဉာဏ်နှင့်အသိလိုက်ပါ။)

၄။ (i) တရားအလုပ်ဟာ အစွဲဖြုတ်တာ၊ ယောဂီများ ကြိုးစားကျင့်လိုက်နာ။
(ii) ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဖြစ်ချင်တာ မဂ္ဂင်တရား။ ယောဂီအမြဲမှတ်ထား။
(iii) ဒုက္ခမြင်သိ၊ တဏှာကွာ၊ ခေမာနိဗ္ဗာန်ရောက်တဲ့ဗျ။

ယခုတော့ ကျွန်ုပ်သဘောပေါက်နေပြီ။ အစွဲပယ်ဆိုတာ တဏှာ၊ ဥပါဒါန်ပယ်ရမှာ။ အစွဲကြောင့် ကံဖြစ်လျှင် ဇာတိဒုက္ခသစ္စာရမည်။ ကံသတ္တိကို တဏှာဥပါဒါန်က သိမ်းဆည်းထား၍ တဏှာဥပါဒါန်ကို ကံဘဒ္ဒိုးဟု မိုးကုတ်ဆရာတော်ဘုရား ဟောပြဖူး၏။ ဝိပဿနာရှုခြင်းကြောင့် အရှုခံခန္ဓာ ဖြစ်ပျက်မြင်ရင် မဂ်ဝင်၍ တဏှာလာခွင့်မရဘဲ သေ၏။ လောကုတ္တရာမဂ်ပေါ်ပါက သောတာပန်တွင် အပါယ်ကံအားလုံးကို ဒိဋ္ဌိဝိစိကိစ္ဆာ ကွာပြုတ်၍ ပယ်ပြီးဖြစ်၍ လေးမဂ်လေးဖိုလ်ရပါက တဏှာကုန်၍ ကံအားလုံးပယ်ပြီး တဏှာနိရောဓ နိဗ္ဗာန်စံရ၏။ ခန္ဓာဝဋ်ကျွတ်၊ ဒုက္ခကုန်ဆုံး အငြိမ်းနိဗ္ဗာန်စံရ၏။

၅။ (i) အလိုလောဘကြီးလျှင် ဒုက္ခဆင်းရဲ အားကြီးသည်။
(ii) အလိုလောဘငယ်လျှင် ဒုက္ခဆင်းရဲငယ်သည်။
(iii) အလိုလောဘမရှိလျှင် ဒုက္ခဆင်းရဲ မရှိဘူး။
(iv) ဒုက္ခဆင်းရဲမရှိရာကို နိဗ္ဗာန်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၆။ **ရှေးဆရာတော်ကြီးများအဆုံးအမ**

(i) ဆင်ရိုင်းကြီးနှင့် ဥပမာထုတ်၊ ဝိပဿနာဆိုတဲ့ ချွန်းနှင့်အုပ်။

(ii) ရုပ်နာမ်အစွဲတွေ အကုန်ဖြုတ်၊ ဆရာကောင်းထံ နည်းခံလုပ်။

(iii) ခပ်မြန်မြန်ပဲ သင်အားထုတ်၊ နိဗ္ဗာန်ဆိုတဲ့ ရွှေဝိမုဒ်။

၇။ **ဝိပဿနာသမားများလိုက်နာရန်**

(i) အရွှန်းစကား အဖျင်းများ ရှောင်ရှားမပြောရ။

(ii) ဟိုသွားဒီသွား ကိစ္စများ ရှောင်ရှားမသွားရ။

(iii) အပေါင်းအသင်း အဖော်ကျဉ်း၊ ဖော်သင်း မမက်ရ။

(iv) အစာဘောဇဉ် ဉာဏ်နှိုင်းယှဉ်၊ အစဉ်သတိရ။

(v) အအိပ်စုံမက် အပျင်းဖက်၊ ပိုလျက်မအိပ်ရ။

(vi) ဣန္ဒြေတံခါး မြဲပိတ်ထား၊ မေ့မှားမရှိရ။

ဤအသိခြောက်ပါး လက်ကိုင်ထား၊ တရားအမှန်ရ။

၈။ ဒေသနာတော်နှင့်အညီ ရေးထားသော ဆောင်ပုဒ်

(i) အာနာပါန ပွားများက၊ လေးပါးသတိပဋ္ဌာန် ပြည့်စုံသည်။

(ii) လေးသတိပဋ္ဌာန်ပွားများပြန်၊ ခုနစ်တန်ဗောဇ္ဈင် ပြည့်စုံသည်။

(iii) ဗောဇ္ဈင်သတ္တာ ပွားများပါ၊ ဝိဇ္ဇာမဂ်ဉာဏ် ပြည့်စုံမည်။

၉။ (i) တိုက်တွန်းနှိုးဆော် ကိုယ်ကျင့်သော်၊ လူတော် ပထမတန်း။

(ii) ကိုယ်ကျင့်မပြော တုဏှိဘော၊ ကော ဒုတိယ တန်း။

(iii) အပြောလွန်တော် အကျင့်ချော်၊ လူရော် တတိယတန်း။

(iv) အပြောမဟုတ် အကျင့်ယုတ်၊ နောက်ဆုတ် စတုတ္ထတန်း။

၁၀။ (i) ကောင်းတရားတွေက လဆန်းလလို တိုးပွား လာစေရမည်။

(ii) မကောင်းတရားတွေက လဆုတ်လလို ငယ်ငယ်သွားစေရမည်။

(iii) ကောင်းတရားတွေက လပြည့်ဝန်းလို ပြည့် ပြည့်ဝဝ ဖြစ်လာစေရမည်။

ဟူ၍ ညွှန်ပြချက်ရေးမှတ်မိသရွေ့ ဖော်ပြလိုက်ပါသည်။

(ဇ) ၁၉၉၁ ခုနှစ်၊ တောင်ဥက္ကလာ (၁၆)ရပ်ကွက်၊ ကျိုက္ကစံ စွန်းလွန်းဂူကျောင်းတွင် ဒုလ္လဘရဟန်းဝတ်ဖြင့် တရားအားထုတ်ရန် မိတ်ဆွေများအကူအညီဖြင့် တိုက်အုပ်ဆရာတော်နှင့်တွေ့၍ စီမံထား၏။

ရဟန်းခံအလှူကို ရွှေမြင်းမိုရ်ကျောင်းမှာပင် ပြုခဲ့၏။ ဒုတိယအကြိမ်မှာလည်း လယ်တီဆရာတော်မြတ်ကြီးကိုပင် ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှင့်စေပြီး ရွှေမြင်းမိုရ်ဆရာတော်မှ လိုအပ်တာကို စီမံပေးလေသည်။

ယခင်ဆောင်းပါးတွင် ဖော်ပြပြီးသည့်အတိုင်း ကျွန်ုပ်တစ်ဦးတည်း တိုက်ကျောင်းငယ်တစ်ကျောင်းတွင် သီးသန့်အဖြစ်နေရ၏။ နောက်ထပ် အသက်ကြီးသော ဒုလ္လဘရဟန်း မပါ၍ထင်၏။ အဓိဋ္ဌာန်ကိုးရက်ဖြင့် အားထုတ်ခဲ့လေသည်။

စွန်းလွန်းရိပ်သာ အားထုတ်နည်းမှာ ပထမနာရီဝက် အာနာပါန ရှုရှိုက်၊ ခပ်ပြင်းပြင်းရှုရှိုက်၍ ပထမနာရီဝက် အားထုတ်ရ၏။ ဒုတိယနာရီဝက်တွင် ခန္ဓာဉာဏ်ရောက် ဝေဒနာကို လိုက်ရှု၏။

၁၉-၄-၉၁ နေ့ မနက်ပိုင်းတစ်ချိန်တွင် "တိံနံသခ်တိ ဖသော"ကို အာရုံဖြင့် ကြားသိရ၏။

၂၀-၄-၉၁ နေ့တွင် ၉ နာရီနှင့် ၁၀ နာရီအတွင်း အားထုတ်ချိန်မှာဖြစ်၏။ ပထမ နာရီဝက်ပြီး၍ ဒုတိယနာရီဝက် ဝေဒနာလိုက်ရှုနေစဉ် ကြမ်းပြင်နှင့် တင်ပါး ထိနေသော နေရာမှ အလွန်ပူလှ၏။ သံယာစင်ပေါ်ပင် ဖြစ်သော်လည်း ပူလွန်းလှ၏။ သို့သော် အားတင်း၍ မရွေ့မပြောင်း၊ မပြုပြင်ပါ။ သည်းခံ၍ ဝေဒနာကို စူးစိုက်ရှုရင်း ဉာဏ်နှင့်ကြည့်နေ၏။ ထိုစဉ်မှာ...

"ပူတာရုပ်၊ သိတာနာမ်၊ စွန့်တာဉာဏ်"ဟူသော



www.burmeseclassic.com

www.burmeseclassic.com

ညွှန်ပြချက်ကို ဉာဏ်အာရုံဖြင့် ကြားရ၏။ စကားသုံးခွန်းပေမယ့် တစ်ခွန်းစာကြာချိန်မျှအတွင်း စကားသုံးခွန်းလုံးကို အလွန်လျင်မြန်စွာ ကြားရ၏။ ဉာဏ်ထဲ၊ အာရုံထဲမှာ ကြားရခြင်းဖြစ်၏။ မိမိကျောင်းပြန်ရောက်သောအခါ ရေးမှတ်ထားလိုက်၏။

ဤညွှန်ပြချက်တွင် ယထာဘူတဉာဏ်ကို ထင်ရှားသိစေပေါ်စေလို၍ ဖြစ်ဟန်ရှိ၏။ ရုပ်ကိုလည်းသိ၊ နာမ်ကိုလည်းသိ၊ သခ်တပရမတ်ရှုသိရပုံဖြစ်ပြီး အရှိမှန်က ဖြစ်ပျက်ကိုပြ၏။ ဉာဏ်နှင့်ရှုသောအခါ ပုတာကိုသိသော သဘောမရှိဘဲ မရှိမှုတည်းဟူသော ပင်ကိုသဘောစွန့်သွားမှုကိုသာ ဉာဏ်ကမြင်ရ၏။ စွန့်တာကို ဉာဏ်ကမြင်၍ ဝိပဿနာဉာဏ် ပေါ်ပုံဖြစ်၏။

ထိုညွှန်ပြချက်ကိုလည်း အဘဘိုးမင်းခေါင်ပင် ညွှန်ပြသည်ဟု ယခုထင်မြင်မိပါသည်။

**(ဈ)** (၁) ၂၀၀၃ ခုနှစ်တွင် သမီးကြီး၏အမျိုးသားမှာ နိုင်ငံခြားသင်္ဘောသားအလုပ်ဖြင့် ခရီးထွက်နေ၍ ကျွန်ုပ်၏အိမ်ရှေ့ သူတို့အိမ်တွင် ဇနီးသည်က အဖော်အဖြစ် အိပ်ပေး၏။ သမီးငယ်က သူ၏အမျိုးသမီးယောက္ခမကြီးနှင့်အတူ နေထိုင်နေ၍ ကျွန်ုပ်တစ်ယောက်တည်း နေထိုင်စဉ် မနက် ၃ နာရီခန့် စောစောထ၍ တရားထိုင်ဖြစ်၏။ ကရားမထိုင်မီ အဘဘိုးမင်းခေါင် ညွှန်ပြသည့်အတိုင်း ဝိဇ္ဇာစရဏ သမ္ပန္နော ပုတီးသုံးပတ်စိပ်ပြီးမှ တရားထိုင်၏။

အာနာပါန စတင်အားထုတ်ပြီးမှ ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုမှတ်နေ၏။ ထိုစဉ်…

"ရှေ့သိစိတ်ကို နောက်သိစိတ်နှင့်ရှု"

"တဏှာကုန်ရင် နိဗ္ဗာန်ရောက်တယ်။ မင်း ဒီလမ်းပဲနီးတယ်။ တခြားလမ်းမနီးဘူး"

ဟူသော ညွှန်ပြမှုကို ဉာဏ်အာရုံမှကြားရပြီး ပုဆိုးကွက်တုံး၊ တိုက်ပုံနှင့် အဘထသွားသည်ကို ဉာဏ်ထဲမှာ မြင်၏။

(၂) ၂၀၀၅ ခုနှစ် တစ်ရက်တွင်လည်း "သတိရှေ့ဆောင်၊ အသိနောက်ကလိုက်"ဟူ၍ ညွှန်ပြခဲ့၏။

ထိုအချက်နည်းတူ မိုးကုတ်ဆရာတော်ကြီးတရားတွင် သတိထား၊ ပညာနှင့်ရှုဟူသော ဟောချက်နှင့်လည်း နည်းတူ ဖြစ်ပါသည်။

(၃) ၁၄-၁-၀၇ နေ့တွင် မြေးမလေး ဆုလဲ့နိုင်ကို အမက(၁၇)ကျောင်း လိုက်ပို့တိုင်း ဘုရားရှိခိုးပြီး၊ သီလအတိုပေး၍ မေတ္တာပို့ချပေး၊ သင်ပေးရွတ်စေ၏။ ဤသို့

"အရပ်ဆယ်မျက်နှာမှာလေ၊ အနန္တစကြဝဠာမှာနေ ၃၁ ဘုံသား အားလုံးသော သံဃာတော်များ၊ ဝိဇ္ဇာများ၊ မိခင်ဖခင်များ၊ ကျေးဇူးရှင်များ၊ ဆရာသမားများ၊ နတ်ဒေဝါများ၊ ယက္ခများ၊ လူနတ်ဗြဟ္မာ သတ္တဝါအားလုံး ကိုယ်စီကိုယ်ငဘေးကင်း၊ ရန်ကင်း၊ ရောဂါရှင်း၍ ကောင်းကျိုးဆန္ဒ အဝဝတွင် ပြည့်စုံကြပါစေ"ဟု ရွတ်ဆို၍ မေတ္တာပို့လျက် တံမြက်စည်းလှည်းနေ၍ ပြီးစီးသောအခါတွင် အိမ်ထဲဝင်၍ ဆက်တီထိုင်ခုံမှာထိုင်လိုက်သည့်အခါ ကျွန်ုပ်၏နတ်တွင် "အမြင်စင်ကြယ်၊ စိတ်စင်ကြယ်၊ မှတ်ဖွယ်အားလုံးပြီး"ကို ထပ်တလဲလဲရွတ်ဆိုနေသည်ကို သတိပြုမိ၏။

သတိရပြီး ကျွန်ုပ်ရွတ်ဆိုခြင်းမှာ အဘဓာတ်စီးရွတ်မှုဟု သဘောပေါက်၍ ရေးမှတ်ထား၏။

(၄) ၂၉-၉-၀၇ နေ့ ညနေ ၃ နာရီခန့် ဘုရားစင်ရှေ့မှာ တရားထိုင်ရှုမှတ်နေစဉ် နိဗ္ဗာန်ကိုမြင်လို၊ သိလိုစိတ်ပေါ်ပြီး ရှုမှတ်နေ၏။ အချိန်အတန်ကြာသော်…

"ဉာဏ်ချည်းသက်ရောက်တော့မှ နိဗ္ဗာန်"ဟူ၍ အာရုံမှာ ထင်ရှားစွာကြားရ၏။

မိုးကုတ်ဆရာတော်ဘုရားကြီး တရားတော်ကို တော်တော်များများ နာယူသောအခါ ဝိပဿနာဉာဏ်အမြင်က ရုပ်နာမ်ဖြစ်ပျက်ကိုမြင်၏။ ရှိရာက မရှိရာကို မြင်၏။ ဖြစ်လိုက်၊ ပျက်လိုက်ကို ဖြစ်ပြီးပျက်သွား၍ မရှိမှုကိုမြင်၏။ ဖြစ်ပျက်ကိုရှုပါများ၍ ရွံမုန်းသည့် နိဗ္ဗိန္ဒာဉာဏ်မှ ခန္ဓာမလိုချင်သောဉာဏ်၊ ဒုက္ခသစ္စာမှန်းသိ၍ ဒုက္ခဖြစ်ပျက်ဆုံးသွားလျှင်၊ ဖြစ်ပျက်ဒုက္ခဆုံးသွားလျှင် ဖြစ်ပျက်ရှာမတွေ့ရဘဲ ဒုက္ခမရှိသော အငြိမ်းသဘောသက်သက်သာ ပေါ်၍ ဉာဏ်ချည်းသက်ရောက်နေပုံကို သဘောပေါက်ပါ၏။

(၅) ၂၀၀၈ ခုနှစ်တွင် ကျွန်ုပ်တစ်ယောက်တည်း အိပ်ရာထဲမှာ အိပ်လေ့ရှိ၏။ မိုးကုတ်ဆရာတော်ကြီး အစထား၍ အရိယာထေရ်အရှင်မြတ်ကြီးများ ဟောကြားခဲ့သော သစ္စာလေးပါးတရားများကို နှစ်ခြိုက်သဘောကျ၍ လက်ရှိဘဝကို နောက်ဆုံးဘဝအဖြစ် ခန္ဓာဝဋ်ကျွတ်လိုသော ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com

ပြင်းပြကာ ဝိပဿနာကို ရှုမှတ်နေခဲ့၏။ ကျွန်ုပ်၏ဆန္ဒကို သိသဖြင့်. . .

"သားကြီး ဒုက္ခသစ္စာမြင်အောင်ကြည့်"ဟူသော ညွှန်ပြမှုကို အာရုံတွင် ကြားရပြီး အဘထသွားသည်ကို အာရုံတွင်မြင်ရပြန်၏။ အဘကို ဦးတင်ကန်တော့လိုက်ပါ၏။

ထိုစဉ်က ဒုက္ခသစ္စာကို သိသလိုလိုရှိသော်လည်း သဲသဲကွဲကွဲ မသိသေးပါ။ ဒုက္ခသစ္စာအဓိပ္ပာယ်ဆိုလိုရင်းကို ဉာဏ်အမြင်ပေါက်သိလို၍ ထပ်ပြန်တလဲလဲ လေ့လာမှတ်သား နာယူခဲ့၏။ ဒုက္ခသစ္စာမှာ ပရမတ်ရုပ်နာမ်တို့၏ ဝိပရိနာမလက္ခဏာ ဒုက္ခသစ္စာမင်္ဂကို သဘောစွန့်မှုကို ဆိုလိုရင်းဖြစ်ကြောင်း သိပြီးဖြစ်၏။ ခန္ဓာငါးပါးသည် ဖြစ်တူပျက်တူသာ ပုထုဇဉ်တို့ဉာဏ်မြင်၏။ ရုပ်ရှုလည်း နာမ်ပါ၏။ စိတ်ရှုလည်း ကျန်ခန္ဓာပါ၏။ ဝေဒနာရှုလည်း ကျန်ခန္ဓာပါ၏။ တစ်ခုပျက် အားလုံးပျက်၏။ ဖြစ်ပြီးပျက်သွား၍ အထည်မကျန် ပင်ကိုသဘောကိုစွန့်၍ ပျောက်ပျက်သွား၍ မရှိခြင်းလက္ခဏာကို ဉာဏ်ကမြင်ရသည်ကို ဆို၏။

မိုးကုတ်ဆရာတော် ရဟန္တာထေရ်အရှင် ဟောကြားချက်တွင် ဖြစ်ပျက်မွေးသေ ရှုချက်တွင် (၁) အထည်ကျန်လျှင် မရဏာ၊ (၂) အထည်မကျန်မှ ရှိရာက မရှိရာ အဖြစ်ပျောက်ခြင်းကို ပင်ကိုသဘောစွန့်သွားမှုကို ဒုက္ခသစ္စာဖြစ်ပုံဟော၍ သိရ၏။

(၆) ၈-၂-၁၀ နေ့ ဝိပဿနာအားထုတ်ရှုမှတ်နေ၏။ နိဗ္ဗာန်ကို ဉာဏ်ဆိုက်လျှင် ဘယ်လိုဉာဏ်အမြင်မြင်မည်ကို သိချင်လည်း ပေါ်ပြီး ရှုနေရာ အရှုခံဖြစ်ပျက်ကို ရှုဉာဏ်ဆိုက်တိုက် သိနေ၏။ အတန်ကြာသော်. . .

"အာရုံရှင်းတယ်"ဟူ၍ ဉာဏ်ထဲမှာ သိလိုက်ရ၏။

(i) ကာယဝိဝေကက အပြင်အာရုံမှ ဆိတ်ငြိမ်ခြင်းကို ဆို၏။

(ii) စိတ္တဝိဝေကက စိတ်ကို နိဝရဏစသော အတွင်းအာရုံမှ ဆိတ်ငြိမ်ခြင်းကို ဆို၏။

(iii) ဥပဓိဝိဝေက ခန္ဓာရုပ်နာမ်ချုပ်ငြိမ်းဆိတ်သုဉ်းခြင်း၊ ဖြစ်ပျက်ချုပ်ဆုံးခြင်း။

နိဗ္ဗာန်ကို ဉာဏ်ဖြင့်ရှင်းလင်းစွာ မြင်ရပုံဖြစ်သည့် အခြေအနေ နိဗ္ဗာန်၊ ထို့ကြောင့် နိဗ္ဗာန်ကို ဉာဏ်ဖြင့်မြင်ပါက "အာရုံရှင်းတဲ့"အဓိပ္ပာယ်ဟု နားလည်ပါ၏။

(၇) ၁၀-၁၂-၁၂ နေ့တွင် တစ်ယောက်တည်း ယဲလေျှာင်းရင်း သမ္မာဒိဋ္ဌိငါးမျိုး မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားချက်ကို စဉ်းစားပြီး ဝိပဿနာသမ္မာဒိဋ္ဌိ သဘောအမှန်ကို စဉ်းစားနေ၏။ မိုးကုတ်ဆရာတော်ကြီး တရားတစ်ပုဒ်တွင် "အမှားလည်းပယ်၊ အမှန်လည်းသိ၊ သမ္မာဒိဋ္ဌိ"ဟု ဟောချက်ကိုလည်း သိထားပြီး ပေါ်ရာအာရုံကို အရှုခံကို ရှုဉာဏ်ဖြင့် ရှုနေ၏။

အတန်ကြာသော် "အမှန်ဖြစ်မှ သဘောတွေ့၊ သဘောတွေ့မှ အမြင်မှန်"ဟူ၍ အာရုံတွင်သိရပြန်၏။ ထိုအခါ ကျွန်ုပ်နားလည်ပုံမှာ ဉာဏ်မြင်ဟူသည့်

(i) အရှိကိုမြင်တာက အမှန်မြင်ဖြစ်သည်။

(ii) အမြင်ခံရတာက အရှိသဘော၊

(iii) အရှိသဘောကို ဉာဏ်ကမြင်ရခြင်းသည် အမြင်မှန် သမ္မာဒိဋ္ဌိဖြစ်တော့၏။

(က) ဝိပဿနာသမ္မာဒိဋ္ဌိက ရုပ်နာမ်(အရှုခံတစ်ခုခု) ပေါ်လိုက်ပျောက်လိုက်၊ ရှိလိုက်မရှိလိုက် ပင်ကိုသဘောစွန့်မှုကို ဉာဏ်ကမြင်၏။ သင်္ခတပရမတ်အစစ်ကို မြင်၏။

(ခ) အသင်္ခတပရမတ် နိဗ္ဗာန်ကို ဉာဏ်အမြင်ဆိုက်လျှင် ဖြစ်ပျက်သဘောမရှိ၊ ဖြစ်ပျက်ဆုံး၍ ရုပ်နာမ်ချုပ်ငြိမ်းနေ၍ ဉာဏ်တွင်ရှင်း၍ ငြိမ်းအေးခြင်းလက္ခဏာ အာရုံရှင်းတာကို မြင်ရမည်။

ဤသို့သော သဘောနှစ်ရပ်သည် အမှန်ကိုမြင်သော သဘောတွေ့သည့်အမြင်မှန် သမ္မာဒိဋ္ဌိနှစ်မျိုး တစ်မျိုးစီ၏ သဘောဟု နားလည်၏။

(ဂ) သင်္ခတနယ်တွင် ပရမတ် စိတ်စေတသိက်ရုပ်သည် သဘောသက်သက်ဖြစ်ပျက်သာရှိ၏။

(ဃ) အသင်္ခတနယ်တွင် ပရမတ်အစစ်နိဗ္ဗာန်သည် သင်္ခတပရမတ် ဖြစ်ခြင်း၊ ပျက်ခြင်း၊ ရှိခြင်းကိုပင် ဆိတ်သုဉ်းသွား၍ အာရုံရှင်းနေသည်ကို ဉာဏ်ချည်းသက်ရောက် အမြင်ဉာဏ်ရောက်ခြင်းဟူ၍ ယူဆမိပါသတည်း။

မေတ္တာ၊ သစ္စာ၊ သည်းခံ

ဖိုးသန်းကျော်(ရေကြည်သား)



www.burmeseclassic.com

www.burmeseclassic.com



# သာသနာ့သမိုင်းဝင် သီလရှင်ကျောင်းတော်များ

လေးသူစံ

အပေးဖိတ်(တောဖိတ်)နှင့် အဖိတ်နေ့(မြို့ဖိတ်) များတွင် ဆွမ်းဆန်အလှူခံထွက်ကြသည့် သီလရှင်များစွာကို နေရာအနှံ့အပြားမှာ မြင်တွေ့နေရပါသည်၊ ဤမျှများပြားလှသော သီလရှင်ဆရာကြီး၊ ဆရာလေးများထဲတွင် ကျွန်မ မပါဝင်နိုင်သေးပါလား၊ အသက်ခြောက်ဆယ်ကျော်လာသည်အထိ စာရေးသားခြင်းကို မဖြတ်နိုင်သေး၊ အဖေကို အကြောင်းပြထားသည့်အမြင် တူလေးတွေက မွေးပေးထားသည့် ချစ်စဖွယ်မြေးလေးတွေကိုလည်း ယုယချီပိုး၍ ထိန်းပေးလိုက်ချင်ပါသေးသည်၊ ပုထုဇဉ်သဘာဝအရ သံယောဇဉ်ကြိုးတွေက ရစ်ပတ်ထားနေဆဲ။

"ခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင် ရှိသေးရှာလိမ့်လား၊ ခွင့်သာဆဲမှ မခဲချင်လျှင် အလွဲနှင့်ပြင် ရှိသေးရှာလိမ့်လား၊ ခွင့်သာတုန်းမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင် ရှိသေးရှာလိမ့်လား"ဟူသည့် လယ်တီဆရာတော်ဘုရားကြီး၏ လင်္ကာကိုလည်း မသိမဟုတ်၊ မသိချင်ယောင် ဆောင်ထားရသော ဘဝအနေအထားနှင့်ပင် သီလရှင်များကို နိုင်စွမ်းသမျှ လှူဒါန်းနေခဲ့ရပါသည်။

ကျွန်မတို့အိမ်သို့ ဆွမ်းဆန်ခံကြွရောက်လာကြသော သီလရှင်များစွာတို့ထဲတွင် သီလရှင်အသေးလေး နှစ်ပါးကိုလည်း သံယောဇဉ်တွယ်မိရပြန်ပါသည်၊ ဆရာလေးနှစ်ပါးသည် မြောက်ဒဂုံရှိ မဟူဂုဏ်ရည်စာသင်တိုက်

www.burmeseclassic.com

မှ ဖြစ်ပါသည်။ ဆရာလေးနှစ်ပါးစလုံး ပရိယတ္တိစာပေများကို သင်ယူနေရင်းနှင့်ပင် အတန်းကျောင်းမှ စာများကိုပါ သင်နေခဲ့ကြသည်မှာ တစ်ပါးက ခုနစ်တန်းဖြစ်၍ နောက်တစ်ပါးက ခြောက်တန်းသို့ ရောက်နေကြပြီဖြစ်၏။ ဆရာလေးနှစ်ပါးစလုံး ရှမ်းလူမျိုးများဖြစ်ကြပြီး နောင်ချိုမြို့နယ်၊ နောင်တောရွာမှ ရောက်လာခဲ့ကြကြောင်း သိရပါသည်။ ဗုဒ္ဓစာပေများကို စာသင်တိုက်မှာ သင်ယူကြ၍ အတန်းစာများကို မင်္ဂလာဒုံရှိ ဘကကျောင်းသို့ သွားရောက်သင်ယူကြကြောင်း၊ နှစ်ပါးလုံးမှာ အသက် ၁၄-၁၅ နှစ်အရွယ်ကောင်းလေးများ ဖြစ်ကြပြီးလျှင် ဆယ်ဝါရပြီဟု သိရပါသည်။ ကျွန်မသိကျွမ်းသမျှ သီလရှင်အများစုမှာ ပအို့(ဝ်)များနှင့် ရှမ်းလူမျိုးများ ဖြစ်ကြပါ၏။

ဆရာလေးများ ရွတ်ဆိုပြကြသည့် "သီလရှင်ကျင့်ဖွယ်အသွယ်သွယ်" ဆုံးမသံပေါက်များကို ဖော်ပြပေးလိုက်ပါသည်။

ရဟန်းသံဃာကြွ၍လာ၊
နေရာထိုင်ခင်းပေးပါကြ။
ရဟန်းသံဃာကြွ၍လာ၊
မြန်စွာဖိနပ်ချွတ်ကြရ။ ရဟန်းသံဃာ
ကြွ၍လာ၊ ဘယ်ခါခေါင်းမြီးမခြုံရ။
ရဟန်းသံဃာတော်များ နီးအပါး၊
ဝပ်တွားရိုသေကြ။
ဘုန်းကြီးရဟန်းလျှင် လမ်း၌ပင်၊
တွေ့မြင်လက်အုပ်ချီကြရ။
အလုပ်မှန်သမျှ ရှေ့နောက်ပ၊
မှန်စွာစဉ်းစားကြ။ ကျိုးလည်းရှိပြန်၊
မှန်လည်းမှန်၊ ဧကန်ပြုရ မှုကိစ္စ။

## ပဏာမဝန္ဒနာ

အရဟံဘဂဝါ၊ ဂုဏ်ကိုးဖြာ၊ ဗုဒ္ဓါဝန္ဒန။ သွာက္ခာတတာ၊ ဂုဏ်ခြောက်ဖြာ၊ ဓမ္မာဝန္ဒန။ သုပ္ပဋိပန္နတာ၊ ဂုဏ်ကိုးဖြာ၊ သံဃာဝန္ဒန။ အာစရိယာ ဂုဏ်မဟာ ဆယ်ဖြာဝန္ဒန။ မာတာပိတာ ဂုဏ်မဟာ ပူဇာဝန္ဒန။ အနန္တငါး ဦးထိပ်ထား၊ ဝပ်တွားနေ့စဉ် ရှိခိုးကြ။ သီလရှင်ကျင့်ဖွယ်အသွယ်သွယ်၊ ရေးခြယ်စီကာပြ။ သိဖွယ်စုံလင်၊ သီလရှင်၊ လျင်လျင်ခဏ ကျက်ပါကြ။

## နေထိုင်ရေး

ညဉ့်ရောနံနက်၊ ရက်မပျက်၊ ဝတ်တက်မှန်စေရ။ အကြောင်းကင်းလျက်၊ အပျင်းဖက်၊ ဝတ်တက်မပျက်ရ။ စာသင်မည့်သူ ငယ်ပျိုဖြူ၊ ထိုက်သူဖြစ်နိုင်ကြ။ တက်ဝါကျက်ဝါ တစ်နေ့မှာ နှစ်ဝါမလျော့ရ။ စာချဆရာဆိုလျှင်များစွာပင် ချစ်ခင်ရိုသေကြ။ စာဝါလိုက်စဉ် စိတ်ကိုပင်၊ စာတွင်မြဲမြဲထားကြရ။ မှန်မှန်စာတက်၊ မှန်မှန်ကျက်ဆက်ဆက်သင်အံ လေ့ကျက်ကြ။ သို့မှသာလျှင် အောင်ပန်းဝင်၊ အစဉ်ရနိုင်ကြ။ အောင်ပန်းဝေဆာ တိုက်တာမှာ၊ မှန်စွာဂုဏ်ကြီးရ။ ပရိယတ် ပဋိပတ် ကျင့်မြတ်နှစ်ဖြာ ပြည့်စုံပါ၊ တိုက်တာဂုဏ်ကြီးရ။ ဆရာသခင် ကျေးဇူးရှင်၊ မှန်ပင်ပူဇာမည်လေစွ။ တိုက်တာထုတ်ထား စည်းကမ်းများ၊ လေးစားလိုက်နာကျင့်ဆောင်ကြ။ တိုက်ဂုဏ်ယုတ်နိမ့် ပုန်းတိတ်တိတ်၊ ဆေးလိပ်မသောက်ရ။ နေ့လွဲညတွင် (ဆွမ်း)ကွမ်းစားလျှင်၊ တိုက်ပြင်ထွက်သွားကြ။ ဘုရားသံဃာ မြတ်ဆရာအား၊ ချဉ်းကပ်ငြား ဝပ်တွားရိုသေကြ။ ခြေလက်နဖူး တံတောင်ဒူး၊ ငါးဦးထိကာ ရှိခိုးကြ။ ထိုထိုအရာ ပေးချင်ပါလို၊ ကိုယ်ကိုညွတ်လျက် ဒူးစုံယှက်၊ နှစ်ဖက်ပေးကြရ။ မိမိကျောင်းဆောင်၊ မီးဖိုချောင်၊ တောက်ပြောင်သန့်ရှင်း ရှိပါစ။ မိမိကျောင်းဆောင်၊ သုံးအဆောင်၊ ကောင်းအောင်သန့်သန့်ထားပါကြ။ မိမိအိပ်ရာ နေထိုင်ရာ၊ ညီညာသန့်ရှင်းပြုလုပ်ကြ။ စားကြွင်းစားကျန် စွန့်ပစ်ရန်၊ မှန်မှန်နေ့စဉ် ပြုလုပ်ကြ။ စားဖွယ်သီးမျိုး တစ်ကြိမ်ခိုး၊ ထမ်းပိုးဒုက်ဆောင်ကြ၊ နှစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com

ခြောက်ဆယ်၊ သုံးကြိမ်ဝယ် တိုက်ဝယ်မနေရ။ ဖိုးထိုက်ခိုး လျှင် တစ်ကြိမ်ပင် ကျောင်းတွင်မနေရ။

## ဆက်ဆံရေး

ရဟန်းသံဃာကြွ၍လာ၊ နေရာထိုင်ခင်းပေးပါကြ။ ရဟန်းသံဃာကြွ၍လာ မြန်စွာဖိနပ်ချွတ်ကြရ။ ရဟန်းသံဃာ ကြွ၍လာ၊ ဘယ်ခါခေါင်းမြီးမခြုံရ။ ရဟန်းသံဃာတော်များ နီးအပါး၊ ဝပ်တွားရှိသေကြ။ ဘုန်းကြီး ရဟန်းလျှင် လမ်း၌ပင်၊ တွေ့မြင်လက်အုပ်ချီကြရ။ အလုပ်မှန်သမျှ ရှေ့နောက်ပ၊ မှန်စွာစဉ်းစားကြ။ ကျိုးလည်းရှိပြန်၊ မှန်လည်းမှန်၊ ကောန်ပြုရ မှုကိစ္စ။ ကျိုးလည်းရှိပြန်၊ မှန်လည်းမှန်၊ ကောန်ပြောရ မှုကိစ္စ။ ကျိုးလည်းရှိပြန်၊ မှန်လည်းမှန်၊ ကောန်ကြံရ မှုကိစ္စ။ ဒါနကိုလည်း နေ့စဉ်ပဲ၊ စွဲမြဲပြုလုပ်ကြ။ သီလကိုလည်း နေ့စဉ်ပဲ၊ မြဲပင်ချစ်ကြောက်ရိုသေကြ။ ဆရာ့ကျေးဇူး မြင်းမိုရ်ဦး၊ အထူးကျေးဇူးဆပ်ကြရ။ ကျေးဇူးဆပ်ချင် အမြဲလျှင်၊ သွန်သင်တိုင်းပင် လိုက်နာကြ။ ဆရာ့ဩဝါဒ ဆိုဆုံးမ၊ မုချနားထောင်ကြ။ ဆရာ့ဩဝါဒ တော်လှန်က၊ မုချပျက်စီးရ။ ဆရာ့ဩဝါဒ လိုက်နာက၊ မုချကြီးပွားကြ။ ဆရာကိုပင် အပြစ်မြင်၊ မှန်ပင်ပျက်စီးရ။ ဆရာကိုပင် ကျေးဇူးတင်၊ မှန်ပင်ကြီးပွားရ။ ဆရာအပြစ် ဆိုးအညစ်၊ စင်စစ်မပြောရ။ ဆရာ့ကိုမူ နှုတ်ခမ်းစူ၊ ပြန်မူမပြောရ။ ပြန်မပြောငြား ထိုသူအား၊ နှစ်ပါးကိုယ်စိတ် ချမ်းသာရ။ ဆရာ့ကိစ္စ ကိုယ့်ကိစ္စ၊ မြဲစွာမှတ်ယူကြ။ ဆရာကိစ္စကြီးငယ်ပ၊ ထကြွလုံ့လပြုကြရ။ တစ်ဦးတစ်ဦး မေတ္တာကူး၊ ကြည်နူးဝမ်းမြောက်ကြ။ တစ်ဦးဆန္ဒတစ်ဦးက၊ မြန်စွာလိုက်လျောကြ။ တစ်ဦးကိစ္စ တစ်ဦးက၊ မြန်စွာကူညီကြ။ တစ်ဦးဒုက္ခတစ်ဦးက၊ မြန်စွာဖြေရှင်းကြ။ ကိစ္စကြီးလျှင် ဆရာအရှင်၊ မှန်ပင်လျှောက်ထားကြ။ ပရိယတ် ပဋိပတ် နှစ်ဖြာ၊ သာသနာ မှန်စွာအားထုတ်ကြ။ သာသနာပြုရေး အသက်ပေး၊ မနှေးကြိုးစားကြ။ ကြိုးစားသူမှာ သာသနာ၊ မှန်စွာချီးမြှောက်ကြ။ သာသနာမှ ချီးမြှောက်သူ၊ နိဗ္ဗူလျှင်မြန်ရ။ သာသနာမှ ချီးမြှောက်သူ၊ မည်သူမဆို ကြီးပွားကြ။

## ကျင့်ကြံရေး

ကမ္မဋ္ဌာန်းထိုင်သူ သီလဖြူ၊ နိဗ္ဗူလျှင်မြန်ရ။ သွားရပ်ထိုင်လျောင်း မူပါပြောင်း၊ ကောင်းကောင်းကျင့်ကြံအားထုတ်ကြ။ တရားအလုပ် နေ့စဉ်လုပ်၊ အားထုတ်ကြိုးပမ်းကြ။ တရားမကျင့်လျှင် ကျောင်းတိုက်ပြင်၊ လျှင်လျှင်ထွက်သွားကြ။ စာမကျက်လျှင် ကျောင်းတိုက်ပြင်၊ လျှင်လျှင်ထွက်သွားကြ။ ခူရနှစ်ရပ် နေ့စဉ်မှတ်၊ မပြတ်ပြုလုပ်ကြ။ ဓမ္မကထိကများ ဟောတရား၊ မှတ်သားနာယူကြ။ တရားတော်ကို လွန်ကြည်ညို၊ ပုဂ္ဂိုလ်မချစ်ရ။ ပုဂ္ဂိုလ်ချစ်မျိုး စိတ်မရှိ၊ ကိုယ်ကျိုးပျက်စီးရ။ သူငါမြင်လျှင် မေးငေါ့ချင်၊ ကိုယ်တွင်ရှက်ကြီးရ။ လောကုတ်လောကီ ကျိုးနှစ်လီ၊ ဘယ်ဆီဟာန်မရ။ သာသနာပျက် သည်အတွက်၊ နရက်ရောက်ပြန်ရ။ လောကီမှာလည်း ကိုယ်ဖြစ်နည်း၊ ဆင်းရဲစိတ်ဒုက္ခ။ ထို့ကြောင့်သာပ ရှင်သီလ၊ လုံ့လာပြုကာ ကျင့်ပါကြ။ သတ္တဝါများ မေတ္တာထား၊ ပွားများနေထိုင်ကြ။ တစ်ဦးမေတ္တာတစ်ဦးမှာထား ရှိပါငြား၊ မှတ်သားချမ်းသာရ။ တစ်ဦးနှင့်တစ်ဦး မေတ္တာကူး၊ ကြည်နူးပျော်ရွှင်ရ။ သူများကောင်းကျိုး ရွှက်သယ်ပိုး၊ ကိုယ်ကျိုးပြည့်ဝကြ။ င[illegible]ားကိုပင် အပြစ်မြင်၊ ကိုယ်ပင်ဆင်းရဲရ။ အမျက်ဒေါသဖြစ်လာက၊ စိတ်မှပယ်ထုတ်ကြ။ မှတ်၍လည်းပယ်၊ ဆင်ခြင်ပယ်၊ အပါယ်တံခါးကြီး ပိတ်ကြရ။ ကိစ္စကြီးငယ်၊ သွားဖွယ်ရေးခင်း၊ ကြံဖွယ်လျှင်း၊ ဖော်ကင်း

---

**အမျိုးဘာသာ သာသနာအကျိုးကို**
**စိုင်စွမ်းသမျှဆောင်ရွက်နေကြပါသော**
**ထေရဝါဒဗုဒ္ဓသာသနာ**
**သီလရှင်စစ်စစ်တစ်ပါး ဖြစ်ရန်မှာ**
**အမှန်တကယ် မလွယ်ကူကြောင်းကို**
**ကြာဖလကြာလေ နားလည်လေ**
**ဖြစ်ရပါ၏။**



www.burmeseclassic.com

www.burmeseclassic.com

မသွားရ။ ပြေးလားလွှားလား၊ တဟားဟား၊ လားလား မပြုရ။ တောထဲတောင်ထဲ၊ ထင်းလည်းမခွေရ။ ရေခပ်ရေချိုး၊ သည်နှစ်မျိုး၊ ကိုယ်ကျိုးရှိအောင် သွားပါကြ။ ညာလှမ်းရုပ်နာမ်၊ ဘယ်လှမ်းဖြစ်ပျက်၊ ဆင်ခြင်လျက်၊ မပျက်သွားပါကြ။ သွားတိုင်းသွားတိုင်း စိတ်မရိုင်း၊ ကသိုဏ်းခြေမှာ ထားပါကြ။ ခြေတစ်လှမ်းမှန်၊ ကုဋေတန်၊ နိဗ္ဗာန်ရောက်မည်မှန်လေစွ။ ခြေထောက်ဗွေငင်၊ လမ်းများလျှင်၊ သွန်သင်မရ၊ ကျောင်းမှထွက်သွားကြ။ ကြီးသူရှိသေ၊ ရွယ်သူလေးစား၊ ငယ်သူအား၊ သနားကြင်နာကြ။

## သီတင်းသုံးခြင်း

သီတင်းသုံးခြင်း၊ မောက်မာခြင်း၊ ပြောခြင်းရှောင်ကြဉ်ကြ။ သီတင်းသုံးခြင်း၊ မြှောက်ပင့်ခြင်း၊ ပြောခြင်းရှောင်ကြဉ်ကြ။ သီတင်းသုံးခြင်း၊ လိမ်ညာခြင်း၊ ပြောခြင်းရှောင်ကြဉ်ကြ။ သီတင်းသုံးခြင်း၊ ကုန်းတိုက်ခြင်း၊ ပြောခြင်းရှောင်ကြဉ်ကြ။ သီတင်းသုံးခြင်း၊ ကြမ်းတမ်းခြင်း၊ ပြောခြင်းရှောင်ကြဉ်ကြ။ သီတင်းသုံးခြင်း၊ သူ့အတင်း၊ ပြောခြင်းရှောင်ကြဉ်ကြ။ မေတ္တာမထား၊ ခိုက်ရန်ပွား၊ ထွက်သွားတိုက်တာက။ ကြောင်းကျိုးမြော်မြင်၊ ဆုံးမသင်၊ အစဉ်လိုက်နာကြ။ ဧည့်သည်လာလျှင်၊ ဆရာရှင်၊ ကြိုတင်လျှောက်ထားကြ။ ရဟန်းတော်များ၊ ဇရပ်များ၊ ယောကျ်ားကင်း၍ မပင့်ရ။ ဆွေဘုန်းကြီးများ ကြွလာငြား၊ ဘုရားကျောင်းမှာ ဧည့်ခံကြ။ ညဥ့်အိပ်ပြန်လို၊ ထိုဘုန်းမို၊ ကျောင်းကိုညွှန်၍ပြ။ ထွက်ဝင်နှစ်ပါး၊ ဆရာ့အား၊ လျှောက်ထားသိစေရ။ ဆွေမျိုးတော်မတော်၊ ယောကျ်ားဖော်၊ အတော်ဝေးက ရှောင်ကြဉ်ကြ။ ယောကျ်ားနှင့်ပင်၊ ဘျွမ်းတဝင်၊ ခင်မင်မှုလည်းမပြုရ။ ဘုန်းကြီးနှင့် သီလရှင်၊ ဘျွမ်းတဝင်၊ ခင်မင်မှုလည်းမပြုရ။ ဆွမ်းဆန်လှည့်လည်၊ ရှေ့နောက်ညီ၊ တန်းစီသွားကြရ။ စကားမများ၊ မေတ္တာထား၊ တရားစိတ်နှင့် သွားကြရ။ ဆွမ်းလောင်းပြန်လျှင် သီလရှင်၊ ငယ်လျှင်မခိုင်းရ။ ဆွမ်းကပ်ပြန်လျှင် သီလရှင်၊ ငယ်လျှင်မကပ်ရ။ ဘုဉ်းပေးဆိုတမ်း၊ ရဟန်းတို့အား၊ စားသည်လား၊ စကားသည်နှယ် မမေးရ။ ဆွမ်းကပ်ပြန်ရာ၊ ဘုဉ်းပေးပါ၊ တစာစာမလျှောက်ရ။ ဆွမ်းကျွေးသောအခါ၊ ဒါယကာ၊ မခွာအပါးမှ။ အသိဉာဏ်ရရန်၊ တရားမှန်၊ ဖန်ဖန်နာယူကြ။ တရားနာလျှင် သမ္မဇဉ်၊ ဉာဏ်ယှဉ်နာကြရ။ တရားတော်အား ရှိသေငြား၊ မှတ်သားနာယူကြ။ တရားနာရင်း ခန္ဓာတွင်း၊ ဉာဏ်သွင်းနာကြရ။ တရားနာငြား စကားများ၊ လားလားမပြောရ။

## သာသနာပြုရေး

ဝေယျာဝစ္စ မှုကိစ္စ၊ ထကြွညီညာ ပြုလုပ်ကြ။ ပြုလုပ်သောအခါ စေတနာ၊ သုံးဖြာညီကြရ။ ဇွန်းသံ၊ ပန်းကန်သံ၊ စကားသံ၊ ဆူညံအောင်မပြုရ။ အရာရာမှာ သည်းခံပါ၊ မှန်စွာစီးပွားရ။ အရာရာမှာ ကြိုးစားပါ၊ မှန်စွာစီးပွားရ။ အရာရာမှာ ဉာဏ်ယှဉ်ကာ၊ မှန်စွာစီးပွားရ။ မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာရ။ သီလချစ်ငြား၊ မယ်သီအား၊ ဘုရားပျော်ပွဲ မလိုက်ရ။ အပြင်ထွက်လို၊ ဆရာ့ကို၊ လျှောက်ဆိုပန်ကြရ။

## ကျယ်ငါးပါး

စကားပြောကျယ်၊ အရယ်ကျယ်၊ အခေါ်ကျယ်၊ အချေကျယ်၊ အသမ်းကျယ်၊ ကျယ်ငါးပါးကို ပယ်ကြရ။

## များရှစ်ပါး

စကားများ၊ အရယ်များ၊ အအိပ်များ၊ အစားများ၊ နဝကမ္မဝတ္ထုများ၊ ပစ္စည်းများ၊ အရောအနှောများ၊ အလည်အပတ်များ၊ 'များ'ရှစ်ပါးကို ပယ်ကြရ။

## ကြမ်းကိုးကြမ်း

အစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံးအမကြမ်း၊ 'ကြမ်း'ကိုးကြမ်းကို ပယ်ကြရ။

အစားကြမ်း ။ ပလုတ်ပလောင်း၊ ပါးဖြန့်ဖွားဖွဲ၊ ပါးစောင်ဖုဖောင်း၊ ဟိုထွက်သည်ထွက်၊ အစားမက်နှင့်၊

www.burmeseclassic.com

ဝတ်မရှက်မျိုး၊ အစားဆိုးသွမ်း၊ လူ့ပေါက်ပန်း၊ အစားကြမ်းမှုရှောင်။

အအိပ်ကြမ်း ။ ဒူးထောင်ပေါင်ကား၊ ခြေကားရားနှင့်၊ ဝတ်စားစလစ်၊ ကိုယ်လုံးဖြစ်၍၊ ဟောက်ဟဟ်ညည်းတွား၊ ခြေခေါင်းများလည်း၊ ပြောင်းပြန်မမှန်။ လော်လီဖန်၊ အအိပ်ကြမ်းမှုကိုရှောင်။

အသွားကြမ်း ။ ခြေလှမ်းပြင်းပြင်း၊ သွားခြင်းယိမ်းယိုင်၊ ခြေမခိုင်ပုံ၊ သွားနှုန်းစုံသည်၊ အသွားကြမ်းကိုရှောင်။

အထိုင်ကြမ်း ။ နေရာမရွေး၊ ညစ်ထေးမရှောင်၊ လူလယ်ကောင်မှာ၊ ဒူးထောင်ပေါင်ကား၊ အများမြင်ဖွယ်၊ မတင့်တယ်သည်၊ အထိုင်ကြမ်းမှုရှောင်။ ဘုရားကားအောက်၊ မျောက်ကားအထက်၊ ထိုင်မှုတွက်၊ တစ်သက်ကြည့်ရှုရှောင်။

အရယ်ကြမ်း ။ ပါးရွဲ့၊ နှားရွဲ့၊ ရှေ့တိုးနောက်ငင်၊ အော်ကျယ်ဟစ်ကြီး၊ လက်ခုပ်တီး၍၊ ရယ်နည်းကြမ်းဆိုး၊ အမျိုးမျိုးကိုရှောင်။

ကိုယ်ကြမ်း ။ လူရှင်ရဟန်း၊ ဂုဏ်စုံလမ်းတွင်၊ ဂုဏဝုဓိ၊ ဝယဝုဓိ၊ မှန်းဆသတိ၊ ဂါရဝ နိဝါတ၊ အသိမဲ့ဆန်း၊ လူသော့သွမ်း၊ ကိုယ်ကြမ်းမှုကိုရှောင်။

BURMESE CLASSIC

အဆဲကြမ်း ။ နင်ပဲငဆ၊ မာန်မာနနှင့်၊ ဒေါသပြင်းထန်၊ ဆဲရေးဟန်ဖြင့်၊ မကြားဝံ့မနာသာ၊ ကြမ်းတမ်းစွာဖြင့်၊ အဆဲကြမ်းမှုရှောင်။

အဆုံးအမကြမ်း ။ အရွယ်အလိုက်၊ အမှုဆိုက်၍၊ ဆုံးမထိုက်စွာ။ ဆုံးမရှာလျှင်၊ မတော်မတရား၊ မတန်တဆ၊ ရိုင်းပြစော်ကား၊ ဆုံးမပြောသည့်၊ ဆုံးမကြမ်းမှုရှောင်။

စိတ်ကြမ်း ။ ယဉ်ကျေးထိုက်စွာ၊ ထိုလူ့ရွာတွင်၊ တရားလက်လွတ်၊ ငှက်တောင်ကျွတ်နှယ်၊ စိတ်ဝယ်ရှိသမျှ၊ မိုက်မောဟကြောင့်၊ ဒေါသပြင်းထန်၊ မကောင်းကြံသည်၊ စိတ်ကြမ်းမှုကိုရှောင်။ ကြမ်းကိုးကြမ်းကိုရှောင်၊ လူ၊ ရှင်၊ မောင်၊ လူ့ဘောင်ကောင်းကြွယ်ဝ။ သူများဥစ္စာ၊ အဖြာဖြာ၊ ဘယ်ခါမခိုးရ။ ခိုးယူပါက၊ တိုက်တာမှ၊ မုချထွက်သွားကြ။ အိုရမည့်ဘေး၊ ကြောက်အောင်တွေး၊ ပြုပေးမြတ်ပုည၊ နာရမည့်ဘေး ကြောက်အောင်တွေး၊ ပြုပေးမြတ်ပုည၊ သေရမည့်ဘေး၊ ကြောက်အောင်တွေး၊ ပြုပေးမြတ်ပုည၊ သာသနာပြုရေး၊ အလေးပေး၊ မနှေးကြိုးစားကြ။ သာသနာပြုက၊ လှူဒါန်းကြ၊ ပြည့်ဝဥစ္စာရ။ ပရိယတ်သင်သူ၊ သီလဖြူ၊ နိဗ္ဗူရည်မှန်းကြ။ ပဋိပတ်ကျင့်သူ၊ သီလဖြူ၊ နိဗ္ဗူရည်မှန်းကြ။ နိဗ္ဗာန်ဆိုတာ၊ ကျင့်မှသာ၊ မှန်စွာရနိုင်ကြ။ သီလဖြစ်ရန်၊ စိတ်ရည်သန်၊ မြန်မြန်ကြိုးစား ကျင့်ကြရ။ သမာဓိဖြစ်ရန်၊ စိတ်ရည်သန်၊ မြန်မြန်ကြိုးစားကျင့်ကြရ။ ပညာဖြစ်ရန်၊ စိတ်ရည်သန်၊ မြန်မြန်ကြိုးစားကျင့်ကြရ။ ကျင့်အားပြည့်လျှင် နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်ကြမည်ပ။ နိဗ္ဗာန်ရောက်က ဝဋ်ဒုက္ခ၊ လုံးဝကင်းစင်ရ။ နိဗ္ဗာန်ရောက်လျှင် ဒုက္ခစင်၊ ပူပင်သောက ငြိမ်းအေးရ။ အိုနာသေလည်း၊ အားလုံးပဲ၊ မလွဲလွတ်မြောက်ရ။ နိဗ္ဗာန်သောင်ကမ်း၊ မင်္ဂဖိုလ်နန်း၊ ရောက်လှမ်းနိုင်အောင် ကြိုးပမ်းကြ။ သီလရှင်မယ်၊ ဤကျင့်ဖွယ်၊ နှုတ်ဝယ်ဆောင်ကာ ကျင့်ကြရ။ ဤသည့်ကျင့်မြတ်၊ စိတ်ဝယ်မှတ်၊ မလပ်ကျင့်ဆောင်ကြ။ သီလရှင်ကျင့်ဖွယ်၊ အသွယ်သွယ်၊ မှတ်ဖွယ်နိဋ္ဌိတံ။

ယခုရေးသားဖော်ပြခဲ့သည့် သီလရှင်ကျင့်ဝတ်အသွယ်သွယ် ဆုံးမသံပေါက်များကို ကြို့ပင်ကောက်မြို့မှ ဒုတိယဗောဓိရိပ်သာ ဆရာတော်ဘုရားကြီးမှ ရေးသားပြုစုထားခဲ့ခြင်းဖြစ်ပါသည်။ အသေမဦးခင် ဦးပင်းဇင် (မြိတ်)မှ စုစည်းတင်ပြထားသည့် သီလရှင်ကျင့်ဝတ်စာအုပ်မှာလည်း ပါရှိပါသည်။


အမျိုးဘာသာသာသနာအကျိုးကို နိုင်စွမ်းသမျှဆောင်ရွက်နေကြပါသော ထေရဝါဒဗုဒ္ဓသာသနာ သီလရှင်စစ်စစ်ဘစ်ပါး ဖြစ်ရန်မှာ အမှန်တကယ် မလွယ်ကူကြောင်းကို ကြာလေကြာလေ နားလည်လေ ဖြစ်ရပါ၏။ ထို့ကြောင့် ဘိလရှင်ဆရာကြီး၊ ဆရာလေးများအား ကြည်ညိုစွာ ဦးညွှတ်ပူဇော်ကာဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။ ။

လေးသူစံ



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်တွေ့ အမေရိကား

## CREDIT CARD နှင့် အကြွေးဝယ်ခြင်းများ

မောင်ကောင်းမြင့်

"အကြွေးကတ်"ဟု အချို့က အလွယ်တကူ ခေါ်ကြသည်။ အချို့က "ယုံကြည်မှုကတ်"ဟု ဘာသာပြန်ကာ သုံးကြသည်။ ထိုဝေါဟာရမှာ အသုံးကျ မှုအပေါ် တစ်ဖက်စီကကြည့်၍ ပြောကြခြင်းကြောင့် တစ်ခုတည်းပင် ဖြစ်နေရား မိမိက သူ့အခေါ်အတိုင်း (အင်္ဂလိပ်အသံထွက်အတိုင်း) "ခရက်ဒစ်တ်ကတ်"ဟုသာ သုံးလိုက်ပါ၏။

အမေရိကန်တွင် စရောက်ပြီး ကတည်းက ကြားရသော အသံများထဲ၌ "ခရက်ဒစ် စကိုး"(Credit Score)၊ ခရက်ဒစ်ချက်(Credit Check) စသည်တို့ ပါဝင်၏။ ခရက်ဒစ် အမှတ်ကောင်းဖို့လိုသည်။ စစ်ဆေးလိုက်လျှင် စိတ်ချရဖို့ လိုသည်။ သို့မှသာ အိမ်တား၊ အိမ်ဝယ်ဖို့ လွယ်သည်ဟု ဆို၏။ တစ်ခုခု (ပစ္စည်းကြီး)ဝယ်တော့မည်ဆိုလျှင် မိမိမှာ ခရက်ဒစ် (ယုံကြည်စိတ်ချရမှု) ကောင်းပါမှ လက်ခံသည်ဟု ဆို၏။ သို့ဖြစ်ရခြင်းကား အဘယ့်ကြောင့်နည်း။

ဤနိုင်ငံသို့ရောက်ပြီး မကြာမီ (ခြောက်လအထက်)လောက်ရှိလျှင် Credit Card ရဖို့ စပြီး လျှောက်ထား



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ ဘဏ်တစ်ခုခုတွင် မိမိအပ်ငွေ ရှိလျှင် ထိုဘဏ်က ထောက်ခံချက် ပေးနိုင်သည်။ သို့မှမဟုတ် ခရက်ဒစ်ကတ် ထုတ်ပေးသော ကုမ္ပဏီများတွင်လည်း လျှောက်နိုင်သည်။ Master, Visa, American Express နှင့် Discover စသော ကုမ္ပဏီကြီးများက ထုတ်ပေးသည်။ အချို့က သတ်မှတ်ထားသော ကတ်ပြားကြေး ပေးဆောင်ထားကြရ၏။ အချို့က ကြိုတင်သွင်းထားငွေ မလိုသည်လည်း ရှိ၏။

ထိုခရက်ဒစ်ကတ် လျှောက်လွှာတွင် ထောက်ခံချက်ပေးရသည်လည်း ရှိ၏။ မိမိအမည်ဖြင့် ကတ်ရပြီဆိုပါစို့။ ထိုကတ်တွင်ဖော်ပြထားသော သတ်မှတ်အသုံးစရိတ်ကို သတ်မှတ်ကာလအတွင်း သုံးနိုင်သလို သုံးပြီးတိုင်း သတ်မှတ်ရက်အတွင်း ပြန်ဆပ်ရသည်။ တိုက်ရိုက်ငွေသား၊ သို့မဟုတ် Money Order၊ သို့မဟုတ် Online မှ ပေးချေရသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အတိုးပေးရသည်။ မိမိဘက်မှ ပေးဆောင်ရန် ပျက်ကွက်ပါက ထိုပျက်ကွက်မှုသည် "မှတ်တမ်းဝင်"သွားပြီနောင်အခါ Credit Check သော ကိစ္စပေါ်လာပါက "အရိုးတွန်"တတ်သည်။ သည်နေရာတွင် "Pass Word" ကိစ္စ number များအကြောင်း ပြောလိုသည်။ ကွန်ပျူတာမှအစ ကတ်မျိုးစုံ၊ မှတ်ပုံတင်မျိုးစုံသည် လျှို့ဝှက် Password နှင့် ဂဏန်းနံပါတ်များ ပေးထားရာ ထိုနံပါတ်များ ကို်နိုင်သောအခါ အခြားသူတစ်ဦးတစ်ယော ရှု့တွင် ဖြစ်ပါက ထိုသူကလည်း မျက်နှာလွှဲနေလေ့ရှိသည်။ "လျှို့ဝှက်"ဟု သတ်မှတ်ခြင်းဖြစ်၏။ ထို့ကြောင့်လည်း ဤနံပါတ်များကို (မလိုလားအပ်သောကိစ္စ၊ အလွဲသုံးစားပြုခြင်း၊ ငွေခိုးထုတ်ခြင်း) စနစ်တကျသုံးကြရသည်ဟု ဆိုပါသည်။

အတိုချုံးဆိုရလျှင် Credit Card သုံးခြင်းကြောင့် ငွေကိုင်ရသော ဒုက္ခတော့ ငြိမ်းသည်။

အမေရိကန်နိုင်ငံတွင် ဒေါ်လာ ၁၀၀ တန် ဆိုပါက (တော်ရုံဆိုင်များက လက်မခံ) အသုံးခက်တတ်၏။ များသောအားဖြင့် ၂၀ တန် အများဆုံးထားသုံးကြ၏။ အလိုအလျောက် ငွေလက်ငွေလက်ခံသော MTA ရထားလက်မှတ်စက်တွင် ၂၀ တန်ထက် ပိုထည့်၍မရ။ ၂၀+···· ထည့်ရသည်။ (အလားတူ ATM စက်များတွင်လည်း ငွေထုတ်သောအခါ သတ်မှတ်ငွေ ထားရှိသည်။ များသောအားဖြင့် အရွက်ကြီးကို ငွေများများပေးချေသောအခါမှတစ်ပါး လက်ကိုင်ထား သုံးလေ့မရှိပါ။) တစ်ကျပ်တန်၊ နှစ်ကျပ်တန်၊ ငါးကျပ်တန်၊ ၂၀ တန်မှ အများဆုံး ၅၀ တန်လောက်ပဲ ကိုင်ထားကြသည်။ (၁)ဆိုပါကလည်း ဝယ်နိုင်သော ပစ္စည်းများစွာ ရှိနေသည်ကိုး။ နောက်ပြီး အနုတ်ငွေ (အကြွေ)ပြန်အမ်းရာတွင် ၁ ပြားမှအစ အတိအကျ အတိမ်းအစောင်းမခံ (ပေးသူကလည်း ပေးရသလို၊ ဝန်ထမ်းငွေကိုင်ကလည်း) အမ်းကြ၊ ပေးကြသည်။ ၈၁ ပြားဆိုက အတိအကျပေးလျှင်ပေါ့ တစ်ကျပ်တန် ပေးက ၁၉ ပြား အတိအကျ ပြန်ပေးသည့် ကောင်းသောစနစ်ရှိသည်။ (မြန်မာနိုင်ငံတွင် ဖုန်းငွေသွင်း၊ လျှပ်စစ်မီတာငွေသွင်းနှင့် အချို့ငွေသွင်းရသော ကိစ္စဆိုပါက အနုတ်ကို အကြောင်းပြု၍ ၁၀-၂၀ မှ ရာဂဏန်းအထိ ပြန်မအမ်းတာမျိုး ကြုံရတတ်ပါသည်။ စနစ်ကောင်းခြင်း၊ အထူးသဖြင့် ငွေအကြွေပြဿနာ မရှိခြင်း၊ တစ်ဦးနှင့်တစ်ဦး မပိုကြေး မလိုကြေး ကျင့်ခြင်းမှာ အတုယူထိုက်ပါသည်။)

Credit Card ဖြင့် သုံးသောကြောင့် ငွေအများကြီးကိုင်စရာ မလိုခြင်းကြောင့်လည်းကောင်း၊ ငွေကို စနစ်တကျ ပိုက်ဆံအိတ်တွင် အပြန့်လိုက်ထည့်ထားပြီး (ပိုက်ဆံခေါက်အိတ်လည်းရှိသလို၊ အရွက်လိုက်အိတ်များလည်းရှိရာ) သုံး၍လည်းကောင်း၊ ငွေစက္ကူများမှာ အပွန်းအပဲ့၊ အပေအတေ၊ အစုတ်အပြတ် နည်းပါးလှသည်။ ငွေကိုင်များ၏ ငွေသေတ္တာတွင် တန်ဖိုးအလိုက် (အကြွေအပါအဝင်) အံခွက်ကလေးများနှင့် အပေါ် ဖိထားသော အဖုံးကလေး ပါရှိ၍ အထားအသို၊ အသိမ်းအဆည်း လွယ်ကူ၏။


ကား၊ အိမ် စသည်တို့ ဝယ်ပါက မိမိ၏ ဝင်ငွေ၊ မိမိသုံးနေသော Credit Score တို့ အရေးပါလာသည်။ အားလုံးကို အကြွေးစနစ်ဖြင့် ဝယ်နိုင်သည်။ လက်ငင်း ဝယ်နိုင်ကြသော်လည်း လစဉ်ဆပ်စနစ်ဖြင့်သာ ဝယ်ကြသည်လည်းရှိ၏။ ဥပမာ - အိမ် (သို့) ကားဝယ်လျှင် လက်ငင်းပေးငွေ down payment ကို တန်ဖိုးမှနုတ်ပြီး ကျန်ငွေကို လစဉ်ဆပ်ငွေ + အတိုးဖြင့် သတ်မှတ်ထားသော လအတိုင်း ပေးဆပ်သွားကြရသည်။ လက်ထဲသို့ ကား/အိမ် ပြီး

www.burmeseclassic.com

သောအခါ မိမိတွင် "အကြွေးဝန်ထုပ်" တင်နေပေတော့သည်။

"အကြွေး"ဖြင့် ချည်နှောင်ထားသောစနစ်ဟု ဆိုချင်သည်။

လစဉ် အကြွေးဆပ်နေရသောကြောင့် ပေးဆပ်ပြီးသမျှ ငွေအပေါ် သံယောဇဉ်ရှိလာသည်။ ထို ကား/အိမ်ကို ငွေမပြေမချင်း စွန့်လွှတ်မရ ဖြစ်လာ၏။ ငွေများလျှင် များသလောက် နှစ်ကြာသည်ဖြစ်ရာ ထိုနှစ်များအတွင်း ပြေအောင်ဆပ်နိုင်ဖို့ အားထုတ်ရတော့၏။ အကြွေးမကျေပါက ကား/အိမ် ပြန်သိမ်းသွားပေလိမ့်မည်။ ထို့ကြောင့် သည်နိုင်ငံတွင် အလုပ်မပြုတ်ဖို့ (ဝင်ငွေအမြဲရှိနေဖို့) အားထုတ်ကြရ၏။ အကြောင်းကြောင်းကြောင့် အလုပ်ရပ်နားရပါက တစ်လ(နှစ်လ)ထက်ပိုနေလျှင် ပြဿနာစုံ တက်ပေတော့မည်။ ထို့ကြောင့် အလုပ်တာဝန် ကျေပွန်ရသည်။ (ငွေရနိုင်သော အချိန်ပိုင်းများကိုလည်း လုပ်ကြသေးသည်။) အလုပ် = ဝင်ငွေ ညွှန်းဂဏန်း ဖြစ်၏။



ကားဝယ်သည် ဆို၍ ကားအကြောင်း အနည်းငယ် ပြောလိုသည်။ ကားမှာ ထောင်ကြီးဂဏန်းမှ သောင်းကြီးဂဏန်းအထိ အစားစားရှိသည်။ လက်ငင်းပေးငွေလည်း အမျိုးမျိုးရှိ၏။ လပေးစနစ်မှာ ၂၄ လ-၃၆ လ စသဖြင့်ရှိသည်။ (တော်တော်ထူးခြားပုံမှာ လစဉ်ဆပ်ငွေများ၌ ဥပမာ ၂၄၀·၉၉ ဟူသော သတ်မှတ်ချက်မျိုး။ သည်နိုင်ငံက ၉၉ ကို သဘောကျပုံ ရသည်။ ၉၉ ဆင့်ဆိုင် [အမည်နှင့်တွဲလျက် 99C UP = ၉၉ ဆင့်တန်မှအထက် ရောင်းကြောင်းကြော်ငြာ) ၁·၉၉ မှ ၂၀၀·၉၉ ထိ နောက်က ၉၉ တွေ ထပ်တပ်ပေးသည်။ တကယ်လည်း ၁ ပြားကို ပြန်အမ်းကြောင်း ရေးခဲ့ပြီး ဖြစ်သည်။]

ကားဝယ်လွယ်၏။ အာမခံကြေး (ကားနှင့်လူအတွက်က များ၏)အတွက် ပေးဖို့လိုသည်။ နောက် ကားရပ်နားဖို့ ခက်သည်။ အိမ်များက မိမိ၏ အိမ်ရှေ့တွင် အခွန်ပေးပြီး ရပ်နားခွင့်ယူထားသဖြင့် အိမ်ရှေ့များတွင် drive way ဆိုသော စာများ ရေးထားကြသည်။ လမ်းဘေးတွင် ယာဉ်ရပ်ပါက မီတာ ဘိုင်၌ ပိုက်ဆံထည့်ပြီး ငွေပြေစာကို ကားမှာကပ်ခဲ့ရ၏။ သို့မဟုတ်ပါက Ticket "ဒဏ်ငွေဆောင်ပါ" စာရွက်ရလိမ့်မည်။ မြို့ထဲတွင် ကားရပ်နားရာ Parking မှာ အပ်ရ၏။ နာရီဖြင့်ပေးဆောင်ရသည်။ ကားရပ်နားရာနေရာမှာ အပ်ကားများလွန်းသဖြင့် အထပ်ထပ် အဆင့်ဆင့် လုပ်ထားရသည်။ ကားရပ်နားဝင်း၌ တစ်နာရီမှ အထက်ကို နေရာအလိုက် သတ်မှတ်နှုန်းပေးရသည်။ ခရီးစရိတ်ထက် ကားရပ်နားခက ပိုသဖြင့် ကားကို အိမ်မှာပဲထားပြီး Subway, bus ဖြင့်သာ (အများအားဖြင့်) သွားကြရ၏။ ရုံးဝေးကဆိုက ဘူတာရုံနားက အခပေး ကားရပ်နေရာ၌ အပ်ထားခဲ့ရ၏။ သည်မှာက ကားစရိတ်ထက် ကားရပ်စရိတ်က "စား"သည်။

အိမ်မှာလည်း ထို့အတူ။ အိမ်ဝယ်ပြီးပါက အိမ်နှင့်ဆိုင်သော အခွန်အမျိုးမျိုး ဆောင်ရ၏။ ထို့ပြင် အိမ်ရှေ့မှာ အမှိုက်(သစ်ရွက်ကြွေချိန်) လှည်းရသလို နှင်းခဲများ(ဆောင်းရာသီ)မှာ ဖယ်ရှားပေးရသည်။ အိမ်ရှေ့မှာ တစ်ခုခုဖြစ်လျှင် အိမ်ရှင်မှာ တာဝန်ရှိသည်။ တစ်နှစ်တစ်ကြိမ် စစ်ဆေးရေးလာသည်။ မိမိ အိမ်နှင့် ပတ်သက်သမျှ တာဝန်ရှိ၏။ "ခွေးမွေးလျှင် လိုင်စင်ယူပါ" (Got a dog, get a license) ဟူသော ကြော်ငြာစာများ ရထားတွင် တွေ့ရ၏။ အိမ်ရှေ့များ၊ ပန်းခြံများတွင် "မိမိခွေးတာဝန် မိမိယူသွားပါ"ဟူသော စာများတွေ့ရ၏။ မိမိကိစ္စ မိမိတာဝန်ယူရသည်။ မိမိနှင့် မဆိုင်ဟု ငြင်း၍မရ။ တရားစွဲခံရလိမ့်မည်။ ထို့ကြောင့် ကြမ်းပြင်ခင်းထားသော နေရာများ မိမိတိုက်အတွင်း၌ (အများစုနေသော apartment) "ရေစိုနေသေးသည်၊ သတိပြု"ဆိုသော သတိပေးစာ ဆိုင်းဘုတ် ထောင်ထားရ၏။ အလားတူ လုပ်ငန်းခွင်အနီးအပါး၌ သတိပေးစာများ ကပ်ထားရ၏။ အသိပေးစာ၊ နှိ

www.burmeseclassic.com

ဆော်စာ အရေးဆုံး၊ လမ်းညွှန်ဆိုင်းဘုတ်အရေးဆုံး နိုင်ငံဟု ဆိုနိုင်သည်။ ရထားပေါ်၌လည်း "အမျိုးသမီးများကို စော်ကားမှုပြုပါက ထောင် ၇ နှစ် အပြစ်ပေးခံရမည်"ဟူသော စာများတွေ့နေရသည်။ အားလုံးကို ဥပဒေအရ ပြစ်ဒဏ်သတ်မှတ်ချက်အမျိုးမျိုးကပ်ထားသည်။ မသိပါဟု ငြင်း၍မရအောင် "အသိပေး"ထားသည်။

ပြန်၍ ကောက်ကြောင်းစို့။

"အကြွေး" သို့မဟုတ် "ယုံကြည်မှုကတ်"ဖြင့် ဝယ်နေတော့ မည်သူက ဆပ်သနည်း။ ဘာမှ အကျိုးခံစားခွင့်မရှိဘဲနှင့်တော့ အလကားသက်သက်မေတ္တာရည်၍ ဆပ်ပေးနေလိမ့်မည် မဟုတ်။ ထိုအာမခံ ကုမ္ပဏီများကလည်း အကျိုးရှိ၍ပင်။ ကတ်အလိုက် ကြိုသွင်းရငွေ ရသည်။ ရက်လွန် အတိုးရသည်။ နောက်ပြီး ဝယ်သမျှပစ္စည်းများမှ saving ဖြတ်သောငွေကို ထိုကတ်ကုမ္ပဏီက ရသည်။ ငွေဖြင့် အတိုးရယူနေခြင်း ဖြစ်သည်။ ဘဏ်တွေကလည်း အတိုးဖြင့် ရပ်တည်နေခြင်းဖြစ်၏။ အပေါင်ထားခြင်း mortgage မှရသည်။ ထို့ကြောင့် အိမ်ဝယ်သူတွေက အမြဲ အော်နေသံမှာ mortgage ဟူသော စကားလုံးဖြစ်၏။ (ကျောင်းဝယ်ထားသော သံယာတော်အချို့ပင် ညည်းညူကြရသည်အထိ အကြွေး၊ အတိုး လုံးချာနေသော စနစ်ဖြစ်သည်။)

ဘဏ်လုပ်ငန်း သဘာဝကပင် အတိုးပေါ် ရပ်တည်နေခြင်းဖြစ်သည်။ ဘဏ်ချေးငွေအတိုးနှင့် ဘဏ်ပေးသော အတိုး ကွာခြားမှုက လည်ပတ်မှုတစ်ရပ်

> *ဘဏ်လုပ်ငန်းသဘာဝကပင် အတိုးပေါ် ရပ်တည်နေခြင်းဖြစ်သည်။ ဘဏ်ချေးငွေအတိုးနှင့် ဘဏ်ပေးသောအတိုး ကွာခြားမှုက လည်ပတ်မှုတစ်ရပ် ဖြစ်စေသည်။ အပ်ထားသောငွေများဖြင့် ရပ်တည်လည်ပတ်နေသော စနစ်လည်း ဖြစ်သည်။*

ဖြစ်စေသည်။ အပ်ထားသောငွေများဖြင့် ရပ်တည်လည်ပတ်နေသော စနစ်လည်း ဖြစ်သည်။ ဟုတ်၊ မဟုတ် ဘဏ်များ၌ အပ်ငွေ အလုံးအရင်းကြီးဖြင့် ထုတ်သွားမည်ကို စိုးရိမ်သောကြောင့် အကာအကွယ်အမျိုးမျိုးနှင့် ဆွဲဆောင်မှုအမျိုးမျိုး လုပ်ထားရသည်ကို တွေ့ရသည်။ ဆိုက်ပရပ်၌ ဘဏ်များမှ အပ်ငွေထုတ်သွားမည်စိုးသောကြောင့် (ဘဏ်အကျပ်အတည်း တွေ့နေချိန်၌) ငွေမထုတ်နိုင်အောင် ဥပဒေဖြင့် ပြဋ္ဌာန်းမှုကို မတ်လအတွင်းက ပြုလုပ်ခဲ့ကြောင်း သတင်းများ၌ ဖော်ပြထားသည်။

အကြွေးကတ်သည် ကောင်းကွက်ရှိသလို၊ တစ်ဖက်၌လည်း လိုအပ်ချက်များရှိသည်။ အထူးသဖြင့် ကတ်ဖြင့် သုံးသူများသည် မိမိဝင်ငွေနှင့် မိမိအခြေအနေကို အမြဲဆင်ခြင်နေဖို့ လိုသည်။ "ကြွေး"မှတ်စနစ်၌ "အတိုး"ရှိသည်ကို သတိချပ်သင့်သည်။

ဤစာ၌ တစ်ဆက်တည်း ရေးလိုသည်မှာ စတိုးဆိုင်ကြီးများ (ဥပမာ- Cosco, Macy's) တို့မှာ အဖွဲ့ဝင်ကတ်လုပ်ထားလျှင် လျှော့နှုန်းပို ရတတ်သည်။ ဒါပေမယ့် အဖွဲ့ဝင်နှစ်စဉ်ကြေးက ရှိနေတတ်တော့ မိသားစုများရင် (အဝယ်အခြမ်းများလျှင်) တွက်ခြေကိုက်သည်။ တစ်ယောက်၊ နှစ်ယောက် သမားတွေတော့ မဝင်တတ်ကြပါဘူး။ ဈေးဝယ်လျှင် လျှော့နှုန်းပေးတဲ့ အခါကြီးရက်ကြီးနှင့် အခါအားလျော်စွာ ဈေးချရောင်းတဲ့နေ့ကို စောင့်ပြီးဝယ်ရင် သက်သာစွာ သုံးနိုင်တာပေါ့။ နောက်ပြီး အိမ်ပေါက်စေ့ လိုက်ဝေတဲ့ လက်ကမ်းကြော်ငြာတွေက လျှော့နှုန်းကူပွန်ကလေးတွေသုံးရင် သက်သာတာပေါ့။ သုံးတတ်ဖို့ပဲ လိုပါတယ်။

နိုင်ငံခြားဆိုတာ အနေခြားတဲ့ နိုင်ငံမို့ ခြားနားတဲ့ ဓလေ့တွေကို သိထားရင် အကျိုးရှိနိုင်ပါတယ်။ သိအောင်လည်း လေ့လာဖို့ လိုပါတယ်။ ဒါမှ ဆင်ခြင်နိုင်မှာပါ။ မိတ်ဆွေကြီး ကိုနီက "ခြေကျွံသူများ"ဆိုပြီး ပြောပါတယ်။ ကြမ်းကျွံတဲ့ ခြေကို နုတ်ရင် နုတ်ရ နည်းနည်းခက်သလို၊ နည်းနည်းလည်း နာတတ်ပါတယ်။ စဉ်းစားဖို့နှင့် ဆင်ခြင်ဖို့ပါပဲ။

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ပေါင်း (၃၀)ကျော် အောင်မြင်နေတဲ့ ကချင်ဆေးဆရာမကြီး ဒေါ်နန်းထူ



♦ သွေးတိုး၊ အကြောတက်ခြင်း၊ နောက်ကြောတက်၊ မျက်နှာလေဖြတ်၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ လူကြီးလူငယ်မရွေး ဖြစ်တတ်သော အကြောရောဂါ၊ လေငန်း၊ လေဖြတ် ရောဂါများကို အထူးသက်သာစေတဲ့ အကြောအားဆေးဝိဇ္ဇာ။

♦ သွေးအားနည်း၊ နှလုံးတုန်၊ စိတ်ခြောက်ခြား အိပ်မပျော်၊ ဓမ္မတာမပေါ်/ကျန် ကိုက်ခဲခြင်း၊ အဖြူဆင်း၊ အားကုန်၊ အသားဖြူလျော်၊ သွေးသားခြောက်ခမ်းခြင်းများအတွက် ကချင်သွေးအားတိုး အားဆေးကြီး။

♦ ခန္ဓာကိုယ် ထုံကျင်လေးလံခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထခြင်း၊ အဆစ်လွဲခြင်း၊ အကြောလွဲ၊ အကြောကပ်ခြင်းများ ရောဂါမျိုးစုံတို့အတွက် အဆိပ်ပြေ ရောဂါချမြစ်ဖြစ်စေတဲ့ ကချင်မရှောစားဆေးကြီး ရရှိနိုင်ပါသည်။

**• လေဖြတ်လေငန်း ဝေဒနာရှင်များအတွက် ဆရာမကြီးနှင့် ဆွေးနွေးတိုင်ပင် ကုသနိုင်ပါတယ်။**

အိမ်အမှတ်(၃၁၆)၊ သခင်ဖိုးလှကြီးလမ်း၊ စိမ်းကိန်း(၁)၊ တောင်ဥက္ကလာပ။
နေ့စဉ် နံနက် (၇း၀၀) မှ (၁၁း၀၀) နာရီထိ။
ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅၊ ၀၉-၄၂၅၃၀၇၃၈၈၊

မြန္မာဆေးတိုက် - ဆေးခန်းအမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း KBZ ဘေး
နေ့လယ် (၁၂း၀၀) မှ ညနေ (၄း၀၀) နာရီထိ။ ဖုန်း - ၀၁-၃၈၇၀၉၇
(တနင်္ဂနွေနေ့ ပိတ်သည်)

www.burmeseclassic.com

www.burmeseclassic.com

# လူ နှင့် ရတနာ တန်ခိုး

## ရတနာတန်ခိုးနှင့်လူ

■ အောင်ဘုန်းမြင့်(ကချင်မြေ)

### ရတနာတို့၏ သိဒ္ဓိစွမ်းအား

အမိ ပထဝီမြေထဲမှ တူးဖော်ရရှိသော ကျောက်မျက်ရတနာများ၌ လွန်စွာထူးခြားပြီး မမြင်မတွေ့နိုင်သည့် သိဒ္ဓိစွမ်းအား ဂုဏ်သတ္တိတန်ခိုးများ ရှိနေသည်ဟူသော ယုံကြည်မှု အယူအဆများကို ခေတ်အဆက်ဆက်က လူသားတိုင်း၏။ ဗိညာဉ်နှလုံးသားထဲ အစဉ်ထာဝရ နက်နက်ရှိုင်းရှိုင်း စွဲမြဲခံယူလျက်ရှိ၏။ ထို့ပြင် လူသားတို့၏ အမြတ်နိုးဆုံး ပစ္စည်းရတနာလည်း ဖြစ်သည်။

သို့ဖြစ်၍ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ ဘဝဇာတ်ခုံအမျိုးမျိုး၌ လှုပ်ရှားနေကြသူများ၊ နိုင်ငံရေးသမားများ၊ စီးပွားရေးလောကသားများ၊ စစ်ဘက်နယ်ဘက်နှင့် နိုင်ငံ့ဝန်ထမ်းများ၊ နယ်မြေပေါင်းစုံမှ ထင်ရှားသော ပုဂ္ဂိုလ်များ၊ ရွှေထောင့်စုံမှ သာမန်လက်လုပ်လက်စား အစရှိသော အယုတ်၊ အလတ်၊ အမြတ်မရွေး လူသားအားလုံးတို့သည် ကျောက်မျက်ရတနာတစ်မျိုးမျိုးကို ယုံကြည်မှု၏ အတွင်းစိတ်သန္တာန်ဖြင့် ဆောင်ထားကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပြီးဖြစ်၏။ လူသားတည်ရှိသမျှ ဆက်လက်ဆောင်ထားကြဦးမည်မှာ မလွဲပါ။

ကျောက်မျက်ရတနာများကို လူသားတို့က အလှအပလက်ဝတ်ရတနာအဖြစ်လည်းကောင်း၊ ကျော်ဇောကိတ္တိအတွက်လည်းကောင်း၊ လူချစ်လူခင် ပေါများစေရန်၊ ပီယသိဒ္ဓိအဖြစ်နှင့်လည်းကောင်း၊ ကျန်းမာရေးအတွက်လည်းကောင်း၊ မကောင်းသော ဘေးအန္တရာယ် အတားအဆီး အနှောင့်အယှက်မှ ကင်းဝေးလွတ်ငြိမ်းစေရေးအတွက်လည်းကောင်း၊ စီးပွားဥစ္စာ၊ လာဘ်သပ်ပကာရ ပေါများစေရေးအတွက်လည်းကောင်း ဝတ်ဆင်ဆောင်ထားလေ့ရှိကြ၏။

### ရတနာဝတ်ဆင်ခြင်း

ရတနာဝတ်ဆင်ခြင်းဓလေ့သည် ရှေး ဘီစီ ၅၀၀၀ ခန့်ကတည်းက စတင်ထွန်းကားခဲ့ခြင်း ဖြစ်သည်ဟူ၏။ အနောက်တိုင်းနိုင်ငံများတွင် စိန်သည် ရတနာတို့၏ ဘုရင်ဖြစ်ပြီး အရှေ့တိုင်းနိုင်ငံများတွင်မူ ပတ္တမြားသည် ရတနာအားလုံးတို့၏ မကိုဋ်သရဖူဖြစ်သည်။ မြန်မာလူမျိုးတို့ အမြတ်နိုးဆုံး ဝတ်ဆင်ကြသော ရတနာများသည် ရှေးအိန္ဒိယနိုင်ငံမှ ဆင်းသက်လာသော အယူအဆရှိသည့် နဝရတ်လက်စွပ်တွင် ပါဝင်သော အဓိပတိ ရတနာကိုးပါးဖြစ်၏။ ရှေးက အိန္ဒိယနိုင်ငံဘုရင်များသည်လည်း ဝတ်ဆင်ခဲ့ကြသည်။

အဓိပတိ ရတနာကိုးပါးတို့မှာ (၁) ပတ္တမြား-ဘုန်းတောက်၊ (၂) မြကျောက်-အေးချမ်း၊ (၃) စိန်စွမ်း-ဂုဏ်ရောင်၊ (၄) ကြောင်ကား-သိဒ္ဓိ၊ (၅) မဏိနီလာ-မေတ္တာကံချုပ်၊ (၆) ဂေါ်မုတ်-ခွန်အား (၇) ဥဿဖရား-ကျန်းမာ၊ (၈) သန္တာ-ကြီးကဲ၊ (၉) ပုလဲ-ကျက်သရေ ကိုးဂုဏ်ဓာသည်ဟူ၍ ဖြစ်လေသည်။

ယင်းရတနာများထဲတွင် စိန်ဖြူသည် အလုံးစုံသော သိဒ္ဓိစွမ်းအားကို ပေးနိုင်သည်။ စိန်နီသည် ရောဂါဘယများမှ ကင်းဝေးစေနိုင်သည်။ စိန်ဝါသည် ဥစ္စာဓနကို တိုးပွားစေနိုင်သည်။ စိန်နက်သည် အရွယ်ကို ကျန်းမာနုပျို ခိုင်မြဲစေနိုင်သည်။ မည်သည့်စိန်မျိုးဖြစ်စေ အထက်ပါကောင်းကျိုးများကို တိုးပွားစေနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပတ္တမြားသည် ဘုန်းကျက်သရေ ထွန်းတောက်စေနိုင်ပြီး ရန်သူအပေါင်းတို့ကို ချေမှုန်းအောင်မြင်စေနိုင်သည်။ အလုံးစုံသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံစေပြီး လုံ့လစွမ်းအားကို တိုးပွားစေနိုင်ပါသည်။

နီလာသည် ရတနာအားလုံးတို့၏ အချုပ်မိခင်ရတနာဖြစ်ပြီး မေတ္တာစာတ်ကို ခိုင်မြဲအရှည်ရှည်စေနိုင်သည်။ မုန်းစကို တိုစေနိုင်ပြီး၊ ချစ်စကို ရှည်စေနိုင်သည်။ အချစ်မေတ္တာပေါင်းကူးတံတား ဖြစ်စေနိုင်ပါသည်။

ဥဿဖရားသည် ဝမ်းမီးကို **တောက်စေပြီး** အစာကို ကြေလွယ်စေနိုင်သည်။ အားနှင့်လုံ့လကို တိုးပွားစေနိုင်သည်။ အရွယ်တင်စေပြီး နုပျိုကျန်းမာကာ အသက်ရှည်စေနိုင်သည်။ ၉၆ ပါးသော ရောဂါအပေါင်းတို့မှ ကာကွယ်ပေးနိုင်သည်။

သန္တာသည် မြင့်မြတ်သော အကြီးအကဲဖြစ်စေနိုင်ပြီး ရာထူးဌာနန္တရ တိုးတက်ခိုင်ခြဲစေနိုင်သည်။ ရောက်ရာအရပ်၌ လူချစ်လူခင် ပေါများစေပြီး အကြီးအမှူးဖြစ်စေနိုင်သည်။ ရှုးသွပ်နာ၊ အဆီခဲနာများမှ ကင်းစေနိုင်သည်။

ပုလဲသည် လူ့ဂုဏ်ကျက်သရေ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံခညောင်းစေနိုင်သည်။ စိတ်နှလုံးကို ပျော်ရွှင်ချမ်းမြေ့စေနိုင်သည်။ အရောင်အဆင်းကို လှပတင့်တယ်စေနိုင်ပြီး အမျိုးမျိုးသော ရောဂါဘယတို့မှ ကင်းပစေနိုင်သည်။

မြကျောက်သည် ဘဝကို **သာယာအေးချမ်းစေနိုင်၏။** အပူသောကများကို ငြိမ်းအေးစေနိုင်ပြီး စိတ်နှလုံးချမ်းမြေ့စေနိုင်၏။ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းစေပြီး ဩဇာအာဏာကို တိုးပွားစေ၏။ ကောင်းကျိုးချမ်းသာများကို ဖြစ်စေနိုင်သည်။

ကြောင်ကျောက်သည် **အတတ်ပညာ**၊ အသိပညာ တိုးပွားစေပြီး လောကီ၊ လောကုတ္တရာပညာများကို ရရှိစေနိုင်၏။ ဝိဇ္ဇာပညာရပ်များကို ပွားစေနိုင်ပြီး သိဒ္ဓိစွမ်းအားများကို ရရှိစေနိုင်၏။ ကြောင်ကျောက်ကို ဝတ်ဆင်ထား၍ ဝိပဿနာ သမထတရားများ ကျင့်ကြံအားထုတ်လျှင် ဉာဏ်စဉ်ပွင့်၍ တရားထူးရလွယ်စေနိုင်သည်။

ဂေါမိတ်ကျောက်သည် ကျန်းမာခွန်အား ကြီးမားစေနိုင်၏။ နုပျိုအရွယ်တင်စေ၍ အသက်ကို **ရှည်စေနိုင်၏။** နှုတ်ကို မြိန်စေ၍ အစာကို ကြေလွယ်စေနိုင်၏။ သလိပ်သည်းခြေနာကို နိုင်၏။ ကိုယ်ရေကိုယ်ဝါကို ကောင်းစေပြီး အသားအရေများကို နုပျိုလှပစေ၏။ ပျက်သောလေကို ငြိမ်းစေပြီး လုံ့လနှင့် ခွန်အားကို တိုးပွားစေနိုင်သည်။

နဝရတ်ကိုးပါးတွင် မပါဝင်သော်လည်း မြန်မာလူမျိုးတို့ နှစ်သက်မြတ်နိုး အသုံးများသော ကျောက်မျက်များမှာ ၁။ ကျောက်စိမ်း ၂။ မဟူရာကျောက်၊ ၃။ ပယင်းကျောက်၊ ၄။ သလင်းကျောက်၊ ၅။ အညှံ့ပန်းကျောက်များ ဖြစ်လေ၏။ နဝရတ်ကိုးပါး ကျောက်များကဲ့သို့ အသုံးများသော ကျောက်ဖြစ်သည်။

ကျောက်စိမ်းသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေနိုင်သော မင်္ဂလာအဆောင်အယောင် ပစ္စည်းဖြစ်လေ၏။ ဝတ်ဆင်သူများကို အလှကြွယ် ပန်းတင့်စေနိုင်ပြီး မင်္ဂလာရှိစေနိုင်၏။ တရုတ်လူမျိုးတို့၏ အမြတ်ငါးပါး ရတနာလည်းဖြစ်၏။ အကျိုးစီးပွားဝင်စေနိုင်သော ကျောက်လည်းဖြစ်သည်။

မဟူရာကျောက်သည် အဆိပ်အပင်းကို အလွန်နိုင်သော ကျောက်ဖြစ်၏။ စုန်း၊ အောက်လမ်း၊ မိစ္ဆာ၊ နာနာဘာဝ၊ ဝိနာဘာဝ အနှောင့်အယှက်ရန်မှ ကာကွယ်ပေးနိုင်၏။ မကောင်းသော အင်းတိုက်၊ နတ်တိုက်၊ စမတိုက်၊ ဂါထာမန္တန်တိုက်နှင့် ဘူးသွင်းဘောသွင်း **အတိုက်အခိုက်ရန်အပေါင်း**မှ လွတ်ငြိမ်းစေနိုင်ပါသည်။

ပယင်းကျောက်များသည် သက်ရှိရုပ်ကြွင်းများမှ သန္ဓေတည်လာသော ကျောက်မျက်မျိုးဖြစ်သည်။ သက်ရှိရုပ်ကြွင်းများနှင့် သစ်ပင်တို့မှထွက်သော အစေးများနှင့် အမြုတေပြု၍ ကျောက်မျက်တန်းဝင် ရတနာတစ်ပါးဖြစ်လာသည့် OGANIC အသွင်ပြောင်းကျောက်ဖြစ်၏။ မဟူရာဖလားခေါ် OPAL ရွှဲကျောက်မျိုးနှင့် ခပ်ဆင်ဆင်တူပြီး အင်္ဂလိပ်ဘာသာဖြင့် AMBER ဟူသောအမည်နှင့် ရောင်းဝယ်ကြသည်။

မြန်မာနိုင်ငံ ကချင်ပြည်နယ်၊ ဟူးခေါင်းတောင်တွင် ပယင်းအမြောက်အမြား တူးဖော်ရရှိနိုင်ပြီး မြန်မာ့ပယင်းကို ကမ္ဘာ့ရတနာဈေးကွက်တွင် BURMITE ဗားမိုက်ဟူသော အမည်နှင့် လူသိများကြလေ၏။ အရောင်မျိုးစုံရှိသော်လည်း ရွှေရောင်၊ နီညိုရောင်နှင့် အဝါရောင်များသည် လူကြိုက်များပြီး ဈေးကွက်ထဲတွင် အနှတ်အသိမ်း အများဆုံးဖြစ်၏။ ဆေးဝါးအဖြစ်နှင့် အဆောင်လက်ဖွဲ့အဖြစ် အများဆုံးအသုံးပြုကြသည်။

ပယင်းကျောက်သည် ဆေးစွမ်းထက်သော မှေးဝ်စိရောဂါ၊ အိပ်မပျော်ဝေဒနာ၊ စိတ္တဇစွဲရောဂါများကို ကုစားပေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်။ မကောင်းသော စုန်း၊ အောက်လမ်း၊ ပယောဂများကို ဖယ်ရှားပေးနိုင်၏။ အစွမ်းထက်သော ရှုဆေးအဖြစ် ဖော်ထုတ်အသုံးပြုနိုင်၏။ ဆံပင်သန်ဆေး၊ ပေါက်ဆေးအဖြစ် အသုံးပြုကြပြီး အလွန်အဖိုးထိုက်တန်သော မင်းခမ်းမင်းနားသုံး အမွှေးဆီ၊ အမွှေးတိုင်များ ပြုလုပ်၍ ဂုဏ်ယူအသုံးပြုတတ်ကြသည်။

ရှေးက မင်းဧကရာဇ်တို့သည် ပယင်းကျောက်များကို လက်ဝတ်လက်စား၊ နားတောင်းရတနာ၊ နန်းစဉ်ပစ္စည်းအဖြစ်သုံးစွဲအသုံးပြုခဲ့ကြ၏။ ယခုခေတ်တိုင်အောင် ကချင်နှင့်အခြားတိုင်းသားများ၏ အမြတ်ရတနာဖြစ်သည်။

သလင်းကျောက်များသည် SILICON DIOXIDE ဆီလီကွန်ဒိုင်အောက်ဆိုဒ် ဖြစ်လေ၏။ သလင်းဖြူများသည် ဂရိဘာသာစကား KRYSTALLOS မှ ဆင်းသက်လာပြီး CRYSTAL ဟူ၍ ပြောင်းလဲခေါ်တွင်လာခဲ့ခြင်း ဖြစ်၏။ သလင်းကျောက်မျက်များတွင် အရောင်မျိုးစုံရှိပြီး တစ်ရောင်ကို အမည်တစ်မျိုး မှည့်ခေါ်ဆိုကြ၏။

သလင်းကျောက်များသည် အစိမ်းတစ္ဆေ၊ စုန်းကဝေ၊ မကောင်းသော နာနာဘာဝများကို အလွန်နိုင်သဖြင့် အဆောင်လက်ဖွဲ့များအဖြစ် အသုံးပြုကြ၏။ သွေးမသန့်သောရောဂါ၊ မပူနှင့်ပတ်သက်သည့်ရောဂါ၊ စိတ်နှင့်သက်ဆိုင်သော ရောဂါဝေဒနာ ကိုယ်တွင်းကိုယ်ပ ရောဂါအမျိုးမျိုးကို ကင်းပစေနိုင်၏။ ပယောဂ အတိုက်အခိုက်များမှ ကာကယ်ပေးနိုင်ပြီး ထုံကျင်ကိုက်ခဲနာ၊ အဆစ်အမြစ်နာ၊ ဖောရောင်နာများကို သက်သာပျောက်ကင်းစေနိုင်သည်။

အညှံ့ပန်းကျောက်များသည် လက်ဝတ်ရတနာအဖြစ်လည်းကောင်း၊ ကျန်းမာရေးအတွက် ဆေးဓာတ်ပစ္စည်းအဖြစ်လည်းကောင်း၊ မကောင်းသော ဘေးဘယာအမျိုးမျိုးမှ ကာကွယ်ပေးနိုင်သော အဆောင်အဖြစ်လည်းကောင်း အလွန်အသုံးတည့်လှ၏။ ဝတ်ဆင်ထားသူများကို လုပ ပန်းတင့်စေပြီး ကျန်းမာနုပျို အသက်ရှည်စေနိုင်၏။ အညှံ့ပန်းကျောက်များသည် နတ်သွေးကျောက်ဖြစ်သဖြင့် အဆောင်ကောင်းများဖြစ်လေသည်။

သို့ဖြစ်၍ လူသားတို့သည် မိမိတို့နှစ်သက်သော ရာရာ ကျောက်မျက်ရတနာ တစ်မျိုးမျိုးကို နေ့ကိုက်၊ ...ကိုက် ဝတ်ဆင်ထားကြခြင်းဖြင့် အမျိုးမျိုးအထူးထူးသော ကောင်းကျိုးများနှင့် ပြည့်စုံစေနိုင်မည် ဖြစ်ပါသည်။

## နဝရတ်လက်စွပ် ဝတ်ဆင်ခြင်း

NINE DEAREST STONE ခေါ် နဝရတ်ကိုးပါးဝင် ကျောက်မျက်ရတနာတို့သည် ကျောက်မျက်တစ်ခုချင်း၏ သိဒ္ဓိတန်ခိုးစွမ်းအားများ စုစည်းပေါင်းစပ် ပါဝင်နေသောကြောင့် အလွန်ကြီးမားသော ဣဒ္ဓိပါဒ် ဂုဏ်သတ္တိထူးကို ဖြစ်စေ၏။ သို့ဖြစ်၍ ရတနာကိုးပါးတို့၏ နည်းလမ်းနှင့်အညီ စီရင်ပြုလုပ်ထားသော NINE PERCIOUS RING ခေါ် နဝရတ်လက်စွပ်ကို ခုနစ်ရက်သားသမီး မည်သူမဆို ဝတ်ထား၊ ဆောင်ထားကြခြင်းဖြင့် အလိုဆန္ဒမှန်သမျှ ပြည့်ဝစေနိုင်၏။ မကောင်းသော ရောဂါဘယ အန္တရာယ်ဆိုးကျိုးများ ကင်းပစေ၍ ကောင်းသော သုခချမ်းသာများနှင့် ပြည့်စုံစေနိုင်ပါသည်။

နဝရတ်လက်စွပ်ကို ဝတ်ဆင်သောအခါ မဟာရက်မြတ်ရာဇာ မင်္ဂလာအခါကောင်း ရွေးချယ်၍ အနန္တော အနန္တ ငါးပါးကို ပဏာမပြု ရှိခိုးပူဇော်ကန်တော့ပြီးမှ မြကျောက်ကို အတွင်းဘက် စိန်ကို အပြင်အရာထား၍ ဝတ်ဆင်ရမည်။ ထိုသို့ မြင့်မြတ်သော ရတနာကိုးပါးဖြင့် စီရင်အပ်သော နဝရတ်လက်စွပ်ကို ယုံယုံကြည်ကြည် ကိုယ်နှင့်မခွာ ဝတ်ဆင်ထားပါက မင်္ဂလာရှိစေခြင်း၊ ကျက်သရေရှိစေခြင်း၊ အသက်ရှည်ကျန်းမာ ခွန်အားကြီးစေခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းစေခြင်းများကို ဖြစ်စေပြီး လူချစ်၊ နတ်ချစ် ပွားစေနိုင်သည်။

နဝရတ်လက်စွပ် ဝတ်ဆင်ထားပါက မသန့်သော ပစ္စည်းများကို မကိုင်တွယ်မိစေရန်နှင့် မသန့်ရှင်းသောနေရာ၊ ကြိုးတန်း၊ ဝါးတန်းများအောက် လျှိုသွား၊ ငုံ့သွားခြင်းများကို ရှောင်ကြဉ်ရမည်။ မသန့်သော၊ သနသော နေရာများတွင် မနေမိရန် သတိထားရမည်။ နဝရတ်လက်စွပ်ကို အသုံးမလိုသည့်အခါ ဘုရားကျောင်းဆောင်တွင် ကလပ်ခွက်နှင့် ပူဇော်ထားပြီး သိဒ္ဓိတင်ပေးရမည်။ မကြာခဏ သရော်ပင်ပွန်းများနှင့် ဆေးကြောသန့်စင်ပေးရပါမည်။

နဝရတ်လက်စွပ်ကို ယောက်ျား ဘယ်ညာဝတ်ဆင်နိုင်ပြီး မိန်းမများ လက်ယာဘက်တွင် ဝတ်ဆင်ထားရမည်။ ကိုယ်လက်မသန့်ရှင်းသည့်အခါများတွင် မဝတ်ဆင်ဘဲ ခေတ္တသိမ်းဆည်းထားသင့်ပါသည်။

အနောက်တိုင်းများတွင် ရတနာခုနစ်ပါးဖြင့် စီရင်ဝတ်ဆင်တတ်ကြ၏။ ယင်းရတနာ ခုနစ်ပါးတို့မှာ (၁) စိန်၊



www.burmeseclassic.com

www.burmeseclassic.com

(၂) ပတ္တမြား၊ (၃) **မြကျောက်၊** (၄) ဂေါမိတ်၊ (၅) မဏိနီလာ၊ (၆) ဥဿဖရား၊ **(၇) ကြောင်ကျောက်**ဟူ၍ ခုနစ်ပါး ဖြစ်လေ၏။ လက်စွပ်နှင့် အထည်အလုဒီဇိုင်းအမျိုးမျိုး ပြုလုပ်ဝတ်ဆင်ကြ၏။ ယင်းကို DEAREST-SEVEN ဟု ခေါ်ကြသည်။

## နေ့နံနှင့် ဝတ်ဆင်ခြင်း

ကျောက်မျက်ရတနာများကို နေ့နံအလိုက် ရွေးချယ်ဝတ်ဆင်ကြခြင်းဖြင့် ကောင်းကျိုးထူးစေနိုင်ပါသည်။ ထိုသို့ ရွေးချယ်ဝတ်ဆင်ကြရာ၌ အရှေ့တိုင်းအယူအဆနှင့် အနောက်တိုင်း အယူအဆ အနည်းအကျဉ်း မတူကွဲပြားမှု ရှိတတ်၏။ လူမျိုးတစ်မျိုးနှင့်တစ်မျိုးလည်း ခြားနားမှု ရှိတတ်ပါသည်။

မြန်မာ့လောကီပညာရှင်တို့၏ နေ့နံအလိုက် ဝတ်ဆင်ဆောင်ထားရမည့် ရတနာများမှာ တနင်္ဂနွေသားသမီးများအတွက် ပတ္တမြား၊ တနင်္လာအတွက် ပုလဲ၊ အင်္ဂါအတွက် အနီရောင်သန္တာ၊ ဗုဒ္ဓဟူးအတွက် အစိမ်းရောင်မြကျောက်၊ ကြာသပတေးအတွက် ဥဿဖရားကျောက်၊ သောကြာအတွက် အကြည်ရောင် စိန်၊ စနေအတွက် အပြာရောင်နီလာ၊ ရာဟုအတွက် ဂေါမိတ်၊ ကိတ်အတွက် ကြောင်ကျောက်ဟူ၍ ဖြစ်လေသည်။

အနောက်တိုင်း ပညာရှင်တို့၏ အယူအဆပေါ် ယုံကြည်မှုမှာ တနင်္ဂနွေသားသမီးများအတွက် နေကျောက် SUNSTONE ၊ တနင်္လာအတွက် အကြည်ရောင်သလင်း ROCK CRYSTAL ၊ အင်္ဂါအတွက် သွေးကျောက် BLOOD STONE (သို့) နီလာဂေါ်ကြိုး STAR SAPPHIRE ၊ ဗုဒ္ဓဟူးအတွက် ခရမ်းစွဲကျောက် AMETHYST (သို့) ပတ္တမြားဂေါ်ကြိုး STAR RUBY ၊ ကြာသပတေးအတွက် ကာနေလီယံကျောက် CARNELIAN (သို့) ကြောင်ကျောက် CAT'S EYE ၊ သောကြာအတွက် မြကျောက် EMERALD (သို့) သုံးပန့်လှ ALEXANDRITE ၊ စနေအတွက် တားကွိုက်(စ်) TURQUOISE (သို့) လာဗရာဒိုလိုက် LABRADORITE ဟူ၍ ဖြစ်လေ၏။ အနောက်တိုင်း လောကီအယူအဆ၌ ရာဟုနှင့် ကိတ်ဂြိုဟ်ကို ထည့်သွင်းအသုံးပြုခြင်း မပြုလုပ်ကြပါပယ်၏။

## လအလိုက် ဝတ်ဆင်ခြင်း

လနှင့် ရာသီအလိုက် ရတနာဝတ်ဆင်ရလျှင် တန်ခူး မိဿာရာသီ အနီရောင် သန္တာ၊ ကဆုန် ပြိဿရာသီ စိန်၊ နယုန် မေထုန်ရာသီ အစိမ်းရည်မြကျောက်၊ ဝါဆို ကရကဋ်ရာသီ ပုလဲ (သို့) ကျောက်စိမ်း၊ ဝါခေါင် သိဟ်ရာသီ ပတ္တမြား တော်သလင်း ၊ကန်ရာသီ စိမ်းပြာရောင်မြ (သို့) စိမ်းပြာရောင် နီလာ၊ သီတင်းကျွတ် တူရာသီ အဖြူရောင် သလင်းကျောက်၊ တန်ဆောင်မုန်း ဗြိစ္ဆာရာသီ အနီရောင် ဥဒေါင်း (ပဒဲကျောက်)၊ နတ်တော်လ ဓနုရာသီ ဥဿဖရား (သို့) အဝါရောင်ကျောက်၊ ပြာသို မကာရရာသီ ဣန္ဒနီလာ (သို့) နီလာအပြာရင့်ရောင်၊ တပေါင်းလ မိန်ရာသီ အဖြူရောင်နီလာဟူ၍ အရှေ့တိုင်း လောကီပညာရှင်များက **သတ်မှတ်**ပေးထားကြသည်။

ကမ္ဘာသုံး ပြက္ခဒိန်လနှင့်အညီ အကျိုးပေးရတနာ ဝတ်ဆင်ရလျှင် (စနစ်သစ်) ဇန်နဝါရီလ GARNET ဥဒေါင်းကျောက်၊ ဖေဖော်ဝါရီလ AMETHYST ခရမ်းစွဲကျောက်၊ မတ်လ AQUAMARINE စိမ်းပြာရောင်ကျောက်(သလင်းစိမ်းပြာ)၊ ဧပြီလ DIAMOND စိန်၊ မေလ EMRALD မြကျောက်၊ ဇွန်လ PEARL ပုလဲ၊ ဇူလိုင်လ RUBY ပတ္တမြား၊ ဩဂုတ်လ PERIDOT ပြောင်ခေါင်းစိမ်းကျောက်၊ စက်တင်ဘာလ SAPPHIRE နီလာပြာ၊ အောက်တိုဘာလ OPAL ရောင်စုံ အိုပယ်ကျောက်၊ နိုဝင်ဘာလ TOPAZ ဥဿဖရားကျောက်၊ ဒီဇင်ဘာလ TURQUOISE တားကွိုက်ကျောက် (သို့) ZIRCON ဂေါမိတ် အစရှိသော ရတနာများ ဖြစ်လေသည်။

ခုနစ်ရက်သားသမီးများသည် နေ့နံအရဖြစ်စေ၊ လအလိုက်ဖြစ်စေ မိမိတို့၏ မွေးနေ့မွေးလနှင့်အညီ အကျိုးဖြစ်ထွန်း အောင်မြင်ကြီးပွားစေနိုင်မည့် ရတနာတစ်မျိုးမျိုးကို ရွေးချယ်ဝတ်ဆင်နိုင်ရန် အကျိုးပြုတင်ပြရခြင်း ဖြစ်ပါသည်။

*ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ။*

---

**အောင်ဘုန်းမြင့်(ကချင်မြေ)**

---



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် သတင်းစာ ကာတွန်းဆရာ

■ မောင်တော်ထိန်

**ယခင်လမှအဆက်**

လမ်းစဉ်ပါတီခေတ်က စာပေ၊ ရုပ်ရှင်၊ ကာတွန်း၊ ပန်းချီ အစစ အနုပညာပေါင်းစုံကို သတိကြီးကြီးထား၍ စိစစ်လေ့လာပြီးမှသာ ထုတ်ဝေခွင့်ပြုပါသည်။ မည်သို့ပင် လူမှုရေး၊ စီးပွားရေး ရုံးဌာနပြဿနာများကို ရဲရဲဝံ့ဝံ့တင်ပြခွင့် မရသော်လည်း မထိတထိ မသိမသာ တင်ပြပုံများကား တစ်ခါတစ်ရံ စာဖတ်ပရိသတ်အကြိုက်တွေ့စေပါသည်။ တွေ့စေအောင်လည်း လှည့်ပတ်၍ ရေးရပါသည်။



လမ်းစဉ်ပါတီသည် လူကြီးများကို ပါတီသင်တန်းများဖြင့်လည်းကောင်း၊ ကျောင်းသားလူငယ်များကို နွေရာသီ လူငယ်သင်တန်းများဖြင့်လည်းကောင်း စည်းရုံးထားပါသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များကို လမ်းစဉ်လူငယ် သင်တန်း၊ ရှေ့ဆောင်လူငယ်သင်တန်း စသည်တို့နှင့် အတူ လူငယ်ပန်းချီသင်တန်းများကိုလည်း တွဲဖက်သင်ကြားစေပါသည်။ ကျွန်တော်၏ မြို့နယ်ဖြစ်သော ပုဇွန်တောင်မြို့နယ်တွင်လည်း ထိုနွေရာသီသင်တန်းများတွင် ပန်းချီသင်တန်းနှင့် ကာတွန်းသင်တန်းကိုပါ ဖွင့်လှစ်သဖြင့် လူငယ်များ စိတ်ဝင်တစား တက်ရောက်သင်ကြားကြပါသည်။




ပုဇွန်တောင်မြို့နယ်ပါတီယူနစ်က ကျွန်တော်ကဲ့သို့သော ကာတွန်းဆရာနှင့် ပန်းချီဆရာများကို စုပေါင်းကာ သင်တန်းတွင် ဝင်ရောက်သင်ကြားစေပါသည်။ သင်တန်းမှာ တစ်လ သင်တန်းဖြစ်ပြီး နှစ်စဉ်ဖွင့်လှစ်ပါသည်။ ကျွန်တော်သည် ထိုသင်တန်းတွင် သင်တန်းဆရာအဖြစ် ရှစ်နှစ်ခန့် ကူညီခဲ့ပါသည်။

ထိုနွေရာသီသင်တန်းမှ သင်တန်းသားများနှင့် နှစ်စဉ်ပြုလုပ်သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ကာတွန်းပြိုင်ပွဲ၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရာ အောင်မြင်မှုများ ရရှိခဲ့ပါသည်။

သတင်းစာကာတွန်းရေးခြင်းကိုကား နေ့စဉ်နှင့်အမျှ တွေးရ၊ ရေးရသည်မှာ မမောနိုင်ပါ။ ၁၉၇၀ ခုနှစ်က စာမူခ ၁၀ ကျပ်၊ နောက် ၁၅ ကျပ်၊ နောက်တဖြည်းဖြည်း ၂၀ ကျပ်၊ နောက်ဆုံး ၁၉၈၀ ပြည့်နှစ်လောက်တွင် စာမူခ အစိတ် (၂၅ ကျပ်) ဖြစ်လာပါသည်။ လခ ၁၈၅ ကျပ်ရသောအချိန်တွင် ကာတွန်းတစ်ပုံ ၂၅ ကျပ်ဆိုသည်မှာ မဆိုးလှပါ။ တစ်လ

www.burmeseclassic.com



သုံးလေးမုံပါလျှင် အလုပ်ဖြစ်ပေသည်။ သို့သော် မိမိတစ်ဦးတည်း ရေးနေသည်မဟုတ်သဖြင့် အကောင်းဆုံး စိတ်ကူး၊ အကောင်းဆုံးအတွေးဖြင့် ရေးရသည်မှာ လွယ်မကူသည်ဟုတော့ မဆိုသာချေ။ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သတင်းစာတိုက်သည် အိမ်၊ သတင်းစာတိုက်သည် လက်ဖက်ရည်ဆိုင်ဟု ဆိုရမလောက်ပင် ချောင်းပေါက်အောင် သတင်းစာတိုက်သို့ ရောက်နေရပါသည်။

သတင်းစာကာတွန်းဆရာဘဝကား တွေးတစ်ခါ ပြေးတစ်လှည့် ပျော်ရွှင်ကြည်နူးဖွယ်ကောင်း၏။ ရုံးလွှတ်သည်နှင့် သတင်းစာတိုက်သို့ အပြေးခရီးနှင်ရ၏။ ရေးဖော်ရေးဖက်ကား ကျွန်ုပ်၏ရုံးမှ မျိုးမြင့်(PKU) ဖြစ်၏။ သူနှင့်အတူ နှစ်ဦးသား မရှိအတူ ရှိအတူ ရေးဖော်ရေးဖက် ဖြစ်ခဲ့၏။ မျိုးမြင့်(PKU) သည် လူပျိုကြီးဖြစ်ကာ ညီမနှစ်ယောက်နှင့် အတူနေသူဖြစ်၏။ သူက ရုပ်ပြတစ်အုပ် ထွက်ခဲ့၏။ နှစ်ဦးလုံး စာရေးများဖြစ်သဖြင့် ပိန်လိုက်၊ ဖောင်းလိုက် ဖြစ်နေ၏။ လခထုတ်ရက်တွင် ဖောင်းနေသော်လည်း လကုန်ရက်တွင် ပိန်နေတတ်၏။ တစ်ခါတလေ တစ်ဦးမှာမှ လက်ဖက်ရည်ဖိုးပင် မရှိ၊ ဘတ်စ်ကားခပင် မနည်းချန်ထားရ၏။

သတင်းစာတိုက်သို့ ညနေ ၄ နာရီကျော်ကျော်တွင်



ရောက်ရှိပြီး ညနေ ၆ နာရီကျော်မှ ပြန်ကြရ၏။ တင်ထားသော ကာတွန်းများ ပြန်အကျကို စောင့်နေရ၍ဖြစ်၏။ ပိုက်ဆံခန်းသောနေ့တွင် မုန့်ဖိုးမရှိ၍ ဆေးလိပ်နှင့် ရေကိုသာ တွင်တွင်သောက်ကြရ၏။ ကြာသော် အစာအိမ်ရောဂါရတော့၏။ တစ်နှစ်ခန့် အစာအိမ်ရောဂါ အလူးအလဲခံစားရ၏။ ဂရုတစိုက် ဆေးကု၍ သက်သာရရလေ၏။ အစာအိမ်ရောဂါသာ ပျောက်သွားသော်လည်း ကာတွန်းရောဂါကား ပျောက်၍မသွားပါ။ ပို၍ဆိုးလာလေ၏။ သတင်းစာလောကတွင် နာမည်လေး အတော်အသင့်ရရှိသောအခါ ကာတွန်းစာအုပ်ထုတ်ရန် တွေးမိ၏။





www.burmeseclassic.com

www.burmeseclassic.com

ငွေကား ဘယ်ဆီနေမှန်းမသိ။ ထိုသို့ စိတ်ကူးယဉ်နေစဉ် သူငယ်ချင်းတစ်ဦးက သူငွေစိုက်မည်၊ မောင်ရင်က ပုံရေးဟု ဆိုလာ၏။ သူရေးခိုင်းသည့် ကာတွန်းများက ဟောင်ကောင် နာမည်ကြီးကာတွန်း "လောင်ပုစ"ဖြစ်၏။ ထိုကာတွန်းများ စာသားမဲ့ကာတွန်းဖြစ်၏။

အာရှတစ်ခွင်တွင် ထိုကာတွန်းသည် အလွန်ပင် နာမည်ရလှ၏။ ထိုကာတွန်းကို မြန်မာမှုပြု၍ ထုတ်ရန် စဉ်းစား ၏။ ငွေစိုက်မည့်သူက စိုက်မည်ဆိုတော့ ပူစရာမရှိ။ သူက "လောင်ပုစ"ကာတွန်းစာအုပ်တွေ ယူလာပေး၏။ သို့ဖြင့် အကြိမ်ကြိမ် ဆွေးနွေးကြပြီး ကာတွန်းများကို စတင်ရေးဆွဲ ပါသည်။

စိုက်မည့်သူက စိုက်မည်ဆိုသည်ကြောင့် ကျွန်တော် ရေးမည့်သူသည် ရေးရုံသာ ရှိပါတော့သည်။ ထို့ကြောင့် ငွေစိုက် မည့်သူက သူခေတ္တခရီးသွားမည်၊ ပုံရေးခြင်း၊ စာပေစိစစ်ရေး တင်ခြင်းများကို မိမိက လုပ်ပါဆိုသဖြင့် ရုံးပိတ်ရက်များတွင် ကာတွန်းပုံများကို ရေးဆွဲရပါသည်။ တစ်ဖက်မှလည်း မိမိ လုပ်ငန်းဖြစ်သော သတင်းစာကာတွန်းရေးဆွဲခြင်းကို လုပ်ရပါ သည်။ စာအုပ်ထုတ်ရန် ကာတွန်းများရေးဆွဲပြီးသောအခါ စာပေစိစစ်ရေးသို့ တင်ရပါသည်။ ထိုစဉ်က စာပေစိစစ်ရေးဆို သည်မှာ အလွန်ပင် ကန့်သတ်ချက်များ များလှပါသည်။

ဟိုဟာပြင်၊ ဒါမထည့်ပါနဲ့။ အမှန်တကယ်တော့ အနု ပညာရှင်မဟုတ်သူများက အနုပညာရှင်များအပေါ် ပေါ်လစီ(မူ) အရဖြင့် အနိုင်ယူခြင်းသာ ဖြစ်သည်၊ တစ်ဖက်သတ် စိစစ်ရေး သာ ဖြစ်ပါသည်။ သို့သော် အနုပညာရှင်အများက မိမိထမင်း



နွေရာသီကာတွန်းသင်တန်း

တစ်လုတ်အတွက် အမျိုးမျိုးစိတ်ဒုက္ခခံကာ စာပေစိစစ်ရေးအား ကျော်ဖြတ်ကြရပါသည်။ အပေါင်းအသင်းနှင့်လည်းကောင်း၊ ငွေထိုး၍လည်းကောင်း မိမိစာအုပ်၊ စာ၊ ဝတ္ထုအတွက် မရှိရှိ သည့်လေးကို ရင်းကာ ပြေလည်အောင် ဖြေရှင်းရပါတော့သည်။

ဤရှေ့ဤမျှ ရစ်သော၊ ကျစ်သော စာပေစိစစ်ရေးကို ကျော်လွန်ပြီးနောက် စာအုပ်ထုတ်ဝေရန် အဆင့်သာ ကျန် တော့ရာ ငွေစိုက်ထုတ်ဝေပေးမည့် သူငယ်ချင်းအား မျှော်ရပါ တော့သည်။ သူငယ်ချင်းကား တစ်လလည်း ပေါ်မလာ၊ နှစ်လ လည်း ပေါ်မလာ။ မျှော်ရင်းသာ စိတ်ညစ်ညူးလာသဖြင့် မင်းမလာလည်း ငါ့ဟာငါထုတ်မည်ဟု အားကျမခံ ဒေါသမာန် ဖြင့် ပုံနှိပ်လုပ်ငန်းများကို လုပ်ရပါတော့သည်။ ငွေအရင်းအနှီး ကား အိမ်မှ ဟိုပစ္စည်းရောင်း၊ ဒီပစ္စည်းပေါင်၊ ဟိုကဆွဲ ဒီကယူ နှင့် စာအုပ်ဖြစ်မြောက်လာပါတော့သည်။

စာအုပ်ပုံနှိပ်ပြီးသောအခါ သတင်းစာမှ အမှာစာရရှိရန် ကြော်ငြာရပါသည်။ အမှာစာများ တဖြည်းဖြည်းဝင်ရောက်လာ သောအခါ အမှာစာအတိုင်း စာအုပ်များကို ပို့ထားရပါသည်။ အမှာစာကုန်သောအခါ အမှာစာအရ နယ်သို့ စာအုပ်များကို ပို့ရပါသည်။ စာအုပ်ထွက်သောအခါ ဈေးဦးရောင်းရသည်၊ မရောင်းရသည် ထားချိတ်၊ စာပေစိစစ်ရေး၏ စည်းကမ်းချက် အရ ကာတွန်းစာအုပ် သုံးဆယ်ကျော် ပေးရပါသည်။ စာအုပ် ပေးပို့သည့် စာတိုက်ကြီးသို့လည်း လက်ဆောင်ပေးရပါသည်။ ထိုခေတ် ထိုအခါက ဟိုပေး၊ ဒီပေးရသည်မှာ ထုံးစံတစ်ခု ဖြစ်ပါသည်။

နယ်သို့ပို့ပြီးသောအခါ ရန်ကုန်သို့ ဖြန့်ချိရပါသည်။ ရန်ကုန်ဖြန့်ချိရာတွင် ကားတားရပါသည်။ ထိုကားဖြင့် ရန်ကုန် စာအုပ်လမ်းများဖြစ်သော လမ်း ၃၀၊ ၃၁ လမ်း၊ မဂိုလမ်းနှင့် အခြားစာပေတိုက်ကလေးများသို့လည်း တိုက်အနေအထားကို ကြည့်၍ စာအုပ်ရေကိုကြည့်၍ ချပေးရပါသည်။ စာအုပ်သ...အခါ လိုက်ဖြန့်ရပါသည်၊ ငွေရှင်းသူကား မရှိ။ စာအုပ်တ...သည်။ ဖြစ်ပါသည်။ ငွေကား ရောင်းပြီးမှ ပေးမည့်ဖြစ်ပါသည် ...မ်းလိုက်ပြီးဖြစ် သူ့အသက်တစ်ဦးအနေနှင့် စာအုပ်တိုက်ကြီး ...သဲ့ အိမ်တွင်သာ ၏ ပညာပေးမှုများကို ကောင်းကောင်းခံ...တို့နှင့်အတူ ၂၇ လမ်း လောလောဆယ် ငွေကုန်... ပါသည်။ ရှုံး၊ မြတ်နိုး မျှော်ကို...

www.burmeseclassic.com

အသာထား။ ရှိသည့်အားကိုထည့်ကာ ကြိုးစားရပါသည်။ အုံ့ဖွယ်တစ်ခုကား မိမိစာအုပ်များ ဆိုင်မတင်မီ မိမိကာတွန်းစာအုပ်သည် ဆိုင်အချို့ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ထိုစာအုပ်သည် မည်သို့မည်ပုံ ဆိုင်ပေါ်ရောက်လာသည်မသိ။ မိမိလက်ဆောင်ပေးရသည့်နေရာများကလား။ သို့မဟုတ် ပုံနှိပ်တိုက်ကလား။ ဘယ်လိုပဲတွေးတွေး စီးပွားရေးတိုက်ကွက်ကတော့ ကောင်းကောင်းမိသွားပါသည်။

စာအုပ်ဖြန့်ဝေပြီး တစ်လကြာသောအခါ စာအုပ်ဖိုးငွေလိုက်သိမ်းရ၏။ ဆယ်အုပ်ရောင်းရသူက ရှစ်အုပ်ဖိုးချေပြီး နှစ်အုပ်ဖိုးကို ဟိုပြောဒီပြောနှင့် ချန်ထား၏။ အချို့စာအုပ်တိုက်ကလေးများကား ဘယ်ပျောက်ကုန်သည်မသိ။ အလျှို အလျှို ပျောက်ကုန်လေသည်။ ဘုရား…ဘုရား။ စီးပွားရေးလုပ်ငန်းဆိုသည် ဒီလိုပါကလား။ မိမိတို့လို ရုံးသမားအဖို့ ကလိမ်ကကျစ် စီးပွားရေးလောကဒဏ်ကို ကောင်းကောင်း ခံရလေသည်။ နယ်မှ အမှာစာများလည်း တဖြည်းဖြည်း ဝင်လာသော်လည်း များများစားစားမဟုတ်။ တို့တိတို့တိ ဝင်လာ၏။ အချို့ စာအုပ်ပြန်ပို့၏။ အချို့က ပြန်၍သာပို့သည်။ ဘယ်လိုပို့လိုက်သည်မသိ။ မိမိက ငွေပေး၍ ပြန်ရွေးရပါလေသည်။ လျင်လိုက်ကြသည့်လူတွေ။ ထုတ်ဝေသူအသစ်ကို ဝိုင်း၍ အမဲဖျက်လိုက်ကြသည်မှာ ပွဲတော်ကြီးတမျှပင်။

နောက်ဆုံး စာရင်းစစ်လိုက်တော့ အရင်းလေးသောင်းကုန်ကျပြီး ပြန်ရငွေ ရှစ်ထောင်၊ ကိုးထောင်မျှသာ ပြန်ရပါသည်။ ပြန်ရသည်မှာလည်း လုံးခနဲ ခဲခနဲ မဟုတ်။ ဟိုက တစ်ဆယ်၊ ဟိုက ငါးကျပ် ပြန်ရသည့်ငွေပင် အပေါင်းအသင်းများ၏ ကူညီမှုကြောင့်ဖြစ်သည်။ နောက်ဆုံးတော့ ကာတွန်းစာအုပ်ထုတ်ချင်သော ကာတွန်းဆရာသည် ခွက်ခွက်လန်အောင် ရှုံးပါတော့သည်။

ငွေစိုက်မည်၊ ထုတ်ပါဆိုသော သူငယ်ချင်းကလည်း ပြန်မလာတော့။ နောက်ဆုံးတော့ မိမိအား လိမ်သွားခြင်းသာ ဖြစ်ပါသည်။ ယနေ့ထိတိုင် ထိုသူငယ်ချင်းကောင်းကို စိုးစဉ်းမျှပင် မတွေ့ရတော့။ ငွေကလည်း မရ၊ လက်ကျန်စာအုပ်တွေကလည်း တစ်ပုံကြီး။ စိတ်ဓာတ်ကတော့ သုညအထိ ထိုးဆင်းသွားပါတော့သည်။ ရှိသမျှ စုထား၊ ဆောင်းထားသည့် ပစ္စည်းလေးများ ပြောင်သွားလေသည်။ နောက်ဆိုပါက စာအုပ်ဆိုလျှင် ရောင်၍ပြေးရတော့မလို ခံစားရပါတော့သည်။ စာအု… ထုတ်ဝေရေးလုပ်ငန်းဆိုသည်ကို ကြားပင် မကြားလိုတော… အိမ်မှ လက်ကျန်စာအုပ်များကိုပင် မကြည့်ချင်တော့ပါ။

လခ ၁၂၆ ကျပ်၊ ၈၂ ကျပ် ခေတ်တွင် ငွေလေးသော… ဆိုသည်မှာ နည်းသည့်ငွေမဟုတ်ပေ။ မိမိ၏ ရှိစုမဲ့စုငွေ၊ အဒေ… သဖြင့် ဇနီးသည်၏ငွေ ဖြစ်သဖြင့်သာ တော်ပေတော့သည်… အခြားသူများဆီကသာ ယူမိပါက မည်သို့ပြန်ဆပ်ရမည်… တောင် မသိတော့ပါချေ။ အချို့မိတ်ဆွေများကား ထုတ်ဝေ… ကြီးဟု တင်စားခေါ်ဆိုကြသော်လည်း မိမိကမူ မချိပြုံးပြုံး… ဟန်ဆောင်နေရပါလေသည်။ ကာတွန်းစာအုပ်ဆိုလျှင် ကြ…




၁။ မောင်မောင်လှခိုင်၊ ၂။ မောင်မောင်ကိုး…
၃။ ဗဟာန်းအေးမင်း၊ ၄။ မောင်ဇော်…
၅။ မောင်ရွက်စိမ်း၊ ၆။ သိန်းဇွန်း



www.burmeseclassic.com

www.burmeseclassic.com

ပင်မကြည့်ချင်တော့။ အကြောင်းစုံသိသော မိတ်ဆွေအပေါင်းအသင်းများကမူ စိတ်ဓာတ်မကျစေရန် အားပေးကြပါသည်။ ရာမဇာတ်ထဲကလို "ရာမဆို မြင်းမိုရ်တောင်လောက် တန်ခိုးမောက်၊ ငါကြောက်တယ်ဟဲ့ ဂမ္ဘီရဲ့"ဆိုသော စကားကဲ့သို့ပင် စာအုပ်ထုတ်မည်ဆိုလျှင် လန့်ချင်နေပါတော့သည်။

ထိုအရှုံးကို နှစ်ချီ၍ ခံစားခဲ့ရသော်လည်း သတင်းစာကာတွန်းရေးခြင်းကိုကား မထိခိုက်ပါချေ။ အားသည့်အချိန်တွင် အားသလို ရေးသားခဲ့ပါ၏။ သို့သော် ယခင်အချိန်များကလိုတော့ အလောသုံးဆယ် မလုပ်တော့ချေ။ စိတ်အေးလက်အေး အတွေးကောင်းကောင်းဖြင့် အချိန်ယူရေးကာ ပို့ရပါသည်။ အိမ်ပြောင်းရွှေ့ခြင်း၊ အလုပ်တာဝန်များပြားခြင်း၊ ကျန်းမာရေးစသည်တို့ကြောင့် တဖြည်းဖြည်း ကာတွန်းရေးဆွဲခြင်း ကျဲ၍ကျဲ၍လာပါသည်။ ထိုသို့ကျဲစေကာမူ အတွေးကောင်းရှိသည့်အခါတွင်ကား သတင်းစာတိုက်သို့ အပြေးသွားကာ တင်ရပြန်ပါသည်။

တဖြည်းဖြည်း သတင်းစာကာတွန်းများ ရေးရသည်မှာ ကျပ်တည်းလာခြင်း၊ ပါတီခေတ်၏ အတားအဆီး အပိတ်အပင်များကြောင့် ကာတွန်းဆရာအကျော်များများ သတင်းစာကာတွန်းရေးခြင်းမှ ရပ်နားကုန်ပါသည်။ မိမိအနေဖြင့်လည်း အထက်ပါအကြောင်းများကြောင့်ပင် ကာတွန်းရေးဆွဲခြင်း ကျဲသည်ထက် ကျဲလာပါတော့သည်။

၁၉၈၈ ခုနှစ်၊ ၈-၈-၈၈ ရက်နေ့မှစ၍ မြန်မာနိုင်ငံသည် မထင်မှတ်ဖွယ် နိုင်ငံရေးပြောင်းလဲမှုကြီးတစ်ရပ် ပေါ်ပေါက်ခဲ့ပါတော့သည်။ နှစ်ပေါင်းများစွာ ဖိနှပ်ကျပ်တည်း ချုပ်ချယ်ခံနေရသော ပြည်သူလူထု၏ ဒီမိုကရေစီ အုံကြွမှုကြီးသည် လမ်းစဉ်ပါတီဆိုသော တစ်ပါတီစနစ်ကို ရိုက်ချိုးဖျက်ဆီးလိုက်လေသည်။ ထိုခေတ်ပြောင်းချိန်တွင် တစ်ပါတီစနစ်၏ ဆိုးကျိုးများကို ဖော်လှန်သည့် ရဲရဲတောက် သတင်းစာများ၊ ဂျာနယ်များ၊ စာစောင်များသည်လည်း ချက်ချင်းပေါ်ထွက်လာကာ ပြည်သူများဘက်မှ ရပ်တည်ထောက်ခံလာကြပါလေသည်။

ထိုသတင်းစာ၊ ဂျာနယ်များနှင့်အတူ ကာတွန်းဆရာများသည်လည်း ရဲရဲတောက် ကာတွန်းများဖြင့် ပြည်သူ့ဘက်မှ ရပ်တည်ကာ လှုံ့ဆော်ကြပါတော့သည်။ ထိုအချိန်အခါတွင် မိမိမှာ ထောက်ကြန့်တွင်နေထိုင်သဖြင့် ကာတွန်းရေးရန် အလှမ်းဝေးနေလေ၏။ သူငယ်ချင်းအပေါင်းအသင်းများက လူကြုံဖြင့်တစ်သွယ်၊ ဖုန်းဖြင့်တစ်နည်း ကာတွန်းရေးရန် ဆက်သွယ်လာသဖြင့် မိမိလည်း ဒီမိုကရေစီဘက်တော်သားတစ်ယောက်အဖြစ် ပါဝင်ကာ ကာတွန်းများရေးဆွဲရန် စိတ်ကူးမိခဲ့၏။ သို့သော် လမ်းခရီးဝေးကွာမှုကြောင့် ချက်ချင်း အကောင်အထည်ဖော်ရန် မဖြစ်နိုင်ပေ။ ရှိသည့် စိတ်ကူးများကို စာရွက်ပေါ်တွင် အကောင်အထည်ဖော်၍ပြီးသောအခါ မြို့တွင်းသို့ ဟိုင်းလပ်ကားဖြင့် ညနေဘက်တွင် ထွက်ခဲ့ပါသည်။

ထိုအချိန် ထိုအခါတွင် လမ်းတစ်လျှောက် အတားအဆီးများကြောင့် ယခင်နှစ်နာရီခရီးကို သုံးလေးနာရီခန့် ကြာမြင့်လေ၏။ ဟိုင်းလပ်ကားကလေးသည် ဟိုချောင်မှဝင်၊ ဒီချောင်မှထွက် လမ်းအသွယ်သွယ်ကို ခက်ခက်ခဲခဲ ဖြတ်ကျော်ကာ ယခင်သွားနေကျ လမ်းအတိုင်းမဟုတ်တော့ဘဲ အဆင်ပြေသလို မောင်းနှင်ရလေ၏။ ကားအဆင့်ဆင့် မစီးရသည်ကိုပင် မိမိစီးလာသော ပဲခူး-ရန်ကုန် ဟိုင်းလပ်ကားကို ကျေးဇူးတင်ရပါသည်။

ရန်ကုန်-ပဲခူး ဟိုင်းလပ်ကားလေးသည် ဟိုဖြတ်၊ ဒီကျော်နှင့် နောက်ဆုံး ရွှေတိဂုံဘုရားလမ်းမှ မြို့တွင်းသို့အဝင် စင်ထရယ်ကျောင်းဘေးသို့ ရောက်သောအခါ ထိုးရပ်လိုက်ပါသည်။ ထိုးရပ်လိုက်သည်နှင့် ကားစပယ်ယာက "ဒီမှာပဲဆင်းကြပါတော့ဗျို့။ ဂိတ်အထိသွားလို့ မရတော့ဘူး။ ကြားတဲ့အတိုင်းပဲ"

စပယ်ရာလေးပြောသည့်အတိုင်း ကားပေါ်မှ ဆင်း၍ အခြေအနေကြည့်လိုက်ရာ သေနတ်သံများ တဒိုင်းဒိုင်းကြားနေရပြီး ဗိုလ်ချုပ်ဈေးနှင့် လေဟာပြင်တစ်လျှောက် လူများရှင်းလင်းနေသဖြင့် မိမိလည်း လေဟာပြင်ဈေးဘက်သို့ အပြေးကူးကာ အနီးစပ်ဆုံး အစ်ကိုအိမ်သို့ ပြေးရပါတော့သည်။ ထိုအချိန်မှာ ညနေ ၆ နာရီခန့်ရှိပြီ ဖြစ်ပါသည်။ မိမိအစ်ကို၏ နေအိမ်မှာ ၂၇ လမ်းအထက်တွင် ရှိနေသဖြင့် အလွန်ကံကောင်းသည်ဟု ဆိုရပေမည်။ အိမ်ပေါ်သို့ရောက်သောအခါ တူဖြစ်သူနှင့် အစ်ကို၏ ယောက်ဖနှစ်ဦးကို တွေ့ရပါသည်။

၎င်းတို့နှစ်ဦးမှ စစ်တပ်မှ အာဏာသိမ်းလိုက်ပြီဖြစ်ကြောင်း၊ မည်သည့်နေရာသို့မှ ဆက်မသွားဘဲ အိမ်တွင်သာနေရန် ပြောကြသဖြင့် မိမိလည်း ၎င်းတို့နှင့်အတူ ၂၇ လမ်း

www.burmeseclassic.com

တွင်ပင် နေလိုက်ရပါသည်။ ညတွင် တီဗွီမှ တပ်မတော်မှ ထိန်းသိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာကြောင်း တွေ့ရပါသည်။

ထိုည ရန်ကုန်တစ်မြို့လုံးတွင် စစ်ကားများ သွားလာနေသည်ကို ကြားရပါသည်။ တစ်ခါတစ်ရံ သေနတ်သံများ ကြားရပါသည်။ သေနတ်ကျည်ဆန်များသည် မကြာခဏ တိုက်ခေါင်မိုးပေါ်ကျသည့် အသံများကိုလည်း ကြားရပါသည်။ ထိုညတစ်ညလုံးသည် ချောက်ချားဖွယ် သေနတ်သံများဖြင့် ကုန်လွန်ခဲ့ပါသည်။ ဆန္ဒပြသူအချို့ကား အကြောက်မရှိ အလန့်မရှိ ဟိုတစ်ဝိုက်၊ ဒီတစ်ဝိုက် ပြတုန်းဖြစ်၏။ သေနတ်သံများကလည်း ဟိုနေရာက၊ ဒီနေရာက စသည်ဖြင့် ကြားနေရလေသည်။

စစ်တပ်မှ အာဏာသိမ်းလိုက်သောအခါ ကိုယ်ပိုင်သတင်းစာ၊ စာစောင်၊ ဂျာနယ်များမှာလည်း ပျောက်ကွယ်သွားပါတော့သည်။ အစိုးရပိုင် သတင်းစာများသာ ရပ်တည်နေပါတော့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း ကာတွန်းများသည် တပ်မှ ဦးဆောင်၍ ထည့်သွင်းသော တစ်ဖက်သတ် ကာတွန်းများဖြစ်ပါတော့သည်။ ဒီမိုကရေစီဘက်တော်သားများကို ဖိနှိပ်သော၊ စောင်းမြောင်းသော၊ ဟားတိုက်သော ကာတွန်းများ ဖြစ်ပါသည်။

ကာတွန်းရေးဆွဲတတ်သူ တပ်မတော်သားများကို သတင်းစာတိုက်တွင်နေစေကာ အထက်မှချပေးသော စိတ်ကူးများကို ချက်ချင်းရေးဆွဲစေပါသည်။ စာမူခကိုလည်း ပို၍ပေးလေသည်။ မည်သို့ပင်ရေးစေကာမူ ပြည်သူများကတော့ ထိုကာတွန်းများ၏ အာဘော်ကို နားလည်သဘောပေါက်ပြီး ဖြစ်ပါသည်။ ထိုကာတွန်းများသည် "နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကောင်စီ" အမည်မှ "နိုင်ငံတော်အေးချမ်းသာယာရေးကောင်စီ" ဟု ပြောင်းလွဲခေါ်ဆိုသည့်အခါ ပျောက်ကွယ်သွားလေသည်။

နဝတခေတ် ကာတွန်းများသည်လည်း လမ်းစဉ်ပါတီခေတ်နှင့် ထူးမခြားနားသော ကာတွန်းများ ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ် ဒီမိုကရေစီနိုင်ငံတော်ဟု ပြောင်းလဲပေါ်ပေါက်လာသောအခါ မီဒီယာအခွင့်အရေးများ အတော်အသင့် လွတ်လပ်လာပါသည်။ ထိုလွတ်လပ်ခွင့်နှင့်အတူ စာစောင်၊ ဂျာနယ်၊ သတင်းစာများ ပေါ်ပေါက်လာလေသည်။ ထိုသတင်းစာများနှင့်အတူ သတင်းစာကာတွန်းလောကသည်လည်း ထက်မြက်သော၊ သွက်လက်သော အရေးအသားများ မြင်တွေ့လာရပါသည်။

သတင်းစာကာတွန်းများသည် ကိုလိုနီခေတ်မှ ယနေ့ ၂၀၁၃ ဒီမိုကရေစီခေတ်ထိ မယိုင်မလဲ ခိုင်ခိုင်မြဲမြဲ ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့လေပြီ။ သတင်းစာကာတွန်းဟူသည် ပြည်သူတို့၏ စိတ်အစာ ဖြစ်ပါသည်။ နှစ်ပေါင်း ၅၀ ကျော် စိတ်ဒဏ်ရာအကြီးအကျယ် ရခဲ့ကြသော မြန်မာပြည်သူများကို သတင်းစာကာတွန်းများသည် စိတ်၏ဖြေရာ ဆေးတစ်ခွက် ဖြစ်ပါသည်။

ပြည်သူများ မိမိကိုယ်တိုင် မပြောနိုင်၊ မရေးနိုင်သည်ကို ကာတွန်းဆရာများက ပြည်သူ့ကိုယ်စား တာဝန်ကျေစွာ ထမ်းဆောင်နေကြပြီ ဖြစ်ပါသည်။ သတင်းစာ ကာတွန်းများ အစဉ်သွက်လက် ထက်မြက်လာစေရန် အယ်ဒီတာရင့်မကြီးများ၏ တာဝန်ဖြစ်ပါသည်။ သတင်းစာတိုက်ကြီးများတွင် အယ်ဒီတာ(လုပ်သက်ရင့်)များကိုသာ ကာတွန်းများ စိစစ်စေသင့်ပါသည်။ ထိုသို့မဟုတ်ပါက ကာတွန်းဆရာကြီးများကို ခန့်အပ်ရွေးချယ်သင့်ပေသည်။

သတင်းစာဟူသည် သတင်းအပြင်၊ ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ ပုံပြင်များဖြင့် ဝေဝေဆာဆာ ထုတ်ဝေသင့်ပြီး ထိုအင်္ဂါရပ်များ မပါဝင်ပါက သတင်းစာအင်္ဂါရပ်နှင့် ညီမည်မထင်ပေ။ နယ်ချဲ့ခေတ်၊ ဂျပန်ခေတ်၊ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အေးချမ်းသာယာရေးအဖွဲ့၊ ယနေ့ ဒီမိုကရေစီခေတ်ဦးထိ ကာတွန်းဆရာကြီးများမှ တစ်ဆင့် ယနေ့လူငယ်ကာတွန်းဆရာများထိ မျိုးဆက်သစ်ကာတွန်းဆရာများသည် ပြည်သူတို့၏ စိတ်ဒဏ်ရာများကို ပြေပျောက်စေခြင်းတည်း ဆက်လက်၍ တာဝန်ထမ်းဆောင်နေကြမည်မှာ ကေန်မလွဲ ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါသည်။

မောင်တော်ထိန်



www.burmeseclassic.com

www.burmeseclassic.com



# နန်းကြေးသျှင်

## နန်းမြို့တော်အနန်း
## ခြောက်လှန့်သူပုန်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

# နန်းမြို့တော်အနှံ့ ခြောက်လှန့်သူပုန်တစ္ဆေ

နန်းကြော့သျှင်

'ဥပစ္ဆေဒကကံ'ဟု ခေါ်ဆိုထိုက်သော တစ်ပါးသူတို့၏ လက်ချက်ကြောင့် သေဆုံးခဲ့ရသူများမှာ ကျွတ်လွတ်ခြင်းမရှိဘဲ တစ္ဆေသရဲဘဝများတွင်သာ ကျင်လည်နေရသလို ခြောက်လှန့်ခြင်းများကိုလည်း ပြုမူတတ်ပေသည်။ ၁၀၃၄ ခုနှစ်တွင် အင်းဝဘုရင် ဖြစ်လာသော ရမည်းသင်းစား မင်းရဲကျော်ထင် (ဝမ်းဘဲအင်းစံမင်း) လက်ထက်တွင် တစ္ဆေသရဲတို့သည် ရွှေနန်းတော်ဝန်းကျင်သာမက အင်းဝတစ်မြို့လုံး အုံးအုံးကျွတ်ကျွတ် အမျိုးမျိုး ခြောက်လှန့်ခဲ့သည့် ထူးခြားဖြစ်ရပ်များစွာ ရှိခဲ့ပေသည်။

မင်းရဲကျော်ထင် အင်းဝနန်းကို ရခဲ့သလို နန်းတွင်းရေးကြောင့်လည်း တစ္ဆေသရဲများ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ပြည်မင်းသား၏ သားတော်ဖြစ်သော နရာဝရမင်းသည် မိဖုရားကိုယ်လုပ်တော်များလည်း မရှိ သားတော်သမီးတော်များလည်း မရှိပေ။ ထီးနန်းတင်မြှောက်မည့်အရေးတွင် အတွင်းဝန် စည်သူနော်ရထာသည် နန်းတွင်း၌ မိန်းမစိုး ရာဇဒုတအားအင်းကျပ်စွာ စောင့်ကြပ်စေပြီး မင်းကြီးနတ်ရွာစံသည့်အကြောင်းအား မည်သူမျှ မသိစေရန် တင်းကျပ်စွာ ပိတ်ပင်တားမြစ်ထားလိုက်သည်။

မင်းညီမင်းသားများမှာလည်း သက်တူရွယ်တူများ ဖြစ်ကြသောကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်မည်ကိုလည်း စိုးရိမ်ပူပန်မိကြသည်။ နမတော်ဖြစ်သော ရှုဒိယပဘာကို လျှောက်ထားပြီး သေနာပတိ နန္ဒကျော်ထင်၊ ဗညားကျန်းတော၊ နေမျိုးကျော်ထင်၊ နေမျိုးနော်ရထာတို့နှင့် တိုင်ပင်စည်းဝေးပြီး နန်းတင်မည့် မင်းလောင်းကို ရွေးချယ်ကြသည်။

သီရိဓမ္မာသောက မင်းသားကားအနေအထိုင် တည်ငြိမ်အေးဆေးသည်။ ဓမ္မသတ်၊ ရာဇဝင်ထုံးဟောင်းများကို မကျွမ်းကျင်၊ မင်းသားစစ်စစ်မှန်လျှင် ဗဟုသုတပညာ ပြည့်ဝရမည် ဖြစ်သည်။ ယခုမူ ကြက်တိုက်၊ အန်ခတ်၊ သောက်စားမူးယစ်ပျော်ပါးနေသူ ဖြစ်သောကြောင့် မင်းဖြစ်ထိုက်သူ မဟုတ်ပေ။

မင်းရဲနရာမှာ မာန်မာနခက်ထန်ပြီး ရက်စက်ကြမ်းကြုတ်သော မင်းသားဖြစ်သည်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်သည့် အရည်အချင်းမရှိ၊ ရမည်းသင်းစား မင်းရဲကျော်ထင်မှာ မိဖုရားအငယ်အနှောင်းမှ ဖွားမြင်လာသူဖြစ်သလို၊ တခြားမင်းသားများထက် ငယ်ရွယ်သူဖြစ်သည်။ ထို့ပြင် ဓမ္မသတ်ပုံပြင်ရာဇဝင်တို့၌ လေ့လာကျွမ်းကျင်သည်။ ယဉ်ကျေးသိမ်မွေ့ပြီး စိတ်နှလုံးဖြူစင်သူဖြစ်သည်။ ဣန္ဒြေနှင့်လည်း ပြည့်စုံသည်။ အားလုံးသော ပညာရှိမှူးမတ်များကလည်း မင်းမြှောက်ရန် သဘောတူညီကြပြီး အတွင်းတော်သို့ခေါ်ယူကာ အိမ်ရှေ့အရာ ဆောင်နှင်းပေးတော်မူကြသည်။

ထိုအချိန်ကျမှ နောင်တော် ခန္ဓာပြောင်းကြောင်း လျှောက်ထားစေပြီး အိမ်ရှေ့ဝေါစီးကာ ရွှေနန်းတော်သို့ ဝင်ရောက်စေလျက် နန်းတင်ပေးကြသည်။ မင်းညီမင်းသားတို့အား အတွင်းတော်ခေါ်ယူပြီး သစ္စာပေးရာ သစ္စာမသောက်လိုသည့် မင်းသားနှစ်ပါးအား ကွပ်မျက်လိုက်သဖြင့် မည်သူမျှ မငြင်းဆန်ဝံ့ကြတော့ပေ။

နန်းမတက်မီကာလက 'ဆင်စွယ်ဖြူနှင့် အရဲကိုးလာ၊ မင်းအင်္ဂါမှာ၏သို့' ဆိုသော တဘောင်ပေါ်ထွက်လာသည်။ ဆင်စွယ်ဖြူမှာ ရမည်းသင်းမင်းသားကို သျှောင်ထုံးသောအခါ ဘကြီးတော် ပြည်မင်းတရားက လက်ဖွဲ့သော ဆင်ဖြစ်သည်။ မင်းရဲကျော်ထင်၏ မယ်တော် ခင်မမင်းစစ်သည် ဆင်ကဲအား တံစိုးလက်ဆောင်များပေးပြီး မင်္ဂလာရှိသော ဆင်ကို ပေးရန်တောင်းဆိုခဲ့သည်။ ဆင်ကဲမှာ နောင်တွင်ကောင်းစားမည့် အရည်အချင်းရှိသော ဆင်ငယ်တစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com

ယူဆောင်ပြီး အိမ်သို့ပို့လေသည်။ ဆင်ငယ်ကို မြင်တွေ့သော် ...

"ဟယ် ... ဆင်ကဲ ငါ့ရဲ့တံစိုးလက်ဆောင်ကိုစားပြီး အသုံးမဝင်တဲ့ဆင်ကို ပေးရသလား"

"မှန်လှပါ ... စိုးရိမ်တော်မမူပါနှင့် မယ်ဘုရား။ ဒီဆင်ငယ် မုန်အာသောက်သည့်အချိန်တွင် အရှင့်သားတော် ထီးနန်းရမည်ဖြစ်ပါသောကြောင့် ကောင်းမွန်စွာ သိမ်းပိုက်ထားတော်မူပါ။ ဒီဆင်ဟာ ဆင်စွယ်ဖြူ ဖြစ်ပါတယ်"

ဟု လျှောက်တင်ခဲ့သည်။ မင်းရဲကျော်ထင် အင်းဝနန်းမရကြောင်း သတင်းကြားသည်နှင့် လယ်သူရင်းငှားအ ဖြစ်ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်နေကြရသော ငယ်ကျွန်နှစ်ယောက်သည် အောင်ပင်လယ်ကန်မှနေ၍ နန်းတော်သို့ရောက်အောင် ပျော်ရွှင်မြူးထူးစွာ ကခုန်လာကြပြီး အမှုတော်ထမ်းဆောင်ကြသည်။

မင်းညီမင်းသားတို့အား သစ္စာပေးခဲ့သော်လည်း မင်းရဲကျော်ထင် မင်းဖြစ်သည်ကို မလိုလားသော သာလွန်မင်းတရားသားတော် သီရိဓမ္မာသောကစံ ငတက်ကျော်၊ ပြင်စည်မြင်းမှူး၊ မင်းသားရှင်ကျော်နိုင်၊ ပြည်မင်းတရားသား ရဝေမြင်းမှူး၊ မင်းသားရှင်ချစ်စံ၊ ဒွေးချိုးတောင်အနောက်စား ငပုတ်၊ လှေကားသုံးထောင်မှူး အရာခံ ငအုတ်ကဲ၊ ငါးစိုးမင်းလေးမှူး၊ လေးသားဒိုင်းသားတို့သည် နောက်လိုက်အင်အား ၃၀၀၀ ကျော်နှင့် ရွှေနန်းတော်အား ဝင်ရောက်လုပ်ကြံကြသည်။

အရှေ့နန်းတော်ဆောင် အထက်သို့ ရောက်လျှင် အတွင်းတော်မြဲ ကိုယ်ရံတော်မှူးမတ် အမှုထမ်း အရာထမ်းတို့က သိရှိသွားပြီး ဆီးကြိုခုခံ တိုက်ခိုက်ကြသည်။ နန်းလုပုန်ကန်သည့် တိုက်ပွဲကားပြင်းထန်လှသည်။ ဓားတပြက် လှံတပြက် သွေးသံရဲရဲနှင့် ဖြတိုက် ခုတ်ထစ်ဆောင်... 

ပြင်းထန်လှသည်။ ဓားတပြက် လှံတပြက် သွေးသံရဲရဲနှင့် ဖြတိုက် ခုနစ်မှတ်ဆောင်နန်း ကြမ်းပြင်တွင် သွေးများ ချောင်းစီးသကဲ့သို့ စီးဆင်းလာသည်။ နန်းမိုးခေါင်ငှက်ပေါက်များသို့ တက်ပြေးသူတို့မှာလည်း အထက်မင်းတုန်းပေါက်ဝတွင် ဒဏ်ရာဒဏ်ချက်များနှင့် ခန္ဓာစကာ အလောင်းချင်း ထပ်ကုန်ကြသည်။ ပြာသာဒ်ဆောင် နန်းဝတွင်လည်း သူပုန်အလောင်းတို့မှာ မြင်မကောင်းအောင် ကျဆုံးကြကုန်သည်။ ဝင်ရောက်စီးနင်းကြသူများမှာလည်း အရေးနိမ့် ရှုံးနိမ့်ပြီး နန်းရင်ပြင်ပေါ်တွင် အလောင်းတွေ ထပ်ပုံသည်အထိ သေကျေပျက်စီးကုန်ကြသည်။

ရန်အပေါင်းကို အောင်မြင်ပြီးနောက် အသက်မသေ ဖမ်းဆီးရမိသော သူပုန်တို့ကိုလည်း စစ်ကြောပြီး အပြစ်အလျောက်စီရင်တော်မူသည်။ အလောင်းချင်းထပ်ကာ သွေးသံရဲရဲနှင့် အသေဆိုးသေကြရသော သူပုန်တို့သည် အစိမ်းသရဲတစ္ဆေများ ဖြစ်ကုန်ကြသည်။ သူပုန်တစ္ဆေတို့သည် ညဥ့်အချိန်တွင် နန်းတော်ထက်တွင် အိပ်ဖန်တော်စောင့်နေကြသည့် မှူးမတ်အဆောင်မြဲတို့အား ကြောက်မက်ဖွယ် ပုံသဏ္ဍာန်အမျိုးမျိုးကို ကိုယ်ထင်ပြပြီး ခြောက်လှန့်ကြသည်။ ဟိုမှသည်မှ နန်းတော်အတွင်း၌ မြင်သာ ထင်သာ လမ်းလျှောက်ပြကြသည်။ အိပ်နေရာမှ လန်ဘီကျောက်ကို ဆွဲငင်ယူသွားကြသည်။

အပျိုတော် မောင်းမငယ်တို့၏ ဆံထုံးကို ဆွဲကြသည်။ အသုံးအဆောင် အဝတ်အစားတို့အား ပုတ်ခတ်ဆွဲယူကြသည်။ ရယ်မောသံများပေးပြီး သစ်သီး၊ သစ်ပွင့်တို့နှင့် ပစ်ပေါက်ကြသည်။ အဖြူအနီ၊ အဝါ၊ အမည်း စသည့်ပန်းများကို ပန်ဆင်ပြီး ခြောက်လှန့်ကြသည်။ နန်းတော်တစ်ခုလုံး ဝုန်းဝုန်းဒိုင်းဒိုင်း မြည်အောင် ခုန်ပေါက်ကြသည်။ ခဲ၊ အုတ်များနှင့် ပစ်ပေါက်ကြသောကြောင့် ဆူညံဝုန်းဒိုင်းကြဲလျက် ရှိနေပေတော့သည်။

ထိုသို့ ခြောက်လှန့်ကြသောကြောင့် နန်းတွင်း၌ ကြောက်ဖျား လန့်ဖျား ဖျားနာရောဂါများရရှိပြီး သေဆုံးကုန်ကြသည်။ မသေ၍ကျန်သော မင်းမှူးထမ်းများမှာလည်း နန်းတော်အတွင်း၌ မနေဝံ့ကြရလောက်အောင် စိုးရိမ်ထိတ်လန့် တုန်လှုပ်ကုန်ကြသည်။ ဘီလူးတစ္ဆေ၊ မကောင်းဆိုးဝါး၊ နာနာဘာဝများ၏ ခြောက်လှန့်မှုအန္တရာယ်မှ ကင်းဝေးပြေပျောက်စေရန် ထုံးစံနှင့်အညီ စီရင်ဆောင်ရွက်သင့်ပါကြောင်း မင်းကြီးအား လျှောက်ထားတောင်းပန်ကြသည်။

မင်းကြီးသည် ငရန်ဘုန်းတော်ကြီးအား သွားရောက်ပင့်ဆောင်ပြီး တစ္ဆေသရဲများ ဆိုးဝါးစွာခြောက်လှန့်နေသည့်ဘေးရန်မှ ကွယ်ပျောက်ရန် စွမ်းဆောင်ကာမ စီရင်ပေးလိုကြောင်း လျှောက်ထားကြသည်။ ဆရာတော်၏ဘွဲ့မှာ ရှင်ဓမ္မနန္ဒ ဖြစ်သည်။ ထို့ပြင် ငရန်ရွာဇာတိဖြစ်သောကြောင့် ငရန်ဆရာတော်၊ နက်စက်ရောင်ဆရာတော် ဟူ၍လည်း ခေါ်ဆိုကြသည်။

ဆရာတော်သည် အင်းဝမြို့တော်အတွင်းအပြင်ရှိ တနင်္ဂနွေနံနှင့် စသောဘုရား ၇ ဆူစီ ပေါင်း ၄၀ ဆူ ဘုရားများကို ထီး၊ ကြက်လျှာတံခွန်၊ ရေချမ်း၊ အိုးစသည့် ၁၂၀ စီနှင့် ကပ်လှူပူဇော်သည်။ သုံးရက်မြောက်လျှင် သီလဝန် ဂုဏဝန် ရဟန်း ၅၀၀၀ ကိုပင့်၍ နန်းမြို့တွင်း ရွှေနန်းတော်ထက်တွင် ပရိတ်တော်များ ရွတ်ဖတ်စေသည်။ ရွှေနန်းတော်ဝင်းတံခါးလေးမျက်နှာတွင် မြောက်တစ်ရာကို တစ်ပြိုင်နက်တည်း ပစ်ဖောက်အသံပေးစေခဲ့သည်။

www.burmeseclassic.com

သုံးရက်မြောက်တွင် သံဃာတော်သုံးရာကို ရွှေနန်းတော်သို့ ပို့ဆောင်စေပြီး ဆွမ်းကပ်လှူစေသည်။ ဘုရားကိုးဆူ ပူဇော်သည်။ ရွှေနန်းတော် ရွှေလွှတ်တော်နှင့် ဝင်းတော်စောင့် နတ်များကိုလည်း ပူဇော်ပသကြသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားကိုလည်း မင်းကြီး၏သက်စေ့ နှစ်ကျိပ်ရှစ်ဆူဂါထာနှင့် ပူဇော်ခဲ့သည်။ ထို့ပြင် နန်းရင်ပြင်၌ ကွယ်လွန်သွားကြသူများ၊ မင်းမျိုးထမ်းတို့၏ အဝတ်ဟောင်းများကို နေရာခင်းဆယ့်နှစ်ခုချုပ်၍ ရေစက်တော်သွန်း အမျှဝေပြီး ဘုရားဆယ့်နှစ်ဆူအား ကပ်လှူပူဇော်စေသည်။

ငရနဲဆရာတော်၏ အစီအမံများဖြင့် ကုမဆောင်ရွက်ချက်များကြောင့် နန်းတော်အတွင်း၌ အမျိုးမျိုးခြောက်လှန့်ကြသော မကောင်းဆိုးဝါး၊ မိစ္ဆာ၊ တစ္ဆေသူပုန်တို့ရန်မှ ကင်းလွတ်ပပျောက်သွားသည်။ သို့သော်လည်း နန်းတွင်း၌ မခြောက်မလှန့်ပြုလုပ်၍ မရသောကြောင့် တစ္ဆေတို့သည် နေရာပြောင်းပြီး အင်းဝမြို့တော်တွင်းဝင်ကာ ခြောက်လှန့်ကြပြန်သည်။

အင်းဝမြို့တော်တင်ရှိသော ပေါင်တိုက်ရပ်၊ တောင်ချုပ်ရပ်၊ ညောင်စောက်ရပ်၊ စားဆွဲရပ်၊ ဆင်ရပ်၊ ဗညားချောင်ရပ်၊ ရွှေညောင်ပင်ရပ်၊ ဈေးငယ်ရပ်၊ ရှေ့တော်ပြေးရပ်၊ နန်းဦးကွက်ရပ်၊ မြင်းကွင်းရပ်၊ ကင်မွန်းချုံရပ်၊ တွေ့တိုင်းအောင်ရပ်၊ ဆင်တက်ရပ်၊ ရွှေဘူးစွဲရပ်၊ သတိုးတိုက်ရပ်၊ ရွမ်းဆေးရပ်၊ မင်္ဂလာဈေးရပ်များတွင် ကြောက်မက်ဖွယ်ကောင်းသော အသံဆိုးကြီးများ ဟစ်အော်ကာ ကျောက်ခဲ၊ အုတ်ခဲ ဖလား၊ သန္ဓေးတို့နှင့် ပစ်ခတ်ခြောက်လှန့်ကြသည်။ ညမှောင်ရီသန်းလာသည်နှင့် ရေများ၊ မြေမှုန့်များနှင့်ပက်ပြီး ထိတ်လန့်အောင် ပြုမူကြသည်။ မည်းမည်းကြုတ်ကြုတ် ကြောက်မက်ဖွယ် ကိုယ်ဆင်ပြသည်။ အဆက်မပြတ် တက်ခေါက်သံများ ကြားနေရသည်။

ပို၍ဆိုးသည်မှာ ကလေးငယ်များကို ချိုးပိုးသယ်ယူပြီး နိုးဝှက်ထားကြသည်။ တစ်နေရာမှ တစ်နေရာသို့ ကလေးများကို ချီပွေ့ယူသွားကြသည့် နောက်သို့ မလိုက်ဝံ့ကြပေ။ ထိုသို့ မကျွတ်မလွတ်သော သူပုန်တစ္ဆေများ၏ ဆိုးရွားစွာခြောက်လှန့်သောင်းကျန်းမှုများကြောင့် ရပ်ရွာနေ လူအများမှာလည်း အုတ်အော်သောင်းတင်းဖြစ်ကာ ထိတ်လန့်နေကြပေသည်။

ငရနဲဆရာတော်မှာလည်း ရပ်ကွက်တစ်ခုစီတွင် သံဃာတော် ၂၈ ပါးပင့်ပြီး ၂၈ ဆူသော ဘုရားများကို အမှူးထား၍ တစ်နေ့တည်း တစ်ချိန်တည်း ကမ္မဝါစာများ ရွတ်ဖတ်ကြသည်။ အရုဏ်တက်သည်နှင့် ဆွမ်းကပ်လှူပူဇော်ကြသည်။ တံခွန်ကြီးတွင် စက်ဂါထာ အင်းရုံများရေးပြီး အစုများခန့်ထားကာ လှူဒါန်းစေရသည်။ ဂူတော်သစ်နှင့် ပဋ္ဌာန်းဇရပ်တွင် ပရိတ်တော်ရေကို ယူ၍ မြို့တံခါး ၉ ရပ်အား ဖြန်းပက်စေရသည်။

တံခါး ၉ ရပ်တွင် သံဃာတော် ၈ ပါးစီပင့်၍ ဆွမ်းကပ်လှူရသည်။ ရွှေတန်ဆာဘုရား၊ စွယ်တော်စင်တန်ဆောင်းတို့တွင် ပြည်သူများက အိမ်တိုင်းစေ့ လာရောက်ကြပြီး ပရိတ်တော်ရေချမ်းလောင်းရသည်။ ဤသို့ဖြင့် ငရနဲဆရာတော်၏ အစီအမံဖြင့် တစ္ဆေသရဲအားခြောက်လှန့်ခြင်းဘေးမှ ကင်းဝေးပြီး တိုင်းပြည်မှာလည်း အေးချမ်းသာယာခဲ့သည်။

ဝမ်းဘဲအင်းစံ မင်းတရားကြီးသည် သူပုန်တစ္ဆေများခြောက်လှန့်မှုကို ပပျောက်အောင် စွမ်းဆောင်ပေးသော ရှင်ဓမ္မနန္ဒီ (ငရနဲဆရာတော်)အား 'ဓမ္မနန္ဒ ဓမ္မရာဇဂုရု' ဘွဲ့တံဆိပ်တော် ကပ်လှူ၍ အင်းဝမြို့တော် ရွှေစည်းခုံဘုရား၏ မြောက်ဘက်ရှိ တံတိုင်းနား ကျောင်းအရာမ်တွင် ယွန်းဆက်မုခ်နှစ်မျက်နှာရှိ ကျောင်းဆောက်လှူဒါန်းတော်မူခဲ့သည်။

ငရနဲဆရာတော်၏ ဆွေမျိုးသားချင်း ၃ဝ ကိုလည်း အသည်မျိုးရိုးမှ နုတ်ယူတော်မူစေ၍ နတ်ရှင်မြင်းစုတွင် ဖွဲ့စည်းပေးခဲ့သည်။ ဆွမ်းကပ်၊ ရေကပ် ဝေယျာဝစ္စများကို ဆရာတော်ထံတွင် ဆောင်ရွက်နိုင်စေရန် ကျောင်းကျွန်၊ ကျွန်သီးတော်ခုနစ်ယောက်ကိုလည်း လှူတော်မူသည်။

အင်းဝကို ဝင်ရောက်စီးနင်းကြရာမှ အရေးနိမ့်ပြီး သေဆုံးကြကုန်သော သူပုန်များသည် တစ္ဆေသရဲများ ဖြစ်သွားကြရာမှ အစွဲအလမ်းကြီးမားစွာနှင့် နန်းတော်မြို့ရွာရပ်ကွက်များပါမကျန် ခြောက်လှန့်ခြင်းပြုခဲ့ကြသည်များကို မှန်နန်းရာဇဝင်တော်ကြီး (စာတွဲ)တွင် ထင်ရှားစွာ ရေးသားထားခဲ့သည်။

မင်းရဲကျော်ထင် (ဝမ်းဘဲအင်းစံမင်း)အား စွယ်တော်မြတ် ဒါယကာဟူ၍လည်းကောင်း၊ ဘေးတော်အဂ္ဂါသား ဟူ၍လည်းကောင်း ရာဇဝင်တွင် ဖော်ပြခဲ့သလို သက်တော် ၂၂ နှစ်တွင် မင်းဖြစ်သည်။ ထိုမင်းလက်ထက်တွင် မြန်မာမင်းကေရာဇ်တို့၏ သက္ကရာဇ်ကိုပြသော 'ဇာတာပုံကျမ်း' ကို ရေးသားခဲ့သည်။ နတ်ရွာစံစဉ်တွင် မြေငလျင်ပြင်းစွာလှုပ်၍ ဘုရားပုထိုးဂူကျောင်းများ ပြိုပျက်ခဲ့သလို မြေကြီးတို့သည် အစိတ်စိတ်အမြွာမြွာကွဲ၍ ရေများထွက်လာသည်။ နန်းတော်ထဲသို့ ကျားဝင်သည်၊ ပျားစွဲသည်၊ ရွှေစည်းခုံဘုရားတွင် လင်းတနားသည်။ ပင်းယရွှေစည်းခုံ ရောင်တော်လွှတ်သည်။ ဆိပ်ပေါက်ဘုရားရှင် ရုပ်တုတော်မှ ချွေးယိုကျခြင်းများ စသည့် ထူးဆန်းနိမိတ်များ ဖြစ်ပေါ်ခဲ့သည်။

နန်းကြော့သျှင်



www.burmeseclassic.com

www.burmeseclassic.com



# မယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ

ဒေါက်တာသက်ဆွေ(M.D.)

(ရွှေဆောင်တင်ဆွေ)(မင်္ဂလာမွေ့ဇောတိကဇေ)

## သတ္တမပိုင်း

အလုပ်အကိုင်များနှင့် အဖွဲ့အစည်းအသီးသီးတွင် ဝင်ရောက်လုပ် ကိုင်ခဲ့ရာ အခက်အခဲများ အနည်းငယ် ကြုံတွေ့ရပြီး အားလုံးချောချောမောမော အောင်မြင်မှု ရရှိခဲ့ပါသည်။ အခက်အခဲကြုံလျှင်လည်း နောင်တော် နတ်မင်းကြီးအား တမ်းတခါ ဆောင်ရွက်လျှင် အောင်မြင်မှု ရရှိပါသည်။ ကျောင်းမှထွက်ပြီး အလုပ်များဝင်ရောက် လုပ်ကိုင်ရင်း အဖွဲ့အစည်းအသီးသီးတွင် ဝင်ရောက်လုပ် ကိုင်ခဲ့သည့် အကြောင်းများကို ဖော်ပြသွားပါမည်။

ကျွန်တော်သည် ၁၉၅၇ ခုနှစ် မန္တလေးမြို့ မြတ်ရတနာမဂ္ဂဇင်းတိုက်တွင် သတင်းထောက်အဖြစ် စတင်ဝင်ရောက်လုပ်ကိုင်ရာ ပထမသတင်း ထောက်လုပ် နေသော မေမြို့ဆရာ ဦးခင်မောင်မြင့်မှ ဓာတ်ပုံရိုက်နည်း၊ ဖလင်ဆေးနည်း၊ ကူးနည်းများပါ သင်ပေးပါသည်။ သုံးလ ခန့် ကြာသောအခါ ဆရာက ပင်စင်ယူသွားပါသည်။ ခြောက်လခန့်ကြာသောအခါ ဖြန့်ချိရေးမှူးတာဝန်ပါ တွဲဖက်လုပ်ကိုင်ရပါသည်။ တစ်နှစ်ခန့်ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဦးတင်အုန်း(ရွှေသွေး)နှင့် မန္တလေး ဗမာ့ရှေ့ဆောင် သတင်းစာတိုက်တွင် သတင်းထောက်နှင့် ညပိုင်းသတင်းအယ်ဒီတာပါ ပူးတွဲလုပ်ဆောင်ရပါသည်။ ၁၉၅၉ ခုနှစ်တွင် မန္တလေးသူရိယသတင်းစာတိုက်တွင် သတင်းအယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ပါသည်။ သတင်းထောက်နှင့် သတင်းအယ်ဒီတာလုပ်နေစဉ် မန္တလေးမြို့အနောက်တောင်မြို့နယ် ဖ. ဆ. ပ. လ အဖွဲ့အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ခရိုင် ဖ. ဆ. ပ. လ အဖွဲ့တွင် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ် ရန်ကုန်မြို့၊ ပြည်ကျော်သတင်းစာတိုက်တွင် သတင်းအယ်ဒီတာအဖြစ် ပြောင်းရွှေ့လုပ်ကိုင်စဉ် ရပ်ကွက်လူမှုရေး အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တော်လှန်ရေးကောင်စီ တက်လာပြီးနောက် ကျွန်တော်တို့သတင်းစာတိုက်လည်း ဆက်မထုတ်နိုင်တော့ဘဲ ရပ်ဆိုင်းလိုက်ရပါသည်။ ထိုအခါ ဦးအောင်စိန်ကုမ္ပဏီတွင် လုပ်ငန်းကြီးကြပ်ရေးမှူးအဖြစ် ဝင်ရောက်လုပ်ကိုင်ပါသည်။ ကျွန်တော်လည်း သိမ်ဖြူတိုက်နယ်သူကြီးသမီးဖြင့် အိမ်ထောင်ကျနေသဖြင့် သူကြီးလုပ်ငန်းများပါ ပူးတွဲလုပ်ဆောင်နေရပါသည်။ တော်လှန်ရေးကောင်စီ အစိုးရမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဖွဲ့စည်းတော့ ပါတီဝင်ပြီး စည်းရုံးရေးလုပ်ငန်းများပါ လုပ်ဆောင်ခဲ့ရပါသည်။ ၁၉၆၅ ခုနှစ် ကြေညာချက်အမှတ် (၅-၆)အရ ပြည်သူပိုင်သိမ်းဆည်းရေးကော်မတီများဖွဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူပိုင်သိမ်းဆည်းရေးကော်မတီ အဖွဲ့ခေါင်းဆောင်(ဥက္ကဋ္ဌ)အဖြစ် ဆောင်ရွက်ခဲ့ရပါသည်။ ၁၉၆၆ ခု ပ. ပ. က ပြည်သူ့ပစ္စည်း ကော်ပိုရေးရှင်း မြို့နယ်ရုံးတွင် လက်ထောက်မန်နေဂျာအဖြစ်လည်းကောင်း၊ ပ. ပ. ကမှ ကုန်သွယ်ရေးပြောင်းသောအခါတွင်လည်း ဗိုလ်ကြီးဟောင်းတစ်ဦးက ဦးစီးမန်နေဂျာ ဖြစ်လာသောအခါ ဆက်လက်၍ လက်ထောက်မန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ရပ်ကွက်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ(ရ. လ. က) အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်အဖွဲ့အစည်းများတွင်ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး၊ အားကစားကော်မတီအဖွဲ့ဝင်နှင့် ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရပ်ကွက်လူမှုရေး ကော်မတီ အတွင်းရေးမှူးနှင့် ဘာသာရေးကော်မတီ ဒုဥက္ကဋ္ဌအဖြစ်လည်းကောင်း စသည်အားဖြင့် အဖွဲ့အစည်းအသီးသီးတွင် အများဆန္ဒ သဘောထားအရ ရွေးချယ်သောကြောင့် ဆောင်ရွက်ခဲ့ရပါသည်။

၁၉၆၇ ခုနှစ်တွင် စာပေလုပ်သားအဖွဲ့များ ဖွဲ့စည်းရာ အလုပ်အမှုဆောင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ၁၉၆၉ ခုနှစ်တွင် တိုင်းရင်းဆေးဆရာ စာမေးပွဲများကျင်းပရာ ဝင်ရောက်ဖြေဆို အောင်မြင်သဖြင့် တိုင်းရင်းဆေးလောကသို့ ဝင်ရောက်ခဲ့ပါသည်။ တိုင်းရင်းဆေးဆရာအစည်းအရုံးဖွဲ့စည်းရာ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၁ ခုနှစ်တွင် ၇၀ ပြည့်နှစ် သမဝါယမစီမံကိန်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် ၈ သင်း၊ တာမွေမြို့နယ် ၇ သင်း၊ ပေါင်း ၁၅ သင်းကို ဖွဲ့စည်းရေး အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပေးခဲ့ရပါသည်။ ထိုစဉ်ကမြို့နယ်တရားသူကြီးအဖြစ်လည်း တာဝန်ပေးထားသဖြင့် ဆောင်ရွက်ရပါသည်။ ၁၉၇၂ ခုနှစ် အမှတ်(၉) နယ်မြေရွှေ့ပြေး သမဝါယမအသင်းကြီး ဖွဲ့စည်းသောအခါ တော်လှန်ရေးကောင်စီခန့် တွဲဖက်အတွင်းရေးမှူး(၁)အဖြစ် တာဝန်ယူခဲ့ရပါသည်။ နှစ်နှစ်ခန့် တာဝန်ယူပြီးနောက် ၁၉၇၅ ခုနှစ်တွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ပြီး အလှကုန်နှင့် အိမ်သုံးဆေးဝါးများ ထုတ်လုပ်ကာ သမဝါယမအသင်းများသို့ ပေးသွင်းရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ပါသည်။

၁၉၈၅ ခုနှစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် အ. ထ. က(၄)၌ ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော တိုင်းရင်းဆေးဆရာ သင်တန်းတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ရပါသည်။ ၎င်းနှစ် (၂၅. ၅. ၈၅)တွင် မြန်မာ့ဆေးနည်းတိုများနှင့် တိုင်းရင်းဆေးဗဟုသုတဖြစ်ဖွယ် အသွယ်သွယ် ဆေးကျမ်း စတင်ထုတ်ဝေခဲ့ပါသည်။

၂၂. ၈. ၁၉၈၇ တွင် ရွက်ပွင့်သီးခေါက်မြစ်



www.burmeseclassic.com

www.burmeseclassic.com

ဆေးဝါးဖြစ် ဆေးကျမ်း ထုတ်ခဲ့ပါသည်။

၁၃. ၄. ၁၉၈၈ တွင် မြန်မာ့တိုင်းရင်း ဓာတ်အပ်ရိုက်ပညာ အဖွင့်ကျမ်း ရေးသားထုတ်ဝေခဲ့ပါသည်။

၂၂. ၁၁. ၈၈ တွင် ဆရာတော်၊ သမားတော်ကြီးများထံမှ ကိုယ်တိုင်သုံးဆေးနည်းကောင်းများ ဆေးကျမ်း ထုတ်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် န. ဝ. တ အစိုးရလက်ထက် မြို့နယ်တိုင်းရင်းဆေးဆရာအသင်း အတွင်းရေးမှူးနှင့် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဇီဝက ကျန်းမာရေးဆိုင်ရာ ဆေးပညာ မဂ္ဂဇင်း စတင်ထုတ်ဝေလာရာ ယနေ့တိုင် ထုတ်ဝေလျက်ရှိပါသည်။ ၁၉၈၈ ခု၊ မတ်လ ၃ ရက်နေ့တွင် မစုသဒ္ဓ ရွှေတောင်ကျော်စွာဘွဲ့ရ ရုပ်သေမင်းသမီးကြီး ဦးဖုးညို၏ ဘဝဇာတ်ကြောင်းစာအုပ် ပြုစုပြီးစီးပါသည်။ ၎င်းစာမူဖြင့် ၁၉၉၀ ပြည့်နှစ် စာပေဗိမာန် စာပေဆု ရရှိခဲ့ပါသည်။

၁၉၈၈ ခု စက်တင်ဘာလ ၉ ရက်နေ့တွင် နောက်ဆုံးပေါ် ခေတ်မီသိပ္ပံနည်းကျ အကြောပြင်၊ အကြောဖွင့် အတတ်ပညာ လက်တွေ့ကုထုံးကျမ်း ပြုစုခဲ့ပါသည်။ ၎င်းဆေးကျမ်းအား အင်္ဂလိပ်လို ဘာသာပြန် ကျမ်းပြုပြီး အိန္ဒိယနိုင်ငံ ကိုး(လ်)ကတ္တား တက္ကသိုလ်သို့တင်ခဲ့ရာ ၂၀၀၉ ခုနှစ် ကိုး(လ်)ကတ္တားအား ပုဗ္ဗေဒဆေးတက္ကသိုလ်မှ Ph.D ဒေါက်တာဘွဲ့ ရရှိခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် Y.M.B.A အသင်းကြီးသို့ဝင်ကာ ဘာသာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အမှုဆောင် ခြောက်နှစ်၊ ဒုတိယ ဥက္ကဋ္ဌ လေးနှစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သောကြောင့် မင်္ဂလဓမ္မဇောတိကဓဇဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရပါသည်။ ယခုအခါ အသက် ၇၅ နှစ် ပြည့်ပြီးဖြစ်သောကြောင့် အပ္ပဇော်ခံ နာယကကြီးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ Y.M.B.A အသင်းကြီး၏ နှစ်တစ်ရာပြည့်ပွဲတော် ၂၀၀၆ ခုနှစ်က ကျင်းပရာ ကျန်းမာရေးကော်မတီ အဖွဲ့ဝင်နှင့် ပြခန်းကော်မတီ အတွင်းရေးမှူးတာဝန်များ ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်အကြီးအကဲများ၏ ချီးကျူးမှု ခံရသောကြောင့် ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ခံခဲ့ရပါသည်။

ဒေါက်တာမောင်မောင် တရားရေးဝန်ကြီးဖြစ်စဉ် မြို့နယ်တရားသူကြီး ဥက္ကဋ္ဌ (နာယက)အဖြစ် ခန့်အပ်ခံရပြီး (ဆိုရှယ်လစ်တရားစီရင်ရေး စနစ်သစ်) ထိုစဉ်က သတင်းစာဆရာများကို ဦးစားပေးခန့်ထားပါသည်။ နောက်ပိုင်း ပြည်သူ့တရားစီရင်ရေး စနစ်ပြောင်းသောအခါ အလုပ်သမားများ၊ ဆိုက္ကားဆရာ၊ မြင်းလှည်းဆရာများပါ ခန့်သောအခါ ထွက်လိုက်ပါသည်။ ကျွန်တော် တရားသူကြီးဆောင်ရွက်စဉ် ခေတ်ဟောင်း၊ စနစ်ဟောင်းမှ တရားမမှု ၅၀၀၀ ကျော် သုံးလနှင့်အပြီးအပြတ် စစ်ဆေးပေးနိုင်သဖြင့် ဂုဏ်ထူးဆောင်လက်မှတ်များ ရရှိခဲ့ပါသည်။

စက်များ တီထွင်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပ တပည့်များအား နည်းပညာများ သင်ကြားပေးပြီး ELETRONIC MURCLE STIMULATOR (အကြောဖွင့်စက်)များပါ ရောင်းချပေးလျက် ရှိပါသည်။ လက်တွေ့ကုထုံးကျမ်းကို ပြဋ္ဌာန်းပြီး THEORY နှစ်လ၊ PRETICAL တစ်လ၊ ပေါင်းသုံးလ သင်ကြားပေးပြီး တရားဝင် သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးပါသည်။ နှစ်ပေါင်း ၃၀ ကျော်အတွင်း ပြည်တွင်းတိုင်းနှင့်ပြည်နယ်များမှ ဆရာ/ဆရာမပေါင်း ၅၀၀ ကျော်နှင့် ပြည်ပတိုင်းပြည် ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့မှ မြန်မာဘုန်းတော်ကြီးတစ်ပါး ယိုးဒယားတိုင်းရင်းဆေးဆရာကြီးတစ်ဦးနှင့် ယိုးဒယားလူမျိုး သုံးဦး၊ ပေါင်းငါးဦးဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ နယ တက္ကသိုလ်တွင် သင်တန်းတက်နေသော မြန်မာပြည်မှ ဦးပဉ္စင်းနှစ်ပါး၊ တစ်ပါးက ရာဇဂြိုဟ်ပြည် မြန်မာဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေပါသည်။ တစ်ပါးက ဗာရာဏသီပြည် မြန်မာဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးပြီး ကျောင်းတက်ခဲ့ပါသည်။ ၎င်းနှစ်ပါး သင်ကြားပေးပြီး စက်တစ်လုံးစီပါ ရောင်းပေးလိုက်ရာ လူနာများ ကုသပေးပြီး ကျောင်းစရိတ်ရရှိသဖြင့် နှစ်ပါးစလုံး Ph.D ဒေါက်တာဘွဲ့ ရရှိကြပါသည်။ ဗာရာဏသီကျောင်းမှ ဦးပဉ္စင်းလေးသည် ကုလားသူဌေးများ ကုသပေးခြင်း အောင်မြင်သဖြင့် သုံးထပ်တိုက်ကျောင်းကြီးနှင့် ကားတစ်စီး လှူဒါန်းထားပါသည်။ ၎င်းပြင် ဂယာမြို့တွင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ထပ်တိုက်ကျောင်းကြီးပါ လှူထားသဖြင့် မြန်မာပြည်မှ ဗုဒ္ဓဂယာ ဘုရားဖူးများပါ တည်းခိုလျက်ရှိပါသည်။ ကျွန်တော် ဒေါက်တာဘွဲ့သွားယူစဉ် ဂါယာလေဆိပ်မှ ဖုန်းဆက်မှာလိုက်ရာ ဦးပဥ္စင်းကိုယ်တိုင် ကားဖြင့် လာကြိုပါသည်။ ရာဇဂြိုဟ်မှ ဦးပဥ္စင်းလေးတွင်လည်း ကုလားသူဌေးများက မြေကွက်များ ရာဇဂြိုဟ်တွင်လှူပြီး ကျောင်းဆောက်ပေးပါသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ပြန်လာပြီးလျှင် မင်္ဂလာဒုံမြို့နယ်တွင် မြေကွက်ကြီးများဝယ်ပြီး သုံးထပ်တိုက်ကျောင်းကြီးဆောက်ကာ ပရိယတ္တိ စာသင်တိုက်ကြီး တည်ထောင်ထားပါသည်။ တပည့်ဦးပဥ္စင်းလေးနှစ်ပါး ကြီးပွားတိုးတက်နေသည်ကို မြင်တွေ့ရသောကြောင့် မုဒိတာပွားပြီး နှစ်ထောင်းအားရ ဖြစ်မိပါတော့သည်။ အလားတူပင် ယိုးဒယားမှာ ပညာသင်သွားသော ရှမ်းဘုန်းကြီး ဆရာစိုင်းရွက်အား ဘန်ကောက်မြို့သူဌေးမှ တာချီလိတ်မြို့ (ရှမ်းပြည်နယ်အရှေ့ပိုင်း) ဝမ်ပုန်းရပ်ကွက်တွင် ခြံဝင်းနှင့် တိုက်ပါ ဆောက်လုပ်ပေးထားသဖြင့် ကုသလျက် ရှိနေပါသည်။ ကျန်တပည့်များကလည်း ဘန်ကောက်မြို့တွင် ဆေးခန်းဖွင့် ကုသလျက်ရှိနေကြပါသည်။ စက်ာပူမှ တရုတ်မ ဆရာမကတော့ စက်ာပူတွင် ကုသလျက်ရှိပါသည်။ ဗိုလ်ချုပ်ကတ်စိန် ကျန်းမာရေးဝန်ကြီးဖြစ်စဉ်က မလေးရှားနိုင်ငံမှ ကျန်းမာရေးဝန်ကြီးများနှင့်ပါလာသော ကျန်းမာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် မစ္စက်(စ်)ဝူကီးလျှန်သည် ကင်းဘဲလမ်းရှိ တိုင်းရင်းဆေးရုံကြီး လေ့လာစဉ် လေဖြတ်လူနာများအား ကျွန်တော်၏စက်ဖြင့် ကုသနေသည်ကို တွေ့ရှိရာ လိုက်ပါပို့ဆောင်ပေးသူ ဆရာဝန်မအားမေးရာ ဆရာကြီးဦးသက်ဆွေတီထွင်ထုတ်လုပ်ပြီး ဝန်ကြီးဌာနမှ ဝယ်ယူအသုံးပြုနေကြောင်းပြောရာ ထုတ်လုပ်သူနှင့် တွေ့လိုကြောင်း ပြောရာ ဆရာဝန်မကြီးက ကျွန်တော့်ထံ ဖုန်းဆက်ပြီး သိမ်ဖြူလမ်းရှိ ပီတိကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်းဆေးခန်းသို့ ခေါ်ကာ မိတ်ဆက်ပေးပါသည်။ ထိုအခါ ပန်းသေးတရုတ်မ မစ္စက်(စ်)ဝူကီးလျှန်က နောက်ထပ် သုံးရက်နေဦးမည်ဖြစ်၍ သုံးရက်နှင့် PRETICAL သင်လျှင် ရနိုင်ပါမည်လားဟုမေးရာ တတ်အောင်သင်ပေးမည်ဖြစ်ကြောင်းပြောပြရာ နောက်ရက်နေ့ခင်းပိုင်းတွင် ဆရာဝန်မကြီးနှင့်လာသင်ပါသည်။ သုံးရက်သင်ပြီး စက်တစ်လုံးပါ ဝယ်သွားပါသည်။ အင်္ဂလိပ်လို သင်တန်းဆင်းလက်မှတ်များပါ ပေးလိုက်ပါသည်။ ၎င်း၏ ဥက္ကဋ္ဌမှာလည်း မှတ်တမ်းပုံများရိုက်ယူသွားပါသည်။ သုံးလခန့် ကြာသောအခါ မလေးရှားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌမှ ကျန်းမာရေးဝန်ကြီးဌာနဗိုလ်ချုပ်ကက်စိန်ထံ အကြောင်းကြားစာ ပို့ပါသည်။ ဆရာကြီး ဦးသက်ဆွေနှင့် GUIDE လုပ်ပေးခဲ့သော ဆရာဝန်မကြီးအား မလေးရှားပြည်သို့ သင်တန်းပေးရန် နှစ်လမျှလွှတ်ပေးပါရန်နှင့် သွားပြန်စရိတ် နေမှုထိုင်မှု ၎င်းတို့အစိုးရမှ တာဝန်ယူမည်ဖြစ်ကြောင်း စာဖြင့်ရေးသားတောင်းခံခဲ့ပါသည်။ ဗိုလ်ချုပ်ကက်စိန်မှ ဝန်ကြီးအစည်းအဝေး (ကက်ဘိနက်)သို့ တင်ပြရာ ဝန်ကြီးအတော်များများက ပညာရှင်တစ်ဦးအား နိုင်ငံခြားမှခေါ်၍ လွှတ်ပေးပါက ဂုဏ်သိက္ခာကျမည်ဖြစ်ပြီး ကျွန်တော်တို့အစိုးရကလွှတ်ပေးမှသာ(မတောင်းခံဘဲ) ကောင်းမည်ဖြစ်ကြောင်း တင်ပြကန့်ကွက်သောကြောင့် မသွားခဲ့ရပါ။ ခြောက်လခန့်ကြာသောအခါ မစ္စက်(စ်)ဝူကီးလျှန်းထံ အကြောင်းကြားပြီး အလည်ခေါ်သောစာ VISIT ဗီဇာဖြင့် သွားခဲ့ပါသည်။ သင်တန်းတော့ မပေးဖြစ်တော့ဘဲ လေဖြတ်သော လူနာများ ကုသပေးပြီး ပြန်ခဲ့ရပါသည်။

ယိုးဒယားပြည်မှသင်တန်းတက်သွားသော တပည့်များကခေါ်သဖြင့် လေဖြတ်သော လူနာများ သွားရောက်ကုသပေးခဲ့ပါသည်။ မူဆယ်မြို့မှ တရုတ်ဇနီးမောင်နှံဆရာ/ဆရာမတို့ကလည်း ခေါ်သဖြင့် မူဆယ်မြို့သို့ သွားရောက်ကုသရာ အောင်မြင်ပါသည်။ တရုတ်ပြည် ကြယ်ခေါင်မြို့နှင့် ရွှေလီမြို့များမှ တရုတ်လူနာများ လာ၍ ကုသမှုခံယူကြပါသည်။ ကျွန်တော်၏တပည့်များက ရွှေလီမြို့တွင်လည်း ဆေးခန်းဖွင့်၍ ကုသနေကြပါသည်။ ထိုစဉ်က တရုတ်ပြည်၊ ယူနန်ပြည်နယ်၊ မာန်ဆယ်မြို့သို့လည်း သွားရောက်ခါ တရုတ်တိုင်းရင်းဆေးခန်းများနှင့် ဆေးဆိုင်များ လေ့လာခဲ့ပါသည်။

www.burmeseclassic.com

ထိုကဲ့သို့ နိုင်ငံခြား တိုင်းပြည်များသို့ သွားရောက်ကုသရာ အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးသည့် ပုဂ္ဂိုလ်များတွေ့ရှိရပါသည်။ ထိုကဲ့သို့ အဆင်ပြေခြင်းသည်လည်း အတိတ်ဘဝမှ အဘွားနှင့် မိခင်တော်စပ်ခဲ့ဖူးသော ကေလာသမယ်တော်ကြီးအားလည်းကောင်း၊ အတိတ်ဘဝက အစ်ကိုတော်စပ်ခဲ့ဖူးသော လူဗျိုတော်နတ်မင်းကြီးအားလည်းကောင်း ပင့်ဖိတ်၍ အကူအညီတောင်းခံယူခဲ့သောကြောင့် ဖြစ်ပါသည်။ နောက်ထပ် တစ်နှစ်ခန့်ကြာသောအခါ မလေးရှားပြည် ကွာလာလမ်ပူမြို့တွင် ကျွန်တော်၏တပည့်သားများထံ ဆရာတပည့်နှစ်ဦး ဆေးကုသပေးရန် သွားရောက်ခဲ့စဉ်က ထူးခြားမှုဖြစ်စဉ်ကလေးကို တင်ပြပါဦးမည်။ ကျွန်တော်တို့မသွားမီ တစ်ပတ်ခန့်ကြို၍ ကျွန်တော့်တပည့်၏သားထံ ဖုန်းဆက်၍ ဘယ်နေ့တွင် ရန်ကုန်လေဆိပ်မှ လိုက်လာမည်ဖြစ်ပြီး ကွာလာလမ်ပူ လေဆိပ်သို့ ၄း၀၀ နာရီ လေယာဉ်ဆိုက်ရောက်မည်ဖြစ်၍ လေယာဉ်ကွင်းသို့ ၃း၃၀ နာရီ လာရောက်စောင့်ကြိုရန် မှာထားပါသည်။ ကျွန်တော်စီးနင်းလိုက်ပါသော လေယာဉ်သည် မလေးရှားပြည်၊ ကွာလာလမ်ပူလေဆိပ်သို့ ၄း၀၀ နာရီ ဆိုက်ပါသည်။ ကျွန်တော်တို့ ဆရာတပည့် နှစ်ယောက်သား ကားကိုရှာသော်လည်း မတွေ့ပါ။ ထိုအခါ ကျွန်တော်က နောင်တော်နတ်မင်းကြီး ညီဖွားတို့လာကြိုမယ့်လူလည်း ရောက်မလာဘူး။ ၄၅ မိနစ် ကြာသွားပြီ။ ကူညီပါဦးဟု နှုတ်မှပြောဆို တမ်းတလိုက်ပါသည်။ သုံးမိနစ်ခန့် ကြာသောအခါ ကုလားသူဌေးတစ်ဦးက ကျွန်တော်တို့နှစ်ယောက်ကို ဘယ်သွားကြမှာလဲဟု ကုလားလိုမေးရာ ကျွန်တော်၏တပည့်က ကွာလာလမ်ပူမြို့မှ သားကားလာကြိုခိုင်းထားတာ မရောက်လာလို့ပါပြောရာ ထိုကုလားသူဌေးက ကျွန်တော့်ညည့်သည်လည်း ပါမလာဘူး။ ဆရာတို့ကို လိုက်ပို့ပါမည်ဟုပြောကာ သူ့ကားဆီသို့ ခေါ်သွားပါသည်။ ကားသို့ရောက်လျှင် ပစ္စည်းများတင်ပြီး ကျွန်တော့်တပည့်အိမ်သို့ အရောက်ပို့ပေးပါသည်။ ထိုပုဂ္ဂိုလ်က ကွာလာလမ်ပူမြို့နှင့် ၃၀ မိုင်မျှဝေးသော တောမြို့လေးမှဖြစ်ကြောင်း၊ တစ်ပတ်ကြာလျှင် ဖုန်းဆက်ပြီး ကားလွှတ်လိုက်မည်ဖြစ်ကြောင်း လာလည်ရန် လိပ်စာကတ်ပါ ပေးခဲ့ပါသည်။ ကျွန်တော်တို့လည်း သားအိမ်ရောက်ပြီး ခေတ္တနားနေစဉ် သားကားရောက်လာပါသည်။ လမ်းတွင် ကားပျက်နေ၍ နောက်ကျသွားကြောင်း၊ လေယာဉ်ကွင်းရောက်တော့ မတွေ့၍ အိမ်ပြန်လာကြောင်း ကားငှားစီးလာသလားဟုမေးရာ ကုလားသူဌေးတစ်ဦးက သူ့ကားဖြင့်လိုက်ပို့ပေးကြောင်းပြောပြရာ သားလည်းအံ့ဩသွားပါသည်။ ထိုကဲ့သို့ အရေးကြုံလျှင် နောင်တော်ကြီးအား တမ်းတပါက အဆင်ပြေချောမွေ့ပါသည်။

တစ်ပတ်ခန့် ကြာသောအခါ ကုလားသူဌေးမှ ဖုန်းဆက်ပြီး ကားလွှတ်လိုက်ပါသည်။ ကျွန်တော်တို့ ဆရာတပည့်လည်း စက်ကလေးပါထည့်၍ လိုက်သွားရာ လူနာများ စုပေးထားပါသည်။ ၎င်း၏တိုက်တွင် ၁၀ ရက်ခန့်နေပြီး လူနာများကုသပေးရာ ရိုးရိုးအကြောတင်း၊ အကြောတက်သော ဝေဒနာရှင်များ၊ ခါးကြောညပ်သော ဝေဒနာရှင်များနှင့် လေဖြတ်သော ဝေဒနာရှင်များပါ လူနာ ၁၀၀ ကျော် ကုသခဲ့ရပါသည်။ ၎င်းနောက် ကွာလာလမ်ပူမြို့ရှိ သားအိမ်တွင် လူနာများ လက်ခံကုသရာ အိမ်လာကုလျှင် မလေးရှားရင်းဂစ် ၅၀၊ လာပင့်၍ လိုက်ကုလျှင် ရင်းဂစ် ၁၀၀ ရယူပါသည်။ မလေးရှားတွင် နှစ်လခန့်ကုသပြီး ပြန်လာရာ ဟိုမှာ သုံးစွဲသည့်စရိတ်နှင့် အသွားအပြန် လေယာဉ်စရိတ်ပါနုတ်ပြီး မြန်မာငွေ အသားတင် သိန်း ၂၀ လောက် ရပါသည်။ ဆရာတပည့် တစ်ယောက် ၁၀ သိန်းစီ ခွဲယူပါသည်။ ကျွန်တော်ကတော့ ၎င်း ၁၀ သိန်းမှ တရားကျောင်းများသို့ ဆွမ်းကွမ်းစရိတ် လှူလိုက်ပါသည်။ မြန်မာပြည်တွင် တစ်လ ၁၀ သိန်း မဝင်နိုင်ပါ။

ယိုးဒယားပြည်ရှိ တပည့်များထံ သွားရောက်ကုသလျှင်လည်း အိမ်ဆေးခန်းလာကုသူ ဝေဒနာရှင်တစ်ဦး ဘတ် ၅၀ ယူပြီး လိုက်ကုရသော (out door) Patient အား ဘတ် ၁၀၀ ရယူပါသည်။ ထိုကဲ့သို့ နိုင်ငံခြား တိုင်းပြည်များသို့ သွားရောက်ကုသရာတွင် အစစအရာရာ အဆင်ပြေခြင်းသည် အတိတ်ဘဝက ဖခင်တစ်ဘဝ တော်စပ်ခဲ့ဖူးသူ အဘဆရာကြီး ဘိုးသုဘောဂ၏ ကူညီမစမှုအရ

www.burmeseclassic.com

လည်းကောင်း၊ ကေလာသမယ်တော်ကြီးတို့နှင့် နောင်တော် လူဖျိုကော်နတ်မင်းကြီးတို့၏ ကူညီမစ စောင့်ရှောက်မှုများကြောင့် ဖြစ်ပါသည်။

ယခု ပစ္စုပ္ပန်ကာလ ကျွန်ုပ်၏ဇနီး နန်းခင်ညွန့်ဆွေ ဝင်စားသော လူဝင်စားလေး မဂျူးဂျူးသည် အတိတ်ဘဝဖြစ်စဉ်၊ ပစ္စုပ္ပန်ဖြစ်စဉ်နှင့် အနာဂတ်ဖြစ်မည့် အကြောင်းအရာများကို ပြောနိုင်သော ဗဟုသုတရရှိခြင်းငှာ ထပ်မံတင်ပြသွားပါဦးမည်။ လူဝင်စား ဂျူးဂျူးသည် တစ်နှစ်ကျော် စကားစပြောသော အချိန်မှစ၍ သူ့နာမည် နန်းခင်ညွန့်ဆွေဖြစ်ကြောင်း ပြောပြပါသည်။ ခုနစ်နှစ်ပြည့်သောအခါ ဝင်ဒါမီယာရှိ ပုဂ္ဂလိက မူကြိုကျောင်းတွင်ထားရာ ဉာဏ်အလွန်ကောင်းပြီး (I.Q) မြင့်သဖြင့် လေးနှစ်တွင် သူငယ်တန်း အရည်အချင်းပြည့်မီပြီး အင်္ဂလိပ်စာ တော်ပါသည်။ နွေရာသီကျောင်းပိတ် ရက်တွင် M.L.A special class တက်ရာ စာတော်သဖြင့် ကျောင်းအုပ်ကြီးမှ လခမယူဘဲ မေတ္တာရည် သင်ပေးခဲ့ပါသည်။ ၅ နှစ် ကျောင်းကြီးမတက်ရမီ ပထမတန်း အရည်အချင်းပြည့်သဖြင့် မင်္ဂလာဘာသာရေးသင်တန်းတက်ခဲ့ရကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဒဂုံ(၁) မူလတန်းကျောင်းတွင်ထားရာ နှစ်စဉ်ပထမရခဲ့ပါသည်။ လေးတန်းအောင်သောအခါ စာတော်သဖြင့် ဒဂုံအထက(၁)သို့ ဆက်လက် တက်ရောက်သင်ကြားခဲ့ရာ ယခုအခါ အဋ္ဌမတန်း ရောက်နေပါပြီ။ ဒဂုံမူလတန်းကျောင်းတက်နေစဉ် ခြောက်နှစ်အရွယ်ကျောင်းမှပြန်လာပြီး ညနေ ၆ နာရီအချိန် ကန်တော်လေးရှိ သားအကြီးနှင့်အငယ် ရန်ဖြစ်၍ သားကြီးက မူးပြီး လက်သီးနဲ့ထိုးခဲ့သဖြင့် သားငယ်အခန်းမှ သုံးထပ်ပြားတွေ ကွဲကုန်ပြီး အပေါ်ထပ် ဘုရားခန်းဘေးက ငါ့အခန်းက သုံးထပ်သားတွေလည်း ကွဲကုန်ပြီဟု ယခုကျွန်တော်များ နေသော ဒေါ်ပုံအိမ်တွင် ပြောပြရာ သူ့အဘွားက မဟုတ်တာတွေ မပြောနဲ့၊ နင့်သားတွေက ရန်မဖြစ်ဘူးဟု ပြောရာ ဟုတ်တယ် ရန်ဖြစ်နေကြပြီဟု ပြောကြောင်း၊ ည ၇း၃၀ နာရီတွင် သားငယ်ကားဖြင့် ရောက်လာပြီး အဖေ့သားကြီး မူးရမ်းနေလို့ လိုက်ခဲ့ပါဟု ကျွန်တော့်အားလာခေါ်ရာ လိုက်သွားသောအခါ ရပ်ကွက်လူကြီးများပါ ရောက်ရှိပြီး ဖျောင်းဖျပြောဆိုနေသည်ကို တွေ့ရှိရပြီး သားငယ်အခန်းမှ သုံးထပ်သားပြားများနှင့် အပေါ်ထပ်မှ သုံးထပ်ပြားများ ကွဲနေသည်ကို တွေ့ရှိရပါသည်။

၎င်းစတုတ္ထတန်းရောက်သောနှစ် ၁၀ နှစ်သမီးအရွယ်တွင် နံနက်ကျောင်းသွားခါနီး ကျွန်တော်တို့အပေါ်ထပ်သို့ ငိုတက်လာပြီး ငါ့သားငယ်ကားတိုက်လို့ ခေါင်းကွဲသွားပြီ။ သွေးတွေထွက်နေတာမြင်ရတယ်ဟု ပြောပြန်ပါသည်။ ထိုအခါ အဘွားကြီးက ဟဲ့ . . နင့်သားက ကားမောင်းကျွမ်းတယ်။ သံရုံးကားမောင်းတာ။ မတိုက်နိုင်ဘူးဟုပြောရာ တိုက်သွားပြီ၊ ငါ့သားလေးတော့ သေတော့မှာပဲဟု ငိုပြန်ပါသည်။ ထိုအခါ အဘွားကြီးက ချော့၍ သမီးလေးရယ် မသေနိုင်ပါဘူး၊ ကျောင်းသွားဖို့ အချိန်ကျပြီ။ သွားတော့ဟု ချော့လွှတ်ရပါသည်။ ညနေ ၆ နာရီ ကန်တော်လေးမှ မောင်ကျော်ကျော်လာပြောမှ သံရုံးကားနှင့် စစ်ကားတိုက်မိ၍ ပြေသင်း ရန်ကုန်ဆေးရုံကြီး အခန်း(၆)တွင် ရောက်နေကြောင်း ဦးရေခွဲကွဲသွား၍ ချုပ်ထားကြောင်း ယခု သတိရနေပြီဖြစ်ကြောင်း၊ ဦးခေါင်းတော့ မစိုးရိမ်ရဟု ဆရာဝန်ကပြောကြောင်း လာ၍ပြောပါသည်။ နံနက်ပိုင်းက ဂျူးဂျူးပြောထားသည့်အတိုင်း ဖြစ်ပါသည်။ ၎င်းနှစ်တွင် သူ့အစ်မကြီး ဒဂုံ(၁)မှ ၁၀ တန်း စဖြေရာ ဂဇက်ထွက်ခါနီး အောင်မအောင် မေးကြည့်ရာ မအောင်ဟု ပြောပါသည်။ ထိုအခါ သူ့အဘွားက သူတို့ကျောင်းက နှစ်ချင်းပေါက်အောင်တယ်။ ဂုဏ်ထူးတောင် ထွက်နိုင်သည်ဟု ပြောပါသည်။ နောက်နှစ်တွင်လည်း မေးရာ ကျမည်ဟုပြောပါသည်။ သုံးနှစ်ဆက်တိုက် ကျမည်ပြောသည့်အတိုင်း ကျခဲ့ပါသည်။ ထို့ကြောင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကြိုသိရှိပါသည်ဟု တင်ပြလိုက်ပါသည်။

**ဒေါက်တာသက်ဆွေ(M.D.)**

(ရွှေဆောင်တင်ဆွေ)(မင်္ဂလာဓမ္မဇောတိကဓဇ)

www.burmeseclassic.com

www.burmeseclassic.com

# မင်းရဲကျော်စွာ စစ်ရှုံးကိန်း နှင့် အနော်ရထာကျွဲခတ်ကိန်း

ညွှန့်ခိုင်မာ(ကျောက်ဆည်)

**ယာယီခရီးသွားလာခြင်းဆိုင်ရာ ဗေဒင်ဟောကိန်းနှင့် ယတြာများ**

မည်သူမဆိုပင် ယာယီခရီးသွားလာရန်အကြောင်းကြုံလာပါက မိမိသွားလာမည့် အရပ်ဒေသသည် မိမိနှင့် သင့်တော်ပါက သွားလာခြင်းသည် အကျိုးအမြတ်ပင် ရရှိနိုင်သည်မှန်သော်လည်း မသင့်တော်သော အရပ်ကိုသွားပါက ဘေးဒုက္ခတစ်စုံတစ်ရာ ကျရောက်စေနိုင်သည်။ အရပ်သုဉ်း စန်းသုဉ်းဖြစ်နေပါက ဘေးဥပဒ်အန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံရတတ်ပါသည်။

ဥပမာဆောင်၍ တင်ပြရလျှင် မြန်မာသက္ကရာဇ် ၉၆၇ ခုနှစ် အင်းဝဘုရင်မင်းကြီးမင်းခေါင်သည် ဒလမြို့တလိုင်းများနှင့် စစ်တိုက်ရန် သားတော် မင်းရဲကျော်စွာကို ဗိုလ်မှူးခန့် ဦးဆောင်စေ၍ စစ်ချီခိုင်းစေရာဝယ် ပုဏ္ဏားတော် ဦးရာမကြီးအား အခါတော်မေးမြန်းဆက်သွင်းစေ၏။

"ယခု စစ်ချီမည့်အချိန်အခါတွင် သားတော် မင်းရဲကျော်စွာသည် သက်တော် နှစ်ဆယ့်ခြောက်နှစ်ဖြစ်ပါသဖြင့် စစ်ချီတက်သွားပါလျှင် အထူးအောင်ပွဲရ၍ မုချနိုင်ပါမည်"ဟုဟောပြော၍ လျှောက်တင်၏။ ဟောပြောသည့်အတိုင်းပင် တလိုင်းတို့ကို နိုင်၍ အောင်ပွဲရခဲ့ပါသည်။

ဒုတိယအကြိမ် သားတော် မင်းရဲကျော်စွာ သက်တော်သုံးဆယ့်တစ်နှစ်တွင် စစ်ချီရန်အကြောင်းကိစ္စပေါ်ပေါက်လာပြန်ရာ အဘိုးဦးရာဇာနှင့် ပုဏ္ဏားပညာရှိ၊ ရဟန်းပညာရှိများအား အခါတော်ကို ဟောကြားပေးရန် မေးမြန်းဆက်သွင်းစေ၏။

"ယခုအချိန်အခါသည် သားတော်၏ အသက်မှာ သုံးဆယ့်တစ်နှစ်ဖြစ်ပါ၍ တောင်အရပ်သို့ စစ်ချီ၍ မသင့်တော်ပါကြောင်း"

အားလုံးက တညီတညွတ်တည်း လျှောက်တင်ကြလေသည်။

ဤသို့ အားလုံးက လျှောက်တင်ဆက်သွင်းကြသော်လည်း မင်းရဲကျော်စွာသည် မိမိ၏ အစွမ်းသတ္တိကို ယုံကြည်သည်က တစ်ကြောင်း မင်းဖျိမင်းလွင်ဖြစ်သည့်အလေ့ကြောင့် စိတ်ခက်ထန်သည်က တစ်ကြောင်းဖြင့် ပညာရှိများ၏ စကားကို မနာယူဘဲ စစ်ချီလေ၏။

ဘုရင်မင်းခေါင်သည် အထူးပင် စိတ်ပူပန်လျက် ပညာရှိများနှင့် တိုင်ပင်နှီးနှောပြန်လေသည်။

"သားတော်သည် မည်သည့်နည်းနှင့်မျှ ပြန်လာနိုင်ရန် လမ်းမရှိပါကြောင်း"

ဗေဒင်ပညာရှိများ၏ ဥက္ကဋ္ဌဖြစ်သူ အဘိုးကြီး ဦးရာမကြီးက ဟောပြောလျှောက်ထားလေ၏။ ဘုရင်မင်းခေါင်သည် ဟောကြားချက်အား ကြီးစွာ အမှုက်ဒေါသထွက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ၊ ပုဏ္ဏားပညာရှိအားလုံး နာခံစေ၊ ယခုဟောကြားသည့်အတိုင်း မှန်လျှင်ရှိစေ၊ သားတော်မင်းရဲကျော်စွာ တစ်စုံတစ်ရာမဖြစ်ခဲ့သော် ပုဏ္ဏားပညာရှိအားလုံးနှင့်တကွ ဥက္ကဋ္ဌဖြစ်သူ အဘိုးဦးရာမကိုပါ ရေတွင်နှစ်၍သတ်စေ"

ဟူ၍ အမိန့်ထုတ်ပြန်ထားလိုက်လေသည်။ ထိုအချိန်မှစ၍ ပညာရှိများနှင့် ဘုရင်မင်းခေါင် တိုင်ပင်ခြင်း၊ မေးမြန်းနှီးနှောခြင်း မပြုတော့။ ရိုးရိုးခစားခြင်းကိုသာ ပြုစေ၍ နေ့ရှိသမျှ သားတော် မင်းရဲကျော်စွာထံသို့ အားပေးအားမြှောက်ပြုကာ နေလေ၏။

မင်းရဲကျော်စွာသည်လည်း ခမည်းတော်၏ အားပေးချက်အရ အထူးရဲတင်းစွာ တိုက်ခိုက်လေ၏။ တစ်နေ့သ၌ ဒလမင်းကြီးနှင့် ယှဉ်ပြိုင်စစ်ဆိုင်ရလေသော် သားတော် မင်းရဲကျော်စွာ နံကြား၌ လှံချက်မိလေတော့သည်။ ဆင်တော်ပေါ်မှ ဒလမင်းကြီး မိလေသဖြင့် မင်းကြီးက -

"တူတော်မောင်၊ အသင်မပူလေနှင့်၊ သင်၏ အနာပျောက်ကင်းရန် ဘကြီးတော် ဆေးကု၍ နေပြည်တော်သို့ ပြန်ပို့ပေးပါမည်"

ဟူ၍ မိန့်တော်မူလေသည်။ ထိုအခါ မင်းရဲကျော်စွာက -

"ဘကြီးတော်ရဲ့ ကျေးဇူးကို မစောင့်စည်းနိုင်ပါသဖြင့် ဆေးမကုပါနှင့်၊ သေလိုရာ သေပါစေ"

ဟု ဆိုလေသည်။ သားတော်မင်းရဲကျော်စွာ ဤသို့ဖြင့် ကံတော်ကုန်ရှာလေသည်။

ထိုသို့မင်းရဲကျော်စွာ ကျဆုံးကြောင်း သတင်းကို နေပြည်တော် ဘုရင်မင်းခေါင် ထံသို့ ရောက်လေလျှင် များစွာ ယူကျုံးမရဖြစ်လေသည်။

ဘုရင်မင်းခေါင်သည် ပုဏ္ဏားတော် ပညာရှိများကိုလည်း အထူးပူဇော်ခြင်းဖြင့် ထောမနာပြုလေသည်။ အထက်ပါ ပုံဆောင်အရ မည်သူမဆိုပင် ခရီးယာယီ မသွားလာမီ အောက်ပါအတိုင်း ဆင်ခြင်သွားလာပါက အထူးပင်ကောင်း၍ ဘေးဥပဒ်အန္တရာယ်ကင်းပြီးလျှင် စိတ်တိုင်းကျ ပြီးမြောက်အောင်မြင်ပါလိမ့်မည်။

ယာယီခရီးသွားသင့် မသွားသင့်သော အရပ်များ ရွေးရန်တွက်နည်းမှာ-

၁။ အသက်ကိုတည်၍ ရှစ်ခုနှင့်စားပါ။

၂။ အကြွင်းကိုရှာပါ။

၃။ အရှေ့အရပ်မှစ၍ လက်ဝဲရစ် ရေတွက်ပါ။ အကြွင်းဆုံးသော အရပ်ဒေသကို ရှောင်ပါ။ ယာယီခရီးသွားရန် မသင့်ပါ။

စာဖတ်သူတို့ ရှင်းလင်းလွယ်ကူစေရန် အောက်ပါပုံကို ကြည့်ပါ။

| | | |
|---|---|---|
| အရှေ့မြောက် | (အရှေ့)<br>မူသေစရန် | အရှေ့တောင် |
| မြောက် | | တောင် |
| အနောက်မြောက် | အနောက် | အနောက်တောင် |

**လက်ဝဲရစ်လှည့်၍ ရေတွက်ရန်**

၁။ သားတော် မင်းရဲကျော်စွာ ဒုတိယအကြိမ်စစ်ထွက်ချိန်တွင် ရောက်သက် ၃၁ နှစ် ရှိပြီဖြစ်ပါသည်။

၂။ သက်တော် ၃၁+၈ မှာ အကြွင်း ၇ ရပါသည်။

၃။ အကြွင်းဆုံးသောအရပ်မှာ တောင်အရပ်ဖြစ်ကြောင်း တွေ့ရပါမည်။ တောင်အရပ်ကို ရှောင်ရပါမည်။

ထို့ကြောင့် "ယခုအချိန်အခါသည် သားတော်၏ အသက်မှာ ၃၁ နှစ်ဖြစ်ပါ၍ တောင်အရပ်သို့ စစ်ချီသွားရန် မသင့်တော်ပါကြောင်း"ဟူ၍ အားလုံးက တညီတညွတ်လည်း လျှောက်ထားခဲ့ကြပါသည်။

လူတစ်ဦးတစ်ယောက် အတွက် အသက်နှင့် ဖော်ပြရလျှင် မည်သူမဆိုပင် အောက်ပါအရပ်များကို ရှောင်ကြဉ်ရပေမည်။

၁။ **အရှေ့မူသေအရပ်**သို့ အောက်ပါ အသက်အတွင်း ယာယီခရီးသွားရန် မကောင်းပါ။ ၁ နှစ်၊ ၉ နှစ်၊ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၁ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၃ နှစ်၊ ၈၁ နှစ်များ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၂။ **အရှေ့မြောက်အရပ်**သို့ အောက်ပါအသက်အတွင်း ခရီးယာယီသွားရန် မကောင်းပါ။ ၁ နှစ် ၁၀ နှစ် ၁၈ နှစ် ၂၆ နှစ် ၃၄ နှစ်၊ ၄၂ နှစ် ၅၀ နှစ်၊ ၅၈နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်၊ ၈၂ နှစ် များဖြစ်သည်။

၃။ **မြောက်စူးစူးအရပ်**သို့ အောက်ပါအသက်အတွင်း ခရီးယာယီသွားရန် မသင့်တော်ပါ။ ၃ နှစ်၊ ၁၁ နှစ် ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်၊ ၈၃ နှစ် များဖြစ်သည်။

၄။ **အနောက်မြောက်ထောင့်**အရပ်သို့ အောက်ပါအသက်အတွင်း ခရီးယာယီသွားရန် မသင့်တော်ပါ။ ၄ နှစ်၊ ၁၂ နှစ်၊ ၂၀ နှစ် ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ် ၆၀ နှစ်၊ ၆၈ နှစ်၊ ၇၆ နှစ်၊ ၈၄ နှစ် များ ဖြစ်သည်။

၅။ **အနောက်စူးစူးအရပ်**သို့ အောက်ပါအသက်အတွင်း ခရီးယာယီသွားရန် မသင့်တော်ပါ။ ၅ နှစ်၊ ၁၃ နှစ် ၂၁ နှစ် ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊၇၇ နှစ်၊၈၅ နှစ်များဖြစ်သည်။

၆။ **အနောက်တောင်အရပ်**သို့ အောက်ပါအသက်အတွင်း ခရီးယာယီသွားရန် မသင့်တော်ပါ။ ၆ နှစ်၊ ၁၄ နှစ်၊ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်၊ ၈၆ နှစ် များ ဖြစ်သည်။

၇။ **တောင်စူးစူးအရပ်**သို့ အောက်ပါအသက်အတွင်း ခရီးယာယီသွားရန် မသင့်တော်ပါ။ ၇ နှစ်၊ ၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်၊ ၇၉ နှစ်၊ ၈၇ နှစ်များဖြစ်သည်။

၈။ **အရှေ့တောင်အရပ်**သို့ အောက်ပါအသက်အတွင်း ခရီးယာယီသွားရန် မသင့်တော်ပါ။ ၈ နှစ် ၁၆ နှစ်၊ ၂၄ နှစ် ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၆၅ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်၊ ၈၀ နှစ်၊ ၈၈ နှစ် များဖြစ်သည်။

ယခုပြဆိုခဲ့ပြီးသော အရပ်များသို့ ထိုနှစ်များအတွင်း ရှောင်ကြဉ်နိုင်ပါက အထူးကောင်းမွန်ပါသည်။

**ခရီးသွားလာရာတွင် ပြုလုပ်အပ်သောယတြာများ**

မည်သည့်နေ့သားသမီးမဆို .. အောက်ဖော်ပြပါ နေ့အလိုက် ခရီးယာယီသွားခြင်းကိုလည်း ဆင်ခြင်ပါ။

မသွားအပ်သောနေ့၌ မသွားကောင်းသော အရပ်သို့ ခရီးထွက်ပါက

| လူတိုင်းအသက် ရောက်သက်များ | | | | | | | | | | | | ရှောင်ကြဉ်သင့်သောအရပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | အရှေ့စူးစူး |
| ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | အရှေ့မြောက် |
| ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | မြောက်စူးစူး |
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | အနောက်မြောက် |
| ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | အနောက်စူးစူး |
| ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | အနောက်တောင် |
| ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | တောင်စူးစူး |
| ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | အရှေ့တောင် |



www.burmeseclassic.com

www.burmeseclassic.com

ဥပဒ်အန္တရာယ်တွေ့ကြုံတတ်သည်။ အကယ်၍ မလွှဲမရှောင်သာ ခရီးသွားရသော် အောက်ပါယတြာအတိုင်း ပြုလုပ်၍ သွားပါက ဘေးဥပဒ်မှ လွတ်ကင်း၍ အကြံအစည်များအောင်မြင်ပါလိမ့်မည်။

* တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့များ၌ အရှေ့အရပ်သို့မသွားရ။

မလွှဲမရှောင်သာ သွားရလျှင် အရှေ့အရပ်သို့ မျက်နှာပြု၍ မြေစာမြက်တစ်ဆုပ်နှင့် ဆင်မင်းကိုပူဇော်ပါသည်၊ တင်မြောက်ပါသည်ဆိုပြီးလျှင် သွားလာပါ။

* တနင်္ဂနွေနေ့နှင့် သောကြာနေ့များတွင် အနောက်အရပ်သို့ မသွားရ။

မလွှဲမရှောင်သာသွားရလျှင် သွားခါနီး၌ အနောက်အရပ်ကို မျက်နှာပြု၍ ဖြူသော ပေါက်ပေါက်များကို ကြဲ၍သွားပါ။

* အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့များတွင် မြောက်အရပ်သို့ မသွားရ။

မလွှဲမရှောင်သာ သွားရလျှင် သွားခါနီး၌ မြောက်အရပ်ကို မျက်နှာပြု၍ အနည်းငယ်သော သစ်သီးများပူဇော်၍ သွားလာပါ။

* ကြာသပတေးနေ့၌ တောင်အရပ်သို့ မသွားရ။

မလွှဲမရှောင်သာသွားရလျှင် သွားခါနီး၌ တောင်အရပ်ကို မျက်နှာမူ၍ အဝတ်သစ်တစ်ခုခုကို ပူဇော်ဆုတောင်း၍ သွားလာပါ။

အထက်ပါနေ့များနှင့် အရပ်မျက်နှာအတိုင်း စကားပြောခြင်း၊ အကြံအစည်ပြုလုပ်ခြင်း၊ စာမေးပွဲဖြေဆိုခြင်းစသော အလုပ်များကို ၎င်းအရပ်မျက်နှာများသို့ မျက်နှာပြု၍ မပြုလုပ်ရန် ရှောင်ကြဉ်ပါ။ ၎င်းမျက်နှာမပြုကောင်းသောအရပ်များကို ကျောပေး၍ ပြုလုပ်ပါက အလွန်ကောင်းပါသည်။

* တနင်္ဂနွေနှင့်သောကြာနေ့များ၌ အရှေ့အရပ်သို့ မျက်နှာပြု၍ သွားလာပါက အလွန်ကောင်း၍ အောင်မြင်ပါလိမ့်မည်။

* စနေနေ့နှင့် သောကြာနေ့များ၌ အရှေ့အရပ်သို့ မျက်နှာမူ၍ သွားလာကြစည်ပါက အလွန်ကောင်း၍ အောင်မြင်ပါလိမ့်မည်။

* အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့များ၌ တောင်အရပ်သို့ မျက်နှာပြု၍ သွားလာကြံစည်ပါက အလွန်ကောင်း၍ အောင်မြင်ပါလိမ့်မည်။

* ကြာသပတေးနေ့၌ မြောက်အရပ်ကို မျက်နှာပြု၍ သွားလာကြံစည်ပါက အလွန်ကောင်း၍ အောင်မြင်ပါလိမ့်မည်။

အထူးသတိပြုရန်မှာ ကြာသပတေးနေ့သည် ခရီးထွက်ရန် မကောင်းသောရက်ဖြစ်ပါသည်။

အထက်ပါယတြာအတိုင်း နေ့ရက်အလိုက် ပြုလုပ်ကြံစည်ပါက အကြံအစည် အလုပ်အကိုင်များပြီးစီး အောင်မြင်ပါလိမ့်မည်။

ကျမ်းကိုး

ဆရာကြီး ဦးရာမ၏ လက်တွေ့ အတပ္ပနဝေဒင်ဟောကိန်းကျမ်း

## ရှောင်ရန် အနော်ရထာကျွဲခတ်ကိန်း

ရှောင်ရန်သင့်သော အနော်ရထာကျွဲခတ်ကိန်းရှိရာအရပ်ဒေသကို ဖော်ပြသည့် တွက်နည်းဖြစ်ပါသည်။ ဘေးအန္တရာယ်ရှိသောနေရာ မသွားအပ်သောနေရာကို သွားရောက်လျှင် ဘေးဒုက္ခတွေ့ရနိုင်လေသည်။

လူတိုင်းလူတိုင်းအတွက် ရောက်သက်နှစ်တိုင်း၊ အရပ်ရှစ်မျက်နှာရှိသည့်အနက် အရပ်တစ်မျက်နှာတွင် အနော်ရထာ ကျွဲခတ်ကိန်းရှိနေသည်။ ရောက်သက်တစ်နှစ်တွင် ရှိသော အနော်ရထာကျွဲခတ်ကိန်းကို ဖော်ပြသည့် အရပ်ဒေသကို သိလျှင် ရှောင်နိုင်ပေမည်။

ဘေးအန္တရာယ်ရှိသော စွန့်စားရသည့် အလုပ်ကို လုပ်ကိုင် အသက်မွေးဝမ်းကျောင်းရမည့်သူများအတွက်လည်း ဤ တွက်နည်းမှာ သင့်လျော်အရေးပါပေသည်။

ရွှေတွင်း၊ ကျောက်တွင်း၊ ကျောက်မီးသွေးတွင်း၊ သတ္တုတွင်းသို့သွား၍ အလုပ်လုပ်ကိုင်မည့်သူများ၊ နယ်စွန်နယ်ဖျား ရေခြားမြေခြားသို့ သွားပြီးလုပ်ကိုင်ကြမည့်သူများ၊ ရေကြောင်း ကုန်းကြောင်း လေကြောင်း ခရီးကြမ်းသွားရသူများ၊ လက်ဝှေ့ နပမ်းသမားများ၊ သစ်ဖောင် ဝါးဖောင် သစ်ခုတ် ဝါးခုတ်သမားများ၊ အမဲလိုက် တောလိုက်မုဆိုးများ စသည့် အန္တရာယ်မကင်းသော လုပ်ငန်းလုပ်ကိုင်မည့်သူများအတွက် ပို၍ အရေးကြီးပါသည်။

တွက်နည်းမှာ ရောက်သက်ကိုတည်



www.burmeseclassic.com

www.burmeseclassic.com

၄ နှင့်ပေါင်း၊ ၈ နှင့်စားပါ။ အကြွင်းကို ကြည့်ပါ။

၁ ကြွင်းလျှင် အရှေ့အရပ် (တနင်္လာထောင့်)

၂ ကြွင်းလျှင် အနောက်မြောက် အရပ် (ရာဟုထောင့်)

၃ ကြွင်းလျှင် အနောက်အရပ် (ကြာသပတေးထောင့်)

၄ ကြွင်းလျှင် မြောက်အရပ် (သောကြာထောင့်)

၅ ကြွင်းလျှင် အရှေ့မြောက်အရပ် (တနင်္ဂနွေထောင့်)

၆ ကြွင်းလျှင် အရှေ့တောင်ထောင့် အရပ် (အင်္ဂါထောင့်)

၇ ကြွင်းလျှင် တောင်အရပ် (ဗုဒ္ဓဟူးထောင့်)

၀ ကြွင်းလျှင် (ပြတ်လျှင်) အနောက် တောင်အရပ် (စနေသောင့်)

ရောက်သက်ဆိုသည်မှာ ဥပမာ အသက် ၂၀ ပြည့်ပြီးလျှင် ရောက်သက် မှာ ၂၁ နှစ်နှင့် တွက်ရပါမည်။ ထို့အတူ အသက် ၃၅ နှစ်ပြည့်ပြီးသူ၏ရောက်သက် မှာ ၃၆ နှစ် ဖြစ်သည်။ ထိုနည်းတူ အသက် ၆၅ နှစ် ပြည့်ပြီးလျှင် ရောက်သက်မှာ ၆၆ နှစ် ဖြစ်သည်။

## တွက်နည်း နမူနာ (၁)

ရောက်သက် ၂၈ နှစ်ရှိသူတစ်ယောက်၏ အနေ်ာရထာကျွဲခတ်ကိန်းရှိရာ အရပ်ကိုရှာလိုသော် . .

အသက်ကိုတည်၍ ၂ နှင့်ပေါင်းလျှင် ၂၈ + ၂ = ၃၀

၃၀ ကို ၈ နှင့်စားလျှင် . .

၃၀ + ၈ = အကြွင်း ၆ ရမည်။

၆ ကြွင်းသောကြောင့် အနေ်ာရထာ ကျွဲခတ်ကိန်းရှိရာအရပ်မှာ အရှေ့တောင် အရပ် (အင်္ဂါထောင့်) ဖြစ်၏။

## တွက်နည်းနမူနာ (၂)

ရောက်သက် ၅၄ နှစ်ရှိသူကိုတွက်မည်ဆိုလျှင် ၅၄ + ၂ = ၅၆

၅၆+၈= အကြွင်း (၀) ပြတ်၏။

အနေ်ာရထာ ကျွဲခတ်ကိန်းမှာ အနောက်တောင်အရပ် (စနေထောင့်) ဖြစ်၏။

## တွက်နည်းနမူနာ (၃)

ရောက်သက် ၆၆ နှစ်ရှိသူတစ်ယောက်၏ ရှောင်ရန် အနေ်ာရထာကျွဲခတ်ကိန်းရှိရာအရပ်ကို တွက်လိုသော် . .

၆၆+၂=၆၈

၆၈+၈= အကြွင်း ၄ ရမည်။

၄ ကြွင်းသောကြောင့် အနေ်ာရထာ ကျွဲခတ်ကိန်းရှိရာအရပ်မှာ မြောက်အရပ် (သောကြာထောင့်) ဖြစ်၏။

တွက်ချက်ရာတွင် လွယ်ကူ၍ မြန်ဆန်စေရန် လူတိုင်းအတွက် ရောက်သက်များနှင့် အနေ်ာရထာ ကျွဲခတ်ကိန်းအရပ်ကို ဖော်ပြသည့် အသင့်တွက်ပြီးဇယားကို ဖတ်ရှုလေ့လာနိုင်ပါသည်။

## အရပ်ရှစ်မျက်နှာပုံ

| | | | | |
|---|---|---|---|---|
| | အရှေ့မြောက်အရပ် | အရှေ့အရပ် | အရှေ့တောင်အရပ် | |
| | တနင်္ဂနွေထောင့် | တနင်္လာထောင့် | အင်္ဂါထောင့် | |
| မြောက်အရပ် | သောကြာထောင့် | | ဗုဒ္ဓဟူးထောင့် | တောင်အရပ် |
| | ရာဟုထောင့် | ကြာသပတေးထောင့် | စနေထောင့် | |
| | အနောက်မြောက်အရပ် | အနောက်အရပ် | အနောက်တောင်အရပ် | |

www.burmeseclassic.com

www.burmeseclassic.com

## ရောက်သက်နှင့် အနော်ရထာကျွဲခတ်ကိန်းဇယား

| ရောက်သက်များ | | | | | | | | | | | | အရပ် | ထောင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | အနောက်အရပ် | ကြာသပတေး |
| ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | မြောက် | သောကြာ |
| ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | အရှေ့မြောက် | တနင်္ဂနွေ |
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | အရှေ့တောင် | အင်္ဂါ |
| ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | တောင် | ဗုဒ္ဓဟူး |
| ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | အနောက်တောင် | စနေ |
| ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | အရှေ့ | တနင်္လာ |
| ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | အနောက်မြောက် | ရာဟု |

ဇယားကြည့်နည်းမှာ ရောက်သက်ကို ဇယားတွင်ရှာပြီး ညာဖက်တစ်တန်းတည်း၌ အနော်ရထာကျွဲခတ်ကိန်းအရပ်နှင့် ထောင့်ကို ကြည့်ရပါမည်။

ဥပမာ - ရောက်သက် ၆၆ နှစ်ရှိသူကို ကြည့်လျှင် ပထမ ၆၆ ကိုရှာပါ။ ညာဖက်တစ်တန်းတည်း၌ ကြည့်ပါက မြောက်အရပ် (သောကြာထောင့်)အနော်ရထာကျွဲခတ်ကိန်းရှိရာဒေသကို တွေ့ရမည်။

ဥပမာ - ရောက်သက် ၇၁ နှစ်ရှိသူကို ကြည့်လျှင် ပထမ ၇၁ နှစ်ကို ရှာပါ။ တွေ့လျှင် ညာဖက်တစ်တန်းတည်း၌ ကြည့်ပါကအရှေ့အရပ် (တနင်္လာ ထောင့်) အနော်ရထာကျွဲခတ်ကိန်းရှိရာ ဒေသကို တွေ့ရမည်။

လွယ်ကူပြီး ဇယားကြည့်ရန်မလိုဘဲ လက်တန်းတွက်နိုင်သည့်နည်းကို တင်ပြလိုပါသည်။

"ဖိုးသာအောင်၊ ညဥ့်ယံ၊ ထိပ်ကိုရောက်"

လင်္ကာကို ကျက်ထားရပါမည်။

ရောက်သက်ကို သိလျှင် စိတ်တွက် ၈ နှင့်စား၍ အကြွင်းကိုရှာရမည်။ ဥပမာ ၆၆ နှစ်ရှိသူကို တွက်လျှင် ၆၆ ကို ၈ နှင့်စားပါက အကြွင်း ၂ ရမည်။ လင်္ကာ၏ ဒုတိယစာလုံးဖြစ်သော (သာ)သည် သောကြာထောင့်(မြောက်အရပ်)မှာ ရောက်သက် ၆၆ နှစ် ရှိသူ၏ အနော်ရထာ ကျွဲခတ်ကိန်းရှိရာအရပ်ဟု တန်းပြောနိုင်မည်။

ဥပမာ ရောက်သက် ၅၅ နှစ်ရှိသူ ကိုတွက်လျှင် . . .

၅၅ ကို ၈ နှင့်စားပါက အကြွင်း ၇ ရမည်။ လင်္ကာ၏ သတ္တမနေရာမှာ (ကို) ဖြစ်၏။

"ဖိုးသာအောင်၊ ညဥ့်ယံ၊ ထိပ်ကိုရောက်"လင်္ကာကို လက်ချိုးရေတွက်ပါက (ကို) တနင်္လာထောင့်(အရှေ့အရပ်)မှာ အနော်ရထာ ကျွဲခတ်ကိန်းရှိရာအရပ်ဟု တန်းပြောနိုင်ပါသည်။လေ့ကျင့်ထားလျှင် အလွန်မြန်ပါ သည်။

ဤတွင် မင်းရဲကျော်စွာ စစ်နှဲးကိန်းနှင့် အနော်ရထာ ကျွဲခတ်ကိန်း ဆောင်းပါး ပြီး၏။

**ညွန့်ခိုင်မာ (ကျောက်ဆည်)**



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပြင်ကိုကျော် ပင်လယ်ကိုဖြတ်၍

■ တက္ကသိုလ်ဿ

ကျွန်တော်သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ မွေးဖွားကြီးပြင်းခဲ့သည်။ မော်လမြိုင်မြို့သည် သံလွင်မြစ်ကမ်းနံဘေး၌ တည်ရှိသဖြင့် ကျွန်တော်သည် ငယ်စဉ်ကပင် ရေကူးတတ်သည်။ အချို့ ရေကိုမြင်လျှင် ကြောက်တတ်သည်ဟု ဆိုသည်။ ကျွန်တော့်မှာမူ ရေကိုမြင်လျှင် ပျော်ရွှင်သည်။ ရေကူးရမည်ကို သဘောကျသည်။ ထို့အတူပင် ရေလမ်းခရီးသွားရမည်ကို နှစ်သက်၏။

တစ်နေ့ ကျွန်တော် ရေလမ်းခရီးသွားရန် အကြောင်းပေါ်လာသည်။ ကျွန်တော် ဆယ်တန်းစာမေးပွဲဖြေဆိုပြီးနောက် မိဘများ၏ ခွင့်ပြုချက်ဖြင့် မော်လမြိုင်မှ ရန်ကုန်သို့ စက်လှေဖြင့် ခရီးထွက်ရန် စီစဉ်ခဲ့၏။ စက်လှေမှ စက်ဆရာ ဦးမောင်ဝင်းမှာ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်းနေသူဖြစ်ပြီး ကျွန်တော့်မိဘများနှင့် ရင်းနှီးသဖြင့် သူခေါ်ဆောင်ရာနောက်သို့ ကျွန်တော်လိုက်ခဲ့၏။ ကျွန်တော်နှင့်အတူ ကျွန်တော့်သူငယ်ချင်း "ဝင်းနိုင်" ကိုလည်း သူ့မိဘများ၏ ခွင့်ပြုချက်ဖြင့် အဖော်ခေါ်ခဲ့သည်။

ကျွန်တော့်အိမ်မှ ကြည့်လျှင် မြစ်လယ်တွင် ကျောက်ချထားသည့် စက်လှေကိုမြင်ရသည်။ ကျွန်တော့်အိမ်နှင့် မလှမ်းမကမ်းတွင် "ကျားတံတား"ဆိပ်ခံတံတားရှိသည်။ ရေတက်ချိန်များတွင် စက်လှေအချို့ တံတားတွင် ဆိုက်ကပ်နိုင်သော်လည်း ရေကျချိန်နှင့် သာမန်အချိန်များတွင် ရေလယ်၌ ကျောက်ချရပ်နားကြ၏။

ထိုနေ့က နံနက်အရုဏ်တက်သည်နှင့် စက်လှေထွက်မည်ဖြစ်သဖြင့် ညနေစောင်းကပင် ကျွန်တော်နှင့် ဝင်းနိုင်တို့ သမ္ဗန်စီး၍ စက်လှေဆီ သွားကြရ၏။ ထိုနေ့ည စက်လှေတွင် အိပ်ရမည်ဖြစ်သဖြင့် ညဘက် အဆာပြေစားရန် အစားအသောက်အချို့ကို ယူဆောင်သွားကြသည်။

ကျွန်တော်တို့လိုက်ပါမည့် စက်လှေမှာ မကြီးလွန်း မသေးလွန်းဘဲ ကုန်တင်သည့်လှေ ဖြစ်သည်။ ခရီးသည်ဆို၍ ကျွန်တော်နှင့် ဝင်းနိုင်တို့နှစ်ဦးသာ ပါသည်။ ကျန်လူများမှာ ပဲ့နင်း၊ စက်ဆရာ၊ လ/ထ စက်ဆရာနှင့် လှေသားသုံးဦး ပေါင်းခြောက်ဦးသာပါသည်။

ပဲ့နင်း၏ အမည်မှာ ဦးဘခိုင်ဖြစ်ပြီး အသက် ၄၅ နှစ်ခန့် ရှိမည်။ စက်ဆရာ ဦးမောင်ဝင်းမှာ အသက်ရှိလွန်းမှ ၄၀ လောက်ပင် ရှိဦးမည်။ ကျန်လူများက အသက် ၃၀ အရွယ် လူငယ်များသာ ဖြစ်ကြ၏။ သူတို့သည် လူငယ်လူရွယ် ပီပီ ကျန်းမာကြံ့ခိုင်ကြသည်။ အပင်ပန်းလည်း ခံနိုင်သည်။

လှေပေါ်ပါလူများ စားသောက်ရန်အတွက် လ/ထ စက်ဆရာ ကိုလှမြင့်က တာဝန်ယူ ချက်ပြုတ်ရသည်။

စက်လှေဖြင့် ခရီးသွားခြင်းမှာ ကျွန်တော်နှင့် ဝင်းနိုင် အဖို့ အတွေ့အကြုံအသစ်ဖြစ်သဖြင့် သူတို့လုပ်ကိုင်ဆောင်ရွက်မှု အဝဝကို လေ့လာအကဲခတ်ရုံသာရှိသည်။ သူတို့အား ကျွန်တော်တို့နှစ်ဦးစလုံး ဘာမျှအကူအညီမပေးနိုင်သဖြင့် မျက်နှာပူသလို ရှိ၏။ ထိုအချိန်က ကျွန်တော်တို့နှစ်ဦးစလုံး၏ အသက်မှာ ၁၅ နှစ်သာသာ ရှိသေးသဖြင့် သူတို့အဖို့ ကလေးအရွယ်မျှသာ ဖြစ်ပါ၏။

ကျွန်တော်တို့ စက်လှေဖြင့် ခရီးသွားသည့်အချိန်မှာ တပေါင်းလဖြစ်သဖြင့် ရာသီဥတုပူပြင်းသည့်အချိန် ဖြစ်သည်။ ပင်လယ်ပြင်တွင် လေ၊ မိုးသား ကင်းစင်သဖြင့် သာသာယာယာ ရှိကာ လှိုင်းလေငြိမ်သည့်အတွက် စက်လှေစီးရသည်မှာ "လှိုင်းမမူး"ဟု လူကြီးများပြောသည်ကို ကြားဖူးသည့်ပိုစကား

www.burmeseclassic.com

သည် ကျွန်တော့်အတွက် "မင်္ဂလာ"ပင်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော် လှိုင်းမူးတတ်သောကြောင့်တည်း။

အမှန်မှာ ကျွန်တော်သည် လှိုင်းသာမဟုတ်၊ ကားစီးလျှင်ပင် မူးတတ်သည်။ လှိုင်းလေငြိမ်သော တပေါင်းလတွင် လှေဖြင့် ခရီးသွားရသဖြင့် ကျွန်တော် ပျော်နေမိသည်။ ကျွန်တော့်လိုပင် ဝင်းနိုင်လည်း ပျော်နေသည်။ သို့သော် သူက လှိုင်းမမူးတတ်ဟု ဆိုသည်။

နံနက် အရုဏ်တက်ချိန်တွင် ကျွန်တော်တို့ စက်လှေ စတင်ခရီးထွက်သည်။ လှေတွင် ဆန်အိတ်များ အပြည့်တင်ထားသည်။ ယင်းဆန်အိတ်များကို ရန်ကုန်သို့ ပို့ရန်ဖြစ်သည်။ ရန်ကုန်သို့ ကျွန်တော်ရော၊ ဝင်းနိုင်ပါ မရောက်ဖူးကြ။ ရန်ကုန်တွင် သုံးရက်နားပြီး ကုန်များပြန်တင်ကာ မော်လမြိုင်သို့ ပြန်မည်ဖြစ်၍ ရန်ကုန်မြို့တွင် နှစ်ရက်သုံးရက်ခန့် လည်ပတ်ခွင့်ရမည်ဖြစ်သည်။

နံနက်ခင်း လေပြည်လေညင်းသည် ကျွန်တော့်မျက်နှာပြင်ကို တိုက်ခတ်နေသဖြင့် အေးစိမ့်စိမ့်အရသာ ရှိလှသည်။ ကျွန်တော်နှင့် ဝင်းနိုင်တို့သည် လှေကုန်းပတ်ပေါ်တွင် ရပ်ပြီး ဟိုဟိုဒီဒီကြည့်နေကြသည်။ ရေလယ်တွင် ကျောက်ချရပ်နားနေသော ကုန်တင်သင်္ဘောကြီးများကို တွေ့ရ၏။ ငါးဖမ်းလှေငယ်လေးများကိုလည်း မြင်ရ၏။

ကျွန်တော်တို့စက်လှေသည် တစ်နာရီကြာမျှ ခုတ်မောင်းပြီး မကြာမီ ကျိုက္ကမီရေလယ်ဘုရားကို ဦးခိုက်ဖူးမြော်ရ၏။ ကျိုက္ကမီရေလယ်ဘုရားသည် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ တည်ရှိသည်။ မွန်ပြည်နယ်၏ ကျက်သရေဆောင် တန်ခိုးကြီးဘုရားဖြစ်သည်။ ထူးခြားသော အံ့ဖွယ်များကြောင့် လူသိများထင်ရှားသည်။

ကျိုက္ကမီပင်လယ်ဝသည် ကျောက်ဆောင်များ ပြည့်နှက်လျက်ရှိသဖြင့် လှေ၊ သင်္ဘောများ အန္တရာယ်မဖြစ်အောင် သွားလာနိုင်ရန် ရေလမ်းကြောင်းပြ ဘော်ရာကြီးများကို သင်္ကေတအဖြစ် ထားရှိသည်။ လှေ၊ သင်္ဘောများက ယင်းဘော်ရာကြီးများကို ရှောင်ကွင်း၍ ခုတ်မောင်းသွားလာရ၏။

ကျိုက္ကမီပင်လယ်ဝကို ကျော်သည်နှင့် လှိုင်းလုံးများ ကျွန်တော်တို့စက်လှေကို ထိကပါးရိကပါး လာပုတ်ခတ်တော့သည်။ တဖြည်းဖြည်း ပင်လယ်သို့ ရောက်လာသည်နှင့် စက်လှေကို ထိကပါး ရိကပါး ပုတ်ခတ်သော လှိုင်းလုံးများသည် မာန်ဟုန်ပြင်းလာသည်။ စိတ်ဆိုးမာန်ဆိုးဖြင့် ကျွန်တော်တို့ စက်လှေကို ရိုက်ခတ်တော့သည်။ ထိုအခါ လှေမှာ လှိုင်းလုံးများအကြား လူးကာလွန့်ကာနှင့် ခုတ်မောင်းသွားနေရသည်။ မိုးရာသီမဟုတ်သဖြင့် တော်သေးသည်ဟု ဆိုနိုင်သော်လည်း အမူးဓာတ်ခံရှိသော ကျွန်တော်သည် ခေါင်းထဲ ရီဝေလာသည်။ မူးသလို ခံစားရသည်။ ကျွန်တော့်အကျင့်က ခေါင်းမူးလာလျှင် အန်တတ်သည့်အကျင့်ရှိ၏။ မအန်အောင် အောင့်ထား၍မရ။ စိတ်ရှိလက်ရှိ အန်ပစ်လိုက်မှ နေသာထိုင်သာ ရှိသွားသည်။

ကျွန်တော့်သူငယ်ချင်း ဝင်းနိုင်က ဘာမျှမဖြစ်၊ အေးအေးဆေးဆေး သက်သက်သာသာပင်။ သူက ကျွန်တော့်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ပုံရသလို ခံစားနေရသည်ဟု ကျွန်တော်မှန်း၍ရသည်။

"ငါ ဘာမှမဖြစ်ပါဘူးကွာ။ အန်ပစ်လိုက်ရင် ကောင်းသွားမှာပါ။ ခဏပါပဲ"

ကျွန်တော်က ဝင်းနိုင်စိတ်ချမ်းသာစေရန် ပြောလိုက်ခြင်းဖြစ်သည်။ ပြီးတော့ ကျွန်တော် အခုလို အန်လိုက်လျှင် အစားစားချင်စိတ် မရှိတော့။ ခက်ချေပြီ။ ထမင်းစားချိန်ရောက်လျှင် လှေပေါ်ပါသူအားလုံး ထမင်းစားကြပေလိမ့်မည်။ ကျွန်တော်က သူတို့စားနေသည်ကို ထိုင်ကြည့်ရုံသာရှိမည်။ မကြာမီ လှေပေါ်ပါလာသူအားလုံး ထမင်းစားကြလေပြီ။

သူတို့စားရန် ဟင်းက အကောင်းချည်းမဟုတ်။ ခရမ်းသီးနှင့် ငါးခြောက်ရိုးကို မဆလာကောင်းကောင်းဖြင့် ကုလားချက်ချက်ထားသဖြင့် ဟင်းနံ့က မွှေးနေသည်။ စားချင်စဖွယ်ပင်။ မျှင်းငါးပိကောင်းကောင်းဖြင့် ထောင်းထားသော ငါးပိထောင်းကလည်း အနံ့သင်းနေသည်။ အတို့အမြှုပ်ကတော့ သခွားသီး။ သခွားသီးကို ငါးပိထောင်းနှင့် တို့မြှုပ်ပြီး အားရပါးရ စားနေကြသည်။ ထိုအပြင် ပဲနီလေးဟင်းချိုတစ်ပွဲလည်း ပါသေးသည်။

ဟင်းချိုကိုသောက်လိုက်၊ ထမင်းကို ကျုံးစားလိုက်နှင့် မိုက်ကြည့်နေကြသည်မှာ ပျော်စရာလည်းကောင်းတော့သည်။ ကျွန်တော်သည် အနည်းငယ်အမူးပြေသယောင် ရှိသော်လည်း အိပ်ချင်သဖြင့် အဖွဲ့သားများကို ခွင့်တောင်းပြီး အိပ်စင်ရှိရာဘက်သို့ ထွက်ခဲ့သည်။ အိပ်စင်မှာ ပဲ့နင်းအခန်းနှင့် တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

တည်း ဖြစ်ပြီး ကွပ်ပျစ်များ ခင်းထားသည်။ ဖယောင်းပုဆိုး ခင်းထားပြီး ခေါင်းအုံးနှင့် စောင်ရှိသည်။ ခြင်ထောင်ထောင်စရာ မလို။ လေတဖြူးဖြူးတိုက်နေသဖြင့်က "ခြင်"ဆို၍ တစ်ကောင် တလေမျှ မတွေ့ရ။ ကျွန်တော်လည်း အိပ်ချင်မူးတူးဖြင့် ထိုးအိပ်လိုက်ရာ ညနေမှ နိုးလေသည်။ လက်မှနာရီကို ကြည့်လိုက်ရာ ညနေ ၅ နာရီပင် ထိုးနေသည်ကို တွေ့လိုက်ရ၏။ ထိုအခါမှပင် အနည်းငယ် ဗိုက်ဆာသလို ဖြစ်လာသဖြင့် အိုးသူကြီး လ/ထ စက်ဆရာထံသွား၍ ထမင်းစားလိုကြောင်း ပြောပြီး ဗိုက်ဖြည့်ခဲ့လေသည်။

ကျွန်တော်တို့ စက်လှေမှာ ပင်လယ်ပြင်တွင် ကမ်းမမြင် လမ်းမမြင် ဆက်လက်ခုတ်မောင်းနေသည်။ အချို့ဆိုလျှင် စက်သံကြောင့် ကောင်းစွာအိပ်နိုင်မည်မထင်။ စက်သံမှာ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ကြွက်ကြွက်ညံနေတော့သည်။

မကြာမီ နေရောင်ပျောက်၍ မှောင်ချိန်ရောက်လာသဖြင့် ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး အမှောင်ဖုံးလွှမ်းနေသည်။ စက်လှေမှ ဖြာထွက်နေသော မီးရောင်သာလျှင် ပတ်ဝန်းကျင်အနီးတစ်ဝိုက်ကို စိုးမိုးထားနိုင်လေသည်။

တော်သေးသည်ကား ကျွန်တော်တို့ခရီးထွက်သည့်နေ့က တပေါင်းလပြည့်ကျော်ဖြစ်သဖြင့် လရိပ်လေးထိုးထားသည့်အတွက် အနီးအနားဝန်းကျင်ကို မမြင်ရသည့်တိုင် စက်လှေပေါ်တွင် အေးအေးချမ်းချမ်း ရှိလှသည်။ စက်လှေမှာ လှိုင်းကြက်ခွပ်လေးများကြောင့် ငြိမ့်ငြိမ့်ညောင်းညောင်း ရှိသည်။ အချိန်စောနေသေးသဖြင့် ပဲ့နင်း၊ စက်ဆရာနှင့် ကျွန်တော်တို့ လေးဦး လှေကုန်းပတ်တွင်ထိုင်ရင်း စကားစမြည် ပြောကြသည်။

ထိုသို့ တိုင်းရင်းမှ ကျွန်တော်လူကြီးသူမများ ပြောစကားတစ်ခု အမှတ်ရမိသည်။ ညဘက်တွင် စက်လှေဖြင့် ခရီးသွားသည့်အခါ ကောင်းကင်ပြင်တွင် မီးလုံးကြီးများကို တွေ့တတ်ကြောင်း။ ယင်းမီးလုံးကြီးမှာ "စုန်း"ဖြစ်တတ်ကြောင်း၊ လူများကိုတော့ အန္တရာယ်မပြုတတ်ကြောင်း၊ သူတို့ဘာသာဘာဝ မြူးထူးကြခြင်းသာဖြစ်ကြောင်း ဟူ၍ဖြစ်သည်။

နောက်မကြာမီ ဝင်းနိုင်က ကျွန်တော့်အား လက်တို့၍ "သူငယ်ချင်း ···ဟိုမှာ ဟိုမှာကြည့်စမ်း။ မင်းပြောတဲ့ စုန်းများလား မသိဘူး"၊

ဟု ဆိုသဖြင့် သူညွှန်ပြသည့်ဘက်သို့ လှမ်းကြည့်လိုက်ရာ ကလေးများ ဆော့ကစားသည့် ဘောလုံးအရွယ် မီးလုံးကြီးတစ်လုံးကို မြင်တွေ့လိုက်ရ၏။ ထိုမီးလုံးကြီးကိုတွေ့ပြီး ကျွန်တော်က ပဲ့နင်းကြီး ဦးဘခိုင်မှာ အတွေ့အကြုံရှိသူဖြစ်၍ မေးလိုက်သည်။

"ပဲ့နင်းကြီး···ဟိုမှာမြင်နေရတဲ့ မီးလုံးကြီးက ဘာများလဲခင်ဗျာ"

ပဲ့နင်းကြီး ဦးဘခိုင်က ကျွန်တော့်အမေးကို ချက်ချင်း မဖြေသေးဘဲ သူ့ရှေ့တွင်ချထားသော ရေနွေးကြမ်းခွက်ကို ကောက်ယူပြီး သောက်လိုက်သည်။ ပြီးမှ စကားဆိုသည်။

"ဦးလည်း တပ်အပ်သေချာတော့ မသိဘူး။ ဒီလိုအချိန်မျိုးဆို စုန်းတွေက မြူးထူးကြတယ်လို့တော့ ပြောတာကြားဖူးတယ်။ ဦးတို့ ညဘက်ခရီးသွားတိုင်း ဒီလိုမီးလုံးကြီးကို တွေ့တတ်ပါတယ်"

မကြာပါချေ။ ကျွန်တော်တို့ မြင်တွေ့နေရသော မီးလုံးကြီးသည် ပျောက်ကွယ်သွားလေသည်။ စာအုပ်စာပေများတွင် စုန်း၊ ကဝေအကြောင်း ဖတ်ဖူးသည်။ ဤသည်တို့မှာ ဂမ္ဘီရဆန်လှသဖြင့် သေချာယခု မပြောနိုင်။ သို့အတွက် ပဲ့နင်းကြီး ဦးဘခိုင်ပြောပြချက်နှင့် ကျွန်တော့်အား လူကြီးများ ပြောဖူးသည်တို့ကို ဆက်စပ်ကြည့်ပြီး ဖြစ်နိုင်တာပဲလေဟု မှတ်ချက်ချလိုက်မိပါ၏။

ကျွန်တော်တို့စက်လှေသည် နောက်နေ့နံနက်လင်းသည်ဆိုလျှင် ဗိုလ်တထောင်ဆိပ်ကမ်းသို့ ဆိုက်ကပ်သည်။ ကျွန်တော်ရန်ကုန်မြို့သို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။ ကျွန်တော်နှင့် ဝင်းနိုင်တို့သည် စက်ဆရာ ဦးမောင်ဝင်း၏ ကောင်းမှုဖြင့် ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရားနှင့် ရွှေတိဂုံဘုရားတို့ကို ဖူးမြော်ခွင့်ရခဲ့ကြ၏။ ထို့အပြင် ရန်ကုန်တိရစ္ဆာန်ရုံသို့လည်း ရောက်ခဲ့ကြ၏။

ကျွန်ုပ်တော်တို့ စက်လှေသည် ရန်ကုန်တွင် နှစ်ရက်ခန့်နေပြီး ရန်ကုန်မှ ဂေးသောက်ကုန်များကို ပြန်လည်တင်ဆောင်၍ မော်လမြိုင်သို့ အလာခရီးစဉ်အတိုင်း ပြန်လည်ထွက်ခွာခဲ့ကြလေသည်။

**တက္ကသိုလ်သိန်း**

www.burmeseclassic.com

www.burmeseclassic.com


Professor Dr. ဦးစံတင်အောင်(ရွှေဘို)၏တပည့်

# ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)

## Ph.D (Palmistry) (Kol-India)

▶▶ လက္ခဏာပညာဟောပြောမှု

သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာ့ထံမှာပြကြည့်ပါ သင့်ဘဝအတွက် ဆိုးကျိုးများကို ရှောင်ဖျက်၍ ကောင်းကျိုးများကိုဆောင်ရွက်ခွင့်ရရှိစေပါမည်။ လက္ခဏာလာကြည့်သူများအား ဆရာ ဟောပြောမှုနှင့် ဆွေးနွေးမှုအားလုံး (ချက်ချင်း) VCD ခွေသွင်း၍ ပေးပါမည်။ လက္ခဏာအကြောင်း သိကောင်းစရာ အနာဂတ် ပြတင်းပေါက် VCD ခွေလက်ဆောင်ပေးပါမည်။

▶▶ ပါရဂူမြောက် လက္ခဏာပညာ (ကျွမ်းကျင်မှု) အတတ်သင်တန်း

ကျွမ်းကျင်၍ ပြန်လည်ဟောပြောနိုင်သည့်အထိ တာဝန်ယူသင်ကြားပေးမည်။

ကလေးအမည်၊ ဆိုင်အမည်၊ ကုမ္ပဏီအမည်၊ လုပ်ငန်းအမည်၊ ခွဲစိတ်မီးဖွားရက်၊ နေ့ကောင်းရက်မြတ် မင်္ဂလာအခါ ရွေးချယ်ပေးသည်။

တိုက်အိမ်၊ ခြံမြေ၊ ယာဉ်၊ ကား ရောင်းထွက်ရန် ဆောင်ရွက်ပေးပါသည်။ ဆရာကိုယ်တိုင် သတ်မှတ်ပေးသော ရက်အတွင်း ရောင်းထွက်ပြီးမှ ဥာဏ်ပူဇော်ခ ပေးရပါမည်။

### လက္ခဏာ ဟောခန်းနှင့် ဟောပြောချိန်

ဟောခန်း (၁) - တိုက် (၂)၊ အခန်း (၁၅)၊ ပထမထပ်၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ''စိန်ဂေဟာ'' ကုန်တိုက်အနီး။

ဟောပြောချိန် - နံနက် (၈း၀၀)နာရီမှ နေ့လည် (၁း၀၀)နာရီအထိ

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

ဟောခန်း (၂) - အခန်း (၆)၊ အဆောင် (၁၁)၊ မြောက်ဘက်မုခ်၊ မဟာဝိဇယစေတီတော်၊ ရန်ကုန်။

ဟောပြောချိန် - နေ့လည် (၂း၀၀)နာရီမှ ည (၇း၀၀)နာရီအထိ (လပြည့်လကွယ်နေ့တိုင်းပိတ်သည်)

စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန် 09-450025482, 01-522250 Ext : 364

ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)၏ ညီ

# ဆရာသိန်းဌေး(ပါရဂူမြောက်လက္ခဏာပညာရှင်)

## Expertise Palmist (Y.G .N)

▶▶ ဟောပြောမှု - သင့်လက်ဖဝါးအစုံကိုကြည့်၍ သင့်ဘဝအခက်အခဲအားလုံးဖြေရှင်းပေးမည်။

▶▶ ဟောပြောချိန် - ရုံးဖွင့်ရက်တိုင်း ညနေ (၄း၀၀) နာရီမှ (၇း၀၀) နာရီ

ရုံးပိတ်ရက်တိုင်း နံနက် (၇း၀၀) နာရီမှ ညနေ (၄း၀၀) နာရီ

▶▶ လိပ်စာ - တိုက်(၃၃)၊ အခန်း(၄) စံပယ်(၅)ရိပ်သာ၊ နေပြည်တော်။ 09-31181285


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




"မလေးရယ်···လွမ်းလိုက်တာ"

မိုးရိပ်မိုးသားများ ကောင်းကင်တစ်ခုလုံး ရှာမလို အုံ့မှိုင်းလာရင်း ခဏအကြာ မိုးစက်မိုးပေါက်ကလေးများ တဖွဲဖွဲကျလာသည်။ ဟိုးအဝေးဆီက ရိုးမတောင်တန်းကြီးကို ငေးကြည့်နေသည့် သုံးနှစ်အရွယ် "မြလေးငယ်"၏ နှုတ်ဖျားမှ ခွေးခွေးမြေ့မြေ့ ထွက်ကျလာသည့် စကားလေးများ။

မိုးတွေညိုလာတိုင်း မျက်ဝန်းအိမ်မှ မျက်ရည်များ ရစ်ဝိုင်းလာတတ်ကာ ပြတင်းပေါက်ကလေးမှတစ်ဆင့် အပြင်သို့ ငေးမျှော်ပြီး နှုတ်ဖျားမှ တတွတ်တွတ်ပြောဆို ငိုကြွေးနေတတ်သော သမီးမြလေးငယ်ကို တိတ်တဆိတ်ချောင်းကြည့်၍ ဝေခွဲမရသည့် မျက်နှာများဖြင့် စိတ်မကောင်းဖြစ်နေကြသူများမှာ ဖခင် ဦးထွန်းမြနှင့် မိခင်ဒေါ်လှရင်··။

"ကိုထွန်းမြ၊ သမီးလေးကို မေးကြည့်ရအောင်တော်"

"အို···တို့အနားရောက်သွားတာနဲ့ သမီးလေးက သူမဟုတ်သလို၊ ဘာမှမပြောသလို အမူအရာနဲ့ လှည့်ထွက်သွားတာ ဘယ်နှခါရှိနေပြီလဲ။ မေးလို့လည်း ဘာအကြောင်းထူးမှာလဲကွာ"

"မလေးဆိုတာ ဘယ်သူလဲလို့ ကျုပ်သိချင်လိုက်တာ"

www.burmeseclassic.com

"အေးလေ…ငါလည်းသိချင်တာပဲ။ မေးလို့မှမရတာကွာ။ ကဲ‥ကဲ… စိတ်ထဲမှာ ဘာမှမထားနဲ့တော့။ ကလေးမို့လို့ သူပြောချင်တာ ပြောတာနေမှာပါ။ လာ…လာ အိမ်ရှေ့ထွက်ရအောင်"

ရိုးမတောင်တန်းကြီးများ ပတ်လည်ဝိုင်းနေသည့် မြို့ငယ်လေးတစ်မြို့မှာနေထိုင်သည့် လယ်ပိုင်ရှင်ကြီး ဦးထွန်းမြနှင့် ဒေါ်လှရင်တို့တွင် သားသမီး ခုနစ်ဦးရှိသည့်အနက် မြလေးငယ်မှာ နို့သွာသမီးလေး ဖြစ်သည်။ သူမအထက်တွင် အစ်ကိုသုံးယောက်၊ အစ်မနှစ်ယောက်ရှိနှင့် သူမအောက်တွင် ညီမလေးတစ်ယောက်သာရှိသော မိသားစုဖြစ်သည်။

မြလေးငယ်မှာ ထူးခြားမှုများဖြင့် မွေးဖွားလာခဲ့သူလေးဖြစ်သည်။ မိခင်ဝမ်းက ကျွတ်ခါစ မငို၍ လက်သည်က ဇောက်ထိုးထားပြီး တင်ပါးကို လက်ဝါးဖြင့် ရိုက်၍ ငိုအောင်လုပ်ပါသော်လည်း လုံးဝမငိုပေ။ "တော်တော်အကြောတင်းတဲ့ကလေး"ဟု လက်သည်မှတ်ချက်ပြုသွားရသည်။ သို့သော် မွေးကတည်းက မိဘညီအစ်ကိုမောင်နှမများအား မည်သူ့ကိုမျှ ဒုက္ခမပေး။ တစ်ယောက်တည်း အေးအေးဆေးဆေး နေတတ်သည်။

သူမကို မွေးပြီကတည်းက မိဘများ သိသိသာသာ စီးပွားတက်လာပါသည်။ စကားပြောတတ်ခါ နှစ်နှစ်သမီးအရွယ်မှစ၍ တိတ်ဆိတ်သောနေရာတွင် တစ်ဦးတည်း စကားတွေပြောနေတတ်သည်။ အထူးသဖြင့် မိုးများအုံ့ဆိုင်း ညို့မှိုင်းလာလျှင် ကောင်းကင်ကို ကြည့်၍ မျက်ရည်တွေတွေကျပြီး "မလေးရယ်…လွမ်းလိုက်တာ"ဟူသော စကားကိုသာ တွင်တွင်ပြောတတ်သည်။ မိဘများက ချော့မေးပါသော်လည်း ဘာစကားမှ မပြောတော့ဘဲ လှည့်ထွက်သွားတတ်သည်။

ထိုသို့ ထူးခြားလှသော သမီးငယ်ကို သတိထားစောင့်ကြည့်နေရင်း သမီးလေး ငါးနှစ်သမီးအရွယ်…

တစ်နေ့…

အိမ်ရှေ့မှ လှည်းတစ်စီး ဖြတ်မောင်းသွားသည့်နောက်သို့ အတင်းပြေးလိုက်ပြီး -

"ဟဲ့…ဖိုးထူး၊ ငါ့နွားကို ဘာလို့ တအားရိုက်နေတာလဲ။ အခုရပ်စမ်း။ ဟဲ့…ဟိုကောင် ဖိုးထောင်။ နင်ကရော ငါ့ပုဆိုးကို ဘာလို့ဝတ်ထားတာလဲ။ အခု ပြန်ချွတ်"

ဟု တစာစာအော်ရင်း ပြေးလိုက်သွားပါသည်။ မိခင်ဒေါ်လှရင်က -

"ဟဲ့…မြလေးငယ်၊ အဲဒါ သမီး ကြီးကြီးတို့ရွာက ဖိုးထူးတို့ ညီအစ်ကို တွေလေ။ သူတို့လှည်း သူတို့မောင်းသွားတာ။ သမီးက ဘာလို့သွားတားတာလဲ။ လာ‥လာ…ပြန်လာခဲ့"

ဟု အတင်းကုန်းအော်ခေါ်ပါတော့သည်။

ဖိုးထူးနှင့် ဖိုးထောင် ညီအစ်ကိုတို့မှာလည်း အံ့သြစွာဖြင့် လှည်းကို ဒေါ်လှရင်တို့အိမ်ထဲ မောင်းဝင်လာပါသည်။ ဖိုးထူးတို့ရွာမှာ မြို့နှင့် တစ်မိုင်သာသာခန့်ဝေးသည့် ရိုးမတောင်ခြေရှိ မြိုင်သာဆိုသည့် ရွာလေးဖြစ်ပါသည်။ မြိုင်သာတွင် ဒေါ်လှရင်တစ်ယောက်သာ မြို့သားနှင့် အကြောင်းပါကာ မြို့မှာနေထိုင် အခြေချသူ ဖြစ်ပါသည်။ မိဘများမှာတော့ ဆုံးပါးသွားကြပါပြီ။

အိမ်ထဲဝင်လာသော ဖိုးထူးတို့ကို ဒေါ်လှရင်က -

"ကဲ…ကဲ…လာကြပေါ့။ အိမ်ထဲဝင်ထိုင်ကြဦး။ ဟဲ့ . . .မိတင်တို့ အကြမ်းအိုးလေး ချပါပေါ့။ နင့်အဖေကိုလည်း ခေါ်လိုက်ပါဦး။ ဒီမှာ ရွာက ဖိုးသာခင်ညီတွေ ရောက်နေတယ်လို့"

ပြောရင်း မြလေးငယ်ဘက်သို့ လှည့်၍ -

"ကဲ…သမီး ဘာဖြစ်လို့ လှည်းနောက်ကိုပြေးလိုက်ပြီး ဘာတွေအော်နေတာလဲ"

ဟု မေးလိုက်သောအခါ မြလေးငယ်က လှည်းဘီးကို လက်နှင့်ကိုင်ပြီး

"ဒါ သမီးလှည်း။ သူဝတ်ထားတာကလည်း သမီးပုဆိုး"

ဟု ဖိုးထောင်ကို လက်ညှိုးထိုးပြီး ပြောပါသည်။

ဖိုးထောင်က -

"ဒါဆို ညည်းက ငါတို့ကိုသိလား"

ဟု မေးလိုက်ရာ -

"သိတာပေါ့။ နင်တို့က ငါ့ညီတွေပဲ"

ဟု အရွယ်နှင့်မလိုက်အောင် ပြန်ပြောပါသည်။

"ဒါဆို ညည်းကဘယ်သူလဲ"

"ငါ့နာမည် ဖိုးသာခင်လေ။ မြိုင်သာမှာ ငါ့အိမ်ရှိတယ်"

ဟု ပြောရင်း တစ်ဆက်တည်း ဒေါ်လှရင်ဘက်လှည့်၍ -

"အမေ…သမီးကို ရွာလိုက်ပို့ပေးပါ။ သမီးအိမ်ကိုသွားကြည့်ချင်တယ်"

ဟု ပူဆာပါသည်။ ဦးထွန်းမြက



www.burmeseclassic.com

www.burmeseclassic.com

"မသွားပါနဲ့ဦး သမီးရယ်။ အဖေ အားမှ လိုက်ပို့ပေးပါ့မယ်"

"ဟင့်အင်း၊ မရဘူး။ ဖိုးထူးတို့နဲ့ လိုက်သွားမယ်။ အဖေတို့လည်း လိုက်ခဲ့"

ဟု ဖွတ်ပူဆာနေ၍ ဖိုးထူးက -

"ကဲပါ…မယ်လုရယ်။ ကျုပ်တို့ စပါးကြိတ်ပြီးအပြန် လှည့်ဝင်ခဲ့ပါ့မယ်။ ကျုပ်တို့လှည်းနဲ့ပဲ ရွာကိုလိုက်ခဲ့ကြပါ။ ဟိုမှာ မယ်လုအစ်မ မယ်အေးတို့လည်း ရှိတာပဲ။ ကျုပ်တို့ ပြန်လိုက်ပို့ပေးပါ့မယ်"

ဟု ပြောသောကြောင့် ဖိုးထူးတို့ အပြန်တွင် ရွာသို့ ကသောကမျောလိုက်သွားရပါတော့သည်။

ရွာအဝင်လမ်းမမှတစ်ဆင့် ရွာထဲသို့အရောက်တွင် မြလေးငယ်မှာ လှည်းပေါ်မှ ချီချခိုင်း၍ အောက်ရောက်သော် ဖိုးထူးတို့အိမ်သို့ တန်းတန်းမတ်မတ် တောက်လျှောက်ဝင်သွားပါတော့သည်။ ဖိုးထူး၊ ဖိုးထောင်တို့အမေ ဒေါ်ညွှန့်ရီက အိမ်ထဲ ရဲရဲတင်းတင်းဝင်လာသူလေးကို တအံ့တသြကြည့်နေရင်း -

"ညည်းလေးက ဘယ်သူလေးလဲ။ ဘယ်သူနဲ့တွေ့ချင်လို့ လာတာလဲ"

ဟု ငါးနှစ်သမီးအရွယ် မြလေးငယ်ကို မေးလိုက်သောအခါ -

"ကျုပ်အိမ် ကျုပ်လာတာပေါ့။ အမေက ကျုပ်ကိုမမှတ်မိတော့ဘူးလား။ ကျုပ် ဖိုးသာခင်လေ"

ဟု ဝမ်းပန်းတနည်း ပြောပါတော့သည်။

ဒေါ်ညွှန့်ရီက -

"ဟင်…ညည်းတကယ်ပြောတာလား။ ဒါဆို ညည်းပစ္စည်းတွေကို အမေ့ကို လိုက်ပြပါလား"

"အောင်မလေး…ပြနိုင်ပါတယ်။ ဒီအခန်းက ကျုပ်အခန်း။ ဒီသေတ္တာထဲမှာ ကျုပ်အဝတ်အစားနဲ့ ကျုပ်ပစ္စည်းတွေ။ မလေးဓာတ်ပုံတွေတောင် ရှိသေးတယ်။ မယုံရင် ကျုပ်ကိုဖွင့်ပြ။ ကျုပ်ပစ္စည်း ကျုပ်ရွေးပြမယ်"

ဟု ပြောသောအခါ ဒေါ်ညွှန့်ရီမှာ မယုံတစ်ဝက်ဖြင့် သေတ္တာကို တုန်တုန်ရင်ရင် ဖွင့်ပြပါသည်။

"ဒီမှာ ဒါကျုပ်ရည်းစား မလေးရဲ့ဓာတ်ပုံတွေ။ သုံးပုံရှိတာ တစ်ပုံဘယ်ရောက်သွားပြီလဲ။ ဒီပုဆိုးနဲ့ အင်္ကျီတွေက ကျုပ်ဟာတွေ။ နည်းနည်းပဲရှိတော့တယ်။ ဟိုကောင်တွေ ယူဝတ်တာ မဟုတ်လား"

ဟု ပြောလိုက်ရာ…

"အမယ်လေး…သားကြီးရယ်၊ ဖိုးသာခင်ရယ်"

ဟု ပြောရင်း ဒေါ်ညွှန့်ရီသည် မြလေးငယ်ကို ဖက်ပြီး ငိုပါတော့သည်။

ထိုအခါကျမှပင် နောက်ကလိုက်လာကြသော ဦးတွန်းမြ၊ ဒေါ်လှရင်နှင့် ဖိုးထူးတို့ညီအစ်ကိုမှာ မြလေးငယ်အကြောင်းကို ပြောပြရင်း ဇာတ်ကြောင်းပြန် နတ်သံနှောရပါတော့သည်။

"အေးလေ၊ ဖိုးသာခင်ဆုံးတာ ခုနစ်နှစ်ထဲတောင် ရောက်ပါပေါ့လား။ သူပြောပြောနေတဲ့ မလေးဆိုတာကလည်း ကျွန်မရဲ့အစ်မ မမလေးစိန်ဆိုတာ အခုမှ သိရတယ်။ သိချင်တာကြာနေပြီ"

ဟု ဒေါ်လှရင်က ပြောသောအခါ ဒေါ်ညွှန့်ရီက ဆက်ပြောပါသည်။

"မလေးစိန်နဲ့ ဖိုးသာခင် မင်္ဂလာဆောင်ဖို့ တစ်လအလိုမှာ ဖိုးသာခင်ဆုံးသွားလို့ ရွာထိပ်က ကုက္ကိုပင်ကြီးအောက်ကို မင်္ဂလာဆောင်ရင်ဝတ်မယ့် သတို့သမီးအဝတ်အစားကိုဝတ်ပြီး ညနေတိုင်း သွားသွားငိုရတာ အမေ။ မစားနိုင်၊ မအိပ်နိုင်နဲ့ စိတ္တဇဖြစ်နေလို့ အိမ်ထောင်ပြုပေးမလို့ စပ်ဟပ်တော့လည်း ခါးခါးသီးသီးငြင်းပါသော်ကော။ ဒါနဲ့ပဲ ဘာကြာမှာလဲ။ ဖိုးသာခင်ဆုံးပြီး တစ်နှစ်လောက်ပဲရှိဦးမယ်၊ ဒီစိတ်နဲ့ပဲ မလေးစိန်ဆုံးရှာတာပဲလေ"

"ဩော်…အစွဲအလမ်းကြီးလိုက်တဲ့ ဖိုးသာခင်နဲ့ မလေးစိန်ရယ်။ နင်တို့ဘဝက ဆန်းကြယ်သလို၊ နင်တို့သေပုံသေနည်းကလည်း ဆန်းကြယ်လိုက်ပါတော့တယ်"

အားလုံး၏အတွေးများက လွန်ခဲ့သော ခုနစ်နှစ်ခန့်က ရင်နာဖွယ်ရာအတိတ်ဆီသို့…။

××× ××× ×××

"ဟော့…လေးစိန်ရေ။ ရေခပ်သွားရအောင်ဟေ့။ လိုက်မယ်မဟုတ်လား"

"လိုက်မှာပေါ့ မယ်ကျော့ရဲ့။ ခဏစောင့်၊ ရေအိုးယူလိုက်ဦးမယ်"

မြိုင်သာရွာ၏ ညနေခင်းသည် ရေခပ်ဆင်းသည့် လုံမပျိုတို့၏ သဘာဝဆန်သည့် အလှအပများကို စုတ်ချက်ကြမ်းကြမ်းဖြင့် ခြယ်သထားသည့် ပန်းချီကားတစ်ချပ်သဖွယ် အသက်ဝင်နေသည်။ မြိုင်သာရွာ လုံမပျိုများဖြစ်ကြသော မယ်ကျော့၊ လေးစိန်၊ တွေးမေတို့မှာ ညနေတိုင်း ရေခပ်ဖော်များဖြစ်သလို အရင်းနှီးဆုံး သူငယ်ချင်း၊ တွတ်ထိုးဖော်



www.burmeseclassic.com

www.burmeseclassic.com

များလည်း ဖြစ်ကြသည်။

ထူးခြားသည်မှာ လေးစိန် ဖြစ်သည်။ လေးစိန်မှာ ရွာ၏ လူမိုက်ကြီးဟု သတ်မှတ်ထားသော ဖိုးသာခင်နှင့် ချစ်ကြိုက်နေသည်မှာ သုံးနှစ်သုံးမိုးပင် ရှိနေပြီ။ လူမိုက်ကြီးကို ချစ်ကြိုက်ရသည်မှာလည်း နေ့စဉ်နှင့်အမျှ စိုးတထိတ်ထိတ်ဖြင့်…။

ဖိုးသာခင်မိုက်ပုံကလည်း တစ်မျိုး။ မြို့ပေါ်က မသမာမှုကြောင့် စီးပွားဖြစ်ချမ်းသာနေသော အိမ်များမှ ရွှေ ငွေ၊ ပစ္စည်းများကို ဓားပြတိုက် လုယက်ပြီး ရလာသော ပစ္စည်း၊ ရွှေ ငွေများကို သုံးပုံ တစ်ပုံကို လှူ၊ တစ်ပုံကို ရွာမှ မရှိဆင်းရဲသားများကို ဝေငှပြီး ကျန်သည့်တစ်ပုံကိုမှ တိုက်ဖော်တိုက်ဖက်များနှင့် ညီတူညီမျှ ခွဲဝေသုံးစွဲကြသည့် လူမိုက်ကြီးပါ။ လူကြီးများက ထိုအလုပ်ကို မနှစ်သက်၍ ဆုံးမပါသော်လည်း အကြောင်းပြချက်အမျိုးမျိုးဖြင့် ထိုအလုပ်ကို မစွန့်လွှတ်ပါ။ ပို၍ဆိုးသည်မှာ ရှမ်းဆရာတစ်ယောက်နှင့် တွေ့ဆုံမိပြီး စီရင်ပေးထားသည့် တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးဆေးများ၊ အင်းအိုင်ခါးလှည့် လက်ဖွဲ့များ အစွမ်းဖြင့် မိုက်၍ကောင်းနေခြင်း ဖြစ်ပါသည်။

မြို့က အတိုက်ခံ၊ အလုအယက်ခံရသည့် လူများက ပုလိပ်ဌာနများကို တိုင်တန်းပါသော်လည်း ထိုခေတ်၊ ထိုအခါ၏ နိုင်ငံရေးအခြေအနေကြောင့် ဖိုးသာခင်တို့လို လူမိုက်များ၊ ရောင်စုံသူပုန်များ ထကြွသောင်းကျန်နေခြင်းကို ထိထိရောက်ရောက် မနှိမ်နင်းနိုင်သေးသည့် ကာလဖြစ်သည့်အပြင် ဥပဒေလက်တံမှာလည်း မရှည်လျားလှသေးပါ။ ထိုသို့နေလာခဲ့ရင်း တစ်ရွာတည်းနေ မလေးစိန်နှင့် ချစ်ကြိုက်ခဲ့ခြင်းဖြစ်သည်။

"ကိုသာခင်ရယ်…ကျုပ်ကိုချစ်ရင် ဒီအလုပ်တွေကို စွန့်လွှတ်လိုက်ပါလားတော်"

"အေးပါ မလေးရယ်။ နင်နဲ့ မင်္ဂလာဆောင်ဖို့အတွက် ဒီတစ်ခါ လုပ်ရားပြီးရင် နင့်ကို ရိုးရိုးသားသား ရှာဖွေကျွေးပါ့မယ်။ ကတိပေးပါတယ်ဟာ။ ဒီတစ်ခါတည်းပါနော်"

"အေးပါတော်။ တော်ကတိပေးရင် ပြီးတာပါပဲ။ မင်္ဂလာဆောင်ဖို့ကလည်း တစ်လပဲ လိုတော့တာနော်။ မနက်ဖြန် တော်နဲ့ကျုပ် မြို့တက်ပြီး လိုအပ်တာတွေ သွားဝယ်ထားရအောင်တော်။ အဘတို့ အမေတို့ကလည်း တော်နဲ့ သဘောမတူချင်ပေမယ့် တော်တောင်းပန်ကတိပေးထားလို့ အခုတော့ အေးအေးဆေးဆေးပါပဲ။ ခန်းဝင်ပစ္စည်းတွေကို အတူတူ သွားဝယ်ကြလို့ ပြောတယ်"

"အေးပါ။ နင့်သဘော… နင့်သဘော"

"ဟဲ့…လေးစိန်၊ ဘာတွေငေးနေတာလဲ။ နင့်ရေအိုးရွက်တော့လေ။ ရေပြည့်နေပြီ"

ထွေးမေ သတိပေးမှ သူနှင့် ဖိုးသာခင်အကြောင်းကို စဉ်းစားနေသော လေးစိန်မှာ ယောင်တတဖြင့် ရေအိုးကို ကောက်ရွက်လိုက်ပါသည်။

"ဟဲ့…နင့်လူကြီးနဲ့ ဒီည ချိန်းထားသေးတယ်မဟုတ်လား။ ဘယ်မှာ တွေ့မှာလဲ"

မယ်ကျော့က အမေး

"အံမယ်၊ ဘာလို့ပြောရမှာလဲ။ မပြောပေါင်"

"ဥခြားမဟုတ်ပါဘူး လေးစိန်မရယ်။ နင့်ကို စိုးရိမ်လို့ပါ။ နင့်လူကြီးနောက်ကို ပုလိပ်တွေ လိုက်နေတယ်လို့ သတင်းကြားထားတယ်။ ဒါကြောင့် နင့်ကို သတိထားပါလို့ ပြောမလို့ပါအေ"

"အေးပါ သူငယ်ချင်းတို့ရယ်။ ငါ ကျေးဇူးတင်ပါတယ်။ သူ့ကိုလည်း ဒီအလုပ်တွေ မလုပ်ပါနဲ့တော့လို့ ငါ ပြောထားပြီးပါပြီ။ မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်ဟယ်"

"အေးလေ။ အမှန်တကယ်ဆို ကိုသာခင်ကြီးက ငါတို့ရဲ့ ကျေးဇူးရှင်လို့ ပြောလည်း မမှားပါဘူးဟယ်။ ဟိုတစ်လောက ငါ့ညီမလေး နေမကောင်းဖြစ်လို့ မြို့ဆေးရုံတက်ရမယ်ဆိုတော့ ငွေမရှိလို့ ငါတို့သောကရောက်နေတုန်း ကိုသာခင်ကြီးက ငါတို့ကို ငွေထုတ်ပေးပြီး ကူညီလိုက်လို့ ငါ့ညီမလေး အသက်ချမ်းသာရရတာ"

ဟု မယ်ကျော့ပြောအပြီး ထွေးမေကလည်း -

"ဟုတ်တယ်၊ ဟုတ်တယ်။ ငါ့အစ်ကိုတုန်းကလည်း ငါတို့မတတ်နိုင်လို့ သူပဲ အကုန်အကျခံပြီး ပဉ္စင်းတက်ပေးခဲ့တာ။ ငါ့မိဘတွေဆို သူ့ကို သာဓုခေါ်လို့ မဆုံးဘူး"

"ဒါပေမယ့်ဟယ်… ဒီအလုပ်ဆိုတာ ဘုရားမကြိုက်တဲ့ မကောင်းမှုမှန်း လူတိုင်းသိသလို သူလည်းသိသင့်တယ်။ ရွာဦးဘုန်းကြီးကလည်း သူ့ကို မကြာခဏ ခေါ်ခေါ်ဆုံးမတာပဲလေ။ အင်း…ဘာတတ်နိုင်မှာလဲ သူငယ်ချင်းတို့ရယ်။ သူ့မိသားစုရော၊ ငါ့မိသားစုပါ တောင်း



www.burmeseclassic.com

www.burmeseclassic.com

တဲ့သူတွေမှ မဟုတ်တာ။ ဖင်ထဲ ရွံ့ တစ်ပိဿာလောက်ဝင်မှ ဝမ်းဝကြတဲ့ သူတွေချည်းမို့ မင်္ဂလာဆောင်ကုန်ကျ စရိတ်အတွက် ဒီတစ်ခေါက် မြို့ပေါ်တက် လှုပ်ရှားပြီးရင် မိရိုးဖလာ လယ်ပဲ လုပ်စားတော့မယ်လို့ သူ ငါ့ကို အတန်တန် ကတိပေးထားပါတယ်"

မလေးစိန်မှာ အဝေးကမြင်နေရသော တောင်တန်းကြီးများကို ငေးကြည့်ပြီး အားငယ်နွမ်းလျစွာ ပြောလိုက်ပါသည်။

"အေးလေ၊ ငါတို့ကလည်း ကိုယ့်ရွာသားလည်းဖြစ်ပြန်၊ ရွာအကျိုးကိုလည်း တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးလို့ တစ်ရွာလုံးက သူ့ကို မဖြစ်တန်တာ မဖြစ်ရအောင် ကာကွယ်နိုင်သလောက် ကာကွယ်ပေးထားပါတယ်။ သူ့ကိုလည်း ဘာပဲပြောပြော ရွာက လူကြီး၊ လူငယ်မရွေး ကာလသားတွေကပါ ချစ်လည်းချစ်၊ ကြောက်လည်းကြောက်ကြပါတယ်"

သို့နှင့် လေးစိန်တို့ လုံမတစ်သိုက်မှာ ရေအိုးကိုယ်စီရွက်ရင်း စကားတပြောပြောဖြင့် ရွာထဲသို့ ဝင်လာခဲ့ကြပါသည်။ ထိုညက မလေးစိန်မှာ အိပ်ရာထဲ တလူးလူး တလိမ့်လိမ့်ဖြင့် အိပ်မပျော်နိုင်ဘဲ သန်းခေါင်ယံကြက်ဦးတွန်သံကို နားတစွင့်စွင့် ဖြစ်နေပါသည်။ ချစ်ရသူ ကိုသာခင်နှင့် တွေ့ရတော့မည်လေ။ ခါတိုင်း အိမ်ကိုလာလာတွေ့နေသော်လည်း ယနေ့ည လွတ်လွတ်လပ်လပ် တွေ့ချင်သည်ဆို၍ ချိန်းဆိုခြင်းကို လက်ခံခဲ့ခြင်း ဖြစ်သည်။

ခဏအကြာတွင် သန်းခေါင်ယံ ကြက်ဦးတွန်သံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ ဖြတ်ခနဲထပြီး နောက်ဖေးတံခါးပေါက်ရှိရာသို့ အသံမကြားအောင် ခြေဖော့နင်းပြီး လျှောက်လာပါသည်။ တံခါးဝနားအရောက်တွင် တံခါးခေါက်သံ တိုးတိုးလေး ကြားလိုက်ရပြီး -

"ကိုသာခင်လား"

ဟု လေသံလေးဖြင့် ပြန်မေးလိုက်သောအခါ -

"အေး…ဟုတ်တယ် မလေးရေ။ ထွက်ခဲ့တော့"

မလေးစိန် တံခါးချက်ကို အသာဖြုတ်ပြီး အပြင်သို့ထွက်လိုက်ပါသည်။

နောက်ဖေးရေကပြင် စဉ့်အိုးအောရှိ အမှောင်ရိပ်ထဲမှ ထွက်လာသော ဖိုးသာခင်သည် ချစ်သူ၏လက်ကို အသာဆွဲ၍ စည်းရိုးအပြင်ဘက် စပယ်ရုံအောသို့ ခေါ်သွားပါသည်။ စပယ်ရုံအောက်တွင် နှစ်ယောက်သား ပူးကပ်ယှဉ်တွဲ၍ ထိုင်လိုက်ကြပါသည်။ တိမ်ကင်းစင်သော လမင်း၏ အလင်းရောင်လေးများက စပယ်ပွင့်၊ စပယ်ရွက်လေးများကို ဖြတ်သန်းဖြင့် ကြည်နူးမှုဖြင့် ချစ်ရည်ရွှန်းနေသော ချစ်သူနှစ်ဦး၏မျက်နှာလေးများ ပေါ်သို့ ဖြာကျလျက်ရှိနေသည်။

"ကိုသာခင် မနက်ဖြန် မြို့ကို သွားတော့မှာပေါ့နော်။ သတိထားပြီးသွားပါရှင်ရယ်။ ကျွန်မစိတ်တွေ လေးနေတယ်။ တတ်နိုင်ရင် မသွားဘဲနေပါတော့လား ဟင်။ တော်စုဆောင်းထားတာလေးနဲ့ပဲ ရွာဦးကျောင်းမှာ မင်္ဂလာဆွမ်းလေးကျွေး လိုက်ရအောင်ပါတော်"

"ဟင်း…"

ဖိုးသာခင်သည် သက်ပြင်းရှည်ကြီး တစ်ချက်ကို လေးပင်စွာချလိုက်ပြီး -

"ငါ နင့်ကို ကတိပေးထားပြီးပြီပဲ မလေးရယ်။ ငါယောက်ျားပါ။ ကတိတစ်လုံးကို ပေးပြီးရင် ဘယ်တော့မှ မဖျက်ဘူးဆိုတာ နင်ယုံပါဟာ။ အခုက မင်္ဂလာဆောင်ဖို့တင် မဟုတ်ဘူး။ နင်နဲ့ငါ နောင်ရေးအတွက် ရင်းနှီးစားဖို့အတွက်ပါ နည်းနည်းလိုနေသေးလို့ပါ။ ငါသတိထားပါ့မယ်။ စိတ်ချနော်။ မနက်ဖြန်ည သွားပြီး သဘက်ခါမနက် ရွာကို ဆက်ဆက်ပြန်ခဲ့မယ်။ မနေ့က ငါတို့ဝယ်လာခဲ့တဲ့ ပစ္စည်းတွေရော စုံရဲ့လား"

"စုံသလောက်ရှိပါပြီ။ သတို့သား၊ သတို့သမီး ဝတ်စုံတွေလည်း တော်စိတ်ကြိုက် ဝယ်ခဲ့ပြီးပြီလေ။ ဘာမှမလိုတော့ဘူး။ လိုတာက တော်အေးကင်းရန်ကင်းနဲ့ ရွာကိုပြန်ရောက်လာဖို့ပဲ"

"ကဲပါ…မလေးရယ်။ စိတ်ညစ်စရာတွေ ဘာမှမတွေးနဲ့တော့။ အချိန်တွေကုန်တယ်"

"သွားပါ။ ဘာမှန်းလည်းမသိဘူး"

လမင်းကြီးသည် ချစ်သူနှစ်ဦး၏ ခေါင်းပေါ်မှ အပြေးကလေး တိမ်ထဲကို ဝင်ပုန်းသွားပါတော့သည်။

နောက်နေ့တစ်နေ့လုံး မလေးစိန်မှာ ဘုရားကျောင်းဆောင်ရှေ့တွင် ချစ်သူအတွက် ဘေးဘယာ ဝေးကွာပါစေကြောင်း အခါခါဆုတောင်းနေမိပါသည်။ ထိုညသည်လည်း မလေးစိန်အတွက် အိပ်မပျော်သော ညတစ်ည ဖြစ်ခဲ့ရပြန်ပြီ။

မနေ့ခနဲ အိပ်ပျော်လိုက်သည့်အချိန် ခဏလေးမှာပင် မက်လိုက်သည့် အိပ်မက်ဆိုးများ။ မလေးစိန်တစ်ယောက်

www.burmeseclassic.com

အိပ်မက်ဆိုးများနှင့် လုံးထွေးနေရင်း နားထဲမှာ အသံသဲ့သဲ့နှင့် သူ့နာမည်ကို ခေါ်သံကြားနေရသည်။ တဖြည်းဖြည်းနှင့် အသံများ ကျယ်လောင်လာသောအခါ ဆတ်ခနဲ လန့်နိုးသွားပြီး အိပ်မက်မဟုတ်ဘဲ အပြင်မှ တကယ်ခေါ်နေသည့်အတွက် လန့်ဖျပ်စွာ အိပ်ရာမှ ထလိုက်မိပါသည်။

"လေးစိန်ရေ...လေးစိန်"

ခေါ်သံများနှင့်အတူ အိမ်ရှေ့မှာ ထွေးမေ၊ မယ်ကျော့နှင့် ရွာလူကြီးများ။ မျက်နှာမကောင်းသော အဘနှင့် အမေ။

"ဘာ...ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲဟင်။ ငါလန့်လိုက်တာ မယ်ကျော့ရယ်"

ရွာလူကြီး ဘကြီးအုန်းက -

"လေးစိန်ရေ...တရားနဲ့သာ ဖြေပေတော့ ငါ့တူမကြီးရယ်။ မနေ့ညက ဖိုးသာခင်တို့အဖွဲ့နဲ့ တောထဲက ရောင်စုံသူပုန်တွေ ရိုးမထဲမှာ ပက်ပင်းတွေ့ကြပြီး ပစ်ကြခတ်ကြသတဲ့။ ဟိုဘက်က အဖွဲ့ကလည်း သူတို့စားကျက်ကို ဝင်လုလို့ ဖိုးသာခင်ကို တေးထားတာကြာပြီ။ အစွမ်းရှိတဲ့ ဖိုးသာခင်က သူတို့ကို ကြောကြောသွားလို့ ကြိတ်မနိုင်ခဲမရနဲ့ မကျေမနပ်ဖြစ်နေကြတာ။ ဒါပေမယ့် ဒီတစ်ခါ သူပုန်အဖွဲ့က အင်အား ၃၀ လောက်နဲ့ ဖိုးသာခင်တို့က သုံးယောက်တည်းဆိုတော့ ဘယ်လိုမှ ပြန်မခုခံနိုင်တော့ဘဲ အဖမ်းခံလိုက်ရတယ်။ ဖိုးသာခင်ကို ကြိုးတုပ်ပြီး ပထမသေနတ်နဲ့ပစ်သတ်တယ်။ ကျည်မထွက်ဘူး။ ဒုတိယ ဓားနဲ့ ခုတ်တယ်၊ ဓားက အသားကို ထိတာနဲ့ ခုန်ခုန်ထွက်သွားတယ်။ နောက်ဆုံး ထိုးကြိတ်ကန်ကျောက်တော့လည်း သွေးတစ်စက်မထွက်၊ မဖူးမရောင်ဘူး။ နောက်ဆုံး ဖိုးသာခင် တပည့်တစ်ယောက်က သစ္စာဖောက်ပြီး သူ့ကိုလွှတ်ပေးရင် ဖိုးသာခင်ရဲ့ လျှို့ဝှက်ချက်ဖြစ်တဲ့ သေကွင်းသေကွက်ကို ပြောပြမယ်လို့ ပြောသတဲ့။

ဒါနဲ့ပဲ နားနဲ့မနား၊ ဖဝါးနဲ့သာ နာပေတော့ တူမကြီးရယ်။ အမျိုးမျိုးနှိပ်စက်သတ်ဖြတ်ပေမယ့် ဘယ်လိုမှ မသေတဲ့ ဖိုးသာခင်ကို ဝိုင်းချုပ်၊ သူ့ငယ်ပါကို တုနဲ့ ကြွေအောင် ထုသတ်မှပဲ အသက်ထွက်သွားတော့သတဲ့။ အင်း...သတ္တဝါတစ်ခု ကံတစ်ခုပေါ့ တူမကြီးရယ်။ သူ့အကြောင်းက ဖန်လာမှကိုး။ အကျိုးတရား တစ်ခုအဖြစ် ပေးဆပ်ရမှာပဲ။ ကိုင်း...ကိုင်း။ ရွာသားတွေ ဒီမှာလာစုမနေကြနဲ့။ ဖိုးသာခင်အလောင်းကို တောင်ခြေမှာ သွားသယ်ကြစို့ရဲ့"

ဟု ဘကြီးအုန်းက ပြောဆိုပြီး စိတ်မကောင်းစွာဖြင့် ထွက်သွားပါတော့သည်။

ငိုရမည်ကို မေ့နေပြီး ငေးကြောင်နေသော မလေးစိန်သည် ထွေးမေနှင့် မယ်ကျော့တို့က အသာတွဲ၍ ခေါ်ဆောင်သွားခြင်းကို အသက်မရှိသည့် ကျောက်ရုပ်ပမာ လိုက်ပါသွားပါသည်။

ထိုနေ့မှစ၍ ညနေစောင်းလျှင် သူ့အတွက် မင်္ဂလာဆောင်မှာ ဝတ်ဖို့ ဖိုးသာခင်ရွေးပေးသည့် ရွှေချည်ထိုးချိတ် ပန်းရောင်ဝတ်စုံကိုဝတ်၊ မျက်နှာမှာ သနပ်ခါးဖွေးနေအောင်လိမ်းပြီး၊ ခေါင်းပေါ်မှာ စံပယ်ပန်းများ ဝေနေအောင်ပန်ကာ ဖိုးသာခင်ကို ကြိုမည်ဆိုပြီး ရွာထိပ်က ကုက္ကိုပင်ကြီးအောက်တွင် သွားထိုင်နေ
နေတတ်ပါသည်။ မိဘများက ညမိုးချုပ်
၍ လိုက်လံခေါ်မှပင် ငေးကြောင်စွာဖြင့် ပြန်လိုက်ခဲ့ပါသည်။ သူ့စိတ်ကလေး
တည်ငြိမ်ပါစေတော့ဟူ၍ သင့်တော်သည့်သူဖြင့် ပေးစားမည်ဆိုသော်လည်း လုံးဝလက်မခံဘဲ ဖိုးသာခင်ကို တမ်းတ
လွမ်းဆွတ်ရသည့် စိတ်နှင့်ပင် ချစ်သူဆုံးပါးပြီး တစ်နှစ်အကြာ ချစ်သူနောက် ကောက်ကောက်ပါအောင် လိုက်သွားပါတော့သည်။

ချစ်တတ်လွန်းသူ၊ သစ္စာကြီးသူ မလေးစိန်၏ ဂူနှင့် ချစ်သူအတွက် အသက်စွန့်ပြီး ငွေရှာဖို့ကြိုးစားခဲ့သော ဖိုးသာခင်တို့၏ ဂူကို ရွာထိပ်ရှိ ကုက္ကိုပင်ကြီးအောက်မှာပင် ယှဉ်တွဲ၍ မြှုပ်နှံစေခဲ့ပါသည်။

ဘဝသံသရာစက်ဝိုင်းသည်ကား နိဗ္ဗာန်မရမီစပ်ကြား ထပ်ကာထပ်ကာ လည်ပတ်နေမည်သာတည်း။ ဘဝဆက်လက်ဖြစ်ပေါ်ရန် အကြောင်းတရားများ မကုန်ဆုံးသရွေ့ ဆက်ကာဆက်ကာ ဘဝသစ် ဖြစ်ပေါ်နေလိမ့်မည်။ သံသရာခရီးသည်များဖြစ်သော ကျွန်ုပ်တို့သည်လည်း...။

■ မာလာ

(ဝတ္ထုပါ အကြောင်းအရာများသ
မှ ဖိုးသာခင်တစ်ဖြစ်လဲ မြလေးငယ်မှ
စာရေးသူ၏မိခင်ကြီး ဖြစ်ပါသည်။ ဤဝတ္ထုဖြင့် မိခင်ကြီးအား ကန်တော့ပန်းဆင်အပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တံ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ဝ၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားက နားဝမှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေး တစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်・・・ဖိုးကဲလေး・・・"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့် မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ်ဖြင့် ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က စကားဆိုလေသည်။

"အံ့သြနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်၊ ဖိုးကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့・・・တော်တော်လည်းစွမ်းပါလား။ ဘာဆေးများလဲ ညီမရဲ့・・・"

"ဒေါ်စိန်ရင်ရဲ့ မရှေ့တံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့ ပျား၊ ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့အပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ၊ ဝက်ခြံ၊ မိတ်ဖု၊ သွေးယား၊ ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ・・・တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး။ အပြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး၊ ဆီးချို၊ အစားမှား၊ ဆေးမှား၊ မူးမော်၊ မျိုးအန်၊ အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် ထက်သာပျောက်ကင်းတယ်တဲ့။ ထိခိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား။ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"

"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့・・・"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဟေ့"

"ကောင်းတာပေ့ါ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com




# အောက်လမ်းဆရာတစ်ယောက်၏ ဝန်ခံချက်

www.burmeseclassic.com

www.burmeseclassic.com



# အောက်လမ်းဆရာတစ်ယောက်၏ ဝန်ခံချက်

ဘာသိသာ

မောင်မြသင်းတို့ အမ်းမြို့နယ်သည် ရခိုင်ရိုးမ၏တောင်ခြေတွင် တည်ရှိပြီး မြို့နယ်၏ တစ်စိတ်တစ်ဒေသသည်ပင် ရိုးမကြီး၏အတွင်း ဝိုင်းတောင်စွယ်၊ တောင်တန်း၊ တောင်ခြေများနှင့် ဆက် " စပ် လျက် ရှိ သည်။ ထို့ကြောင့် မောင်မြသင်းတို့ ရွာနေလူစုများသည်လည်း ရခိုင်ရိုးမထဲတွင် နေထိုင်ကြသော စိုင်တောင်ချင်းလူမျိုးများကဲ့သို့ပင် အအေးဒဏ်ကို ထပ်တူမျှဝေခံစားကြရသည်။

ရွာနှင့်တစ်ခေါ်မျှဝေးသော တောစပ်တောင်ခြေများဆီက လူများ၏ အော်ဟစ်သံ၊ ကျွဲချိုပတိုး မှုတ်သံ၊ ကုလားတက်ခေါက်သံ၊ တုံးမောင်းများ ထုသံစသည်တို့ကိုလည်းကြားနေရသည်။ ညတွင် တောဝက်များ ဆင်းလေ့ရှိ၍ ကြံခင်းစောင့်တဲ၊ လယ် (ကောက်ကြီးစပါးခင်း) စောင့်တဲများဆီကဖြစ်သည်။

ညနေ မိုးချုပ်စအချိန်တွင်ဖြစ်သည်။ ဆောင်းနှောင်းရာသီတွင် ဖြစ်သော်လည်း ရခိုင်ရိုးမကြီး၏ ဂုဏ်သတ္တိကြောင့် သိပ်ပြီး အအေးမလျော့သေးပေ။ ထို့ကြောင့် အိမ်တိုင်းက မီးလင်းဖိုလေးများသည်လည်း လင်းလက်လာကြလေသည်။ ညနေစာ ထမင်းစားသောက်ပြီးနောက် မီးလင်းဖိုလေးနားမှာပင် ဝိုင်းထိုင်၍ မီးလှုံကြရသည်။

တောဝက်တစ်အုပ်ဝင်လျှင်လည်း ကြံတစ်ခင်း၊ လယ်တစ်ပွဲ ပြောင်စင်လောက်သည်။

မောင် မြ သင်း တို့ ကာလသားတစ်စု လမ်းလျှောက်ထွက်လာကြသည်။ မချောများဆီကို (တောရွာကာလသားတို့သဘော)အပျိုလှည့်ရန်သွားရကောင်းမလား၊ ကြံခင်းစောင့်များဆီကို ကြံသကာစားရင်း ကြံစုပ်ရင်းသွားရကောင်းမလား စဉ်းစားတိုင်ပင်ကြသည်။ စိတ်တူသဘောတူ ကျသည့် ဘက်ကို သွားကြမည်ဖြစ်သည်။

မချောများဆီကို သွားလျှင် ချစ်စကား ကြိုက်စကား ပြောရမည်။ ကြံခင်းစောင့်တဲများဆီကိုသွားလျှင် ကြံစုပ်ရမည်။ သကာစားရမည်။ မုဆိုးများ တောဝက်ရလျှင် တောဝက်ဖျက်ရာ၌ ဝင်ကူပေးခြင်းဖြင့် တောဝက်သားလည်းရလာနိုင်သည်။ ထို့ကြောင့် မချောတို့ဆီကို အပျိုလှည့်ရန် သွားမလား။ ကြံခင်းစောင့်တဲများဖက်ကို သွားမလား။ မည်သည့်ဘက်ကို သွားသည်ဖြစ်စေ အချည်းအနှီးတော့ မဖြစ်နိုင်။ မောင်မြသင်းတို့အုပ်စုမှာ လူငါးယောက်ဖြစ်ပြီး ကာ လ သား များ ဖြစ် သည့် အလျောက် ချစ်စကား ကြိုက်စကားပြောရမည့် မချောတို့ဆီကိုသာ သွားလိုသူက များနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအနိုက်မှာပင် ရွာသားကြီးများ အချို့ ဟိုပြေးလိုက်၊ သည်လာလိုက်လုပ်နေကြသည်ကို တွေ့လိုက်ရသည်။ တစ်ချို့ မီးလှုံနေရင်းက မတ်တတ်ရပ်ပြီးလည်း ဟိုဟိုသည်သည် လှမ်းကြည့်နေကြလေသည်။ တစ်ချို့ကလည်း စူးစမ်းလိုသော ခြေလှမ်းများဖြင့် ခြံပြင်သို့ ထွက်လာပြီး မတ်တတ်ရပ်ကာ တိုးတိုးပြောနေကြသည်။

ထို့ကြောင့် မောင်မြသင်းတို့လူစုလည်း လှမ်းနေသော ခြေထောက်များရပ်သွားပြီး ပတ်ဝန်းကျင်ကို အကဲခတ်မိလျက်ဖြစ် သွား ကြ သည်။ တ ချို့ မတ်တတ်ရပ်ပြီး ဟိုဟိုသည်သည် ကြည့်နေရင်းက စိတ်မပါစွာနှင့် ပြန်ထိုင်သွားကြသလို တချို့လည်း မီးဖိုနားမှခွာ၍ ခြံပြင်သို့ ထွက်လာနေကြသည်။

ရွာ ထဲ တွင် လူ များ အတော်လေးပင် လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။ မောင်မြသင်းတို့ ကာလသားတစ်စုက ရွာ၏ အထက်ပိုင်းသားလေးတွေဖြစ်သည်။ ထို့ကြောင့် ယခု လျှောက်နေဆဲ ရွာလယ်ပိုင်းသားများ တိုးတိုးတိတ်တိတ် ဘာဖြစ်နေကြသည်ကို နားမလည်နိုင်ဖြစ်နေကြသည်။ တစ်ခဏအကြာတွင် ဦးသိန်းမောင် မီးရှူးကြီးနှင့် လျှောက်လာနေသည်ကိုမြင်၍ ရွာလယ်ပိုင်း၌ ဘာဖြစ်နေကြသည်ကို မေးကြည့်မည်ဟု စိတ်ကူးပြီး မောင်မြသင်းတို့ လူစုရပ်ကြည့်နေကြသည်။

ထို့နောက် တစ်ဖက်လမ်းချိုးမှ ထွက်လာသော ဦးလှသောင်းက ဦးသိန်းမောင်ကို "သိန်းမောင် ဘာတဲ့"ဟု မေးလျှင် ဦးသိန်းမောင်က "ဝက်တောင်းကြီးလို့ ပြောတယ်"ဟု တိတိတတ်တတ်ပြန်ဖြေသံကို ကြားလိုက်ရသည်။ ထို့ကြောင့် မောင်မြသင်းတို့လူစု ဝမ်းသာသွားကြသည်။

အတယ်ကြောင့်ဆိုသော် မောင်မြသင်းတို့ ကာလသား တစ်စုမှာ ညနေ ကာလသားစုံလျှင် ညနက် ထမင်းချက်စားရန် တိုင်ပင်လေ့ရှိကြသည်။ ညနေထမင်းချက်စားလျှင် အများအားဖြင့် ကြက်ခိုးကြရသည်ကများသည်။ ကြက်ခိုးပြီး ကြက်သားဟင်းနှင့်သာ မြိန်ရေရှက်ရေရေ ချက်စားလေ့ရှိကြသည်။ သို့သော် ဤသည်မှာလည်း ပြောသလောက်မလွယ်ပေ။

ကြက်ခိုးကျွမ်းကျင်သူများ အဖို့အခက်အခဲမရှိသော်လည်း မောင်မြသင်းအဖို့ အခက်တွေ့ရသည်။ မောင်မြသင်းက ကြက်ခိုး မကျွမ်းကျင်ပေ။ ကြက်ခိုးမကျွမ်းကျင်၍ ပိုင်ရှင်မိလျှင် အရှက်ကွဲအကျိုးနည်းဖြစ်မည်စိုး၍ အိမ်က ကြက်ကို ယူချက်ရသည်မှာလည်း မနည်းတော့၊ ထို့ကြောင့် ယခုဝက်တောင်းကြီးတစ်ကောင်ရကြသည်ဆို၍ မောင်မြသင်း အလွန်အမင် ဝမ်းသာသွားသည်။ ဝက်ဖျက်သည့်နေရာကို လိုက်သွားပြီး ဝင်ကူလျှင် ထမင်းချက်စားရန် ထမင်းတစ်နပ်စာအတွက်ရလာနိုင်သည်။

ထိုသို့တွေးပြီး ဝက်မည်သည့်အနားတွင် ဖျက်သည်ကိုသိလို၍ မောင်မြသင်းတို့လူစု ဦးသိန်းမောင်အား မေးရန် ဦးသိန်း မောင် ၏ အိမ် ဘက် ကို လျှောက်လာကြသည်။ ဦးသိန်းမောင် မီးလင်းဖိုနားတွင် ရေနွေးထိုင်သောက်နေသည်ကို တွေ့လျှင် မောင်မြသင်းက -

"ဦးသိန်းမောင်၊ တောဝက်ရတာ ဘယ်မှဆိုးအဖွဲ့လဲဗျ"

ဦးသိန်းမောင် သောက်လက်စ လက်ကျန်ရေနွေးကို သွန်ချလိုက်ပြီး ပြုံးသည်။

"မင်းတို့ကို တောဝက်ရတယ်လို့ ဘယ်သူပြောလို့လဲ"

"ဟောဗျာ"

မောင်မြသင်းတို့အဖွဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ကြောင်သွားကြသည်။

"ဦးလေးပဲ ခုတင်က ဦးလှသောင်းကို ပြောပြီးတော့-"

"ငါပြောတာ အဲဒီဝက်မဟုတ်ဘူး မကြာခင်က သေဆုံးသွားတဲ့ အောက်လမ်းဆရာ ဦးဝက်တောင်းကြီးကို ပြောတာ၊ အခု ရွာအောက်ပိုင်းက သူ့သမီး မသိန်းမြင့်ဆီမှာ ဦးဝက်တောင်းကြီး ဝင်ပူးနေတဲ့အကြောင်းကို ပြောတာကွ"

မောင်မြသင်း‌ လူစု အမှောင်ထဲတွင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်မိကြသည်။ ထို့နောက် ညနက် ထ မင်း ချက် စား မည့် အကြောင်းကိုမေ့ပြီး တိုင်ပင်ထားကြသကဲ့သို့ပင် ဦးဝက်တောင်း ကြီး ဝင် ‌ နေ သည့် မသိန်းမြင့်အိမ်ဖက်သို့ ပြေးကြလေသည်။ လူငယ်တွေဆိုတော့လည်း တ စ္ဆေ ဝင် ပူး သည့် အကြောင်းကို အထူးအဆန်းဖြစ်ကာ ကြည့်ချင်နေကြသည်။

မသိန်းမြင့်၏အိမ်ပေါ်တွင် လူဆယ်ယောက်ကျော်မျှ ရောက်နေသည်ကို တွေ့ရသည်။ ထိုလူစုထဲတွင် သူတို့ဆွေမျိုးသားချင်းများက တစ်ဝက်ကျော်ပါသည်။ ဆွေမျိုးများအားလုံးပင် မျက်နှာမကောင်းဖြစ်နေကြသည်ကို တွေ့ရသည်။ ဦးဝက်တောင်းကြီးသရဲဖြစ်နေသဖြင့် ရှက်နေကြဟန်ရှိသည်။

မသိန်းမြင့်၏တစ်ကိုယ်လုံး ချွေးပြန်နေသည်။ အနားက သူ၏ဝမ်းကွဲအစ်မတစ်ယောက် ယပ်ခတ်ပေးနေသည်။ မသိန်းမြင့် မျက်စိမှိတ်ထားပြီး အသက်ကို ပြင်းပြင်း ရှူရှိုက်နေသည်။ ဦးဝက်တောင်းကြီး၏အစ်မကြီး ဖြစ်သူက မသိန်းမြင့်၏အနားတွင် ထိုင်ပြီး ဦးဝက်တောင်းကြီး ဝင်ပူးနေသော မသိန်းမြင့်အား မေးမြန်းကြည့်နေသည်။

"အခု ဝင်ပူးနေသော ဝက်တောင်းကြီးဆိုပေမယ့် ငါ မယုံသေးဘူး။ အတည်လဲ မပြုသေးဘူး။ ဒါကြောင့် ဟုတ်မဟုတ် အတိအကျသိရအောင် ဝက်တောင်းကြီး မသေခင် ငါနဲ့ လျှို့ဝှက်ပြောထားတဲ့ စကားတစ်ခုရှိတယ်၊ အဲဒီစကားကို မေးမယ်၊ ဖြေနိုင်ရင် ယုံမယ်၊ မဖြေနိုင်ရင် မယုံဘူး"

"မေးပါဗျာ၊ အစ်မကြီး ကြိုက်သလိုမေးပါ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ဖြေနိုင်ပါတယ်။ ကျွန်တော် ဝက်တောင်းမှ ဝက်တောင်းကြီးအဝစ်ပါ။" အမလေးဗျ - အမလေးဗျ"

"ဝက် တောင်း ကြီး မသေခင် တစ်ပတ်လောက်က ဝက်တောင်းကြီးရဲ့လက်ရှိအလုပ်ကို ငါမကြိုက်သလို ဘာသာရေးနဲ့ ပတ်သက်ပြီး ငါပြောခဲ့တာ တစ်ခုရှိတယ်၊ ဝက်တောင်းကြီးကလဲ လက်ခံတယ်၊ ငါပြောတဲ့အတိုင်းလိုက်နာပါ့မယ်လို့ဆိုတယ်၊ အဲတာ ဘာလဲ၊ ပြောစမ်း"

မ သိန်း မြင့် သည် အသက်ကို မှန်မှန်ရှူရှိုက်ပြီး-

"မမကြီးက ကျွန်တော် သရဏဂုံကိုဖျက်ပြီး အောက်လမ်း ပ ညာ တွေ လုပ် နေ တာ မကြိုက်လို့ အောက်လမ်းပညာတွေကို စွန့်လွှတ်ပါ၊ မဖျား မနာ မသေခင်၊ သရဏဂုံကို ဆောက်တည်ပြီး ဒါန၊ သီလတွေကို တတ်နိုင်သမျှ လုပ်ပါလို့ဆိုပါတယ်၊ ကျွန် တော် က လည်း လက်ခံပါတယ်၊ ဆင်းရဲဒုက္ခကို မခံနိုင်လို့သာ အပင်ပန်းခံပြီး လုပ်မစားချင်လို့သာ၊ ဒီအောက်လမ်းပညာနဲ့ လုပ်စားနေတာပါ၊ အဆင်ပြေတဲ့ တစ်နေ့ကျရင် ဒီမကောင်းတဲ့ပညာကို စွန့်ပြီး မိဘတို့ဗုဒ္ဓဘာသာထုံးစံအတိုင်း ကျင့်ဝတ်တရားတွေကို ပြန်လည်ကျင့်ဆောင်ဖို့ စိတ်ကူးရှိပါတယ်၊ ဒါကြောင့်မို့လို့ မမကြီးပြောတာကို ကတိပြုပြီး အောက်လမ်းပညာကို စွန့်ပယ်လို့ ပြောခဲ့ဖူးတဲ့စကားတွေပါ။ အမလေးဗျ - အမလေးဗျ"

"ဟုတ်ပါတယ်၊ အဲဒီစကားတွေကို ငါပြောခဲ့ဖူးတယ်၊ ပြီးတော့ နင်အောက်လမ်းပညာကို စွန့်လွှတ်ပြီးနောက် နင့်ကို လူအများက ယုံကြည်ပြီး အမြင်ရှင်းသွားအောင် တစ်ခုဆက်လုပ်ရမယ်လို့ ငါပြောခဲ့ဖူးတာရှိတယ်၊ အဲတာကော ဘာလဲပြောစမ်း"

"ဟုတ်ကဲ့ - မမကြီး ကျွန်တော်ကို အောက်လမ်းပညာ စွန့်လွှတ်ပြီးနောက် လူတွေယုံကြည်ပြီး အမြင်ရှင်းသွားကြအောင်အနည်းဆုံး ဒုလ္လဘရဟန်း ဆယ်ရက်လောက် ဝတ်လိုက်ပါလို့ ပြောခဲ့ဖူးပါတယ်၊ အမလေးဗျ - အမလေးဗျ"

"မှန်တယ်" ဟု ပြောကာ အစ်မဖြစ်သူ ဒေါ်စိန်မြင့်ငိုင်၏။ သူမောင်ဦးဝက်တောင်းကြီး "ဖြစ်ကို သနားလည်း သနား၊ ရှက်လည်း ရှက်၍ဖြစ်မည်ထင်သည်။ တစ်အောင့်ကြာအောင် တိတ်ဆိတ်နေကြတုန်းမှာပင် "အမလေးဗျ - အမလေးဗျ"ဟု ဦးဝက်တောင်းကြီး ဝင်ပူးနေသော မသိန်းမြင့်က ထအော်ပြန်လေသည်။

"ဝက်တောင်းကြီး နင် ခဏခဏ ဘာဖြစ်လို့ ထအော်နေတာလဲ"ဟု ဒေါ်စိန်မြင့် မျက်ရည်သုတ်ရင်းက မေးသည်။ မသိန်းမြင့်က အသက်ကို ပြင်းပြင်း နှစ်ချက်မျှ ရှူရှိုက်လိုက်ပြီး

"ကျွန်တော်ပညာဆိုးနဲ့ သတ်တဲ့လူများထဲက အချို့သရဲဖြစ်ပြီး ကျွန်တော့်ကို ပြန်နှိပ်စက်ကြတယ် မမကြီးရဲ့၊ အဲဒီအထဲမှာ လူမိုက်ကြီး ဦးပုလုက အဆိုးဆုံးပဲ၊ သူ့ကို ကျွန်တော်သတ်ခဲ့တုန်းက ရိုးရိုးသတ်နည်းမျိုး မဟုတ်ဘူး၊ သူက ကျွန်တော့်ကို တမင်တ…ာ သတ်ဖို့လာတဲ့သူဆိုတာသိလို့ ရန်ငြိုးထားပြီး မသေမရှင်နှိပ်စက်ပြီးမှ သတ်ခဲ့တာပါ၊ သတ်ပုံက ကျွန်တော့်ဆရာလုပ်ပေးလိုက်တဲ့ အရုပ်ကလေးမှာ သွပ်လိပ်ပြာကို သွင်းပြီး ဆူးနဲ့မသေမချင်း ထိုးသတ်ခဲ့တဲ့အတိုင်း သူက အခု ကျွန်တော့်ကိုလဲ အဲဒီလို ဆူးနဲ့ ထိုးထားပြီး အမြဲတမ်း နှိပ်စက်နေပါတယ်၊ အမလေးဗျ - အမလေးဗျ"

"ဖြစ်ရလေ ဝက်တောင်းရယ်" ဟုဆိုကာ ဒေါ်စိန်မြင့် ရှိုက်၍ငိုလေသည်။

"ကျွန်တော်သတ်ခဲ့တဲ့ အထဲက သရဲဖြစ်နေကြတဲ့ လူအားလုံးဟာ ကျွန်တော့်ကို ဝိုင်းနှိပ်စက်နေတဲ့အပြင် သရဲကြီးဦးပုလုဟာလဲ ကျွန်တော့်ကိုယ်ကို ကန့်လန့်ကျအောင် ဆူးနဲ့ ထိုးပြီး ခဏခဏလှည့်နေတယ်၊ ဒါကြောင့် အောက်လမ်းပညာနဲ့ အသက်မမွေးကြပါနဲ့၊ အောက်လမ်းပညာနဲ့ အသက်မွေးကြတဲ့ လူအားလုံးဟာ သေပြီးနောက် သရဲသာဖြစ်ကြရပြီး ကိုယ်လုပ်ခဲ့ဖူးတဲ့လူတွေကလဲ သရဲဖြစ်ကြ ကိုယ့်ကို အလှည့်ကျပြန်ပြီး နှိပ်စက်တာကို ကမ္ဘာနဲ့ချီပြီး သရဲသက်ကုန်တဲ့အထိ ခံကြရတယ်၊ သရဲသက်ကုန်ပြီးနောက် ငရဲကို ဆက် ကျ ရ ဦး မယ် ဆို တော့ အတော့်ကို ကြောက်စရာကောင်းပါတယ်၊ ဒါကြောင့် တစ်ဝမ်းတစ်ခါးတစ်ဝမ်းစာကိုငဲ့ပြီး အောက်လမ်းပညာကို မလုပ်ကြပါနဲ့လို့ ပြောပေးပါ၊ အမလေးဗျ - အမလေးဗျ"

"အကွမ်းများလိုက်သိတယ် ဝက်တောင်းကြီးရယ်၊ ဒီတော့ နင် ဒီဘဝဆိုးကြီးက ကျွတ်လွတ်သွားအောင် တို့က ဘာလုပ်ပေးရမှာလဲ ပြောပါ၊ ချက်ချင်းလုပ်ပေးပါ့မယ်၊ နင်ခံစားနေရတာကို မကြားရဲလွန်းလို့"

"ဟုတ်ကဲ့ -ကျွန်တော်ဟာ ဗုဒ္ဓဘာသာအဖြစ်ကသာ ဒီမကောင်းပညာဆိုးဘက် … ူး ပြောင်းလာတဲ့လူဖြစ်လို့ ဥပုသ်နေ့ကိုရောက်တိုင်း ဥပုသ်ကျောင်းကို သတိရပါတယ်၊ အဲဒီ အချိန်ဆိုရင် သူများတွေ သီလ ယူလို့ တရားနာလို့ရှိကြလိမ့်မယ်လို့ သတိရခဲ့ဖူးတဲ့ ကုသိုလ်လေး ရှိနေတာကြောင့် ဥပုသ်နေ့တစ်ရက်တော့ ကျွန်တော် သက်သာခွင့်ရပါတယ်၊ အခြားရက်တွေမှာတော့ အချင်းချင်းသရဲတွေဆီမှာ အနှိပ်စက်ခံနေရလွန်းလို့ သာဓုခေါ်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ဥပုသ်နေ့တစ်နေ့နေ့မှာပဲ ရဟန်းအသုံးအဆောင် (ပရိက္ခရာ၊ ဝိဋကတ်စာအုပ်စသည်) တစ်ခုခုကို လှူဒါန်းပြီး အမျှဝေပေးရင် ကျွန်တော် ကျွတ်လွတ်နိုင်ပါတယ်။ အမလေးဗျ - အမလေးဗျ"

× × ×

ဦး ဝက် ကောင်း ကြီး ကား ယေစဉ်ကပင် အတွာကြီးသည်။ …သတ်ဆန်လွန်းသည်၊ ကျောင်းနေချိန် ဘုန်းကြီးကျောင်းသားဘဝကပင် ကျောင်းသားအချင်းချင်းလည်း သိပ်ပြီး

www.burmeseclassic.com

တည့်သည်ဟူ၍မရှိပေ။ ထစ်ခနဲဆို ရန်ဖြစ်တတ်သည်။ ရန်ဖြစ်လျှင်လည်း ထိပ်ကွဲ ခေါင်းပေါက်ဖြစ် သည် က များ သည်။ ထို့ကြောင့် သူ့မှာ တစ်ယောက်တည်းသာနေရသည် ဆရာတော်ဆုံးမသည်ကိုလည်း သိပ်ပြီး မနာခံ။ ထို့ကြောင့် ဆရာတော်ဆီမှာလည်း မကြာခဏ အရိုက်ခံရသည်။

ဆရာတော်ကိုလည်း သိပ်ပြီး ကြောက်ရွံ့လေးစားခြင်း မရှိပေ။ တစ်ကျောင်းလုံးနှင့် တစ်ယောက်တည်းဖြစ်နေသော်လည်း သူသာမှန်သည်။ သူ သာ ကောင်းသည်။ သူ့မှာ အပြစ်မရှိဟု ထင် နေ တတ် သည်။ ဆရာတော်မှစ၍ အခြားလူတစ်ယောက်မျှ မကောင်း။ သူများ မကောင်း၍ ရန်ဖြစ်ရသည်ဟုဆိုသည်။

ထို့ကြောင့် ကျောင်းနေသက် တစ်လျှောက်လုံးတွင် သူ၏မကောင်းသော စာရိတ္တကြောင့် အပေါင်းအသင်းကင်းခဲ့သလို ကျောင်းမှထွက်ပြီးနောက် ကာလသားအရွယ်တွင်လည်း အချင်းချင်း လူပျိုကာလသားများနှင့် အဆင်မပြေပေ။ တောရွာတို့ ထုံးစံအတိုင်း လူပျို၊ အပျိုများ ရပ်ရွာကောင်းကျိုးများကို ဆောင်ရွက်ကြရသည့် အလှူပွဲများတွင် ထင်းခွေ၊ ရေခပ်၊ လမ်းပြင်၊ တံတားထိုးစသောလုပ်ငန်းများတွင်လည်း သူဝင်မလုပ်ပေ။

မိုက်ရူးရဲဆန်ကာတစ်ရွာနှင့်တစ်ယောက်၊ တစ်ရာဝါးကို တစ်လုံးတည်း ကန်သကဲ့သို့ တစ်ယောက်တည်း တထီးတည်းနေသည်။ ထို့ကြောင့် အခြားလူများကလည်း သူ့ကို ရွံ့မုန်းပြီး အဆက်အဆံဖြတ်ကာ ကင်းကင်းနေကြသည်။ သူသည် အချင်းချင်း လူပျို၊ အပျိုများနှင့်သာ အဆက်အဆံကင်းသည် သာမကဘဲ ဆွေမျိုးသားချင်းများနှင့်လည်း မတည့်ပေ။

အဆိုးဆုံးဖြစ်ရပ်တစ်ခုက သူ့မိဘများ ကွယ်လွန်ပြီးနောက် အမွေ[illegible]ဝေရာတွင် ဖြစ်သည်။ ဦးဝက်တောင်းကြီးက မိသားစုမွေးချင်းများထဲတွင် သူက အငယ်ဆုံးဆိုပြီး မတရားသိမ်းမှုတွေများလာသည်။ အတွင်းပစ္စည်းရော၊ အပြင်ပစ္စည်းဖြစ်သည့် လယ်ယာ၊ ဥယျာဉ်၊ ကျွဲ၊ နွား၊ ကိုင်းကျွန်းများကိုပါ သူက အငယ်ဆုံးဟူသော ဂုဏ်ပုဒ်ကိုထောက်ပြပြီး ဆုကောက်သည်ကများလာသဖြင့် စကားများရင်းက ဓားဆွဲ၊ တုတ်ဆွဲ ဖြစ်လာကြသည်။

ထို့နောက် ညီအစ်ကိုမောင်နှမချင်း သေပွဲအထိဖြစ်မည့်အခြေအနေတွင် ဦးဝက်တောင်းကြီးနေ၍မရတော့ဘဲ ဘင်္ဂလားဘက်သို့ ထွက်သွားလေသည်။ လေးငါးနှစ်ပျောက်နေပြီးနောက် ပြန်ရောက်လာရာ ဓာတ်ရိုက်ဓာတ်ဆင်၊ ဗေဒင်ယတြာ၊ မှော်၊ အောက်လမ်းစသော ပညာရပ်အတော်များများကို တတ်မြောက်လာလေသည်။

သို့သော်လည်း ဆိုခဲ့သည့် ပညာရပ်များကို ဆရာကောင်းတို့ထံ၌ ဝီထိပေါက်အောင် တတ်မြောက် ကျွမ်းကျင်ခြင်း မရှိဘဲ သူ၏စရိုက်နှင့်ညီသော အောက်လမ်းပညာတစ်ခုကိုသာ တတ်လာခြင်းဖြစ်သည်။ အစကပင် သွေးနီး သွေးဝေးများနှင့် အဆင်မပြေရှိလာခဲ့ရာ ယခုသူ တတ်မြောက်လာသော ပညာမှာလည်း လူအများအော့နလုံးနာသည့် ပညာရပ်ဖြစ်နေပြန်၍ သူသည် သူ့ကိုယ်သူ နားလည်ပြီး ရွာသူရွာသားများနှင့် ခပ်ကင်းကင်းဖြစ်စေရန်အတွက် ရွာအောက်ဖက်ကနေရာတစ်ခုတွင် ဥယျာဉ်လုပ်ရင်း မိသားစုနှင့်နေသည်။ ထို့နောက် သူ့ပညာဆိုးကိုလည်း ဆက်လုပ်သည်။

သူ ဆေးကုသည်က သွေးရိုးသားရိုးဖြစ်သည့် ရောဂါရှင်များကနည်းပြီး ပယောဂကြောင့်ဖြစ်သည့် ရောဂါရှင်တွေကသာ၍များသည်။ သူနှင့်မတည့်သူများကိုလည်း သူ၏ ပညာဆိုးဖြင့် လုပ်လေ့ရှိသည်။ သူ လုပ်ထားလျှင် အခြားဆရာများနှင့်ကုသော်လည်း မကောင်း။ သူ့ကိုပင့်ကုမှ ကောင်းလေသည်။ သူနှင့် မသင့်သောသူများကို ထိုသို့ လုပ်ရင်းက နောက်ပိုင်းတွင် သင့်သူရော၊ မသင့်သူများကိုပါ သူဆေးကုရန်အတွက် ပညာဆိုးနှင့် လုပ်လာလေသည်။

ထိုသို့ လုပ်ပန်များ၍ ကြာလာသောအခါ ရွှ သူရွာသားများက သူ့အကြော[illegible]းကိုသိလာ ကြ လေ သည်။ ရွာ သူရွာသားများ အကော[illegible]းနေရင်းက ကောက်ကာင်ကာ မျက်စိစူးခြင်း၊ ဗိုလ် အင့်ခြင်း၊ လန့်ဖျတ်ပြီး ဖျားခြင်းစသော ရောဂါများဖြစ်လျှင် အခြားဆရာများကို ခေါ်ကုသော်လည်း မကောင်းဘဲ သူ့ခေါ်ကုမှ ကောင်းသဖြင့် ဦးဝက်တောင်းကြီး၏ လုပ်ရပ်များက ထင်ရှားလာလေသည်။

ဦးဝက်တောင်းကြီး ပညာဆိုးနှင့်လုပ်၍ အများအားဖြင့် ဖြစ်တတ်ကြသည်ကလည်း ခေါင်းကိုက်၊ ခေါင်းမူး၊ ဗိုက်အောင့်၊ ခါးနာစသောရောဂါများပင် ကောက်ကာင်ကာဖြစ်လေ့ရှိသည်။ ထိုရောဂါများဖြစ်၍ ဆရာခေါ်ပြီး ဆေးထိုးသော်လည်း မတိုးတော့ပေ။ ဦးဝက်တောင်းကြီးကို ခေါ်ကုမှ ယူပစ်သလို ချက်ချင်းပျောက်လေသည်။

ထို့ကြောင့် ရွာသားများက ဦးဝက်တောင်းကြီးကို အလွန်အမင်း ဒေါသထွက်ပြီး အပြတ်ရှင်းရန် တိုင်ပင်ကြသည်။ သို့သော်လည်း ရွာသားများထဲတွင် စွမ်းနိုင်လောက်သော လူစွမ်းကောင်းမရှိပေ။ ထို့ကြောင့် နယ်ကျော် လူဆိုးကြီး ဦးပုလုကို ပင် အခကြေးငွေပေးပြီး သွားငှားကြရသည်။

ဦးပုလုက ချက်ချင်းလိုက်ပါလာသော်လည်း ပေါ်တင်သတ်လျှင် ပြစ်မှုထင်ရှားမည်စိုး၍ ချက်ချင်းမလုပ်ရဲသေးပေ။ ဦးဝက်တောင်းကြီးလည်းကိစ္စပြတ်အောင်၊ သူလည်း ရှင်းရှင်းပြေးထွက်၍ လွတ်မြောက်လောက်အောင်၊ အဆင်ပြေသည့်နည်းကိုရှာပြီး ဦးဝက်တောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ကို သုတ်သင်ပြီးနောက် ထွက်ပြေးလွတ်မြောက်မည့်လမ်းစများကို လိုက်ကြည့်နေသည်။

ထိုအခိုက်မှာပင် သူမွေးထားသော မကောင်းဆိုးဝါးများမှတစ်ဆင့် သူ့ကိုဦးပုလုအမည်ရှိ လူဆိုးကြီးတစ်ယောက် သတ်ဖြတ်ရန်ကြံစည်နေသည်ကို ဦးဝက်တောင်းကြီး သိသွားလေသည်။ ထို့ကြောင့် ချက်ချင်းပင် ဦးဝက်တောင်းကြီးက လက်ဦးမှုယူ၍ ပညာဆိုးနှင့် ဦးပုလုအား လုပ်လေသည်။

ထို့ကြောင့် ဦးပုလုသည် မျက်စိရှုးလာလိုက်၊ ခေါင်းကိုက်လိုက်၊ ဗိုက်အောင့်လိုက်နှင့် မစားနိုင်၊ မသောက်နိုင်၊ ဆယ့်ကိုးရက်မျှ လူးလိမ့်အော်ညည်းနေရင်းကသာ အသက်ထွက်သွားလေသည်။ ဦးပုလု၏ အလောင်းကို သူ့ဆွေမျိုးများက လာသယ်ယူသွားကြ၍ ဦးဝက်တောင်းကြီး ဘာမျှလုပ်ချိန်မရလိုက်ပေ။

ဦးဝက်တောင်းကြီး စိတ်ကူးထားသည်မှာ ဦးပုလုသေလျှင် ဝိညာဉ်ကို သူ့ပညာနှင့် ခေါ်ယူမွေးထားပြီး ခိုင်းစားမည်ဟူ၍ ဖြစ်သည်။ ယခုမူ ဘာမျှလုပ်ချိန်မရလိုက်၍ ဦးဝက်တောင်းကြီးမှာ ထင်သလို မပေါက်ဖြစ်သွားရသည်။ မည်သို့ပင်ဆိုစေကာမူ ဦးပုလု သေသွားသဖြင့် ဦးဝက်တောင်းကြီးစိတ်ချသွားရသည်။

သူ့အသက်ကို ခြွေမည့်လူတစ်ယောက်ကို သူက အနိုင်ယူလိုက်နိုင်၍ နောက်ရန်ရှင်းသွားသလို အောင်နိုင်သူအဖြစ်ဖြင့်လည်း ဂုဏ်ယူနေမိသည်။ သူ့အပေါ်တွင် မကျေမနပ်ရှိနေကြသော ရွာသားများလည်း တော်ရုံနှင့် ခေါင်းထောင်နိုင်ဖွယ်မရှိပေ။ ရွာသားများကို သူက ငယ်နိုင်ဖြစ်နေ၍ သိပ်ပြီးလည်း ထည့်စဉ်းစားစရာမလိုတော့။

သို့သော် ရွာသားများကို စိတ်ချရသော်လည်း စိတ်မချရသည့်အကြောင်းတစ်ခုက ပေါ် ပေါက် ၍ လာ ပြန် သည်။ အကြောင်းမှာ ဦးပုလုသည် သေပြီးနောက်က သရဲဖြစ်သွားပြီး ဦးဝက်တောင်းကြီးအား ဒုက္ခပေးလေသည်။ အောက်လမ်းဆရာများ တစ္ဆေ၊ သရဲများကို နိုင်သည်ဟုဆိုသော်လည်း မြေမြှုပ်သည့်နေရာက တစ်စုံတစ်ခုကို ရမှသာဖြစ်သည်။

ယခုမူ ဦးပုလုကို သူ့ရွာမှာ သင်္ဂြိုဟ်သဖြင့် မည်သို့မျှ လုပ်၍မရပေ။ ဦးဝက်တောင်းကြီးလည်း ဦးပုလုတို့ရွာကို မသွားရဲပေ။ အဘယ်ကြောင့်ဆိုသော် ဦးပုလုသေသွားသည်မှာ ဦးဝက်တောင်းကြီး၏ (အောက်လမ်းပညာ)လက်ချက်ကြောင့်ဟု ဦးပုလု၏ဆွေမျိုးများ သိသွားကြသည်။ ထို့ကြောင့် ဦးပုလု၏ဆွေမျိုးများကလည်း လူမိုက်များဖြစ်၍ ဦးဝက်တောင်းကြီး သူတို့ရွာကိုလာလျှင် တစ်စစီဖြစ်သွားအောင် လုပ်လိုက်ကြမည်မှာ မလွဲပေ။

ဦးပုလု သရဲကလည်း သူ့ရွာမှာမနေဘဲ ရန်ငြိုးရှိသည့် ဦးဝက်တောင်းကြီးတို့ ရွာကိုသာ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလေသည်။ ထို့နောက် အိပ်မက်ထဲတွင် "ဝက်တောင်းကြီး၊ မင်းကို ငါသတ်ဖို့လာခဲ့တာ၊ မင်းလွတ်အောင်သာပြေးတော့"ဟု ကြိမ်းသည်ဆို၏။ ဦးဝက်တောင်းကြီးကလည်း သူတတ်ထားသည့် ပညာနှင့်လုပ်သည်။ သို့သော်လည်း မရနိုင်ပေ။ ဦးပုလုသရဲကသာ အရုပ်၊ အသံ၊ အနံ့စသည်ဖြင့် နည်းမျိုးစုံနှင့် ဒုက္ခပေးနေလေသည်။

ထို့ ကြောင့် ဦး ဝက်တောင်းကြီး၏ ကံနိမ့်ချိန်ဟုပင် ဆိုရမည်လောမသိ။ တစ်နေ့တွင် ဦးဝက်တောင်းကြီးသည် သူ့ဥယျာဉ်မှအထွက်၊ ရွာဖက်ကို ဖြတ်ထိုးထားသည့် တံတားလေးကို အလျှောက်တွင်နောက်မှ တစ်စုံတစ်ယောက်က ဆောင့်တွန်းလိုက်သလို ခံလိုက်ရပြီး တံတားအောက်ရှိ ကျောက်တုံးကြီးပေါ်ကို ကျသွားလေသည်။

သူ့မိသားစုက ဝိုင်းအော်ကြ၍ ညီဖြစ်သူတစ်ယောက် ပြေးလိုက်လာပြီး ပွေ့ယူလိုက်ရာ ဦးဝက်တောင်းကြီးတစ်ကိုယ်လုံး ဖွဲ့အိတ်လိုဖြစ်နေလေသည်။ တံတား ဖြတ် ထိုး ထား သည့် ချောက်က မကျယ်သော်လည်း စောက်နက်လွန်း၍ ဦးဝက်တောင်းကြီးမှာသာ၍ပင် အထိနာလေသည်။

လက်၊ ခြေထောက်၊ ပေါင်၊ အားလုံး ကျိုးကျေသွားလေသည်။ ခေါင်းနှင့် ကိုယ်တွေမှာ လည်း ဒဏ် ရာ တွေ က အပြည့်၊ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ နေရာအနှံ့က သွေးများ မြင်မကောင်းအောင် ထွက်ကျနေလေသည်။ သို့သော်လည်း ဦးဝက်တောင်းကြီးက သူ၏ဆေးစွမ်းကောင်းကြောင့်လောမသိ။ ချက်ချင်းမသေဘဲ စကားပြောနိုင်သေးသည်။

"ပုလု ငါ့ကို နိုင်သွားပြီ ဆေးမကုကြနဲ့တော့၊ မရဘူး။ သေမှာပဲ၊ ငါသတိမထားမိလို့ ဒီကောင့်လက်ချက်မိသွားတာ၊ သူ့သရဲလက်ဝါးကြီးနဲ့ တအားရိုက်ချလိုက်တာ ဘယ်ခံနိုင်ပါ့မလဲ၊ ငါ့ကိုယ် က တံ တား အောက်ကျောက်တုံးကြီးပေါ်လည်း သွားကျတော့ ပိုဆိုးတော့တာပေါ့၊ ဒါကြောင့် အခု ငါ့ကိုယ်တွေ ညက်ညက်ကျေနေပြီ၊ ဒါပေမယ့် မပူကြနဲ့ ငါသေပြီးနောက် ဝိညာဉ်ဘဝမှာ ဒီကောင်ကို ကောင်း ကောင်းကြီး အနိုင်ကျင့်လို့ရတဲ့နည်းရှိသေးတယ်၊ ငါ့ခေါင်းအုံးအောက်က ကြုတ်ထဲမှာရှိတဲ့ ဆေးလုံးလေးကို သွားယူကြစမ်း။ ငါ မသေခင် ငါ့ပါးစပ်ထဲချက်ချင်း ထည့်ကြစမ်း"

ဦးဝက်တောင်းကြီး၏ စကားအဆုံးမှာပင် သမီးငယ်ဖြစ်သူတစ်ယောက် အိမ်ဖက်သို့ ပြေးသွားလေသည်။ ဦးဝက်တောင်းကြီး၏ အသက်ရှူခြင်းသည် ပိုမြန်ပြီး ပိုပြီးလည်းကြမ်းလာလေသည်။ ထို့နောက် အားယူရင်း တစ်ခုကို ဆက်ပြောပြန်သည်။

"အမှန်က ဒီပညာဆိုးဟာ ကောင်းတော့မကောင်းပါဘူး။ ဒါကြောင့် ငါ့သားသမီးတွေ



www.burmeseclassic.com

www.burmeseclassic.com

ကိုအမွေမဆက်ခဲ့တာ၊ မကောင်းတဲ့အလုပ်မှန်သမျှကတော့ အတဲ့အလှည့်ဆိုတာရှိကြတာချည်းပါပဲ၊ ဒါကြောင့် ငါလဲ ဒီပညာဆိုး ဘစ်နေ့ကျကိုယ်ခံရမယ်ဆိုတာသိလို့ မမကြီးကလဲ ဒီပညာဆိုးကို စွန့်လွှတ်နိုင်းနေတာနဲ့၊ စွန့်လွှတ်တော့မယ်လို့ ဆုံးဖြတ်ပြီးမှ ရှောင်မရတဲ့ပြဿနာ တွေကပေါ်ပေါက်လာပြန်တယ်။ အဲဒီနောက် တစ်ခုပြီးတစ်ခုဆက်သွားရင်းက ဒီအဖြစ်ကို ရောက်ခဲ့ရတာ၊ ဒီအဖြစ်ဆိုးကြီးကို ရောက်နေပြီးမှတော့ နောက်ဆုတ်လို့မရတော့ဘူး။ ကျားမြီးကို ဆွဲမိသလိုဖြစ်နေပြီ၊ ဘယ်မှာလဲ ဆေးလုံးယူနိုင်းလိုက်တာ မရောက်သေးဘူးလား" ဟုဆိုကာ ဦးဝက်တောင်းကြီးသည် မျက်စိကို အားယူဖွင့်ပြီး ရှာကြည့်နေသည်။

သူ့မိန်းမက -

"သမီးငယ် သွားယူနေတယ်၊ ဟို - မှာ ပြေးလာနေပြီ" ဟု ဆိုသော်လည်းဦးဝက်တောင်းကြီးကား သမီးငယ်နှင့် ဆေးလုံးရောက်သည်အထိ မစောင့်ခဲ့တော့ပေ။ အခင်းဖြစ်ပွားသည့်နေရာနှင့် သူ၏တဲအိမ်ကြီးအကြားတွင်လည်း တစ်ဖာလုံမျှလှမ်းနေသဖြင့် သမီးလေးက ဆေးလုံးကိုယူပြီးပြေးလာသော်လည်း အသက်ကို မမီလိုက်တော့ဘဲ ဦးဝက်တောင်းကြီး၏ မျက်စိ၊ နားနှာခေါင်းများမှ သွေးများ အန်ကျလာပြီး ပါးစပ် ဟစေ့ ဟစေ့နှစ်ချက်သုံးချက်ဖြစ်လိုက်ပြီး ဦးဝက်တောင်းကြီး လုံးဝငြိမ်ကျသွားလေသည်။

မကောင်းမှုန်းသိ၍ နောက်ဆုတ်ရန် ဆုံးဖြတ်ခဲ့သော်လည်း ကျူးနေပြီးဖြစ်သော သူ၏လုပ်ရပ်၊ မကောင်းသောကံများက သူ့ကို ခွင့်မလွှတ်တော့ပေ။ သူ့ကံကို သူဖန်တီးသည့်အတိုင်းသာ ခံရသည်ဟုဆိုရပေတော့မည်။

× × ×

ဦးဝက်တောင်းကြီး သေဆုံးပြီးစကပင် ရွာပြင်၊ ရွာစၢ သင်္ချိုင်းကုန်းနှင့် ပတ်ဝန်းကျင်များတွင် ညကို မိုးမရွာ၊ လေမတိုက်ဘဲ တရှန်းရှန်းတအုံးအုံးနှင့် ပြေးသံ၊ လိုက်သံ၊ သတ်ပုတ်သံ၊ ကျူးဝါး အော်ညည်းသံ၊ ငိုယိုသံ စသည်များကို ရွာသားအချို့တို့ ကြားကြရသည်ဟုဆိုသည်။

ဦးပုလုနှင့် ဦးဝက်တောင်းကြီးတို့ သေဆုံးပြီးနောက် သရဲဖြစ်သွားကြသည်ဟုအတတ်မသိကြသဖြင့် သည်အဖြစ်ကိုလည်း နားမလည်နိုင်ကြပေ။ ဦးပုလုသရဲဖြစ်ပြီး ဦးဝက်တောင်းကြီးအား တံတားမှ တွန်းချကာ သတ်လိုက်သည့်အကြောင်းကိုလည်း ဦးဝက်တောင်းကြီး၏ မိသားစုများက လူကြားမကောင်း၍ လျှို့ဝှက်ထားကြသည်။

ထို့ကြောင့် အထက်က ဆိုခဲ့သည့် ဦးပုလုနှင့် ဦးဝက်တောင်းကြီး သရဲနှစ်ယောက်တို့၏ ဆူညံသတ်ပုတ်နေကြသည်ကို ကြားရသည့် ရွာသားများမှာ နားမလည်နိုင် ဖြစ်နေကြသည်။ အခင်းကလည်း ဖြစ်စ၊ ပူပူနွေးနွေးသာရှိသေး၍ အစဉ်းစားရကျပ်ကြီး နားမလည်နိုင်ဖြစ်နေကြသည်။

ထို့နောက် ဦးဝက်တောင်းကြီးက သူ့သမီးထံတွင် ဝင်ပူးပြီး သူ့အစ်မကြီးအား ဖြစ်ကြောင်းကုန်စင်ကို ပြောပြမှ တစ်ရွာလုံး သိသွားကြခြင်းဖြစ်သည်။ ထို့ကြောင့် ဆွေမျိုးများမှာလည်း ဦးဝက်တောင်းကြီးသည် သူလုပ်ခဲ့သော အဖြစ်ဆိုးအတိုင်း ယခုခံတားနေပြီဆို၍ စိတ်မချမ်းမသာဖြစ်ကာ ဦးဝက်တောင်းကြီးအား ရည်စူး၍ ချက်ချင်းအလှူလုပ်ပေးရန် စီမံကြလေသည်။ ယခင်က ဦးဝက်တောင်းကြီးသည် တစ်ဆွေတစ်မျိုးလုံးနှင့် မတည့်ခဲ့သော်လည်း ယခုအရေးကြုံသောအခါ သွေးနီးသွားကြရလေသည်။

ဦးစွာ ကျောင်းထိုင်ဆရာတော်ကို လျှောက်ထားကြသည်။ ဆရာတော်က "ဝက်တောင်းကြီးအပါအဝင် ယခုသူ့ကို ဒုက္ခပေးနေကြသည့် မိစ္ဆာများနှင့် သူမွေးထားခဲ့သော မိစ္ဆာအားလုံးကိုပါ ကျွတ်လွတ်သွားစေရန် စေတနာထားပြီးလုပ်ပေးလျှင် ပို၍သင့်၏။" ဟု ဆိုသဖြင့် သံဃာဆယ်ပါးကို သင်္ကန်းဒွိစုံကပ်ပြီး ဦးဝက်တောင်းကြီးအပါအဝင် သရဲအားလုံးကို အမျှအတန်းဝေလိုက်မှ ကျွတ်လွတ်သွားကြလေသည်။

ထိုနေ့မှစပြီး ပြေးသံ၊ လိုက်သံ၊ အော်ဟစ်သံ၊ ဆူညံသံများကိုလည်း လုံးဝ မကြားရတော့ပေ။

စာကြွင်း -

ဦးဝက်တောင်းကြီး၏ ဇာတ်လမ်းပြီးပြတ်ခဲ့ပြီဖြစ်သော်လည်း ဦးဝက်တောင်းကြီး၏ ပညာဆိုး၊ မကောင်းသော လုပ်ရပ်တစ်ခုကို ၁၉၇၆-ခုနှစ်၊ ဤစာရေးသူ ဗဟန်း၊ ကုက္ကိုင်းလမ်းဆုံ၊ တေဇိန္ဒာရာမကျောင်းတိုက်၊ တိုင်းရင်းသားပရဟိတဂေဟာတွင် ပညာသင်နေစဉ်က သိခဲ့ရသေးသည်။

ထိုအချိန်က ဦးဝက်တောင်းကြီး၏မြေးတစ်ဦးဖြစ်သူသည် တက္ကသိုလ်စာမေးပွဲဖြေဆိုရန်အတွက် ရန်ကုန်ကိုရောက်လာသည်။ ထိုအခါ မြေးဖြစ်သူသည် သူ့အဘိုးသေဆုံးသွားသည်မှာ ကြာခဲ့ပြီဖြစ်၍ သူ့အဘိုး၏ လျှို့ဝှက်ချက်လုပ်ရပ်တစ်ခုကို ဤစာရေးသူအား ပြောပြသည်မှာ သူ့အဘိုးသည် မကောင်းသောပညာနှင့် လူများအားလုံးလုပ်ပုံတစ်ခုမှာ အသားကို ကင်ထားသကဲ့သို့ ကိုယ်တွင် ဆံကာပေါက်ဖြစ်နေသော လူခြောက်ရုပ်ကလေး၏ မျက်စိပေါက်ကို စီရင်ထားသော တုတ်ကလေးနှင့် ထိုးလျှင်၊ လည်ပင်းဗိုလ်စသည့်အပေါက်ကလေးများကို ထိုးလျှင် ရည်စူးပြီး အလုပ်ခံရသူမှာ နာလွန်း၊ အေးလွန်းကိုက်လွန်း၍ မနေနိုင်မထိုင်နိုင်ဖြစ်ကာ အော်ဟစ်နေရသည်ဟုဆို၏။ ထိုတုတ်ကလေးကို မနုတ်ဘဲထားလျှင် ခံနေရသူမှာ အော်ဟစ်ရင်းက အသက်ပျောက်သွားသည်အထိ ဖြစ်ကြောင်း ပြောပြသွားသည်။

ဗကသိသာ

www.burmeseclassic.com

# ဘဝအဖော်စင်မယ့် လှတောတစ်ခွင် ဟာသများ

■ ဦးကောင်းထူး

## ကိုယ့်အထွာနဲ့ ကိုယ်ပဲပေါ့

တိမ်တောင်မိုးသားများ တလိပ်လိပ် တက်နေသော်ငြား မိုးက တစ်စက်ကလေးမျှပင် မရွာ။

တိမ်သားတို့ တဖြည်းဖြည်းဝေးပြီး လွင့်ပြယ်သွားသည်ကိုကြည့်ပြီး လူငယ်တစ်ယောက်က "ဟင်း"ချကာ

"တချို့တိုင်းပြည်တွေမှာများ ခုလို မိုးသားတက်ပြီး မိုးမရွာရင် မိုးသားပေါ်က ရေခဲတွေကြဲပြီး မိုးအတု ရွာပေးသတဲ့။ ကျုပ်တို့လည်း အဲသလိုလုပ်ရင် ကောင်းမယ်"

ဟု ဆိုသော် အဘိုးကြီး တစ်ယောက်က . . .

"ကိုယ့်အထွာနဲ့ကိုယ် တန်ရာတန်ရာပေါ့ ငါ့တူရယ်။ ဒေါင်းဥထဲ စာသူငယ်ဝင်ရင် ရင်ကွဲသလို စာဥထဲ ဒေါင်းဝင်ပြန်လည်း ဥကွဲသတဲ့။ အင်း . . . တစ်နေ့တော့ မင်းပြောသလို ဖြစ်ကောင်းပါရဲ့"

✖ ✖ ✖

## ပါးစုတ်ကောင် မီးနဲ့တို့တာထက်

ရွှေဘိုကားပေါ်၌ အမျိုးသမီးတစ်ယောက်သည် လှတောသားနှင့် ကပ်လျက်နေရာရခဲ့၏။

ကားထွက်လာ၍သာအခါ ကားဆောင့်၍ လူချင်းထိတိုင်း အမျိုးသမီးက တွန့်တွန့်သွားရလေ၏။

မကြာခဏဆိုတော့လည်း သည်းမခံနိုင်သည့်အဆုံး

"ဘယ့်နှယ်ကြောင့် ဒီလောက် တိုးနေရတာလဲ။ ယောက်ျားမဟုတ်တဲ့အတိုင်း အရိုးက ပျော့လိုက်တာ"

ဟု မြည်တွန်တောက်တီးလိုက်သည်။

✖ ✖ ✖

## ပုစဉ်းတောင် မြင်ဖူးရဲ့လား

လူငယ်တစ်စု ဆည်မြောင်းရေလာမလာ စောင့်ကြည့်ရင်း ဗဟုသုတချင်း ပြိုင်နေကြသည်။

"ဟေ့ . . . ဖော်ကာက မင်း ဂျက်ထက်ကောင်းတယ်"

"ရမ်းတုတ်လိုက်လေကွယ်။ ဂျက်က ပန်ကာမပါဘူးကွ။ အသံထက် မြန်တယ်။ နားလည်း မလည်ဘဲနဲ့"

"ဖော်ကာကလည်း ပန်ကာမလိုပါဘူးလေ"

"ဒီမယ်ဟေ့ . . . ငါ့ဖော်ကာက ထိုင်နေရင်းနဲ့ ခလုတ်နှိပ်လိုက် တီဗီကြည့်လို့ရတယ်။ ဗီဒီယိုဖွင့်လို့ရတယ်။ လက်ဖက်ရည်သောက်ဦးမလား . . . အားလုံးရတယ်ကွ"

"ငါ့ဂျက်လေယာဉ်က မင်းဖော်ကာထက်တောင် ရသေး။ တည့်တည့်ဆင်းမလား၊ ထောင်ပြီးတော့ပဲ တက်မလား ရတယ်။ မင်းဖော်ကာ ရမတဲ့လား"

"ဟေ့ . . . ငါ့ဖော်ကာက . . ."

မပြီးနိုင်၊ မစီးနိုင် ငြင်းနေကြသည့်အတွက် မလှမ်းမကမ်းမှ လူကြီးတစ်ယောက်က ဒိုင်လုပ်ပြီး ဆုံးဖြတ်ပေးလိုက်ရလေ၏။

"တော်ကြကွာ တန်ကြ။ ဂျက်တွေ၊ ဖော်ကာတွေ ကြီးကြီးကျယ်ကျယ် ငြင်းနေရအောင် မင်းတို့က ပုစဉ်းတောင် စုံအောင်မြင်ဖူးလို့လား . . . ဟင်"

✖ ✖ ✖

## နှိုင်းချက်ကတော့ စံတင်လောက်ပါတယ်

လှတောသူ မိခင်သည် မုံရွာရောက် သမီးဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

နေမကောင်းဖြစ်သည်ဆိုသဖြင့် အပြေးအလွှားရောက်သွား ခဲ့၏။

မုံရွာသို့ ရောက်လေသော် သမီးဖြစ်သူမှာ ဖြီးလို့ လိမ်းလို့ ရယ်ရယ်မောမော ထူထူထောင်ထောင် ဖြစ်နေရာ အမောပြေသွားရလေသည်။

"အမေဖြင့် ပူလိုက်ရတာ မီးပုံထဲကျသလား မှတ်ရ။ ခု ဘယ်လိုနေသေးလဲ"

ထိုအခါ သမီးက တိုးတိုးလေး ကပ်ပြောလိုက်၏။

စင်စစ်မူ သမီးတို့လင်မယား လက်ညှိုးညွှန်ရာ ရွှေဖြစ်နေသော်ငြား အိမ်ထောင်သက်ကိုးနှစ်အတွင်း သားသမီး မထွန်းကားခဲ့။

ဆရာပေါင်းစုံ၊ နည်းမျိုးစုံနှင့်ပြုပြီး ကုသပါသော်ငြား ကိုယ်ဝန်ရခါစမှာတင် ပျက်ကျရပြန်သည်တဲ့။

"သားသမီးလိုချင်လို့ရူးနေတဲ့ ညည်းတို့ လင်မယား ကျမှ ကလေးပျက်ရတယ်လို့အေ။ ကာကဝလ္လိယအိမ် သူနိုးနိုးတယ်ဆိုတာကမှ တော်ဦးမယ်"

ကာကဝလ္လိယဟူသည် ဆင်းရဲသည့်ဘဝ၊ အဝတ် တစ်ထည်တည်း နှစ်ယောက်ခွဲဝတ်ရသကဲ့သို့ နာမည် တောင်မှ တစ်နာမည်တည်း ဝေယူထားရသဖြင့် မယား ကာက၊ လင်ကာက ဟူ၍ နာမည်ကြီးခဲ့ပေ၏။

သူ့သမီး ကလေးဆင်းရဲသည့်အဖြစ်ကို ကာက မောင်နှံနှင့် နှိုင်းချက်ကမူ စံတင်လောက်သည်ဟု ဆိုရပေ မည်တကား။

* * *

## ဝေသာလီ ဘီလူးဓာတ်

ရွှေဘိုတွင် နှစ်ဆိုင်ကျင်းပမြဲဖြစ်သည့် မြို့တော်စေတီ ဘုရားပွဲတွင် ဖြစ်၏။

လူတော်သားတို့သည် ပွဲခင်းထဲလည်နေရာမှ မြို့ခံ မိတ်ဆွေနှင့်တွေ့ပြီး ထိုမြို့ခံမိတ်ဆွေက ထမင်းကျွေးပါရ စေဆိုကာ မြန်မာထမင်းဆိုင်တစ်ဆိုင်သို့ ခေါ်သွားလေ၏။

"ကြက်သား၊ ဝက်သား၊ ငါး၊ အမဲ၊ ဆိတ်၊ ဘဲ ... ဟင်းတစ်မျိုး နှစ်ခွက်စီထည့်ပါ"

သို့ဖြင့် တစ်အောင့်လေးအတွင်း စားပွဲပေါ် ဟင်း ပန်းကန်တွေ ပြည့်သွားရာက အရင်းနှီးဆုံး လူတော်သားက "ဟလိုလေး ... လူရယ်၊ ထမင်းကျွေးဖို့ ခေါ်လာ တယ်မှတ်ပါ။ တို့ကို ဝေသာလီပြည်က ဘီလူးဓာတ် သွင်းနေပါကလားကွယ်"

* * *

## လက်မှတ်ကလေး ထိုးတာများ

သက်ဆိုင်ရာမှ လူတော်သား လယ်သမားများကို စိုက်ပျိုးစရိတ် ထုတ်ပေးနေချိန်ဖြစ်၏။

ငွေယူမည့်သူက ရရှိကြောင်းလက်မှတ် ထိုးရ၏။

တချို့က လက်မှတ်ထိုးရာတွင် ဖြောင့်လို့ချောလို့။

တချို့ကျပြန်တော့ အထစ်ထစ်အငေါ့ငေါ့။

ဤတွင် ဘေးမှလူတစ်ယောက်က လက်မှတ်ထိုးရာ မှာ တွန့်နေသူကို ပြောလိုက်သည်။

"ဒီနားဟာ ထိုးကွ။ ဟလိုလေး မောင်ရာ၊ လက်မှတ် ကလေး တစ်ချက်ထိုးမှာများ စစ်ကိုင်းတံတားကြီး ပန္နက် ရိုက်တာကျနေတာပဲ"

* * *

## လူတော်သားနှင့် လင်မယား

လူတော်ရွာ၌ ကိုထွေးနှင့် မဂျမ်းတောဆိုသည့် လင်မယားနှစ်ယောက် ရှိ၏။ ကိုထွေးသည် နာမည်နှင့် လိုက်အောင် မထုံတတ်သေး အေးအေးဆေးဆေး နေ တတ်ပြီး မယားဖြစ်သူ မဂျမ်းတောမှာမူ လင်သားအပေါ် တွင် အတော်ကလေးနိုင်စားသူ ဖြစ်လေသည်။

မဂျမ်းတောသည် ကိုထွေး ဘာလုပ်လုပ် ဘဝင် မကျဘဲ အမြဲလို ဗျစ်တောက်ဗျစ်တောက်နှင့် အော်ဟစ်ဆူပူ ကာ ဒေါသလည်း ထွက်လေ့ရှိသည်။ မယားဖြစ်သူ ဘယ် သို့ပင် ဒေါပွနေစေကာမူ ကိုထွေးကတော့ ဘာမှမဖြစ်သလို အေးတိအေးစက်။ သည်လင်မယား၏ အနေအထားကို စကားဝိုင်းတစ်ခု၌ လူတော်ရွာ ကာလသားတစ်ယောက်က အောက်ပါအတိုင်း ဖော်ကျူးပါလေတော့၏။

"မဂျမ်းတောကတော့ကွာ ... လျှာမှာ မော်တော် တပ်ထားသလို တစ်ခဏလေးမှကို နားတယ်မရှိဘူး။ ကိုထွေး လိုက်မောင်းလိုက်တာကလည်း ဓာတ်ပွဲထဲက အာဠာဝက ဘီလူးအတိုင်းပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com

"အောင်မာ ... တို့လူကိုထွေးကျ ပြန်တော့လည်း အိပ်ဆေးသောက်ထားတဲ့ ရမည်းသင်းမြို့စား သီလဝ မင်းသားအတိုင်းပါပဲကွယ်ရို့"

× × ×

## လှုတောသားနှင့် ကူဘိုတာ

တစ်နေ့သ၌ အထွေထွေရောဂါကု ဆေးခန်းတစ်ခုသို့ လူနာတစ်ဦး ရောက်ရှိခဲ့လေသည်။ ထိုလူနာမှာ စကားအလင်္ကာ ကြွယ်လှုပါသည့်ဆိုသော လှုတောရွာမှ ရွာသားကြီးဖြစ်ပြီး အသက်အားဖြင့် ၆ဝ နီးပါး ရှိလေသည်။ ဆရာဝန်လည်း လှုတောရွာသားကြီးအား နားကျပ်ဖြင့် ထောက်လျက် ကျောဘက်၊ ရင်ဘက်တို့ကို စစ်ဆေးစမ်းသပ်လျက်ရှိ၏။ ပြီးလေသော် ...

ဆရာဝန် ။ ။ ညညကော ကောင်းကောင်း အိပ်ပျော်ရဲ့လား။

လူနာ ။ ။ ဘယ့်နှယ်ပြောလိုက်တာလဲ ဆရာရယ်။ ဆေးသောက်ပြီး အိပ်တာတောင် အိပ်လို့ကို မပျော်နိုင်ဘူး။ အဲဒါကြောင့် ဆရာဆေးပေးရင်လေ အိပ်ဆေးကောင်းကောင်း ထည့်ပေးပါနော်။

ဆရာဝန် ။ ။ စိတ်ချ .. ထည့်ပေးလိုက်ပါမယ်။ ဒါထက် ရင်တွေဘာတွေကော မခုန်ဘူးလား။

လူနာ ။ ။ ဟာ ... ဘာပြောကောင်းမှာတဲ့လဲ။ ရင်ခုန်ချက်ကတော့ ဆရာရယ်။ ရင်ဘတ်ထဲကို ကူဘိုတာစက်ကြီး ထည့်ပြီးနှိုးထားတဲ့အတိုင်းပဲ။

× × ×

## လှုတောသားနှင့် လုံမင်းသား

လှုတောရွာ၌ ဖွင့်လှစ်ထားသော ဆေးခန်းတစ်ခုအကြောင်း ဖြစ်၏။ ဆရာဝန်သည် ဆေးခန်းလာ လူနာများအား စမ်း သပ်စစ်ဆေးပြီးသကာလ စားဆေး၊ သောက်ဆေးနှင့် လုံလောက်သော လူနာဆိုလျှင် စားဆေး၊ သောက်ဆေးသာပေးလေ့ရှိပြီး ဆေးထိုးမပေးချေ။ လိုအပ်မှသာ ဆေးထိုးအပ်ကိုကိုင်ပြီး ဆေးထိုးပေးလေ့ရှိ၏။ ဆေးထိုးရာတွင်လည်း အပ်ကို အသားတွင် ဖိကပ်၍မထိုးဘဲ တင်သားအား ဘယ်လက်ဖဝါးဖြင့် တဖျပ်ဖျပ်ရိုက်ပြီး အပ်ကို ညာဘက်ဖြင့် ဆတ်ခနဲ ပေါက်ထည့်၍ ထိုးပေးလေ့ရှိလေသည်။

ထိုသို့ အပ်ကိုပေါက်၍ ဆေးထိုးလေ့ရှိခြင်းအပေါ် မျက်စိရည်ဝနေသော လှုတောသားလူနာက တစ်နေ့သ၌ စကားဝိုင်းတစ်ခုတွင် ဆရာဝန်၏ ဆေးထိုးမှုစွမ်းရည်ကို အောက်ပါအတိုင်း ပြောပါလေတော့၏။

"တို့ဆရာဝန် ဆေးထိုးတာများ တယ်လည်း ထူးဆန်းသကွယ်။ လုံမင်းသားစံတင် လုံနဲ့ပစ်ပေါက်တဲ့အတိုင်းပဲ" ... တဲ့။

× × ×

## လှုတောသားနှင့် မုန့်တီဗန်း

လှုတောရွာ၌ ရွာသူရွာသားအပေါင်း ကျန်းမာရေး ကူညီစောင့်ရှောက်ရန်အတွက် သက်ဆိုင်ရာမှ 'သမဝါယမ ဆေးကုခန်း'ကို ဖွင့်လှစ်ပေးခဲ့၏။ ဖွင့်ပွဲအခမ်းအနားတွင် သက်ဆိုက်ရာမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများ စုံညီစွာ ရောက်ရှိလာကြလေရာ ဌာနဆိုင်ရာ အကြီးအကဲတစ်ဦးက လှုတောသားတစ်ဦးအား ရင်းရင်းနှီးနှီးစကားဆို မေးမြန်းပါလေတော့သည်။

လူကြီး ။ ။ မောင်ရင်တို့ကျေးရွာမှာ မြွေဆိုးတွေ တော်တော်ပေါသလား။

လှုတောသား ။ ။ မြွေဆိုးတွေ ပေါချက်ကတော့ ပြောမပြောချင်ပါဘူး ဆရာကြီးရယ်။ ထင်သာမြင်သာအောင် ဥပမာပြောရမယ်ဆိုရင် မုန့်တီဗန်းကြီးမှောက်ကျလို့ ပြုတ်ကျသွားရတဲ့ မုန့်တီတွေထက်တောင် များပါလိမ့်ဦးမယ်"

× × ×

## ပြောင်းသွားတဲ့လေ

ဝက်လက်သို့သွားမည့် ခရီးသည်တစ်ဦးက ဘေးချင်းကပ်စီးလာသော လှုတောသားတစ်ယောက်ကို စုံစမ်းရေး လုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

''ဒီရာသီမှာ ဒီရွာတွေမှာ ဘာပေါ်သလဲဗျ''

''ခရမ်းချဉ်သီး အပေါ်ဆုံးပါ။ ဒီရာသီမှာ အစည်းအဝေးတွေလည်း ပေါ်ပါတယ်။ တခြားဟာတော့ မပေါ်ဘူး။ မပေါ်ပုံကတော့ လေတောင် ဝအောင်ရှူဖို့ မလွယ်ဘူး''

ခရီးသည်သည် လုတောသား ဆိုသည်ကို ကြားဖူးသော်လည်း သူ့ဘေးက ခရီးသည်ကိုမူ လုတောသားမှန်း မရိပ်မိပေ။

ထို့ကြောင့် တအံ့တသြဖြစ်ရှာ ...

''ဟင် ... ဘယ်လိုဖြစ်လို့လဲ''ဟု မေးလေသော်

''ရှိသမျှလေတွေအားလုံး လုတောကို ရောက်ကုန်လို့ပေါ့ဗျာ''ဟု ဖြေကြားသံကို ကြားရလေသတည်း။

× × ×

## ပိဋကတ်သုံးပုံ ပြန်တွေ့ပြီ

မန္တလေး–ရွှေဘို ပြေးဆွဲလျက်ရှိသော ကားကြီးတစ်စီးပေါ်သို့ လုတောသားတစ်ယောက် တက်လာပါ၏။

သူသည် ယာဉ်စီးခပေးပြီး ဒရိုင်ဘာကျောဘက် နံရံမှာ ရေးထားတဲ့စာကို အသံထွက်ပြီး ဖတ်နေလေ၏။

''ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ၊ ပူဇေမိ။

ထသွားပြန်ကြည့်၊ ကျန်ရှိပစ္စည်း တာဝန်မယူ။

တွေ့ကြုံခဏ မြင်ကြရ၊ မာနထောင်မှု သတိပြု''

ထို့နောက် ကားအိမ်ဘေး နှစ်ဖက်မှ စာတွေကို ဆက်ဖတ်ပြန်သည်။

''ခေါင်းငုံ့ဆင်း၊

အလစ်သမား သတိထား၊

ခရီးသည်ချင်း ကိုယ်ချင်းစာ၊

ဆေးလိပ်မသောက်ရ၊

လက်မထုတ်ရ၊ ခေါင်းမပြုရ။

ကွမ်းတံတွေး မထွေးရ''

စာလုံးအားလုံး ကုန်သွားသည့်အခါ လုတောသားသည် အောက်ပါအတိုင်း မှတ်ချက်ချလိုက်လေသတည်း။

''ဟလိုလေးကွယ် ... တို့ရွာကျောင်းက ပိဋကတ်သုံးပုံ ပျောက်သွားတာ ဒီကားပေါ် ပြန်တွေ့နေပါကလား''

× × ×

## သောက်ရေခွက် ဖြစ်ရတာတောင်

ပွဲတော်တွင်း ဖုန်ထူသည့်အပြင် နေကလည်း ပူသည်။ ထို့ကြောင့် ချွေးတဒီးဒီးနဲ့ ရေငတ်နေကြရသည်။

ဤတွင် ပွဲတော်လာ လုတောသား လူငယ်တစ်စုသည်လည်း ကုန်းတော်ပေါ်တက်ကာ ရေရှာကြလေ၏။

ထိုအခါ ရေအိုးတွေ စီတန်းထားတဲ့ ရေချမ်းစင်များကို တွေ့ပါ၏။ ဤမျှ ရေခွက်တိုင်းမှာ သံကြိုးတန်းလန်းလေးတွေ အချည်ခံထားရသော သောက်ရေခွက်ကလေးများကိုလည်း တွေ့ရချေသည်။ ဤသို့ဖြစ်ရခြင်းမှာ ...

လက်ဆော့သူများနှင့် တစ်ကိုယ်ကောင်းသမားများ၏ရန်ကို ကာကွယ်ထားခြင်းပင်။

သို့ရာတွင် လုတောသားတွေအဖို့တော့ အမြင်မတော်။ သို့ဖြစ်၍ အချင်းချင်း ပြောဆိုလိုက်သည်ကား

''ဟလိုလေး ... ဖြစ်မှဖြစ်ရလေကွယ်။ သောက်ရေခွက်ဖြစ်တာတောင် သံကြိုးတန်းလန်းနဲ့ လက်ထိတ်ခတ်ခံရလေနော်။ သနားစရာ ရုံးထုတ်လာတဲ့ တရားခံလားမှတ်ရ'' ... တဲ့။

× × ×

## ပူလိုက်ပုံများ အား ...ပါး ...ပါး

မလွဲသာ မရှောင်သာ အမှုကိစ္စဖြင့် တရားရုံးရောက်ခဲ့ရသော လုတောသားကြီးတစ်ယောက်သည် ကြားထဲက နှစ်ဖက်သက်သေဖြစ်နေသဖြင့် စိတ်ညစ်၍နေလေ၏။

ရွာပြန်ရောက်သော် သူ့ခံစားချက်ကို ရင်ဖွင့်ပြပုံကား ဤသို့တည်း။

''တရားလိုက ဆွေမျိုးသားချင်းလိုနေတဲ့ လူတွေကွ။ တစ်ဖက်မှာလည်း တူတွေ။ ငါက နှစ်ဖက်ကြား သက်သေလိုက်ရတာ မ ်က်နှာပူပုံကတော့ ဟလိုလေး ... ပလတ်စတစ်ခွက် ရေနွေးပူပူအပြည့်ထည့်ထားတာတောင် ငါ့လောက်ပူမှာမ ်တ်ပါဘူး။ အား ... ပါး ... ပါး''

■ ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဘာသာဝင်တို့ လောကတွင်းက ဆန်းပြားထွေလာများ

■ ခိုင်ခင်အင်ကြင်း

အရင်ခေါင်းစဉ်နဲ့ အခုပြောင်းရေးထားတဲ့ခေါင်းစဉ် အဓိပ္ပာယ်အတူတူပဲ ဖြစ်ပါတယ်။ အခုဆက်လက်ဖော်ပြမယ့် အကြောင်းက ရေးအလွန်ကျချိန်ကပေါ့။ ဂျပန်ပြည်ကျွန်းလေး ကျွန်းအနက် တောင်ပိုင်းဒုတိယကျွန်း (Kagawa Ken) ကာဂဝကဲင်၊ (Takamatsu) တာကာမာဆူမြို့အနီး (Sakada) စကာဒဂိုး (Go = ရွာ) မှာ အာယာနိုဥချိ (Ayanouchi)စံ ဆိုသူ သူဌေးတစ်ဦးရှိခဲ့ပါတယ်။

သူဌေးရဲ့အိမ်ဘေးမှာ အားကိုးစရာ ယောက်ျားလည်း မရှိ၊ ကလေးလည်းမရှိနဲ့ တစ်နေ့တခြား စားရေးသောက်ရေး ဒုက္ခအကြီးအကျယ်ရောက်နေပြီး အလွန်အမင်း အသက်ကြီးနေတဲ့ အဘွားအိုကြီးနှစ်ဦး နေထိုင်ပါတယ်။

အဘွားအိုကြီးနှစ်ယောက်ဟာ ထမင်းစားချိန်တိုင်း အာယာအိုချိ သူဌေးအိမ်ကို ရောက်လာတာနဲ့ မတတ်သာဘဲ ထမင်းကျွေးနေရတာပေါ့။

သူဌေးအိမ်က အလုပ်သမား၊ ထမင်းချက်၊ အိမ်ခြံစောင့် စသူတွေထဲက တစ်ယောက်ဟာ မကျေမနပ်ဖြစ်သလို သူဌေးကလည်း သဘောမကျဘူး။

တစ်နေ့မဟုတ် နေ့စဉ်ဆိုတော့ ထမင်းချက်ချိန်ကို ညသန်းခေါင်မှ ချက်စားရင်လည်း ရောက်လာတာချည်းဖြစ်လို့ အချိန်အမျိုးမျိုးပြောင်းချက်စားပေမယ့် ရောက်လာတာပဲဆိုတော့ တခြားလူတွေကပါ သဘောမကျဖြစ်လာပါရော။

ဒါပေမယ့်・・・ သူဌေးကတော်တစ်ယောက်သော စေတနာမပျက်ဘဲ အမိကအိမ်ရှင်သူဌေးကို -

“အစားအသောက် ဒုက္ခရောက်နေသူတွေကိုကျွေးရင် ကုသိုလ်ရပါတယ်ရှင်”လို့ ပြောတဲ့အခါ・・・

“ရှင်မ ကျွေးချင်ရင် ကိုယ်စားမယ့်ထဲက တစ်ဝက် လျှော့စားကျွေးလေ”

“ဒါဆိုရင်လည်း ကျွန်မ တစ်ဝက်လျှော့စားပြီး ကျွေးမယ်”ဆိုတဲ့ အသိဖြစ်တာကြောင့်・・・

“အင်း・・・・တကယ်တော့ မြတ်စွာဘုရားတောင် နှစ်ဥ၁ဝက အစာငတ်နေတဲ့ ကျားကို ကိုယ်ခန္ဓာနဲ့ စားဖို့ အစားခံသလို ပါရမီဖြည့်နိုင်ရင်တော့ အကောင်းဆုံးပါပဲ”လို့ သူဌေးကတော်ကို အလိုလိုက်လက်လျှော့စကား ပြောရတယ်။

ဒီလိုနဲ့ အိမ်ရှင်သူဌေးရဲ့ လက်အောက်မှာ အတူနေလူတစ်ယောက်ဟာ ပင်လယ်ဘက်ထွက်ပြီး ငါးများလေ့ရှိတတ်တော့ တစ်နေ့မှာ ငါးမျှားကြိုးကို ခရုကြီးဆယ်ကောင်တွယ်ပါလာတာ အံ့ဩစွာ တွေ့ရပါတယ်။ ငါးမျှားကြိုးတွေက အဲဒီတုန်းက အခုလို သေးသေးမျှင်မျှင်လေးတွေ မဟုတ်ဘဲ တုတ်တုတ်ကြီးတွေတဲ့။

အဲဒီအကြောင်း သူဌေးသိတော့・・・

“ခရုကြီးတွေကို ရောင်းပါ”

“မရောင်းပါဘူး”

“ရောင်းပါ” နဲ့ နောက်ဆုံး ဆန်ဆယ်ခွက်နဲ့ ရောင်းမယ်လို့ ဈေးကြီးကြီးဆိုလိုက်ပါတယ်။

ဆန်ခြင်ခွက်ဟာ သံမရိုက်ဘဲ သစ်သားနဲ့ချည်း လုပ်ထားတဲ့ လေးထောင့်ကွက်ကလေးတွေဖြစ်ပြီး တစ်ခွက်ကို နို့ဆီဘူးနှစ်လုံးနဲ့ တစ်ဝက်လောက်ရှိ၍ အဲဒီခေတ်မှာ ဆန်တောင် မစားနိုင်ကြဘဲ ငှက်စာမြက်သီးမျိုးကို ပြုတ်စားရ

www.burmeseclassic.com

အလွန်များတဲ့ခေတ်လည်း ဖြစ်နေတယ်လို့ ကြားဖူးသလိုဆိုရင် အတော်ကို ဈေးကြီးတာ ဖြစ်မယ်နော်။ သူဌေးလည်း ဆန်ဆယ်ခွက်နဲ့ ပေးဝယ်လိုက်ပြီး ဘာလုပ်ရသလဲဆိုရင် ခရုကြီးတွေအတွက် ဘုန်းကြီးပင့်၊ လှူဒါန်း၊ ဆုတောင်းပွဲလုပ်ပေးကာ ပင်လယ်မှာ ပြန်လွှတ်ပေးလိုက်တယ်လေ။

တစ်နေ့ သူဌေးနဲ့ လက်အောက်လူတွေ တောထဲ သစ်ခုတ်ထွက်သွားကြပါတယ်။ တောထဲမှာ သစ်ပင်တစ်ပင် သေနေတာမသိဘဲ သူဌေးကိုယ်တိုင် တက်ခုတ်မိတာကြောင့် ရုတ်တရက်သစ်ကိုင်းကျိုးကျလို့ သေသွားပါတယ်။

သူဌေးသေသေချင်း (Shugen Sha) ရှူးဂဲင်းရှ တစ်ယောက် (ရှူးဂဲင်းရှ ဆိုတာ တောင်ဒေးကိုင် ဝတ်ဖြူစင်ကြယ်ဝတ်၊ နဖူးစည်းနဲ့ မြက်ဖိနပ်စည်းပြီး ကျောမှာ သစ်သားဘူးလွယ်ကာ တစ်တောဝင် တစ်တောင်တက် ပုတီးစိပ်ရင်း သမထတန်ခိုးရချင်လို့ ခရီးသွားနေသူ) သူဌေးအိမ်ကို ရောက်လာလျက် သူဌေးဝင်ပူးကာပြောသလိုလို "သူတော့ သေသွားပြီ။ အလောင်းကို မြေမမြှုပ်မီ မီးမရှို့ဘဲ ခုနစ်ရက်ထားပေးပါ"လို့ ပြောပြီး ပြန်သွားပါတယ်။

သူဌေးကတော်လည်း သူဌေးအလောင်းကို ရှူးဂဲင်းရှ ပြောခဲ့သလို ခုနစ်ရက်ထားပေးပါတယ်။ ခုနစ်ရက်စေ့အပြီးမှာ သူဌေးအသက်ပြန်ရှင်လာကာ ပြောပြသမျှ စကားတွေက

"ကျွန်တော်သစ်ပင်ပေါ်ကျအပြီးမှာ ဘုန်းကြီးငါးပါးနဲ့ လူငါးယောက် လာခေါ်သွားပါတယ်။ သွားရင်းသွားရင်း လမ်းကျယ်ကြီး လမ်းဘေးတစ်ဖက်တစ်ချက် ဗုဒ္ဓသာသနာ့အလံတွေ တန်းစီးစိုက်ထားရာ လမ်းအတိုင်း လိုက်သွားရာက လမ်းအဆုံးထိပ်က ရွှေရောင်တဝင်းဝင်းနဲ့ ဗိမာန်တစ်ခုကို တွေ့ရပါတယ်။ ဒါဘာလဲလို့ မေးတော့ ဘုန်းကြီးတစ်ပါးက အဲဒီဗိမာန်ဟာ အသင့်ရဲ့အိမ်ရှင်မ ကွယ်လွန်ရင် နေဖို့အတွက် အဆင်သင့်ပေါ်နေတာပဲ။ ဒါဟာ အသင့်အိမ်ရှင်မက အစားအသောက်ဒုက္ခရောက်နေသူ အဘွားအိုကြီးတွေကို စေတနာထားလို့ အစားအသောက် မပြတ်ကျွေးမွေးတဲ့အတွက် ကုသိုလ်အကျိုးရတာ ဖြစ်ပါတယ်လို့ ပြောပြပြီးနောက် ကျုပ်တို့ ဘုန်းကြီးငါးပါးနဲ့ လူငါးယောက်ကိုကောသိသလားလို့ မေးရင် ကျွန်တော်က မသိလို့ မသိပါဘူးဆိုကာ ဖြေတာနဲ့ ကျုပ်တို့ဟာ အသင်အသက်ကယ် ဆုတောင်းပတ္ထနာပွဲ ပြုလုပ်ပေးလိုက်တဲ့ ခရုကြီးတွေပါပဲလို့ ရှင်းပြပါတယ်"

"ရွှေရောင်ဗိမာန်အဝင် ရှေ့နားမှာ ချိုတစ်ချောင်းစီနဲ့ ဘီလူးနှစ်ကောင်ကတော့ ကျွန်တော့်အား ဒေါသတကြီး လည်ပင်းကို တကဲကဲဖြတ်မယ် လုပ်နေကြတာကြောင့် ဘုန်းကြီးတွေက တားမြစ်ပေးပါတယ်"

"အဲဒီနားတစ်ဖက်တစ်ချက် တစ်ဒိုက်မှာ အနံ့တထောင်းထောင်း မွှေးမွှေးကြိုင်ကြိုင် အစားအသောက်တွေကို လူအများ စားသောက်နေတာ မြင်နေရပြီး ကျွန်တော်ကတော့ မစားရဘဲ ခုနစ်ရက်လုံး ဒီအတိုင်းကြည့်နေရပါတယ်။ ဆာလောင်မွတ်သိပ်လွန်းအားကြီးတာကြောင့် ပါးစပ်က မီးတောက်တွေတောင် ထွက်လာလောက်အောင် ဖြစ်နေတော့ ဘုန်းကြီးတွေက ခင်ဗျားဟာ ဟိုအဘွားအိုကြီးတွေကို မုန်းတယ်မဟုတ်လား။ မုန်းပြီး အစားအစာ မကျွေးချင်ခဲ့လို့ ဒီလိုဖြစ်ရတာပဲ ဆိုကာ ဆုံးမပြီး လာလမ်းအတိုင်း ပြန်ခေါ်လာတယ်။ ဒါကြောင့် ကျွန်တော်အသက်ရှင်လာတာပဲ"လို့ စုံစုံလင်လင်ပြောပြတာကြားရတော့ သူဌေးကတော်လည်း သူဌေးအသက်ရှင်လာတာကို အလွန်ဝမ်းသာနေပါတယ်။

သိမ်မှတ်တမ်းတင်သူ သင်ခန်းစာယူတာက အစားအသောက်လှူရင် ကုသိုလ်ရပါတယ်။ အဲဒီကုသိုလ်ဟာ မရှေ့မတွက်နိုင်ပါဘူး။ မလှူရင် ဒုက္ခခံရမယ်။ အသက်ကယ်တဲ့ ကုသိုလ်ကလည်း အသက်ရှည်စေနိုင်ပါတယ်လို့ ယုံကြည်ကြောင်းပါပဲ။

မြန်မာပြည်မှာလည်း ဒီအတိုင်းကြုံကြတာတွေ ကြားဖူး ဖတ်ဖူးတာနဲ့ တူလိုက်တာနော်။ ဗုဒ္ဓဘာသာဝင်တွေပဲဖြစ်လို့ မဟုတ်ပါလား။ ဒါပေမယ့် ဒီလိုအဖြစ်အပျက်မှန်တွေကို ကိုယ်တိုင်မမြင်ရရင် မယုံဘူးဆိုပြီး ယူဆလာကြသူ များပြားလာသဖြင့် မလေ့လာမဖတ်ရှုကြတော့ဘဲ ဖြစ်နေတယ်နဲ့ တူပါတယ်။ အမှန်ကတော့ မိမိကိုယ်တိုင် ဘာမှမလုပ်ဘဲ ဘာမှမကြုံနိုင်။ ကုသိုလ်၊ အကုသိုလ်အကျိုးဆက် အချိန်ကျရောက်မှ လိုသေးတုံး။ သတိမမူဖြစ်နေတဲ့ မောဟဖြစ်နေခြင်းကြောင့် ခက်တယ်သို့ ထင်မိပါတယ်။

အစဉ်မှန်မြတ်သော မေတ္တာရည်လျက် . . .

ခိုင်ခင်အကြိုင်း



www.burmeseclassic.com

www.burmeseclassic.com

# ကျရာတာဝန် ကျေချင်ပါသည်

ဗိုလ်ချုပ်မြေ–တင်တင်ဝင်း

ကျရာတာဝန်ကျေချင်ပါသည်ဟု ခေါင်းစဉ်တပ်ထားသဖြင့် "မည်သူက မည်သူ့အပေါ်မှာ တာဝန်ကျစေချင်တာလဲ" ဟု မေးစရာရှိပါသည်။ ဖြေပါမည်။ လူတိုင်း လူတိုင်း မိမိ ထမ်းဆောင်သင့်သည့် တာဝန်ကို သွေးသားတော်စပ်သည် ဖြစ်စေ၊ တာဝန်ပေးအပ်ခြင်းခံရသည်ဖြစ်စေ၊ တာဝန်ပေးခြင်း မခံရသည်ဖြစ်စေ တာဝန်ကို ကျေပွန်အောင် ထမ်းရွက်ဖို့ လိုအပ်ပါသည်ဟု ဖြေပါမည်။

ကျေးဇူးတော်ရှင် မြတ်စွာဘုရားရှင်က လူ့လောကတွင် အသက်ရှင်နေသမျှ ကာလပတ်လုံး နေတတ်၊ ထိုင်တတ်၊ ပြောဆိုဆက်ဆံတတ်ဖို့နှင့် ကျရာတာဝန်ကို သိတတ်နားလည်စွာ၊ တစ်နည်းအားဖြင့် ကျေပွန်အောင် ထမ်းရွက်နိုင်ကြစေဖို့ ၃၈ ဖြာ မင်္ဂလာတရားတော်တွင် ပြည့်စုံစွာ လမ်းညွှန်ဟောကြားထားခဲ့သည်။

သိင်္ဂါလောဝါဒသုတ်၌လည်း ဆုံးမဟောကြားခဲ့သည့် မြတ်စွာဘုရား၏ တပည့်သား သံဃာတော်အရှင်မြတ်ကြီးများကလည်း သားရွှေဥဆုံးမစာ၊ သားရွှေခဲဆုံးမစာ၊ ပုတ္တောဝါဒ ဆုံးမစာများဖြင့်လည်း လောကလူသားတို့အကျိုးငှာ ရေးသားဆုံးမထားခဲ့သည်တို့ကို စာဖတ်ပရိသတ်များ သိပြီးဖြစ်ပါလိမ့်မည်။

ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က တာဝန်ကို ဝတ္တရားနှင့် တွဲပြထားပြီး မိဘဝတ္တရား၊ သားသမီးဝတ္တရား၊ ဆရာဝတ္တရား၊ သင်သားဝတ္တရားနှင့် ဇနီးသားမယားဝတ္တရားတို့ကို နောင်လာနောင်သားတို့ ဆောင်ထားချင်စဖွယ်၊ မှတ်သားထားချင်စဖွယ် အဖြစ် "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမှုမှုဝေ၍ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ" ဟူ၍ မိဘအပေါ်မှာ သားသမီးတို့က ပြုကျင့်ရမည့် ဝတ္တရားတို့ကို တစ်သက်တာမှတ်သားစဖွယ် ရေးသားထားခဲ့၏။

ထို့ပြင် ဆရာသမားတို့အပေါ်မှာ တပည့်များက ဆောင်ရွက်ရမည့် ဝတ္တရားများကိုလည်း "ညီညာထကြွ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ" ဟူ၍ ဆုံးမထားခဲ့ပြန်သည်။

သည်မျှမကသေး။ လူမှုရေးနယ်ပယ်မှာလည်း မိမိတို့နှင့် နီးနွယ်ရာ ပတ်ဝန်းကျင်များနှင့် မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းများအပေါ်မှာလည်း ဖေးမစရာ၊ ကူညီစရာ၊ အားပေးနှစ်သိမ့်ဖွယ်ရာ ကိစ္စများ ပေါ်ပေါက်လာပါကလည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီဆောင်ရွက်ပေးကြမှ အစစအရာရာ အဆင်ပြေချောမွေ့ပြီး လောကကြီးတစ်ခုလုံး လှပသွားမည်ဖြစ်သည်။

အိမ်တစ်အိမ်အတွင်းမှာပင် မိခင်၊ ဖခင်နှင့် သားသမီးဟူ၍ ရှိကြရာတွင်လည်း မိခင်ကလည်း တာဝန်ကျေသော မိခင်၊ တာဝန်ကျေသော ဇနီးဖြစ်ဖို့ လိုအပ်သလို ဖခင်ဘက်ကလည်း တာဝန်ကျေသော ဖခင်၊ တာဝန်ကျေသော ခင်ပွန်းဖြစ်ဖို့ လိုအပ်သည်။ သားကလည်း တာဝန်ကျေသောသား၊ သမီးကလည်း တာဝန်ကျေသောသမီး ဖြစ်ဖို့ လိုအပ်သဖြင့် အသီးသီးတို့က ဆိုင်ရာတာဝန်ကျေပွန်ကြလျှင် ၎င်းအိမ်သည် သီရိဂေဟာတစ်ခု ဖြစ်သွားနိုင်ပါသည်။

မကြာခဏဆိုသလို ဖခင်ဘက်က တာဝန်မကျေပွန်သဖြင့် မှီခိုနေသူ မိသားစုဖြစ်သည့် ဇနီးနှင့် သားသမီးများပါ



www.burmeseclassic.com

www.burmeseclassic.com

လောကအလယ် မျက်နှာငယ်ကြရပြီး ဆင်းရဲတွင်းနင်စွာ နေရသည်ကို တွေ့ရသည်။ အချို့မိသားစုများတွင် မိခင်ဘက်မှ တာဝန်မကျေပွန်ဘဲ "မိန်းမကောင်းပန်းပန် တစ်ပွင့်တန်" ဆိုသည်နှင့် ညီအောင်မနေကြသဖြင့် လင်သားရော၊ သားသမီးများပါ လောကအလယ် မျက်နှာငယ်စွာ နေကြရသည်ကို တွေ့နေကြရ၏။

အချို့အချို့သော မိသားစုများတွင်မူ မိခင်ရော၊ ဖခင်ပါ မိသားစုတစ်ခုလုံးအပေါ်မှာ ဘက်ပေါင်းစုံမှ ပြည့်စုံစွာ နွေးထွေးမှုပေးနိုင်ကြသော်လည်း သားသမီးများဘက်မှ မိကောင်းဖခင် သားသမီးပီသအောင် မနေကြဘဲ သားသမီးတို့တာဝန် ပျက်ကွက်မှုကြောင့် မိသားစုတစ်ခုလုံး သာယာမှု ဆိတ်သုဉ်းနေကြသည်။

ကျွန်မတို့ မကြာခဏ ကြားနေရသော သီချင်းလေး တစ်ပိုင်းတစ်စကို အင်မတန်မှ နှစ်ခြိုက်မိသည်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် တေးသွားလေးကို ဖြည့်စွက်ချင်မိသည်။ မိမိအိမ်၏အင်အားသည် မိမိအိမ်တွင်းမှာသာ ရှိသည်။ ထိုနည်းတူစွာ ကျောင်းအင်အားသည် ကျောင်းတွင်းမှာသာ ရှိသည်။ ရုံးအင်အားသည် ရုံးတွင်းမှာသာ ရှိသည်။ ဈေးအင်အားသည် ဈေးတွင်းမှာသာ ရှိသည်။ ရပ်ကွက်အင်အားသည် ရပ်ကွက်တွင်းမှာသာ ရှိသည်ဟူ၍ ဖြည့်စွက်ချင်မိသည်။

ဤသို့ စုပေါင်းညီညာသော အင်အားဖြင့် တာဝန်ကျေကျေ ကျရာတာဝန် ကျေပွန်ကြပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ တစ်ဟုန်ထိုးရောက်သွားမည်မှာ သေချာပါသည်။

ကျရာတာဝန် ကျေပွန်သည်ဆိုရာ၌ စည်းလုံးမှုရှိဖို့နှင့် စည်းကမ်းရှိဖို့ လိုအပ်သည်။ ၎င်းအပြင် အများအကျိုးကို ရှေ့ရှုတင်ဆောင်ရွက်လိုသော စိတ်ရှိဖို့လည်း လိုအပ်၏။

သို့ဖြစ်၍လည်း ပညာရှင်များက စုပေါင်းညီလာအောင်ကြောင်းဖြာ၊ ညီညာမှ ပြည်သာမည်၊ စည်းလုံးခြင်းသည် အင်အား၊ တစ်ယောက်အားနှင့် ယူသော်မရ တစ်သောင်းအားနှင့် ယူသော်ရ၏ ဟူ၍ ညီညွတ်စေရေး ဆော်ဩပေးထားကြ၏။ ရှေးရှေးပညာရှင်တို့၏ ကျေးဇူးတရားကြီးမားလှပေစွ။

ပညာရှင်များက ဆော်ဩပေးကြသည့်အတိုင်း ယနေ့ခေတ် လူငယ်ထုတစ်ရပ်လုံးကလည်း အများအကျိုး သယ်ပိုးထမ်းရွက်မှုတို့က အံ့မခန်းထိရောက်မှုရှိလှ၍ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ဘက်မှလည်း ဂန္ထဓုရ၊ ဝိပဿနာဓုရ ဓုရနှစ်ဖြာကို ကျေပွန်စွာ ထမ်းဆောင်ကြသဖြင့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်များ များစွာပေါ်ပေါက်လာသည်ကို သာသနာတော်ကြီးအတွက် အားတက်ဖွယ်ရာ တွေ့ကြုံကြရသည်။ တိပိဋကဓရ ဆရာတော်ကြီးများ ၁၃ ပါးပင် ပေါ်ပေါက်လာခြင်းဖြင့် သိနိုင်၏။

လူပုဂ္ဂိုလ်ဆိုင်ရာတွင်လည်း ကြက်ခြေနီ မောင်မယ်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးဘေးမှ ကင်းဝေးစေရန် ကူညီမှုများ၊ ကျန်းမာရေးကူညီစောင့်ရှောက်မှုများ၊ နေရာချထားပေးခြင်း၊ လောလောဆယ် စားဝတ်နေရေး အဆင်ပြေချောမွေ့အောင် ကူညီစောင့်ရှောက်ပေးပုံတို့ကို လက်တွေ့ကျကျ မြင်ရသူအပေါင်းက သာဓုခေါ်မဆုံးအောင် ဖြစ်နေကြ၏။

ဆူနာမီလျှော်ဘေးကြောင့် ရေနစ်မွန်းနေသော ကလေးငါးယောက်အနက် သုံးယောက်၏အသက်ကို ကယ်တင်ပေးနိုင်ခဲ့သူမှာ သာမန်ဆင်းရဲသား အရပ်သူ မိန်းကလေးသာဖြစ်ပြီး သူမကယ်တင်၍ မရနိုင်လိုက်သော ကလေးငယ်နှစ်ယောက်အတွက် ယူကျုံးမရဖြစ်ကာ ငိုကြွေးနေသဖြင့် ပတ်ဝန်းကျင်မှ တာဝန်ရှိသူတို့က ဝိုင်းဝန်းချော့မော့ကြရသည်ဆို၏။

၎င်းအမျိုးသမီးမှာ အသက် ၃၀ အရွယ်လောက်ရှိနေပြီဖြစ်၍ သူ့တွင်ရှိသော သားသမီးကလေးများနှင့်မခြားမိမိလက်ထဲတွင် ကယ်တင်၍မရဘဲ ဆုံးပါးသော ကလေးငယ်နှစ်ယောက်အပေါ် မိခင်ရင်းတစ်ယောက်ပမာ ခံစားရဟန်ရှိပါသည်။

မိခင်စိတ်အပြည့်ရှိသော ၎င်းအမျိုးသမီးလေးသည် ကျောင်းသူဘဝက ရှေးဦးသူနာပြုစုနည်းပညာကို သင်ကြားတတ်မြောက်ထားခဲ့သူ ကြက်ခြေနီအဖွဲ့ဝင်တစ်ယောက် ဖြစ်ခဲ့သည်ဟု သိရပါသည်။ သူ့လို အမျိုးသမီးလေးများ များများရှိစေချင်မိသည်။ လောလောဆယ် ဖြစ်ပွားသော လျှော်ဘေးဒဏ်ခံရသည့်အခါတွင်သာမက ပြီးခဲ့သောနှစ်များက မီးလောင်



www.burmeseclassic.com

www.burmeseclassic.com

မှုဖြစ်ပွားရာတွင်လည်း ကြက်ခြေနီမောင်မယ်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် လူငယ်မောင်မယ်များနှင့် တာဝန်ရှိသည်ကို တာဝန်သိတတ်သော လူငယ်မောင်မယ်တို့၏ စွမ်းဆောင်ကူညီမှုတွေကို ကြားရသည့်အတွက် နှစ်ထောင်းအားရဖြစ်မိ၏။

ယခုခေတ် ယခုအခါမှ မဟုတ်၊ ရှေးခေတ် ရှေးအခါကလည်း စာရေးသူတို့ မြန်မာနိုင်ငံသား မြန်မာလူမျိုးများသည် ကျရာတာဝန်ကို ကျေပွန် ·အောင် ထမ်းဆောင်ခဲ့ကြသည့် သမိုင်းအထောက်အထားများနှင့် သာဓကများစွာ ရှိခဲ့ကြသည်ကို သတိရမိသည်။

ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းရွက်ခဲ့ကြသည့်နေရာတွင် တင်စားထားခဲ့ကြသည့် စကားအသုံးအနှုန်းဝေါဟာရတွေ ရှိခဲ့ပါသည်။ ၎င်းတို့မှာ ဦးခွေးဆံမြည့် အသက်ကိုပင် ပဓာနမထားဘဲ အရိုးကြေကြေ အရေခန်းခန်း ဦးလည်မသုန် ထွမ်းရွက်ကြသည် စသည်ဖြင့် သုံးနှုန်းထားတာတွေ မှတ်သားမိသည်။

ပထမဦးစွာ ပေးအပ်သည့် တာဝန်ကို ဦးခွေးဆံမြည့် ထမ်းရွက်သည့် ညောင်ဦးအုတ်လုငယ်၏အကြောင်းနှင့်

---

တာဝန်နှင့် ဝတ္တရားမှာ
သဘောအားဖြင့် တူသယောင်ရှိပြီး
တကယ်တမ်းက မတူပါဟု ဆိုရမည်။
ဝတ္တရားများကို အချိန်အခါ အခြေအနေအရ
ရွှေ့ဆိုင်းနိုင်သည်။
ရံဖန်ရံခါ ပျက်ကွက်မှုရှိနိုင်သည်။
ဆောင်ရွက်သင့်သော ဝတ္တရားဖြစ်သော်လည်း
မလွှဲသာမရှောင်သာသော ကိစ္စများကြောင့်
ပျက်ကွက်နိုင်သည်။

---

အသက်ကိုပင် ပဓာနမထားဘဲ ကျရောက်လာသည့်တာဝန်ကို ကျေပွန်အောင် ထမ်းရွက်ခဲ့သူ အင်းဝဘုရင်မင်းခေါင်၏ ဆင်ကဲလေး၏အကြောင်းကို စာဖတ်ပရိသတ်အား တင်ပြလိုပါသည်။

ပုဂံပြည့်ရှင် ဘုရင်နရပတေ့စည်သူမင်းကြီး၏ အမတ်ကြီးရာဇသင်္ကြန်တွင် ပုဂံအုတ်လုကြီးနှင့် ညောင်ဦးအုတ်လုငယ်ဟူ၍ သားနှစ်ယောက်ရှိရာ လက်ရုံးရည်၊ ပညာရည်၊ နှလုံးရည်တို့နှင့် ပြည့်စုံကြသောကြောင့် ဘုရင်ကြီးကိုယ်တိုင်က ချီးမြှောက်ကာ သားအကြီးကို အနန္တပစ္စည်းဟူ၍လည်းကောင်း၊ သားအငယ်ကို ရန္တပစ္စည်းဟူ၍လည်းကောင်း မှည့်ခေါ်စေခဲ့၏။

တစ်ခါသော် ရခိုင်ပြည်၊ မဇ္ဈိမရိအရပ်မှ ပုန်ကန်ခြားနားလာသဖြင့် ရာဇသင်္ကြန်အမတ်ကြီးနှင့် သားနှစ်ယောက်တို့ကို ဦးစီးစေကာ နှိမ်နင်းရန် စေလွှတ်လိုက်ရာ နှစ်နှင့်ချီပြီးကြာသော်လည်း စစ်နိုင်သည်၊ ရှုံးသည် သတင်းအစအနပင် မကြားရသဖြင့် ဘုရင်ကြီးမှာ ပူပင်သောက ရောက်နေသည်ဆို၏။

သို့ဖြင့် နန်းပြာသာဒ် အပေါ်ဆောင် လေသာပြတင်းမှနေ၍ မြစ်ရိုးတစ်လျှောက်သို့ လှမ်းမျှော်ကြည့်လိုက်ကာ ရခိုင်ဘုရင်က အရှုံးပေးအညံ့ခံသွားပြီဖြစ်ကြောင်း ဘုရင်ကြီးထံသို့ သတင်းပို့ရန် စေလွှတ်လိုက်သော အုတ်လုငယ်၏ လှေတော်ကို မြင်လိုက်ရသဖြင့် မိမိထံမှောက် ရောက်အောင် စောင့်ဆိုင်းခြင်းမပြုဘဲ ဆန္ဒစောစွာ စစ်အကြောင်း ရှုံးသည်၊ နိုင်သည်ကို သိလိုဇောဖြင့် လှေပေါ်သို့ အထောက်တော်စေလွှတ်မေးမြန်းစေခဲ့၏။

အုတ်လုငယ်သည် "စစ်ရေးသာခဲ့ကြောင်းကို ရှေ့တော်မှောက် ရောက်သည့်အခါမှ အကြောင်းစုံလျှောက်တင်တော့မည်"ဟု စိတ်မှာအကြံဖြစ်ကာ "ကျွန်တော်မျိုး အုတ်လုငယ် ရောက်လာပါပြီဘုရား"ဟု လျှောက်တင်ခိုင်းလိုက်၏။

ဆန္ဒစောလှသော ဘုရင်ကြီးက "စစ်ရှုံးသည်၊ နိုင်သည်ကို သိလိုဇောဖြင့်မေးသည်ကို ပထမဦးစွာ မလျှောက်ထားဘဲ မထီလေးစား ပမာမခန့်ပြုကာ သူပြန်လာကြောင်းကိုသာ လျှောက်တင်ရပါမည်လော"ဟု ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ အုတ်လုငယ်အား လှေပေါ်မှာပင် အဆုံး



www.burmeseclassic.com

www.burmeseclassic.com

စီရင်စေဟု တစ်ချက်လွှတ်အမိန့်တော် ချမှတ်လိုက်သည် ဆို၏။

အာဏာသားတို့က မားတွေကိုယ်စီကိုင်ကာ လေ့တော်ပေါ်သို့ တက်လာပြီး အုတ်လုငယ်အား သတ်မည်ပြုရာ ခေတ္တခဏ သည်းခံ၍ စောင့်ဆိုင်းပေးပါရန် တောင်းပန်၍ "ရခိုင်ဘုရင်အညှဉ့်ခံ၍ ကျွန်တော်မျိုးတို့ဘက်မှ စစ်ရေးသာခဲ့ကြောင်း လျှောက်ထားလိုက်ပြီး၊ အရှင့်အမှုတော်ကို ဦးခေါင်းဆံမြည့် ဖြစ်သည်အထိ ကျွန်တော်မျိုး ထမ်းရွက်ခဲ့သည်ကို အရှင်မင်းကြီး မြင်စေချင်ပါသည်၊ ကြည့်ရှုတော်မူပါဘုရား" ဟု လျှောက်တင်ကာ သူ၏ဦးခေါင်းတွင် ပေါင်းထားသည့် ခေါင်းပေါင်းဝတ်ကို ဖြေချပြလိုက်၏။

ထိုအခါတွင် မျှော်လင့်မထားသော မြင်ကွင်းကြောင့် ရှင်ဘုရင်ကြီးနှင့်တကွ နန်းရင်ပြင်တစ်ခုလုံး အံ့သြမဆုံးအောင် ဖြစ်သွားကြရ၏။ စစ်ရေးသာမည့်အချိန်ကို စောင့်ဆိုင်းရင်း လပေါင်းများစွာမကာ နှစ်ချီ၍ တောကြို တောင်ကြားမှာ ပုန်းအောင်း၍ အချိန်ကောင်း၊ အခါကောင်းကို စောင့်ဆိုင်းနေရစဉ် အစာရေစာ ပြတ်လပ်ငတ်မွတ်ခြင်း၊ ရေမချိုးရ၊ ခေါင်းဆေးမင်္ဂလာ မပြုရခြင်းတို့ကြောင့် တစ်ကိုယ်လုံး ပိန်လှီခြောက်ကပ်ပြီး ခေါင်းမှဆံပင်တို့မှာ သန်းတွေကျိုကျိုတက် ပြွတ်ကျလာပြီး ဆံပင်တွေလည်း အပိုင်းပိုင်းပြတ်ကျလာသည်ကို လက်တွေ့ပြကာ အရှင်မင်းကြီးပေးအပ်လိုက်သော တာဝန်ကို ယခုကဲ့သို့ ဦးခေါင်းဆံမြည့် ဖြစ်သည်အထိ တာဝန်ကျေအောင် ဆောင်ရွက်ခဲ့သဖြင့် မဇ္ဈိဂိရိကို အောင်နိုင်ခဲ့ကြောင်းပါဘုရား"ဟု လျှောက်တင်လိုက်ရာ ဘုရင်ကြီးသည် ပေးအပ်သည့်တာဝန်ကို ဦးခေါင်းဆံမြည့်ဖြစ်သည်အထိ ထမ်းရွက်တော်မူသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည့်အခါ အင်မတန်မှ နှစ်သက်အားရတော်မူသဖြင့် အုတ်လုငယ်အား ခေါင်းဆေးမင်္ဂလာပြုစေခြင်း၊ ရေမိုးချိုးကာ နံ့သာအမွှေးအကြိုင်တို့ဖြင့် လိမ်းခြယ်ကာ အဝတ်ကောင်း အစားကောင်းတို့ ဝတ်ဆင်စေပြီး သူကောင်းပြုတော်မူခဲ့သည်။

မြန်မာလူမျိုးတို့သည် လူမှုရေးတာဝန် ဝတ္တရားများကို လွန်စွာကျေပွန်တတ်သော လူမျိုးများ ဖြစ်ကြသည့်အလျောက် တစ်ဖက်သား၏ အခက်အခဲများကို အဆင်ပြေချောမွေ့စေရန်လည်း မိမိတို့ နိုင်စွမ်းသမျှ အစွမ်းကုန်ကူညီလေ့ရှိကြသည့်အပြင် မိမိနိုင်ငံအတွက် အထက်မှပေးအပ်လာသော တာဝန်ပိုင်းတို့ကိုလည်း အသက်ကိုပင် ပဓာနမထားဘဲ ဆောင်ရွက်ခဲ့ကြောင်း သမိုင်းအထောက် များစွာရှိပါသည်။

တာဝန်နှင့် ဝတ္တရားမှာ သဘောအားဖြင့် တူသယောင်ရှိပြီး တကယ်တမ်းက မတူပါဟု ဆိုရမည်။ ဝတ္တရားများကို အချိန်အခါ အခြေအနေအရ ရွှေ့ဆိုင်းနိုင်သည်။ ရံဖန်ရံခါ ပျက်ကွက်မှုရှိနိုင်သည်။ ဆောင်ရွက်သင့်သော ဝတ္တရားဖြစ်သော်လည်း မလွှဲသာမရှောင်သာသော ကိစ္စများကြောင့် ပျက်ကွက်နိုင်သည်။ ကြီးလေးသော အပြစ်တစ်ခုအဖြစ် သတ်မှတ်၍မရသည့်သဘောရှိသည်။

တာဝန်မူကား ဝတ္တရားထက်ပို၍ အရေးကြီးသဖြင့် ပျက်ကွက်၍မရ။ ပျက်ကွက်လျှင် ပျက်ကွက်သည့်တာဝန်အတွက် ပြစ်ဒဏ်များလည်း ကျခံရပါမည်။

မလွှဲမရှောင်သာသော ကိစ္စများကြောင့် တာဝန်ပိုင်း ပျက်ကွက်ပါကလည်း ပြစ်ဒဏ်ပေးရမည့် တာဝန်မဟုတ်သော်ငြားလည်း လူမှုရေးတာဝန်ပိုင်း ပျက်ကွက်သည့်အလျောက် ပေးဆပ်ကြရမည်သာ ဖြစ်သည်။

လောကကြီးတစ်ခုလုံးတွင် လူသားများအနေဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပေါင်းသင်းဆက်ဆံနေကြရသည်ဖြစ်ရာ လူသားအချင်းချင်း ကူညီစောင့်ရှောက်ကြရန်မှာ လူသားတိုင်း မွေးရာပါတာဝန်အဖြစ် ခံယူကြကာ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား ငယ်သူကိုသနား ဟူသော ဆောင်ပုဒ်နှင့်အညီ ကျရာတာဝန် ကျေပွန်ကြပါစို့ဟူ၍ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

"သေတူရှင်ဖက်၊ ဆောင်ရွက်ဖက်ကင်း။ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း။ မဖယ်မသွေ၊ ညီညာကုန်း၍၊ ရှန်းကြလေ"

*[ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာ ဆုံးမစာမှ ကောက်နုတ်ချက် ဖြစ်ပါသည်။]*

ပိုလ်ချုပ်မြေ-တင်တင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အာရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ်(၃၀၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၀၀) နာရီ မှ နေ့လည် (၁း၀၀) နာရီ။
အမှတ်(၉၀)၊ မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
နေ့လည် (၂း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီထိ
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



# အောင်ဝိဇ္ဇာစိုး – အထူးကုဆေးခန်း


➢ **အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျား အကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ (1107 Y 7278)**

➢ **လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ (1208 Y 7972)**

| | | |
|---|---|---|
| ဆေးခန်း | ❖ | အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း။ ဖုန်း/၀၁-၃၇၉၄၀၃ |
| ပင်ရင်း | ❖ | အမှတ် (၇၆)၊ ၉၄-လမ်း၊ ကန်တော်လေး။ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၇၃၉ |
| ဖြန့်ချီရေး | ❖ | ကိုဝင်းမြင့် + မဘောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၈ လမ်း၊ ၇၂×၇၃ လမ်း)၊ အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး) |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လှိုင်ရယ် ... ကိုကိုရယ် ... ပိတောက်ရယ် ...

အတိတ်ကို တစ္ဆေနှင့် ပုံနှိုင်းရလျှင် အကျည်းတန်သည်လို့ ဆိုကြမည်လားမသိတတ်နိုင်။ သို့တစေ အတိတ်ဝေဒနာသည် တစ္ဆေပမာအလား ကိုကို့နှလုံးသားမှာ အစဉ်ထာဝရ ခြောက်လှန့်လျက်ရှိဆဲပင်။ သို့မို့ကြောင့်လည်း အတိတ်ဟု ဆိုရကောင်း ဆိုရမည်ဖြစ်သည့် ဟိုးလွန်ခဲ့ပြီးသော နှစ်များစွာက ဖြစ်ရပ်ဖြစ်စဉ်များသည် မှုန်ဝါးဝါးအသွင်နာကြည်းကြေကွဲဖွယ်ရာ ပုံရိပ်အဆင်အယင်များအဖြစ် ကိုကို့စိတ်အစဉ်တွင် ထာဝစဉ်ထင်ဟပ်လျက်ရှိချေသည်။

[ ၁ ]

ကိုကိုတို့အိမ် အနောက်ဘက်ခြံဝင်းထဲက ပိတောက်ပင်ကြီးတွင် ပိတောက်ပွင့်ဟွေ့ ထိန်ထိန်ဝေနေပြီ။ ရွှေဝါရောင် ပိတောက်ပွင့်များ တစ်ပင်လုံးဝေ၊ တစ်ခိုင်လုံးရွှေနှယ် အားပါးတရပွင့်နေသည်။ တန်ခူးကြိုမိုးက မနေ့ကညပိုင်းလွန်ပြီး ပြိုးရွာဖွေခဲ့လေသည်ကိုး။ ဆောင်းအကုန် နွေအကူး တပေါင်းပြီး တန်ခူးကူးသွားကျူးတော့မည့်ကာလ နွေသမယ။ ချိန်ကျင်အနှံ့ သစ်ပင်ကြီးငယ်တို့ ရွက်ဟောင်းများကြွေ၍ ရွက်သစ်မထွက်မီ ပုရစ်ဖူးများ ဝေစည်နေချိန်မျိုးမှာ ပိတောက်ပင်ကြီးက ရွက်ဖားဝေဝေ ရှိနေချေပြီ။ စိမ်းမြမြ ရွက်နုသစ်များအကြားမှ တစ်ခိုင်လုံး ရွှေဝါရောင်ဝင်းလျက်ရှိသည့် ပိတောက်ပန်းတို့ ပင်လုံးကျွတ်မျှ ဝေဝေဆာဆာ မြိုင်ဆိုင်စွာ ဖူးပွင့်နေကြသည်။ သင်းပျံ့သော ပိတောက်ရနံ့က အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာဆီ ပျံ့နှံ့နေသည်။

"သီဂီမြသျှောက်<br>
ပန်းပိတောက်တို့<br>
ဖြိုးမောက်ရွှင်လန်း<br>
ထူးဆန်းလုတင့်<br>
ရီးတံမြင့်နှင့်<br>
ပွင့်ကြကြိုင်သင်း<br>
မြိုင်လုံး ဝင်းမျှ" ပုဏ္ဍာဘိသို့

ပိတောက်၏ ထူးထွေဆန်းပြားသော အလုက ဖမ်းစားလျက်ရှိနေသည်။ သည်ပိတောက်က ပူပြင်းခြောက်သွေ့သော ဩကာသ လောကကို သာမောဖွယ် ဖန်တီးပေးသည်။ ပိတောက် နှစ်စဉ်ပွင့်၍ ကိုကိုပျော်ရသည်။ သည်ပိတောက်ပင်ကြီးကို ကိုကို့အဘိုး စိုက်ခဲ့သည်။ အဘိုးက အသက်ရှစ်ဆယ့်သုံးနှစ်ကျမှ ကွယ်လွန်သည်။ အဘိုး၏ အမွေမို့ သည်ပိတောက်ပင်ကြီးကို ကိုကိုမြတ်နိုးသည်၊ ချစ်ခင်သည်၊ သံယောဇဉ်ကြီးမားသည်။ ကိုကိုစာကျက်လျှင်ပင် သည်ပိတောက်ပင်ကြီးအောက်မှာ ကျက်လေ့ရှိသည်။ ပိတောက်ပင်ကြီးအခြေမှာ ထိုင်ရင်း ပိတောက်ပင်စည်ကိုမှီထားရလျှင် ကိုကို့ရင်ထဲမှာ နွေးနေသလားလို့ ထင်ရသည်။ တစ်ခါတစ်ရံ ကိုကို ပိတောက်ပင်ကြီးနှင့် စကားပြောနေတတ်သည်။ ကျောင်းတက်ရင်းက အဝိန်တို့၊ မိုလ်ပေါက်တို့နှင့် ရန်ဖြစ်ခဲ့သည်ကိုလည်း ပိတောက်ပင်ကြီးကို တိုင်တတ်သည်။

"ကိုကို့ဦးထုပ်ကလေးလေ၊ ဦးလေးသိန်းလှ ဝယ်ပေးတာ။ ဝီလ်စတပ်ဦးထုပ်ကလေးပေါ့။ အဝိန်က ကိုကို့ခေါင်းက ချွတ်ယူပြေးတယ်။ မိုလ်ပေါက်က ဘောလုံးလို ကန်ပစ်တယ်။ အဝေရာဆိုတဲ့ အီးပေါလောကြီးတောင် ပါသေး။ ကိုကိုသိပ်စိတ်ဆိုးတာ သိလား။ ဒါ့ကြောင့် အဝိန့်လက်မောင်းကို ကွန်ပါ

□ ခင်မောင်အေး(မန္တလေး)

www.burmeseclassic.com

ချွန်နဲ့ ထိုးပစ်တာ ကိုကိုကိုလည်း ဆရာမက ရိုက်လိုက်တာလေ။ မနာပါဘူး ကိုကိုက...”

ပိတောက်ပင်ခြေရင်းမှာ တွင်းတူး၍ ကိုကိုက ပိုက်ဆံထည့်သော ငွေဘူးလေးကို မြှုပ်ထားတတ်သည်။ အဘွားက ကိုကို့ကို ငွေဘူးကလေးတစ်ဘူး ပေးသည်။ အဘွားငယ်ငယ်က ပေါင်ဒါဘူးအဖြစ် သုံးခဲ့သည့်ဘူး။ ကိုကိုပိုက်ဆံစုတာမြင်တော့ အဘွားက –“ငါ့မြေးလေး ပိုက်ဆံစုဖို့”လို့ဆိုကာ ငွေပေါင်ဒါဘူးကလေးကို ပေးသည်။ ကိုကိုက ဝေလခေါင်းပါသော ကျပ်ပြားကလေးများချည်း စုသည်။ ရသမျှမုန့်ဖိုးကို ကျစ်ကျစ်ပါအောင် စုလျက် ခြောက်ဆယ့်လေးပြားရသည့်အခါ ငွေဒင်္ဂါးနှင့် လဲသည်။ ပြီးတော့မှ အဘွားပေးသော ငွေပေါင်ဒါဘူးထဲမှာ ထည့်သည်။ ကိုကို့စုဘူးထဲမှာ ဝေလခေါင်းနှင့် ငွေဒင်္ဂါး ရှစ်ဆယ်ရှိနေပြီ။ ထို့ကြောင့် ကိုကိုက သူ့စိတ်အချရဆုံးသော မိတ်ဆွေကြီးထံမှာ အပ်ထားသည်။ ကိုကို့ ငယ်ပေါင်းကြီးဖော် မိတ်ဆွေကြီးက ပိတောက်ပင်ကြီးလေ။ ဒီပိတောက်ပင်ကြီး ခြေရင်းမှာ ကျင်းတူးပြီး ကိုကိုက ငွေပေါင်ဒါဘူးကလေးကို ဂျပ်စက္ကူဘူးထဲမှာ ထည့်ပြီးမှ မြှုပ်ထားသည်။ မုန့်ဖိုးတစ်ကျပ်ပြည့်သည့်အခါ တစ်ခါတူး၊ ဘူးထဲကို ဖြည့်ထည့်၊ ပြီးတော့ ပြန်မြှုပ် လုပ်ရသည်။

မာလီကြီး နာရဆင်းကလည်း ကိုကို့ငွေသေတ္တာအတွက် အသူးစပယ်ရှယ် အစောင့်ကြီးပေါ့။ ကိုကို့ငွေသေတ္တာပျောက်လို့များကတော့ နာရဆင်း သည့်အိမ်က ခေါင်းနှင့် ခြေရမှာ။ အဘိုးကကော၊ အဘွားကပါ သတိပေးထားသည်လေ။

ခြံစောင့် ကိုဖိုးထွားကလည်း ကိုကို့အရိပ်ပါပဲ။ ပိတောက်ပင်ခြေရင်းက ကိုကို့ငွေသေတ္တာကို ယက္ခနှင့် ကုမ္ဘဏ် စောင့်နေလေရဲ့လို့ ဦးလေးဦးသိန်းလှက ပြောသည်။ ယက္ခက နာရဆင်း၊ ကုမ္ဘဏ်က ကိုဖိုးထွားပေါ့။

“ငါ့တူလေး စုဘူးပြည့်အောင် ဦးလေးသိန်း ပေးပါ့မယ်ကွာ”လို့ ဦးလေးဦးသိန်းလှက ပြောလည်းပြော၊ ပိုက်ဆံလည်း ပေးတတ်သည်။ ကိုကို ငါးတန်းအောင်သည့်နှစ်မှာ ဦးလေးဦးသိန်းလှက ဘီအက်စ်အေ လေသေနတ် နံပါတ်ဝမ်းတစ်လက် ဝယ်ပေးသည်။ ကိုကိုတို့ မိုးမမြင်၊ လေမမြင် ပျော်လိုက်ရသည့်ဖြစ်ခြင်း။ ခုနစ်တန်းအောင်ရင် ရာလေးစက်ဘီးဝယ်ပေးမယ်လို့ ကတိပေးထားသေးသည်။

ကိုကို ဒါကြောင့် အချိန်ပြည့်စာကျက်သည်၊ ကစားချိန် ကစားချိန်သပ်သပ်၊ စာကျက်ချိန် စာကျက်ချိန်သပ်သပ် ကိုကို စည်းကမ်းကို သူ့ဘာသာသူလုပ်သည်။ အချိန်ဇယားဆွဲပြီး စာကြည့်စားပွဲရှေ့မှာ ကပ်ထားသည်။ အဘိုးအဘွားကလည်း ထို့ကြောင့်ပင် ကိုကို့ကို တုန်နေအောင် ချစ်ကြသည်။ ကိုကိုက လိမ္မာသည်လေ။ စာမေးပွဲကိုလည်း တစ်နှစ်တစ်တန်း မှန်မှန်အောင်သည်။ အတန်းထဲမှာ အဆင့် တ... နှစ်နှင့် သုံးက ဘယ်တော့မှ မဆင်း။

ဆရာမကြီး ဒေါ်ထွေးထွေး... ဆို ကိုကို့ကို အတုယူကြဖို့ မကြာ...တာ

တခြားကျောင်းသူကျောင်းသားများ... ဆုံးမဩဝါဒပေးတတ်လွန်း၍ အငိန်တို့... က ကိုကို့ကို မြင်ပြင်းကတ်ကြခြင်းဖြ... သည်။ မိုလ်ပေါက်ရော၊ ပန်းထိမ်ဆရာ... ဦးစံညွန့်သား မောင်ကြည်တို့ ညီအစ်ကို... ကပါ ကိုကို့ကို မနာလိုကြ။ သည်လ... နှင့် ကိုကိုတို့ စာမေးပွဲပေါင်းများစွာ... ဖြတ်ကျော်ခဲ့ကြသည်။ ကိုကို ခုနစ်တန်း... အောင်သောနှစ်မှာ ဦးလေး ဦးသိန်းလှ... က ရာလေးစက်ဘီးတစ်စီးဝယ်ပေး... သည်။ ဦးကြီးဦးဘကျော်က ပတ္တမြား... လက်စွပ်တစ်ကွင်းပေးသည်။ စက်ဘီး... အသစ်နှင့် ကိုကို အလွန်ပျော်သည်။ စက်ဘီးကို ကိုကိုစီးတာက နည်းနည်း... ဖုန်သုတ်ရတာက များများဖြစ်သည်... စက်ဘီးလက်ကိုင်ကအစ စပုတ်တို... တစ်ချောင်းစီ ကိုကိုက ပြောင်လက်... နေအောင် တိုက်သည်။ စက်ဘီးက... တသသသာလုပ်နေပေမယ့် စာကျက်... ချိန်ကိုတော့ ကိုကို အပျက်မခံပါ။ သည်... နှစ်မှာ ကိုကို့တာဝထဲသို့ ရာလေးစက်ဘီး... အသစ်ကျပ်ချွတ်တစ်စီး ရောက်လာ... သည့်နည်းတူ မှုမှုလှိုင်ပါ ပါဝင်လာ... သည်။ ကိုကိုတို့နှင့် တစ်ခြံကျော် ဦးအ... ထွန်းတို့ခြံသို့ လူသစ်ပြောင်းလာသည်... သစ်တောအရေးပိုင်ဟု ဆိုသည်။

သူတို့မှ သမီးလေးတစ်ယောက်... တည်း။ မှုမှုလှိုင်...တဲ့။ ကိုကို့... ခုနစ်တန်း(အေ)မှာ တက်သည်။ ခြံ... လည်း ခြံနီးချင်း။ အတန်းကလည်း တ... တန်းတည်းမို့ မှုမှုလှိုင်တို့အဖေ ဦးအ... လွင်က ကိုကို့အဘိုးအဘွားနှင့် မိတ်... ဆက်ရင်း အပ်သည်။ သည်မှာ... ကိုကိုနှင့် လှိုင် ကျောင်းသွား...

www.burmeseclassic.com

သူငယ်ချင်း ဖြစ်ပါသည်။

လှိုင်...။ ဟုတ်ပါရဲ့။ ဆယ့်သုံးနှစ်သမီးကလေး။ ကျစ်ဆံမြီးကလေး ကျစ်ပြီး ဖဲပြားနီနီကလေးနှင့် အစနှစ်ဖက် ချထားတတ်သည်။ ဆံပင်က လှိုင်းတွန့်ကလေးများနှင့် ပျော့ပျောင်း နက်မှောင်နေသည်။

ဖြူနုသောမျက်နှာနှင့် လိုက်ဖက်သည်။ လှိုင်ပြုံးလိုက်လျှင် အလွန်ချစ်စရာကောင်းသည်။ လှိုင့်မျက်နှာက လာပစဉ်လိုလို ချိုနေသည်။ လှိုင် စိတ်ကောက်ရင်တောင် အလှမပျက်။ မျက်နှာရှုစ်ခေါက်ချိုးထားပြီး စိတ်ဆိုးပြတာတောင် စိတ်ဆိုးဟန်နှင့် နည်းနည်းမှ မတူ။ ရိုးသားသည့်အသွင်သဏ္ဍာန်ကို လှိုင့်မျက်နှာတွင် အထင်းသားတွေ့မြင်နိုင်သည်။ ကော့ရွှန်းသော မျက်တောင်အစုံအောက်မှ နက်မှောင်၍ အရည်လည်နေသော မျက်လုံးများက သမင်ပျိုမကလေး၏ မျက်လုံးအစုံနှယ် ထင်ရသည်။

မျက်ဝန်းနက်ကလေးကို ထောင့်ကပ်၍ ကြည့်လိုက်လျှင် လှိုင့်အလိုကို ငြင်းနိုင်သည့်သူမရှိ။ သို့တစေ လှိုင်သည် မာနကင်းသည်။ အသံကို တိုးတိုးတိမ်တိမ်ကလေး နူးညံ့ညင်သာစွာ ဆိုတတ်သော စကားသံများက စမ်းရေစီးသံလိုပင်။ စံပယ်ဖူးကလေး တစ်ဖူးနှယ် လှသည်။ တသင်းသင်းမွှေးနေသော အလှမျိုးဖြစ်သည်။

ကလင်...ကလင်...ကလင်။

"ကိုကိုရေ...အိပ်ပုပ်ကြီးလိုက်တာကွယ်"

ကိုကိုနောက်ကလျှင် အိမ်ရှေ့ဆင်ဝင်အောက်မှ လှိုင့်စက်ဘီးခေါင်းလောင်းသံ သုံးချက်ကြားရသည်။ ပြီးတော့ တိုးတိတ်ညင်သာသော လှိုင့်အသံလေးကို ဆက်လက်ကြားရမည်။ ကိုကိုအမြန်ဆုံးပြင်ဆင်ပြီး ထွက်လာသည်အထိ လှိုင်ငြိမ်ငြိမ်ကလေးစောင့်နေတတ်သည်။ စက်ဘီးကို ဒေါက်ထောက်လျက် လွယ်အိတ်ကို ရင်မှာပိုက်လျက်သား။

"ကိုကို အိပ်ရာထ နောက်ကျသွားတယ်လှိုင်။ ညက သင်္ချာတစ်ပုဒ် မရမချင်း တွက်နေတာနဲ့"

"ရပါတယ် ကိုကိုရယ်။ လှိုင်သိသားပဲ။ ကိုကို့အခန်းက တော်တော်ညဉ့်နက်တဲ့အထိ မီးလင်းနေကတည်းက..."

"လာ...သွားစို့ လှိုင်"

ကိုကို့ကို အစဉ်ခွင့်လွှတ်တတ်သော လှိုင်။ နေရာတကာမှာ လှိုင်က ကိုကို့ကို ဦးစားပေးသည်။ ကျောင်းရောက်လို့ နေ့လယ်မုန့်စားဆင်းချိန်များဆို လှိုင်က ကိုကို့အတွက် ဗိုယူလာသည့် ပေါင်မုန့်ထောပတ်သုတ် နှစ်ချပ်ကို ကိုကို့အလျှင်ပေးသည်။ ဆိမ့်ပြီးချိုနေသော ကော်ဖီကျကျကို ဓာတ်ဘူးအဖုံးနှင့် ထည့်ပြီး ကိုကို့ကို တိုက်သည်။ ကိုကိုက လှိုင့်ကို ဒေါင်းဖန့်ဝါမုန့်တစ်ချပ်ပေးသည်။ ကိုကိုက ဒေါင်းဖန့်ဝါမုန့်ကို ကြိုက်သည်။ ကိုကိုကြိုက်လို့ လှိုင်ကလည်း ကြိုက်သွားသည်လား မဆိုနိုင်။ လှိုင် အားပါးတရစားသည်ကတော့ အမှန်ပင်။ လှိုင်က လက်ရေးနှေးသည်။ ကျောင်းစာများကို ကိုကိုအမြဲကူးပေးရသည်။ ကိုကိုလွဲလို့ အခြားဘယ်သူကူးပေးတာကိုမှ လှိုင်လက်မခံ။ လှိုင်နှင့်ကိုကို၊ ကိုကိုနှင့် လှိုင်တို့က ကျောင်းတစ်ကျောင်းလုံးမှာ ကြယ်ကလေးနှစ်ပွင့်နှယ် ထင်ရှားသည်။ လှိုင်ကလည်း စာတော်သည်။ သို့ပေမယ့် ကိုကို့အဆင့်ကိုတော့ မမီ။ အဆင့်ငါး။ အဆင့်ခြောက်လောက်တော့ လိုက်နိုင်သည်။

အတန်းပိုင်ဆရာမ ဒေါ်အေးမြက ကိုကိုတို့နှစ်ယောက်လုံးကို ချစ်သည်။ စာတော်သော၊ စာကြိုးစားသော တပည့်များကို ဆရာကချစ်တာ အဆန်းတော့ မဟုတ်ချေ။ အဝိန့်ကိုတော့ ဆရာမ ဒေါ်အေးမြက ကောင်းကောင်းတီးသည်။ ဆရာမကြိမ်လုံးကို အဝိန်ကမဖြုန်။ ခွေးမြီးကောက် ကျည်တောက်စွပ်သလို ဆရာမ ဘယ်လောက်ပဲရိုက်ရိုက် အဝိန်က စာမကြိုးစား။ ဘိတ်ဆုံးအဆင့်က ဘယ်တော့မှမတက်။ ကျောက်ချထားသည့်နှယ် ဖြစ်သည်။

"အဝိန်...နင့်ကို ဆရာမရိုက်ရတာ ဆရာမလက်တွေတောင် နာနေပြီဟဲ့၊ နင်စာကြိုးစားစမ်း"

ဆရာမက သည်လိုပြောလျှင် အဝိန်က -

"ဟုတ်ကဲ့ပါ ဆရာမ။ ကျွန်တော် ဆရာမပြောစကားကို သေသေချာချာ နားထောင်ပါ့မယ် ခင်ဗျာ။ ကျွန်တော် ကြိုးစားပါ့မယ်"

အဖြေသည်လို ပေးသည်။ လပတ်စာမေးပွဲစစ်ပြီး၍ အမှတ်ထွက်လာသည့်အခါ အဝိန့်အဆင့်က ယခင်အတိုင်း။ ဆရာမ လက်မြှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း • • • အဝိန်၊ နင့်ကိုပြောရတာ ကျွဲပါးစောင်းတီးပဲ သိလား။ ပြောလိုက်ရင်တော့ ဆရာမစကားကို သေသေချာချာ နားထောင်ပါ့မယ်ခင်ဗျာ၊ ကြိုးစားပါ့မယ်ခင်ဗျာနဲ့။ ပြီးတော့ နင့်အဆင့်က ဘိတ်ဆုံးကကို မတက်တော့ဘူး။ နောက်ကို ငါမပြောတော့ ဘူး။ နင့်ထိုက်နဲ့ နင့်ကံပဲ အဝိန်"

ဆရာမက သည်လိုပြောတော့ အဝိန့်ခမျာ မျက်နှာသေကလေးနှင့် ခေါင်းငုံ့နေသည်။ ကျိုးကန်းကို တောင်းနှင့်အုပ်ထားသလို ငိုင်နေသည်။ သည်လိုမြင်တော့လည်း ဆရာမ ဒေါ်အေးမြ သနားသွားရပြန်သည်။ မနေနိုင်တော့ဘဲ ပြန်လည် အားပေးရသည်။

"ကဲ • • • အဝိန်ရယ်၊ နင် ဒီလပတ်မှာ ကြိုးစားစမ်းပါကွယ်။ မသိတာတွေရှိရင်လည်း ဆရာမကိုမေးစမ်း။ ညနေပိုင်း ထမင်းစားပြီးရင် ဆရာမအိမ်လာခဲ့၊ ကြားလား။ ကျောင်းမှာသင်ပေးလိုက်တာတွေ တစ်ခါထပ်ကြောင်းရအောင်"

ဆရာမဒေါ်အေးမြ စိတ်ရှည်လက်ရှည် သင်ပြမှုကြောင့် အဝိန် ခုနစ်တန်းအောင်သည်။ အဝိန်ပျော်နေသည်။ အဝိန်ပျော်သလို ကျွန်တော်တို့တစ်တန်းလုံးပျော်ကြသည်။ ဆရာမဒေါ်အေးမြမှ ဆိုဖွယ်ရာမရှိတော့။ တစ်တန်းလုံး အရှုံးမရှိ အောင်ကြသည်ကိုး။ တန်းလုံးကျွတ် ခုနစ်တန်းအောင်ကြ၍ ဆရာကြီးက ဆရာမဒေါ်အေးမြကို ဂုဏ်ပြုပွဲလုပ်သည်။ သင်္ကြန်မတိုင်မီ ကျောင်းကြီးမပိတ်ခင် ဖြစ်သည်။

[ ၂ ]

ဂုဏ်ပြုပွဲမှာ ဆရာမဒေါ်အေးမြကို ဆရာကြီးနှင့်တကွ ကျောင်းသားမိဘများက ထိုက်ထိုက်တန်တန် ဂုဏ်ပြုကြသည်။ ဆရာမဒေါ်အေးမြက သူ့ရသော ဂုဏ်ပြုလက်ဆောင်ပစ္စည်းများထက် သူတပည့် လူဖျင်းကလေး အဝိန်စာမေးပွဲအောင်တာကို ပိုမိုဝမ်းမြောက်ဂုဏ်ယူသည်။ အဝိန်တစ်ယောက်တည်းကိုရွေးပြီး ဆရာမဒေါ်အေးမြက ပိုင်းလော့ဖောင်တိန်တစ်ချောင်းပေးသည်။ ဆရာကြီး၏အစီအစဉ်အရ အုန်းနို့ခေါက်ဆွဲလည်း စားကြရသည်။ ပျော်ပျော်ပါးပါး မဲနှိုက်ကြရသည်။ အဝိန်တစ်ယောက် ဆက်ပြီးကံကောင်းပါသည်။ မဲလိပ်နံပါတ်တစ်ဆယ့်သုံး။ နံပါတ်ဆယ့်သုံးက ခရုတံဆိပ် ပလေကပ်လုံချည်တစ်ထည်။ မိုလ်ပေါက်ကတော့ ခဲတံတစ်ဒါဇင်၊ အဝေရာ ငပေါကြီးက လောကသာရ ဆုံးမစာအုပ်အသီးသီး မဲပေါက်ကြသည်။

ကိုကို့အလှည့်မှာ မဲလိပ်ကို ကိုကိုခပ်အေးအေးပင် နှိုက်လိုက်သည်။ နံပါတ်က သုံးဆယ့်လေး။ ပေါင်းလိုက်ရင် ခုနစ်၊ ကံကောင်းတဲ့ဂဏန်း။ ကိုကိုရသော ပေါက်ဂဏန်းအတွက် ရရှိသည်က ခဲဖျက်တစ်ခု။

လှိုင့်အလှည့်ရောက်ပြီ။

"လှိုင် • • • နှိုက်လေ"

ကိုကိုက အားပေးသည်။ လှိုင်မျက်နှာလေး ပြုံးနေသည်။ လှိုင်၏ ဖြူနသော မျက်နှာပြင်တွင် စိတ်လှုပ်ထွေးလှုပ်ရှားနေသည့်အသွင်ကို အထင်အရှားမြင်ရသည်။

မဲလိပ်များထည့်ထားသော ဖလားကို ဆရာမဒေါ်အေးမြက လှုပ်ကာလှုပ်ကာပေးသည်။

"မှုမှုလှိုင် နှိုက်လေ၊ နင့်အလှည့်"

အဝိန်က လှမ်းအော်သည်။ လှိုင်ဆတ်ခနဲဖြစ်သွားသည်။ ဇက်ကလေးပင် ပုဝင်သွားရှာသလား ထင်ရသည်။ လှိုင်မဲနှိုက်ရဖို့ မရဲတရဲဖြစ်နေသည်။ လှိုင်က စိတ်ပူတတ်သည်။ မဲနှိုက်ပြီး များများပဲရရ၊ နည်းနည်းပဲရရ၊ အဖိုးတန်တန်၊ အဖိုးမတန်တန် လှိုင်ရင်ခုန်ရတဲ့အလုပ် မလုပ်ချင်တာကတော့ အမှန်ပင်။ အားငယ်လို့များလား။ စိုးရိမ်တာသက်သက်လား။ ပူပန်သောကဖြစ်တာ များလွန်းလို့လား မပြောတတ်နိုင်။

"လှိုင် နှိုက်လိုက်လေ။ ဘာပဲပေါက်ပေါက်ပေါ့။ ဆရာမပြောထားသားနဲ့။ ဗလာမရှိဘူးတဲ့လေ"

လှိုင်သည် ကိုကို့အားပေးစကားကြောင့် ရဲလာပုံရသည်။ စိတ်ကိုလည်း တင်းလိုက်သည့်ပမာ ရင်ကိုမောက်ထားလိုက်သည်။ ကိုကိုဘေးမှာရှိနေတော့ လှိုင်အားတက်တာပေါ့။

လှိုင့်မျက်လုံးက ကိုကို့ကို တစ်ချက်လှမ်းကြည့်သည်။ ကိုကိုက လှိုင့်ကို ပြုံးပြလိုက်သည်။ ဟုတ်ပါရဲ့။ လှိုင့်ဘေးမှာ ကိုကိုတစ်ယောက်လုံး ရှိနေတာပဲ။ ဘာဖြစ်သေးလဲ။ ပြီးတော့ မဲက ဗလာမှမရှိတာ။ ကိုကိုတောင် ခဲဖျက်ကလေးတစ်ခု ရသေးတာ။ ကိုကို့လိုပဲ ခဲဖျက်ပဲရရ၊ ဘာပဲရရပေါ့။ လှိုင်က ဆရာမလှမ်းပေးသော ကြွေဖလားထဲမှ မဲလိပ်တစ်လိပ်ကို နှိုက်လိုက်သည်။ လှိုင့်လက်ကလေး မသိမသာတုန်နေ



www.burmeseclassic.com

www.burmeseclassic.com

တာ ကိုကိုတစ်ယောက်တည်းပဲမြင်သည်။

ကိုကိုက ဂရုစိုက်ပြီးကြည့်နေတာကိုး။ လှိုင်က မဲလိပ်ကို မရဲတရဲဖြန့်သည်။

"နံပါတ်ဘယ်လောက်လဲ လှိုင်"

ကိုကိုကမေးလိုက်သည်။

"ဆယ့်ရှစ်တဲ့ ကိုကို"

လှိုင်က ဖြေသည်။

"ဆယ့်ရှစ်တဲ့ ဆယ့်ရှစ်"

အဝိန်က အော်သည်။

"ဆယ့်ရှစ်ဟုတ်လား။ ဆယ့်ရှစ်၊ ဟာ···ပွတာပဲကွာ"

ဗိုလ်ပေါက်က မကျေနပ်သလို၊ ကျေနပ်သလို ပြောသည်။ ကျောင်းသူကျောင်းသားအားလုံး၏ မျက်လုံးအစုံက လှိုင့်ဆီသို့ စုပြုံရောက်ရှိလာသလိုပင်။ လှိုင် မနေတတ် မထိုင်တတ်ဖြစ်နေသည်။

ဆယ့်ရှစ်နံပါတ်။

"ဆယ့်ရှစ်က မဲထဲမှာ အကောင်းဆုံး။ လှိုင်သိပ်ကံကောင်းတာပဲကွယ်"

ထွေးထွေးရီက အားကျသွားသည်။ လှိုင့်အတွက်လည်း ဝမ်းသာနေပုံရသည်။

အလွန်မှပင် လှိုင်ကံကောင်းသည်။ နံပါတ်ဆယ့်ရှစ် မဲလိပ်အတွက် ရရှိသောဆုက စားပွဲတင်နာရီကလေးဖြစ်သည်။ နှိုးစက်လည်းပါသည်။ အမျိုးအစားလည်း ကောင်းသည်။ တန်ဖိုးလည်းကြီးသည်။ လှိုင်တအားပျော်သွားပုံရသည်။

ဆရာမက စားပွဲတင်နာရီကလေးကို လှိုင့်လက်သို့ လှမ်းပေး၍ လှိုင်လက်ခံယူလိုက်ချိန်မှာ လှိုင့်လက်တွေတုန်နေသည်။ လှိုင့်မျက်ဝန်းတွင် မျက်ရည်ကြည်ကလေးများ စို့နေသည်။ မျက်တောင် တစ်ချက်နှစ်ချက် ပုတ်လိုက်လျှင် ပိုးခနဲ ပေါက်ခနဲ ထွက်များကျလာမည်လား မပြောတတ်နိုင်။ လှိုင့်ရင်တွေ ခုန်နေသည်။ ပျော်လွန်းလို့၊ ဝမ်းသာလွန်းလို့ဟု ကိုကိုထင်သည်။ သို့တစေ···။

"ကိုကို ခဏကိုင်ထားပေးစမ်းကွယ်"

လှိုင်က သူ့နာရီဘူးကလေးကို ပေးသည်။ ကိုကိုက လှိုင့်လက်တွင်းမှ နာရီဘူးကလေးကို လှမ်းယူရင်းက လှိုင့်မျက်နှာကို အကဲခတ်လိုက်သည်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ကိုကိုက စိတ်ထဲကတွေးနေသည်။ လှိုင့်စိတ်တွေ လှုပ်ရှားနေတာတော့ သေချာသည်။ မဲမနှိုက်ခင်ကရော၊ မဲနှိုက်စဉ် နာရီပေါက်သည့်အခါမှာရော လှိုင့်စိတ်တွေ အရမ်းလှုပ်ရှားနေသည်ဆိုတာကို ကိုကိုရိပ်မိနေသည်။

လှိုင့်ရင်ဘတ်တည့်တည့်မှာ ရွှေဆွဲပြားကလေးရှိသည်။ ရွှေဒင်္ဂါးပြားကလေးကို လှိုင်ဆွဲထားသည်။ သည်ဒင်္ဂါးပြားကလေးက နိမ့်ချည်မြင့်ချည် လှုပ်ရှားနေသည်။

နောက်တစ်နေ့မနက် လှိုင်တို့အိမ်ရောက်တော့ "လှိုင်ခေါင်းမူးလို့ကွယ်"ဟု လှိုင့်မေမေက ပြောသည်။

"မနေ့က ဆုပေးပွဲက ပြန်လာပြီး ရေမိုးချိုး၊ ထမင်းတောင် နည်းနည်းပဲစားတယ်။ ခေါင်းမူးလို့ဆိုပြီး အစောကြီးအိပ်ရာဝင်တယ်လေ"

ကိုကို့စိတ်ထဲမှာ ထူးခြားနေသည်။ လှိုင်စိတ်လှုပ်ရှားတယ်ဆိုတာကို ရိပ်မိနေသလိုပင်။ ပြီးတော့လည်း လှိုင်က သိပ်စိတ်အားငယ်တတ်သည်။ ကြောက်တတ်တာမျိုးလည်းမဟုတ်။

"လှိုင် နားပါစေ ဒေါ်ဒေါ်။ မနေ့က ဆုပေးပွဲမှာ သူ့ စားပွဲတင်နာရီတစ်လုံး မဲပေါက်တယ်။ အဲဒီကတည်းက လှိုင် စိတ်လှုပ်ရှားနေတာ ကျွန်တော်မြင်ရတယ်။ ဒါကြောင့်ပဲ ဖြစ်မှာပါ"

## [ ၃ ]

သင်္ကြန်အကြိုနေ့မှာ ကိုကိုတို့ ပိတောက်ပင်ကြီးပွင့်သည်။ မီးမလင်းမီ အရုဏ်တက်၍ အရှေ့ဆီက ရောင်နီပျိုးကာဟည်းက ပိတောက်တွေ ပွင့်နေပြီလို့ ကိုကိုသိသည်။ ပိတောက်ရနံ့က တစ်ခြံလုံးလှိုင်နေသည် မဟုတ်လား။ ကိုကို အစောကြီးထသည်။ ပြီးတော့ မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်၊ အဝတ်အစားလဲပြီး မာလီကြီး နာရဆင်းကို ပြေးနှိုးသည်။ နာရဆင်းကိုနှိုးပြီး ပိတောက်ပင်ပေါ်တက်ခိုင်းသည်။ နာရဆင်းကလည်း ကိုကိုအစောကြီးလာနှိုးပြီဆိုတာနှင့် ပိတောက်ပန်းတွေ ခူးရတော့မှာကို သိနေသည်။ ကိုကို့စိတ်ကြိုက် ပိတောက်ခိုင်တွေကို ချိုးပေးသည်။ ထိန်ထိန်ဝါနေသော ပိတောက်ပန်းတစ်ပွေ့တစ်ပိုက်ကြီးနှင့် ကိုကိုက ဘွားဘွားထံသွားသည်။ ဘွားဘွားကြီးဘုရားတင်ဖို့ ပိတောက်ခက်တွေပေးသည်။ ဘွားဘွားကြီးက ကိုကို့ကို ဆုတွေပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့မြေးလေး • • ဘွားဘွားကို ပိတောက်ပန်းတွေ ကုသိုလ်ပြုတဲ့အတွက် အသက်ရှည်ပါစေ၊ အနာကင်းပါစေ၊ ရေအိုးအေးပြီး ပန်းလိုမွှေးပါစေကွယ်"

ပြီးတော့ ကိုကိုက မေမေ့ကိုလည်း ပိတောက်ခက်တွေ ပေးသည်။ မေမေပန်ဖို့၊ ညှော်ခန်းက ငွေဖလားကြီးထဲမှာ ထိုးဖို့လို့ဆိုသည်။ မေမေက ပြုံးပြုံးကြီးလုပ်ရင်းက -

"မိလှိုင်တို့အိမ်လည်း သွားပေးဦးလေ သားရယ်" လို့ ပြောသည်။

"ပေးမှာပါ မေမေရ" လို့ ကိုကိုက ဖြေသည်။

"ဩော် • • • မေမေက ငါ့သားလေး မိလှိုင်တို့အိမ် သွားမပေးမိမှာ စိုးလို့ပါကွယ်"

"ဟာ • • • မေမေကလည်း"

လှိုင်တို့အိမ်ကိုရောက်တော့ လှိုင့်ကို ညှော်ခန်းမှာတွေ့သည်။ လှိုင်က ကိုကိုဝင်အလာမှာ ငွေဖလားတစ်လုံးနှင့် ဖွမ်းခနဲ ရေလောင်းလိုက်သည်။ ပိတောက်ပန်းတွေ တစ်ပွေ့ကြီးနှင့်မို့ ကိုကိုတစ်ကိုယ်လုံး ရွှဲသွားသည်။ လှိုင့်ကို ပိတောက်ခက်တွေပေးတော့ ဘုရားတင်ဖို့သပ်သပ်၊ ညှော်ခန်းမှာထားဖို့သပ်သပ်၊ ပန်ဖို့သပ်သပ် ခွဲသည်။ ဘုရားပန်းတွေ လဲနေတုန်း ကိုကို့ကို ကော်ဖီကိုက်သည်။ ချိုချိုဆိမ့်ဆိမ့်လေး။ ပေါင်မုန့်မီးကင် ထောပတ်သုတ်၊ ကြက်ဥမကျက်တကျက်ကြော်၊ ဝက်အူချောင်းကြော် ပါးပါးကလေး လှီးထားသည်။ ပိတောက်ပွင့်ရင် ကိုကိုလာမှာ သိထားပြီးသား။ ကိုကိုလာရင် နံနက်စာ ဘယ်တော့မှ စားမလာဘဲ ပေါ်ဦးပေါ်ဖျား ပိတောက်ပန်းကို အလျင်ဆုံးပေးပြီးမှ လှိုင်တို့အိမ်မှာ ကော်ဖီသောက်နေကျ။

ကိုကို ကော်ဖီသောက်မပြီးခင်မှာ လှိုင်ညှော်ခန်းထဲသို့ ပြန်ရောက်လာသည်။ လှိုင့်ခေါင်းပေါ်မှာ ပိတောက်တွေဝေနေပြီး ရွှေဝါရောင်ပန်းပိတောက်တွေက နက်မှောင်သော လှိုင့်ဆံပင်တွေကို ဖုံးသွားအောင် နေရာယူထားသည်။ လှိုင့်မျက်နှာမှာ သနပ်ခါးရေကျဲကလေးသာ လူးထားသည်။ ပါးနှစ်ဖက်မှာ ပါးကွက်ကလေးကိုထူထူဖို့ထားတော့ လှိုင့်အသားဝင်းဝင်းလေးနှင့် အရမ်းလှနေသည်။

"ကိုကို • • • ပေါင်မုန့်စားဦးလေ။ တစ်ချပ်တည်းပဲ ရှိသေးတယ်။ ဝက်အူချောင်းကလည်း အရာတောင်မယွင်းသေးပါလား။ စားပါ ကိုကိုရဲ့"

"စားပါတယ် လှိုင်ရယ်။ ကိုကို ပေါင်မုန့်လေးချပ် စားတတ်တာ လှိုင်သိသားနဲ့။ လှိုင့်ကိုစောင့်နေတာ။ လှိုင်လည်း အတူတူစားလေ"

"စားမှာပါ။ လှိုင်တို့ပဲ ကျန်တာ။ ဖေဖေနဲ့မေမေက စားပြီးကြပြီ လှိုင်က ကိုကို့ကို စောင့်နေတာ"

လှိုင်စားတာကြည့်ပြီး ကိုကို အားမရပါ။ လှိုင်က ပေါင်မုန့်တစ်ချပ်ကို အကြာကြီးစားသည်။ ကြက်ဥကြော်ဆိုလည်း တစ်လုံးတည်းပါပဲ။ ကိုကိုပေါင်မုန့်သုံးချပ်ကုန်လို့ နောက်တစ်ချပ်ကို ထောပတ်သုတ်နေတော့မှ လှိုင့်ပေါင်မုန့်တစ်ချပ် ကုန်သည်။ ကိုကိုစားပြီး ပါးစပ်တွေ၊ လက်တွေ သုတ်နေတော့မှ ဒုတိယပေါင်မုန့်တစ်ချပ် စားသည်။

လှိုင်စားတာက ဖြည်းဖြည်းကလေး။ သိမ်သိမ်မွေ့မွေ့ကလေး။ ကိုကို အားမရနိုင်။ ဒါပေမယ့်လို့ လှိုင်က လှိုင့်ဟန်နဲ့လှိုင်ပဲဆိုတော့။

"စားစမ်းပါ လှိုင်ရဲ့၊ ပေါင်မုန့်လေးချပ် ကိုကိုကုန်ပြီ၊ ကြက်ဥကြော်နှစ်လုံးကွယ်။ ပြီးတော့ ကော်ဖီလည်း နှစ်ခွက်ကုန်ပြီ။ လှိုင် ခုထိ ကော်ဖီတောင် တစ်ငုံပဲ သောက်ရသေးတာ"

"စားပါတယ် ကိုကိုရဲ့၊ လှိုင်စားတာ နှေးတယ်။ ပြီးတော့ ကိုကို့ကို မီလာမှာပါ"

လှိုင့်ရယ်သံကလေးက တိုးတိုးကလေး။

ဩော် • • • လှိုင်ရယ်။ ကိုကို့ရင်ထဲက ဆိုမိသည်။ ဘာကြောင့်များ ဒီကလေးမ ဒီလောက် ညင်သာသိမ်မွေ့နေရပါလိမ့်၊ လှိုင်နှင့် ရင်းနှီးခင်မင်ခဲ့ကြသော ကာလကို ကိုကိုရေတွက်ကြည့်သည်။ ခုနစ်တန်းကစ၍ ယခုတက္ကသိုလ်ဝင်တန်းအထိ လေးနှစ်ရှိသွားပြီ၊ လေးနှစ်ဆိုသည့် ကာလက စင်စစ် သိပ်ပြီးကြာမြင့်လှသည်လို့ မဆိုနိုင်။ သို့တစေ သံယောဇဉ် အနှောင်အဖွဲ့တစ်ခုကို ခိုင်မြဲအောင်၊ ပျက်ပြားခြင်းငှာ မစွမ်းသာအောင် တည်ဆောက်ဖို့ လုံလောက်သောအချိန် ဖြစ်သည်။

ကောင်းကင်ပြာကြီးထဲက ကြယ်ကလေးတွေကိုပဲ ကြည့်၊ မှိတ်တုတ်မှိတ်တုတ် လင်းလက်ရင်းက အစဉ်ထာဝရ မပျောက်မပျက် လင်းလက်နိုင်ကြည်နေကြသည်။ လမိုက်ရက်များဆိုလျှင် သူတို့၏အလင်းရောင်က စကြဝဠာတစ်ခွင်မှာ ဝင်းပနေအောင် ထွန်းလင်းနေတတ်သည်။ ကျောင်း[illegible]ကြယ်

www.burmeseclassic.com

ပွင့်ကလေးနှစ်ခုနှယ်ဖြစ်သော ကိုကိုနှင့် လှိုင်တို့၏ ခိုင်ကျည်သော ရင်းနှီးခင်မင်မှုကလည်း ဟိုးကောင်းကင်ပြာထက်က ငွေကြယ်ပွင့်ကလေးများနှယ် အစဉ်ထွန်းလင်းနေသည်။ မခွဲမခွာ အတူရှိနေကြသည်။

သန့်စင်သော မေတ္တာတို့၏ သဘောက ဤသို့ဤနှယ်ပင်။ အပြန်အလှန် အထောက်အကူပြုသည်။ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီသည်၊ တစ်ယောက်ကိုတစ်ယောက် ကြင်နာသည်၊ စာနာစိတ်၊ ညှာတာစိတ်၊ တွယ်တာစိတ်များ ထားရှိပြီး မပျက်ပြယ်နိုင်သော သံယောဇဉ်ဖြင့် လက်ချင်းတွဲ၍ မြဲမြဲကိုင်ထားတတ်ကြသည်။

ကိုကိုက လှိုင့်အပေါ် ထာဝရ ထောက်ထားသည့်နည်းတူ လှိုင်ကလည်း ကိုကို့ကို အစဉ်ယုံစားအားကိုးသည်။

"သင်္ကြန်ရက်မှာ ရေကစားရမှာ လှိုင်စိတ်မပါဘူး ကိုကို။ လူများရင် လှိုင် အလိုလို စိတ်ပင်ပန်းပြီး မောမောလာတယ်။ ဒါကြောင့် ဒီနှစ် သင်္ကြန်ရက်မှာ စာဖတ်မယ်လို့ စိတ်ကူးထားတယ်။ ကိုကို့သူငယ်ချင်းတွေနဲ့ ကိုကိုလည်းချင်ရင် လည်နော်"

"ကိုကို့သူငယ်ချင်းတွေ ငွေစုပြီး ရေပက်ခံထွက်ကြမယ်လေ။ ကားကတော့ ဗိုလ်ပေါက်တို့ ဂျစ်ကားပဲ။ ဆီရော၊ ကားရော ဗိုလ်ပေါက်က ခံမယ်။ စားဖို့ သောက်ဖို့ကတော့ ကိုကိုတို့ တစ်ယောက်ကို လေးရာစီ ဆုတယ်လေ။ တစ်ရက်ကို တစ်ယောက်တစ်ရာနှုန်းပေါ့။ မိန်းကလေးထဲကဆို သက်သက်တို့၊ ထွေးထွေးရီတို့၊ ကြူကြူလည်း ပါမယ်။ ကြူကြူအစ်မ သန်းသန်းအေးလည်းပါမယ်လေ။ လှိုင်ပါရင်တော့ ပျော်စရာသိပ်ကောင်းမှာ"

"လှိုင် လိုက်ချင်ပါတယ် ကိုကိုရယ်။ ဒါပေမယ့် လှိုင်အရမ်းရင်ခုန်ပြီး မောမောနေလို့ ငြိမ်ငြိမ်ကလေးနေချင်လို့ပါ။ ကိုကိုပဲ ရေပက်ခံလည်ပါ ကိုကိုရယ်။ ကိုကိုတို့ကား ဘယ်တော့ထွက်ကြမလဲဟင်"

"၉ နာရီလောက်မှ စထွက်ဖြစ်မှာပါ။ အခု လူလျှောက်စုနေပြီလေ။ ဗိုလ်ပေါက်နဲ့ အဝိန်တို့ လိုက်ခေါ်နေကြပြီ။ လူစုံရင် ကိုကိုနဲ့ လှိုင့်ကို လာပြီးဝင်ခေါ်ကြလိမ့်မယ်"

လှိုင့်မျက်နှာကလေးက နေထိပန်းသို့နှယ် မလန်းမဆန်း ဖြစ်နေသည်။ နဖူးပြင်တွင် အတွန့်အရှုံ့လေး ဖြစ်သွားသည်။ တောက်ပသော မျက်လုံးများ အရောင်မှိန်သွားသည့်နှယ် ထင်ရသည်။ လှိုင်စဉ်းစားပြီး ဆုံးဖြတ်ရခက်နေသည်ဟု ကိုကိုရိပ်မိသည်။

"လှိုင်မလိုက်ချင်ရင်လည်း နေခဲ့ပေါ့။ ကိုကိုလည်း မလိုက်တော့ဘူး။ လှိုင်နဲ့အတူ စာဖတ်ကြမယ်။ လှိုင့်ကို ကိုကို အဖော်လာလုပ်ပေးမယ်လေ။ မကောင်းဘူးလား"

"ဟင့်အင်း . . . မကောင်းဘူး။ ကိုကိုတို့ သင်္ကြန်မှာ ရေပက်ခံထွက်ဖို့ စီစဉ်ထားပြီးသားမို့လား။ သွားရမှာပေါ့။ လှိုင့်ကိုထားခဲ့ပါ။ လှိုင်မလိုက်တော့တာနဲ့ ကိုကိုမနေရစ်ပါနဲ့"

"ရပါတယ်လှိုင်ရဲ့။ တော်ကြာ လှိုင်တစ်ယောက်တည်း ပျင်းနေမှာပေါ့။ မဟုတ်ဘူးလား။ ဒါကြောင့် ကိုကိုက လှိုင့်ကို အဖော်ရအောင် လာနေပေးမှာ"

"မနေပါနဲ့ ကိုကို။ လှိုင်က တစ်ယောက်တည်း စာဖတ်ချင်တာပါ။ ကိုကိုရှိနေရင် လှိုင် ဘယ်စာဖတ်ဖြစ်တော့မှာလဲ။ ကိုကိုနဲ့ထိုင်ပြီး စကားပြောနေမိတော့မှာပေါ့"

"အင်းလေ . . . စကားပြောနေတော့လည်း လှိုင်စိတ်ပြေလက်ပျောက်ရှိသွားမှာ။ ပျင်းလည်းမပျင်းတော့ဘူး။ ကျောင်းကစာတွေအကြောင်း ပြောကြမယ်။ အင်္ဂလိပ်စာ ဂရမ်မာကို ဆွေးနွေးကြမယ်။ မကောင်းဘူးလား။ စိတ်ဝင်စားစရာတောင် ဖြစ်မှာနော"

"ကိုကိုလိုက်သွားပါ။ လှိုင် စကားပြောရမှာလည်း မောလို့ပါ ကိုကိုရဲ့။ လှိုင်က တစ်ယောက်တည်းပဲ အေးအေးဆေးဆေး စာဖတ်ချင်လို့"

ကိုကို အတွန့်မတက်တော့။ လှိုင်ကတစ်ယောက်တည်း အေးအေးဆေးဆေး စာဖတ်ချင်တယ်ဆိုတော့လည်း လှိုင်စိတ်ကျေနပ်အောင် ဗိုလ်ပေါက်တို့နဲ့ လိုက်သွားရမှာပဲဟု ဆုံးဖြတ်လိုက်သည်။

"ကဲပါလေ⋯ကိုကိုပဲ လိုက်သွားတော့မယ်။ လှိုင် အေးအေးဆေးဆေး စာဖတ်၊ ဟုတ်ပြီလား"

ကိုကိုတို့နှစ်ယောက် ဧည့်ခန်းမှာ ထိုင်ပြီး စကားပြောမည်လို့ ဆိုတော့ ဆက်တိုက်များပေါ်ထိုင်မိခါမှ ဗိုလ်ပေါက်ဂျစ်ကား ရောက်လာသည်။ သူ့ကားသံကို အဝေးကြီးက ကြားရလေ့ရှိသည်။ ဟွန်းကပါ အသံအက်နေသည်။ ပုစဉ်းရင်ကွဲအော်သံမျိုးထွက်သည်။ ကားကို ဆင်ဝင်အောက်မှာ ဝုန်းခနဲ ရှူးခနဲ ထိုးသံ



www.burmeseclassic.com

www.burmeseclassic.com

ထွက်အောင် ဆီလီဗာကို နှင်းသည်။

"ဟေး・・・ကိုကိုတို့၊ မိလှိုင်တို့ မပြီးကြသေးဘူးလား။ ထွက်ကြမယ်လေ။ နေမြင့်လှပြီဟေ့"

အီးပေါလော အဝေရာကြီး၏ အသံပြုပြုနှင့် အော်သံကို ကြားရသည်။

"ကဲ・・・ကိုကိုသွားတော့။ လှိုင်နေမကောင်းလို့ မလိုက်တဲ့အကြောင်း သူတို့ကို ကိုကိုပဲ ပြောပြလိုက်ပါကွယ်"

လှိုင်က ကိုကို့ကျောပြင်ကို တွန်းရင်း ကိုကို့ကိုပြော၏။

"အင်းပါ လှိုင်ရယ်။ ကိုကိုပြောလိုက်ပါ့မယ်။ ညနေပြန်လာရင် ကိုကိုလာခဲ့ဦးမယ်နော်"

"အင်းလေ・・・လာပေါ့။ လာပြီး ကိုကိုတို့ သကြံ့န်ရေပက်ခံတော့ တွေ့ရတဲ့အကြောင်း လှိုင့်ကိုပြန်ပြောပြလေ"

တဲ့・・တဲ့・・တဲ့・・တဲ့။ ဗိုလ်ပေါက်၏ ပုစဉ်းရင်ကွဲအော်သံလို ဟွန်းသံထွက်လာပြန်သည်။

"ကိုင်း・・・မြန်မြန်သွားလိုက်ပါ ကိုကိုရယ်"

သည်းဆာသည် မှိန်နေပြီ၊ အလင်းတန်းတို့ မိုးကုပ်စက်ဝိုင်းစွန်းတွင် အချို့အဝက် ကျန်ရှိနေသေး၍ အမှောင်ရောက်ရှိမလာသေးချေ။ ရေစကား၍ နှံ့နေစေကာမူ လှိုင့်ထံသို့ ကိုကိုလာခဲ့သည်။ ညနေစာကို တဝကြီးစားပြီးမှ လာခဲ့သည်။ တစ်နေ့တာ အစီရင်ခံချက်ကို လှိုင့်အားတင်ပြမည်။ ချစ်သူကို တင်ပြရတာ ရှက်စရာမှ မဟုတ်တာ။

"ကိုကို・・・လာ၊ ထမင်းစားလာခဲ့ပြီမဟုတ်လား။ လှိုင် လက်ဖက်သုပ်ထားတယ်။ ကိုကိုကြိုက်တဲ့ လွန်ဆံလည်းပါတယ်။ ရွှေပုစွန်ခြောက်ကိုလည်း အကောင်လိုက်မဟုတ်ဘဲ ထောင်းထားတယ်။ ကြက်သွန်ဖြူ ဥတစ်လုံးတွေကို လေးစိတ်ကွဲလှီးပြီး ငရုတ်သီးစိမ်းနဲ့ တွဲထားတယ်။ ထိုင်ပြီးတော့ ရေကစားတာ လှိုင့်ကိုပြောပြ"

[ ၄ ]

ညနေ။

လှသော ညနေ။ သည်လိုညနေမျိုးမှာ လှိုင်နှင့်ကိုကို စက်ဘီးတစ်စီးတည်း တူတူစီးလာသည်။ ကိုကိုက စက်ဘီးနင်းပြီး လှိုင်က ဘားတန်းပေါ်တွင် စီးလျက် လိုက်ပါလာသည်။ လှိုင်၏ နွေးသောကျောပြင်က ကိုကို့ရင်ခွင်ထဲမှာ မြုပ်ဝင်နေသည်။ လှိုင်၏ ဖြူဝင်းသော သင်းသင်းမွှေးမွှေး ကုပ်သားလေးကို စက်ဘီးကို အားစိုက်နင်းလိုက်သည့်အခါ မွှေးမိသွားသည်။

"ကိုကိုနော်၊ စက်ဘီးကို ကောင်းကောင်းနင်း"

"ကောင်းကောင်းနင်းနေတာပဲ လှိုင်ရဲ့"

"ကောင်းကောင်းနင်းတဲ့လူက ခေါင်းကို ဒါလောက်မငုံ့ရပါဘူးရှင်"

"လှိုင်ကလည်းကွယ်"

သည်ညနေကလေးကို ချစ်သူ့ညနေလို့ တင်စားဖို့ကောင်းမည်။ နေဝန်းက နီနေသည်။ စောစောက လိမ္မော်ရောင်တောက်နေသေးသည်။ ယခု ရဲရဲနီနေပြီး မကြာမီ နေဝင်သွားတော့မည်။ နေဝန်းနီ၏အလင်းရောင်သည် တောက်ပနေသည်။ ချစ်သူနှစ်ဦး၏ အရိပ်များပေါ်သို့တိုင် အနီရောင်များ လင်းလက်နေသည်။ ကျေးငှက်များ အုပ်စုဖွဲ့လျက် ဟိုးအမြင့်ကြီးပေါ်က ပျံသန်းသွားနေကြသည်။ နေမဝင်မီ အိပ်တန်းသို့အရောက် ပျံသန်းနေကြခြင်း ဖြစ်သည်။ ငွေဖျိုင်းဖြူတို့သည်လည်း လေဟုန်စီးခို ပျံသန်းသွားကြသည်။

အဝေးဆီတွင် လှမ်းမြင်ရသော မြစ်ပြင်မှ လှိုင်းကြက်ခွပ်ကလေးများက ငွေရောင်ပြိုးပြက်တောက်ပနေကြသည်။ လှမ်းကြည့်လိုက်သည့်အခိုက် မျက်စိအစုံကို ကျိန်းစပ်သွားစေသည်။

ရိုးမ၏ အစိမ်းရောင် အနားသတ်ထားသော မြင့်မားဝေသီသည့် ကောက်ကြောင်းက မိုးကုပ်စက်ဝိုင်းအတွင်း ထင်းထင်းကြီး ပေါ်လွင်နေသည်။

"မှိုင်းပြ မှိုင်းပြ ရီညို၊
ရိုးမကိုနောက်ခံထားလို့၊
တို့များမွေးဖွားခဲ့ရာ၊
ထိုရွာကလေးဆီ၊
နှစ်ရှည်လများ၊
ဝေးကွာခဲ့ရပြီမို့၊
တစ်ခေါက်တစ်ခါ
အရောက်လာခဲ့ပြီ။
လမ်းတစ်လျှောက်မှာလည်း၊
ပန်းမျိုးတစ်ရာဖူးပွင့်ဝေစီ၊
သာရကာကျေးငှက်တို့
မေးစက်ကြလို့ နေပြန်သေးသည်၊
ပန်းချီမင်ဆေး ဘယ်ရေးမမီ၊
တန့်တန့်ကြည်ကြည်၊
သန့်သန့်ကြည်ကြည်၊
တို့ရွာကလေး
ပြောင်းလဲနေပေပြီ။

ပြောင်းလဲနေသော ကိုကိုတို့ ချက်မြှုပ်ဇာတီ။ မြင်ရရုံမျှနှင့် ဘဝင်ခိုက်



www.burmeseclassic.com

www.burmeseclassic.com

ချမ်းမြေ့ ဝမ်းသာရပါသည်။ ရှေ့ဘုန်းက ကိုကိုတို့ရွာဦးကဘုရားအိုကလေးတစ်ဆူ။ ယခုမူ ထုံးဖြူဖွေးဖွေးနှင့် သပ်ရပ်လှပတင့်တယ်နေသည်။ သပ္ပာယ်ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

ဆရာတော် ဦးတိက္ခ၏ ကျောင်းကြီးသည်လည်း သပ်ရပ်ခံ့ညားသော တိုက်ကျောင်းကြီး ဖြစ်နေပြီ။ နှစ်တစ်လက်မ ကျွန်းသားတိုင်များဖြင့် သပ်ရပ်စွာ အနိုင်အခံ့ကာရံထားသော ကျောင်းစည်းရိုးနှင့်ဖြစ်သည်။ ခလောက်ကလေးများ။ ဒိုးဒေါင်သံပေးလျက် စားကျက်မှ ပြန်ဝင်လာသော နွားအုပ်များ အသော့ပြေးဝင်လာနေသည်။

တစ်ကောင့်တစ်ကောင် ကျော်ဖြတ်လျက် ဘွတ်အဲ···ဘွတ်အဲဟု အော်သွားကြသည်။ ကတ္တရာခင်းလမ်းမကြီးမှ ရွာသို့အဆင်းလမ်းထိပ်မှာ ကိုကိုနှင့်လှိုင်။ ဘယ်ခြေနှင့် မြေပြင်သို့ လှမ်းထောက်ရင်း စက်ဘီးပေါ်မှ ရွာရှုခင်းကို လှမ်းမြင်ရသည်။ နွားအုပ်နောက်မှ ဖုန်လုံးများ ရောနောလိုက်ပါသွားကြသည်။

စိမ်းစိုသော အုန်းပင်တို့က ရွာကို စီးမိုး၍ နေရာယူထားသည်။ အပွတ်ပွတ်အခိုင်ခိုင်သီးလျက်ရှိသည့် အုန်းသီးခိုင်များကား ပေါ်များလှဘိသည်။

“လှိုင် အုန်းရေသောက်မယ်နော်။ မမှောင်ခင် ရွာထဲဝင်ရအောင်။ လက်ကိုင်ကို မြဲမြဲကိုင်ထား။ အဆင်းဆိုတော့ ခဏလေးပါ”

“ဖြည်းဖြည်းစီးနော် ကိုကို၊ လှိုင်ကြောက်တယ်။ အဆင်းလမ်းက မတ်မတ်ကြီး”

“ကိစ္စမရှိပါဘူး လှိုင်ရဲ့၊ ကိုကိုဒီရွာမှာမွေးပြီး ဒီရွာက ကျောင်းတက်လာတာပါ။ စက်ဘီးနဲ့ ကျောင်းသွား၊ စက်ဘီးနဲ့ ကျောင်းပြန်၊ ဒီလမ်းကို ညကြီးမင်းကြီး မှောင်နေတာတောင် ကိုကိုစက်ဘီးနဲ့ ဆင်းနေကျ။ ဘာမှမစိုးရိမ်နဲ့။ လက်ကိုင်ကိုသာ မြဲမြဲကိုင်။ ဘရိတ်ကြားထဲ လက်မရောက်စေနဲ့ ညပ်သွားမယ်။ ကိုင်း···ဆင်းပြီ”

ကိုကိုက လမ်းမပေါ်မှ ရွာဆင်းလမ်းအတိုင်း စက်ဘီးကိုနင်း၍ ဆင်းလိုက်သည်။ အတန်ငယ် မတ်စောက်သောအဆင်းမို့ ဆင်းစမှာ စက်ဘီးက အရှိန်ပြင်းသည်။ ပြီးတော့မှ လမ်းက ပြန်ပြေသွားပြီး ရွာတွင်းသို့ မြေညီလမ်းအတိုင်း စီးသွားရသည်။

လေက တပူးပူးတိုးသည်။ လှိုင့်ဆံနွယ်ဆံစများ လေတိုးသည့်အရှိန်ကြောင့် တဖျတ်ဖျတ်လှုပ်ရှားလွင့်ပါးနေသည်။

“ဖြည်းဖြည်းစီးပါ ကိုကို။ ဘရိတ်နင်းပြီးဆင်း···ဆင်းပါ။ လှိုင်ရင်တွေခုန်လိုက်တာကွယ်”

လှိုင့်တိုးတိတ်ညင်သာသော အသံကလေးက ကိုကို့နားထဲသို့မဝင်။ လေတိုးနေသဖြင့် တဝီးဝီးအသံက လှိုင့်အသံကို လွှမ်းမိုးသွားသည်။ ရွာအဝင်မြေညီလမ်းအရောက် လှိုင်စကားမပြောနိုင်တော့။ မောနေပြီ။

“ကို·· ကို···လှိုင်မောလိုက်တာ ကိုကိုရယ်”

ကိုကို ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။စက်ဘီးကို နင်းနေရင်းက ရင်ခွင်ထဲရှိ လှိုင့်ကို ငုံ့ကြည့်မိသည်။ လှိုင့်မျက်လုံးများ မှေးစင်းနေသည်။ ရင်က ခုန်နေသည်။ အသက်ရှူသံက မြန်သည်။ ကိုကိုတို့ ဒွေးလေးတို့အိမ်ဆင်ဝင်အောက်ရှိ ကွပ်ပျစ်ပေါ်မှာ လှိုင့်ကိုအသာအယာချရင်း ခေါင်းအုံးသုံးလုံးဆင့်ပြီး မှီထားစေရသည်။ ရေအေးအေးတစ်ခွက်တိုက်လိုက်တော့မှ လှိုင့်ရင်အတုန် သက်သာသွားသည်။ ဒွေးလေးခင်ပွန်း ဘကြီးမြင့်က စောစောကမှ ချထားသော အုန်းသီးခိုင်မှ အုန်းသီးနုနုများ ခွဲပေးသည်။ ရှတတ အုန်းစိမ်းရည်က လှိုင့်စိတ်ကို ငြိမ်သွားစေသည်။ ငွန်းနှင့်ခြစ်၍ထည့်ထားသော အုန်းသီးဖတ်ကလေးများက လျှာဖျားမှာချိုပြီး လည်ချောင်းတွင်းသို့ ပျော်ဝင်သွားသည်။

“လှိုင် သက်သာသွားပြီလားဟင်။ လှိုင်က သိပ်မောတတ်တာပဲကွယ်။ အလကားနေရင်း ကြောက်နေတာ။ ကိုကို ဒီလမ်းကို စီးနေကျပါလှိုင်ရဲ့”

“ကိုကို့ကို ယုံပါတယ်။ ဒါပေမယ့် ဘာဖြစ်လို့မှန်းမသိဘူး။ အလိုလိုမောလာတယ် ကိုကိုရယ်။ လှိုင် ဒီလိုမျိုး ခဏခဏဖြစ်တာ”

လှိုင့်အဒေါ် ဒေါ်မေကြည်ကလည်းပြောသည်။ လှိုင်က ဒီလိုပဲ မောတတ်တယ်လေတဲ့။

“အိမ်မှာလည်း ဒီလို ခဏခဏ မောတတ်တာ။ ခေါင်မိုးပေါ်က ပူစီမ မိဝါ ခုန်ချတာကိုလည်း မောတာပဲ။ တိုးလုံနဲ့ လမ်းမက ဖြတ်ပြေးတဲ့ခွေးကျားနှစ်ကောင် ကိုက်တုန်းကလည်း သူမှာ မောနေတာပဲ”

“ကိုင်းပါ၊ အမောပြေရင် ညစာစားရအောင်။ ဒွေးလေးရွာကို လာလည်တုန်း ဒွေးလေးကလည်း ကိုယ့်တူမချော



www.burmeseclassic.com

www.burmeseclassic.com

ကို အားရပါးရ ကျွေးချင်သေးတယ်။ ကဲ...လာကြ၊ စားကြရအောင်"

ရေနံမှုန်အိမ်မီးရောင်က တစ်အိမ်လုံး လင်းနေသည်။ ရှုရသော အောက်လင်းမီးက ခြံဝိုင်းထဲရှိတိုင်မှာ ချိတ်ဆွဲထားသည်။ ကိုကို့မွေးဇာတိ ရွာကလေးဆီ ကိုကိုရော လှိုင်ရော လှိုင့်အဒေါ်ပါ လာရောက်လည်ပတ်ခြင်းဖြစ်သည်။ တက္ကသိုလ်ဝင်တန်းကို နှစ်ယောက်လုံး အောင်မြင်သည်။ ပြီးတော့ ကိုကိုနှင့် လှိုင်ကို နှစ်ဖက်မိဘများက သဘောတူ စေ့စပ်ပေးထားကြသည်။

လှိုင်နှင့် ကိုကိုတို့၏ ချစ်ခရီးလမ်းက ပန်းခင်းလမ်းနယ် ဖြူးဖြောင့်နေပါပြီ။ ဘွဲ့ရလျှင် လက်ထပ်ဖို့ နှစ်ဦးလုံး သဘောတူထားကြသည်။ ငယ်ကပင် ကျွမ်းခဲ့ကြသော ငယ်ကျွမ်းချစ်ဆွေနှစ်ဦး ပျော်နေကြသည်။ ငြိမ်းအေးသော ကိုကို့ဇာတိရွာကလေးကို လှိုင်ချစ်နေသည်။ ရိုးစင်းသော တောသူတောင်သားတို့၏ သဘာဝက မြို့ကြီးပြကြီးများနှင့် လားလားမျှ မတူ။ ဟန်ဆောင်မှု ကင်းသည်။ ရင်ထဲကအရှိကို အရင်းတိုင်း ချပြတတ်သည်။

"လှိုင်ပျော်တယ် ကိုကိုရယ်။ လှိုင်တို့လက်ထပ်ပြီးရင် ဒီမှာ လာနေကြရအောင်လားဟင်"

"အိုး...လှိုင်ကလည်း၊ ဘာလုပ်လာနေမှာလဲ။ ခဏတစ်ဖြုတ်တော့ ခုလိုပဲ တစ်ပတ်လောက် လာနေရင် ရတာပဲ မဟုတ်လား"

ဒီတော့လည်း လှိုင် ငြိမ်သွားသည်။ ဟုတ်တယ်လေ၊ လုပ်ငန်းတွေ၊ တာဝန်တွေက ရှိနေဦးမှာဆိုတော့ကာ။

## [ ၅ ]

သင်္ကြန်ရက် ရောက်ဦးတော့မည်။ တန်ခူးကိုကြိုသောမိုးက မရွာချင့်ရွာချင် ရွာချသည်။ ဖြိုးဖြိုးဖြောက်ဖြောက် မိုးစက်တို့ပါလေဟန်ရှိသည်။ ဖုတ်ပင်ဟုတ်တိပတ်တိ သိပ်မသွား။ ကျိုးတိုးကျဲတဲ မိုးစက်များက မြေပြင်မှာ ဟိုတစ်စက် သည်တစ်စက်။

သို့စေကာမူ ကိုကိုတို့ ခြံဝင်းထဲက ပိတောက်ပင်ကြီးက နှစ်စဉ်ပွင့်မြဲအတိုင်း ပွင့်သည်။ ကိုကို ပိတောက်ပွင့်ကြွေတွေကိုကြည့်ရင်း ရင်ထဲက တလှပ်လှပ် ဖြစ်လာသည်။ ခံစားမှုဆိုတာများကလည်း ထိလွယ်နိုက်လွယ် ရှိလှပါကလားကွယ်။ ကိုကို့ရင်ထဲမှာ သောကအထုအထည်နှင့် ရှိနေသည်ဆိုတော့ကာ အတိတ်က ဖြစ်ရပ်များကို သတိရမိတိုင်း ဝေဒနာက အသစ်အသစ်လို ပြန်ဖြစ်လာတတ်သည်။

နှစ်ပေါင်းကြာလှပါပြီ။ သို့စဉ်တိုင် ကိုကို့နှလုံးသားထဲမှာ လှိုင်ရှိနေဆဲပင်။ လှိုင်၏ တိုးတိတ်ညင်သာသော အသံကလေးများ ကိုကို့နားဝမှာ ကြားယောင်နေဆဲပင်။ စိတ်ကိုငြိမ်ငြိမ်ထားပြီး စဉ်းစားလိုက်လျှင်ပင် လှိုင့်ကိုယ်သင်းနံ့ကလေးများ ကိုကို့နှာဝမှာ သင်းပျံ့မွှေးကြိုင်လာသလို ထင်ရသည်။ လှိုင်က ကိုကို့ကို ဘယ်အချိန်ကာလအထိများ စိုးမိုးနေဦးမှာလဲကွယ်။

အဖြစ်ပေါင်းသည် နှစ်တွေ ညောင်းနေသည့်တိုင် မမေ့နိုင်အောင် ရှိရသည်။ လှိုင့်ကို တမလွန်သို့ရောက်အောင် ပို့ဆောင်ခဲ့သူက ကိုကိုကိုယ်တိုင်ပဲ မဟုတ်လား။ သေသောသူ

ရင်မေ့ ဆိုပေမယ်လို့ သေရတဲ့ လှိုင်က ကိုကို့ကြောင့် သေရတာမို့ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ဘဲ ရင်ထဲမှာ အငြ နင့်နေအောင်တွေး။ ကိုကိုဆွေးနေခဲ့ ပြီလေ။

ခုလို သင်္ကြန်အကြိုနေ့ပဲဖြစ် သည်။ ကိုကိုတို့ ပိတောက်ပင်ကြီး က နှစ်စဉ်ပွင့်မြဲအတိုင်း ရွှေဝါရောင် ပိတောက်များ တစ်ပင်လုံးဝေနေအောင် ပွင့်သည်။ အောက်ခြေ လူတစ်ရ အမြင့်က အကိုင်းအခက်များပါမကျ ပိတောက်ပွင့်တွေ ပြည့်လျှမ်းနေသည်။ လှိုင်အလွန်ပျော်သည်။ ကိုကို့လက် မောင်းကို တွဲမှီပြီး ပင်လုံးကျွတ် ဝေ ဆာအောင် ပွင့်နေသော ပိတောက်ပ တွေကို ကြည့်နေသည်။

"လှလိုက်တာ ကိုကိုရယ်။ ပြီ တော့ သိပ်မွှေးတာပဲနော်"

"ကိုကိုခူးပေးမယ်။ လှိုင်ပန် ကိုကိုခူးပေးမယ်။ လှိုင်သစ်ပင်အောက် ကစောင့်...ဟုတ်လား"

"ဖြစ်ပါ့မလား ကိုကိုရယ်။ ကို သစ်ပင်တက်တာ လှိုင်တစ်ခါမှ မတွေ့ ဖူးပါဘူး"

"ဖြစ်ပါတယ် လှိုင်ရဲ့။ ကိုကို တောသားပဲဟာ။ တောမှာ သစ် တက်နေကျပဲ။ လှိုင်မေ့နေပြီလား"

"ပြော်...အင်း။ ဟုတ်သား"

လှိုင့်အတွက် ကိုကိုသစ်ပင်ပေါ် ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ပိတောက်ပင်ကြီးကိုတက်သည်။ ရပ်ခန့်အမြင့်မှာ ပိတောက်ကိုင်းရှိသည် အောက်ဆုံးကိုင်းကိုလှမ်းခိုလျက် တစ်ကိုင်း။ ပြီးတော့ တစ်ကိုင်းတက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ လှိုင့်အတွက် အပွင့်ကြီးသော ပိတောက်ခက်တွေကို ချိုးချပေးသည်။ ပိတောက်ခက်တွေကို လိုက်လံကောက်ယူရင်း လှိုင်ပျော်နေသည်။ လှိုင့်လက်ထဲမှာ ပိတောက်တွေ ပြည့်နေပြီ။ လှိုင်ကောက်၍ မနိုင်တော့ပါ။

"တော်ပြီ ကိုကိုရယ်။ ပိတောက်တွေ အများကြီးပဲ။ ဆင်းခဲ့တော့။ ကိုကိုတက်နေတာ မြင့်လှပြီ"

လှိုင် စိုးရိမ်တကြီးပြောသည်။ ပိတောက်ပန်းကွေကိုပွေ့ရင်း သစ်ပင်ထက်မှ ကိုကို့ကို မော့ကြည့်သည်။

ကိုကို့စိတ်ထဲမှာ လှိုင့်ကို စချင်သည့်စိတ်ကူးတစ်ခု ခေါင်းထဲဝင်လာသည်။ သည်စိတ်ကူးကြောင့် တစ်ကိုင်းပြီးတစ်ကိုင်း နင်း၍ဆင်းလာသည်။

အောက်ဆုံးကိုင်းသို့ မရောက်မီ ပိတောက်ကိုင်းတစ်ကိုင်းကို နင်းသွဲ့လိုက်သည်။ ယင်းပိတောက်ကိုင်းမှ ခပ်သေးသေး အကိုင်းတစ်ကိုင်းကို ပြောင်းဆွဲလျက် ပိတောက်ကိုင်းကို နင်းလိုက်သည်။ လက်မောင်းလောက်မရှိတရှိ ပိတောက်ကိုင်းက ကိုကို့အလေးချိန်ကို မခံနိုင်ဘဲ ပြောင်းခနဲကျိုးသွားသည်။ ပိတောက်ကိုင်းကို ကိုင်ရင်း ကိုကိုပြုတ်ကျသွားသည်။

"ဟင်...ကိုကို၊ ကိုကို လိမ့်ကျပြီ...လိမ့်ကျပြီ။ အမယ်လေး ကို.."

ပိတောက်ပင်အောက်မှ လှမ်းမော့ကြည့်နေသည့် လှိုင်က အသံကုန်အော်လိုက်သည်။ ပြီးနောက် ဆုံးအောင်ပင် မအော်နိုင်တော့ဘဲ မြေကြီးပေါ်သို့ ပုံရက်သား လဲကျသွားသည်။

ပိတောက်ကိုင်းကိုင်ရင်းက ပြုတ်ကျလာသည့် ကိုကိုက လက်ထဲမှ ပိတောက်ကိုင်းကိုလွှတ်၍ အောက်ဆုံးအခြေမှ ပိတောက်ကိုင်းကို လှမ်းနင်းလိုက်သည်။

ပြီးနောက် နင်းထားသောပိတောက်ကိုင်းမှတစ်ဆင့် မြေပြင်သို့ အသာအယာ ခုန်ချလိုက်သည်။ လှိုင့်ကို နောက်ချင်၍ ပိတောက်ကိုင်းကျိုးပြီးကျသွားသလို ဟန်ဆောင်လိုက်သော ကိုကို မြေပြင်သို့အရောက်မှာ လှိုင်ပုံ့ပုံ့ကလေး လဲနေပြီ။

"လှိုင်...လှိုင်...လှိုင်ရယ်။ ဘယ်လိုဖြစ်သွားတာတုံးကွယ်"

ကိုကို အရူးမီးဝိုင်းဖြစ်သွားသည်။ လှိုင့်ကိုပွေ့ပြီး အိမ်တွင်းသို့ ပြေးဝင်သည်။ လှစုံ၍ လှိုင့်အပါးသို့ အားလုံးရောက်ရှိချိန်မှာ လှိုင်နှလုံးခုန်နှေးလာသည်။ ကိုကိုတို့မိသားစုဆရာဝန်လည်းဖြစ်၊ ကိုကို့ဦးလေးလည်းဖြစ်သော ဒေါက်တာထွန်းသာရောက်လာသည့်အခါ၌မူ လှိုင်နှလုံးအခုန်ရပ်သွားပြီ။ သည်နောက် ကိုကိုတို့ကို လှိုင်မျက်ကွယ်ပြုသွားသည်။

"ကလေးမလေးက နှလုံးရောဂါရှိနေတယ်။ ပြီးတော့ ခံနိုင်ရည်အားလည်းနည်းတယ်။ အပြင်းအထန် ထိတ်လန့်စရာတစ်ခုခု ခုလိုတွေ့လိုက် ကြုံလိုက်ရတဲ့အတွက် သတိလစ်သွားတာပဲ။ ကျွန်တော်တို့ နောက်ကျသွားပါပြီ"

## [ ၆ ]

ဝေဒနာဆိုသည်များက ရင်တွင်းမှာ အထုအထည်နှင့် ရှိနေသည့်တိုင် ယင်းဝေဒနာကို မမြင်ရတတ်နိုင်။ ဝေဒနာ၏အရွယ်ပမာဏကိုလည်း ခန့်မှန်းခြင်း မပြုနိုင်။ ဝေဒနာကို ကိုယ်တိုင်ခံစားနေရသူသာ ဝေဒနာ၏ ဖိစီးနှိပ်စက်ခြင်းကို သည်းအူခင်ပြတ် ခံစားရသည်။ ဝေဒနာအထုအထည် အရွယ်အစား ကြီးမားလေလေ ဖိစီးနှိပ်စက်မှုဒဏ်ရာ ပြင်းထန်လေလေ ဖြစ်သည်။ ကိုကို့ဝေဒနာပျောက်ဖို့ ပိတောက်မျိုးတုံးမှ ဖြစ်နိုင်ပါလိမ့်မည်။ ပိတောက်က နှစ်စဉ်တကျူးသည့် လတန်ခူးမှာ ပွင့်နေကျဆိုတော့ကာ ကိုကို့မှာ ဝေဒနာအသစ်တို့ တစ်နှစ်ပြီးတစ်နှစ် ဖြစ်တည်လာရသည်။ ရင်တွင်းမှာ ပွားစည်လာနေသော လှိုင့်အတွက် ခံစားရသည့် သောကပရိဒေဝတို့ လွှင့်ပြယ်လေမလားရယ်လို့ တမလွန်မှာရောက်ရှိနေတဲ့ လှိုင့်ကို ကိုကိုမေးချင်ပါရဲ့ လှိုင်။ ပိတောက်ကိုချစ်လို့ လှိုင့်ကို ကိုကိုဆုံးရှုံးခဲ့ရတာမို့ ပိတောက်ဆိုတဲ့ ပန်းတစ္ဆေကလွဲပြီးတော့လေ....။


"ဘယ်ပန်းကြိုက်သလဲ ခင်လေးကိုတဲ့ မောင်ပန်းပေးမယ်။ ဇလပ်တာရယ်၊ ဇီဇဝါရယ်၊ ခတ္တာရယ်၊ ခွာညိုရယ်၊ စွယ်တော်မြတ်လေး တိုက်ပန်းလှတယ်၊ ရောင်စုံနန်းတော်ဝင် ပန်းသဇင်ရယ်.. နှင်းဆီရယ်...သင်းကြည်တယ်၊ ပန်းကုံကော်နဲ့ သရဖီ၊ အင်ကြင်း၊ မဉ္ဇူသော်က၊ ဒေါနကြက်ရုံး မက်မဆုံးတယ် လှရာရာကိုယ်တိုင်ရွေးလို့ ပန်ပေးပါ့မယ် ပန်ပေးပါ့မယ်ကွယ်..."လို့။

လှိုင် ပြေပါဦးလား လှိုင်ရယ်..။

**ခင်မောင်အေး(မန္တလေး)**

www.burmeseclassic.com

www.burmeseclassic.com



■ မေဇွတ္တာရှင်မောင်မဲခေါင်

# ရေလမ်းခရီးနှင့် သိကြားတံဆိပ် ခတ်နှိပ်သောအကွာရာ

ကျွန်တော်ငယ်စဉ်က လွန်စွာ နှစ်သက်ခဲ့သော ကစားနည်းတစ်ခုမှာ စက္ကူကို လှေပုံချိုး၍ ရေတွင် လွှတ်ကစားခြင်းပင် ဖြစ်ပေ၏။ ရေစီးအတိုင်း တရွေ့ရွေ့ မျောပါသွားသော စက္ကူလှေကလေးကိုကြည့်ရင်း ကျွန်တော်ကိုယ်တိုင် ထိုလှေကလေးနှင့် စီးနင်းလိုက်ပါသွားခဲ့သယောင် ခံစားခဲ့ရဖူး၏။ ထို့နောက် ဖခင်ဖြစ်သူ ပြုလုပ်ပေးသော စက္ကူရွက်တပ် သစ်သားလှေကလေးကိုလည်းကောင်း၊ သံဖြူဆိုင်မှဝယ်ခဲ့သော ဖယောင်းတိုင်မီးဖြင့် အပူပေး၍ ရေနွေးငွေ့ကို တွန်းကန်အားအဖြစ် အသုံးပြုရွေ့လျားစေသည့် သွပ်ပြားလှေကလေးကိုလည်းကောင်း ရေတွင် လွှတ်ကစားရင်း အပျော်ကြီးပျော်ခဲ့ဖူး၏။

ကျွန်တော် ငယ်ဘဝက အပျော်ဆုံး နေ့ကလေးတစ်နေ့မှာ ရိုမုဒ်ခေါ် အဝေးထိန်းခလုတ်ဖြင့် ရေတွင်ပြေးလွှား ရွေ့လျားနိုင်သော နိုင်ငံခြားဖြစ် မော်တော်ဘုတ်အသေးစားကလေး ရရှိခဲ့သော နေ့ပင်ဖြစ်ပေ၏။ လှေကလေးများကို စိတ်ဝင်စားတတ်မှန်းသိသော ကျွန်တော့်အတွက် ၁၀ နှစ်ပြည့် မွေးနေ့လက်ဆောင်အဖြစ် ဖခင်ဖြစ်သူက ဝယ်ယူပေးခဲ့ခြင်းပေတည်း။ တစ်ခါသော်

ဖခင်ဖြစ်သူနှင့်အတူ ရန်ကုန်ဆိပ်ကမ်းသို့ လိုက်သွား ရောမ ပင်လယ်ကူးသင်္ဘောကြီးများကို တွေ့ရသ ခဏ၌ ကျွန်တော့်ရင်သည် ရည်းစားဦးနှင့် တွေ့ရ ပမာ တဒိတ်ဒိတ် လှုပ်ခုန်နေခဲ့ဖူးကြောင်း ကောင်း မှတ်မိနေသေးတော့၏။ ထိုစဉ်က ကျွန်တော် တွေး သော အတွေးတစ်ခုမှာ သံချောင်းတစ်ချောင်းသ ရေတွင် အလွယ်တကူ နစ်မြုပ်နိုင်ပါလျက် သံထ ပေါင်းများစွာဖြင့် ပြုလုပ်ထားသော သင်္ဘောကြီး အဘယ်ကြောင့် ရေပေါ်မှာ သွားလာနိုင်ရသလဲဆိုသ အချက်ပင် ဖြစ်ပေ၏။ ကျောင်းတွင် 'အာခိမိဒီ'နိယာ သင်ကြားရသည့် အရွယ်ရောက်လာမှ ထိုအဖြေ သိသယောင်ယောင် ရှိခဲ့ရပါသည်။

ကျွန်တော်အရွယ်ရောက်လာသည့်အခါ သင် များနှင့် ပတ်သက်၍ လက်လှမ်းမီသလောက် လေ့ ဖြစ်တော့၏။ ရှေးအတီတေကာလက လူတို့ ခရီးသွ လာကြသည့်အခါ ရေကြောင်းခရီးကို အဓိက အသုံးပြုခဲ့ကြသည် ဆိုပေ၏။ ထိုအတွက် ရေ သွားလာနိုင်သော လှေများ၊ ဖောင်များ စတင် ဟန် တူ၏။ ထို့နောက် လေအားကို အသုံးပြုလ



www.burmeseclassic.com

www.burmeseclassic.com

သွားလာရသော ရွက်တပ်လှေကြီးများ၊ ထိုမှ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာခဲ့ရာ ရေနွေးငွေ့သုံး မီးသင်္ဘောများ၊ ခေတ်မီအင်ဂျင်သုံး သင်္ဘောကြီးများ၊ ယခု မျက်မှောက်ကာလ၌ ခေတ်မီ အီလက်ထရောနစ်ကိရိယာများ အသုံးပြုသွားလာနိုင်သည်အထိ ပြောင်းလဲလာခဲ့ပေ၏။

ထိုသို့ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာပုံမှာလည်း စိတ်ဝင်စားဖွယ် ကောင်းပေ၏။ အမှန်အားဖြင့် ၁၈ ရာစု နှောင်းပိုင်းရောက်မှ ရေနွေးငွေ့သုံး မီးသင်္ဘောများကို စမ်းသပ်ဆောက်လုပ်နိုင်ခဲ့ကြခြင်း ဖြစ်၏။ အစောပိုင်း ကာလတစ်လျှောက်၌ ရွက်ပေါင်းများစွာ တပ်ဆင်လျက် လေအားကို အသုံးပြုရသော သင်္ဘောများသာ ခေတ်အမီဆုံးဖြစ်ခဲ့သည်။ ၁၉ ရာစု သို့အဝင် ၁၈၁၉ ခုနှစ် ရောက်မှသာ ရေနွေးငွေ့သုံး သင်္ဘောတစ်စင်း အတ္တလန္တိတ်သမုဒ္ဒရာကို ပထမဆုံး ဖြတ်သန်းနိုင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပေ၏။ ထိုသင်္ဘော၏ အမည်မှာ 'ဆာဗန်းနား'ဖြစ်၍ အမေရိကန်နိုင်ငံတွင် တည်ဆောက်ခဲ့သည်။

ရေနွေးငွေ့သုံး ပင်လယ်ကူး သင်္ဘောကြီးတစ်စင်းကို အမြန်နှုန်းဖြင့် ခုတ်မောင်းစေမည်ဆိုပါက ၂၄ နာရီအတွင်း ကျောက်မီးသွေးတန်ချိန် ၁၀၀၀ ခန့် ကုန်ကျဖွယ်ရှိကြောင်း သိရ၏။ ထိုမှတစ်ဆင့် ရေနံ၊ ဒီဇယ်လောင်စာဖြင့် မောင်းနှင်နိုင်သော အင်ဂျင်စက်တပ်သင်္ဘောများ တီထွင်နိုင်ခဲ့ကြ၏။

ကမ္ဘာပေါ်တွင် အကြီးဆုံး၊ အမြန်ဆုံးနှင့် အခမ်းနားဆုံး သင်္ဘောကြီးများအနက် ပြင်သစ်မှ 'ပြင်သစ်သင်္ဘောကြီး' (တန်ချိန် ၆၆၃၄၈)၊ ဗြိတိန်မှ 'ကွင်းအယ်လစ်ဘက်-၂' (တန်ချိန် ၆၅၈၆၃)၊ အီတလီနိုင်ငံမှ 'ရက်ဖာအယ်လိုသင်္ဘောကြီး'(တန်ချိန် ၄၅၉၃၃)တို့ ဖြစ်ကြသည်။

ထိုသို့ လူစီးသင်္ဘောနှင့် ကုန်တင်သင်္ဘောများ တစ်ဆင့်ပြီးတစ်ဆင့် တီထွင်ကြံဆ လုပ်ဆောင်လာခဲ့ရာမှ အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်၊ ကမ္ဒင်မြို့တွင် ပထမဆုံး အနုမြူစွမ်းအင်သုံး ကုန်တင်သင်္ဘောဖြစ်သော 'N-S ဆားဗားနား'ကို (၁၉၅၉) ခုနှစ်၊ ဇူလိုင် ၂၁ ရက်နေ့က ရေချနိုင်ခဲ့သည် ဆိုပေ၏။ မျက်မှောက်ခေတ် သင်္ဘောကြီးများတည်ဆောက်မှုလုပ်ငန်းမှာ အံ့မခန်းဖွယ်ရှိလှ၏။ အချို့သော ခရီးသည်တင် ပင်လယ်ကူးသင်္ဘောကြီးများတွင် အထပ်ပေါင်း ၁၂ ထပ်ထိပါပြီး မြို့ပြအသေးစားသဖွယ် တည်ဆောက်ထားကြသဖြင့် 'ရေပေါ်နန်းတော်'ဟူ၍ပင် ခေါ်စမှတ်ပြုကြပေ၏။

မကြာမီ ကာလက 'တိုင်တန်းနစ်'ဟူသော ရုပ်ရှင်ကို ကျွန်တော် ကြည့်ဖြစ်ခဲ့၏။ တိုင်တန်းနစ်ဟု အမည်ပေးထားသော ဧရာမဇိမ်ခံသင်္ဘောကြီး ရေခဲတောင်ဖြင့် တိုက်မိရာမှ ပင်လယ်အောက်သို့ နစ်မြုပ်သွားခဲ့ရပုံအကြောင်း တကယ့်ဖြစ်ရပ်မှန် ရုပ်ရှင်ကားကြီးဖြစ်ပေ၏။ သင်္ဘောပေါ်တွင်ပါလာသော ခရီးသည်ပေါင်း မြောက်မြားစွာ အသက်ဆုံးရှုံးခဲ့ရပုံများ ပီပြင်စွာရိုက်ကူးပြသခဲ့ရာ လွန်စွာကြေကွဲထိခိုက်ဖွယ် ကောင်းလှ၏။ ရေခဲရေသဖွယ် အေးစက်သော ပင်လယ်ရေတွင်း ခရီးသည်များ ကူကယ်ရာမဲ့ နစ်မြုပ်သေဆုံးရပုံကို ကြည့်ရင်း စိတ်နှလုံးထိခိုက် တုန်လှုပ်ခြင်းလည်း ဖြစ်မိပေ၏။ မည်မျှအထိ ထိတ်လန့်မိသနည်းဆိုသော် နောင်အခါ ရေလမ်းခရီးသွားရန် ကြုံကြိုက်သည့်အခါတိုင်း သင်္ဘောစီးရမည်ကို စိတ်မရဲနိုင်အောင် ဖြစ်မိ၏။ ယခုနေရာတွင် အကြောင်းတိုက်ဆိုင်လာသည့်အတွက် ရေလမ်းခရီးသွားလာသည့်အခါ အန္တရာယ်ကင်းရွတ်ဆိုရမည့် ဂါထာတစ်ပုဒ်အား ဖော်ပြလိုပေသည်။

ဟောမိစိန္တာ
အာသောမာဝ
ဥဝဟာနိ
သမ္ဗုဒ္ဓေနဿ

ဟူသော ဂါထာဖြစ်ပေ၏။ အဆိုပါ ဂါထာကို 'လေးရှေ့ဘုရား၊ လေးတံခါးက သိမ်ကြီးအကျွန်ရှေ့ တံဆိပ်စာ' ဟု ဆရာဦးဆန်းထွန်း(မန်းတက္ကသိုလ်)က ရှင်းပြဖူးပါသည်။

ရတနာပူရ အင်းဝမြို့ကို ဗဟိုထား၍ အရှ

www.burmeseclassic.com

တံခါး ရွှေစာရံစေတီတော်၊ အနောက်တံခါး ပုဂံရွှေစည်းခုံစေတီတော်၊ တောင်ဘက်တံခါး ရွှေရင်မျော်စေတီတော်၊ မြောက်ဘက်တံခါး သီဟတောစေတီတော်တို့ဖြစ်ပြီး 'ကျော်လေးဆူ'ဟူ၍ ရှေးသူဟောင်းတို့ အမှတ်အသား ပြုကြကြောင်း ရွှေစာရံစေတီကို 'ဗောဓိစိန္တာ'၊ ပုဂံရွှေစည်းခုံစေတီတော်ကို 'အာသောမာဝေ'၊ ရွှေရင်မျော စေတီတော်ကို 'ဥဝဟနိ'၊ သီဟတောစေတီတော်ကို 'သမ္ဗုဒ္ဓေယ' ဟူ၍ သိကြားမင်းက တံဆိပ်အက္ခရာနှိပ်ခဲ့ကြောင်း၊ ရှေးအခါက မြန်မာတို့ရေကြောင်းခရီး ကုန်းတင်လှေကြီးများဖြင့် သွားလာကြသည့်အခါ 'အာ သော မာ ဝေ' စသော သိကြားအက္ခရာ တံဆိပ်စာများကို လှေကြီးများ၏ အမြင့်အမြတ်ဖြစ်သော ရွက်များတွင် ရေးမှတ်ထားကြခြင်းဖြင့် ဘေးအန္တရာယ်ကင်းအောင်၊ အရောင်းအဝယ်လာဘ်ပွင့်အောင် ဆောင်ရွက်ကြလေ့ရှိကြောင်း ကျွန်တော် မှတ်သားဖူးပေ၏။

### ဗောဓိစိန္တာ ရွှေစာရံစေတီတော်

ဗော စေတဗ္ဗေ ဝိစက္ခန္တော
မိ ရေနာနာ ဥပါယတော
စိ န္တောတွာ ဝိနေ တိယောတံ
တာ ဏံ လေဏ နမေသဒါ
ပုညေနာနေန သဗ္ဗမှိ
သမိဇ္ဈတု ယထိစ္ဆိတံ။

### အာ သော မာ ဝ ပုဂံရွှေစည်းခုံစေတီတော်

အာ ဘဝဂ္ဂ အဝိစိတော
သော ဘဂ္ဂဂုဏပဋ္ဌင့်
မာ ရဇေယဂုဏံဝန္ဒေ
ဝ ရံ သဗ္ဗေမှိဒါယကံ
ပုညေနာနေန သဗ္ဗမှိ
သမိဇ္ဈတု ယထိစ္ဆိတံ။

### ဥ ဝ ဟ နိ ရွှေရင်မျော်စေတီတော်

ဥ ပဂန္တာ နိမ္မိတေန
ဝ ရဝေသေန နေကဓာ
ဟ ရန္တံ သာဓုပူသာဒံ
နိ ရဂ်ဏံ နမေသဒါ
ပုညေနာနေန သဗ္ဗမှိ
သမိဇ္ဈတု ယထိစ္ဆိတံ။

### သမ္ဗု ဒ္ဓေ ယံ အညာသိဟတောစေတီတော်

သ မ္ဗာသာမဂ္ဂ ဥဇယျံယော
ဗု ဒ္ဓိတွာန ဝိသာရဒံ
ဒ္ဓေ တိလောကေ သီဟနာဒံ
ယံ သသိံတံ သဒါနမေ
ပုညေနာနေန သဗ္ဗမှိ
သမိဇ္ဈတု ယထိစ္ဆိတံ။

ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၏ အဆိုအရသော် ကုန်းကြောင်းခရီးဖြစ်စေ၊ ရေကြောင်းခရီးဖြစ်စေ၊ လေကြောင်းခရီးဖြစ်စေ မည်သည့်ခရီးသို့ သွားသည်ဖြစ်စေ

အရှေ့အရပ်သို့ သွားသောခရီးဖြစ်မူ 'ဗောဓိစိန္တာ' ကို အကြိမ်ကြိမ်အသံထွက်၍ ရွတ်ဆိုရန်။

တောင်အရပ်သို့ သွားသော ခရီးဖြစ်မူ 'ဥဝဟနိ' ကို အကြိမ်ကြိမ် အသံထွက်၍ ရွတ်ဆိုရန်။

မြောက်အရပ်သို့ သွားသောခရီးဖြစ်မူ 'သမ္ဗုဒ္ဓေ'ကို အကြိမ်ကြိမ် အသံထွက်၍ ရွတ်ဆိုရန်ဖြစ်ကြောင်း ဂါထာပါဠိအနက်ကို ကျက်မှတ်ရန် မလိုကြောင်း သိရှိရပါသည်။ ကောင်းသော ယုံကြည်မှုက ကောင်းသော အကျိုးပေးသည်ဟု ကျွန်တော်က ထပ်လောင်း အဆိုပြုချင်ပါသည်။

■ မေတ္တာရှင်မောင်ဖဲခိုင်



www.burmeseclassic.com

www.burmeseclassic.com

# အတုခန္ဓာ

## ကံအောင်(ဖားအောက်တောရ)

တရားထိုင်ချိန် အချိန်ပြည့်ပြီမို့ ရိပ်သာက တရားဝင် ယောဂီသူတော်စင် အပေါင်းတို့မှာ ရှုမှတ်တဲ့ အာနာပါန ကမ္မဋ္ဌာန်းကို ဆက်လက်ရှုပွားရင်း နေရာမှ အသာအယာ ထကာ ဓမ္မာရုံထဲက ထွက်လာကြ၏။ လူမမာလို ဖြည်း ဖြည်းလှမ်းလျက် စင်္ကြံလေးချ လှမ်းကြသည်။

သံချောင်းခေါက်သံကြောင့် အားလုံးသော ယောဂီ များအားလုံးလိုလို ထမလာကြ။ ဆက်လက်သမာဓိရသော ယောဂီတို့ ထိုင်၍ရှုမှတ်နေလေသည်။

ဘုရား၏ တရားမှတ်နည်းတိုင်း ကမ္မဋ္ဌာန်း ဆရာ တော်များ၏ မိန့်ကြားလမ်းစဉ်အတိုင်း မှတ်ပွားသည်။

တရားဉာဏ်တိုးလျှင်တိုးကြောင်း ယောဂီတိုင်း အချိန်နှင့် တရားလျှောက်ရန်မို့ ကမ္မဋ္ဌာန်းဆရာတော်ထံ ယောဂီများ တန်းစီ၍ တရားရရှိသည့်အတိုင်း တင်ပြ လျှောက်ကြရသည်။

တချို့ယောဂီသည် တရား လွန်စွာပင်ရှုမှတ်အား ကောင်းသည်။ အားရှိ၍ တရားလျှောက်တဲ့အခါ မှန်ကန် တိကျလျှောက်တော့ ကမ္မဋ္ဌာန်းဆရာတော်မှာ အံ့သြ လောက်အောင် ထိုယောဂီအား တရားဆက်လက် ရှုမှတ် နည်း ထပ်တိုး၍ အချိန်ပိုရှုပွားစေခိုင်းတတ်လေသည်။

ယောဂီတိုင်း တရားရှုကွက်ချင်းတူသော်လည်း ဉာဏ်တက်တာချင်း မတူညီပေ။

ထို့ကြောင့် . . .

တရားကို လိုချင်ကြသော ယောဂီတိုင်း အမှတ် စိပ်စိပ်ကို ကြိုးစားအားထုတ်လေသည်။

စကားပြောချင်သူဆိုလျှင် တရားရှုမှတ်ခြင်း နှေး ကွေး၍ ရှိသည်။ စကားပြောခြင်းနည်းသော ယောဂီမှသာ လျှင်မြန်သော ဉာဏ်စဉ်အတက်မြန်သည်။ ဒါကို ယောဂီ သူတော်စင်တိုင်း သိကြပေသည်။

ရှေဦးဆရာတော်က မနက် ၈ နာရီမှာ အမျိုးသမီး ယောဂီတွေ တရားရှုမှတ် တိကျမှန်ကန်ခြင်းကို လျှောက် လျှင် ကြိုးစားအားထုတ်ဖို့ လမ်းဖွင့်သည်။ နေ့လယ် ၂ နာရီ အချိန် သီလရှင်ယောဂီတွေ တရားလျှောက်တာကို ချိန်ဆပြီး လမ်းခင်းပေးသည်။

ရှေဦးဆရာတော်က တရားလျှောက်တဲ့ ယောဂီ အပေါ် ကြည့်ပြီး ပိုင်းခြားထင်ထင် တင်ပြရှင်းပြနိုင်တဲ့ စွမ်းအင်အပြည့်ရှိတာ လေ့လာမိသည်။

ကျွန်ုပ်က အမျိုးသားယောဂီအနေနဲ့ မနက်ပိုင်း ၈ နာရီအချိန်မှာ အမျိုးသမီးယောဂီကို ကပ္ပိယလုပ်ရသည်။

ရုပ်ရလျှင် ဝေဒနာခံစားရမည်။ အဲဒါကြောင့် ဘုရား ဟောကြားနည်းနှင့် သစ္စာလေးပါးကို အခြေခံပြီး ယောဂီတို့ ကျင့်ကြံကြိုးကုတ်ကြဖို့ ရှေဦးဆရာတော်က လပြည့်လကွယ် နေ့ရက်မှာ ဟောကြားတော်မူပါသည်။

သစ္စာလေးပါးကို အာရုံပြုပြီး နေ့စဉ် တရားရှုမှတ် ပွားများတာ နှစ်မနည်းတော့ဘူးလို့ ပြောရင်ယုံလားမသိ။

ဟုတ်သည်။ ဘုရားအဖမ္ဘကတော့ တရားအား ထုတ်ဖို့ ထားခဲ့သည်။ ဒါကိုသိကြသော ယောဂီသူတော် ကောင်းတို့ နားလည်ကြပါလိမ့်မည်။ ကျွန်ုပ်ကတော့ ရိပ်သာခွဲဖြစ်တဲ့ သန်လျင်ဖားအောက် တောရရိပ်သာမှာပဲ လနှင့်ချီ ကြိုးစားအားထုတ်နေတုန်းပါပဲ။

အဲဒါကြောင့်မို့ . . .



www.burmeseclassic.com

www.burmeseclassic.com

အတုခန္ဓာဆိုတာ ပေါ်လာခဲ့သည်။ အတုလေ။ ကျွန်ုပ်တို့ခန္ဓာက အငှားခန္ဓာ။ အတု။ ဘုရားကိုယ်တိုင် တွေ့မြင်သည်။

ထို့ကြောင့် . . . လူသေသွားလျှင် ရုပ်ပဲကျန်သည်။

အဲဒါကြောင့် . . . အတုခန္ဓာဖြစ်သည်။

ခန္ဓာဆိုတာ တကယ်တမ်း မရှိပါဘဲ။ မရှိဘူးဆိုတာ ရုပ်ကြောင့် ခန္ဓာငါးပါး ဖြစ်သည်မဟုတ်လား။ ခန္ဓာရှိသော ပုဂ္ဂိုလ်တို့သည် ဒုက္ခဆိုတဲ့ ခန္ဓာကို တကယ်ရရှိနေသည်။ ဒါကို သုခလို့ ထင်နေကြသည်။ သုခမဟုတ်။

တရားကို များများအားထုတ်လေ အနှစ်သာရတွေ ရလိမ့်မည်။ ဆရာတော်တိုင်းကတော့ တရားဟောတိုင်း ဟောတိုင်း ဘုရားလမ်းစဉ်ဖြစ်တဲ့ ဘုရားတရားသာ ဖြစ်သည်။ ပါးစပ်ထဲက ရမ်းသန်း တွေ့ကရာ ဟောကြားပေး နေတာမဟုတ်။ ဒါကို ယောဂ်သူတော်စင်အားလုံး သိရှိရမည်။

တရားဟောကြားနေတဲ့ ဆရာတော်ကလည်း ကိုယ်တိုင်ကျင့်ကြံကြိုးကုတ် အားထုတ်ထားလို့ အသိကိုအသိ၊ အရှိကိုအရှိ တရားနာပရိသတ် ယောဂီတို့အား ရှင်းလင်း ပြောဆိုနိုင်ခဲ့သည်။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အင်မတန်မှ စိတ်ရောကိုယ်ပါ နူးညံ့ပျော့ပျောင်းတာဖြစ်သည်။

ခန္တီတရား လက်ကိုင်ထားသည်။ ခန္တီတရားရှိမှ အရာရာကို သည်းခံသည်။

ရသေ့တစ်ပါးသည် ဈာန်ပမာပတ် ဝင်စားနေသည်။ သူ့ရဲ့ခေါင်းပေါ်ကို နှာရည်ညှစ်၊ တံတွေးထွေး၊ ချေးပါချ၊ အညစ်အကြေးတွေ ခေါင်းပေါ်လောင်းချ။

သူ ဘာမှမပြော။ ဒေါသထွက်လာခြင်းမရှိ၊ ကျောက်ရုပ်လိုနေသည်။ အဲဒီအတိုင်း ဘုရားရဲ့တရားကို နှလုံးသွင်း အားထုတ်နေဆဲ။ နောက်တော့ ရသေ့ကြီးဟာ ရဟန္တာဖြစ်သည်။

အဲဒါကတော့ . . . ဖားအောက်တောရ ဆရာတော်ကြီးရဲ့ တရားခွေမှတစ်ဆင့် နာကြားရလို့ ဆောင်းပါး ရေးသားရင်း သတိရလို့ စာဖတ်ပရိသတ်တွေ ဗဟုသုတ ရရှိဖို့ ကုသိုလ်ပြုလိုက်တာပါ။ တရားအားထုတ်သည်မှာ အရာအားလုံးကိုနိုင်အောင် သည်းခံနိုင်ရမည်ဟု ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားသည်။

ကျွန်ုပ်သည် ခန္ဓာရရှိလို့ ဒီခန္ဓာကို မုန်းသည်။ မလိုချင်တော့ပေ။ မုန်းမိသည်။ ထို့ကြောင့် . . . တရားတိုက်မှာ တရားကို ရရှိသလောက်ကြိုးစားအားထုတ်ရင်း ဘုန်းကြီးတစ်ပါးအား ဆွမ်းကိစ္စအဝဝကို နိုင်တဲ့ဝန်နဲ့ ကုသိုလ်ပြုရင်း ဆောင်ရွက်သည်။

တရားအားထုတ်တဲ့ ယောဂီဟာ ပိန်ချုံးပြီး မျက်လုံးဟောက်ပက် ဖြစ်လာသည်။ တကယ်သိသာသည်။ ကျွန်ုပ်သည် အဲလိုတရားကို ကျင့်ကြံကြိုးကုတ်ဖို့ အမြဲအတုယူပြီး ကြိုးစားခဲ့သည်။

အတု ခန္ဓာကိုလည်း သိသည်။ သိအောင်လည်းနေသည်။ အမြဲတမ်း သတိကပ်လျက် တရားကို အတာတ်နိုင်ဆုံး ကပ်ထား၏။ စကားပြောနည်းအောင်လည်း ကြိုးစားသည်။ မျက်လုံးတွေလည်း ငြိမ်အောင်ကြိုးစားသည်။ ကိစ္စရှိမှ စကားပြောဖြစ်သည်။

တရား အားထုတ်တာ ဝဖို့မဟုတ်။ လှဖို့လည်း မဟုတ်။ ကိုယ်မှာ တရားရှိဖို့ပဲ ဖြစ်သည်။ နေ့စဉ် တရားနှလုံးသွင်းသည်။ လွှတ်တဲ့အခါလည်း ရှိသည်။ အင်း . . . လွှတ်တာက များသည်။ များများမဖြစ်အောင် စိတ်ကိုထိန်းသည်။ ရအောင်ထိန်းသည်။ ပုထုဇဉ်ဆိုတော့ စိတ်ကိုငြိမ်အောင် ကြိုးစားနေသည်။

ကျွန်ုပ်သည် အသက်အရွယ်ကြီးလာပြီဆိုတဲ့ အသိက ဝင်နေတော့ တရားဘက်သို့ ရအောင်ဆွဲယူသည်။ တရားစိတ်ပဲ ရအောင် ကြိုးစားနေသည်။

ဘာပဲလုပ်လုပ် ကိုယ်လုပ်မှ ကိုယ်ရသည်။ ဘုရားဟောထားသည်။ ကိုယ်စားမှ ကိုယ်ဝသည်။ ကိုယ်သွားမှ ကိုယ်ရောက်သည်။ ဟုတ်သည်။ ယုံသည်။ ဒါတွေဟာ ဘုရားရဲ့ တရားဆောင်ပုဒ်ပါပဲ။ အမြဲပဲ ကျွန်ုပ်နှလုံးသွင်းသည်။

ဆိုတော့ အဓိကက မိမိအသိထဲမှာ ကိုယ့်ရဲ့ခန္ဓာဟာ အတုလို့ပဲ သိရမည်။ အစစ်လို့ယူလျှင် ဒုက္ခ၊ သုခမဟုတ်ကြောင်း လက်ခံရမည်။ ဒီဆောင်းပါးကို စာတစ်ပိုဒ်သည် ကျွန်ုပ်ရဲ့ရင်ထဲက တရားနှလုံးနဲ့ တည်ဆောက်သည်။

ထို့ကြောင့် . . .

ကျန်းမာချမ်းသာကြပါစေ။

ကံအောင်(ဖားအောက်တောရ)



www.burmeseclassic.com

www.burmeseclassic.com


# ရုံးခန်း၊ အလုပ်ခန်း၊ ဈေးခန်း၊ ဆိုင်ခန်း
# တရုတ်ဂမ္ဘီရပညာ ဖုန်းရွှေပညာနှင့်အညီ
## ထားရှိပုံ၊ ထားရှိနည်း

ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ရုံးခန်း၊ အလုပ်ခန်း၊ ဆိုင်ခန်းများကို တရုတ်ဂမ္ဘီရဖုန်းရွှေပညာနှင့်အညီ စနစ်တကျထားရှိမှသာလျှင် လာဘ်ရွှင်၊ ကြီးပွား၊ စီးပွားတက်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်လေရာ အောက်တွင် ရုပ်ပုံနှင့်တကွ ဖော်ပြပါရှိသည့်အတိုင်း ထားရှိကြရမည် ဖြစ်ပါသည်။

ရုပ်ပုံ(၁) ။ ကုမ္ပဏီအုပ်ချုပ်ရေးမှူး၊ ညွှန်မှူး၊ မန်နေဂျာ၏ရုံးခန်း၊ အလုပ်ခန်း၊ အလုပ်စားပွဲကို လေအေးစက်အောက်တွင် မထားရ။ မထားကောင်းပါ။ လာဘ်ရွှင်ကြီးပွားရန်အတွက် ထိခိုက်တတ်၏။ လာဘ်တိတ်တတ်၏။ အထူးသတိနှင့် ဆင်ခြင်ပါလေ။ လေအေးစက်ကို ခပ်ဝေးဝေးထားပါ။

ရုပ်ပုံ(၁)






www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပုံ(၂)




ရုပ်ပုံ(၃)




ရုပ်ပုံ(၂) ။ ညွှန်မှူး၊ အုပ်ချုပ်ရေးမှူး၊ မန်နေဂျာ အစရှိသော ရုံးခန်း၊ အလုပ်စားပွဲခန်းကို သီးခြားအခန်း လုံထဲတွင် မထားရ။ ရုပ်ပုံတွင် ဖော်ပြထားသည့်အတိုင်း စာရေးစာချီများ အလုပ်လုပ်ပုံ၊ လှုပ်ရှားနေထိုင်ပုံတို့ကို မြင်သာ ရလေအောင် ထုတ်ချင်းပေါက်မြင်နိုင်စေရန်အလို့ငှာ ထားရှိကြ ရမည်။ လိုက်ကာ၊ လေကာချထားလျှင်လည်း တစ်ဝက်သာချ ထားသင့်ပါသည်။

ရုပ်ပုံ(၃) ။ ကုမ္ပဏီ၊ ဈေးဆိုင်၊ ဆိုင်ခန်း၊ ပွဲရုံ၊ ဈေးဒိုင် ဆိုင်းဘုတ် အသေးအကြီး ချိန်ဆပြီး တပ်ဆင်ကြရမည်။ သိပ်လည်းမကြီးစေရ၊ သိပ်လည်းမငယ်စေရ။ ဆိုင်းဘုတ် အသေးအကြီးသည် ဖောက်သည်၊ ဈေးသည်များအား ဖိတ် ခေါ်မှု၊ ဈေးသည် ဖောက်သည်များပြားဖို့အတွက် ပတ်သက် ဆက်နွယ်နေပါသည်။ သတိထားပါလေ။

ရုပ်ပုံ(၄)




ရုပ်ပုံ(၄) ။ ကုမ္ပဏီ၊ ဈေးဆိုင်၊ ဆိုင်ခန်း တံခါးပေါက် ကြီး အရှေ့တည့်တည့်တွင် အလံတိုင်၊ မျှော်စဉ် မထားကောင်း။ မစိုက်ကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပုံ(၅)



ရုပ်ပုံ(၅) ။ ကုမ္ပဏီ၊ ဈေးဆိုင်၊ ဆိုင်ခန်း၏ အိမ်ရှေ့တံခါးမကြီးသည် ကျွန်း၊ ပျဉ်းကတိုး၊ ဟံခါးမကြီးဖြစ်ရမည်။ တည့်တည့်မတ်မတ်၊ ခိုင်ခိုင်ခံ့ခံ့ ဖြစ်ရမည်။ မစောင်းမငြဲ့ မယိုင်စေရပါ။

ရုပ်ပုံ(၆)




ရုပ်ပုံ(၆) ။ ကုမ္ပဏီ၊ ဈေးဆိုင်၊ ဆိုင်ခန်း အိမ်ရှေ့ရှိ ရေမြောင်း ရေသေမဖြစ်စေရ။ ရေစီးကောင်းရမည်။ ရေမြောင်း မပိတ်စေရ။ ရေမြောင်းမစီး၊ ပိတ်ဆို့နေလျှင် လာဘ်တိတ် တတ်ပေသည်။

ရုပ်ပုံ(၇)



ရုပ်ပုံ(၇) ။ ကြီးပွားတိုးတက်၊ ဝင်ငွေကောင်း၊ လာဘ်ရွှင်ရန်အတွက် ငွေသေတ္တာ၊ အာမခံသေတ္တာတို့ကို လူမမြင်အောင်၊ လူမသိရလေအောင် ကုမ္ပဏီ၊ ဈေးဆိုင်၊ ဆိုင်ခန်း၊ အိမ်ရှေ့တံခါးမကြီး၏ အနီးအနားတွင် ထားထားကြရပေမည်။ အနောက်ခန်း၊ ကွယ်ရာ၌ မထားရ။ မထားကောင်း။ လာဘ်တိတ်တတ်၏။ သတိထားပါ။

ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**Ref:-**


တရုတ်နက္ခတ္တဗေဒင်ပညာ၊
ဂမ္ဘီရ ဖုန်းရွှေပညာကျမ်းငယ်၊
စင်ကာပူမြို့၊ ၂၀၀၃ ခုနှစ်။




www.burmeseclassic.com

www.burmeseclassic.com

## လာဘ်ရွှင်၊ ကြီးပွား၊ ဘေးရန်ကင်း၊ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာနေထိုင်နိုင်ရန်

# တရုတ်ဂမ္ဘီရပညာအရ ယတြာချေနည်း

တရုတ်ပြည်၊ ဟောင်ကောင်(ရှန်းကန်)၊ တိုင်ပေ(ထိုင်ဝမ်)၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ အရှေ့အာရှ၊ အရှေ့တောင်အာရှတွင် အများစုတို့က လာဘ်ရွှင်ကြီးပွား ဘေးအန္တရာယ်များကင်းရှင်းဖို့နှင့် ကျန်းမာ ချမ်းသာ၊ ပျော်ရွှင်စွာနေထိုင်နိုင်ရန်အလို့ငှာ ကွမ်ရင်မယ်တော်၊ ဘုရုတ်စစ်သူကြီးနတ်၊ ကွမ်ကုံး(ကွမ်တီရား)နှင့် အိမ်စောင့်နတ်တို့အား ပူဇော်ပသဆုတောင်းလျက်ရှိနေကြ၏။

ယင်းသို့ လာဘ်ရွှင်၊ ကြီးပွား၊ ဘေးကင်း၊ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာနေထိုင်နိုင်ရန် တရုတ်ဂမ္ဘီရပညာအရ အောက်တွင်ဖော်ပြပါရှိသည့် အတိုင်း ယတြာချေ ပူဇော်ပသကြရပေသည်။


(၁) လစဉ် လပြည့် ၁၅ ရက်တွင် အထက်ဖော်ပြပါ ကွမ်ရင်မယ်တော်၊ ကွမ်ကုံး၊ အိမ်စောင့်နတ်များအား ဆီမီး၊ ပန်း၊ အမွှေးတိုင်၊ သစ်သီးစုံများဖြင့် ပူဇော်ပသ ကန်တော့ရှိခိုးကြရပေမည်။

(၂) နှစ်စဉ် နှစ်ကုန်ခါနီး ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်စောစော အထက်ဖော်ပြပါ နတ်ဘုရားစင်တွင် လတ်ဆတ်သော ပန်းမန်(နှင်းဆီ၊ စံပယ်၊ သဇင်၊ ခတ္တာ၊ ဂမုန်း)၊ သစ်သီးဝလံမျိုးစုံ၊ လက်ဖက်ခြောက်အရည်(လက်ဖက်ရည်)၊ တရုတ်ရွှေစက္ကူ၊ ငွေစက္ကူ၊ အရွက်ပေါင်း ၃၀၀ ရွက်စီဖြင့် ပူဇော်ပသ ရှိခိုးကန်တော့ပြီးသည့် သကာလ ယခုပူးတွဲပါ အင်းလက်ဖွဲ့ တရုတ်စာလုံးပါ စာရွက်နီနီတို့ကို မီးရှို့လှူဒါန်းခြင်း ပြုရပါမည်။

ယင်းသို့ ပူဇော်၊ ပသ၊ ရှိခိုးကန်တော့၊ ယတြာချေလိုက်လျှင် ဘဝကံကြမ္မာ အလှည့်အပြောင်းဖြစ်လာပြီး ကံဆိုးမိုးမှောင်ကျဘဝမှ လွတ်မြောက်၍ တစ်နှစ်လုံးအတွက် ဘေးကင်း၊ လာဘ်ရွှင်၊ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာ နေထိုင်နိုင်ပါလိမ့်မည်။

မှတ်ချက် ။ တရုတ်စာလုံးပါ စက္ကူနီနီ အင်းလက်ဖွဲ့အဆောင်ကို မိတ္တူကူးယူပြီး ပွားများနိုင်ပါသည်။

**ကောတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**




တရုတ်အင်းလက်ဖွဲ့

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊ ဂမ္ဘီရ ဖုန်းရွှေပညာကျမ်း၊
စင်ကာပူမြို့၊ ၂၀၀၃ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com



# အမေ ...

အေးအေးသန်း

ဘုရားမရှိဟု ဆိုသောသူများ ဤကမ္ဘာမြေတွင် ရှိနိုင်ကြသော်လည်း "အမေ"မရှိဟု ငြင်းဆိုနိုင်သောသူ တစ်ဦးတစ်ယောက်မျှ မရှိပါ။ လူသားတိုင်း၊ သတ္တဝါတိုင်း မွေးအမေကိုယ်စီ ရှိကြပါသည်။

သောကကို ကတုတ်၊ ဒုက္ခကို တမံအဖြစ် အမေတို့သည် ကြံ့ကြံ့ခံခဲ့ကြရပါသည်။

အမေ့အရိပ်ကို ခိုလှုံသူတိုင်း အေးမြလှပါသည်။ ဆင်းရဲသောသားသမီးကို ကရုဏာအပြည့်ထားသကဲ့သို့ ချမ်းသာသော သားသမီးတို့အတွက် ပီတိဝေဖြာခဲ့ရပါသည်။ မိခင်စိတ်၊ မိခင်မေတ္တာသည် စမ်းရေပမာ သားသမီးတို့အပေါ် တသွင်သွင်စီးဆင်း အေးချမ်းလှပါသည်။

အမေ့သည် မည်သည့်နေရာတွင်မဆို အစားဝင်နိုင်သော်လည်း အမေ့နေရာကို မည်သူမျှ အစားမဝင်နိုင်ပါ။

အမေ့မေတ္တာစစ်မျိုး မဆိုထားနှင့် အလားတူ မေတ္တာရှင်မျိုးပင် မရနိုင်ပါ။

အမေဆိုသည်မှာ လူသာအိုသည်၊ အမေ့မေတ္တာဟူသည် အိုသည်မရှိပါ။ အမြဲထာဝရသားသမီးများအပေါ်တွင် ရှင်သန်လန်းဆန်းလျက်ရှိပါသည်။

လူ့လောကဓမ္မတာအတိုင်း သမိုင်းပေးတာဝန်အရ ကျွန်မကိုယ်တိုင် ယခု သားသမီးတို့၏ အမေဘဝသို့ ရောက်ရှိနေပါပြီ။

သားမှန်း၊ သမီးမှန်း ခွဲခြားမသိခင် မိခင်လောင်းဘဝမှ စ၍ အမေ၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ သဒ္ဓါစိတ်များ ရင်ဝယ်ပြည့်နက်ခဲ့ရပါသည်။

မိမိရင်သွေးငယ် ဘေးမသီ၊ ရန်မခ၊ ကိုယ်အင်္ဂါပြည့်စုံစွာဖြင့် လူ့လောကသို့ ရောက်ရှိနေစဉ် မေတ္တာပို့ ဆုတောင်းခဲ့ရပါသည်။

ကိုယ်ဝန်ဆောင်ဘဝသည် အလွန်အန္တရာယ်များလှပါသည်။ တစ်နေ့လျှင် သင်္ချိုင်းကို သုံးခါမျက်စောင်းထိုးသည်ဟု ရှေးလူကြီးသူမများ၏ ဆိုစကားရှိခဲ့ပါသည်။ "ယောက်ျားဖောင်စီး၊ မိန်းမမီးနေ"ဟုလည်း တင်စားခဲ့ကြပါသည်။ ထို့ကြောင့် အသွားအလာအနေအထိုင်ကို သတိတရားဖြင့် သွားလာခဲ့ရပါသည်။ ငယ်စဉ်က မက်မောမြတ်နိုးခဲ့သော ဖိနပ်အမြင့်များကို လှည့်ပင်မကြည့်ခဲ့ပါ။ ပူ၊ စပ်၊ ခါး အစားအစာမှန်သမျှ အနားမှာပင် ခေါင်မထားဘဲ ရှောင်ရှားခဲ့ပါသည်။ နေ့စဉ်သီလငါးပါးကို လုံခြုံစွာထိန်းသိမ်း၍ မိမိသန္ဓေသားအား မိခင်မေတ္တာအပြည့်ဖြင့် ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။ မီးယပ်သားဖွား ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အတိုင်း အစာလည်းဆေး၊ ဆေးလည်းအစာဖြင့် စားသောက်ပြုစုနေထိုင်ခဲ့သည်မှာလည်း ကြီးမားသော အမေ့



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာအရင်းခံ ဖြစ်ပါသည်။

ကိုးလလွယ်၊ ဆယ်လပြည့်၍ မွေးဖွားရာတွင် မိခင်လောင်း ကျွန်မတို့ မိန်းမများ၏ ကာယိကဒုက္ခကြောင့် နဖူးမှ ချွေးသီးချွေးပေါက်များကျအောင် ပြင်းပြသောနာကျင်မှု ဝေဒနာကို အံခဲကာ ခံစားရင်း သားသမီးကိုမွေးဖွားကာ မိခင်ဘဝကို ရယူခဲ့ရပါတော့သည်။

ဝမ်းကကျွတ်လို့ "အူဝဲ၊ အူဝဲ" ဆိုတဲ့ အသံနှင့်အတူ မီးဖွားပေးသော ဆရာဝန်၊ ဆရာမများ၏ သားလေး၊ သမီးလေးအသံကြားရချိန်တွင် စောစောက ခံစားခဲ့ရသော ပြင်းပြသည့် နာကျင်မှုဝေဒနာသည် မိုးတိမ်လိပ်တွေကို လေက နှင်ပစ်လိုက်သလို အဝေးသို့ လွင့်စဉ်ခဲ့ရပါတော့သည်။

ရင်သွေးငယ်အား ပွေ့ဖက်၍ နို့ချိုတိုက်ကျွေးရသည်ကို ကျွန်မတို့ မိခင်များ အားရတင်းတိမ်မှုမရှိခဲ့ပါ။ ရင်ခွင်ထဲမှ မိမိသားငယ်သည် မိမိနို့ချိုကို မြိန်ရက်စွာ စို့ယူသောက်သုံးနေသည်ကို ကြည့်ရင်း ပီတိဝေဖြာခဲ့ရပါသည်။ ကျွန်မတို့မိခင်မေတ္တာသည်လည်း ပိုမိုမြင့်မားခဲ့ရပါတော့သည်။

မှက်၊ ခြင်၊ ယင် မသန်းရအောင် ကာကွယ်စောင့်ရှောက်ရင်း သားသမီးမျက်နှာကို ပန်းလိုရှုကာ ကြီးပြင်းသည်အထိ ရင်အုပ်မကွာ ကြည့်ရှုစောင့်ရှောက်ခဲ့ရသည်မှာ အမေတို့၏ တာဝန်ဝတ္တရားများသာ ဖြစ်ပါသည်။

ပညာသင်ကြားချိန်တွင် မိမိသားသမီးလေး လောကအလယ်တွင် ပညာပြည့်ဝ၊ နလုံးလှစေရန် အများနှင့်ယှဉ်လျှင် အောက်တန်းမကျ မျက်နှာပန်းလှစေရန် ပြုစုပျိုးထောင်ခဲ့ရပြန်ပါသည်။ ကိုယ့်သားသမီးလေး စိတ်ဓာတ်အင်အား မြင့်မားရန် နေ့စဉ် သွန်သင်၍ အားပေးစကားများ တတွတ်တွတ်ပြောဆိုခဲ့ပါသည်။ မိမိနိုင်ငံကို ချစ်ခင်စိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ မိမိလူမျိုး၏ ယဉ်ကျေးမှု၊ မိမိကိုးကွယ်သည့် ဘာသာတရားကို အလေးထားတန်ဖိုးထားတတ်အောင်လည်း ကျွန်မတို့အမေများကပင် လမ်းပြရှေ့ဆောင်ပေးခဲ့ရပါသည်။

သားသမီးလေးများကို အမေ့အရိပ်တွင် အေးမြစေချင်ပါသည်။ ချမ်းမြေ့စေလိုပါသည်။ ပူပင်သောကကင်းဝေးစေလိုပါသည်။ ဘဝ၏အောင်မြင်မှုအပေါင်း လက်ဝယ်ပိုင်ပိုင် ရရှိစေလိုပါသည်။ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းစေလိုသည်မှာ ကျွန်မတို့အမေ(မိခင်)တိုင်း၏ တူညီသော ဆန္ဒပင်ဖြစ်ပါသည်။

သားသမီးများအပေါ် ကျရောက်မည့် ဒုက္ခအပေါင်းကို မိမိသည် ရှေ့မှ "ဒိုင်း"သဖွယ် ကြံ့ကြံ့ခံခဲ့ပါသည်၊ ကာကွယ်ခဲ့ပါသည်။ မိမိအကျိုးထက် သားသမီးတို့၏ အကျိုးကို ရှေးရှုခဲ့ပါသည်။ အရာရာ သားသမီးတို့အတွက်သာ ဖြစ်ပါသည်။ သားသမီးနှင့်ပတ်သက်လျှင် ငရဲလည်းမကြောက်ပါ။ မီးပုံထဲသို့လည်း ရဲဝံ့စွာ ခုန်ဆင်းရဲပါသည်။ ဤကဲ့သို့ အမေမေတ္တာကြီးပုံကို သားသမီးများ နားလည်စေလိုပါသည်။

သဗ္ဗညုရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသော်မှ မိခင်၏ကျေးဇူးကို ကျေအောင် မဆပ်နိုင်ခဲ့ပါ။

လောကတစ်လွှား၊ ဘဝတစ်ဆုံး သားသမီးလေးများ လူသားစင်စစ် ဖြစ်ဖို့အရေး မြေတောင်မြှောက်ပေး၍ လူအား၊ ခွန်အား၊ ငွေအားတစ်ဖုံ၊ လူနှင့်လူပတ်ဝန်းကျင် ဆက်ဆံပေါင်းသင်းချစ်ခင်တတ်အောင် သွန်သင်ပေးခဲ့ရပြန်ပါသည်။ သားသမီးဘဝ တိုးတက်မြင့်မားရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ကျွန်မတို့အမေများသည် မိမိ၏ စိတ်၊ မိမိ၏ဘဝကို ပေးအပ်ခဲ့ရပါသည်။

"အသီးကောင်းသည် အမြစ်မှ၊ သားကောင်းသည် မိခင်မှ"ဆိုသကဲ့သို့ အမေ့ဂုဏ်ရည်အပြည့်ဖြင့် သားသမီးလေးများအပေါ် ပြုစုခဲ့ပါသည်။

ထူးထွေဆန်းပြားသော ကမ္ဘာ့ရာခေတ်ကြီးတွင် အမေနှင့်တူသော အမေများ၊ ကျွန်မအား မွေးထုတ်ပေးခဲ့သော အမေနှင့် အမေဖြစ်သော ကျွန်မတို့သည် အမေ့ဂုဏ်ရည်ဖြင့် တင့်တယ်သူများ၊ စံပြအမေများ ဖြစ်အောင် အမေ့တာဝန် ကျေပွန်ခဲ့ကြပါသည်။ မိခင်မေတ္တာ၊ အမေအကြောင်းကို လူတိုင်းရေးဖွဲ့၍ မကုန်၊ သမုဒ္ဒရာထဲကရေအားလုံး မိခင်မေတ္တာနှင့် ယှဉ်လျှင် ရေပွက်ကလေး တစ်ခုမျှသာပင်။ ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသည့် မဟာပထဝီမြေကြီးသည်လည်း မိခင်မေတ္တာနှင့်ယှဉ်လျှင် ဝါးရွက်မျှသာ ဖြစ်ပါသည်။

လောက၏ စွမ်းအားရှင် အမေ(မိခင်)တို့၏ ဘဝသစ္စာသည် သားသမီးတို့သာ ဖြစ်ပါတော့သည်။

**အေးအေးသန်း**



www.burmeseclassic.com



ရွှေမေတ္တာ

# ပို့ကြ ထာဝစဉ်

✷ မောင်ချိုမင်း(ကဏ္ဍရဝတီ)

ကျွန်တော့်အိမ်ခြေရင်းမှ မှန်ဟင်းခါးသည် အာကျယ်ဒေါ်မြရီ၏ နံနက်တိုင်း ပြုမြဲဝတ္တရားတစ်ခုကို ကျွန်တော်နားယဉ်နေပြီဖြစ်သည်။ သူသည် အိပ်ရာမှ မိုးမလင်းတလင်း အချိန်ကတည်းက ထပြီး ဘုရားဝတ်ပြု၊ ဆွမ်းပန်းရေချမ်းကပ်၊ ကြေးစည်ထု အမျှအတန်းဝေသည်။ အမျှအတန်းဝေသည့်အထဲတွင် နိုင်ငံတော်အစိုးရလည်းပါသည်။

"ဤသို့ပြုရမြဲတ်ပုညကို အထက်သိကြားမင်း၊ အောက်ငရဲမင်းနှင့်တကွ တိုင်းပြည်အုပ်စိုးသော အစိုးရမင်းသည်လည်း၊ ကျွန်ုပ်နှင့်ထပ်တူထပ်မျှရပါစေ"ဟူသတည်း။

ဤသို့အမျှဝေခြင်းကိစ္စများ ပြီးစီးမှ သူ့မိသားစုဝမ်းရေးအတွက် ဦးပုညလမ်းထိပ်၊ မလှမ်းမကမ်းတွင် ဆိုင်ထွက်ရန် မီးမွှေးခြင်း၊ အိုးခွက်ပန်းကန်သယ်ခြင်း စသည့်အမှုတို့ကိုပြု၏။

တစ်နေ့ညချမ်း ချမ်းချမ်းနှင့် ကွေးနေစဉ် ကျွန်တော့်မြေးမကလေးက မေးလာသည်။

"ဘဘ . . . ဟိုဘက်ခြေရင်းအိမ်က ကြီးကြီးမြက ဘုရားရှိခိုးပြီးတိုင်း ကြေးစည်လေးထုထုပြီး ပြောပြောနေတယ်။ သူပြောတဲ့အထဲမှာ ကြောက်စရာကောင်းတဲ့ ငရဲမင်းကြီးလည်းပါတယ်၊ သိကြားမင်းလည်းပါ

www.burmeseclassic.com

တယ်၊ အစိုးရဆိုကာလည်းပါတယ်။ ဘာကြောင့်လဲ သမီးသိချင်တယ်''

ကျွန်တော့်မြေးအလှ လှလှည် မက သူမရှင်းသည့်ကိစ္စကို ကလေး ပီပီ မေးလာသည်။ ခုနစ်နှစ်သမီးဖြစ်၍ ယခုနှစ် ဒုတိယတန်းသို့ပင် ရောက် နေပြီဖြစ်သည်။ ညစဉ် ကျွန်တော် အားတိုင်း သူ့ကို လက်မောင်းပေါ်မှေး တင်ထားသိပ်ပြီး ပုံပြောခိုင်းတတ်သည်။ ကျွန်တော့်ငယ်စဉ်က ဇာတ်ကြောင်း များကို တစ်ခုမှ သူမသိတာမရှိ။

ကလေးက မသိ၍မေးလာသည် ကို ''သိပ်ရှုပ်တာပဲ၊ မေးမနေနဲ့။ ငါ မသိဘူး''ဟု အော်ငေါက်လွှတ်လိုက် လျှင် ကလေးအနေနှင့် အားငယ်သွား ရှာမည်။ သူ့အမေ၊ အဖေများကတော့ သူတို့ကလေးကို ကျွန်တော့်လောက် ဂရုမစိုက်၊ ရင်းရင်းနှီးနှီးလည်းမနေဘဲ စိတ်နှင့်အခန့်မသင့်လျှင် သူတို့သား သမီးကို အော်လားငေါက်လားနှင့်။ ကျွန်တော်ကတော့ ဤသို့မဟုတ်။ ကလေးချစ်တတ်သူပီပီ မိမိငယ်စဉ်က လို ကိုယ်ချင်းစာသည်။ သည်အရွယ် ဆိုသည်မှာ ဦးနှောက်နုနယ် မှတ် ဉာဏ်ရည်ကြွယ်သည့်အရွယ်မို့ စိတ် ရှည်ရှည်ထားပြီး အမှန်ကိုသိအောင် ပြောပြ၊ ရှင်းပြရမည်မှာ အုပ်ထိန်းသူ လူကြီးတိုင်း၏ တာဝန်ဝတ္တရား။ ပြီး တော့ ကျွန်တော်ကိုယ်တိုင်က ပုံပြော တို့၊ ဇာတ်ပြောတို့၊ သီချင်းပေါက်ကရ တို့ကို ဆိုရန် ဝါသနာခပ်ပါပါ။

''ဘာဘတို့ ဗုဒ္ဓဘာသာဝင်တွေ ဟာ ကောင်းမှုကုသိုလ်တစ်ခုခုကို ပြု ပြီးတိုင်း အဲဒီအမှုအတွက် ဝမ်းသာပြီး တခြားသူတွေကိုလည်း ကိုယ့်လိုပီတိ ဖြစ်ရအောင် မေတ္တာပို့ရတယ် သမီး။ အဲဒီလို မေတ္တာပို့တဲ့နေရာမှာ သေဆုံး ကုန်ကြတဲ့ မိဘဘိုးဘွား၊ ဆွေမျိုးက စပြီး မိုးပေါ်က သိကြားမင်းကြီး၊ မြေ ကြီးအောက်က ငရဲမင်းနဲ့အတူ ဘဘ တို့ကို အုပ်ချုပ်နေတဲ့ အစိုးရလည်း ပါတာပေါ့''

''သူတို့ကို ဘာလို့ မေတ္တာပို့ရမှာ လဲ ဘဘရဲ့။ ကိုယ်နဲ့လည်း မသိဘဲနဲ့''

''အေး . . . သမီးက သိချင်မှ တော့ ပြောရသေးတာပေါ့။ အထက် သိကြားမင်းတို့၊ အောက်ငရဲမင်းတို့ဆို တာ နှယ်နှယ်ရရတွေမဟုတ်ဘူး။ သူတို့ကို ဘယ်သူကမှလည်း မတွေ့ မြင်နိုင်ဘူး။ သူတို့ကသာ လူတိုင်းကို သိနေတာ။ သူတို့မှာ တန်ခိုးရှိတယ်။ ဘဘတို့လူတွေ ကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ် သူတို့မှတ်တမ်း ထဲမှာ သွားသွားပေါ်နေတာ ညာလို့ မရဘူး။ ဒီတော့ ဘယ်သူမဆို ကောင်း တာလုပ်တိုင်း သူတို့ကို အသိပေး၊ အမျှဝေရတာပေါ့ကွ''

''ဒါဖြင့် အစိုးရကို မေတ္တာပို့တာ ကရော''

''ဩော် . . . လာပြန်ပြီ။ မေး လည်းမေးတတ်တဲ့ မြေးမ။ စကားက လည်း တတ်ပါရဲ့။ ဒါက ဒီလိုရှိတယ် လေ။ ဘဘတို့ အခုနေကြထိုင်ကြတာ ကိုယ့်မိသားစုတစ်စုတည်းမှ မဟုတ် ဘဲ။ ရပ်နဲ့ရွာနဲ့၊ ရပ်ကွက်နဲ့ နေကြရ တာ။ ဘဘတို့လမ်းထဲမှာ ဆိုက်ကား နင်းတဲ့ ဦးညိုကြီးရှိတယ်မဟုတ်လား''

''သမီးသိသားပဲ။ အလှူလုပ်တဲ့ အိမ်တိုင်း သူသွားသွားစားတတ်တယ်။ အဲဒီ ဘဘညိုကြီးက လူတွေအရက် မူးဆဲနေရင် သူပြေးလာတတ်တယ်။ မိန်းမကြီးတွေ ရန်ဖြစ်နေရင်လည်း သူ့ အိမ်သွားတိုင်ရတယ်။ သူလာရင် ငြိမ် သွားတာပဲ။ ညှော်ညှော်လာရင်လည်း ည ဘက်ဆို သူ့သွားပြောရတယ်''

''အဲဒါ ပြောမလို့ပေါ့။ လမ်းထဲ၊ ရပ်ကွက်ထဲမှာ အုပ်ချုပ်တဲ့လူဆိုတာ ရှိတယ်။ ဦးညိုတို့လို လမ်းမှူးထက် ကြီးတဲ့ ဘဘတို့ ငယ်ငယ်ကအခေါ် သူကြီးတို့၊ မြို့နယ်အရေးပိုင်တို့လည်း ရှိတာပေါ့။ သူတို့အားလုံးကို အုပ်ချုပ် တာက အစိုးရ။ အဲဒီအစိုးရကို မင်းလို့ ရှင်ဘုရင်လို့လည်း တစ်မျိုးခေါ်သကွ။

အစိုးရရှိနေလို့သာ ဘဘတို့ သူခိုး၊ ဓားပြရန်ဘေးကို မကြောက်ရ ဘဲ အေးအေးနေနိုင်တယ်။ ဘဘတို့ မြို့ထဲ၊ အရပ်ထဲ မီးတို့၊ ရေတို့ရတယ်။ သမီးတို့စာသင်နိုင်တယ်။ နေမကောင်း ရင် ဆေးရုံတက် ဆေးကုနိုင်တယ်။ သူတို့က ဘဘတို့၊ သမီးတို့နေဖို့ အိမ် မြေနေရာလည်း ပေးတယ်။ အဲဒီ ကျေးဇူးတွေကြောင့် ကြီးကြီးဒေါ်မြရီ က အစိုးရကို မေတ္တာပို့တာပေါ့။ သမီး လေး သိပါတယ်နော်''

ကျွန်တော့်မြေးမက ကျွန်တော် ရှင်းပြ၍မှ စကားမဆုံးမီ မျက်တောင် ကလေး ပေမှေးမှေးဖြင့် အိပ်ပျော်သွား ရှာသည်။ မြေးကလေးအိပ်ပျော် အသွားတွင် ကျွန်တော်လည်း လဲ လျောင်းရာမှထ၍ အိမ်ပြတင်းပေါက် အဝ ကုလားထိုင်တွင် ထိုင်လိုက် သည်။ တပို့တွဲလပြည့် ဆောင်းည လရောင်က ခပ်ဖွေးဖွေး။

အိမ်ရှေ့ ရေတို့ကင်ကလေး အပေါ်မှ ဟိုဘက်သည်ဘက် အုန်းပင် နှစ်ပင်က လရောင်အောက်တွင် အလက်များ ယိမ်းထိုးလှုပ်ရှားနေ သည်။ သူတို့လှုပ်တိုင်းလည်း ပြွန်ခနဲ



www.burmeseclassic.com

www.burmeseclassic.com

အောင် သီးနေသော နှစ်ပင်စလုံးမှ အုန်းသီးခိုင်များက လှုပ်တုပ်လှုပ်တုပ်။ ခေါင်းပေါ်များ မတော်တဆ ပြုတ်ကျလျှင် ခက်ရချေရဲ့။ အုန်းပင်တက်သမားနှင့် ကြုံရလျှင် ခူးထားခိုင်းမှ တော်ရော့မည်။ ကျွန်တော်သည် သစ်ပင်စိုက်ဝါသနာပါသူပီပီ နေရာမလပ် သစ်ပင်စိုက်၏။

ကျွန်တော့်အိမ်သည် လှိုင်သာယာ (၁၆)ရပ်ကွက်တွင် ရှိသည်။ ပေ ၂၀ × ၆၀ ဆိုသော်လည်း မိသားစုနည်း၍ နေလောက်သည်။ မူလက ပေ ၂၀ × ၆၀ စီရခဲ့သူချည်း ဖြစ်သော်ငြား ကျွန်တော်တို့လမ်းထဲတွင် နှစ်လုံးရောဂါသည်တွေ များလှသည်။ ရှေးအခါက မိန်းမနှစ်ယောက် လမ်းပေါ်တွေ့ကြလျှင် ဘယ်သွားမလဲ၊ ဘာချက်သလဲဟု မေးကြသည့်အစား ယခုအခါ ''ဘာထွက်သလဲ''ဟု မေးကြသည်က အမြင်ကတ်စရာ။ ယခု လေးငါးဆယ်နှစ်အတွင်း ယင်းနှစ်လုံးရောဂါ နှိပ်စက်မှုကြောင့် ငွေကုန်ကြေးကျ များကြပြီး မူလ ပေနှစ်ဆယ်မြေကွက်မှ ဆယ်ပေဘဝ ရောက်ကြသူတွေက ခပ်များများ။ ကျွန်တော့်ဇနီးသည်ပင်လျှင် နှစ်လုံးရောဂါစွဲတော့မည့် အခြေအနေမှ မနည်းရိုက်မောင်းပုတ်မောင်းဖြင့် ဆေးကြမ်းတိုက် ဆွဲထုတ်ထားခဲ့၍ ဤအခြေဖြစ်ခဲ့ရသည်သာ။ အိမ်သူဇနီးကို နိုင်ရခြင်းမှာ ဤလိုကိစ္စတွင် တန်ဖိုးရှိလှပါဘိခြင်း။

ကျွန်တော်တို့ မူလနေခဲ့ရသည့် အရပ်က ပြောရလျှင် ရှက်စရာပင်ကောင်းပါသည်။ တာမွေသုသာန်ကြီး အနီး မင်္ဂလာရပ်ကွက်မှဖြစ်ရာ အိမ်ခုံ တဲစုကလေးတွေက ပြွတ်သိပ်နေကြသည်။ နေ့စဉ် အသုဘချသည့် အနိဋ္ဌာရုံမြင်ကွင်းကလည်း မမြင်ချင်အဆုံး။ လူတန်းစားမျိုးစုံ ရောပြွမ်းပြီး ဆဲသံဆိုသံကလည်း အမြဲမပြတ်။ လမ်းဘေးရေဘုံဘိုင်တွင် ရေလုခံရင်း စကားများကြသည်ကလည်း မကြားချင်လျှင် နားပိတ်ထားမှ တော်ကာကျမည်။ ညနေ နေဝင်ရီတရော တာမွေ ရွှေဗဟိုရ်ရုပ်ရှင်ရုံမှ ကားလမ်းတစ်လျှောက် ခရစ်ယာန်သင်္ချိုင်းဘေးတွင် မီးခွက်ကလေးများကိုယ်စီဖြင့် သားစိမ်း၊ ငါးစိမ်း၊ ကုန်စိမ်းသည်များ ရောင်းချနေကြ၏။ အချို့ဆိုလျှင် ကြောက်စိတ်ကို ဘေးဖယ်ပြီး ဝမ်းရေးအတွက် အုတ်ဂူပေါ်တွင်ပင် ဈေးဗန်းချ၍ ငါးရောင်းနေကြသေး။ ဒါကိုပင် သူ့အရပ်နှင့်သူ့ဇာတ်မို့ ဝယ်ခြမ်းစားသောက်သူတွေက အပုံ။

တာမွေဗလီကြီးရှေ့ကျတော့လည်း ကြည့်ပါဦး။ ဗလီကြီးလမ်းကြားမှ မေတ္တာညွှန့် ဘူတာတစ်လျှောက်သို့ သွားလိုလျှင် အိမ်ကြိုအိမ်ကြား အိုးစု၊ နတ်ချောင်းလမ်းဘေးတွင် သစ်သားတံတား ခနော်ခနဲ့ကို နင်း၍နင်း၍ သွားလာကြရသည်။ နွေဦးပေါက်လျှင် မီးက ခဏခဏလန့်၊ သူခိုး၊ ခါးပိုက်နှိုက်၊ လူလိမ်လူရှုပ်တို့က ပေါပါဘိ။ ထစ်ခနဲနေ ထိုးကြ၊ ခုတ်ကြပြီဆိုလျှင် တာမွေဗလီကြီးရပ်ကွက်။ ဈေးစော်၊ သေးစော်ကလည်း နံပါဘိ။

ဟော . . . တပ်မတော်အစိုးရ တက်လာသည့် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဤအရာများကို မျက်စိပသာဒ ကြည့်လှအောင် အကုန်ရှင်းပစ်သည်။ တဲပေါ်မှနေသူများ တိုက်ပေါ်ဆွဲတက်နိုင်အောင် စီမံပေးခဲ့သလို အိုးအိမ်အတည်တကျမပိုင်သူများ ပြွတ်သိပ်နေသည့် ရပ်ကွက်ကို ဖျက်သိမ်းစေပြီး မြို့သစ်များတွင် မြေနေရာပေးသည်။

ဤနေရာတွင် တပ်မတော်အစိုးရ၏ အားသာချက်က ကျေးဇူးမတင်မှုမရ။ ဟိုလွန်ခဲ့သည့် အနှစ် ၅၀ ကျော် ဖဆပလခေတ်က ဝန်ထမ်းများအတွက် အိုးအိမ်ပေးခဲ့သည်ဆိုရာတွင် ရန်ကင်းတိုက်ခန်းများသည် အရာရှိများအတွက်လိုလိုသာဖြစ်ခဲ့၍ အောက်ခြေဝန်ထမ်းများအဖို့ သွားရည်ကျခဲ့ရုံမှတစ်ပါး ဘာမှမတတ်နိုင်။

ဟော . . . တော်လှန်ရေးအစိုးရ လက်ထက်ကျတော့ ဟိုယခင်ထက် နည်းနည်းသာသွားပြန်သည်။ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏကို အကွက်ရိုက်၊ တိုက်ခန်းများဆောက်ပြီး လုပ်အားပေးစေကာ နေရာချခဲ့ပြန်၏။ သို့သော် ဘဲအုပ်ကတစ်ရာနှစ်ရာ မဗေဒါက တစ်ပင်တည်းဆိုသလို အိမ်ခန်းက

မြို့သစ်တွင် လင်မယားနှစ်ယောက်လုပ်စာ
တစ်နေ့ တစ်ရာ့ငါးဆယ်ခန့်ရလျှင် သမီးနှစ်ယောက်သာရှိသည့်
ကျွန်တော်တို့မိသားစု စားလောက်ပြီ။ မိန်းမနှင့် သမီးတွေက
ညနေအလုပ် သိမ်းလျှင် ငွေသုံးကျပ်စီယူ၍
လမ်းထိပ် ဗွီဒီယိုရုံသို့ ပြေးကြပြီ။



www.burmeseclassic.com

နည်း။ နေချင်သူက ခပ်များများမို့ ဆင့်ပါးစပ် နှမ်းပက်သည့်ပမာ။

နှ ဝ တအစိုးရလက်ထက်ကျတော့ ရလိုက်သည့် အိုးအိမ်မြေနေရာ၊ အနှစ် ၂၀ လုပ်သက်ပြည့်ဝန်ထမ်းတိုင်း မရမရှိစေရ။ ညွှန်ချုပ်အဆင့်မှစ၍ အောက်ခြေသိမ်း ရုံးအကူ၊ သန့်ရှင်းရေးဝန်ထမ်းအထိ လာခဲ့ကြစမ်း၊ ယူကြစမ်း။ ပေ ၄၀ × ၆၀ မြေကွက်တစ်ကွက်စီ မြေဖိုးအဖြစ် ၈၀၀၀ ကို လစာထဲမှ အရစ်ကျပေး။ အိမ်ဆောက်ရန် ငွေမရှိသေးလျှင်လည်း ကိစ္စမရှိ။ နိုင်ငံတော်က သူ့အဆင့်အတန်းအလိုက် ထုတ်ချေးလိုက်သေး။ ပြီးတော့ ဝန်ထမ်းမဟုတ်သူ၊ ရပ်ကွက်ဖျက်ရ၊ ရွှေ့ပြောင်းရသူတို့ကိုလည်း ဤနည်းနှင်နှင် မြေကွက်ချပေးသည်။ ရွှေပြည်သာကြိုက်သလား၊ ဒဂုံတောင်/မြောက်မှာ နေချင်သလား၊ အင်းစိန် တစ်ဖက်ကမ်း လှိုင်သာယာမှာ အခြေချချင်ကြသလား၊ မြေဖိုး ၁၅၀၀ ပေးနိုင်လျှင် မြို့သစ်များတွင် မြေပိုင်ရှင်ဖြစ်ရမည်။

ဤလိုဖြင့် လက်လုပ်လက်စား ကျွန်တော်တို့မိသားစု အိုးပိုင်အိမ်ပိုင်ဖြစ်လာခဲ့ကြပြီ။ ပြောင်းစက မိန်းမက မျက်ရည်ကလေး စမ်းစမ်း စမ်းစမ်းနှင့်။

''ကြည့်ကြပါဦးတော်။ ရန်ကုန်ကိုသွားရဖို့ သင်္ဘောတစ်တန်၊ ကားတစ်တန်၊ မိုးလေများ သိပ်ကြီးရင် ကျုပ်တို့မှာ ဘုရားတ သင်္ဘောစီးနေရကယ်။ ဖိနပ်ကလည်း စီးလို့မရ၊ တစ်ချွတ်တည်းချွတ်ပြီး ကိုင်နေရတယ်။ လူ့တစ်ကိုယ်လုံးလည်း ရွှံ့ချည်းပဲ''

ကျွန်တော်က မိန်းမ၏ ညည်းတွားသံကို နားမခံနိုင်။ သည်တော့ ပြောရသည်။

''ဟ ... မြို့သစ်ရွာသစ်ဆိုတာ ဒီလောက်တော့ ဒုက္ခခံရမှာပေါ့။ မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတတည်တုန်းကလည်း ဒီလိုပါပဲ။ တို့တစ်တွေ သင်္ဃန်းကျွန်းကနေ တောင်ဥက္ကလာကို အလုပ်ဆင်းရင် ရွှံ့ထဲဗွက်ထဲ ရုန်းခဲ့ရတာပဲ။ ဟိုတုန်းက ရပ်ကွက်ဖျက်ခံရလို့ မျက်ရည်ကျခဲ့တဲ့သူတွေ၊ မြို့တော်ဝန်ကို ကွယ်ရာမှာ မဲ့ကြရွဲ့ကြသူတွေ အခု သူတို့နေရာ သိန်းချီတန်နေတော့ တပြုံးပြုံးနဲ့ ပြုံးမျက်ရည်ဖတ်ကား ကြည့်နေကြရပြီမဟုတ်လား။

ဒီလိုပဲ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာကျော်က အလောင်းဘုရားဦးအောင်ဇေယျ ဒဂုံမြို့ကို တည်တော့ အခု ပန်းဆိုးတန်းလမ်းမကြီးတို့၊ ဆူးလေဘုရားလမ်းတို့ဟာလည်း ရွှံ့တွေဗွက်တွေနဲ့နေမှာပဲကွ။ နေရိပ်ကို နေပူကစောင့်ဆိုတဲ့ စကားရှိသားပဲ''

နောက်တော့ ကျွန်တော့်ဇနီးက ဘာမျှမပြောတော့ဘဲ သူ့အလုပ်သူလုပ်သည်။ သူ့အလုပ်က စက်ချုပ်ဆိုင်။ ကျွန်တော်က ခေါင်းညှပ်သမား။ လမ်းဆုံလမ်းတွင် ဆိုင်ရာကို ဈေးကောက်ပေး၍ တဲကလေးထိုး၊ ဆံသဆိုင် ဖွင့်ကြသည်။ ဒီတော့ အိုးမကွာ အိမ်မကွာ ဘယ်မှသွားစရာမလိုအပ်တော့ဘဲ အိမ်နှင့်နီးနီးနေနိုင်သည်။ မြို့သစ်တွင် လင်မယားနှစ်ယောက်လုပ်စာ တစ်နေ့ တစ်ရာ့ငါးဆယ်ခန့်ရလျှင် သမီးနှစ်ယောက်သာရှိသည့် ကျွန်တော်တို့မိသားစု စားလောက်ပြီ။ မိန်းမနှင့် သမီးတွေက ညနေအလုပ်သိမ်းလျှင် ငွေသုံးကျပ်စီယူ၍ လမ်းထိပ် ဗွီဒီယိုရုံသို့ ပြေးကြပြီ။ သဲဟာတင်စိုး၊ နေထက်လင်း၊ ရဲမင်းပိုင်နှင့် ထွန်းလုံရှိန်တို့ဆိုလျှင် သူတို့သိပ်ကြိုက်။ ရုပ်ရှင်ဗွီဒီယိုထက် စာရေးစာဖတ်ဝါသနာပါသူ ကျွန်တော့်အဖို့ ဖယောင်းတိုင်တုတ်တုတ်တစ်ခုထွန်း မြေပဲကြော်တစ်ပန်းကန်၊ ရေနွေးနှင့် စာတစ်အုပ်ကို အဖော်ပြုရင်း ဖိမ်ကျလျက်။ ယခုဆိုလျှင်ပင် ကျွန်တော့်အဖို့ မြို့သစ်နယ်သစ်တွင်နေရင်း ရေးစရာကုန်ကြမ်းများရ၍ မဂ္ဂဇင်းတိုက်များသို့ လက်တည့်စမ်း ပေးပို့မိရာ သုံးလေးပုဒ်ပင် ပါဖူးနေလေပြီ။

ကျွန်တော်လှိုင်သာယာမှာ နေရသည်ကို ကျောက်မြောင်းတွင်နေသည့် တိုက်ရစ်ထပ် အပေါ်ဆုံးမှ ကျွန်တော့်မမက အထင်သေးချင်သလိုလို၊ နှိမ်ချင်သလိုလို ပြောတတ်သေး။ သူကလည်း သူ့သမီး ပိုက်ဆံရှိသူနှင့်ရသွားပြီး တင့်တင့်တယ်တယ် ဖြစ်သွား၍ ပြောအားရှိပေမည်။ သို့သော် ကျွန်တော်မမှု။ ကျွန်တော်တို့ဆီမှာက ချိုးဖြူပိုက်ချွတ်ယွင်းပြီး ရေမလာလျှင်လည်း စိတ်မပူရ။ အိမ်ရှေ့ ရေတုံကင်ကို မိမိလက်မောင်းနှင့် လှည့်နိုင်သရွေ့ လိုသလိုရမည်။ လျှပ်စစ်မီးပျက်၍ ထမင်းဟင်းချက်ရန်လည်း စိတ်မပူရ။ ဈေးပေါပေါရသည့် မီးသွေးမှုန့်ကို ရွှံ့စေးဖြင့်လုံးပြီး လောင်စာဆီပမာအသုံးပြု ထမင်းဟင်းချက်လျှင်လည်း ရသည်။ သာရေးနာရေးရှိတော့လည်း ကိုယ်နှင့်မဆိုင်သလိုမနေ။ ရှိတာကလေးနှင့် ထုတ်ကူကြပြီး အားရပါးရ စားတတ်ကြသည့်ဒေသ။

**မောင်ချို့မင်း(ကန္တာရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

■ ကိုမောင်သန်းဝင်း

# ဝိဇ္ဇာမိုရ်ရှင့် စနေသားမောင်ထွန်းရင် ဓာတ်စီးပုံအကြောင်းခြင်းရာ

ကျွန်ုပ်သည် ဓာတ်စီးခြင်းနှင့် ပတ်သက်သော အကြောင်းခြင်းရာတို့ကို စိတ်ဝင်တစားဖြစ်သည့် အားလျော်စွာ ယင်းကဲ့သို့သော ဖြစ်စဉ်များကို လေ့လာမိဖူးလေ၏။ ကမ္ဘာပေါ်တွင် တန်ခိုးသိဒ္ဓိရှင်နှင့် ပတ်သက်၍ ခေတ်အစားဆုံးမှာ ဓာတ်စီးနတ်ဝင်ခြင်း ဖြစ်လေ၏။

ဓာတ်စီးနတ်ဝင်ခြင်းကို(Medium)ဟု ခေါ်သည်။ တမလွန် ပရလောကရှိ နတ်က လူ့အား ပူးဝင်၍လည်းကောင်း၊ ဝိဇ္ဇာမိုရ်က လူကိုစီးဝင်ခြင်းဖြင့်လည်းကောင်း သာမန်လူတို့ မပြုလုပ်နိုင်သော အံ့သြဖွယ်ရာများကို ပြုလုပ်ခြင်းကို ခေါ်သည်။ ဤအချက်များကို စုပေါင်း၍ အခေါ်ရလွယ်အောင် နတ်ဝင်ဓာတ်စီးခြင်းဟု ခေါ်ခဲ့ခြင်းဖြစ်သည်ဟူ၏။

အမေရိကန်၊ အင်္ဂလိပ်၊ ဂျာမဏီ စသော တိုင်းပြည်များတွင် နတ်ဝင် ဓာတ်စီးသူများ ဒုနှင့်ဒေးရှိသည်။ သို့သော် သူတို့ဆီက အကြားအမြင် ပါရမီရှင်လိုလို၊ သက္ကဏာလိုလို မလုပ်။ ဗြောင်ပင် ဓာတ်စီးနတ်ဝင်သည်ဟုသော အမည်ခံသည်။ ဂုဏ်ယူ၍ပင် လုပ်နေကြ၏။

မြန်မာပြည်က ဓာတ်စီးနတ်ဝင်သည်တို့သည်လည်း တမလွန်ဘဝမှပုဂ္ဂိုလ်က လူကိုစီး၍ ရှေ့ဖြစ်၊ နောက်ဖြစ် ဟောပြောခြင်း၊ ရပ်ဝေးမှကိစ္စများကို ဟောပြောခြင်း ပြုနိုင်သည်။ လက်ကိုဓာတ်စီး၍ အင်းချနိုင်သည်များ ရှိသည်ဟူ၏။

နာမ်ဓာတ်ဝင်၍ စီးသည်ကို အနောက်နိုင်ငံများတွင် နာမ်ဓာတ်စီးခြင်းဟု ခေါ်၍ နာမ်ဓာတ်တွင်မက အကောင်အထည်ဒြပ်ဖြင့် ထိ၍၊ မြင်၍၊ ကြား၍ရသော ဓာတ်တင်ပြခြင်းကို သူတို့က ရုပ်စီးခြင်းဟုခေါ်ကြသည်။

သိပ္ပံပညာရှင်များ ဖြစ်ကြသော မနောသုတေသီများသည် ဟောတိုင်းပြောတိုင်း ခေါင်းညိတ်သူများ မဟုတ်ကြ။ ဘယ်နေရာ ဘယ်ထောင့်က ဟာနေသနည်း၊ လစ်ကွက်ပျော့ကွက် ရှိနေသနည်းဟူ၍ ဆီလိုအပေါက်ရှာပြီး စစ်ဆေးစူးစမ်းကြသူများ ဖြစ်သည်။ တစ်ချက်ကလေး ဟောလိုက်သည်မှာ မှန်နေ၍ နောက်ထပ်ဟောသမျှ မှန်နေမှာပဲဟူသော အတွေးမျိုး မဝင်။ အချက်အလက်နှင့် ပတ်သက်၍ အားနာမှုဆိုသည်မှာ သူတို့အဘိဓာန်တွင်မရှိ။ တကယ့်အရှိ ဒိဋ္ဌမမှ အချက်



စနေသား မောင်ထွန်းရင်



www.burmeseclassic.com

www.burmeseclassic.com

အလက်နှင့် လူ့စိတ်ထဲ ပြောင်းလဲလှုပ်ရှားတတ်သော ထင်မြင်ချက်ကို ဘီလူးစည်း၊ လူစည်း ခွဲထားတတ်ကြသူများ ဖြစ်သည်။

အသေအချာ စူးစမ်းလေ့လာပြီးသောအခါ ဓာတ်စီးနတ်ဝင်ခြင်းကို သိပ္ပံပညာရှင် မနောသုတေသီများက သာမန်လူများ မပြုလုပ်နိုင်သော တန်ခိုးဆိုသော အရာရှိသည်။ ထိုသို့ တန်ခိုးဖြစ်ပေါ်စေနိုင်သော အရာမှာ တမလွန်ဘဝရှိ ဝိညာဉ်ခေါ် ပရလောကသားများ ဖြစ်သည်ဟူသော အချက်ဖြစ်သည်။ တစ်နည်းအားဖြင့် မြင်တွေ့နေရသော ရုပ်လောက လူ့ဘုံတွင်သာမကဘဲ မမြင်မတွေ့နိုင်သော တမလွန် ပရလောကဘုံလည်း ရှိနေသေးကြောင်းကို အသိအမှတ် ပြုခဲ့ကြပေတော့၏။

တမလွန် လောကတွင်လည်း အဆင့်အတန်း အမျိုးမျိုး ရှိပေလိမ့်မည်။ မှင်စာ၊ သရဲ၊ ဝိမာန(ခေါ်) နတ်ပြိတ္တာနှင့် နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာစသည်ဖြင့် အဆင့်ဆင့်ရှိကြောင်းကို ပိဋကတ်တော်၌ လာရှိပါ၏။

ဘိုးတော်ဟု မိမိအား ဓာတ်စီးနေသောဓာတ်သည် မည်သည့်အဆင့်၊ မည်သည့်ဘုံမှ ပုဂ္ဂိုလ်ဖြစ်သည်ကို အစီးခံရသူက မည်သို့ သိနိုင်အံ့နည်း။ ပရလောကသားကို အဆင့်ခွဲနိုင်ရန် သတ်မှတ်ထားသော စံဟူ၍ တိတိကျကျမရှိပေဟူ၍ ဝေဖန်ပြောဆိုကြသည်များလည်း ရှိလေ၏။

မနောမယိဒ္ဓိ ဗေဒပညာအရ ဓာတ်စီးနတ်ဝင်ခြင်း ပြုနိုင်သူများသည် အများအားဖြင့် အကြားအမြင် အနည်းနှင့်အများ ရထားသူများ ဖြစ်သည်။ သို့မဟုတ်လျှင်လည်း တယ်လီပသီခေါ် မနောပေါက် မနောဆက် ပညာရှိသူများ ဖြစ်သည်ဟူ၏။

စိတ်တန်ခိုး ဂမ္ဘီရပညာအနေဖြင့်လည်း မနောမယိဒ္ဓိ ဗေဒပညာအရဆိုလျှင် လူ၏ရုပ်ဒုခန္ဓာဖြစ်သော ကမ္မဇိဒ္ဓိခန္ဓာကို ဓာတ်စီးခြင်းခံရမည့် သူထံမှ ခေတ္တခဏသို့ထုတ်ပြီး စီးလိုသောဓာတ်၏ ရုပ်ဒုခန္ဓာဖြင့် ဝင်စီးခြင်းဖြစ်သည်ကို တွေ့ရသည်။ သာမန် ကျန်းမာနေသူ တစ်ဦးသည် သူ၏ ကမ္မဇိဒ္ဓိစွဲကို သူ၏ရုပ်ခန္ဓာမှ အပြင်ဘက်သို့ ထုတ်ပစ်ရန် မလွယ်ကူချေ။ ထို့ကြောင့်

လူတိုင်း ဓာတ်စီးနတ်ဝင်ခြင်းမရ ဖြစ်သည်။ ဘဝ... ကြောင့် အချို့သူများသည် သူ၏ ကမ္မဇိဒ္ဓိကို သူ့ကိုယ်... အပြင်သို့ ထုတ်နိုင်သူများရှိသည်။

ကျွန်ုပ်သည် ဓာတ်စီးခြင်းနှင့် ပတ်သက်၍ လေ့လာထားမှု များစွာအနက်မှ အချို့ကို မှတ်မိသ... ရေးခဲ့ခြင်း ဖြစ်ပါ၏။

တစ်ချိန်တစ်ခါက ဟိုးဟိုးကျော် နာမည်ကြီးခဲ့ပါ... သော ဝိဇ္ဇာဓိုရ်ဆရာတော်ဘုရားတို့ ဓာတ်စီးတော်မူသည့် စနေသား ဦးထွန်းရင်ဆိုသော ပုဂ္ဂိုလ်၏ အကြောင်းခြင်း... ရာ ထုပ္ပတ်ကို တင်ပြလို၍ ဖြစ်ပါ၏။

## ထူးခြားသော ဝိဇ္ဇာဓိုရ်ဓာတ်စီး တရားပွဲကြီး

၁၃၁၄ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက် တနင်္လာ... နေ့မှစ၍ မင်းဘူးမြို့ ယစ်မျိုးအင်စပတ်တော် ဦးငြိမ်း-... ဒေါ်တင်မေ နေအိမ်၌ တောင်ညိုမှ ဝိဇ္ဇာဓိုရ် ဦးနရိ... ဓာတ်စီးလျက် စိတ္တာဒုပဿနာ သတိပဋ္ဌာန် ဝိပဿနာ... တရားပွဲကြီး ကျင်းပဟောပြောမည်ဖြစ်ကြောင်း... မင်းဘူးမြို့နှင့်တကွ အနီးအနားရှိ ကျေးရွာတို့တွင်... ဝိဇ္ဇာတရားပွဲ ကြေညာချက်သတင်း ပျံ့နှံ့လျက်ရှိသည်။

## စနေသား မောင်ထွန်းရင်

ထိုအချိန်အခါတွင် မင်းဘူးမြို့ မြောက်ဘက်... ငါးမိုင်ခန့်အကွာ ရွှေ စက်တော်တောင်ခြေရင်းမှ စီးဆင်း... လာသော မန်းချောင်းနှင့် ဧရာဝတီမြစ်အနီးရှိ မယ်တော်... ကုန်းကျေးရွာတွင် မောင်ထွန်းရင်နှင့် ဇနီးမအုန်းရှင်တို့... သည် ဆင်းရဲပင်ပန်းစွာဖြင့် ကိုင်းယာလုပ်ကိုင် စား... သောက်နေရသည်။

မောင်ထွန်းရင် အသက် ၂၄ နှစ်တွင် ထူးဆေး... ဆန်းကြယ်သောဝေဒနာ ကပ်ရောက်ခဲ့သည်။ ဗိုက်ကြီး... ထွက်လာကာ အစားအစာ ကောင်းစွာ မစားမသောက်... နိုင်သည့်အပြင် ချောင်းဆိုး၊ ရင်ကျပ်၊ သွေးအန်၊ လေထိုး... ဝေဒနာအမျိုးမျိုးဖြင့် ပြင်းထန်စွာ ခံစားနေရသည်။ ... သို့ဖြင့် မင်းဘူးဆေးရုံသို့ တက်ရောက်ကုသ... ဆရာဝန်က ဗိုက်ကြီးပူနေသည်ကို ရေဖျဉ်းဟု...

www.burmeseclassic.com

ပိုက်ဖြင့် ရေစုပ်ထုတ်သည်။ ရောဂါကား မသက်သာ။ ဆရာဝန်က ဝမ်းဗိုက်ကို ခွဲမည်ဟုဆိုသည်။

မောင်ထွန်းရင်သည် ဝမ်းဗိုက်ကို မခွဲလို၍ ဇနီးဖြစ်သူ မအုန်းရှင်နှင့် တိုင်ပင်ကာ ဆရာဝန်ကြီး မသိအောင် ဆေးရုံမှ ဆင်းခဲ့သည်။ အသံချဲ့စက်မှ ကြားနေရသည့် ဝိဇ္ဇာဓိုရ် ဦးနရိန္ဒ ဆရာတော်၏ တရားပွဲကျင်းပရာဆီသို့ ဝင်သည်။ လူပရိသတ် အတော်များလှသည်။ မောင်ထွန်းရင်က တရား၌ စိတ်မဝင်စားပေ။ မိမိဝေဒနာ ပျောက်ကင်းစေရန် ဆရာတော်ထံမှ ဆေးကောင်းဝါးကောင်း တောင်းရန်ကိုသာ စိတ်ဝင်တစားရှိနေသည်။

## ဝိဇ္ဇာဓာတ်စီး၍ သာသနာပြုရန် ငါးနှစ်တာဝန်ခံရပုံ

တရားပွဲပြီးသောအခါ ဆရာတော်တစ်ပါးနှင့် ပိတ်ဖြူဝတ် ဆရာကြီးတစ်ယောက် အိမ်ပေါ်မှ ဆင်းလာသည်ကို မောင်ထွန်းရင် တွေ့မြင်ရလေရာ ဝိဇ္ဇာဓိုရ် ဆရာတော် ဦးနရိန္ဒ၏နောက်မှပါလာသော တပည့်များဖြစ်လိမ့်မည်ဟု ထင်ဆ၍ ရိုသေစွာရှိခိုးပြီး ...

"တပည့်တော်မှာဖြစ်နေတဲ့ဝေဒနာဆိုးကို ပျောက်အောင် ဆေးဝါးများရှိပါက ပေးသနားပါဘုရား"ဟု လျှောက်သည်။ ဆရာတော်ဘုရားက –

"သာဓု သာဓု သာဓု၊ ချမ်းသာစေ ချမ်းသာစေ။ စနေသားရဲ့ ကိုယ်မှာစွဲနေတဲ့ ဝေဒနာက အတော်လေးရင့်နေပြီပဲ။ ဒါပေမယ့် ငါဆရာတော် ဦးပဏ္ဍိတ အရှင်မြတ်နဲ့တွေ့ရလို့ ပူစရာမလိုတော့ပါဘူး။ ပျောက်ကင်းချမ်းသာရာ ရစေမှာပေါ့။ သို့သော် တပည့်စနေသားကို ဆရာတော်ဘုရားက ကတိခံဝန်တစ်ခု တောင်းလိုတာကတော့ စနေသားရဲ့ ဝေဒနာပျောက်ကင်းသွားတဲ့အခါ ဆရာတော်ဘုရားတို့လည်း စနေသားကို ဓာတ်စီးပြီးတော့ သင့်လျော်သလို သာသနာပြုတော်မူလိုက်မယ်။

အဲဒီတော့ စနေသားက ဆရာတော်ဘုရားတို့ကို ဓာတ်စီးပြီးတော့ ငါးနှစ် သာသနာပြုနိုင်ပါ့မလား။ ပြုနိုင်မယ်ဆိုရင် ရောဂါဝေဒနာပျောက်ပြီးတော့ ဆရာတော်တို့ကို ဓာတ်စီးခံ သာသနာပြုဟုတ်လား။ တပည့်အနေနဲ့လည်း သာသနာပြု ပါရမီကုသိုလ်အထူးကိုလည်း ဆရာတော်ဘုရားနဲ့အတူ ရနိုင်ပါလိမ့်မယ်"

ဟု ဆရာတော် ဦးပဏ္ဍိ အရှင်မြတ်က မိန့်ကြားသည်။ ဆရာတော်အရှင်မြတ် မိန့်ကြားမှုကို မောင်ထွန်းရင်က အတန်ငယ်စဉ်းစားသည်။ ဤတွင် ဘိုးတော်ထွန်းအောင်ဆိုသူမှ ...

"စနေသားတပည့် ဓာတ်စီးခံပြီး သာသနာပြုရတယ်ဆိုတာ လူတိုင်းပြုလုပ်နိုင်တဲ့ ကုသိုလ်မျိုး မဟုတ်ဘူး။ ဆရာတော်ဘုရားနဲ့ စနေသားဟာ ပါရမီအဆက်အထက်က ရှိခဲ့ဖူးလို့သာ ယခုလို ဆရာတော်ဘုရားရဲ့ ချီးမြှင့်ခြင်းကို ခံရတာ။ ဘာမှ ငြင်းဆန်နေစရာ မရှိဘူး။ ဝမ်းသာစရာပဲပေါ့"ဟု ပါဝင်တိုက်တွန်းသည်။

စနေသား မောင်ထွန်းရင်သည် မိမိရောဂါဝေဒနာ ပြင်းထန်နေခြင်းကို ဗိုက်မခွဲရပါဘဲ ရောဂါပျောက်မည်ဆို၍ ဆရာတော်ဘုရား မိန့်ကြားတော်မူသည့် ငါးနှစ် ဓာတ်စီးခံ၍ သာသနာပြုရမည့်အရေးကို တာဝန်ခံကာ ကတိပြုရမည့်အတွက် တာဝန်ပေးသည်ဟု သဘောမထားနိုင်တော့ဘဲ "တပည့်တော်ဝေဒနာ ပျောက်ကင်းသွားပါလျှင် ဆရာတော်ဘုရားတို့ထံ ဓာတ်စီးခံလျက် ဆရာတော်ဘုရားတို့နှင့်အတူ ငါးနှစ် သာသနာပြုပါမည်ဘုရား"ဟု လျှောက်ထားလိုက်လေတော့၏။

## မွှေးကြိုင်သင်းပျံ့ ဆေးရနံ့

မောင်ထွန်းရင်က တာဝန်ကတိ ခံယူလိုက်သောအခါ ဆရာတော်ဦးပဏ္ဍိတအရှင်မြတ်သည် သာဓုသုံးကြိမ်ခေါ်ကာ ချမ်းသာစေ၊ ချမ်းသာစေဟု မိန့်ကြားတော်မူပြီး လက်ထဲမှ ဆေးအနည်းငယ်ကို စနေသား မောင်ထွန်းရင်အား စားစေသည်။ မောင်ထွန်းရင်သည် ဆရာတော်အရှင်မြတ်၏ ဆေးကိုယူ၍ သောက်လိုက်လေရာ မွှေးကြိုင်သင်းပျံ့စွာ အနံ့အရသာနှင့် ပြည့်စုံသည်ဖြစ်၍ လွန်စွာ ဝမ်းမြောက်သွားလေ၏။

"ရော့... ဒီဆေးကိုတော့ အိမ်ရောက်မှ မနက်ဖြန်ညနေ ၅ နာရီတိတိ အချိန်မှာ ရာဟုထောင့်ကိုလှည့်ပြီး ခြေစုံရပ်ပြီး ရတနာသုံးပါးအာရုံပြုလို့ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

ဦးပဏ္ဍိတအရှင်မြတ်အား တမ်းတပြီး သောက်လိုက်ပေတော့။ တပည့်စနေသားရဲ့ ရောဂါဝေဒနာတို့ဟာ စန္ဒာကိုယ်မှကင်းကွာပြီး အေးငြိမ်းချမ်း သာသွားပါလိမ့်မယ်"ဟု ဆုပေးပြီးသည်နှင့် တစ်ခဏအတွင်း ပျောက်ကွယ်သွားကြလေ၏။

စနေသား မောင်ထွန်းရင်နှင့် ဇနီးသ(ည်)တို့သည် အံ့အားသင့်ကာ ဝမ်းသာရမလို၊ ကြောက်ရွံ့ရမလို ရင်တဖိုဖိုဖြင့် ကျန်ရစ်ခဲ့ကြလေ၏။ ရုတ်တရက် ပျောက်ကွယ်သွားသည်ကိုတွေ့ရသဖြင့် ထူးခြားသော တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသည့် ဝိဇ္ဇာဓိုရ်ဆရာတော်များ အစစ်ဖြစ်ပေလိမ့်မည်ဟု ယုံကြည်အားထားစွာ ကြည်ညိုလေးစားသော သဒ္ဓါတရားဖြင့် ဝမ်းသာအားရစွာ မယ်ဘွေ့ကုန်းရွာသို့ ပြန်လာကြလေ၏။ ထူးခြားချ(က်)တစ်ရပ်မှာ ဆရာတော်ဘုရားများ အိမ်ပေါ်မှ ကြွလာတော်မူစဉ်အခါနှင့် စနေသားတို့ ပြောကြားကြသည်ကို ပရိသတ်တို့ မမြင်၊ မတွေ့၊ မကြားကြရဟု ဆိုသည်။

ဝိဇ္ဇာဓိုရ်ဆရာတော် ဦးပဏ္ဍိတအရှင်မြတ်နှင့် ဘိုးတော်ဘိုးထွန်းအောင်ဝတို့သည် စနေသား မောင်ထွန်းရင်ကို လွန်ခဲ့သောနှစ်များကပင် တွေ့ရှိခဲ့၍ အခါအခွင့်ကို စောင့်နေခဲ့ခြင်း ဖြစ်သည်။

## စနေသား မောင်ထွန်းရင် ရောဂါပျောက်ပြီ

ဆရာတော်အရှင်မြတ် မှာကြားခဲ့သည့်အတိုင်း စနေသားမောင်ထွန်းရင်သည် ၁၃၁၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်နေ့ ညနေ ၅ နာရီအချိန်တိတိတွင် ဆရာတော်အရှင်မြတ် ပေးခဲ့သည့်ဆေးကို ရာဟုထောင့်သို့လှည့်ပြီး ခြေစုံရပ်၍ ဆေးကိုစားလေ၏။

ညဥ့် ၇ နာရီတွင် စနေသား မောင်ထွန်းရင်သည် နေမထိ ထိုင်မသာ ဖြစ်လာသည်။ ရင်ထဲပျို့၍ ရုတ်တရက် အန်ချလိုက်လေရာ မမြင်ဝံ့မကြည့်ဝံ့လောက်အောင် နွား၏လျှာကြီး၊ ဆံပင်ထွေးနှင့်၊ အညစ်အကြေး၊ သွေးတုံးသွေးခဲတို့ကို တစ်ခုပြီးတစ်ခု အန်ထုတ်သည်ကို အံ့သြစွာ တွေ့မြင်ကြရလေ၏။

ထိုကဲ့သို့ တစ်ခုပြီးတစ်ခု အန်ချနေရသော်လည်း စနေသားမောင်ထွန်းရင်သည် ပင်ပန်းနွမ်းနယ်မှု အလျဉ်းမရှိပေ။ အလုံးစုံ အန်ချပြီး အိပ်ပျော်သွားလေ၏။ အိပ်ရာမှနိုးထလေသော် ရောဂါဟူသမျှ အလုံးစုံ ပျောက်ကင်းခဲ့လေပြီတည်း။

## သာသနာပြု ဝိဇ္ဇာဓိုရ်တရားပွဲ စတင်ကျင်းပလေပြီ

၁၃၁၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်နေ့ ည ၇ နာရီ အချိန်မှစ၍ ဦးပန်းအောင်၊ ဒေါ်ဖွားကြွယ်တို့၏ နေအိမ်၌ ဝိဇ္ဇာဓိုရ် ဦးပဏ္ဍိတဆရာတော် အရှင်သူမြတ် တရားဟောကြားမည်ဖြစ်ပါ၍ တရားနာ ကြွရောက်တော်မူကြပါရန် ဖိတ်ကြားသံကို မယ်ဘွေ့ကုန်းရွာတွင် လမ်းစေ့အောင် ကြားရလေ၏။ ဖိတ်ကြားသော သူကိုကား မတွေ့ကြရပေ။ (တရားနာဖိတ်ကြားသည့် နိဗ္ဗာန်ဆော် ဥပါသကာကြီးသည်ကား ဘိုးတော်ဘိုးထွန်းအောင် ဖြစ်လေ၏။)

မယ်ဘွေ့ကုန်း ရွာသူရွာသားတို့သည်လည်း တရားနာ ဖိတ်ကြားသံကြား၍ တဖွဲဖွဲ လာကြလေ၏။ အိမ်ရှင် ဦးပန်းအောင်+ဒေါ်ဖွားကြွယ်တို့မှာလည်း တအံ့တသြ ဖြစ်ကြရလေ၏။ တရားနာပရိသတ်တို့လည်း အိမ်ပေါ်အိမ်အောက် ပြည့်နက်လို့နေလေပြီ။

---

တစ်ခါတစ်ရံ လူကိုမမြင်ရဘဲ ငှက်ပျောသီး၊
ပန်းသီး၊ နာနတ်သီး စသော သစ်သီးများ
ကျလာ၊ ပေါ်လာ စားကြရလေ၏။
စနေသားသည် ကောင်းကင်မှ
အလိုလိုရောက်လာသော ပုတီးကို
တစ်နေ့လျှင် ၂၇ ပတ် သုံးကြိမ် စိပ်ရလေ၏။
ဝိဇ္ဇာဓိုရ်ဆရာတော် ဘုရားတို့၏
တန်ခိုးအမျိုးမျိုးတို့သည် တစ်ညထက်တစ်ည
ထူးခြားဆန်းပြားလျက် ရှိနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် အိမ်ပေါ်သို့ ရောက်နှင့်နေသော စနေသား မောင်ထွန်းရင်သည် တည်ကြည်ခံ့ညားစွာ ဣန္ဒြေသိက္ခာဖြင့် ရဲရင့်ပြတ်သားစွာ ရုတ်တရက်အသံ ထွက်ပေါ်လာပါတော့သည်။

"ဩော် ...ဝိဇ္ဇာမိုရ်ဆရာတော် ဦးပဏ္ဍိတ အရှင်မြတ်ကြီးသည်ကားဆိုလျှင် နဂါးမတောင်တော်ကြီးမှာ သီတင်းသုံးနေထိုင်တော်မူရာမှ လူ့ပြည်လူ့ရွာ သာသနာပြုချင်လို့ စနေသားကို ဓာတ်စီးပြီးတော့ ယခုလို စတင်တရားဟောရပါတယ်။ စနေသားရဲ့ရုပ်ကို မကြည့်ကြပါနဲ့။ စနေသားကတော့ ရေဒီယိုနဲ့တူပါတယ်။ ဦးပဏ္ဍိတအရှင်မြတ်ကြီးက အသံလွှင့်ရုံနဲ့တူပါတယ်" စသည်ဖြင့် ပြောဆိုပြီး တစ်နာရီခန့်မျှ တရားဟောကြားခဲ့၏။

၎င်းညဉ့် တရားပွဲကြီး ပြီးဆုံးသွားသောအခါ အချို့က ဝိဇ္ဇာမိုရ်ဆရာတော် အရှင်မြတ်ကို ယုံယုံကြည်ကြည်ရှိကြသလို အချို့ကမူ ရက္ခစိုး၊ အချို့က ဥစ္စာစောင့်၊ သရဲ စသည်ဖြင့် အကိုးအကား အထောက်အထားကင်းမဲ့စွာဖြင့် ဝေဖန်သမှုပြုကြလေ၏။

## ရန်ပြေမာန်ပြေ ဘုရားနှင့် စနေသား

ဝိဇ္ဇာမိုရ်ဆရာတော် ဦးပဏ္ဍိတ ဓာတ်စီးညွှန်ကြားရာ မကွေးမြို့သို့ စနေသားမောင်ထွန်းရင်သည် သူ၏ တပည့် ခုနစ်ယောက်ကိုခေါ်၍ ရောက်ခဲ့ပေ၏။ မကွေးမြို့ မြသလွန်ဘုရားကုန်းပေါ်သို့ တက်ကြသည်။

ဘုရားကုန်းပေါ်တွင် တပည့်ခုနစ်ယောက်နှင့် အတူ ပုတီးစိပ်ကြစဉ် စနေသား မောင်ထွန်းရင် ပျောက်သွားသည်။ ၁၅ မိနစ်ခန့်အကြာ စနေသား ပြန်ရောက်လာသည်။ ဆရာတော်တို့က တောကြီးတောင်ကြီး အတွင်းသို့ ခေါ်သွားကြောင်း၊ အလွန်သာယာသော ဂူကြီးအတွင်း စေတီတော်ကြီးတစ်ဆူကို ဖူးတွေ့ခဲ့ရကြောင်း ဆိုသည်။ ဆရာတော်ကပေးသော ပုတီး တစ်ကုံးလည်း ပါလာ၏။

## ပုတီးတစ်မိုး အကျိုးအံ့ဖွယ် လွန်ဆန်းကြယ်

ဆရာတော်ပေးခဲ့သော ပုတီးကို စနေသား မောင်ထွန်းရင်မှ သာသနာပြုရန် ခေါ်ယူလာသော တပည့် ခုနစ်ယောက်အား ရေစိမ်၍ သောက်စေလေ ရာ ရေသည် ပြဒါးပြာထည့်၍ စိမ်သောရေကဲ့သို့ ဖြစ် လေ၏။ တပည့်ခုနစ်ယောက်သည် ပုတီးမှဖြစ်သော ဓာတ်ပြာရည်ကို သောက်ကြရသဖြင့် နှစ်ညအိပ်၊ သုံး ရက်အတွင်း ထမင်းမစား အာဟာရကင်းမဲ့စွာဖြင့် နေ့ရောညပါ ပုတီးစိပ်နိုင်လျက် ရှိကြပေတော့၏။

အဆိုပါ ပုတီးသည် မယ်ဒွေ့ကုန်းရွာ ဘုရား ဓာတ်စခန်းတွင် ထားရှိထားရာ အလိုလို ပျောက်သွားခြင်း၊ ပြန်ပေါ်လာခြင်း၊ လေထဲတွင် ဝေ့ဝဲသွားလာနေသည် ဟူ၏။ (၎င်းပုတီးကို ယခုအခါ ထန်းတပင်ရွာ ဒေါ်နီနီအေး အမည်ရှိသော အမျိုးသမီးထံ၌ ဆရာတော်ဘုရားတို့ ကျေနပ်ခွင့်ပြုချက်အရ ဖန်ပေါင်းချောင်ဖြင့် ရိုသေစွာ ကိုးကွယ်ထားကြောင်း မှတ်တမ်းပြုသူတို့မှ ဆိုသည်။)

## ဝိဇ္ဇာတန်ခိုးဖြင့် သာသနာပြုစခန်း စလေပြီ

ဝိဇ္ဇာမိုရ် ဆရာတော် ဦးပဏ္ဍိတ အရှင်မြတ်နှင့် ဘိုးတော်ဘိုးထွန်းအောင်တို့သည် မယ်ဒွေ့ကုန်းရွာ ဝိဇ္ဇာဓာတ်စခန်း၌ ညဉ့်စဉ် စနေသားကို ဓာတ်စီးလျက် တရားဟောခြင်း၊ အသုဘ ကမ္မဋ္ဌာန်းကို သရုပ်ဖော်၍ တူအောင်ပြခြင်းဖြင့် စရိုက်အားလျော်စွာ ဝိဇ္ဇာမိုရ်တန်ခိုး အမျိုးမျိုးတို့ကို အကြောင်းအားလျော်စွာပြုလျက် တရား ဘက်သို့ ဆွဲဆောင်ကာ သာသနာပြုတော်မူကြသည်။

တစ်ခါတစ်ရံ လူကိုမမြင်ရဘဲ ငှက်ပျောသီး၊ ပန်းသီး၊ နာနတ်သီး စသော သစ်သီးများ ကျလာ၊ ပေါ်လာ စားကြရလေ၏။ စနေသားသည် ကောင်းကင်မှ အလိုလိုရောက်လာသော ပုတီးကို တစ်နေ့လျှင် ၂၇ ပတ် သုံးကြိမ် စိပ်ရလေ၏။ ဝိဇ္ဇာမိုရ်ဆရာတော် ဘုရားတို့၏ တန်ခိုးအမျိုးမျိုးတို့သည် တစ်ညထက် တစ်ည ထူးခြားဆန်းပြားလျက် ရှိနေလေ၏။

"တွေ့မြင်ရတဲ့ တန်ခိုးတွေကတော့ဖြင့် ထူးခြား ဆန်းကြယ် အံ့ဖွယ်ကောင်းပါပေတယ်။ ဒါပေမယ့် ဝိဇ္ဇာတော့ မဟုတ်နိုင်ပါဘူး။ ဥစ္စာစောင့်နဲ့ပေါင်းပြီး

www.burmeseclassic.com

"ထူးခြားဆန်းကြယ်အောင်လုပ်ပြီး လိမ်နေတာပါ" စသည်ဖြင့် ဝေဖန်သူများ ရှိနေသေးသည်။

## ကြုံတွေ့ရသည့် လောကဓံ

(၁၃၁၅) ခုနှစ်တွင် ဝိဇ္ဇာဓိုရ် ဆရာတော်တို့သည် အကြောင်းအမျိုးမျိုးတို့ကြောင့် စနေသားအား အရှုံးအသွင်ဖြစ်အောင် သရုပ်ဆောင်စေခြင်း၊ စနေသားကားတိုက်သေပြီဟု ကြေးနန်းရိုက် အကြောင်းကြားခြင်း စသည်တို့ဖြင့် ပတ်ဝန်းကျင်ရှိ ရဟန်းရှင်၊ လူတို့နှင့် တပည့်များအား ပရိယာယ်ဖြင့်လှည့်စားကာ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်အမျိုးမျိုးကို ပေါ်လွင်ထင်ရှားအောင် ဆောင်ရွက်တော်မူကြသည်။

ဤတွင် စနေသား၏ ဦးရီးတော်သူ ဘုန်းတော်ကြီးသည် "မောင်ထွန်းရင်သည် ရိုးရိုးမဟုတ်။ ပယောဂ ပူးကပ်ပြီး ဖြားယောင်းနေတာ။ တော်တော်ကြာ သိုက်ထဲ ခေါ်သွားလိမ့်မယ်"ဟု ဆိုကာ ပယောဂဆရာအမည်ခံ အောက်လမ်းဆရာ မောင်လေးကိုခေါ်၍ မောင်ထွန်းရင်အား ကုသစေလေ၏။

ပယောဂဆရာ မောင်လေးသည် အစီအရင်များကိုပြုလုပ်ပြီး ယခင်အခါများက ပယောဂ ဝေဒနာရှင်တို့အား သက်ဆိုင်ရာကို အာဏာဖြင့်ခေါ်ယူပြီး ပူးကပ်စေသကဲ့သို့ မောင်ထွန်းရင်အားလည်း သက်ဆိုင်ရာက ပူးဟ၊ ကပ်ဟ၊ ဘယ်သူ့အမိန့်၊ ဘယ်ဝါ့အမိန့် စသည်ဖြင့် ကြိမ်းမောင်းကာ အာဏာပြလေ၏။

စနေသားမောင်ထွန်းရင်ကား မည်သို့မျှ မတုန်မလှုပ်။ ဆရာဆိုသူအား ပမာမပြု ဂရုမထားသည့်အနေဖြင့် ဣန္ဒြေရစွာ ထိုင်လျက်ရှိသည်။ ပရိသတ်ကား ပယောဂဆရာဆိုသူနှင့် ဝေဒနာရှင်ဆိုသူ မောင်ထွန်းရင်အား အကဲခတ်လျက် ရှိနေကြသည်။

စနေသား မောင်ထွန်းရင်မှာ မည်သို့မျှ ထူးခြားမှု မရှိသည့်အပေါ်တွင် ပယောဂဆရာ မောင်လေးအနေဖြင့် ရှက်အားပိုကာ ဒေါပွလျက် ပင်ပန်းနေလေတော့၏။ ပယောဂဆရာမောင်လေးသည် မည်သို့မျှ မတတ်နိုင်တော့ဘဲ လက်မှိုင်ချကာ အကြံထုတ်လျက် ရှိနေစဉ် ဘိုးတော်ဘိုးထွန်းအောင်သည် ရုတ်တရက် စနေသားကို ဓာတ်စီးလျက် ...

"ကဲ ...ကဲ မင်းတို့ သံသယရှင်းအောင် ငါ ဘိုးတော်ထွန်းအောင် ကြွလာခဲ့ရတယ်။ ငါတို့ ဝိဇ္ဇာဓိုရ် ဆရာတော် အရှင်မြတ်တို့ကို မင်းတို့က စုန်း၊ သရဲ၊ ပယောဂ၊ ဥစ္စာစောင့်ရယ်လို့ ထင်မှတ်ကြပေတယ်။ အဲဒီတော့ မင်းတို့က ဘယ်လိုကုချင်ကြသလဲ။ ပြောကြစမ်း"

ဟု ဆိုလေသော် ပယောဂဆရာ မောင်လေးသည် သာမန်စုန်း၊ နတ်ပယောဂတို့က ဝိဇ္ဇာယောင်ဆောင်၍ ပြောသည်ဟု ထင်မှတ်ကာ "ဟောဒီ ဆေးလုံးတောင့်ကျွေးပြီး ကုမယ်"ဟု ဆိုလေ၏။ ဤတွင် ဘိုးတော်ထွန်းအောင်က -

"ကောင်းပြီ မင်းကျွေးတဲ့ ဆေးသုံးတောင့်ကို ငါစားဖို့ ဝန်မလေးပါ။ ဒါပေမယ့် မင်းဆေးတောင့်ကို မင်းကိုယ်တိုင် နည်းနည်းစီ စားပြပါဦး။ မင်းစားပြီးရင် ငါစားမယ် စိတ်ချ"ဟု ဆိုလေရာ ပယောဂဆရာ မောင်လေးသည် မလွှဲမရှောင်သာတော့ဘဲ မိမိဆေးကို မိမိကိုယ်တိုင် နည်းနည်းစီ စားပြရလေတော့၏။

ပယောဂဆရာ မောင်လေးစားပြီးသော ကျန်ဆေးများကို စနေသားသည် လျင်မြန်စွာယူ၍ ဝါးစားလိုက်လေ၏။ ပြီးနောက် "မင်းကျွေးတဲ့ဆေးကို ငါစားပြီးပြီ။ ငါကျွေးတဲ့ဆေးကိုလည်း မင်းစားရလိမ့်မယ်"ဟု ပြောလိုက်ရာ ပယောဂဆရာသည် မျက်စိ မျက်နှာပျက်ကာ ပရိသတ်ထဲမှ ရှောင်တိမ်းထွက်ခွာသွားလေတော့၏။

စနေသား မောင်ထွန်းရင်သည် ပယောဂဆရာတို့၏ နည်းလမ်းအသွယ်သွယ်၊ ပရိယာယ်အမျိုးမျိုးတို့ဖြင့် အကြိမ်ကြိမ် ကုသခြင်းကို ခံခဲ့ရပါသော်လည်း မည်သို့မျှ ထူးခြားခြင်း မရှိပေ။

ဝိဇ္ဇာဓိုရ်ဆရာတော်အရှင်မြတ်တို့ကို အခြားသော စုန်း၊ နတ်၊ ပယောဂတို့ကဲ့သို့ ပယောဂဆရာတို့၏ အာဏာဖြင့် ပူးဟ၊ ကပ်ဟ၊ ဝင်ဟ၊ ချုပ်ဟ စသည်ဖြင့် နိုင်းစေချုပ်နှောင်၍ ရလိမ့်မည် မဟုတ်သည့်အပြင် ဝိဇ္ဇာတို့၏တန်ခိုးဖြင့် လိုအပ်သလိုပင် ထူးခြားအံ့ဖွယ် အသွယ်သွယ်တို့ကို ဆန်းကြယ်စွာ ညဉ့်စဉ် ပြတော်မူကြ



www.burmeseclassic.com

www.burmeseclassic.com

လျက် တရားဟောကာ သာသနာပြုလုပ်ငန်းကို ကြိုး
ပမ်းအားထုတ်တော်မူကြပြီးလျှင် လူတို့ စရိုက်အား
လျော်စွာ ဟောချွတ်တော်မူကြပေ၏။

## စနေသား၏ ကတိသစ္စာစိုင်မြဲစွာ

စနေသားမောင်ထွန်းရင်၏ ကတိခံဝန် ပြုထား
သည့် ငါးနှစ်အတွင်းဝယ် မှတ်တမ်းတင်၍ မထားနိုင်
လောက်အောင် ထူးခြားလှစွာသော ထူးခြားချက်အရပ်
ရပ်တို့ကို စနေသားကိုယ်တိုင်ပင် စုံလင်စွာ မမှတ်မိနိုင်
တော့ဟု ဆိုသည်။

စနေသား၏ခန္ဓာကိုယ်၊ ဆရာတော်ဘုရားတို့၏
စိတ်ဖြင့် ဆရာတော်ဘုရားတို့၏ ဆန္ဒတော်အရ ခိုင်း
စေသမျှတို့ကို မတွန့်မဆုတ် ကြောက်ရွံ့ခြင်းအလျဉ်းမရှိ
ကတိအရ တည်တံ့စွာဆောင်ရွက်ခဲ့ရာ ၁၉၁၉ ခုနှစ်တွင်
ကတိသစ္စာစေ့သည့် ငါးနှစ်စေ့မြောက်ခဲ့ပါသော်လည်း
ဆရာတော်ဘုရားတို့ သာသနာပြုရန်အတွက် ဆောင်
ရွက်ဖွယ်ကိစ္စတို့က များလှသေးသဖြင့် ဆရာတော်ဘုရား
တို့က အခွင့်ပေးသနားသည့်တိုင်အောင် ဆက်လက်၍
ဆရာတော်ဘုရားတို့၏အကျိုးကို ဆောင်ရွက်လျက်
ဆရာတော်ဘုရားတို့နှင့်ပူးတွဲ၍ သာသနာပြုနေသည်မှာ
ဝိဇ္ဇာတို့လမ်းစဉ်ညဏ်ဖြင့် အထူးထုံကူးရန်အတွက်
အသက်နှင့်လဲကာ ဆောင်ရွက်မည့်စေတနာ၊ ပြင်းပြ
သော သဒ္ဓါဖြင့် နှစ်အတန်ကြာသည်အထိ ထမင်းမစား
တော့ဘဲ ကော်ဖီ၊ သစ်သီး၊ မုန့်တို့ကိုသာစားပြီး ထား
ရာမှာနေ၊ စေရာကိုသွား၍ ဆရာတော်ဘုရားတို့၏
အကျိုးကို ဆောင်ရွက်ခဲ့သည်။

ဝိဇ္ဇာခိုရ် ဆရာတော်ဘုရားတို့သည် ၁၃၁၄ ခုနှစ်၊
ဝါဆိုလဆန်း ၁၃ ရက်နေ့ ညမှစ၍ စနေသားကို
ဓာတ်စီး၍ သာသနာပြုတော်မူလာခဲ့ရာ ၁၃၃၃ ခုနှစ်၊
ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ၁၉ နှစ် ပြည့်မြောက်ခဲ့
လေပြီတည်း။

အဆိုပါ ဝိဇ္ဇာခိုရ်ဆရာတော်နှင့် ဘိုးတော်
ဘိုးထွန်းအောင်တို့ ဓာတ်စီးဟောပြောလျက် ရှိခဲ့ပါသော
စနေသား မောင်ထွန်းရင်၏ ဇာတ်ကြောင်းခြင်းရာကို
ကျွန်ုပ်အား ပြောပြခဲ့သူမှာ လ.ဝ.က ဌာနမှ အငြိမ်းစား
အရာရှိကြီးဦးမြင့်လွင်(စာရေးဆရာကြီး ပုသိမ်သန်းနွယ်)
ဖြစ်ပါ၏။ သူသည် စနေသား ဓာတ်စီးဟောပြောမှုကို
ကိုယ်တိုင်ကိုယ်ကျ နာယူခဲ့ဖူးသည်ဟူ၏။

ကျွန်ုပ်သည် ဓာတ်စီးခြင်းနှင့် ပတ်သက်သော
အကြောင်းခြင်းရာများကို စိတ်ဝင်တစား လေ့လာခဲ့
ကြောင်း ဆိုခဲ့ပြီးလေပြီ။ ယခုလည်း စနေသားမောင်ထွန်း
ရင်၏ ဓာတ်စီးဟောပြောခြင်းအကြောင်းကို စိတ်ဝင်
တစား နားထောင်ခဲ့ရလေပြီ။ သို့သော်ငြားလည်း ကိုယ်
တိုင်မတွေ့မကြုံရလေတော့ (စိတ်ရင်းအမှန်အတိုင်း
ပြောရလျှင်) စိတ်အတွင်း သို့လော သို့လော ဖြစ်တည်ခဲ့
လေ၏။

ဦးမြင့်လွင်သည် ကျွန်ုပ်၏စိတ်အတွင်း ဖြစ်ပုံကို
ကျွန်ုပ်၏ မျက်နှာမှတစ်ဆင့် ဖတ်မိဟန်တူ၏။

"စနေသားမောင်ထွန်းရင် ဓာတ်စီးမှုကို တချို့က
ယုံကြည်သလို တချို့က ပရလောကသားတွေ၊ ဉစ္စာ
စောင့်၊ ရုက္ခစိုး စသည်ဖြင့် ပြောဆိုဝေဖန်ကြတာပေါ့။
စနေသား မောင်ထွန်းရင် ဓာတ်စီးဟောပြောတာက
အလွန်သတင်းကြီးလေတော့ လာရောက်လေ့လာသူ
များပြီပေါ့။ အဲဒီမှာ ထောက်လှမ်းရေးသမား၊ သတင်း
ထောက်တွေလည်း မပါမဟုတ် ပါတယ်။ ခေတ်ပညာ
တတ်၊ သိပ္ပံပညာတတ်တွေလည်း နည်းအမျိုးမျိုး လေ့
လာကြတယ်။ နောက်ဆုံး ဘယ်လိုမှ ငြင်းချက်ထုတ်
ပယ်နိုင်ခြင်းမရှိဘဲ ဝိဇ္ဇာခိုရ်ဆရာတော်ဘုရားတို့ရဲ့
လောကဓမ္မနဲ့စပ်တဲ့ ဩဝါဒတရားတို့ကို လေးစားရိုသေ
နာယူလျက် ရှိကြတယ်လို့ ဆိုတယ်"ဟု ကျွန်ုပ်အား
ပြောဆိုရှင်းပြလေ၏။

ဦးမြင့်လွင်က ရိုးစင်းစွာ ပြန်လည်ပြောဆိုမှု
ကြောင့် ကျွန်ုပ်၏စိတ်အတွင်း သို့လော သို့လော
ဖြစ်ခဲ့ရမှုကို ရှက်ရွံ့သွားမိလေ၏။

ဦးမြင့်လွင်သည် ကျွန်ုပ်အား သူ၏မှတ်တမ်း
စာအုပ်ကြီး တစ်အုပ်မှ ဝိဇ္ဇာခိုရ်ဆရာတော်ဘုရားတို့၏
ပါရမီကုသိုလ်တရားတို့ကို ပြုလုပ်ဆည်း၍ သာသနာပြု
တော်မူကြပုံ အကြောင်းခြင်းရာကို ပေးဖတ်ပါ၏။

ဝိဇ္ဇာခိုရ် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး ဦးကော
ဝိဒ၊ ဆရာတော် ဦးပဏ္ဍိတ၊ ဆရာတော် ဥတ္တမကျော်



www.burmeseclassic.com

www.burmeseclassic.com

ဘိုးတော် ဘိုးထွန်းအောင်တို့သည် ပါရမီကုသိုလ်ဒါနအမျိုးမျိုးတို့ကို ဆည်းပူးအားထုတ်တော်မူကြလျက် ဝိနည်းသိက္ခာပုဒ်တို့ကို လေးစားရိုသေစွာ ကျင့်သုံးဆောက်တည်တော်မူကြခြင်း၊ တပည့်အပေါင်းတို့အားလည်း ပါရမီကုသိုလ်ဒါနဖြစ်အောင် စုပေါင်းအလှူဒါနများကို ပြုလုပ်စေခြင်း၊ သီလဆောက်တည် ပုတီးစိပ်စေခြင်း၊ ဝိဇ္ဇာမိုရ်ဆရာတော်တို့သည် တပည့်တို့အား ယဉ်ကျေးအောင် ဆုံးမဟောကြားရန်အလို့ငှါ ဓာတ်စခန်းနှင့် သာသနာပြုရာ ဌာနများသို့ အခါအားလျော်စွာ ကြွရောက်ဆောင်ရွက်တော်မူပါသော်လည်း ကိလေသာအာရုံ ကာမဂုဏ်တို့နှင့် ဝေးရာဌာနဖြစ်သော တောင်တောင်တို့၌သာ နေကျွမ္မမျောသယဖြင့် အစဉ်ထာဝရ သီတင်းသုံးမွေ့လျော်တော်မူခြင်း။

ဝိဇ္ဇာမိုရ် ဆရာတော်ဘုရားတို့၏ ပဋိပတ္တိလမ်းစဉ်မှာ ဝိဇ္ဇာတို့၏ သိဒ္ဓိဆယ်ပါး တန်ခိုးအားဖြင့် မိမိတို့ခန္ဓာအစဉ်ကို ချမ်းသာအောင် ဆောင်ရွက်ကြကာ အသက်ရှည်စွာ အနာကင်းမဲ့လျက် ဆာလောင်မွတ်သိပ်ခြင်း၊ လွန်ကဲသော ပူခြင်းအေးခြင်းမရှိဘဲ အလိုတော်ရှိကြသလို ကာလဒေသမရွေး ငြိမ်းအေးချမ်းသာစွာ သီတင်းသုံးတော်မူကြလျက် သမထဘာဝနာတရားတို့ကို ဈာန်ပွားကာ အဆင့်ဆင့်တက်ပြီးလျှင် အဘိညာဉ်ဘက်သို့ ရောက်သောအခါ ဝိဇ္ဇာတို့တန်ခိုးမဖတ် သမထ-ဝိပဿနာ သမာဓိသက်သက်ဖြင့် ဝိပဿနာဘာဝနာသို့ ဆက်လက်ကူးပြောင်း အားထုတ်တော်မူကြကာ ဝိပဿနာမဂ်ဖိုလ် ပညာဉာဏ်ကို ရရှိနိုင်ရန် အမြင်မှန်ဉာဏ်အစဉ်ဖြင့် ဘုရားရှင်အလိုတော်ကျ ကျမ်းဂန်များနှင့် ညီညွတ်စွာ အားထုတ်တော်မူကြခြင်း။

ဝိဇ္ဇာမိုရ် ဆရာတော်ဘုရားတို့သည် ဝိဇ္ဇာတို့၏ တန်ခိုးသိဒ္ဓိ ဆယ်မျိုးနှင့် ပြည့်စုံသည့် တန်ခိုးရှင်ဖြစ်တော်မူကြပါသော်လည်း လောကီချမ်းသာဖြင့် အေးဆေးသက်သာ စံပျော်သီတင်းသုံးတော်မမူကြဘဲ သမထသာသနာတရားနှင့်တကွ ပါရမီကုသိုလ်ထူးတို့ကို မနားမနေ ကြိုးစားအားထုတ် ဆည်းပူးတော်မူကြလျက် ကမ္ဘာကြီးနှင့်တကွ လောကလူသားတပည့်တို့အား ဘေးရန်ကင်းကွာ ချမ်းသာကြစေရန်အတွက်ကိုလည်း ကာလဒေသအကြောင်းအားလျော်စွာ ကြွရောက်ကယ်တင် ဟောကြားချီးမြှောက် စောင့်ရှောက်တော်မူကြခြင်း။

ဝိဇ္ဇာမိုရ် ဆရာတော်ဘုရားတို့သည် ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူအပ်သော မဂ္ဂင်ရှစ်တန် မှန်ကန်သော လမ်းစဉ်အတိုင်းသာလျှင် ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်တော်မူကြလျက် တပည့်အပေါင်းတို့ကိုလည်း ဟောကြားညွှန်ပြတော်မူကြခြင်း။

ဝိဇ္ဇာတို့၏ မှန်ကန်သော တန်ခိုးဖြင့်လည်းကောင်း၊ မှန်ကန်သော စိတ်ထား၊ မှန်ကန်သော စကား၊ မှန်ကန်သော ပြုလုပ်ဆောင်ရွက်ခြင်းတို့ဖြင့်လည်းကောင်း အမှန်ကိုသာ ကြံစည်ပြောကြား ပြုလုပ်ဆောင်ရွက်တော်မူခြင်း။

ဝိဇ္ဇာမိုရ် ဆရာတော်ဘုရားတို့၏ အဓိဋ္ဌာန်ချက်တို့သည် သာမန်လူသားတို့နှင့်မတူ ထူးခြားကြီးကျယ် အံ့ဖွယ်လီလီ ရဲရဲတောက်သတ္တိဖြင့် မယိမ်းမယိုင် ကြံ့ခိုင်တည်ကြည်သော ရည်ညွှန်းဆောက်တည်ချက်တို့ဖြင့် မပျက်မကွက်စေဘဲ လောကီ-လောကုတ္တရာ အကျိုးဆက်တို့ကို အစဉ်မပျက် ဆောင်ရွက်အားထုတ်တော်မူကြခြင်း။

ဝိဇ္ဇာမိုရ် ဆရာတော်ဘုရားတို့သည် ဆယ်ပါးသော သိဒ္ဓိရှင်ဖြစ်တော်မူကြပါသော်လည်း တစ်ကိုယ်တော်ကောင်းကျိုးကို မျှော်ကိုးလိုလားတော် မမူကြပါဘဲ ပါရမီရှင် တပည့်အပေါင်းတို့အားလည်း ပါရမီဖြစ်အောင် အဆင့်ဆင့် တိုက်တွန်းဟောကြားတော်မူပြီးလျှင် စရိုက်အားလျော်စွာ တန်ခိုးပြခြင်း စသည်ဖြင့် စိတ်ချမ်းသာ ပျော်ရွှင်မှုကို ဆောင်ရွက်တော်မူကြလျက် ပါရမီကုသိုလ်တရားဘက်သို့ သက်ဝင်အောင် ပို့ဆောင်ချီးမြှောက်တော်မူကာ တပည့်အပေါင်းတို့အား မေတ္တာသက်ဝင် ချစ်ခင်ကြင်နာတော်မူကြသည့်အပြင် ကမ္ဘာပေါ်ရှိ သတ္တဝါအပေါင်းတို့အားလည်း ဘေးရန်ကင်းကွာ ချမ်းသာကြပါစေရန် မေတ္တာပွားခြင်း စသည်တို့ကို ဖတ်မှတ်ရလေ၏။ ဗဟုသုတ ဖြစ်ဖွယ်ရာပါတည်း။

ကိုမောင်သန့်ဇင်

www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ပုံရိုက်ပြီးမြင်ရသော အလင်းဝိုင်းများနှင့် လူရိပ်ရောင်များ

**နတ်ထီးလှိုင်**

မျက်စိဖြင့်မြင်ရသော ရိုးရိုးမြင်ကွင်းများကို ဓာတ်ပုံရိုက်လိုက်ပါသည်။ ဓာတ်ပုံကူးလိုက်သောအခါ မျက်လုံးဖြင့်မြင်နေရသော မြင်ကွင်းပေါ်တွင် မမြင်လိုက်ရသော မမြင်ဖူးသည့် အဝိုင်းပုံမျိုး ပေါ်လာပါသည်။ Digital (ဒစ်ဂျစ်တယ်)ခေတ်မဖြစ်ခင် ဖလင်ခေတ်ကတည်းက ပေါ်နေသော ပြဿနာများဖြစ်ကြသည်။

ဒစ်ဂျစ်တယ်ကင်မရာများ (Phone)ဖုန်းကင်မရာများ ပေါ်များလာသော ယခုခေတ်တွင်လည်း ၎င်းပြဿနာမျိုးစုံ တွေ့ကြုံရလာပြန်သည်။ စာရေးသူကိုယ်တိုင် ရိုက်မိပြီးမြင်ရသော (photo)ဓာတ်ပုံများစွာထဲမှ အနည်းငယ်အကြောင်း ပြောလိုပါသည်။

ဘီးလင်းမြို့နယ် မဲလံဆံတော်သို့ ရောက်ရှိဖူးမြော်စဉ်က ဆိုနီကင်မရာ (14.mx) ၁၄ မီဂါပစ်ဇယ်ဖြင့် ရိုက်မိရာ ကောင်းကင်ပြာပေါ်တွင် အဝါရောင် စက်ဝိုင်းခြမ်းလည် လျက်ပုံလေး ပါဝင်လာပါသည်။ နောက်တစ်ပုံ ထပ်ရိုက်ရာတွင် ၎င်းအဝါရောင် စက်ဝိုင်းခြမ်း အနားကွပ်ပုံကို မမြင်ရတော့ပါ။

တွံတေးအနီး စမ်းရွာမောင်းတီးစေတီကို ဖုန်းကင်မရာဖြင့်ရိုက်မိသော ရဟန်းတစ်ပါးကလည်း လာပြပါသည်။ အညိုရောင်ပန်းကန်လုံး မှောက်လျက်စောင်းနေသောပုံကို တွေ့နေရပါသည်။ နောက်တစ်ပုံတွင် မတွေ့ရပါ။ ထင်ထင်ရှားရှားကြီး မြင်နေရသော ဓာတ်ပုံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

*ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ ဈာန်ဝင်စားနေချိန် ကောင်းကင်မှဖြတ်သွားသော ဘီလူးနှစ်ကောင် တွေ့လိုက်ရ၏။ တစ်ဦးက ပြောင်လက်နေသော ရဟန်းခေါင်းကို တင်းပုတ်ဖြင့် ထုချင်သည်။ တစ်ဦးက တားမြစ်သည်။ မရပါချေ။ ထုထည့်လိုက်ပါသည်။ ၎င်းဘီလူး ချက်ချင်းမြေမျိုပြီး အဝီစိငရဲကျသွား၏။*

ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ဇီးဖြူကွင်းအုပ်စု ထန်းပင်ချောင် ရွာဦးစေတီ အနေကဇာတင်ပွဲတွင်လည်း ဓာတ်ပုံရိုက်ပါသည်။ ကိုးတောင်ပြည့်စေတီလေးအနီးတွင် ဆေးရိုးပင်ရှိပြီး ၎င်းဖလင်ကိုကူးလိုက်သောအခါ ရောင်ခြည် လည်း အဝိုင်းစက်သေးတစ်ခု ပါလာ၏။

ဤဓာတ်ပုံများနှင့်ပတ်သက်၍ အောင်ခြင်းရှစ်ပါး ထဲက 'အာဠဝက ဘီလူးမင်းကို အောင်တော်မူခန်း' အကြောင်း ပြောချင်ပါသည်။ ၎င်းဘီလူး၏ ဗိမာန်ထဲတွင် မြတ်စွာဘုရားရှင် ဝင်ရောက်သီတင်းသုံးတရားဟောနေစဉ် သာတာဂိရိနှင့် ဟေမဝန္တနတ် နှစ်ပါးက အစည်းအဝေးသွား ပါသည်။ ၎င်းတို့ နတ်ရထားများ သွားမရဘဲ ရပ်တန့်နေရာ တွင် ဆင်းကြည့်မှ မြတ်စွာဘုရားရှင် အာဠဝကဗိမာန်ထဲရှိ မှန်း သိပြီး ဝင်ရောက်ရှိခိုးဖူးမြော်ပြီးမှ ဆက်သွားလို့ရခဲ့ ပါသည်။

ကောင်းကင်ပြင်ကြီးတွင် လေယာဉ်များ ပျံသန်း သွားသော အပြည်ပြည်ဆိုင်ရာ လေယာဉ်သွားလမ်း ကြောင်းများ ရှိသကဲ့သို့ ကောင်းကင်သွားနိုင်သူများ၏ ယာဉ်လမ်းကြောင်းများလည်း ရှိနေပါသည်။ ဓာတ်ပုံရိုက် လိုက်ချိန် ပုံရိပ်ယောင်ပေါ်ပြီး ၎င်းတို့ကို လည်နေသော စက်ဝိုင်းများသဖွယ် တွေ့ရသိရပါသည်။

တစ်ဖန် နောက်ဝတ္ထုတစ်ခု ရှိပါသေးသည်။ ည ဘက် လသာသာ လွင်တီးခေါင်ထဲတွင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ ဈာန်ဝင်စားနေချိန် ကောင်းကင်မှဖြတ် သွားသော ဘီလူးနှစ်ကောင် တွေ့လိုက်ရ၏။ တစ်ဦးက ပြောင်လက်နေသော ရဟန်းခေါင်းကို တင်းပုတ်ဖြင့် ထုချင် သည်။ တစ်ဦးက တားမြစ်သည်။ မရပါချေ။ ထုထည့် လိုက်ပါသည်။ ၎င်းဘီလူး ချက်ချင်းမြေမျိုပြီး အဝီစိငရဲ ကျသွား၏။

ထို့ကြောင့် ယာဉ်မပါဘဲ ကောင်းကင်သွားနိုင်သော နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ အသုရာများ ရှိကြပါ၏။ ၎င်းတို့ဖြတ်သွားချိန် ထွက်သွားချိန်နှင့် ဓာတ်ပုံရိုက်ချိန်ကြုံပြီး ပုံရိပ်ယောင်ပေါ်လာ၊ မြင်လာကြခြင်းမျိုး ဖြစ်ပါသည်။

နောက်ဓာတ်ပုံတစ်ခုမှာ လူရုပ်ပုံမြင်ရခြင်းပါ။ ကျိုက် ထီးဆောင်းတွင် သီလရှင်လာဝတ်ပြီး ထွက်သွားသူ ၂၀ နှစ်အရွယ်ရှိ ယောဂီမိန်းကလေးတစ်ဦး ဖြစ်သည်။ ဆရာ တော်၏ ကပ္ပိယသောင်းလွင်(ရသေ့)က I-Phad (အိုင် ပက်)ဖြင့် ၎င်းဆရာလေး (သီလရှင်)ကို ရိုက်လိုက်ပါသည်။ ညဘက် ဖလင်ဂန်း (Flash)လင်းမှရိုက်မှန်း သိသွားကြပါ သည်။ လျှပ်တစ်ပြက်ရိုက်ချက်ပင်။ ၎င်းဓာတ်ပုံကို ပြန်ကြည့် မိသောအခါ သီလရှင်၏နောက်တွင် မိန်းမကြီး (အသက် ၅၀ နှစ်ခန့်)ဆံပင်ထုံးလျက်နှင့် ပုံရိပ်တစ်ခု ကပ်လျက်ပေါ် လာပါသည်။

၎င်းသီလရှင်မှာ ရွာထဲကအိမ်မှာနေစဉ်ကပင် ဝိ လိုက်၊ ရယ်လိုက်ဖြင့် စိတ်မမှန်သောသူ ဖြစ်ပါသည်။ ယခု လို သီလရှင်ဝတ်ပေးလိုက်လည်း ဝိရယ်ဖြစ်နေတုန်းပင်။ ဓာတ်ပုံရိုက်မိမှ ပေါ်လာသော မိန်းမကြီး (ရှေးခေတ်ဝတ်စား ဟန်နှင့်)က ပူးကပ်နှိပ်စက်နေမှန်း သိရှိပေါ်လွင်ပါသည်။ သို့နှင့် လူဝတ်လဲပြန်ခိုင်းလိုက်ရာ ဆရာမျိုးစုံနှင့် လိုက်ကု နေပါသည်။

(ယခုအခါ ဆရာတစ်ပါးကု၍ ပြန်ကောင်းသွား ကြောင်း ကြားသိရ၏။)

ခေတ်ပေါ် ဓာတ်ပုံရိုက် ပုံရိပ်ယောင်ပေါ်စေသော ကိရိယာများ၏ အစွမ်းကြောင့် မမြင်အပ်၊ မမြင်ရသော ပုဂ္ဂိုလ်များကို မြင်နိုင်ရခဲ့ကြပါပြီ။ ဗုဒ္ဓဝင်ဝတ္ထုများက ဇာတ် လမ်းများကို ယုံကြည်ရမည့်အခါ ဖြစ်ပါသည်။ ယုံကြည် လွန်းလျှင်လည်း မဖြစ်ပါ။ သဒ္ဓါလွန်လျှင် ကွန့်တက်ပါ ကြောင်း ပညာလွန်လျှင် တွန့်တတ်ပါကြောင်း သတိ သာပိုသည်မရှိပါ။

နတ်ထီး လှိုင်



www.burmeseclassic.com

www.burmeseclassic.com




# အသက်ရှည် အနာကင်း

# ခါးလှည့်၊ ကိုယ်ဖွဲ့ အဆောင်ထူး

●●●●●●●●●●●●● ဒေါ်တင်သိန်းဆော်ဂ

"အင်းကောင်းတစ်ကွက်"၊ "ဆောင်းကောင်းတစ်လက်" ဟူ၍ တစ်ချက်ကောင်းဆိုင်ရာ စွမ်းပကား၊ အာနိသင်ဝိသေသ၊ လက္ခဏာ၊ စွမ်းအင်ထူး၊ စွမ်းအင်ကောင်းများ ရှိတတ်ပါသည်။ ယခုတင်ပြမည်မှာ ကျန်းမာ၍ အနာရောဂါကင်းရှင်းကာ အသက်ရှည်စေတတ်သော ဂမ္ဘီရနှယ်ဝင်၊ တစ်ချက်ကောင်း နည်းကောင်း၊ နည်းလမ်းလေးတစ်လက် ဖြစ်ပါသည်။ အသည်း၊ အူ၊ နလုံး၊ စသဖြင့် ဝမ်းတွင်းကလီစာများကို ကောင်းမွန်စေတတ်သော ကုထုံးကလေးတစ်ရပ်လည်း ဖြစ်ပါသည်။

တစ်နေ့တွင် သက်ကြီး ဖေမှိတ်ဆွေ အမျိုးသမီးကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးနှင့် အမှတ်မထင်မှု တွေ့ရာလေးပါး အာလာပသလ္လာပ အဖြစ် စကားပြော၊ လက်ဆုံကျမိရာမှ ထိုအမျိုးသမီးကြီးက စာရေးသူအား ကျန်းမာရေးဆိုင်ရာနှင့် ပတ်သက်၍ ဂမ္ဘီရ နွယ်ဝင်လည်းဖြစ်သော၊ ကျန်းမာ၊ အနာရောဂါကင်းရှင်းလျက် အသက်ရှည်စေတတ်သော၊ လွယ်ကူတိုတုတ်သလောက် စွမ်းအင်ထူးရှိသော၊ သူမရရှိထားသော လုပ်ဆောင်ကျင့်ကြံ နည်းလမ်းကောင်းလေးတစ်လက်ကို ထည့်သွင်းပါဝင်၍ ပြောဆိုကာ အကြံပေးခဲ့သည်ကို မှတ်သားရရှိခဲ့ပါသည်။

ဂိုအမျိုးသမီးကြီးက စာရေးသူအား···

"ဟိုးလွန်ခဲ့တဲ့ ၂၅ နှစ်ကျော်လောက်က ကျွန်မ အသည်း၊ အူ စတဲ့ ဝမ်းတွင်းကလီစာတွေ မကောင်းလို့ ခွဲမှဘ်ရမလို ဖြစ်ခဲ့ရတယ်။ ရှင်လည်းအသိပဲလေ။ အဲဒီအချိန်တုန်းက တစ်နေ့မှာ ထီးချုပ်၊ ထီးပြင်သမား သက်ကြီးပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သူနဲ့ ထီးတွေ ခေါ်ပြင်၊ ခေါ်ချုပ်ရင်းနဲ့ အမှတ်မထင် ဆိုသလို ကြုံကြိုက်ကာ နည်းကောင်းရချင်တော့ စကားစမြည် အပြန်အလှန်ပြောဆိုမိရာက အဲဒီ သက်ကြီးရွယ်အို ထီးပြင်သမားကြီးက ကျွန်မကို အစ်မကြီးပြောနေတဲ့ အသည်း စတဲ့ ဝမ်းတွင်းကလီစာတွေ မကောင်းလို့ ခွဲရကုရ၊ ဆေးစားနေရတဲ့ အခြေအနေမှာ ရှိနေတယ်ဆိုရင် ကိုယ်တွေ့နည်းထူးနည်းကောင်းလေး တစ်ခုကို အကြံပေးချင်တယ်။ အဲဒါကတော့ အသက်အရွယ်ကြီးရင့်သူတွေ ဖြစ်ကြတဲ့ အသက် ၇၀၊ ၉၀၊ ၁၀၀ ကျော်သူတွေရဲ့ လုံချည်၊ ထမီ၊ အထက်ဆင် စတာတွေထဲ အင်္ကျီစတွေထဲက ကြိုးမျှင်၊ အထည်သားအစကလေး ခုနစ်ကြိုးကို ယူပြီး ပူးကာ အတူရစ်လို့ ချည်နှောင်ပြီး အထုံးခုနစ်ထုံး ထုံးလို့ ရင်ခေါင်းနှင့် ဗိုက်သားပြင် ပကတိတစ်ဝိုက်မှာ သင့်လျော်၍ အနေအထား ကောင်းနဲ့ ချည်နှောင်ကာ ခါးလှည့်ကိုယ်ဖွဲ့အဆောင်အနေနှင့် ပတ်ထားပေးထားခြင်းပဲ ဖြစ်တယ်။ လုပ်ကြည့်ပါ။ ကျွန်တော်ကသိုလ်ယူတဲ့အနေနဲ့ အထူးအကြံပေးခဲ့လို့ ထူးခြားသက်သာပျောက်ကင်းခဲ့တဲ့သူတွေ အများကြီးရှိခဲ့ပြီလို့ ထက်သန်တက်ကြွမှုအပြည့်နဲ့ နည်းပေးပြောပြခဲ့ပါတယ်။ ကျွန်မလည်း သူအကြံပေးခဲ့တဲ့အတိုင်း ချက်ချင်းပဲ လုပ်ဆောင် ဆောင်သခဲ့ကြည့်တာ အသည်းရောဂါကအစ ဝမ်းတွင်းနာရောဂါတွေ ထူးခြားသက်သာလို့ ခွဲစိတ်မှုက လွတ်ခဲ့ရတယ်။ ဒီနေ့အထိလည်း ကောင်းခဲ့တယ်။ လိုအပ်ရင်၊ တိုက်ဆိုင်ရင်၊ အနာဝေဒနာရှိရင် ယုံယုံကြည်ကြည်နဲ့ စမ်းလုပ်ကြည့်ပါ။ သူများကိုလည်း ဝေငှအကြံပေးပါ"

ဟု ထက်သန့်ဝင်စား၊ တက်ကြွစွာနှင့် ပြောပြအသိပေး လက်ဆင့်ကမ်းခဲ့ပါသည်။ "ကန်တော့၊ မရှိမသေ ဒီမှာကြည့်ပါ"ဟု စာရေးသူအာ ရုတ်တရက် ကပျာကယာမှု ခွင့်ပန်လျက် သူမ၏ အပေါ်အင်္ကျီစ အထက်ပိုင်းကို ခေတ္တကလေးမျှ ဖွင့်လှစ်ကာ သူမ၏ ဝမ်းဗိုက်ပြင်ကို အသေအချာမျှ ရစ်ပတ်ချည်နှောင်ထားသော ကြိုးထုံးခုနစ်ထုံးကို ခါးလှည့်ကိုယ်ဖွဲ့ အဆောင်ကြိုးခွေကိုလည်း သက်သေသာဓကနှင့် ပညာပေး၊ ဗဟုသုတအဖြစ် စာရေးသူအား ပြသပေးခဲ့ရှာပါသည်။

ခေတ်မီ လောကဓာတ်သိပ္ပံနည်းကျ ကုထုံးနည်းတစ်ရပ် မဟုတ်သော်လည်း "နင်နေ ငါသွား"ဆိုစကားအတိုင်း ပင် တင်ပြပါ ဂမ္ဘီရကုထုံးနည်းတိုကလေးတစ်ရပ်ကို ဖော်သည်ချ လက်ဆင့်ကမ်း၍ ကျင့်သုံးခဲ့သည့် မိတ်ဆွေရင်း အနီးကပ်၊ အတွင်းသိ၊ အတူနေဖြစ်သော ဝေဒနာရှင် ထိုအမျိုးသမီးကြီး၏ မခွဲမစိတ်ခဲ့ရဘဲ ယနေ့ထက်တိုင်အောင်ပင် ကျန်းမာရွှင်လန်းနေသော သူမ၏ ပုံပန်းအသွင်အပြင်အနေအထား၊ ကိုယ်ထည်ပြင်နှင့် ရုပ်ရည်၊ အသံအင်အားတို့ကို သတိချပ်လေ့လာမိ၍ သိရှိလေ့လာနိုင်ကြပါရန် ထပ်မံ၍ လက်ဆင့်ကမ်း တင်ပြအပ်ပါသည်။ လွယ်ကူတိုတုတ် အပန်းမကြီးလှသော ဂမ္ဘီရဝင် ခါးလှည့်ကိုယ်ဖွဲ့အဆောင်ဖြစ်၍ စမ်းသပ်လုပ်ဆောင်နိုင်ကြပါသည်။

**မှတ်ချက်** ။ ဝေဒနာရှင်များအနေနှင့် ကျားမ ဟူ၍ ရှိကြရာ ကျားဝေဒနာရှင်များအနေနှင့် သက်တော်ရှည် သက်ရွယ်ကြီး၊ သက်ကြီးကျားပုဂ္ဂိုလ်ကြီးများထံမှသော်လည်းကောင်း၊ မ,ဝေဒနာရှင်များအနေနှင့် သက်တော်ရှည်၊ သက်ရွယ်ကြီး၊ သက်ကြီးမ,ပုဂ္ဂိုလ်ကြီးများထံမှသော်လည်းကောင်း ဓာတ်ကူးကိုယ်ပွား အထည်သား၊ ကြိုးမျှင်ကလေးများကို ယူငင်၍ ဆောင်သသင့်ပါသည်။

**မော်တင်သိန်းဆော**

www.burmeseclassic.com

www.burmeseclassic.com


အားလုံးမျှော်လင့်နေကြသော ........

ဂမ္ဘီရဆရာလှမျိုး(B.Sc) ၏

(၇) ရက်သားသမီးများအားလုံးအတွက် ကောင်းကျိုးပေးသော

နဝင်းပညာဓာတ်ယတြာများ (ဒုတိယအကြိမ်)

ထွက်ပြီ

ပထမအကြိမ်ထွက်စဉ်က မရရှိလိုက်သော ဗေဒင်ဝါသနာပါသူ၊ နဝင်းပညာစိတ်ဝင်စားသူများ အမြန်ဝယ်ထားလိုက်ပါ။ ရေရှည်သိမ်းထားလို့ရအောင် စာရွက်ချောဖြင့် ရိုက်နှိပ်ထုတ်ဝေထားပါသည်။

ရောင်းဈေး (၂၀၀၀) ကျပ်

ဖြန့်ချိရေး — ကြံတိုင်းအောင်စာပေ၊ အမှတ်(၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း — ၀၉-၄၂၀၀၄၇၈၉၉

# ဆရာဝင်း(သာကီနွယ်)




ဂမ္ဘီရဆိုင်ရာ

ဆောင်းပါးများ

အမှတ်စဉ် (၁)

စာအုပ်မှာကြားရန် - ဒေါ်မြတ်မြတ်ဝင်း၊ တိုက်(၃၁၃)၊ အခန်း(၉)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၁-၅၅၉၆၃၇

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■ ရေကျော်စိုးအောင်

# မေတ္တာပို့ကာ ဆုတောင်းပါ

လူနှင့် တိရစ္ဆာန်တွင် စွဲလမ်းမှုတဏှာရှိ၏။ ဤတဏှာသည်ပင် ဘဝတစ်ဖန်ဖြစ်ပေါ်ရသည်ဟု ရှင်တော်မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့ပေသည်။ တဏှာဟူသည့် တပ်မက်မှုအစွဲအလမ်းသည် မယုံနိုင်အောင် ထူးဆန်းလှ၏။ လူတွင်လည်းရှိ၏၊ တိရစ္ဆာန်တွင်လည်း ရှိ၏။ တိရစ္ဆာန်တွင်ဖြစ်သည့် အစွဲအလမ်း ပယောဂသည်ကား ကြောက်မက်ဖွယ်အတိဖြစ်ပါချေတော့သည်။

တစ်နေ့သ၌ ပျင်းပျင်းရှိသည်နှင့် အစ်ကိုဖြစ်သူ ဆရာအောင်ရဲဝင်း(ဓမ္မသုခ)အိမ်သို့ ရောက်ခဲ့၏။ မိုးတွင်းအခါသမယမို့ မိုးသည် ပြင်းပြင်းထန်ထန် ရွာသွန်း၏။ မိုးရွာသွန်းသည်မှာ သောကြာနေ့မှသည် အင်္ဂါ၊ ဗုဒ္ဓဟူးအထိ ရွာလိုက်သည့်မိုး။

သည်မိုးဗျာ၊ မစဲတော့သည်က အမှန်။ ကျုပ်ပြန်လာတဲ့ မော်လမြိုင်၊ ဘီးလင်း မိုးနည်းအရပ်တွေက ရေတွေဖွေးဖွေးလှုပ်ပေ့ါဗျာ။

အဲဒီအကြောင်းတွေ တွေးတွေးဆဆ မျှော်မှန်းရင်းခင်ပြုံးရီက အာပေါင်အာရင်းသန်သန်နဲ့ သုံးခွမြို့နယ်၊ ဦးကြာမှိုင်း ပတုပ်ကျေးရွာအတွင်းက သူမ ကြုံခဲ့ရသော အကြောင်းတွေ တထွေးတပျစ်ကြီး ပြောပြနေပါတော့တယ်။

သူမ ပြောပြတဲ့အကြောင်းတွေက သင်ခန်းစာယူစရာတွေပါ။ မယုံရင် ဒီအတိုင်းနေ၊ မစော်ကားနဲ့၊ မရိုင်းစိုင်းနဲ့ ဆိုတဲ့ အကြောင်းတွေပါ။ ဪ・・・ဆက်ပါဦး ညီမရေ။

"ဒီလိုပါ ကိုစိုးအောင်။ ဒီပြောပြမယ့်အဖြစ်အပျက်က လုပ်ကြံဖန်တီးမှု လုံးဝမပါသလို ငယ်စဉ်က ကိုယ်တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကွေပါ။ ဖြစ်ပုံက ဒီလိုပါဆရာရေ။

ဆရာရေ・・ကျွန်မငယ်ငယ် ရှစ်နှစ်သမီးအရွယ်တုန်းကပါ။ ငယ်စဉ်ကတည်းက ကွဲအကြောင်း နောကျေ။ ကွဲနဲ့ပတ်သက်လို့ ကြုံခဲ့ရတာကလည်း အံ့သြဘနန်းပါ ဆရာ။ ကျွန်မတို့အိမ်က ကွဲနဲ့ အကျိုးပေးတော့ ကွဲတွေမွေးထားတာမဆန်းပါဘူး။ ဒါပေမင့် ဦးတင်၊ ဒေါ်တင်ညွန့်တို့အိမ်က ကွဲမကြီးက မင်းသားဇော်ဝမ်း နာမည်ကြီးချိန်မွေးလာတော့ ဇော်ဝမ်းလို့ နာမည်ပေးထားတဲ့ ကွဲကလေးကို ဗိုက်ခွဲမွေးလာပြီးကတည်းက ဇာတ်လမ်းစပြီပေ့ါ။

ဒီကွဲလေးက မွေးကတည်းက အမိနို့ရည်နဲ့ ကင်းခဲ့ရပြီး ပြင်ပအစားအစာ၊ နို့မျှားနဲ့ ကြီးပြင်းလာရတော့ အကြင်နာတရား၊ စာနာမှုတရားတွေ ကင်းပနေတော ဘယ်သူမှ သတိမထားမိပါဘူး ဆရာရေ။ ကွဲဆိုတဲ့သတ္တဝါက မကျေနပ်ရင် စောင်းငန်း စောင်းငန်းနဲ့ ကြည့်တတ်တာ ကျွန်မသတိထားမိပါတယ်။

ကွဲပေါက်ကလေး အရွယ်ရောက်လာတော့ ကွဲထိန်းတဲ့ အောင်မင်းစိန်က တစ်မှောင့်။ သူက အနောက်အပြောင်

www.burmeseclassic.com

ဝါသနာထုံတတ်တော့ သုံးခွရွာက မီးမဖွားနိုင်လို့ အစိမ်းသေသေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ဂူပေါ်က ပန်းခွေကို ဇော်ဝမ်းဆိုတဲ့ ကျွဲကလေးအပေါ် စွပ်ပေးလိုက်တဲ့အချိန်မှာတော့ ကျွဲကလေးကို မမြင်အပ်တဲ့အပ ပယောဂမှီပြီး တွေ့သမျှလူတွေကို ဦးချိုနဲ့ လိုက်ခတ်လို့ ရွာလုံးပျက်ခဲ့ရဆိုပဲ။

ဒီအပမှီနေတဲ့ ကျွဲကို သုတ်သင်ဖို့ လ・အ・က ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်ငြိမ်း အကူအညီခေါ်ရဆိုပဲ။ သူ့ရဲ့အကူအညီနဲ့ ဒီကျွဲကို ကျည်နှစ်တောင့်နဲ့ ပွဲသိမ်းပေးခဲ့ရတယ်လို့ သိရပါတယ်။ အမှန်က ကျွဲနှင့်နွား မတူတာက အမှန်ပါပဲ"

နွားသည် ဘာဖြစ်ဖြစ် အေးချမ်းစွာနေ၏။ ကျွဲကား ထိုသို့မဟုတ်။ ပြန်လည်တုံ့ပြန်နိုင်သော စိတ်မျိုးရှိ၏။ သတ္တိရှိ၏၊ ငွဲရှိ၏။

"ဇော်ဝမ်းဆိုတဲ့ ကျွဲဇာတ်လမ်းဟာ မပြတ်သေးဘူး ဆရာရေ။ သေသွားတဲ့ ဇော်ဝမ်းရဲ့ ကျွဲခေါင်းက ကျွဲချိုတွေက ကော့ကောပျံပျံ လုလုပပရှိတော့ ကျွန်မတို့အိမ်ရှေ့က ဩဇာင်ပင်မှာ ချိတ်ထားမိတယ်။ ဒီချိတ်ထားတဲ့ ဩဇာင်ပင်မှာ ခွေးတွေက ညညဆို ဟောင်လိုက်တာ အလွန်ပဲ ဆရာ။ ကျွဲခေါင်းအနီးအပါး ဖြတ်သွားကြသူတိုင်း ကြက်သီးတဖြန်းဖြန်းထဆိုပဲ။ ဒါနဲ့ တစ်နေ့မှာ မိန်းမငယ်တစ်ယောက် အမဲသားအစိမ်းနဲ့ ကျွဲခေါင်းချိတ်ထားတဲ့ ရှေ့က ဖြတ်အပြန်မှာ ပါလာတဲ့အမဲသားကို ဝင်လုဆိုပဲ။ လုတဲ့အရာ၊ လုတဲ့ပုဂ္ဂိုလ်လည်း မမြင်ရတော့ သူတစ်ပြန် ကိုယ်တစ်ပြန် လုကြရင်းနဲ့ အိမ်နားရောက်တော့ မိန်းမငယ်လက်ထဲ အမဲသားပြန်ရတော့ အိမ်ထဲဝင်ခဲ့ရတာကလည်း အဖြစ်အပျက် အမှန်ပါ။

ဆရာရေ・・・ဒီအကြောင်းတွေက ကျွန်မတို့ သုံးခွမြို့မှာ ဖြစ်ပျက်ခဲ့တာပါ။ ခုနှစ်က ၁၅၆၄-၁၉၆၅ ခုနှစ်ကျော်ကျော် လ・အ・က ခေတ်လောက်ဆိုတာ မှတ်မိနေပါတယ်။ နောက်ပိုင်းကျတော့ ဒီကျွဲခေါင်းကြီးကို သေသွားရှာတဲ့ မိန်းမတစ်ယောက်ရဲ့ သင်္ချိုင်းမှာ သွားမြှုပ်ခဲ့ပါတယ်။ ဘာဖြစ်လို့ဆိုတော့ ကျွဲကျောင်းသားဇော်မိုးက လက်ဆော့ပြီး သေသူရဲ့ ပန်းဆိုင်းကို ဇော်ဝမ်းဆိုတဲ့ ကျွဲကလေးကို စွပ်ပေးလိုက်တဲ့ အချိန်က ဒီပြဿနာစခဲ့တာပါ။ ဒီကျွဲကလည်း အမိနဲ့နဲ့ ကင်းခဲ့ရသလို ဗိုက်ခွဲမွေးခဲ့တာဆိုတော့ တိရစ္ဆာန်ကလည်းဖြစ်၊ အမိမေတ္တာနဲ့ ကင်းခဲ့ရပြီး အပမှီခဲ့တာ ဆရာရေ။ ရွာလုံးကျွတ်ပျက်မတတ်နီးပါး ကြုံခဲ့ရတာပါ ဆရာ"

စာရေးသူရလိုက်တဲ့ သင်ခန်းစာက အမိနို့ရည်နဲ့ ကင်းခဲ့ရတဲ့ ကျွဲပေါက်ကလေးဇော်ဝမ်း။ အနောက်အပြောင်သန်တဲ့ ကျွဲကျောင်းသမား အောင်မင်းစိန်တို့ရဲ့ အဖြစ်ဖအပျက်တစ်ရပ်က တစ်ရွာလုံး ဒုက္ခ၊ သုက္ခကြုံခဲ့ရတာ မလုပ်သင့်တဲ့ အလုပ်ကို လုပ်မိလို့ပါပဲ။

နောက်အကြောင်းအရာတစ်ရပ်က စာရေးသူကိုယ်တွေ့ကြုံခဲ့ရသည့် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုပါ။ နေရာက ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်က ရေကျော်ဈေးအတွင်းမှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန်ပါ။ ထိုစဉ်က ရေကျော်ဈေးအတွင်း အပြင်ဘက် ကွက်လပ်တွေမှာ ဈေးသွားကြိုဖို့ အိပ်ကြတဲ့ အထဲမှာ ဦးသန်း(ပန်းချာတိတ်)နဲ့ ဇနီးဒေါ်တင်ရီ၊ ဦးဘိုအေးဒေါ်ငွေရင်တို့ မိသားစုနဲ့ စာရေးသူက မယ်ဒိုလင်တီးရင်းနဲ့ တစ်ခါတစ်ရံ မိခင်ဖြစ်သူ၏ ဈေးဆိုင်မှာ အိပ်ဖူးပါတယ်။

စာရေးသူပြောပြချင်တာက ဦးဘိုအေး မိသားစုအကြောင်းပါ။ သူက ပုသိမ်သား၊ ပုသိမ်ဇာတိ၊ ရုပ်ရှင်မင်းသားကြီး ဦးရွှေဘရဲ့ ညီအရင်း၊ ညီအငယ်ဆုံးပါ။ သူက ရေကျော်ဈေးမှာ ဝက်သားရောင်းပါတယ်။ တစ်ခါတစ်ရံ ပုဇွန်တောင်ခြံကြီးထဲက မဖြူ(CS)ကတော့ တစ်နေ့တစ်ပိုင်း သောက်သုံးနေကြပါ။ နေ့တစ်နေ့မှာ ကိုယန်ကီးဆိုင်ကာ ခေါက်ဆွဲထုပ်ကို ဇနီးဒေါ်ငွေရင်နဲ့ သားသမီးတွေစားဖို့ ဝယ်လာခဲ့ပါတယ်။ ခေါက်ဆွဲ၊ ဝယ်ပြီးပြန်လာတဲ့လမ်းက ကလေးကစားကွင်းပန်းခြံဘေးက ဆရာမောင်ဆေးနီမှန်၊ E.S.B ရုံးဘေးက မီးရထားသံလမ်းက ဖြစ်ပါတယ်။ အဲဒီရုံးဘေးမှာက အထင်ကရ ထန်းပင်ကြီးကလည်း ဟီးထလို့ပေါ့။ ညဥ့်ဘက်ဆိုရင် တိတ်ဆိတ်နေတဲ့ အသံတွေနဲ့ ထန်းပင်အရိပ်ကြီးက ညဥ့်အမှောင်နဲ့ဆိုတော့ ထိတ်လန့်စရာကောင်းလှပါတယ်။

ဦးဘိုအေးက ဝယ်လာတဲ့ ခေါက်ဆွဲကိုစားဖို့ကလေးတွေနဲ့ ဇနီးသည်ကိုခေါ်ပြီး ကျွေးဖို့ပြင်တဲ့အခါ ဇနီးဒေါ်ငွေရင်က သူတစ်ဦးတည်းစားမယ်ဆိုပြီး ခေါက်ဆွဲထုပ်ကို အတင်းလုတာ စာရေးသူက ထင်ထင်ရှားရှားမြင်လိုက်ရပါတယ်။ ရေနံဆီမီးခွက်အလင်းရောင်ကြောင့် ဖြစ်ပါတယ်။ ဒေါ်ငွေရင်ရဲ့ မျက်လုံးအစုံက သာမန်မဟုတ်တာ သေချာပါတယ်။ အသံကြီးကလည်း -



www.burmeseclassic.com

"ဒီခေါက်ဆွဲကို ငါတစ်ယောက်တည်းစားမယ်၊ စားချင်ဘို့ လိုက်လာတာ"လို့ ပြောလိုက်တဲ့အသံက ဒေါ်ငွေရင်ရဲ့ မူလအသံမဟုတ်တာ သေချာပါတယ်။ ထွက်လာတဲ့ ဇနီးသည်ရဲ့ အသံကြောင့်ဦးဘိုအေးလည်း ကြောက်လန့်ပြီး အမူးပြေသွားဆိုပဲ ကြောက်ကြောက်နဲ့ ဒီလိုအရေးကြုံတော့ ဈေးရှေ့အိမ်ကြီးလမ်းမှာနေတာက ဒိဗ္ဗစက္ခုနိုင်ငံတော်အကြံပေး အဘဦးကျော်နဲ့ သမီးဒေါ်တင်တင်လှတို့ နေတာပါ။ အဘက ဒီလိုပယောဂမိုးနေတဲ့၊ ကပ်နေငဲ့ ကိစ္စမှန်သမျှ အသေးအဖွဲ့ပါ ဦးဘိုအေးက အဘဦးကျော်ထံသွားပြီး အကူအညီတောင်းတော့ အဘက -

"မောင်အေးမင်းဇနီးမှာ မီးရထားသံလမ်းဘေးက ထန်းပင်က မမြင်အပ်တဲ့ ပုဂ္ဂိုလ်က မင်းဝယ်လာတဲ့ ခေါက်ဆွဲ စားချင်လို့ လိုက်လာတာ။ မင်းတို့ကျွေးလိုက်ပါ။ ပြီးတော့ ငါပေးလိုက်တဲ့ ရေမန်းလည်းတိုက်လိုက်"လို့ဆိုပြီး ရေမန်းတိုက်လိုက်တဲ့အခါ မမြင်အပ်တဲ့ ပုဂ္ဂိုလ်လည်း ထန်းပင်ပေါ်က ပုဂ္ဂိုလ်လည်း ထန်းပင်ပေါ် ပြန်သွားဟန်တူပါရဲ့။ စာရေးသူတို့လည်း ကြောက်ကြောက်လန့်လန့်နဲ့ ဘုရားစာ ဟိုတစ်ဝက်၊ ဒီတစ်ဝက်နဲ့ လမ်းခွဲခဲ့ရပါတယ်။ ခေါက်ဆွဲထုပ်ကို အထုပ်အတိုင်း ရေကျော်ဈေးအိမ်သာဘေးကို အထုပ်အတိုင်း သွားပစ်ထားတာကို အတတ်ဆန်း။ အရဲစွန့်ပြီး သွားဖြေကြည့်တော့ ခေါက်ဆွဲတွေက နတ္ထိဆိုတာ ငယ်စဉ်က မြင်လိုက်ရပါတယ်။

နောက်ဖြစ်ရပ်တစ်ရပ်က ရေကျော်သန့်ဇင်လမ်းက အစ်ကိုလိုနေတဲ့ ဦးခင်မောင်ကြည်၊ ကျွန်တော်တို့က နတ်ကျိုးနေလို့ ဦးထွန်းကြည်လို့ ခေါ်ကြပါတယ်။ ထိုစဉ်က အမှတ်(၈)ရပ်ကွက်ထဲက ဝါဝါဝင်းဆိုတဲ့ ရပ်ကွက်ကလည်း အထင်ကရ။ ဒီဝါဝါဝင်းဆိုတာက ခရစ်ယာန်သင်္ချိုင်းထဲမှာ ကျူးကျော်အိမ်တွေ၊ ဘုန်းကြီးကျောင်းတွေကလည်း ဟီးထလို့ပေါ့။ ဒီဝါဝါဝင်းကွက်သစ်ကနေပြီး မီးရထားသံလမ်းတစ်လျှောက်သွားရင် မီးရထားကုန်းကျော်တံတား(စတော့ဂိတ်ကုန်းကျော်)အောက်က ဖြတ်သွားရင် အောင်ဆန်းဘောလုံးကွင်းဘက်ကို တန်းခနဲရောက်ပါတယ်။ ဦးထွန်းကြည်က ဘောလုံးဝါသနာအိုးဆိုတော့ ဘောလုံးပွဲရှိတိုင်း ဒီစတော့ဂိတ်ကုန်းအောက်က သွားနေကျပါ။ တစ်နေ့မှာ သူတို့ကို ကြောင်လျှာသီးလို အဖတ်ကြီးနဲ့ နောက်ကရိုက်လိုက်တာ သတိမေ့နေဆိုပဲ။ သူမေ့နေတဲ့ သံလမ်းမှာ လွတ်လပ်ရေးကွက်သစ်ဘက်ကလာတဲ့ ကုန်တင်ရထားကလည်း အလာမှာ ဆိုက်ကားသမားတစ်ယောက်က တွေ့လို့ ပွေ့ချီပြီး အိမ်ကို မေးမြန်းပို့ပေးခဲ့ရပါတယ်။

ဦးထွန်းကြည်အိမ်ရောက်တော့ ရွှေဘုန်းပွင့်ဘုရားအတွင်းက ဆရာတော်တစ်ပါးကို ပင့်လျှောက်ပြီး အကျိုးအကြောင်း မေးမြန်းတဲ့အခါ စတော့ဂိတ်ကုန်းအောက်က မမြင်အပ်တဲ့ အမျိုးသမီးညီအစ်မနှစ်ယောက်က ဦးထွန်းကြည်ရဲ့လိပ်ပြာလှလို့ လုပ်လိုက်တာတဲ့ သေကံမရောက်လို့ဆိုကာ နောက်မှ သိရပါတယ်။ နောက်တစ်ယောက်ကလည်း ကိုထွန်းကြည်ဆိုတဲ့ နာမည်တူပါသူက ရေကျော်ဈေးထိပ်က (ယခ... ပန်းသည်ကောင်မလေးကို နောက်ပြောင်ပြီး စလိုက်ပေ... ကောင်မလေးက ရေခဲခြစ်ကျွေးလိုက်တာတွေ့ရပါတယ်။ ကောင်မလေးက ဝမ်းတွင်းကပါလာတဲ့ ပညာတတ်ဆိုပဲ။ ဒီကိုထွန်းကြည်တစ်ယောက် ညဉ့်ဘက်မှာ ငိုလိုက်၊ ရယ်လိုက်ဆိုတော့ ရွှေဘုန်းပွင့်ဘုရားက ဆရာတော်ပင့်ပြီး ကုသပေးခဲ့ရပါတယ်။ ထူးခြားတာက အာဋ္ဌာဝက နတ်ဘီလူးအကူအညီနဲ့ ဆေးဝါးကုသပေးလို့ "အာဋ္ဌာဝက ထွန်းကြည်"ဆိုပြီး သေတဲ့အထိ နာမည်ရသွားခဲ့တာ အမှတ်ရနေပါသေးတယ်။

ဪ…ကြာတော့ ကြာခဲ့ပါပြီ။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ မလုပ်သင့်၊ မလုပ်အပ်သည်ကို မလုပ်မိရန် အလွန်အရေးကြီးလှပါတယ်။ မယုံလျှင် ဒီအတိုင်းနေပါ။ မစော်ကားမိစေရန် အထူးသတိချပ်သင့်ပါသည်။ ရှိတော့ရှိပါတယ်။ မကြုံလို့ မယုံဖူးဆိုရင် စာရေးသူစောဒကမတက်လိုပါ။ မြင်အပ်၊ မမြင်အပ်နှစ်ရပ်များစွာ ချမ်းသာကိုယ်စိတ်မြဲကြပါစေဟူသော မေတ္တာပို့ဆုတောင်းက ထိုပုဂ္ဂိုလ်များရှိနေကြောင်း အထောက်အထားအမှန်ပင် ဖြစ်ပါတယ်။

လူအချင်းချင်းပင် စော်ကားမှုပြုလျှင် ဒေါသမာန်ထတတ်ပါတယ်။ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်တို့မှာလည်း အကြောင်းအထွေထွေ ရှိနေကြမည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

**ရေကျော်စိုးအောင်**

www.burmeseclassic.com

# ဆေးဖက်ဝင်အပင်များနှင့် ဟင်းခတ်အမွှေးအကြိုင်တို့၏

# သိမှုပညာသဘော

အောင်ကြည်ညွန့်(တက္ကသိုလ်)



လူသားတို့သည် ဆေးဖက်ဝင်အပင်များနှင့် ဟင်းခတ်အမွှေးအကြိုင်များကို နှစ်ပေါင်းထောင်နှင့်ချီ၍ သုံးခဲ့ကြပြီးဖြစ်သည်။ အများအားဖြင့် ဆေးဖက်ဝင်အပင်များမှာ ရွက်စိမ်းပင်များ၊ သို့မဟုတ် ဟင်းသီးဟင်းရွက်များပင် ဖြစ်သည်။ ဟင်းခတ်အမွှေးအကြိုင်များမှာမူ အပင်နှင့် သစ်ပင်အစိတ်အပိုင်းများ ဖြစ်သည်။ ဥပမာ 'သစ်ကြမ်းပိုး'မှာ သစ်ကြားပိုးပင်၏အခေါက်မှ ရရှိသည်။ ဟင်းခတ်အမွှေးအကြိုင် 'ချင်း'မှာ ချင်းပင်၏ အစိတ်အပိုင်း ဖြစ်သည်။ 'ချင်း'မှာ မြေအောက်တွင် ပေါက်ရောက်သည်။

အချို့သော ဆေးဖက်ဝင်အပင်များနှင့် ဟင်းခတ်အမွှေးအကြိုင်တို့မှာ သူတို့၏ အရသာကြောင့် အဖိုးတန်လှသည်။ ဟင်းခတ်အမွှေးအကြိုင်တို့သည် အစားအစာများကို ပိုမိုအရသာ ထူးခြားစူးရှစေသည်။ အချို့ကို အနံ့အတွက် ရွေးချယ်ကြသည်။ အများစုမှာမူ ကျန်းမာရေးအကြောင်းကြောင်းကြောင့် ရိုးရာဓလေ့အနေဖြင့် စားသုံးကြသည်။

အချို့သော ဆေးဖက်ဝင်အပင်များနှင့် ဟင်းခတ်အမွှေးအကြိုင်တို့သည် ခေတ်မီဆေးဝါးထုတ်လုပ်ရေးတွင် အရေးပါ၍ အသုံးဝင်လှသည်။ ဥပမာအားဖြင့် အမေရိကန်သုတေသနပညာရှင်များက ငရုတ်သီးအနီတောင့်သည် ကိုယ်ခန္ဓာအလေးချိန်လျှော့ချရာတွင် အသုံးဝင်သည်ဟု တင်ပြထားသည်။ အချို့ကမူ သူတို့၏ ဟင်းလျာများတွင် ဟင်းခတ်အမွှေးအကြိုင်များကို မထည့်ကြပါ။

ငရုတ်ကောင်း၏ အကျိုးအာနိသင်ကို Perdue တက္ကသိုလ်မှ သုတေသနပညာရှင်များက Physiology Behavior မဂ္ဂဇင်းတွင် ရေးသားဖော်ပြထားသည်။ ငရုတ်ကောင်းကြောင့် အစားအစာစားသုံးမှုကို ပြောင်းလဲစေကြောင်း၊ ငရုတ်ကောင်းကို စားသုံးခြင်းကြောင့် အစားအစာစားသုံးလိုမှုကို နည်းပါးသွားကြောင်း တွေ့ရှိရကြောင်း တင်ပြထားသည်၊ အဆာခံနိုင်သည်။ ကယ်လိုရီများကို လောင်ကျွမ်းစေနိုင်သည်ဟု ဆိုပါသည်။

သုတေသနတစ်ခုတွင် လူပေါင်း ၂၅ ယောက်ကို သုတေသနပြုရာ ၁၃



www.burmeseclassic.com

www.burmeseclassic.com

ယောက်သည့် ဧရုတ်သီးများသည့် အစပ်ကောင်းကို ကြိုက်နှစ်သက်ကြပြီး ၁၂ ယောက်ကမူ ကြိုက်နှစ်သက်ခြင်းမရှိဟု ဆိုသည်။ သို့သော် ဧရုတ်ကောင်းနှင့် အစပ်စားသုံးသူများသည် အစားအစာစားချင်သည့်စိတ် လျော့နည်းသွားကြောင်း တွေ့ရှိရသည်။

ဟင်းခတ်အမွှေးအကြိုင် တစ်မျိုးဖြစ်သည့် နနွင်းသည် အပူပိုင်းဒေသတွင် တွေ့ရသည်။ အထူးသဖြင့် အိန္ဒိယတွင် အတွေ့များသည်။ နနွင်းသုတေသနမှာ အချိန်ကြာမြင့်လှပြီ ဖြစ်သကဲ့သို့ ဆေးဖက်ဝင်ကြောင်း သိရှိခဲ့ကြသည်။ သိပ္ပံပညာရှင်တို့ နနွင်းအတွက် ဆေးဖက်ဝင်မှုကို နှစ်ပေါင်းများစွာကပင် လေ့လာခဲ့ကြသည်။

ဥပမာအားဖြင့် စင်ကာပူမှ သုတေသနပညာရှင်များက နနွင်းသည် Antioxidant ဓာတ်များကြောင်း တွေ့ရှိရသည်ဟု တင်ပြထားသည့်ပြင် Antiflammatony အရည်အသွေးရှိကြောင်းကိုလည်း တွေ့ရှိရသည်ဟု ဆိုပါသည်။ ဖော်ပြပါဓာတ်သတ္တိများသည် ကိုယ်ခန္ဓာတစ်သျှူးများ ပျက်စီးမှုနှင့် ဒဏ်ရာအနာတရဖြစ်မှုများကို ကာကွယ်ပေးနိုင်သည့် သတ္တိရှိကြောင်း သိရသည်။ ဦးနှောက်နှင့် အာရုံကြောကိုလည်း အားကောင်းစေသည်ဟု ဆိုပါသည်။ အဆိုပါ ဓာတ်သတ္တိကြောင့် အာရှသက်ကြီးရွယ်အိုများ အတွင်း စိတ်ပိုင်းဆိုင်ရာသုတေသနကို နနွင်းမှ ဆေးဝါးထုတ်လုပ်၍ စမ်းသပ်နေကြောင်း သိရှိရပါသည်။ ထို့ပြင် စားသုံးသော ဟင်းလျာများတွင်လည်း နနွင်းပိုမိုထည့်သွင်း ချက်ပြုတ်ခြင်းဖြင့်လည်း စမ်းသပ်မှုများ ပြုလုပ်သည်။

စမ်းသပ်သော သက်ကြီးများမှာ အသက် ၆၀ မှ ၉၃ နှစ်အတွင်းရှိပြီး သတိလက်မလွတ်သော ပုံမှန်အခြေအနေရှိ သက်ကြီးများ ဖြစ်သည်။ ဤသုတေသနကို Mayo Clinic က ဦးစီး၍ ပြုလုပ်ခြင်းဖြစ်ပြီး ကမ္ဘာကျော် သုတေသနတစ်ခု ဖြစ်သည်။ ဤဌာနသည် ဟင်းခတ်အမွှေးအကြိုင်နှင့် ဆေးဖက်ဝင် အပင်များ၏ အသုံးဝင်မှု သုတေသနကို နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့သည်။ ကျန်းမာရေးအထောက်အကူပြုကြောင်း တင်ပြနိုင်ခဲ့သည်။ ဟင်းခတ်အမွှေးအကြိုင်သည် ဆားအငန်ဓာတ်ကို လျှော့ချစေနိုင်သော သတ္တိရှိသည်။ ထို့ကြောင့် သွေးတိုးရောဂါများကို ကာကွယ်နိုင်သည်။

အချို့သော အပင်များမှ ထွက်ရှိသည့် ဓာတုအာနိသင်မှာ antioxidant ဓာတ် မြင့်မားကြောင်း သုတေသနပညာရှင်များက ပြောသည်။ နနွင်း၏ အာနိသင်မှာလည်း 'အင်တီအောက်ဆီးဒင့်' ရရှိသည်ဟု ဆိုပါသည်။ သစ်ကြမ်းပိုးခေါက်၊ ချင်းတက်၊ စမုံစပါး၊ လေးညှင်း၊ ဖာလာ၊ ကရဝေးရွက်၊ ပျင်းတော်သိမ်ရွက်

> PAHS ဓာတ်မှာ
> အသားကို မီးနှင့်ကင်သောအခါ
> အသားမှထွက်သော အဆီနှင့်
> မီးသွေးမီးတို့
> တွေ့ထိဓာတ်ပြုရာမှ
> ထွက်လာသောဓာတ်ဖြစ်သည်။
> တိရစ္ဆာန်အဆီများ
> မီးသွေးမီးပေါ်ကျသဖြင့်
> မီးတောက်ပိုကြီးလာသည်။
> PAHS သည် အသားပေါ်မှ
> ထွက်သွားသည်။

စသည်တို့သည်လည်း အင်တီအောက်ဆီးဒင့်ဓာတ်ရှိကြောင်း တင်ပြထားသည်။

သုတေသနပညာရှင်တို့က အင်တီအောက်ဆီးဒင့်ပါသော ကြက်သွန်ဖြူ ဆေးဖက်ဝင် ပန်းပြာမျိုး၊ နနွင်း စသည်တို့သည် ကင်ဆာရောဂါကိုပင် တိုက်ခိုက်နိုင်စွမ်းရှိကြသည်ဟု ဆိုပါသည်။ အထောက်အထားများအရ သစ်ကြမ်းပိုးနှင့် နနွင်းတို့သည်လည်း ဆီးချိုရောဂါဖြစ်စေနိုင်သည့် ဆီးအတွင်း သကြားဓာတ်ကို ထိန်းပေးနိုင်သည်။

ဟင်းလင်းပြင်တွင် မီးပြင်းပြင်းနှင့် အသားဟင်းချက်တတ်သော ဓလေ့ အမေရိကန်တို့တွင် ရှိသည်။ သို့သော် အမေရိကန်ပြည်ထောင်စု ကင်ဆာဌာနက သတိပေးထားသည်မှာ HCAS ရောဂါဖြစ်နိုင်သည်ဟု ဆိုသည်၊ HCAS မှ တစ်ဆင့် ကင်ဆာဖြစ်သည်ဟု ဆိုသည်။

သုတေသနပညာရှင်များက HCAS ဓာတ်မှာ အသားစိမ်း ငါးစိမ်းများကို ကင်ရာမှ ထွက်ရှိသောဓာတ်ဟု ဆိုပါသည်။ မီးသွေးမီးခိုး၊ ထင်းမီးခိုးများနှင့် ကင်သော အသား ထိတွေ့ခြင်းကြောင့် ဖြစ်ရသည် ဆိုသည်။ သို့သော် အသားများကို ဟင်းခတ်အမွှေးအကြိုင်များ သုတ်လိမ်း၍ ကင်လျှင်မူ ယင်းဓာတ်ထွက်ပေါ်မှု နည်းပါးသွားနိုင်သည်ဟု တင်ပြထားသည်။ ဟင်းခတ်အမွှေးအကြိုင်တို့နှင့် ဝိုင်အရက်၊ ဆီ၊ သို့မဟုတ် ရှာလကာရည်များကို ရောသမမွှေ၍ အဆိုပါမွှေထားသော အဖတ်များကို အသားများမကင်မီ သုတ်လိမ်းထားပြီးမှ ကင်လျှင်လည်း အဆိပ်ဓာတ်များ လျော့နည်းကင်းစင်နိုင်သည့်ပြင် အသားငါးများကိုလည်း နူးညံ့ပျော့ပျောင်းစေသည်။

ကင်းဆပ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက အသားများကို ကင်ရာတွင် ပိုမိုနူးညံ့ရန်နှင့် အရသာရှိရန်



www.burmeseclassic.com

www.burmeseclassic.com

ကင်းခတ်အမွှေးအကြိုင်၊ အဆီ၊ ဝိုင် ဒ. ဂ္ဂိနှင့် ရောထားသည့် အရည်ဖြင့် သုတ်လိမ်းနယ်ထားမှု တွေ့ရှိချက်ကို ၂၀၀၀ နှစ်က သုတေသနစာတမ်းတစ်စောင် ရက်နှိပ်ထုတ်ဝေခဲ့သည်။ သုတေသနပညာရှင်တို့က အသားလွှာပါးပါးများပေါ်တွင်လည်း အဆိုပါအရည် သုတ်လိမ်း၍ ကင်ခြင်းဖြင့်လည်း စမ်းသပ်ခဲ့သည်။

အသားကင်ရာတွင် မျက်နှာပြင်တစ်ဖက်တစ်ချက်စီကို ငါးမိနစ်အချိန်ကြာအောင် အပူချိန်ဒီဂရီ ၂၀၀ စင်တီဂရိတ်တွင် ကင်သည်။ အရက်၊ ဆီ၊ ဝိုင်၊ အမွှေးအကြိုင် ဖျော်ထားသော အရည်ဖြင့် မသုတ်လိမ်းသည့် အသားများကိုလည်း အထက်ဖော်ပြပါ အပူချိန်ဒီဂရီအတိုင်း ကင်သည်။

အရက်၊ ဆီ၊ ဝိုင်၊ အမွှေးအကြိုင် မွှေထားသော အရည်ဖြင့် သုတ်လိမ်းပြီး ကင်သော အသားကင်က HCAS ဓာတ် ၈၈ ရာခိုင်နှုန်းမျှ လျော့ချနိုင်ကြောင်း တွေ့ရှိရသည်။

အသားငါးကို အပူချိန်ပြင်းပြင်း ကင်လျှင် မလိုအပ်သောဓာတ် PAHS များ ဖြစ်ပေါ်လာနိုင်သည်။ အမေရိကန်ပြည်ထောင်စု ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာနက ပြောသည်မှာ ဤဓာတ်များသည် ကင်ဆာရောဂါဖြစ်နိုင်သည်ဟု ဆိုပါသည်။ PAHS ဓာတ်မှာ အသားကို မီးနှင့်ကင်သောအခါ အသားမှထွက်သော အဆီနှင့် မီးသွေးမီးတို့ တွေ့ထိဓာတ်ပြုရာမှ ထွက်လာသော ဓာတ်ဖြစ်သည်။ ကျရှုတ်အဆီများ မီးသွေးမီးပေါ်ကျသဖြင့် မီးတောက်ပိုကြီးလာသည်။ PAHS သည် အသားပေါ်မှ ထွက်သွားသည်။

Purdue တက္ကသိုလ်မှ ကျွမ်းကျင်သူ ပညာရှင်များက ဤကိစ္စအတွက် အကြံပြုထားပါသည်။ အသားကင်စင်ပေါ်တွင်တင်၍ ကင်သောအခါတွင် အသားများ၏ အရေခွံကို မဆုတ်ရန်ပင် ဖြစ်သည်။ ထို့ပြင် ဟင်းခတ်အမွှေးအကြိုင်၊ ဝိုင်အရက်၊ သို့မဟုတ် ရှာလကာရည်တို့ဖြင့် ရောသမမွှေထားသော အရည်ဖြင့် မိမိကင်မည့် အသားပေါ်သို့ သုတ်လိမ်းပေးရန် ဖြစ်သည်။ ထိုသို့ သုတ်လိမ်းပြီးမှ အသားကို ကင်ရန်ဖြစ်သည်။

ဆေးဖက်ဝင် အပင်များနှင့် ဟင်းခတ်အမွှေးအကြိုင်တို့ကို သုံးခြင်းမှာ မလိုအပ်သော ဓာတ်တို့ကို လျော့ပါးသွားစေရန် သုံးခြင်းမဟုတ်ဘဲ မိမိချက်ပြုတ်သော ဟင်း၏အရသာကို ပိုမိုကောင်းမွန်ရန် အတွက်သာဖြစ်သည်။ အချို့သော ဟင်းခတ်အမွှေးအကြိုင်တို့သည် ဗက်တီးရီးယားကို ပျက်စီးစေနိုင်သည်။ ဟင်းခတ်အမွှေးအကြိုင်တို့ကို ကာလကြာရှည်စွာဖြင့် အစားအသောက်များတွင် လုံခြုံစိတ်ချစွာ စားသုံးရန် အသုံးပြုလာခဲ့ကြသည်။ ဟိုးရှေးအခါကဆိုလျှင် ဟင်းခတ်အမွှေးအကြိုင်တို့ကို လူသေအလောင်းများ မပုပ်မသိုးစေရန်၊ ကြာရှည်ခံရန်ကိုပင် အသုံးပြုခဲ့ကြကြောင်း သိရှိရသည်။

ဆေးဖက်ဝင်အပင်များနှင့် ဟင်းခတ်အမွှေးအကြိုင်တို့ကို နိုင်ငံအများအပြား၌ စိုက်ပျိုးကြပါသည်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံ 'မော်လူကာကျွန်း' သည် ဟင်းခတ်အမွှေးအကြိုင်များကြောင့် နာမည်ကြီးပါသည်။ လေးညှင်းပွင့်၊ ဇာတိပ္ဖိုလ်သီး၊ တင်းပုတ်၊ ကျိုင်းတော် စသည်တို့ အကြီးအကျယ် ထွက်ရှိသည်။ ဗနီလာအနံ့ဆိုသည်မှာ သစ်ခွပန်းတစ်မျိုးမှထွက်သော အနံ့ဖြစ်သည်။ ထိုသစ်ခွပန်းမှာ တောင်အမေရိကတိုက်တွင် ပေါက်ရောက်သည်။ အခြားစိုစွတ်ပူနွေးသော ရာသီဥတုရှိသည့် ဒေသများတွင်လည်း ပေါက်ရောက်သည်။

ဟင်းခတ်အမွှေးအကြိုင်တို့သည် ကမ္ဘာ့သမိုင်းမှာပင် ဩဇာရှိခဲ့ပါသည်။ ရှေးခေတ် ကုန်သွယ်ရေးလမ်းကြောင်းမှာ ဟင်းခတ်အမွှေးအကြိုင်နှင့် ပိုးထည်များ သယ်ယူပို့ဆောင်သော ရေလမ်းခရီးဖြစ်သည်။ မြေထဲပင်လယ်ဒေသသို့ သွားရောက်ခဲ့သည်မှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀ ကျော်ကပင် ဖြစ်သည်။ ဥရောပတိုက်မှ Goth လူမျိုးများသည် ရိုမန်တပ်များကို နှိမ်နင်းပြီး စစ်ပွဲများအောင်နိုင်ခဲ့သည်မှာ ၁၆ ရာစုနှစ်များကပင် ဖြစ်ခဲ့သည်။ တိုက်ပွဲများ ပြီးဆုံးသောအခါ Goth လူမျိုးခေါင်းဆောင်က ရွှေအလေးချိန်ပေါင် ၅၀၀၀ နှင့် ငရုတ်ကောင်းပေါင် ၃၀၀၀ ကျော်ကို ယူဆောင်ခဲ့သည်။

နှစ်ပေါင်းများစွာ ကြာသောအခါ 'မာကိုပိုလို' နှင့် 'ခရစ္စတိုဖာကိုလံဘတ်' တို့က နယ်သစ်ပယ်သစ်များ ရှာဖွေတွေ့ရှိခဲ့သည်။ ဟင်းခတ်အမွှေးအကြိုင်များ ထွက်ရှိရာ အာရှဒေသ ဖြစ်သည်။ ထိုဒေသများနှင့် ကုန်သွယ်မှု တိုးချဲ့ခဲ့သည်။ အီတလီနိုင်ငံမှ ဂျီနိုအာနှင့် ဗင်းနစ်မြို့များမှာ နာမည်ကြီးသည်၊ အင်အားကြီးသည်။ စည်ကားသည်။ အဘယ်ကြောင့်ဆိုသော် ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ဖောက်ကားရာ ဗဟိုဒေသဖြစ်ခဲ့သည်။ အမျိုးသားစီးပွားရေးအတွက် ဤကုန်သွယ်မှုသည် အရေးပါသည်။ အုပ်ချုပ်သူတို့သည် စစ်ပွဲများ ဖြစ်ပွားရာ ဒေသများတွင် ဟင်းခတ်အမွှေးအကြိုင်များကို ထိန်းချုပ်ကြသည်။

**အောင်ကြည်ညွန့်**
**(တက္ကသိုလ်)**

**American Mosaic** စာစောင်မှ **Jerilyn Watson** ၏ **The Science of Herbs and Spices** ကို ဘာသာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



# သာသနာကိုးကွယ်နည်း

■ ဝေလင်း(ရောဝတီ)

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မြတ်ဗုဒ္ဓအဆုံးအမဟု ခေါ်အပ်သော သာသနာတော်ကို အထူးသက်ဝင်ယုံကြည်ပြီး ကိုးကွယ်ကြလေသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အမြဲဦးထိပ်ပန်ဆင်ကြသည်။ ထိုသို့ သာသနာတော်ကို ကိုးကွယ်ကြသူတို့တွင် အမျိုးသမီးများက ပို၍များကြလေသည်။ သာဓကပြရလျှင် ဘာသာရေးတရားပွဲနှင့် ဓမ္မရိပ်သာများကို ညွှန်ပြရပေမည်။ ဘုရားပွဲတစ်ခုကိုကြည့်လျှင် အမျိုးသမီးများကသာ များကြ၏။ အမျိုးသားများမှု သုံးပုံတစ်ပုံမျှပင် မရှိကြချေ။ တရားစခန်းပွဲ ဓမ္မရိပ်သာများမှာဆိုလျှင်လည်း အမျိုးသမီးတို့ပင် များစွာတရားထိုင်၊ တရားအားထုတ်ကြသည်ကို စာရှုသူတို့ မျက်မြင်တွေ့နေကြရပေမည်။

စာရေးသူသည် ဓမ္မရိပ်သာများကို ခေတ်ငါးမီးနှင့်ကာလတို့၌ လှည့်လည်ကြွရောက်ပြီး တရားဟော၊ တရားပြနေသူတစ်ဦးဖြစ်သည်။ တစ်ခုသော တရားပွဲ၌ ယောဂီဦးရေ တစ်ရာသုံးဆယ်ရှိ၏။ ထိုတွင် အမျိုးသားယောဂီမှာ ငါးယောက်သာရှိသည်ကို ကိုယ်တိုင်တွေ့ကြုံခဲ့ဖူး၏။ စာရေးသူဆိုချင်သည်က သာသနာတော်တွင် အနီးကပ်ကိုးကွယ်သူတို့မှာ အမျိုးသမီးများပင် ဖြစ်လေသည်။ သာသနာကိုးကွယ်သူ အမျိုးသမီးတို့ အထူးသတိထားစရာမှာ မိမိကြည်ညိုသဖြင့် ကိုးကွယ်

www.burmeseclassic.com

နေသော "သာသနာ"ကို မိမိကြောင့် မပျက်စီးဖို့ပင် ဖြစ်၏။ လွန်ခဲ့သော သုံးနှစ်ခန့်က ဧရာဝတီတိုင်းအတွင်း ကျေးလက်ရွာလေးတစ်ရွာတွင် ရွာဦးကျောင်းမှာ ကိုးကွယ်ထားသည့် ကျောင်းထိုင်ဆရာတော်တစ်ပါး ရှိပါသည် (အမည်မဖော်လိုပါ) ထိုဆရာတော်သည် သက်တော်အားဖြင့် လေးဆယ်ကျော်၊ ငါးဆယ်ပတ်ဝန်းကျင်သာ ရှိသေး၏။ အသံကလည်းကောင်း၊ အဟောအပြောကလည်းကောင်း၊ ရုပ်ရည်မှာလည်း အသင့်အတင့်ရှိသဖြင့် ကြည်ညိုသူ ဒါယကာ၊ ဒါယိကာမတို့ များကြလေသည်။

ထိုဒါယကာ၊ ဒါယိကာမများတို့တွင် ထူးခြားသူကတော့ အသက်သုံးဆယ့်ငါးနှစ်ဝန်းကျင်ရှိ အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ အရပ်စကားနှင့် ပြောရလျှင် လုံးကြီးပေါက်လှဟု ခေါ်ရပေမည်။ ၎င်းအမျိုးသမီးသည် ဆရာတော်ကို ကြည်ညိုသဖြင့် စားဖွယ်သောက်ဖွယ်များ ဆက်ကပ်လှူဒါန်းရန် မကြာမကြာ ကျောင်းသို့ရောက်ရှိလေ၏။ ဆရာတော်၏ ဝေယျာဝစ္စတို့ကိုလည်း အနီးကပ်ပြုစုပေး၏။ မကြာပါချေ။ ကျောင်းထိုင်ဆရာကော်နှင့် ထိုအမျိုးသမီးတို့သည် အတွေ့အမြင်၊ အထိအတွေ့များကြသဖြင့် တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ငြိတွယ်ပြီး လက်ထပ်ယူသွားကြပါသည်။

အထက်ပါဖြစ်ရပ်လေးကို ကြည့်ပြီး စာရေးသူ၏ ရင်ထဲတွင် ငယ်စဉ်ကာလက ဖတ်ခဲ့၊ မှတ်ခဲ့ဖူးသော ကဗျာလေးတစ်ပုဒ်ကို သတိရလိုက်မိပါသည်။

ချဉ်သီးနှင့်ဆား အတူထား၊
ချဉ်သီးဆားကြောင့်ပျက်။
မနှင့်ဘုန်းကြီး အနေနီး၊
ဘုန်းကြီး မကြောင့်ပျက်။

ဟူသော ကဗျာလေးပင် ဖြစ်၏။

မနှင့်ဘုန်းကြီး ဆိုတာဟာ တစ်ဦးနှင့်တစ်ဦး အနေမနီးသင့်ပါ။ အနေနီးသည်နှင့်အမျှ သံယောဇဉ်ဆိုသောကြိုးမှာ "အိုးချင်းထားတော့ အိုးချင်းငြိ"ဆိုသကဲ့သို့ ငြိတွယ်ဖို့ရန် မခက်ခဲတော့ပေ။

အထက်ပါ သာကေကလေးတွင် အမျိုးသမီးတို့သည် ရဟန်းသံဃာတော်များ၏ အနားကို ဆည်းကပ်သည်မှာ အစ ပထမမှာတော့ ကြည်ညိုမှုသဒ္ဓါ အရင်းခံ၍ ဆည်းကပ်ခြ ပင်ဖြစ်သည်။ သို့သော် အနေနီး၍ အတွေ့အမြင် များလာသေ အခါမှာမူ သဒ္ဓါမှပင် တဏှာဘက်သို့ ယိုင်သွားခြင်းဖြစ်တ လေသည်။ ပြဆိုခဲ့သော ဖြစ်ရပ်မှာလည်း "သဒ္ဓါလွန်သေ တဏှာကျွန်"ဟု ဆိုသလို တဏှာ၏ ကျွန်သပေါက်အ သို့ ရောက်ရှိခဲ့ရခြင်းပင် ဖြစ်သည်။ သာသနာတော် ကိုးကွယ်သည့်အခါ "သဒ္ဓါနှင့် ပညာ" ညီဖို့လိုအပ်ပါသ သဒ္ဓါလွန်လျှင် ပညာမှာ နောက်ဆုတ်တတ်၏ဟု မြတ် ဟောကြားသော ဒေသနာတော်အရ သဒ္ဓါလွန်ကဲလာ ဤအရာဟာ သင့်/မသင့်၊ ကောင်း/မကောင်း၊ ဟု မဟုတ် ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောအသိဉာဏ် ကင် လေသည်။

ပဋ္ဌာန်းဒေသနာတော် ဥပနိဿယပစ္စည်းတွင် သဒ္ဓါကို အမှီပြု၍ ရာဂတရားများ ဖြစ်နိုင်သည်ဟု ပြဆိ သောကြောင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် အခါမှာဖြစ်စေ၊ တရားဘာဝနာများ အားထုတ်သည့်အ စေ သဒ္ဓါနှင့်ပညာ ညီဖို့ အထူးလိုအပ်၏။ ဤသည် သာသနာတော် ကိုးကွယ်ကြသော အမျိုးသား၊ အမျိုးသ သတိထားသင့်သော အချက်တစ်ခုပင် ဖြစ်လေသည်။ တ သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ကြသည့်အခါ ရု ပွဲကြည့်သကဲ့သို့ ကိုးကွယ်ကြရပါမည်။

ရှေးအခါ၌ ဘုရားပွဲ၊ ကျောင်းပွဲ၊ ပျော်ပွဲရွှင်ပွဲမျ ရုပ်သေးပွဲများ ထည့်သွင်း၍ ဖျော်ဖြေလေ့ရှိကြပါ ယနေ့ခေတ်မှာမူ ရုပ်ဝတ္ထုပစ္စည်းများ တိုးတက် ကြောင့် ထိုပွဲသဘင်များပင် တစ်နေ့တခြား ပျောက်ကွယ် ဖြစ်နေလေတော့၏။ အချို့သော ဒေသများ၌ အနည် ဖျော်ဖြေမှုရှိနေကြသေး၏။ လုံးလုံးမပျောက်ကွယ်သေ စာရှုသူများ ရုပ်သေးပွဲကို တချို့တလေ ကြည့်ဖူးကြ မည်။ ရုပ်သေးပွဲဆိုသည်မှာ အရုပ်တစ်ခုကို လူက မမြင်လောက်သော အကာအကွယ်မှာနေ၍ ကြိုးက ကို စည်းချက်ဝါးချက်နှင့် ဆိုသံပြောသံ ညီအောင် ကကြိုးကဟန်တို့ကို ပြသဖျော်ဖြေနေသော ပွဲသ ဖြစ်ပါသည်။

၎င်းရုပ်သေးပွဲကို ကြည့်ရှုကြသေး ပရိသ



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်စင်၏ ရှေ့သို့သွား၍ အနီးကပ်ကြည့်ရှုလျှင် အရုပ်၌ ဆွဲထားသောကြိုးတို့ကို မြင်နေရသဖြင့် ကြည့်ရှု၍ မကောင်းနိုင်ပေ။ ဇာတ်ရုံ၏နောက်ဆုံး အဝေးကကြည့်မြင်ဆိုလျှင်လည်း ကျကျနန မမြင်ရလေသောကြောင့် ကြည့်ရှု၍ မကောင်းနိုင်ပေ။ မနီးမဝေးသောနေရာ၌နေ၍ ကြည့်မည်ဆိုပါလျှင် ကကြိုးကဟန် ပြကွက်၊ ကကွက်တို့ကို လှလှပပ တွေ့မြင်ကြရသဖြင့် ရှုမငြီးနိုင်လောက်အောင်ပင် မျက်စိပသာဒတွင် ကြည့်ရှု၍ကောင်းပါလိမ့်မည်။

ထို့အတူ သာသနာတော်ကို ကြည်ညို၍ မိုခိုဆည်းကပ် ကိုးကွယ်ကြသော အမျိုးသား၊ အမျိုးသမီးများမှာလည်း အနီးကပ်ကိုးကွယ်မည်ဆိုလျှင် ရုပ်သေးကြိုးရှုပ်သကဲ့သို့ သံယောဇဉ်အနှောင်အဖွဲ့ကြိုးဟာ ရှုပ်ထွေးလာတတ်ပါသည်။ "သံယောဇဉ်"ဆိုသည်မှာ အနှောင်အဖွဲ့ပင်ဖြစ်၏။ လူတစ်ယောက်ကို ကြိုးဖြင့်တုတ်၍ထားလျှင် လွယ်လွယ်နှင့် မလွတ်မြောက်နိုင်သကဲ့သို့လည်းကောင်း၊ သံယောဇဉ်ကြိုး နှောင်ဖွဲ့ခြင်းခံရသူမှာ လွယ်လွယ်နှင့် မလွတ်မြောက်နိုင်ချေ။

တစ်ဖန် ရုပ်သေးပွဲကို အဝေးကကြည့်လျှင် မျက်စိပသာဒတွင် အမြင်အာရုံဟာ ဝိုးတဝါး သဲကွဲမှုမရှိနိုင်သလို သာသနာတော်ဟူသော ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်မှု ဝေးကွာလျှင်လည်း သာသနာတွင်း အသိဉာဏ်များ၊ အဆုံးအမများ ကင်းကွာပြီး ဘေးကြီးလေးပါး သင့်ရောက်နိုင်ပါသည်။ အဘယ်နည်းဆိုသော်···

၁။ ဝိနိပါတဘေး – လားရာဂတိမမြဲသောဘေး။

၂။ နာနာသတ္တဉလ္လောကနဘေး – ကိုးကွယ်မှုမှားသောဘေး။

၃။ ဒုစ္စရိတဘေး – ဒုစရိုက်ဘေး။

၄။ အပါယဘေး – အပါယ်လေးပါးကျရောက်မည့်ဘေးတို့ ဖြစ်၏။

ထိုဘေးကြီးလေးပါးရှိသည်တို့တွင် ကိုးကွယ်မှုမှားသော ဘေးဟာ အလွန်ကြောက်စရာကောင်း၏။ ကိုးကွယ်မှုမှားလျှင် အသိအမြင်၊ အကြံအစည်၊ အတွေးအခေါ်များပါ လွဲမှားတတ်ပါသည်။ အတွေးအခေါ်၊ အကြံအစည်များ လွဲသည်နှင့်အမျှ အယူပါ လွဲချော်တတ်ကြလေ၏။ အယူမှား၊ အမှတ်မှား၊ အသိမှားဖြစ်ခဲ့ပါမူ လားရာဂတိ မမြဲနိုင်တော့ပေ။ သစ်ပင်ပေါ်မှ ကြွေကျသော ရွက်ဝါလေးတစ်ခုသည် ကျရာနေရာ အတည်တကျ မရှိနိုင်သကဲ့သို့ ဒေဝ၊ မနုဿ၊ နိရယ၊ ပေတ၊ တိရစ္ဆာန်ဟူသော ဂတိငါးပါးမှာ အဘယ်ဂတိလားရမည်ကို ကိန်းသေမပြောနိုင်တော့ချေ။ အများအားဖြင့် အယူမှား၊ အသိမှားသူတို့ဟာ ဒုဂ္ဂတိဟုခေါ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတို့၌သာ အဖြစ်များကြလေသည်။

ကိုးကွယ်မှုမှားသောဘေးကြောင့် ဒုက္ခရောက်ခဲ့ရသည့် သာဓကတစ်ခုကို ညွှန်ပြရလျှင် စာရှုသူတို့ အသိများသော အဇာတသတ်မင်းကို ပြဆိုရပေမည်။ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည် ဤဘဝ၌ သောတာပန်ပုဂ္ဂိုလ်ဖြစ်နိုင်ပါသော်လည်း အရှင်ဒေဝဒတ်ကို ကိုးကွယ်မှုမှားသောကြောင့် "ကုန်ရှုံးတော့တစ်ခေါက်၊ လင်ရှုံးတော့တစ်သက်၊ ဆရာမှားတော့ တစ်သံသရာ"ဆိုသကဲ့သို့ ခမည်းတော်ကိုသတ်သည့် ကံကြီးထိုက်ခဲ့တာကြောင့် ဤဘဝမှာ သောတာပန်မဖြစ်ရရှာဘဲ ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံးငရဲဖြစ်သည့် အဝီစိငရဲ၏ အခြံအရံဖြစ်သော ဥဿဒငရဲတွင် အနှစ်ခြောက်သောင်းမျှကာလကြာအောင် ခံစားနေရပါသည်။ ထို့ကြောင့် သာသနာတော်ကို ကြည်ညို၍ မှီခိုဆည်းကပ်ကိုးကွယ်ကြသူတို့မှာ ရုပ်သေးကြည့်သကဲ့သို့ ရဟန်းသံဃာများနှင့် အနီးကပ်နေထိုင်မှုပြုလျှင် ဆိုးကျိုးများ ဖြစ်လာနိုင်တာကြောင့် အနီးကပ်မနေသင့်ပါ။ သာသနာနှင့် အလွန်ဝေးပြန်လျှင်လည်း ဆရာများတို့နှင့်တွေ့ပြီး ဒုက္ခရောက်နိုင်သောကြောင့် ဝေးဝေးကြီးလည်း မနေသင့်ပါ။ အနာထပိဏ်ကျောင်းဒါယကာကြီးနှင့် ဝိသာခါကျောင်းအမကြီးတို့ သာသနာကို ကိုးကွယ်ဆည်းကပ်ပြီး ရရှိအပ်သော ဘဝအမြတ်ရအောင် ကိုးကွယ်သွားကြသည်ကို နည်းယူလျက် မနီးမဝေးနေပြီး သာသနာပြုသင့်ကြောင်း တင်ပြအပ်ပါသည်။

**ရုပ်သေးကြည့်ရာ၊ နည်းပမာ၊ သာသနာပြုရမည်။ မနီးမဝေး၊ ဉာဏ်ချင့်တွေး၊ မနေးကိုးကွယ်ကြရမည်။**

**ဝေလင်း[ရောဝတီ]**



www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းအေးချမ်းသာ မြတ်နိဗ္ဗာန်သို့

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

ဗန်းမော်ဆရာတော်ဘုရားသည် ဝိပဿနာဉာဏ်အမြင်ကို အပိုင်ပိုင်သိတော်မူသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။ ဆရာတော်၏ မိန့်တော်မူသည့် စကားများတွင် တရားနှင့် ကင်းလွတ်သည် မရှိပေ။ ထို့ကြောင့်လည်း သုဓမ္မအဖွဲ့ဝင် ရှစ်ပါးသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများကပင်လျှင် ဗန်းမော်ဆရာတော်ဘုရားအား လေးစားကြည်ညိုကြလေသည်။

မင်းတုန်းမင်းတရားကြီးသည်လည်း ငယ်စဉ်ကတည်းက ဗုဒ္ဓ၏ ကျမ်းဂန်များကို လေ့လာဆည်းပူးခဲ့သည်ဖြစ်၍ ဓမ္မရေးရာ ကျွမ်းကျင်မှုကြောင့် သာသနာ့ဒါယကာအဖြစ် ခံယူနိုင်ခြင်း ဖြစ်ပေသည်။

တစ်နေ့သောအခါ ဗန်းမော်ဆရာတော်ဘုရားသည် မင်းတုန်းမင်းတရားကြီး ပင့်ဆောင်သဖြင့် ကြွရောက်၍ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဘုဉ်းပေးပြီးနောက် ဆွမ်းတရားဟောတော်မူသည်။ တရားဟောပြီးသေးအခါ မင်းတုန်းမင်းတရားကြီးက ဗန်းမော်ဆရာတော်ဘုရားကြီး -

"မှန်လှပါဘုရား။ တပည့်တော်တို့ရဲ့ မြတ်စွာသခင် ဗုဒ္ဓရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က တရားနာပရိသတ်များကို တရားရေအေး တိုက်ကျွေးတော်မူတဲ့အခါ အားလုံးကို မြင်ပြီး ဟောပေမယ့် တရားရတဲ့အခါ

www.burmeseclassic.com

တချို့ကတော့ သရဏဂုံ ပဉ္စသီမျှ လောက်သာ တရားရကြပြီး တချို့ကျ တော့ သောတာပန်၊ တချို့က သကဒါ ဂါမ်၊ တချို့က အနာဂါမ်၊ တချို့က ရဟန္တာအဆင့် ဖြစ်ကြတယ်လို့ ကျမ်း ဂန်မှာ ဆိုထားပါတယ် ဘုရား"

"အင်း…ဟုတ်ပြီ ဒကာတော်။ ဆက်စမ်းပါဦး"

"မှန်လှပါဘုရား။ တရားဟော တဲ့ ပုဂ္ဂိုလ်ကလည်း တစ်ပါးတည်း၊ တရားကလည်း တစ်ခုတည်း၊ ဟောတဲ့ နေရာကလည်း တစ်နေရာတည်း၊ တစ် ချိန်တည်း၊ တစ်ပြိုင်တည်း ဟောပေ မယ့် တရားရတဲ့နေရာအဆင့်ကျတော့ မတူဘဲ ကွဲပြားတာကို သတိပြုမိပါ တယ် ဘုရား။ ဘာကြောင့်များ ဒီလို မညီမျှမှုတွေ၊ ကွဲပြားမှုတွေ ဖြစ်ရ ပါ လဲဘုရား"

ဟု လျှောက်တင်လေသည်။

ထိုအခါ ဇန်းမော်ဆရာတော် ဘုရားကြီးက မင်းတုန်းမင်းတရားကြီး အား အောက်ပါအတိုင်း မိန့်တော်မူ လေသည်။

ဟိုးရှေးရှေးတုန်းက ရာဇဌာနီ မင်းနေပြည်တော်တစ်ခုမှာ ငယ်စဉ် တောင်ကျေး ကလေးဘဝကတည်းက အတူနေထိုင်လာကြတဲ့ ငယ်သူငယ် ချင်း နှစ်ယောက်ရှိသတဲ့။ သူတို့နှစ်ဦး ဟာ အတူသွား၊ အတူလာ နေထိုင်ကြ ပြီး အသက်တစ်ဆယ့်ခြောက် နှစ် ရောက်ကြတဲ့အခါ အသက်မွေးဝမ်း ကျောင်းအတွက် ရွာကထွက်လာကြပြီး 'တက္ကသိုလ်' အမည်တွင်တဲ့ တက္ကသိုလ် ပြည်၊ ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်သွားကြသတဲ့။

ဆရာကြီးကလည်း အဲဒီတပည့် နှစ်ယောက်ကို တစ်ချိန်တည်း၊ တစ် နေရာတည်းမှာပဲ ဗေဒင်ပညာသင်ရိုး အားလုံးကို တစ်ဖက်ကမ်းခပ် တတ် မြောက်အောင် သင်ကြားလာရာ လေး နှစ်တာကာလတစ်ခုသို့ ရောက်ရှိလာပါ တော့တယ်။ အဲဒီအခါမှာ ဆရာကြီး ဟာ တပည့်နှစ်ဦးဟာ ပညာရည်တွေ ပြည့်ဝပြီး သင်ရိုးညွှန်းတမ်းတွေ ကုန် သွားသတဲ့။ တပည့်နှစ်ဦးမှာလည်း ပညာတွေပြည့်စုံသွားတဲ့အတွက် မိမိ တို့ရွာကို ပြန်လိုကြောင်း လျှောက်တင် ကြသတဲ့။

အဲဒီအခါမှာ ဆရာကြီးက သူတို့ နှစ်ဦးကို ရွာသို့ ပြန်ခွင့်ပြုလိုက်တယ်။ ပြီးနောက် ဆရာကြီးက -

"လောကကြီးမှာ အတတ်ပညာ နဲ့ စီးပွားရှာတာဟာ ဗုဒ္ဓအလိုတော်ကျ ဖြစ်တယ်။ အကယ်၍များ ပညာနဲ့ ပတ်သက်လို့ လိုအပ်တာရှိရင် ဆရာ ကြီးထံ ပြန်လာကြ"

လို့ မှာလိုက်သတဲ့။

ဒီလိုနဲ့ သူငယ်ချင်းနှစ်ဦးဟာ မိမိ ဌာနေမရောက်မီ လမ်းခုလတ်ရောက် တော့ အိမ်တစ်အိမ်မှာ ဝင်ရောက်အနား ယူ ဖြေကြ သတဲ့။ အိမ်ရှင်မိန်းကလေး ကလည်း ... သနားဖွယ်ရာခရီးစဉ်အတွက် ကျေး မွေးဧည့်ခံရှာတယ်။ ထမင်းစားပြီး နောက် အိမ်ရှင်မိန်းကလေးဟာ သူငယ် ချင်းနှစ်ဦး ဘယ်ကလာလို့ ဘယ်ကိုပြန် ကြမှာလဲလို့ မေးမြန်းကြည့်တော့ ဒိသာ ပါမောက္ခဆရာကြီးရဲ့ တပည့် ဗေဒင် ပညာရှင်တွေမှန်း သိသွားပါတယ်။ အိမ်ရှင်မိန်းကလေးမှာလည်း လင် ယောကျ်ားဖြစ်သူဟာ တစ်နယ်တစ် ကျေးမှာ စီးပွားသွားရှာဘာ ကြာပြီဖြစ် သော်လည်း စာလည်းမလာ၊ လူကြုံ လည်းမလာ၊ သတင်းလည်းမရ ဖြစ်နေ တဲ့အတွက် ပုထုဇဉ်တို့၏ သဘာဝအရ အရေးကြုံတော့ ဗေဒင်ဆရာပြေးယုံ ဆိုသလို အားကိုးတကြီးနဲ့ သူ့ခင်ပွန်း သည်အကြောင်း မေးမြန်းပါတော့တယ်။

အဲဒီလို မေးမြန်းစဉ်မှာပဲ မနီး မဝေးမှာရှိတဲ့ ထမင်းအုပ်ဆောင်းပေါ် ကို တက်လာတဲ့ ကြွက်တစ်ကောင်ကို ချောင်းနေတဲ့ ကြောင်တစ်ကောင်ဟာ ကြွက်ကို ခုန်အုပ်လိုက်တော့ ကြွက်ဟာ နေရာမှာတွင်ပဲ သေသွားသတဲ့။

"အစ်မငယ်·
အစ်မငယ်ရဲ့
ခင်ပွန်းဟာ
တိုင်းတစ်ပါးက
အပြန်
တောင်ကမ်းပါးယံက
အဆင်းမှာ
ကျားကိုက်လို့
သေရှာပြီ။
အစ်မငယ်မယုံက
လူစုပြီးရှာဖွေပါ"

www.burmeseclassic.com

ဖြစ်စဉ်အချင်းအရာကို ကြည့်ပြီး အတိတ်နိမိတ်ကောက်နေတဲ့ ပထမ ဗေဒင်ဆရာက -

''အစ်မငယ်…အစ်မငယ်ရဲ့ ခင်ပွန်းဟာ တိုင်းတစ်ပါးကအပြန် လမ်းခရီးမှာ သေဆုံးသွားပါပြီ'' လို့ ပြောလိုက်တယ်။ မိန်းကလေးလည်း ပထမဗေဒင်ဆရာပြောတာကို သေချာအောင် ဒုတိယဗေဒင်ဆရာကို ထပ်မေးလိုက်ပြန်ပါတယ်။ဒုတိယဗေဒင်ဆရာက

''အစ်မငယ်…အစ်မငယ်ရဲ့ ခင်ပွန်းဟာ တိုင်းတစ်ပါးကအပြန် တောင်ကမ်းပါးယံကအဆင်းမှာ ကျားကိုက်လို့သေရှာပြီ။ အစ်မငယ် မယုံက လူစုပြီး ရှာဖွေပါ'' ဟု ပြောလိုက်တော့ မိန်းကလေးလည်း ''လင်သားသေပြီ'' ဆိုတဲ့ စိတ်ကြောင့် သောကတွေများကာ ရွာမှာရှိတဲ့ ရွာသားတွေခေါ်ပြီး ရှာဖွေရာ ဒုတိယဗေဒင်ဆရာဟောပြောတဲ့အတိုင်း ကွက်တိဖြစ်နေတာကို မြင်တွေ့လိုက်ပါတော့တယ်။

မိန်းကလေးလည်း ဒုတိယ ဗေဒင်ဆရာကို ချီးကျူးပြီး သူ့ကို ဥဏ်ပူဇော်ခ ငွေအသပြာတစ်ဆယ်ကျပ်ပေးပြီး ပထမဗေဒင်ဆရာကိုတော့ ငွေအသပြာ ငါးကျပ်နှင့် ပူဇော်လိုက်တော့ ပထမဗေဒင်ဆရာက တွေးမိတော့တာပေါ့။ ငါတို့သူငယ်ချင်းနှစ်ဦးစလုံးဟာ ဆရာတစ်ဦးတည်းဆီမှာ တစ်ချိန်တည်း၊ တစ်နေ့ရာတည်း ပညာတစ်ခုတည်းကို သင်ကြားခဲ့ရပြီး ငါ့ကျတော့ ဘာကြောင့် သူ့လို တိတိကျကျ မဟောနိုင်တာလဲလို့ မတင်မကျ၊ မကျေမနပ်ဖြစ်ပြီး သူငယ်ချင်းနှစ်ဦးတိုင်ပင်ကာ ဆရာကြီးထံ ပြန်လာကြသတဲ့။

ဆရာကြီးဆီရောက်တော့ ဖြစ်ပျက်သမျှသော အကြောင်းအရာတွေကို ဗေဒင်ဆရာနှစ်ဦးက တင်လျှောက်ရာ ဆရာကြီးက -

''တပည့်တို့… တပည့်တို့နှစ်ဦးကို ဆရာကြီးရှင်းပြရင် နားလည်မှာ မဟုတ်ဘူး။ ဒီတော့ မင်းတို့နှစ်ယောက် သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်က ရေကို မယူရဘူး။ ကောင်းကင်ကကျတဲ့ရေကိုသာ ဆရာ့ထံယူလာခဲ့ကြ'' လို့ မှာလိုက်ပါတယ်။ ရာသီဥတုကလည်း ဆောင်းရာသီဖြစ်တဲ့အတွက် နှင်းရည်ကိုသာ ရယူရန်ကို နှစ်ဦးစလုံးသဘောပေါက်ပြီး ဆရာကြီးအပါးမှ ထွက်လာခဲ့ကြတယ်။

ပထမဗေဒင်ဆရာဟာ နှင်းစက်တွေရှိတဲ့ မြက်၊ သစ်ရွက်တွေကို တစ်ရွက်ချင်း ခြွေပြီး အိုးထဲကို ခါချသတဲ့။ ဒါပေမယ့် နေသာထွက်ရော နှင်းရည်တစ်ဖလားပင် မရရှာပေ။

ဒုတိယဗေဒင်ဆရာကတော့ ထိုးထွင်းဉာဏ်ကောင်းပြီး ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတဲ့သူဆိုတော့ ပါလာတဲ့ ခေါင်းပေါင်းစကိုဖြုတ်၊ စွတ်စိုနေတဲ့ မြက်ခင်း၊ သစ်ရွက်တွေကိုသုတ်ပြီး အိုးထဲကို ညှစ်ပြီး စုတာ မကြာခင်မှာပဲလို့ ပြည့်သွားတယ်တဲ့။

သူတို့နှစ်ဦး ဆရာကြီးဆီ ပြန်ရောက်ကြတော့ ဆရာကြီးက -

''တပည့်တို့ အမြင်ရှင်းကြပြီလား။ ဘဝမှာ တစ်ဆရာတည်း၊ ပညာတစ်ခုတည်း၊ တစ်နေ့ရာတည်း သင်ကြားပေမယ့် ဉာဏ်ရည်၊ ဉာဏ်သွေး မတူညီခြင်း အကြောင်းတရားကို တပည့်တို့ လက်တွေ့သိပြီမဟုတ်လား'' ဟု မိန့်ကြား ဆုံးမလိုက်ပါလေတော့သတည်း။

အဲဒီလိုပါပဲ။ ကျွန်မတို့ ကိုးကွယ်အားထားရာ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဟောကြားညွှန်ပြ ဆုံးမပေးတော်မူတဲ့ တရားတော်တွေကို လူတွေတော်တော်များများ ဘဝပေါင်းများစွာ နာကြားခဲ့ကြပါသော်လည်း တချို့မှာ ကျွတ်တမ်းဝင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်ရှိသွားကြပေမယ့် တချို့မှာ ဘဝသံသရာဝဋ်ဆင်းရဲမှ မကျွတ်သေးဘဲ ဆုံလည်ရှားကဲ့သို့ တဝဲလည်လည် ဖြစ်နေကြပါသည်။

ဒီဝဲဂယက်က လွတ်မြောက်ခြင်း မရနိုင်တာဟာလည်း လောဘ၊ ဒေါသ၊ မောဟ မီးတွေကို မငြိမ်းနိုင်လို့ပါပဲ။ သံသရာဝဲဂယက်က လွတ်မြောက်ပြီး ဆင်းရဲခြင်းကင်းရာ အေးချမ်းတဲ့ မြတ်နိဗ္ဗာန်ကို ရောက်ရန် အကောင်းဆုံးနည်းလမ်းကတော့ 'ဝိပဿနာ' တရားမှလွဲ၍ အဘယ်ဟူသော တရားမျှ မရှိပါ။

သို့ပါ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဘဝသံသရာမှ လွတ်မြောက်ရန် ရတနာ်းရခိုက် ရသမျှအချိန်လေးမှာပဲ အသိ၊ သတိ၊ အကျင့်တို့ကို နှလုံးသွင်းပြီး 'ဝိပဿနာ' ရှုပွားကြစေလိုပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ပါသည်။

*ဆင်းရဲခြင်းကင်းကြပါစေ…*

**ရွှယ်လီသိန်းဟောင်(စိန်မိုက်ကယ်)**

<u>မှတ်ချက်</u>

သပြေညိုလူမင်း၏ ဗန်းမော်ဆရာတော်ပုံပြင်များမှ ကိုးကားသင်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# စံပယ်ကြူမွှေး၊ မြတ်လေးသင်းထုံ

# လနယုန်

**တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျွမ်းပြု)**

တောင်သူဦးကြီးအပေါင်းတို့၏ 'အာဒိမာသ'ခေါ် ငန်းဦးစရှိန်ဖြစ်သော စံပယ်ကြူမွှေး၊ မြတ်လေးသင်းထုံ လနယုန်သို့ ရောက်ရှိခဲ့ပါပြီ။ ကောင်းကင်တစ်ခွင်၌ မိုးတိမ်များ အုံ့ဆိုင်းလျက်ရှိရာက မုတ်သုံလေနအေး၏ ကယုကယင် ကျီစယ်မှုဖြင့် မြေပြင်တစ်ဝှမ်းသို့ တိမ်စိုင်ထုများကြားမှ မိုးစက်မိုးပေါက်တွေ ထွင်းဖောက်ကျဆင်းခဲ့ပါပြီ။ ထိုအခါဝယ် လယ်ယာမြေသားတို့သည် မိုးရေကို ဝလင်စွာ သောက်သုံးရပြီးသကာလ မြေဆီဩဇာဓာတ်တွေ ပြည့်ဝကုန်ကြ၏။ ထိုအခါဝယ် တောင်သူဦးကြီးတို့လည်း မျိုးကြဲခြင်းလုပ်ငန်းကို စတင်ကြတော့သည်။ ရှေးမြန်မာမင်းအဆက်ဆက်တို့ဆိုလျှင် နယုန်လခါသမယ၌ လယ်ထွန်မင်္ဂလာပွဲများကို ကျင်းပခဲ့ပါကြောင်း ရှေးစာကဗျာလင်္ကာများအရ သိရှိရပါသည်။

မိမိတို့ မြန်မာနိုင်ငံရှိ တောင်သူဦးကြီးတို့ကား မိရိုးဖလာ အစွဲအလမ်းကြီးမားသူတွေ ဖြစ်ကြသည်။ သို့ဖြစ်၍ နယုန်လရာသီရောက်လျှင် ဓလေ့ထုံးစံအတိုင်း ပုဗ္ဗကြယ်ကို ရည်ရွယ်လျက် ပုဗ္ဗကြယ်အား တင်သခြင်း၊ 'ပုန်းမကြည်ပွဲ'အား ကျင်းပပူဇော်ခြင်းတို့ ပြုလုပ်ကြောင်း ဘုန်းဘောင်ခေတ်စာဆို စိန္တကျော်သူ ဦးဩက 'မဟာအဓိကရကန်တော်မော်ကွန်း'၌ ...

"နယုန်ဝါလ၊ ကြံကြံပျိုးထောင်၊ ဝါခေါင်သစ်ဆင်း၊ နှစ်လတွင်းမူ၊ ဆင်းကြယာလယ်၊ တောင်သူမယ်တို့၊ ရှေးဝယ်သောကာ၊ အိမ်ဦးမှာလျှင်၊ ထားပါသမူ၊ အကြောင်းပြု၍၊ ယခုထက်တိုင်၊ စဉ်တစိုက်ဖြင့်၊ သမိုက်ကုန်ကြ၊ ပုဗ္ဗဂြဟာ၊ အရိယာစင်ကြယ်၊ ပုဗ္ဗကြယ်ကို၊ အဖွယ်အရာ၊ စုံစွာပသ၊ တင်ကြားကြမှ၊ ချီချ-ညီမျှ၊ သီကြယင်နှဲ့၊ ကောက်စိုက်ပွဲတည့် ..."

ဟူ၍ ရေးဖွဲ့စပ်ဆိုထားပါသည်။ နယုန်လကား ရာသီအလိုအားဖြင့် ယောက်ျားပျိုနှင့် မိန်းမပျိုတို့ နှစ်သက်သော ရာသီဟူ၍ သင်္ကရိုက်ကျမ်းများက ဆိုကြသည်။ ရှေးက နယုန်လကို 'မိထုန'ဟု သင်္ကရိုက်ဘာသာမှ လာရှိသည့်အတိုင်း ပုဂံခေတ်လောက်မှ စတင်၍ မိထုန်ရာသီဟု ခေါ်ခဲ့ကြသည်။ အင်းဝခေတ်ရောက်လေသော် 'နံမျိုလ'အဖြစ် ရွေ့လျားကူးပြောင်းသွားပြီး ယခုအခါ 'နယုန်လ' ဖြစ်လာခဲ့ပါသည်။

နယုန်လ၏ ထူးခြားချက်ကား စာတော်ပြန်ပွဲများကို ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပရိယတ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုရသော ထိုထိုသာမဏေရဟန်းတို့သည် ဝါမဆိုမီ နှစ်ပတ်အတွင်း ရွတ်ဖတ်သင်အံ ကြံကြံကြည့်ကြည့်၊ မှတ်သားမိသမျှ၊ ပိဋကတ်စာပေတို့ကို ကျေကျေညက်ညက် နှုတ်တက်အာဂုံဆောင်ပြရသော 'ပထမပြန် စာသဘင်ပွဲ'ပင် ဖြစ်တော့သည်။ ရှေးအခါကပင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အထူးကြည်ညို သဒ္ဓါတရားဖြင့် ကျင်းပလေ့ရှိခဲ့သည်။ ဘုရင့်ကောင်းမှုတော်များဖြစ်သည့် 'သုဓမ္မာဇရပ်ကြီးများ'၌ ကျင်းပစမြဲဖြစ်ပါသည်။ ထိုသို့ကျင်းပခြင်းမှာ ဝါဆိုချိန်၌ စာဝါသစ်များကို လိုက်ကြရမည့်အတွက်ကြောင့် တစ်နှစ်ပတ်လုံး သင်ကြားခဲ့ကြရသော ဝိနည်းငါးကျမ်းနှင့်တကွ မာတိကား



www.burmeseclassic.com

www.burmeseclassic.com

ဇာတကထာ၊ ယမိုက်၊ ပဋ္ဌာန်းဟုဆိုအပ်သော သင်ရိုးကျမ်း ... သည့်တို့ကို အာဂုံပြန်ဆိုကြရခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံ၌ စာတော်ပြန်ပွဲများကို စတင်ကျင်းပခဲ့ ... ညောင်ရမ်းခေတ်၊ သာလွန်မင်းတရားကြီးလက်ထက်မှစ၍ ပေါ်ပေါက်ခဲ့ကြောင်း ပညာရှိများက ယူဆခဲ့ကြသည်။ ဟံသာဝတီရောက်မင်း ကိုးကွယ်သော ကျော်အောင်စံထားဆရာတော်မှာ 'ပထမကျော် ဥဏ္ဏဝရ'ဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရကြောင်း မှတ်သားရပါသည်။ ထိုမှ ဆက်လက်ကျင်းပလာခဲ့ကြရာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးလက်ထက်၌ လွန်စွာမှ သိုက်မြိုက်လှပါကြောင်း မှတ်သားရပါသည်။ သီပေါမင်းလက်ထက်၌ တွေ့ရှိရသော ပထမစာတော်ပြန်ဥပဒေမှာ ၁၂၄၅ ခု၊ ပြာသိုလဆန်း ၉ ရက်နေ့၊ ရတနာပုံနေပြည်တော် နန်းတွင်းစာပုံနှိပ်ရုံတော်တွင် ပထမစာတော်ပြန် ဥပဒေစာတမ်းကို ပုံနှိပ်လုပ်ဆောင်ခဲ့ကြောင်း သိရှိရပါသည်။ (သီပေါမင်းပါတော်မူပြီးနောက်ပိုင်း စာပြန်ပွဲများ ပျောက်ကွယ်သွားပြီး ခရစ်နှစ် ၁၈၈၉ ခုနှစ်၊ အောက်တိုဘာလမှ ပြန်လည်ပေါ်ပေါက်လာသည်ဟု မှတ်သားရသည်။)

ထိုသို့ပေါ်ပေါက်လာရန် ကြိုးပမ်းသူများမှာ မြန်မာပြည်သို့ ပညာမင်းကြီးအဖြစ် ခန့်ထားခြင်းခံရသော အိန္ဒိယတိုင်းရင်းသား မစ္စတာဂျန်ဝင်ဆိုမရန်ပုပ်၊ သာသနာပိုင်ဟု ခေါ်ကြသော မာလာလင်္ကာရ အတုလဓိပတိ–သီရိပ... ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု 'ခ...တော်သာသနာပြုဆရာတော်'၊ တံဆိပ်တော်သုံးဘင်္ဂရ ပုခန်းဆရာတော်၊ တံဆိပ်တော်သုံးထပ်ရ လှထွေးဆရာတော်နှင့် လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီးတို့ဖြစ်ကြောင်း လေ့လာမှတ်သားရသည်။ သို့ဖြင့် ၁၈၉၄ ခုနှစ်၊ ဒီဇင်ဘာလ၊ သက္ကရာဇ် ၁၂၅၆ ခုနှစ်တွင် ရှေးမြန်မာမင်းများ ကျင်းပပြုလုပ်သကဲ့သို့ ပါဠိပထမပြန်စာမေးပွဲများ ကျင်းပပြုလုပ်ခွင့် ရရှိခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသူနိုင်ငံသားတို့မှာ ရှေးရိုးစဉ်လာဓလေ့ကို မေ့ပျောက်တတ်သူများ မဟုတ်ကြပါ။ ဒါယကာအပေါင်းတို့ကလည်း ပစ္စယာနုဂ္ဂဟဖြင့် လှူဖွယ်ပစ္စည်း၊ ဆွမ်းကွမ်း စသည်တို့ကို ထောက်ပံ့ကြသည့်အတွက် ရဟန်းပံ့ယာတို့ကလည်း ဓမ္မာနုဂ္ဂဟဟု ခေါ်ဆိုအပ်သော ပရိယတ်ကျမ်းဂန်တို့ကို သင်အံလေ့ကျက်ပြီးလျှင် တရားဓမ္မများကို ဟောဖော်ညွှန်ပြလေ့ရှိကြပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် သာသနာတော်သုံးရပ်အပါအဝင် ပရိယတ္တိသာသနာတော်ကို လွန်စွာလေးစားကြပါသည်။

နယုန်လခါသမယကား ဗုဒ္ဓဘာသာဝင်များအတွက် အလေးအမြတ်ပြုရသောလ ဖြစ်သကဲ့သို့ တောင်သူဦးကြီးတို့အတွက်လည်း လယ်ယာလုပ်ငန်းခွင်အတွက် ငန်းဦးစ မင်္ဂလာသမယ ဖြစ်ပါသည်။ ပူပြင်းသွေ့ခြောက်မှုတို့ နိဂုံးကမွတ် အဆုံးသတ်ပြီး မိုးဦးပဇွန်ဒေဝါ၏ အမွှန်တေးသံကို ငြိမ့်ငြိမ့်ကလေးနားဆင်ရသည်မှာ ငြိမ့်ညောင်းလှပါဘိ။ အေးချမ်းလှပါဘိ။ မိုးရေစက်ချိုမြမြကို တစ်ဝကြီးသောက်သုံးခွင့်ရခဲ့သော စံပယ်၊ မြတ်လေးတို့မှာလည်း မုတ်သံလေ၌ ချိုအီသော ရနံ့ကို စီးမျောနေပေပြီကော။ သည်လိုသဘော၊ သည်လိုပသာဒက ကုန်းဘောင်ခေတ်စာဆိုတော် မဟာအတုလမင်းကြီးက နက္ခတ်ရာသီတို့နှင့် ယှဉ်တွဲလျက် အောက်ပါအတိုင်း လွမ်းချင်းကဗျာဖွဲ့ခဲ့သည်မှာ လွမ်းဆွတ်ကြည်နူးစဖွယ် ကောင်းလှပါတော့သည်။

– "နတ်စည်ငယ် ရွှမ်းပါလို့
မြိမ်းမွမ်းငယ် သံစုံ၊
ကမြူးငယ် ခုန်သည်
လနယုန်သည်ချိန်မို့
မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။
– ရာသီငယ်မေထုန
ဆယ့်နှစ်လမို့၊ ငွေပြောင်ရှိန်
တောက်လောင်ငယ်ထိန်သည်
ရာစိန္တနတ်၊ ပိဋ္ဌကတ်မှာ
မပြတ်ကယ် ထွက်စံ
စာညီလာခံသောအခါ
မိုလ်ခြတဲ့ ရွှေလယ်မှာ
ငွေစံပယ် ဖြူမှုလေးက
မွှေးလှတယ်လေး။ ။"

■ တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)



www.burmeseclassic.com

www.burmeseclassic.com

# အဓမ္မသီလ
# အဓမ္မသမာဓိ

နန္ဒာမောင်[သံဖြူဇရပ်]

(တစ်)

"လွယ်လျှင် သူကြွယ်ပင် လက်ဆော့တတ်၏"

(စကားဟောင်းတစ်ခု)

ထိုစကားဟောင်းကို တစ်ဖက်ရှုထောင့်ကကြည့်လျှင် သီလသမာဓိ ရှိသူတို့နှင့် လားလားမျှ သန့်ကျင်လျက် သဘောထား ပေါ့ပျက်နိမ့်ပါး သေးသိမ်သူတို့အား ရည်ညွှန်းခြင်း ဖြစ်လေ၏။ စိတ်နှလုံးထားပြည့်ဝသော သူကြွယ်ဆိုသူတို့နှင့် မထိုက်တန်သော စကားရပ်မျိုး ဖြစ်၏။ သီလသမာဓိ မစောင့်ထိန်းလျှင် ငွေကြေးဥစ္စာပြည့်စုံသော လူချမ်းသာပင်ဖြစ်သော်လည်း အခွင့်အရေးရလျှင်ရသလို အောက်တန်းကျသည့် အကုသိုလ်အလုပ်ကို လုပ်ဖို့ ဝန်မလေးပေ။

သူကြွယ်မဟုတ်သော်လည်း စားသောက် ကုန်းကောက်စရာပင်မရှိသော သူဆင်းရဲပင် ဖြစ်လင့်ကစား သီလသမာဓိရှိသူသည် ထိုသို့ ကျူးလွန်ဖို့ဝေးစွ။ ကိုယ့်ဥစ္စာမဟုတ်လျှင် ယောင်လို့ပင် လှည့်ကြည့်မည် မဟုတ်ပေ။

××× ×××

(နှစ်)

ယနေ့ခေတ်ကာလသည် မိမိတို့ငယ်စဉ်က ဖြစ်သန်းကျော်လွှားခဲ့ရသည့် အခါကာလနှင့် လုံးဝမတူဘဲ လွန်စွာခြားနားလှပေပြီ။ လူ့ကမ္ဘာကြီးသည် နည်းပညာ တိုးတက်ခြင်းနှင့်အတူ အစစအရာရာ တိုးတက်ပြောင်းလဲလာ၏။ ထိုသို့ အဖက်ဖက်က တိုးတက်ခေတ်မီပြောင်းလဲလာသည်နှင့်အမျှ ဘက်ပေါင်းစုံ ပြိုင်ဆိုင်မှု နာတစ်ဖြား အသားစားရလိုမှု၊ မလိုမုန်းတီးမှု၊ နည်းပညာခိုးယူမှု၊ နိုင်လိုမင်းထက်ပြုမှုများ ပို၍ပို၍ တိုးပွားလာ၏။ ကိုယ်ကျင့်တရား ချွတ်ခြုံကျ ပျက်စီးစ ပြုလာ၏။ ထိုအခါ မိုးစင်းကြသည့် ပြည်သူတို့အဖို့ သောကဗျာပါဒ အလွန်များရသည့် ခေတ်ဆိုးကြီးထဲကျရောက် နေကြရသလိုပင်။

ဖြစ်စဉ်များအားလုံး အရင်းစစ်လျှင် အမြစ်မြေကဆိုသလို လူသားတို့နှင့် စပ်သော ဖြစ်စဉ်မှန်သမျှသည် ထိုလူတို့၏ အဇ္ဈတ္တသန္တာန်၌ ကိန်းအောင်းနေသည့် မနောစိတ်ကလေး မထိန်းသိမ်းနိုင်မှုကြောင့်သာ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အဆိုပါစိတ်ထားကလေး မြင့်လျှင်မြင့်သလို၊ နိမ့်လျှင် နိမ့်သလို၊ မတည်ငြိမ်လျှင် မတည်ငြိမ်သလို မိမိတို့၌ ကောင်းကျိုးဆိုးကျိုးကို ဖြစ်ပေါ်ခံစားကြရ၏။ မထင်မှတ်ပဲ ဘဝအကြောင်းအလဲပင် ဖြစ်ကြရလေ၏။

xxx xxx xxx

(သုံး)

အသက် ၈၄ နှစ်လောက်တွင် ကွယ်လွန်ခဲ့ပြီဖြစ်သည့် ကျေးဇူးရှင် မွေးမိခင်ကြီး မရှိတော့သည်မှာ ယခုအခါ ဆယ်စုနှစ်တစ်စုခွဲကျော်မျှ ရှိလေပြီ။ လွန်ခဲ့သော အနှစ်ရှစ်ဆယ်ကျော် အမေနှင့် အမေ့မောင် ၁၉-၂၀ နှစ်သား အရွယ်က ဖြစ်ပါသည်။ ငယ်ငယ်ရွယ်ရွယ်အခါကပင် မိခင်ကြီးဆုံးပါးခဲ့ပြီး အမိမဲ့သော အမေတို့မောင်နှမမှာ ဖခင်ကြီး ရှိငြားသော်လည်း မိခင်ကဲ့သို့ ရင်အုပ်မကွာ ထိန်းကျောင်းမှု မရခဲ့ကြ။ ထိုအခါမှစ၍ အမေတို့မှာ ဆွေမျိုးသားချင်းများ ဖြစ်သော ကြီးတော်ထံတစ်လှည့်၊ ဦးကြီးဘကြီးတော်များထံ သည်တစ်လှည့် ဟိုတစ်လှည့်စီ နေထိုင်ခဲ့ကြရရှာသည်။

အမေ့ဖခင်ကြီးဖြစ်သူ တယ်တယ်ကြီး(အန်းကုံးကြီး) မှာ အမေတို့မောင်နှမကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဝေးစွ။ သူပိုင် ဆားဖိုလုပ်ငန်းကိုပင်- နိုင်နင်းစွာ စီမံအုပ်ချုပ်ခြင်း မရှိပဲ ထိုစဉ်က သူဝါသနာကြီးလှသည့် မြင်းမွေး၊ မြင်းပြိုင်၊ လှည်းပြိုင်၊ နွားပြိုင်ခြင်းတို့ဖြင့်သာ အချိန်ကုန်လေ၏။ သို့သော် အမေ့ဖခင်ကြီးမှာ အရက်သေစာ သောက်စား မူးရစ်ခြင်း၊ အခြားသော လောင်းကစားမှုများကို ပြုလုပ်သူ မဟုတ်သဖြင့် တော်သေး၏။ ထိုသို့ ဘာဆိုဘာကိုမျှ စိတ်မဝင်စားဘဲ ရိုးလွန်းသည့် ဖခင်ကြောင့် စီးပွားရေး၊ ငွေကြေး ဥစ္စာ အထိုက်အလျောက်ရှိပါလျက် အမေတို့ မောင်နှမများမှာ တင့်တင့်တယ်တယ်မနေကြရဘဲ လူကြားထဲ မျက်နှာ ညှိုးငယ်ကြရလေ၏။

အမေ့၌ မောင်နှမဟူ၍ လေးဦးရှိရာ အမေ့မောင် ယောကျ်ားလေးတစ်ဦး၊ ညီမငယ် နှစ်ဦးတွင် အမေက အကြီးဆုံးဖြစ်၍ မောင်နှမတွေအပေါ် အစ်မကြီးအမိရာ အဖြစ် တာဝန်ယူရလေ၏။ မသန်မစွမ်းသော အငယ်ဆုံး ညီမငယ်လေးမှာ ထိန်းကျောင်းရင်းကြားမှုပင် လှည်းပေါ်ကကျပြီး နွားနင်းမိသည့် ဒဏ်ရာကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးခဲ့ရ၏။

အမေတို့ မောင်နှမသုံးဦး ကျန်ရှိရာ အမေ့အောက်က အမေ့ညီမ(အလတ်)ကို ဖခင်ကြီးနှင့်အတူ နှစ်ကရင်ရွာ ကြီးတော်ထံထားရစ်ခဲ့ပြီး ဘီလူးကျွန်းမှ အခေါ်ရောက်သဖြင့် အမေနှင့် အမေ့မောင်မှာ ကွမ်းသဲရွာသို့ လိုက်ပါသွားကြလေ၏။

ကြီးကြီးမေတို့ထံ အမေနှင့် အမေ့မောင်တို့ ရောက်ရှိချိန်တွင် ဘအိုကြီးမှာ အသက်အရွယ် ကြီးလှလေပြီ။ သားထောက်သမီးခံ အပျိုကြီးနှစ်ဦးသာရှိပြီး သားကြီး (သားထောက်သားခံ) မရှိသဖြင့် ဘအိုကြီးပိုင်ဆိုင်သော ဟင်္သာကျွန်းရှိ လယ်မြေကေများစွာနှင့် ဆန်စက်ကြီးမှာ ကြပ်မတ်အုပ်ချုပ်ပေးမည့် အရင်းအချာဟူ မရှိပေ။ လုပ်ငန်းများကို အခြားသောသူ သူရင်းငှားများ အုပ်ချုပ်သူများအား တစ်ဆင့်လွှဲအပ်လုပ်ကိုင်နေရချိန် ဖြစ်လေ၏။ ထိုအချိန်တွင် ဘွားဘွားကြီးလည်း ကွယ်လွန်ခဲ့သည်မှာ ကြာလှပြီ ဖြစ်ရာ မြေးတော်သူ အမေတို့ ရောက်ရှိချိန်တွင် အမေတို့မောင်နှမမှာ ကြီးကြီးမေတို့၏ စီးပွားလုပ်ငန်းများကို ကိုယ်စားပြု တာဝန်ယူသွားဖို့ အကောင်းဆုံး အချိန်အခါ ဖြစ်လေ၏။

သို့သော် ထိုအချိန်က အမေတို့မောင်နှမမှာ ငယ်ရွယ်လွန်းလှ၏။ အတန်းပညာလည်း ဘာမျှမရသေး။ လုပ်ငန်းအတွေ့အကြုံလည်း ဘာမျှမရှိသေး။ အသက်အရွယ်၊ အခြေအနေ အချိန်အခါလည်း မပေးသေးချေ။ သို့သော် အပျိုကြီးများဖြစ်သည့် ကြီးကြီးမေတို့က မြေးတော်သူ သူတို့လေးများကို လွန်စွာလည်း ချစ်ရှာကြ၏။ မျှော်လင့်တကြီးထားသည့် အမေတို့အပေါ် လိုလေသေးမရှိအောင် ဖြည့်ဆည်းပေး၏။ မျက်နှာမငယ်ကြရ၊ မော်လမြိုင် 'ရိုးတိုက်'(ရိုးကုမ္ပဏီ)ထုတ် 'ရော့လေးစက်ဘီး'စီးရသူ သူဌေးမြေးဟု အခေါ်ခံရပြီး ချမ်းချမ်းသာသာ နေရလေ၏။ များမကြာမီ သားအချစ် မြေးမှာအနှစ်ဆိုသကဲ့သို့ အမေတို့ မောင်နှမမှာ ဘအိုကြီးတို့၏ အချစ်ရဆုံး အနှစ်ကလေးများ ဖြစ်လာကြ၏။

အထူးသဖြင့် အမေ့မောင် ဦးလေးဖြစ်သူမှာ သူဌေး ဘအိုကြီး၏ လက်စွဲတော် ဖြစ်လာ၏။ သွက်သွက်လက်လက်ရှိလှသဖြင့် တစ်ဦးတည်းသော ယောကျ်ားလေးဖြစ်သူ ဦးလေးကိုကြီး ကြီးမေတို့က ပို၍ ချစ်ကြ၏။ ပို၍ အလိုလိုက်ကြ၏။ သို့သော် ဦးလေးက ဘအိုတို့၊ ကြီးကြီးမေတို့ အတွက် ဘာမျှ ကူညီဖော်မရ။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားသူ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ သူ၌ ရည်ရွယ်ချက် ဘာမျှမရှိ။ အနာဂတ်လည်း ဘာမျှ မည်မည်ရရမရှိ။ ရရစားစား လူ့မင်းသားလိုနေသူ ဖြစ်၏။

အမေက ထိုသို့မဟုတ်။ ဘအိုနှင့် ကြီးကြီးမေတို့၏ ဝေယျာဝစ္စသာမက အိမ်မှုကိစ္စ၊ ဘာသာရေး ဘုရားကျောင်းကန်ကိစ္စအဆုံး မနားမနေကုန်းရုန်းလုပ်ပေးလေ၏။ ဘအို ဆရာတော်ကြီး ကျောင်းတိုက်သို့ နေ့စဉ် ဆွမ်းပို့သွား၏။ နေ့စဉ်လည်း ရဟန်းသံဃာများအား ဆွမ်းလောင်းလေ့ရှိ၏။ ဘအို၏ အလှူဒါနနှင့်စပ်၍ ကြီးကြီးမေစီစဉ်သမျှ စေတနာထား လုပ်ပေး၏။ ခိုင်းသမျှ မညည်းမညူ တာဝန်ကျေပွန်စွာ လုပ်ပေး၏။ တစ်စစဖြင့် အမေသည် ဘအို ကြီးကြီးမေတို့၏ လက်ရွှတ်အားကိုးရလောက်သော လက်ထောက်တစ်ဦး ဖြစ်လာတော့၏။

××× ××× ×××

## (လေး)

ဦးလေးက အမေ့လို ကူဖော်လောင်ဖက် မရသော်လည်း တစ်ဦးတည်းသော မြေးယောကျ်ားလေး ဖြစ်၍လားမသိ။ သူ့အပေါ် အချစ်မလျော့။ ဘအိုကြီး ခါးကြားထဲ၌ အမြဲတမ်းလို ချိတ်ဆွဲထားသည့် အတွင်းပစ္စည်းသော့တွဲကို ဦးလေးမှအပ မည်သူမျှ ကိုင်ဆောင်ခွင့်မရ။ ကြီးကြီးမေတို့ပင် အတွင်းရတနာပစ္စည်းများ ဝတ်ဆင်သုံးစွဲလိုလျှင် ဦးလေးက ထုတ်ပေးရ၏။ ကြီးကြီးမေတို့ကလည်း ထိုသို့ သူတို့တူကလေးကတစ်ဆင့် ထုတ်ယူသုံးစွဲရသည်ကိုပင် အကျေနပ်ကြီး ကျေနပ်နေကြဟန်တူ၏။ ဘအို၊ ကြီးကြီးမေတို့ကိုယ်တိုင်လည်း ဦးလေးကို သူတို့၏ ဘဏ္ဍာထိန်းသဖွယ် အသိအမှတ်ပြု သဘောထားပုံရ၏။

ထိုသို့ရှိစဉ် တစ်နေ့ မမျှော်လင့်ဘဲ အကြောင်းတစ်ခု ပေါ်လာ၏။ ထိုနေ့တွင် ဦးလေးက သူ့အစ်မ(အမေ)ကို တိုးတိုးညင်းညင်း အသံပြုကာ လှမ်းခေါ်သည်။ ဦးလေးခေါ်သံ သဲ့သဲ့ကြားသဖြင့် အမေက လှမ်းကြည့်လိုက်၏။ ဘအိုကြီးတစ်ဦးတည်း နားနေသည့် အိပ်ခန်းဝက ဖြစ်၏။ ဘအိုသည် အမြဲတမ်း သူ့အိပ်ခန်းထဲ၌ မနေ။ ထိုနေ့က အိမ်ကြီးအလယ်ခန်းမ လေသာပြတင်းပေါက်အနီးတွင် ဘအိုကြီး အိပ်ပျော်နေဟန်ရှိ၏။ သို့ဖြစ်၍ အိပ်ခန်းတွင်း၌ ဘယ်သူမျှ မရှိ။ ကြီးကြီးမေတို့ နှစ်ဦးလုံးမှာလည်း အိမ်ဖော်ကိုခေါ်၍ ကိုးကွယ်သည့် ဆရာတော်ကြီး ကျောင်းတိုက်သို့ သွားနေချိန်ဖြစ်ရာ အိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ဦးလေးသည် မကောင်းမှုတစ်ခုခုကို ကျူးလွန်ဖို့ စီစဉ်ဆောင်ရွက်ဟန် ရှိပေ၏။

ထိုအခြေအနေကို ရိပ်စားမိသော အမေက ''ဘာလုပ်မှာလဲ''ဟု သူ့မောင်အား လှမ်းမေးသေး၏။ ဦးလေးက ဘာမျှ ပြန်မပြော။ လက်တစ်ဖက်က လက်ယပ်ခေါ်နေပြန်၏။ အခန်းတံခါးဝနားသို့ အမေရောက်သွားသည့်အခါ ဦးလေးက အခန်းတွင်းမှ တစ်ခါဂျမ်းခေါ်နေပြန်၏။

''ဘာလဲဟဲ့''အမေကပြောရင်း အခန်းထဲ လှမ်းဝင်လိုက်ပါ၏။ ဘအိုကြီး အိပ်ခန်းက အလွန်ကျယ်၏။ ဘွားဘွားကြီးရှိစဉ်ကတည်းက နှစ်ယောက်အိပ် အခန်းကြီးဖြစ်၍ ပွတ်လုံးတိုင်ပါသော ရှေးဟောင်းကုတင်နှင့် အနက်ရောင် ပရိဘောဂအချို့ ရှိလေ၏။ ဦးလေးက ခေါင်းရင်းဖက် ဘအိုကုတင်ဘေးရှိ မဟော်ဂနီရောင် လေးဆင့်ကျွန်းဗီရိုကြီး တတိယထပ်ကို ဖွင့်ထားနှင့်၏။ ဦးလေးသည် အထပ်ပါသော ကြေးဝါရောင် ကွမ်းအစ်သဏ္ဌာန် သေတ္တာငယ်ကို ဆွဲထုတ်ပြီး ကျွမ်းကျင်စွာ ဖွင့်လိုက်ရာ အရောင်အသွေး တဖိတ်ဖိတ်တလက်လက် လင်းလက်တောက်ပနေသော ကြီးကြီးမေတို့ အတွင်းပစ္စည်း စိန်ရွှေရတနာများစွာကို တွေ့လိုက်ရသော အမေသည် ရုတ်တရက် ဘာပြောရမှန်းမသိ။ သူ့မောင် ဦးလေးကိုတစ်လှည့်၊ ရတနာပစ္စည်းများကို တစ်လှည့်ကြည့်ရင်း မှင်တက်မိသလို ခံစားရလေ၏။

ထိုအခါ ဦးလေးက ဘာမျှမဖြစ်သလို သူ့အစ်မကို အကဲခတ်ပြီး ''အစ်မ . . . ဒီပစ္စည်းတွေ လက်တစ်ကျုံးစာလောက် တို့ယူသွားရအောင်။ အစ်မနဲ့ ငါတို့ တစ်သက်စားမကုန်ဘူး''ဟု ပြောလိုက်စဉ် အမေက ''ဟဲ့ . . . အပိုက် (အမေက သူ့မောင်ကို အဖြားဆွတ်ခေါ်သော အမည်) အဲဒီပစ္စည်းတွေကို နင်းလုံးဝ လက်ဖျားနဲ့ မထိနဲ့။ ဒီလိုပစ္စည်းမျိုး ငါမလိုချင်ဖူး။ ငါ ဘယ်တော့မှမယူဘူး။ နင်ပြန်ထားလိုက်နော်'' စသည် စသည်ဖြင့် ခါးခါးသီးသီး ပြန်ပြောလိုက်လေ၏။

သို့သော် ဦးလေးက အမေ့စကားကို လက်ခံပုံမပေါ်။ ထို့ကြောင့် ဆက်ပြောပြန်၏။ ''အစ်မ နင်စဉ်းစားနော်။ ဒီပစ္စည်းတွေဟာ ဘအိုနဲ့ ကြီးကြီးမေတို့ပိုင် ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

တွေ။ ဒီနှစ်ယောက်က သူတို့ရဲ့ မြေးတွေလေ။ ပစ္စည်းတွေ ဆက်ခံဖို့ ဆိုတာ နင်နဲ့ငါပဲ ရှိတာ။ သူတို့သေတဲ့ အထိလည်း ငါမစောင့်နိုင်ဘူး။ နင် မယူရင် ငါကတော့ ယူရမှာပဲ''

အမေက သူ့မောင်ကို စိမ်းစိမ်းကြည့်ရင်း အသားများ တဆတ်ဆတ်တုန်လာ၏။ နောက် အမေက ဆက်ပြောလိုက်၏။ ''အပိုက် ... နင်ယူချင်ယူ။ ငါတော့ မယူဖူး။ သူများမပေးတဲ့ ပစ္စည်းနဲ့ ငါ့ဘဝကို အစွန်းအထင်း မခံနိုင်ဘူး။ နင်ယူဝံ့ရင်ယူ။ ငါကိုယ်တိုင် နင့်ကို ဂတ်(ရဲ)တိုင်မယ်။ နင် ရဲရင်ယူကြည့်'' ဟု ပြောပြီး အခန်းထဲမှ ချာခနဲလှည့်ထွက်သွားတော့၏။

ဦးလေးသည် အစ်မကြီးအမိအရာ ဖြစ်သည့် အလျောက် အမေ့ကိုလည်း ငယ်ငယ်ကတည်းက ကြောက်ရွံ့ရသူ ဖြစ်သည်။ အမေ့ဆန္ဒ၊ အမေ့သဘောမပါဘဲ သူ လုပ်ဝံ့မည် မဟုတ်။ အကယ်၍ ဦးလေးသာ အဆိုပါ မသမာမှုမျိုးလုပ်မည်ဆိုလျှင် အမေကလည်း သူ့ဆုံးဖြတ်ချက်ကို ပြင်မှာမဟုတ်ပဲ ဂတ်တိုင်၊ ရဲတိုင် လုပ်မည်သာ ဖြစ်လေ၏။

သို့သော် ထိုနေ့က အမေ့ဆုံးဖြတ်ချက်မှာ ထိုမျှရပ်သွားသည် မဟုတ်။ မည်သူသိသိမသိသိ မဟုတ်မမှန်လျှင် လုံးဝလက်မခံသော အမေသည် နောက်တစ်နေ့တွင် သူ့မောင်ကိုခေါ်ပြီး ပြောဆို ဆုံးဖြတ်လိုက်သည်မှာ ...

''အပိုက် ... တို့ သည်မှာ မနေသင့်တော့ဘူး။ နင့်လုပ်ရပ်မျိုးဟာ လူမသိသော်လည်း နတ်သိကြားတွေ သိတယ်။ ငါ သိတယ်။ နင့်လုပ်ရပ်ကြောင့် ဘအိုကြီးတို့၊ ကြီးကြီးမေတို့ကို ငါရင်မဆိုင်ဝံ့တော့ဘူး။ ဘယ်သူမှ မသိသော်လည်း ငါသိနေတဲ့အတွက် ငါ့ကိုယ်ငါ လိပ်ပြာမသန့်ဘူး။ ငါရှက်တယ်။ အလွန်စိတ်မကောင်းဖြစ်ရတယ်၊ နင့်ကိုလည်း ငါခွင့်မလွှတ်ဘူး။ ဒါကြောင့် နင်အဝတ်အစားကောက်တော့။ ငါပါသွားမယ်။ တို့သည်အိမ်ကြီးမှာ မနေသင့်တော့ဘူး။ ကျေးဇူးရှိတဲ့ ဒီအိမ်ကြီးနဲ့ ငါတို့ မထိုက်တန်တော့ဘူး''

ဟူ၍ ပြတ်ပြတ်ပြောပြီး မောင်နှမနှစ်ဦးလုံး အမေတို့ မိခင် ဘွားဘွားကြီးခေါင်းချရာ မွေးရပ်မြေသို့ ပြန်ခဲ့ကြလေ၏။ အမေ့စိတ်ဓာတ်က ထိုမျှ ရဲရင့်ပြတ်သားလှချေ၏။ ရှာမှရှားသော အမေပါပေ။

××× ××× ×××

(ငါး)

လောကတွင် ပုထုဇဉ်လူသားတို့၏ စိတ်ထားဟူသည် ဆိတ်ကွယ်ရာအရပ်တွင် အခွင့်အခါသင့်လျှင် သင့်သလို မကောင်းမှုကို ကျူးလွန်လေ့ရှိသည်မှာ ဓမ္မတာလိုဖြစ်၏။ များသောအားဖြင့် ယင်းသို့ အခွင့်အရေး ကြုံကြိုက်သည့်အခါ အဆိုပါ အကုသိုလ်အလိုဆိုးမှ ရုန်းထွက်ဖို့ ဖြစ်နိုင်ခဲ့ကြလေ၏။ တစ်သက်စာ မဆိုထားဘိ။ တစ်မနက်စာ ကောင်းကောင်းလေးရလျှင်ပင် အလွယ်တကူရယူမည့် သူများသာဖြစ်ရာ တစ်သက်စာဆိုလျှင် ဆိုဖွယ်ရာမရှိတော့။

အံ့ဆွဲသေတ္တာလေးထဲ အပြည့်ရှိသော ကြီးကြီးမေတို့၏ ရတနာပစ္စည်းများကို မည်သူမဆို တွေ့မြင်လျှင်ပင် သွားရည်တမြားမြား ကျလောက်အောင် အငမ်းမရ ဖြစ်ကြရမည် ဖြစ်သော်လည်း အမေကမူ အဆိုပါပစ္စည်းများထံ စိတ်ကလေးနှင့်ပင် မပြစ်မှားခဲ့။ ကျူးလွန်တော့မည့် ''မောင်''ဖြစ်သူ ဦးလေးအားလည်း ကျေးဇူးရှင် ကြီးကြီးမေတို့နှင့်အတူ လုံးဝနေထိုင်ခွင့် မပြုတော့။ မိမိကိုယ်တိုင်လည်း တာဝန်မကင်းသူအဖြစ် မှတ်ယူကာ မောင်နှမနှစ်ဦးလည်း ထိုအိမ်ကြီးမှ စွန့်ခွာခဲ့ကြသည်မှာ ဆယ်စုနှစ်များစွာ ကြာခဲ့လေပြီ။

သူတကာ ''အမေ''တကာတို့ မလုပ်နိုင်သော အားမထုတ်ရဘဲ ဘဝတစ်ခုလုံးစာ ပြည့်စုံလုံလောက်သည့် အခွင့်အရေးကို မျက်ကွယ်ပြုစွန့်လွှတ်ရဲသော အမေ။ တစ်ဘဝစာ ချမ်းသာရေးကို မငဲ့ကွက်ဘဲ တစ်သံသရာ ချမ်းသာရေးသို့ ဦးတည်လျှောက်လှမ်းနိုင်သော အမေ။ သီလသမာဓိကို ကောင်းစွာ စောင့်ထိန်းအပ်သော အမေ။ ကာယကံရှင် ဘအိုနှင့် ကြီးကြီးမေတို့ပင် မသိသော၊ အခြားမည်သူမျှ မသိသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သာသိသော အမေ၏ သီလစောင့်ထိန်းမှု၊ သမာဓိတည်ကြည်မှုကို လူသိရှင်ကြား ဆင့်ကဲဆင့်ကဲ ဖော်ထုတ်အသိအမှတ်ပြုရင်း လက်အုပ်ချီမိုး ရိုးကျိုးကန်တော့လိုက်ပါ၏ ကျေးဇူးရှင် မွေးမိခင်ကြီးခင်ဗျား။ ။

နန္ဒာမောင်(သံဖြူဇရပ်)



www.burmeseclassic.com

www.burmeseclassic.com

# အသက်ရှည်ဆေးဂါထာ

✷ နှင်းအဉ္ဇလီ

လူတို့သည် အသက်ရှည်၊ ကျန်းမာမှ မိမိလိုရာပန်းတိုင်သို့ ရောက်ပါမည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာမှ မိမိတို့ မျှော်လင့်ချက်ပန်းတိုင်သို့ အရောက်သွားနိုင်သည်။ ကျန်းမာမှ ချမ်းသာမည်။

အင်္ဂါနေ့ မနက် ၈ နာရီမှ ၉ နာရီအတွင်း အရှေ့တောင်အရပ်ကို မျက်နှာမူပြီး အသက်ရှည်ဆေးဂါထာကို ရှစ်ခေါက် (သို့မဟုတ်) သုံးခေါက် ရွတ်ဖတ်ပါ။

"နေ့သား/သမီး နာမည် ----- အသက်ရှည်ပါစေ"ဟု ဆုတောင်းပါ။

နေ့သား/သမီးအလိုက် ဖော်ပြထားသော နှစ်များတွင်သာ ရွတ်ဖတ်ပါ။

**"နာညတြ ဗောဇ္ဈာ တပသာ၊**
**နာညတြိန္ဒြိယ သံဝရာ။**
**နာညတြ သဗ္ဗနိဿဂ္ဂါ။**
**သောတ္ထိံ ပဿာမိ ပါဏိနံ။"**

ရှစ်ခေါက်ရွတ်၍ ရှစ်ရက်ပြုလုပ်ပါ။

**တနင်္ဂနွေသားသမီး** ။ ၆ နှစ်၊ ၁၄ နှစ်၊ ၂၂ နှစ်၊ ၃၀ နှစ်၊ ၃၈ နှစ်၊ ၄၆ နှစ်၊ ၅၄ နှစ်၊ ၆၂ နှစ်၊ ၇၀ နှစ်၊ ၇၈ နှစ်၊ ၈၆ နှစ်။

**တနင်္လာသားသမီး** ။ ၅ နှစ်၊ ၁၃ နှစ်၊ ၂၁ နှစ်၊ ၂၉ နှစ်၊ ၃၇ နှစ်၊ ၄၅ နှစ်၊ ၅၃ နှစ်၊ ၆၁ နှစ်၊ ၆၉ နှစ်၊ ၇၇ နှစ်၊ ၈၅ နှစ်။

**အင်္ဂါသားသမီး** ။ ၄ နှစ်၊ ၁၂ နှစ်၊ ၂၀ နှစ်၊ ၂၈ နှစ်၊ ၃၆ နှစ်၊ ၄၄ နှစ်၊ ၅၂ နှစ်၊ ၆၀ နှစ်၊ ၆၈ နှစ်၊ ၇၆ နှစ်၊ ၈၄ နှစ်။

**ဗုဒ္ဓဟူးသားသမီး** ။ ၃ နှစ်၊ ၁၁ နှစ်၊ ၁၉ နှစ်၊ ၂၇ နှစ်၊ ၃၅ နှစ်၊ ၄၃ နှစ်၊ ၅၁ နှစ်၊ ၅၉ နှစ်၊ ၆၇ နှစ်၊ ၇၅ နှစ်၊ ၈၃ နှစ်၊ ၈၉ နှစ်။

**ကြာသပတေးသားသမီး** ။ ၉ နှစ်၊ ၁၇ နှစ်၊ ၂၅ နှစ်၊ ၃၃ နှစ်၊ ၄၀ နှစ်၊ ၄၉ နှစ်၊ ၅၇ နှစ်၊ ၆၅ နှစ်၊ ၇၃ နှစ်၊ ၈၁ နှစ်၊ ၈၉ နှစ်။

**သောကြာသားသမီး** ။ ၇ နှစ်၊ ၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်၊ ၇၉ နှစ်၊ ၈၇ နှစ်။

**စနေသားသမီး** ။ ၁၀ နှစ်၊ ၁၈ နှစ်၊ ၂၆ နှစ်၊ ၃၄ နှစ်၊ ၄၂ နှစ်၊ ၅၀ နှစ်၊ ၅၈ နှစ်၊ ၆၆ နှစ်၊ ၇၄ နှစ်၊ ၈၂ နှစ်။

**ရာဟုသားသမီး** ။ ၈ နှစ်၊ ၁၆ နှစ်၊ ၂၄ နှစ်၊ ၃၂ နှစ်၊ ၄၀ နှစ်၊ ၄၈ နှစ်၊ ၅၆ နှစ်၊ ၆၄ နှစ်၊ ၇၂ နှစ်၊ ၈၀ နှစ်၊ ၈၈ နှစ်။

ခုနစ်ရက်သားသမီးအပေါင်း အသက်ရှည်ဆေးဂါထာကို ရွတ်ဖတ်ခြင်းဖြင့် အသက်ရှည်ခြင်း လာဘ်ကြီးတစ်ပါးကို ပိုင်ဆိုင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါသည်။

**နှင်းအဉ္ဇလီ**



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာမိုးကြမ်း

နောင်တဝေဝေစည်

သော်ဂိုကျော်



( ဗုဒ္ဓခေတ်ပေတဝတ္ထုတို )

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အမည်ကား 'သေရိဏီ'ဖြစ်၏။

သူမကား ကုရုတိုင်းအတွင်းရှိ ဟတ္ထိနိမြို့အလုံးကို လွှမ်းဖုံးလျက် ထင်ပေါ်ကျော်ကြားလျက် ရှိချေ၏။ အထူးသဖြင့် လူရွယ်လူလတ်ပိုင်း ပုရိသယောက်ျားသားတို့ လောကဝယ် ရေပန်းစားမှုစား။

တကယ်တော့ သေရိဏီသည် ချောပါ၏၊ လှပ၏။ ခန္ဓာကိုယ်တည်ဆောက်ထားပုံက ရှိုက်ဖိုကြီးငယ်အသွယ်သွယ်။ သည်အလှ၊ သည်ကာယတို့ကို အခြေခံ၍ သေရိဏီသည် ပြည့်တန်ဆာအလုပ်ဖြင့် သက်မွေးရပ်ကျောင်း ရပ်တည်ခဲ့ပါသည်။

သေရိဏီနေထိုင်သော ဟတ္ထိနိမြို့ကလေးကား ကုရုတိုင်းတစ်ခွင်မှာတော့ သာယာလှပစိုပြည်လွန်းသဖြင့် ထင်ရှားကျော်ကြားလျက်ရှိချေ၏။ ကျေးလက်တောရွာ ဇနပုဒ်များစွာကလည်း ခြံရံပေးထားကြ၏။ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မှာလည်း လွန်စွာပင် ပွင့်လင်းစည်ပင်လှပါချေ၏။ လပြည့်,လကွယ်,ဥပုသ်နေ့များ ရောက်ပြီဆိုမှဖြင့် ဟတ္ထိနိတစ်မြို့လုံးသည် ရဟန်းသံဃာတော်များ၏ သင်္ကန်းရောင်ကြောင့် ထိန်ဝါတောက်ပလျက် မဆုံးနိုင်တော့၊ အကြောင်းမူကား ကျေးလက်တောရွာ ဇနပုဒ်များရှိ သီတင်းသုံးကြကုန်သော ရဟန်းတော်များသည် လပြည့်,လကွယ်,ဥပုသ်နေ့များသို့ ရောက်ပြီဆိုပါက သံဃဥပုသ်ပြုရန်အတွက် ဟတ္ထိနိမြို့သို့ လာရောက်ကြသောကြောင့် ဖြစ်ပေ၏။

× × × × × ×

သည်ယနေ့ကား လပြည့်ဥပုသ်နေ့ ဖြစ်ချေ၏။

သည့်အတွက် ဟတ္ထိနိတစ်မြို့လုံး သင်္ကန်းရောင်တို့ ထိန်ထိန်တောက်နေကြခြင်းမှာ အဆန်းတကြယ်ဟု မဆိုသာတော့။ မြို့သူမြို့သားအပေါင်းတို့အဖို့ ကုသိုလ်ဒါနပန်းတို့ ပွင့်လန်းဝေစည်ကြရချေပြီ။ စေတနာသုံးတန် ပြဋ္ဌာန်းကြကုန်လျက် ဆွမ်း၊ တင်လဲ၊ ထောပတ်၊ ဆီဦး၊ ပျားရည် စသည်တို့ကို သူ့ထက်ငါ လှူကြ၊ တန်းကြသည်မှာ ပွဲတော်ကြီးတမျှ စည်ကားလှပေတော့၏။

ဤ၌ ပြည့်တန်ဆာမ သေရိဏီအဖို့မှာမူ အလှူဒါနနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်နေတော့၏။ ရှေးအတိတ်ကံအကျိုးပေးကြောင့် ရုပ်ရည်ရူပကာ ချောမွေ့လျက် ယောက်ျားသားအပေါင်း၏ စွဲမက်နှစ်သက်ခြင်းကို ခံစားနေရပါသော်ငြား ကုသိုလ်ကောင်းမှု၊ အလှူဒါနစတို့တွင် ခေါင်းပါးလွန်းလှပါဘိ။

မိတ်ဆွေသင်္ဂဟအပေါင်းတို့က သေရိဏီအား ကုသိုလ်အလှူဒါနပွဲ၌ ပါဝင်ဆင်နွှဲဖို့ရာ ဆွယ်ကြပြုကြပါ၏၊ တိုက်ကြ,တွန်းကြပါ၏။ သို့ရာတွင် သေရိဏီအဖို့ရာကား အလှူဒါနကို လုံးဝစိတ်မဝင်စား။

''သေရိဏီရယ် ... လပြည့်,လကွယ်နေ့မျိုး၊ ဥပုသ်နေ့မျိုးမှာမှ အခုလိုမျိုး ရဟန်းသံဃာတွေကို စုစုရုံးရုံး ဖူးမြင်တွေ့ရတာ အဲသည်တော့ ကြုံကြိုက်နေတဲ့ အခါမျိုးမှာ လှူလိုက်တန်းလိုက်ပါတော့လား''

''ဟုတ်ပါရဲ့ သေရိဏီ၊ အခွင့်သာခိုက် မလှူလိုက်ရင် အမိုက်နင့်ပြင်ရှိဦးမလား ... တဲ့။ လှူလိုက်ဟဲ့၊ လှူလိုက် လှူလိုက်''

သည်လိုမျိုးစကားသံတွေကို အထပ်ထပ်အဖန်ဖန် ကြားနေရတော့ သေရိဏီအဖို့ နားကြားပြင်းကတ်ဟန် တူလာပါ၏။ ဤ၌ ရိုးရိုးသားသား တုံ့ပြန်စကားမဆိုဘဲ ထိပါးပုတ်ခတ်သော စကားသံတို့ ခုန်ပေါက်ထွက်ကျလာတော့၏။

''ဒီ ... ဦးပြည်းကတုံးတွေကို ဘာဖြစ်လို့ လှူရတန်းရမှာတဲ့လဲ။ အလကား အလုပ်မလုပ်ချင်လို့ သင်္ကန်းတွေဝတ်ထားကြတာ။ ဒါတွေကို သွားလှူလို့ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com

များ အကျိုးထူးလာမှာတဲ့တုံး။ ဒါတွေကို ပေးကမ်းလှူဒါန်းရင်း ကုသိုလ်ရတယ်ဆိုတာကို ကျွန်မတော့ မယုံဘူး။ လက်လည်း မခံဘူး။ ကုသိုလ်ဆိုတာ ဘာလဲ။ ဘာကို ကုသိုလ်လို့ပြောတာလဲ၊ ပြီးတော့ ကျွန်မမှာရှိတဲ့ ပစ္စည်းဆိုတာ ကျွန်မရဲ့ ကိုယ်နဲ့ရင်းပြီး တခုတ်တရ ရှာဖွေစုဆောင်းထားရတဲ့ ပစ္စည်းတွေ။ အဲသည်ပစ္စည်းတွေကို ဘာမဟုတ်တဲ့ ဦးပြည်းကတုံးတွေအတွက် ဖြုန်းပစ်မယ်ဆိုရင် ကျွန်မလောက် မိုက်မဲတဲ့သူ ရှိပါဦးတော့မလား။ သွားစမ်းပါ။ လုံးဝဆို လုံးဝပဲ''

စိတ်ထဲကသဒ္ဓါစိတ်ကလေး အညွန့်အညှောက်မပေါက်သေး၍ မလှူမတန်းဖြစ်သည်မှာ ကိစ္စမရှိ။ ယခုတော့ လှူတန်းစိတ်မပေါ်သည်သာမက ရဟန်းသံဃာတော်တို့အား ရှုတ်ချကဲ့ရဲ့လျက် ဝဋ်ကံအမှုကို ကျူးလွန်ခဲ့သော သေရိဏီအဖို့ ပြန်ရာလမ်းသည် အကောင်းမဟုတ်တော့။

ဝဋ်ကံအကုသိုလ်ကပင်လျှင် သေရိဏီအား ပြိတ္တာမအဖြစ်သို့ ပို့ဆောင်ခဲ့ပါသတည်း။

× × × × × ×

ပစ္စန္တရစ်မြို့ငယ်လေးတစ်မြို့။

သည်မြို့ကလေးမှာ သေရိဏီသည် ပြိတ္တာမ ဖြစ်လာခဲ့ရသည်။ အဆင်းအင်္ဂါတို့သည်ကား အတိတ်ဘဝနှင့် တခြားစီ။

ရုပ်ဆင်းသဏ္ဌာန်တို့သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းလောက်အောင် ပျက်ယွင်းလျက်ရှိ၏။ အနံ့အသက်တို့မှာလည်း မကောင်း။ အစာစားချင်၍ မစားရ။ ရေသောက်ချင်၍ မသောက်ရသော အပြစ်။

ကုန်သည်တို့သည် ကုန်စည်များကိုတင်ဆောင်လျက် နေရာဒေသအနှံ့ သွားရောက်ရောင်းဝယ် ဖောက်ကားလျက် နေကြရာ ဟတ္ထိနိမြို့၌ ပြည့်တန်ဆာမ သေရိဏီနှင့် ပျော်ခဲ့ပါးခဲ့ဖူးသော ကုန်သည်တစ်ဦးသည် ယခု သေရိဏီ ပြိတ္တာမရှိရာ ပစ္စန္တရစ်မြို့ကလေးသို့ ရောက်ရှိသွားခဲ့လေ၏။

ဒေါင်းသူရိန်ဖလ်နေဝန်းသည် အရှေ့ပြုမ္မာအရပ်မှ စတင်ထွက်ပေါ်လာချိန်။

ပြိတ္တာမသည် ဝမ်းတွင်း၌ မည်သည့်အစာမျှ မရှိသည့်အတွက် အပူဓာတ်တို့ လောင်မြိုက်နေသည့်အလား မခံမရပ်နိုင်အောင် ခံစားနေရလေ၏။ ခြေလှမ်းတွေမမှန်ဘဲ ယိုင်တိယိုင်တိုင် ဖြစ်နေ၏။ ထိုစဉ်မှာပင် ပြိတ္တာမသည် မလှမ်းမကမ်းတစ်နေရာမှ ၎င်းထံသို့ စိုက်စိုက်, စိုက်စိုက် လျှောက်လှမ်းလာနေသော လူတစ်ဦးကို တွေ့မြင်ရလေ၏။ အနီးသို့ရောက်လေသော် ပြိတ္တာမသည် ထိုသူအား တွေတွေကလေး ကြည့်နေမိတော့၏။

ပြိတ္တာမအဖို့ ထိုသူနှင့် နီးကပ်လာလေလေ အာရုံတွေ ရှုံးစိုက်မိလေလေပင်။

''ဟင် … အဲသည်လူဟာ ဟတ္ထိနိမြို့မှာတုန်းက ငါနဲ့ …''

ပြိတ္တာမအဖို့ အတိတ်ဘဝ ပြည့်ဆန်ဆာဖြစ်စဉ်တုန်းက ပုံရိပ်တစ်လွှာကို ဖျတ်ခနဲ သတိရလိုက်ပါချေပြီ။ ပြိတ္တာမကပင်လျှင် သတိရလိုက်သည်။ ထိုကုန်သည်ကမူ အလျှဉ်းပင် သတိမရ၊ ၎င်း၏ အာရုံထဲမှာတော့ သယ်လာခဲ့သော ကုန်စည်တို့ အမြန်ရောင်းထွက်ရေးနှင့် ပစ္စန္တရစ်မှအပြန်တွင် ပြန်လည်ရောင်းချရန် ကုန်စည်သစ်တွေ ဝယ်ယူရေးကိုသာ ဝင်စားလျက်ရှိနေတော့၏။

''ဟာ … အမလေး''

ရုတ်တရက် ပြိတ္တာမက ၎င်း၏ရုပ်သွင်ကို ဘွားခနဲ ကိုယ်ထင်ပြလိုက်သည့်အခါ ကုန်သည်မှာ လန့်ဖျပ်သွားလေတော့၏။ ရောင်းရေးဝယ်တာ စိတ်ကူးလာသမျှတို့မှာလည်း ဖျတ်ခနဲ ပျောက်ပျက်သွားရလေတော့၏။ အံ့အားတသင့်ဖြင့် ပါးစပ်မှာလည်း အဟောင်းသား။ သို့ရာတွင် သတ္တိကောင်းသူမို့ ကြောက်ရွံ့စိတ်တို့ အလျှဉ်းမရှိ၊ ပြိတ္တာမကိုသာလျှင် မျက်တောင်မခတ်တမ်း ငေးကြည့်နေမိလေ၏။ အဝတ်မပါ ဗလာကိုယ်ထီး၊ အရိုးပေါ်အရေလွှမ်းလျက် ချမ်းသာစရာ တစ်ကွက်တလေမျှပင် မရှိ။

''အလို … သင်ဟာ ဘယ်သူပါလိမ့်၊ ကြည့်ရတာ လူရုပ်တောင် မပေါ်ပါဘဲကလား။ အကြောတွေကလည်း အပြိုင်းပြိုင်းနဲ့၊ အဝတ်မပါ ရုပ်ပျက်ဆင်းပျက် စက်ဆုပ်ဖွယ်ရာကောင်းလှပါပေရဲ့''

သည်စကား ကြားရတော့ ပြိတ္တာမလည်း သူ့ဖြစ်အင်ကို ထင်လင်းစွာသိရလေအောင် စကားနိဒါန်းသွယ်ရလေတော့သည်။

''မောင်ကြီးရယ် … ကျွန်မကို မသိတော့ဘူးလား။ အင်းလေ … စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ ဒုက္ခအင်မတန်ကြီးတဲ့ ပြိတ္တာမဖြစ်နေတော့ မဆန်းတော့ပါဘူးလေ။ ကျွန်မဟာ မောင်ကြီးနဲ့ ဆုံခဲ့ဖူးပါတယ်''

''အို … မဖြစ်နိုင်တာ''

''ဟုတ်ပါတယ်။ ခုလိုမျိုးအနေအထားကို တွေ့မြင်ရတော့ သည်စကားကြားရတာ အဆန်းမဟုတ်တော့ပါဘူးလေ။ ကျွန်မဟာ အရင်ဘဝက ဟတ္ထိနိမြို့မှာ ပြည့်တန်ဆာအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းခဲ့တဲ့ သေရိဏီလေ …''

''ဟာ … သေရိဏီ ဟုတ်လား။ မယုံနိုင်စရာပဲ၊ ဒီလောက်ချော၊ ဒီလောက်လှခဲ့တဲ့ သေရိဏီဟာ ခုလိုမျိုး ပြိတ္တာဘဝကို ဘယ်လိုပုံ၊ ဘယ်လိုအကြောင်းတွေကြောင့် ရောက်လာရတာတဲ့တုံး''

''အဲဒါကို ပြောချင်လိုက်တာ မောင်ကြီးရယ်''

ကျွန်မဟာ ပြည့်တန်ဆာမ သေရိဏီဘဝနဲ့တုန်းက ဥစ္စာပစ္စည်းတွေ ပေါ ကြွယ်ဝခဲ့သူပါ။ ဒါပေမဲ့ ရဟန်းသံဃာ



www.burmeseclassic.com

www.burmeseclassic.com

တော်တွေနဲ့ တွေ့တဲ့အခါ လှူဒါန်းလိုတဲ့ စိတ် နည်းနည်းကလေးမှကို မရှိခဲ့ပါဘူး။ အများက လှူဖို့တန်းဖို့ ဘိုက်တွန်းတဲ့အခါ များဆိုရင် 'အို ... ဘာဖြစ်လို့ သည် ဦးပြည်းကတုံးတွေကို လှူရမှာတဲ့လဲ။ သူ တို့ကို လှူလို့ကော ဘယ်လိုအကျိုးရှိမှာ တဲ့တုံး။ အလကား အလုပ်လုပ်မစားချင် လို့ သင်္ကန်းဝတ်တဲ့ဟာတွေ'စသဖြင့် ဝစီ ကံအကုသိုလ်အမှုကို ကျူးလွန်ပြောကြား ပြစ်မှားမိခဲ့ပါတယ် မောင်ကြီးရယ် ...။

အဲသည်အတွက်ကြောင့်ပဲ သေ လွန်တဲ့အခါ အခုလိုပြိတ္တာမဘဝကို ကျ ရောက်ခဲ့တာပဲပေါ့။ ရေသောက်ချင်လို့ လည်း တစ်ပေါက်ကလေးမျှတောင် မသောက်ရ။ အစားစားချင်လို့လည်း ထမင်းတစ်စေ့ကလေးတောင် မစားရနဲ့ ဒုက္ခအင်မတန်ကြီးလှပါတယ်။ သစ်ပင်ရိပ် တွေ့လို့ အေးအေးလူလူ နားခိုရမလား ဆိုပြန်တော့လည်း အပင်အောက်ရောက် တာနဲ့ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူ လောင်ပြင်းပြနေရတာပါပဲ။

အေးမြတဲ့ လေပြည်လေညင်းတွေ ဘယ်လောက်ပဲတိုက်တိုက် ကျွန်မအဖို့ ရာမှာတော့ အလျှံတရဲရဲ မီးကျီခဲအပူတွေ သာ ဖြစ်ခဲ့ရပါတယ် မောင်ကြီးရယ်။ အဝတ်အစားဆိုလည်း နတ္ထိပါ''

''အင်း ... သင့်ရဲ့ဒုက္ခကလည်း အင်မတန်မှ ကြီးလေးလှပါကလား။ သံဝေဂလည်း ရစရာကောင်းမှကောင်း။ နို့ .. နေပါဦး။ သင် ငါနဲ့ အခုလိုတွေ့ပြီး စကားပြောတာ ဘယ်လိုအကြောင်းကိစ္စ ရှိလို့ပါလိမ့်''

''ရှိပါပြီကော မောင်ကြီးရယ်၊ ရှိပါ ပြီကော။ မောင်ကြီးကို အကူအညီ တောင်းချင်လို့ပါ''

''ပြောလေ ... သင်က ဘယ်လို အကူအညီတောင်းချင်လို့လဲ။ ငါကူညီနိုင် တာဆိုရင် ကူညီမှာပေါ့''

''သည်စကားကြားချတာ အင်မ တန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ကျွန်မမှာ အတိတ်ဘဝက မိဘတွေရှိကြ ပါသေးတယ်။ မောင်ကြီးနေတဲ့ ဟတ္ထိနီမြို့ မှာပါပဲ။

မောင်ကြီးအနေနဲ့ ဟတ္ထိနီမြို့ကို ပြန်ရောက်တဲ့အခါ ကျွန်မရဲ့မိဘတွေကို ဝင်တွေ့ပေးပါ။ ကျွန်မရဲ့မိခင်ကို အဖြစ် မှန်တွေပြောပြပါ။ အဲသည်နောက် ကျွန်မ အိပ်တဲ့အိပ်ရာအောက်မှာ ငွေအသပြာ လေးသိန်း မြှုပ်နှံထားတဲ့အကြောင်း၊ အဲဒီ အသပြာတွေကို တူးဖော်ပြီး ကျွန်မကို ရည်စူးလို့ ကုသိုလ်ဒါနပြုပေးပါ။ အမျှ အတန်းပေးဝေပေးပါ။ ကျန်တဲ့အချို့ အဝက်ကို မိခင်ကြီးသုံးစွဲပါလို့ ပြောကြား ပေးပါ။ မိခင်ကြီးသာ ကျွန်မကို ရည်စူးပြီး အလှူအတန်းပြုမယ်၊ ကုသိုလ်အဖို့ကို အမျှပေးဝေမယ်ဆိုရင် ကျွန်မဟာ ပြိတ္တာ ဘဝဆိုးက ကျွတ်လွတ်ပါလိမ့်မယ်''

''ကောင်းပါပြီ ... စိတ်သာချပါ။ ဟတ္ထိနီမြို့ကို ပြန်ရောက်တာနဲ့ သင့်မိဘ တွေရှိရာသွားလို့ အကြောင်းစုံမှာကြား ပြောဆိုလိုက်ပါမယ်''

''ကျေးဇူးတင်ပါတယ် မောင်ကြီး ရယ်။ သိပ်ကို ကျေးဇူးတင်ပါတယ်''

သည်သို့ ကျေးဇူးတင်စကား ပြော ဆိုပြီးသည့်နောက် ပြိတ္တာမ သေရိဏီ လည်း ကုန်သည်ယောကျ်ား၏ မျက် မှောက်မှ မှုန်ဝါးပျောက်ကွယ်သွားလေ တော့၏။

ကုန်သည်ယောကျ်ားလည်း ပါလာ သော ကုန်စည်တို့ ရောင်းချကာ ပြန် လည်ရောင်းချရန် ကုန်စည်အသစ်တို့ကို တင်ဆောင်ပြီးနောက် ဇာတိဌာနေ ဟတ္ထိနီမြို့ကလေးသို့ ပြန်ခဲ့ပါလေ၏။

ဟတ္ထိနီမြို့သို့ရောက်လျှင် ဦးစွာ သေရိဏီ၏ မိဘများရှိရာ အိမ်ဂေဟာသို့ ဝင်လျက် အကျိုးအကြောင်းကို ပြောပြ လေ၏။ သေရိဏီ၏မိဘများလည်း သမီး ၏အဖြစ်ကို ယုံကျုံးမရဖြစ်ရင်းမှ သေရိဏီ အိပ်စက်ရာ အိပ်ရာအောက်သို့ တူးဖော် ကြလေသော် မြှုပ်နှံထားသော အိုးတစ် လုံးကို တွေ့ရလေ၏။

ထိုအိုးကို ဖွင့်ကြည့်လေသော် အိုး အတွင်း၌ ငွေအသပြာလေးသိန်းတိတိကို တွေ့ရှိရလေ၏။ သို့ဖြင့် ထိုငွေအသပြာ လေးသိန်းအနက်မှ အချို့အဝက်ကို ဖယ် ယူသိမ်းဆည်းလိုက်ပြီး ကျန်အသပြာတို့ ဖြင့် ရဟန်းသံဃာတော်တို့ကို ဆွမ်းလုပ် ကျွေးရန်၊ လှူဖွယ်ဝတ္ထုပစ္စည်းတို့ ဆက် ကပ်လှူဒါန်းရန် စီစဉ်လေ၏။

ထို့နောက် ဘုရားရှင်အမှူးရှိသော ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်လျက် ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။ လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်း၏။ ပြီး လေသော် ဤသို့ပြုရ ကုသလအစ အတွက် သမီးပြိတ္တာမအား ရည်စူးကာ အမျှအတန်းပေးဝေလေ၏။ သေရိဏီ ပြိတ္တာမလည်း သာဓုခေါ်ခွင့်ရလိုက်သည့် အတွက် ပြိတ္တာဘဝမှ ကျွတ်လွတ်ကာ ကောင်းမွန်မြင့်မြတ်ရာဘုံသို့ ရောက်ရှိ သွားပြီး မိဘတို့အား ကိုယ်ထင်ပြလေ၏။

ဘုရားရှင်လည်း ထိုအကြောင်းကို အခြေပြု၍ သေရိဏီပြိတ္တာမ၏ ဖြစ်ရပ် အား မိန့်ကြားကာ တရားဒေသနာတော် တို့ကို ဟောကြားလေ၏။ တရားနာ ပရိသတ်အပေါင်းလည်း အလှူခံပုဂ္ဂိုလ် နှင့် အလှူဒါနကို ထိပါးပြောဆိုခြင်း ကြောင့် ခံစားရသည့် ဆိုးကျိုးကို သတိ သံဝေဂရရှိကြကုန်၏။ သို့ဖြင့် တရား ဒေသနာတော်အား နာကြားကြရသူများ အဖို့ များစွာသော အကျိုးအာနိသင်တို့ကို ခံစားကြရလေသတည်း။

နန္ဒာမိုးကြယ်

ကျမ်းကိုး
– ပေတဝတ္ထု၊
စူဠဝဂ်မှ သေရိဏီပေတဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com

## နေ့အထွက်မှာရွှေခွက်နဲ့ငွေအပြည့်ခပ်ပေးပါ

# နေ့အထွက်မှာ မင်္ဂလာရက်မြတ်ဖြစ်ပါစေ

ကျော်မင်းနိုင်

ထိုနေ့က ဥပုသ်နေ့ ဖြစ်သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏အဘိုးနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ ရောက်ရှိနေခဲ့၏။

ကျွန်ုပ်တို့ မြေးအဘိုးသည် မနက် ၄း၀၀ နာရီကတည်းက အိပ်ရာမှနိုးသည်။ အဘိုးကအရင် ကျွန်ုပ်ထက်စော၍ နိုးနေပုံရသည်။ အဘိုး၏ "အိမ်ဇရပ်"ကလေးအတွင်း မီးများ ထိန်ထိန်လင်းနေကြောင်း ကျွန်ုပ်အိပ်ရာမှနိုးနိုးချင်း မြင်လိုက်ရသည်။

ကျွန်ုပ်၏ စာအသုံးအနှုန်း၌ "အဘိုး၏ အိမ်ဇရပ်"ဆိုသော စကားလုံး ထူးထူးခြားခြား ပါသွားသည်ကို သတိချပ်မိကြပါလိမ့်မည်။

ကျွန်ုပ် ရှင်းပြပါမည်။

အဘိုး၏အိမ်မှာ ယခု အဘိုးတစ်ယောက်တည်း အိမ်အဖြစ်နေနေသော်လည်း မကြာခင် ဇရပ်အဖြစ်နှင့် သံဃာတော်တို့အား သာသနိကပစ္စည်းအဖြစ် လှူဒါန်းတော့မည်ဟု ဆုံးဖြတ်ချက်ချထားသောကြောင့် ဖြစ်သည်။

ထိုသို့ မလှူခင်မှာပင်...

အဘိုးသည် သူတစ်ယောက်တည်းနေသော အိမ်ကို အိမ်အဖြစ် အသုံးပြုသည်ထက် သာသနာရေးအတွက် လုပ်ဆောင်ရန် ပြင်ဆင်ထားနှင့်လေပြီ။

အဘိုးငယ်စဉ်က လက်သမားဆရာကြီးဖြစ်၍ သူ့အိမ်ကို ဇရပ်နှင့်တူစေရန် အချိန်ရလျှင် ရသလို တစ်စစပြင်သည်။ အိမ်တွင်းရှိ ခန်းဆီးအဟောင်းအရုံများကို ဖြုတ်သည်။ ခန်းဆီးတို့အတွက်



www.burmeseclassic.com

လာသော ပျဉ်များနှင့် အဆောင်ချဲ့သည်။ ဘုရားကျောင်းကျောင်းဆောင်ကို သစ်ဆိုင်မှ သစ်သားအသစ်ကျပ်ချွတ်များဝယ်ယူ၍ ခမ်းခမ်းနားနား ချဲ့ထွင်ထားထည်။

လက်သမားဆရာကြီး ဖြစ်ခဲ့ဖူးသော အဘိုး၏ စိတ်တိုင်းကျ တစ်ယောက်တည်းတည်ဆောက်ထားမှုကြောင့် ကျွန်ုပ်အဘိုး၏အိမ်မှာ အိမ်တစ်အိမ်အဖြစ်ထက် ဇရပ်တစ်ဆောင်နှင့် တူနေလေပြီ။

အိမ်မှာ ဇရပ်နှင့်တူသလို အိမ်တည်ရှိရာ နေရာမှာလည်း ဘုရားရိပ်၊ ကျောင်းရိပ်၊ တောင်စောင်း၊ သစ်ကြီးဝါးကြီးရိပ်မှာဖြစ်၍ ပိုပြီးတင့်တယ်နေသည်။

ထိုနေရာကလေးမှာ ရွှေတိဂုံဘုရားအရှေ့မြောက်ဘက်မုခ်မှ ဆင်းသွားလျှင် ဆယ့်ငါးမိနစ်ခန့် လျှောက်သွားရုံဖြင့် ရောက်နိုင်သောနေရာကလေးဖြစ်၏။ ယခင်က ဗဟန်းမြို့နယ် ခြံဝါးခြံရပ်ဟု ခေါ်သည်။

ကန်တော်ကြီးဘက် ကြားတောရလမ်းဘက်မှ တက်လာလျှင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အဆင်း ယခုဗဟန်းဘုရားဈေးအထက် တောင်မြင့်ပိုင်းမှာ ရှိသည်။ ကျွန်ုပ်၏အဘိုးအိမ်ခေါင်းရင်းဘက်မှာ ယခင်က ဆေးဝက်ပါဆရာတော်ဘုရားကြီး ဦးသူရိယသီတင်းသုံးသော ဆေးဝက်ပါဘုန်းကြီးကျောင်း ရှိ၏။

ကျွန်ုပ်၏အဘိုးအိမ်ရှေ့ တောင်ကြားလမ်းကလေးမှ အောက်သို့ဆင်းသွားလျှင် လမ်းကျဉ်းလမ်းကြား အိမ်များကို ကျော်ဖြတ်ပြီးနောက် ကြေးသွန်းဘုရားကြီးရှိရာ ဗဟန်းရေတာရှည်လမ်းဟောင်းသို့ ရောက်သည် မြောက်ဘက်အနိမ့်သို့ ဆင်းသွားလျှင် လင့်ခ်လမ်း(ယခု ရွှေဂုံတိုင်)အထိ ပေါက်သော ရေတာရှည်လမ်းသစ်ရှိ၏။

ကျွန်ုပ် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်နေစဉ်မှာ အဘိုး၏ ဘုရားရှိခိုးသံကို ကြားနေရ၏။

အဘိုးသည် ဘုရားရှိခိုးပြီးသည့်နောက် သဗ္ဗယေ မင်္ဂလာဂါထာတော်ကို အမြဲမပြတ် ပါဠိနှင့် အနက်စာသားပါ ယုံကြည်စွာ ရွတ်ဆိုလေ့ရှိသူ ဖြစ်၏။

"ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိစန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီတပတိ ဗြာဟ္မဏော။
အထသဗ္ဗ မဟောရတ္တိ၊
ဗုဒ္ဓေါတပတိ တေဇသာ။"
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊
နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။

"ဟော . . . ဆရာကြီးတောင် ဘုရားရှိခိုးလို့ ပြီးတော့မယ်။ သဗ္ဗယေ မင်္ဂလာဂါထာတော်ကြီးတောင်ရွတ်နေပြီ"

အနိမ့်အောက်ဘက်ပိုင်းမှ လက်နှိပ်ဓာတ်မီးထိုး၍ တက်လာသော အဘိုး၏တပည့်ကြီး ဦးမောင်ကိုကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်က အသာလိုက်ပြလိုက်ရသည်။

ကျွန်ုပ် ဦးမောင်ကိုအား ခေါ်ဆောင်လာပြီး အိမ်ရှေ့ခန်းမှာပင် ခင်းထားသော ထန်းချောဖျာပေါ်၌ နေရာထိုင်ခင်းပေးသည်။

ပြီးလျှင် လေးထောင့်သစ်သားခုံကလေးနှင့် အဘိုး ပန်းကန်ထဲ ထည့်သုပ်ထားသော ပဲကတ္တီပါပြုတ်၊ ဆီစမ်းကို အုပ်ထားသည့် စလောင်းအား ဖွင့်၍ ဦးမောင်ကိုအား ညှော်ခံရသည်။ ရေနွေးကြမ်းဓာတ်ဘူးကို ထိုးပေးနေစဉ် ဦးမောင်ကို ကျွန်ုပ်ကို လှမ်းပြောသည်။

"ခါတိုင်းရက်တွေက ဘုရားပေါ်တက်ရင် ဦးကိုက စောပြီး ဒီကိုရောက်တာ။ ခုမှ ဝါတွင်းလပြည့် ဆွမ်းလောင်းပတ်မှာ ဆွမ်းဝင်လောင်းနေရလို့ နောက်ကျသွားတာကွဲ့"

"ခု အဘိုးနဲ့ ကျွန်တော်တို့မသွားခင် ရောက်လာတာပဲဟာ။ မီရင်နောက်ကျတယ်လို့ ပြောလို့ဘယ်ဖြစ်ပါ့မလဲ ဦးကိုရယ်"

"အင်း . . . မင်းကတော့ ဆရာကြီးရဲ့မြေး မပြောရဘူး။ စကားကို ချက်ကျလက်ကျ အတော်ပြောတတ်တယ်။ ဦးကိုက မောင်ကျော့အဘိုး ဆရာကြီးထွက်သွားနှင့်မှာကို မပူပါဘူး။ ဆရာကြီးဝတ်ပြုနေကျ ရွှေတိဂုံဘုရားအရှေ့တောင်ထောင့်က ဗောဓိညောင်တန်ဆောင်းကို လိုက်လာရင် တွေ့နိုင်ခဲ့နိုင်နေတာပဲ"

"ဒါကို ကျွန်တော်သိပါပြီ။ ကျွန်ခဲ့တဲ့ ဥပုသ်နေ့က အင်္ဂါထောင့်က ဇရပ်မှာ ချိန်းထားတဲ့ ဘိုးတော်ရွှေကျီးနဲ့ လွဲသွားမှာ စိုးလို့မဟုတ်လား"

"အေးကွ . . . ဘိုးတော်ရွှေကျီးက တရုပ်စပ်ဆိုတော့ ချိန်းထားရင် အချိန်ကို တိတိကျကျဖြစ်မှ ကြိုက်ပုံရတယ်လေ"

www.burmeseclassic.com

ထိုအချိန်တွင် အဘိုးထံမှ အဘိုး ရှင်းဆိုနေလေ့ရှိသည့်အတိုင်း သမ္ဗုဇယ မင်္ဂလာဂါထာတော် အနက်ပြန်ရွတ်ဆို နေသံကို ကြားနေရပြန်သည်။

ကျွန်ုပ်က အဝတ်အစားလဲနေမည် အဘိုးတပည့် ဦးမောင်ကိုသည် ဘုရား ပေါ်တက်ရန် စိတ်စောလျက် အဘိုး အရိပ်အကဲအား လှမ်းလှမ်းကြည့်နေ သည်ကို ကျွန်ုပ်သတိထားလိုက်မိသည်။

××× ××× ×××

အဘိုးက သူ၏ပြုဖွယ်ကိစ္စရပ် တွေ နှံ့သမျှ ပြီးစီးအောင်ပြုပြီးမှ ဘုရား ခန်းရှေ့မှ ထသည်။

"ကဲ…မောင်ကိုနဲ့ ငါ့မြေး။ အဘိုး တို့ ဘုရားပေါ်သွားကြစို့"

အဘိုးက သူလွယ်နေကျ လွယ် အိတ်ကြီးကို လွယ်၍ တောင်ဝှေးကိုယူ ပြီး အိမ်ဇရပ်ပေါ်မှ ဆင်းသည်။

အိမ်ဇရပ်ပေါ်မှ လျှပ်စစ်မီးခလုတ် များကို ကျွန်ုပ်ပိတ်ခဲ့သော်လည်း အိမ် ဇရပ်အဝင်တံခါးကိုမူ ကျွန်ုပ် ပိတ်၍ သော့မခတ်ခဲ့ပါ။

အဘိုး၏ ဆန္ဒအတိုင်း အိမ်ဇရပ် ထဲရှိ ပစ္စည်းမှန်သမျှ ယူလိုသူ ရှိလျှင် အလှူအဖြစ် သဘောထား၍ သည် အတိုင်းထားခဲ့ရခြင်း ဖြစ်၏။

ကျွန်ုပ်၏အဘိုး၊ အဘိုး၏တပည့် ဦးမောင်ကို၊ ကျွန်ုပ်တို့ သုံးယောက်သား အိမ်ရှေ့ တောင်တက်လမ်းကလေးမှ တက်လာကြစဉ် အဘိုးက ကျွန်ုပ်နှင့် ဦးမောင်ကိုအား သူနေ့စဉ်နေ့တိုင်း မပြတ် ရွတ်ဆိုနေကျ သမ္ဗုဇယမင်္ဂလာ ဂါထာ တော်အဓိပ္ပာယ်ကို ဖွင့်ဆိုပြ ပြောကြား လေ၏။

"ဒီဂါထာတော်ဟာ မြတ်စွာဘုရား ရဲ့ ပညာသီလ ဂုဏ်ဓမ္မနဲ့ ပုညတေဇော် တန်ခိုးငါးဖော်တို့ကို အလေးဂရုပြု အောက်မေ့ဆင်ခြင် ပွားများခြင်းဖြစ်လို့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဘာဝနာကို ပွား များစီးဖြန်းခြင်းပဲ ဖြစ်တယ်ကွဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

"ဗုဒ္ဓါနုဿတိ ဘာဝနာဟာ ဘာဝနာအားလုံးထဲမှာ အကူးခြားဆုံး သော အတုမရှိတဲ့ ဘာဝနာပဲကွဲ့။ ဘာဝနာကမ္မဋ္ဌာန်းလေးဆယ်ရှိရာမှာ ကြွင်းသုံးဆယ့်ကိုးပါးသော ဘာဝနာတို့ ဟာ အားထုတ်ဆဲတဝဲ ရှာန်မဂ်အပ္ပနာ သို့တက်ခြင်း၊ ကိလေသာ လောကခံတို့ ကို သည်းခံနိုင်ခြင်းမှတစ်ပါး၊ သံသရာဦး ဆန်းကြယ်ကြီးမြတ် လိုအပ်သော အကျိုးကို မပေးနိုင်ဘူးကွဲ့။ ဗုဒ္ဓါနုဿတိ ဘာဝနာကသာ လောကီဘက်၊ လော ကုတ္တရာဘက် နှစ်ဖက်လုံးတွင် ထက် မြက်ပွားတိုး လိုအပ်သောအကျိုးအမျိုး မျိုးကို ပေးစွမ်းနိုင်တယ်လို့ ဆရာတော် ကြီးတွေက ဖွင့်ဆိုခဲ့ကြတယ်"

"ဒီ့အပြင် ဒါန၊ သီလ စသော အမျိုးမျိုးသော ကုသိုလ်တို့ထက် ကြီး မားတဲ့အကျိုးကို ပေးစွမ်းနိုင်ခြင်းမှာ လည်း ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ယုံ ကြည်သိမြင် ဆင်ခြင်အောက်မေ့နိုင် သော ဗုဒ္ဓါနုဿတိဘာဝနာ အရင်းခံရှိ မှသာ ဖြစ်နိုင်တယ်ကွဲ့။ ဒါ့ကြောင့် ထေရ ပါဒါန်ပါဠိတော်မှာ ဗုဒ္ဓါနုဿတိဘာဝနာ ကို ဘာဝနာအပေါင်းတို့တွင် အတုမရှိ လွန်ကဲထူးမြတ်သော ဘာဝနာဖြစ်၏လို့ ဘုရားရှင်ကိုယ်တော်တိုင် ချီးကျူးမိန့် မြွက်တော်မူထားခဲ့တယ်"

အဘိုးက ဗုဒ္ဓါနုဿတိဘာဝနာ အကြောင်း မြွက်ဟနေစဉ် အဘိုး၏ တပည့်ရင်းဖြစ်သော ဦးမောင်ကိုက -

"ဆရာကြီး ဟိုအရင်ကတည်းက ဒီသမ္ဗုဇယမင်္ဂလာဂါထာတော်ကြီးကို ယုံယုံကြည်ကြည် ရွတ်ဆိုနေလို့ အကျိုး ထူးရတယ်လို့ ဆရာကြီးနဲ့ လုပ်ဖော် ကိုင်ဘက် လက်သမားဆရာကြီးတွေ အသိုင်းအဝိုင်းက ပြောကြဆိုကြတာ တွေဟာ တကယ်ပဲလား ဆရာကြီး"

"ဟာ…တကယ်အကျိုးပေးတာ ပေါ့ဗျာ။ ကျုပ်က ရိုးသားတဲ့လူပဲ။ ဘယ် လိုမှသားစကားမှ မပြောတတ်ပါဘူး။ ကျုပ်ဟာ ရန်ကုန်သားမဟုတ်ပါဘူး။ ရန်ကုန်၊ ဟံသာဝတီအရှေ့ပိုင်း သန်လျင် အပိုင် ဖားကူးရွာကလေးမှာ ပြည်တွင်း စစ်ကြောင့် သူပုန်သူကန် ကြောက်ပြီး မိဘဘိုးဘွားတွေ ပြေးမိပြေးရာ ပေးလာ ရာက ဗဟန်းဒီနေရာကို ရောက်လာ တာပါ။ မိဘတွေက ငွေကြေးအနည်း အပါး ပါလာလို့ ဒီခြံထဲက မြေကွက် ကို ငွေတစ်ရာငါးဆယ်နဲ့ ဝယ်ခဲ့တာ။ ကျုပ်မိဘတွေက လက်သမားဆရာဆို တော့ ကျုပ်လည်း လက်သမားဆရာ အဖြစ် အသက်မွေးရတာပေါ့။ အဲဒီ အချိန်မှာ စားလောက်သောက်လောက် ရှိပါပဲ။ ကျုပ်ဒီမှာ အိမ်ထောင်ကျ၊ သား သမီးတွေမွေးနဲ့ မိဘလက်ထက်က ထက် ဘာမှတိုးတက်ကြီးပွားမှုမရှိပေ မယ့် ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် ယုံ ကြည်ရွတ်ဆိုနေတဲ့ သမ္ဗုဇယမင်္ဂလာ ဂါထာတော်ကြီးကို ကျုပ်တစ်နေ့မပြတ် ရွတ်ဆိုနေခဲ့တယ်။ ဗုဒ္ဓါနုဿတိဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com

ပွားများခြင်းအမှုကို တစ်နေ့မပြတ် ယုံကြည်ပွားများနေတယ်ပေါ့လေ"

"နောက်တော့ ပောဒီကျုပ်မြေးဖိုးကျော်ကို မွေးပြီးတော့ ကျုပ်သားသမီးတွေကို ဒီခြံထဲမှာ အိမ်တွေ ခွဲဆောက်ပေးတော့မယ်လို့ စိတ်ကူးရပြီး ကြံစည်ခဲ့တယ်။ လက်ထဲမှာ အိမ်ခွဲဆောက်ပေးသောက်အောင် ငွေက မရှိတာနဲ့ နှောင့်နှေးကြန့်ကြာနေပြန်တယ်။ ဒီလိုနဲ့နေရင်း ကျုပ်ထူးဆန်းတဲ့အိပ်မက်တစ်ခု မက်တယ်။ တရုတ်ဘိုးတော်ကြီးတစ်ပါး ကျုပ်အိပ်မက်ထဲမှာ အိမ်ဆောက်ချင်ရင် ရေတွင်းတူး။ ထွက်လာတဲ့ရေကို သောက်ရေအိုးစင်ဆောက်ပြီး အိမ်ရှေ့မှာလှူ ဆိုတဲ့ အမိန့်နဲ့ အိပ်မက်မကြာခဏ ပေးနေတော့ ကျုပ်လည်း ခြံထဲမှာ ရေတွင်းမရှိတော့ ရေတွင်းတစ်တွင်းရတာပေါ့"

"အဲဒီတော့မှဗျာ . . . ကျုပ်အဖြစ်က မယုံကြည်နိုင်စရာပါပဲ။ ရေတွင်းတူးနေတဲ့ မြေကြီး အတောင်နှစ်ဆယ်လောက်လည်းရောက်ရော ရေလည်းတွေ့၊ မြေအိုးတစ်လုံးလည်းတွေ့တော့တာပဲ။ ပထမတော့ ရေမထွက်သေးပါဘူး။ မြေအိုးကို မလိုက်မှ မြေအိုးအောက်က ရေကြောပေါက်ပြီး ရေတွေ ယန်းထွက်လာတော့တာပဲ။ တစ်ခုကောင်းတာက ရေတွင်းတူးတာ ကျုပ်နဲ့ ကျုပ်မိသားစုပဲဆိုတော့ ရေတွင်းထဲကရတဲ့အိုးကို အိမ်ယူသွားပြီး ကျုပ်တို့မိသားစုချည်းပဲ တိတ်တဆိတ်ဖွင့်ကြည့်ခဲ့တယ်"

"ဖွင့်ကြည့်တော့ ဆရာကြီး ရွှေချောင်းတွေရတယ်ဆို"

"ဟုတ်တယ်။ ရွှေချောင်းဆိုတာက ရွှေမန်ကျည်းတောင့်ပါ။ ပြီးတော့ ကျောက်မျက်ရတနာတွေပါသေးတယ်။ ဒါပေမယ့် ကျုပ်အဲဒီကျောက်မျက်ရတနာတွေကို မသုံးလိုက်ရဘူး။ ရွှေကို လောကီငြိမ်းစင်၊ ကျောက်မျက်ရတနာကို လောကုတ္တရာငြိမ်းစင်ပါလို့ အိပ်မက်တွေ ထပ်ရတာနဲ့ ဘုရားကြီးအတွက် လောဘမဖက်ဘဲ ကျောက်မျက်ရတနာတွေ အကုန်လှူလိုက်တယ်။ ရွှေကိုတော့ ရောင်းချပြီး ကျုပ်သားသမီးတွေအတွက် ရွှေဂုံတိုင်လမ်းမကြီးမှာ မြေကွက်တွေဝယ်၊ တိုက်တွေဆောက်ပေးလိုက်တယ်။ အဲဒါဝယ်မပေးခင် အရင်ဆောက်ပေးရတာက ကျုပ်အိမ်ရှေ့က သောက်ရေအိုးစင်ပဲ။ အဲဒီသောက်ရေအိုးစင်မှာ ကျုပ်ခြံထဲက ရေတွင်းထဲက ရေ မနက်တိုင်း ကျုပ်ဖြည့်ဖြည့်ပြီး ရေကုသိုလ်လုပ်နေခဲ့တာ ပောဒီမြေးတစ်သက်ပဲ"

"ဒါဖြင့် ဆရာကြီးကို ကျောက်မျက်ရတနာနဲ့ ရွှေတွေပေးတဲ့ ဒီခြံကြီးကို ဆရာကြီး ဘာလို့ လက်လွှတ်တော့မှာလဲဗျာ။ နောက်တစ်ခါ ရေတွင်းတူးရင် အဲဒီလို ရွှေအိုးတွေ ထပ်ပြီးမတွေ့ဘူးလို့ ပြောနိုင်မလား"

အဘိုးက သူ့တပည့် ဦးမောင်ကိုအား စကားဆုံးအောင်မပြောနိုင်အောင် ဝင်၍ပြောလိုက်သည်။

"အဲဒါ လောဘစကားတွေပဲ မောင်ကိုရ။ ကျုပ်ကိုပေးတဲ့ အိပ်မက်အတိုင်း လောကီငြိမ်းစင်တဲ့အနေနဲ့ သားသမီး၊ မြေးတွေကို အိမ်ခြံမြေတွေ ပိုင်အောင် လုပ်ပေးခဲ့ပြီးပြီ။ လောကုတ္တရာ ငြိမ်းစင်တဲ့အနေနဲ့ ဘုရားကြီးကို ကျောက်မျက်ရတနာတွေ လှူလိုက်ပြီးပြီ။ အဲဒီကြားထဲ ဘာများထပ်ပြီး လောဘတွေပွားနေရတော့မှာလဲ။ ဒါ့ကြောင့် ဒီအိမ်နဲ့ ခြံကြီးကို သာသနာ့ဝတ္တကမြေအဖြစ် အသုံးပြုရအောင် လှူထားတာပေါ့။ ကျုပ်ဘဝတစ်သက်တာမှာ ဘာဝနာတရား ပွားများအားထုတ်သွားရုံကလွဲလို့ ဘာမှမရှိတော့ပါဘူးလေ"

အဘိုးစကားအဆုံးမှာ ကျွန်ုပ်တို့မြေးအဘိုးတစ်သိုက် ရွှေတိဂုံဘုရား အလယ်ပစ္စယာ အာဇာနည်ကုန်း ကားပတ်လမ်းရှိ အရှေ့ဘက်မုခ် ခါးလယ်စောင်းတန်းသို့ ရောက်ရှိလာပြီဖြစ်၍ ဘုရားပေါ်သို့ ဓာတ်လှေကားသွားမစီးဘဲ ဆက်လက်၍ တက်လာခဲ့ကြရသည်။

အဘိုးသည် အသက်ခုနစ်ဆယ်ကျော်အရွယ်ပင် ဖြစ်သော်လည်း ခြံထဲအိမ်မှ ရွှေတိဂုံဘုရားပေါ်သို့ ဥပုသ်နေ့များနှင့် အခြားရက်များတွင် မကြာမကြာ တက.ငရောက်ဖူးမြော်လေ့ရှိသူဖြစ်၍ သူ့အတွက် အလေ့အကျင့်စဖွယ်ဖြစ်၍နေလေပြီ။

ကျွန်ုပ်တို့လို လူငယ်လူရွယ်များ ဓာတ်လှေကား အကူအညီရယူခဲ့သော်လည်း အဘိုးက လုံးဝ အသုံးမပြုခဲ့။

"ဘုရားဖူးတယ်ဆိုတာ အပင်ပန်းခံ ကုသိုလ်ယူတတ်ဖို့လိုတယ်။ ကိုယ့်ခြေထောက်နဲ့ကိုယ် တက်နိုင်တုန်း တက်ထားကြ။ ယုတ်စွအဆုံး ကိုယ့်ကျန်းမာရေးကိုယ် စမ်းသပ်ရာရောက်တယ်ကွဲ့"

××× ××× ×××

ကျွန်ုပ်တို့ ရွှေတိဂုံဘုရားကြီးအပေါ် ရောက်သွားစဉ်မှာ ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

စေတီလုံးပေါ်သို့ အရှေ့အရပ်မှ ထွက်ပြူလာသော နေမင်းကြီးက မီးရောင်ဆလိုက်ထိုးပေးထားသလိုပင်။

ဘိုးတော်ရွှေကျီးဆိုသော တရုတ်လိုလို အသားဖြူဖြူ ပုဂ္ဂိုလ်ကြီးကို အင်္ဂါထောင့် ညောင်ရေသွန်းလောင်းရာ ဗောဓိညောင်ပင်အောက်တွင် မတွေ့ရဘဲ စေတီတော်ကြီးရှေ့ အင်္ဂါတန်ဆောင်းကြီးထဲတွင် ဘုရားအာရုံပြုနေသည်ကို တွေ့ရလေသည်။

ကျွန်ုပ်မှာ ထိုအချိန် ထိုမြင်ကွင်းကို ကြည့်ပြီး များစွာ အံ့ဩမှင်တက်သွားခဲ့လေသည်။ ရွှေတိဂုံစေတီတော်ရင်ပြင်၌ တရားအားထုတ်နေသူတွေအားလုံးလိုလို သဏ္ဌာန်မှာ ရွှေရောင်တွေဟပ်ပြီး ရွှေအဆင်းတောက်ပနေကြလေပြီ။

ရွှေတိဂုံဘုရားကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ထားရာက ထွက်ပြူစနေမင်းအလင်းရောင်က ရောင်ပြန်ဟပ်ပြီး ဘုရားကြီးရှေ့ရှိ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းသူတွေ ရွှေရောင်ဓာတ်ကူးသွားခြင်း ဖြစ်၏။

ယခုလို သိပ္ပံခေတ်၌ပင် ရွှေဆေးတွေသွင်း၊ ရွှေဆေးတွေ တမင်စားနေကြသည်မှာ အသားအရေ ရွှေရောင်ဝင်းဝါချင်လို့၊ ရွှေရောင်တောက်ပစေချင်လို့ ဆိုသူများအတွက် အဖိုးတန် ရွှေဓာတ်ကူးသော ထိုအဖြစ်အား ကျွန်ုပ်အသိပေးလိုက်ချင်ပါ၏။

ကျွန်ုပ်၏အဘိုးသည် ကျွန်ုပ်၏အတွင်းသဘောကို သိသွားပုံရသည်။ မြတ်စွာဘုရား၏ သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်ရောင်တော်ကို ဖွင့်ဆိုသော သဗ္ဗဇယမင်္ဂလာဂါထာတော်အား မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားခဲ့ပုံကို ပြောပြပြန်လေတော့သည်။

"သဗ္ဗဇယမင်္ဂလာ၊ ဒီဝါတပတိ ဂါထာတော်ကို မြတ်စွာဘုရားကိုယ်တိုင် ညီတော်အာနန္ဒာကို အကြောင်းပြုပြီး ဟောပုံက သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့မှာ သာဝတ္ထိပြည့်ရှင် ပသေနဒီ ကောသလမင်းကြီးဟာ မင်းမြောက်တန်ဆာ ဆင်ယင်၊ ပန်းနံ့သာတို့ ကိုင်ဆောင်ယူငင်ပြီး မြတ်စွာဘုရားကို လာရောက်ဖူးမြော်တယ်"

"တစ်ချိန်တည်းမှာ မြတ်စွာဘုရားနဲ့ ဖွားမြင်ဘက် ကာဠုဒါယီမထေရ်လည်း ဈာန်အဘိညာဉ်ဝင်စားပြီး မြတ်စွာဘုရားကို ဖူးမြော်နေတယ်။ ဈာန်အဘိညာဉ်ကြောင့် ရွှေအဆင်းရှိတဲ့ ကာဠုဒါယီမထေရ်ရဲ့ ကိုယ်ရောင်ဝါကလည်း နှစ်သက်ဖွယ်ရှိလှတယ်"

"အဲဒီအချိန်မှာပဲ လဝန်းဗိမာန်လည်း အရှေ့အရပ်က ထွက်ပြူစ၊ ရောင်ခြည်တစ်ထောင် ဆောင်အပ်တဲ့ နေမင်းကလည်း အနောက်ဘက် မိုးကုပ်စက်ဝိုင်းထဲ ဝင်တော့မယ့်အချိန်နဲ့ အတွမ်းကုန် တောက်ပနေတယ်။

"ရှင်အာနန္ဒာမထေရ်မြတ်ဟာ အဲဒီလို ထွန်းလင်းတောက်ပနေတဲ့ အရောင်တွေအားလုံးကို ရှုကြည့်နေရာက အဲဒီအရောင်တွေအားလုံးကို ကျော်လွန်မြောက်သော မြတ်စွာဘုရားရှင်ရဲ့ ရောင်တော်အသရေသည်သာလျှင် ပိုပြီး အံ့ဖွယ် တင့်တယ်တောက်ပကြောင်း တွေ့ရှိသွားခဲ့ပြီး မြတ်စွာဘုရားရှင်တော်မြတ်ကို ပြန်လည်လျှောက်ထားရာက မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်က ဒီဝါတပတိ သဗ္ဗဇယမင်္ဂလာဂါထာတော်ကြီးကို ဟောကြားခဲ့တော်မူတာပဲကွဲ့"

အဘိုးက ကျွန်ုပ်အား ခပ်တိုးတိုး ပြောနေစဉ် ဦးမောင်ကိုက တရုတ်ဘိုးတော်ရွှေကျီးဟု ခေါ်ဆိုနေသော ပိတ်ဖြူဝတ်နှင့် တရုတ်အဘိုးကြီး ကျွန်ုပ်တို့ရှိရာသို့ အသာထလာပြီး ကျွန်ုပ်၏အဘိုးဘေးမှာ ယှဉ်ထိုင်လိုက်သည်။

ကျွန်ုပ် တစ်ခုသတိထားလိုက်မိသည်မှာ ဘိုးတော်ရွှေကျီး၏ လက်ထဲမှ တောင်ဝှေးပင် ဖြစ်၏။ တောင်ဝှေး၏ အထက်ပိုင်းမှာ ကျီးရုပ်ကလေးတစ်ရုပ်ရှိကာ ထိုကျီးကလေးကို ရွှေချထားသဖြင့် ထိုတရုတ်ဘိုးတော်အား ဘိုးတော်ရွှေကျီးဟု အဘိုးတပည့် ဦးမောင်ကိုက ခေါ်ဆိုခြင်းဖြစ်ပုံရသည်။

"ဟာ . . . ကျီးကန်းရုပ်ကလေး လှလိုက်တာ"

ထိုအခိုက် တရုတ်မိသားစုတစ်စုထဲမှ ငါးနှစ်သားအရွယ် ကလေးလေးက ဘိုးတော်ရွှေကျီးလက်ထဲမှ တောင်ဝှေးကို ကလေးပီပီ လွှတ်ခနဲ ပြောလိုက်သဖြင့် ဘိုးတော်ရွှေကျီးက အပြုံးမပျက် ကလေးကို လှမ်းပြောသည်။

"ကလေးရေ . . . ခုလိုမနက်စောစော မင်္ဂလာနိမိတ်ယူတဲ့အခါမှာ မင်္ဂလာနိမိတ် ကန်းဆိုတဲ့ စကားလုံးကို မသုံးရဘူးကွဲ့။ ကျီးကန်းလို့ ပြောရင် ကြီးရင်ကန်းတတ်တယ်ဆိုတဲ့ နိမိတ်၊ အဟောကို ရောက်တတ်တယ်ကွဲ့။ မျက်စိကန်းတာ၊ နားကန်းတာတွေထက် မမြင်ရတဲ့ အကြံဉာဏ်တွေလည်း ကန်းတတ်တယ်။ အလုပ်အကိုင် အဆီအငေါ်



www.burmeseclassic.com

www.burmeseclassic.com

မတည့်ဘဲလည်း စီးပွားရေးကန်းတတ်တယ်။ အဲဒါကို မိဘတွေက ကလေးကို အကျင့်ဖြစ်အောင် အခေါ်အပြောသင်ပေးကြရတယ်ကွဲ့”

ထိုတရုတ်မိသားစုမှာ သူတို့ကဲ့သို့ တရုတ်အမျိုးသား ဘိုးတော်ရွှေကျီးကို ရှိသေလေးစား ကိုးကွယ်ပုံရ၍ သူတို့သားကလေးအား ရွှေကျီးဘိုးတော်ပြောသည့်အတိုင်းပင် ချက်ချင်းသင်ကြားပေးကြသည်။

“ဟုတ်တယ်သားရဲ့။ ဒေါင်းကို ရွှေဥဒေါင်း။ ကျီးကို ရွှေကျီးခေါ်ရတယ်ကွဲ့။ ခု···ပါပါးတို့ အရှေ့တောင်အာရှမှာ အောင်ပန်းဆွတ်ဖို့ လာဘ်ပွင့်ကောင်းအဖြစ် ဇီးကွက်ကို အထိန်းအမှတ်လာဘ်ကောင်အဖြစ် ရွှေဇီးကွက်လို့ ခေါ်နေကြတာ ကြည့်လေ”

“ဟုတ်···ဟုတ်ကဲ့၊ ရွှေကျီးလေး။ ရွှေကျီးလေး”

ကလေးက သင်ပေးထားသည့်အတိုင်းပြောနေစဉ်မှာ ထိုတရုတ်မိသားစုသည် တရုတ်ဘိုးတော်ရွှေကျီးကို ကန်တော့နေသည့်အပြင် ကျွန်ုပ်၏ အဘိုးကိုပါ ဘိုးတော်အဖြစ် ကန်တော့ရင်း ငွေတစ်သောင်းတန် တစ်ရွက်စီ လှူဒါန်းလေ၏။

အဘိုးက ထို့အတွက် သာဓုခေါ်လေ၏။

“သာဓု···သာဓု···သာဓု။ အဘိုးတို့ ဗုဒ္ဓဘုရားရှင်တော်ရဲ့ သားတော်တွေပီပီ ဗုဒ္ဓဝေယျာဝစ္စကိစ္စတွေမှာ ထပ်ဆင့်ပြီးလှူရတာပေါ့ကွယ်”

အဘိုးက ထိုသို့ပြောနေစဉ် တရုတ်ဘိုးတော်ရွှေကျီးသည် သူတပည့်မိသားစုအား ဤသို့ မင်္ဂလာစကား ဆက်ပြောနေပြန်၏။

“မင်္ဂလာရှိအောင် ပြော၊ မင်္ဂလာရှိအောင် နေ၊ မင်္ဂလာရှိအောင် လုပ်ဆောင်နေရင် အချိန်တိုင်းက မင်္ဂလာပဲ။ မင်္ဂလာကို အရုဏ်ဦးမနက်ခင်းကတည်းက အစပြုရင် တစ်နေ့လုံး မင်္ဂလာနေ့ဖြစ်သွားတတ်တယ်။ အကျိုးရှိတဲ့ အလုပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းဟာ မင်္ဂလာပဲ။ အကျိုးမဲ့တဲ့အလုပ်ကို ပြုလုပ်ခြင်းဟာ အမင်္ဂလာ၊ မင်္ဂလာမဲ့၊ မင်္ဂလာရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။

“ဒါကြောင့် ခုလိုမနက်စောစောမှာ ကုသိုလ်ကောင်းမှုလုပ်ခြင်း၊ ဒါန၊ သီလ၊ဘာဝနာပွားများခြင်းတွေဟာ တစ်နေ့လုံးအတွက် မင်္ဂလာလာဘ်လာဘကို ဖွင့်ပေးခြင်းပဲ။ မနက်အရုဏ်တက်ချိန်မယ် နေမင်းတရိပ်ရိပ်တက်သလို ကုသိုလ်ရေး စီးပွားရေး တရိပ်ရိပ်တက်မယ့် နိမိတ်ကို ဆောင်တယ်။ ဒါကြောင့် ရှေးပညာရှိ သူတော်စင်တွေက တက်ရိပ်တွေ ကြီးထွားစည်ပင်အောင် ‘နေအတက်မှာ ရွှေခွက်နဲ့ ငွေအပြည့်ခပ်ပါ’ အဆိုအမိန့် ရှိထားခဲ့ဖူးတယ်ကွဲ့”

ကျွန်ုပ်မှာလည်း တရုတ်ဘိုးတော်ရွှေကျီး၏ မိန့်မှာစကားကို ကောင်းစွာမှတ်သားနေမိလေသည်။

ထိုစဉ် ကျွန်ုပ်၏ နားထဲသို့ အသံသာသာနှင့် တီးလုံးသံတွေ ဝင်လာ၏။

တရုတ်အမျိုးသားကြီး၏ အင်္ကျီအိတ်ထဲမှ ဖုန်းခေါ်သံပေပဲ။

တရုတ်အမျိုးသားကြီး သူ့အိတ်ထဲမှ ဖုန်းကိုထုတ်ပြီး နားမှာကပ်၍ နားထောင်လိုက်သည်။ နားထောင်ရင်းမှ သူ့မျက်နှာမှာ ပြုံးပန်းကြီးပွင့်လာလေသလား ထင်မှတ်လာရတော့သည်။

တယ်လီဖုန်းနားထောင်ရင်း သူ့ဇနီးကို ဝမ်းပန်းတသာ လှမ်းပြောလိုက်သည်။

“မင်္ဂလာသတင်းပဲကွ။ အန်းကူဆီက ဆက်တာ။ တို့ရောင်းခိုင်းထားတဲ့ ကား မထွက်မထွက်နဲ့ ဒီမနက်မှာ နေပြည်တော်က ဝယ်လက်လိုက်လာပြီး သိန်း ၂၅၀ နဲ့ ငွေချေပြီးယူသွားတယ်တဲ့”

“အို···ဝမ်းသာစရာပဲ။ တစ်လလုံး ရောင်းမထွက်တဲ့ကား ဒီလောက်ကြာနေတော့ ပိုက်ဘောမိနေပြီထင်နေတာ။ ဒီနေ့မနက်ဟာ မင်္ဂလာမနက်ပါပဲရှင်။ ဘိုးတော်ကြီးတွေကို ထပ်ပြီးကန်တော့ကြရအောင်”

ထပ်မံကန်တော့ရန် တရုတ်မကြီးက သူ့လက်ထဲမှ ပိုက်ဆံအိတ်ကြီး ပြင်ကိုင်လိုက်စဉ်···နဂိုကတည်းက လောဘသတ်ထားသော ကျွန်ုပ်၏ အဘိုးက···

“ကျုပ်တို့အတွက် စောစောက လှူတာနဲ့ လုံလောက်ပါပြီကွယ်။ ရွှေတိဂုံစေတီတော်ကြီးပေါ်မှ မင်းတို့ကိစ္စအောင်မြင်ထမြောက်သွားတဲ့အတွက် ဘုရားကြီးဝေယျာဝစ္စ လှူဖို့ပဲ စဉ်းစားကြပါကွယ်”

“အေးကွယ်···အဲဒါအကောင်းဆုံး၊ အမွန်မြတ်ဆုံးပါပဲ”

တရုတ် ရွှေကျီးဘိုးတော်ကလည်း ဝင်ရောက်ထောက်ခံမှု ပြုလိုက်လေတော့သည်။

**ကျော်မင်းနိုင်**

www.burmeseclassic.com

www.burmeseclassic.com

# စံပြပုဂ္ဂိုလ် ဦးနာအောက်



ဦးနာအောက် ကျောက်ရုပ်

■ ကိုမောင်သန်းဝင်း

## နယ်ချဲ့အင်္ဂလိပ်တို့နဲ့ အားစမ်းခဲ့သူ

ဦးနာအောက်သည် သူ၏တူတော်သူ ဦးရွှေလေးကို သင်္ဘောဝယ်ယူဖို့အတွက် အင်္ဂလန်နိုင်ငံသို့ စေလွှတ်ခဲ့ပါတယ်။ အင်္ဂလန်နိုင်ငံ၊ စကော့တလန်ပြည်၊ ဂလာစဂိုမြို့ မက္ကီအင်ဘက္ကစတားကုမ္ပဏီထံမှ သင်္ဘောနဲ့ စက်ကိရိယာတွေကို ဝယ်ယူစေဖို့ပါပဲ။ သင်္ဘောအသစ်တွေကို တပ်ဆင်ခြင်း၊ သင်္ဘောဟောင်းတွေ လွှန်းတင်ခြင်းစတို့ကို လုပ်ဆောင်ဖို့ မုတ္တမမြို့ ဆီဆုံရပ်မှာ သင်္ဘောကျင်းတစ်ခု တည်ဆောက်ထားရှိပါတယ်။

မိမိတို့ တိုင်းရင်းသားတွေကို နိုင်ငံခြားသားတွေက သွေးစုပ်ခြယ်လှယ်မှုတွေအောက်က လွတ်ငြိမ်းစေဖို့အတွက် သက္ကရာဇ် ၁၂၆၂ ခုနှစ်မှာ မုတ္တမ၊ ဆီဆုံရပ်မှာ သင်္ဘောကျင်းနဲ့ အလုပ်ရုံတစ်ရုံ တည်ဆောက်ခဲ့ခြင်းလို့ ဆိုပါတယ်။

အဲဒီခေတ်အခါ အင်္ဂလိပ်တို့ အုပ်စိုးနေစဉ်ကာလက ဦးနာအောက်ပိုင်ဆိုင်တဲ့ သင်္ဘောတွေက (၁) အောင်စကြာ၊ (၂) အောင်မာလာ၊ (၃) အောင်တပ်



www.burmeseclassic.com

www.burmeseclassic.com

(၄) အောင်သိန်း။ (၅) အောင်ဒီပါ။ (၆) အောင်သီတာ၊ (၇) အောင်မင်္ဂလာ နှစ်ထပ်သင်္ဘော၊ (၈) အောင်ခေမာ၊ (၉) အောင်ပန်းတို့ ဖြစ်ကြပါတယ်။

အဲဒီ သင်္ဘောတွေကို သံလွင်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တွေမှာ ပြေးဆွဲခဲ့ပါတယ်။ သင်္ဘောခတွေကို အင်္ဂလိပ်ပိုင် ရေဝတီသင်္ဘောတွေထက် သက်သက်သာသာ ကောက်ခံပြီး ဘုန်းတော်ကြီး၊ ကိုရင်(သာမဏေ)၊ သီလရှင်၊ လူအိုနဲ့ ကလေးသူငယ်တွေကို အခလုံးဝမယူဘဲ နိဗ္ဗာန်ကူးတို့အဖြစ် တင်ဆောင်ပေးခဲ့ပါတယ်။

ဦးနာအောက်သင်္ဘောတွေကို မြန်မာတိုင်းရင်းသား လူမျိုးတွေအားလုံးက ပိုမိုအားပေးစီးနင်းနေကြတာမို့ အင်္ဂလိပ်ပိုင် ရေဝတီသင်္ဘောကုမ္ပဏီက ဦးနာအောက်သင်္ဘော လုပ်ငန်းကို ပျက်စီးအောင် ကြံဆောင်ပါတော့တယ်။



ဘုရားဒါယကာကြီး ဦးနာအောက်

ဦးနာအောက်သင်္ဘော တစ်ကျပ်နှုန်းယူရင် ရေဝတီကုမ္ပဏီက ပြားငါးဆယ်၊ ဦးနာအောက်က တစ်မတ်(၂၅ ပြား)ယူရင် ရေဝတီက တစ်မူး၊ ဦးနာအောက်က တစ်မူး ယူရင် ရေဝတီက တစ်ပဲ၊ ရေဝတီက တစ်ပဲယူတဲ့အခါ ဦးနာအောက်က အခမယူတော့ဘဲ သယ်ဆောင်ပေးခဲ့ပါတော့တယ်။ အဲဒီလို ယှဉ်ပြိုင်တဲ့အခါ တိုင်းရင်းသားတွေက ဦးနာအောက်ကို အားပေးကြတာမို့ ရေဝတီကုမ္ပဏီအပေါ် အနိုင်ရခဲ့ပါတယ်။

## ရိုးသားမှုကို ဂုဏ်ယူသူ

ဦးနာအောက်ဟာ ဆင်းရဲသားဘဝကနေပြီး ကြီးပွား ချမ်းသာလာခဲ့သူပါ။ ဒါကြောင့် ဆင်းရဲသားတွေအပေါ် သနားခြင်း၊ သည်းခံခြင်းနှင့် ထောက်ပံ့ခြင်းအမှုတွေကို ပြုလေ့ ရှိပါတယ်။ ပြုံးချိုသောမျက်နှာရှိသူမို့ ချစ်ခင်သူပေါ်များလှပါ တယ်။ ဦးနာအောက်ဟာ ရိုးသားကြိုးစားသူဖြစ်ပြီး၊ ဗုဒ္ဓရှင် တော်မြတ်ရဲ့ ဩဝါဒအရ ရောင့်ရဲခြင်းသည် မြတ်သောဥစ္စာ ဟု နှလုံးသွင်းထားရှိပြီး ပိန်းဥ၊ မြောက်ဥ၊ ကန်စွန်းဥတို့သည် သူ၏အားတိုးဆေး၊ ထန်းလျက်သည် အစာကြေဆေးအဖြစ် အမြဲစားသုံးလေ့ ရှိသူဖြစ်ပါတယ်။

ကွမ်းကို စွဲမြဲစွာ စားလေ့ရှိပါတယ်။ ထိုင်မသိမ်းအင်္ကျီ၊ လုံချည်ရှည်နှင့် သင်္ကလတ်အနက်ရောင်အင်္ကျီများကို နှစ်သိုက် စွာ ဝတ်ဆင်လေ့ရှိပြီး ညှပ်ဖိနပ်ကိုသာ စီးလေ့ရှိပါတယ်။

သူဌေးကြီးဟု နာမည်ဟိုးလေးတကျော် ဖြစ်နေသော ဦးနာအောက်ကို စုံစမ်းသိရှိလိုသော အင်္ဂလိပ်လူမျိုးတစ် ယောက် ကော့နတ်ရွာသို့ ရောက်ရှိလာပြီး ဦးနာအောက် နေအိမ်ကို ရှာဖွေတွေ့ခဲ့ပါတယ်။ ဦးနာအောက်က အဝတ်ဖြူ ဝတ်ပြီး နီးဖြာနေတာကို တွေ့ရလေတော့ အစက သူဌေးကြီး ဦးနာအောက်လို့ မထင်ခဲ့ပါဘူး။ နောက်မှ ဦးနာအောက်မှန်း သိရပါတယ်တဲ့။

အင်္ဂလိပ်လူမျိုးက သူဌေးကြီး ဦးနာအောက်ကို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် အခြေအရံတွေနဲ့တကွ တွေ့မြင်ရလိမ့်မယ်လို့ ထင်မှတ်ထားတဲ့ အင်္ဂလိပ်လူမျိုးဟာ ရိုးရိုးသားသားဝတ်ဆင်ပြီး နီးဖြာနေတာကို တွေ့ရှိရတော့



www.burmeseclassic.com

www.burmeseclassic.com

လွန်စွာ အံ့ဩဘနန်းဖြစ်ခဲ့ရပါတယ်တဲ့။ ဦးနာအောက်ဟာ ရိုးသားစွာနဲ့ မိမိတို့ရဲ့ တိုင်းရင်းသားဝတ်စားဆင်ယင်မှုနဲ့ အလုပ်ကို အမြဲဂုဏ်ယူလေ့ရှိသူတစ်ဦးဆိုရင် မမှားတန်ရာပါဘူး။

## ရန်းကန်ခဲ့ရ ငယ်စဉ်ဘဝ

ဦးနာအောက်ဟာ ဆင်းရဲသားဘဝကနေပြီး ကြီးပွားချမ်းသာခဲ့သူလို့ ဆိုခဲ့ပြီးလေပြီ။ သို့ဖြင့် ဦးနာအောက်ရဲ့ ဘဝဖြစ်စဉ်အကြောင်းအရာကို စေ့ငုကြည့်ကြပါစို့ရဲ့။

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ရှိ ဖဲကတာချောင်းဖျား မထင်မရှားသော ခရဲရွာလေးတစ်ရွာမှ ဆင်းရဲသောတောင်သူလယ်သမားမိဘနှစ်ပါးက ဦးနာအောက်ကို ကောဇာသက္ကရာဇ် ၁၁၉၄ ခုနှစ်၊ ကဆုန်လဆုတ် ၃ ရက်၊ ကြာသပတေးနေ့မှာ မွေးဖွားသန့်စင်ခဲ့တာပါ။ သားသမီးငါးယောက်အနက် စတုတ္ထသား ဖြစ်ပါတယ်။

ဦးနာအောက်ကို မွေးဖွားစဉ်က မည်သည့်နိမိတ်၊ မည်သည့်အိပ်မက်တွေကိုမှ ထင်ရှားစွာ မရှိဟု ဆိုပါတယ်။ ဇာတာခွင်ကိုလည်း မှတ်တမ်းတင်ထားခြင်း မရှိပါဘူး။ ဦးနာအောက်ကို မွန်ဘာသာအနေနဲ့ (အအဲက်)လို့ ခေါ်တွင်လေတော့ မြန်မာအဓိပ္ပာယ်ပြန်ဆိုတဲ့ အခါမှာတော့ အရုပ်ဆိုးအကျည်းတန်တယ်လို့ ဆိုနိုင်တဲ့အပြင် သူတစ်ပါးအပေါ်နိုင်ထက်စီးနင်းမလုပ်ခြင်း၊ ဒေါသကို ထိန်းသိမ်းခြင်းနဲ့ အောက်ကျို့ရှိနေတတ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ရတယ်လို့ ဆိုပါတယ်။

မိဘနှစ်ပါးက လူလားမြောက်နေပြီဖြစ်တဲ့ မောင်အောက်ကို ပညာသင်ကြားဆည်းပူးဖို့အတွက် ကော့မယ်ခရ ဘုန်းတော်ကြီးကျောင်းမှာ အပ်နှံပါတယ်။ မောင်အောက်က ပညာကိုပြီး ပြည့်စုံအောင်လို့ မသင်ကြားဘဲ ဆင်းရဲတဲ့ မိဘနှစ်ပါးကိုကူညီဖို့ ကျောင်းကထွက်ပြီး ကျွဲကျောင်း၊ နွားကျောင်းဘဝနဲ့ပဲ မိဘကို ကူညီခဲ့ပါတယ်။

ကျွဲကျောင်း၊ နွားကျောင်းဘဝနဲ့ရှိနေစဉ် ကတိုးရွာကြီးမှာရှိတဲ့ သူဌေးကြီး ဦးမွန်ထော်ရဲ့ ကိုးဆောင်အိမ်ကြီးနဲ့ ကော့နတ်ရွာမှာရှိတဲ့ သူဌေးကြီး ဦးထော်အာရဲ့ အိမ်ကြီးတွေကို ငေးမောကြည့်ရင်း "ဩော်···ငါ့ရဲ့ အနိမ့်ခံ ဆင်းရဲသားဘဝကနေ အဲဒီလို မြင့်မြတ်တဲ့ဘဝကိုရောက်ရင် ကောင်းမှာပဲ"လို့ စိတ်ကူးဖြစ်တည်ခဲ့ပါတယ်။

မောင်အောက် လူလားမြောက်အရွယ်ကို ရောက်တဲ့အခါမှာ မိဘနှစ်ပါးကလည်း ကွယ်လွန်ပြီးဖြစ်လေတော့ အစ်မကြီး ဒေါ်ဂေါ်ဂေ့(မိထင်ဂွံ) နေထိုင်တဲ့ သံကပိုင်ရွာကို ပြောင်းရွှေ့ပြီး အစ်မရဲ့လယ်မြေမှာ လယ်သူရင်းငှားအဖြစ်နဲ့ ဝင်ရောက်လုပ်ကိုင်ပါတယ်။ တစ်နေ့ မောင်အောက် လယ်ထွန်နေစဉ် လျှပ်စီးလက်၊ မိုးကြိုးစက်တွေ နားကွဲမတတ်ဆူညံစွာ ကြားရပြီး လျှပ်စစ်ရောင်အမျိုးမျိုးနဲ့ ကောင်းကင်မှာ ပြာသာဒ်ပုံသဏ္ဌာန်ကို တွေ့မြင်လိုက်ရပါတယ်။

မောင်အောက်သည် ချက်ချင်းပင် ဒူးထောက်လိုက်ပြီး ရတနာသုံးပါးဂုဏ်ကို အောက်မေ့နလုံးသွင်းလျက် ··· "အကျွန်ုပ်မသေသေးလျှင် ကျွန်ုပ်မြင်တွေ့ရသော လုပတင့်တယ်သည့် ပြာသာဒ်ကဲ့သို့သော ဘုရားတန်ဆောင်းများကို ဆောက်လုပ်လှူဒါန်းနိုင်သူ ဖြစ်ရပါစေသား"လို့ ဆုတောင်းအဓိဋ္ဌာန်ပြုပါတယ်။

အရွယ်ရောက်ပြီဖြစ်သော မောင်အောက်သည် မိရွှေမှုန်နဲ့ လက်ဆက်ခဲ့ပါတယ်။ မောင်တစ်ထမ်း၊ မယ်တစ်ရွက်နဲ့ ဘဝကို ရင်ဆိုင်ကြပါတယ်။ ဘဝကို ခက်ခဲစွာ ရုန်းကန်နေစဉ် မရဏမင်းက ဇနီးသည် မိရွှေမှုန်ကို သေမင်းနိုင်ငံကို ခေါ်ယူသွားခဲ့ပါတယ်။ ဘဝကို အရှုံးမပေးသော မောင်အောက်သည် မိမိရွယ်နစဉ်က အဓိဋ္ဌာန်ကို မမေ့ဘဲ "မင်းဖြစ်လိုသူ မင်းနားခစား၊ သူဌေးဖြစ်ချင်သူ သူဌေးနားခိုနား"ဟူသောထုံးနလုံးမူလျက် ကော့နတ်ရွာရှိ သူဌေးကြီး ဦးထော်အာထံမှာ အလုပ်ဝင်လုပ်ပါတော့တယ်။

မောင်အောက်ရဲ့ ရိုးသားကြိုးစားမှုကြောင့် ယောက္ခမဖြစ်သူက ဒေါ်ရွှေမှုန်သေဆုံးပြီးမကြာမီ မိရွှေမှုန်၏ညီမ မိရွှေအုပ်နဲ့ ဆက်လက်ပေးစားပြန်ပါတယ်။ ဒါပေမယ်လို့ မိရွှေအုပ်နဲ့လည်း ကြာကြာမပေါင်းဖက်ရဘဲ မိရွှေအုပ် အနိစ္စရောက်ပြန်ပါတယ်။

မောင်အောက်ဟာ သူဌေးကြီး ဦးထော်အာထံမှာ အလုပ်လုပ်ရင်း အားယဲ့မှု၊ ဝမ်းနည်းမှုတွေကို ဖြေဖျောက်လို့ စိတ်ဓာတ်ခိုင်ကြည်စွာနဲ့ အလုပ်ကို ကြိုးစားခြင်း၊ စည်းကမ်းသေဝပ်ခြင်း ရှိတာကြောင့် အလုပ်သမားတွေအပေါ် ခေါင်းဆောင်နိုင်မှုရရှိခဲ့ပါတော့တယ်။ သူဌေးကြီးလည်း

www.burmeseclassic.com

www.burmeseclassic.com

ရိုးသားကြိုးစားပြီး စည်းကမ်းသေဝပ်တဲ့ မောင်အောက်ကို သစ်တောကြီးပိုင်းသို့ မိမိလူယုံအဖြစ် စေလွှတ်လုပ်ကိုင်စေခဲ့ပါတယ်။ အခါအားလျော်စွာ ဆုငွေများ ချီးမြှင့်ခံရပြီး သူကောင်းပြုခြင်းကိုလည်း ခံရပါတယ်။


## ကြီးပွားခြင်းလမ်းစ

မောင်အောက်ဟာ အလုပ်လုပ်ကိုင်ရင်း ပစ္စည်းဥစ္စာ စုဆောင်းမိတာကြောင့် ပစ္စည်းဥစ္စာများကို ထိန်းသိမ်းဖို့ အတွက် လက်တွဲဖော်၊ ကြင်ဖော်အဖြစ် မိဂျာဥကို ထိမ်းမြား ခဲ့ပါတယ်။ မိဂျာဥနဲ့ ထိမ်းမြားပြီး မိမိစုဆောင်းငွေရယ်၊ သူဌေးကြီးဦးထော်အာထံက ချေးငွေပါရယူပြီး အရင်းအနှီးပြု လို့ ဦးထော်အာထံမှ အလုပ်ခွဲထွက်ပြီး ကိုယ်ပိုင်သစ်လုပ်ငန်း ကို လုပ်ပါတော့တယ်။

မောင်အောက်သည် မိမိကိုယ်ပိုင်သစ်လုပ်ငန်း လုပ် ကိုင်ရန် သစ်တောသို့မထွက်မီ တစ်ယောက်တည်း စိတ်ကူး မိပါတယ်။ "ငါဟာ ငယ်စဉ်အချိန် ဆင်းရဲသားဘဝက ငါရည် မှန်းထားတဲ့ လူချမ်းသာဘဝကို တက်လှမ်းတော့မယ်။ ဒါပေ မယ်လို့ ကံတရားဆိုတာက ဆန်းကြယ်လှတယ်။ ဉာဏ်နဲ့ ဝီရိယကတော့ ကံတရားရဲ့ အခြံအရံမျှ ဖြစ်တယ်။ ဒါကြောင့် ငါ့ရဲ့ ကောင်းမှုကံ ပိုမိုတိုးတက်ပြည့်စုံအောင် ရတနာမြတ် သုံးပါးသည်သာ ငါ့ရဲ့ ကိုးကွယ်ရာစစ်စစ်ဖြစ်စေရမယ်"လို့ ဆိုပြီး နှလုံးသွင်းကာ ပန်း၊ ဆီမီး၊ ဖယောင်းတိုင်များကို ကိုင်ဆောင် ပြီး ကျောင်းဝင်းအတွင်းမှာရှိတဲ့ ဘုရားငုတ်တို စေတီငယ်အနီး ကို မောင်အောက်ရှေးရှုလှမ်းသွားစဉ် ထူးဆန်းအံ့ဖွယ်ရာကို တွေ့မြင်ရပါတယ်။

မောင်အောက်တွေ့ရတာက ဝတ်ဖြူစင်ကြယ်ဝတ် ထားသော သူတော်တစ်ယောက်။ အဆိုပါ သူတော်က "အမောင်သူတော်ကောင်း။ ဤနေရာတွင်ရပ်လော့။ ဤမြေ ပေါ်တွင်ရပ်လျှင် အမောင်၏ ဘုန်းကျက်သရေသည် တိုးပွား အောင်မြင်ပါလိမ့်မည်။ ဤပက်ခွဲလောက်မျှသော မြေသည် ကော့နတ်ရွာ၏ ကြီးပွားတိုးတက်ရာမြေတည်း"ဟု မိန့်ဆိုပြီး ပျောက်ကွယ်သွားပါတော့တယ်။

မောင်အောက်လည်း သူတော်ညွှန်ပြရာ မြေနေရာ တွင်တက်ရပ်ပြီး ပန်း၊ နံ့သာ၊ ဆီမီးတို့ဖြင့် ဘုရားရှင်တော် မြတ်အားပူဇော်ကာ လိုအင်ဆန္ဒများ ပြည့်ဝစေရေးအတွက် ဆုတောင်း ဆုယူပြုပါတယ်။ အပြန်လမ်းတစ်လျှောက် မောင်အောက်၏စိတ်တွင်ကား "ထူးဆန်းလှပါပေတကား။ ငါ့တစ်သက် ဤမျှလောက် ထူးဆန်းမှုသည် ယခုမှသာ တွေ့ရ ပါကလား။ ငါ၏ အောင်မြင်မှုသည် မဝေးချေတော့ပြီ"ဟု တွေးဆဘဝင်ကျခဲ့ပါတော့တယ်။



ဦးနာအောက်၏ မဟာသိမ်တော်ကြီးကို ဘေးမှ အနီးကပ်မြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com

## ကံမျက်နှာသာပေးလေပြီ

ထိုအခါ ကာလတွင် တနင်္သာရီ တိုင်းကို အင်္ဂလိပ်တို့ သိမ်းပိုက်ထားရှိပြီး မြန်မာပြည်အထက်ပိုင်းမှာလည်း မငြိမ်မသက်ဖြစ်နေချိန်။ သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ သီပေါမင်းပါတော်မူပြီးနောက် ရှမ်းပြည်၊ ကယားပြည်တွင် ဆူပူလျက်ရှိနေသော တိုင်းရင်းသားများကို အင်္ဂလိပ်တို့က နှိပ်နင်းနေသော ကာလ။

နောက်ဆုံး တိုင်းရင်းသားတို့က အားမတန် မာန်လျှော့ကာ အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းခဲ့ပေမယ့် ကယားစော်ဘွားတို့က မိမိပိုင်သစ်တောတွေဖြစ်ကြတဲ့ လွယ်ကော်၊ မယ်ဖ၊ သဖန်းပင်ချောင်း သစ်တောတခွင်ကို တိုင်းရင်းသား ညီအစ်ကိုတော်ဖြစ်တဲ့ မွန်လူမျိုးဦးနာအောက်ကို ဈေးပေါပေါနဲ့ သစ်ထုတ်လုပ်ခွင့်ပေးခဲ့ပါတယ်။ ရှမ်းစော်ဘွားတွေကလည်း သူတို့ပိုင်သစ်တောတွေဖြစ်တဲ့ နန်းဖဲတောကိုလည်း ဦးနာအောက်ကို ဈေးနှုန်းချိုသာစွာနဲ့ လုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။

အရေးကြီးသွေးနီး ဆိုသကဲ့သို့ တိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီခဲ့မှုကြောင့် နေ့ချင်းဆိုသလို ဦးနာအောက်ရဲ့ စီးပွားရေးဟာ အံ့သြလောက်အောင်ကိုပဲ တိုးတက်လာပါတော့တယ်။

ဦးနာအောက်၏ သစ်တံဆိပ်မှာ ၃၃၃ ဖြစ်တယ်။ ရတနာသုံးပါး၊ ပိဋကတ်သုံးပုံ၊ ဘုံသုံးပါးဟူ၍ အဓိပ္ပာယ်ရပါတယ်။ အဲဒီတံဆိပ်ကို မှတ်ပုံတင်ပြီး မိမိပိုင်သစ်တောမှ သစ်များကို ၃၃၃ တံဆိပ်ခတ်နှိပ်ခဲ့ပါတယ်။

ထိုအချိန်က ကံသပိုင်ရွာမှာ မော်လမြိုင်တစ်လျှောက် ငါးမိုင်ခန့်ရှိသော ခရီးအကွာအဝေးသည် သစ်ဖောင်များနှင့် ပြည့်နှက်နေပါတယ်။ ထိုသစ်များ၏တံဆိပ်မှာ ၃၃၃ ဖြစ်ပါတယ်။

ကြီးပွားချမ်းသာသော ဦးနာအောက်သည် တစ်ချိန်က လူသူတော်မိန့်ဆိုချက်အရ ပတ်ခွဲမှုလောက်သော အောင်မြေပေါ်တွင် ရပ်တည်ပြီး ဘုရားငုတ်တိုစေတီငယ်ထံတွင် ဆုတောင်းအဓိဋ္ဌာန်ပြုခဲ့တာ အခု ဆုတောင်းပြည့်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ အလုပ်အားတဲ့အချိန်လောက်မှာ ဘုရားငုတ်တိုစေတီငယ်ကလေးကို စေတီကြီးအဖြစ် ပြန်လည်မွမ်းမံပြုပြင်ပြီး ဇနီးသည် ဒေါ်ဂျာဥနှင့်အတူ ရေစက်ချ အမှုဝေခဲ့ပါတော့တယ်။ မျှားမကြာမီ ဇနီးသည် ဒေါ်ဂျာဥ ဘဝတစ်ပါးပြောင်းခဲ့ပါတယ်။ ကြေကွဲရမှုကို အံကြိတ်ခံကာ အလုပ်များကို ဆက်လုပ်ခဲ့ပါတယ်။ သစ်လုပ်ငန်းကို ဆင်ပေါက်အစီး ၄၀ နှင့် မိမိကိုယ်တိုင် ကြီးကြပ်လုပ်ဆောင်ရာ အမြတ်အစွန်းများစွာ ရရှိပြန်ပါတယ်။

ဦးနာအောက်သည် သစ်တောလုပ်ငန်းတွင် များစွာအောင်မြင်ပြီးနောက် ကော့နတ်ရွာသို့ ပြန်လာပါတယ်။ တရုတ်ပွဲစား၊ ချစ်တီးကုလားတွေနဲ့ ဘာဘူကုလားတွေက တိုင်းရင်းသား တောင်သူလယ်သမားကို အတိုးနှုန်းဖြင့် ငွေချေးပြီး ကုပ်သွေးစုပ် ခြယ်လှယ်နေတာကို တွေ့ရှိရပါတယ်။ ဦးနာအောက်သည် ဆင်းရဲသားဘဝမှ ချမ်းသာလာသူပီပီ ဘဝတူဆင်းရဲသားများကို ကူညီစေခဲ့ပါတယ်။ နောက်ဆုံး တိုင်းရင်းသားတောင်သူများဟာ ချစ်တီး၊ ဘာဘူကုလားတို့ရဲ့ ကုပ်သွေးစုပ်ခြင်းအောက်က လွတ်ခဲ့ပါတယ်။ အိမ်ထောင်ရေးကံညံ့လှတဲ့ ဦးနာအောက်ဟာ မိဗျူအမည်ရ အမျိုးသမီးကို ထပ်မံအိမ်ထောင်ပြုခဲ့ပါတယ်။

## ရန်စမရှည်စေလိုသူ

ဦးနာအောက်ဟာ ရတနာသုံးပါးကို ကိုင်းရှိုင်းသူဖြစ်တဲ့အလျောက် ကျောင်းကန်ဘုရားသို့ နံနက်၊ ညနေ၊ တစ်နေ့နှစ်ခေါက် သွားရောက်ဝတ်ပြုလေ့ရှိပါတယ်။ အိမ်ရောက်ပြီး အိပ်ရာမဝင်မီလည်း နေအိမ်ဘုရားကို ဝတ်ပြုလေ့ရှိပါတယ်။

တစ်နေ့ ကော့နတ်ကျောင်းဝင်းအတွင်းရှိ ဘုရားတွင် ဝတ်တက်နေစဉ် ဓားပြသုံးယောက်ရောက်လာပြီး "အဘိုး။ ကျွန်တော်တို့ ဓားပြတွေပါ။ ကျွန်တော်တို့ တစ်ယောက် ငွေ ၅၀၀ စီ လိုချင်ပါတယ်။ ငွေမပေးရင် အဘိုးကို ပြန်ပေးဆွဲရပါမယ်"ဟု ပြောလေရာ ဦးနာအောက်က "အေး･･･ မင်းတို့ စားစရာမရှိရင် ငါပေးမယ်။ မင်းတို့ ဒီနားမှာ စောင့်နေ" ဟုပြောပြီး ဦးနာအောက် အိမ်သို့ပြန်ယူပြီး ငွေ ၁၅၀၀ ပေးလိုက်ပါတယ်။ ဖြစ်စဉ်ကို တွေ့ဖြစ်သူများက မခံမရပ်နိုင်ဖြစ်ပြီး ဓားပြများကို လိုက်လံရှာဖွေမည်လုပ်ကြရာ ဦးနာအောက်က "ရန်ကို မရှည်စေနဲ့ ငါတူတို့"ဟု ဆိုပြီး တားမြစ်ခဲ့ပါတယ်။

www.burmeseclassic.com



ဦးနာအောက်လှူဒါန်းခဲ့သော
အလယ်ဝတ်ကျောင်း(နှစ်ကျိပ်ရှစ်ဆူဝတ်တန်ဆောင်း)

## သာသနာပြုသူနှင့် ကုသိုလ်အလှူ

ဦးနာအောက်သည် မိမိဘဝက်အကျိုးပေး၍ ချမ်းသာလာသည်ကို လက်တွေ့ယုံကြည်သူဖြစ်လေရာ ကောင်းမှုကုသိုလ်ပြုလုပ်ရာတွင်လည်း သူမတူအောင်၊ သမိုင်းတွင်ရစ်အောင် လှူဒါန်းခဲ့သူ ဖြစ်ပါတယ်။

ဦးနာအောက်သည် ၁၂၄၀ ခုနှစ်တွင် မန္တလေး မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးတွင် ပရိယတ္တိစာပေများကို လေ့လာသင်ကြားနေသော မွန်ဆရာတော် ဦးပညာဓမ္မကို ကော့နတ်ရွာတွင် ပရိယတ္တိစာသင်တိုက်ဖွင့်နိုင်ရန်အတွက် မန္တလေးမှ ကော့နတ်ရွာသို့ ပင့်လာခဲ့ပါတယ်။ ၁၂၄၀ ခုနှစ်လောက်က တနင်္သာရီတိုင်းနှင့် မွန်ဒေသအားလုံးမှာ မွန်ပရိယတ္တိသာသနာ ဆိတ်သုဉ်းနေတဲ့ အခါကာလ ဖြစ်နေပါတယ်။

မွန်ပရိယတ္တိသာသနာ ကွယ်ပျောက်ဆိတ်သုဉ်းနေရာမှ ပထမဆုံး မွန်ပရိယတ္တိသာသနာကို စတင်တည်ထောင်သောနေရာသည်ကား ဇာသပြင်ရွာပင် ဖြစ်ပါတော့တယ်။ ဇာသပြင်ရွာတွင် မွန်ပရိယတ္တိသာသနာကို စတင်ပြီး အားထုတ်နေစဉ် ဦးနာအောက်၊ ဦးထော်အာ၊ ဦးထွန်းကျော်တို့က မွန်ပရိယတ္တိသာသနာကို အားပေးလိုသဖြင့် ကော့နတ်ရွာတွင် စာသင်တိုက်ကြီး ဖွင့်လိုသောကြောင့် ဇာသပြင်ကျောင်းမှ စာသင်သား အပါး ၆၀ ကျော်ကို ပင့်လာပြီး ကော့နတ်ရွာမှာ စာသင်တိုက်ကြီးကို ထူထောင်ပါတော့တယ်။ စာသင်တိုက် စတင်ဖွင့်လှစ်သောနှစ်မှာ ၁၂၄၆ ခုနှစ် ဖြစ်ပါတယ်။

ဦးနာအောက်သည်လည်း ဆရာတော်ဦးပညာဓမ္မ၏ ဆုံးမသြဝါဒကိုခံယူကာ နံနက်တိုင်း ဝတ်ဖြူကိုဝတ်ပြီး ဆွမ်းစားကျောင်းကိုဝင်ရောက်ကာ ဆွမ်းဟင်းများကို ကြည့်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ တစ်စတစ်စနဲ့ပဲ ကော့နတ်ကျောင်းတိုက်ကြီးတွင် စာသင်သားသံဃာ အပါး ၂၀၀ ခန့်အထိ အမြဲပြည့်နေပါတော့တယ်။ ဆရာတော်ရဲ့ ကြီးစွာသော စည်းကမ်းဖြင့် အုပ်ချုပ်မှုတွေကြောင့် ဆရာတော်၏ ဓမ္မစာရိတ္တဂုဏ်ကျေးဇူးသည် အရပ်နှစ်မျက်နှာသို့ မွှေးကြိုင်ပြန့်နှံ့နေပါတော့တယ်။

ဆရာတော်ဦးပညာဓမ္မသည် ဦးနာအောက်ကျောင်းသို့ ရောက်လာသော နေ့တစ်နေ့တွင် တန်ဆောင်းပြာသာဒ်ပုံကိုရေးဆွဲပြီး ဤပုံအတိုင်း ကော့နတ်ကျောင်းဝင်းအတွင်း တစ်နေရာတွင် ဆောက်လုပ်လှူဒါန်းလျှင် ကောင်းမည်ဟု အကြံပေးရာ ဦးနာအောက်သည် တစ်ချိန်က မိမိလယ်ထွန်ချိန်တွင် လျှပ်စစ်ရောင်အမျိုးမျိုးနှင့် ပြာသာဒ်ကြီးပုံသဏ္ဌာန်တွေ့ခဲ့ရပုံကို ပြန်လည်သတိရကာ "ဆရာတော် အရှင်မြတ်ဘုရား။ လောကီလောကုတ်အကျိုး၊ ပစ္စုပ္ပန် တမလွန်အကျိုးကို မျှော်ကိုးပြီး ဆရာတော်ဘုရား ညွှန်ကြားသည့်အတိုင်း အကောင်းဆုံးသော စုလစ်မွန်းချွန်နှင့်တကွသော ပြာသာဒ်တန်ဆောင်း အဆောက်အအုံအတွက် တပည့်တော်လှူဒါန်းပါမည်ဘုရား"ဟု လျှောက်တင်ပါတော့တယ်။

သို့ဖြင့် ဘုံ ၁၂ ဆင့်ပါသော ပြာသာဒ်အဆောင်တို့ဖြင့် ဆောက်လုပ်ခဲ့ရာ ၎င်းဝတ်တန်ဆောင်းကို ၁၂၆၄ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

တွင် ရေစက်ချအမှျပေးဝေခဲ့ပါတယ်။ အဲဒီနောက် ဒီပက်ရာတန်ဆောင်း၊ ပင်စည်တစ်ခုတည်း တစ်သားတည်းမှရသော ကျွန်းသားဖြင့် ဗုဒ္ဓရုပ်တော်မှ ဆင်းတုနှစ်ဆူ၊ ဝတ်ကျောင်းအတွင်း ကျောက်သားဖြင့် ပြုလုပ်ထားသော မြတ်စွာဘုရားခြေတော်ရာ၊ ရုပ်တော်မှုနှစ်ဆူအား ပူဇော်ကန်တော့နေသော သစ်လုံးဖြင့်ထုထားသော ရဟန်းတော်ရုပ်များ လှူဒါန်းခဲ့ပြီး ၁၂၅၇ ခုနှစ်တွင် ရဟန်းသံဃာတော်များ ဥပုသ်ပြုနိုင်ရန်အတွက် မဟာဝိဇယသိမ်တော်ကြီးကို တည်ဆောက်လှူဒါန်းခဲ့ပါတယ်။

လှူဒါန်းမှုအစုစုတို့ကို ဇနီးဒေါ်ဗျူနှင့်အတူ ရေစက်သွန်းချ အမှျဝေလှူဒါန်းခဲ့ပါတယ်။ ထိုထိုကောင်းမှုများပြုစဉ် ဇနီးသည်ဒေါ်ဗျူသည်လည်း ပါရမီဖြည့်ဘက်ခင်ပွန်းကို လက်တွဲဖြုတ်ပြီး လူ့စည်းစိမ်ကိုစွန့်လွှတ်ပြီး ဘဝတစ်ပါးကို ပြောင်းသွားပြန်ပါတော့တယ်။ ဒေါ်ဗျူသေဆုံးပြီးနောက် အများဆန္ဒအရ ပဉ္စမမြောက်ဇနီးအဖြစ် ဒေါ်ငြိမ်းမေကို လက်ဆက်ခဲ့ရပြန်တော့တယ်။

ဦးနာအောက် ဆောက်လုပ်လှူဒါန်းခဲ့ပါသော သာသနိက အဆောက်အအုံများသည်ကား・・・

(၁) မွေးရပ်မြေ ကော့ခယ်ခရွာတွင် ကျောင်း၊ သိမ်နှင့် ဇရပ်များ။
(၂) ခရုံရွာတွင် ကျောင်းတစ်ကျောင်း။
(၃) မော်လမြိုင်တောင်ပိုင်းရပ်တွင် (ပန်းဥယျာဉ်ကျောင်း) သိမ်ကျောင်းကြီး။
(၄) ကော့နတ်ရွာ စာသင်တိုက်၊ ဆွမ်းစားဆောင်နှင့် ဘုရားတန်ဆောင်း။
(၅) အတုမရှိကျောင်း၊ ယက္ကန်းစင်ကျောင်း(ယခုပျက်စီး)
(၆) နှစ်ကျိပ်ရှစ်ဆူ ဝတ်တန်ဆောင်း။
(၇) ဒီပက်ရာဝတ်တန်ဆောင်း။
(၈) မဟာဝိဇယ သိမ်တော်ကြီး။
(၉) ဆုတောင်းပြည့် ဝတ်တန်ဆောင်း။
(၁၀) မဟာစေတီကြီးနှင့် ဆုတောင်းပြည့်စေတီတို့ ဖြစ်ကြပါတယ်။

သာသနာတော်ကို အားပေးချီးမြှောက်လှူဒါန်းသော ဘုရားဒကာကြီး ဦးနာအောက်သည် မည်သူမျှ မလွန်ဆန်သင်္ခါရတရားကြောင့် သက္ကရာဇ် ၁၂၇၅ ခုနှစ်၊ နယုတ်လဆုတ် ၁၂ ရက်၊ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်အချိန်၊ အသက် ၈၁ နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။

ဦးနာအောက်၏ ရုပ်အလောင်းကို ခုနစ်ရက်၊ ခုနစ်ညတာ ထားရှိပြီး နေ့စဉ် လှူဒါန်းကျွေးမွေးပြီး ခုနစ်ရက်မြောက်နေ့တွင် ခမ်းနားစွာ သင်္ဂြိုဟ်လိုက်ကြပါတော့တယ်။ ဦးနာအောက်ဟာ မြန်မာအမျိုးသား၊ တိုင်းရင်းသားတွေဂုဏ်ယူစရာ၊ စံပြစရာ ပုဂ္ဂိုလ်ထူးကြီးပါ။ လူသေသော်လည်း နာမည်မသေတဲ့ ပုဂ္ဂိုလ်ပါ။ အမျိုးသားတွေရဲ့အရေး၊ သာသနာမကွယ်မပျောက်စေရေးအတွက် အလှူဂရုဓမ္မပြုခဲ့သော ပုဂ္ဂိုလ်တစ်ယောက်ပါ။

ဦးနာအောက်ရဲ့ ရုပ်ပုံကို နောင်လာနောက်သားများတွေမြင်မှတ်သားနိုင်စေဖို့အတွက် စကျင်ကျောက်ဖြင့် ထုလုပ်ထားရှိထားပါတယ်။ ကျောက်ရုပ်တုကို ခရစ်နှစ် ၁၉၂၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ထုလုပ်ပြီးစီး ဖွင့်လှစ်ခဲ့ပါတယ်။

ကျောက်ရုပ်ထုအောက်တွင် မွန်ဘာသာ၊ မြန်မာဘာသာ နှစ်ဘာသာဖြင့် ကမ္ပည်းထိုးထားသည်မှာ "ကော့နတ်ရွာနေ ကောင်းမှုပညာရှင်ကြီးဖြစ်သော သစ်ကုန်သည်၊ ဆန်စက်ပိုင်ရှင်၊ မြန်မာပြည် မီးသင်္ဘောကုမ္ပဏီသူဌေးကြီး၊ ဘုရားဒါယကာကြီး ဦးနာအောက်သည် သက္ကရာဇ် ၁၁၉၄ ခုနှစ်၊ ကဆုန်လဆုတ် ၃ ရက်၊ ကြာသပတေးနေ့တွင် မွေးဖွားပြီး၊ ခရစ်နှစ် ၁၂၇၅ ခုနှစ်၊ နယုန်လဆုတ် ၁၂ ရက်နေ့ ၁၂ နာရီ ၃၅ မိနစ်အချိန်တွင် စုတေကွယ်လွန်သည်" ဟူ၍ ဖြစ်ပါတယ်။

ကိုမောင်သန်းဝင်း





www.burmeseclassic.com

www.burmeseclassic.com

# မန်လည်ဆရာတော်ဘုရားကြီး နှင့် "အဓိပတေယျ" စက်

**✦ သူတော်စိန်**

အဓိပတေယျစက် ဆိုသည်မှာ ဘဝါ ဘဝက ဒါန ပါရမီပြည့်စုံခဲ့သော ပုဂ္ဂိုလ်သည် ဖြစ်လေရာဘဝတိုင်း၌ -

(၁) အသက်ရှည်ခြင်း၊ (၂) အခြွေအရံပေါများ ကျော်စောထင်ရှားခြင်း၊ (၃) အဆင်းပြည့်စုံခြင်း၊ (၄) ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း၊ (၅) သူတစ်ပါးအပေါ် လွှမ်းမိုးနိုင်ခြင်းဟူသော အကျိုးတရားငါးပါးရရာ၏ဟု ပဉ္စင်္ဂုတ္တရ ပါဠိတော်၌ ဘုရားဟောတော်မူခဲ့လေရာ သူတစ်ပါးအပေါ် လွှမ်းမိုးနိုင်ခြင်းကို "အဓိပတေယျစက်"ဟု ခေါ်လေသည်။ တစ်နည်းအားဖြင့် သမ္ပတ္တိတရားလေးပါးတွင် "ပုဗ္ဗေစကတ ပုညတာ"စက်ပင် ဖြစ်ပေသည်။ မန်လည်ဆရာတော်ဘုရားအား အဓိပတေယျစက်နှင့် ပြည့်စုံသူဖြစ်၍ ဘယ်သူက နိမ့်နိမ့်၊ နိမ့်သူသာ နောက်ဆုံးရှုံးရမည်။ မည်သူနှင့်ယှဉ်ယှဉ် နောက်ဆုံးတွင် မန်လည်ဆရာတော်ဘုရားကသာ သာလွန်ရမည်ဟု အများက ချီးကျူးခဲ့ကြရလေသည်။

ပုထုဇဉ်သတ္တဝါတို့၏ သန္တာန်တွင် တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော ဂါဟတရားတို့သည် လွှမ်းမိုး၍ တည်နေလေသည်။ ထိုတရားဆိုးများ တည်နေခြင်းကြောင့် ပုထုဇဉ်သတ္တဝါမှန်သမျှ မိမိ၏ခန္ဓာကိုယ်ကို အလွန်ချစ်သည်၊ အလွန်ခင်တွယ်သည်၊ အလွန်အထင်ကြီးသည်။ မိမိခန္ဓာကိုယ်ကို ထိလာလျှင် ဆတ်ဆတ်ထိမျှ မခံချင်ကြပေ။ ကိုယ်က အနိုင်ရနေသောအခါ၌ တစ်ဖက်သား မလှုပ်ဝံ့အောင် ခွေးနိုင်၊ ကြက်နိုင် နိုင်တတ်ကြသည်။ ကိုယ်က မှားသောအခါ၌လည်း "နေနှင့်ဦး၊ နောင်တစ်ချိန်သိမယ်"ဟု ဘေးမှတ်ကာ ပုဆိုးခြုံထဲက လက်သီးပြတတ်ကြလေသည်။ မိမိအမှားကို ဝန်ခံနိုင်သော ပုဂ္ဂိုလ်ကား ရှာမှရှားလှပါချေ၏။

မန်လည်ဆရာတော်ဘုရား ထင်ပေါ်ကျော်ကြားခြင်းသည် အတိုက်အခံများအကြားမှ တိုးတက်ထင်ပေါ်လာခြင်းကြောင့် မန်လည်ဆရာတော်ဘုရားကြီး၏ ရေးသားသုံးနှုန်း



www.burmeseclassic.com

www.burmeseclassic.com

ပုံကို လေ့လာပါက တစ်ဖက်သား မထနိုင်၊ မထရအောင် ကျောက်တုံးကြီးနှင့်ဖိသော အရေးအသားမျိုးကို များစွာတွေ့ ရလေသည်။ ဆရာတော်ကြီး ဝေဿဝိသနာသည်လည်း တပည့် တပန်းများကို ဝေါငမ်းဆုံးမတတ်သော ဝါသနာရှိတော်မူ၏။ ဤသည်ကို ထောက်ဆ၍ မန်လည်ဆရာတော်သည် အခြား ပုထုဇဉ်ပုဂ္ဂိုလ်တို့ကဲ့သို့ပင် အတ္တစိတ်အားကြီးပြီး "နိုင်လို ကြက်" ဖြစ်လေဟန် ထင်မြင်ဖွယ် ရှိလေသည်။ အမှန်မှာ ဆရာတော်သည် "ဘွင်းဘွင်းသမား" ဖြစ်ပြီး မဟုတ်သည်ကို မဟုတ်ဘူးပြောရဲ၍ မိမိများလျှင်လည်း မှားသည်ဟု ဝန်ခံရဲ သည်သာ ဖြစ်လေသည်။

မန်လည်ဆရာတော်၏ စိတ်တော်သည် သားဆိုးအား ကြမ်းတမ်းစွာ ဆိုဆုံးမသည့် မိခင်၏ စိတ်သာတည်း။ ထိုသား ဆိုးအပေါ်၌ နူးညံ့သိမ်မွေ့သည့် မိခင်စိတ်ရှိသကဲ့သို့ မန်လည် ဆရာတော်သည်လည်း ရွှေကျင်ဆရာတော်ကြီး၏ ဆုံးမစကား။ တစ်ကျိပ်နှစ်ပါးသော သုမေ္မာဆရာတော်တို့၏ စကားကိုမျှ နာခံခြင်းမရှိသည့် ပုသိမ်(ပုသိမ်)ဆရာတော် ဦးပဒုမအပေါ် မိခင်၏စိတ်ထားဖြင့် ရက်ရက်စက်စက် ပြောဆိုမိခဲ့သည်ကို စဉ်းစားက -

"မောင်ပဒုမကို ငါ ဒီလို ရင့်ရင့်သီးသီး ရေးသားမိ တာ မှားလေစွ" ဟု အတိအလင်း ဝန်ခံဖူးလေသည်။ တစ်ခါ က စစ်ကိုင်း ဝါးချက်ဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် မန်လည်ဆရာတော်ဘုရား သွားရောက်ကူညီရာတွင် မြန်မာ့ ထုံး ယိမ်းအဖွဲ့၊ ဇာတ်အဖွဲ့များကို မစီစဉ်ဘဲ "ဂျင်းဖောမနော အက" ကို စီစဉ်တော်မူလေသည်။ ထိုအခါ ဆရာတော်အား လျှောက်ထားရဲသူ ဒကာအချို့က -

"မြို့သို့ တခမ်းတနား သွားကြရန်ဖြစ်သဖြင့် မနော အကအစား အခြားဇာတ်အဖွဲ့များကို စီစဉ်သင့်ကြောင်း" လျှောက်ထားကြလေသည်။ ထိုအခါ ဆရာတော်က -

"ဒေးကွယ်။ တို့မြန်မာဇာတ်ဆိုတာ အင်မတန် တာဝန်ကြီးလှတယ်ဟေ့။ ဂျင်းဖောမနောအဖွဲ့ကတော့ မောင်း လေးတစ်လုံး၊ နှစ်လုံး ရနိုင်ရင် ပြီးတာပဲ။ ပျံတော်မူတဲ့ ဆရာတော်ကြီးကို ဘာနှင့်ပဲ ချီးမြှောက်ချီးမြှင့်ကံ ကောင်း တာပဲ။ တို့ကတော့ ဂျင်းဖောအကကို ကြိုက်သဟေ့" ဟု ဆိုသဖြင့် ဆရာတော်အကြိုက် ဂျင်းဖောအဝတ်အစားများ၊ ဂျင်းဖောအကကိုသာ ဒကာများ စီစဉ်ကြရလေသည်။

ဆရာတော်ကြီးနှင့်အဖွဲ့ "သာစုကိဋ္ဌန" ပွဲသို့ ရောက် သောအခါ ဆရာတော်နှင့် အတူပါလာသည့် ကခုန်ကြမည့် ဒကာ၊ ဒကာမများမှာ သူတစ်ပါးဇာတ်အဖွဲ့များ ခမ်းခမ်းနား နား ပြင်ဆင်ထားကြသည်ကို လန့်၍ မကဝံ့တော့ဘဲ ရှိနေ ကြသည်။ အခြားတဲကျောင်းများမှ တီးသံ၊ မှုတ်သံ၊ ကခုန် သံများဖြင့် ဆူညံနေလေသည်။ ထိုအခါ ဆရာတော်က -

"ဟေ့ . . . ဒကာတွေ၊ ဘယ့်နှယ်လဲကွ။ မင်းတို့ မကကြသေးဘူးလား။ လုပ်ကြလကွယ်၊ ဘာငေးနေကြတာလဲ"

ဆရာတော်၏ အာဏာကို မလွန်ဆန်ရဲသော ဒကာ များက စိုးတရွံ့ရွံ့ဖြင့်ပင် ဂျင်းဖောအဝတ်အစားများ လဲလှယ် ကာ တဲကျောင်းရှေ့ မြေကွက်လပ်တွင် မောင်းသံတနောင် နောင်ဖြင့် ဂျင်းဖောအကကို ကကြရရှာလေသည်။

ထိုအခါ ဂျင်းဖောအတီးအကကို မဆိုထားဘဲ၊ များ သောအားဖြင့် ဂျင်းဖောလူမျိုးကိုပင် မမြင်ဖူးသော လူထု ပရိသတ်မှာ "ဂျင်းဖောအက ကသတဲ့" ဟူသော သတင်းကြား လျှင်ပင် အခြားအခြားသော ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ပွဲ များကို ပစ်၍ ဆရာတော်၏ တဲကျောင်းရှေ့သို့ တိုးဝှေ့ရောက် ရှိလာကြလေရာ ငွေကုန်ကြေးကျခံပြီး ပြင်ဆင်ထားရသော အခြားအဖွဲ့များမှ ဆရာတော်၏ ဂျင်းဖောအဖွဲ့အား အရှုံးပေး ကြရလေတော့သည်။ ဤသို့ သာမန်အဖွဲ့ကလေးမျှဖြင့် အဖွဲ့ ကြီးများကို အနိုင်ရသဖြင့် အချို့က မန်လည်ဆရာတော် ဘုရားအား "အဓိပတေယျစက" နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟု ချီးကျူးပြောဆိုကြလေသည်။ အမှန်အားဖြင့် ဆရာတော် ကြီး၏ ပါရမီဉာဏ်သည် နောင်တွင် ဖြစ်ပေါ်လာမည့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးသွေးစည်းရေးကို မျှော်ကိုး လုပ်ဆောင်သည်ဟုဆိုက မှားအံ့မထင်ပါချေ။

သူတော်စိန်

■ ကျမ်းကိုး ■

ထီးချိုင့်မြို့ တည်တောဆရာတော်ဘုရားကြီး ရေးသား တော်မူသည့် "မန်လည်ဆရာတော်ဘုရားကြီး စကားအသွန် အဖူးများ"


www.burmeseclassic.com

www.burmeseclassic.com

# အပြင်လောကမှ

# မြွေမင်းသားပုံပြင်

တင်နိုင်တိုး



ငယ်စဉ်ကလေးဘဝက မြွေမင်းသားပုံပြင်ကို ကြားဖူးခဲ့သည်။ မင်းသားကလေးသည် မြွေယောင်ဆောင်လျက် ဆန်အိုးအတွင်း ဝင်ခွေနေသည်။ ဆန်အိုးအတွင်း ဆန်ခြင်ရန်နှိုက်တော့ လက်ကို ပတ်ထားသည်။ ထို့နောက် မည်သူမည်ဝါကိုလိုလျှင် တစ်ပတ်လျှော့ပါ... တော့ မြွေမင်းသားလေးက တစ်ပ... လျှော့ပေးသည်။ “မထွေးလိုရင် တစ်ပတ်လျှော့ပါ”ဆိုတော့ ရစ်ပတ်ထားရာမှ အားလုံးလွတ်သွားသည်။ မြွေမင်းသားကလေးကို မထွေးနှင့် ထိမ်းမြားပေးလိုက်သည်။ ဇာတ်လမ်းအကျဉ်းကဤသို့ဖြစ်ပါသည်။

ပုံပြင်ထဲတွင်ရှိခဲ့သည့် အဖြစ်အပျက်မျိုးက ထူးထူးခြားခြား ပြင်ပလောကတွင်လည်း ရှိခဲ့ဖူးပါသည်။ ရှေးယခင်က မြိတ်ခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်မဲတောင်ရွာတွင် လူနှင့်မြွေတို့ မင်္ဂလာဆောင်ခဲ့ကြခြင်းဖြစ်သည်။ မြွေက မြွေမင်းသား ဟုတ်မဟုတ်တော့ မသိရပေ။ မြွေကြီးကို ဥစ္စာစောင့်မြွေကြီးဟု ရည်ညွှန်းပြောဆိုကြသည်။ မြွေကြီးနှင့် ထိမ်းမြားလက်ထပ်ခဲ့သူက ဒေါ်ရွှေအိမ်ခေါ် ဘွားရွှေအိမ်ဖြစ်သည်။

သို့သော် ယင်းဥစ္စာစောင့်မြွေကြီး



www.burmeseclassic.com

www.burmeseclassic.com

ကား ဘဝဇာတ်သိမ်းမကောင်းရှာပါပေ။ ၆-၂-၁၉၅၁ ရက်စွဲပါ ြမန်မာ့အလင်း သတင်းစာအရ မြွေကြီးအံ့ဇနီး ဘွားရွှေအိမ်က ငါးပိရောင်းချကာ အသက်မွေးမြူရသူ ဖြစ်သည်။ တစ်နေ့ ဘွားရွှေအိမ် မြိတ်မြို့သို့ ငါးပိသွားရောင်းစဉ် တစ်ရွာတည်းနေ ရွာသား ပသျှူးအာမတ်ဆိုသူက မြွေကြီးအား ဓားဖြင့်ပိုင်းသတ်လိုက်ခြင်းဖြစ်သည်။ ပသျှူးအာမတ်သည် မူးယစ်သောက်စားပြီး ဘွားရွှေအိမ်၏ နေအိမ်သို့ သွားရောက်ကာ မြွေကြီးနှင့် ဆော့ကစားသည်ဆိုသည်။ ယင်းသို့ ကစားရာမှ မြွေကြီးအား ခုတ်သတ်လိုက်ခြင်း ဖြစ်သည်ဆို၏။

မြွေကြီးသေသွားတော့ ရွာသူရွာသားမျိုးအားလုံး စိတ်မကောင်းဖြစ်ကြရသည်။ ယင်းမြွေကြီးသည် ရွာရှိကလေးလူကြီး အားလုံးနှင့် ခင်မင်ယဉ်ပါးလျက်ရှိ ြသည်ဆိုပါသည်။ ကလေးများက ကိုင်တွယ်ကျီစားကြသော်လည်း မြွေကြီးက မည်သို့မျှ ပြန်လည်ရန်ပြုခြင်းမရှိပေ။ မြွေကြီးအသတ်မခံရမီ နှစ်ရက်ခန့်အလိုတွင် ဘုတ်ပြင်းမြို့ပိုင် ဦးမင်းနှင့် ဘပည့်များက ကြိမ်မဲတောင်ကျေးရွာသို့ သွားရောက်ကြကာ မြွေကြီးကို လေ့လာကာကြည့်ရှုခဲ့ကြသည်။

မြွေကြီးသည် မြို့ပိုင်ဦးမင်းနှင့် အဖွဲ့အား မည်သို့မျှ ရန်မူခြင်းမပြုခဲ့ပေ။ သို့သော် ဓာတ်ပုံရိုက်သည်ကိုမူ ငြင်းပယ်ခဲ့သည် ဆိုပါသည်။ မြွေကြီးအား ဓာတ်ပုံရိုက်ယူရန် အခန်းတွင်းမှ ချီထုတ်ကြရာ မြွေကြီးက ရန်ပြုခြင်းမရှိခဲ့ပေ။ သို့သော် ဓာတ်ပုံရိုက်ရန် ပြင်ဆင်လိုက်တိုင်း အမြီးကို တိုင်နှင့်ရစ်ပတ်ပြီး ပုန်းကွယ်နေလေ့ရှိသည်ဆို၏။ သို့ဖြင့် မြွေကြီးမှာ ဓာတ်ပုံရိုက်မခံလိုဟု မှတ်ယူခဲ့ကြသည်။

ဘုတ်ပြင်းမြို့ပိုင်မှာလည်း တစ်သက်နှင့်တစ်ကိုယ် ပုံပြင်ထဲတွင်သာ ကြားဖူးသော မြွေကြီးနှင့် လူတို့ အတူပေါင်းသင်းနေထိုင်မှုအပေါ် မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ အလွန်အမင်းအံ့အားသင့်နေမိလေသည်။ မြွေကြီးအား သေသေချာချာ လေ့လာကြည့်ရှုကြပြီးနောက် မြို့ပိုင်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာသွားကြသည်။ နောက်နှစ်ရက်အကြာတွင် မြွေကြီးအား ဓားဖြင့်ခုတ်ကာ သတ်ဖြတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြွေကြီးကို သတ်ဖြတ်ခဲ့သူ ပသျှူးအာမတ်အနေဖြင့် မည်သို့မည်ပုံ အရေးယူခံခဲ့ရသည်ကိုတော့ မသိရပေ။

ရွာသူရွာသားများသည် မြွေကြီးနှင့် ဘွားရွှေအိမ်အပေါ် အလွန်သနားကရုဏာသက်ခဲ့ကြလေသည်။ မြွေကြီး၏ အလောင်းကို ရတ်တရက်မပစ်ရက်ကြဘဲ ဘွားရွှေအိမ်၏ အိမ်ရှေ့ခန်း၌ ကောင်းစွာ ပြင်ဆင်ပေးခဲ့ကြသည်။ မြွေကြီးကို ခုတ်သတ်ခံရစဉ်က ဖွားရွှေအိမ်မှာ မြို့သို့တက်၍ ငါးပိသွားရောင်းနေချိန်ဖြစ်ပါသည်။ ဘွားရွှေအိမ်မြို့မှ ပြန်လာသောအခါမှ ဝမ်းနည်းကြေကွဲဖွယ်မြင်ကွင်းကို တွေ့မြင်ရခြင်းဖြစ်သည်။

ဘွားရွှေအိမ်သည် မြွေကြီး၏ အဖြစ်ကို မြင်ရတော့ ရုတ်တရက်မူးလဲသွားကာ မြွေကြီးအနီး၌ ငိုကြွေးမဆုံးရှိတော့သည်ဆိုသည်။ ဘွားရွှေအိမ်၏ အဖြစ်ကိုကြည့်ပြီး ရွာသူရွာသားအားလုံးက စိတ်မကောင်းဖြစ်ခဲ့ကြသည်။ နောက်ဆုံး မြွေကြီး၏ ရုပ်အလောင်းကို လှူယောက်ျားနှင့်မခြား ပြင်ဆင်ကာ ရွာသင်္ချိုင်းသို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပေးခဲ့ကြသည်။ အရိုးပြာကိုလည်း တရိုတသေ အိုးတွင်ထည့်သွင်းပေးကြသည်။


ဥစ္စာစောင့်မြွေကြီးနှင့် ဘွားရွှေအိမ်တို့အကြောင်းကို မြိတ်မြို့ဝန်းကျင်တွင် နှစ်အတန်ကြာ ပြောမဆုံး၊ ဆိုမဆုံး ရှိခဲ့ကြသည်။ မြွေမင်းသားပုံပြင်သည် အပြင်လောကတွင်ပါ ရှိနေပုံကို တအံ့တသြဖြစ်ခဲ့ကြလေသည်။ ပို၍ထူးခြားသည်မှာ မြွေကြီးအသတ်ခံရပြီးနောက်ပိုင်း ဘွားရွှေအိမ်မှာ စီးပွားရေး တစ်နေ့တခြား ဆုတ်ယုတ်လာခဲ့သည်ဆိုပါသည်။ ဘွားရွှေအိမ်အား ဥစ္စာစောင့်မြွေကြီးကပင် စောင့်ရှောက်နေသကဲ့သို့ ပြောဆိုမှုများ ရှိခဲ့ကြသည်။

တိုက်ဆိုင်မှုတစ်ရပ်အနေဖြင့် မြွေကြီးမရှိသည့်နောက်ပိုင်း ရွာသူရွာသား အများစုမှာ စုန်းပူး၊ နတ်ပူးမှုများ မကြာခဏ ဖြစ်ခဲ့ကြသည်ဆိုသည်။ အချို့ကလည်း နတ်ဖမ်းသလိုဖြစ်ကာ နာမကျန်းဖြစ်ခဲ့ကြသည်ဆို၏။ ထိုခေတ်ကာလက စုန်းကဝေ၊ တစ္ဆေ ရုပ်ရှင်ဇာတ်ကားများ ထွန်းကားခဲ့သည့်နည်းတူ မြန်မာ့အလင်း သတင်းစာမှပင် "လူနှင့်ထိမ်းမြားလက်ထပ်သော မြွေကြီး" ခေါင်းစဉ်ဖြင့် သတင်းဖော်ပြခဲ့ရာ ယင်းသတင်းမှာ ဟိုးလေးတကြော် ဖြစ်ခဲ့ပါသည်။

မည်သို့ဆိုစေကာမူ မြွေမင်းသားပုံပြင်မှာ ဒဏ္ဍာရီအဖြစ်သာမက အပြင်လောက၌တွင်ပါ ရှိနေသည်ဟု ဆိုနိုင်ပါသည်။

● တင်နိုင်တိုး

www.burmeseclassic.com



# မီးဘေးကင်းအောင် ငုံးရုပ်ဆောင်

● ချစ်မမသက်

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ ဟူ၍ ရန်သူမျိုးငါးပါး ရှိကြောင်း မှတ်သားရဖူးပါသည်။ ရန်သူမျိုးငါးပါးကို မည်သူမျှ မသင့်လိုကြပါ။ သို့ဖြစ်၍လည်း ဘုရားရှိခိုးပြီးသောအခါ ရန်သူမျိုးငါးပါးမှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရပါလိုကြောင်း ထည့်သွင်းကြခြင်း ဖြစ်ပါသည်။

ထိုရန်သူမျိုးငါးပါးအနက် မီးဆို သည်မှာ မိမိတို့အတွက် ရန်သူလည်းမည်ပါ၏။ မိတ်ဆွေလည်း မည်ပါ၏။ မီးဆိုသည်က မသုံးတတ်လျှင် ရန်သူအသွင်၊ သုံးတတ်လျှင် မိတ်ဆွေအသွင် ဖြစ်သည်မဟုတ်ပါလား။ ရန်သူအသွင်ဖြစ်၍ ရှောင်ကြဉ်ရမည်ဆိုလည်း ဖြစ်နိုင်သည့်ကိစ္စ မဟုတ်။ မီးကြောင့် လူသားများ အသက်ရှင်ရပ်တည်နေနိုင်ကြသည် မဟုတ်ပါလား။ ရှောင်ကြဉ်၍မရမည့်အတူတူ မိတ်ဆွေအဖြစ် မြဲနိုင်စွာ လက်တွဲသွားနိုင်ရန် မိမိတို့ဘက်မှ ဂရုတစိုက်အသုံးချရမှာပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်စဉ်နှစ်တိုင်း ကိုယ့်ပယောဂမပါ သည့်တိုင် အခြားအခြားသောသူတို့ ပေါ့ ဆစွာ သုံးစွဲရာမှလည်းကောင်း၊ သဘာဝ အန္တရာယ်ကြောင့်လည်းကောင်း၊ လျှပ်စစ် ကြောင့်လည်းကောင်း၊ အဖျက်သမားတို့ ၏ ရန်ကြောင့်လည်းကောင်း မီးဘေးသင့် မှုများကို ကြုံရ ကြားရပါ၏။ အသက်အိုး အိမ်များ၊ နိုင်ငံတော်ပိုင် အဆောက်အဦ များ ပျက်စီးဆုံးရှုံးနေရပါ၏။ သည်တော့ ဥပဒေဘောင်တွင်းရှိ လူသားအားလုံးပင် မီးဘေးမှ ကင်းဝေးလိုကြပါသည်။ ဤ၌ တင်ပြလိုသည်မှ ဂမ္ဘီရအစီအရင်ဖြင့် မီး ဘေးကင်းအောင် စွမ်းဆောင်သည့်ကိစ္စ ဖြစ်ပါသည်။ တချို့က ဒက္ခိဏသာခါ ဘုရားရှင်ကို ထုလုပ်ပူဇော်ကိုးကွယ်ကြပါ ၏။ ဝဋ္ဋသုတ်တော်ကို ရွတ်ဖတ်ပူဇော် ကြပါ၏။ မီးကွင်းဂမုန်းကို စိုက်ပျိုးထား တတ်ကြပါ၏။ အားလုံးပင် သူ့သဘာဝနှင့် သူ အဓိပ္ပာယ်ရှိကြပါသည်။ လုပ်လည်း လုပ်ဆောင်သင့်ကြပါသည်။

ဤ၌ စာရေးသူ တင်ပြလိုသည်မှာ မီးဘေးကင်းရန်အတွက် ငုံးရုပ်ကလေးကို ထုလုပ်ပြီး ဆောင်ထားရန် ဖြစ်ပါသည်။ ငုံးဟူသည်မှာ ဘုရားအလောင်းတော် နှစဉ်ကာလ ငုံးဘဝဖြစ်စဉ် လေးနက်လု စွာသော သစ္စာစကားကို ဆိုသဖြင့် မီး ဘေးအန္တရာယ်မှ လွတ်ကင်းခဲ့ဖူးလေရာ ငုံးရုပ်ကို ဘုရားလောင်းအမှတ်ဖြင့် ထု လုပ်ခြင်းလည်း ဖြစ်ပါသည်။ ပို၍ ပီပြင် သက်ဝင်လာစေရန် ပရိတ်ကြီး ၁၁ သုတ် လာ ဝဋ္ဋသုတ်တော်နှင့် ထုံမွမ်းဖို့လည်း လိုအပ်ပါသည်။ ငုံးရုပ်တုလုပ်မည့် သစ် ထည်အား ဝဋ္ဋသုတ်တော် ကိုးခေါက်ရွတ် ဆိုထားသော ရေဖြင့် စင်ကြယ်အောင် ဆေးကြောသန့်စင်ပြီးမှ ထုလုပ်ရပါမည်။ ထုလုပ်ရာတွင်လည်း အိမ်ထောင်ဦးစီး ဖြစ်သူ၏ နေ့နံကို အဓိကထား၍ ထုလုပ် သင့်ပါသည်။

**၁။ တနင်္ဂနွေသားအတွက်**

ဒန်းကြီးသားကို ကြာသပတေးနေ့ ၌ ထုလုပ်ရပါမည်။

**၂။ တနင်္လာသားအတွက်**

သြဇာသားကို သောကြာနေ့၌ ထု လုပ်ရပါမည်။

**၃။ အင်္ဂါသားအတွက်**

ခရေသားကို စနေနေ့၌ ထုလုပ်ရ ပါမည်။

**၄။ ဗုဒ္ဓဟူးသားအတွက်**

စိန်ပန်းသားကို တနင်္ဂနွေနေ့၌ ထု လုပ်ရပါမည်။

**၅။ ကြာသပတေးသားအတွက်**

ရှောက်သားကို တနင်္လာနေ့၌ ထု လုပ်ရပါမည်။

**၆။ သောကြာသားအတွက်**

ပိတောက်သားကို အင်္ဂါနေ့၌ ထု လုပ်ရပါမည်။

**၇။ စနေသားအတွက်**

သစ်အယ်သားကို ဗုဒ္ဓဟူးနေ့၌ ထု လုပ်ရပါမည်။

ထုလုပ်ရမည့်အသားကို လေ့လာ ကြည့်လျှင် အမြစ်နံကျသော အသားများ ဖြစ်၍ ထုလုပ်ရမည့်နေ့များမှာ ပဥ္စပွတ် ကျသောနေ့များဖြစ်ကြောင်း တွေ့ရှိရပါ မည်။ လွဲချော်ပါက အစွမ်းအာနိသင် မရှိ နိုင်ပါ။ ထုလုပ်ပြီးသော ငုံးရုပ်အား ဘုရား ကျောင်းဆောင်ရှေ့၌လည်းကောင်း၊ ဘုရား ကျောင်းဆောင်အောက်၌လည်းကောင်း အဆောင်ရုပ်အဖြစ် ထားရှိနိုင်ပါသည်။ ထိုသို့ ထားရှိသည့်သကာလ ဝဋ္ဋသုတ် တော်အား နံနက်တစ်ခေါက်၊ ညတစ် ခေါက် ပုံမှန်ရွတ်ဆိုပေးပါက အစွမ်း အာနိသင်များ ထက်မြက်ကာ မီးဘေး အန္တရာယ်မှ အမှန်တကယ်ပင် ကင်း လွတ်နိုင်ပါလိမ့်မည်။

ယုံကြည်စွာဖြင့် လုပ်ဆောင်ကြည့် စေလိုပါသည်။ အကျိုးမယုတ်ပါ။ စီးပွား လာဘ်လာဘများ ပွင့်လန်းလျက် အခက် အခဲများ ပြေလည်ပြီး ရန်သူမျိုးငါးပါး၌ တစ်ပါးအပါအဝင်ဖြစ်သည့် မီးဘေး အန္တရာယ်မှ ကင်းလွတ်လိမ့်မည့်အကြောင်း စေတနာကောင်းဖြင့် နှီးဆော်တိုက်တွန်း ရေးသားလိုက်ရပါ၏။

**ချစ်မမသက်**

တချို့က ဒက္ခိဏသာခါဘုရားရှင်ကို
ထုလုပ်ပူဇော်ကိုးကွယ်ကြပါ၏။
ဝဋ္ဋသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပါ၏။
မီးကွင်းဂမုန်းကို စိုက်ပျိုးထားတတ်ကြပါ၏။
အားလုံးပင် သူ့သဘာဝနှင့်သူအဓိပ္ပာယ်ရှိကြပါသည်။
လုပ်လည်း လုပ်ဆောင်သင့်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ဆင်းရဲမှု ဒါတွေလား

□ အင်္ဂဝိဇ္ဇာဆရာအောင်

"ပြောကို မပြောချင်တော့ပါဘူး ဆရာရယ်"

ဟူ၍ စကားစချီလာကတည်းက ကွယ်လွန်သူ ရုပ်ရှင်ဇာတ်ပို့ အမျိုးသမီးကြီး ဒေါ်မြလေးပင်လျှင် လက်မြောက်အရှုံးပေးရမည့်သူတစ်ဦး နာဒုက္ခလာပေးတော့မည်မှန်း ကျွန်ုပ်သဘောပေါက်လိုက်ပါတော့၏။ ထိုသူမှာ ဣတ္ထိယအနွယ်ဝင်ဖြစ်လျက် အမည်သညာခေါ်စရာကား 'ခင်ရန်ရှင်း' ဖြစ်၏။ နာမည်ကလေး လှသလောက်၊ အဓိပ္ပာယ်ပြည့်ဝသလောက် တကယ့်တကယ်တမ်းကျ သူမနှင့်တည့်သောသူသည် တစ်ကမ္ဘာလုံး ရှိအံ့မထင်။ ယောက္ခမနှင့်လည်းမတည့်၊ ယောက်မနှင့်လည်း မတည့်၊ အိမ်နီးနားချင်းနှင့်လည်း မတည့်။ ယုတ်စွအဆုံး ခင်ပွန်းသည် ဆိုက်ကားဆရာကိုညွန့်တင်နှင့်သာမက သူမနှင့် အရင်အိမ်ထောင်မှရခဲ့သော သားအရင်းအချာ မောင်ကျွဲသိုးကလေးနှင့်ပင် မတည့်။ အမြဲလို မာန်စောင်ရန်လိုနေသည့်အတွက် သူမအဖို့ အဘယ်မှာလျှင် 'ခင်ရန်ရှင်း'ဆိုသည့် အမည်နှင့် ကိုက်ညီနိုင်ပါအံ့နည်း။

အိမ်သို့ သူမ ရောက်လာပြီဆိုလျှင် အပူဓာတ်ခံတွေက အလိုလို ကူးစက်ပြီးသား။ ယခုလည်း ဆိုင်းမဆင့်၊ ဗုံမဆင့်ဆိုသလို ရောက်လာခဲ့ပြန်ပြီကော။

"ပြောကို မပြောချင်တော့ပါဘူး ဆရာရယ်။ ကျွန်မလောက် စိတ်ဆင်းရဲနေတဲ့သူဆိုတာ ကမ္ဘာမှာ ရှိမယ် မထင်တော့ပါဘူးရှင်"

"ကမ္ဘာနဲ့တောင် ချီလာတယ်ဆိုတော့ ခင်ဗျားရဲ့ အပူသောကဟာ နည်းနည်းနောနောတော့ ဟုတ်လိမ့်မယ် မထင်ဘူး"

"သေချာတာပေ့ါ ဆရာရယ်။ သိပ်သေချာတာပေ့ါ။ အိမ်ပေါ် အခန့်သား တက်နေတဲ့ ယောက္ခမတို့၊ ယောက်မတို့ဆိုတာ သူတို့ဝမ်းဝ၊ ခါးလှရင်ပြီးရော။ အကုန်လုံးကို စီမံခန့်ခွဲပြီး ကျွန်မပဲ ပူနေရတာ၊ သောကရောက်ရတာ ဆရာရဲ့။

ခုတလော ထောင်ထားတဲ့ ဆိုက်ကားတွေကလည်း ဖောက်ကျိုးရတာနဲ့၊ ဘီးခွင်ပြီး စပုတ်ပြတ်ရတာနဲ့။ ရတာနဲ့ ပြင်ရတာ မကိုက်ပါဘူး။ ကိုညွန့်တင်ကလည်း ဆိုက်ကားဂိတ်မှာ ကျားထိုးလိုက်၊ နှစ်လုံး သုံးလုံး ကစားလိုက်၊ ဘောလုံးပွဲလောင်းလိုက်နဲ့ အလုပ်ကို မည်မည်ရရ ခေါင်းမဦးချ လုပ်စားချင်တယ် မရှိဘူး။ ဟိုအကောင် ကျွဲသိုးဆိုရင် ဘာမဟုတ် ညာမဟုတ်နဲ့ ဆယ်တန်းတောင် မအောင်သေးဘူး။ ဘီဘာလေး တမြမြ၊ စီးကရက်လေး တဖွာ

www.burmeseclassic.com

ဖွာလုပ်တတ်နေပြီ။ ကျွန်မတော့ သေသာသေလိုက်ချင်တော့တာပဲ ဆရာရယ်။

ဒီကြားထဲ ငွေကျိန်းသေပေါက်ရမယ်လို့ ချိန်းထားတာတွေကလည်း တလွဲတချော်တွေဖြစ်၊ အနှောင့်အယှက်တွေကလည်း များမှများ၊ ဒီကြားထဲ ကိုညွှန့်တင်လက်ချက်လား၊ ကျွဲသိုးလက်ချက်လားမသိဘူး။ အကျႌ၊ ထဘီတွေကလည်း ခဏခဏပျောက်ဆိုတော့ ကျွန်မ စိတ်ဆင်းရဲရတယ်ဆိုတာ အစီရင်ခံနေဖို့တောင် လိုတော့မယ် မထင်ပါဘူး ဆရာရယ်"

"ဟုတ်ပါပြီဗျာ။ ဒီတော့ ကျုပ်က ဘာများဆောင်ရွက်ပေးရမလဲ"

"စိတ်ဆင်းရဲနေတာတွေ ပျောက်ချင်တယ်ဆရာ"

"ဒီလိုဆိုရင် ခင်ဗျားအနေနဲ့ 'ငါမှ ငါ'ဆိုတဲ့ အတ္တစွဲတွေကို ဖျောက်ရမယ်။ လောဘ၊ ဒေါသ၊ မာန်မာနတွေ ထိန်းချုပ်ဖို့ လိုမယ်။ စိတ်ကို ကြည်ကြည်လင်လင်ထား။ အားလုံးအပေါ် သံသယစိတ်နဲ့ မကြည့်နဲ့ပေါ့။ အကောင်းဆုံးက တရားမှတ်နေတာ ကောင်းလိမ့်မယ်"

"ကျွန်မ ကြိုးစားပါ့မယ်ဆရာ။ ဆရာ့အနေနဲ့ လောကီပညာနည်းနဲ့ ကျွန်မရဲ့သောကကို ကူညီပါဦး"

"ကောင်းပြီလေ။ အတတ်နိုင်ဆုံး ကူညီမှာပေါ့"

ကျွန်ုပ်လည်း တနင်္လာသမီးဖြစ်သော သူမအား စိတ်ဆင်းရဲမှုများ ကင်းပျောက်စေရန်အတွက် 'စတုရန်းအရပ်'တွင်ရှိသော (အနောက်အရပ်တွင်ရှိသည့်)ဘုရားစေတီတစ်ဆူဆူထံ 'တြိရန်း'အခါကျသော ညနေ ၃း၀၀ နာရီမှ ၄း၃၀ နာရီအတွင်း သွားရောက်၍ မိတ်ဂြိုဟ်အသီးဖြစ်သော 'ရှောက်သီး'ကို ကပ်လှူခိုင်းလိုက်လေတော့၏။ ဤနည်းကား မိတ်ဓာတ်ဆက်မည့် ဓာတ်ဆင်မှုဖြစ်လေရာ စိတ်သောကဖိစီးခြင်းခံရသူတို့အနေဖြင့် တစ်ဖက်ပါ ဇယားလေးကိုကြည့်၍ စီစဉ်ဆောင်ရွက်နိုင်ပါကြောင်း။

| နေ့နံ | တြိရန်းအခါ | လှူဒါန်းရမည့်အရပ်မှ ဘုရားမှ | မိတ်ဂြိုဟ်အသီး/အညွန့် |
|---|---|---|---|
| တနင်္ဂနွေ | ညနေ ၃း၀၀ မှ ၄း၃၀ နာရီအတွင်း | တောင်အရပ် | ဆီးသီး |
| တနင်္လာ | ညနေ ၃း၀၀ မှ ၄း၃၀ နာရီအတွင်း | အနောက်အရပ် | ရှောက်သီး |
| အင်္ဂါ | ညနေ ၃း၀၀ မှ ၄း၃၀ နာရီအတွင်း | မြောက်အရပ် | ပေါက်ပန်းဖြူညွန့် |
| ဗုဒ္ဓဟူး | ညနေ ၃း၀၀ မှ ၄း၃၀ နာရီအတွင်း | အနောက်တောင်အရပ် | ဒန်းညွန့် |
| ကြာသပတေး | ညနေ ၃း၀၀ မှ ၄း၃၀ နာရီအတွင်း | အရှေ့မြောက်အရပ် | ဆီးသီး |
| သောကြာ | ညနေ ၃း၀၀ မှ ၄း၃၀ နာရီအတွင်း | အရှေ့အရပ် | အုန်းသီး |
| စနေ | ညနေ ၃း၀၀ မှ ၄း၃၀ နာရီအတွင်း | အရှေ့တောင်အရပ် | ရဲယိုသီး |

**အင်္ဂဝိဇ္ဇာဆရာအေးဝင်း**



www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



ဟာကယ်ဆိုတော့ ….

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လုစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ….

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံရမယ့်ကာလ ဖြစ်ပါတယ်။ ငွေတွေလည်း ဟိုက ဒီက ဝင်လာတတ်တယ်။ ဤကာလအတွင်း၌ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ ငွေနှင့်ပတ်သက်ပြီး အခက်အခဲမရှိ လုပ်သမျှ အောင်မြင်နေမယ့်အချိန် ဖြစ်ပါတယ်။ အိမ်ထောင်ရှိတဲ့သူများ အနည်းငယ် ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ အိမ်ထောင်ရေး အရှုပ်အရှင်းတွေ ဖြစ်တတ်တယ်။ အပျို လူပျိုတွေအဖို့လည်း အစွပ်အစွဲ အပြောအဆို ခံရတတ်တယ်။ အင်္ဂါနံ၊ သောကြာနံတွေနှင့်စသော အမည်ရှင်တွေ ဂရုစိုက်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ငွေရှာရ လွယ်ကူနေပေမယ့် စုဆောင်း၍မရ၊ ငွေဝင်လျှင် ကိုင်မထားဘဲ ရွှေဝယ်ထားပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား အစားမှား ဖြစ်တတ်တယ်။ ရုတ်တရက် သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ မြတ်စွာဘုရားရုပ်ပွားတော်၏ ဦးခေါင်းတော်ကို ရွှေသက်န်း ကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်းများ ပြုလုပ်ပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၄၂

### အထူးသတိပြုရန်

အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ချောကလက်(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲနဲ့ စာအုပ်စာတမ်းတစ်ခု ရရှိတတ်တယ်။ ဘုရားကိုးဆူ ဘုရားအနေကဇာတင်တဲ့ ဖိတ်စာရရင် ယခုကာလအတွင်း လူမျိုးခြားနဲ့ ပတ်သက်တဲ့ကိစ္စတစ်ခု သေချာပေါက် အောင်မြင်ပါလိမ့်မယ်။ ပညာရပ်တစ်ခုလည်း မမျှော်လင့်ဘဲ သင်ကြားရတတ်တယ်။ ထိုပညာရပ်ဟာလည်း အကျိုးပေးတဲ့ ပညာရပ် ဖြစ်ပါတယ်။ မိမိအိမ်မှာသော်လည်းကောင်း၊ အိမ်အနီးအနားမှာသော်လည်းကောင်း ပျားစွဲတဲ့နိမိတ် တွေ့ပါက ဖြေဆိုထားတဲ့ စာမေးပွဲ အောင်မြင်ပါလိမ့်မယ်။ မြေဝယ်ဖို့ကိစ္စလည်း အဆင်ပြေလိမ့်မယ်။ ယခုကာလအတွင်း တနင်္လာသားသမီး သောကြာသားသမီး(သို့)ထိုနေ့နံပါသောသူများနှင့် အခက်အခဲ တွေ့ကတ်ပါတယ်။ ၎င်းနေ့နံသားတွေနှင့် ပြုလုပ်ရမည့်ကိစ္စများဆိုလျှင် ကြာသပတေးနဲ့ စနေသားသမီးနှင့် ပြုလုပ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်နဲ့ အသည်းကို ဂရုစိုက်ပါ။ ရုတ်တရက် ဆီးကျင်၊ ဆီး အောင့်တယ် ဆိုလျှင်တော့ ဆရာဝန်နဲ့ ညှိနှိုင်းလိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၅၊ ၁၃၊ ၁၃

### အထူးသတိပြုရန်

ယခုကာလအတွင်း သွားရင်းလာရင်းနှင့် လမ်းတွင် ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်တွေ့၊ တစ်စုံတစ်ယောက် သွားကျိုးသည့် နိမိတ်တွေ့ပါက သင် ညံ့တတ်ပါတယ်။ ယခုကာလအတွင်း သခွားသီး၊ သကြား မစားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ထမင်းကို ဆီဆမ်း၊ ဆားဖြူးပြီး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စိတ်မောစရာများထဲမှ ပျော်စရာလေးတွေ တွေ့ရတတ်ပါတယ်။ ရောက်ရှိနေတဲ့ အသက်ကာလထဲမှာ အညံ့ လေးတွေ ရှိနေတတ်ပါတယ်။ အိုးအိမ် နေရာထိုင်ခင်း အပြောင်းအလဲ လုပ်မယ်ဆို လျှင်တော့ ယခုကာလမှာ မလုပ်ပါနှင့်ဦး။ ခရီးအကျိုးပေးသောကာလ ဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးများ နှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ဘယ်အလုပ်မဆို မိမိကိုယ်ကျိုးအတွက် အဓိကဦးစားပေးပြီး လုပ်ဆောင် ပါ။ အိုးပိုင် အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် အိုးပိုင် အိမ်ပိုင် ဖြစ်စေရန် သူတစ်ပါး၏ အိမ်ထောင်ရေးကိစ္စ၊ မင်္ဂလာကိစ္စများတွင် မိမိက တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ မိမိနေထိုင်ရာ အိမ်ခြံဝန်းအတွင်း သူများ ၏အိမ်ကို မိမိက တာဝန်ယူ ဆောက်လုပ်ပေးခြင်းများ မပြုလုပ်သင့်ပါ။ မိမိသဘောနှင့် အိမ်ခဏခဏပြောင်းခြင်း၊ ပြင်ဆင်ခြင်းများ လုံးဝမလုပ်ပါနှင့်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေဝင်လျှင် ကြာသပတေးနံပစ္စည်း ထုတ်ပစ်ပါ။ ပညာရေးနှင့်ပတ်သက်သော ပစ္စည်းများ လှူဒါန်းပေးပါ။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်တတ်သည်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ငယ်ရွယ်သူများ အဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်တတ်တယ်။ ဖခင် ကျန်းမာရေးညံ့တတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ကြီးစွာ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွှန့်(၁)ညွှန့်၊ ကံ့ကော်(၁၅)ညွှန့်၊ ပြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၁၊ ၄၆၊ ၆၁၊ ၆၄

### အထူးသတိပြုရန်

ယခုကာလအတွင်း မိမိအိမ်အနီးအနားရှိ ခေါင်းရင်းအိမ်တွင် အိမ်ဖျက်ချခြင်း၊ အမိုးလန်ခြင်း နိမိတ်တွေ့ပါက သင်သည် ကျန်းမာရေး ရုတ်တရက် ညံ့သွားတတ်တယ်။

ယခုကာလအတွင်း ဘုရားစင် ပြင်ဆင်ခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း သောက်တော်ရေ (၆)ခွက် လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ဆုံးရှုံးသွားတဲ့ ငွေလေးတွေ ပြန်ရတတ်ပါတယ်။ စီးပွားတက်မယ့်အချိန်ဖြစ်တယ်။ မမျှော်လင့်ဘဲ ပညာရပ်တစ်ခု သင်ကြားရတတ်တယ်။ မိမိနေထိုင်သည့်အရပ်ရဲ့ အရှေ့အရပ်မှလည်းကောင်း၊ အနောက်အရပ်မှလည်းကောင်း ငွေများစွာ ဝင်လာတတ်ပါတယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ နတ်တော်လများ ပါဝင်နေရင်တော့ ငွေများစွာ ဝင်လာတတ်ပါတယ်။ ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ ရုတ်တရက် အရိုးအကြောနဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ခဲ့ရင်တော့ အလုံးအကျိတ် ဖြစ်တတ်တယ်။ အထင်အမြင် လွဲမှားခံရတတ်တယ်။ အကျိုးပေးသူကို တိုင်ပင်ပါ။ အိမ်ထောင်မရှိသေးတဲ့သူတွေအဖို့ အိမ်ထောင်ဖက် ရပါလိမ့်မယ်။ တရားတဘောင် ရင်ဆိုင်နေရသူဆိုလျှင် မိမိဘက်က ကြိမ်းသေပေါက် နိုင်ပါလိမ့်မယ်။ မိမိရဲ့ အထက်လူကြီး၊ အတူနေမိသားစုထဲမှ အဘိုး၊ အဘွားများ ကျန်းမာရေးညံ့တတ်တယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်တတ်သောကာလ ဖြစ်ပါတယ်။ အမှုထမ်း၊ အရာထမ်းများအဖို့ ရာထူးတက်ခြင်း၊ အခြေအနေ မြင့်မားတိုးတက်ခြင်းများ ကြုံတွေ့ရတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆီးနှင့်ပတ်သက်သော ဝေဒနာ၊ မျက်စိနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၇၀၊ ၇၂၊ ၂၇၊ ၂၉

### အထူးသတိပြုရန်

ယခုကာလတွင် မိမိမျက်စိရှေ့တွင် ကြက်နှစ်ကောင်ခွပ်နေသော နိမိတ်တွေ့ကလည်းကောင်း၊ ရိုးရာနတ်ကနေသော နိမိတ်တွေ့ကလည်းကောင်း ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။ စီးပွားရေး၊ အလုပ်အကိုင်များ တည်တံ့အောင်မြင်စေရန် တောင်နံကြီးပင်(သို့မဟုတ်)ကြံပင်ကို စိုက်ထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း တံခွန်(၇)လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် စိတ်တိုင်းမကျခြင်း၊ လုပ်သမျှ အဆင်မပြေခြင်းမျိုး ဖြစ်နေတတ်တယ်။ ကိုယ်နဲ့ ပေါင်းသင်းနေတဲ့ မိတ်ဆွေတွေကလည်း ကိုယ့်ဆီကနေ ထွက်သွားတတ်တယ်။ ခရီးတွေလည်း ထွက်ရတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း စိတ်ညစ်စရာတွေ ကြားနေရတတ်တယ်။ ဒါကြောင့် ဒီကာလမှာ စိတ်အလိုလိုက်ပြီး စိတ်ထင်ရာ တဇောက်ကန်း မလုပ်သင့်ပါဘူး။ အရာရာကို စိတ်ထိန်းပြီး လောဘ၊ ဒေါသ၊ မာနတွေ လျှော့လျှော်တော့ ဒုက္ခကြီးကြီးမားမား မတွေ့နိုင်ပါဘူး။ ယခုရောက်ရှိနေတဲ့ ကာလတွင် ကဆုန်၊ ဝါခေါင်နှင့် ပြာသိုလများ ပါဝင်နေပါက သင်သည် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီးမသွားသင့်ပါ။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ဝန်ထမ်းတွေအဖို့ အလုပ်ပြောင်း၊ နေရာပြောင်းဖို့ မကြိုးစားပါနှင့်ဦး။ ကြိုးစားလျှင်လည်း နေရာကောင်း မရနိုင်ပါဘူး။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူအဖို့လည်း လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ သင်သည် အိမ်မှာနေရတာ မပျော်ဘဲဖြစ်နေမယ်။ မျက်စိရှေ့မှာ တွေ့သမျှ အရာတိုင်းကို စိတ်တိုင်းမကျ ဖြစ်နေမယ်။ သူများအတွက် အာမခံတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါရောပြီး အမှုထဲ ပါတတ်တယ်။ မထင်မှတ်ဘဲနှင့် မြေတစ်ကွက် ဝင်တတ်တယ်။ စပ်တူအရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်ဦး။ အလှူပွဲ၊ မင်္ဂလာပွဲကိစ္စများ အထစ်အငေါ့ ကြုံရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေမယ်။ ကျန်းမာရေးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ခန္ဓာကိုယ်မှာ ထိခိုက်ခြင်း၊ ဆေးမှား၊ အစားမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာအစိမ်း(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၅၊ ၅၉၊ ၃၅၊ ၇၇

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်တွေ့ပါက သင်သည် ကားပွတ်တိုက်မိတ်တယ်။ ယခုကာလအတွင်း နာရေး လုံးဝမသွားရ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ထမင်း (၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံရသလောက် အကျိုးမရှိတတ်ဘူး။ နစ်နာခံ၊ အရှုံးပေးပြီး နှလုံးအေးအောင် နေပေမယ့်လည်း ကိုယ့်ကို ဖိနှိပ်တဲ့သူ များနေတတ်တယ်။ လုပ်ငန်းသစ် စပ်တူလုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးတို့နှင့် စပ်တူလုပ်လျှင် အကောင်းဆုံးပါပဲ။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ရည်ရွယ်ထားရင် ဒီကာလဟာ အကောင်းဆုံးပါပဲ။ စက်ပစ္စည်းတွေလည်း ဝင်လာတတ်တယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အိမ်ငှားကိစ္စ၊ မြေငှားကိစ္စတွေလည်း လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေလည်း ပြုပြင်ရတတ်တယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားရင် ကျန်းမာရေးကြောင့် ခရီးစဉ် နောက်ဆုတ်ရတတ်တယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလနဲ့ ကဆုန်လများ ပါဝင်နေရင်တော့ မမျှော်လင့်ဘဲ ငွေရတတ်တယ်။ သားသမီး ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အိမ်က ထွက်သွားတတ်တယ်။ ရွှေထည်ပစ္စည်းလည်း ထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေ ထွက်တတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည် ရှိလျှင် အိမ်မှာ မမွေးရ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးလျှင် ကောင်းပါသည်။ လေနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်သည်။ ဝမ်းပျက်၊ ဝမ်းလျော ဖြစ်တတ်သည်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညှာန့်(၄)ညှာန့်၊ ပေါက်ပန်းဖြူ(၅)ညှာန့်၊ ကုက္ကားအဖြူ(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၇၊ ၃၁၊ ၁၅၊ ၁၃

### အထူးသတိပြုရန်

ယခုကာလတွင် လုပ်ငန်းတွေ မတိုးချဲ့ပါနှင့်ဦး။
အမှုဖြစ်က မဖြေရှင်းရပါ။ တတ်နိုင်သလောက် အချိန်ဆွဲထားပါ။
မဖြစ်မနေ ရှင်းရမယ်ဆိုလျှင် အရှုံးပေးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းကို ဆီဆမ်းဆားဖြူး၍ အုန်းသီးစိတ်တင်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့နေတတ်ပါတယ်။ ကောင်းတာလေးတွေလည်း ဖြစ်ပေါ်လာမှာပါ။ ယခုကာလအတွင်း သင်သည် ရှယ်ယာဝင်ခြင်း၊ စပ်တူအရောင်းအဝယ် လုပ်ခြင်းမျိုး အကြီးအကျယ် မပြုလုပ်သင့်သေးပါ။ မထင်မှတ်တဲ့ခရီးများ၊ မရည်ရွယ်တဲ့ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲတွေ ကြုံရတတ်ပါတယ်။ ငွေကြေးနှင့်ပတ်သက်၍ ငွေပျောက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ထီထိုးဖို့ ကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ရေတွင်း၊ ရေကန် တူးဖော်သောကိစ္စများ ပြုလုပ်ပါက အောင်မြင်ပါလိမ့်မယ်။ ယခုကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်။ သင့်အတွက် ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်ပါတယ်။ အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း ပြုပါက တနင်္ဂနွေသားသမီး အိမ်မှ ထွက်သွားတတ်တယ်။ အိမ်ထောင်ရှိသူဖြစ်ပါက အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်၊ ခါးတို့တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကြက်လျှာ(၈)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၃၊ ၃၂၊ ၃၅

### အထူးသတိပြုရန်

ယခုကာလတွင် အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။
သချိုင်းမြေ လုံးဝမနင်းရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း
ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အလုပ်ပြောင်းပါက ကောင်းသည့်အချိန် ဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ပြည်ပခရီးဝေး သွားမယ်ဆိုရင်လည်း သွားဖို့လုပ်ပါ။ စပ်တူလုပ်ငန်းများ လုပ်ပါက အောင်မြင်မှု ရတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြုလျှင် အပျို၊ လူပျို မရတတ်ပါ။ မိသားစုအတွင်း စိတ်ဝမ်းကွဲမှုများကို ရှောင်ရှားပြီး စီးပွားလုပ်ပါက အောင်မြင်သောကာလဖြစ်တယ်။ သွပ်၊ သံ၊ သစ် စသော သောကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်ရတတ်တယ်။ မြေနှင့် ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ မြေဝင်လျှင် လက်မခံပါနှင့်ဦး။ ရဟန္တာကိုယ်တော်မြတ်ကြီး ကြွလာပါက လာဘ်ဝင်တတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ မိသားစု အကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေ၊ လက်တို့တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဆေးမှား အစားမှား ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေညွန့်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ထီးနီ(၁၀)လက် တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၄

### အထူးသတိပြုရန်

ယခုကာလအတွင်း ကိုယ်ပိုင်ငွေ မဟုတ်သောငွေများ လက်မခံရ။ ကျောက်မျက်ရတနာဟောင်းများ လက်မခံရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် သောကြာနေ့တိုင်း သစ်သီးဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၄-ခုနှစ်၊ ဇူလိုင်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

ရေပိုက်၊ ရေမော်တာ စသော ကိစ္စရပ်များနှင့် ပတ်သက်ပြီး စကားအခြေအတင် ပြောရတတ်သည်။ အိမ်တွင်ရှိသော လျှပ်စစ်မီးကြိုးများ ရှော့ခ်ဖြစ်တတ်သည်။ အလုပ်အကိုင် အဆင်ပြေမည့်လဖြစ်သည်။ မမျှော်လင့်သော ငွေကြေးများ ရလိမ့်မည်။ သို့သော် ဝင်ငွေနှင့် ထွက်ငွေ မမျှမတ ဖြစ်နေလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်သားခေါက်ဆွဲကြော် ဝယ်ကျွေးပါ။

## တနင်္လာသားသမီးများအတွက်

တပည့်လက်အောက်ငယ်သားများ အလုပ်က ထွက်တတ်သည်။ စက်နှင့် ပတ်သက်သော အလုပ်အကိုင်မှ ဝင်ငွေများ ရတတ်သည်။ အလုပ်နေရာကောင်းခြင်း၊ အိမ်နေရာပြောင်းခြင်း ကြုံမည်။ အိမ်ထောင်ဖက်နှင့် ကတောက်ကဆ ဖြစ်မည်။ အစွပ်အစွဲ အပြောအဆို ခံရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

လူမျိုးခြားနှင့် ပတ်သက်ပြီး ကိစ္စများ၊ အလုပ်များ အောင်မြင်မည်။ မိမိထက်ကြီးကဲသူတစ်ဦးက ကူညီမည်။ မမျှော်လင့်ဘဲ အလုပ်နှင့်ပတ်သက်ပြီး ဆိုင်ကယ်(သို့မဟုတ်)မော်တော်ကား ဝင်မည်။ ငွေကြေးအခက်အခဲများ ပြေလည်မည်။ အချစ်ရေး ကံကောင်းနေမည်။

**ယတြာ**

အိမ်မှာရှိသော လွယ်အိတ်တစ်လုံးကို အမှိုက်ပုံထဲ ပစ်လိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

လခစားလုပ်သူများ၊ ဝန်ထမ်းများ ရာထူးတိုးမည်။ နေရာကောင်းရတတ်သည်။ ထီပေါက်ကိန်းရှိသည်။ ၉ အစ ၄ အဆုံး ထိုးပါ။ ထီပေါက်လျှင် ရသောပိုက်ဆံမှ အနည်းငယ်ကို ဘုန်းကြီးကျောင်း လှူပါ။ မိတ်ဆွေများအတွက် အချိန်ပေးကူညီရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို လက်ကိုင်ပုဝါ လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

မင်္ဂလာကိစ္စများ ဆောင်ရွက်ရမည်။ ငွေများဝင်မည်။ မိတ်ဆွေကောင်းများတွေ့မည်။ မမျှော်လင့်ဘဲ စက်ပစ္စည်းတစ်ခု လက်ဆောင်ရတတ်သည်။ ၎င်းပစ္စည်း လက်ဆောင်ရပြီးလျှင် ခရီးထွက်ရမည်။ ခရီးသွားစဉ် မျက်မှန်တပ်ထားသူတစ်ဦးနှင့် ရင်းနှီးသွားမည်။

**ယတြာ**

မွေးနေ့တစ်ရက်တွင် မိမိအိပ်ရာနေရာ ပြောင်းအိပ်ပါ။

## သောကြာသားသမီးများအတွက်

အလုပ်နေရာ အပြောင်းအရွှေ့ရှိသည်။ ကောင်းသည်။ ရပ်ဝေးခရီးထွက်ရမည်။ မော်တော်ကားတစ်စီး မမျှော်လင့်ဘဲ ဝင်မည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ဖက် ကျန်းမာရေးညှဉ့်မည်။ ဆေးရုံ၊ ဆေးခန်း သွားရမည်။ ကလေးရှိက အိမ်ပေါ်မှ လိမ့်ကျတတ်သည်။

**ယတြာ**

ကလေးတစ်ယောက်ကို ဆိုင်ကယ် အရုပ်ကလေး ဝယ်ပေးပါ။

## စနေသားသမီးများအတွက်

လုပ်ငန်းနှင့် ပတ်သက်ပြီး ရပ်ဝေးက သတင်းကောင်း ကြားရတတ်သည်။ အပြောင်းအလဲကောင်းနှင့် ကြုံရတတ်သည်။ အကြီးအကဲများထံမှ အကူအညီရမည်။ ပညာရပ်တစ်ခု တက်ရမည်။ ဝန်ထမ်းဖြစ်က အထက်လူကြီးကြောင့် စိတ်ညစ်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဝက်သားပေါက်စီ ဝယ်ကျွေးပါ။

## ရာဟုသားသမီးများအတွက်

အလုပ်နှင့် ပတ်သက်၍ စာမေးပွဲ ဖြေရတတ်သည်။ အလုပ်နေရာပြောင်းရတတ်သည်။ ငွေကြေးကြောင့် စိတ်ညစ်ရမည်။ မိန်းမတစ်ယောက်ကြောင့် ပြဿနာ ရှင်းရတတ်သည်။ ဆေးမှား၊ အစာမှား ဖြစ်တတ်သည်။ ငွေတွေ ဝင်သလောက် အကုန်အကျများမည်။ အိမ်သာပျက်နေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဟမ်ဘာဂါ ဝယ်ကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကျောက်နီမော်ကျောင်းကြီးဆရာတော် သက်တော်(၈၈)နှစ်ပြည့် ဗိဇာတမွေးနေ့အလှူ



တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ကျောက်နီမော်ရွာကြီးရှိ ကျောက်နီမော်ကျောင်းကြီး ဆရာတော်ဘုရားနှင့် တံခွန်တိုင်တောရကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒ၏ သက်တော်(၈၈)နှစ်ပြည့် ဗိဇာတမွေးနေ့ အလှူပွဲကို ၁၃၇၅-ခု၊ တန်ခူးလဆန်း(၁)ရက်၊ တနင်္လာနေ့တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုအခမ်းအနားတွင် သံဃာတော်အပါး(၁၁၀)အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတစ်ပါးလျှင် သင်္ကန်းတစ်စုံနှင့် အလှူငွေ ၂၀၀၀ိ/-(နှစ်သောင်းကျပ်) လှူဒါန်းကာ စာရေးတံမဲလည်း လှူဒါန်းဒါနပြုခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဆရာလှမျိုး(B.Sc)

## မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးသန်း(ဒလ-ပျော်ဘွယ်ကြီး) တစ်နှစ်ပြည့် အလှူ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘညာထင်လမ်း၊ အမှတ်(၈၈)၌ (၅-၄-၂၀၁၃)တွင် တစ်ဘဝဇာတ်သိမ်းချုပ်ငြိမ်းသွားသော လယ်တီမူ-အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဆရာကြီး ဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)အား ရည်စူး၍ ၁၃၇၅-ခုနှစ်၊ တန်ခူးလဆန်း(၆)ရက်(၅-၄-၂၀၁၄) စနေနေ့ နံနက်တွင် ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းခဲဘွယ်ဘောဇဉ် အစရှိသော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိပါသည်။

အောင်ကောင်းမြ(သာကေတ)

## မေတ္တာသင်္ဂဟအဖွဲ့၏ (၂၉)ကြိမ်မြောက် အလှူ ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှာ လှူဒါန်း

သရုပ်ဆောင်၊ အဆိုတော်၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဖွဲ့စည်းထားသည့် မေတ္တာသင်္ဂဟအဖွဲ့၏ (၂၉)ကြိမ်မြောက် အလှူပွဲကို ဧပြီလ ၁၀ ရက်နေ့ မွန်းလွဲ(၁)နာရီအချိန်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနမှာ အသုံးပြုဖို့အတွက် ငွေကျပ် သိန်း(၆၀)ကို ဆေးရုံအုပ်ကြီး ရုံးခန်းမှာ လှူဒါန်းပေးအပ်ခဲ့ပါသည်။


အဆိုပါ လှူဒါန်းငွေကို ရန်ကုန်ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများမှ လက်ခံရယူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အလှူဒါနပြုပါရန် နှိုးဆော်ခြင်း



အရှင်သုဇာတ တည်ထောင်ထားသည့် ပညာတံခွန် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် ဟန်တဲရပ်ကွက်၊ ဗန်းမော်မြို့ ကချင်ပြည်နယ်၌ တည်ရှိပါသည်။ ကျောင်းမှာ မူလတန်းကျောင်းဖြစ်ပြီး အသက်(၄)နှစ်(မူကြို)မှ လေးတန်းအထိ ကလေးဦးရေ(၁၄၀)ခန့် ရှိပါသည်။ ရှမ်းဗမာ၊ ကချင် တိုင်းရင်းသား ဖြစ်ပါသည်။ ဆရာတော်သည် ကလေးတစ်ဦးလျှင် ယူနီဖောင်း(၂)စုံ၊ စာရွက်၊ စာအုပ်၊ ထီး၊ ဖိနပ်မှအစ ကျန်းမာရေး စောင့်ရှောက်မှုလည်း ပြုလုပ်ပေးခဲ့ရာ ယခုအခါ (၂)နှစ် သက်တမ်း ရှိပါပြီ။ ထိုကလေးများကို ဆက်လက်ထောက်ပံ့ရန်အတွက် အလှူရှင်များ လိုအပ်နေပါသဖြင့် အောက်ပါလိပ်စာအတိုင်း အလှူငွေများ လှူဒါန်းပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အရှင်သုဇာတ(ဖုန်း-၀၉-၄၂၀၅၂၅၉၆၊ ၀၇၄-၅၀၇၃၁) ပညာတံခွန် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဟန်တဲရပ်ကွက်၊ ဗန်းမော်မြို့ ကချင်ပြည်နယ် ဖြစ်ပါသည်။

## တံခွန်တိုင်တောရကျောင်းတိုက် အောင်စေတီဆရာတော်ကြီးအား ရည်စူး ကုသိုလ်ဒါနပြု



ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်ရှိ တံခွန်တိုင်တောရကျောင်းတိုက်၏ ဦးစီးပဓာန နာယက အောင်စေတီဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝဏ္ဏသာရ သက်တော်(၈၅)နှစ်၊ ဝါတော်(၆၁)ဝါအား ရည်စူး၍ (၂၇-၃-၂၀၁၄) ကြာသပတေးနေ့တွင် သံဃာတော်(၁၀၈)ပါးအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ကာ အလှူငွေ ၁၀၀၀၀ ကျပ်စီ လှူဒါန်းကာ ရေစက်သွန်းချ အမျှအတန်း ပေးဝေခဲ့ကြပါသည်။ ဆရာတော်ဘုရားကြီးအား ရည်စူး၍ ဇာတိမြေ ကျောက်နီမော်ကျောင်းကြီး ဆရာတော် မွေးနေ့တွင်လည်း သင်္ကန်းအစုံ (၁၁၀)ကို တပည့် ဒါယကာ ဒါယိကာမများမှ ပေးလှူခဲ့ကြကြောင်း သတင်းရရှိပါသည်။

ဆရာမျိုး

www.burmeseclassic.com

www.burmeseclassic.com

## ဆရာမ ဒေါက်တာစောယုနွယ် နှင့် သံသရာအဆက်ဆက် လက်တွဲကြမည့်သူများ



နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ ဆရာမ ဒေါက်တာ စောယုနွယ် နှင့် ခုနစ်ရက်သားသမီးများ အလှူကို အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာမှာ ကျင်းပခဲ့ပါတယ်။

နှစ်ဆန်း(၁)ရက် မတိုင်ခင်တစ်ရက်တွင် မုန့်ဟင်းခါး ဝိသာ (၃၀၀)ကို ကျွေး၍ လာသမျှ လူတွေကိုလည်း အဝတ်အထည်၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ကြာဆံ၊ ခေါက်ဆွဲတွေ ဝေခဲ့ပါသည်။ နောက်တစ်နေ့မှာ ဘုန်းတော်ကြီးကျောင်းတွေကိုလည်း ဆန်၊ ဆီ၊ ခေါက်ဆွဲ၊ ကြာဆံတွေ လှူပါတယ်။ စတုဒီသာကျွေးတဲ့နေ့မှာ ရပ်ရှင်အစည်းအရုံးမှ မမတို့အဖွဲ့ကို အလှူငွေကျပ်တစ်သိန်းနှင့် ဆန်အိတ်များ လှူဒါန်းပါတယ်။

နှစ်ဆန်း(၁)ရက်နေ့တွင် နေ့သားအလိုက် ခုနစ်ရက်သားသမီးများကို ဆရာမ ဒေါက်တာစောယုနွယ်ကိုယ်တိုင် ခေါင်းဆေးမင်္ဂလာပြုလုပ်ပေးခဲ့ပါတယ်။

ဒီအလှူတွေကို (၁၉-၄-၂၀၁၄)နေ့ နံနက်မှာ ကျောက်ဆင်တောရ ဆရာတော်နှင့် သံဃာတော်များ ရှေ့မှောက်မှာ ရေစက်သွန်းချ အမျှပေးဝေခဲ့ပါတယ်။

BURMESE CLASSIC

## ဆရာကြီး လင်းယုန်သစ်လွင် အမှတ်တရ
## ညောင်တုန်းမြို့နယ်၊ ကျွန်းထိပ်ပိုင်း(အ.မ.က) ကျောင်းဆောင်သစ် ပန္နက်ရိုက်

ကွယ်လွန်သူ အမျိုးသားစာပေဆုရ ညောင်တုန်းမြို့ဇာတိဖွား စာရေးဆရာကြီး လင်းယုန်သစ်လွင်အား ရည်စူးလျက် အမှတ်တရ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ငွေလှူဒါန်းပွဲနှင့် ပန္နက်ရိုက်ပွဲကို ၂၀၁၄-ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ တနင်္ဂနွေနေ့က ဆရာကာတွန်းကြည်ဝင်း ဦးဆောင်သည့် လင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ကော်မတီဝင်များ သွားရောက်ခဲ့ကြသည်။

ကျောင်းဆောင်သစ်အတွက် ပဏာမအလှူငွေနှင့် စာအုပ်စာတန်းများကို ဆရာကာတွန်းကြည်ဝင်းနှင့် ဆရာအောင်ကျော်ထူး(မြတ်ပန်းရဂုံ-စာပေ)တို့က ဆရာမကြီး ဒေါ်သီတာထံ ပေးအပ်ကြပြီး ကျောင်းဆောင်သစ်အတွက် လိုအပ်သမျှသော သွပ်အမိုးများ ကျသင့်ငွေကို ဆရာအောင်ကျော်ထူး(မြတ်ပန်းရဂုံ-စာပေ)က တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် ရန်ကုန်မြို့မှ လိုက်ပါလာကြသော စာရေးဆရာများ ဖြစ်ကြသည့် ကာတွန်းကြည်ဝင်း၊ မောင်မောင်စိန်လင်း(နတ်မောက်)၊ တောင်တွင်းကိုရင်ဩ၊ မောင်ခေတ်ထွန်း၊ ကိုကိုလု(ကမာမြေ)၊ ကေမင်းညီ၊ မောင်မြင့်မား(ဘိုကလေး)နှင့် နန္ဒာမိုးကြယ်တို့က အသီးသီး ပန္နက်များ ရိုက်ခဲ့ကြသည်။ အဆိုပါကျောင်းဆောင်သစ်အား ယခုနှစ် စာသင်နှစ်အမီ ဆောက်လုပ်မည်ဖြစ်ပြီး အလှူငွေ ထည့်ဝင်လိုပါက ဖုန်း- ၀၉-၄၂၀၁၆၃၀၃၂၊ ၀၉-၇၃၁၄၀၆၉၆၊ ၀၉-၅၁၃၉၄၅၀၊ ၀၉-၅၀၇၂၉၅၂၊ ၀၉-၇၃၂၃၀၄၅၇၊ ၀၉-၂၅၀၁၇၄၈၇၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ကိုရင်ဩ

www.burmeseclassic.com

www.burmeseclassic.com

# မော်လမြိုင် "ကျော်ကျော်-စာပေ" မိသားစု ရဟန်းခံ၊ ရှင်ပြု၊ နားသ၊ မှန်ဦးရေစက် အလှူမင်္ဂလာ ကျင်းပ









နှစ်ဖက်သော မိဘများကို အမှူးထားလျက် အလှူ့ဒါယကာ ဦးကျော်ကျော်(ခ)ဦးကျော်လွင်+အလှူ့ဒါယိကာမ ဒေါ်ယဉ်ငွေ(ကျော်ကျော်-စာပေ)တို့သည် မြေး မောင်ဆုကျော်သွေးအား ရှင်သာမဏေအဖြစ်လည်းကောင်း၊ မြေးမကလေးများ ဖြစ်ကြသော မစောယုနန္ဒာ၊ မမေသူသူခိုင်၊ မခင်ဆုသျှင်နှင့် မယွန်းဝတ်မှုံမေတို့အား နားသခြင်းမင်္ဂလာကိုလည်းကောင်း) ထို့ပြင် ကိတ္တိမသားများအား ရှင်သာမဏေများအဖြစ်လည်းကောင်း၊ မြင့်မြတ်သော ရဟန်းဘောင်သို့လည်းကောင်း သွတ်သွင်းခြင်းနှင့် မော်လမြိုင်မြို့ ငန်းတေးရပ်၊ ဓမ္မိကာရာမကျောင်းတိုက်ရှိ ကျောင်းတော်မှန်ဦးအား ရေစက်ချခြင်း အလှူတော်မင်္ဂလာကို (၂၃-၃-၂၀၁၄)နှင့် (၂၄-၃-၂၀၄)ရက်နေ့တို့တွင် အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမ တို့၏ မင်္ဂလာနေအိမ်မဏ္ဍပ်ဖြစ်သော ငန်းတေးရပ်၊ မော်လမြိုင်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းသည် လေ၊ သဘော် စသည်တို့၌ရှိသော ပဲ့ကိုင်နှင့်တူ၏။ လေသဘော်သည် ပဲ့ဘက်ပါမှ ရေလမ်းခရီးတွင်လိုသောနေရာသို့ တည့်တည့်မတ်မတ် ရောက်စေနိုင်သကဲ့သို့ ကုသိုလ်ကောင်းမှုပြုသူသည် ဆုတောင်းပါမှ သံသရာခရီးလမ်းတွင် အလိုရှိရာ လိုသလို ရယူနိုင်ပါသည်။ လူစည်းစိမ်၊ နတ်စည်းစိမ်မှစ၍ မဂ်ဖိုလ်နိဗ္ဗာန်အထိ မည်သည့်အရာကိုမဆို လိုသလို ရယူနိုင်ကြပါသည်။

ယင်းသို့ ဆုတောင်းခြင်းဖြင့် လိုအပ်သောအရာကို လိုသလို ရယူနိုင်သောကြောင့် ဆုတောင်းမှု၌ လိမ္မာကျွမ်းကျင်မှုရှိရန် အထူးလိုအပ်ပါသည်။ ဆုကို အတောင်းမတတ်ပါက အမြတ်မပေါ်ရုံမျှမက အရှုံးပင်ရှိနိုင်ကြသောကြောင့် ဆုတောင်းပုံ တောင်းနည်းကို လေ့လာမှတ်သားသင့်ပါသည်။

ဆုတောင်းသည် အမျိုးမျိုးသောအလိုဆန္ဒအရ မီးခိုးမဆုံး၊ မိုးမဆုံး အမျိုးမျိုးတောင်းနေကြသော်လည်း အချုပ်သဘောအားဖြင့် နှစ်မျိုးသာ ရှိ၏။

၎င်းတို့မှာ သံသရာဝဋ်ကိုမှီသော ဆုတောင်းနှင့် သံသရာဝဋ်ကို မရှိသော ဆုတောင်းတို့ဖြစ်ရာ ရောင်ပြန်ပရိသတ်အပေါင်း ဆုတောင်းမမှားဖို့ လိုအပ်ကြောင်း . . .

www.burmeseclassic.com